


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com







# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ထူးခြားထင်ရှား ကရင်ပြည်နယ်မှ
စေတီဘုရား လိုဏ်ဂူတော်များ . . . . . . . . . . . . . . . . မင်းဂုဏ်

၂။ မအူပင်မြို့ ကျောင်းရွာရှိ ရှေးဟောင်းဆုတောင်းပြည့်
ကျိုက်မွန်လှစေတီတော်ကြီးနှင့် ဗုဒ္ဓဂယာ သံဝေဇနီယ
လေးဌာန ဖူးမြော်ကြည်ညိုစရာ မြေမြတ်မဟာ . . . တက္ကသိုလ်မျိုး

၃။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
ဉာဏ်ကလေးနဲ့ ခေါင်းညိတ်စမ်းပါ . . . . . . . . . . . . . . . ဓမ္မဒိန်

၄။ မြန်မာ+ကိုရီးယားဆရာတော် မနာပဒါယီ အရှင်ဝိစိတ္တ ဟောကြားသော
ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း . . . . . . . . . . . . . . . . . . ဓမ္မဒိန်

၅။ ဆင်သေပေါ်က ကျီး . . . . . . . . . . . . . . . ညီမင်းထက်(ပြည်)

၆။ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ မဟာအတုလသကျရုံသီ
ဆယ်ထပ်ကြီး ရုပ်ရှင်တော်မြတ် . . . . . . . . . . မနိုင်းဝေ(ဟင်္သာတ)

၇။ ကျွန်းမာမှ ချမ်းသာမယ် . . . . . . . . . . . . . . . . ဆရာဝေယံဦး

၈။ ဝသုံးလုံးနယ်မြေ၏ နောက်ဆက်တွဲ အောင်ပွဲများ
..................................................................ဗေဒသုတေသီ သရာမျိုး

၉။ ဝစီကံအပြစ်ကြေး ပေးဆပ်ရသူ ခုဗ္ဗုတ္တရာ . . . . . . . လင်းယဉ်ဉာဏ်

၁၀။ ယောဂီများနှင့် အင်တာဗျူး . . . . ဒေါက်တာအရှင်လာဘသာမိ(မြတ်ဓမ္မ)

၁၁။ တရားဖြင့် ဘုရားတည်ခြင်း . . . . . . . . . . . . . စောင်းကောင်းမြတ်

၁၂။ ဘာကယ့် ဗုဒ္ဓဘာသာဝင်ဖြစ်အောင် . . . . . . . . . ယောဂီတိုးအောင်

၁၃။ အပျော်ဖြင့် ဇာတ်သိမ်းခဲ့သော်လည်း . . . . . . မကြည်ပြာ(သချာ)

၁၄။ ထွက်ပေါက် . . . . . . . . . . . . . . . . . . . . . . . . . . မနိုင်းငွေ

၁၅။ လမ်းမတော် ဖိုးတုတ် . . . . . . . . . . . . . . . . . . . . ဒေသိုရွှေ

၁၆။ ယိုးဒယားနိုင် မြန်မာမင်းများ . . . . . . . . . . . . . . . အောင်သိမ်းမြတ်


၁၇။ အလှမ်းဝေး အနမ်းဓဝဇလရဲ့
ဘဝဒယပန်းအလကြွ . . . . . . . . . . . . . . . ရေနံ့သာအောင်ချမ်းဇော်



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၈ | မြိုင်သာယာမှ နှင်းပျောက်တဲ့နွေ | ဘိုဘို(ရွှေကံကူ) | ၁၃၂ |
| ၁၉ | ညို့အာရုံ နှစ်ပင်ယှက်တယ် | မင်းရွှေသိန်း(ဇင်းကျိုက်) | ၁၄၆ |
| ၂၀ | အလေ့ာင်းပြန်ယူခဲ့ပါ | မောင်စိုးမွန်(တက္ကသိုလ်) | ၁၅၄ |
| ၂၁ | ကျောက်စိမ်းမယ်၏ လျှို့ဝှက်စံအိမ် | မင်းဟန်(သန်လျင်) | ၁၅၈ |
| ၂၂ | ကျွန်ုပ်နှင့် အောက်လမ်းဆရာကြီး ဦးငွေလှိုင် | ဝင်းသီဟ(သန်လျင်) | ၁၆၉ |
| ၂၃ | ထို့ကြောင့် အမေဟုခေါ်သည် | မေလတ်ဟန် | ၁၇၆ |
| ၂၄ | ပင်လယ်ပြာ ရေနက်ပိုင်းတွင်းက အန္တရာယ် | ခိုင်ဇော်(ဒဿန) | ၁၈၆ |
| ၂၅ | သတင်းကျက်သရေ | ကိုအေးမင်း(ပဲခူး) | ၁၉၂ |
| ၂၆ | ယဉ်ကျေးလိမ္မာ ညီစွာပြည့်မှ | ဒီမိုစိုးသူ(ကောလင်း) | ၁၉၉ |
| ၂၇ | အဲဒါ ကျွန်မရဲ့အမေ | စိန်မေရီလွင်မိုး | ၂၀၂ |
| ၂၈ | ဖူဂျီတောင်ခြေက ရေကြည်ချမ်းမြ သို့မဟုတ် | | |
| | လောကမ္ဘာရောက် စမ်းရေကြည် | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး/သု) | ၂၁၁ |
| ၂၉ | တမလွန်က ဇီဇဝါမေ | ဇော်သိုက်(ပန်းချီ) | ၂၂၂ |
| ၃၀ | မေမေ့လက်ရာ လွမ်းစရာ | မာလာသိန်း(မန်းဂျိတ်အိုင်) | ၂၂၆ |
| ၃၁ | ဂမ္ဘီရ | ရှာရီတွ | ၂၃၀ |
| ၃၂ | ရေနီလာ အဆောင်ကျောက်မျက် | ဆရာကြီးဦးအောင်မြိုင် | ၂၃၃ |
| ၃၃ | သစ်ဥကျောက်အဆောင် အစီအရင် | ဆရာကြီးဦးအောင်မြိုင် | ၂၃၅ |
| ၃၄ | ကိုယ်အပူများတိုင်း ကြောက်စရာမလိုပါ | တော်မြင့်(ငှက်ပျား) | ၂၃၇ |
| ၃၅ | ဆေးဖက်ဝင်လှသော ကုလားမျက်စိပင် | တင့်ထူး(ဇေယျဝတီ) | ၂၄၂ |
| ၃၆ | သိမှတ်စရာ ဆေးနည်းအဖြာဖြာ | မောင်စာဆို(ကျုံပျော်) | ၂၄၅ |
| ၃၇ | ရာသီပေါ်သီးနှံ မင်းကွတ်သီး၏ | | |
| | ဆေးဖက်ဝင် လျှို့ဝှက်ချက်များ | ဦးမင်းဇင်(ရွှေနံ့ဝင်း) | ၂၄၇ |
| ၃၈ | အသက်ရှည်ကြောင်း ဆေးနည်းကောင်းများ | ဆရာအောင်ဖဲကျော်ခိုင် | ၂၅၁ |
| ၃၉ | နှယ်မြက်သစ်ပင် ဆေးဖက်ဝင် | သမားတော်ကြီး ဒေါက်တာသက်နွဲ့ | ၂၅၄ |
| ၄၀ | ကျောက်ဖရုံသီး | သန်းတင်စိုး | ၂၅၈ |







www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၁။ | မြို့ရယ်ရယ်ဟား ဟာသများ | ညွှန့်လွင် | ၂၆၂ |
| ၄၂။ | ကာတွန်းကဏ္ဍ | ကျော်ဖြိုးလွင်၊ဒဂါး(ရွှေရင်အေး)၊မီးကျည်၊ဇော်လူသစ် | ၂၆၄ |
| ၄၃။ | သွေးတိုးရောဂါအတွက် သိထားရမည့် အချက်များ | အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၆၈ |
| ၄၄။ | အွန်လိုင်းပေါ်မှ ဆေးသုတ | ဟေမန်နှင်း | ၂၇၂ |
| ၄၅။ | လိုရာဆန္ဒ ပြည့်ဝစေရန် ဂြိုဟ်စာကျွေးကာ ဆုတောင်းပါ | အောင်ကြည်သန်း(ဖောင်တော်သီ) | ၂၈၂ |
| ၄၆။ | ယာဉ်စီး၍ခရီးသွားသူများအတွက် အန္တရာယ်ကင်းဂါထာ | သမီးခွာညို | ၂၈၆ |
| ၄၇။ | ကံပေးသမျှ | ဆွေရှိန်း(အင်ပူ) | ၂၉၀ |
| ၄၈။ | ဝါစတုသျှတ္တရပညာ | ဆရာဦးခန့်ကျော် | ၂၉၅ |
| ၄၉။ | ၂၀၁၇ ခုနှစ်၊ ဇွန်လ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ | ဦးညွန့်လိုင်(ကြို့ပင်ကောက်) | ၃၀၄ |
| ၅၀။ | ၂၀၁၇ ခုနှစ်၊ ရာသီခွင်နှင့် ဇွန်လ ဟောကိန်းများ | ဆရာဦးခန့်ကျော် | ၃၀၇ |


BURMESE CLASSIC

၀

## ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူသူများအတွက် အသိပေးအကြောင်းကြားခြင်း

စာမူရွေးချယ် ဖော်ပြခံရသော ဆရာ၊ ဆရာမတို့သည် မိမိတို့ စာမူအတွက် ညဏ်ပူဇော်ခ ထုတ်ယူရန် ကိုယ်တိုင် မလာရောက်နိုင်၍ ကိုယ်စားလွှတ်သောအခါ ကိုယ်စားလှယ်လွှဲစာ ရေးသားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာချုပ်
လပြည့်ဝန်းမဂ္ဂဇင်း


နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

အကြံပေး
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

အယ်ဒီတာချုပ်
ညဏ်ပွင့် (စက်မှု)

တာဝန်ခံအယ်ဒီတာ
တက္ကသိုလ်တင်ဟန်ကျော်

ခရီးသွားအယ်ဒီတာ
စောင်းကောင်းမြတ်

အယ်ဒီတာအဖွဲ့
ခင်သက်နိုင်

မျက်နှာဖုံးဒီဇိုင်း
ကျော်မင်းမောင်

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ပန်းချီပညာရှင်များ
အောင်နိုင်လတ်၊ လှသစ်အောင်၊
တောင်ငူစိုးမြင့်လေး၊ စောတင်မောင်၊
ဖိုးအောင်၊ ဆွေမြင့်

အတွင်းပလင်
ကိုဦး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (ဝ...
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၀၅၁...
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဂ္ဂဇင်းတိုက်နှင့် ဖြန့်ချိရေး
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပ...
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလ...
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈

ကြော်ငြာနှင့် ဖြန့်ချိရေး
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

အထွေထွေ
အောင်ဝင်းသန့်

မင်္ဂဇေး
ထွန်းဦးစာပေ၊ နဂါးစာပေ

စျေးနှုန်း
၂၄၀ ကျပ်

အုပ်ရေ
၁၀၀၀


www.burmeseclassic.com

www.burmeseclassic.com




## ထူးခြားထင်ရှား

# ကရင်ပြည်နယ်မှ စေတီဘုရားလိုဏ်ဂူတော်များ

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ရပ်နားစခန်းအနီးရှိ ဝင်ပေါက်မုခ်ဦး

ရေမြေတောတောင် သဘာဝ အလှတရားများဖြင့် ရှုမငြီးဖွယ် မွန်းခြယ်ထားသည့် သွေးချင်းတို့ပျော်စံရာ ကရင်ပြည်နယ်သို့ စာရေးသူမရောက်ခဲ့ဖူးသေးပေ။ သို့ဖြစ်၍ သွားရောက်လိုသည့်ဆန္ဒရှိနေသည်မှာ ကြာခဲ့ပေပြီ။

၁၂-၁-၂၀၁၇ ရက်နေ့တွင်မူ (Family Treasure Travel and Tour) ရတနာမိသားစု ခရီးသွားပို့ဆောင်ရေးလုပ်ငန်း၏ စီစဉ်ပေးမှုအရ စာရေးသူ၏ ဆန္ဒ ပြည့်ဝခဲ့ရသည်။

ငါးယောက်စီး အယ်ဖာ့ဒ် (Alphrd) ကားဖြင့် နံနက် ၅ နာရီခွဲတွင် အိမ်မှထွက်ခဲ့ကြသည်။ စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ အရုဏ်ကျင်းစ နံနက်ခင်းကာလကို ဆောင်းရာသီ၏ အအေးဓာတ်ဖြင့်လွှမ်းခြုံအလှဆင်ထားသကဲ့သို့ ခံစားနေမိသည်။


နံနက်စာကို မင်္ဂလာဒုံမြို့နယ် ရှမ်းစုရပ်ကွက်ရှိ IT Express စားသောက်ဆိုင်တွင်ဝင်ရောက်စားသောက်ခဲ့ကြပြီးနောက် ဆက်လက်ထွက်ခွာခဲ့ကြသည်။ စားသောက်ဆိုင်မှ ထွက်ခွာလာခဲ့ချိန်တွင် မြူခိုးဝေစပြုလာသည်ကို သတိထားမိလိုက်သည်။ ဘုရားကြီး၊ ဝေါမြို့တို့သို့ရောက်သည်အထိ မြူခိုးတို့က ဝေနေဆဲပင်။ သို့ဖြစ်၍ ပတ်ဝန်းကျင်ကို ဂရုမထားတော့ဘဲ ဘုရားဂုဏ်တော်ပွားရင်း အာရုံပြုကာ လိုက်ပါလာခဲ့သည်။

စစ်တောင်းတံတားသစ်ကြီးပေါ် ရောက်သည်တွင် နံနက် ၇ နာရီ မိနစ် ၂၀ ရှိပေပြီ။ ထိုအချိန်ထိ မြူနှင်းများဝေနေဆဲဖြစ်၍ ပတ်ဝန်းကျင်မြင်ကွင်းမှာ မရှင်းလင်းသေးပေ။ "စစ်တောင်းတံတား (မုပ္ပလင်)"ဟူသော ဆိုင်းဘုတ်ကြီးကိုပင် ခပ်ဝါးဝါးသာ မြင်ရသည်... စစ်တောင်းတံတား ကျော်ခဲ့ပြီးနော... အတန်ကြာသည်တွင် နေခြည်ဖြာလ... လာပြီး မှိုင်းဝေဝေမြူခြေများ ရှင်းစ... လာသည်။

အကွေ့အကောက် အနိမ့်အမြ... များသော်လည်း ချောမွေ့ပြောင်လ... နေသော နိုင်လွန်ကတ္တရာလမ်းမျာ... လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်... သည့်အသွင်ကို ဆောင်လျက်ရှိသည်...

စိမ်းလဲ့တင်စခန်းရှေ့သို့ ရော... သည်တွင် ၈ နာရီ ၃၅ မိနစ် ရှိပေ... ၈ နာရီ ၅၀ မိနစ်တွင် ကျိုက်ထို ... လင်းလမ်းဆုံသို့ ရောက်သည်။ ထိုလ... ဆုံမှ လက်ဝဲဘက်သို့ ဆက်မောင်း... ကျိုက်ထီးရိုးစေတီတော်သို့ ရောက်... ဖြစ်ပြီး လက်ယာဘက်လမ်းခွဲမှာ ... လင်းသို့ သွားသည့် လမ်းခွဲဖြစ်...

www.burmeseclassic.com



တောင်ခြေတွင် အစီအရီတည်ထားသည့် စေတီဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်နှင့် ရေပူ ရေအေးကန်များ

…၍ လက်ယာဘက်လမ်းခွဲအတိုင်း …လက်မောင်းနှင်ခဲ့ကြသည်။ မဟူရာ …င် နက်ပြောင်နေသည့် နိုင်လွန် …လမ်းမ၏ လမ်းဘေးဝဲယာတွင် …င်တန်းကြီးများ၊ တောတန်းကြီး … ရှေ့တူရှုရှိ ပြာလဲ့လဲ့ကောင်းကင် …ခံပေါ်တွင် ရွေ့လျားလွင့်မျောနေ … ဖြူလွလွတိမ်တိုက်များကို မြင် …နေရသည်မှာ သဘာဝပန်းချီကား …မှာ ရင်သပ်ရှုမောဖွယ်ရာပင်။

ဘီးလင်းတံတားကို ဖြတ်ခဲ့ပြီး … သထုံမြို့တွင်းသို့ ရောက်သည် … ရွှေစာရံဘုရားရှေ့မှ ဖြတ်သန်း …နှင်ခဲ့ရာ ရွှေစာရံစေတီတော်ကို …မှပင် ရှိခိုးဦးတင် ဖူးမြင်ခဲ့ရ …သည်။

ရတနာမိသားစု ခရီးသွား …င်ရေးလုပ်ငန်း၏ အစီအစဉ်အရ ရှေးဦးစွာ ကရင်ပြည်နယ်ရှိ ဘုရင်ညီနောင်လိုဏ်ဂူတော်၊ ကော့ကွန်းဂူတော်ကြီး၊ ရသေ့ပုံဂူတော်၊ ဆဒ္ဒန်လိုဏ်ဂူတော်၊ လုမ္ဗိနီဥယျာဉ်၊ ဇွဲကပင်တောင်တော်၊ ကျောက်ကလပ်စေတီတော်၊ ရွှေရင်မျှော်ဘုရားတို့ကို ဖူးပြီးနောက် သီရိဖားအံဟိုတယ်တွင် ညအိပ်ကြရန်ဖြစ်သည်။ သို့ဖြစ်၍ ခပ်သွက်သွက်ပင်မောင်းနှင်ခဲ့ကြသည်။


ဖားအံ-မော်လမြိုင် လမ်းဆုံသို့ရောက်သည်တွင် ဖားအံဘက်လမ်းခွဲသို့ ချိုးဝင်ခဲ့ပြီးနောက် အတန်ကြာသည်တွင် ဖားအံမြို့ဝင်ဂိတ်ကို ဖြတ်သန်းခဲ့ကြသည်။ သွေးချင်းတို့၌ာနေ ကရင်မြေ (ကရင်ပြည်နယ်)သို့ ချင်းနင်းဝင်ရောက်ခဲ့သည်နှင့် လွမ်းဆွတ်သာမောဖွယ် သဘာဝရှုခင်းများက ဆီးကြိုလျက်ရှိသည်ကို တွေ့ရသည်။

ကရင်ပြည်နယ်သည် သဘာဝကျောက်တောင်များ ပေါများသည့်ဒေသဖြစ်သည်။ ပြည်နယ်၏ အရှေ့ပိုင်းတွင် ရှည်လျား မြင့်မားသော ဒေါနတောင်တန်းနှင့် အလယ်ဗဟိုတွင် ပြည်နယ်ကျက်သရေဆောင် ဇွဲကပင်တောင်ကြီး ရှိသည်။

စာရေးသူတို့ ဖြတ်သန်းခဲ့သည့် လမ်းခရီးတစ်လျှောက် တောင်တန်းကြီးများ ထီးထီးမားမား တိုးထွက်လျက်ရှိသော တောင်သေလာ မှိုင်းညို့ညို့တို့ကို အများအပြား တွေ့မြင်ရသည်။

အချို့သော သဘာဝကျောက်တောင်များ၏ တောင်ထိပ်၊ တောင်ခါးပန်း၊ တောင်ခြေများတွင် စေတီ၊ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ် စသည့်သာသနိကအဆောက်အအုံများ တည်ထားသည်ကိုလည်း တွေ့ရသည်။

www.burmeseclassic.com




ရေပူစမ်းကန် မြင်ကွင်းတစ်ကွက်

စေတီမြင့်ခေါင် တောင်ထိပ်ဖျားတွင် ထုံးဖွေးဖွေးစေတီများကို စက်ကိရိယာ ခေတ်မီနည်းပညာများ မပါဘဲ ကြိုးစားပမ်းစား တည်ထားခဲ့ကြသည်မှာ အံ့ချီးဖွယ်ပင်။ နောင်လာနောက်သားတို့ကလည်း ဘိုးဘေးတို့၏ အမွေကို ဆက်ခံကာ အစဉ်အဆက် ထိန်းသိမ်းပြုပြင် စောင့်ရှောက်ခဲ့ကြသည့်အပြင် အသစ်တစ်ဖန် ထပ်မံတည်ထားကြသည်များလည်းရှိရာ ကရင်ပြည်နယ်တွင်လည်း မြတ်ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားနေသည်ကို ဖော်ညွှန်းပြသလျက် ရှိပေသည်။

စာရေးသူတို့သည် ဘုရင်ညီနောင် လိုဏ်ဂူတော်သို့ ဦးတည်ကာ မောင်းနှင်လာကြရာ ပြည်နယ်၏ ကျက်သရေဆောင် ဇွဲကပင်တောင်ကြီးကို ရှုထောင့်အဖုံဖုံမှ ပုံစံမျိုးစုံ မြင်တွေ့ခဲ့ရသည်မှာလည်း စိတ်ဝင်စားဖွယ်ပင်။

ကရင်ပြည်နယ် ဖားအံမြို့နယ်၌ သဘာဝ ကျောက်လိုဏ်ဂူများ အများအပြား တည်ရှိနေရာ ထိုကျောက်လိုဏ်ဂူများတွင် ရှေးဗုဒ္ဓဘာသာဝင် သူတော်စင်များက ဘုရားစေတီများနှင့် ရုပ်ပွားဆင်းတုတော်များ တည်ထားပူဇော်ခဲ့သည့် သမိုင်းဖြစ်ရပ်ဖြစ်စဉ်များရှိသည်။

ထို့ပြင် ထိုကျောက်လိုဏ်ဂူတော်များ အတွင်း၌ ထူးဆန်းအံ့သြဖွယ်ရာ ပုံပြင်ဒဏ္ဍာရီများလည်းရှိပြီး အချို့သော ကျောက်လိုဏ်ဂူများတွင် ကျောက်ခေတ်လူသားများ နေထိုင်ခဲ့ကြသည့် အထောက်အထားများ တွေ့ရှိကြရကြောင်း သုတေသီများထံမှ ကြားသိရသည်ဟု ဆိုသည်။

သံလွင်မြစ် အနောက်ဘက်ကမ်းတွင် ကော့ကွန်းလိုဏ်ဂူ၊ ရသေ့ပျံလိုဏ်ဂူ၊ ဖားကပ်လိုဏ်ဂူ၊ ခတ်ကျိုက်လိုဏ်ဂူ ဝဲပျံလိုဏ်ဂူနှင့် ဘုရင်ညီနောင်လိုဏ်ဂူ များ တည်ရှိပြီး ထိုလိုဏ်ဂူတော်များတွင် ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များ ကိန်း ဝပ်စံပယ်တော်မူနေကာ သမိုင်းဖြစ်စဉ် ကိုယ်စီဖြင့် တည်ရှိနေကြောင်း လေ့လာ ဖတ်ရှုထားခဲ့ဖူးသည်။


ထိုသမိုင်းဝင် ကျောက်လိုဏ်ဂူ တော်များတွင် ဘုရင်ညီနောင်လိုဏ်ဂူ တော်သည် သဘာဝ ရေအေးစမ်း၊ ရေ ပူစမ်းများ ထွက်ရှိနေသဖြင့် တစ်မျိုး တစ်ဖုံ ထူးဆန်းနေပြီး ထိုရေပူစမ်းတွင် အမိဋ္ဌာန်ဖြင့် ရေချိုးသန့်စင်ခြင်းပြုပါက ကိုယ်၌စွဲကပ်နေသော ကိုယ်ရေပြား ရောဂါ၊ လေဖြတ်ရောဂါ စသည်များ ပျောက်ကင်းသည်ဟု ဆိုသည်။

ထိုလိုဏ်ဂူတော်သည် ဘုရင် နောင်တောင်ကြီး၏ တောင်ခြေ



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူတော်သို့ အဝင်လမ်းတွင် တွေ့ရသည့် ဈေးတန်းလေး

...ရှိသည်။ ဘုရင်ညီနောင် တောင် ...သည် အမြင့်ပေ ၄၀၀ ခန့်ရှိ အထီး ... တိုးထွက်နေသော တောင်ကြီး ...သည်။ မိုးအခါ၌ တောင်ခြေတွင် ...ကြီး အချိန်ကြာမြင့်စွာ တည်ရှိ ...ရှိသည်။


ဤတောင်ကြီးသည် သံလွင်မြစ် ... ဒိုသမိမြစ်ကြားတွင် တည်ရှိပြီး ...ဘက်တွင် တောင်ကလေး ... ကော့ကွန်းတောင်၊ ရသေ့ပျံ ... အားကပ်တောင်နှင့် သံတိုင် ...များ တည်ရှိသည်။ အရှေ့ဘက် ... ...ပုတောင်၊ မီးကရင်တောင်၊ ...တောင်နှင့် ကော့ပြိုင်တောင် ...တည်ရှိကာ မြောက်ဘက်တွင် ...တောင်တန်းကြီးများ တည်ရှိ ... အရှေ့တောင်ဘက်တွင် မြတ်ဗုဒ္ဓ ...၏ ဆံတော်မြတ်ကိန်းဝပ်တော်မူရာ ဖွဲ့ကပင်တောင်နှင့် အနောက်တောင်ဘက်တွင်လည်း ဘုရားရှင်မြတ်ဗုဒ္ဓ၏ ဆံတော်မြတ်ကိန်းဝပ်တော်မူရာ ဇင်းကျိုက်တောင် ရှိသည်။

ဤကဲ့သို့ တောင်သေလာများ ဝိုင်းရံနေသဖြင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာရောက်ကြသူများသည် ဘုရင်ညီနောင်တောင်တော်မြတ်ရိပ်ကို ခိုလှုံမိသည်နှင့် နှလုံးစိတ်ဝမ်း အေးချမ်းမှုကို ခံစားကြရသည်ဟု ဆိုသည်။

ဘုရင်ညီနောင် လိုဏ်ဂူတော် တည်ရှိရာ ပတ်ဝန်းကျင်တွင် စကောကရင်၊ ပိုးကရင်၊ မွန်နှင့်မြန်မာလူမျိုးများ အခြေစိုက်နေထိုင်ကြသည်။ သို့ဖြစ်၍ ဘုရင်ညီနောင်လိုဏ်ဂူတော်ကို ရှုထောင့်အမျိုးမျိုးမှကြည့်ကာ မိမိတို့ ဘာသာစကား အသီးသီးဖြင့် အမည်နာမများ သတ်မှတ် ခေါ်ဝေါ်လေ့ရှိကြသည်။

ရှေးအတိတ်ကာလက လိုဏ်ဂူတော်ကို "မဟာပါသာဏရတနာလိုဏ်ဂူတော်" ဟု ခေါ်တွင်ခဲ့သည်။ မဟိသရာဇာဘုရင်ကြီး လိုဏ်ဂူတော်အတွင်း လာရောက်နေထိုင်ကာ တရားအားထုတ်ပြီး စေတီများ တည်ထားခဲ့ပြီးနောက် "ဘုရင်ကြီးဂူ" ဟု အမည်တွင်ခဲ့သည်။ ထို့နောက် သထုံပြည်မှ မင်းသားညီနောင်နှစ်ပါး လာရောက်ခိုလှုံကြကာ တရားဓမ္မအားထုတ်ခဲ့ကြသဖြင့် "ဘုရင်ညီနောင်ဂူ" ဟု ခေါ်တွင်ခဲ့ပြန်သည်။ နောက်ပိုင်းတွင် နောင်တော်မင်းသား ကွပ်မျက်ခံရပြီးနောက် ညီတော် တစ်ပါးတည်း ကျန်ရစ်ကာ ဆက်လက်၍ တရားဓမ္မအားထုတ်ခဲ့သည်တွင် "ဘုရင်ညီဂူ" ဟူ၍ အမည်တွင်ခဲ့သည်။ ယခုအခါတွင်မူ "ဘုရင်ညီနောင်လိုဏ်ဂူတော်" ဟု ခေါ်တွင်လျက်ရှိသည်။

www.burmeseclassic.com



လိုဏ်ဂူဝသို့ တက်သည့်လှေကား



ဈေးတန်းဆုံးပြီးနောက် တွေ့ရသည့် စင်္ကြံလမ်းလေး

ပိုးကရင် တိုင်းရင်းသားတို့က လိုဏ်ဂူတော်ကို "ထန့်ထွတ်လိပ်အွှာ"ဟု အသံထွက်ခေါ်ကြသည်။ အတိုကောက်အားဖြင့် "ထန့်အွှာ"ဟုလည်း ခေါ်ကြသည်။ ထန့် = ဂူ၊ ထွတ်လိပ်အွှာ = ဖျိုင်းငှက်၊ သို့ဖြစ်၍ ဖျိုင်းငှက်များ ခိုအောင်းသောဂူ (သို့မဟုတ်) ဖျိုင်းဂူဟုအဓိပ္ပာယ်ရသည်။ ရှေးအခါက ဤလိုဏ်ဂူနှင့် တောင်ခြေရှိ အင်းကြီးများတွင် ဖျိုင်းငှက်များ အုပ်လိုက်ခိုအောင်းပြီး အစာရှာသည်ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သည်ဟု ဆိုသည်။

မွန်တိုင်းရင်းသားတို့က မွန်ဘာသာဖြင့် "ပေါက်ဂေး"ဟူ၍ အသံထွက်ခေါ်ကြသည်။ အဓိပ္ပာယ်မှာ ဖျိုင်းငှက်များ ခိုအောင်းသော ဖျိုင်းဂူဟုပင်ဖြစ်၍ ပိုးကရင်တို့နှင့် အဓိပ္ပာယ် တူညီနေသည်။

စကောကရင် တိုင်းရင်းသားတို့ကမူ "ပေါ့ကီ" ဟုအသံထွက် ခေါ်ဆိုကြရာ သီးခြားအဓိပ္ပာယ်မရှိဘဲ မွန်တိုင်းရင်းသားတို့၏ အသံထွက်စကားမှ ကူးပြောင်းလာခြင်းဖြစ်သည်ဟုဆိုသည်။

ရှေးအတီတေ ကာလများက ဘုရင်ညီနောင်ဂူပတ်ဝန်းကျင်တွင် ကြာပန်းအင်း၊ ကဇွဲအင်း၊ မိကျောင်းအင်း စသည့် တော်ဝင်အင်းများ ရှိခဲ့ပြီး ထိုအင်းတို့၌ အမြဲမပြတ် ဖူးပွင့်နေကြသော ပဒုမ္မာကြာများ အပါအဝင် ကြာနီ၊ ကြာဖြူ၊ ကြာပုဏ္ဏရိက်နှင့်ကြာခေါင်းလောင်းများ ဖူးပွင့်ခဲ့ရာ ရေလျှံသော မိုးကာလတွင် ခူးဆွတ်၍မကုန်နိုင်သည်အထိ ပေါများခဲ့သည်။

ထူးခြားမှု တစ်ရပ်အနေဖြင့် သံလွင်မြစ်၏ အနောက်ဘက်ကမ်းရှိ အထက်ပါအင်းများတွင် သံလွင်ပင်များ၊ သံလွင်သီးများ အလျှံပယ်သီးသော်လည်း သံလွင်မြစ်အရှေ့ဘက်ကမ်းရှိ အင်းများတွင်မူ သံလွင်ပဇ်များ၊ သံလွင်သီးများ မရှိလှခြင်းပင်။

မိုးကာလတွင် ရေပြင်ကြီးဖုံးလွှမ်း နေသဖြင့် လိုဏ်ဂူတော်သို့ လှေဖြင့် သွားရောက်ဖူးမြော်ကြရသည်။ နွေအခါ ရေကျသွားပြီး အင်းကြီးများ၊ အိုင်ကြီး များ ကျန်ရှိသည်တွင် ဒေသခံများက ထိုအင်းအိုင်ကြီးများ အတွင်းရှိ ရေ သတ္တဝါ၊ ငါးသတ္တဝါများကို စီးပွားဖြစ် ရှာဖွေဖမ်းယူ လုပ်ကိုင်စားသောက်ကြ သည်။ သို့ဖြစ်၍ ဘုရင်ညီနောင် လိုဏ် ဂူတော်သည် ဥတုသုံးလီ ရာသီမရွေး သာယာလျက်ရှိသည်ဟု ဆိုသည်။

ဘုရင်ညီနောင် လိုဏ်ဂူတော် မုခ်ဦးသည် သထုံ-ဖားအံ ကားလမ်း မိုင်တိုင်အမှတ် ၁၁/၇ (ဆယ့်တစ်မိုင် ခုနစ်ဖာလုံ) တွင်ရှိသည်။ ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်နေ ပြီဖြစ်၍ မြန်မာနိုင်ငံအရပ်ရပ်မှ အလွယ် တကူ သွားရောက်နိုင်ကြပေပြီ။


သထုံ - ဖားအံ ကားလမ်း အတွင်းသို့ မိုင်ဝက်ခန့် ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com





ဘုရင့်ညီနောင်လိုဏ်ဂူရှိရာ တောင်ကြီးအား အနီးကပ်မြင်ရပုံ

...ရောက်ခဲ့လျှင် တောင်ခြေအနီးရှိ ...နီးသို့ရောက်သည်။ ကားလမ်းမကြီးမှ ...ောင်ခြေအထိ ကျောက်ခင်းဂဝံလမ်း ...ို ဆရာတော်ဦးပညာဝံသ ဦးဆောင် ...ော်မှုကာ ဖောက်လုပ်ထားသည်။

တောင်ခြေအနီး၌ "ပြည်လုံးကျွတ် ...ချမ်းဓမ္မာရုံ" ဟု အမည်ပေးထား ...ည့် နှစ်ထပ်ဓမ္မာရုံကြီးတစ်ဆောင်ကို ...ည်း ဘုရားဖူးများ တည်းခိုနိုင်ရန် ...ရာဇ် ၁၃၆၁ ခုနှစ်တွင် တည် ...ောက်ခဲ့သည်။

ရှေးယခင်က ဤနေရာတွင် ...အရာရှိ ဦးအေး ဆောက်လုပ် ...ခဲ့သော ဇရပ်တစ်ဆောင်ရှိခဲ့ရာ ...ကာလ ကြာညောင်းလာသည်တွင် ...ိုယွင်းလာသဖြင့် ယခု ဓမ္မာရုံ ...ကြီးကို ဆောက်လုပ်ခဲ့ခြင်းဖြစ် ...ည်။

နွေအခါတွင် ဓမ္မာရုံကြီးမှ ...ောင်ခြေအထိ သွားရောက်နိုင်ရန် တမံကြီးဖို့ပြီး ကွန်ကရစ်လူသွားလမ်း ဖောက်လုပ်ထားသည်။ လူသွားလမ်း ဘေး ဝဲယာတစ်လျှောက် အရိပ်ရ သစ်ပင်၊ နွယ်ပင်များ စိုက်ပျိုးထားသည်။

နွေကာလတွင် ကားလမ်းမကြီးမှ ဓမ္မာရုံကြီးသို့ ကားဖြင့် တိုက်ရိုက်ဝင် ရောက်နိုင်သည်။ ဓမ္မာရုံကြီးမှ တောင် ခြေသို့ ခြေကျင်ခရီး ဆက်၍သွားနိုင် သည်။ မိုးကာလတွင်မူ ရေကြီးလေ့ရှိ သဖြင့် တောင်ခြေသို့ လှေဖြင့်သွားကြရ သည်။

သို့ဖြစ်၍ မိုးကာလတွင် ဘုရား ဖူးများ အလွယ်တကူ သွားရောက်နိုင် ကြစေရန် ဆရာတော်ကြီးက လှေများ စီစဉ်ပေးထားပြီး ကိုယ်တိုင်လှော်ခတ် သွားရောက်နိုင်ကြသည်။ ကိုယ်တိုင် မလှော်ခတ်နိုင်သူများအတွက်လည်း ရှင်သာမဏေယ်များ၊ ကျောင်းသား များက အခမဲ့ပို့ဆောင် ဒါနပြု လှော် ခတ်ပေးကြသည်။

ဤကဲ့သို့ မိုးကာလ ရေနစ်မြုပ် သည့်နေရာတွင် တောင်ခြေမရောက်မီ ခရီးသွားများ တစ်ထောက်နားနိုင်ရန် အတွက် ပြည်လုံးကျွတ်အေးချမ်းဓမ္မာရုံ ကြီးကို ဆောက်လုပ်ပေးခဲ့ရာ နှစ်ထပ် သစ်သားဓမ္မာရုံကြီး၏ အကျယ်အဝန်း မှာ အလျားပေ ၈၀၊ အနံပေ ၄၀ ရှိသည်။

ဓမ္မာရုံကြီး၏ အောက်ထပ်တွင် ကျောက်ပြားများ စီခင်းထားပြီး အပေါ် ထပ်တွင် လျှာထိုးသစ်သား ပျဉ်ချပ်များ ခင်းထားသည်။ နွေအခါတွင် ဘုရားဖူး များ အောက်ထပ်၊ အပေါ်ထပ် နှစ်ထပ် လုံးတွင် တည်းခိုနိုင်ပြီး မိုးကာလတွင် အောက်ထပ်ရေမြုပ်သဖြင့် အပေါ်ထပ် တွင်သာ တည်းခိုနိုင်ကြသည်။

ဓမ္မာရုံကြီးကို ၁၃၆၃ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ရာ စုစုပေါင်း မြန်မာ ငွေကျပ် ၇၇ သိန်းကျော် ကုန်ကျခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေကမ်းပါးယံတွင် တည်ထားသည့် နှစ်ကျိပ်ရှစ်ဆူစေတီတော်များ

မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများ လှူဒါန်းငွေ အပါအဝင် ထိုင်ဝမ်နိုင်ငံ တိုင်ပေမြို့မှ ဗုဒ္ဓဘာသာဆွေမျိုးပေါက်ဖော်များ၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။ ဤနှစ်ထပ်ဓမ္မာရုံကြီးသည် ဤလိုဏ်ဂူတော်တွင် အကြီးဆုံးသော အဆောက်အအုံကြီး ဖြစ်သည်ဟု ဆိုသလ်။

မှန်ပေသည်။ စာရေးသူတို့သည် သထုံ ဖားအံလမ်းမကြီးအတိုင်း မောင်းနှင်ခဲ့ကြရာမှ လမ်းမကြီးဘေးတွင် ဘုရင်ညီနောင် လိုဏ်ဂူတော် မုခ်ဦးကြီးကို တွေ့လိုက်ပြီးနောက် မုခ်ဦးဝင်ပေါက် မြေနီလမ်းအတိုင်း ချိုးကွေ့ဝင်ရောက်ခဲ့ကြရာ မကြာမီပင် ပြည်လုံးကျွတ်အေးချမ်း နှစ်ထပ်ဓမ္မာရုံကြီးရှေ့သို့ ရောက်ခဲ့ကြသည်။

ထိုနှစ်ထပ်ဓမ္မာရုံကြီး အနီးရှိ ယာဉ်ရပ်နားစခန်းတွင် မော်တော်ယာဉ်ကို ရပ်ခဲ့ကြပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မလှမ်းမကမ်းတွင် "ဘုရင်ညီနောင် ရတနာလိုဏ်ဂူဘုရား" ဟုနဖူးစီးစာတမ်း ရေးထိုးထားသော ဝင်ပေါက်မုခ်ဦးကို ထပ်မံတွေ့လိုက်ရသည်။

ထိုဝင်ပေါက်ဘေးတွင် ဒေသထွက်ကုန်ပစ္စည်းများ၊ ကရင်ရိုးရာအဝတ်အထည်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ရောင်းချသည့် ဈေးဆိုင်များကို တွေ့ရသည်။

ထိုဝင်ပေါက်မုခ်ဦးအတွင်းသို့ ဆက်လက်ဝင်ရောက်ခဲ့ကြရာကွန်ကရစ်ခင်းထားသည့် လူသွားလမ်းဝဲယာတွင်လည်း အလားတူပင် ကုန်ပစ္စည်းများ ရောင်းချနေသည့် ဈေးဆိုင်လေးများက ဈေးဝယ်ရသည်ကို နှစ်ခြိုက်သည့် ဧည့်ပရိသတ်များအား ဝမ်းပန်းတသာ ကြိုဆိုလျက်ရှိသည်ကို တွေ့ရသည်။

ထိုဈေးတန်းဆုံးသည်တွင် ဝဲယာတစ်ဖက်တစ်ချက်တွင် အရိပ်ရသစ်ဖင် နွယ်ပင်များ စိုက်ပျိုးထားသဖြင့် နွယ်ပင်ချင်းယှက်ကာ ပေါင်းမိုးသဖွယ်ဖြစ်နေသော အရိပ်အာဝါသ အေးမြသည့် ကွန်ကရစ်လူသွားလမ်းလေးက ဆီးကြိုလျက်ရှိသည်။

ဈေးတန်းလေးကို ဖြတ်သန်းလျှောက်လှမ်းခဲ့စဉ်က နောက်ကျိရှုပ်ထွေးခဲ့သည့် စိတ်အစဉ်သည် လူသူရှင်း၍ ကင်းဆိတ်ကာ တောရနံ့သင်းသည့် ဤပေါင်းမိုးရိပ်အောက်သို့ ရောက်ရှိချိန်တွင်မှ ပေါ့ပါးလန်းဆန်းကာ ကြည်လင်၍လာသည်။

ထိုမှဆက်၍ လျှောက်လှမ်းခဲ့ကြရာ ပေါင်းမိုးရိပ် လူသွားလမ်းလေး ဆုံး



www.burmeseclassic.com

www.burmeseclassic.com




သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးဆိုင်းဘုတ်ကြီး

...ည်တွင် လက်ယာဘက်၌ သဘာဝ ...ိုင်း ရှိနေသည့် ရေကန်နှင့် လက်ဝဲ ...က်တွင် ကန်ပေါင်ဆည်ကာ တည် ...ောက်ထားသည့် ရေပူစမ်းကန်ကြီးကို ...တွေ့လိုက်ရသည်။

ထိုရေပူစမ်းကန်ကြီးနှင့် တစ် ...က်တည်းရှိ လိုဏ်ဂူတော် အဝင်ဝ ...ောင်ခြေဝန်းကျင်တွင် ဘုရားစေတီ ...သနိကအဆောက်အအုံများ အဆင့် ...င့် အစီအရီ နတ်ဘုံနတ်နန်းတမျှ ...ည်ဆောက်ထားသည်ကို ဖူးတွေ့ ...ိုက်ရသည်။

ထိုကန်ပေါင်ဘေး လူသွားလမ်း ...းသည်တွင် နောက်ထပ်ဝင်ပေါက် ...ိုးတစ်ခုကို ထပ်မံတွေ့လိုက်ရသည်။ ...ဝင်ပေါက်မုခ်ဦးမှာ လိုဏ်ဂူတော် ...ပေါက်သို့ တက်ရောက်ရန် ဖောက် ...ထားသည့် လှေကားခွင်ခြေရင်းတွင် ရှိပြီး ထိုမုခ်ဦးဝတွင် ခရီးသွားများ ခေတ္တ အပန်းဖြေနိုင်ရန် ကွန်ကရစ်ခုံတန်းလေး များ တည်ဆောက်ပေးထားသည်။


ထိုဝင်ပေါက်မုခ်ဦး အတွင်းဘက် တွင် အလှူခံဌာနရှိပြီး ထိုအလှူခံဌာန ရှေ့တွင်လည်း ခုံတန်းရှည်ကြီးတစ်ခု ထားရှိသေးသည်။ ထိုခုံတန်းလေးများ၏ နောက်ကျောဘက်တွင် သဘာဝ ပတ် ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက် သည့် ဗဟုသုတ ပညာပေးစာတန်း ဆိုင်းဘုတ်များ စိုက်ထူပေးထားသည်ကို လည်း တွေ့ရသည်။

ထိုအလှူခံဌာနကို ဖြတ်ကျော် ပြီးနောက် တောင်ခြေမှ ပေ ၁၅၀ ကျော်ခန့်တွင် တည်ရှိသော ဂူတော်သို့ တက်ရောက်ရန် ဖောက်လုပ်ထားသည့် လှေကားထစ်များအတိုင်း ဖြည်းဖြည်း မှန်မှန် တက်ရောက်ခဲ့ကြရသည်။ ငယ် စဉ်အခါက ဤအနေအထားမျိုးကို မနားတမ်း ခပ်မြန်မြန်တက်ရောက်နိုင် ခဲ့သော်လည်း ယခုအခါတွင်မူ ခပ်မှန် မှန်တက်ရာတွင်ပင် နှစ်ကြိမ်ခန့် နားခဲ့ရ သည်။ ဇရာ၊ ဗျာဓိတို့၏ စိုးမိုးခြယ်လှယ် မှုက အစွမ်းအစ ပြလာကြပေပြီ။

လိုဏ်ဂူတော် တောင်တက်လမ်း ၏ သုံးပုံ နှစ်ပုံခန့် လှေကားထစ် အနောက်ဘက်တွင် ဆယ်ပေပတ်လည် ခန့် ကျယ်ဝန်းသော ကျောက်ကမ်းပါးယံ ရင်ပြင်တော်ပေါ်ရှိ စေတီငယ်တစ်ဆူ အနီး၌ ဖူးတွေ့ရသည့် စေတီတော်မှာ ညီတော် စိတ္တကုမာရစေတီတော် ဖြစ် ကြောင်း သိရသည်။

ဤစေတီတော်သည် ရှေးဟောင်း စေတီတော်ဖြစ်၍ အောက်ခံတွင် ဂဝံ ကျောက်များစီပြီး စေတီတော်၏ လုံး တော်များတွင် ရှေးဟောင်းလက်ရေးစင်

www.burmeseclassic.com



ညီတော်စိတ္တကုမာရစေတီ (လက်ဝဲဘက်ရှိစေတီကြီး)

အမှတ်အသားပါသော အုတ်ချပ်ကြီးများဖြင့် တည်ထားခဲ့သည်။

ရွှေပေါ်ကုန်း ဆရာတော်ကြီး ဦးဣန္ဒက ပျက်စီးယိုယွင်းလျက်ရှိသော ထိုစေတီကို မြင်တွေ့ရသဖြင့် သက္ကရာဇ် ၁၂၉၅ ခုနှစ်တွင် ပြန်လည်ပြုပြင် တည်ထားခဲ့သည်။ ဆရာတော်ဦးဣန္ဒ ပျံလွန်တော်မူပြီးနောက် စေတီတော်အား ထိန်းသိမ်းစောင့်ရှောက် ပြုပြင်ခြင်း မရှိသဖြင့် နှစ်ကာလကြာရှည်လာသည်တွင် စေတီတော် ပျက်ယွင်းကာ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးထွမ်းခြင်းကိုခံခဲ့ရသည်။

သက္ကရာဇ် ၁၃၂၈ ခုနှစ်တွင် ဆရာတော် ဦးပညာဝံသက ထိုစေတီတော်ကို ပြန်လည်ပြုပြင်ရန် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေစဉ် စာရေးဆရာမကြီးဒေါ်ဒဂုန်ခင်ခင်လေးနှင့်အဖွဲ့ ဘုရားဖူး ရောက်ရှိလာခဲ့သည်။ ဆရာမကြီးသည် စေတီတော် ပြုပြင်ရန်နှင့် ထီးတော် တင်လှူရန် လှူဒါန်းခဲ့သဖြင့် ဆရာတော် ဦးပညာဝံသက ပြန်လည်ပြုပြင် တည်ဆောက်ခဲ့ရာမှ ဒဂုန်ခင်ခင်လေး စေတီဟုပင် တွင်ခဲ့သော်လည်း ရှေးကရှိခဲ့သော စိတ္တကုမာရစေတီဘွဲ့ အတိုင်းပင် ဆက်လက်ခေါ်ဝေါ်ခဲ့ကြသည်။

ထိုမှ ၃၅ နှစ်အကြာ သက္ကရာဇ် ၁၃၆၁ ခုနှစ်တွင် စေတီတော်ယိုယွင်းပျက်စီးလာသဖြင့် မူလစေတီတော်ကို ငုံကာကိုးတောင်ပြည့်စေတီတော်အဖြစ် ဆရာတော်ဦးပညာဝံသကပင် ပြန်လည်တည်ထားခဲ့သည်။

ထိုပြန်လည်တည်ထားမှုအတွက် အလှူရှင်မှာ ဗိုလ်မှူးဆွေဝင်းနှင့် ဇနီး ဒေါ်နုနုဆွေမိသားစု ဖြစ်ကြောင်း သိရသည်။

ထိုမှ ဆက်၍ တက်ခဲ့ကြရာ လိုဏ်ဂူတော်အဝင်ဝ တောင်ဘက်ရှိ ဇရပ်ငယ်တစ်ဆောင်နှင့် ကပ်လျက်တွင်လည်း ကိုးတောင်ပြည့်စေတီတော် တစ်ဆူကို ဖူးတွေ့ရသည်။

ထိုစေတီတော်မှာ -

(ဆက်ရန်)

**မင်းဂုဏ်**


**စာကိုး**

၁။ ဘုရင်ညီနောင်ရတနာလိုဏ်ဂူသမိုင်း၊ ဆရာတော် ဦးပညာဝံသ။

၂။ ကရင်ပြည်နယ် သမိုင်းဝင် ဘုရင်ညီနောင်လိုဏ်ဂူတော်နှင့် ဆရာတော် ဘဒ္ဒန္တပညာဝံသ ထေရုပ္ပတ္တိ၊ မန်းသင့်နောင် (ကော့ကရိတ်)

❑

www.burmeseclassic.com



မအူပင်ကျောင်းရွာ ရေးဟောင်းဆုတောင်းပြည့် ကျိုက်မွန်လုစေတီတော်ကြီး



...စေတီတော်ကြီးအား အနီးကပ်ဖူးမြော်ရပုံ



မြတ်စွာဘုရားရှင် စင်္ကမသတ္တာဟစင်္ကြံလျှောက်တော်မူပြီး
ဖလသမာပတ် ဝင်စားတော်မူဟန်



www.burmeseclassic.com


www.burmeseclassic.com



ဗုဒ္ဓဂယာဒေသသနာဘုံကြီးဝင်း၌ ဖူးမြော်ရသော မြတ်စွာဘုရားရှင်၏ ဓမ္မစကြာ ဟောနေပုံ



မြတ်စွာဘုရားရှင် မြောက်ဘက်ရပ်၌ ရုပ်တော်မှုကလျှစ်
ဝဏ္ဏင်တော်နှင့်ငွေဘောင်းဝင်း၏ ဗိုလ်တင်ဘော ကျိတ်မြှင့် ဂုဏ်ရှုပ်ဝတ်ရုံး



ကျည်းပင်ရင်း၌ ဝိမုတ္တိသုခကို ခံစားတော်မူစဉ် အ[illegible]
မုစလိန္ဒနဂါးမင်းသည် ပါးပျဉ်းဖြင့်မိုးကာ စောင့်ရှောက်[illegible]
မုစလိန္ဒသာကာ



ကြည့်ကောင်းနှုန် ဆိုင်းသင်းကျော်

www.burmeseclassic.com







မဘုရားရှင် သိတ်ကျောင်းညောင်ပင်အောက်၌ ခုနစ်ရက်ပတ်လုံး
သမ္မာသမ္ဗုဒ္ဓတရားတော် ဆင်ခြင်တော်မူရာ အဇပါလသတ္တာဟ

ဂေါတမဘုရားရှင်ထံ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့
မုန့်ကြွပ်မုန့် ဆက်ကပ်လှူဒါန်းသည့် လင်းလွန်းပင် ရာဇာယတနသတ္တာဟ

မအူပင်မြို့ ကျောင်းရွာရှိ ရှေးဟောင်းဆုတောင်းပြည့်

# ကျိုက်မွန်ညှော်စေတီတော်ကြီးနှင့်

# ဗုဒ္ဓဂယာ သံဝေဇနီယ လေးဌာန ဖူးမြော်ကြည်ညိုစရာ မြေမြတ်မဟာ

**တက္ကသိုလ်မျိုး**


စာရေးသူ ဆေးကုသမှုခံယူပြီးနောက် ဗန်ကောက်မှ သို့ နိဝင်ဘာလနောက်ဆုံးပတ်၌ ပြန်ရောက်ခဲ့သည်။ တို ပေါင်ရင်းသွေးကြောမှ စက်ငယ်သွင်း၍ ဆေးဖျန်း ခုနစ်ကြိမ်ပြုလုပ်ပြီး အသည်းရှိ အကျိတ်ငယ်နှစ်လုံး ရှက်ရာ အကျိတ်အသေး (နှစ်စင်တီမီတာ)မှာ လုံးဝ သွားပြီး အကျိတ်ကြီး (လေးစင်တီမီတာ)မှာ ကြေပျက် သော်လည်း နောက်ထပ်ပေါ်ပေါက်လာသော အကျိတ် မှာ ဆေးဖျန်းသော်လည်း မပျောက်ကွယ်ဘဲ ဆေး သည့်အသွင်ပေါ်နေသည်။ ထို့ကြောင့် ကိုးကြိမ်မြောက် တ် ဆေးကုသွားရောက်သည့် ခရီးစဉ်၌ အသည်း အထူးကုဆရာဝန်ကြီး ချက္ကရာဖန်နှင့် အသည်းဆေးဖျန်း ကုသသည့် မေ့ဆေးဆရာဝန်မကြီး အင်ဂျလာတို့က ဆေးဖျန်း ကုထုံးကိုရပ်ပြီး ကုထုံးသစ် အကျိတ်နေရာကို ဓာတ်ရောင်ခြည် ဖြင့်တို့၍ ကုသသည့် ကုထုံးသို့ ပြောင်းလဲကုသရန် ဆုံးဖြတ်ပြီး ဆေးရုံတက်ရန် ညွှန်ကြားကြသည်။

ဓာတ်ရောင်ခြည်ဖြင့်တို့၍ကုသော ကုထုံး၌ မေ့ဆေး သုံးပြီး ခွဲစိတ်ခန်းအတွင်း၌ ကုသမည်ဖြစ်သည်။ ထိုကုထုံးတွင် အသည်းတည့်ရှိရာ နံရိုးချောင်းများကြားမှ ဓာတ်ရောင် ခြည်ပေးမည့် ကိရိယာကို ဖောက်ထွင်းပြီး အသည်းအတွင်းရှိ အကျိတ်အလုံးရှိရာနေရာအထိ ထိုးသွင်းပြီး ဓာတ်ရောင်ခြည်




www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယ ကုသိနာရုံရှိ ပရိနိဗ္ဗာနရုပ်ပွားတော်ကြီး



ကျောင်းရွာ၌ CNC စနစ်ဖြင့် ကွန်ပျူတာနှင့်ထုလုပ်ထားသော ပရိနိဗ္ဗာနရုပ်ပွားတော်

ပို့လွှတ်မည်ဖြစ်ရာ ပေါင်ရင်းမှ ပိုက်သွင်း၍ ဆေးကုသသည့် ကုထုံးလို ထုံဆေးဖြင့်ကုသ၍မရသေး၊ မေ့ဆေးသုံး၍ ကုသခဲ့ရသည်။

မေ့ဆေးပြေပြီး မိမိအခန်းသို့ ပြန်ရောက်သောအခါ ညာဘက်ရင်အုံရှိ နံရိုးပေါ်၌ ဖောင်းဖောင်းဖုဖုနှင့် ဂွမ်းတိပ်တို့ဖြင့်အုပ်ထားသော ပလတ်စတာနှစ်နေရာကို စမ်းသပ်မိသည်။ ပေါင်ရင်းရှိအကြောမှ စက်သွင်း၍ ကုသမှုခံယူစဉ်က ဆေးသွင်းသည့် ခြေထောက်ကို ငါးနာရီခန့် မကွေးမပြုရဘဲ စန့်စန့်ကြီးနေခဲ့ရသောဒုက္ခ မခံစားရ၍ စိတ်သက်သာရသော်လည်း နံရိုးကြားအပေါက်ငယ် နှစ်ပေါက်ဖောက်၍ ဓာတ်ရောင်ခြည်ပေး ကုထုံးကြောင့် အသည်းအထက်ရှိ နံရိုးနေရာ၌ နာကျင်မှုဝေဒနာ အနည်းငယ်ခံစားရသည်။

အသည်းအတွင်း အပေါက်ဖောက်၍ ထိုးသွင်းကုသခဲ့၍ လူမမာအနေနှင့် အလေးအပင်လုံးဝမမရန်၊ ကျန်းမာရေးလေ့ကျင့်ခန်းများ မပြုလုပ်ရန်၊ လမ်းလျှောက်ရာ၌ ဖြည်းဖြည်းလျှောက်ရန်၊ လမ်းမြန်မြန်မလျှောက်ရန်၊ တိုက်အမြင့်လှေကားများ မတက်ရန် လိုက်နာရန်အချက်များကို မှာကြားလိုက်သည်။ အသည်းနေရာက နာခြင်း၊ အောင့်ခြင်းဖြစ်က အမြန်အကြောင်းကြားရန်နှင့် ဓာတ်ရောင်ခြည်ပေးသည့် ကိရိယာသွင်းသော နံရိုးပေါ်ရှိအပေါက်ငယ်မှ သွေးထွက်၊ သွေးစို့လျှင် အကြောင်းကြားရန်တို့ကို အထူးမှာကြားလိုက်သည်။

ကုထုံးပြောင်းကုသမှုခံယူပြီး ဗန်ကောက် Burnrun-grad ဆေးရုံကြီးမှ ရန်ကုန်နေအိမ်သို့ပြန်ရောက်ပြီး နောက် အေးအေးသက်သာ အနားယူနေခဲ့ရာမှ မည်သည့်စာမှ မရေးဖြစ်ခဲ့သည်မှာ တစ်လကျော်၊ နှစ်လနီးပါးရှိခဲ့ပေပြီ။ မဂ္ဂဇင်းတိုက်တချို့က စာမူတောင်းကြသော်လည်း "ပို့ပေးပါမည်"ဟု ကောင်းအောင်ကြည့်ပြော၍ မပို့ပေးဖြစ်ခဲ့ပေ။

ထိုသို့ နားနားနေနေ နေရာမှ ၁၂-၂-၂၀၁၇ (ကြာသပတေးနေ့) မနက် ၆ နာရီခွဲလောက်မှာ စာရေးသူ၏ ဖုန်းမြည်သံကြား၍ နားထောင်လိုက်ရာ -

"ဆရာမျိုးလား၊ ကျွန်တော် ဝင်းဆန်းပါ၊ ဆရာနေကောင်းလား"ဟူသောအသံကို ကြားလိုက်ရသည်။ ဖုန်းခေါ်သူ ကိုဝင်းဆန်းသည် ဓာတ်ပုံပညာရှင်တစ်ဦးဖြစ်ရုံသာမက ဓာတ်ပုံများကို ပုံဖော်ရာ၌ သူများနှင့်မတူအောင် လက်စွမ်းပြနိုင်သူဖြစ်သည်။ ဓာတ်ပုံရိုက်ကူးရာ၌ အလွန်စိတ်ရှည်သူတစ်ဦးဖြစ်ပြီး၊ လက်ရာမြောက်လှသော ဓာတ်ပုံများစွာကို ရိုက်၍ပုံဖော်နိုင်ခဲ့သည်။ စာရေးသူနှင့် မဂ္ဂဇင်းတိုက်ကြီး



ကျောင်းရွာရှိ ပရိနိဗ္ဗာနရုပ်ပွားတော်အား မူလပုံစံအတိုင်း ဖူးမြင်ရပုံ




ပွင့်တော်မူပြီးသော ဘုရားလေးဆူရုပ်တုတော်များ




www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယ ကုသိနာရုံရှိ ပရိနိဗ္ဗာနရုပ်ပွားတော် မျက်နှာတော်အား
ရှေ့တည့်တည့်မှဖူးမြော်ရပုံ



ကျောင်းရှာရှိ ပရိနိဗ္ဗာနရုပ်ပွားတော် မျက်နှာတော်အား
ရှေ့တည့်တည့်မှဖူးမြော်ရပုံ

...ခုတွင် တွဲ၍အလုပ်လုပ်ဖူးသည်။ စာရေးသူ ရေးသားသည့် ...စေတီသမိုင်းဆောင်းပါးပေါင်းများစွာ၌ ကိုဝင်းဆန်းက ...ပုံဖြင့် ပုံဖော်ခဲ့ရာ အောင်မြင်သော ဆောင်းပါးများ ...ခဲ့သည်။ နှစ်ပေါင်းအတော်ကြာတွဲ၍လုပ်ခဲ့ကြရာ လူချင်း ...နှစ်ပင် ရင်းနှီးခဲ့သည်။ ကိုဝင်းဆန်းနှင့် စာရေးသူမှာ ...တ်တွာခြားလှ၍ တူသားပမာ ခင်တွယ်ခဲ့ကြသည်။

နောက်ပိုင်း ကိုဝင်းဆန်းသည် ကြေးပဋိမာတော်များ ...သည့်လုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရာမှ စာရေးသူ ... အနေဝေးခဲ့ကြသော်လည်း မကြာခဏဆုံတွေ့ဖြစ်ကြ ...။ နောက်ပိုင်း နေပြည်တော်၌ ကိုဝင်းဆန်းလုပ်ကိုင်သည့် ...က ဗုဒ္ဓဂယာကုသိနာရုံရှိ ပရိနိဗ္ဗာနရုပ်ပွားတော်ကြီး ... စကျင်ကျောက်ဖြင့် ပုံစံတူ၊ ဉာဏ်တော်တူရုပ်ပွား ...တစ်ဆူကို ထုလုပ်နေကြောင်း သတင်းကြားသိရသည်။ ... အာနန္ဒာစေတီတော်ကြီးရှိ ပုဂံခေတ်လက်ရာရုပ်တော်မူ ...သိဆင်းတုတော်ပုံစံတူကိုလည်း ထုလုပ်နေကြောင်း ...သည်။ ထိုသို့ ထုလုပ်ရာတွင် လက်မှုပညာဖြင့် ထုလုပ် ...တ်ဘဲ ကွန်ပျူတာစက်ဖြင့် ထုလုပ်ရာ မူလပုံစံအတိုင်း ပုံတူထုလုပ်နိုင်ကြောင်းကိုလည်း သွားရောက်ဖူးမြော်ကြသူ တိုင်းက ချီးကျူးစကားပြောကြသည်။ စာရေးသူကိုလည်း နေပြည်တော်သို့ လာရောက်လည်ပတ်ရန် အကြိမ်ကြိမ် ဖိတ်ခေါ်ခဲ့သော်လည်း အသက်အရွယ်အရလည်းကောင်း၊ ကျန်းမာရေးကြောင့်လည်းကောင်း၊ ဗန်ကောက်ကို သုံးလ တစ်ကြိမ် ဆေးကုသွားနေရ၍လည်းကောင်း မရောက်ဖြစ် ခဲ့ပါ။ ကိုဝင်းဆန်းနှင့်ကား တယ်လီဖုန်းအဆက်အသွယ်မပြတ် ရှိခဲ့ပါသည်။ ဒီနေ့မနက်စောစော ကိုဝင်းဆန်းအသံ ကြား လိုက်ရ၍ အနည်းငယ်အံ့သြမိပြီး -

"နေကောင်းပါတယ် ကိုဝင်းဆန်း၊ ဗန်ကောက်ကို သွားပြီး ဆေးကုနေရသေးတယ်"

"ဆရာ အသံဝင်နေတာလား၊ အသံက တစ်မျိုးပဲ"

"ဟုတ်တယ်၊ ဆရာ အသံနည်းနည်းဝင်နေတယ်၊ ကိုဝင်းဆန်း ဘာကိစ္စထူးလို့ စောစောစီးစီးဖုန်းဆက်တာလဲ"

"အခု ကျွန်တော်တို့ မအူပင်ကိုသွားမလို့၊ နေပြည် တော်က ထွက်လာတာ ၁၀၅ မိုင်ရောက်နေပြီ၊ မအူပင်ကို ဆရာ့ကို ခေါ်သွားချင်လို့ပါ"



...ကုသိနာရုံရှိ ပရိနိဗ္ဗာနရုပ်ပွားတော် မျက်နှာတော်အား
အောက်ဘက်မှဖူးမြော်ရပုံ



ကျောင်းရှာရှိ ပရိနိဗ္ဗာနရုပ်ပွားတော် မျက်နှာတော်အား
အောက်ဘက်မှဖူးမြော်ရပုံ




www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယ ကုသိနာရုံရှိ ပရိနိဗ္ဗာနရုပ်ပွားတော်အား မဏိတော်ဘက်မှဖူးမြော်ရပုံ



ကျောင်းရွာရှိ ပရိနိဗ္ဗာနရုပ်ပွားတော်အား မဏိတော်ဘက်မှဖူးမြော်ရပုံ

"မအူပင်မှာ ဘာရှိလို့လဲ"

"မအူပင်ရောက်ရင် ဆရာတွေ့မှာပါ၊ ကျွန်တော်တို့ နေပြည်တော်မှာ ပူဇော်ထုလုပ်ထားတဲ့ ပရိနိဗ္ဗာနရုပ်ပွားတော်ကြီး၊ ပုဂံအာနန္ဒာဘုရားက သကျရုံသီရုပ်ပွားတော်ကြီးတွေနဲ့ ပုံစံတူ စကျင်ရုပ်ပွားတော်တွေကို မအူပင်နားက ကျောင်းရွာမှာ ထုလုပ်ပူဇော်ထားတယ်၊ အဲဒီရုပ်ပွားတော်တွေအပြင် ဖွားတော်မူပုံတော်တွေ၊ ဗုဒ္ဓဂယာနဲ့ပတ်သက်တဲ့ သံဝေဇနီယလေးဌာနပုံ၊ ဗုဒ္ဓဂယာမှာရှိတဲ့ ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူပြီးနောက် သတ္တသတ္တာဟာ (၇) ဌာနပုံတွေအပြင် ကျိုက်မွန်လှ ရွှေဟောင်းစေတီတော်ကြီးကိုလည်း ဖူးမြော်ရမှာဆရာ၊ ဆရာ့အတွက် ရေးစရာတွေ အများကြီးရမယ်၊ ဆရာလိုက်ခဲ့ပါ"

ကိုဝင်းဆန်း ပြောပြသည့် အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး စိတ်ဝင်စားသလို ဆရာ့အတွက် ရေးစရာတွေ အများကြီးရမယ်ဟူသော မဲက်လုံးကြောင့် စာရေးသူသည် အနီး၌ရှိသော ဇနီးသည်ဒေါက်တာညွန့်ညွန့်ရီကို မျက်နှာရိပ်မျက်နှာကဲနှင့် ခွင့်ပြုမိန့်တောင်းပြီး (တယ်လီဖုန်းအသံကျယ်ဖွင့်ထား၍ ဇနီးဖြစ်သူလည်း ကိုဝင်းဆန်းစကားကြားနေရ၍)

"ကိုဝင်းဆန်း လိုက်ခဲ့မယ်ဗျာ"

"ဒါဆို အိမ်ကစောင့်နေ၊ ရှစ်နာရီလောက် ဆရာ့အိမ်ကို တက္ကစီကားနဲ့ လာခေါ်လိမ့်မယ်၊ ကျွန်တော်တို့ မင်္ဂလာဒုံ ကျိုက်ကလော့က စောင့်နေမယ်" ဟုဆိုကာ ဖုန်းချသွားသည်။

နာရီကြည့်လိုက်သောအခါ ၆ နာရီ ၄၅ မိနစ်ပင်ကျော်ပေပြီ။ ထို့ကြောင့် ရေအမြန်ချိုးပြီး နံနက်စာ မုန့်ဟင်းခါးစားကာ အဝတ်အစားလဲ၍ အသင့်စောင့်နေမိသည်။ စာရေးသူတို့အနေနှင့် "ရေးစရာရမည်"ဟူသောမက်လုံးကြောင့် ကျန်းမာရေးပင် ဂရုမစိုက်နိုင်၊ ခရီးဝေးထွက်ရန်ပြင်ဆင်ပြီးချိန်၌ ဇနီးဖြစ်သူက နံနက် သောက်ရမည့်ဆေးကို လာရောက်တိုက်ပြီး နေ့လယ်ထမင်းစားပြီး သောက်ရမည့် ဆေးကိုလည်း ပလတ်စတစ်အိတ်ဖြင့်ထည့်ပြီး တိုက်ပုံအင်္ကျီအိတ်အတွင်း ထည့်ပေးလိုက်သည်။ လာရောက်ခေါ်သည့် တက္ကစီကားသည် ၈ နာရီမထိုးမီ အိမ်ရှေ့ရောက်လာ၍ လက်ဆွဲအိတ်ကိုဆွဲပြီး ကားပေါ်တက်ကာ မအူပင်ခရီးသို့ ထွက်ခဲ့သည်။

ကျိုက္ကလော့စေတီတော်ရှေ့၌ ကိုဝင်းဆန်းတို့ စီးလာသောကားနှင့်ဆုံသည်။ တက္ကစီပေါ်မှဆင်းပြီး ကိုဝင်းဆန်းတို့ကားပေါ်သို့ တက်ရောက်ခဲ့သည်။ ကျိုက္ကလော့စေတီတော်ကြီး၏ အရှေ့ဘက်၌ရှိသော သီလရှင်စာသင်တိုက်သို့ ခေတ္တဝင်ရောက်ပြီး ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ခဲ့သည်။

မော်တော်ယာဉ်ပေါ်၌ ကိုဝင်းဆန်းအပြင် ကိုဝင်းဆန်းတို့၏ More G.N.G ကုမ္ပဏီပိုင်ရှင် ဦးမိုးဦးနှင့် သားဖြစ်သူ ဒေါက်တာရဲဇင်ဦးတို့ လိုက်ပါလာကြသည်။ ကားပေါ်ရောက်မှ ယခုသွားရောက်မည့်ခရီးနှင့်ပတ်သက်၍ ကိုဝင်းဆန်းရှင်းပြမှ နားလည်သဘောပေါက်ရသည်။ ယခုခရီးစဉ်မှာ မအူပင်မြို့သို့ဟု အကြမ်းအားဖြင့် ပြောသော်လည်း တကယ်သွားရောက်ရမည့်အရပ်မှာ မအူပင်မြို့ကိုကျော်ပြီး ခုနစ်မိုင်ခန့်အကွာ၌ရှိသော ကျောင်းရွာဖြစ်သည်။ ထိုရွာသည် အိမ်ခြေ နှစ်ထောင်ခန့်ရှိသော ရွာကြီးဖြစ်သည်။ တိုးမြစ်ကမ်းနံဘေး၌ တည်ရှိသောရွာကြီးဖြစ်ရာ ရှေးယခင်ကားလမ်းခရီးမပေါက်မီက ရေကြောင်းခရီးဖြင့် ဤရွာအားဖြတ်ကာ ရန်ကုန်၊ မအူပင်၊ ဝါးခယ်မ၊ မြောင်းမြ၊ ပုသိမ်သို့သွားရာ မြစ်ကြောင်းလမ်းပင်ဖြစ်သည်။ ထိုမြစ်ကြောင်းလမ်း၌ စာရေးသူသည် တစ်ပတ်လျှင် နှစ်ကြိမ် အသွား၊အပြန်ခရီးကို သုံးနှစ်ကျော်အထိ အခေါက်ခေါက်အခါခါ သွားခဲ့ဖူးသည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ပြည့်နှစ်အတွင်း အကြိမ်များစွာ ဖြတ်သွားဖြတ်လာပြုခဲ့ဖူးသည်။ ထိုစဉ်က ဇနီးဖြစ်သူမှာ ရန်ကုန်၌ရှိပြီး စာရေးသူမှာ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် သမိုင်းဌာနမှ ပုသိမ်ကောလိပ်သို့





www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒာစေတီတော်၌ စံပယ်တော်မူလျက်ရှိသော ဉာဏ်တော် ၃၂ ပေရှိ သကျရုံသီရွှေဟောင်းရုပ်ပွားတော်



သကျရုံသီရုပ်ပွားတော်၏ ပုံစံတူ ကျောင်းရွာရှိ ဉာဏ်တော် ၆ ပေရှိ ရုပ်ပွားတော်

ပြောင်းရွှေ့ရသော ကာလည်းဖြစ်သည်။ ဇနီးဖြစ်သူ ၁၉၈၀ ခုနှစ်၌ ပုသိမ်ဆေးရုံသို့ ပြောင်းရွှေ့ရောက်ရှိသောအခါမှ နှာမင်းသား ရှင်မွေ့နွန်းရှိရာ သန်လျင်ကျွန်းကို ဇမိုးရိပ် ကောင်းစီးကာ ကူးခဲ့ရသောအဖြစ်မျိုးမှ လွတ်မြောက်ခဲ့ရ သည်။ ထိုအချိန်က ဤရွာကြီးအား အမှတ်တရ ရှိရခြင်းမှာ ဖူး၌ တည်ထားသော ဉာဏ်တော်မြင့်မားလှသည့် "ကျိုက်မွန်လှစေတီတော်မြတ်ကြီး" ကြောင့်ဖြစ်သည်။

ကျိုက်မွန်လှစေတီတော်ကြီးအား ပုသိမ်မှအလာ ပင်မြို့မရောက်မီ နံနက် ဝေလီဝေလင်း၌ ဖူးမြင်ရပြီး မီ မအူပင်သို့ရောက်လေသည်။ မအူပင်၌ နံနက်စော တစ်ခုခုစားသောက်ပြီး ဇနီးဖြစ်သူရှိရာ ရန်ကုန်သို့ ရောက်လိုသောဆန္ဒစောကာ ရင်မောခဲ့ရသောကြောင့် စေတီတော်ကြီးအား အမှတ်တရရှိခဲ့သည်။

ယခုအခါ စာရေးသူ ဖူးမြော်ခဲ့ဖူးသော "ကျိုက်မွန်လှ" စေတီတော်ကြီးသည် တိုးမြစ်ကမ်းပြိုရာ၌ပါသွားပြီး မြစ်ကမ်း ကျိုက်သုံးရာခန့်အကွာ "ရွှေသိမ်တော်"ကျောင်းဝင်းအတွင်း ပြောင်းရွှေ့တည်ထားရာ မူလဉာဏ်တော် ၇၂ ပေ အစား ဉာဏ်တော် ၇၀ ပေမြင့်သော ကြည်ညိုဖွယ်စေတီတော်ကြီး အဖြစ် ဖူးတွေ့နိုင်မည်ဖြစ်သည်။ (ဤစေတီတော်ကြီးနှင့် သက်ဆိုင်သောသမိုင်းကြောင်းကို ဤဆောင်းပါး၌ အကျယ် ဖော်ပြပေးပါမည်)။

စာရေးသူသည် ကိုဝင်းဆန်းပြောပြသည့် သွားရောက် မည့်ခရီးစဉ်နှင့် ဆက်စပ်၍ လွန်ခဲ့သောနှစ်ပေါင်းလေးဆယ် နီးပါးက တွေ့ကြုံခံစားခဲ့ရသောဖြစ်စဉ်ကို ပြန်လည်တွေးတော နေရာမှ ကိုဝင်းဆန်း ဆက်၍ပြောပြသော ယခုသွားရောက် မည့်ခရီး၏ ထူးခြားမှုများကို မှတ်သားနေမိသည်။

ကိုဝင်းဆန်းတို့၏ MORE C.N.C ကုမ္ပဏီသည် ရွှေသုဝဏ်ဆရာတော်ကြီး၏ကျေးဇူးကြောင့် နေပြည်တော် တွင် ကုသိနာရုံ (ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာအရပ်၌ရှိ သော)၌ရှိသော ပရိနိဗ္ဗာနရုပ်ပွားတော်ကြီး၏ ဉာဏ်တော် ၂၀ ပေခန့်အတိုင်း စကျင်ကျောက်ဖြင့် ထုလုပ်ခွင့်ရခဲ့သည်။ နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် စိတ်ဝင်စား သော ကြီးလေးသည့်လုပ်ငန်းကြီးဖြစ်၍ အထူးပင်ဂရုစိုက်၍ C.N.C ကွန်ပျူတာစနစ်ဖြင့် ထုလုပ်ခဲ့ကြသည်။




www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံ ဟာရာဏသီ မိဂဒါဝုန်ပြတိုက်၌ စံပယ်တော်မူသော မြတ်စွာဘုရားရှင် ဓမ္မစကြာဟောနေသည့် ရုပ်တုတော်

ကိုဝင်းဆန်းကိုယ်တိုင် အိန္ဒိယနိုင်ငံသို့ သွားရောက်ပြီး ကုသိနာရုံရှိ ပရိနိဗ္ဗာန (ပရိနိဗ္ဗာန် စံဝင်တော်မူဟန်) ရုပ်ပွားတော်ကြီးအား ဓာတ်ပုံရိုက်ယူခဲ့သည်။ 3D စနစ်ဖြင့် ရုပ်ပွားတော်ကြီး၏ နဂိုပုံစံပေါ်လွင်အောင် ဓာတ်ပုံရာပေါင်းများစွာ ရိုက်ယူခဲ့သည်။ ရုပ်ပွားတော်ကြီး၏ လက်တော်၊ ခြေတော် အနေအထား၊ မျက်နှာတော် အနေအထားများကို မူလရုပ်ပွားတော်မြတ် (မူလရုပ်ပွားတော်၏ ပုံတော်မှာ မထုရာမြို့သား ဒိနလက်ရာဖြစ်ပြီး မြေသားဖြင့် ထုလုပ်ပူဇော်ထား



ကျောင်းရှာရှိ ပဥ္စဝဂ္ဂီငါးပါးအား ဓမ္မစကြာဟောကြားနေသည့် ရုပ်တုတော်




ကျောင်းရှာ၌ CNC စနစ်ဖြင့် ကွန်ပျူတာနှင့်ထုလုပ်ထားသော မြတ်စွာဘုရားရှင် ဓမ္မစကြာဟောနေသည့် ရုပ်တုတော်

ခြင်းဖြစ်သည်။ ) ဤပုံစံအနေအထားအတိုင်း အတိအကျလုပ်ရန် ကိုဝင်းဆန်းတို့ ဓာတ်ပုံပညာဖြင့် စုံတူရရှိရန် ကြိုးပမ်းခဲ့သည်။ ရုပ်ပွားတော်ကြီး၏ စုံတော်သာမက လဲလျောင်းတော်မူရာ ပလ္လင်တော်အနေအထားကိုလည်း မူလပုံစံအတိုင်း ကွန်ပျူတာနှင့် ပုံဖော်နိုင်ရန် ဓာတ်ပုံမှတ်တမ်းရိုက်ယူခဲ့သည်။

ပရိနိဗ္ဗာနရုပ်ပွားတော်ကြီး၏ အထူးခြားဆုံးမှာ မျက်နှာတော်ပင်ဖြစ်သည်။ ရှေးခေတ်ဟောင်း အိန္ဒိယအနုပညာရှင်၏ ပန်းပုလက်ရာသည် အံ့ဩဖွယ်ကောင်းလှအောင် လက်ရာမြောက်လှသည်။ ပရိနိဗ္ဗာန်စံဝင်တော်မူသော ဘုရားရှင်၏ မျက်နှာတော်သည် ဖူးမြော်ကြရသည့် ဘုရားဖူးအပေါင်း၏ စိတ်အာရုံ၌ "ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ကိုယ်ကျိုးမဖက်၊ အများအကျိုးအတွက် သံသရာဝဋ်ဆင်းရဲမှ သတ္တဝါအပေါင်း လွတ်မြောက်စေရန် တရားရေအေး တိုက်ကျွေးကာ ကယ်တင်ခဲ့သလို နောင်သံသရာ၌လည်း လူ နတ် ဗြဟ္မာ သတ္တဝါတို့ လိုက်နာကြရန် ဓမ္မအမွေကို ချန်ထားတော်မူခဲ့ပေသည်။ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မိမိကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော တရားတော်

www.burmeseclassic.com



အင်ကြင်းတော၌ မယ်တော်မာယာ ဖွားတော်မူပုံ စကျင်ရုပ်ကြွပုံတော်

အညီ အနိစ္စတရားကို မလွန်ဆန်နိုင်ဘဲ ပရိနိဗ္ဗာန်စံဝင် တော်မူခဲ့ရပေသည်"ဟူသောအတွေးဖြင့် ဘုရားဖူးအပေါင်း ဘာသာဝင် လူမျိုးပေါင်းစုံ)တို့သည် ယူကျုံးမရ၊ နှမြော သဖြင့် ဝမ်းပန်းတနည်းဖြစ်ကာ မျက်ရည်ဝဲခဲ့ကြသူဝဲပြီး မျက်ရည်အသွယ်သွယ် စီးကျခဲ့ကြသူနှင့် ရုပ်ပွားတော်မြတ် ရှေ့၌ ညှိုးငယ်စွာ အာရုံပြုခဲ့ကြလေသည်။

ထိုကဲ့သို့ ဘုရားဖူးအပေါင်း၏စိတ်အာရုံကို ဖမ်းစား သော ပရိနိဗ္ဗာနရုပ်ပွားတော်ကြီး၏ မျက်နှာတော်သည် အနုပညာရှင်၏ လက်ရာမြောက်မှုကြောင့် အသွင် သုံးမျိုး ပေါ်လွင်နေသည်ကိုလည်း အထင်အရှား ခဲ့ရသည်။ မျက်နှာတော်အား မဏိတော်(ဦးခေါင်း ဘက်မှ ဖူးမြော်သော် ပြုံးသောအသွင်ပေါ်လွင်နေပြီး၊ မျက်နှာတော်တည့်တည့်မှ ဖူးမြော်သော် ကျိန်းစက်နေသော ဖြစ်လျက်၊ မျက်နှာတော်၏ အောက်ခြေရင်းဘက်မှ သော် မြတ်စွာဘုရားရှင်သည် ဝေဒနာတော်ကို တ်ဝင်စား၍ သည်းခံနေတော်မူပုံကို ပေါ်လွင်စေခြင်း ဘုရားဖူးအပေါင်းတို့၏စိတ်အာရုံအား ဝမ်းနည်းကြေကွဲ ခံစားမှုဝေဒနာဖြစ်ပေါ်အောင် ဆွဲဆောင်နိုင်ခြင်းပင်

ထိုမျက်နှာတော်၏မူလပုံစံကို ကိုဝင်းဆန်းတို့ ကုမ္ပဏီ ကွန်ပျူတာဖြင့် မူလပုံတော်၏အနုပညာလက်ရာ သို့ပုံဖော်လေမည်နည်း၊ မူလရုပ်ပွားတော်မြတ် ဖူးမြော်ရာ၌ ခံစားမှုမျိုးပေါ်လွင်အောင် စက်မှုဖြင့် ထုလုပ်မည်နည်း ... စသည့် အတွေးများဖြင့် တော်၌ ထုလုပ်ပြီးစီးသွားသည့် ပရိနိဗ္ဗာနစကျင် ထုလုပ်ထားသော ရုပ်ပွားတော်မြတ်ကြီးကို သွား မြော်ရန် ဆန္ဒပြင်းပြခဲ့သည်။ ကိုဝင်းဆန်းကလည်း ဖူးမြော်ရန် အကြိမ်ကြိမ်ဖိတ်ခေါ်ခဲ့သည်။



ဖွားတော်မူပြီး ဘုရားအလောင်းတော် လက်ညှိုးထောင်ပြီးကြွေးကြော်နေဟန် စကျင်ရုပ်တုတော်

စာရေးသူသည် ထိုရုပ်ပွားတော်မြတ်ကြီးအား ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဖူးမြော်လိုသော်လည်း လွန်ခဲ့သော နှစ်နှစ်ကျော်က အသည်း၌ အကျိတ်ဝေဒနာခံစားနေရ၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Bumrungread ဆေးရုံကြီး၌ သုံးလတစ်ကြိမ် သွားရောက်ဆေးကုသနေရ၍ နေပြည်တော်သို့ သွားရောက်လိုသောဆန္ဒ မပြည့်ဝခဲ့ပေ။ နေပြည်တော်သို့ မရောက်၍ ပရိနိဗ္ဗာနရုပ်ပွားတော်မြတ်ကြီးကိုလည်း ဖူးမြော်ခွင့် မရခဲ့ပေ။



ဘုရားရှင်ဖွားမြင်တော်မူပြီး ကြွေးကြော်သံ လေးရပ်



www.burmeseclassic.com

www.burmeseclassic.com



သာသနာ့နယ်မြေရှိ ဘုရားအလောင်းတော် ဖွားမြင်တော်မူပြီး ကြွေးကြော်နေပုံရုပ်တု

ယခု ကံကောင်း၍ နေပြည်တော်ရှိ ပရိနိဗ္ဗာနရုပ်ပွားတော်မြတ်ကြီးနှင့်ပုံစံတူ (ညာဏ်တော်ကိုးပေ)ရှိ စကျင်ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ မအူပင်မြို့ ကျောင်းရွာခရီးစဉ်သို့ ကိုဝင်းဆန်းဖိတ်ခေါ်မှုဖြင့် လိုက်ပါလာခဲ့ရသည်။

နေပြည်တော်၌ နိုင်ငံတော် အကြီးအကဲတို့သည် အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ အရပ်ဒေသအသွယ်သွယ်၌ရှိသော သံဝေဇနိယလေးဌာန (ဖွားတော်မူရာ၊ ပွင့်တော်မူရာ၊ တရားဦးဓမ္မစကြာဟောတော်မူရာ၊ ပရိနိဗ္ဗာန်စံဝင်တော်မူရာ)တို့၏ ပုံစံတူဘုရားစေတီပုံများကို တည်ထားကိုးကွယ်ခဲ့ပြီး ဗုဒ္ဓဂယာသို့ ဆယ်သိန်းခန့်အကုန်အကျခံ၍ သွားရောက်ဖူးမြော်ရန် ငွေကြေးမတတ်နိုင်သူများအတွက် နေပြည်တော်တစ်နေရာတည်း၌ သံဝေဇနီလေးဌာနကို မူလအိန္ဒိယနိုင်ငံရှိ သံဝေဇနိယလေးဌာနရှိ ရုပ်ပွားတော်၊ စေတီတော်၊ ပုံသနိကအဆောက်အဦးပုံစံအတိုင်း ဖူးမြော်နိုင်ရန် နိုင်ငံတော်မှ စီမံတည်ထားပေးထားသည်မှာ ဘုရားဖူးများအတွက် အကျိုးများလှသည်။

ထိုကဲ့သို့ နေပြည်တော်၌ သံဝေဇနိယလေးဌာနကို တည်ထားသလို ယခုမကြာမီ ရောက်ရှိတော့မည့် "ကျောင်းရွာကြီး"၌လည်း မအူပင်မြို့နယ်သာမက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဗုဒ္ဓဘာသာဝင်အပေါင်းလည်း နေပြည်တော်အထိ သွားရောက်ဖူးမြော်ရန်မလိုဘဲ ဖူးမြော်ကြည်ညိုနိုင်ရန် သံဝေဇနိယလေးဌာနရှိ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ပရိနိဗ္ဗာန်စံဝင်ပုံ၊ တရားဦးဓမ္မစကြာတရားဟောတော်မူဟန်၊ ဗုဒ္ဓဂယာ၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓဂါယာရုပ်ပွားတော်ပုံတော်၊ ဖွားတော်မူပြီး အလောင်းတော်သည် ခြေလှမ်းခုနစ်လှမ်းလှမ်းကာ ကြွေးကြော်နေပုံ ပုံတော်များကို စကျင်ကျောက်ဖြင့် နေပြည်တော်ရှိ ပုံစံပုံသဏ္ဌာန်တူအတိုင်း ကွန်ပျူတာဖြင့် ထုလုပ်ထားပုံတို့ကို ဓာတ်ပုံကိုဝင်းဆန်းက ခရီးလမ်း တစ်လျှောက်ရှင်းပြခဲ့သည်။ ကိုဝင်းဆန်းပြောစကားကို နားထောင်ရင်း မအူပင်သို့ အမြန်ဆုံးရောက်လိုစိတ် ပြင်းပြခဲ့သည်။

စာရေးသူတို့ နံနက် ၁၁ နာရီမထိုးမီ မအူပင်တံတားကိုဖြတ်၍ မအူပင်မြို့တွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ မအူပင်မြစ်ကူးတံတားအဆင်း လမ်းမကြီး၏ဘယ်ဘက်လမ်းသွယ်သို့ ကွေ့ကာ မအူပင်မြို့တွင်းအဝင်လမ်းသို့ ချိုးဝင်ခဲ့သည်။ မကြာမီ ထမင်းဆိုင်တစ်ဆိုင်ရှေ့၌ မော်တော်ယာဉ်ကို ရပ်နားလိုက်ရာ ဟာရီယာကားဖြင့် စောင့်နေသော ဘုရားဒါယကာတို့၏တူ ကိုမင်းခန့်ကျော်ကို အသင့်တွေ့ရသည်။ ကုမ္ပဏီပိုင်ရှင် ဦးမိုးဦး၊ ကိုဝင်းဆန်းတို့နှင့် တ်ရင်းတနှီးနှုတ်ဆက်ကြသည်။ ကိုဝင်းဆန်းတို့သည် ကွန်ပျူတာဖြင့် ထုလုပ်ပြီးသော ရုပ်တုများကို လွန်ခဲ့သောနှစ်များက မကြာခဏလာရောက်ပို့ဆောင်ခဲ့ဖူးရာ ကိုမင်းခန့်ကျော်တို့က ကြိုဆိုဧည့်ခံကြရာ ကိုဝင်းဆန်းတို့နှင့် အတော်ပင်ရင်းနှီးကြသည်။ ရုပ်ပွားတော်၊ ရုပ်တုတော်ကြီးများကို အာရုံခံတန်ဆောင်းကြီးများအတွင်း နေရာချထားရာ တစ်ရက်မက ညအိပ် ညနေလုပ်ကိုင်ခဲ့၍ ဦးမင်းခန့်ကျော်တို့နှင့် မိသားစုသဖွယ် တရင်းတနှီးရှိခဲ့ကြသည်။

ထမင်းဆိုင်၌ နံနက်စာကို ဟင်းစားဖွယ်စုံစုံလင်လင်နှင့် စားသောက်ပြီးနောက် ရွာကျောင်းရွာကြီးသို့ ခရီးဆက်ခဲ့ကြသည်။ ထိုရွာကြီးသည် မအူမင်နှင့် ခုနစ်မိုင်ခန့်သာဝေးသည်။ လမ်း၌ အိမ်ခြေမပြတ်ရှိ၍ မအူပင်မြို့နှင့် တစ်ဆက်စပ်တည်းပမာရှိသည်။ နံနက် ၁၂ နာရီမထိုးမီ ကျောင်းရွာကြီးသို့ ရောက်ရှိခဲ့သည်။ ကျောင်းရွာကြီးသည် တိုးမြစ်ကမ်းပေါ်၌ တည်ရှိပြီး အလွန်စည်ကားသော ရွာကြီးတစ်ရွာဖြစ်





www.burmeseclassic.com


www.burmeseclassic.com

ဖြစ်သည်။ ကျောင်းရွာကြီးရှိ ရွှေသိမ်တော်ဘုန်းတော်ကြီးကျောင်းမှာ ရှေးဟောင်းကျောင်းပုံစံအတိုင်း ခမ်းနားစွာ ဆောက်ထားသည်ကို တွေ့ရသည်။ ရွှေသိမ်တော်ဘုန်းကြီးကျောင်းသည် အလွန်ပင်ကျယ်ဝန်းသလို ဘုန်းတော်မြင့်မားသည့် ရွှေရောင်ဝင်းနေသော စေတီတော်ကြီးတစ်ဆူကိုလည်း ကြည်ညိုဖွယ် ဖူးမြင်ရသည်။

မော်တော်ယာဉ်သည် ရွှေသိမ်တော်ဘုန်းတော်ကြီးကျောင်းအတွင်း ဝင်ရောက်ပြီးနောက် ကျောင်း၏အနောက်ဘက် သဲလွင်ပြင်အစပ်၌ ရပ်လိုက်သည်။ ကားရပ်ရာအနီး၌ အလွန်မြင့်မားလှသော တန်ဆောင်းကြီးအတွင်း၌ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးပါးကို တရားဦးဓမ္မစကြာဟောပြောဆော်မူဟန် ရုပ်တုများကို သပ္ပာယ်စွာဖူးမြော်ရသည်။

အာရုံခံတန်ဆောင်းကြီးအတွင်း၌ ညောင်ပင်ကြီး၏ ပင်စည်ကို နောက်ခံထားပြီး လက်ရာမြောက်လှသော တောတောင်ရှုခင်း ပန်းချီကားကြီးကိုလည်း တွေ့ရသည်။ မြတ်စွာဘုရားရှင်သည် ဝါဆိုလပြည့်နေ့ နေအဝင် လအထွက်အချိန်၌ ပဉ္စဝဂ္ဂီငါးဦးနှင့် နတ်ဗြဟ္မာအပေါင်းတို့အား တရားဦးဓမ္မစကြာတရားတော်မြတ်ကို ဟောကြားတော်မူပုံကို လက်ရာမြောက်မြောက်စွာ ထုလုပ်ပုံဖော်ထားသည်။ ပဉ္စဝဂ္ဂီငါးဦးနှင့်အတူ သမင်ရုပ်၊ ဒေါင်းရုပ် စသည့် တောတွင်းသားရဲတိရစ္ဆာန်တို့၏ ရုပ်တုများကိုလည်း အသက်ဝင်စွာ ထုလုပ်ထားသည်ကို တွေ့ရသည်။

ဘုန်းတော်မြင့်မားလှသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓမ္မစကြာဟောတော်မူသော မြတ်စွာဘုရားရှင်၏ ဘုန်းတော်အာနုဘော်ပင်မြင့်မားပြီး ထုလုပ်ထားသောလက်ရာမှာ အနုပညာ၌ မြင်ရ ဖူးရသူတို့အဖို့ ကြည်ညိုသဒ္ဓါတရားပိုမိုထက်သန်စေသည်။ ခမ်းနားကြီးကျယ်လှသော တန်ဆောင်းကြီးနှင့် ဘုန်းတော်မြင့်မားလှသော ဓမ္မစကြာဟောဟန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဓမ္မစကြာတရားနာယူနေသည့် ပဉ္စဝဂ္ဂီငါးဦး၏ ရုပ်တုများ၊ တောတွင်းတိရစ္ဆာန်တို့၏ ရုပ်တုများ၊ ဗောဓိညောင်ပင်တော်ကြီးနှင့် နောက်ခံပန်းချီကားကြီး၏ တစ်ဦးသောကောင်းမှုရှင်မှာ မအူပင်မြို့၌ လက်ရှိနေထိုင်ပြီး ကျောင်းရွာကြီး၏ ဇာတိဖြစ်သည့် ဒေါ်စိန်ငွေဖြစ်သည်။ ဒေါ်စိန်ငွေသည် ဇာတိရွာ၌ ကျယ်ဝန်းလှသော မြေနေရာပေါင်းများစွာနှင့်တကွ ဗုဒ္ဓဂယာနှင့်ပုံစံတူ သံဝေဇနိယ ဌာနများကို နေပြည်တော်၌ တည်ထားမှုကို ပုံစံတူယူ၍ ထို့နောက်ဖြင့် တန်ဆောင်းကြီးများ တည်ဆောက်



အိန္ဒိယနိုင်ငံ မိဂဒါဝုန်အရပ်မှ အသောကမင်းကြီးကျောက်တိုင် ပုံစံတူ

လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဒေါ်စိန်ငွေသည် နေပြည်တော်ကောင်စီ မြို့တော်ဝန် ဦးသိန်းညွန့်၏ ညီမအရင်းဖြစ်ပြီး အစ်ကိုကြီး ဦးသိန်းညွန့်အပါအဝင် မောင်နှမတစ်စု၏ ပါဝင်ထည့်ဝင်သော အလှူငွေများနှင့် ဤသာသနာ့ထွန်းကား ဖြစ်ထွန်းရေးအတွက် ရက်ရက်ရောရောလှူဒါန်းခြင်းဖြစ်ကြောင်းကိုလည်း ကိုဝင်းဆန်းတို့ ပြောစကားအရ သိရသည်။

ဓမ္မစကြာရုပ်ပွားတော်ကြီး၏ တန်ဆောင်းကြီးမှ သဲပြင်ဖွေးဖွေးလွင်ပြင်ကြီးကို လှမ်းမျှော်ကြည့်မိသောအခါ ဗုဒ္ဓမြတ်စွာ ဘုရားရှင်ရပ်တော်မူ ရုပ်ပွားတော်အဆူဆူ၊ နဂါးရုံဘုရား၊ မဟာဗောဓိပင်ပျို အုတ်တိုက်တန်ဆောင်းများကို လှမ်းမြင်ရလေသည်။

"ဆရာ.ပထမဆုံး နိဗ္ဗာနရုပ်ပွားတော်ကြီးကို အရင်ဝင်ကြည့်ရအောင်၊ ကျွန်တော် သော့ဝင်ယူလိုက်ဦးမယ်"

လွှမ်းခြုံထားသည့် လျောင်းတော်မူရုပ်ပွားတော်မြတ်တစ်ဆူကို ဖူးမြော်ရလေသည်။ ကိုဝင်းဆန်းသည် လွှမ်းခြုံထားသော ဖဲသက်န်းကို ဖယ်ရှားလိုက်ရာ စကျင်ကျောက်သားဖြူဖြူဖြင့်ထွင်းထုထားသော လျောင်းတော်မူရုပ်ပွားတော်တစ်ဆူကို ဖူးမြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ ဆရာတို့ကျွန်တော်ပြောခဲ့တဲ့ နေပြည်တော်မှာ ကျွန်တော်တို့ CNC ကွန်ပျူတာစက်နဲ့ထွင်းထုထားတဲ့ အိန္ဒိယနိုင်ငံရှိ ကုသိနာရုံ ပရိနိဗ္ဗာန ရုပ်ပွားတော်ကြီးနဲ့ ပုံသဏ္ဌာန်ရော၊ ဉာဏ်တော်ပါတူတဲ့ ပရိနိဗ္ဗာနရုပ်ပွားကြီး အတိုင်း ဆရာအခုမြင်နေရတဲ့ ရုပ်ပွားတော်ကို ကွန်ပျူတာ CNC စက်နဲ့ ထုလုပ်ထားတာပါ၊ ဒီရုပ်ပွားတော်ကတော့ ဉာဏ်တော် ၉ ပေရှိပြီး နေပြည်တော်မှာရှိတဲ့ ရုပ်ပွားတော်ထက် ဉာဏ်တော်ငယ်ပါတယ်၊ ဒါပေမဲ့ ပုံစံရော အသွင်သဏ္ဌာန်ပါ တူပါတယ်၊ တစ်နည်းပြောရရင် အိန္ဒိယနိုင်ငံ ကုသိနာရုံမှာရှိတဲ့ ရုပ်ပွားတော်ကြီးနဲ့ထပ်တူ တူညီအောင် ထုလုပ်ထားတာပါ"

မျက်နှာတော်၊ ကိုယ်လုံးတော်၊ ခြေတော်၊ လက်တော်များသာမက လျောင်းတော်မူရာ သလွန်ရှေ့မျက်နှာမှာပါရှိတဲ့ ညီတော်အာနန္ဒာ၊ သမားတော်ကြီးဇီဝက၊ နောက်ဆုံး ရဟန္တာဖြစ်တော်မူခဲ့သည့် သုဘဒ္ဒရဟန္တာအရှင်မြတ်တို့၏ ရုပ်တုများမှာလည်း ကုသိနာရုံရှိ ပလ္လင်ရှေ့မျက်နှာ စာပုံများနှင့် တစ်ထပ်တည်း တစ်ပုံစံတည်း တူနေပေသည်။ ပုံအကြီးအသေးသာ ကွာလေသည်။ လက်ဖဝါးတော်နှင့် ခြေဖဝါးတော်တို့၌ရှိသော ပဋ္ဌာန်းကွက် စက်လက္ခဏာတို့ မပါဝင်သည်ကလွဲ၍ အားလုံးတူညီကြသည်။

စာရှုသူတို့ မူလပုံတော်နှင့် ယခုမအူပင်ရွာကျောင်းဗုဒ္ဓဂယာသာသနာ့နယ်မြေရှိ ပရိနိဗ္ဗာနရုပ်ပွားတော်ပုံတော်များကို နှိုင်းယှဉ်လေ့လာနိုင်ရန်ပုံများကိုလည်း တင်ပြပေးထားပေသည်။ ဆောင်းပါးအထက်တွင် ရေးသားခဲ့သလို မျက်နှာတော်အား မဏိဦးခေါင်းတော်ဘက်မှ ဖူးမြင်သောပြုံးယောင်သန်းနေပုံ၊ မျက်နှာတော်ရှေ့တည့်တည့်မှ ဖူးသော် မျက်နှာတော် တည်ကြည်နေပုံနှင့် မျက်နှာတော်အောက်ဘက်မှ ဖူးသော် မြတ်စွာဘုရားရှင် ဝေဒနာခံစားနေရပုံတော်တို့မှာလည်း လွန်စွာပင်တူလှပေသည်။ စကျင်ကျောက်ဖြူဖြင့် ထုလုပ်ထားခြင်းဖြစ်၍ မူလလက်ရာကဲ့သို့ ပုံတော်မှာ ပီပီပြင်ပြင် မဖူးမြင်ရသော်လည်း အနီးကပ်သေချာစွာကြည့်သော် ထပ်တူပင် တူညီလှသည်။

စာရေးသူသည် ပရိနိဗ္ဗာနရုပ်ပွားတော်မြတ်ကြီး၏ ရုပ်ပွားတော်အား ဓာတ်ပုံမှတ်တမ်းကို အမျိုးစုံရိုက်ယူသလို၊ ကိုဝင်းဆန်းကလည်း ကင်မရာတစ်လုံးဖြင့်ထောင့်စုံမှ ဓာတ်ပုံမှတ်တမ်းရိုက်ယူခဲ့သည်။ ကိုဝင်းဆန်းရိုက်ယူသောပုံတို့မှာ စာရေးသူ၏ ပုံတို့နှင့် မနှိုင်းယှဉ်နိုင်အောင် ကောင်းမည်က မလွဲဧကန်ပင်ဖြစ်သည်။ ကိုဝင်းဆန်းသည် ဓာတ်ပုံပညာ ကျွမ်းကျင်ခြင်း၊ ကင်မရာ၏ကောင်းမွန်ခြင်းတို့ကြောင့် စာရေးသူ၏ ပုံများထက်ကောင်းမည်ဟု ပြောဆိုနိုင်ခြင်းပင်ဖြစ်သည်။

စာရေးသူတို့သည် ပရိနိဗ္ဗာနရုပ်ပွားတော် ကိန်းဝပ်စံပယ်တော်မူရာ တန်ဆောင်းကြီးမှ ထွက်ခွာပြီးနောက် ပုဂံ အာနန္ဒာစေတီတော်ကြီးအတွင်း ကိန်းဝပ်တော်မူသည့် ရုပ်တော်မူ ရုပ်ပွားတော်ကြီး၏ပုံတော်ဖြစ်သည်။ အာနန္ဒာစေတီတော်ကြီး၏ မုခ်လေးမုခ်အာရုံခံတန်ဆောင်းကြီးများအတွင်း ရပ်တော်မူ ရုပ်ပွားတော်ကြီးလေးဆူရှိသည်။ ကျန်စစ်မင်းကြီးသည် ပွင့်တော်မူပြီးသော မြတ်စွာဘုရားလေးဆူ၏ ရုပ်ပွားတော်မြတ်များကို ဖူးမြော်နိုင်ရန် ထုလုပ်ထားခဲ့သည်။

အရှေ့ဘက် အာရုံခံတန်ဆောင်း၌ ကောဏဂုံဘုရား

အနောက်ဘက်အာရုံခံတန်ဆောင်း၌ ဂေါတမဘုရား

တောင်ဘက်အာရုံခံတန်ဆောင်း၌ ကဿပဘုရား

မြောက်ဘက်အာရုံခံတန်ဆောင်ူး၌ ကကုသန်ဘုရား

စသည့် ဉာဏ်တော်မြင့်မားသည့် ရုပ်ပွားတော်မြတ်ကြီးလေးဆူကို ပူဇော်ထားရှိသည်။

ထိုရုပ်ပွားတော်မြတ် လေးဆူအနက် တောင်ဘက် ကဿပဘုရားရှင်နှင့် မြောက်ဘက် ကကုသန်ဘုရားရှင်တို့၏ ရုပ်ပွားတော်နှစ်ဆူသာ မူလပုဂံလက်ရာအတိုင်း ကျန်ရှိပြီး အရှေ့ဘက် အာရုံခံတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်မှာ မူလကျန်စစ်မင်းကြီး လှူဒါန်းခဲ့သော ပုံတော်သည် မီးလောင်ကျွမ်း၍ ပုဂံမြို့ဝန်ဦးတိုးက အသစ်ထပ်မံတည်ထားခြင်းဖြစ်ရာ မူလပုဂံလက်ရာမဟုတ်တော့ပေ။

ထိုနည်းတူ အနောက်ဘက် အာရုံခံတန်ဆောင်း မုခ်ဦးရှိ ကျန်စစ်မင်းကြီး၏ ကောင်းမှုတော်မှာလည်း (၁၇၂-၂-၁၇၅၂) အတွင်း အင်းဝ ဟံသာဝတီ စစ်ပွဲကာလအတွင်း ဖျက်စီးခံခဲ့ရသည်။ လက်ရှိရုပ်ပွားတော်မှာ ၁၈၉၂ ခုနှစ်တွင် ပုဂံမြို့ ကုန်သည်ဦးစံငြိမ်းက အသစ်ထပ်မံ တည်ထားသော ယခုခေတ်လက်ရာပင် ဖြစ်သည်။

မူလကျန်စစ်မင်းကြီး၏ကောင်းမှုတော်နှစ်ဆူအနက် တောင်ဘက်အာရုံခံတန်ဆောင်းအတွင်းရှိ ကဿပဘုရားရှင် ရုပ်ပွားတော်မှာ လက်ရာထူးခြားမှုရှိသလို အနီးအဝေးဖူးမြော်ကြည့်ပါက မျက်နှာတော်အသွင် ပြောင်းလဲတော်မူသောကြောင့် ပုဂံခေတ်ဗိသုကာပညာ၏ လက်ရာကို အံ့သြဖွယ် တွေ့မြင်နိုင်သော ရုပ်ပွားတော်ဖြစ်သည်။ ထိုရုပ်ပွားတော် (သကျရုံသီ)၏ ပုံစံတူထုလုပ်ခြင်းဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုရုပ်ပွားတော်ကြီးမှာ အဝေးမှဖူးသော် ပြုံးရောင်သန်း အနီးကပ်ဖူးသော် မျက်နှာထားတည်ကြည်တော်မူသော တသပမြတ်စွာဘုရားရှင်၏ ရုပ်တော်မူရုပ်ပွားတော်ကြီး တော်ကို နိုင်ငံတော်အကြီးအကဲများက နေပြည်တော် အများပြည်သူဖူးမြော်နိုင်ရန် ကုသိနာရုံ ပရိနိဗ္ဗာနရုပ် တော်ကြီးနည်းတူ စကျင်ကျောက်ဖြင့် ကွန်ပျူတာစက်ဖြင့် ထု၍ ပူဇော်ထားရန် လမ်းညွှန်ခဲ့၍ နေပြည်တော်၌ ထုထားခဲ့သည်။ အာနန္ဒာစေတီတော်ကြီးအတွင်းရှိ ရုပ် တော်နှင့် ဉာဏ်တော်တူ၊ ပုံစံတူဖြစ်၍ နေပြည်တော်နှင့် တ်မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်း ပုဂံသို့သွားရောက်ရန် မလိုဘဲ ဖူးမြော်နိုင်ခဲ့ပေသည်။

ဘုရားဒါယိကာမ ဒေါ်စိန်ဌေးသည် မအူပင်နှင့် အနီး တ်ဝန်းကျင်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ပုဂံ နေပြည်တော်အထိ သွားရောက်ရန်မလိုဘဲ ကျောင်းရွာ တော်ကျောင်းနှင့်ကပ်လျက်တည်ထားသော ဗုဒ္ဓဂယာ နာမြေ၌ အလွယ်တကူဖူးမြော်နိုင်ရန် အာနန္ဒာစေတီ ရှိ ဉာဏ်တော် ၃၂ ပေဖြစ်သော သကျရုံသီ ရုပ်တု နှင့် ပုံစံတူရုပ်ပွားတော်ကို စကျင်ကျောက်ဖြင့် ထုလုပ် ထားခဲ့သည်။ ကိုဝင်းဆန်းတို့၏ ကုမ္ပဏီ၏ ကွန်ပျူတာ ထုလုပ်သော လက်ရာပင်ဖြစ်သည်။ ဉာဏ်တော်မှာ ၆ပေ သော်လည်း မူလမျက်နှာတော်အတိုင်း ပုံဖော်နိုင်၍ နန္ဒာဘုရားအတွင်း သွားရောက်ဖူးမြော်နေရသည့်အလား ကြည်နူးမိလေသည်။

ခေတ်စနစ်၏ တိုးတက်မှုသည် အံ့ဖွယ်ရာပင်ဖြစ်ပေ မူလရုပ်တုနှင့်ခွဲခြားမရအောင် ပုံစံတူထုလုပ်နိုင်သော ရုပ်သည် လူ့သမိုင်း၌ တစ်ကြိမ်တစ်ခါမှ မပေါ်ပေါက် သော အတတ်ပညာပင်ဖြစ်သည်။ မူလရုပ်တုပုံစံကို ပုံပညာဖြင့် ရိုက်ယူပြီး ကွန်ပျူတာစနစ်နှင့်ပေါင်းစပ် ထုထွင်းထုသည့်စက်ဖြင့် ပုံဖော်ထုလုပ်ခြင်းဖြစ်သည်။ ကျောက်သားများကို အသုံးပြု၍ မူလရုပ်တု၏ ထားအတိုင်း အရွယ်တူ၊ ပုံစံတူကို ခွဲခြားမရအောင် ဖြစ်ရာ လက်မှုပန်းပု၊ ကျောက်ဆစ်ပညာသည်များ ထက်ကျသေချာစွာ ထုလုပ်နိုင်ကြောင်းလည်းတွေ့ရ နေပြည်တော်ရှိ ပရိနိဗ္ဗာနရုပ်ပွားတော်သည်လည်း အာနန္ဒာစေတီတော်ရှိ ရုပ်တော်မူရုပ်ပွားတော်ကြီး ကောင်း မူလရုပ်တုတော်များအတိုင်း အရည်တူ၊ ဖြစ်ကြကြောင်းလည်းသိရသည်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ ကုသိနာရုံ ပရိနိဗ္ဗာန ရုပ်ပွားတော်ကြီး၏ ဉာဏ်တော် မှာ ၂၀ ပေ ၆ လက်မ ဖြစ်သလို ပုဂံအာနန္ဒာဘုရားရှိ ရုပ်တော်မူ ရုပ်ပွားတော်မှာ ဉာဏ်တော် ၃၂ ပေရှိရာနေပြည် တော်၌ ထုလုပ်ထားသော စကျင်ကျောက်သား ရုပ်တုတော်များမှာလည်း မူလရုပ်တု တော်၏ ဉာဏ်တော်အတိုင်းပင် ဖြစ်သည်။ မျက်နှာတော်၊ ကိုယ်ဟန်အနေအထား၊ သင်္ကန်းဝတ်ရုံမှု စသည့်ပုံစံတို့မှာ မူလလက်ရာနှင့်ခွဲမရအောင် တူညီကြပေသည်။

ထိုနည်းတူ မအူပင်မြို့ ကျောင်းရွာရှိ ဗုဒ္ဓဂယာ သာသနာနယ်ရှိ ပရိနိဗ္ဗာနရုပ်တုတော်နှင့် ပုဂံအာနန္ဒာရုပ်တု တော်တို့သည်လည်း ဉာဏ်တော်အားဖြင့် မူလဉာဏ်တော်ကဲ့ သို့ မမြင့်မားသော်လည်း ပုံစံလက်ရာမှာ ပုံစံတူထုလုပ်ထား ခြင်းပင်ဖြစ်သည်။ ကွန်ပျူတာစနစ်ဖြင့် စက်စွမ်းအားဖြင့် ထုလုပ်ထားသော ရုပ်တုတော်တို့သည် မူလပရိနိဗ္ဗာနရုပ်တု တော်ကြီးနှင့် ပုဂံအာနန္ဒာရုပ်တုတော်ကြီးတို့နှင့် ဉာဏ်တော် အနိမ့် အမြင့်သာကွဲသော်လည်း ပုံသဏ္ဌာန်ကား ခွဲခြား၍ မရအောင်ပင် တူလှပေသည်။

စာရေးသူသည် စကျင်ကျောက်သားဖြင့် လက်ရာ မြောက်စွာ ကွန်ပျူတာစနစ်ဖြင့် ထုဆစ်ထားသော ပုဂံအာ နန္ဒာစေတီတော်ရှိ မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီးအား အနီးအဝေး ဖူးမြော်ကြည်ညိုရာ မူလရုပ်တုတော်ကြီးအား ဖူးမြော်ရသလို မျက်နှာတော့ပြောင်းလဲမှုကိုကား အထင် အရှား မဖူးမြော်ရသော်လည်း မူလပုံစံနှင့်ခွဲခြားမရအောင် တူလှ၍ မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရသည်။

ပုဂံမဟာသကျရုံသီ ရုပ်တုတော်စံပယ်တော်မူရာ ဂန္ဓကုဋိစံကျောင်းမှထွက်၍ နောက်ထပ်လေ့လာဖူးမြော်ရန် အာရုံခံတန်ဆောင်းတစ်ခုသို့ ကူးသန်းရာလမ်းဘေး၌ အာ သောကမင်းကြီး၏ ခြင်္သေ့ရုပ်တု (ခြင်္သေ့လေးရုပ်) ကျောက် တိုင်ကို တွေ့ရသည်။ ထိုကျောက်တိုင်အား အာသောက မင်းကြီးသည် မြတ်စွာဘုရားရှင်၏ သာသနာတော်ကို ကြည်ညိုလေးစားသော တုသိုလ်စိတ်ကြောင့် မြတ်စွာဘုရား ရှင် သက်တော်ထင်ရှားရှိစဉ်က အထင်ကရရှိခဲ့သော ဗုဒ္ဓဝင် နေရာဒေသအသီးသီးကို ပြန်လည်ရှာဖွေဖော်ထုတ်ပြီး မူလပုံစံ မပျက်ကျောင်းတော်၊ စေတီတော်၊ သာသနိက အဆောက် အအုံတော်များကို အမှတ်တရ တည်ဆောက်လှူဒါန်းခဲ့သည်။ အသောကမင်းကြီး၏ ကျေးဇူးကြောင့် ယနေ့ဗုဒ္ဓဘာသာဝင် အပေါင်း ဖူးမြော်တွေ့မြင်နေရသည့် ဖွား၊ ပွင့်၊ ဟော၊ စံ



www.burmeseclassic.com

www.burmeseclassic.com

(သံဃေဇနိုယ လေးဌာန) အဗ်ဇနိုယ လေးဌာနတို့နှင့်တကွ ဇေတ္တဝန်ကျောင်းတော်၊ ဂိဇ္ဈကုဋ်တောင်တော်ရှိ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂန္ဓကုဋိကျောင်း စသည့် မြတ်ဘုရား သက်တော်ထင်ရှားရှိစဉ် ကြွရောက်သီတင်းသုံးတော်မူရာ အထိမ်းအမှတ်ကျောင်းတော်နေရာ၊ မြို့တော်နေရာ၊ ပထမသင်္ဂါယနာတင်ရာနေရာ စသည့်နေရာဒေသများကို ရှာဖွေ ဖော်ထုတ်နိုင်ခဲ့သည်။ အထင်ကရနေရာများ၌ အသောကမင်းကြီးသည် အထိမ်းအမှတ် ကျောက်တိုင်များ စိုက်ထူ၍ မှတ်တမ်းတင်ထားခဲ့သည်။ ဥပမာ-မြတ်စွာဘုရားရှင် မယ်တော် မိနတ်သားအား တာဝတိံသာ၌ အဘိဓမ္မာတရား ဟောကြားပြီး လူ့ပြည်ရွာသို့ ပြန်လည်ဆင်းသက်ရာ သင်္ကဿနဂိုရ် နေရာ၌ ကျောက်တိုင်စိုက်ထူခဲ့ရာ ကျောက်တိုင်ထိပ်၌ ဆင်ရုပ်ကိုလည်းကောင်း၊ ပထမသင်္ဂါယနာတင်ရာ နေရာ၌ ကျောက်တိုင်စိုက်ထူခဲ့ရာ ကျောက်တိုင်ထိပ်၌ ခြင်္သေ့တစ်ကောင်၏ ရုပ်တုကိုလည်းကောင်း ထုလုပ်ခဲ့သည်။ ထိုနည်းတူ ဖွားတော်မူရာ၊ ပရိနိဗ္ဗာန်စံရာစသည့်အရပ်ဒေသတို့၌လည်း ကျောက်တိုင်များစိုက်ထူ၍ မှတ်တမ်းတင်ခဲ့သည်။ တချို့ကျောက်တိုင်များသည် ပျက်စီးပျောက်ကွယ်ခဲ့သည်။ တချို့ကျောက်တိုင်များက မပျက်စီးသော်လည်း ထုလုပ်ထားသော ရုပ်တုများ မရှိတော့ပေ။

ယခုကျောင်းရွာ ဗုဒ္ဓဂယာသာသနာ့မြေ၌တွေ့ရသော အသောက ကျောက်တိုင်မှာ မြတ်စွာဘုရားရှင် တရားဦး ဓမ္မစကြာဟောတော်မူရာ ဗာရာဏသီရှိ မိဂဒါဝုန်အရပ်၌ စိုက်ထူခဲ့သော ကျောက်တိုင်ပုံစံပင်ဖြစ်သည်။ မြတ်စွာဘုရားရှင် ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောရာ (ဓမ္မေခစေတီတော် အနီး၌ရှိပြီး အပိုင်းပိုင်းကျိုးပျက်နေသော ကျောက်တိုင်အစိတ်အပိုင်းများကိုသာ တွေ့ရတော့သည်။ တိုင်ထိပ်၌ အသောကမင်းကြီးသည် ခြင်္သေ့လေးကောင်အား ကျောချင်းဆိုင်ထိုင်လျက်အနေအထားဖြင့် ထုလုပ်ထားပြီး ခြင်္သေ့အောက်ခံ၌ ဓမ္မစကြာစက်ဝိုင်းပုံနှင့်ဆင်ရုပ်တုခံ ထုလုပ်ထားသည်။ ထိုတိုင်ထိပ် ခြင်္သေ့လေးကောင်၏ ရုပ်တုမှာ အိန္ဒိယနိုင်ငံ အမျိုးသားပြတိုက်၌ အကောင်းပကတိရှိကြောင်းသိရပြီး ထိုခြင်္သေ့လေးကောင်၏ပုံကို ယနေ့တိုင် "အိန္ဒိယနိုင်ငံ၏ နိုင်ငံတော်တံဆိပ်အဖြစ်" သုံးစွဲလျက်ရှိကြောင်း တွေ့ရသည်။

ခြင်္သေ့လေးကောင် ကြောချင်းဆိုင်၍ ထိုင်တော်မူသည့် အသောကကျောက်စာတိုင်ကို မြင်တွေ့ရပြီး နောက်ထပ် ဖူးမြော်ရန်ဝင်ရောက်ရာ အာရုံခံတန်ဆောင်းကြီးအတွင်း၌ကား "ဗုဒ္ဓမြတ်စွာဘုရားရှင် ပဉ္စဝဂ္ဂီငါးပါးအား တရားဦးဓမ္မစကြာ ပြောကြားတော်မူဟန်" မြတ်စွာဘုရားရှင်နှင့် ပဉ္စဝဂ္ဂီရဟန်းတော်ငါးပါး ရုပ်တုများကို စကျင်ကျောက်ဖြူဖြင့် ကြည်ညိုဖွယ် ထုလုပ်ထားသည်ကို ဖူးမြင်ရလေသည်။

ဤနေရာ၌ ဗုဒ္ဓမြတ်စွာဘုရားရှင် တရားဦးဓမ္မစကြာ ဟောတော်မူပုံကို မြန်မာနိုင်ငံအနှံ့အံမြား၌ ရုပ်တုများဖြင့်လည်းကောင်း၊ ပန်းချီပုံများ၌လည်းကောင်း ဖော်ပြရာ၌ ပုံသဏ္ဌာန်နှစ်မျိုးကွဲပြားနေသည်ကို တွေ့ရသည်။ အများအားဖြင့် ဖော်ပြရာတွင် မြတ်စွာဘုရားရှင်အား ပူဇော်ကန်တော့နေသော ပဉ္စဝဂ္ဂီငါးဦး၏ ပုံတို့မှာ ရဟန်းဝတ်နှင့်မဟုတ်ဘဲ လူဝတ်ကြောင်တို့ဖြင့် သာ ဖော်ပြကြသည်ကိုတွေ့ရသည်။ တချို့ ရုပ်တုပန်းချီပုံတို့၌ကား ပဉ္စဝဂ္ဂီငါးပါး၏ ပုံတို့အား ရဟန်းဝတ်၊ ရဟန္တာပုံတို့နှင့် ဖော်ပြကြသည်။

ဤနေရာ၌ စာရှုသူတို့ ဗဟုသုတရစေခြင်းငှာ တင်ပြလိုသည်မှာ မြတ်စွာဘုရား အလောင်းတော်သိဒ္ဓတ္ထမင်းသားတောထွက်တော်မူပြီး ဥရုဝေလတော၌ ခြောက်နှစ်တာကာလပတ်လုံး ဒုက္ကရစရိယကျင့်ကြံ၍ အားထုတ် သစ္စာလေးပါးကို ထိုးသွင်းသိမြင်ရန် ကြိုးပမ်းနေစဉ် ကောဏ္ဍညအမှူးရှိသော ပဉ္စဝဂ္ဂီငါးဦးသည် မြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိသော တရားဦးကို ဦးစွာနာယူအံ့ဟု နှလုံးသွင်းကာ အလောင်းတော်အား ဝတ်ကြီးဝတ်ငယ်ပြု၍ လုပ်ကျွေးသမှု ပြုလုပ်ကြသည်။

ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာအကျင့်ကျင့်ကြံအားထုတ်ခြင်းဖြင့် သစ္စာလေးပါးတရားထူးကို သိမြင်တော် မမူနိုင်ကြောင်းကို သိမြင်တော်မူလေသောအခါ ထိုအကျင့်ကိုစွန့်၍ ဆွမ်းအလို့ငှာ ရွာနိဂုံးများသို့ ဆွမ်းခံတော်မူပြီး မျှတသောအကျင့်ကို ပြန်လည်ကျင့်ကြံအားထုတ်တော်မူရာ အလောင်းတော်မှာ သုံးဆယ့်နှစ်ပါးသောလက္ခဏာတော်ကြီးများ ပကတိအတိုင်း ပြန်ပေါ်တော်မူပြီး ရွှေအဆင်းကဲ့သို့ အဆင်းအင်္ဂါများ ဖြစ်ပေါ်တော်မူလေသည်။

ပဉ္စဝဂ္ဂီငါးဦးသည် "ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်စဉ်ကပင် သဗ္ဗညုတဉာဏ်ကိုမရ၊ ရွာကြီးရွာငယ်တို့၌ ဆွမ်းအလို့ငှာ လှည့်လည်၍ ရှန့်ရင်းသော အာဟာရကို သုံးဆောင်စားသောက်သော ယခုအခါ၌ အဘယ်မှာ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိနိုင်အံ့နည်း"ဟု အကြံဖြစ်ကြပြီးလျှင် ဘုရားလောင်းတော်ထံမှစွန့်ခွာ၍ သွားကြကုန်၏။

ပဉ္စဝဂ္ဂီငါးဦးသည် ဥရုဝေလတောမှ မိဂဒါဝုန်တောသို့ (ဗာရာဏသီအနီး၌ရှိသော)ရောက်ရှိပြီး နေထိုင်ကြလေသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဇွန်လ၊ ၂၀၁၇)



www.burmeseclassic.com

www.burmeseclassic.com

ကောဏ္ဍညအမျိုးပြုသော ပဉ္စဝဂ္ဂီငါးဦးသည် မဟာ ...ခြေ၌ ဂေါတမမြတ်စွာဘုရားရှင် ဘုရားစင်စစ်ဖြစ်တော် ...နောက် မိဂဒါဝုန်တောသို့ ကြွတော်မူလာကြောင်းကို ...သိရသောအခါ ပထမ၌ ခရီးဦးကြိုမပြုရန် တိုင်ပင်ထား ...သော်လည်း ဘုရားရှင် ကြွရောက်တော်မူလာသောအခါ ...၌ အတုမရှိသော ဘုရားအဖြစ်သို့ ရောက်တော်မူ ...င်းကို သိမြင်ရသောအခါ ခရီးဦးကြိုပြုခဲ့သည်။ မြတ်စွာ ...ရှင်သည် မိဂဒါဝုန်တောသို့ ကြွရောက်တော်မူသော ... ဝါဆိုလပြည့်နေ့ဖြစ်သည်။ ထိုဝါဆိုလပြည့်နေ့ညချမ်း ...၊ လအထွက်ကာလ၌ မြတ်စွာဘုရားရှင်သည် ပဉ္စ ...ဦးနှင့်တကွ တစ်ဆယ့်ရှစ်ကုဋေအရေအတွက်ရှိသော ...ရှိသတ်၊ မရေမတွက်နိုင်အောင်များပြားလှသော နတ် ...တ်တို့အား -

"ဒွေမေဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗာ"

အစရှိသော ဓမ္မစက္ကသုတ်တော်ကို ဟောတော်မူ... ...။ တရားဦး ဓမ္မစက္ကစတင်ဟောတော်မူသော ဝါဆို ...နေ့၌ အရှင်ကောဏ္ဍညသည် သောတာပန်ဖြစ်ခဲ့သည်။ ...ကျော်တစ်ရက်နေ့၌ ဝပ္ပမထေရ်၊ နှစ်ရက်နေ့၌ ဘဒ္ဒိယ ...ရ် သုံးရက်နေ့၌ မဟာနာမ်မထေရ်၊ လေးရက်နေ့၌ ...မထေရ်တို့ သောတာပန်အသီးသီးဖြစ်ကြသည်။ ဝါဆို ...ကျော် ငါးရက်နေ့၌ မြတ်စွာဘုရားရှင်သည် အနတ္တ ...သုတ်တော်ကို ဟောတော်မူရာ သုတ်အဆုံး၌ ပဉ္စဝဂ္ဂီ ...လုံး ရဟန္တာဖြစ်ကြကုန်သည်။

အထက်ပါဖြစ်စဉ်အရ မြတ်စွာဘုရားရှင် တရားဦး ...ဟောတော်မူသည့် ဝါဆိုလပြည့်နေ့၌ ပဉ္စဝဂ္ဂီငါးဦး ...သူဝတ်ဖြင့်သာဖြစ်၍ ရုပ်တုများ၊ ပန်းချီပုံများ၌ လူဝတ် ...ပဉ္စဝဂ္ဂီငါးဦး၏ ပုံများကို ဖော်ပြကြခြင်းဖြစ်ပြီး၊ မြတ်စွာ ...ရှင် ဝါဆိုလပြည့်ကျော် ငါးရက်နေ့ အနတ္တလက္ခဏ ...တရားတော် ဟောကြားတော်မူပြီးနောက် ပဉ္စဝဂ္ဂီငါးပါး ...ရဟန္တာစင်စစ် ဖြစ်တော်မူပြီးနောက် လောကတွင် ...တော်ဟူ၍ စတင်ပေါ်ထွန်းလာခဲ့သည်ကို ပုံဖော်သည့် ...ရုပ်တု၊ ပန်းချီများနှင့် မြတ်စွာဘုရားရှင်နှင့် တရားဦး ...သည့် ရဟန္တာငါးပါး၏ပုံကို ထုလုပ်ရေးဆွဲကြခြင်းဖြစ် ...

...ခုစာရေးသူတို့ ဖူးတွေ့နေရသော တရားဦးဓမ္မ ...ဟောနေပုံတွင်လည်းကောင်း၊ သာသနာနယ်မြေသို့ ...စတင်ဖူးမြော်ရသည့် ဓမ္မစကြာဟောတော်မူပုံရုပ်တု ပုံတွင်လည်းကောင်း ရဟန်းပုံများဖြင့် ဖော်ပြထားသည်ကို တွေ့မြင်ရခြင်းပင်ဖြစ်သည်။

ဤတရားဦးဓမ္မစကြာဟောနေသော စကျင်ကျောက်ဖြင့် ထုလုပ်ထားသော မြတ်စွာဘုရားရှင်၏ ရုပ်တုတော်မှာ အလွန်ပင်သပ္ပာယ်လှသော လက်ရာမြောက်လှသော ရုပ်တုတော်ဖြစ်သည်။ ထိုရုပ်တုတော်နှင့်ပတ်သက်၍ စာရှုသူတို့ ဗဟုသုတရစေခြင်းငှာ စာရေးသူ အနည်းငယ်ရှင်းလင်းရေးသားလိုပါသည်။ ဗုဒ္ဓဂယာ ဘုရားဖူးသွားရောက်ဖူးသောသူတိုင်း ဗာရာဏသီမြို့ မိဂဒါဝုန်ရှိ တရားဦးဓမ္မစကြာဟောတော်မူရာ စေတီတော်နှင့် မနီးမဝေး၌ တည်ရှိသော ပြတိုက်အတွင်း၌ရှိသော ရုပ်တု၏ပုံစံတူ ထုလုပ်ထားသော ရုပ်တုတော်ပင် ဖြစ်သည်။

ပြတိုက်အတွင်း၌ရှိသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓမ္မစကြာဟောကြားနေတော်မူဟန် ပုံတော်သည် မိဂဒါဝုန်တော ဓမ္မစကြာဟောတော်မူရာအရပ်မှ တူးဖော်ရရှိသော ပုံတော်ဖြစ်သည်။ ရှေးဟောင်းလက်ရာ ရုပ်တုဖြစ်ပြီး လက်ရာအလွန်မြောက်လှသည်။ ရှေးခေတ်ဟောင်းလက်ရာဓမ္မစကြာတရားဦး ဟောနေဟန်ရုပ်တုတော်သည် လက်တော်အနေအထား၊ ခြေတော်အနေအထားတို့မှာ ဗာရာဏသီပြတိုက်ရှိ ရုပ်တုတော်နှင့် ပုံစံတူပင်ဖြစ်သည်။ နောက်ခံရှုခင်းအပြည့်အစုံ မူလရုပ်တုအတိုင်း မထုလုပ်ဘဲ ရောင်ခြည်တော်စက်ဝိုင်းပုံသာ ယခုစကျင်ရုပ်တု၌ ဖော်ပြထားသည်။ မူလပုံနှင့်ကွဲလွဲချက်မှာ ပလ္လင်ရှေ့မျက်နှာစာ၌ မူလရုပ်တုတွင် ရဟန်းငါးပါးပုံသာ ပါရှိသော်လည်း ယခုပုံ၌ ရဟန်းခြောက်ပါးပုံ ဖြစ်နေသည်ကို တွေ့ရသည်။

မြတ်စွာဘုရားရှင်၏ တရားတော်နာကြားနေသော ရဟန္တာငါးပါး ရုပ်တုများသည် ဖြည့်စွက်ထုလုပ်ထားရာ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ဘုရားရှင်၏ တရားဟောကြားနေသည်ကို ပဉ္စဝဂ္ဂီငါးပါး တရားနာယူနေပုံကို ဘုရားဖူးအပေါင်း အာရုံပြုနိုင်စေရန် ရည်သန်၍ ထုလုပ်ပုံမှာ ဖူးမြော်သူတို့အတွက် သဒ္ဓါတရားပိုမိုထက်သန်ပြီး ကုသိုလ်တရား တိုးပွားထက်သန်စေသည်မှာ အမှန်ပင်ဖြစ်ပေသည်။

စာရေးသူသည် ကျောင်းရွာဘုန်းတော်ကြီးကျောင်းနှင့် ဆက်စပ်သည့် ကျယ်ဝန်းလှသော ဗုဒ္ဓဂယာသာသနာ့နယ်အတွင်း၌ တည်ထားသည့် ဗုဒ္ဓဂယာမဇ္ဈိမဒေသရှိ သံဝေဇနီယ လေးဌာနဖြစ်သည့် ဖွားတော်မူရာ၊ ပွင့်တော်မူရာ၊



www.burmeseclassic.com

www.burmeseclassic.com

တရားဦးဓမ္မစကြာဟောတော်မူရာ ပရိနိဗ္ဗာန်စံဝင်တော်မူရာ လေးဌာနပုံစံတူအတိုင်း ကျောက်သားကို အသုံးပြုကာ ခေတ်မီစက်မှုပညာနည်းစနစ်ဖြင့် ထုလုပ်ထားသော မြတ်စွာဘုရားရှင်၏ ရုပ်တုတော်များတည်ထားရာ နယ်မြေအနှံ့လိုက်ဖူးမြော်ခဲ့ရာ ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်တော်မူရာဒေသ ဗုဒ္ဓဂယာအရပ်ရှိ ဗုဒ္ဓဂယာစေတီတော်ကြီးအတွင်း သီတင်းသုံးစံပယ်တော်မူသော ဗုဒ္ဓဂယာရုပ်ပွားတော်ကြီးအတိုင်း ပုံစံတူ ထုလုပ်ထားသော ရုပ်ပွားတော်ကြီးစံပယ်ရာ အာရုံခံတိုက်တန်ဆောင်းအတွင်းသို့ ဝင်ရောက်ခဲ့သည်။

ဗုဒ္ဓဂယာရုပ်ပွားတော်ကြီးနှင့်ပုံစံတူ ထုလုပ်ထားသည့် စကျင်ကျောက်သား ရုပ်တုတော်ကြီးမှာလည်း ဖူးမြော်ခဲ့ပြီးသော ရုပ်တုတော်များအတိုင်း မူလပုံစံနှင့်ထပ်တူပင် တူညီကြောင်းတွေ့ရသည်။ ထိုရုပ်တုတော်ကြီး၏ နောက်ခံစကျင်ကျောက်ပြားကြီး၌ မဟာဗောဓိပင်၏ပုံကို ထွင်းထုထားသည်မှာလည်း လက်ရာမြောက်လှသည်။

ထိုဗုဒ္ဓဂယာရုပ်တုတော် စံပယ်တော်မူရာ အာရုံခံတန်ဆောင်းအတွင်းမှထွက်၍ ပုံစံယူဆောက်ထားသော အာရုံခံတန်ဆောင်းတစ်ခုထံသို့ လျှောက်လှမ်းခဲ့ရာ ထိုအဆောက်အအုံအနီး၌ -

"မြတ်စွာဘုရားဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား မဇ္ဈိမဒေသ၊ သက္ကတိုင်း နီပေါနိုင်ငံ" ဟူသော ကျောက်စာတိုင်ကို မြင်တွေ့ရသည်။ ထိုကျောက်စာတိုင်နှင့်ကပ်လျက် အာရုံခံတန်ဆောင်းကြီးအတွင်း၌ကား . . . .

"ဘုရားအလောင်းတော်ဖွားမြင်စ ရုပ်တုအား ကြာမှောက်ကြာလှန်ခံလျက် လက်ျာဘက်လက်ညှိုးတစ်ချောင်းကို ထောင်လျက် ထုလုပ်ထားသော စကျင်ကျောက်ရုပ်တု" ကို တွေ့မြင်ရသည်။

ထိုဘုရားလောင်းဖွားမြင်တော်မူဟန် ရုပ်ဘုနောက်ခံနံရံ၌ စကျင်ကျောက်ပြားဖြင့် မယ်တော်မာယာ အင်ကြင်းပင်၏ အကိုင်းကိုကိုင်လျက် ဘုရားအလောင်းတော်အား ဖွားမြင်နေစဉ် မိထွေးတော် ဂေါတမီနှင့် အခြေအရံအပေါင်းက ဝိုင်းရံခစားပြုစုနေဟန်ပုံမှာလည်း အလွန်ပင်အသေးစိတ်၍ လက်ရာမြောက်လှသည်။ ထိုစကျင်ကျောက်ပြားပန်းပုပုံ၏ အထက်၌ . . .

အဂ္ဂေါဟမသ္မိ လောကဿ၊
ငါသည် လောက၌ အမြင့်ဆုံး၊
ဇေဋ္ဌောဟမသ္မိ လောကဿ၊
ငါသည် လောက၌ အကြီးဆုံး၊
သေဋ္ဌောဟမသ္မိ လောကဿ၊
ငါသည် လောက၌ အမြတ်ဆုံး၊
အယမန္တိမာဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ
ဤဘဝသည် နောက်ဆုံးဘဝဖြစ်၏။
နောက်ထပ်ဘဝဖြစ်ရန် မရှိတော့ပြီ။

ဟူသော ဘုရားအလောင်း ဖွားတော်မူပြီးနောက် လောကကို ကြွေးကြော်ခဲ့သော စကားတို့ကို ကျောက်စာမှတ်တမ်း ရေးထိုးဖော်ပြထားခဲ့သည်။ ဘုရားဖူးတို့ ဗဟုသုတအနေနှင့် လေ့လာမှတ်သားဖွယ်ပင် ဖြစ်သည်။

ဖွားတော်မူရုပ်တုတော်တည်ထားရာ ခန်းမမှထွက်၍ လာသောအခါ ဗုဒ္ဓဂယာရုပ်တုများကိန်းရာ တန်ဆောင်းများနှင့် ပုံစံ၊ ပုံသဏ္ဌာန်မတူသော တန်ဆောင်းငယ်တစ်ခုအတွင်း၌ ဗျာဒိတ်ပေးဟန် ဗုဒ္ဓရုပ်ပွားတော် ရုပ်တော်မူတစ်ဆူကိုလည်း ဖူးတွေ့ရသည်။

ထိုရုပ်တော်မူရုပ်ပွားတော်သည် မြတ်စွာဘုရားရှင် ဗျာဒိတ်ပေးနေဟန် ထုလုပ်ထားသည်ကိုတွေ့ရသည်။ ထိုတန်ဆောင်းတော်မှ နောက်ကြောင်းပြန်၍ ကြည့်မိသောအခါ ပုံစံတူ ဗုဒ္ဓဂယာရုပ်တုတော်များနှင့် ပုဂံအာနန္ဒာစေတီတော်ရှိ မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ အာရုံခံ တန်ဆောင်းများကို ကျယ်ဝန်းလှသော ဗုဒ္ဓဂယာ သာသနာမြေမြတ်၌ မျက်စိတဆုံးဖူးမြော်ရသည်မှာ ကြည်ညိုစိတ်၊ သဒ္ဓါတရားထက်သန်စိတ်၊ ဝမ်းသာပီတိဖြစ်ရသောစိတ်များ ဖြစ်ပေါ်လျက် မုဒိတာပွားများနေမိပေသည်။

(ဆက်ရန်)

**တက္ကသိုလ်မျိုး**

မှီငြမ်း

၁။ မဇ္ဈိမဒေသ ဘုရားဖူးလမ်းညွှန် ၂၀၀၄ လုမ္ဗိနီ၊ အင်ဂျင်နီယာ ဦးမောင်မောင်လေး၊

၂။ မြတ်ဘုရားဖြစ်တော်စဉ်အကျဉ်းနှင့် စွယ်တော်သမိုင်း။ ၁၉၉၅ ရွှေမင်းဝန် ဦးဘုန်းမြင့်

၃။ ကိုယ်တိုင် ဗုဒ္ဓဂယာ ဘုရားဖူးသုံးကြိမ်သွားရောက်ဖူးမြော်မှု

၄။ မအူပင်မြို့ ကျောင်းရွာရှိ ဗုဒ္ဓဂယာသာသနာမြေသို့ ကိုယ်တိုင်သွားရောက်လေ့လာမှု။

❑



www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူခဲ့သော တရားတော်

# ဉာဏ်ရှာလေးနဲ့ ခေါင်းညိတ်စမ်းပါ

(အနတ္တလက္ခဏာဉာဏ်)



www.burmeseclassic.com

www.burmeseclassic.com

## ဒိဋ္ဌိက သူခိုး

သူများလုပ်ထားတဲ့ ပစ္စည်းကို သူက ငါ ငါ့ဥစ္စာ ခင်းလုပ်လိုက်တဲ့အတွက် သူခိုး ခိုးတတ်တဲ့ ဒိဋ္ဌိကြောင့် ဒကာ၊ ဒကာမတွေဟာ အပါယ်ရောက်ရတယ် (မှန်လှပါ ဘုရား)။

ဒါဖြင့် ဦးခင်မောင်ရေ အပါယ်ရောက်ခြင်းအကြောင်း ယနေ့ ပေါ်သွားပြီ (မှန်လှပါ ဘုရား)။ သူတစ်ပါး လုပ်ထားတာကို ငါ ငါ့ဥစ္စာလို့ ခိုးယူသောကြောင့် (မှန်လှပါ)။ ဒကာ၊ ဒကာမတွေ ဘာဖြစ်ရတုံး (အပါယ်ရောက်ရပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် တစ်သံသရာလုံးက ဒီခိုးမှုကြီးဟာ သင့်လာတော့ အပါယ်မှာနေရတာ များတယ်ဆိုတာ ယနေ့ သေချာတော့မယ် (မှန်လှပါ ဘုရား)။ သေချာကြပလား (သေချာပါတယ် ဘုရား)။

တစ်သံသရာလုံး ငါ ငါ့ဥစ္စာပဲ ဦးဘတင်တို့၊ ဒကာသစ်တို့၊ ကိုရွှေမြတို့ ထင်လာကြတာယ် (မှန်လှပါ ဘုရား)။ ဘယ်တော့မှလည်း မပြုတ်ခဲ့ဘူး (မှန်ပါ့)။

ပြုတ်ခဲ့ရဲ့လား (မပြုတ်ခဲ့ပါဘူး ဘုရား)။ မပြုတ်ခဲ့တော့ သံသရာမှာ ဒီလူတွေဟာ သူတစ်ပါးပစ္စည်း ခိုးမှုတည်းဟူသော အပြစ်သင့်သောကြောင့် ခိုးပြစ်သင့်တဲ့ပုဂ္ဂိုလ် အပါယ်သွားရတာလည်း သေချာပြီးသကာလနေတော့ကြောင့် ဩော် - တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အမြင်မှားကြောင့် အပါယ်ရောက်ရတယ် ဆိုတာလည်း မှန်တာပါပဲ (မှန်လှပါ ဘုရား)။

သူတစ်ပါးပစ္စည်း ခိုးမှုကြောင့် အပါယ်ရောက်ရတယ် ဆိုတာကော (မှန်ပါတယ် ဘုရား)။ အမြင်မှားတွေနဲ့ ခိုးလိုက်တာကိုး (မှန်ပါ့)။ သဘောကျပလား (ကျပါတယ် ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ သတ္တဝါတွေ အမြဲနေတာ ဘယ်မှာတဲ့ ဆရာဘုန်းကြီးပောာတာ (အပါယ်မှာပါ ဘုရား)။ ဘယ့်နှယ်ကြောင့် အပါယ်မှာ နေရသတုံးဆိုတဲ့ အမေးထုတ်လိုက်တဲ့အခါ စစ်တမ်းထုတ်လိုက်တဲ့အခါကျတော့မှ ဦးဝတို့ ပေါ်လာတယ် (ပေါ်လာပါတယ် ဘုရား)။

## တစ်သံသရာလုံး ခိုးလာကြတယ်

တစ်သံသရာလုံး သူများပစ္စည်းကို ခိုးခိုးလာကြတယ် ဘုရား (မှန်လှပါ ဘုရား)။ ဆိုထိုက်ပလား (ဆိုထိုက်ပါတယ် ဘုရား)။ ဘယ်ဘဝ လွတ်ခဲ့သတုံးလို့ အမေးထုတ်ရင် (ဘယ်ဘဝမှ မလွတ်ခဲ့ပါဘူး ဘုရား)။

ဒါဖြင့် လူ့ပြည်တက်လာလိုက် ခိုးလိုက်၊ နတ်ပြည်တက်လာလိုက် ခိုးလိုက်၊ အပါယ်ရောက်လိုက်၊ တက်လာပြန် အပါယ်က နှိပ်စက်လို့ ပြန်တက်လာပြန်၊ အခိုးဝါသနာ မစွန့်နိုင်တဲ့အတွက် ဘယ်ပြန်ရောက်သတုံး (အပါယ်ပြန်ရောက်ပါတယ် ဘုရား)။

အပါယ်ပဲ ပြန်ရောက်ရမယ်ဆိုတာ သေချာကြပလား (သေချာပါတယ် ဘုရား)။ ဩော်- ဒါဖြင့် ဒကာ၊ ဒကာမတွေ ဒီဝဘမှာ ဒီဒိဋ္ဌိတည်းဟူသော သူခိုး ခင်ဗျားတို့ ရှင်းပေးမယ့် လူ မလာလို့ ရှိရင်ဖြင့် ခိုးမြဲပဲ ခိုးနေဦးမှာပဲ (မှန်လှပါ ဘုရား)။ ဦးစံရင်တို့ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

## သတ္တဝါတွေ အမြဲနေတာ ဘယ်မှာတဲ့တုံး

ဒိဋ္ဌိသူခိုးဟာ သေချာကြပလား (သေချာပါတယ် ဘုရား)။ ကောင်းပြီ၊ ဒါဖြင့် သတ္တဝါတွေ အမြဲနေတာ ဘယ်မှာတဲ့တုံး (အပါယ်လေးပါးပါ ဘုရား)။ ဒါဖြင့် ကျသင့်၊ မကျသင့်လည်း အကဲခတ်ကြပါဦး (ကျသင့်ပါတယ် ဘုရား)။ ဦးဘတင် အသေအချာ အကဲခတ်စမ်း (ကျသင့်ပါတယ် ဘုရား)။

သူများပစ္စည်းကို ခိုးတဲ့ဥစ္စာဗျာ မကျဘူးဆိုရမှာလား ပစ္စုပ္ပန်တောင် ရာဇဝတ်သင့်သေးတာ ဦးခင်မောင်ရေ (မှန်လှပါ)။ သံသရာမှာ သံသရာပြစ်သင့်ရမယ် (မှန်လှပါ)။ မသင့်ပါနဲ့လို့ ဆိုလို့ (မရပါဘူး ဘုရား)။ ဒကာ၊ ဒကာမတွေ လေးလေးစားစား မှတ်ပါ။

ဒိဋ္ဌိအပါယ်ချပုံဟာ ခင်ဗျားတို့က ဩော်- မှားလို့ အပါယ်ချတယ်ဆိုတာ မှားပုံကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင် ပြောနေပါတယ် (မှန်လှပါ ဘုရား)။ အရင်တော့ မှားလို့ အပါယ်ကျတယ်၊ အမြင်မှားလို့ အပါယ်ရောက်တယ် ဒီလောက်ပဲ သိကြတယ် (မှန်ပါ့)။ ခုဟာက အမြင်မှားပြီး သကာလ သူ့ဟာပိုင် လုပ်တဲ့အတွက်လည်း ဦးခင်မောင် အပါယ်ရောက်ရတယ် (မှန်လှပါ ဘုရား)။

အမြင်မှားပြီး သူ့ဟာပိုင် မလုပ်လိုက်ဘူးလား (လုပ်လိုက်ပါတယ် ဘုရား)။ ငါ့ကိုယ် ငါ့ဟာ လုပ်မပစ်လိုက်ဘူးလား (လုပ်ပစ်ပါတယ် ဘုရား)။ အဲ- ငါ့ကိုယ် ငါ့ဟာ လုပ်ပစ်လိုက်တာက ငါ့ကိုယ် ငါ့ဟာ ဒီထဲမှာ တစ်ပွဲသားပါပါရဲ့လား (မပါပါဘူး ဘုရား)။ ရုပ်ကြည့်ပြန်တော့ ကာ၊ စိတ်၊ ဥတု၊ အာဟာရက လုပ်ထားတယ် (မှန်လှပါ ဘုရား)။ နာမ်ကြည့်ပြန်တော့ အာရုံဒွါရက လုပ်ထားတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

## အခိုးဝါသနာစွန့်မှ သံသရာက ထွက်မယ်

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ တစ်သံသရာ အပါယ်က မတက်ရတာသည်ကားလို့ဆိုရင် အခိုးဝါသနာ စွန့်နိုင်သရွေ့ကာလပတ်လုံး ဘယ်တော့မှ သံသရာထဲက ထွက်နိုင်လိမ့်မယ်၊ ရုန်းနိုင်လိမ့်မယ်၊ ကန်နိုင်လိမ့်မယ်၊ ကျော် လွှားနိုင်လိမ့်မယ် ဆိုတာကို မယုံပါနဲ့တော့ (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဦးဘတင် သေတော့လည်း ဒါ ငါ့ကိုယ် ငါ့ဟာဆိုတဲ့ ခိုးမှုကြီးကို လက်လွှတ်သေသွားသလား၊ ရာဇဝတ်မှုတန်းလန်းနဲ့ သေသွားသလား (ရာဇဝတ်မှုတန်း လန်းနဲ့ သေသွားပါတယ် ဘုရား)။ ဒါဖြင့် ဦးခင်မောင် ကျသင့်တယ်ဗျာ (ကျသင့်ပါတယ်)။ သူက ထုချေစရာကို မှ မဟုတ်ပါဘူးလို့ ပါသေးရဲ့လား (မပါပါဘူး ဘုရား)။

ခိုးထုပ် ခိုးထည်နဲ့တကွ မမိဘူးလား (မိပါတယ် ဘုရား)။ အဲ- ခိုးထုပ် ခိုးထည်နဲ့တကွ မစွန့်ဘဲနဲ့ ဦးဘတင်ရ သေသွားလို့ အပါယ်ရောက်ရတာ (မှန်လှပါ ဘုရား)။

ကွာသွားရဲ့လား ဒီဥစ္စာ (မကွာပါဘူး ဘုရား)။ ငါ ခိုးချည်ရဲ့ ငါ့ကိုယ်ကြီးနဲ့ ခွဲရချည်ရဲ့ ငါ့ကိုယ်ကြီးနဲ့ ငါ မဟုတ်ဘူး၊ ဆိုပြီးသကာလ ငါ့ကိုယ် ငါ့ဟာလုပ်ပြီးသကာလ အကြောင့် ခိုးမှုအထုပ်အထည်ကို လက်မလွှတ်ဘဲနဲ့ တစ်ခါ တည်း သေပွဲဝင်သွားတယ် (မှန်လှပါ ဘုရား)။

အဲဒါကြောင့် အပါယ်လေးပါးမှာ အမြဲနေရတယ် ဆိုတာလည်း ဒကာ၊ ဒကာမတို့ ကျေကျေနပ်နပ် သဘောကျ ပြီ (မှန်လှပါ ဘုရား)။ ဦးခင်မောင် ဒီဥစ္စာဘယ်လောက်ဆိုးတုံး (ဆိုးပါတယ် ဘုရား)။ အဲ- ကိုမြရွှေတို့ ကောင်းကောင်းကျေနပ် လား (ကျေနပ်ပါတယ် ဘုရား)။

ဩော်- အပါယ်ဟာ ရောက်သင့် မရောက်သင့် စဉ်းစားကြစမ်းပါ (ရောက်သင့်ပါတယ် ဘုရား)။ ကိုယ်ကိုယ် ကိုယ်ဟာ ဘာဖြစ်သင့်တုံး (ခိုးဖြစ်သင့်ပါတယ်)။ ခိုးဖြစ်သင့်နေ တယ်ကွ ရိုပ်မိပလား (ရိပ်မိပါတယ် ဘုရား)။ သူများပစ္စည်းကို ခိုးတဲ့အခါကျတော့ကို ဒီခိုးတဲ့ပစ္စည်းကိုပဲ ခိုးမှန်းသိပြီး နောက် မပေးတော့ပါဘူးဆိုပြီး သေသွားတာလား၊ ခိုးထုပ်ခိုးထည်နဲ့ သေသွားတာလား (ခိုးထုပ်ခိုးထည်နဲ့ သေသွားတာပါ ဘုရား)။

## ဒီဥစ္စာမပြုတ်ဘူး

ထိုင်း- ဒီဥစ္စာမပြုတ်ဘူးဆိုတာ သေချာပလား (သေချာ ပါတယ် ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။ အဲတော့ကိုး ခင်ဗျားတို့ နောက်တုန်းက လျှုခဲ့၊ တန်းခဲ့၊ ပေးခဲ့၊ ကမ်းခဲ့တာ တွေ နိဗ္ဗာန်ရောက်နိုင်တာ အမှန်ပါပဲ (မှန်ပါ့)။

ဦးခင်မောင် ရောက်နိုင်ပါတယ်နော် (ရောက်နိုင်ပါ တယ်)။ သို့သော် ခိုးထုပ်ခိုးထည်နဲ့တကွ မိမိပြီးသကာလ သေ ပွဲဝင်ရတဲ့အခါကျတော့ သူကချည်း အပါယ်ဆွဲချသွားတယ် (မှန်လှပါ ဘုရား)။ သဘောကျကြလား (ကျပါတယ် ဘုရား)။

သူကချည်း အပါယ်ဆွဲချသွားတယ်ဆိုတော့ ခိုးထုပ် ခိုးထည်နဲ့ချည့်ပဲ သေသွားတယ်လို့ ဦးဝ ဆိုထိုက်ပါပြီ (ဆို ထိုက်ပါတယ် ဘုရား)။ ဆိုထိုက်ကြပလား (ဆိုထိုက်ပါတယ် ဘုရား)။

အဲဒါ ဘုရား တစ်ခါတစ်ခါပွင့်မှ ဆရာကောင်း သမား ကောင်းနဲ့ တစ်ခါတစ်ခါကြုံမှ ဩော်- ရုပ်ဟာ အကြောင်း လေးပါးကြောင့် ဖြစ်တာ၊ ငါ့ကိုယ် ငါ့ဟာ မဟုတ်ဘူးဟ သဘောကျပလား (ကျပါတယ် ဘုရား)။

နာမ်ကလည်း အကြောင်းနှစ်ပါးကြောင့် ဖြစ်တာ ငါ့ကိုယ် ငါ့ဟာမဟုတ်ဘူးဟ (မှန်လှပါ)။ အံမာ ဒီလို တစ်ခါ တစ်ခါလေး လာတာနော် (မှန်လှပါ ဘုရား)။ ဘယ့်နှယ် ဆုံးဖြတ်ချက် ချကြမယ် (တစ်ခါ တစ်ခါလေး လာတာပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါတယ် ဘုရား)။

## ငါလုပ်ထားတာ မဟုတ်လို့ ငါမပိုင်ဘူး

ကိုင်း- ဒါဖြင့် ဘုန်းကြီးပြောပါပြီ ဒကာ၊ ဒကာမတို့ ယနေ့ ဘယ်လိုများ ပိုင်သွားသတုံးဆိုတော့ ဒကာ၊ ဒကာမ တွေ နိဗ္ဗာန်ရောက်ဖို့ ဘယ်လိုများ ပိုင်သွားသတုံးဆိုတော့ ဩော်- အစက ငါလုပ်ထားတာမဟုတ်လို့ (ငါမပိုင်ပါဘူး ဘုရား)။ ရုပ်လည်း မပိုင်ဘူး၊ နာမ်ကော (မပိုင်ပါဘူး ဘုရား)။ ဟာ- ဒါဖြင့် ဒကာ၊ ဒကာမတွေ ဒီဥစ္စာမပိုင်မှန်းသိလို့ရှိရင် ဒီရုပ်ရော နာမ်ရော အနတ္တဖြစ်ပါတယ် (မှန်လှပါ ဘုရား)။

## ရှင်တုန်းကတည်းက အနတ္တ

မပိုင်မှန်းသိတဲ့အတွက် ဘာတုံး (အနတ္တ ဖြစ်ပါတယ် ဘုရား)။ ဩော်- ခင်ဗျားတို့က အိုးကွဲသွားတော့မှ အနတ္တ ဖြစ်နေတာ ခက်တာက။ လူသေသွားမှ အနတ္တဖြစ်နေတာ ဒီအရှင်ကိုက ခင်ဗျားတို့က အရှင်မဟုတ်ဘူး (မှန်ပါ့)။ သဘောကျပလား (ကျပါတယ် ဘုရား)။

ရှင်တော့ ရှင်နေတာပဲ၊ ရှင်တုန်းကကိုက ခင်ဗျားတို့ ဟာ မဟုတ်ဘူး (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျ





www.burmeseclassic.com

www.burmeseclassic.com

ပါတယ် ဘုရား)။ ခုတော့ သားသေမှ အနုတ္တမို့ လက်လျှော့လိုက်တယ်။ သမီးသေမှ အနုတ္တမို့ လက်လျှော့လိုက်ရတယ်။ အိုးတွဲမှ အနုတ္တ လက်လျှော့လိုက်ရတယ်။

## သေမှ အနုတ္တမဟုတ်ဘူး

သစ်ပင်တွေ လဲသွားမှ ကိုယ် အနုတ္တလက်လျှော့လိုက်ရတယ်ဆိုတာမျိုးက ဦးဘတင် မမှန်ဘူးနော် (မမှန်ပါဘူး ဘုရား)။ မမှန်ဘူးတဲ့။

ခု အစောကြီး မပျက်စီးခင်ကကိုက ရုပ်နာမ်တွေ မပျက်စီးခင်ကိုက ဘာမှတ်ကြမယ် (အနုတ္တပါ ဘုရား)။ ကိုယ် မဆိုင်ဘူးနော် သေချာကြပလား (သေချာပါပြီ ဘုရား)။

ရုပ်ပေါ်လည်း (မဆိုင်ပါဘူး ဘုရား)။ မဆိုင်ပါဘူး ဒကာ၊ ဒကာမတို့ ဆိုင်တယ်ထင်ရင် အကြောင်းလေးပါးပေါ့ဗျာ (မှန်လှပါ)။ နာမ်ပေါ်ရင်ကော ဆိုင်ပါရဲ့လား (မဆိုင်ပါဘူး ဘုရား)။ အဲ- ဆိုင်တယ်ဆိုရင် အကြောင်းနှစ်ပါးပေါ့ (မှန်ပါ့)။ ဆိုင်ချင်ရင်လေ (မှန်လှပါ)။

## ခန္ဓာငါးပါးဟာ အနုတ္တ

ကိုင်း- ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီခန္ဓာငါးပါး တရားနာနေတဲ့ ဒကာ၊ ဒကာမတို့၏ ခန္ဓာငါးပါးဟာ အခုဉာဏ်နဲ့ကြည့်ပါ။ တစ်ခုမှ ကိုယ်ပိုင်မပါသောကြောင့် အနုတ္တလို့သာ မှတ်ထားလိုက် (မှန်လှပါ ဘုရား)။

ရုပ်တရားလည်း (အနုတ္တပါ ဘုရား)။ ခု လျှောက်နေတဲ့စိတ်တွေကကော (အနုတ္တပါ ဘုရား)။ ထွက်လာတဲ့ အသံလေးကကော (အနုတ္တပါ ဘုရား)။ ထိုင်နေတဲ့ သဘောလေးကကော (အနုတ္တပါ ဘုရား)။ ဩော်- ဦးခင်မောင် အနုတ္တချည်းပဲ။

ကောင်းပြီ၊ ဒါဖြင့် ဒကာ၊ ဒကာမတို့ အနုတ္တတော့ ဒကာ၊ ဒကာမတွေ ကောင်းကောင်းပိုင်ပြီ၊ ယနေ့ အစောကြီး ရှင်းပေးလိုက်တာနဲ့ အနုတ္တ ကောင်းကောင်းပိုင်သွားတယ် (မှန်လှပါ ဘုရား)။

လက္ခဏာ မပိုင်သေးဘူး (မှန်လှပါ ဘုရား)။ ဦးခင်မောင် ဘာမပိုင်ဘဲဖြစ်နေတုံး (လက္ခဏာမပိုင်ဘဲ ဖြစ်နေပါတယ် ဘုရား)။ အနုတ္တတော့ ပိုင်တယ် ဒကာ၊ ဒကာမတွေ လက္ခဏာ မပိုင်သေးဘူး (မှန်လှပါ)။ ကိုမြရွှေ ဒါ ရှေ့ကိုဆက်နားထောင်ပါ (မှန်လှပါ ဘုရား)။ တော်တော်အရေးကြီးလို့ ပြောနေတယ် (မှန်လှပါ)။

ဒကာ၊ ဒကာမတွေ ခုသိထားတာကတော့ အနုတ္တတော့ သိပြီ၊ ကိုယ်လုပ်ထားတာ မဟုတ်ဘူး၊ သူတစ်ပါး လုပ်ထားတာ ဖြစ်လေသောကြောင့် မပိုင်ဘူးဆိုတာတော့သိတယ် (မှန်လှပါ)။ ဦးခင်မောင် ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

အဲတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရုပ် အနုတ္တ၊ ဝေဒနာ အနုတ္တ၊ သညာ အနုတ္တ၊ အနုတ္တတော့ ဟောရှာပါတယ်။ မင်းတို့သန္တာန်ရှိတဲ့ ခန္ဓာငါးပါးဟာ ဘယ်လို ဟောတုံး (အနုတ္တပါ ဘုရား)။ အနုတ္တလို့ ဟောလိုက်တယ်တဲ့ ဒကာ၊ ဒကာမတွေလည်း ယခုတော့ဖြင့် ယနေ့ သဘောကျပြီ။

နာမ်တရားလေး၊ စားချင်တဲ့စိတ်လေး ပေါ်လာတာက လည်း ဘာပါလိမ့် (အနုတ္တပါ ဘုရား)။ အင်း- ပူတဲ့ရုပ်ကလေး ပေါ်လာတာကော (အနုတ္တပါ ဘုရား)။ အေးတဲ့ရုပ်ကလေး ပေါ်လာရင်ကော (အနုတ္တပါ ဘုရား)။ ပြုံးတဲ့စိတ်ကလေး ပေါ်လာရင်ကော (အနုတ္တပါ ဘုရား)။ ယားတာလေး ပေါ် လာရင်ကော (အနုတ္တပါ ဘုရား)။ အင်း- ကောင်းတာလေး ပေါ်လာရင် (အနုတ္တပါ ဘုရား)။ သူတစ်ပါး လုပ်တာချည်း ကိုးဗျ (မှန်လှပါ)။ ဦးခင်မောင် ဘယ်လိုဆိုပါ့မတုံး (သူတစ်ပါး လုပ်တာချည်းပါ ဘုရား)။

သူတစ်ပါး လုပ်ထားတာချည်း အကုန်စုနေတာချည်းပဲ ဒကာ၊ ဒကာမတွေက ကိုယ်ပိုင်လုပ်စရာတော့ အချက် အလက် အကွက်တော့ မပါတော့ပါဘူး (မှန်လှပါ)။ ပါသေးရဲ့လား (မပါပါဘူး ဘုရား)။

ဒါဖြင့် ဩော်- အနုတ္တဆိုတာက တို့ခန္ဓာငါးပါး ပါလား ဆိုတာ ယနေ့တော့ဖြင့် ရှင်းသွားပြီ (ရှင်းပါပြီ ဘုရား)။

## အနုတ္တက လက်ရှိခန္ဓာငါးပါး

ဦးခင်မောင်ရေ အနုတ္တက ဘာတဲ့ဗျာ (ခန္ဓာငါးပါးပါ ဘုရား)။ လက်ရှိခန္ဓာငါးပါး (မှန်လှပါ)။ လက်ရှိ ခန္ဓာငါးပါး နော် ကိုယ်တောင် မထည့်လိုက်ပါနဲ့ လက်ရှိ ခန္ဓာငါးပါး (မှန်လှပါ ဘုရား)။

ဦးဝ (လက်ရှိ ခန္ဓာငါးပါးပါ ဘုရား)။ အခု ရှိနေတဲ့ ခန္ဓာငါးပါး (မှန်လှပါ ဘုရား)။ ကောင်းပြီ၊ ခုရှိနေတဲ့ ခန္ဓာငါးပါးဟာ အနုတ္တဆိုတာတော့ဖြင့် သေချာပြီ။ ဒီအနုတ္တက ဦးခင်မောင်ရေ ဆဆက္ကသုတ်မှာလာတဲ့ အနုတ္တကို ဟောနေတာနော် (မှန်လှပါ ဘုရား)။ ကောင်းပြီ၊ ဒါဖြင့် ခန္ဓာငါးပါးကို အနုတ္တတရားလို့ မှတ်လိုက်တာပေါ့ (မှန်လှပါ ဘုရား)။





www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာငါးပါးကို (အနတ္တတရားပါ ဘုရား)။ ဦးဘတင် လက္ခဏာမပေါ်သေးပါဘူး၊ လက္ခဏာ မပေါ်သေးပါဘူး၊ ဒကာ၊ ဒကာမတွေ လက္ခဏာ ရှင်းပြပါဦးမယ် (မှန်ပါ)။

ဘုရားက အနတ္တသုတ်လို့ မဟောဘဲ ဘယ်လိုများ ဟောပါလိမ့် အနတ္တလက္ခဏာသုတ်လို့ ဟောတယ် (မှန်လှပါ)။ ဘယ်လိုဟောပါလိမ့် (အနတ္တလက္ခဏာသုတ်ပါ ဘုရား)။ အနတ္တသုတ်လို့ ဟောကိုမဟောဘူး (မဟောပါဘူး ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။

## ဘုရားက အနတ္တလက္ခဏာသုတ်လို့ ဟောတယ်

ဘယ်လိုဟောပါလိမ့် (အနတ္တလက္ခဏာသုတ်လို့ ဟောပါတယ် ဘုရား)။ ဒါဖြင့် ကျုပ်တို့က အနတ္တတစ်ပိုင်းပဲ သိသေးတယ် ဦးဘတင်တို့က လက္ခဏာ မသိသေးပါဘူး (မှန်လှပါ ဘုရား)။

ဦးခင်မောင် ကျေနပ်ပလား (ကျေနပ်ပါတယ် ဘုရား)။ ဒါ အသေအချာ စစ်ထုတ်တာပဲ ဒကာ၊ ဒကာမတို့။ မသိ ...အောင်ဘဲ တစ်ခါတည်း ဒီနေ့နာရတာ ဒကာ၊ ဒကာမတွေ ဩော်- တို့ခန္ဓာငါးပါးအပြော တို့ခန္ဓာငါးပါးနော် အရှိကတော့ ...ကိုယ်နဲ့ဘာမှမဆိုင်တာ အနတ္တသဘောသက်သက် ဧကန် ...ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဦးခင်မောင် ရှေ့တစ်ဆင့် တက်တော့မယ် (မှန်လှပါ ဘုရား)။ ဘယ်တက်မယ်ဆိုတာ ဒကာ၊ ဒကာမတွေ ရိပ်မိကြပါတော့ လက္ခဏာပြတော့မယ် (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ၊ ဒကာမတို့ 'အိုး' ဘယ်သူ ...သတုံးလို့ မေးလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ အိုး ဘယ်သူ ...သတုံး ဆိုလို့ရှိရင်ဖြင့် အိုးဖြစ်လာအောင် ရေထည့်တဲ့ ...အနေရောက်အောင် ခိုင်လာအောင် အင်း- မီးက ...တယ် (မှန်လှပါ)။

အိုး ဘယ်သူလုပ်ပါလိမ့် (မီးက လုပ်ပါတယ် ဘုရား)။ ...ကြောင့်လည်း အိုးဖြစ်လာခဲ့တယ်နော်။ လူက ဆိုတာက ...တော့ ဖေးကာ မကာပါ။

တကယ်တမ်း လူချည်းသက်သက်နဲ့ ဦးဘတင် အိုး ...နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူး ဘုရား)။ တကယ် ခိုင်ခန့် ...တဲ့အောင် လုပ်လာတာ ဘယ်သူက လုပ်တာတုံး (မီး ...ပါ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အိုးကို မီးက လုပ်တယ် (မှန်ပါ)။ မီးက လုပ်ပြီးသကာလ ဒီအိုးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မီးတည်း ဟူသော အကြောင်းက လုပ်ထားသောကြောင့် အိုးဖြစ်လာတယ်။

အိုးသည်ကားလို့ ဆိုရင်ဖြင့် မြေအိုးဖြစ်လေသော ကြောင့် အင်း လေတိုက်လို့သော်လည်းကောင်း၊ လွတ်ကျ၍ သော်လည်းကောင်း၊ အင်း နေပူမိုးရွာနဲ့ ပျမ်းမျှကြေး နေပူ လွန်းအားကြီးလို့ အက်ရသော်လည်းကောင်း၊ အင်း ရေထိ သွားလို့ ပျော်ရသော်လည်းကောင်း ဆိုတော့ လာနေပြီဗျ (မှန်လှပါ)။ မလာရပေဘူးလား (လာရပါတယ် ဘုရား)။

ဒါဖြင့် သူများလုပ်ထားသောကြောင့် ဒကာ၊ ဒကာမ တို့ အနတ္တဖြစ်လေသောကြောင့် သူသည် မခိုင်တဲ့သဘော တစ်ခုခုပြောပြလိမ့်မယ် (မှန်လှပါ)။ ပြောမသွားပေဘူးလား (ပြောပါတယ် ဘုရား)။

## ပင်ကိုသဘော စွန့်သွားတာ လက္ခဏာ

ပြောသွားတဲ့အခါကျတော့မှ ဩော်- နဂိုရှိတုန်းက အနတ္တ၊ သူ့ပင်ကိုသဘော စွန့်သွားတော့မှ လက္ခဏာ ရှိနေတုန်းက (အနတ္တပါ ဘုရား)။

သူ့သဘောလေး စွန့်သွားတော့ (လက္ခဏာပါ ဘုရား)။ ဩော်- ဒါဖြင့် အနတ္တကို သိရုံနဲ့မပြီးဘူး၊ လက္ခဏာ ရောက်မှသာလျှင် နေရာကျတော့မယ် (မှန်လှပါ ဘုရား)။ သဘောပါကြပလား (ပါပါတယ် ဘုရား)။

ခန္ဓာငါးပါးဟာ ပင်ကိုရှိနေတုန်းကတော့ ဘယ်လိုမှတ်ကြမယ် (အနတ္တပါ ဘုရား)။ ဖျတ်ဆို ရုပ်ကလေးကလည်း ပျက်စီးသွားတယ်။ စိတ်ကလေးကလည်း ခုပေါ် ခုပျက်စီးသွားတယ်။ ပျက်စီးသွားတဲ့အခါကျတော့ ဘာပေါ်လာတုံး (လက္ခဏာ ပေါ်လာပါတယ် ဘုရား)။

## ဖြစ်တုန်းက အနတ္တ ပျက်သွားတော့ လက္ခဏာ

ဩော်- ဒါ နှစ်ခုပေါင်းမှသာလျှင် အနတ္တနဲ့ လက္ခဏာနဲ့ဟာ ပြည့်စုံတယ် (မှန်လှပါ)။ ဦးခင်မောင် (မှန်လှပါ)။ နှစ်ခုပေါင်းမှ ပြည့်စုံတယ်။ တစ်ခုတည်း သိထားတော့ အနတ္တပဲ သိတယ် (မှန်လှပါ ဘုရား)။ နောက်ကျတော့ အနတ္တ လက္ခဏာကို သူပြလိုက်တယ်။

ကျုပ်ဟာ ခင်ဗျားတို့ မပိုင်ကြောင်းကို ရှင်းသထက် ရှင်းအောင် ပြပါဦးမယ်ဆိုပြီး နာမ်ကလေးကလည်း ဖျတ်ဆို



www.burmeseclassic.com

www.burmeseclassic.com

ပျောက်ပျက်သွားတယ် (မှန်လှပါ ဘုရား)။ ရုပ်ကလေးက ရော (ပျောက်ပျက်သွားပါတယ် ဘုရား)။ ပျောက်ပျက်သွားတဲ့အခါကျတော့ ဒကာ၊ ဒကာမတွေက ဩော်- နဂိုကလည်း မပိုင်ဘာ မပိုင်တဲ့သဘော ဗောလောကြီးပေါ်အောင်ပဲ ပြော သွားတယ်ဆိုတဲ့ အဓိပ္ပာယ် မရဘူးလား (ရပါတယ် ဘုရား)။

နဂိုကလည်း ဘာတုံး (မပိုင်ပါဘူး ဘုရား)။ နဂိုက မပိုင်တာကို ကြည့်ရင်းမတ္တနဲ့ပဲ မပိုင်တဲ့သဘောကို ရှင်း သထက်ရှင်းအောင် ဓမ္မက ပြောသွားပြန်တယ် (မှန်လှပါ ဘုရား)။

ဘယ်သူက ပြောသွားတုံး (ဓမ္မက ပြောသွားပါတယ် ဘုရား)။ ဓမ္မက ပြောသွားတော့ ဦးခင်မောင်တို့က ခေါင်း ညိတ်ရမယ် (မှန်လှပါ ဘုရား)။ ဩော်- အနတ္တလည်း ဟုတ် ပါပေတယ်။ လက္ခဏာလည်း ဆိုက်ပါပေတယ်၊ သူ့လက္ခဏာ လည်း ပြပါပေတယ် (မှန်လှပါ)။ ဘယ့်နှယ်ဆိုကြမယ် (သူ့ လက္ခဏာလည်း ပြပါတယ် ဘုရား)။

အနတ္တလည်း ဟုတ်ပါပေတယ်၊ လက္ခဏာလည်း ရှင်း ပါပေတယ်။ အနတ္တလက္ခဏာ မရှင်းသေးဘူးလား (ရှင်းပါ တယ် ဘုရား)။ ပင်ကိုရှိနေတုန်းက ဘာတဲ့ (အနတ္တပါ ဘုရား)။ အင်း- နောက်ကျတော့ ဒကာ၊ ဒကာမတွေ ကိုယ့် စိတ်ကလေးက စားချင်တဲ့စိတ်ကလေးက ဖျတ်ဆို ပျောက် သွားတယ်။

အိပ်ချင်တဲ့စိတ်ကလေးက ဖျတ်ဆိုပျောက်သွားတယ် (မှန်ပါ့)။ အင်း- ပေါ်လာတုန်းက အနတ္တပေါ့ဗျာ (မှန်ပါ့)။ နောက် ပျောက်သွားတဲ့အခါကျတော့ (လက္ခဏာပြပါတယ် ဘုရား)။ လက္ခဏာ ပြသွားတယ်။

## ဉာဏ်ကလေးနဲ့ ခေါင်းညိတ်စမ်းပါ

လက္ခဏာပြသွားတော့မှ ဦးခင်မောင်တို့က ဦးဘတင် တို့က ဉာဏ်ကလေးနဲ့ ခေါင်းညိတ်စမ်းပါ (မှန်လှပါ ဘုရား)။ အနတ္တလက္ခဏာကဖြင့်ကွာ အနတ္တပေါ်လည်း ယုံပါရဲ့။ လက္ခဏာပေါ်မှာလည်း တကယ့်ကိုပဲ ဆုံးဖြတ်ချက် ချနိုင်ပါရဲ့ သဘောကျပလား (ကျပါတယ် ဘုရား)။

အနတ္တ ဆိုတာလည်း (ယုံပါတယ် ဘုရား)။ လက္ခဏာ ကလည်း မှန်လိုက်တာ (မှန်ပါ့)။ ဘယ်သူ့သဘော ဘယ်သူ့ အကြိုက် သူလိုက်သေးသတုံး (မလိုက်ပါဘူး ဘုရား)။ နာမ် ဓမ္မ၊ ရုပ်ဓမ္မကလေ (မလိုက်ပါဘူး ဘုရား)။

## ဘယ်သူ့အကြိုက်မှမလိုက် လက္ခဏာကပြော တာ

မည်သူ့သဘော မည်သူ့အကြိုက်မှ ဒကာသစ်တို့ ကိုပြ ရွှေတို့ လိုက်သေးရဲ့လား (မလိုက်ပါဘူး ဘုရား)။ အဲဒီ မလိုက် တာက သူ့လက္ခဏာ ပြောတာ (မှန်ပါ့)။ ဒါဖြင့် ဒကာ၊ ဒကာမ တို့ အနတ္တနဲ့ လက္ခဏာကော ကွဲပါပလား (ကွဲပါတယ် ဘုရား)။ ဦးခင်မောင် ဒီဥစ္စာ သိပ်အရေးကြီးတယ် (အရေး ကြီးပါတယ် ဘုရား)။

ဒကာ၊ ဒကာမတွေ အရေးမကြီးတဲ့နေ့ မပါဘူးနော် (မှန်လှပါ)။ အရေးမကြီးတဲ့နေ့ မပါဘူး။ သေသေချာချာ ဝရှု စိုက်ပြီး နားထောင်ဂါ။ ဒီနေ့ ဒီနှစ်လုံးကို ရေလည်အောင် ပြောမှာပဲ၊ ဒါနဲ့ နိဗ္ဗာန်ဝင်အောင် ပြောရမှာပဲ (မှန်ပါ့)။

ကိုင်း- ဒါဖြင့် ဒကာ၊ ဒကာမတို့ ခန္ဓာထဲမှာ ဘာလေး ပေါ်လာလာ ပေါ်လာအစ ဘာခေါ်ကြမယ် (အနတ္တပါ ဘုရား)။ ပျောက်သွားရင် ဘာဆိုကြမယ် (လက္ခဏာပါ ဘုရား)။ အဲ- ပျောက်သွားတော့ လက္ခဏာ သိတယ်၊ ပေါ် တော့ အနတ္တ သိတယ်။ ပျောက်တော့ (လက္ခဏာ သိပါတယ် ဘုရား)။ ပေါ်တော့ (အနတ္တ သိပါတယ် ဘုရား)။ ပျောက် သွားတော့ (လက္ခဏာ သိပါတယ် ဘုရား)။

အဲဒီလို လက္ခဏာသိမှသာလျှင် ဒါဖြင့် လက္ခဏာက ဘာလက္ခဏာတုံးဆိုတော့ အနတ္တ၏ လက္ခဏာ၊ ဦးဘတင် ဘာတဲ့ (အနတ္တ၏ လက္ခဏာပါ ဘုရား)။

## အနတ္တလက္ခဏာဉာဏ်

အနတ္တ၏ လက္ခဏာဆိုတော့ ခင်ဗျားတို့က အင်း အနတ္တ၏ လက္ခဏာကလေးကို ဉာဏ်ကလေးနဲ့ တွေးလိုက်တဲ့ အခါကျတော့ အနတ္တ၏ လက္ခဏာလေးကို ဓမ္မက ပြောသွား တဲ့အခါကျတော့ ဦးခင်မောင်တို့ ဩော်- အနတ္တ၏ လက္ခဏာ ရှင်းလိုက်တာ (မှန်လှပါ)။

မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ် ဘုရား)။ ဦးဝ (ဆိုနိုင် ပါတယ် ဘုရား)။ အဲဒီ ရှင်းလိုက်တာဆိုတာလေးဟာ အနတ္တ လက္ခဏာသိတဲ့ အနတ္တလက္ခဏာဉာဏ် (မှန်ပါ့)။ သဘော ကျပလား (ကျပါတယ် ဘုရား)။

ရှင်းလိုက်တာလေး ဆိုတာက ဘာပါလိမ့် (အနတ္တ လက္ခဏာဉာဏ်ပါ ဘုရား)။ အနတ္တလက္ခဏာဉာဏ် (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

## အနတ္တလက္ခဏာဉာဏ်ရတော့မှ အတ္တပြုတ် သွားတယ်

ပြော်- ဒါဖြင့် ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ အနတ္တ လက္ခဏာဉာဏ် ရတော့မှ ခုနင်က အတ္တပြုတ်သွားတာကို (မှတ်လှုပါ)။ အတ္တပြုတ်သွားတယ်။ အနတ္တလက္ခဏာဉာဏ် ရလိုက်တဲ့အခါကျတော့ ဘာပြုတ်သွားတုံး (အတ္တ ပြုတ်သွား ပါတယ် ဘုရား)။

အတ္တဒိဋ္ဌိပြုတ်သွားတယ် သဘောကျကြလား (ကျပါ တယ် ဘုရား)။ ရှင်းအောင် ပြောနေပြီ (မှန်ပါ)။ အင်မတန် ရှင်းအောင် ပြောနေတယ်ဆိုတာ ယုံကြပလား (ယုံပါတယ် ဘုရား)။ ကဲ- ဒါဖြင့် မမွေလေးတစ်ခု ပေါ်လာတယ်၊ ခန္ဓာထဲ မှာ ရုပ်ကလေး ရုပ်အသစ် ပေါ်လာတယ်။ နာမ်အသစ် ပေါ် လာတယ် ဘာဆိုကြမယ် (အနတ္တပါ ဘုရား)။

အင်း- ပေါ်လာပြီး စောင့်ကြည့်နေတော့ ဦးခင်မောင် တို့က ပျောက်သွားတာပဲ (မှန်လှုပါ)။ စောင့်ကြည့်နေတော့ ပျောက်သွားပါတယ် ဘုရား)။

## ပျောက်သွားတာ လက္ခဏာ

ပျောက်သွားတော့ ဘာတွေများ ပြောသတုံး (လက္ခ ဏာ ပြောသွားပါတယ် ဘုရား)။ လက္ခဏာ ပြောသွားတော့ ခင်ဗျားတို့က မသိလိုက်ဘူးလား (သိပါတယ် ဘုရား)။

## ဒီဘာက ဉာဏ်

ဒါဖြင့် ခင်ဗျားတို့ သိလုံးကလေးဟာ ဘာပါလိမ့်မတုံး ဆိုတော့ အို- ဒါဉာဏ်သိလုံးလေးကို (မှန်ပါ)။ အနတ္တလက္ခ ဏာဉာဏ်လေးတွေ (မှန်ပါ)။

## အနတ္တလက္ခဏာဉာဏ်

ဘယ်လိုဆိုကြမယ် (အနတ္တလက္ခဏာဉာဏ်လေးတွေ ပါ ဘုရား)။ အို- အနတ္တလက္ခဏာဉာဏ်လေး ရလိုက်တယ် ဆိုကတည်းက အတ္တဒိဋ္ဌိ နင်သွားတော့ ဟယ်လို့ ငါ့ကိုယ် ငါ့ဘာထင်တာ နင်သွားတော့လို့ မောင်းရသေးရဲ့လား (မောင်းရပါဘူး ဘုရား)။

မမောင်းရပါဘူး ဒကာ၊ ဒကာမတို့ ကောင်းကောင်း သဘောကျပလား (ကျပါတယ် ဘုရား)။ ဒါဖြင့် ပေါ်လာရင် ဘာကြ (အနတ္တပါ ဘုရား)။ ပျက်ပြတော့ (လက္ခဏာပါ ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။

ကိုင်း- အနတ္တမှ မသိတဲ့ပုဂ္ဂိုလ်ဟာ လက္ခဏာသိဖို့ ဦးဘတင်တို့ (မဖြစ်နိုင်ပါဘူး ဘုရား)။ မဖြစ်နိုင်ဘူး။ မဖြစ်နိုင် ဘူးဆိုတာ ခု အသေအချာ စစ်ပြောတော့မှ ပေါ်လာတာ (မှန်လှုပါ ဘုရား)။

နို့မဟုတ်လို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတွေက သူတို့ အိုးကွဲသွားတော့မှ သားလေး၊ သမီးလေး စွန့်ပစ်လိုက်ရမှ အို အနတ္တမို့ လက်လျှော့လိုက်ရတယ် ဆိုတာက နဂိုက အနတ္တ သူသိခဲ့တာ မဟုတ်ဘူး (မှန်လှုပါ ဘုရား)။ သဘောပါကြ ပလား (ပါပါတယ် ဘုရား)။

နဂိုကိုက ဘာတုံး (အနတ္တပါ ဘုရား)။ နဂိုကိုက ခန္ဓာ ငါးပါးဟာ ဘာတရားတုံး (အနတ္တပါ ဘုရား)။

အဲတော့ သူတို့က သေမှ အနတ္တမို့ မတတ်နိုင်လို့ စွန့်လိုက်ရတယ်ဆိုတော့ နဂိုက အတ္တရှိတယ် သူ့မှာ (မှန်လှု ပါ ဘုရား)။ ဒါဖြင့် အတ္တက အတော်ရှည်နေပြီ (မှန်ပါ)။ မရှည်ဘူးလား (ရှည်ပါတယ် ဘုရား)။

ဟို တကယ်တမ်း ဒေါမနဿနဲ့ စွန့်လိုက်တော့မှ အနတ္တမို့ လက်လျှော့လိုက်ရတယ်ဆိုတဲ့ ဥစ္စာကျတော့ သူသည် အနတ္တ မသိပါဘူး (မှန်ပါ)။ မသိတဲ့အတွက် လက္ခ ဏာကိုလည်း မသိတဲ့အတွက်. တစ်ခါတည်း မျက်ရည်ကျ တယ် (မှန်လှုပါ ဘုရား)။ မျက်ရည်ကျပြီး စိတ်ထဲ ဒေါမနဿ တွေ ဖြစ်လာတယ် (မှန်ပါ)။

မကျေနပ်ဘဲ သုံးနှစ်သုံးလီ မမေ့နိုင်တဲ့ ဒေါမနဿ အကြီးဆုံးဖြစ်လာတယ် (မှန်လှုပါ)။ အဲဒါ ဘာမသိတာတုံး ဆိုတာ ရိပ်မိပလား၊ အနတ္တတုန်းကလည်း မသိခဲ့ဘူး (မှန်ပါ)။ လက္ခဏာ ပြတော့ကော (မသိပါဘူး ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားအဆူဆူနဲ့ လွဲခဲ့တာဟာ ယနေ့ဖြင့် ကောင်းကောင်းပေါ်ပါပြီ (မှန်လှုပါ ဘုရား)။ အနတ္တခန္ဓာလို့လည်း မသိခဲ့ဘူး။ အနတ္တ၏ ခန္ဓာက လက္ခဏာ ကို ပြလိုက်ပြန်တော့လည်း ခင်ဗျားတို့ အပါယ်သွားဖို့ချည်း ဖြစ်နေတယ် (မှန်လှုပါ ဘုရား)။

ဦးခင်မောင် ဘယ်လိုဆိုမယ် (အပါယ်သွားဖို့ချည်းပါ ဘုရား)။ ဘယ့်နှယ်ကြောင့် အပါယ်သွားဖို့ ဖြစ်ရတုံးလို့ မေး တဲ့အခါကျမှ ဦးဘတင် အနတ္တကို မသိလို့ လက္ခဏာပြတော့ ကော အပါယ်သွားတာပဲ (မှန်လှုပါ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

(ဆက်ရန်)

**ဓမ္မဒါန**



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ + ကိုရီးယား သာသနာပြုဆရာတော်

## ဓမ္မာစရိယ ဒေါက်တာ အရှင်ဝိစိတ္တ (မိုးကုတ်ဦး)

ဟောကြားတော်မူသော တရားတော်

# ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း

ယခင်လမှ အဆက်

### ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၂၅)

အကောင်းပြောခံရတဲ့အခါ ကျေနပ်နှစ်သက်ထတ်ရင် မကောင်းပြောလာခဲ့ရင်လည်း လက်ခံနိုင်တတ်ရမယ်။ အကောင်းကျတော့ ကြိုက်ပြီး မကောင်းကျတော့ မမိုက်ဘူး ဆိုရင် ဒါဟာ လောကရဲ့ သဘာဝကို လက်မခံနိုင်သေးတာပဲ။

လောကမှာ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းဆိုတာ နေရာ... မှာ ရှိနေတယ်။ လူတိုင်းမှာ ရှိနေမယ်။ အလုံးစုံ ပြည့်စုံ... ဘုရား စတဲ့ သူတော်ကောင်းကြီးတွေတောင် ကြုံတွေ့ရ... တယ်။ ကိုယ့်လိုလူတွေ ကြုံတွေ့နေရတာ ဘာဆန်းလဲ... မြတ်စွာဘုရားကလည်း "နတ္ထိ လောကေ အနိန္ဒိတော... လောကမှာ အကဲ့ရဲ့ မခံရတဲ့သူ တစ်ယောက်မျှ မရှိဘူး"...



www.burmeseclassic.com

www.burmeseclassic.com

တော်မူတယ်။ ဒါကြောင့် ချီးမွမ်းခံရလို့လည်း နားထင် ရောက် ခပ်မြောက်မြောက်မဖြစ်နဲ့။ အကဲ့ရဲ့ခံရလို့လည်း လှုပ်ချောက်ချား သောကမများနဲ့။ လောကသဘာဝ လို့ သဘောထား။ မနောအား ကောင်းအောင်သာ ားပြီး ရိုးသားမှုဖြင့် အခြေခံ လောကဓံကို အန်တုရင်း သို့ချီတက် ခရီးဆက်ဖို့ပါပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၂၆)

လောကမှာ အကောင်း၊အဆိုးရလဒ်ဆိုတာ အကြောင်း အပ်စပ်လာမှ ဖြစ်ပေါ်ခံစားရတတ်တယ်။ အကျိုး အချိန်မတန်သေးရင် အကောင်းသမားလည်း မကောင်း နေတတ်သလို မကောင်းသမားလည်း အကောင်းစား တတ်တယ်။

အကောင်းတွေ လုပ်နေပေမယ့် အကောင်းမကြိုက်တဲ့ ကုသိုလ်ကြောက်တဲ့သူတွေက ဖျက်လိုဖျက်ဆီးလုပ်တာ တ်သလို မကောင်းတာလုပ်နေတဲ့သူတွေမှာလည်း တ တဒင်္ဂ အကောင်းခံစားနေရတာမျိုး ရှိတတ်တယ်။ င်းသမား တန်ခိုးထွားနေတာ အားကျဖို့ မဟုတ်သလို ောင်းသမား အဆိုးများနေတာလည်း စိတ်ဓာတ်ကျဖို့ ဘူး။ အချိန်တန်ရင် ကုသိုလ်နဲ့ အကုသိုလ်ဟာ သူ့ သူ ပေးသွားမှာပဲ။ ကိုယ့်ဘက်ကတော့ အကောင်း၊ တွေကြား ဗျာမများဘဲ ဘယ်လိုအခြေအနေမျိုးမှာပဲ ကိုယ့်ကိုယ်ကိုယ် သတိကပ်ပြီး အကောင်းဆုံး ထိန်းညှိ အရေးကြီးတယ်။ အဆိုးကြုံရင် ကုသိုလ်များများဖိလုပ်၊ င်းပျောက်မှာ ကြောက်ရင် သတိမပျောက်စေနဲ့။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၂၇)

ဘဝမှာ သိပ်မွန်းကျပ်လာရင် ရုန်းထွက်နိုင်အောင် ရမယ်။ ဟိုဖိအား ဒီဖိအားများလို့ အသိတရားတွေ ရှိထားတာတွေထားပြီး သတိအားပါအောင် တရား င်သင့်တယ်။ သတိတရားက တဒင်္ဂအရှိကို ဓမ္မအသိနဲ့ နိုင်တယ်။ တကယ်တော့ ဘဝအရှိဆိုတာ ဓမ္မအသိ အလှကြည့်ရုံထက်ပိုပြီး ငြိမ်းချမ်းမှုကို မပေးနိုင်ဘူး။ လာရင် လွှတ်ချရဲတဲ့သတ္တိရှိမှ အတွယ်ကြောင့် ပူတဲ့ လျှော့ချနိုင်ရမယ်။ တွယ်တာမှုရဲ့ သဘောက လူကိုပဲ ယ်၊ ပစ္စည်းကိုပဲ တွယ်တွယ် တွယ်ရင် ပူတာပဲ။ များရင် အပါယ်တောင်သွားနိုင်တာ မဟုတ်လား။

ဒါကြောင့် ဘဝမှာ အကောင်း အဆိုး အကြောင်း အကျိုး စတဲ့ လောကဓံ တရားများအောက် ဖိအားတွေရောက် ပြီး ပူလောင်မှုတွေနဲ့ မွန်းကျပ်လာတဲ့အခါ တဒင်္ဂဘဝအရှိကို ဓမ္မအသိနဲ့ညှိပြီး အခိုက်အတန့်အဖြစ် ရုန်းထွက်ပစ်ရမယ်။ စွန့်လွှတ်မှုဆိုတာ စွန့်နိုင်မှ လွတ်မှာပါ။ မစွန့်နိုင်ရင် လွတ်ဖို့လည်း မလွယ်ပါဘူး။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၂၈)

ပေးတယ်ဆိုတာ သတ္တိရှိမှ ပေးရဲတာ။ သဒ္ဓါရှိမှ ပေးရဲတာ။ မစ္ဆရိယဆိုတဲ့ အတွယ်ရှိတဲ့သူက မပေးရဲဘူး။ ပေးရမှာ ကြောက်တယ်။ ရှိထားတဲ့အရာတွေပေါ်မှာ တွယ်ထားတဲ့အတွက် စွန့်ရမှာလည်း ကြောက်တယ်။ ဖယ်ရမှာလည်း ကြောက်တယ်။ နေရာကိုတွယ်တာ၊ အမျိုးကိုတွယ်တာ၊ ပစ္စည်းကိုတွယ်တာ၊ အလှကိုတွယ်တာ၊ ဓမ္မကိုတွယ်တာတွေဟာ မစ္ဆရိယအမျိုးအနွယ်တွေပါပဲ။ ဘာပဲတွယ်တွယ် အတွယ်မှန်သမျှ အပူပါပဲ။

နေရာဖယ်ပေးတာ၊ ပစ္စည်းပေးတာ စတာတွေဟာ စွန့်လွှတ်နိုင်တဲ့ သတ္တိရှိလို့သာ လုပ်နိုင်ကြတာပါ။ ရယူသူနဲ့ ပေးဆပ်သူ ဖြစ်နိုင်ရင် ပေးနိုင်တဲ့သူ ဖြစ်အောင် ကြိုးစားရမယ်။ ရလိုက်လို့ ဖြစ်ရတဲ့ ကျေနပ်မှုနဲ့ ပေးလိုက်ရလို့ ဖြစ်ရတဲ့ ဝမ်းမြောက်မှု နှိုင်းတုလို့တောင် မရနိုင်ဘူး။ ရလို့ ကျေနပ်တဲ့ ခံစားမှုနောက်မှာ စိုးရိမ်မှုတွေ၊ ပူပန်မှုတွေ ရှိတတ်တယ်။ ရှိလာတဲ့ အရာတွေ ပျောက်ပျက်သွားမှာ၊ ဖျက်စီးသွားမှာ စတာတွေကြောင့် ရယူခြင်းရဲ့နောက်မှာ စိတ်မချမှု၊ သောက ဖြစ်မှုတွေ ရောက်နေတတ်တယ်။

ဒါကြောင့် အယူများတဲ့သူက အပူပွားတတ်ပြီး စွန့်နိုင်မှသာ လွတ်နိုင်တဲ့အတွက် ရယူဖို့ထက် စွန့်လွှတ်နိုင်အောင် ကြိုးစားပါ။ တွယ်တာမှုကို စွန့်လွှတ်မှုနဲ့ လျှော့ချနိုင်အောင် ကြိုးစားပါ။ အပူပေါ့ချင် အယူလျှော့နိုင်အောင် ကြိုးစားပါ။ အတွယ်လျှော့ရင် တကယ်ပေါ့တယ်။ ဘာပဲဖြစ်ဖြစ် လျှော့ကြည့်လိုက်ပါ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၂၉)

ဘဝမှာ လွတ်လွတ်လပ်လပ် နေလို့ရတယ်။ လွတ်ပြီး လပ်အောင်တော့ မနေသင့်ဘူး။ လွတ်သွားတဲ့သူဟာ လပ်သွားတတ်တယ်။ ပစ္စုပ္ပန်မှာ လွတ်သွားတဲ့သူဟာ အနာဂတ်မှာ သံသရာအထိ လပ်သွားတတ်တယ်။ စိတ်လွတ်ကိုယ်လွတ်



www.burmeseclassic.com

www.burmeseclassic.com

နေရင် ဘဝပါ လွတ်သွားတတ်တယ်။ လူ့ဘဝကနေ နိမ့်ကျတဲ့ဘဝ ရောက်သွားတာမျိုးဟာ ဘဝလွတ်သွားတဲ့သဘောပဲ။

တကယ်တော့ ဘဝမှာ လွတ်လွတ်လပ်လပ် နေလို့ ရတိုင်း နေလိုက်ရင် စိတ်ဆိုတာ အကောင်းထက် မကောင်းဘက်ပဲ ပျော်တတ်တဲ့အတွက် လွတ်တိုင်း လွှတ်မထားသင့်ဘူး။ သတိမကပ်ဘဲ လွတ်နေတဲ့စိတ်ဟာ ပရမ်းပတာစိတ်မျိုးဖြစ်ပြီး သံယောဇဉ်အနှောင်အဖွဲ့ မကပ်ငြိတဲ့ စိတ်မျိုးကသာ လွတ်လပ်တဲ့စိတ်ဖြစ်တယ်။ လွတ်လပ်ချင်ရင် အနှောင်အဖွဲ့ မရှိအောင် ကြိုးစားရမယ်။ ဒါကြောင့် လွတ်လွတ်လပ်လပ် အနေချောင်ရင် မလွတ်မလပ် အသေကျပ်တဲ့အတွက် လွတ်လပ်သွားတဲ့စိတ်ကို လွှတ်လွှတ်မထားဘဲ အသိ သတိနဲ့ ထိန်းညှိသွားကြရမှာ ဖြစ်တယ်။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၃၀)

အမှိုက်ရှုပ်ရင် ပတ်ဝန်းကျင်ရှုပ်တယ်။ စိတ်ရှုပ်ရင် ကိုယ်ပါရှုပ်ပါတယ်။ စိတ်ရှင်းနေမှ အနေရှင်းတယ်။

အမှိုက်ဆိုတာ ရှင်းပေးရတယ်။ အမှိုက်ပစ်တဲ့သူကို မကြည့်ရဘူး။ အမှိုက်ရှင်းတဲ့ ကိုယ့်စိတ်ထားက အဓိကပဲ။ အမှိုက်ပစ်တဲ့သူကို လိုက်ကြည့်နေရင် ကိုယ်လည်း ပင်ပန်း စိတ်လည်း နွမ်းစေတတ်တယ်။ အမှိုက်ရှင်းတဲ့သူရဲ့ စိတ်ထား ရှင်းရင် အမှိုက်ပစ်တဲ့သူ ဘယ်သူဆိုတာ မလိုပါဘူး။

ဒီလိုပါပဲ ကိုယ့်စိတ်တွေ ရှုပ်စေတာက ကိလေသာ အမှိုက်တွေကြောင့်ပဲ။ လောဘကြူးလို့ စိတ်တွေရှုးတာ၊ ဒေါသများလို့ စိတ်တွေခါးတာ၊ မောဟရှုပ်လို့ စိတ်တွေပုပ်တာ၊ မာနခံလို့ စိတ်တွေထန်တာ။ စိတ်ရှုပ်စေတဲ့ အမှိုက်တွေကို ကိုယ့်သန္တာန်မှာ ကြာကြာမထားရဘူး။ စိတ်ကို ရှုပ်စေတဲ့ ကိလေသာအမှိုက်တွေကို အသိ သတိနဲ့ ရှင်းပစ်ရမယ်။ စိတ်အညစ်အကြေးကို စိတ်နဲ့ပဲ ဆေးပစ်ရတယ်။ သတိရှိနေတဲ့ စိတ်ဟာ အမှိုက်မရှိဘဲ သန့်ရှင်းနေတဲ့စိတ်ပါပဲ။

ဒါကြောင့် အမှိုက်ဆိုတာ ပတ်ဝန်းကျင်နဲ့ စိတ်ကို ရှုပ်စေတတ်တဲ့အတွက် ရုပ်အမှိုက်ကို ကာယအားနဲ့ရှင်းပါ။ စိတ်အမှိုက်ကို သတိအားနဲ့ရှင်းပါ။ အသိလည်းရှိ သတိလည်း ရှိရင် အမှိုက်ဆိုတာ ရှင်းနေမှာပဲပေါ့။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၃၁)

ကတိကို အလွယ်တကူ ပေးမိရင် မုသာဝါဒကို အကြိမ်ကြိမ် ကျူးလွန်မိတတ်တယ်။ အားနာလို့ "အင်းပါ" ဆိုတာမျိုးက စိတ်မပါဘဲ ပေးလိုက်တဲ့ ကတိအသေးစားလေးတွေပါပဲ။ အလွယ်တကူ ပြောမိရင် အလွယ်တကူ ဖျောက်ဖျက်မိတတ်တယ်။ ကိုယ်အလွယ်ပြောခဲ့တဲ့ "အင်းပါ" ဆိုတာလေးကို ရှောင်လွှဲဖို့အတွက် အလိမ်အညာ အမျိုးမျိုးကို ကျူးလွန်မိတတ်တယ်။

တကယ်တော့ ရိုးသားစွာ ဝန်ခံရဲတဲ့ သတ္တိဟာ မုသာဝါဒကို လျှော့ချနိုင်ဖို့ အကောင်းဆုံး အချက်ပဲ။ "မသိတာကို မသိဘူး။ မှားတာကို မှားတယ်။ မရှိတာကို မရှိဘူး။ မလုပ်ပေးနိုင်ရင် မလုပ်ပေးနိုင်ဘူး" စသဖြင့် အမှန်အတိုင်း ပြောရဲတဲ့ သတ္တိရှိရင် မုသာဝါဒကို ဆက်တိုက်ကျူးလွန်စရာ အကြောင်း မရှိတော့သလို ကတိပျက်ဖို့လည်း မရှိတော့ဘူး။

သူများ အထင်သေးမှာကြောက်လို့ "မသိတာကို သိသလိုလို၊ မှားတာကို မှန်သလိုလို၊ မရှိတာကို ရှိသလိုလို၊ မလုပ်ပေးနိုင်တာကို လုပ်ပေးနိုင်သလိုလို" စသဖြင့် ဟန်ဆောင်မိတာမျိုးက လိမ်ညာမှုကို ပိုပြီးတွန်းအားဖြစ်စေတဲ့အပြင် ကတိသစ္စာကိုလည်း လွယ်လွယ်ဖောက်ဖျက်မိတတ်တယ်။

ဒါကြောင့် ဘာပဲဖြစ်ဖြစ် ကတိကို အလွယ်တကူ မပေးပါနဲ့။ 'ဆိုခဲစေ မြဲစေ' ဆိုသလို လုပ်ပေးနိုင်ပါမှ ကတိပေးပြီး ပေးတဲ့အတိုင်း တည်အောင်ကြိုးစားပါ။ ရိုးသားမှုဆိုတာ အကျိုးများမှုကိုပဲ ဖြစ်စေတတ်တဲ့အတွက် ငါတွေဖယ်ပြီး ရိုးသားစွာ ဝန်ခံရဲတဲ့သတ္တိနဲ့ တစ်ခါတည်းပြီးမယ့် ကိစ္စကို အခါခါရှောင်လွှဲပြီး လိမ်ညာမှုကို အကြိမ်ကြိမ် ကျူးလွန်တာမျိုး မဖြစ်ပါစေနဲ့။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၃၂)

အပျော်အတွက်နဲ့တော့ အဖော်မမက်ပါနဲ့။ အပျော်ရှိတဲ့ ဘဝဆိုတာ အထီးကျန်ခြင်းကို ဖြေဆည်ခြင်းပါပဲ။ လောကအပျော်ရဲ့နောက်မှာ သောကအဖော်က ရောက်ရောက်လာတတ်တယ်။ တစ်ယောက်တည်း မနေတတ်လို့ အဖော်ရှာ၊ မတော်တာတွေ ပါလာမှဖြင့် ဒုက္ခ။

ဘဝမှာ နေတတ်ဖို့ အရေးကြီးတယ်။ နေတတ်မယ် ဆိုရင် တစ်ယောက်တည်းလည်း အပြစ်ကင်းတယ်။ အများနဲ့လည်း အပြစ်ကင်းတယ်။ အချစ်မပြင်းဖို့နဲ့ အမုန်းမတင်းဖို့ အရေးကြီးတယ်။ တစ်ယောက်တည်း မနေတတ်လို့ အဖော်မက်ရင် အချစ်၊ အမုန်း သံယောဇဉ်တွေက တွဲပါလာတတ်တယ်။ သံယောဇဉ်ကြိုးက ပိုတင်းလာရင် အချစ်ပြင်းပြင်း အမုန်းတင်းတင်းတွေ ဖြစ်ကုန်တတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဘဝမှာ အကောင်းဆုံးအဖော်ဟာ ရားအဖော်ပါပဲ။ ဘဝအဖော်ဆိုတာ ဓမ္မနဲ့ပျော်မှ အလှ ါတာပါ။ တရားနဲ့ပျော်နိုင်ရင် တစ်ယောက်တည်းလည်း နေလို့ဖြစ်တယ်။ အများနဲ့လည်း အဆင်ပြေတယ်။ တရားရှိ နေရင် အဖော်မရှိလည်း အပျော်ရှိတယ်။

ဒါကြောင့် ဘဝမှာ အကောင်းဆုံးအဖော်နဲ့ အပြစ် င်းဆုံးအပျော်ကို ပေးစွမ်းနိုင်တာဟာ တရားတော်တွေပဲ ဖြစ်တဲ့အတွက် အများမခေါ်လည်း တရားအဖော်တွဲပြီး နေနိုင်အောင် ကြိုးစားရင်း ဘဝအရှိကို ဓမ္မအသိနဲ့ ညှိလိုက် အားလုံးဟာ Peace ပါပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၃၃)

လူ့ရဲ့သဘောက ဂရုစိုက်လွန်း အလေးထားလွန်းရင် ည်း အနေကျပ်လို့ မကျေမနပ်ဖြစ်တတ်သလို ခပ်ဝေးဝေး အေးအေး နေပြန်ရင်လည်း သူစိမ်းဆန်လို့ တန်ဖိုးမထား ထင်တတ်ပြန်တယ်။ ကိုယ်က လိုက်ရင် သူက မမိုက် ထင်ချင်ထင်တတ်ပြီး ကိုယ်က မလိုက်တော့လည်း လိုက်ချင်နေတတ်တယ်။ ဒါဟာ အပြောင်းအလဲ မြန် တဲ့ ပုထုဇဉ်တွေရဲ့ စိတ်သဘောပဲ။

ကိုယ့်သဘောမဆောင်လို့ ကိုယ့်စိတ်တိုင်းမကျလို့သာ ခံစားနေရမယ်ဆိုရင် သူများတွေကို အသာထား တ်နဲ့ ကိုယ့်ကိုယ်ကိုယ်တောင်မှ ကိုယ့်အလိုမဆောင်ဘူး လား။

တစ်ခါတလေ တစ်ယောက်တည်းနေပြီး ကိုယ့်စိတ်နဲ့ ကိုယ့်ဘာသာကိုယ် ရန်ဖြစ်နေတာနဲ့ပဲ စိတ်တွေလည်းမွဲ လည်း မည်းနေကြတော့တာပဲလေ။

အရင်းစစ်တော့ ကိုယ့်စိတ်ကိုယ် မစစ်မိဘဲ သူများကို အလိုအတိုင်း ဖြစ်စေချင်မိတာကြောင့်ပါပဲ။ ငါ့ကိုယ်ငါ တို မေ့ပြီး သူများကို ငါပိုင် လုပ်ချင်နေမိတာ ပဲ။ ငါ့သား ငါ့သမီး ငါ့ဇနီး ငါ့ခင်ပွန်း ငါ့လူ ငါ့ သည်ဖြင့် ငါနှင့်ဆက်စပ်နေလို့လည်း ငါ့အတွက် လို့ မထင်နဲ့။ ငါမှမဟုတ်တာဆိုတာ သတိပြုရမယ်။

ဒါကြောင့် ကိုယ်ကဂရုစိုက်လို့ သူကဂရုမစိုက်ခဲ့ရင်၊ သူ ကြီးလွန်းလို့ ကိုယ်မကြိုက်ဖြစ်ခဲ့ရင် ကိုယ့်ကိုယ် ဆင်ခြင်၊ ကိုယ့်စိတ်ကိုယ် ပြင်ဆင်ပြီး အပြောင်းအလဲ လောင်းဗလဲ အမှားတွေ မဖြစ်အောင်ဘဲ အသိ ကြိုးစားနေထိုင်ကြရမှာပဲပေါ့။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၃၄)

လူအတော်များများက သူ့ဆန္ဒထက် ကိုယ့်ဆန္ဒကို ရှေ့တန်းတင်တတ်တယ်။ သူဖြစ်ချင်တာထက် ကိုယ်ဖြစ်ချင် တာကို ဦးစားပေးတတ်တယ်။ သူ့အခက်အခဲကို မကြည့်ဘဲ ကိုယ့်အခက်အခဲကိုပဲ ဖြေရှင်းဖို့ လုပ်တတ်ကြတယ်။ သူ့ဒုက္ခ ကို မကြည့်ဘဲ ကိုယ့်ဒုက္ခမှ ဒုက္ခလို့ ထင်တတ်တယ်။ သူ့အခြေ အနေကို မသိဘဲ ကိုယ့်အခြေအနေကိုပဲ ပြောတတ်ကြတယ်။ ကိုယ်လည်း ဒီလိုဖြစ်မှာပါပဲ။

အမှန်တော့ လူတိုင်းမှာ သူ့အခက်အခဲနဲ့သူ၊ သူ့ဒုက္ခ နဲ့သူ၊ သူ့ခံစားချက်နဲ့သူတော့ ရှိမှာပဲ။ ကိုယ့်ဆန္ဒအတိုင်း မဖြစ် လို့လည်း အပြစ်မတင်နဲ့။ ကိုယ့်ဒုက္ခကို မကူညီနိုင်လို့လည်း စိတ်ခံစားချက် မဖြစ်စေနဲ့။ ကိုယ့်အခြေအနေကို မသိလို့ တနုံ့နုံ့ ဆွေးမနေနဲ့။ အားလုံးဟာ သူ့အခြေအနေနဲ့သူ ရှိနေ မှာပဲ။ အဓိကကတော့ သူနဲ့ ကိုယ်နဲ့ကြားမှာ ဟိုအတွေး ဒီအတွေးတွေနဲ့ ဆွေးနေမယ့်အစား ကိုယ့်ကိုယ်ကိုယ်ပဲ ဖြေ ဆည်နိုင်အောင် ကြိုးစားပြီး အဆင်ပြေနေချိန်မှာလည်း အများကြီး မပြုံးနဲ့။ မပြေတဲ့အချိန်မှာလည်း တအားကြီး မမုန်းနဲ့။ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ရင်ဆိုင်နိုင် အောင် ကြိုးစားပြီးနေတတ်အောင် လေ့ကျင့်ဖို့ပါပဲ။

တစ်ယောက်ယောက်နဲ့ ပတ်သက်ပြီး ကိုယ့်အလို အတိုင်း မဖြစ်ခဲ့ရင်လည်း "သူလည်း သူ့အကြောင်းနဲ့သူ၊ သူ့ကံနဲ့သူ၊ သူ့အခြေအနေနဲ့သူ၊ သူ့ဒုက္ခနဲ့သူ ရှိနေမှာပဲလေ" ဆိုတဲ့ အတွေးက ကိုယ့်ကိုယ်ကိုယ် ဖြေဆည်ရာပေးဖို့ အကောင်းဆုံးပါပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၃၅)

ပစ္စည်းဝတ္ထုကို ထမ်းထားရင် ရုပ်လေးလာတတ်တယ်။ အတွေးမှားကို ထမ်းထားရင် စိတ်လေးလာတတ်တယ်။ အလေးတကာ့ အလေးဆုံးမှာ စိတ်လေးတာ အဆိုးဆုံးပါပဲ။ ရုပ်ပဲဖြစ်ဖြစ်၊ စိတ်ပဲဖြစ်ဖြစ် တစ်ခုခုကို ထမ်းထားရင် ကြာ တော့ လေးလာတာပဲ။

အသေးလေးဆိုပြီး မလေးဘူး မထင်နဲ့။ အမြင့်ကနေ ခေါင်းပေါ်ကျလာတဲ့ ရေစက်ကလေးတောင် ကြာတော့ တူနဲ့ထုသလို နာလာတဲ့သဘောရှိတယ်။ အတွေးမှားလည်း ဒီလိုပဲ။ တွေးရင်း တွေးရင်း လေးလေးလာတော့တာ။ အတွေး မှားလေးက ဆွေးအားကို ပိုပြီးဖြစ်စေတတ်တယ်။ ဒါကြောင့် ဘဝမှ အကြာကြီး ထမ်းမထားပါနဲ့။ သိပ်လေးလာရင် လွှတ်



www.burmeseclassic.com

www.burmeseclassic.com

ခုလိုက်ပါ။ လွှတ်ရင် လွတ်မယ်။ လျှော့ရင် ပေါ့မယ်။ ဘယ်သူ့ကိုမှ ယိုးမယ်ဖွဲ့မနေနဲ့။ ကိုယ်လွှတ်ရင် ကိုယ်လွတ်မယ်။ ကိုယ်လျှော့ရင် ကိုယ်ပေါ့မယ်။ ဒါက သဘာဝပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၃၆)

သူများကို အားကျပြီး ကိုယ့်ဘဝအပေါ် အားမရဖြစ်နေရင် ဘဝဟာ ပိုလို့တောင် မကျေမနပ်ဖြစ်၊ အလိုမကျဖြစ်၊ အကုသိုလ်ဖြစ်၊ စိတ်မချမ်းမသာ ဖြစ်နေမှာပဲလေ။

သူ့အခနေအထားကို မကြည့်နဲ့။ ကိုယ့်အနေအထားကိုပဲ ညှိပေါ့။ လူတိုင်းဟာ သူ့အကြောင်းနဲ့သူ သူ့ကံနဲ့သူ ဖြစ်နေတဲ့သဘော ရှိတဲ့အတွက် မတူတဲ့ကံကိုလိုက်ပြီး ချိန်ထိုးနေရင် ကိုယ်ပဲ ခံစားရမှာ မဟုတ်လား။

ကိုယ့်တရားနဲ့ကိုယ်၊ ကိုယ့်လက်ရှိအခြေအနေမှာပဲ အကျိုးများအောင် ကြိုးစားလိုက်တာပေါ့။ အရေးကြီးဆုံးက အားကျမလွဲဖို့ပဲလေ။ "သူသုံးသလို မသုံးနိုင်လို့၊ သူဝတ်သလို မဝတ်နိုင်လို့၊ သူနေသလို မနေနိုင်လို့၊ သူစားသလို မစားနိုင်လို့" စတာတွေမှာ အားကျပြီး အဲဒါတွေ လိုက်ပြိုင်နေရင် ဒါဟာ အားကျတာလွဲတာပဲ။ သူ့လိုအခြေအနေမျိုး မဟုတ်ပေမယ့် ကိုယ့်အခြေအနေနဲ့ကိုယ် ရှိတာလေးနဲ့ လိပ်ပြာသန့်နေဖို့ အဓိကပဲ မဟုတ်လား။

တကယ်တော့ ဘဝမှာ ရုပ်ဝတ္ထုတွေ ဘယ်လောက်ပဲ ပြည့်စုံ ပြည့်စုံ "စိတ်ချမ်းသာမှုဆိုတာ ရှိတိုင်း ချမ်းသာတာ မဟုတ်ဘူး။ ချမ်းသာအောင် နေတတ်မှ ချမ်းသာတာ"။ ဒါလေး ဆင်ခြင်မိရင် ကိုယ့်အခြေအနေကလည်း ကျေနပ်စရာပဲပေါ့။

ဒီတော့ အဆိုးမတွေးနဲ့။ အကျိုးပေးတဲ့ဘဝမှာ ရိုးရိုးလေးနဲ့ အပြစ်ကင်းအောင် နေလိုက်ပါ။ ကိုယ့်လိပ်ပြာ ကိုယ်သန့်ရင် ဘဝမှာ ဘာမှမရှိလည်း အလှရှိနေတာပဲလေ။ ကိုယ်ကျင့်အလှက အဓိကပဲပေါ့။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၃၇)

မစွန့်နိုင်လို့ မလွှတ်တာ၊ လွှတ်ချင်ရင် စွန့်ရမယ်။ မလျှော့နိုင်လို့ မပေါ့တာ၊ ပေါ့ချင်ရင် လျှော့ရမယ်။ လိုနေကြလို့ အလိုမကျတာ၊ အလိုကျချင်ရင် မလိုချင်မှဖြစ်မယ်။ စိတ်မချလို့ အိပ်မရတာ၊ အိပ်ပျော်ချင်ရင် စိတ်အတော်ပြင်ရမယ်။ စိတ်အတွင်းမလှလို့ ရုပ်အဆင်းကျတာ၊ အဆင်းလှချင်ရင် စိတ်အလှပြင်ရမယ်။

အရင်းစစ်တော့ ကိုယ့်စိတ်ပါပဲ။ အကောင်းဖြစ်တာလည်း ဒီစိတ်၊ မကောင်းညစ်တာလည်း ဒီစိတ်၊ ဘဝကောင်းတာလည်း ဒီစိတ်၊ ဘဝစောင်းတာလည်း ဒီစိတ်။

စိတ်ထားလေးသာ ပြင်နိုင်ရင် ကုသိုလ်ဆိုတာ နေရာတိုင်းမှာရှိတယ်။ အချိန်တိုင်းမှာ ဖြစ်တယ်။ လူတိုင်းအတွက် ရနေတာပဲ။ စိတ်ထားမတတ်ရင်တော့ အကောင်းလုပ်ရင်း မကောင်းရှုပ်နေတာလည်း အများကြီးပဲ မဟုတ်လား။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် လျှော့လိုက်ပါ။ ပေါ့သွားပါလိမ့်မယ်။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၃၈)

လောကသဘာဝ လူမှုဆက်ဆံရေးမှာ မဖြစ်မနေ ကြုံတွေ့ရမယ့်သူ၃ဘွဲ့ ရှိတယ်။ ကိုယ့်ကိုချစ်တဲ့သူ၊ ကိုယ့်ကို မုန်းတဲ့သူ၊ မချစ်လည်း မချစ်၊ မမုန်းလည်း မမုန်းတဲ့သူ ဆိုတဲ့ သုံးမျိုးပါပဲ။ ချစ်တဲ့သူကတော့ အကောင်းမြင်ပြီး အကျိုး လိုလားမှာပေါ့။ မချစ်တဲ့သူကတော့ ဘာပဲလုပ်လုပ် အဆိုး ကြည့်နေမှာပေါ့။ မချစ်မမုန်းတဲ့သူ ဆိုတာကတော့ အပြစ် အရှုံးမရှိတဲ့အတွက် ဥပေက္ခာနှလုံးသားနဲ့ နေတဲ့သူမျိုးပေါ့

ကိုယ့်ကို ချစ်ခင်သူတွေ၊ ကိုယ့်ကို မကြိုက်တဲ့သူ၊ ကိုယ့် ရန်သူတွေနဲ့ တွေ့ကြုံတဲ့အခါမှာလည်း သူမုန်းပေမယ့် ကိုယ် ပြုံးနိုင်အောင် ကြိုးစားရမယ်ပေါ့။ သူမုန်းတိုင်း ကိုယ်မုန်း မဖြစ်ဘူးလေ။ ခံယူတတ်မယ်ဆိုရင် ဒီလူတွေကြောင့် ကိုယ့် ပိုပြီးတော့ သတိတွေထားလာရတယ်။ ကိုယ့်အလုပ်ပေါ် အမှားနည်းအောင် ဂရုစိုက်လာရတယ်။ အတိုက်အခိုက် ကြား ကုသိုလ်တရားတောင် ပိုအားပြုဖြစ်လာတာတွေလည်း ရှိတတ်တာပဲ မဟုတ်လား။ ဒါလည်း သူတို့ကျေးဇူးပဲပေါ့

ကိုယ့်အပေါ် မချစ် မမုန်းတဲ့သူတွေအတွက်က ကိုယ်လည်း မချစ် မမုန်းပဲပေါ့။ ဒီစိတ်ဓာတ်ကလည်း မြင့်မြတ် တဲ့စိတ်ပါပဲ။ အချစ် အမုန်းရှိရင် အပြစ် အရှုံးတွေ ရှိနေဦး ဆိုတော့ ဖြစ်နိုင်ရင် အားလုံးအပေါ်မှာတောင် ဒီလို မချစ် မမုန်းစိတ် ထားနိုင်ရင် အကောင်းဆုံးပဲလေ။

ဒါကြောင့် ဘဝ လူမှုဆက်ဆံရေးအတွက်တော့ စိတ် မပျက်ပါနဲ့။ ချစ်သူလည်း ကျေးဇူးရှိသလို၊ မုန်းသူလည်း အထောက်အကူပြုသူ ဖြစ်တဲ့အပြင် မချစ်မမုန်းတဲ့သူ လည်း အလေးထားရမယ့်သူပဲ ဖြစ်တဲ့အတွက် ချစ်သူများ လည်း အပြုံးမများနဲ့။ မုန်းသူများလို့လည်း အမုန်းမထား ဖြစ်နိုင်ရင် အပြုံးနဲ့အမုန်းကြားမှာ ဥပေက္ခာနှလုံးသားနဲ့ ကြိုးစားနေထိုင် ပြုမူဆက်ဆံနေကြရုံပဲပေါ့။





www.burmeseclassic.com

www.burmeseclassic.com

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၃၉)

လူတွေ တစ်ယောက်နဲ့တစ်ယောက် မတည့်ကြတာ ...တာတော့ မနာလိုတဲ့စိတ်၊ ဝန်တိုတဲ့စိတ်တွေကြောင့်ပဲ ... ဒီ မနာလိုစိတ်၊ ဝန်တိုစိတ်တွေဟာလည်း အချစ်တွေ၊ ...တွေကြောင့် ဖြစ်တာပါပဲတဲ့လေ။

မှန်လိုက်တာ။ ချစ်တော့ မနာလိုစိတ်တွေဖြစ်၊ သဝန် ...တွေဖြစ်။ မုန်းတော့လည်း မနာလို ဝန်တိုတွေ ဖြစ်ကြ ... တစ်ယောက်နဲ့တစ်ယောက် မနာလိုတာတွေ၊ ဝန်တို ...တွေ ရှိနေကြတော့ အချင်းချင်း သူ့အဆင်ပြေနေတဲ့ ...မှာ ဝမ်းမသာနိုင်ကြ၊ စွန့်လွှတ်သင့်တာတွေလည်း ...လွှတ်နိုင်ကြ ဖြစ်ကြရင်း ဘယ်လိုမှ လက်တွဲလို့မရတဲ့ ... ဖြစ်တုန်ကြတော့တာပါပဲ။

ဒီတော့ကား တစ်ယောက်နဲ့တစ်ယောက် တည့်ချင် ... အဆင်ပြေပြေ လက်တွဲနေချင်ရင်၊ ရန်မဖြစ်ချင်ရင်တော့ ...တွေ၊ အမုန်းတွေ လျှော့ဖို့ပါပဲ။ အချစ် အမုန်းတွေ ...ရင် မနာလိုစိတ်၊ ဝန်တိုစိတ်တွေလည်း နည်းလာမှာပဲ ...ဒီတာပွားနိုင်မှုနဲ့ စွန့်လွှတ်နိုင်မှု စွမ်းအားဟာ ရန်နည်းပြီး ...လတ်တွဲကာ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်နိုင်ဖို့အတွက် ...ကောင်းဆုံး အထောက်အပံ့ပါပဲလေ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၄၀)

ဒုက္ခအားလုံးမှာ အဆိုးဆုံးက စိတ်ဒုက္ခပဲ။ စိတ်ဒုက္ခ ... အပူလောင်ဆုံးနဲ့ အပင်ပန်းဆုံးပဲ။ စိတ်ဒုက္ခကြောင့် ...လာတဲ့ ခံစားမှုဟာ ရုပ်တရားကို ပိုပြီးဒုက္ခတွေတိုးစေ၊ ...ခံစားမှုကို ပြင်းစေတတ်တယ်။ ရုပ်က မဆောင်လို့ လူက ...ဆောင်နိုင်ပေမယ့် စိတ်က ဆောင်နေရင် ဒုက္ခကို ရှောင် ...ကြမှာပါပဲ။ စိတ်က မဆောင်နိုင်ခဲ့ရင်တော့ ဘယ် ... ဆောင်နေတဲ့ရုပ်ပဲ ဖြစ်ပါစေ၊ အရုပ်ကြိုးပြတ် ဒုက္ခ ...နေစေတော့တာပဲ မဟုတ်လား။

စိတ်ကို ဒုက္ခဖြစ်စေတာကလည်း တခြားသူတွေ ... မဟုတ်ဘူး။ ကိုယ့်စိတ်က ကိုယ့်ကိုပြန်ပြီး ဒုက္ခပေး ...ကိုယ့်စိတ်ကို ဒုက္ခပေးတာကလည်း ကိလေသာတရား ... ပေးတာ။ လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ ...သာတရားတွေက စိတ်ကို ဒုက္ခဖြစ်စေတာ။ လောဘ ... စိတ်ပင်ပန်းတယ်။ ဒေါသကြောင့် စိတ်ပူလောင် ... မောဟကြောင့် စိတ်ထိုင်းမှိုင်းတယ်။ မာနကြောင့် ...ထန် တင်းကျပ်တယ်။ စသဖြင့် ဒီကိလေသာတွေက ကိုယ့်စိတ်ကို ဒုက္ခဖြစ်စေတာပဲ။ ဒီတရားတွေကပဲ ကိုယ့်စိတ်ကို ညစ်နွမ်းစေတာပဲ။ စိတ်ညစ်တော့ မရွှင်လန်း၊ မရွှင်လန်းတော့ ပင်ပန်း၊ ပင်ပန်းတော့ ဆင်းရဲ၊ ဆင်းရဲတာ ဒုက္ခပဲပေါ့။

ဒီတော့ ဒုက္ခဖြစ်တာ လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာတရားတွေကို လက်ခံမိတဲ့ ကိုယ့်စိတ်ကြောင့်ပဲ ဖြစ်တဲ့အတွက် ဒုက္ခနည်းချင်ရင် စိတ်ကိုပြင်ရမယ်။ စိတ်ပြင်ဖို့ ဆိုရင် စိတ်ကို ဒုက္ခဖြစ်စေတဲ့ ကိလေသာတွေ မဝင်အောင် နေထိုင်ကြဖို့ပါပဲ။ ကိလေသာတွေ ကြားမဝင်ဖို့ဆိုရင် သတိ ရှိနေမှပဲ ဖြစ်မှာပေါ့။ သတိရှိနေတဲ့စိတ်ဟာ ကိလေသာတွေ ကင်းနေတဲ့စိတ်ပဲ။ ကိလေသာကင်းနေတဲ့ အခိုက်ဟာ အပူ ကင်းနေတဲ့ အချိန်ပဲဖြစ်ပြီး အပူမရှိတဲ့စိတ်ဟာ အေးချမ်းတဲ့ စိတ်ပဲပေါ့။ အပူကင်းချင်ရင် အယူမပြင်းနဲ့။ ယူလို့ ပူတာ။ မယူရင် မပူဘူး။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၄၁)

ဘဝမှာ ဖြစ်ချင်တာနဲ့ ဖြစ်နေတာ တစ်ထပ်တည်းကျ နေတဲ့သူဆိုတာ အတော်ရှားတယ်။ ဖြစ်ချင်တဲ့ဆန္ဒကိုလိုက်ပြီး ဘဝကို ပုံဖော်နေတာထက် ဘဝအခြေအနေကိုလိုက်ပြီး ဆန္ဒကိုတည်ဆောက်နိုင်ရင် မဆိုးဘူး။ ဖြစ်ချင်တာ ဖြစ်လို့ မရတဲ့ဘဝမှာ ဖြစ်နေတဲ့ အနေအထားကပဲ ဖြစ်ချင်တာကို စကြရမှာပေါ့။

လူ့စိတ်ဆိုတာ တစ်ခါတလေ ဖြစ်ချင်တာကတခြား ဖြစ်နေတာကတစ်မျိုး အမျိုးမျိုး ကြုံနေရတဲ့ ကိုယ့်ဘဝ အခြေအနေကိုကြည့်ပြီး အားငယ်စိတ်တွေ၊ မကျေနပ်စိတ်တွေ၊ အလိုမကျတာတွေ ဖြစ်တတ်တယ်။ ဒါဟာ အကောင်း၊ အဆိုးတွေကြားမှာ အကြောင်းအကျိုးကို သတိမထားမိတော့ ဖြစ်ချင်တာ မဖြစ်တဲ့အပေါ်မှာ အတွေးချော်တဲ့သဘောပါပဲ။

သေချာတွေးကြည့်ရင် ဖြစ်ချင်တာတွေ အားလုံးဖြစ်ဖို့ ဆိုတာတော့ မလွယ်ဘူး။ မမြဲခြင်းဆိုတဲ့ အနိစ္စသဘောကိုက အဖြစ်နဲ့အပျက်ကြား ပုံဖော်ထားပြီး ဖြစ်တဲ့အရွက် အဖြစ် ရှိနေသမျှ အပျက်ရှိနေမှာပဲ။ ဖြစ်ချင်တာလည်း ပျက်နေမှာပဲ။ အပျက်ကနေလည်း ဖြစ်အောင် တည်ဆောက်နိုင်တာပဲ။

အဓိကကတော့ ဖြစ်ချင်တဲ့အတိုင်း ဖြစ်လို့မရတဲ့ အခြေအနေမှာ ဒီထက်ပိုပြီး ဆိုးမသွားအောင်သာ ကိုယ့်ဘဝ ကိုယ် ထိန်းကျောင်းပြုပြင်ရင်း ဖြစ်နေရတဲ့ အနေအထားက နေ ဖြစ်ချင်တာလေးတွေကို တဖြည်းဖြည်း ပုံဖော် တည် ဆောက်နိုင်အောင် ကြိုးစားဖို့ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လို့လည်း မညစ်နဲ့။ ဖြစ်နေလို့လည်း မနစ်နဲ့။ ဖြစ်ပျက်နေတဲ့ ဘဝမှာ အနှစ်မပဲ့ဖို့ကသာ အခရာပဲလေ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၄၂)

အတိတ်မှာ ဘာဖြစ်ခဲ့ ဖြစ်ခဲ့ ကျန်ခဲ့တာတော့ ကျန်ခဲ့ပြီပေါ့။ ပြီးခဲ့တာတွေနဲ့ ပတ်သက်လို့ အမှန်တရားကို မာန်ထားပြီး နှလုံးသားမှာ အမုန်းပွားရင် အရှုံးများတာလည်း ကိုယ်ပဲဖြစ်မှာပေါ့။ ခံစားနေလည်း ရန်များတာပဲလေ။ တစ်ယောက်ယောက်ကို မုန်းလိုက်လို့ ကိုယ်လည်းအကျိုးရှိ သူလည်းအကျိုးရှိသွားမယ်ဆိုရင်တော့ မုန်းသင့်ရင် မုန်းရမှာပေါ့။ အမုန်းဆိုတာ အကျိုးရှိဖို့ထက် အရှုံးကိုပဲ ဖြစ်စေတာ မဟုတ်လား။ တစ်ယောက်ယောက်နဲ့ ပတ်သက်ပြီးပဲဖြစ်ဖြစ်၊ တစ်ခုခုနဲ့ ပတ်သက်ပြီးပဲဖြစ်ဖြစ် သိပ်ပြီးခံစားနေရတယ်။ ဘယ်လိုမှကို ဖြေဖျောက်လို့မရအောင် မကျေနပ်ချက်တွေ များနေတယ်ဆိုရင်တော့ ကိုယ့်ဘက်ကပဲ အပြီးဖြတ်လိုက်ပေါ့။ သံသရာအဆက်ဆိုတာ ကိုယ်ဖြတ်မှပဲ ပြတ်မှာလေ။ ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် ကိုယ်မကျေနပ်လို့ ကိုယ့်ဘက်က ပြန်တဲ့ ပြန်ရင်လည်း သံသရာက ရှည်နေကြဦးမှာဆိုတော့ များများ မကျေနပ်လေ မြန်မြန်ဖြတ်နိုင်အောင် ကြိုးစားလေဆိုတာ အဆုံးသတ်လည်း မြန်မှာပဲပေါ့။

ဒါကြောင့် ဖြစ်ပြီးခဲ့တဲ့ကိစ္စတွေမှာ ဘယ်သူ့ကြောင့် ဘာကြောင့်ဆိုတဲ့ လက်ညှိုးတွေကို ဘေးဖယ်၊ ဘဝသံသရာ ခရီးမှာ အကြွေးတွေ မသယ်ချင်တော့ဘူးဆိုရင်တော့ ကိုယ်က စပြီး ဖြတ်လိုက်ပါ။ အပြစ်တွေလည်း မသယ်၊ အချစ်တွေလည်း မလွယ်တော့ဘဲ သံသရာခရီး ဒီဘဝမှာပင် အပြီးထားလို့ အဆက်မှန်သမျှ ဖြတ်လိုက်ကြဖို့ပဲပေါ့။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၄၃)

ခံစားလွယ်တဲ့သူဟာ ဆုံးရှုံးဖို့လည်း လွယ်တတ်တယ်။ ပင်ပန်းမှုလည်း များတတ်တယ်။ ခံစားမှုနောက်ကိုလိုက်ရင်း အလိုမကျမှုနဲ့ မကျေနပ်မှုကို တိုးပွားစေတတ်တယ်။ ခံစားမှုကြီးလေ ဝေဒနာကြီးလေ ဖြစ်တတ်တယ်။

ပုထုဇဉ်ဘဝ အလွယ်တကူ ခံစားမှုတွေ ဖြစ်တတ်ပေမယ့် ခံစားမှုရဲ့ နောက်ကွယ်မှာ ဒုက္ခတရားက ကပ်ပါလာတတ်တာကိုတော့ သတိပြုဖို့လိုတယ်။ IQ (Intelligence Quotient) လို့ခေါ်တဲ့ မှတ်ဉာဏ်စွမ်းအား ဘယ်လောက်ပဲ မြင့်မြင့် IQ (Intelligence Quotient) လို့ခေါ်တဲ့ ခံစားမှုကို ထိန်းပေးနိုင်တဲ့ စွမ်းရည်မရှိရင် ပညာတော်တဲ့သူတွေလည်း ကျရှုံးမှုတွေ ကြုံရတတ်တယ်။ ဘဝမှာ အောင်မြင်နေတဲ့သူ အတော်များများဟာ ခံစားချက်ကို ထိန်းချုပ်နိုင်တဲ့သူတွေပဲ များတာကို တွေ့ရလိမ့်မယ်။

မြတ်ဗုဒ္ဓက "အကောင်း၊ အဆိုး ခံစားမှုမှာ မတုန် မလှုပ် ရင်ဆိုင်နိုင်တဲ့သူဟာ စိုးရိမ်မှုကင်းပြီး အပြစ်ကင်း ကြောင်း" လမ်းညွှန်ဟောတော်မူတယ်။ အကောင်းခံစားရ လို့လည်း အပျော်မလွန်ဖို့၊ အဆိုးခံစားရလို့လည်း မတုန်လှုပ်ဖို့ အရေးကြီးတယ်။ ခံစားချက်ဆိုတာ ခံစားဖို့မဟုတ်ဘူး။ ခံစား ချက်ကို သိမှတ်ဖို့ပဲ။ သိရင် အလွယ်မခံစားတော့ဘူး။ မခံစား ရင် ဒုက္ခနည်းမယ်။

ဒါကြောင့် ဘယ်လိုခံစားမှုပဲကြုံကြုံ အလွယ်တကူ မခံစားမိပါစေနဲ့။ ကောင်းလို့လည်း မပျော်နဲ့၊ ဆိုးလို့လည်း မချော်နဲ့။ အကောင်း၊ အဆိုး ခံစားချက်ကို အကြောင်းအကျိုး သက်ရောက်မှုအဖြစ် ရင်ဆိုင်နိုင်ရင် ဘဝခံစားမှုဆိုတာ တခဏ ပါပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၄၄)

ပြဿနာလား။ ရှိတာပေါ့။ အလုပ်လုပ်နေသူမှာ ပိုရှိ တယ်။ အလုပ်များလေ ပြဿနာများလေပဲ။

တကယ်တော့ လူတိုင်းအတွက် ပြဿနာဆိုတာ အနည်း၊ အများ ရှိနေကြမှာပဲ။ တစ်ယောက်တည်းတောင် ကိုယ့်ဘာသာကိုယ် ပြဿနာဖြစ်နေတဲ့သူတွေလည်း ရှိနေကြ တာ မဟုတ်လား။ ပြဿနာရှိတာ ပြဿနာမဟုတ်ဘူး။ ပြဿနာကို ရင်ဆိုင်ဖြေရှင်းတတ်ဖို့ပဲ လိုတယ်။ ပြဿနာဆို တာ ခံစားနေဖို့၊ စိုးရိမ်နေဖို့ မဟုတ်ဘူး။

ပြဿနာဆိုတဲ့ စကားလုံးကို မြန်မာအဘိဓာန်မှာကိုက "ဖြေရှင်းရန် အမှုကိစ္စ" လို့ ဖွင့်ပြထားတယ်။ ခံစားရမယ့်အမှု ကိစ္စလို့ မဖွင့်ဘူး။ ပြဿနာဆိုတာ ဖြေရှင်းရမှာတဲ့လေ။ ဖြေ ရှင်းရမှာကို မဖြေရှင်းဘဲ ခံစားနေကြလို့ ပြဿနာက ပိုကြီး သွားကြတာနေမှာ။ ဆိုတော့ကာ အလုပ်လုပ်နေတဲ့သူတွေ အတွက် ပြဿနာရှိနေတာ မဆန်းဘူး။ ပြဿနာရှိလာတဲ့ အခါ ခံစားမှုနဲ့ မရှင်းဘဲ ဉာဏ်နဲ့ ဖြေရှင်းတတ်ဖို့ပဲ အရေး ကြီးတယ်။ ခံစားချက်ကို ရှေ့တန်းတင်ရင် ပြဿနာက မပြေလည်ဘဲ အများတွေကို ပိုဖြစ်စေတတ်တယ်။ ခံစားချက် က အမှန်တရားကို မျက်ကွယ်ပြုတတ်တယ်။ ခေါင်းအေးအေး ထား၊ အသိဉာဏ်အားနဲ့ပဲ ဖြေရှင်းဖို့ပဲလေ။





www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ပြဿနာဆိုတာ ကိုယ့်ရဲ့အရည်အချင်းကို ...ကျောက်တင်ပေးတဲ့ စမ်းသပ်မှုပဲ ဖြစ်တဲ့အတွက် ပြဿနာ ... ခကြောက်ပါနဲ့။ ပြဿနာကို ရင်ဆိုင်ပြီး ခံစားချက်ကို ...ဖယ်၊ အသိဉာဏ်နဲ့ ဖြေရှင်းနိုင်အောင် ကြိုးစားဖို့ပဲပေါ့။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၄၅)

"သူများရဲ့အမှားကိုရှာတာ လွယ်တယ်၊ ကိုယ့်အမှား ... လက်ခံဖို့ကျတော့ ခက်တယ်၊ အမှားကို ပြုပြင်ဖို့က ပိုခက် ...ယ်"

အသိဉာဏ်အားနည်းရင် ကိုယ့်အမှားကို မမြင်ဘဲ ...တစ်ပါးအမှားကို ရှာဖွေပုတ်ခတ် ပြောဆိုကာ ကိုယ့်အမှား ... အာကွယ်တတ်တယ်။ လုပ်သမျှအလုပ်၊ ပြောသမျှစကား၊ ...သမျှအတွေးများဟာ ကိုယ့်အတွက်လည်း အကျိုးမရှိ၊ ...များအတွက်လည်း အကျိုးမရှိ ဖြစ်စေတတ်တယ်။

ပညာအသိရှိတဲ့သူဟာ သူများအမှားကို မနှိမ်ချဘဲ ...ယ်ကောင်းအောင်သာ ကြိုးစားတယ်။ သူများအမှားကို ...ခန်းစာယူပြီး ကိုယ်မှန်အောင်သာ အားထုတ်လေ့ရှိတယ်။ ...ပညာရှိသူတွေရဲ့ လုပ်ရပ်ဟာ မိမိ သူတစ်ပါး အကျိုး ...ကိုသာ ဖြစ်စေတယ်။

ဒါကြောင့် အသိပညာရှိအောင် ကြိုးစားရမယ်။ အသိ ...ညာရှိဖို့အတွက် စာများများဖတ်ရမယ်။ စာစုံဖတ်ရမယ်။ ...တွေ့အကြုံများအောင် ကြိုးစားရမယ်။ အရေးကြီးဆုံးက ...များနည်းအောင် သတိဆောင်ရမယ်။ သတိရှိရင် တရားရှိ ...ယ်။ တရားရှိရင် အမှားသိမယ်။ အမှားသိတာက အမှန် ...ရားရဲ့ ရှေ့ပြေးပဲပေါ့။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၄၆)

"ဆင်းရဲပေမယ့် မဆင်းရဲပါစေနဲ့။ မဆင်းရဲရင်လည်း ...ဆင်းမလွဲပါစေနဲ့" တဲ့။ ရုပ်ဆင်းရဲပေမယ့် စိတ်မဆင်းရဲ ...အောင်နေ၊ ရုပ်မဆင်းရဲရင်လည်း အတက်အကျတွေကြား ...ဆင်းရတဲ့အခါ အဆင်းမလွဲအောင်နေလို့ ဆိုလိုတဲ့သဘော ... လောကမှာ ရုပ်ဝတ္ထုတွေ မပြည့်စုံလို့ ရုပ်ပိုင်းဆိုင်ရာ ...မှာ ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ အရေးကြီးဆုံးက ...ဆင်းရဲအောင် နေတတ်ဖို့ပဲ။

တစ်ခါ တစ်ခါ မရှိတာကလည်း ချမ်းသာတစ်မျိုးပဲ။ ...တိုက်တာ မြို့ပြအိမ်ခြံတွေကြားမှာ နေရတာထက် ...တောင်တွေကြား ဝါးအိမ်လေးမှာ တိတ်တိတ်ဆိတ်ဆိတ် နေရတာကလည်း စိတ်အေးချမ်းမှုကို ပေးစွမ်းနိုင်တာပဲလေ။ ရုပ်ဆင်းရဲပေမယ့် "မရှိလို့ မပူရတဲ့ သုခက ရှိလို့ ပူရတဲ့ ဒုက္ခထက် စိတ်ချမ်းသာမှုကို အများကြီး အထောက်အပံ့ ဖြစ်စေတာပဲ" မဟုတ်လား။

တချို့ကျတော့ ရုပ်ပိုင်းဆိုင်ရာမှာ ပြည့်စုံစွာနေရပေမယ့် စိတ်မချမ်းသာတဲ့ ဘဝမှာ ပင်ပန်းနေရတဲ့သဘော ရှိတယ်။ ရှိရင် ချမ်းသာမယ်ထင်ပြီး ရှိအောင်လုပ်ခဲ့ပေမယ့် တကယ်ရှိလာတော့ အဲဒီအရှိတရားက ပူလောင်မှုကို ဖြစ်စေတာလည်း အများကြီးပဲလေ။ ရုပ်ဝတ္ထု အရှိတရားဆိုတာ အသိတရား မပါရင် ရှိထားတာနဲ့အမျှ အပူကို ရစေတတ်တယ်။ "ခုနစ်ရက် မင်းစည်းစိမ်ကို ခံစား၊ ခုနစ်ရက် ပြည့်ရင် သတ်မယ်" ဆိုတဲ့ ရာဇသံရထားတဲ့သူ အတွက်တော့ မင်းစည်းစိမ်မှာ ခံစားနေရပေမယ့် သူ့မှာ တစ်ရက် တစ်ရက် ကုန်သွားမှာကို ကြောက်နေရတာပဲ မဟုတ်လား။ တချို့သူတွေရဲ့ ရုပ်ပစ္စည်း မဆင်းရဲတဲ့ဘဝဟာ အဲဒီလိုပါပဲ။ အဓိက ကတော့ တဒင်္ဂချမ်းသာတွေကြား တက်ပြီးလို့ ပြန်ဆင်းတဲ့ အခါ အဆင်းမလွဲဖို့ သတိပြုရမယ့်အချက်ပါပဲ။

ဒါကြောင့် ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ ရုပ်မွဲပေမယ့် အကျင့်မမွဲပါစေနဲ့။ အကျင့်မြတဲ့ ချမ်းသာဟာ အကောင်းဆုံး ချမ်းသာပါပဲ။ ရှိနေလို့လည်း အသိတွေ မလွဲပါစေနဲ့။ အရှိတရားဟာ အသိတရား မပါရင် ရှိထားတာ အလကားပါပဲ။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၄၇)

လောကမှာ ကိုယ့်စိတ်က ကိုယ့်ကို အလှည့်စားခံရတာ အဆိုးဆုံးပဲ။ အဲဒါကိုပဲ မသိစိတ်လို့ ခေါ်ကြတာနေမှာ။ မသိတာကိုက အလှည့်စားခံရတဲ့သဘောပဲ။ ဘာက လှည့်စားခံရတာလည်းဆိုတော့ အာရုံက လှည့်စားခံရတာ။ စိတ်မှာ သတိမကပ်ရင် စိတ်ဟာ အာရုံတွေရဲ့ လှည့်စားတာကို ခံရတတ်တယ်။ သတိမကပ်တဲ့စိတ်ဟာ ခံစားမှု သိပ်လွယ်ပြီး အာရုံတွေအပေါ်မှာ အလွယ်တကူ စွဲလမ်းတတ်တယ်။ စွဲတဲ့သူဟာ လန်းဖို့ထက် လွဲဖို့ပဲများတယ်။ အစွဲကြီးတဲ့သူဟာ အလွဲတွေလည်း ကြီးတတ်တယ်။

လူအတော်များများ ဖြစ်ပေါ်နေတဲ့ ဒုက္ခဟာ တကယ်တော့ ခံစားလွယ်လို့ပါပဲ။ ခံစားလွယ်တဲ့သူဟာ ဒုက္ခပိုကြီးတတ်ပြီး အကောင်း၊ အဆိုးတွေကြား လောဘ၊ ဒေါသတွေ များတတ်တယ်။ အကောင်း၊ အဆိုး ခံစားချက်ဟာ အာရုံရဲ့





www.burmeseclassic.com

www.burmeseclassic.com

အလှည့်အပြောင်းမှာ စိတ်က လိုက်ခံစားရင်း စိတ်စွဲရာနောက် ချွပ်ပါ ရောက်တုန်တော့တာပါ။ ဒီသဘောကို သိဖို့က စိတ်ကို သတိနဲ့ကြည့်ဖို့ လိုတယ်။

ဒါကြောင့် စိတ်ကြောင့် စိတ်မှာ ဒဏ်ရာမရဖို့၊ ကိုယ့်စိတ်ရဲ့ လှည့်စားမှုဟာ ခံစားချက်တွေ မများဖို့အတွက် အာရုံတွေနောက် စိတ်မရောက်ရလေအောင် ကိုယ့်စိတ်ကို သတိကပ်ပြီး အရှိအတိုင်း သိမှတ်ရမယ်။ အရှိနဲ့ သတိ တစ်ထပ်တည်းရှိဖို့ သတိတရား လက်ကိုင်ထားရမယ်။ အရှိကို သိနေရင် မစွဲဘူး။ စွဲတယ်ဆိုတာ မသိလို့စွဲတာ။ မစွဲရင် မလွဲတော့ဘူး။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၄၈)

အမြင့်ရောက်လာရင် များများမြင်ရသလို ကျယ်ကျယ်လည်း မြင်ရတယ်။ တစ်ဖက်ကလည်း အမြင့်ရောက်လေ လေဒဏ်၊ မိုးဒဏ် ပိုခံစားရလေလည်း ဖြစ်တတ်တယ်။ သစ်ပင်တွေမှာ ထိပ်ဆုံးက သစ်ရွက် သစ်ခက်တွေဟာ တဖျပ်ဖျပ် လူးလွန့်နေအောင် လေတိုက်ခံရ၊ မိုးစိုးခံရတာတွေ ဖြစ်တတ်တယ်။

ဘဝလည်း ဒီလိုပဲ။ အမြင့်ရောက်တာနဲ့ ကျယ့်ကျယ်ပြန့်ပြန့် ထဲထဲဝင်ဝင်တော့ ပိုရှိလာတယ်။ ဒါပေမဲ့ မြင့်လာတာနဲ့အမျှ အတိုက်အခိုက်တွေကလည်း ပိုများလာတော့တာပါပဲ။ မြင့်တော့ လူပိုမြင်လာတယ်။ ပိုသတိထားလာတယ်။ အများရှာရ ပိုလွယ်လာတယ်။ ပိုပြီး တိုက်ခိုက်မှုတွေ ခံလာရတယ်။

ဒါကြောင့် အမြင့်ရောက်တဲ့သူဟာ အမြင်ကျယ်ဖို့လည်း လိုသလို ဒဏ်ခံနိုင်ဖို့လည်း လိုတယ်။ များများနဲ့ကျယ်ကျယ် ကြည့်တတ်ဖို့ လိုသလို အတိုက်အခိုက်တွေမှာလည်း ရှောင်တတ် တိမ်းတတ်ဖို့ လိုတယ်။

သစ်ပင်ထိပ်ဖျားက သစ်ခက် သစ်ရွက်လေးတွေဟာ အင်အားပြင်းတဲ့ လေဒဏ်၊ မိုးဒဏ်တွေကြား အလိုက်သင့် လှုပ်ရှားနေရင်း အကျိုးအပဲ့ သက်သာအောင် ထိန်းသိမ်းရသလို ဘဝမှာလည်း အတိုက်အခိုက်တွေကြား အကျိုးအပဲ့ သက်သာအောင် အသိတရားနဲ့ အလိုက်သင့် ထိန်းကျောင်းနိုင်ဖို့ လိုတယ်။

ဒဏ်ခံနိုင်မှ တိုးတက်မယ်။
ဒဏ်မခံနိုင်ရင် ကျိုးပျက်မယ်။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၄၉)

လောကမှာ စေတနာကို နားမလည်တဲ့သူတွေရှိတယ်။ စေတနာကို အပြစ်မြင်တဲ့သူတွေလည်း ရှိတယ်၊ စေတနာကို စော်ကားတဲ့သူတွေလည်း ရှိတတ်တယ်။ အဲဒါက သူတို့အပိုင်းပဲ။ ကိုယ့်သမိုင်းကတော့ ဘာပဲလုပ်လုပ် စေတနာမှန်မှန်နဲ့ အကောင်းဆုံးဖြစ်အောင် လုပ်ဖို့ပဲ မဟုတ်လား။ ကိုယ်လုပ်တာ သူတို့ရဲ့ တုံ့ပြန်မှုကောင်းကို မျှော်လင့်ဖို့မှ မဟုတ်တာ။ အကျိုးသက်ရောက်မှုကောင်းတွေ ဖြစ်ဖို့ပဲလေ။

တကယ်တော့ စေတနာကောင်းဆိုတာ လူတိုင်းမှာ မရှိတတ်ဘူး။ ကိုယ့်မှာ အဲဒီစေတနာကောင်းလေး ရှိနေတာကိုက ဒါဟာ အကောင်းဓာတ်ခံလေး ပါလာတဲ့သဘောပဲ။ ဒီဓာတ်ခံလေးကို တစ်ယောက်ယောက်၊ တစ်ခုခုကြောင့် ပျက်ပြယ်သွားလို့တော့ မဖြစ်ပေဘူးပေါ့။

ဒါကြောင့် ကံဆိုတာ အလုပ်၊ အလုပ်ဆိုတာ စေတနာပဲ ဖြစ်တဲ့အတွက် စေတနာကောင်းကောင်းနဲ့ အလုပ်ကောင်းကောင်းသာ လုပ်ပါ။ တုံ့ပြန်မှုမကောင်းလည်း သက်ရောက်မှုကောင်းဖို့က အဓိကပဲပေါ့။

## ကိုယ့်ကိုယ်ကိုယ် ဆုံးမခြင်း (၅၀)

အလုပ်ကြီးကြီးလုပ်တဲ့သူဟာ အလုပ်လေးတွေနဲ့ အချိန်မကုန်သင့်ဘူး။ ကောင်းတာတွေကြားမှာ မကောင်းတာလေးတွေအပေါ် အတွေးမချော်ပါစေနဲ့။

သူများထက် တော်တယ်၊ တတ်တယ်လို့ သတ်မှတ်ခံရသူဟာ သူများထက်ပိုပြီး သဘောထား ပြည့်ဝရတယ်။ တည်ငြိမ်ရတယ်။ အကျင့်သိက္ခာ ပိုသာရတယ်။ကိုယ့်လောက် အဆင်မပြေတဲ့သူနဲ့ ပြိုင်ပြီး အနိုင်မယူရဘူး။ ကိုယ့်ထက်သာရင်လည်း ကံတရားကို မပြိုင်နဲ့။ ဝမ်းသာပေးတာ ကိုယ့်အလုပ်။ သူမဟုတ်တာ သူ့အကြောင်း။ ကိုယ်ကောင်းဖို့က ကိုယ့်ကဏ္ဍ။ ဘယ်လိုမှ မရတော့လည်း ဥပေက္ခာတွဲပေါ့။

မချစ်နိုင်ရင်လည်း မမုန်းနဲ့။ မမုန်းရင်လည်း အချစ်မပါစေနဲ့။ မချစ်တတ်၊ မမုန်းတတ်မှ ရင့်ကျက်တဲ့ ဘဝတဲ့။ ဘဝမှာ လွန်သွားရင် ကောင်းတာတွေတောင် မကောင်းဘူး မဟုတ်လား။

**ဓမ္မဒါန**

☐



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ပြောရမယ်ဆိုရင် ...ရတာတွေ အားလုံးဟာ ကျုပ် ...တွေ့ချည်းပါပဲ။ ငယ်ဘဝ ကျောင်း ...တတည်းက အစမကောင်းခဲ့လို့ ...ခွေး ပြာပုံတိုး ဆိုတာလိုပါပဲ။ ...တန်းပညာကို မအောင်မြင်ခဲ့ဘဲ ...သားဘဝကို စွန့်လွှတ်ခဲ့တယ်။ ...တွေက ချော့တစ်ခါ ခြောက်တစ် ... ကျောင်းဆက်နေဖို့ ပြောခဲ့ပေ ... ကျုပ်က မိဘတွေစကားကို နား ...ခဲ့ဘဲ စာသင်ကျောင်းကို ကျော ...တယ်။ ပေပေတေတေနဲ့ လေလွင့် ...

တချို့လူတွေကတော့ ပြောကြပါသေးတယ်၊ အပေါင်းအသင်းမှားလို့၊ အပေါင်းအသင်း မကောင်းလို့တဲ့။ ဘာမှ မဆိုင်ပါဘူး၊ အမှန်က မိမိကိုယ်တိုင်ကကိုပဲ မကောင်းခဲ့လို့ မကောင်းတာပါ။ ဘယ်သူ့ကိုမှ အပြစ်တင်စရာ၊ လွှဲ့လွှဲ ပြောစရာ မလိုပါဘူး။ ဟုတ်တယ်ဗျ။

ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက်ပဲလေ။ အဲဒီလို လူငယ်လေလွင့်ဘဝနဲ့ အချိန်တွေကုန်လာလိုက်တာ အသက်(၂၀)သားပြည့်လာခဲ့တယ် ဘာပညာမှလည်းမတတ်၊ ဘယ်အလုပ်မှလည်းမလုပ်၊ ဆန်ကုန်မြေလေးဘဝနဲ့ မိဘတွေကို စိတ်ဆင်းရဲစေခဲ့တယ်။





www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်ထဲမှာ ယောင်လည်လည်နဲ့ ဖယ်တောက်ခုံမှာ ထိုင်လိုက်၊ မယ်ဒလင်တဒေါင်ဒေါင်နဲ့ ညဥ့်နက်သန်းခေါင် နေလိုက်၊ ရန်ဖြစ်လိုက်၊ လူကြီးအိမ် ရောက်လိုက်၊ တစ်ခါတလေ အချုပ်ထဲရောက်လိုက်၊ မိဘတွေလိုက်လာတော့ ထွက်လာလိုက်၊ အပြင်ရောက်ပြန်တော့လည်း ခွေးမြီးကောက်ကျည်တောက်စွပ်သလိုပါပဲ။

ဒီလိုနဲ့ ကျုပ်ရဲ့ တလွဲဆံပင်ကောင်း မိုက်ချက်တွေကို မျှဝေခံစားဖို့ ကျုပ်ဘဝထဲကို မလှတင်ဆိုတဲ့ အမျိုးသမီး ရောက်လာခဲ့တယ်။

ကျုပ်ကပဲ ကံကောင်းတာလား၊ မလှတင်ကပဲ ကံဆိုးချင်လို့လား ဆိုတာတော့ မသိဘူး။ မယားကျွေးမှုဆိုတဲ့ အိမ်ထောင်ဦးစီး တစ်ယောက်ရဲ့ ရှိသင့်ရှိအပ်တဲ့ တာဝန်မယူနိုင်တဲ့၊ အလုပ်အကိုင် မည်မည်ရရမရှိတဲ့ ကျုပ်ကို မလှတင်က ဈေးတောင်းခေါင်းပေါ် ရွက်ဘဝနဲ့ တာဝန်ကျေပွန်လာလိုက်တာ သားတစ်ယောက် ပေါ်ပေါက်လာတဲ့အထိ ဆိုပါတော့။

"ကို-သိန်းဝင်းရယ်၊ ကျွန်မကလေးငယ်နေတဲ့ အချိန်မှာတော့ အလုပ်ကလေး ဘာလေး ရှာဖွေလုပ်ပါဦး" တဲ့။

ပြောမှသိ၊ ထိမှနာ ဆိုတဲ့ လူစားထဲမှာ ကျုပ်လည်းပါတယ်။ ဟုတ်တယ်၊ ဒီအချိန်မှာမှ ကျုပ်အလုပ်တစ်ခုခုကို မလုပ်နိုင်ရင် ကျုပ်မယားနဲ့ ကျုပ်သားအတွက် အစစအရာရာ မလွယ်ဘူးဆိုတာကို ခုမှတွေးမိတယ်။

ကျုပ်အတွက် အလုပ်ရနိုင်မယ့်နေရာ၊ အကူအညီပေးနိုင်မယ့် အပေါင်းအသင်းတွေဆီကို ခြေဦးလှည့်ရပြီပေါ့။ သိပ်မကြာပါဘူး၊ အပေါင်းအသင်းတစ်ယောက်ရဲ့ အကူအညီနဲ့ ကားဂိတ်တစ်ခုမှာ ကုန်တင်ကုန်ချ လုပ်သားဘဝကို ရခဲ့တယ်။

ငယ်ကတည်းက လက်ကြောမတင်းခဲ့တဲ့ ကျုပ်မှာ အလုပ်စဝင်တဲ့နေ့မှာပဲ ညနေဂိတ်သိမ်းလို့ အိမ်ပြန်မယ်လုပ်တော့ ကျုပ်တစ်ကိုယ်လုံး ဝါးရင်းတုတ်နဲ့ စီပြီးရိုက်ထားသလို နာကျင်ကိုက်ခဲနေတော့တယ်။ တော်ရှာပါတယ်၊ လုပ်ဖော်ကိုင်ဖက် တစ်ယောက်က ဆေးနည်းပေးလို့ နာကျင်မှုတွေ သက်သာသလိုရှိခဲ့ပေမယ့် အိမ်ပြန်လမ်းမှာတော့ ခြေလှမ်းတွေက သိုင်းကွက်နင်းခဲ့ပြီ။

အဲဒီနေ့ အဲဒီအချိန်က စပြီး ကားဂိတ်မှာ အလုပ်လုပ်လာခဲ့တာ သားသမီးငါးယောက်နဲ့ အိမ်ထောင်သက်ရင့်ခဲ့သလို အပေါင်းအသင်း တစ်သိုက်နဲ့ သောက်သက်လည်း ရင့်ခဲ့ပြီပဲလေ။

နှစ်ရှည်လများ စွဲလမ်းခဲ့တဲ့ အရသာက ခုတော့ ဒုက္ခပေးပြီပေါ့။ ဆေးခန်းကို ရောက်တော့ အရက်ဖြတ်ပါတဲ့။ ကိုယ်စိတ်နှလုံး ကြံ့ခိုင်မှု အားနည်းလာတာနဲ့အမျှ အလုပ်မလုပ်နိုင်တော့တဲ့ ကျုပ်ကြောင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတွေ ချွတ်ခြုံကျလာချိန်မှာ ကျုပ်ဒုက္ခတွေကို မျှဝေခံစားပေးနေတဲ့ မလှတင်က ဆေးမြီးတိုလေးတွေနဲ့အတူ အဟော အပြောကောင်းတဲ့ လူတချို့ဆီကို ပြေးလွှား အကူအညီ တောင်းတော့တာပေါ့။

ကျုပ်မှာလည်း ဘာမှမတတ်နိုင်တော့တာနဲ့ မလှတင်ရဲ့ စီမံခန့်ခွဲမှုအောက်မှာ တုတ်တုတ်မျှ မလှုပ်ကျောက်ရုပ်လိုပါပဲလေ။

"ဦးလေး၊ ဘယ်ကို ပို့ပေးရမှာလဲ"

ကျုပ်ဆိုက်ကားပေါ်မှာထိုင်ပြီး ငိုင်နေမိတာ ဘယ်လောက်ကြာသွားခဲ့တယ်မသိ၊ ဆိုက်ကား ဆရာလေးရဲ့ အသံကြားတော့မှ အတွေးသံသရာ ရပ်သွားတယ်။

"မြို့ဦးကျောင်းကို သွားမယ်ကွာ" လို့ပြောလိုက်တော့မှ ဆိုက်ကားပေါ် တက်ထိုင်တယ်။

များသောအားဖြင့် ဆိုက်ကားဆရာတွေရဲ့ အလေ့အကျင့်အတိုင်း သူတို့ရဲ့ ခရီးသည်တွေကို အပျင်းတော်ပြေစေဖို့အတွက် ဆိုက်ကားဘီး စတင်လှိမ့်ပြီဆိုကတည်းက ရွှေနားတော်သွင်းချင်းတစ်ပုဒ်ကို နားဆင်ရတော့တာပါပဲ။

"ဦးလေးက ဘုန်းကြီးကျောင်းကို သွားမယ်ဆိုတော့ သတိရလို့ပြောရဦးမယ်၊ လွန်ခဲ့တဲ့ ဆယ်ရက်လောက်တက ကျွန်တော်အပြင်းဖျားလို့ ဆေးခန်းကိုသွားရသေးတယ်၊ ဆေးခန်းမှာ နှစ်ရက်လောက် ဆေးစား၊ ဆေးထိုး လုပ်လိုက်တော့ အဖျားက ပျောက်သွားတယ်၊ ဒါပေမဲ့ဗျာ ဆိုက်ကားနင်းရလို့ ပင်ပန်းတဲ့ဒဏ်ကြောင့် အောက်ပိုင်းတွေ မလှုပ်ချင် မသယ်ချင် ဖြစ်နေတာပေါ့၊ အဲဒါကိုဗျာ ကျွန်တော့်မိန်းမက စိုးရိမ်လွန်ပြီး ဟိုပြေးဒီပြေး ဟိုမေးဒီမေး ဖြစ်တော့တာပေါ့၊ အဲဒီမှာ ပြဿနာက စတော့တာပဲ၊ ဘယ်သူက ဘယ်လိုပြောလိုက်တယ် မသိပါဘူး၊ ကျွန်တော့်ကို သင်္ကန်းဝတ်ခိုင်းတော့တာပဲ၊ ပြီးတော့ ပြောသေးတယ်၊ ခုနှစ်ထဲမှာ ညှံ့နေတယ်ဆိုလား ဘာလားပဲ၊ ရှင်းရှင်းပြောရရင်တော့ဗျာ၊ ကျွန်တော့် ကျန်းမာရေးကောင်းသွားအောင် အပြောင်းအလဲလုပ်တဲ့သဘောနဲ့ သင်္ကန်းဝတ်ခိုင်းတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကားဆရာလေးက ပြော ...ည်းပြော၊ နင်းလည်းနင်း၊ ရှေ့က ...ကြောင် လျှောက်သွားနေတဲ့ စုံတွဲကို ...ည်း ဘဲလ်တီးပြီး လမ်းတောင်းလိုက် ...သေးတယ်။ ပြီးမှ သူ့စကားကို ဆက် ပြောတယ်၊

"တစ်ခါတလေမှာ တချို့လူတွေ ...က ဘော်တော်ခက်တယ် ဦးလေးရယ်" ...

"ဒီတော့ မင်းက သက်နိုးဝတ် ...ရော ဆိုပါတော့"

ကျုပ်က ဆိုက်ကားဆရာလေးရဲ့ ...ကို မစောင့်နိုင်ဘဲ မေးလိုက်မိ ...တော့ ဆိုက်ကားဆရာလေးက သူ့ဝမ်း ...က လေတွေကို ခပ်ပြင်းပြင်း ...တ်လိုက်တယ်။

"မဟုတ်တာပဲ ဦးလေးရယ်၊ ...မျိုး အဓိပ္ပာယ်နဲ့တော့ ကျွန်တော် ...န်းမဝတ်ပါဘူး၊ သက်န်းမဝတ်လို့ ... လင်မယားချင်းတောင် စကားများ ...သေးတယ်၊ နောက် ကျွန်တော်က ...ည်လက်ရှည် ရှင်းပြလိုက်တော့မှ ...ည်း နားလည်သဘောပေါက်ပြီး ...ယောက်နဲ့တစ်ယောက် အဆင်ပြေ ...တယ်ဆိုပါတော့ဗျာ" တဲ့။

ကွန်းတက်လေးတစ်ခုကို အား ...င်းနေရတဲ့ ဆိုက်ကား ဆရာလေး ... အားနာတာကြောင့် ဘာမှဆက်ပြီး ...တော့ပါဘူး၊ သူ့အပြောကိုပဲ စောင့် ...သင်နေလိုက်တယ်။ ကုန်းဆင်း ...မှ ဆိုက်ကားဆရာက အမော ...င်း သူ့စကားကို ဆက်ပြောတယ်။

"ဦးလေးလည်း သိမှာပေါ့ဗျာ၊ ...တော်တို့ငယ်ငယ်က ရှင်ပြုတော့ ...ယ် မဟုတ်လား၊ ဘန္တေ၊ အရှင် ...ဘုရား၊ သံသာရဝဋ္ဋဒုက္ခတော ...ရာဝဋ်ဆင်းရဲမှ မောစနတ္ထာယ၊ ထွက်မြောက်ကျွတ်လွတ်ပါရခြင်းအကျိုး ငှာ၊ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေ အဖြစ်ကို ယာစာမိ၊ တောင်းပန်အပ်ပါ၏၊ ဘုရား တဲ့၊ ရှင်းရှင်းလေးပါပဲ ဦးလေးရာ။

သံသရာဝဋ္ဋဆင်းရဲ အပေါင်းမှ လွတ်မြောက်ရပါလို၏ဆိုတဲ့ စိတ်ဆန္ဒနဲ့ ထူးခြားမွန်မြတ်တဲ့ သင်္ကန်းကို ဝတ်ကြ ရမှာလေ၊ ခုတော့ တချို့လူတွေက အယူ အဆတွေလွဲမှား၊ ကိုယ်လိုရာဆွဲသွင်းပြီး သင်္ကန်းဝတ်ကြတယ်၊ အဲဒီလို အယူ အဆ၊ အတွေးအခေါ်တွေ လွဲမှားနေတဲ့ သူတွေဟာ တကယ်တော့ အသိမရှိကြ လို့ပါ၊ အသိမရှိကြတာကလည်း စာ မဖတ်ကြလို့ပေါ့၊ ကိုယ့်ဘာသာ၊ ကိုယ့် လူမျိုးအကြောင်းကို ဂဃနဏ သိ အောင် မလေ့လာကြလို့ပေါ့ဗျာ၊ ဟုတ် တယ်မို့လား ဦးလေး" တဲ့။

အရေးထဲမှာ ကျုပ်သဘောထား ကို မေးနေသေးတယ်။ ကျုပ်ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူမသိဘူး၊ ကျုပ် သူ့ကိုမကြည့်ဘဲ တိုတိုတိပဲ ပြော လိုက်တယ်။

"နောက်ပြန်လှည့်ကွာ၊ အိမ်ပြန် မယ်"

ဆိုတော့ ဆိုက်ကားက အရှိန် လျှော့ပြီး ရပ်သွားပေမယ့် နောက်ကို ပြန်မလှည့်သေးဘူး။ ကျုပ် ထင်ပါတယ်၊ ဆိုက်ကားဆရာလေးရဲ့ မျက်နှာဟာ အံ့ဩမှုတွေနဲ့ ကျုပ်ကိုကြည့်နေမယ်ဆို တာ။

အတော်ကြာအောင် ဆိုက်ကား က ရပ်နေတဲ့အတိုင်းရှိနေတာကြောင့် ကျုပ်က စိတ်မရှည်တော့ဘူး၊ ဆိုက်ကား ဆရာလေးကို လှည့်ကြည့်ပြီး ပြောလိုက် တယ်။

"နောက်ပြန်လှည့်လို့ ပြောနေ တယ်လေကွာ" ဆိုတော့မှ -

"ဘယ်လို ဖြစ်သွားရတာလဲ ဦးလေးရယ်" တဲ့။

ကျုပ်က သူ့ကို ဘာမှပြန်မပြော ဘူး။ ငယ်ဘဝကတည်းက စာပေကို လေ့လာရကောင်းမှန်းမသိ၊ ဘာသာ ရေး ဆိုတာကိုလည်း နားမလည်၊ နား လည်အောင်လည်း မကြိုးစား။ ကုန် ထမ်း၊ အရက်သောက်၊ အိမ်ပြန်အိပ် ဆိုတဲ့ သံသရာထဲမှာ နစ်မျော ပျော်ရွှင် နေခဲ့ပြီး လူ့ဘဝကို တန်ဖိုးထားရ ကောင်းမှန်းမသိ အမှတ်မဲ့နေလာခဲ့တဲ့ ကျုပ်ဆိုတဲ့ ပေါ့ပြက်ပြက် ယောင်နန လူတစ်ယောက်က ဘယ်လိုရည်ရွယ် ချက်တွေနဲ့ ဆိုက်ကားပေါ်မှာလိုက်ပါ နေတာလဲဆိုတာကို ဆိုက်ကားဆရာ လေးသာ သိခဲ့မယ်ဆိုရင်။

ထေရဝါဒ ဗုဒ္ဓဘာသာ ဆိုတဲ့ ရွှေပင်ကြီးကို ယုံကြည်လေးစား မှီခို အားထားပါတယ်ဆိုတဲ့ ကျုပ်လိုလူ တစ်ယောက်ဟာ ရွှေကျေးဖြစ်အောင် တော့ဖြင့် ကြိုးစားအားထုတ် လေ့လာ ရပေလိမ့်ဦးမယ်။

**ညီမင်းထက်(ပြည်)**

❑



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


## ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့မှ

# မဟာအတုလသဃကျုံသီဆယ်ထပ်ကြီးရုပ်ရှင်တော်မြတ်

မနင်းဝေ (ဟင်္သာတ)



ဘုရားကြီး၏ ဂန္ဓကုဋိတိုက် အပြင်ဘက်မြင်ကွင်း



ပိဋကတ်ကျောက်စာတိုက်အတွင်းရှိ ကျောက်စာချပ်များ

ဧရာဝတီတိုင်းဒေသကြီး၏ ဒုတိယမြို့တော်ဖြစ်သော ဟင်္သာတမြို့သည် မြစ်ဝကျွန်းပေါ်၏ အဦးဆုံးမြို့လည်း ဖြစ် ...ပြင် ရေလမ်း၊ ကုန်းလမ်းဆုံရာ၊ မီးရထားများ ညအိပ် ...ရာ ခရိုင်မြို့လည်း ဖြစ်ပါသည်။

ဟင်္သာတဟု အမည်တွင်လာရခြင်း အကြောင်းရင်း ...ရှိပါသည်။

...ဝံခေတ် ရွှေဂူဒါယကာ အလောင်းစည်သူမင်း (အေဒီ ၁၁၁၃-၁၁၆၃) လက်ထက်၌ တိုင်းခန်းလှည့် ...ည်စဉ် လေပြင်းတိုက်ခတ်၍ ဖောင်စကြာရပ်နား ...တ် လေပြင်းမုန်တိုင်းကြောင့် ကွဲကွာနေသော ဟင်္သာ ...မောင်နှံ၏ တမ်းတမြည်ကြွေးသံကို မင်းကြီး ကြား ...င်သော် ဤအရပ်ဟု 'ဟင်္သာတ' ခေါ်တွင်စေသည်။

...သီဟပတေ့မင်း (ခေါ်) တရုတ်ပြေးမင်းလက်ထက် ...သက္ကရာဇ် ၆၁၇ တွင် မောင်းဂွတ်မှ တာတာ ...ရုတ်များ ပုဂံပြည်သို့ ဝင်ရောက်တိုက်ခိုက်ရာ အောက်အရပ်သို့ ထွက်ပြေးတိမ်းရှောင်ရင်း ဤ အရပ်၌ ပွဲတော်တည်ရာ ဟင်းခွက် ၃၀၀ မပြည့်သဖြင့် ...င်းလျာတရာ အရပ်ဖြစ်သဖြင့် 'ဟင်္သာတ' ဟု အမည်တွင်ခဲ့သည်။

...သင်များ ပေါက်ရာအရပ်ဖြစ်၍ မွန်ဘာသာဖြင့် ...န်းဇဒါးဟု အမည်တွင်ပြီး နောင်အခါ 'ဟင်္သာတ' ဟုခေါ် တွင်လာခဲ့သည်။

(၄) ကောင်းကင်ယံမှ ဟင်္သဒင့်ကက်များ ကျဆင်းလာရာ အရပ်ဖြစ်သဖြင့် ပါဠိဘာသာဖြင့် 'ဟင်္သာပတ' ဟု ခေါ်ဆိုရာမှ 'ဟင်္သာတ' ဟု ပြောင်းလဲလာခြင်းဖြစ်သည်။


အထက်ပါအတိုင်း အမည်တွင်လာခဲ့သည့် ဟင်္သာတ မြို့အား ၁၈၇၀ ပြည့်နှစ်တွင် စနစ်တကျ မြို့ကွက်ရိုက်ခဲ့သည်။ မြူနီစီပယ် နယ်နိမိတ်သတ်မှတ်ချက်အရ ဧရိယာစတုရန်းမိုင် ၉.၁၉ ကျယ်ဝန်းပါသည်။

အောက်မြန်မာပြည်အား အင်္ဂလိပ်တို့ သိမ်းပိုက်ခဲ့ပြီး နောက် သွားလာရေး လွယ်ကူသော ဟင်္သာတမြို့အား ခရိုင် မြို့အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ထို့အပြင် ဟင်္သာတ မြို့သည် မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော တော်လှန်ရေး တပ်ပေါင်းစုများ ပေါ်ထွက်ရာ နယ်တစ်နယ်အဖြစ် အင်္ဂလိပ် အစိုးရ၏ အလေးထားရာဒေသ ဖြစ်ခဲ့သည်။

ဟင်္သာတမြို့တွင် ဘုရားစေတီ ကျောင်းကန်နှင့် ပရိယတ္တိစာသင်တိုက်များ၊ ပဋိပတ္တိတရားစခန်းများ၊ သီလရှင် စာသင်ကျောင်းများ ပေါများလှသည်ဖြစ်၍ ဘုရားရှင်၏ သာသနာရောင်ဝါ ထွန်းလင်းသည့်မြို့ဖြစ်ပါသည်။

တစ်နှစ်ပတ်လုံး သံဃဒါနဆွမ်းလောင်းလှူမှု များ၊ ဝါတွင်း၊ ဝါပ တစ်ဆယ့်နှစ်ရာသီလုံးတွင် ဓမ္မကထိက ဆရာ

www.burmeseclassic.com



ဘုရားကြီးအား အရှေ့မြောက်ဘက် တာရိုးပေါ်မှ မြင်ကွင်း

တော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များ၏ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများဖြင့် ဓမ္မသဘင် ဆင်ယင်ကျင်းပကြရာ ဓမ္မာရုံအသီးသီးတွင် ဘုရားရှင်၏ တရားဓမ္မသံများဖြင့် လွှမ်းခြုံလျက်ရှိသည်။

ထို့အပြင် စာရေးသူတို့ ဟင်္သာတမြို့ကို သမိုင်းပါမောက္ခ ပရော်ဖက်ဆာ ဒေါက်တာပန်း၏ "Lower Burma" အောက်မြန်မာပြည် စာအုပ်၌ မှတ်တမ်းပြုထားသည်မှာ-

(၁) မကြာခဏ ရေလွှမ်းမိုးခဲ့ရ၍ လယ်သမားများ မျက်ရည် ပင်လယ်ဝေရသဖြင့် မျက်ရည်ကျွန်း (Tear Island) ဟူ၍လည်းကောင်း။

(၂) ရေကာတာများ တည်ဆောက်ပြီး ရေဘေးအန္တရာယ်ကင်းဝေးကာ လယ်သမားများ စိတ်ချမ်းသာရသဖြင့် ပျော်ရွှင်ဖွယ်ကျွန်း (Happy Island) ဟူ၍ လည်းကောင်း။

(၃) မြို့တွင်းဆုံကုန်းအရပ်မှ ဟင်္သာတမြို့စွန်အထိ ရေကာတာမှာ မြင်းခွာပုံသဏ္ဍာန်ဖြစ်နေသဖြင့် မြင်းခွာကျွန်း (Horse-Shoe Island) ဟူ၍ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြပြီး နောက်တွင် မြင်းခွာကျွန်းကို မင်္ဂလာကျွန်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း မှတ်တမ်းများအရ သိ ရပါသည်။

ဟင်္သာတမြို့သည် ဘာသာ၊ သာသနာ ထွန်းကား ခြင်းနှင့် စီးပွားရေး အချက်အချာကျသော ခရိုင်မြို့ အပြင် ပညာရေးအရလည်း ဟင်္သာတတက္ကသိုလ်၊ နည်းပညာ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အထက်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်း ငါးကျောင်းနှင့် မူလ တန်းကျောင်း ၃၁၅ ကျောင်းရှိသည့် ခရိုင်မြို့အဖြစ် အေးချမ်း သာယာစွာ တည်ရှိနေပါသည်။

ဟင်္သာတမြို့တွင် ကြီးလေးကြီးဘုရားဟု နာမည် ကျော်ကြားသော ကျောက်တော်ကြီး၊ ချမ်းသာကြီး၊ မြို့သူကြီး နှင့် ဆယ်ထပ်ကြီးဘုရားများအပြင် မုခ်ဦးငါးမျက်နှာရှိသော ငါးမျက်နှာစေတီတော်နှင့် ပြည်လုံးကပ်ကျော် ဦးပါရဲစေတီ တော်တို့ တည်ရှိပါသည်။

အထက်ပါ ဘုရားများအနက် စာရေးသူနေအိမ်၏ အရှေ့မြောက် မိုက်ဝက်အကွာ၌ တည်ရှိသည့် ဆယ်ထပ်ကြီး ရုပ်ရှင်တော်မြတ်အား ဦးစွာဖူးမြော်ရန် ရောက်ရှိခဲ့ပါသည်။

◆



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးအရှေ့ဘက်ရှိ သာသနာ့ဗိမာန်တော်ကြီး

## မဟာအတုလသကျရုံသီ ဆယ်ထပ်ကြီးရုပ်ရှင်တော်မြတ်သမိုင်း

မဟာအတုလသကျရုံသီ ဆယ်ထပ်ကြီးရုပ်ရှင်တော် မြတ်ကြီးသည် ဟင်္သာတမြို့ သုံးပင်ကွင်းရပ်ကွက်တွင် တည် ရှိသည်။

ဘုရားကြီး၏ အရှေ့ဘက် တာရိုးပေါ်မှနေ၍ ဘုရား ကြီးအား ဦးစွာလှမ်းမြင်ရသော မြင်ကွင်းသည် နံနက်ဦး၌ ကြည်နူးနှစ်သက်ဖွယ် ခံစားစေရပါသည်။

ဘုရားကြီး၏ မုခ်ဝတန်ဆောင်းကို အရှေ့မြောက်ဘက် ၊ အရှေ့တောင်ဘက်ယွန်းယွန်း၌ တည်ဆောက်ထားသည်။



နတ်ကနားပွဲများ ကျင်းပရာ နတ်နန်းနေရာ

စာရေးသူတစ်ဦးတည်း လူသူရှင်းသော အရှေ့မြောက်ဘက် မုခ်ဦးမှ ဆင်းခဲ့ပါသည်။ ယခင်နှင့်မတူ ပိုမိုများပြားလာသော အဆောက်အအုံသစ်များနှင့် ပြုပြင်ဆဲ အဆောက်အအုံ ဟောင်းများကို တွေ့မြင်ရသည်။

ရုပ်ရှင်တော်မြတ် ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်ကြီးကို ကြီးမားခန့်ထည်စွာဖြင့် တစ်မူထူးခြားစွာ တွေ့မြင်ရပြီး အတွင်း တော်၌ ဂေါတမမြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ ဘုရား အဖြစ်သို့ရောက်၍ အပရာဇိတပလ္လင်တော်ထက်ဝယ်စံတော် မူစဉ် မာရ်နတ်မှ လာရောက်တိုက်ခိုက်သည်တွင် ဘုရားရှင်မှ ဝသုန္ဒြေနတ်မင်းကြီးအား သက်သေညွှန်းခြင်းဖြင့် မာရ်နတ် နှင့် စစ်သည်များကို အောင်တော်မူခဲ့သည့် ဘူမိဖဿမုဒြာပုံ ဘုရားရှင်အား ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါသည်။

ဆယ်ထပ်ကြီး ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုး ကွယ်ရခြင်း အကြောင်းရင်းမှာ ဒွါရဂိုဏ်းကြီး တည်ထောင် တော်မူခဲ့သော ကျေးဇူးတော်ရှင် အုဂ်ဖိုရ်ဆရာတော် ဘုရားကြီး၏ တပည့်ရင်းဖြစ်တော်မူသော ပထမမဟာဒွါရ သာသနာပြု ပထမတိုက်တည် ကျောင်းတည် လယ်ဆီဆရာ တော်ဘုရားကြီး 'ဦးစန္ဒိမာ လင်္ကာရ သဒ္ဓမ္မရုံသီ' ၏ ပျံလွန် တော်မူသည့် အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်ရခြင်း ဖြစ်ပါသည်။

ဘုရားကြီး၏ ဉာဏ်တော်အမြင့်ကို ဘုရားရှင်၏ ဝါတော် ၄၅ ဝါကိုရည်စူးကာ ၄၅ တောင်အမြင့် တည်ထား ကိုးကွယ်ခဲ့ကြပါသည်။

မဟာအတုလသကျရုံသီ ဆယ်ထပ်ကြီး ရုပ်ရှင်တော် မြတ်ကြီး၏ -

| | | |
|---|---|---|
| (၁) | ပလ္လင်တော်အမြင့် | ၆ တောင် |
| (၂) | ဉာဏ်တော်အမြင့် | ၄၅ တောင် |
| (၃) | ရောင်လျှံတော်အမြင့် | ၂ တောင် ၁ ထွာ |
| (၄) | ရောင်လျှံတော်လုံးပတ် | ၁၈ တောင် |
| (၅) | သင်းကျစ်တော်အမြင့် | ၁ တောင် ၁ ထွာ |
| (၆) | သင်းကျစ်တော်အရှည် | ၁၉ တောင် |
| (၇) | ဦးခေါင်းတော်လုံးပတ် | ၃၂ တောင် ၁ မိုက် |
| (၈) | မျက်လုံးတော်အလျား | ၄ ပေ ၃ လက်မ |
| (၉) | နှာခေါင်းတော်အရှည် | ၃ တောင် ၁ ထွာ |
| (၁၀) | နှုတ်ခမ်းတော်အလျား | ၄ တောင် |
| (၁၁) | သင်းကျစ်တော်မှ မေးဖျား အထိ အရှည် | ၁၀ တောင် ၁ ထွာ |



www.burmeseclassic.com

www.burmeseclassic.com

(၁၂) နားတော်အရှည် ၈ တောင်
(၁၃) နားတော်အကျယ်အပြန့် ၂ တောင်
(၁၄) လည်ပင်းတော်အမြင့် ၃ တောင် ၁ ထွာ
(၁၅) ဝဲယာပခုံးတော်အကျယ် ၂၀ တောင် ၁ ထွာ
(၁၆) လက်မောင်းတော်လုံးပတ်
အကျယ် ၁၄ တောင် ၁ မိုက်
(၁၇) ဒူးတော်နှစ်ဖက်အကွာအဝေး ၃၃ တောင်
(၁၈) ခြေဖဝါးတော်အရှည် ၁၁ တောင်
(၁၉) လက်သန်းတော်အရှည် ၅ တောင် ၁ မိုက်
တို့ ဖြစ်ပါသည်။


ဘုရားကြီးကို ခရစ်နှစ် ၁၉၁၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၂၇၁ ခု၊ တပို့တွဲလပြည့်ကျော် ၂ ရက် ဗုဒ္ဓဟူးနေ့တွင် စတင်ပန္နက်တော်ရိုက်ကာ အလျား ၆၄ ပေ၊ အနံ ၃၉ ပေ၊ အနက် ၉ ပေရှိ အုတ်မြစ်တော်ချပြီး စတင်တည်ဆောက်တော်မူခဲ့သည်။

ကောဇာသက္ကရာဇ် ၁၂၇၅ ခု တန်ခူးလပြည့်ကျော် ၅ ရက် သောကြာနေ့နံနက် ၉ နာရီတွင် သုံးလောကထွတ်ထား ဘုရားရှင်၏ ရုပ်ပွားတော် မဟာအတုလသကျရုံသီ ဆယ်ထပ်ကြီး ရုပ်ရှင်တော်မြတ်ကြီးသည် ရွှေတောင်ထွတ်ပေါက်သကဲ့သို့ ပြီးမြောက်အောင်မြင်တော် မူခဲ့ပါသည်။

ဆယ်ထပ်ကြီးရုပ်ရှင်တော်မြတ်ဟု ခေါ်တွင်ရခြင်းမှာ ဘုရားကြီးတွင် ဌာပနာတိုက် သုံးတိုက်ပါဝင်သည်။ ပထမဌာပနာတိုက်တွင် ဌာပနာအထပ် လေးထပ်၊ ဒုတိယ ဌာပနာတိုက်တွင် ဌာပနာအထပ် သုံးထပ်၊ တတိယ ဌာပနာတိုက်တွင် ဌာပနာအထပ် သုံးထပ် စသည်ဖြင့် ဌာပနာအထပ်ပေါင်း တစ်ဆယ်ထပ် ပါဝင်သဖြင့် ဆယ်ထပ်ကြီး ရုပ်ရှင်တော်မြတ်ဟူ၍ အမည်သညာပြုခြင်း ဖြစ်ပါသည်။


ပထမဌာပနာတိုက်တွင် ဓာတ်တော် ၁၀၃ မျိုး၊ ရွှေဆင်းတု ၅၀၊ ငွေဆင်းတု ၁၄၂၊ ကြေး ၆၊ သစ်သား ၁၊ ကျောက်ဆင်းတု ၆၃၊ ရွှေကြုတ် ၄၊ ငွေနှင့်ပြုလုပ်ထားသော ရှင်သီဝလိရုပ်တု၊ ဘောမိပင်၊ လင်းလွန်းပင်၊ ငါးရုပ်၊ ကြုတ်နှင့် ပေစာ တစ်ထုပ်တို့ ပါဝင်သည်။

ဒုတိယဌာပနာတိုက်တွင် ဓာတ်တော် ၁၀၃ မျိုး၊ ရွှေဆင်းတု ၁၊ ငွေဆင်းတု ၅၆၊ ကျောက်ဆင်းတု ၅၊ ကြေး ၁၊ စွယ်တော်ပွား ၁၊ ဆေးစေတီ ၁၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ်၊ ခြင်္သေ့ရုပ် ၁၊ ဖန်စာဖိ ၁၊ ပတ္တမြား ၃ လုံးစီ၊ ငွေဘောမိ ၃ တို့ ပါဝင်သည်။


ဂန္ဓကုဋိတိုက် အတွင်းရှိ ပေစာ၊ ပုရပိုက်စာများ

တတိယဌာပနာတိုက်တွင် ဓာတ်တော် ၂၀၀၊ ... ဆင်းတု ၁၊ ရွှေဆင်းတု ၃၊ ပယင်းဆင်းတု ၃၊ ဥဿဖ... ဆင်းတု ၁၊ ငွေဆင်းတု ၂၉၀၊ သတ္တု ၁၊ ကြေး ၁၊ ငွေဘော... ဘုရား ၁၊ ကျောက်ဆင်းတု ၃၊ ငွေစေတီ ၂၀၊ ရွှေဖြင့်ပြုလု... ထားသော ရွှေအုပ်၊ ကြုတ်၊ သပိတ်၊ ယပ်၊ ကလပ်၊ ... ငွေဖြင့်ပြုလုပ်ထားသော ဘောမိပင်၊ ကြုတ်၊ သပိတ်၊ ထုံးဘူး ... ပုတီး၊ ကြယ်သီး၊ တံခွန်တိုင်၊ ကြေးစည်၊ ဖလားတို့ ပါဝင်... သည်။

ရုပ်ရှင်တော်မြတ်ကြီး တည်ဆောက်ခြင်းလုပ်ငန်း... အစရပ်ရပ်ကို ဒုတိယလယ်တီဆရာတော်ဘုရားကြီး အဂ္ဂမ... ပဏ္ဍိတ ဘဒ္ဒန္တသီရိရာဇိန္ဒာသဘ ဓမ္မာနုဓမ္မ မဟာဒွါ...


လယ်တီကျောင်းနှင့် တံခွန်တိုင်အား တွေ့မြင်ရစဉ်



www.burmeseclassic.com

[..]ကာယ စတုတ္ထသာသနာပိုင် (၁၂၂၂-၁၃၀၃)၏ အကြံဉာဏ်ကို နာယူ၍ ရွက်ဆောင်အားထုတ်ခဲ့ကြသည်။

ဘုရားကြီး စတင်တည်ထားကိုးကွယ်သည့် ခုနှစ်အား အလွယ်တကူ မှတ်မိနိုင်ရန် 'အောင်ကျော်တောအုပ် ပန္နက်မြှုပ်' ဟူ၍လည်းကောင်း၊ 'အေးငြိမ်းနိုင်ငံအောင် အတိတ်ဆောင်' ဟူ၍လည်းကောင်း လင်္ကာစာချိုးထားလေသည်။

ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အမြင့်မှာ ၁၀၈ တောင်အထိ မြင့်မားပါသည်။ အလျားပေ ၁၅၀၊ အနံပေ ၁၄၀ ရှိပြီး အတွင်းတော်ထဲ၌ ရှေးဟောင်းပန်းတော့လက်ရာများ၊ ပန်းချီလက်ရာများဖြင့် နံရံလေးဖက်စလုံး၌ ခြယ်မှုန်းထားသည့် ဇာတ်နိပါတ်တော်များကို တွေ့မြင်ခဲ့ရသည်။

စကျင်ကျောက်သား နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များကိုလည်း ကြည်ညိုဖွယ်ဖူးမြင်ရပါသည်။ ဆရာတော်ကြီးများ၏ ဓာတ်တော်များ၊ အသုံးအဆောင်များနှင့် ရှေးဟောင်းပေစာ ပုရပိုက်စာများကို ဗီရိုများအတွင်း သိမ်းဆည်းထားသည်ကို တွေ့မြင်ခဲ့ရသည်။

စာရေးသူ ငယ်စဉ်က ဘုရားပွဲတော်သို့ သွားသည့်အခါ တိုင်ထောင်၍ ပိတ်ကားဖြင့်ပြသရသည့် ရုပ်ရှင်ဇာတ်ကားများကို ကြည့်ခဲ့ရဖူးသည်။ ယခုအခါ မပြသတော့ဘဲ ဇာတ်ပွဲများသာ ပြသကြောင်း သိရသည်။ ရုပ်ရှင်ပိတ်ကားထောင်သည့်နေရာ ဘုရားကြီး၏ ရှေ့မျက်နှာစာတွင် အလျား ၁၂၀ ပေ၊ အနံ ၇၀ ပေရှိသော သာသနာ့ဗိမာန်တော်ကြီးကို ခရစ်နှစ် ၂၀၀၄ ခုနှစ်တွင် တည်ထားခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။

ထိုဗိမာန်တော်ကြီးတွင် ဂိုဏ်းပေါင်းစုံ စာအောင်ဆုနှင်းပွဲများ၊ စည်းဝေးပွဲများ၊ အထူးတရားပွဲများ မကြာခဏကျင်းပပေးခြင်းဖြင့် မြို့သူ မြို့သားများအတွက် နိဗ္ဗာန်တံခါးဖွင့်ပေးနိုင်ခဲ့သည်။

ဘုရားကြီး၏ပရိဝုဏ်အတွင်း တောင်ဘက်အရပ်၌ အလျား ၁၂၀ ပေ၊ အနံ ၈၀ ပေ၊ အမြင့် ၆၅ ပေရှိ ပိဋကတ်ကျောက်စာတော်တိုက်ကြီးကို ဆက်လက်တွေ့ရှိရသည်။ ဤကျောက်စာတိုက်ကြီးကို ၁၉၃၃ ခုနှစ်တွင် ဟင်္သာတမြို့ဥယျာဉ်ရပ်နေ တစ်ဦးတည်းအလှူ့ဒါယကာ ဦးကျော်ဇံမှ ဘုရားရှင်၏ သာသနာ တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ လှူဒါန်းခဲ့ပါသည်။ မန္တလေးမြို့မှ ကျောက်ဆစ်ဆရာ (၂၀) ဦးဖြင့် အီတလီနိုင်ငံမှ ကျောက်စာချပ်များ မှာယူကာ ထွင်းထုဖော်ခြင်းဖြင့် ဓမ္မစေတီအဖြစ် တည်ထားနိုင်ခဲ့သည်။

ဝိနည်းငါးကျမ်း စာပေများ ထွင်းလှူပူဇော်ပြီးချိန်တွင် ဒုတိယကမ္ဘာစစ်မီးကြောင့် လုပ်ငန်းများရပ်ဆိုင်းခဲ့ရသည်။ စစ်ဗုံးဒဏ်ကြောင့် ကျောက်စာတိုက်ကြီး ပျက်စီးသွားသည့်အပြင် ကျောက်စာချပ် ခုနစ်ချပ် ကြေမွပျက်စီးခဲ့ရသည်။ ကြေမွပျက်စီးသွားခဲ့သော ကျောက်စာချပ် ခုနစ်ချပ်ကို အစားထိုးဖြည့်ဆည်းခဲ့သည်။

ကျောက်စာတိုက်အား ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် စတင်တည်ဆောက်ခဲ့ကြပြီး ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် ပြီးစီးခဲ့သည်။ ၂၈ ရက်နေ့တွင် ပိဋကတ်ကျောက်စာတော်တိုက်ကြီးကို အောင်မြင်စွာဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

ဓမ္မစေတီအဖြစ် ထွင်းလှူပူဇော်ထားသော အီတလီကျောက်ပြားများမှာ နှစ်ဖက်ချောဖြစ်ပြီး အလျား ၃ ပေ ၃ လက်မ၊ အမြင့် ၆ ပေ ၉ လက်မ၊ အထူ ၃ လက်မရှိ ချပ်ရေ ၅၀ ပေါ်တွင် ပိဋကတ်ပါဠိတော်များကို နှစ်ဖက်လှ ရေးကူးစေကာ ကျောက်ထက်အက္ခရာ တင်စေခြင်းဖြစ်ပါသည်။

မဟာအတုလသကျံရံသီ ဆယ်ထပ်ကြီး ရုပ်ရှင်တော်မြတ်ကြီး၏ ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၆ ရက်မှ တပို့တွဲလပြည့်နေ့အထိ ကျင်းပပါသည်။ လပြည့်နေ့နံနက်အရုဏ်တွင် ဘုရားကြီးနှင့် မြို့ပေါ်အနီးဝန်းကျင်ရှိ ကျောင်းပေါင်း ၁၂၇ ကျောင်းမှ သံဃာတော်အရှင်သူမြတ် ၃၅၀၀ ကျော်တို့အား နှစ်စဉ် နှမ်းမနဲဆွမ်းနှင့် ငါးခြောက်နှပ်များ လောင်းလှူခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့ပြီဟု သိရပါသည်။

စာရေးသူတို့ ငယ်စဉ်က လဆန်း ၁၄ ရက် ညနေတွင် မိခင်ဖြစ်သူ ပြင်ဆင်ပေးသော မုန့်ထုပ်နှင့် သစ်သီးများကို လင်ပန်းအသေးများနှင့်ထည့်ကာ မောင်နှမတစ်စု ဘုရားဆွမ်းမပို့ သွားလေ့ရှိသည်။ ကြို့ဆိုသည့်အဖွဲ့များမှ လက်ခံရယူပြီး ဘုရားကြီးရှေ့တွင် ပြင်ဆင်ထားသော လင်ပန်းနှင့်ဆွမ်းပွဲများကို အမျိုးတူရာ မုန့်နှင့်သစ်သီးများ ရောကာ နောက်ရက် လပြည့်နေ့ နံနက်အရုဏ်တွင် ကပ်လှူပေးပါသည်။

ဘုရားကြီးသို့ ကပ်လှူမည့်နှမ်းမနဲနှင့် ဘုန်းကြီးဆွမ်းလောင်းမည့် နှမ်းမနဲများကို သီးသန့်ဖယ်ကာ ပိုလျှံသော နှမ်းမနဲများအား ဘုရားဆွမ်းမပို့သူများကို အထုပ်များဖြင့် ပြန်လည်ပေမျှပေးသည်။ ထိုရက်များတွင် စာရေးသူတို့အိမ်၌ နှမ်းမနဲများ ပေါများစွာရှိနေတတ်သည်။ မိခင်ကြီးထိုးသော

www.burmeseclassic.com

နှမ်းခနဲ့များတလည်း စားကောင်းလှပါသည်။ အိမ်သို့ ဆွမ်းခံကြသော ဦးပဥ္စင်းနှင့် ကိုရင်တို့မှလည်း ယူဆောင်လာကာ မိခင်ကြီးသို့ ပြန်လည်စွန့်သည်များလည်း ရှိပါသည်။

စာရေးသူတို့အိမ်သည် ဘုရားနှင့်နီးသဖြင့် နယ်မှ အမေ့ဆွေမျိုးများ လာရောက်တည်းခိုကာ ဘုရားပွဲတော်သို့ လည်ပတ်လေ့ရှိပါသည်။ ရုပ်ရှင်ကြိုက်သော အဒေါ်များ၊ နတ်ကနားပွဲ ကြည့်လိုသော အစ်မများ၊ ဝက်ပါတွင်း လှည့်လည် ဆော့ကစားကြပြီး ပွဲဈေးခင်းမှ စားစရာ၊ ဝယ်ချင်စရာများ ကြည့်လို ဝယ်လိုသည့် စာရေးသူနှင့်ရွယ်တူ သူငယ်ချင်းများကြောင့် ဘုရားပွဲရက်တွင် အိမ်၌ အထူးပင် စည်ကားနေတတ်သည်။

ဘုရားပွဲရက်သည် အတန်းငယ်များ စာမေးပွဲပြီးချိန်ဖြစ်သကဲ့သို့ လယ်ယာများရိတ်သိမ်းပြီးချိန်၊ အားလပ်ချိန်နှင့် ငွေဝင်ချိန် တိုက်ဆိုင်သဖြင့် မိဘများဆီမှ အထူးအခွင့်အရေး ရယူကာ မုန့်ဖိုးများ အလွယ်တကူရရှိသဖြင့် မသွားမဖြစ် မရောက်မရှိသော ဘုရားပွဲကြီးပင် ဖြစ်သည်။

ဘုရားဝင်းကြီးအတွင်း လှည့်လည်ကြည့်ရှုရာမှ ဘုရားပွဲဈေး ခင်းကျင်းရာတန်ဆောင်းများတစ်လျှောက် ယခုတိုင်မပြောင်းလဲသေးသော မြင်ကွင်းများကြောင့် ငယ်စဉ်အချိန်က ဘုရားဖွဲတော်သို့ ရောက်ခဲ့သည်များကို မြင်ယောင်နေမိပါသည်။

ဘုရားပွဲသွားရခြင်း အကြောင်းများအနက် စာမေးပွဲအောင်မြင်ဖို့ ဘုရားဖူးပြီး ဆုတောင်းရန်၊ ပွဲတော်မှ ရောင်းချသည့် အရုပ်မျိုးစုံအား ဝယ်ခိုင်းရန်နှင့် ဘုရားပွဲရောက်မှသာ ထိုင်ရသည့် လက်ဖက်ရည်ဆိုင်မှ မုန့်နှင့်လက်ဖက်ရည်များ စားသောက်ရသောကြောင့်ဟု ဆိုရမည်ဖြစ်ပါသည်။

ကွယ်လွန်သွားပြီဖြစ်သော စာရေးသူ၏ ဖခင်ကြီးသည် ကျွန်မတို့ မောင်နှမများ ပူဆာသမျှ အရုပ်များ၊ မုန့်များကို မိခင်ကြီးတားနေသည့်ကြားမှ အမြဲဝယ်ပေးလေ့ရှိသည်။ အိမ်ပြန်လျှင်လည်း နှမ်းမနဲ့၊ ကောက်ညှင်းကျည်တောက်နှင့် ဘူးသီးကြော်များ ဝယ်ပြီးပြန်လေ့ရှိသည်။ ဖခင်ကြီး အမြဲတမ်းဝယ်လေ့ရှိသော ဘူးသီးကြော်ဆိုင်မှာ ဦးစိန်ကတုံးဆိုင်ပင်ဖြစ်သည်။ ဆိုင်ရှင်မှာ သဘောကောင်းပြီး အခြားဆိုင်များထက် ပိုပြီးအရသာရှိသည်။ ကောက်ညှင်းကျည်တောက်ဆိုလျှင်လည်း ရွာသစ်မှလာရောက်ရောင်းချသည့် ကောက်ညှင်းကျည်တောက်သည် ဆေးလည်းစေး ကျောက်ခဲသလဲကင်းစင်သဖြင့် အမြဲဝယ်ယူခဲ့ကြောင်း အမှတ်ရနေမိပါသည်။

ဘုရားပွဲပြီး နောက်ရက်များတွင်တော့ မိခင်ကြီးသည် ဖခင်ကြီးနှင့် စာရေးသူတို့မောင်နှမတစ်စု သုံးဖြုန်းခဲ့သမျှ (ဘုရားကြီးကို လှူဒါန်းသော အလှူငွေမပါ) ကာမိစေရန် ဈေးကို သုံးလေးရက် မသွားတော့ဘဲ အိမ်တွင်ဆောင်ထားသော ပဲကိုပြုတ်ကာ ဆီဆမ်းထားသောဟင်း၊ ခြံထဲမှ ခူးထားသော ကင်ပွန်းချဉ်ရွက် ချဉ်ရည်ဟင်းနှင့် မျှင်ငါးပိဖုတ်ဆီဆမ်းများကိုသာ အလှည့်ကျ ကျွေးလေတော့သည်။

စာရေးသူတို့ မောင်နှမများကတော့ ဘုရားပွဲမှ ဝယ်ယူထားသော ဗန္ဓုလဦးထုပ်၊ ဓားနှင့် ဝါးသေနတ်များကိုကြည့်ပြီး ကျွေးသမျှနှင့် စားခဲ့ကြသည်ကိုလည်း သတိရနေမိပြန်သည်။ ဖခင်ကြီးကိုယ်၌လည်း မညည်းမညူ ပြုံးရွှင်စွာပင် စားခဲ့ပါသည်။

အမှတ်ရစရာများကို တွေးမိရင်းဖြင့် ဓာတ်ပုံများ ရိုက်ကူးရင်း ဟင်္သာတမြို့၏ တန်ခိုးကြီးသော နောက်ထပ်ဘုရားတစ်ဆူကို ဖူးမြော်ရန် ထွက်လာခဲ့ပါတော့သည်။

**မနှင်းဝေ(ဟင်္သာတ)**

❑



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်းမှာမှ ချမ်းသာမယ်

ဆရာဝေယံဦး



စာရေးသူ၏ ရန်ကင်းတိုက်ခန်း [illegible] ပေဒင်ဟောခန်း ပိတ်သော [illegible]နွေနေ့လယ်တွင် စာရေးသူသည် [illegible]အတွက် စာရေးနေစဉ် -

"ဆရာ . . . ဆရာ"

"ဟာ- လှိုင်ဖြိုးဝေပါလား၊ လာ [illegible]"

"လာသာလာတယ်၊ တို့ဆရာ [illegible]ရှိပါ့မလားလို့၊ ဆရာက ဇိမ်ကျနေ [illegible]"

"ရှိပါတယ် သမီးရဲ့၊ ဒါနဲ့ သမီးက [illegible]တယ်လို၊ ဟာ ဒီနေ့သိပ်လှနေ [illegible]"

"သူငယ်ချင်းမွေးနေ့ပွဲကအပြန် ဒီကိုဝင်လာတာ၊ မိန်းကလေးပဲ၊ နည်းနည်းပါးပါးတော့ အလှပြင်ရမှာပေါ့၊ သမီးက အဘွားကြီး မဟုတ်သေးဘူးလေ"

"ဒီက ဘာပြောနေလို့လဲ၊ လှတယ်ပဲ ပြောတယ်ရှိသေး၊ အေးပါ၊ ပြင်ပါ၊ အလန်းမလွန်ဖို့ဘဲ အရေးကြီးတယ်"

"သမီး နားလည်ပါတယ်၊ကလေးအရွယ်မှမဟုတ်ဘဲ၊ အခု အသက်(၃၀) ရှိနေပြီ၊ အတွေးသစ်ဂျာနယ်မှာ 'တော်ရုံပဲ လန်းစေချင်'ဆိုတဲ့ ဆရာ့ဆောင်းပါးကို ဖတ်ရတယ်၊ သမီးက အဲဒီထဲက မိန်းကလေးမဟုတ်ဘူး၊ ရုပ်အလှထက် စိတ်အလှကို တန်ဖိုးထားပါတယ်ရာရဲ့၊ လူကြားထဲ တော်ရုံတော့ ဝတ်စားပြုပြင်ရတာပေါ့ဆရာရယ်"

"ငါ့တပည့် စိတ်ဓာတ်ဖြူစင်မှုန်း ဆရာသိပါတယ်၊ ဆရာတောင် အသက် ၆၇ နှစ်ရှိပြီ၊ တော်ရုံပဲပေါ့၊ အကြောင်းအကျား ပွင့်ရိုက်မှန်သမျှ လုံးဝမဝတ်ဘူး၊ ကော်လာကတုံး အဖြူပဲ"

"ဒါနဲ့ ဆရာ့ကဗျာတွေက သိပ်မိုက်တယ်နော်၊မမလှိုင်တိုးဝေကိုပြောပြရသေးတယ်၊ ပြီးတော့ အချစ်ကဗျာတွေ ချည်းပဲ၊ ဒါတောင်"



www.burmeseclassic.com

www.burmeseclassic.com

"အေးအေးနေတာ မမြင်ချင်ဘူး နဲ့တူတယ်၊ လွန်ခဲ့တဲ့အနှစ် ၄၀ ကျော်က ပို့စကတ်တွေခေတ်စားတော့ ဒီလိုပဲ စိတ်ကူးယဉ်ပြီး သူငယ်တွေအကြိုက် ပို့စကတ်ကဗျာလေးတွေ ရေးဖြစ်သွားတယ်၊ ရင်းနှီးငွေ မတတ်နိုင်တော့ ယိုးဒယားကလာတဲ့ စာအိတ်လှလှလေးတွေမှာ လက်ရေးနဲ့ရေးရတာ၊ ယိုးဒယား စာအိတ်ပေါ်က လက်ရေး ကဗျာရှင် ကိုလတ်(ဗဟန်း)ဒလ၊ ဆရာက မောင်နှမ ၁၁ ယောက်မှာ ဒုတိယဆိုတော့ မောင်နှမတွေက ကိုလတ်လို့ ခေါ်ကြလို့ ဒီနာမည်နဲ့ ရေးဖြစ်သွားတာ၊ ရောင်းကောင်းတယ်၊ လူငယ်အကြိုက်ဆိုတော့ လူငယ်အတော်များများက အားပေးကြတယ်၊ ကဗျာအပုဒ် ဘယ်လောက်ရေးမိမှန်းတောင်မသိဘူး၊ များတယ် သမီးရဲ့"

"ဆရာက ပေဒင် ဟောတတ်တယ်၊ ကဗျာလည်း စပ်တတ်တယ်၊ ဆရာသင်ပေးလို့ သမီးလည်း နည်းနည်းဟုတ်နေပြီ ဆရာရဲ့"

"ဆိုပါဦး၊ ဘာကဗျာတွေရေးလဲ"

"ဒီလိုလေ -

ကျောင်းအတူတက်၊

စာအတူကျက်၊

ချစ်ရက်လေးတွေ ရှည်စေကွယ်"

"ကောင်းသားပဲ"

"ရှိသေးတယ် -

ခေါင်းလောင်းသံတိတ်၊ ကျောင်းတွေပိတ်တော့

တို့သိပ်လွမ်းတယ်သူငယ်ချင်း၊

ကျောင်းအပြန်ဖွင့်၊ နှစ်အသစ်မှာ

တစ်နှစ်တစ်တန်းအောင်ပါစေ"

"လှိုင်ဖြိုးဝေက အတော်ဟုတ်နေသားပဲ"

"ပြီးတော့ ဆရာ့လို စာရေးချင်တယ်"

"ရေးပေါ့ သမီးရဲ့၊ ဝတ္ထုလား၊ ဆောင်းပါးလား"

"နှစ်မျိုးစလုံးပေါ့၊ ကြိုးစားနေတယ်၊ ဆရာ့ကိုလည်း တည်းဖြတ်ခိုင်းရမယ်"

"ရတယ်သမီး၊ အားပေးတယ်၊ ဆရာ စိတ်ကူးယဉ်ပြီး ရေးစပ်ထားတဲ့ ကဗျာတစ်ပုဒ်ရှိတယ်၊ မရယ်ရဘူးနော်"

"မရယ်ပါဘူး ဆရာရယ်"

"ဒီလိုလေ -

မောင့်ချစ်သူဝတ်လေရာ

နိုင်လွန်ဝါအင်္ကျီ။

ချိတ်ထဘီအဆင်မျိုးနှင့်

မရိုးနိုင်ပ။

မောင့်ချစ်သူလိမ်းလေရာ

မွှေးနံ့သာသနပ်ခါး။

ပါးပြင်မှာ မှုန်ခြယ်သမို့

လှမပြယ်အား"

"အားပါး ကောင်းလိုက်တာ၊ ငယ်ငယ်က မရိုးတာ သေချာတယ်၊ ဒါဟာ မိန်းကလေးတစ်ယောက်ကို ကြည့်ပြီးရေးဖွဲ့တာသေချာတယ်၊ ဆရာ မလိမ်နဲ့၊ လိမ်ရင် ငရဲကြီးမယ်"

"ဟုတ်တယ်၊ ငယ်ငယ်က ဆရာတို့ အိမ်ရှေ့က ဖြတ်သွားတဲ့ကောင်မကလေးပဲ၊ အဲဒါ စိတ်ကူးယဉ်မိဘယ်၊ ဘာရယ်မဟုတ်ဘူး၊ ဒွေးချိုးစပ်နည်းကို သုံးကြည့်တာ"

"ဟုတ်တယ်၊ သံပေါက်၊ လင်္ကာ၊ ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ တေးထပ်၊ ရတု၊ သံချပ်တဲ့၊ စုံနေတာပဲ"

"ကဲ-ဒါတွေအသာထား၊ ဆရာတို့က အသက်အရွယ်ကြောင့် အိုနေပြီ၊ နာနေပြီ၊ သေဖို့ပဲကျန်တယ်၊ ဒီတော့ ကျန်းမာရေးက အရေးကြီးတယ်"

"ကျန်းမာရေးအတွက် သီလဖက်တဲ့၊ အထူးသဖြင့် ငါးပါးသီလမြဲမြံခြင်းဟာ အသက်ရှည်ပြီး ကျန်းမာစေတယ်တဲ့ဆရာရဲ့၊ မြတ်ဗုဒ္ဓက ဟောကြားထားတယ်၊ သီလ၊ သမာဓိ၊ သတိ၊ ပညာနဲ့ သွား၊ ထိုင်၊ ရပ်၊ လျောင်းဆိုတဲ့ ဣရိယာပုထ် လေးပါးကို ညီမျှအောင်နေထိုင်ပါတဲ့၊ ကျန်းမာရေးအတွက် ကိုယ်ကျင့်သီလကောင်းရမယ်လို့ စာထဲမှာ ဖတ်ဖူးတယ်"

"အလိမ္မာစာမှာရှိ စာအုပ်စာပေ လူ့မိတ်ဆွေဆိုတာ အဲဒါပဲပေါ့၊ အသက်ရှည်ခြင်း အကြောင်းတရားငါးပါးဆိုတာ ရောသိလား"

"မသိဘူးဆရာ"

"အဲဒါဆိုရင် မှတ်ထား -

၁။ မိမိနဲ့ သင့်တင့်လျောက်ပတ်တဲ့ အစားကိုသာ သင့်တော်ရုံမျှ စားသောက်ရမယ်၊

၂။ မိမိဝမ်းနဲ့ ချင့်ချိန်လို့ မလွန်မတဲ စားသုံးရမယ်၊

၃။ ကြေလွယ်တဲ့ အစားအစာကိုသာ စားသုံးရမယ်၊

၄။ ဥတုနဲ့ ကာလကိုကြည့်ပြီး နေထိုင် ဆင်ခြင်တတ်ရမယ်၊

၅။ ငါးပါးသီလနဲ့ ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းနေတတ်ရမယ် တဲ့ ကလေးရဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

"နောက်ပြီး အသက်ရှည်ပြီး ကျန်းမာဖို့ ကောင်းမှုကုသိုလ်တွေများများ ပြုရတယ်တဲ့၊ ဒီလိုလေ၊ သီဟိုဠ်ကျွန်းမှာ 'ဝသဘမင်း' ဆိုတာ ရှိတယ်၊ ဝသဘမင်းကြီးဟာ မင်းအဖြစ်ကို ရပြီတော့ လူ့ရဲ့ အသက်ပမာဏကို တွက်ချက်တတ်တဲ့ အာယုဒါယ တွက်တတ်သူကို ခေါ်ပြီး တွက်ကြည့်တဲ့အခါမှာ နောက်ထပ် ၁၂ နှစ်သာ အသက်ရှည်မှာ သိတော်မူတော့ သံဃာတော် ...



www.burmeseclassic.com

www.burmeseclassic.com

မြွတ်တွေကို ပင့်ဖိတ်ပြီး အသက်ရှည် အကြောင်းအရာ၊ အန္တရာယ်ကင်း တဲ့ အကြောင်းအရာတွေကို မေး ဟောက်တာ ရှိခဲ့တယ်သမီး၊ အသက် ကြောင်း၊ အန္တရာယ်ကင်းကြောင်း ဟာ ကုသိုလ်ပဲမဟုတ်လား"

"သမီးသိပါရစေ ဆရာ"

"ရေစစ်ကို လှူမယ်၊ ကျောင်း တွေလှူမယ်၊ သင်္ကန်းလှူမယ်၊ တွေကို လေဆေးလှူမယ်၊ ဟောင်း ပျက်စီးနေတဲ့ ကျောင်းဇရပ်တွေကို မယ်၊ ငါးပါးသီလမြဲမယ်၊ ဥပုသ်နေ့ ဥပုသ်သီလတည်ဆောက်မယ်၊ ကုသိုလ်တွေဆောင်ရွက်လို့ ဝသဘ ဟာ အသက်ရှည်ခဲ့တယ်၊ သက် နေနိုင်သွားတယ်ပေါ့"

"မှတ်သားစရာပဲနော်"

"မှတ်စရာ ကျန်သေးတယ်၊ ရှည်ပြီး အိုမင်းခြင်းကို နှေးကွေး သည်းရော၊ အသက်က ၁၀၀ ကျော် တူ အပျိုလေးနဲ့တူတယ်ဆိုတာ "

"ဟာ-ဟုတ်လား၊ မြန်မြန်ပြော ရှ"

"ခွေးမလေး၊ ဒါမျိုးကျ သိပ်လို မှတ်ထား၊ မနက်အိပ်ရာက အစာကြေတယ်၊ မကြေဘူးဆို သတိရှိရမယ်၊ အစာကြေရင် ဗိုက် ယ်၊ အစာမကြေဘူး ထင်ရင် မှီဝဲသင့်မှီဝဲရတယ်၊ အစာကြေ ရောဂါကင်းလို့ ရုပ်အဆင်း ခြင်းကို နှေးကွေးစေတယ်တဲ့၊ "

"ဟုတ်ကဲ့ပါဆရာ၊ သမီးကြားဖူး ယ်၊ အဲဒါက -

ဘုရားရှင်က ကျန်းမာရေး ဟောကြားခဲ့တာက အစာစား ရင် ဥပမာ ထမင်းစားရင်ပေါ့လေ၊ အစာ စားရင် ငါးပုံပုံပြီး သုံးပုံပဲစားပါတဲ့၊ ကျန် နှစ်ပုံက ရေနဲ့လေအတွက် ချန်ထားပါ တဲ့၊ အစာအိမ်မှာရှိတဲ့ ပါစကတေဇော (ဝမ်းမီး)ချက်ဖို့ ရေနဲ့လေက လိုပါတယ် တဲ့၊ အဲဒါလည်း ရေနဲ့လေပေါင်းစပ်ပြီး အစာချက်ရတာတဲ့"

"ဒါလည်း ဟုတ်တာပဲ၊ သမီးက တော်သားပဲ၊ အဲ- သက်ရှည်ကျန်းမာ လူချမ်းသာဖို့ မြတ်ဗုဒ္ဓဟောကြားညွှန်ပြ ထားတဲ့ တရားတစ်ပုဒ်ကို ပြောချင် တယ်၊ အဲဒါက အသက်ကြီးတဲ့၊ ဂုဏ်ကြီး တဲ့သူ၊ သိက္ခာကြီးတဲ့သူတွေကို အရို အသေပြုရတယ်၊ ပရိတ်တရားတွေ နာ ကြားရတယ်၊ ဘုရားဂုဏ်တော်၊ တရား ဂုဏ်တော်၊ သံဃာဂုဏ်တော်တွေကို ပါဠိရော အနက်ပါ နေ့စဉ်ဘုရားရှိခိုးလို့ ကုသိုလ်ကံတွေ ပြုရတယ်တဲ့"

"ဒါဟာလည်း မှတ်သားစရာပဲ၊ မှတ်ရုံသိရုံနဲ့မရဘူး၊ ကျင့်ရမယ့်တရား တွေပဲ၊ သမီးကြားဖူးတာရှိသေးတယ်၊ 'မယဒဋ္ဌာရက်' ဆိုတာပဲ၊ တန်ဆောင် မုန်းလ မကုန်မီ ရှစ်ရက်နဲ့ နတ်တော် လရဲ့ ပထမအစ ရှစ်ရက်မှာ အစား အသောက် အနေအထိုင် အထူးဂရုပြု ဆင်ခြင်ရမယ်တဲ့၊ အဲဒီရက်ကို မယဒဋ္ဌာ ရက်လို့ ခေါ်တယ်တဲ့၊ ဒွဂုဏပကာသနီ ကျမ်းမှာ ဖွင့်ဆိုထားတာရှိတယ်တဲ့။

ဥတုဘောဇနသင်္ဂဟကျမ်းမှာ တော့ သီတင်းကျွတ်လ နောက်ဆုံး ရှစ်ရက်နဲ့ တန်ဆောင်မုန်းလရဲ့ ပထမ ရက် ရှစ်ရက်လို့ ပြဆိုတားတယ်၊ တစ် ဆယ့်ခြောက်ရက် ဆိုပါတော့"

"အဲဒီရက်တွေမှာ ဘာဖြစ်တတ် လဲ သမီး"

"အဲဒီ ရက်တွေမှာ ရောဂါ ဝေဒနာကျရောက်ပြီဆိုရင် ဆေးကုသဖို့ ခက်တယ်၊ ဆေးမတိုးဘူး ပြောရမယ်၊ ပြီးတော့ နေ့အခါ အိပ်စက်တာတွေ၊ ဒေသရည်သေရက် သောက်တာတွေ၊ မတ်ပဲ၊ ဝက်သား၊ ပုန်းရည်၊ ဒံပေါက်၊ အဆီအငန်မရှိတဲ့ အစာတွေ၊ လေကို ပွားစေတဲ့ အစာတွေ ရှောင်ကြဉ်ရမယ် တဲ့၊ ပြီးတော့ ယပ်ခတ်တာ၊ ပန်ကာဖွင့် တာ၊ အအေးခံတာတွေ၊ ဆီးနှင်းတွေ ဦးခေါင်းပေါ် ကျတာမျိုးတွေ၊ အဖန် အစပ်တွေ စားတာမျိုး ဆင်ခြင်သင့် တယ်လို့ ဆိုထားပါတယ်ဆရာ"

"ဒီနေ့ သမီးလှိုင်ဖြိုးဝေနဲ့တွေ့ တာ ကျန်းမာရေးနဲ့ဆိုင်ရာ ဗဟုသုတ ဖလှယ်သလို ဖြစ်သွားတယ်"

"ကျန်းမာမှ ချမ်းသာမယ်တဲ့၊ ဗိုက်ဆာတယ်၊ လက်ဖက်ရည်ဆိုင်သွား ရအောင်"

"သူငယ်ချင်းမွေးနေ့ပွဲမှာ အဝ စားမလာဘူးလား"

"စားလာတယ်၊ အဝင် အထွက် အဝက ထိုင်ခုံမှာ စားလာတယ်"

"ခွေးမလေး၊ သူက ပြန်နောက် နေပြန်ပြီ၊ သွားမယ်"

စာရေးသူနှင့် လှိုင်ဖြိုးဝေတို့ သည် ရန်ကင်း ကြားမှတ်တိုင်အနီးက လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့ကြ လေသည်။

**ဆရာဝေယံဦး**

**မှတ်ချက်** - ပဲခူးမြို့က သမီးလေး စုမြတ်မွန်(မလှချင်)နှင့် ကျောင်းဆရာမ လေး ဒေါ်ဝေဝေခိုင်တို့အတွက် အမှတ် တရ။




www.burmeseclassic.com

www.burmeseclassic.com



ဗိနမာန်အောင်စေတီ ညရှုခင်း



မဟာလောကဦးသျှောင်ရွှေပြည်ကျော်အောင် ဗုဒ္ဓကိုယ်




ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဦး ဟောကြားခန်း




www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓလောင်းလျာ ဗိမာန်တော်



ဗုဒ္ဓစကြံ


# ဝသုံးလုံးနယ်မြေ၏
# နောက်ဆက်တွဲ အောင်ပွဲများ

ဖေဒသုတေသီဆရာမျိုး

အခန်း (၁)

စာရေးသူ၏ နိဗ္ဗာန်ဆော်အဖြစ် ကြိုးပမ်းအားထုတ်မှု ... အောင်ပန်းမြို့ ဝသုံးလုံးတောင် သတင်းဆောင်းပါး ... ဂျာနယ်အသီးသီး၌ ပါရှိလာသောအခါ ဘရသေ့ ...၏ ဘာသာ၊ သာသနာအတွက် ဆောင်ရွက်ချက် ... အနယ်နယ်အရပ်ရပ်မှ သိရှိလာကြပြီးလျှင် 'ဝ' သုံးလုံး ...၏ ဂုဏ်သတင်းမှာလည်း ထုံသင်းမွှေးပျံ့လာခဲ့ရပေ ... တစ်နေ့ စာရေးသူ တောင်ကြီးမြို့၌ရှိနေစဉ် ဘရသေ့ ...ဆက်သွယ်မှု ပြုလုပ်လာပါသည်။

"လူလေးရေ၊ လူလေး နှိုးဆော်မှုနဲ့ အဘရဲ့တောင် ... အတော်လေး ကိုးတက်လာပြီကွဲ့၊ သား တစ်ခေါက် ...ဦးကွယ်"



အောင်မြတ်ထွင့်ခေါင် သွမ်းစားဆောင်

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် တီကျစ်သွားတဲ့ရက်ကို အပြန်ဝင်ခဲ့ပါ့မယ်"

ဤသို့ဖြင့် တီကျစ်မှ ရွှေပအိုဝ့် မှန်လုံယာဉ်ဖြင့် ညနေစောင်းအချိန်တွင် လိုက်ပါလာခဲ့ပေရာ ည ၇ နာရီကျော်တွင် အောင်ပန်းသို့ ရောက်ရှိလာခဲ့ရပါသည်။ ထိုမှ ဝသုံးလုံးတောင့်ပေါ်သို့ ဆိုင်ကယ်ကယ်ရီဖြင့် ရောက်ရှိခဲ့ရပေသည်။ တောင်ထိပ်မှ ဇိနမာန်အောင်စေတီတော်ကို ရောင်စုံမီးများ ထွန်းညှိ ပူဇော်ထားပုံကို ကြည်နူးချမ်းမြေ့ဖွယ် ဖူးမြော်ရပါသည်။

"ဟော- ငါ့သား လာပြီ၊ အဘကလည်း ဒီနေ့မှ ထူးထူးခြားခြား အဘအာရုံထဲမှာ ငါ့သားကို သတိရနေတာကွ"

"ဟုတ်လား အဘ"

"အေး၊ သားလာရင် အဘ ပြောပြစရာလေးတစ်ခု စဉ်းစားထားတာရှိတယ်ကွ၊ ဒီမှာကြည့်စမ်း သား၊ ဒါ ဘာပုံလဲ"

"မမွစကြာတရားဦးဟောတဲ့ပုံပါ အဘ"

"သား ဘာကိုကြည့်ပြောတာလဲကွဲ့"

"မြတ်စွာဘုရားရဲ့လက်တော်မုဒြာဟန် အနေအထား အရပါ အဘ"

"အဘပြောချင်တာက အဲဒါပဲကွ၊ သားက သုံမိုင်းသုတေသီဆိုတော့ အတွေးအခေါ်မှန်ဖို့ အရေးကြီးတယ်၊ သား ရေးလိုက်တဲ့ စာတစ်လုံးက ပရိသတ်ကို တိုက်ရိုက်အကျိုး






www.burmeseclassic.com

www.burmeseclassic.com





ပါရမီမျိုးဆက်ဥယျာဉ် သဘာဝပြခန်းအတွင်း တွေ့ရစဉ်

ပြုစေတယ်၊ အဲဒါကြောင့် သားကိုယ်တိုင်က အကြောင်းအရာ တစ်ခုကို ပိုင်ပိုင်နိုင်နိုင်သိဖို့ လိုအပ်တယ်ကွ"

"ဟုတ်ကဲ့၊ ဆက်မိန့်ပါဦး အဘ"

"ဒီလိုကွ၊ သား ခုနကပြောတာ မပြည့်စုံဘူး၊ မြတ်စွာဘုရား တစ်ပါးတည်းရဲ့ လက်တော်မုဒြာဟန် အနေအထား အရဆိုရင် ရိုးရိုးဟောတဲ့ပုံပဲဖြစ်မယ်၊ ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာ တရားဦးဟောတဲ့ပုံဆိုတာနဲ့ မြတ်စွာဘုရားရှင်ရဲ့ရှေ့မှာ တရား နာယူမယ့် ပဉ္စဝဂ္ဂီငါးဦးရဲ့ပုံပါ တစ်တွဲတည်းပါမှ ပြည့်စုံမှာ ဖြစ်တယ်။

သားကို ထပ်မေးဦးမယ်၊ ဓမ္မစကြာတရားဦး ဟောတဲ့ အထဲက ပဉ္စဝဂ္ဂီငါးဦးပုံဟာ အချို့နေရာမှာ ရသေ့ဝတ်တွေ ဖြစ်နေပြီး အချို့နေရာမှာ ရဟန်းဝတ်တွေဖြစ်နေတယ်၊ ဘယ် က အမှန်လို့ သား ယူဆသလဲ"

"အရင်တုန်းကတော့ ရသေ့ဝတ်တွေနဲ့ ပုံဖော်တယ် အဘ၊ အခု ဒီဘက်ခေတ်မှာတော့ ရဟန်းဝတ်တွေနဲ့ ပုံဖော် လာကြပါတယ်"

"အဲဒါ မှားနေတာ ငါ့သားရဲ့၊ မြတ်စွာဘုရားဟာ ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောတဲ့အချိန်တုန်းက ရဟန်းဆိုတာ မပေါ်သေးဘူး၊ အားလုံး ရသေ့ဝတ်တွေသာ ဖြစ်တယ်၊ တရား ဟောပြီးတော့မှသာ သူတို့ရဲ့ ဉာဏ်စဉ်အနုအရင့်အလိုက် အားထုတ်ရင်းနဲ့ ရဟန္တာတွေဖြစ်ကုန်ကြတာလေ"

"ဟာ- ဟုတ်ပြီ၊ အဘ ဆိုလိုချင်တာကို ကျွန်တော် သဘောပေါက်လာပြီ"

"အေး၊ ဒါကြောင့်မို့လို့ မြတ်စွာဘုရားရှင်က ဓမ္မစကြာ တရားဦး ဟောကြားခန်းလို့ ခေါင်းစဉ်တပ်လိုက်တာနဲ့ ပဉ္စဝဂ္ဂီ ငါးဦး ဖြစ်မနေ ပါဝင်ရမယ်၊ အဲဒီ ငါးဦးဟာ ဘုရားရှင် တရားဟောကြားဆဲအခါ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အားလုံး

ဟာ ရသေ့ဝတ်နဲ့ဖြစ်နေမှ မှန်မယ်။


ရဟန်းတွေ နဲ့ ပုံဖော်လိုက်ရင် ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာ တရားဦး ဟောကြားတဲ့အခန်း မဖြစ်တော့ဘူး၊ ရဟန်းသံဃာ တွေကို ရိုးရိုးအခြားတရားဟောတဲ့အခန်းပဲ ဖြစ်သွားမယ်"

"ဟုတ်ကဲ့၊ သား ရှင်းပါပြီ အဘ"

"အေး၊ အဲဒါဆိုရင် သားက အများပရိသတ်အမြင် မမှားရအောင် တာဝန်ယူပေတော့ကွယ်"

"ဟုတ်ကဲ့ပါ အဘ"

"အေး အေး၊ သားလည်း ခရီးပန်းလာမယ်ဆိုတော့



ပါရမီမျိုးဆက်ဥယျာဉ် သဘာဝပြခန်းအတွင်း တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com




ဘရသေ့၏ သြဝါဒ

ဦး အဘလည်း ဝတ်တက်လိုက်ဦးမယ်"

အခန်း (၂)

"ဟော- သား နိုးလာပြီလား၊ အဘက ခုပဲ မေတ္တာပို့ တာတွဲ့၊ ကဲ- လာ၊ ဆွမ်းစားဆောင်အသစ်ကို လေ့လာ အောင်"

အောင်မြတ်ထွဋ်ခေါင် ဆွမ်းစားဆောင်၏ ဘုရားခန်း တွင် အောင်တော်မူစေတီကို ဖူးမြင်ရပါသည်။ကမ္ပည်း သုံးလုံး ရေးထားပြီးလျှင် 'သုမေဓာထုံး နှလုံးမူအံ့' စာတန်းပါရှိပေသည်။ အခန်းလေးခန်းစာ ခန်းမ



အာစရိယ ပူဇော်ပွဲ

ဆောင်ကြီးဖြစ်ပြီးလျှင် အပြင်ပိုင်းတွင် တစ်ခန်းချင်းစီ၏ အလှူရှင်များကို ကမ္ပည်းရေးထိုးထားသကဲ့သို့ အတွင်းနံရံ မျက်နှာစာပတ်လည်တွင်လည်း တစ်ဦးချင်းအလှူရှင်များနှင့် စုပေါင်းအလှူရှင်များ စာရင်းတို့ကို အသေးစိတ် မှတ်တမ်း တင်ထားပုံမှာ ကြည်နူးဝမ်းမြောက်ဖွယ် သာဓုခေါ်ဆိုလောက်ပါ ပေသည်။ ဘုရားခန်းတွင် စခန်းမှူး ရဲအုပ်အောင်မင်း+ ဒေါ်သက်၊ သမီး မဆုဆုဝေထွန်း၊ သား မောင်သန့်ဇင်ထွန်း မိသားစုတို့မှ မဟာလောကဦးသျှောင် ရွှေပြည်ကျော်အောင် ဗုဒ္ဓကိုယ်စားတော်မြတ်ကို လှူဒါန်းထားပါသည်။ ဘုရားခန်း အထက်တွင် 'အရဟံ ဗုဒ္ဓေါ ဘဂဝါ ဓမ္မော သံဃော သရဏံ ဂစ္ဆာမိ' ဟူ၍ ပါရှိပါသည်။ ဆွမ်းစားဆောင် တောင်ဘက်ရှိ ပါရမီမျိုးဆက် မိုယ်းကျရွှေကိုယ်ရေကန်ကို ဘရသေ့ ဦးဓနိယ နှင့် ခုနစ်ရက်သားသမီးများပေါင်းစု ကောင်းမှုကုသိုလ်အဖြစ် တွေ့မြင်ရပါသည်။

ဆွမ်းစားဆောင်နှင့် ဘရသေ့လက်ရှိ သီတင်းသုံးရာ အဆောင်ကြားတွင် စကြံလျှောက်လမ်းလေးတစ်ခုကို တွေ့ မြင်ရပြီးလျှင် လမ်း၏အစထိပ်၌ ဗုဒ္ဓလောင်းလျာ ဗိမာန်တော် ဟူ၍ ဖြစ်ပါသည်။ မှတ်သားဖွယ်ရာ စာတန်းအဖြစ် . . . 'သာသနာအစ ဗုဒ္ဓက၊ ဗုဒ္ဓအစ လောင်းလျာက၊ လောင်းလျာ အစ ပါရမီက၊ ပါရမီအစ လူသားက၊ လူသားအစ ကံတရား က' ဟူ၍ တွေ့မြင်ရပါသည်။

ဗုဒ္ဓလောင်းလျာ ဗိမာန်တော်အတွင်း၌ မြတ်စွာဘုရား အလောင်းတော်သည် အမိဝမ်းမှ ကျွတ်လျှင်ကျွတ်ချင်း မြေတွင်ရပ်၍ "အဂ္ဂေါဟ မသ္မိလောကဿ၊ ဇေဋ္ဌောဟ မသ္မိ လောကဿ၊ သေဋ္ဌောဟ မသ္မိလောကဿ = လောကမှာ ငါဟာ အမြတ်ဆုံး အကြီးဆုံး ချီးမွမ်းအခံရဆုံး" ဟူ၍ ကြွေး ကြော်လျက် ခြေလှမ်း ခုနစ်လှမ်း ကြွချီတော်မူဟန် သရုပ် ဖော်ထားပါသည်။ မြောက်ဘက်တွင် ဗုဒ္ဓလောင်းလျာ ဗိမာန် တော်ဖြစ်မြောက်ရေး အလှူရှင် ၂၁ ဦး၏ အမည်စာရင်းများ ကို ဖော်ပြပေးထားပါသည်။

အခန်း (၃)

"ကဲ- သားရေ၊ အရင်က ဘဘနေခဲ့တဲ့ အဆောင်ကို ပြတိုက်ဖွင့်ထားတယ်ကွဲ့၊ သွားကြည့်ရအောင်"

ပါရမီမျိုးဆက်ဥယျာဉ် သဓာဝပြတိုက်တွင် မြန်မာမှု အနုလက်ရာများ၊ မြန်မာ့လယ်ယာလုပ်ငန်းခွင်သုံး ပစ္စည်းများ၊ ရှင်ရသေ့တို့၏ အသုံးအဆောင်များ၊ တပ်မတော် အသုံး





www.burmeseclassic.com

www.burmeseclassic.com

အဆောင်ပစ္စည်းများ၊ တေက်ပြားနိုင်တဲ့ မဖျိမခါး၊ မြွေနဂါး မြရုထားကိုယ်စားတော်မြတ်၊ ရှေးဟောင်း မြေထည်ပစ္စည်း အသုံးအဆောင်များ၊ ဖရုံမသီးတဲ့ ဘူးစေတီ၊ မယုံမရှိနဲ့ မြတ်ဂုဏ်ရည်၊ ရန်ပယ်ခွင်း သက်တော်စောင့် နဂါးမောက် တောင်ဝှေးတော်၊ ခြသေ့်နဲ့ဆင် မေတ္တာဝင်၊ မြတ်ရှင်ဂုဏ်ကျေးဇူး ဧရာဝတီဓား အမှားမခံ၊ ဖြူစင်အသည်း မကွဲစေနဲ့ သာသနာပြုထွက်ရပ်ပေါက်ပုဂ္ဂိုလ် ငါးဘွဲ့ရအဖေလှိုင်၏ အသုံးအဆောင်များ၊ အမျိုးချစ်မှ မျိုးစစ်မယ် အစရှိသဖြင့် တွေ့မြင်ရပါသည်။

"ဒါကတော့ ဘဘရဲ့မယ်တော်ပုံပေါ့ လူလေး"

နောက်ဆုံး ဘရသေ့၏ သစ္စာဓိဋ္ဌာန် နှစ်ချက်ကို ကူးယူဖြစ်ပါသည်။

## ကျွန်ုပ်တို့၏ မွန်မြတ်သော အဓိဋ္ဌာန်


ကိုယ်တည်း တစ်ယောက် ကောင်းဖို့ ရောက်ဖို့၊ ဒီလောက်ကြီးကုတ် အားမထုတ်ဘူး၊ ဗုဒ္ဓသာသနာ ရောင်ဝါဖြာလျက်၊ သတ္တဝါများ ချမ်းသာပွားရန်၊ ကိုယ်စွမ်း ဉာဏ်စွမ်း သည်နှစ်လမ်းဖြင့်၊ ကြိုးပမ်းဆောင်ရွက် မိဋ္ဌာန်ချက်။

ဖခင်ဗုဒ္ဓ လမ်းညွှန်ပြသည့်၊ ဓမ္မလမ်းကြောင်း မတိမ်းစောင်းအောင်၊ နည်းကောင်းမကွာ၊ ကျင့်သုံးကာဖြင့်၊ သက်ခန္ဓာစွန့်၊ နောက်မတွန့်ဘဲ၊ အဓွန့်ရှည်ကြာ တည်မည်သာတည်း။ သာသနာ့အကျိုး၊ ရွက်သယ်ပိုးလည်း၊ အဖျက်အမှောင့် အကောက်အကွေ့၊ ကြုံတွေ့ပါစေ မတွေဝေဘဲ၊ စိတ်ရှည်သည်းခံ၊ ကြံ့ကြံ့ခံလျက်၊ ရှေ့သို့ချီတက် အောင်ပွဲဆက်၊ မပျက်အဓိဋ္ဌာန် တည်စေသော်။

## ကျွန်ုပ်တို့၏ အလေးအနက် ယုံကြည်ချက်နှင့် တိုက်တွန်းချက်

သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်ဖို့၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။ စေတီဘုရား၊ ဒကာများနဲ့၊ ဝိုင်းဝိုင်းပတ်လည်၊ သတင်းကြွယ်လည်း၊ ရေပွက်ပမာ၊ ခဏတာဟု၊ စိတ်မှာစွဲမှတ်၊ မြဲမပြတ်တည်း။ အလိုမကျ၊ ကြမ်းဒေါသနှင့်၊ လိုကျသောခါ၊ ပြုံးရယ်ကာဖြင့်၊ ချီးကျူးထောမနာ၊ ကဲ့ရဲ့တာလည်း၊ မမြဲဓမ္မတာ၊ မှတ်ရမှာတည်း။

ကိုယ်ကျိုးမပါ၊ ဒို့မလာလည်း၊ သူငါဝင်ထွက်၊ ပြုံးမပျက်ဘဲ၊ ဆက်လက်လှုမ်းတက်၊ ချီတက်မြဲတည်း။ မွေးသည်ကစ၊ သေခါကျမှ၊ ဂုဏ်တွေကိုထုတ်၊ အကောင်ပုပ်ကို၊ ရွှေရုပ်ငွေရုပ်၊ ထုလုပ်တန်ဆာ၊ မဆင်ပါနှင့်၊ သက်ရှိထင်ရှား၊ ရရှိချိန်များမှာ၊ သတိတရား လက်ကိုင်ထားကာ၊ ကိုယ်အား ဉာဏ်အား စွမ်းပကားဖြင့်၊ ကြိုးပမ်းဆောင်ရွက်သင့်ပြီလေ။



အာစရိယပူဇော်ပွဲမှ ပဒေသာပင်များ

### အခန်း (၄)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၂၄-၁၁-၂၀၁၆) ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်တွင် အနန္တငါးပါး ဦးထိပ်ထားလျက် ၁၆ ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့ကျက်သရေဆောင် လောကဇိနမာန်အောင် ပြည်လုံးချမ်းသာ ဆုတောင်းပြည့် အောင်ပန်းချမ်းသာ 'ဝ'သုံးလုံး စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ 'ဝ'သုံးလုံးတောင် အောင်မြတ်ချမ်းသာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ပါသည်။

(၁) နမောတဿ သုံးကြိမ်ရွတ်ဆို ပူဇော်၍ အခမ်းအနား



ဘုရားသမိုင်း ဖတ်ကြားပူဇော်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်လှစ်ခြင်း။

- ဘုရားသေ့ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း။
- အားလုံးသော တပည့်အပေါင်းမှ ဆရာရှင်ရသေ့မြတ် ဦးခန္တီယျသို့ ဩကာသဖြင့် ကန်တော့ခြင်း။
- တပည့်များအားလုံးကိုယ်စား အေးမြင့်သာယာဝတ် အသင်းမှ အာစရိယဆရာသို့ လေးချိုး၊ သံပေါက်၊ ကဗျာတို့ဖြင့် ပူဇော်ခြင်း။
- ဗေဒသုတေသီဆရာမျိုး ရေးသားထားသော 'ဝ'သုံးလုံး ဘုရားသမိုင်းကို ဖတ်ကြားတင်ပြခြင်း။
- လှူဖွယ်ဝတ္ထု အစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေခြင်း။
- အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့၏ကိုယ်စား ဦးကျော်ငြိမ်း(ရွှေညောင်)မှ ကျေးဇူးတင်စကား ပြောကြားခြင်း။
- အာစရိယဆရာမှ နိဂုံးချုပ်ဆုံးမစကား ပြောကြားခြင်း။
- ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား အောင်မြင်စွာပြီးဆုံးခြင်း။

အစရှိသည့် အစီအစဉ်များ ပါဝင်ပါသည်။

လွန်ခဲ့သော ၁၇ နှစ်တာကာလက စာရေးသူ ဤဒေသသို့ ရောက်ရှိချိန်တွင် လူနေအိမ်ခြေမရှိသော တောအုပ်ကြီးအတွင်းမှ ဘုရားစေတီပျက် တစ်ဆူတည်းသာ။ ဘုရားသေ့စတင် သာသနာပြုချိန်မှစ၍ ယနေ့အချိန်အခါအထိ ရောက်ရှိချိန်တွင် တောင်ပေါ်တွင်လည်း ဘုရားစေတီပုထိုးများဖြင့် သာသနာရောင်ဝါ ထွန်းလင်းလျက်၊ တောင်ခြေတွင်လည်း လူနေရပ်ကွက်တို့ ပေါ်ထွန်းလျက် အဝေးပြေးကားတို့ ဖြတ်သန်းရာ အောင်ပန်းလမ်းမပေါ် မှကြည့်လျှင် လောကဇိနမာန်အောင် စေတီတော်ကြီးမှာ အောင်ပန်း 'ပ'သုံးလုံးတောင်တော်မြတ်ထိပ်တွင် ထင်ရှားစွာ စံပယ်လျက်ရှိချေပြီ။ အနှစ် ၂၀ မပြည့်မီ အချိန်တိုကလေးအတွင်းမှာ ဤနေရာ ဤဒေသ၌ ဘာသာ၊ သာသနာ ရောင်ဝါတို့ ထွန်းလင်းဝေဖြာအောင် စွမ်းဆောင်တော်မူခဲ့ပေသော ဘုရားသေ့ ဦးခန္တီယ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့အား ဤဆောင်းပါးဖြင့် ဂါရဝပြု ရေးသားတင်ဆက်လိုက်ရပါပေတော့သတည်း။

**ဗေဒသုတေသီ ဆရာမျိုး**

❑




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

## (အကြောပြင်ပညာရှင်)

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ဂဏ်ကိုးဆည်းပြီး သူနာရဲ့စိတ်ကို လှည့်စားရတဲ့ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါသည်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး

- ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျဉ်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ ( ၂၄ နာရီအတွင်း ) လူနာတွေကို တစ်ပတ်အတွင်း ကောင်းအောင် ကူညီနေပါသည်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ, လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်း ရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။


**တွေ့ချိန်** ➻ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
( ပါရမီလမ်းမကြီးနဲ့ ကျောချင်းကပ်လမ်း ) **ဖုန်း** - ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀ ၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

နံနက်မိုးသောက် အိပ်ရာထ [illegible]စိနှစ်လုံးဖွင့်လိုက်သည်မှစ၍ လူတို့ [illegible]ည် ကာယကံမှု၊ ဝစီကံအမှု၊ မနောကံ [illegible]တို့ကို စေတနာပါသည်ဖြစ်စေ၊ [illegible]တနာမပါသည်ဖြစ်စေ အမှတ်တမဲ့ [illegible]စေ ပြုလုပ်ပြောဆို ကြံစည်ကြတော့ [illegible]ည်။

ထိုသို့ ဖြစ်ကြရာတွင် အပြစ် [illegible]သော ကောင်းမှုကုသိုလ်ဖြစ်သည် [illegible] အပြစ်မကင်းသော မကောင်းမှု [illegible]သိုလ်ဖြစ်သည်လည်း ရှိကြပေ [illegible] မိမိတို့ ပြုလုပ်ပြောဆို ကြံစည် [illegible]သော ကံကြောင့် မျက်မှောက် [illegible]ချင်း ဒိဋ္ဌဓမ္မ အကျိုးပေးကြသည် [illegible] ရှိသကဲ့သို့ နောက်နောင်ဖြစ်လာ [illegible] ဘဝတစ်ခုခုတွင် အကျိုးပေးသည် [illegible]ရှိသည်။ အချည်းနှီး အဟောသိ [illegible]သွားကြသည်လည်း ရှိပေသည်။

မကောင်းမှု ပြုခဲ့သူတို့သည် [illegible]င်းမှုကံ အပြစ်ကြွေးကို သံသရာ [illegible]ရှင်း ဘဝတစ်ခုခု၌ ပေးဆပ်ကြရ [illegible] သေချာသော်လည်း လက်ရှိ [illegible]ာက်ဘဝ၌ မသေဆုံးမီအတွင်း [illegible]င်းမှုကံ၏ အပြစ်ဒဏ်ကို ခံကြရ [illegible]သည့်သာဖြစ်သည်။ ဝဋ်လည် [illegible]ည်သာဖြစ်သည်။ ဗုဒ္ဓဘာသာဝင် [illegible]ားလည်လက်ခံထားကြပြီး ဖြစ် [illegible]

မိမိက ပြုလုပ်ပြောဆို ကြံစည် [illegible]သော မကောင်းမှုကံ အမှုတစ်ခု [illegible] ပြောပလောက်၊ သေးငယ်ပါ [illegible] ယုံကြည် မှတ်ယူထားရုံဖြင့် [illegible]င်းလွတ်လိမ့်မည်ဟု လက်ခံ [illegible]၍ မရပေ။ ပြုလုပ်ခံရသူ၏ [illegible]မာဓိ၊ သိက္ခာကြီးမြင့်လျှင် ကြီး [illegible]အလျောက် အပြစ်ကြီးသွား [illegible]ည်။

အထူးသဖြင့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သံဃာတို့အား ပြစ်မှားမိသော ကာယကံ၊ ဝစီကံ၊ မနောကံအမှုတို့ကား ဘဝအဆက်ဆက် လိုက်ပါပြီး အကျိုးပေးတတ်ပါသည်။ ပြစ်ဒဏ်လည်း ပြင်းထန်တတ်ကြပါသည်။

ဤတွင် ဝစီဘေဒ ထိတိုင်းရှု ဟူသော ဆိုရိုးကို အများသိကြသည် ဖြစ်ရာ သံသရာလည်ရင်း ဘဝတစ်ခုခုတွင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန်း သံဃာတို့အား နှုတ်ဖြင့်ပြစ်မှားမိသဖြင့် ယင်း၏ အပြစ်ဒဏ်ကို များစွာသော ဘဝအဆက်ဆက် ပေးအပ်ခံစားကြရပြီး နောက်ဆုံး နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုရမည့် နောက်ဆုံး ပစ္ဆိမဘဝိကသား ဖြစ်သည့်တိုင် ထိုထိုမကောင်းမှု အပြစ်သည် လိုက်ပါ အကျိုးပေးတတ်ကြသည်သာ ဖြစ်သည်။

ဂေါတမဘုရားအလောင်းတော်သည် တစ်ခုသောဘဝဝယ် မုနာဠိ အမည်ရှိ သေသောက်ကြူးဖြစ်ခဲ့စဉ် မူးရူးပြီး သုရဘိ အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဤသူကား လူသူလေးပါး ဆိတ်ကွယ်ရာ အရပ်၌ ကာမလိုက်စား မွေ့လျော်ပျော်ပါး၍ တရားမရှိ ဒုဿီလပုဂ္ဂိုလ်ဖြစ်ဘိ၏ဟု စွပ်စွဲပြောကြား နှုတ်သရမ်းခဲ့ဖူးလေသည်။

ထိုအကုသိုလ်ကံကြောင့် နှစ်များစွာ ငရဲ၌ ဒုက္ခခံခဲ့ရပြီး နောက်ဆုံးဘဝ ဂေါတမဘုရားရှင် ဖြစ်လာတော်မူသည့်အခါ လူသူအများ အထင်မှားအောင် သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခြင်းကို ခံတော်မူခဲ့ရသည်။

ထို့အတူ ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် တစ်ခုသောဘဝတွင် ဗေဒင်တစ်ဖက်ကမ်းခပ် တတ်ကျွမ်းပြီး လူအများ၏ လေးစားမှုကို ခံရသော တပည့်ငါးရာတို့၏ ပါမောက္ခဆရာကြီး ဖြစ်ခဲ့စဉ်က အဘိညာဉ်တန်ခိုးရှင် ဘီမ အမည်တော်ရှိ ရသေ့သူမြတ်အား ကာမစည်းစိမ်ကို ခံစားသူ ရသေ့စဉ်းလဲဖြစ်သည်ဟု စွပ်စွဲစော်ကားပြီး တပည့်များကို ထိုအတိုင်း ပြောခဲ့သည်။

တပည့်များကလည်း အိမ်စဉ်လှည့်၍ ထိုစကားကို ပြောခဲ့ကြသည်။ ဂေါတမဘုရားရှင်လက်ထက်တော်တွင် ထိုတပည့်ငါးရာသည် ရဟန်းငါးရာ ဖြစ်လာကြကာ တိတ္ထိတို့ သတ်သဖြင့် သုန္ဒရီပရိဗိုဇ်မ သေရခြင်းတွင် လူအများ၏ မဟုတ်မတရား စွပ်စွဲကဲ့ရဲ့ခြင်းကို ခံခဲ့ကြရသည်။

တပည့်သာဝကများကို ကဲ့ရဲ့အစွပ်စွဲခံရခြင်းသည်လည်း ဘုရားရှင်ကိုယ်တော်ကို အစွပ်စွဲခံရခြင်းပင် ဖြစ်သည်။

တစ်ဖန် ဂေါတမမြတ်စွာဘုရား အလောင်းတော်သည်ပင် တစ်ခုသော ဘဝ၌ သဗ္ဗာဘိဘူ အမည်တော်ရှိသည့် ပစ္စေကဗုဒ္ဓါအရှင်၏ တပည့်သာဝက နန္ဒဖြစ်ခဲ့စဉ်က အရှင်မြတ်အား သီလမရှိသူ၊ ယုတ်မာသူဟု စွပ်စွဲပြစ်မှားခဲ့သည်။

ယင်းမကောင်းမှုကံကြောင့်ပင် နှစ်တစ်သောင်းကြာ ငရဲ၌ ဒုက္ခခံခဲ့ရပြီး နောက် လူပြန်ဖြစ်သော ဘဝများစွာတို့တွင်လည်း လူသူလေးပါးတို့၏ မဟုတ်မတရား စွပ်စွဲသည်ကို ခံခဲ့ရသည်။

နောက်ဆုံး ဂေါတမဘုရား ဖြစ်တော်မူသည့်အခါ ပရိသတ် ဗိုလ်ပုံအလယ်တွင် စိဉ္စမာဏဝိကာမိန်းမယုတ်၏ မဟုတ်မတရား စွပ်စွဲခြင်းကို ခံတော်မူရသည်။





www.burmeseclassic.com

www.burmeseclassic.com

ဂေါတမ ဘုရားလောင်းသည် ဖုဿမြတ်စွာဘုရားရှင်၏ သာသနာတော်၌ လူဖြစ်ခဲ့စဉ်က ဖုဿဘုရားရှင်၏ တပည့်သာဝက ရဟန်းတော်တို့ကို "သင်တို့သည် မုယောဆွမ်းကိုသာ စားကြကုန်၊ သလေးဆွမ်းတို့ကို မစားကြကုန်လင့်" ဟု ပြောမှားခဲ့သည်။

ဤမကောင်းကံ၏ အကျိုးဆက်ကြောင့် နောက်ဆုံး ဂေါတမဘုရားဖြစ်တော်မူလာသည့်အခါ ဝေရဥ္စာပုဏ္ဏား၏ ပင့်ဖိတ်မှုအရ ဝေရဥ္စာပြည်တွင် ဝါကပ်တော်မူစဉ် ဝါတွင်းသုံးလပတ်လုံး မြင်းကုန်သည်တို့ လှူသည့် မုယောဆန်မှုန့်တို့ကိုသာ ဘုဉ်းပေးတော်မူခဲ့ရလေသည်။

ပွင့်တော်မူခဲ့ကြသော ဘုရားအဆူဆူတို့သည် ဒုက္ကရစရိယာအကျင့်ကို ရက်လအနည်းငယ်သာ အချိန်ယူ၍ ဖြည့်ကျင့်တော်မူခဲ့သည်။ ဂေါတမဘုရားရှင်မှာမူ ကဿပဘုရားရှင် လက်ထက်တော်၌ ဇောတိပါလ အမည်ရှိ ပုဏ္ဏားလုလင်ဖြစ်ခဲ့စဉ်က ဤဦးပြည်းရဟန်းအဖို့ရာ သဗ္ဗညုတရွှေဉာဏ်တော်သည် အဘယ်မှာ ဖြစ်နိုင်အံ့နည်း၊ သဗ္ဗညုတရွှေဉာဏ်တော်ဟူသည်မှာ အလွန်တရာ ရခဲလှသော တရားဖြစ်သည်ဟု နှုတ်စကားဖြင့် ပြစ်မှားခဲ့သဖြင့် ဂေါတမဘုရားဖြစ်တော်မူသည့်အခါ ခြောက်နှစ်ကြာ ဒုက္ကရစရိယာ အကျင့်ကို ကျင့်ခဲ့ရတော့သည်။

မည်သည့် လူနတ်ပြဟ္မာတစ်ဦးဦးပင်လျှင် စိတ်ကူးနှင့်ပင် ကျင့်ကြံအားထုတ်ရန် မလုပ်နိုင်သည်အထိ ခဲယဉ်းပင်ပန်းလှစွာသော အကျင့်ကို အရေမျှကြွင်းစေ၊ အကြောမျှကြွင်းစေ၊ အရိုးမျှကြွင်းစေ၊ အသားအသွေးတို့ ခန်းခြောက်သွားမူ သွားစေ အလုပ်ကို အောင်မြင်အောင် လုပ်မည်ဟူသော အင်္ဂါလေးပါးရှိသည့် ပဓာနဝီရိယခေါ် လုံ့လဝီရိယဖြင့် ဂေါတမဘုရားလောင်း၏ ခြောက်နှစ်ကြာ ဖြည့်ကျင့်ခဲ့သည့် ဒုက္ကရစရိယာ ကျင့်နေစဉ်အတွင်း မာရ်နတ်သည် အချိန်တိုင်း သတိမလပ် ဘုရားလောင်း၏သန္တာန်၌ ကာမဝိတက်ခေါ် ကာမဂုဏ်နှင့်ပတ်သက်၍ ကြံစည်ခြင်း၊ ဗျာပါဒဝိတက် ခေါ် သူတစ်ပါးကို သတ်ဖြတ်ရန်ကြံစည်ခြင်း၊ ဝိဟိံသာဝိတက် ခေါ် သူတစ်ပါးကို နှိပ်စက်ရန် ကြံစည်ခြင်းဟူသော ဝိတက်မျိုး ဖြစ်ပေါ်လာလျှင် နေရာတွင်ပင် သတ်ဖြတ်မည်ဟု ကြံစည်ပြီး အလောင်းတော်၏ နောက်မှလိုက်ကာ အခွင့်အပေါက်ကို ကြည့်လျက် ခြောက်နှစ်တိုင်ကြာသည့်အထိ စိုးစဉ်းမျှပင် ရှာမတွေ့သဖြင့် မာရ်နတ် လက်လျှော့ခဲ့ရသည်အထိ ကြိုးစားအားထုတ်ခဲ့သော ဂေါတမဘုရားလောင်း၏ ကျင့်ကြံအားထုတ်မှုသည် တစ်ပိုင်းအားဖြင့် ဝစီကံအပြစ်ဝဋ်တော်ကြောင့်ဟု ဆိုရမည်ဖြစ်သော်လည်း အခြားအပိုင်းအနေဖြင့် ဂေါတမဘုရားလောင်း၏ နှလုံးသွင်း ကြံစည်ပုံကိုလည်း ဆင်ခြင်ကြည့်ပြီး အားရကြည်ညို ချီးကျူးထိုက်ကြောင်းကို မဟာဗုဒ္ဓဝင်ကျမ်းတွင် တိပိဋကဓရ အရှင်မင်းကွန်းဆရာတော်ဘုရားကြီးက ရှင်းလင်းဖော်ပြထားသည်ကို ကြည်ညိုပူဇော်ကြည့်ကြပါစို့။

⁂

ဂေါတမဘုရားအလောင်းတော်သည် ဒုက္ကရစရိယာကို ကျင့်သည်ဖြစ်စေ၊ မကျင့်သည်ဖြစ်စေ အကြောင်းဖြစ်သော ပါရမီ စာဂစရိယတရားတို့ကို အပြည့်အဝ ဖြည့်ကျင့်အားထုတ်တော်မူပြီးသည် ဖြစ်သောကြောင့် ဘုရားအဖြစ်သို့ ရောက်နိုင်သည်ဖြစ်ပါလျက် မည်သို့နှလုံးသွင်းပြီး အပင်ပန်းအဆင်းရဲခံကာ ကျင့်ရခြင်းကို အရှင်မြတ်က ရှင်းပြထားပါသည်။ ဝဋ်ကြွေးကြောင့်ဟူသော အချက်ကိုလည်း အကြောင်းတစ်ခုအဖြစ် အရှင်မြတ်က လက်ခံထားခဲ့ပါသည်။

ဂေါတမဘုရားလောင်းသည် လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့အား မိမိ၏ မတုနိုင် မတုနိုင်လောက်အောင် ထက်သန် ပြင်းပြသော လုံ့လဝီရိယကို အထင်အရှား ပြလိုသည်ဖြစ်၍ ယင်းဝီရိယဂုဏ်ကျေးဇူးသည် နောင်တစ်ချိန် ဘုရားဖြစ်ပြီးသောအခါ ပြန်လည်စဉ်းစားဆင်ခြင်တော်မူလျှင် ကိုယ်တော်မြတ်၏ စိတ်နှလုံးကို ရွှင်ပြုံးဝမ်းမြောက်စေလိမ့်မည်ဟု နှလုံးသွင်းခြင်းသည် အကြောင်းတစ်ခု ဖြစ်ပေသည်။

ဥပမာအားဖြင့် မိဘအမွေ[illegible] အလွယ်တကူ ဆက်ခံရကာ မင်းဖြစ်[illegible] ခြင်းထက် ရန်သူအဟန့်အတား အခ[illegible] အခဲတို့ကို ရင်ဆိုင်ပြီး ပြင်းထန်[illegible] တိုက်ခိုက်အနိုင်ယူကာ မင်းအဖြစ်[illegible] ရခြင်းက ပြန်လည်ဆင်ခြင်မိတိုင်း အား[illegible] ကြီးသော ဝမ်းမြောက်ခြင်း ဖြစ်ရသ[illegible] သို့တည်း။

တစ်ဖန် ဘုရားရှင်၏ ဒုက္က[illegible] စရိယာကျင့်တော်မူပုံကို ကြားသိရ[illegible] နောင်လာနောက်သား သာဝကတို့သ[illegible] ဘုရားရှင် ကိုယ်တော်တိုင်ပင် [illegible] အသချေ်နှင့် ကမ္ဘာတစ်သိန်းကြာ ပါ[illegible] ဖြည့်ကျင့်တော်မူခဲ့ရုံမျှမက ပဓာနအ[illegible] ဒုက္ကရစရိယာအကျင့်ကိုလည်း အား[illegible] ထုတ်ဖြည့်ကျင့်တော်မူပြီးမှ သဗ္ဗည[illegible] ရွှေဉာဏ်တော်ကို ရယူခဲ့ပါတ[illegible] ငါတို့အတွက်မူကား အဘယ်ဆို[illegible] ရှိတော့မည်နည်း။





www.burmeseclassic.com

www.burmeseclassic.com

တမ္ဘဋ္ဌာန်းအလုပ်အားထုတ် ခြင်း
ပဓာနဝီရိယကို မုချလုပ်မှ
တိုရလိမ့်မည်ဟု မှန်ကန်စွာ
တော ပြုအပ်သည့် နည်းလမ်း
သနားစောင့်ရှောက်သောအား
သနားတော်မူသည်ဟုလည်း
ည်ညိုသင့်လှပေသည်။

အထူးသဖြင့် ဂေါတမဘုရားရှင်
မူချိန်ကာလသည် အတ္တကိလ
ယောဂ ဟူသော ခန္ဓာကိုယ်
ညှဉ်းပန်းနှိပ်စက်ပြီး ဒုက္ခ
ရှားအားထုတ်ခြင်း နည်းသည်
တွင်ကျယ်ခေတ်စား ကြီးစိုးနေ
ချိန်ဖြစ်ရာ ထိုသို့ ဒုက္ကရစရိယာ
သည် ဘုရားဖြစ်စေသည့်
တရားမဟုတ်၊ စင်စစ် မဇ္ဈိမ
ကြောင့်သာ ဘုရားဖြစ်တော်မူ
နတ်လူတို့အား မဂ်ဉာဏ်ကို
မဟုတ်သည့် နည်းမှားနှင့်
ကြောင်း နည်းလမ်းမှန်ကို
တွက်ကွက် ရှင်းလင်းပြတ်သား
ပြတော်မူသောကြောင့် ထို
သာအကျင့်ကို ကျင့်ပြခြင်း

ခေတ်ကာလအလျောက်
အဆင်ကြီးနေကြသည့် ဘုရား
ပုဂ္ဂိုလ်တို့၏ ဒုက္ကရစရိယာ
ဝင်ပန်းဆင်းရဲပြင်းထန်သည့်
သောက်သည် ဘုရားရှင်က
တွင်ပင် မထည့်လောက်။
ထက်မက ဆင်းရဲပင်ပန်း
ပြီး မည်သူမျှ လိုက်မမီ
တ်အောင် အချိန်ခြောက်
လျှင် ဘုရားရှင်သည် ကျင့်
ပေသည်ဟု ကြည်ညိုကြသူ
အားရကျေနပ် ကြည်ညို
ပေသည်။

ဤသို့အားဖြင့် ကာမဂုဏ်ကို ခံစားခြင်းဟူသော အစွန်းနှင့် ခန္ဓာကိုယ်ကို ညှဉ်းပန်းကာ အပင်ပန်းအဆင်းရဲခံပြီး ကျင့်ခြင်းဟူသော အစွန်းနှစ်ဖက်ကို ရှောင်လျက် မဇ္ဈိမပဋိပဒါကျင့်စဉ်တည်းဟူသော မဂ္ဂင်ရှစ်ပါးလမ်းစဉ်သည်သာ မဂ်ဖိုလ်ရရာရကြောင်း လမ်းမှန်ဖြစ်ကြောင်း ပြသခဲ့သည့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ စွမ်းဆောင်ပြတော်မူခြင်းကို အားရဖွယ်၊ ကြည်ညိုဖွယ် ပူဇော်ထိုက်လှပေသည်။

ဘုရားရှင်၏ သာသနာတော်၌ တပည့်မ၊ ဥပါသိကာမတို့ အနက် အကြားအမြင် များသောအရာဝယ် ဧတဒဂ်ရခဲ့သည်အထိ ရှေးအထက် ကမ္ဘာတစ်သိန်းက ပဒုမုတ္တရာဘုရားရှင်၏ သာသနာဝယ် အဓိကာရကောင်းမှုကုသိုလ်ပြုပြီး ဗျာဒိတ်ခံယူခဲ့ရသော အမျိုးကောင်းသမီးသည် လူ့ပြည်၊ နတ်ပြည်တို့၌ကျင်လည်ကာ ပါရမီကောင်းမှုတို့ကို ဖြည့်ကျင့်ခဲ့သော်ငြားလည်း ထိုအမျိုးကောင်းသမီးသည် ကဿပဘုရားရှင်၏ သာသနာဝယ် သာမဏေရီမတစ်ပါးကို မိမိ၏ ဝေယျာဝစ္စအမှုကို ခိုင်းစေ ပြုလုပ်စေခဲ့မိသဖြင့် ထိုအကုသိုလ်ကံ၏ အကျိုးဆက်သည် ဘဝငါးရာဆက်၍ သူတစ်ပါး၏ ကျွန်မဖြစ်ခဲ့ရသည်။

ဓမ္မပဒဝတ္ထုတော်ကြီးတွင်မူ အိမ်သို့ရောက်လာသော ရဟန္တာ ဘိက္ခုနီမအား မိမိအတွက် ဘဏ္ဍာတန်ဆာပခြုပ်ကို ယူခိုင်းခဲ့ရာ ရဟန္တာဘိက္ခုနီမက မယူပေးခဲ့လျှင် ဒေါသဖြစ်ကာ ရန်ငြိုးဖွဲ့လျှင် ငရဲကျမည်၊ ယူပေးလိုက်လျှင် ကျွန်ဖြစ်စေမည့် အကုသိုလ်အမှုဖြစ်သောကြောင့် ငရဲတွင် ခံရသည်ထက် ကျွန်အဖြစ်က သက်သာစေလိမ့်မည်ဟု ဆင်ခြင်၍ ဝေယျာဝစ္စအမှုကို လုပ်ပေးခဲ့ကြောင်း ပါရှိသည်။

မိမိထက် သီလ သမာဓိ သိက္ခာကြီးမြတ်သူ အထူးသဖြင့် ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန်း၊ သာမဏေ၊ ရသေ့သူတော်စင်တို့အား မလေးမစား ဆက်ဆံပြောဆိုခြင်း အကုသိုလ်အမှုကို မလုပ်မိမပြောမိစေရန် အထူးသတိထား ဆင်ခြင် နေထိုင်သင့်လှပေသည်။

ထို့အပြင် ထိုအမျိုးသမီးသည် ဂေါတမဘုရားရှင်မပွင့်မီကာလတစ်ခု၌ ဗာရာဏသီမင်း၏ ရံရွေတော်တစ်ဦးဖြစ်ခဲ့က နန်းတော်သို့ ကြွလာသော ခါးကုန်းနေသည့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးကို လှောင်ပြောင်သည့်အနေဖြင့် ကုန်းကုန်းကွကွလုပ်ပြီး သွားပြခဲ့သည်။

ထိုအကုသိုလ်ကံကြောင့် ကုန်းကွသော ခန္ဓာကိုယ် ရှိခဲ့ရသည်။

သူကား၊ ထိုအမျိုးသမီးကား ခုဇ္ဇုတ္တရာ ဥပါသိကာမတည်း။

ထိုအမျိုးသမီးသည် ဂေါတမဘုရားရှင်ပွင့်တော်မူသောအခါ ဃောသက သူဌေး၏ အိမ်ကျွန်အထိန်းတော်၏ဝမ်းတွင် သန္ဓေတည်ခဲ့ပြီး မွေးလာသော် ကုန်းကွသော ခန္ဓာကိုယ်ရှိသဖြင့် အမည်ရင်း ဥတ္တရာရှေ့တွင် ထပ်ဆင့်၍ ခုဇ္ဇ-ကုန်းကွသော ခန္ဓာကိုယ်ရှိသူဟူ၍ ခုဇ္ဇုတ္တရာ အမည်တွင်ခဲ့တော့သည်။

ထို့ကြောင့် ရဟန်းသာမဏေ၊ မိမိထက် အကျင့်သီလသိက္ခာ ပို၍ဖြည့်စုံသောသူတို့အား မိမိ၏ အမှုလုပ်အဖြစ် ခိုင်းစေခြင်း၊ သူတစ်ပါးတို့၏ အားနည်းချက်၊ ချို့ယွင်းချက်တို့ကို မထောက်မစာ လှောင်ပြောင်ခြင်းဟူသော အကုသိုလ်အမှု၏ အကျိုးမေးပုံကို ဆင်ခြင်ပြီး သံဝေဂယူကာ ကြိုးစား ရှောင်ကြဉ်ကြရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

စင်စစ်အားဖြင့် မနောကံစိတ်ဖြင့် ပြစ်မှားမိရုံမျှပင် အကုသိုလ်အပြစ်ဒဏ်ကို ခံရနိုင်ကြောင်း သောရေယျပြည်မှ သောရေယျ သူဌေးသားကို ကြည့်၍ သံဝေဂယူမှတ်သားဆင်ခြင်နိုင်ပေသည်။

သောရေယျပြည်သို့ ဆွမ်းခံကြွလာသော အရှင်မဟာကစ္စည်း မထေရ်မြတ်အား မထေရ်၏ လှပတင့်တယ်သော အဆင်းကိုမြင်၍ သောရေယျ သူဌေးသားသည် ဤမထေရ်သည် ငါ့မယား ဖြစ်ပါမူ ကောင်းလေစွဟု ကြံမိပြီး စိတ်ဖြင့် ပြစ်မှားမိသည်နှင့် မိန်းမဘဝသို့ ချက်ချင်း ပြောင်းသွားခဲ့ရသည်။

ရှက်လှသဖြင့် အဖော်များထံ ပြန်မသွားဘဲ ထွက်ပြေးရာ တက္ကသိုလ်ပြည်တွင် ယောကျ်ားရကာ သားနှစ်ဦး ဖွားမြင်ခဲ့သည်။

နောင်မှ မိတ်ဆွေဟောင်းတို့နှင့် တွေ့သော် အကျိုးအကြောင်းသိကြရာ ထိုသူဌေးသားကို အရှင်မဟာကစ္စည်းထံ ခေါ်သွားပြီး တောင်းပန်ရှိခိုးစေသည်။ မထေရ်မြတ်က သည်းခံခွင့်လွှတ်၏ဟု မိန့်တော်မူသည်နှင့် ယောကျ်ားဘဝ ပြန်ရခဲ့သည်။

သောရေယျ သူဌေးသားသည် မိမိ၏ အဖြစ်ကို သတိသံဝေဂဖြစ်ပြီး အရှင်မြတ်ထံတွင် ရဟန်းပြုခဲ့သည်။ အရှင်မြတ်က သာဝတ္ထိပြည်သို့ ခေါ်သွားခဲ့သည်။ သောရေယျရဟန်းသည် ကြိုးစားကျင့်ကြံကာ အားထုတ်သဖြင့် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ခဲ့ရသည်။

အကုသိုလ်အမှုမှန်လျှင် အသေးအဖွဲ မပြောပလောက်ဟု ဆိုရသည့် အမှုကိုစွဲမှတ်၍ မည်သည့်ကံဖြင့်ဖြစ်စေ မပြုမိ မပြောမိ မကြံမိအောင် သတိဖြင့် ဆင်ခြင်ကြည့်ရှု သုံးသပ်၍ နေခြင်းသည်သာ အကောင်းဆုံး အမှန်ဆုံးပေတည်းဟု အမြဲနှလုံးသွင်းပြီး နေသင့်ကြပေသည်။

ထို ခုဇ္ဇုတ္တရာ အရိယာဥပါသိကာမသည် မေတ္တာစျာန်ဖြင့်နေလေ့ရှိသည့် ဘုရားရှင်၏တပည့်မ ဥပါသိကာတို့တွင် ဧတဒဂ်ရသည့် သာမာဝတီ မိဖုရားနှင့်အတူ နှစ်ဦးသားသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရ ဘုရားရှင်ထံတော်တွင် အဓိကာရ ကောင်းမှုပြုကာ ဧတဒဂ်ဆု ပန်ခဲ့ကြသည့် ဟံသာဝတီပြည်မှ အမျိုးကောင်းသမီးတို့ ဖြစ်ခဲ့ကြသူများ ဖြစ်သည်။

လူနတ်ဘဝတို့တွင် ကျင်လည်ရင်း နောက်ဆုံးဘဝတွင် ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ ခုဇ္ဇုတ္တရာ လောင်းလျာသည် ကောသမ္ဗီပြည်မှ ဃောသကသူဌေးကြီး၏ အိမ်ထိန်းသမီး ဖြစ်ခဲ့ရသည်။ အပြစ်ကြွေးကြောင့် ကုန်းကွသော ကိုယ်နှင့် ခုဇ္ဇုတ္တရာကျွန်အမှုလုပ်ဖြစ်ခဲ့ရသည်။

သာမာဝတီမိဖုရားလောင်းကမူ ဘဒ္ဒဝတီယတိုင်း ဘဒ္ဒိယမြို့မှ ဘဒ္ဒဝတီယသူဌေးကြီး၏ သမီး ဖြစ်လာခဲ့သည်။

ဘဒ္ဒိယမြို့၌ ဒုဗ္ဘိက္ခဘေးကြောင့် ကောသမ္ဗီမြို့ရှိ မိတ်ဆွေ ဃောသကသူဌေးထံသို့ မိသားစုလိုက် ပြေးလာခဲ့ကြရာ လမ်းတွင် လွန်စွာပင်ပန်းဆင်းရဲခဲ့ကြရသဖြင့် ဃောသကသူဌေးကြီး၏ စတုဒိသာဇရပ်တွင် ရောက်ရှိတည်းနေစဉ် မိဘနှစ်ပါးလုံး ကွယ်လွန်ခဲ့တော့သည်။

တစ်နေ့ထက် တစ်နေ့ ထမင်းထုပ် လျှော့ယူသည်ကို သတိပြုမိသော ဝေယျာဝစ္စအလုပ်သမားမှူးက အကျိုးအကြောင်းမေးရာ ဃောသကသူဌေး၏ မိတ်ဆွေသမီးမှန်းသိသော် မိမိ၏ သမီးအဖြစ် မွေးစားခဲ့သည်။ သာမာဝတီမိဖုရားလောင်းသည် အလှူဇရပ်တွင် ပရမ်းပတာဖြစ်ပြီး ဆူညံပွက်လောရိုက်နေသည့် အနေအထားကို ငြိမ်သက်၍ စနစ်တကျဖြစ်အောင် စီမံခန့်ခွဲပေးသည်။

အလှူဇရပ်သည် အေးချမ်းငြိမ်သက်ပြီး စည်းကမ်းတကျဖြစ်သွားခြင်းကို ဃောသကသူဌေးကြီးက စုံစမ်းမေးမြန်းရာ အကြောင်းစုံသိသော် ဝေယျာဝစ္စ အလုပ်သမားမှူးကို ပြစ်တင်ကာ မိမိ၏မိတ်ဆွေသမီးဖြစ်သူ သာမာဝတီမိဖုရားလောင်းအား သမီးအဖြစ် မွေးစားခဲ့ပြီး အခြံအရံ ငါးရာနှင့် ထားပေးသည်။

နောင်တွင် ဥတေနမင်း၏ သာမာဝတီမိဖုရား အဖြစ်သို့ ရောက်ခဲ့သည်။ ထိုအခါ ခုဇ္ဇုတ္တရာသည်လည်း သာမာဝတီမိဖုရား၏ အလုပ်အကျွေး လူယုံတော် ဖြစ်လာခဲ့သည်။

ခုဇ္ဇုတ္တရာသည် နေ့စဉ် ပန်းဝယ်ရန် အသပြာရရာ လေးကျပ်ကို ခိုးယူ[illegible]ပြီး လေးကျပ်ဖိုးရှိသော ပန်းတို့ကို[illegible] ဝယ်၍ မိဖုရားကို ပေးခဲ့သည်။

တစ်နေ့တွင် ဝယ်နေကျ [illegible]သည်ကြီးက မိမိ၏ အိမ်သို့ ဘုရား[illegible] ကြွလာသဖြင့် ပန်းမရောင်းနိုင်[illegible]ကြောင်း၊ ဘုရားနှင့် သံဃာတို့[illegible] ဆွမ်းကပ်လှူဒါန်းရာတွင် ဝေယျာ[illegible] ကုသိုလ်အမှု ပြုပေးစေလိုကြောင်း[illegible] အမှုလုပ်ပေးသည့် အကြောင်း[illegible] သူတစ်ပါး၏ အမှုလုပ်ကျွန်ဘဝမှ[illegible] စေနိုင်ကြောင်း ပြောခဲ့ရာ ခုဇ္ဇု[illegible] ဝေယျာဝစ္စအမှုကို ကူညီပြုလုပ်[illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးသော် ဘုရားရှင်ဟောကြား
[...]မူသော တရားဒေသနာတို့ကို
[...]င်းစွာ နာယူဆင်ခြင်ရင်း သော
[...]န်အရိယာ ဖြစ်ခဲ့တော့သည်။

ထိုနေ့အဖို့ ပန်းဖိုးမခိုးတော့ဘဲ
[...]သပြာဖိုးအပြည့် ပန်းများဝယ်ပြီး
[...]ကို ပေးခဲ့သည်။ သာမာဝတီ
[...]က ပန်းများ များလာရသည့်
[...]ကြောင်းကို မေးရင်း တရားထူးရပြီး
[...]င်းမှုကို မလုပ်တော့သဖြင့် ပန်းဖိုး
[...]ယူတော့သဖြင့် ပန်းများ ပိုလာရ
[...] သိလိုက်ရာ မိဖုရားသည် ခုဇ္ဇုတ္တ
[...] ဖြစ်တင်မောင်းမဲခြင်း မပြုဘဲ
[...]သည့် တရားထူးကို မိမိတို့အား
[...]ည်ဟောကြားပေးရန် ပြောခဲ့လေ
[...]

ထို့နောက် သန့်ရှင်းစင်ကြယ်စေ
[...] ခုဇ္ဇုတ္တရာကို မြင့်သောနေရာတွင်
[...]၍ မိဖုရားနှင့် ရံရွေတော်ငါးရာ
[...] အနိမ့်တွင်နေကာ တရားနာခဲ့ကြ
[...]

ခုဇ္ဇုတ္တရာသည် ပဋိသမ္ဘိဒါဉာဏ်
[...]ည့် သေက္ခအရိယာသောတာပန်
[...] ဘုရားရှင်ဟောကြားတော်မူ
[...] နည်းအတိုင်း ဟောကြားခဲ့ရာ
[...]တီအမှူးပြုသော မင်းမိန်းမ
[...]သည် သောတာပန်အရိယာ
[...]သည်။

ထိုအချိန်မှစ၍ ခုဇ္ဇုတ္တရာကို
[...]ကျွန်အဖြစ်မှ လွတ်စေကာ
[...] ဘုရားရှင်ထံမှ တရားနာယူပြီး
[...] တစ်ဆင့်ပြန်၍ ဟောကြားစေခဲ့
[...]

ထိုသို့ နေ့စဉ်ပြုလုပ်ခဲ့ရသဖြင့်
[...]တွင်တော့ ခုဇ္ဇုတ္တရာသည်
[...] သုံးပုံဆောင် တိပိဋကဓရ
[...] ဖြစ်လာခဲ့သည်။

ခုဇ္ဇုတ္တရာ တစ်ဖန်ပြန်၍ ဟောကြားအပ်သည့် သုတ်ပေါင်း တစ်ရာတစ်ဆယ့်နှစ်သုတ် ရှိကာ ဇိနဝစန (ဘုရားရှင်၏စကားတော်အစဉ်) ဖြစ်ဖြစ် သင်္ဂါယနာတင် အရှင်မြတ်တို့က ဣတိဝုတ္တကပါဠိတော် အမည်ပြု၍ သင်္ဂါယနာ တင်တော်မူခဲ့သည်။

ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုတော်တို့တွင် အကြောင်းတိုက်ဆိုင်သဖြင့် ဂေါတမဘုရားရှင် ဟောကြားတော်မူခဲ့သော ဘဝဖြစ်စဉ် လေးခု၌ ခုဇ္ဇုတ္တရာလောင်းလျာကို တွေ့ရှိခဲ့ရသည်။ ဝဋ်ကံအကုသိုလ်အမှုကြောင့် ငါးရာသော ဘဝတိုင်ဆက်၍ ကျွန်မအမှုလုပ် ဖြစ်ခဲ့ရသည့် ဘဝများထဲမှ ဖြစ်စဉ်များဟု မှတ်ယူရပါမည်။

မိသားစု တစ်ခုလုံးသည် ဒါနပြုခြင်း၊ သီလကို စောင့်ရှောက်ခြင်း၊ ဥပုသ်သုံးခြင်း သေခြင်း၌ ဆင်ခြင်အောက်မေ့ခြင်းတို့ကို မမေ့မလျော့ နေ့ညဉ့်မပြတ် ပွားများ ကျင့်ကြံကြသည့် ဗာရာဏသီပြည်၏ တံခါးရွာနေ ဂေါတမဘုရားလောင်း ပုဏ္ဏား၏အိမ်ဝယ် ခုဇ္ဇုတ္တရာလောင်းလျာသည် ကျွန်မ ဖြစ်ခဲ့ကြောင်းကို ပဉ္စကနိပါတ် မဏိကုဏ္ဍလဝဂ် ဥရဂဇာတ်တွင် တွေ့နိုင်ပါသည်။

သူသည် အိမ်ရှင်မိသားစုများကဲ့သို့ပင် ကျင့်ကြံနေထိုင်ခဲ့ပေသည်။ တစ်နေ့၌ အိမ်ရှင်နှင့် သားဖြစ်သူတို့ လယ်အမှုလုပ်စဉ် သားဖြစ်သူသည် ပိုးထိ၍ သေခဲ့သည်။

အရှင်ရာဟုလာ လောင်းလျာ သား၏ ဥတုဇရုပ်ကို မီးသင်္ဂြိုဟ်ရာတွင် ရောက်ရှိစုရုံးလာကြသော မိသားစုဝင်အားလုံးသည် ပူဆွေးသောကဖြင့် ငိုကြွေးခြင်းမပြုကြဘဲ သေခြင်း၌ မမေ့မလျော့ သတိနှင့်ဆင်ခြင်၍ ဘာဝနာပွားများနေခဲ့ကြသည့် မိသားစု၏ ကောင်းမှုအာနုဘော်ကြောင့် သိကြားမင်း မနေနိုင်သဖြင့် လာရောက်ကာ သေခြင်းအတွက် မငိုကြွေးကြရခြင်း အကြောင်းကို မေးခဲ့သည်။

ဂေါတမဘုရားလောင်း ဖခင်ပုဏ္ဏား၊ မိခင် ခေမာထေရီလောင်း ပုဏ္ဏေးမ၊ သမီးဖြစ်သူ ဥပ္ပလဝဏ်ထေရီလောင်းနှင့် ခုဇ္ဇုတ္တရာလောင်း ကျွန်မတို့က အသီးသီး မိမိတို့၏ ဆင်ခြင်နှလုံးသွင်းကြပုံကို ပြောပြခဲ့သည်။ သိကြားမင်းသည် မိသားစု၏ တရားဒေသနာကို ကြားနာရသော် များစွာ ကြည်ညိုခြင်းဖြစ်ကာ စည်းစိမ်တို့ကို ဖြစ်စေပြီး ကောင်းမှု ကုသိုလ်တို့ကို ဆက်လက်ပြုလုပ်ကြရန် တိုက်တွန်း၍ ပြန်သွားခဲ့သည်။

ဤတွင် ခုဇ္ဇုတ္တရာလောင်းလျာ ကျွန်မဖြစ်သူ၏ တရားစကားကို ဖော်ပြပေးပါမည်။

ကျွန်မကို သိကြားမင်းက -

'သေသွားသော အရှင်ဖြစ်သူသည် ညှဉ်းဆဲနှိပ်စက်လွန်းသဖြင့် သူသေသော် ဆင်းရဲလွတ်ပြီဟု ယူဆပြီး မငိုဘဲနေခြင်းလော' ဟု မေးခဲ့သည်။

ထိုအခါ ကျွန်မက -

'မဟုတ်ကြောင်း၊ မိမိ၏ အရှင်သည် ခန္တီမေတ္တာတရားရှိသူ ဖြစ်ကာ လေးစားချစ်ခင်ရသူဖြစ်ကြောင်း၊ မိမိ၏ သားရင်းသဖွယ် ဖြစ်ကြောင်း' ပြော၍ မိမိ မငိုရခြင်းကို အောက်ပါဂါထာတို့ဖြင့် ဖြေကြားခဲ့သည်။

"ယထာစ ဥဒက ကုမ္ဘော၊
ဘိန္နော အပ္ပဋိ သန္ဓိယော၊ ဧဝံ သမ္ပဒ
မေကတံ၊ ယောပေတ အနုသောစတိ"

"အကြွင်သူသည် သေသောသူကို စိုးရိမ်၏၊ ထိုသူ၏ စိုးရိမ်ခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com

ကွဲသော ရေအိုးသည် တစ်ဖန်မစပ်ပြန် သကဲ့သို့တည်း၊ ဤသို့ ဖြစ်ခြင်းသည် သာလျှင် ဖြစ်၏"

"ဒုယှမာနေ နဇာနာတိ၊ ဉာတီနံ ပရိဒေဝိတံ၊ တသ္မာတေ နသောစာပိ၊ ဂတောသောတဿ ယာဂတိ"

"မီးဖုတ်အပ်သော အရှင့်သား သည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိ၊ ထို့ကြောင့် ထိုသေသော အရှင့်သားကို ငါသည် မစိုးရိမ်၊ ထိုအရှင့်သား၏ အကြင်ဂတိသည် ရှိ၏၊ ထိုဂတိကို ထို အရှင့်သားသည် လား၏"

ဂေါတမဘုရားရှင်သည် ဤဇာတ်တော်ကို သာဝတ္ထိပြည်ဇေတဝန် ကျောင်း၌ စံနေစဉ် သားသေသော သူကြွယ်အိမ်သို့ ကြွရင်း သူကြွယ်အား ကွဲပြိုတတ်သော သဘောရှိသော ဝတ္ထု ကား ကွဲပြိုမည်သာလျှင် ဖြစ်ကြောင်း ပျက်စီးတတ်သော သဘောရှိသည့် ဝတ္ထုသည်လည်း ပျက်စီးတတ်သည်သာ ဖြစ်ကြောင်း၊ ထိုသို့ ပျက်စီးခြင်းသည် တစ်အိမ်တည်း၌သာလျှင် ဖြစ်သည် မဟုတ်၊ အတိုင်းအရှည်မရှိကုန်သော စကြဝဠာတို့ဝယ် ဘုံသုံးပါးတို့၌ မသေ တတ်သော သဘောရှိသောသူ မရှိ ကြောင်း၊ ထိုသဘောဖြင့်လျှင် တည်ခြင်း ငှာ စွမ်းနိုင်သော တစ်ခုသော သင်္ခါရ သည်လည်း မရှိကြောင်း၊ သတ္တဝါ မှန်လျှင် သေခြင်းသဘောရှိကြောင်း၊ ရှေးပညာရှိတို့သည်လည်း ဤသို့ နှလုံး သွင်းပြီး မစိုးရိမ်ကြကြောင်း မိန့်တော်မူ ကာ ဤဥရဂဇာတ်ကို ဟောတော်မူခဲ့ ခြင်းဖြစ်သည်။

ဒေသနာအဆုံးတွင် သူကြွယ် သည် သောတာပတ္တိဖိုလ်၌ တည်ခဲ့လေ သည်။

*

ကာမဂုဏ်ကိလေသာကို စွဲ၍ သာသနာဝယ် ငြီးငွေ့သဖြင့် လူထွက် လိုသော ရဟန်းတစ်ပါးကို အကြောင်း ပြုပြီး သာသနာပအခါမျိုးမှာပင်လျှင် ရှေးပညာရှိတို့သည် ဝတ္ထုအာရုံ ကာမ ဂုဏ်တို့ကို စွန့်လျက် ရသေ့ရဟန်း ပြုကြကာ ဝတ္ထုကာမ၊ ကိလေသာကာမ တို့ကို စက်ဆုပ်ရွံရှာဖွယ် ဘေးဆိုးကြီး များသဖွယ် မှတ်ယူပြီး ကျိန်ဆို ပြော ကြရာတွင် ထည့်သွင်းခဲ့ကြကြောင်း၊ ဇေတဝန်ကျောင်းတော်၌ စံနေစဉ် ဂေါတမဘုရားရှင် ဟောကြားတော်မူခဲ့ သော ပကိဏ္ဏကနိပါတ်လာ ဘိသဇာတ် တွင်လည်း ခုဇ္ဇုတ္တရာလောင်းလျာသည် ကျွန်မိန်းမအဖြစ် ပါဝင်ခဲ့သည်။

ရှေးကာလတစ်ခု၌ ဗြဟ္မဒတ် မင်းသည် ဗာရာဏသီပြည်ကို အုပ်ချုပ် စဉ် ဂေါတမဘုရားလောင်းသည် ကုဋေ ရှစ်ဆယ်ကြွယ်ဝသော ဗြဟ္မဏမဟာ သာလအမျိုး၌ သားကြီး မဟာကဥ္စန ဖြစ်ခဲ့သည်။

ဘုရားလောင်းနောက် အစဉ် လိုက်အားဖြင့် သားခြောက်ယောက် ထပ်ရခဲ့ပြီး နောက်ဆုံးကား ဥပ္ပလဝဏ် ထေရီလောင်း အငယ်ဆုံးသမီး ကဥ္စန ဒေဝီတည်း။

သားဖြစ်သူတို့ကား အရှင်သာရိ ပုတ္တရာလောင်း၊ အရှင်မောဂ္ဂလာန် လောင်း၊ အရှင်မဟာကဿပလောင်း၊ အရှင်အနုရုဒ္ဓါလောင်း၊ အရှင်ပုဏ္ဏ လောင်းနှင့် အရှင်အာနန္ဒာလောင်းတို့ ဖြစ်ကြသည်။

မိဘတို့က သားသမီးတို့ကို အိမ် ရာထူထောင်ခြင်းကို ပြုကြရန် တိုက် တွန်းခဲ့သည်။ သို့သော် အားလုံးက ငြင်းပယ်ခဲ့ကြကာ တောထွက်၍ ရသေ့ ရဟန်းပြုရန်သာ အားသန်ခဲ့ကြသည်။

မိဘများကွယ်လွန်သော် အစ်ကို ကြီး ဂေါတမဘုရားလောင်းကို အမှူး ပြု၍ ပစ္စည်းဥစ္စာများကို စွန့်ကြလျှ ပြီးနောက် အားလုံး တောထွက်၍ ရသေ့ရဟန်းပြုခဲ့ကြသည်။ တောတွင်း ကျောင်းသင်္ခမ်းတွင် နေကြရင်း တရား ဘာဝနာ ပွားများခဲ့ကြသည်။

သူတို့နှင့်အတူ အဆွေခင်ပွန်း တစ်ယောက်၊ စိတ္တသူကြွယ်လောင်း ကျွန်ယောကျ်ားနှင့် ခုဇ္ဇုတ္တရာလောင်း လျာ ကျွန်မမိန်းမတို့သည်လည်း လိုက် ပါခဲ့ကြသည်။

ထို့ပြင် အနီးရှိတောစိုး၊ သစ်ပင် နေ ရုက္ခစိုးနတ်၊ အနှိပ်စက်ခံရသဖြင့် ထွက်ပြေးလာသော ဆင်တစ်ကောင်နှင့် မြွေသမား၏ လက်မှလွတ်လာသော မျောက်တစ်ကောင်တို့ပါ လာရောက် မှီခိုနေခဲ့ကြသည်။

အစ်ကိုကြီး၊ နှမငယ်နှင့် ကျွန် မိန်းမတို့ကိုထား၍ ကျန်ရှစ်ဦးက အ အာဟာရ သစ်သီး၊ သစ်ဥ၊ ကြာစွယ် စသည်တို့ကို အလှည့်ကျ ရှာဖွေပြီး ရသမျှကို အညီအမျှ ခွဲဝေစားသုံးကြ အေးချမ်း ညီညွတ်စွာနေခဲ့ကြသည်။

ရသေ့တို့၏ အကျင့်သီလ ဘော်ကြောင့် သိကြားမင်း မနေနိုင် သူတို့သည် အကယ်ပင် ကာမဂုဏ် စက်ဆုပ်ရွံရှာကြသည် ဟုတ်၊ မ လာရောက်စုံစမ်းတော့သည်။

သုံးရက်ဆက်၍ အစ်ကိုကြီး အစားဝေစုကို ဖျောက်ထားလိုက် သုံးရက်မြောက်တွင် အစ်ကိုကြီး တွင် အပြစ်ရှိက သည်းခံရန်ပြော မိမိအစာဝေစု မရကြောင်း သိ သည်။

အားလုံးလည်း ထိတ်လ လှုပ်သွားကြပြီး မိမိတို့ မယူကြ





www.burmeseclassic.com

www.burmeseclassic.com

သီးသီး ကျိန်ဆိုခြင်းပြု၍ သစ္စာဆိုကြသည်။

အားလုံးက ကျိန်ဆိုကြရာတွင် ဝတ္ထုကာမ၊ ကိလေသာကာမ လောကီကာမဂုဏ် ပစ္စည်းတို့သည် အလွန်စက်ဆုပ်ရွံရှာ ကြောက်လန့်ဖွယ်အရာများဖြစ်ကြပြီး မိမိတို့သည် ခိုးယူမိပါက ထိုထိုသော ကာမဂုဏ်နွံတောတွင် နစ်မြုပ်ကာ ဘဝဆုံးကြပါစေဟု ထည့်သွင်းကာတောင်းကျိန်ဆိုခဲ့ကြသည်။ နောက်ဆုံး အစ်ကိုကြီးဖြစ်သူကလည်း ထိုသို့ပင်ကျိန်ဆိုပြောကြားခဲ့သည်။

ထိုအခါ ရသေ့တို့သည် ကာမဂုဏ်တို့ အမှန်ပင် စက်ဆုပ်ကြသူများဖြစ်ကြောင်း သိခဲ့ရသဖြင့် ရသေ့တို့အားအဖြစ်မှန်ကို ရှင်းလင်းလျှောက်တင်ကာခွင့်ကြားမင်း တောင်းပန်ခဲ့သည်။

ရသေ့တို့ကလည်း ခွင့်လွှတ်ပေးပြီး တရားဘာဝနာတို့ကို ကျင့်ကြံအားထုတ်ကာ ဈာန်အဘိညာဉ်ကို ဖြစ်စေပြီးနောက် စုတေသော် ဗြဟ္မပြည်သို့ လားကြသည်။

ဤဇာတ်တွင် ခုဇ္ဇုတ္တရာလောင်းလျာမိန်းမသည် အရှင်ဖြစ်သူတို့နှင့်အတူလိုက်၍ ရသေ့ ရဟန်းပြုကာတရားဘာဝနာကို အားထုတ်ကြိုးစားသူအဖြစ် တွေ့ရပါမည်။

*

ဂေါတမမြတ်စွာ ဘုရားလောင်းသည် နေ့တွင်ပါရမီဖြည့်ဆည်းကျင့်ကြံခြင်းဆက်သက်၍ ဂေါတမဘုရားရှင်သည်ပြုကြိုက်တိုက်ဆိုင်သည့် အခါတိုင်းဇာတ်တော်များကို ဟောကြားတော်မူခဲ့သည်။

ဘုရားလောင်းသည် ဖြစ်စဉ်ဘဝတော်များစွာတို့တွင် စည်းစိမ်ဥစ္စာတို့ကိုစွန့်ပြီး တောထွက်ကာ ရသေ့ရဟန်း ပြုဖြစ်ခဲ့သည်သာ ဖြစ်သည်။ အများအားဖြင့် ဘုရားလောင်း၏ တောထွက်တော်မူခြင်းအကြောင်းကို ပြောကြလျှင် မဟာဇနကဇာတ်တော်ကို ဝီရိယပါရမီနှင့်တွဲ၍ မြင်ကြ ပြောတတ်ကြသည်။

ပညာရှင်တို့က စူဠသုတသောမဇာတ်မှ ဘုရားလောင်း စူဠသုတသောမမင်း၏ တောထွက်ခြင်းကို ပါရမီပို၍မြောက်သည်ဟု ဆိုချင်ကြပါသည်။

ဘုရားလောင်း စူဠသုတသောမမင်းသည် လွယ်လွယ်ကူကူ တောထွက်ခွင့်ရခဲ့သည် မဟုတ်သောကြောင့် ဖြစ်သည်။

မယ်တော်၊ ခမည်းတော်၊ မိဖုရားကြီးမှစ၍ မိဖုရား၊ မောင်းမမိဿံများ၊ မှူးမတ်များ၊ စစ်သူကြီးများ၊ ထိုမှ အလုပ်အကျွေး အခြံအရံများ၊ တိုင်းသူ ပြည်သားအားလုံးက တောမထွက်နိုင်အောင်နည်းမျိုးစုံသုံးကာ အမျိုးမျိုး တားဆီးခဲ့ကြသည်။ ငိုကြွေး တောင်းပန်ခဲ့ကြသည်။ ထိုသို့ ဖြစ်နေခြင်းမှ မရဲအရမင်းစည်းစိမ်စွန့်ကာ ရသေ့ရဟန်းပြုပြီးတောထွက်ခဲ့သည်။

စတ္တာလီသနိပါတ်လာ စူဠသုတသောမဇာတ်တွင်လည်း ခုဇ္ဇုတ္တရာလောင်းလျာသည် မင်း၏အထိန်းတော်ကျွန်အမှုလုပ်အဖြစ် ပါရှိသည်ကို တွေ့ရသည်။

ရှေးကာလတစ်ခုသ၌ ဗြဟ္မဒတ်မင်း (သုဒ္ဓေါဒနမင်းလောင်းလျာ) နှင့်မိဖုရားကြီး(မဟာမာယာဒေဝီလောင်း)တို့သည် ဗာရာဏသီပြည်၌ စိုးစံစဉ်ဂေါတမဘုရားလောင်း သားတော်သုတသောမမင်းသားကို ရခဲ့ကြလေသည်။

အရွယ်ရောက်၍ အတတ်ပညာနှင့် ပြည့်စုံသော် ယသော်ဓရာလောင်းလျာ စန္ဒာဒေဝီမိဖုရားနှင့် လက်ဆက်စေကာ ထီးနန်းကိုစိုးစံစေသည်။

ဘုရားလောင်းသည် လူ့ဘောင်တွင် မပျော်မွေ့ဘဲ တောထွက် ရဟန်းပြုလိုစိတ်သာ ဖြစ်နေခဲ့သည်။

တစ်နေ့တွင် ခေါင်း၌ ဆံဖြူကိုတွေ့ရသဖြင့် တောထွက်ရဟန်းပြုရန်ဆုံးဖြတ်ခဲ့သည်။ ထိုအကြောင်းကို နန်းတော် တစ်ခုလုံးနှင့် မှူးမတ်ဗိုလ်ပါပြည်သူ ပြည်သားတို့အား အသိပေးပြောခဲ့သည်။

ခမည်းတော် မယ်တော်မှစ၍ နန်းတော်တစ်ခုလုံး အခြံအရံပရိသတ်တို့က ငိုကြွေးကြကာ တောမထွက်ရန်တားဆီးတောင်းပန် လျှောက်ထားကြသည်။

စန္ဒာဒေဝီအမှူးပြုသော မိဖုရားရံရွေတော်များ အရှင်သာရိပုတ္တရာလောင်းသားတော်ကြီးနှင့် အရှင်မဟာကဿပလောင်း ကုလဝမန္တသူဌေးကြီး၊ အရှင်မောဂ္ဂလာန်လောင်း စစ်သူကြီး၊ အရှင်အာနန္ဒာလောင်း ညီတော်သောမဒတ်မင်းသား၊ ပြည်သူပြည်သားတို့ကလည်း ငိုကြွေးတောင်းပန်ကာအမျိုးမျိုးအကြောင်းပြ၍ တောမထွက်ရန် တားခဲ့ကြသည်။

အစ်ကိုနှင့် မယ်တော်တို့ ငိုနေသည်ကိုမြင်၍ အရှင်ရာဟုလာလောင်းသားငယ်သည် ဖခင်၏ လည်ကိုဖက်ပြီးတောမထွက်နိုင်အောင် တားဆီးပြန်သည်။ ထိုအခါ ဘုရားလောင်းသည်သားငယ်ကို ဖယ်ရှားနိုင်ရန် ခုဇ္ဇုတ္တရာလောင်းလျာ ကျွန်အမှုလုပ် အထိန်းတော်ကို ပတ္တမြားတုံးပေးပြီး သားငယ်ကိုချီ၍ ဖယ်စေခဲ့သည်။

ခုဇ္ဇုတ္တရာလောင်းလျာ အထိန်းတော်သည် ရရှိသော ပတ္တမြားတုံးကို



www.burmeseclassic.com

www.burmeseclassic.com

ပြည်၌ အရှင်ဖြစ်သူ တောထွက်ရဟန်းပြုသွားပါက အရှင်မရှိသော အဖြစ်နေရခြင်းကြောင့် ပတ္တမြားတုံးသည် မည်သည့်အကျိုးဖြစ်စေပါမည်နည်းဟု မြည်တမ်းငိုကြွေးခဲ့သည်။

နောက်ဆုံး မည်သို့မျှ တားမရတော့ဘဲ ဘုရားလောင်း စူဠသုတသောမမင်းသည် တောထွက်ရဟန်းပြုခဲ့သည်။

ထိုအခါ ခမည်းတော်၊ မယ်တော်၊ မိဖုရားကြီးတို့မှစ၍ အားလုံးသော ပြည်သူပြည်သားများပါ မကျန် ဘုရားလောင်းနောက်သို့ လိုက်ပါပြီး ရဟန်းပြုကြတော့သည်။

အားလုံးသည် ဘုရားလောင်း၏ အဆုံးအမ၌တည်ကာ တရားဘာဝနာကျင့်ကြံအားထုတ်ကြရင်း စုတေကြသော် ဗြဟ္မပြည်သို့ လားကြသည်။

*

အသက်ကိုပင်စွန့်၍ သာသနာတော်တွင်းသို့ မရအရ ဝင်ကာ ရဟန်းအဖြစ်ရယူခဲ့သော ရဟန်းတစ်ပါးသည် ဆွမ်းခံရင်း မာတုဂါမတစ်ဦးအပေါ် တပ်စွန်းမိသဖြင့် သာသနာ၌ ငြီးငွေ့ခဲ့သည်။

ဘုရားရှင်က သိတော်မူသော် ရဟန်းအား မိန်းမ၌ တပ်စွန်းသောစိတ်ရှိသောကြောင့် ဘုန်းတန်ခိုး အာနုဘော်ရှိကုန်သော ရှေးပညာရှိတို့သည် ဘုန်းတန်ခိုး အရှိန်အစော် နိမ့်ပါးကျဆင်းကင်းမဲ့ကြရကုန်သည်ဖြစ်၍ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ဖူးကြကုန်ပြီဟု မိန့်တော်မူကာ သတ္တကိနိပါတ်လာ ကုလဇာတ်ကို ဟောတော်မူခဲ့သည်။

ခုဋ္ဌုတ္တရာ လောင်းလျာသည် ကျွန်အမှုလုပ် အထိန်းတော် ခုဇ္ဇာအဖြစ် ယသော်မရာထေရီလောင်းလျာ ပဘာဝတီမင်းသမီးထံ ခစားခဲ့ရလေသည်။

ရှေးလွန်လေပြီးသော ကာလတစ်ခု၌ မလ္လတိုင်း ကုသဝတီပြည်၌ ဩက္ကာကရာဇ်မင်း (သုဒ္ဓေါဒနမင်းလောင်းလျာ) နှင့် သီလဝတီမိဖုရား (မဟာမာယာဒေဝီ လောင်းလျာ)တို့ စိုးစံအုပ်ချုပ်ခဲ့သည်။ မင်းကျင့်တရားနှင့် အညီ ကျင့်ကြံခဲ့သော်လည်း အမွေခံသား မရရှိခဲ့ပေ။

ထို့ကြောင့် ပြည်သူ ပြည်သားတို့က ဝိုင်းဝန်းတောင်းဆိုသဖြင့် သီလဆောက်တည်ကာ သားဆုပန်သော်လည်း မရခဲ့ချေ။

သို့ဖြစ်၍ မိဖုရားတို့အား သီလစောင့်သော မိဖုရားအဖြစ်ပြုကာ အပြင်သို့လွှတ်ပြီး နှစ်သက်ရာရွေး၍ သားရရန် စေလွှတ်ခဲ့သည်။ မည်သူမျှ သားမရခဲ့ပြန်ချေ။

နောက်ဆုံး သီလဝတီမိဖုရားကြီးအား စေလွှတ်ခဲ့ရတော့သည်။ ထိုအခါ မနေသာတော့ဘဲ အရှင်အနုရုဒ္ဓါလောင်း- သိကြားမင်းသည် သားဆုပေးရန် ပုဏ္ဏားအို အသွင်ယူပြီး မိဖုရားကြီးအား လာရောက်ခေါ်ဆောင်ခဲ့သည်။

မိဖုရားကြီးအားလည်း မိမိမည်သူဖြစ်သည်ကို ပြောပြကာ ဦးစွာ အဆင်းမဲ့ပြီး ဘုန်းပညာရှိသော ဂေါတမဘုရားလောင်း ကုသမင်းသားကို ရစေခဲ့သည်။ ဒုတိယသားအဖြစ် အဆင်းလှပြီး ပညာမရှိသော အရှင်အာနန္ဒာလောင်း ဇယမ္ပတိမင်းသားကို ရစေခဲ့သည်။

ဘုရားလောင်း ကုသမင်းသည် မိမိ၏ ရုပ်ရည်ညံ့ဖျင်းမှုကြောင့် မိန်းမတို့နှင့် အဆင်ပြေမည်မဟုတ်ကြောင်း ဆင်ခြင်၍ အရှက်မရစေရန် အိမ်ရာမထောင်ဘဲ မိဘများ ကွယ်လွန်ကတောထွက်ရဟန်းပြုမည်ဟု ရည်သန်ကြံစည်ခဲ့သည်။

သို့သော် ခမည်းတော်၊ မယ်တော်တို့က အတင်းအကျပ်တိုက်တွန်းနေကြသဖြင့် ကိုယ်တော်တိုင် လူမကနတ်တမျှလှပသည့် ရွှေရုပ်ကို သွန်းလုပ်ကာ ထိုရုပ်တုအလား လှပလွန်းသည့် အမျိုးသမီးကို ရှာစေခဲ့သည်။

မဒ္ဒရာဇ်တိုင်း သာဂလမြို့မှ မဒ္ဒရာဇ်မင်း၏ သမီးတော် ရှစ်ယောက်တွင် အကြီးဆုံးကား အလှဆုံးဖြစ်သော ယသော်ဓရာထေရီလောင်းလျာ ပဘာဝတီ မင်းသမီးတည်း။ ရွှေရုပ်ဝ[illegible]တ် ပိုလွန်လှနေသူ ပဘာဝတီအား ဆောင်ယူ၍ ကုသမင်းနှင့် လက်ဆက်စေခဲ့လေသည်။

မယ်တော်က သား၏ရုပ်ရည်ကြောင့် ပရိယာယ်ဖြင့် တစ်နှစ်တိ[illegible] နေ့အခါဝယ် တစ်ဦးကိုတစ်ဦး မတွေ့ရ[illegible] အောင်ပြု၍ ညအခါတွင်သာ တွေ့[illegible] ခဲ့သည်။

ကုသမင်းသည် ပဘာဝတီ[illegible] တွေ့ရန် အမျိုးမျိုးကြိုးစားပြီး အ[illegible] တွေ့ရသော် ပဘာဝတီအား နော[illegible] ပြောင်ကျီစားသဖြင့် မင်းသမီး[illegible] မနှစ်မြို့မှုကိုသာ ရခဲ့သည်။

ပဘာဝတီကလည်း အထိန်း[illegible] တော် ခုဇ္ဇာကို ခိုင်း၍ ကုသမင်းသ[illegible] မည်သူဖြစ်ကြောင်း သိအောင်ကြိုး[illegible] ခဲ့သည်၊ သို့သော် နှစ်ဦးစလုံး မအော[illegible] မြင်ကြချေ။

နောက်ဆုံး ရေချိုးရန် လာ[illegible] ရေကန်ထဲ၌ ပုန်းနေသော ကုသမင်း[illegible] တွေ့လိုက်ရသော် ပဘာဝတီ [illegible] လဲကျသွားခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် စိတ်ဆိုးကာ ရုပ်ဆိုးသော ကုသမင်းကို ထားခဲ့ပြီး မိမိ၏တိုင်းပြည်သို့ ပြန်သွားခဲ့သည်။

ကုသမင်းသည် ပဘာဝတီကို လွမ်းတပ်မက်စိတ် ပြင်းထန်စွာ ဖြစ်မိသဖြင့် စည်းစိမ်ကိုစွန့်ကာ ပဘာဝတီနေရာ သာဂလမြို့သို့ မထင်ရှားသောအသွင်ဖြင့် လိုက်သွားခဲ့တော့သည်။

မင်းဟူသော ဂုဏ်ကို ဖျက်၍ ခုနစ်လကြာမျှ အဆင်းရဲ အပင်ပန်းခံကာ ပဘာဝတီ၏ မေတ္တာကို ရရန် ကြိုးစားခဲ့သည်။

ဆင်ထိန်းထံတွင် အမှုလုပ်၍လည်းကောင်း၊ အိုးထိန်းသည်ထံတွင် အမှုလုပ်၍လည်းကောင်း ပဘာဝတီနှင့် တွေ့ရန် ကြိုးစားခဲ့သော်လည်း အခွင့်မသာခဲ့ချေ။

စားဖိုဆောင်တွင်လည်း အမှုလုပ်၍ ပဘာဝတီထံ အစားအစာတို့ကို ပို့ရန် ကြိုးစားခဲ့သည်။

ပဘာဝတီက သိသဖြင့် တွေ့ခွင့်ရခဲ့သော စားပင် မစားဘဲ ခုဇ္ဇာကိုသာ ကျွေးခဲ့သည်။

နောက်ဆုံး ကုသမင်းသည် ခုဇ္ဇုတ္တရာလောင်း အထိန်းတော်ခုဇ္ဇာအား လည်ဆွဲရတနာစသည်တို့ကို ပေးကာ မိမိကို ပဘာဝတီမင်းသမီးက စိတ်ပြောင်းကာ နူးညံ့လာအောင် ဆောင်ရွက်ပေးရန် စည်းရုံးတောင်းဆိုခဲ့သည်။

ခုဇ္ဇာကလည်း ပဘာဝတီကိုပြုစုရင်း ကုသမင်း၏ ဂုဏ်ကျေးဇူးတို့ကို ထောက်ပြောဆိုခဲ့သည်။

ပဘာဝတီက ဒေါသထွက်ကာ ဆဲဆိုလိုက်သဖြင့် အခန်းတွင်းသို့ဝင်ကာ တံခါးပိတ်ထားခဲ့သည်။ ပဘာဝတီသည်း အပြင်မှနေ၍ ပြစ်တင်ကောင်း ဆဲဆိုနေခဲ့သည်။

ခုဇ္ဇာက ကုသမင်း၏ ဂုဏ်ကျေးဇူးကို တစ်ဆယ့်သုံးဂါထာဖြင့် ထုတ်ဖော်ပြောကြားပြီး ပဘာဝတီအား အလှမာနကိုချကာ ကုသမင်းအား မေတ္တာထားရန် တိုက်တွန်းခဲ့သည်။

ထိုအခါ ပဘာဝတီက ခုဇ္ဇာကို ခြိမ်းခြောက်ပြောဆိုသဖြင့် ခုဇ္ဇာကလည်း ကုသမင်းရောက်ရှိနေကြောင်းကို မိဘများအား သိအောင်ပြောလိုက်မည်ဟုဆိုခဲ့သည်။ ထိုအခါမှ ပဘာဝတီက ခုဇ္ဇာကို ပြန်၍ချော့မော့ပြောဆိုခဲ့သည်။

ကုသမင်းသည် နောက်ဆုံး စိတ်လျှော့လိုက်ကာ မိမိ၏ပြည်သို့ ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ထိုအခါ သိကြားမင်း မနေသာတော့ဘဲ ဝင်ပါရတော့သည်။ မဒ္ဒရာဇ်မင်း၏ သမီးတော် ပဘာဝတီကို လက်ဆက်နိုင်ကြောင်း ခုနစ်ပြည်ထောင်မင်းတို့ထံ စာလွှာပို့လိုက်သည်။

ခုနစ်ပြည်ထောင်မင်းတို့ ရောက်လာကြတော့သည်။ မဒ္ဒရာဇ်မင်းလည်း မည်သို့ ဖြေရှင်းပေးရမည်ကို မကြံနိုင်တော့သဖြင့် နောက်ဆုံး ပဘာဝတီကို ခုနစ်ပိုင်းပိုင်း၍ ဝေပေးတော့မည်ဟု အမိန့်ချရတော့သည်။

ထိုအခါမှ ပဘာဝတီလည်း မိဘတို့အား ကုသမင်းနှင့် မိမိတို့၏ အဖြစ်အပျက်ကို အသိပေးခဲ့သည်။ မယ်တော်ခမည်းတော်တို့က ဆူပူ ပြစ်တင်ပြီး ကုသမင်းအား တောင်းပန်စေသည်။ ပဘာဝတီ၏မာနကို ချိုးနှိမ်ရန် ညွန်ပျောင်းမြေပြင်ထက်တွင် တုပ်ဝပ်ရှိခိုးစေခဲ့သည်။

ထို့နောက် ကုသမင်းသည် ခုနစ်ပြည်ထောင်မင်းတို့ကို နှိမ်နင်းအောင်မြင်ခဲ့သည်။ ခုနစ်ပြည်ထောင်မင်းတို့ကို အပြစ်မပြုဘဲ ပဘာဝတီ၏ ညီမခုနစ်ဦးနှင့် လက်ဆက်ပေးခဲ့သည်။

သိကြားမင်း ပေးသော ဝေရောစနပတ္တမြားကိုယူကာ ကုသမင်းနှင့် ပဘာဝတီတို့သည် ကုသဝတီပြည်သို့ ပြန်ခဲ့သည်။ ပတ္တမြား၏ အာနုဘော်ကြောင့် တူညီလှပ တင့်တယ်သော ရုပ်ဆင်းသွင်ပြင်များရရှိကာ ပျော်ရွှင်စွာ နေခဲ့ကြတော့သည်။

*

ခုဇ္ဇုတ္တရာလောင်းလျာ အမျိုးသမီးသည် ဂေါတမဘုရားပွင့်တော်မမူမီ ကာလတစ်ခု၌ ဗာရာဏသီမင်း၏ နန်းတော်၌ ရံရွေတော်တစ်ဦးဖြစ်ခဲ့ကာ တစ်နေ့တွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်ရှစ်ပါးတို့သည် နန်းတော်မှ ပူသော နို့ယနာ ဆွမ်းအပြည့်ပါသော သပိတ်တို့ကိုယူ၍ ကြွတော်မူလာကြသည်ကို မြင်သော် မိမိဝတ်ထားသော ရွှေလက်ကောက် ရှစ်ကွင်းကို ချွတ်ပြီး အပူသက်သာစေရန် လက်ကောက်ကွင်းတို့ကို သပိတ်ခြေပြုလုပ်ပြီး တင်၍ ကြွတော်မူရန် လှူဒါန်းခဲ့သည်။

ထိုကောင်းမှုကုသိုလ်၏ အကျိုးဆက်ကား ပညာရှိဖြစ်ခဲ့ရ၏။ လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရဘုရားရှင်ထံမှ အကြားအမြင်များသော အရာတွင်ဧတဒဂ်ဆုပန်ခဲ့ရသူကောင်းမှုပါရမီရှင်ဖြစ်ခဲ့သူ ခုဇ္ဇုတ္တရာ လောင်းလျာသည် သာမဏေရီမယ်ကို နှုတ်ဖြင့် မိမိ၏ ဝေယျာဝစ္စအမှုကို လုပ်ခိုင်းမိသောအပြစ်ကြောင့် နောက်ဆုံးပစ္ဆိမဘဝရောက်သည်အထိ သူတစ်ပါး၏ အမှုလုပ်ကျွန်ဖြစ်ပြီး အပြစ်ကြွေးဆပ်ခဲ့ရံပေသည်။

အပြစ်မကင်းသော အကုသိုလ်အမှုမှန်လျှင် ကြီးသည် သေးသည်ဟု





www.burmeseclassic.com

www.burmeseclassic.com

ဆိုး၍မေ့ ဖြစ်စေလိုသော စေတနာနှင့် ကျူးလွန်ခဲ့ပါက ဘဝများစွာဆက်၍ ဆပ်၍ မပြီးနိုင်အောင် အပြစ်ကြွေးပေး ဆပ်ရမည်သာ ဖြစ်ရာ မမေ့မလျော့ သတိဖြင့် ဆင်ခြင်၍ ကိုယ်၊ နှုတ်စိတ် အမှုတို့ကို ပြုသင့်လှပေသည်။

သာမာဝတီမိဖုရားနှင့် အခြံအရံ ငါးရာအား သောတာပန် တည်စေခဲ့ သည်အထိ ဘုရားထံမှ နာကြားခဲ့ရ သော တရားတို့ကို နေ့စဉ်ပြန်လည် ဟောကြားရင်း တိပိဋကဓရ အမျိုးသမီး သေက္ခပဋိသမ္ဘိဒါပတ္တ ခုဇ္ဇုတ္တရာ သောတာပန် အရိယာသာဝိကာသည် နောက်ဆုံး ဝဋ်ကံ အပြစ်ကြွေးသည် ကျွန်အမှုလုပ်ပြုကာဆပ်ရင်း မိမိဆုပန် ဗျာဒိတ်ခံခဲ့ရသည့်အတိုင်း ဂေါတမ ဘုရားရှင် သာသနာတော်တွင် တပည့်မ သာဝိကာ ဥပါသိကာတို့၌ အကြား အမြင်များသော အရာတွင် ဧတဒဂ်ဆု အပ်နှင်းခြင်း ခံခဲ့ရပေပြီ။

ဤသို့သော ခုဇ္ဇုတ္တရာ သောတာပန် အရိယာသည် ခန္ဓာဝန်ချပြီး သူတော်ကောင်းတို့သွားရာ မဂ်ဖိုလ် နိဗ္ဗာန်သို့ လှမ်းကြွသွားခဲ့ပြီ ဖြစ်သည်။

ဤသို့ဖြစ်အောင် လမ်းညွှန်ပြခဲ့ သည့် ဂေါတမဘုရားရှင်သည်လည်း တပည့်သာဝက ရဟန္တာသံဃာတို့နှင့် အတူ နိဗ္ဗာန်နန်းသို့ ကြွမြန်းတော်မူကြ ပြီးလေပြီ ဖြစ်သည်။

သို့သော် ဂေါတမဘုရားရှင်၏ သာသနာကား မကွယ်သေး။ ဗုဒ္ဓုပ္ပါဒ နဝမ. ခဏအခါဖြစ်ပဲ ကြုံကြိုက်ဆဲပင် ဖြစ်သည်။

သို့ဖြစ်ပါသောကြောင့် ဗုဒ္ဓ ဘာသာဝင် သူတော်ကောင်း အပေါင်း တို့လည်း အချိန်တိုင်း အချိန်တိုင်း မမေ့မလျော့ မပေါ့မဆဘဲ အပြစ်မကင်း သော အကုသိုလ်အမှုတို့ကို ကံသုံးပါး တို့ဖြင့် တစိုးတစိမျှပင် မပြုလုပ်မိ အောင် မိမိကိုယ်မိမိ ကြည့်ရှုဆင်ခြင်၊ ကြည့်ရှုဆင်ခြင်လျက် မကောင်းမှုကို ရှောင်ကြကာ အပြစ်ကင်းသောကုသိုလ် ကောင်းမှုတို့ကို နည်းနည်း များများ စွမ်းနိုင်သမျှ စင်ကြယ်ထက်သန်သော စေတနာဖြင့် ကောင်း စွာနှလုံးသွင်းပြီး ကျင့်ကြံကြိုးစား အားထုတ်ဆောင်ရွက် ကြလျက် မိမိ၏စိတ်ကို ဖြူစင်မြင့်မြတ် အောင် ဆင်ခြင်ထိန်းသိမ်းစောင့်ရှောက် ရင်း အဖ ဘုရားရှင် ညွှန်ပြခဲ့သော ကျင့်စဉ်နည်းနာတို့ကို ကြည်ညိုလေးစား စွာ လိုက်နာကျင့်ကြံ ကြိုးစားပွားများ အားထုတ်ကြလျက် တစ်ဆင့်ထက် တစ်ဆင့် ရင့်ကာ မြင့်ကာ မဂ်ဖိုလ် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်အထိ အားထုတ်ကြိုးစား ပေါက်မြောက်နိုင် ကြပါစေသော်။

**လင်းယဉ်ဉာဏ်**

*ထုတ်နုတ်ကူးယူ မှီငြမ်းပြုသည့် ကျမ်းများ*

(၁). မဟာဗုဒ္ဓဝင်ခြောက်တွဲ (တိပိဋကဓရမင်းကွန်းဆရာတော် ဘုရားကြီး)

(၂) ငါးရာ့ငါးဆယ်ဇာတ်တော်ကြီး (တ)(စ)(ပဥ္စမ) တွဲများ (ညောင်ကန်ဆရာတော်ဘုရားကြီး)

(၃) ဓမ္မပဒ (ပ)တွဲ (အရှင်ဓမ္မသာမိဘိဝံသ)

❑

**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေး ပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်[illegible] ဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ် သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါ သည်။

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
မှီမှီတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဖက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက်သွယ်ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) မထပ်၊ မဟာဗန္ဓုလလမ်း
(၁၇x၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈



www.burmeseclassic.com

www.burmeseclassic.com

# ယောဂီများနှင့်အင်တာဗျူး

ဒေါက်တာ
အရှင်လာဘသာမိ
(မြတ်ဓမ္မ)



အခန်း (၁)

တရားစခန်းတွေမှာ တရားပြ ...နဲ့ တရားထိုင်ယောဂီတို့ရဲ့ အမေး ...ဖြေဆိုတာရှိပါတယ်။ တရားပြ ကမ္မ ...ရိယနဲ့ တရားအားထုတ်သူတို့ရဲ့ ...တာဗျူး(Dhamma interview) ...ကျွှာပါ။ တရားဟောဆရာက ...ထိုင်သူရဲ့ ရုပ်နာမ်ဖြစ်ပျက်ပုံကို ...ထိုင်သူရဲ့ ကိုယ်တွေ့အတိုင်း ဗုဒ္ဓ ...ကျကျ တည့်မတ်ပေးရတာ ...တ်မှုစနစ် မှန်မှန်ကန်ကန်ဖြစ် ...သင်ပြပေးရတာပါ။ အဲဒါကို ...တာလို့လည်း ဆိုပါသေးတယ်။

အမှန်မှာတော့ တရားစစ်တာ မဟုတ်နိုင်ပါဘူး။ တရားထိုင်သူရဲ့ ရှုမှတ်ပုံကို တရားနည်းလမ်းကျအောင် ညွှန်ကြားချက် (Instruction) အဖြစ် ပြောပေးရတာပါ။

ဥပမာ ယောဂီတရားထိုင်တဲ့ အခါ တင်ပျဉ်ခွေထိုင်ပါ။ ဒါမှမဟုတ် ကြာကြာထိုင်နိုင်တဲ့ သင့်တော်တဲ့ ဣရိယာပုတ်နဲ့ ထိုင်ပါ။ ခါးအထက်ပိုင်းလည်း ဆန့်ဆန့်ဖြောင့်ဖြောင့်ထားရပါမယ်။ ဦးခေါင်းလည်း မတ်မတ်လေးထားရပါမယ်။ ဘယ်ဘက်လက်ဖဝါးအပေါ် ညာဘက်လက်ဖဝါးလေး အသာအယာ တင်ထားရပါမယ်။ ခန္ဓာကိုယ် ပုံမှန်အနေအထား ရှိလာတဲ့အခါ မိမိရဲ့ သတိတရား ကို ဝမ်းဗိုက် (သို့ မဟုတ်) နှာသီးဖျားကို ပို့ထားရပါမယ်။ ပို့ထားပြီးတော့ ဝမ်းဗိုက် ဖောင်းတာလေးကို သတိလေးနဲ့ ဖောင်းတယ်၊ ဝမ်းဗိုက်လေး ပိန်ကျသွားတဲ့ အခါမှာ သတိလေးနဲ့ ပိန်တယ်လို့ စဉ်ဆက်မပြတ် 'ဖောင်းတယ်၊ ပိန်တယ်'လို့ သတိတရားလေးနဲ့ မှတ်နေရပါမယ်။

ဒါမှမဟုတ် မိမိရဲ့သတိတရားလေးကို နှာသီးဖျားကို ပို့ထားပြီးတော့ အသက်ရှူသွင်းတဲ့အခါ ဝင်တယ်လို့ သတိလေးနဲ့ မှတ်ရပါမယ်၊ အသက်ရှူထုတ်လိုက်တဲ့အခါ ထွက်တယ်လို့ သတိလေးနဲ့ မှတ်ရပါမယ်၊ စသည်ဖြင့် မြတ်ဗုဒ္ဓနည်းလမ်းအတိုင်း ညွှန်ကြားပေးရတာပါ။ လွဲမှားမှုကင်းအောင် ယောဂီတို့ရဲ့ မေးခွန်းတွေ ရှုမှတ်နည်းတွေ တည့်မတ်ပေးရတာပါ။

'တရားရှာ ကိုယ်မှာတွေ့' ဆိုတဲ့အတိုင်း ကိုယ့်ခန္ဓာမှာ ဖြစ်ပေါ်လာသမျှ အမူအရာတွေကို မှတ်ရတာပါ။ တရားအားထုတ်တဲ့အခါ အရှုခံအာရုံနဲ့ အရှုဉာဏ်တွေ တစ်ထပ်တည်းကျနေဖို့ပါ။ အာရုံပေါ်ခိုက် သတိနဲ့ စူးစူးစိုက်စိုက် ကြည့်မှတ်ရတာပါ။ ရှုမှတ်တာက သတိ၊





www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်၊ ဝီရိယပါ။ အရှုခံက ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတွေပါ။

အဲလိုမဟုတ်ရင် အရှုခံတခြား အရှုဉာဏ်တခြား အာရုံတွေများပြီး စိတ်တွေလည်း ပြားသွားမှာပါ။ စိတ်တွေပြားရင် အမြင်တွေလည်း ဝါးသွားမှာပါ။ အမြင်တွေဝါးရင် မှားမှားယွင်းယွင်း မှတ်နေမှာပါ။ ဒါကြောင့် တရားထိုင် ယောဂီရဲ့ရှုမှတ်နည်းတွေ နည်းမှန်လမ်းမှန်ဖြစ်အောင် ပြောပေးရတာပါ။

## အခန်း (၂)

ဓမ္မအင်တာဗျူးက တရားနဲ့ပတ်သက်လို့ ယောဂီတွေ နားလည်မှုရှိတဲ့အတွက် အလွန်ခေတ်မီတဲ့နည်းစနစ်ဆိုရမှာပါ။ ယောဂီက မေး၊ ဆရာက ဖြေပေး။ ဆရာက မေး၊ ယောဂီက အဖြေပေးရတာပါ။ လက်တွေ့သင်ခန်းစာသဘော ပရက်တီကယ် (Parctical) ကျပါတယ်။ ပိဋကတ်စာပေထဲလည်း အမေးအဖြေနဲ့ဟောထားတဲ့ ဒေသနာတွေ များစွာရှိပါတယ်။ လူသိများတဲ့ အနတ္တလက္ခဏသုတ်ကို မြတ်ဗုဒ္ဓ ထုတ်ပြတဲ့အခါ အမေး၊ အဖြေနဲ့ ထုတ်နုတ်ပြခဲ့တာပါ။

တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံဝါ အနိစ္စံဝါတိ။ ချစ်သားတို့ သင်တို့ စွဲထားတဲ့ ရုပ်တရားတွေက မြဲလား၊ မမြဲလား အဖြေပေးကြပါလို့ မြတ်ဗုဒ္ဓ မေးတဲ့အခါ အနိစ္စံ ဘန္တေ -ရုပ်တရားဆိုတာ မခိုင်မြဲလို့ ယိုင်လဲ ပျက်စီးနေတာကြောင့် ရုပ်ဟူသမျှ အနိစ္စ မှန်လှပါသည် ဘုရားလို့ ပဉ္စဝဂ္ဂီငါးဦးက ဖြေကြားခဲ့တာပါ။

မခိုင်မြဲ ယိုင်လဲပျက်စီးနေတဲ့ ရုပ်တရားတွေက ချမ်းသာလား၊ ဆင်းရဲလား ဖြေကြားပေးပါ။ ညှဉ်းဆဲလို့ မဆုံးတဲ့ ဆင်းရဲတုံးမှန်လှပါသည်ဘုရား။ မခိုင်မမြဲ လွန်ဆင်းရဲလို့ အမြဲဖောက်ပြန်နေတဲ့ အဲဒီရုပ်တွေကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့ မှတ်ထိုက်ပါသလား မေးတော့ ငါပဲ ကိုယ်ပဲ ငါ့ဥစ္စာပဲ အထင်လွဲကာ အတ္တ ဒိဋ္ဌိ စွဲကပ်ငြိ၍ မမှတ်ထိုက်ပါဘုရား စသည်ဖြင့် အခုလို အမေး၊ အဖြေတွေနဲ့ ထုတ်ပြခဲ့တာပါ။

အနောက်နိုင်ငံသားတွေလည်း မေးခွန်းထူထူ (Question) ထုတ်ပြီး အဖြေမှန်တွေ ထုတ်ယူတတ်ပါတယ်။ ဗုဒ္ဓဘာသာဆိုတာ ဘာလဲ၊ ဗုဒ္ဓဆိုတာ ဘယ်သူလဲ၊ ဗုဒ္ဓဘာသာဟာ ဒဿနပညာရပ် တစ်ခုလား၊ ဗုဒ္ဓက ထာဝရဘုရားလား၊ ဘာကြောင့် ဗုဒ္ဓဘာသာတွေ အမျိုးမျိုး ကွဲပြားနေတာလဲ စသည်ဖြင့် လယ်တီဆရာတော်၊ မစိုးရိမ် အရှင်ဉာဏ၊ အရှင်အာဒိစ္စဝံသ၊ အရှင်ဇနိန္ဒလာဘိဝံသ၊ မဟာစည်ဆရာတော်၊ မင်းကွန်းတိပိဋကဆရာတော်၊ ဒေါက်တာ အရှင်သီလာနန္ဒာဘိဝံသ၊ ဗန်းမော်ဆရာတော်၊ ရွှေတောင်ကုန်းဆရာတော်၊ ချမ်းမြေ့ဆရာတော်၊သီတဂူဆရာတော်၊ ပါမောက္ခချုပ်ဆရာတော်တို့မှသည် မျက်မှောက် သာသနာပြုအရှင်တွေပင် ဒီမေးခွန်းတွေရဲ့ အဖြေတွေနဲ့ စိမ်းမနေပါဘူး။ စာရေးသူလည်း ဒီမေးခွန်းမျိုးတွေ အမေးခံရဖူးပါတယ်။ ယနေ့ခေတ် တက္ကသိုလ်ရပ်ဝန်းတွင်လည်း အမေး၊ အဖြေသင်ကြားနည်းစနစ်တွေ သင်ကြားနေချိန်ဖြစ်ပါတယ်။

အဲတော့ တရားထိုင်ယောဂီတွေကို နည်းလမ်းကျကျ ညွှန်ကြားပေးတဲ့ ဓမ္မအင်တာဗျူးတွေ ကျင့်သုံးလာတယ်လို့ ဆိုရမှာပါ။ ယောဂီတွေနဲ့ တရားအမေး၊ အဖြေကဏ္ဍ ကြိမ်ဖန်များတော့ အတွေ့အကြုံလည်း အများကြီးရခဲ့ပါတယ်။ ယောဂီမျိုးစုံလည်း ကြုံတွေ့ခဲ့ရပါတယ်။ 'လူအမျိုးမျိုး နတ်အဖုံဖုံ' ဆိုတာလို ယောဂီတွေလည်း အမျိုးမျိုး အဖုံဖုံပါပဲ။ ဒီအကြောင်း မြတ်ဓမ္မ စာစဉ် (၄)မှာ 'ယောဂီထဲကယောဂီ' အမည်နဲ့ ရေးခဲ့ဖူးပါတယ်။ ဒီစာအုပ်မှာလည်း 'ယောဂီများနှင့် အင်တာဗျူး' အဖြစ် ရေးခြစ်မိပြန်တယ်။

ယောဂီတွေအကြောင်း အခုလို ရေးသားလေတော့ တရားစခန်း တစ်ခုမှာ အမျိုးသမီးတစ်ဦးက 'အရှင်ဘုရား ယောဂီတွေ မကောင်းတာချည်း ... မရေးပါနဲ့၊ ကောင်းတာတွေလည်း ... ပေးပါဦး' လို့ အပြောခံရဖူးပါတယ်။

အမှန်တော့ အပြစ်မြင်လို့ ... တာ မဟုတ်ပါဘူး။ ပြုပြင်စေချင် ... ရေးတာပါ။ အပြုသဘောနဲ့ပြောတာ ... ယောဂီအတွက် ဝိပဿနာအနေ ... အယှက်ဖြစ်မယ့် လိုအပ်ချက်တွေ ... ဖြည့်စွက်ပြောတာပါ။ မုန်းလို့ပြော ... မဟုတ်ပါဘူး၊ ချစ်လို့ပြောတာပါ။ ... မြင်ပြီး အမှန်ပြင်ဖို့ပါ။

## အခန်း (၃)

ဓမ္မအင်တာဗျူး အတွေ့အ... တွေပါ။ "ယောဂီ ဘာတွေများ ... လျှောက်စရာ ရှိပါသလဲ" ဆိုတော့ ... "ပါးပြင်ပေါ်မှာ ပိုးကောင်ငယ်တွေ ... ရှုစိနဲ့ သွားနေတာမျိုး ခံစားရပါ... အံကြိတ်ပြီး မှတ်နေရပါတယ်၊ ... မှိတ်ပြီး ပေခံနေရတယ်၊ စိတ်ထဲ ... နေလိုက်တာ ကုတ်ချင်နေတာပဲ ... တွေလည်း အကုန်မှတ်ပါတယ်၊ ... ယားလွန်းလို့မနေနိုင်တော့ ပိုး... အထင်နဲ့ ယောင်ရမ်းပုတ်ချလို... လက်ဖျားနဲ့ပါးပြင်ကို အားနဲ့...





www.burmeseclassic.com

www.burmeseclassic.com

နာကျင်လိုက်တာ မျက်ရည်တွေတောင် ထွက်ကျလာတယ်ဘုရား" တဲ့။

ခန္ဓာကိုယ်မှာ ဓာတ်ကြီးလေးပါး ...ပိုထင်ရှားပါတယ်။ အဲဒီထဲမှ ဝါယော ဓာတ်က ပိုထင်ရှားလို့ 'ဖောင်းတယ် ...တယ်' သို့မဟုတ် 'ဝင်တယ် ထွက် ...တယ်'လို့ မှတ်ရတာပါ။ ဒါပေသိ ဘူတ် ...တာတော ပဿတိဆိုတဲ့ ပါဠိအရ ထင်ထင်ရှားရှားဖြစ်ပေါ်တဲ့ အာရုံကို ... ရှုမှတ်ရမှာဖြစ်ပါတယ်။ ထင်ရှား ...ကို မှတ်ရတာပါ။ ဖြစ်တိုင်း ရုပ်နာမ် ...တို ဖြစ်ပျက်အနေနဲ့ ရှုမှတ်နေရမှာ ... ခေါ်မနားဘဲ အမြဲသတိထား ရှုမှတ် ...မှာပါ။

ယောဂီရဲ့ပါးပြင်မှာ ပိုးကောင် ...လို သွားနေတယ်ထင်ရင် အဲဒီ ...တာက ထင်ရှားနေတဲ့အတွက် 'သိ ...ယ် သိတယ်' လို့ မှတ်ရမှာပါ။ ပိုး ...င်အစစ် သွားနေရင်လည်း 'သိ ...ယ် သိတယ်' လို့ပဲ မှတ်ရမှာပါ။ ...တယ် ပိုးကောင်မဟုတ်ပါဘူး၊ ...ရားတွေရဲ့ ဖောက်ပြန်မှု ဖြစ်ပါ ... အဲဒါကိုပဲ မှတ်နေရမှာပါ။ သတိ ...ကောင်ပြီး ပညာလေးနဲ့ မှတ်နေရ ... မှတ်ပါများတော့ အဲဒီ သွားနေ ...င်တာလေးက တဖြည်းဖြည်းနဲ့ ...သွားပါမယ်။ အဲဒီအခါ လျော့ ...တာလေးကို 'သိတယ် သိတယ်' ...မှတ်နေရမှာပါ။ အရှိတရားကို ...ရှားနဲ့ မှတ်နေရတာပါ။

...ဂီတစ်ဦးက ဘာပြောလဲ ...တရားထိုင်တဲ့အချိန်က အရင်က ...ချိန်ပိုကြာသလိုမျိုး ခံစားရပါ ...ကိုယ်က ထုံကျဉ်နာတာ ...ခံရအောင်ဘဲ၊ ဒါနဲ့ နာရီ ...သက်ချိုးရေတွက်နေလိုက် ..." တဲ့။ ပြီးတော့ ဆက်ပြော

သေးတယ်။ "တရားထိုင်ရတာ နေ့တာ ပိုရှည်နေတော့ (၁၅)ရက်ပဲ မြန်မြန် ပြည့်ချင်တယ်ဘုရား" တဲ့ ။ ဪ - ဒါကြောင့် ယောဂီက တစ် နှစ် သုံး လေး ရေတွက်နေတာကိုး။

အချိန်တွေ ကြာတယ်ထင်ရင် အဲဒီသဘောကို 'သိတယ် သိတယ်'လို့ မှတ်ရမှာပါ။ ကိုယ်က အဲဒီကြာတာကို ထင်ထင်ရှားရှား သိနေတဲ့အတွက် အဲဒီ သဘောပဲ မှတ်ရတာပါ။ တကယ်တော့ အရင်ရက်တွေထက် ပိုမကြာပါဘူး။ ကိုယ့်ရဲ့စိတ်က ထင်နေတာပါ။ တရား ထိုင်တဲ့ တစ်နာရီအတွင်း စိတ်တွေက ဟိုရောက် ဒီရောက် ဟိုတွေးဒီတွေးနဲ့ ပြောင်းဆန်နေတတ်ပါတယ်။ လူ့စိတ် ဆိုတာ မျောက်နဲ့တူတယ်ဆိုပါတယ်။ ဟိုလွှားလွှား ဒီသွားသွား အမြဲပြေးလွှား နေတာပါ။ နဖားကြိုးမထိုးတဲ့ နွားနဲ့ လည်းတူပါတယ်။ နဖားကြိုး မထိုးတဲ့ နွားလည်း ဟိုလူ့ခြံဝင်၊ ဒီစိုက်ခင်းဝင်နဲ့ သွားချင်ရာသွား အမြဲကျူးကျော်နေလို့ အထိန်းရခက်ပါတယ်။ ပြီးတော့ သမင် နဲ့တူတယ်ဆိုပါသေးတယ်၊ သားသမင် ဆိုတာ ရွာအလယ်လူသူတွေထဲ ရောက် လာခဲ့ရင် ပျာယာခတ်နေပါတယ်။အငြိမ် မနေတတ်ပါဘူး။ စိတ်ကလည်း အဲဒီ အတိုင်းပဲ အမြဲတမ်းပြေးလွှားနေပါ တယ်။ အဲတော့ ယောဂီရဲ့ စိတ်ကို တရားအာရုံပေါ်က လွှတ်မထားရပါ ဘူး။ စိတ်ကို လွှတ်မထားဘဲ လေးလေး စားစား ရှုမှတ်နေရမှာပါ။

အမျိုးသမီးယောဂီတစ်ဦး တွေ့ ဖူးပါတယ်။ "ဘယ်လိုလဲ ယောဂီ၊ လျှောက်စမ်းပါဦး"လို့ မေးလိုက်ပါတယ်။ "မှန်ပါဘုရား၊ ညက ဝမ်းဗိုက်ထဲ လှုပ် လှုပ်နဲ့ မူးဝေနေပါတယ်၊ ဗိုက်ဆာတာလို ဖျားတာလိုမျိုး ခံစားရတာနဲ့ အမျိုးသမီး

ယောဂီစောင့်ရှောက်ရေး အကြောင်း ကြားပြီး အစောအိပ်ခဲ့ပါတယ်ဘုရား" တဲ့။ သူပြောတဲ့အထဲ ဖျားနေသလိုမျိုး ခံစားရပါတယ်ဆိုတော့ စိုးရိမ်တကြီးနဲ့ "အဲဒါဆို ဆေးခန်းဖွင့်ထားတယ်၊ ဆေး ခန်းသွား ဆရာဝန်ပြပါ" လို့ဆိုတော့ "ဒီမနက်တော့ ပျောက်သွားပါပြီဘုရား" တဲ့။ "အင်း-ပျောက်မှာပေါ့၊ အိပ်ရေး ဝပြီကိုး၊ မျက်နှာလည်း ကားဘီး လေ ထိုးထားသလို ဖောင်းအိနေပြီပဲ" လို့ စိတ်ထဲပြောမိသေးတယ်။ စိတ်ထဲမှာ ပြောမိတာပါ။ ကိုယ်ရှုမှတ်တဲ့တရားတွေ ပြောပါဆို ဘာတွေ ပြောနေတာလဲ မသိပါဘူး။

ကဲ- ရှင်းပြပါမယ်။ လှုပ်လှုပ် ဖြစ်နေတဲ့စိတ်ကိုလည်း ငါမှာလှုပ်လှုပ် ဖြစ်နေတယ်လို့ မတွယ်ရပါဘူး။ အဲဒီ လှုပ်လှုပ်ဖြစ်နေတာကိုပဲ သတိလေးနဲ့ မှတ်နေရမှာပါ။ မှတ်သိနေတဲ့အခါ လည်း ငါမှတ်တယ်လို့ ငါမတွယ်ရပါ ဘူး။ ပိုင်းပိုင်းခြားခြား ရှုမှတ်ရမှာပါ။

### အခန်း (၄)

ရိပ်သာတစ်ခုမှာ တရားစခန်း ဖွင့်ပွဲရက်နဲ့ 'ဗုဒ္ဓနေ့' တစ်ရက်တည်းထပ် တူ ကြုံခဲ့ဖူးပါတယ်။ စခန်းမဖွင့်မီ ဗောဓိ ပင် ညောင်ရေသွန်းလောင်းပါတယ်။ ထူးမြတ်တဲ့ဗုဒ္ဓနေ့မှာ ညောင်ရေသွန်းတဲ့ အခါ 'ဆုတောင်းပြီး သွန်းလောင်းပါ'လို့ ပြောဖြစ်ခဲ့ပါတယ်။ အဲဒီရက်က ခဲ့ထိ ဖွင့်ရက်နဲ့ နီးကပ်နေတော့ ရိပ်သာဝင် ယောဂီတွေက ညောင်ရေသွန်းရင်း အသံတွေထွက် ဆုတောင်းကြပါတယ်။ 'ချဲပေါက်ရပါလို၏ ဘုရား' တဲ့။

ဪ ဘုရား . . ဘုရား . . ကိုယ့်ရဲ့ကြိုးစားအားထုတ်မှုနဲ့ ချမ်းသာ ကြွယ်ဝမှုမျိုး မပျိုးထောင်ဘဲ ရေသာခို





www.burmeseclassic.com

www.burmeseclassic.com

သက်သောင့်သက်သာ လိုချင်နေပါ ကလား။ တရားထိုင်ရင်း လောဘတွေ ကြီးနေမလား မသိပါဘူး။

တချို့က တရားထိုင်ပြီး ဒေါသ ကြီးတာ တွေ့ရပါတယ်။ အမှန်တော့ တရားမှတ် တရားနာလို့ရရှိတဲ့ အသိ ဉာဏ်တွေနဲ့ ဒေါသဖြစ်လာရင် အဲဒီ ဒေါသကို Reduce လုပ်ရမှာပါ။ လျှော့ ချပစ်ရမှာပါ။ တချို့က ရိပ်သာအပြန် စကားများ ရန်ဖြစ်တာလည်း တွေ့ရ တာပဲ။ အဲဒါတွေက မလုပ်ကောင်းတဲ့ အရာတွေပါ။ ဒေါသကြီးလာရင်လည်း အဲဒီဒေါသ လျှော့ချနိုင်ရမှာပါ။

တရားတွေ အားထုတ်နေပါ လျက် လောဘ၊ ဒေါသတွေ အားကြီး နေရင် ဘာနဲ့တူသလဲဆို လူနာကို ရောဂါပျောက်ကင်းစေဖို့ ဆရာဝန် လမ်းညွှန်ချက်နဲ့ ဆေးတစ်နှစ်စာ ပေး ထားတာနဲ့ တူတယ်ဆိုရမှာပါ။ လူနာက ဆရာဝန် လမ်းညွှန်ချက် မလိုက်နာဘဲ ဆေးသောက်တစ်ခါ မသောက်တစ်ခါ ဆိုရင် အဲဒီလူနာရဲ့ရောဂါ ဆေးမတိုးဘဲ ဆေးယဉ်သွားမှာပါ။ အဲဒီလိုပဲ ယောဂီ က တရားအလေးမထားဘဲ ဟိုရိပ်သာ ကောင်းနိုးထင် ဒီရိပ်သာကောင်းနိုးမြင်နဲ့ အားထုတ်တစ်ခါ အားမထုတ်တစ်လှည့် တရားမရှိမသေ ရိပ်သာတွေလှည့်ပတ် သွားနေပြန်လည်း တရားယဉ်နိုင်တယ် ဆိုရမှာပါ။ တရားယဉ်သွားရင် ဘယ်သူ ဟောဟော တရားမတိုးတော့ပါဘူး။ ဒါကြောင့် ဓမ္မလမ်းကြောင်းပေါ်မှာ ကိုယ့်ရဲ့ အားထုတ်မှုစွမ်းအားတွေနဲ့ လောဘဖြစ်ရင် အဲဒီလောဘလျှော့ချ နိုင်ရမှာပါ။ ဒေါသဖြစ်ရင်လည်း အဲဒီ ဒေါသလျှော့ချနိုင်ရမှာပါ။ ဓမ္မလမ်းပေါ် မှာ နည်းမှန်လမ်းမှန် လျှောက်နေရ မှာပါ။

## အခန်း (၅)

ရိပ်သာတစ်ခုရဲ့ ခုနစ်ရက်စခန်း ပွဲမှာ ယောဂီနဲ့ ဆက်စပ်တဲ့ပလိဗောဓ ဆယ်ပါး ဟောကြားဖူးပါတယ်။ ပလိ ဗောဓဆိုတာ ပါဠိစကားပါ၊ မြန်မာလို ပြောရင် အနှောင့်အယှက်၊ နောက်ဆံ တင်းမှုပါ။ တရားအားထုတ်တဲ့ ယောဂီ မှာ အနှောင့်အယှက်ဖြစ်စေတဲ့ တရား ဆယ်ပါးကို 'ပလိဗောဓဆယ်ပါး' လို့ ပြောတာပါ။ ယောဂီက တရားအား ထုတ်တဲ့အခါ အဲဒီအနှောင့်အယှက် ဆယ်ချက်ကို ရိပ်သာမဝင်ခင် အရင် ဖြတ်ခဲ့ရမှာပါ။ အဲဒါမှ ငြိမ်းအေးချမ်းသာ နဲ့ တရားအားထုတ်နိုင်ပြီး တရားထူး တရားမြတ်တွေလည်း ရနိုင်မှာပါ။

အဲဒီဆယ်ချက် အကျယ်တဝင့် ရှင်းပြဟောတဲ့အခါ ယောဂီအများစုက သူတို့နဲ့ တိုက်ဆိုင်လို့ထင်ပါရဲ့ 'အရှင် ဘုရား တရားက တပည့်တော်တို့ကို စောင်းဟောနေသလိုပဲဘုရား'တဲ့။

'အင်း- စောင်းဟောတာ မဟုတ် ပါဘူး၊ တဲ့တိုး ဟောတာပါ' လို့ ပြော ပစ်လိုက်ချင်တာ၊ ဒါပေမဲ့ မပြောဖြစ် ခဲ့ပါဘူး။

တချို့ပြောကြသေးတယ်၊ သူတို့ အရေးနဲ့ အိမ်ပြန်ပြေးပြီး 'ဘုန်းဘုန်း ဟောတဲ့ပရိဘောဂတရားလိုပါပဲ ဘုရား' တဲ့။ ပြောချင်လွန်း အားကြီးတာနဲ့ ပလိဗောဓကို ပရိဘောဂလို့ ပြောတဲ့သူ က ရှိပါသေးတယ်။ စားပွဲ၊ ခုတင် ဗီရို စတဲ့ အိမ်အသုံးအဆောင်တွေကို ပရိ ဘောဂ (Furniture) လို့ ပြောတာပါ။ ပလိဗောဓ ဆိုတာက တရားအားထုတ် တဲ့ ယောဂီမှာ ဝိပဿနာအတွက် အနှောင့်အယှက် အဟန့်အတားတွေကို ပြောတာပါ။ အိမ်စိတ်မချ၊ သားသမီး စိတ်မချတာ ပြောတာပါ။

အမှန်တော့ မြတ်ဗုဒ္ဓရဲ့တရား တွေက လောကသားတွေရဲ့ ကောင်း ကျိုးချမ်းသာကို လိုလားတော်မူလို့ ပစ္စုပ္ပန်ဘဝနဲ့အနာဂတ်သံသရာခရီးမှာ အာမခံချက်ပေးနိုင်တဲ့ ကောင်းကျိုးချမ်း သာတွေရရှိနိုင်ဖို့ ဟောမြွက်ခဲ့တာပါ။ ဆင်းရဲဒုက္ခက လွတ်မြောက်ရာ နိဗ္ဗာန် ချမ်းသာကို ရရှိနိုင်ဖို့ဟောကြားခဲ့တာပါ။

အဲတော့ ဗုဒ္ဓတရားကို ပြန်ဟော တာမို့ 'စောင်းဟောတာ ရွဲ့ပြောတာ မရှိပါဘူး' တရားလမ်းကြောင်းပေါ်မှာ ဟောပြတာချည်းပါ။ မတရားတာလည်း မဟောတတ်ပါဘူး၊ ရွဲ့ဖွဲ့ပြီးလည်း မပြော တတ်ပါဘူး။ ယောဂီကောင်းကျိုးဖြစ်... စိတ်ထားသန့်သန့်နဲ့ဟောခဲ့တာချည်းပါ။

တရားစခန်းတစ်ခုမှာ စခန်း... အတွင်း စခန်းဝင်ယောဂီအသက် (...) နဲ့ အထက်ကို မိုရီယာမင်းအား... (Moriamin)ထိုးပေးခဲ့ပါတယ်။ ကု... အဖြစ် လှူဒါန်းခဲ့တာပါ။ အဲဒီစခန်း... အသက်ရှစ်ဆယ် အဘွားတစ်ယော... မိုရီယာမင်း အားဆေးထိုးတဲ့နေ့... ယောဂီ စောင့်ရှောက်ရေးက 'အ... ထမင်းစားရတာ အဆင်ပြေလား' ... မြန်းသံ ကြားခဲ့ပါတယ်။

သူ့အနားရှိ အဘွားတစ်ယော... က 'ထမင်းစားရတာ ကောင်း... မပေါ်ဘူး၊ အားဆေးထိုးပြီးကတည်း... ဆင်ဦးခေါင်းလောက်ပဲ ကုန်တယ်' ... ဖြေတဲ့အသံ ကြားလိုက်ပြန်တယ်။ ... နားထဲ မရှင်းလို့ ယောဂီစောင့်ရှော... ရေးထဲကသူကို 'အဲဒီအဘွား၊ ... ရေး မကောင်းဘူးနဲ့တူတယ်၊ ... စားရဲ့လား' ဆိုတော့ 'ဘုန်းဘုန်း ... ဆေး သွင်းပြီးကတည်းက ထမင်း ... ပန်းကန်ပြားမောက်မောက် ... ဘုရား'တဲ့။

www.burmeseclassic.com

ဩြော်- အဲဒါကို ဆင်ဦးခေါင်း လောက်ပဲကုန်တယ်လို့ ပြောနေတာကိုး။

အမျိုးမျိုးကြုံတွေ့ရတာ ပြောပြတာပါ။ စခန်းပွဲပြီးလို့ နေရပ်ပြန်ကြတဲ့ အခါ အချင်းချင်း ပြောသံတွေလည်း ကြားဖူးပါတယ်။ယောဂီဝတ်စုံကို အပုံ ...း အဝတ်နဲ့လဲလှယ်ဝတ်ပြီး 'အခုမှပဲ ...ပေါ့ပါးလွတ်လပ်သွားတော့တယ်'ဆိုတာ ...မျိုးတွေပါ။ အပြင်မှာ ယောဂီဝတ်စုံ ...ဝတ်ရတာ ရှက်နေတာလားမသိပါဘူး။

တချို့က တရားဟောမကောင်း ...တဲ့အထဲ တရားဟောတာ အချိန်ပိုသွား ...ရင် လေသံတိုးတိုးနဲ့စကားအမျိုးမျိုးတွေ ...ကြားရတော့တာပဲ။ တရားဟောအပြီး ...ဘုန်းကြီး နှိပ်စက်တာနဲ့ ငါတော့ ...ဆောင်းမှ ကျော်နိုင်ပါ့မလား' ဆိုတဲ့ ...ည်းတွားသံမျိုးတွေပါ။ ဟုတ်တော့ ...ည်း ဟုတ်တာပါပဲ၊ ယောဂီအသစ်၊ ...ယာဂီအဟောင်း၊ အသက်ကြီးသူ၊ ...အသက်ငယ်သူ အနုအရင့်မခွဲခြားဘဲ ...လေးနာရီ တရားထိုင်ခိုင်း၊ တရားနာ ...တော့ ပင်ပန်းတာပေါ့။

## အခန်း (၆)

ကြုံဖူးတာလေး ရှိပါသေးတယ်။ ...င်းရက်စခန်းပွဲရဲ့ ရှစ်ရက်မြောက် ...မှာ 'ယောဂီ အမျိုးသမီးတစ်ဦး ...ဆောင်ထဲ ကျန်းမာရေးမကောင်းလို့ ...တယ်'ဆိုတာနဲ့ အကျိုးဆောင်အဖွဲ့ ...တူ အဲဒီအမျိုးသမီးအဆောင်သွား ...ပါတယ်။ ဟုတ်ပါတယ်၊ အသက်ရှူ ...ရင်ဘတ်အောင့်ပြီး အသက်ရှူ ...ငိုနေတာပါ။ ဒါနဲ့လူနာယောဂီကို ...ဆေးတည်းခိုတဲ့အဆောင် ခေါ် ...ပါတယ်။ သူ့ကို သက်သာအောင် ...ပြီး အဲယားကွန်း ဖွင့်ပေးထား ...ပါတယ်။

ဆယ်မိနစ်ခန့်အကြာ ဆရာဝန် ရောက်လာပါတယ်။ ဆရာဝန်ဘယ်လို ပြောပြော လူနာယောဂီက အစမ်းသပ် မခံချင်သလို ဆေးထိုးတာလည်း မခံချင် ပါဘူး။ ဂေါပကတွေ ရှင်းပြတာလည်း သူနားမဝင်ပါဘူး။ အဆောင်ထဲ အမျိုးသမီးအချင်းချင်း ရှင်းပြတာလည်း မရခဲ့ ပါဘူး။ သူ့အနား လူတွေအနီးကပ် ပြုစုတာလည်း ကြိုက်ဟန်မတူပါဘူး။

ဘုန်းဘုန်း ရှင်းပြတော့ လူနာ ယောဂီက ဘာပြန်ပြောလဲဆိုရင် 'ကိုယ့် ရောဂါကိုယ် သိပါတယ်၊ ဆေးထိုးလည်း မပျောက်ပါဘူး၊ ဘုန်းဘုန်းပဲ ဆေးကု ပေးပါ၊ ဘုန်းဘုန်း ပရိတ်ရွတ်ပေးပါ ဘုရား' တဲ့။

အင်း - အတော်လေးတော့ အခက်သား၊ ဘုန်းဘုန်း ပြောတော့ အလွယ်သား။ လွယ်မှာပေါ့။ ရောဂါ သက်သာအောင် လေသံချိုချိုလေး (လုပ်ယူလေသံလေး)နဲ့ ရှင်းပြနေတာ ကိုး၊ လူနာ စိတ်ချမ်းသာအောင်ပါ။ ဖြစ်ချေတော့ဘူးလေ၊ ထိုင်ခုံပေါ်ထိုင်၊ ယပ်တောင်ကိုင်ပြီး မေတ္တာ စေတနာ အပြည့်နဲ့ 'သမ္ဗုဒ္ဓေ စက္ကဝါဠေသု' စသည် ဖြင့် ရွတ်ဖတ်လိုက်ပါတယ်။

ပရိတ်ရွတ်အပြီး လူနာယောဂီ လည်း အိပ်ပျော်သွားပါတယ်။ လေးငါး မိနစ်အကြာ အိပ်ရာက ထထိုင်ပြီး လူကောင်းတစ်ယောက်လို စကားတွေ ပြောလာတယ်။ လူအနေအထားလည်း ပုံမှန်လိုပါပဲ။ သူ့ရောဂါလည်း ယူပစ် သလို ပျောက်ဟန်တူပါတယ်။ဖြစ်ရပ် ဆန်းတော့ ကိုယ်တိုင် အံ့သြမိပါတယ်။

အဲဒီတော့ လူတွေကပြောတယ် 'ဘုန်းဘုန်းက စွမ်းတယ်တဲ့'။ ဘာတွေ စွမ်းတာလည်း ကိုယ်တိုင်မသိပါဘူး။ ကိုယ့်မှာလည်း ဘာစွမ်းရည် တစ်ခု တလေမျှ မရှိပါဘူး။ ဗုဒ္ဓတရားတွေက တော့ စွမ်းရည်အပြည့်ပါ။

## အခန်း (၈)

အမှန်တော့ ယောဂီ ဆိုတာ အချိန်အခါ နားလည်ရမှာပါ။ မပြော သင့်တဲ့စကား မဆိုသင့်တဲ့အပြောတွေ မပြောမိဖို့ စောင့်ထိန်းရမှာပါ။ ပြောဆို တဲ့အခါ စကားထဲမှာ တရားသဘော တွေ ပါနေရမှာပါ။ မတရားတာတွေ ပြောပြီး ဘဝအကြွေးတွေ အတင်မခံ သင့်ပါဘူး။ ကိုယ့်ရဲ့စိတ်ကို အမြဲမပြတ် ဆင်ခြင်သုံးသပ်နေရမှာပါ။

'ငါ့ရဲ့စိတ်တွေ နူးညံ့သိမ်မွေ့ နေပြီလား။

ငါ့ရဲ့စိတ်တွေ တရားတွေ ကိန်း နေပြီလား။

ငါ့ရဲ့စိတ်တွေ ကုသိုလ်လမ်းပေါ် အမြဲပျော်နေပြီလား။

ငါ့ရဲ့အမူအရာတွေ ယဉ်ကျေး သိမ်မွေ့နေပြီလား' ဆိုတာ သုံးသပ် ကြည့်ရမှာပါ။

အနုဆိုတာ အကြမ်းထဲက ရရှိ တာပါ။ အကြမ်းတွေ အနုဖြစ်အောင် ပွတ်တိုက်ပေးရမှာပါ။ ကိလေသာ ရန်သူ တွေ မဝင်လာအောင် သတိ၊ ဝီရိယ၊ ပညာ ခြံစည်းရိုးတွေ အထပ်ထပ်ကာရံ ထားရမှာပါ။ ကုသိုလ်စိတ်တွေ ဝိုင်းရံ ထားရမှာပါ။ အဲဒါမှ 'အေးငြိမ်းချမ်းသာ' ရနိုင်မှာပါ။ ဒါကြောင့် စိတ်မပျက်ပါနဲ့၊ စိတ်အားမငယ်ပါနဲ့၊ ကြိုးစားအားထုတ် ပါ။ သတိ ဉာဏ် ဝီရိယထားပြီး မှန်မှန် သွားရင် ခရီးပေါက်မှာပါ။ မြတ်ယောဂီ သတိထားပါ၊ ဝီရိယစိုက်ပါ၊ ဉာဏ် ပညာနဲ့ စောင့်ကြည့်ပါ။


**ဒေါက်တာ အရှင်လာဘသာမိ(မြတ်ဓမ္မ)**

❑



www.burmeseclassic.com

www.burmeseclassic.com



# တရားဖြင့် ဘုရားတည်ခြင်း

တောင်းကောင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ မြကင်းတောင်ကို ရောက်ရှိခိုက်တွင် စေတီ ပုထိုး၊ ဂူ၊ ကျောင်း၊ ကန်၊ ရေတွင်းရေကန်ပေါင်း အပျက်အပြောက်များစွာ ပြန်လည်ပြုပြင်ဆောက်လုပ်လှူဒါန်းခြင်း၊ ထီးတော်တင်ခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်၍ သာသနာအကျိုးကို ဆောင်ရွက်နေသော မကွေးတိုင်း မင်းလှမြို့နယ် ဓမ္မိက မြကင်းတောင် အေးရိပ်ငြိမ်တောရ ဆရာတော်ကြီး ဘဒ္ဒန္တသာသန (ကမ္မဋ္ဌာနာစရိယ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ကြီးအား စေတီတစ်ဆူ တည်ထားပူဇော်သော အခါ မည်သို့မည်ပုံ ဆောင်ရွက်ကြရပါသလဲ၊ ထိုသို့ဆောင်ရွက်မှု အစုစုကို အများပြည်သူများ ဗဟုသုတရရှိစေခြင်းငှာ ဟောကြားပေးသနားရန် လျှောက်ထားခဲ့သည်ကို သနားငဲ့ညှာသောအားဖြင့် ဟောကြားခဲ့သော တရားဖြင့် ဘုရားတည်ခြင်းအကြောင်းကို ဤသို့ သိရှိခဲ့ရပါသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) နေရာသန့်ရှင်းမှု

စေတီတော်တစ်ဆူ တည်တော်မူရာတွင် ရှေးဗိသုကာပညာရှင်များ၏ ချမှတ်ထားသော လမ်းစဉ်အတိုင်းပင် ဘူမိပရိကမ္မများဖြစ်သည့် မြေကောင်းမြေသန့် ရှာဖွေခြင်း၊ သံဃာတော်မြတ်များထံ ဩဝါဒခံယူခြင်း၊ ဘုရား (စေတီ) တည်ရည်ညွှန်းနေရာတွင် ရှေးက သိမ်ဟောင်း သိမ်ပျက်များနေရာ ဖြစ်ခဲ့ပါလျှင် ဘုရားတည်ရန်မသင့်သဖြင့် သိမ်နုတ်ခြင်း၊ သံဃာတော်အရှင်သူမြတ်များနှင့် လှူဒါယကာတို့ ပရိတ်မေတ္တာများ ရွတ်ဖတ်ခြင်း၊ ပရိတ်သဲပက်ခြင်း၊ ပရိတ်ရေပက်ဖျန်းခြင်း၊ ပရိတ်ပန်းစိုက်ခြင်း၊ ပရိတ်ချည်တန်းခြင်း စသည်များကို အစဉ်အတိုင်းပြုလုပ်၍ ဘုရားတည်မည့်နေရာကို အသီးအခြား နယ်နိမိတ်သတ်မှတ်၍ သဲဖြူခင်း ရာဇမတ်ကာပြီးလျှင် ကြက်လျှာအလံ၊ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ ထိုးစိုက်ခြင်း၊ ငှက်ပျောပင်ရှင်၊ ကြံပင်ရှင်၊ အုန်း၊ မြေစာ၊ သပြေများကိုလည်း ထည့်ဝါခဲ့ညား စွာ ပြုပြင်စီရင်ရပါသည်။

ဝင်းနောက် နေ့၊ လ၊ နက္ခတ်တာရာများဖြင့်တိုင်းတာရသော မြောက်အရပ်မျက်နှာစစ်စစ်ကို တွက်ချက်၍ အရပ်ရှစ်မျက်နှာကို တိုင်းတာမှတ်သားကြရပါသည်။ ဤသည်တို့မှာ မြေကြီးနှင့်ပတ်သက်သော ပရိကမ္မ မြေသန့်ခြင်းဖြစ်ပါသည်။

(၂) အစောင့်အရှောက်ခံခြင်း

ဝင်းနောက် မြတ်စွာဘုရားသခင် ဟောကြားတော်မူအပ်သော သုတ်မဟာဝါပါဠိ မဟာပရိနိဗ္ဗာနသုတ္တန်ဒေသနာ၊ ရာဇပရိဟာနိယဓမ္မကဏ္ဍနှင့်အညီ အရပ်မျက်နှာတစ်ခုတွင် စောင့်ကြပ်လျက်ရှိသော နတ်မင်းကြီးလေးပါးရှိ၏။ ထိုနတ်မင်းကြီးလေးပါးစီစောင့်ကြပ်လျက်ရှိသော အရပ်ဆယ်မျက်နှာမှ နတ်မင်းကြီးလေးကျိပ်တို့အားပင့်ဖိတ်လျက် သားငါးမပါ၊ သစ်သီးဝလံခဲဖွယ်ဘောဇဉ်တို့ဖြင့် ဗလိနတ်စာ ကျွေး၍ အထူးပူဇော် ပသကြရပါသည်။

ထိုနတ်မင်းကြီး လေးကျိပ်တို့အား ပူဇော်ပသပြီးလျှင် ကြွင်းကျန်သမျှသော သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါအပေါင်းတို့အားလည်းကောင်း၊ သာသနာစောင့်နတ်၊ ကမ္ဘာစောင့်နတ်အပေါင်းတို့အားလည်းကောင်း ပင့်ခေါ်ပသ ပူဇော်ကြရပါသည်။

(၃) အရှင်ဥပဂုတ္တပူဇော်ခြင်း

ဝင်းနောက်တစ်ဖန် သီရိမွှာသောကမင်း လက်ထက်မှစ၍ ပင့်လျှောက်ခြင်းဖြစ်သော အရှင်ဥပဂုတ္တ တိဿမထေရ်မြတ်၏ ပုံတော်ငယ်အား ပြာသာဒ်ပါအပြီးအစီးစီရင်၍ ကန်တော့ပွဲများဖြင့် ပူဇော်ရပါသည်။

ဝင်းပြာသာဒ်နှင့် အရှင်ဥပဂုတ္တတိဿမထေရ်မြတ်အား စေတီခရားသီးနေရာတွင် အနောက်မြောက်ဘက်သို့ လှည့်ကာဌာပနာရပါသည်။ အကြောင်းမှာ အနောက်မြောက်ဘက်မှ မာရ်နတ်မင်း လွှတ်အပ်သော လေဒဏ်၊ မိုးဒဏ်များ ရန်မှ ကာကွယ်ရန်ဖြစ်သည်။

(၄) ပန္နက်တင်မင်္ဂလာ

ထိုမှတစ်ဆင့် စေတီတော်၏ ဖိနပ်တော်အတိုင်းအထွာများ မှတ်သား၍ ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပရပါသည်။ ရတနာရွှေအုတ်၊ ငွေအုတ်များ ခင်းကျင်းပြီးပါက ပထမ ပစ္စယာ စတင်ပါသည်။ ပထမပစ္စယာမှာ တရားသဘောအားဖြင့် ဝိဘဝ တဏှာဟူ၍ သတ်မှတ်ပါသည်။ ဝိဘဝတဏှာမှာ ဘဝမရှိမှု၊ ဘဝကင်းပြတ်မှုကို စွဲယူနှစ်သက်ခြင်းဖြစ်၍ ဒိဋ္ဌိအားဖြင့် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါသည်။

(၅) ပစ္စယာနှင့် ဌာပနာများ

ဒုတိယပစ္စယာမှာ ဘဝတဏှာဟု သတ်မှတ်ပါသည်။ ဘဝတဏှာမှာ အဖန်ဖန်အလဲလဲ ဖြစ်ပျက်နေသော ဘဝကို နှစ်သက်သာယာ မြတ်နိုးခြင်းဖြစ်၍ ဒိဋ္ဌိအားဖြင့် သဿတဒိဋ္ဌိ မည်ပါသည်။ ဝင်းဒုတိယပစ္စယာ၌ပင် ပထမဌာပနာတိုက်ကို ပြုလုပ်ရပါသည်။

(၆) တတိယပစ္စယာ

တတိယပစ္စယာမှာ ကာမတဏှာဟူ၍ သတ်မှတ်ပါသည်။ ကာမ





www.burmeseclassic.com

www.burmeseclassic.com

တဏှာမှာ ကာမဂုဏ်တရားများ လွန်စွာခံစားရခြင်းကို နှစ်သက်၍ ထိုနှစ်သက်ခြင်းအပေါ်၌ မြသည်ဟု ထင်မှတ်သဖြင့် ဒိဋ္ဌိအားဖြင့် သက္ကာယဒိဋ္ဌိ ထိုက်ပါသည်။

ဎင်းတတိယပစ္စယာ၌ ဒုတိယ ဌာပနာတိုက် ပြုလုပ်ရပါသည်။ ဒုတိယ ဌာပနာတိုက်၌ သစ္စာလေးပါးသာလျှင် အရင်းခံဖြစ်ကြောင်းသိရန် အကန့်လေးကန့်ပြုလုပ်ရပါသည်။ တနင်္ဂနွေထောင့်ဖြစ်သော အရှေ့မြောက်ထောင့် အကန့်၌ သတ္တဌာနဆင်းတုများ ဌာပနာဖြစ်၍ ကျန်အကန့်များတွင် အခြားဆင်းတုတော်များနှင့် ဓာတ်တော်များကို ဌာပနာရပါသည်။

(၇) ပန်းတင်ခုံ

ထိုပစ္စယာသုံးဆင့်၏ အထက်မှ ပန်းတင်ခုံ ဟူသော နေရာကို အဘိသင်္ခါရပတ္တနာဟု တရားသဘောအရ သတ်မှတ်ရပါသည်။ အလွန်မြင့်မြတ်လှသော ကံ၊ စေတနာ ဟူ၍ အဓိပ္ပာယ်ရပါသည်။

ဤနေရာ၌ ကံစေတနာတည်းဟူသော သင်္ခါရသည် (၁) ပုညာဘိသင်္ခါရ၊ (၂) အပုညာဘိသင်္ခါရ၊ (၃) အာနေဉ္စာဘိသင်္ခါရဟူ၍ သုံးမျိုး ပြသည်။ ၎င်းသုံးမျိုးတွင် သုစရိတ ဆယ်ဖြာသော ကံတရားတို့ကို ဖြစ်စေတတ်သော ပုညာဘိသင်္ခါရကို ဘုရားသခင်သည် ကာမသုဂတိ ခုနစ်ဘုံတို့အတွက် ရည်မှတ်၍ ဟောကြားခဲ့သည်။

ပါပဒိဋ္ဌိ ဒုစရိတ အကုသိုလ်ကံ ဆယ်ပါးတို့ကို အဖန်ဖန်ပြုကျင့်မှားသော အပုညာဘိသင်္ခါရကို ဘုရားပယ်တော်မူသည်။ ရုပ်ဓာတ်၊ နာမ်ဓာတ် နှစ်ဖြာကို မုန်းတီး၍ ကုသိုလ်၊ အကုသိုလ်တရားနှစ်ပါးကိုပယ်ကာ ဝိပဿနာတရားသာလျှင် ကံစေတနာ ရှေးရှုသော အာနေဉ္စာဘိသင်္ခါရကို ဘုရားသခင် တိုက်တွန်းတော်မူသည်။ ထိုသုံးပါးသော သင်္ခါရတို့တွင် အာနေဉ္စာဘိသင်္ခါရသာလျှင် အဘိသင်္ခါရ ခေါ်ဆိုအပ်သော လွန်စွာမြင့်မြတ်လှသည့် ကံစေတနာဟု သမုတ်အပ်၏။

(၈) ခေါင်းလောင်းပုံ

ပန်းတင်ခုံဟူသော အာနေဉ္စာဘိသင်္ခါရ (ဝါ) အဘိသင်္ခါရပတ္တနာ အဆင့်၏ အထက်တွင်ရှိသော ခေါင်းလောင်းအနားရစ်မှာကား ဘာဇေမ ဟူသော အမျှပေးဝေခြင်း သဘောကို ဆောင်ပါသည်။

(၉) ဘီလူးပန်းဆွဲ

ခေါင်းလောင်း အနားရစ်ပေါ်ရှိ ဘီလူးပန်းဆွဲသည် (၃၇) ပါးသော ဥပဒ္ဒဝေါအပေါင်းမှ ကင်းရှင်းစေနိုင်သော ဉာဏ်ဖြစ်သည့် ဘယဉာဏ်ဟု ဆိုပါသည်။ ထိုနေရာ၏ အထက်တွင် ခါးစည်းဟုခေါ်တွင်သော နေရာသည် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟူသော သိက္ခာသုံးပါး တည်ရှိပါသည်။

အဝတ်ပုဆိုးများ ဝတ်ရာတွင် မကျွတ်စေရန် ခါးစည်းထားရသကဲ့သို့ ကိလေသာကာမရာဂတရားများ ရှင်သန် လွတ်လပ်ခြင်း မရှိရန် သိက္ခာသုံးပါးဖြင့် ထိန်းချုပ်ခြင်း သဘောကို ဆောင်၍ အရစ်သုံးရစ်ဖြင့် တန်ဆာဆင်ထားပါသည်။

(၁၀) သပိတ်မှောက်

ထိုသည်၏ အထက်တွင်ကား မဟာတဗ္ဗမမှ ဝိစိကိစ္ဆာသမ္ပယုတ်တို့ကို သောတာပတ္တိမဂ်ဖြင့် လည်းကောင်း၊ ကာမရာဂတရားတို့ကို အနာဂါမိမဂ်ဖြင့် လည်းကောင်း အကြွင်းအကျန်မရှိ ပယ်သတ်ခြင်းသည် မဟာတဗ္ဗမမှဟုခေါ်ဆိုသည်။ သပိတ်အတွင်းရှိ ပစ္စည်းများကို အကြွင်းအကျန်မရှိ မှောက်သွန်ပစ်သကဲ့သို့ ဒိဋ္ဌိဝိစိကိစ္ဆာ သမ္ပယုတ္တ၊ ကာမရာဂ၊ ရူပရာဂ၊ အရူပရာဂတို့အား ဖော်ပြပါ ဆိုင်ရာဆိုင်ရာ မဂ်များဖြင့် ပယ်သတ်ရမည့်အကြောင်း သပိတ်မှောက်ထားသည့်ပုံစံဖြင့် အဓိပ္ပာယ်ဖော်ကျူးထားပါသည်။

(၁၁) ဖောင်းရစ်များ

သပိတ်မှောက်၏ အထက်တွင်ရှိသော ဖောင်းရစ် ခုနစ်ရစ်မှာကား ဝိသုဒ္ဓိ ခုနစ်ပါးကိုဆိုပါသည်။

အဓိပ္ပာယ်မှာ ပထမဖောင်းရစ်သည် (က) အာပတ် ခုနစ်ပုံကို လုံခြုံစွာ စောင့်ရှောက်ခြင်း သီလတည်းဟူသော ပါတိမောက္ခသံဝရသီလ၊ (ခ) ဣန္ဒြေ ခြောက်ပါးကို စောင့်ရှောက်ခြင်းတည်း ဟူသော ဣန္ဒြိယသံဝရသီလ၊ (ဂ) အသက်မွေးဝမ်းကျောင်း စင်ကြယ်မှု အာဇီဝပါရိသုဒ္ဓိလသီလ၊ (ဃ) ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်မှု ပစ္စယသန္နိဿိတသီလဟု ဆိုအပ်သော စတုပါရိသုဒ္ဓိသီလ၏ စင်ကြယ်ခြင်း တည်းဟူသော သီလဝိသုဒ္ဓိအဓိပ္ပာယ်ကို ဆောင်ပါသည်။

ဒုတိယဖောင်းရစ်သည် (ရှစ်) ပါးသော စိတ်တို့၏ ဖြူစင်သန့်ရှင်းစင်ကြယ်ခြင်းဖြစ်သော စိတ္တဝိသုဒ္ဓိအဓိပ္ပာယ် ဖြစ်ပါသည်။

တတိယဖောင်းရစ်သည် အယူ ဝါဒ စင်ကြယ်ခြင်းဖြစ်သော ဒိဋ္ဌိဝိသုဒ္ဓိ အဓိပ္ပာယ်ဖြစ်ပါသည်။

စတုတ္ထဖောင်းရစ်သည် (က) အတိတ် ငါဖြစ်တာ၊ ငါမှဟုတ်ပါ့မလား (ခ) ငါမဖြစ်များ မဖြစ်ခဲ့သလား၊ (ဂ) မင်းပုဏ္ဏား စသည်ဖြင့် မည်သည့်အ... အနွယ်ထဲက ဖြစ်ခဲ့သလဲ၊ (ဃ) ဘယ်...





www.burmeseclassic.com

www.burmeseclassic.com

...န်းသဏ္ဍာန်နဲ့ ဖြစ်ခဲ့သလဲ၊ (င) ဘယ်...ဝတွေများကလဲ၊ ဘယ်လိုဖြစ်ခဲ့သလဲ ... ဆိုအပ်သော အတိတ်ဘဝယုံများ ... ငါးပါး၊ (စ) ရှေးဘဝတွေကို ငါ ...ခဲ့ယ်ဆိုတာ၊ ဟုတ်မှဟုတ်ပါ့မလား၊ (...) ဖြစ်ရောဖြစ်ဦးမှာလား၊ (ဇ) ဘယ် ...အမျိုးအနွယ်များမှာ ဖြစ်ပါ့မလဲ၊ (ဈ) ဘယ်လိုပုံပန်းသဏ္ဍာန် မျိုးနွယ်များမှာ ...ပါ့မလဲ၊ (ည) ဖြစ်မယ့်ဘဝတွေများ ...ည်း ဘယ်လိုဖြစ်ဦးမလဲ ဟူသော ...ဝတ်ယုံများချက်များ ငါးပါး၊ (ဋ) ...မှောက်၌ဖြစ်သော ခန္ဓာကိုယ်ကို ... သို့လော သို့လောဖြစ်ခြင်း၊ (ဌ) ငါမှ ...ခဲ့လား (ဍ) ငါမဟုတ်ဘဲများ ရှိ ...လား၊ (ဎ) ငါသည် ဘယ်လိုအမျိုး ...ဖြစ်သလဲ၊ (ဏ) ငါသည် ငါ၏ ...ဘောသည် ဘယ်ပုံပန်းသဏ္ဍာန် ...လိမ့်၊ (တ) ငါသည် ဘယ်ဘဝက ...၍ ဘယ်ဘဝသို့ ရောက်ဦးမည် ...ဟူသော ပစ္စုပ္ပန်ဘဝ ယုံမှားချက် ...ပါး စုစုပေါင်း (၁၆) ပါးသော ...များချက်တို့ကို လွန်မြောက်သော ...ဉ် စင်ကြယ်ခြင်းတည်းဟူသော ...ဝိတရဏဝိသုဒ္ဓိဟု အမိပ္ပာယ်ရ ...။

ပဥ္စမဖောင်းရစ်သည် မဂ်ဟုတ် ... မဟုတ်သည်ကို ဉာဏ်အမြင်ဖြင့် ...ကြယ်စွာသိမြင်ခြင်း၊ မဂ္ဂါမဂ္ဂဉာဏ ...နဝိသုဒ္ဓိဖြစ်ပါသည်။

ဆဋ္ဌမဖောင်းရစ်သည် မဂ်သို့ ...ကြောင်း အကျင့်ကောင်းကို မြင် ... ဉာဏ်၏စင်ကြယ်ခြင်း ပဋိပဒါ ...ဿနဝိသုဒ္ဓိဖြစ်ပါသည်။

သတ္တမဖောင်းရစ်သည် -

(က) လောကသုံးရွာ သတ္တဝါ ... ခန္ဓာရုပ်နာမ်ဝယ် အဖန်ဖန် ...ကျ ဖိစီးနှိပ်စက်တတ်သော ပီဠနအနက် (ခ) ကာ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့ကို ပြုပြင်စီရင်အပ်သော အသင်္ခတအနက် (ဂ) မရောင့်ရဲစွာ သတ္တဝါတို့ကို လွန်စွာ ပူပန်စေတတ်သော သန္တာပအနက် (ဃ) ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝတို့ဖြင့် ဖောက်ပြန်ဖျက်ဆီးတတ်သော ဝိပရိဏာမအနက်။

ဤသို့သော အနက် လေးမျိုးသည် ဒုက္ခသစ္စာ၌ ထင်၏။ အခြားသစ္စာ သုံးပါးတို့၌လည်း အနက် လေးမျိုးစီထင်၍ သစ္စာလေးပါးတွင် အနက် (၁၆) ချက်ရှိ၏။

ထို (၁၆) ချက်သော အနက်တို့ကို ခွဲခြားသိတတ်သော ဉာဏ်၏ စင်ကြယ်ခြင်းတည်း ဟူသော ဉာဏဒဿနဝိသုဒ္ဓိ၊ ဤသို့အားဖြင့် ဝိသုဒ္ဓိခုနစ်ပါးနှင့် အလားသဏ္ဍာန်တူသော ဖောင်းရစ် ခုနစ်ရစ်ကို ပြုလုပ်ရပါသည်။

## (၁၂) ကြာမှောက်

ဖောင်းရစ် ခုနစ်ရစ် အထက်၌ရှိသော ကြာမှောက်သည် ပုထုဇဉ်များ၏ နယ်မြေအဆုံးဖြစ်ကြောင်းကို ပြဆိုသည်။

ကြာမှောက်နေခြင်း၏ အဓိပ္ပာယ်သည် သစ္စာလေးပါး မြတ်တရားအား သိသော်လည်း မမြင်သေး၊ မြင်သော်လည်း မဆိုက်သေးသော၊ ကျင့်ကြံအားထုတ်ဆဲဖြစ်သော သေက္ခပုဂ္ဂိုလ်များ၏ နယ်မြေအဆုံးဖြစ်ကြောင်း ပြဆိုပါသည်။

## (၁၃) ခရားသီး

ကြာမှောက်၏ အထက်မှ ခရားသီးသည် တရားသဘောအားဖြင့် ဂေါတြဘူ ခေါ် ပုထုဇဉ်မှ အရိယာအဖြစ်သို့ရောက်ကြောင်း နယ်မြေခွဲခြားသော နေရာဖြစ်ပါသည်။

## (၁၄) ကြာလှန်

ခရားသီးနေရာ၏ အောက်၌ရှိသော ကြာမှောက်သည် အထက်၌ ရေးသားခဲ့သည့်အတိုင်း ပုထုဇဉ်များ၏ နယ်မြေအဆုံးဖြစ်သကဲ့သို့ ကြာလှန်သည် အရိယာနယ်မြေအစဖြစ်ပါသည်။ သစ္စာလေးပါးနှင့် အလားသဏ္ဍာန်တူသော ကြာပွင့်နေခြင်းသည် အာသဝေါတရားလေးပါးတို့ ကုန်ခန်းဖြတ်တောက်၍ အရိယာဉာဏ်အမြင် စင်ကြယ်ပြီဟု ဆိုလိုရင်းသဘောရှိပါသည်။

## (၁၅) ငှက်ပျောဖူးနှင့် ထီးတော်

သည်ကြာလှန်၏ အထက်၌ရှိသော တရားများသည် လူ့သာမန်၊ နတ်သာမန်၊ ရဟန်းသာမန် အစရှိသော သာမန်ပုဂ္ဂိုလ်တို့၏ အရာမဟုတ်ချေ။ ဖိုလ်ငါးပါးလုံးကို ရှေ့တန်းတင်၍ ဤနေရာတွင် အရိုးကြွင်းစေ၊ အရေကြွင်း၊ အသားကြွင်းစေ၊ တရားထူးမရလျှင် ငါ မထဟု ဝီရိယ ပြင်းထန်လှစွာသော အာဇာနေယျ အရိယာပုဂ္ဂိုလ်တို့၏ အရာများသာ ဖြစ်ပေသည်။

ကြာလှန်၏ အထက်ငှက်ပျောဖူးသည် အရဟတ္တမဂ္ဂဖြစ်၍ ထီးတော်သည် ဘဝအသစ် ပြန်လည်ဖြစ်ပေါ်ရိုးထုံးစံမရှိ။ ပကတိ ငြိမ်းအေးလှစွာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဖြစ်သော အရဟတ္တဖိုလ်ပင်တည်း။

## (၁၆) ငှက်မြတ်နား

ထီးတော်၏ အထက်တွင်ရှိသော ငှက်မနားခေါ် ငှက်မြတ်နားသည် ငှက်အပေါင်းတို့တွင် ဟင်္သာ၊ ကရဝိက် အစရှိသော ငှက်မင်းတို့သည် အလွန်တရာ တန်ဖိုးကြီးလှသကဲ့သို့ ဤသာသနာတော်တွင် ရွှန်းစွာရှားပါးမြင့်မားလှစွာသော သာသနာ့ရောင်ခြည် အာဇာနေယျ ရဟန္တာပုဂ္ဂိုလ်များ၏ ဖလ



www.burmeseclassic.com

www.burmeseclassic.com

သမာပတ် ဝင်စားရာ နေရာမွန် နေရာမြတ်ဖြစ်ပေသည်။

**(၁၅) စိန်ဖူးတော်**

ငှက်မြတ်နား အပေါ်တွင်ရှိ တန်ဖိုးအနဂ္ဃထိုက်တန်သော စိန်ဖူးတော်သည် အသင်္ခတနိဗ္ဗာန်ဟု သတ်မှတ်ပါသည်။ ထိုမှအထက်တွင်ကား အားလုံးသော တေဘူမက သင်္ခါရတရားတို့၏ ငြိမ်းရာ၊ ချုပ်ရာ၊ ကုန်ဆုံးရာဖြစ်ပေသော မဟာအသင်္ခတ နိဗ္ဗာန်ရွှေပြည်သို့ ဝင်စံချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းကို ပြဆိုပါသည်။ အာသဝေါတရားတို့၏ ချုပ်ငြိမ်းရာ သုညတပင်ဖြစ်ကြောင်း အဓိပ္ပာယ်ရပါသည်။

**(၁၈) အောက်ခြေဖိနပ်တော်**

မည်မျှပင်ကြီးမား၍ ဉာဏ်တော်မည်မျှပင် မြင့်စေ၊ အထက်သို့ရောက်လေ သေးငယ်ရှူးသွယ်၍ သွားလေပင်ဖြစ်သည်။ ထိုသဘောမှာ ဝိပဿနာသဘောအရ ဖြစ်ပျက်ချုပ်ဆုံးခြင်းသဘောဖြစ်ကြောင်း သိရပါသည်။ နောက်ဆုံးတွင် မဟာအသင်္ခတနိဗ္ဗာန်သည်သာလျှင် အမြင့်ဆုံး အမြတ်ဆုံးဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

## ဓာတုစေတီတော် ပူဇော်ပြုလုပ်နည်း အာရုံပြုရန်

ဓာတုစေတီတော်၌ ရုပ်ပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာဟု နှစ်ပိုင်းခွဲ၍ အာရုံပြု သိမှတ်ရမည်။ ဓာတုစေတီတော်၌ အပြင်ပိုင်းဆိုင်ရာ အုတ်၊ အင်္ဂတေတို့ဖြင့် မွမ်းမံခြယ်လှယ်မှုသည် ဗုဒ္ဓမြတ်စွာဘုရား၏ ဉာဏ်တော်ကို ရည်ညွှန်းသော နာမ်ပိုင်းဆိုင်ရာ၊ နာမ်ခန္ဓာဟု မှတ်ရမည်။ အတွင်းပိုင်းဓာတ်တော်နှင့် မြတ်စွာဘုရား၏ ပရိက္ခရာ သတ္တဌာနပုံတော် ကျောက်သံပတ္တမြားရွှေငွေစသော ပစ္စည်းများကို ရုပ်ပိုင်းဆိုင်ရာ ရုပ်ခန္ဓာဟု အာရုံပြုရမည်။

မြတ်စွာဘုရား၏ နာမ်ပိုင်းဆိုင်ရာ ဉာဏ်တော်ကို ရည်ညွှန်းသော ဓာတုစေတီတော်၏ အင်္ဂါရပ်များကို ကျွမ်းကျင်သော ပန်းရန်လက်သမားတို့က ပြုပြင်ရသည်။

စေတီတော်၏ အင်္ဂါရပ်များမှာ အောက်မှအထက်သို့ အာရုံပြုလျှင် - (၁) ဖိနပ်တော်ရင်ပြင်၊ (၂) ပစ္စယာသုံးဆင့်၊ (၃) ပန်းတင်ခုံ၊ (၄) ကြာအုံ၊ (၅) ကြေးဝန်း၊ (၆) ခေါင်းလောင်းနား၊ (၇) ဘီလူးပန်းဆွဲ သပိတ်မှောက်၊ (၈) ဖောင်းရစ်၊ (၉) ကြာနုကြာမှောက်၊ ခရားသီး ကြာလှန်ကြာနု၊ (၁၀) ငှက်ပျောဖူး တို့ဖြစ်သည်။ အထက်ဖော်ပြပါ (၁၀) မျိုးသည် မြတ်စွာဘုရား၏ ဝိပဿနာဉာဏ် (၁၀) ပါးကို ရည်ညွှန်းသည်ဟု ဆိုပါသည်။

မဂ်လေးပါး ရရှိရေးအတွက် နာမရူပပရိစ္ဆေဒဉာဏ်မှ ဂေါတြဘူဉာဏ် အထိ လေးကြိမ် လေးခါ ပွားများရသည်။ သစ္စာလေးပါးကို လေးကြိမ်လေးခါ သိရသည်။ ၎င်းကို ရည်ရွယ်၍ ထီးတော် ကိုးဆင့် ဟင်္သာအထက် ခရေလေးပွင့်လေးဆိုင် ရည်ညွှန်းပြုလုပ်ပါရှိရသည်။ ထီးတော် ဘုံကိုးဆင့်မှာ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တစ်ပါး အားဖြင့် လောကုတ္တရာတရား ကိုးပါးကို ရည်ညွှန်းသည်။

ထီးတော် အထက် ဟင်္သာ တစ်ကောင်ပါရှိခြင်းမှာ အတောင်ရှိသော သတ္တဝါတို့တွင် ဟင်္သာသည် အလျင်ဆုံး၊ အမြန်ဆုံးဖြစ်သလို သမာပတ် ဝင်စားနိုင်သော အရဟန္တ၊ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ သဗ္ဗညုဗုဒ္ဓအားဖြင့် ဗုဒ္ဓသုံးမျိုးတို့တွင် သဗ္ဗညုဗုဒ္ဓ၏ နိရောဓသမာပတ်ကို ဝင်စားခြင်း၊ ထခြင်းသည် အမြန်ဆုံး အလျင်ဆုံး ဖြစ်ကြောင်း ရည်ညွှန်းသည်။

ငှက်မြတ်နားနှင့် အရောင်လျှံ ခေါ် စိန်ဖူးတော်မှာ စစ်ပွဲကို အောင်မြင်သော စစ်ဗိုလ်ချုပ်၏ လှံဖျားတွင် အောင်လံတံခွန် ချည်ဆွဲသကဲ့သို့ တစ်ထောင့်ငါးရာ ကိလေသာ စစ်ပွဲတွင် ဝါသနာ အငွေ့အသက်နှင့်တကွ ပယ်သတ်အောင်မြင်ပြီးကြောင်း သဗ္ဗညုတဉာဏ်တော် လှံသွား၊ စိန်ဖူးတော်တွင် အလံတံခွန် ငှက်မြတ်နားကို ရည်ညွှန်းပြုလုပ်ကြောင်း အာရုံပြု၍ ရှိခိုးပူဇော်နိုင်ကြရန် တင်ပြလိုက်ရပေသည်။

**မှတ်ချက်**

စာရေးသူ သိလိုသမျှကို ဖော ကြား ဆုံးမပေးပါသော ဆရာတော်ကြီး ဘဒ္ဒန္တသာသနအား ထာဝရ ပူဇော် ကန်တော့ပါ၏။


**စောင်းကောင်းမြတ်**

❑



www.burmeseclassic.com

www.burmeseclassic.com



# ယောက်ျားပီသအောင်
## တကယ့် ဗုဒ္ဓဘာသာဝင်ဖြစ်အောင်

မွေးခြင်းနဲ့သေခြင်းကြား လူ့ဘဝ ...ည် ကုသိုလ်နဲ့ အကုသိုလ်တရား ...တွဲ၍ ဘာမျှမရှိ။

ကုသိုလ်၊ အကုသိုလ်မှ ကံတို့ ... ကောင်းတဲ့ အလုပ်ဖြစ်တဲ့ ...တရား ဆယ်ပါးကို စုဆောင်း၊ ... တျင့်ကြံထားသူတို့ ငရဲသို့ မရောက်နိုင်၊ အကုသိုလ်ပြုသူတို့သာ ငရဲရောက်နိုင်ကြပါ၏။

တောသမင်သည် ပြည်တန်ပတ္တ မြားကို တွေ့ပေမယ့် တန်ဖိုးမသိ၊ ပညာမဲ့သည် ရခဲလှသော လူ့ဘဝကို ရခဲ့ပေမယ့် တန်ဖိုးမသိတော့ ကာမဂုဏ်အာရုံများသာ ခံစားပြီး အပါယ်လေးရွာသို့ ကျရောက်ကြရပါသည်။

ဗုဒ္ဓဘာသာသည် ဓမ္မရတနာနဲ့ ဘဝရတနာကို အလှဆင်ထား၍ တု မမြင်၊ နှိုင်းမရ၊ အတိုင်းအဆ မပြနိုင်လောက်အောင် အဖိုးတန်လှပေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာသည် ဒဿနိက ဗေဒထက် များစွာပို၍ကျယ်ပြန့်ပြည့်စုံလှပါ၏။ ဗုဒ္ဓရဲ့ အခြေခံသည် ကိုယ်ကျင့်သီလဖြစ်၏။ ဉာဏ်ပညာသည်အထွတ်အထိပ်ဖြစ်ကာ ကျိုးကြောင်းညီညွတ်၍ အလွန်တရာ လက်တွေ့ကျလှပါသည်။

အမွန်မြတ်ဆုံး စွမ်းအားဖြစ်ပြီး အနန္တစကြဝဠာထိ မှန်ကန်ကာ ကမ္ဘာလောကကို အဆင့်မြှင့်ပေးနိုင်တဲ့ တစ်ခုတည်းသော ဘာသာ (မောင်းတံ) ဖြစ်ပါသည်။

"ဗုဒ္ဓကို ခရစ်နှစ်-၆၂၃၊ BC၊ မေလ၌ ဖွားတော်မူခဲ့ပါ၏။ ရှေးအကျဆုံး အသွင်သဏ္ဍာန်ရှိတဲ့ ဗုဒ္ဓဘာသာဟာ အခြားဘာသာဝင်များကို ရက်စက်စွာ မနှိပ်စက်လို့ အကျွန်ုပ် အနှစ်သက်ဆုံးပဲ"

ဟု အင်္ဂလိပ် ပညာရှင်ကြီး 'လောရတ်ဆဲလ်'က ဆိုထားသည်။

ကမ္ဘာ့သမိုင်းပညာရှင်ကြီး 'W-ဂျီးဝဲလ်စ်' ကလည်း -

"ဗုဒ္ဓဟာ ဒဏ္ဍာရီ မဟုတ်တဲ့ လူသားစရိုက်လက္ခဏာကို ကွက်ကွက်ကွင်းကွင်းမြင်သူဖြစ်၏။ ထာဝရမှန်ကန်တဲ့တရားတော်တွေကို လူသားများအားပေးအပ်ခဲ့၏။ ဆင်းရဲဒုက္ခ အားလုံးနဲ့ မရောင့်ရဲ မတင်းတိမ်နိုင်ခြင်းများသည် တစ်ကိုယ်ကောင်းဆန်ပြီး အတ္တနဲ့ လောဘပဲ" ဟု ဆိုခဲ့ပါသည်။

ကိုးကွယ်ရာ ဗုဒ္ဓဘုရားဆိုတာ ဟိုမှာလိုလို၊ သည်မှာလိုလိုရှိတဲ့ ဘုရားမျိုးမဟုတ်။ မရှိဘဲ အရှိလုပ်ထားတဲ့ ဝရုန်းသုန်းကား ဘုရားလည်းမဟုတ်။

ယုံကြည်မှုသဒ္ဓါသည် ဓမ္မအသိရရေး၌ အခရာကျလှပါ၏။ ဗုဒ္ဓအဆုံးအမကို တကယ်သက်ဝင်ယုံကြည်ပါက လောကဓံကို ကြံ့ကြံ့ခံနိုင်ရေး၌ အားကိုးရတဲ့ လက်နက်၊ စစ်မှန်တဲ့ဓမ္မသည် အနန္တစွမ်းအင်ကို ပိုင်ဆိုင်မြဲဖြစ်၏။

မိရိုးဖလာလွန် ဗုဒ္ဓဘာသာသည် လူ့ဘဝ၏ အဖိုးတန်ရတနာတစ်ပါးဖြစ်၏။ "မနုဿတ္တဘာဝေါ ဒုလ္လဘော" ရခဲမှု လူ့ဘဝတွင် တန်ဖိုးနဲ့ထိုက်တန်အောင် နေတတ်ရန်လို၏။ လူ့ဘဝရခိုက် တရားဓမ္မနဲ့အညီမနေဘဲ ပေါ့ပေါ့တန်တန် အချည်းအနှီး အချိန်ကုန်ဆုံးစေပါက လူဖြစ်ရကျိုးမနပ်။

"ယခုခါမှ လူလည်းဖြစ်လာ၊ သာသနာလည်းထွန်းခိုက်၊ ၊အမြိုက်တရား ဟောကြားမည့်သူ လူလည်းမရှား၊ သို့ပါလျက်သားနှင့်မှ တရားမလိုက် အမှားကြိုက်ကြလျှင် အမိုက်တကာ့ ဗိုလ်မင်း၊ အဖျင်းတကာ့ဗိုလ်ချုပ်၊ အပါယ်လေးလီ၊ မြစ်နဒီတွင် ပလုံစီမြုပ်လို့၊ လူမိုက်ကြီးတွေဖြစ်ချေမည်" ဟု စလေဆရာ ဦးပုညက ဆိုထားပါသည်။

ရှေ့နောက် ကမ္ဘာလေးဆယ်မြင်နိုင်တဲ့ 'ဒေဝီဠ' ရသေ့ကြီးသည် ဘုရားလောင်း သိဒ္ဓတ္ထ နီတာရဲလေး မွေးတော့ ဖူးမြော်ရန် ရောက်ရှိပြီး သည်းထန်စွာငိုခြင်း၊ ရယ်ခြင်းများ ပြုခဲ့ပါ၏။

ရယ်တာကတော့ ဘုရားပွင့်ရင် သတ္တဝါတွေ အပါယ်ဘဝမှ ကယ်နိုင်လို့ ဖြစ်ပြီး ငိုတာကတော့ ဒီကလေး ဘုရားပွင့်ရင် သူက လူ့ဘဝမှာမရှိ အရူပဘုံသို့ ရောက်ရှိနေ၍ ဝိပဿနာတရား နာယူခွင့်မရှိ၊ သာသနာကို ကြိုက်ပေမယ့်၊ မကြုံတော့ဟုဆိုကာ ငိုခြင်းဖြစ်၏။

ဗုဒ္ဓဘာသာလောက၌ "စတိ ဗုဒ္ဓဘာသာ၊ မိရိုးဖလာဗုဒ္ဓဘာသာနဲ့ အာစာရ ဗုဒ္ဓဘာသာ၊ တကယ့်ဗုဒ္ဓဘာသာ" ဟူ၍ရှိနေပါ၏။

မိရိုးဖလာ ဗုဒ္ဓဘာသာသည် ဗုဒ္ဓဘာသာအကြောင်း ထဲထဲဝင်ဝင် မသိကြ။ ရတနာသုံးပါးရဲ့ကောင်းကျိုး[illegible] ကျကျနန မသိ။ တစ်ခဏ စီးပွားရေး[illegible] အဆင်ပြေတာ၊ သဘောကျတာတွေ[illegible] စတဲ့ မက်လုံးနဲ့ သရဏဂုံအပျက်ခံကြ[illegible] ပြိတ္တာနွယ် ၁င် နတ်စည်းစိမ်တွေ၊ ဘိုး[illegible] တော်၊ မယ်တော်တွေ ကိုးကွယ်ကြ[illegible] နတ်ကနားပေးကြ၊ ဗုဒ္ဓဝါဒနဲ့မအပ်စပ်[illegible] တာတွေကို လုပ်ကြပါ၏။

အာစာရဗုဒ္ဓဘာသာဝင်တွေ[illegible] တော့ ဗုဒ္ဓဘာသာအကြောင်းသိအောင်[illegible] လေ့လာကြ၊ စာဖတ်ကြ၊ တရားနာကြ[illegible] တတ်သိနားလည်သူထံ မေးမြန်းကြ[illegible]၏။ သိက္ခာသုံးရပ်တည်အောင် စာ[illegible] များပို့ချ၊ သင်ကြားခြင်း၊ တရားစာ[illegible] ရေးသားဟောပြောခြင်း၊ ကျင့်ကြံအား[illegible] ထုတ်ခြင်းများဖြင့် နှလုံးသားထဲ ဘုရား[illegible] တည်ထားဖို့ လိုပါ၏။ ကျင့်ကြံ[illegible] ကောင်းကျိုးချမ်းသာ၊ ပျော်ရွှင်ချမ်းမြေ့[illegible] ခြင်းများကို ကိုယ်တိုင်သိလာရပါသည်။

ဘုရားဟော တရား ဟူသည်[illegible] အမှားမရှိ၊ အကျိုးမဆုတ်ယုတ်၊ လွဲမှား[illegible] တဲ့လမ်းညွှန်ချက်မရှိ၊ လက်တွေ့ကိုယ်[illegible] တိုင် နာယူ၊ မှတ်သား၊ စဉ်းစားဆင်ခြင်[illegible] ကျင့်သုံးလိုက်နာမှ အကျိုးရှိပါ၏။

ဗုဒ္ဓ၏ မေတ္တာတရားသည်[illegible] ရိုင်းသူကိုယဉ်ပါးစေ၏။ အချို့ဗုဒ္ဓဘာ[illegible] သာမဟုတ်တဲ့ ပညာရှိများက ဉာဏ်[illegible] သမျှ 'လောကကိုဖန်တီးသူရှိ၊ မရှိ' ရှာ[illegible] ဖွေကြပေမယ့် မတွေ့။ နိယာမ[illegible] ပြုပြင်နေတာကိုသာ တွေ့ရကြောင်း[illegible] ထားကြပါ၏။

မြတ်ဗုဒ္ဓကတော့ သတင်း[illegible] ကြားရုံ၊ အစဉ်အလာရှိရုံ၊ တစ်[illegible] စကားကြားရုံ၊ ဘာသာကျမ်းများ[illegible] ကား၍ အမှန်မထင်နဲ့၊ ကြံဆ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ယူရုံ၊ ပုံသဏ္ဌာန်ကြည့်ရုံနဲ့ လဲလှယ်[illegible]ခံနဲ့၊ မှန်းဆချက်အထင်နဲ့၊ ထင်မြင်ရုံနဲ့လည်း မယုံနဲ့၊ ဆရာသမားဆိုပြီးလည်း အမှန်မယုံနဲ့။ ကိုယ်တိုင်လေ့လာ ဆန်း[illegible]စစ်ပြီးမှ ဓမ္မရသကို အတန်အသင့် ခံစား[illegible]ပြီးမှ ယုံပါဟု မှာကြားခဲ့ပါသည်။

မြေပြင်မှာ တည်ထားကိုးကွယ်[illegible]ကြတဲ့ ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်း[illegible]တန်တွေက ဗုဒ္ဓဘာသာမကွယ်ပျောက်[illegible]အောင် မတတ်နိုင်။ လူတွေ (ကလေး[illegible]တွေပါ)ရဲ့နှလုံးသားထဲ ဓမ္မအသိ၊ ဘုရား[illegible]တွေတည်ပါမှ မကွယ်ပျောက်မှာပါ။

အင်ဒိုနီးရှားမှာ "ဗောဓေါ်ဗုဓ်"[illegible]အကြီးဆုံး ဗုဒ္ဓဘုရားနှင့် ဗုဒ္ဓဘာ[illegible]သာထွန်းကားခဲ့ပေမယ့် အခုတော့ မရှိ[illegible]တော့။

သာသနာနှစ် ၂၀၀ ကျော် သီရိ[illegible]သောကမင်းကြီး သာသနာပြုစဉ်က [illegible]လူဦးရေ ငါးပုံ လေးပုံက ဗုဒ္ဓ[illegible]သာဝင်တွေပါ၊ အခုတော့ ၁၀ [illegible]နှုန်းပင် မရှိတော့။

ဗုဒ္ဓဘာသာဝင်တို့ ကိုယ့်အမျိုး[illegible]သာကို စောင့်ရှောက်ကြဖို့လိုသလို [illegible]နဲ့အကုသိုလ်တရားများကို မသိ[illegible]လည်သူများအား "သာမန်ကာ လျှံ[illegible]" မပြောဆိုကြဘဲ လေးလေးနက်[illegible]မြင်နိုင်အောင် လေ့လာသင့်ပါ၏။ [illegible]တဲ့အဖြေ မရကြလို့ ဗုဒ္ဓဘာသာ[illegible]ပျောက်ခဲ့ဖူးပြီ။

၂၅၈ ခုနှစ်က သီဟိုဠ်နိုင်ငံမှာ [illegible]သည် အဖကိုသတ်၍ နန်း[illegible]ခဲ့၏။

စိတ်မချမ်းသာသဖြင့် မထေရ်[illegible] "အဘယ်ကုသိုလ် လုပ်ရ[illegible]" ဟု မေးခဲ့ရာ "ဘယ်ကုသိုလ်မှ [illegible]တ်၍မရနိုင်" ဟု တုံးတိကြီး [illegible]

ဤသာသနာသည် ထိုက်ကိုပင် ဖြေဖျောက်ခြင်းငှာ မတတ်နိုင်ဘဲ ထောက်ပံ့ချီးမြှင့်နေလို့ အကျိုးမရှိဟု ဆိုကာ ရဟန်း၊ သံဃာများကို လူဝတ်လဲခြင်း၊ ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်း၊ စေတီပုထိုးများ၊ ပိဋကတ်တော်များ ဖျက်ဆီးခြင်းများကြောင့် ဗုဒ္ဓသာသနာ ပျက်ခဲ့ဖူးပါပြီ။

မြန်မာနိုင်ငံတွင် ပျူခေတ်-(BC-၃၀၀) ခန့်၌ ဗုဒ္ဓဘာသာထွန်းကားခဲ့။ AD ၉ ပျူနိုင်ငံမပျက်သုဉ်းမီထိ တရားစောင့်သောမင်းများဖြစ်ကြတဲ့ ဟံသာပူရ ပြည့်ရှင် သူရိယမင်းနဲ့ လက်နိုင်စောရန်နစ်မင်းတို့ လက်ထက်၌ ရွှေမိုး၊ ငွေမိုးများရွာခဲ့သလို AD ၉ ခန့် ပျူမင်း+ပြုံးမင်းလက်ထက်၌ ရွှေမိုးငွေမိုး ခုနစ်ကြိမ် ရွာခဲ့ပါ၏။ ဗုဒ္ဓဘာသာအခြေပြု အုပ်ချုပ်ရေးစနစ်ကြောင့် ဗုဒ္ဓဘာသာ နေလိုလလိုထွန်းတောက်ခဲ့သလို တိုင်းပြည်တိုးတက်သာယာခဲ့ပါသည်။

AD ၉ ကာလာဗုမင်း လက်ထက်တွင် မိစ္ဆာဒိဋ္ဌိ လွှမ်းမိုးမှုကြောင့် ပျူနိုင်ငံတို့ပျက်သုဉ်းခဲ့ဖူးပါပြီ။

ဗုဒ္ဓဘာသာကို စတင်ပေါက်ဖွားပေးခဲ့တဲ့ အရှင်သောဏ၊ အရှင်ဥတ္တရ၊ သီရိဓမ္မာသောကမင်းကြီးနှ ့ ရှင်အရဟံ တို့၏ ဂုဏ်ဆောင်မှုကလည်း ဗုဒ္ဓဘာသာကို မြန်မာနိုင်ငံအတွင်း ထွန်းလင်းစေခဲ့ပါသည်။

၁၀၄၄ ခုနှစ် ဟံသာဝတီ၌ တိဿမင်းကြီးသည် မိစ္ဆာဝါဒလွှမ်းမိုးမှုအရ ဗြဟ္မာဏဝါဒသို့ ကူးပြောင်းစေပြီး ဗုဒ္ဓဆင်းတုတော်ကို ကိုးကွယ်သူများအား သေဒဏ်ပေးခဲ့ပါ၏။

မွန်မိန်းကလေး 'တလထော်' သည် အညစ်အကြေးများထဲမှ ဆယ်ယူကိုးကွယ်ထားတဲ့ ရုပ်ပွားတော်ရှစ်ဆူ အမှုဖြင့် သေဒဏ်ပေးခံရပါ၏။ ဘုရားဂုဏ်တော်အစွမ်းကြောင့် ဆင်နဲ့နင်း၊ မီးရှို့၊ မြေမြှုပ်သတ်ပေမယ့် မသေခဲ့။ တလထော်၏ 'အဝစ္စပသာဒ'အစွမ်းဖြင့် ဆင်းတုတော်များကို နန်းတော်ထဲ ရှာန်ယာဉ်စီး၍ ကြွလာတာကို တိဿဘုရင် မြင်တွေ့ စိတ်ကြည်လင်ချမ်းမြေ့ကာ တကယ့်ဗုဒ္ဓဘာသာဖြစ်လျက် တစ်ပြည်လုံး ဗုဒ္ဓဘာသာဝင်အားလုံး ဖြစ်စေခဲ့ပါသည်။

ဗုဒ္ဓဘာသာသည် ဆည်းကပ်ယုံကြည်သူများအား အကြောင်းအကျိုး မသိဘဲ မျက်ကန်းယုံဖို့ မတောင်းဆို။ အကျိုးတရားသည် အကြောင်းတရား၌ ဖူးပွင့်နေပြီဟု ယုံကြည်၏။

ဗုဒ္ဓဘာသာသည် လျှို့ဝှက်ချက်ကို ဘုရားသခင်က ဖွင့်ဟထုတ်ဖော်ပေးတာကိုမယုံ။ မိမိတစ်ဦးတည်းမူပိုင်ဟု မကြွေးကြော်၊ အခြားဘာသာလည်း မရှုတ်ချ။ လူတွင် ကိန်းအောင်းနေတဲ့ အနန္တဖြစ်နိုင်ခြေများကို သိနားလည်၏။ ဘုရားသခင်ရဲ့ ကူညီ၊ ကြားခံဖျန်ဖြေပေးကြသော ဘုန်းကြီးများအထောက်အမ မပါဘဲ မိမိကိုယ်ပိုင် ကြိုးပမ်းမှုဖြင့် ဆင်းရဲတွင်းမှ လွတ်မြောက်နိုင်ကြောင်း သွန်သင်ညွှန်ပြပေး၏။

ဗုဒ္ဓဘာသာသည် အခြားဘာသာတို့ရဲ့ ဘုရားသခင်ကို အသိအမှတ်မပြု၊ လူသား၌ ဝိညာဉ်ရှိခြင်းကိုငြင်း၏။ မည်သည့်အခါမျှ မသေခြင်းသဘောကို မဟာအမှားဟု ယုံ၏။ ဆုတောင်းခြင်း၊ ယဇ်ပူဇော်ခြင်းသည် တစ်စုံတစ်ရာ အကျိုးသက်ရောက်မှုရှိခြင်းကို ငြင်းပယ်၏။ လူတို့ တေးအန္တရာယ်များကို စိုးရွံ့ထိတ်လန့်ကြ၍ တော၊ တောင် အာရာမ်မှအစ ဖန်ဆင်းရှင်အဆုံး ကိုးကွယ် ဆည်းကပ်ခဲ့ကြ။



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓ၏ ရတနာ မြတ်သုံးပါးကို ယုံကြည်သူများသည် ဆင်းရဲအမှန် (ဒုက္ခသစ္စာ)၊ ဆင်းရဲခြင်းရဲ့ အကြောင်းရင်းအမှန် (သမုဒယသစ္စာ)၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန် (နိရောဓသစ္စာ) နှင့် ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်းအမှန် (မဂ္ဂသစ္စာ) ဟူသော သစ္စာလေးပါးကို မဂ်ပညာဖြင့် အောင်နိုင်၏ဟု ဟောထားပါသည်။

ဤလောက၌ မည်သူမျှ မသိသော လျှို့ဝှက်ချက် ဟူသည် မရှိစကောင်း၊ သိသူများရှိမြဲဖြစ်၏။

ကိုးကွယ်မှုမှန်မှ ဒုက္ခခပ်သိမ်းကင်းငြိမ်းပြီး၊ လူနတ် ပြဟ္မာချမ်းသာနဲ့ မဂ်ဖိုနိဗ္ဗာန်ထိ မျက်မှောက်ပြုနိုင်၏။

ပုတီးနှစ်ကုံး၊ သုံးကုံးနဲ့ သက်သတ်လွတ်ဂိုဏ်း၊ ချဲထိုး၊ နှစ်လုံးဂဏန်းပေးခြင်းများက သာသနာ ကွယ်စေပါသည်။

ရဟန်း၊ သံဃာတို့ ပရိယတ်၊ ပဋိပတ်များ မလုပ်ကြဘဲ ဘုန်းတန်ခိုးကြီးအောင် လုပ်နေပါက အဇ္ဈတ္တ သာသနာ အားနည်းလာရပါ၏။

သာသနာနှစ် ၇၀၀ က အိန္ဒိယ၌ နာလန္ဒတက္ကသိုလ်ကြီးကို ပိတ်ကာ ရဟန်းသုံးသောင်းကျော်ကို မီးရှို့သတ်ခဲ့၍ အိန္ဒိယမှာ ဗုဒ္ဓသာသနာကွယ်ခဲ့ဖူးပါပြီ။

မိရိုးဖလာ ဗုဒ္ဓဘာသာသည် သာသနာ၏ အနှစ်သာရကိုမသိ၊ တန်ဖိုးမထားကြ၊ ဒီတော့ ဘာသာခြားများနဲ့ ယူကြ၊ စီးပွားရေး ဆွဲဆောင်မှုအရ ဘာသာပြောင်းကြတာတွေ တွေ့နေရပါပြီ။

မြန်မာနိုင်ငံ၌ မျိုးစောင့်ဥပဒေ မရှိသလို ဘာသာခြားနဲ့အိမ်ထောင်ရေး၊ စီးပွားရေးမရောယှက်ဖို့ ဥပဒေလည်းမရှိ ဒီတော့ . . . ။

အီရန်နိုင်ငံ၌ အီရန်သူတစ်ဦးကို ဂျာမနီနိုင်ငံသားတစ်ဦးကယူပြီး အစ္စလာမ်ဘာသာထဲ မဝင်လို့ သေဒဏ်ပေးခဲ့သလို အမျိုးသမီးကိုလည်း ကြိမ်ဒဏ် ၁၀၀ ပေးခဲ့၏။

အီရန်မှ သမိုင်းပါမောက္ခတစ်ဦးက 'သူတို့ဘာသာကို မျက်စိမှိတ်မယုံကြနဲ့' ဟု ဝေဖန်ဆန်းစစ်ခဲ့၍ သေဒဏ်ပေးခဲ့ဖူးပါ၏။

တွေးခေါ်ရှင် 'ချားလ်စ်သရက်လက်ဖ်' က -

"မကောင်းမှုရှိခြင်းသည် ထာဝရဘုရားသခင် ရှိသည်ဟု ယုံကြည်သူအတွက် အလွန်ဆိုးဝါးသော ခလုတ်ကန်သင်းဖြစ်၏၊ ဆင်းရဲမှု၊ ရာဇဝတ်မှု၊ နွမ်းပါးမှုတို့သည် ထာဝရကောင်းခြင်းကို ထောက်ခံပြောသူအား ရင်ဆိုင်လျက်ရှိသည့်ပြင် ဘုရားသခင့်သည် အားလုံးကောင်းပါသည်၊ အားလုံးမြင်တော်မူ၊ အားလုံးတန်ခိုးကြီးသည်ဟူသော သူ၏ ဟောပြောချက်ကိုလည်း မပြောင်းနိုင်သောစွမ်းအားနဲ့ စိန်ခေါ်နေသည်"ဟု ဆိုထားပါသည်။

"ကမ္ဘာပေါ်ရှိ ဘာသာကြီးများကို လေ့လာပြီး လှပပြည့်စုံတဲ့အရာ၊ ဗုဒ္ဓဘာသာ၏အမှန်တရား၊ သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါး၊ အကျင့်တရားလမ်းစဉ်ထက် ပို၍သာလွန်ကောင်းမွန်တဲ့အရာ မတွေ့၊ ထိုလမ်းစဉ်နဲ့ကိုယ့်ဘဝကိုပုံဖော်ရတာကို ကျွန်ုပ်ကျေနပ်ရောင့်ရဲ၏"ဟု ပါမောက္ခ ရို့စ်ဒေးဗစ်က ဆိုထားပါသည်။

ဟက်စကီနဲ့ လော့ဒ်ရပ်ဆယ်လ်တို့ကလည်း -

"ဗုဒ္ဓဘာသာ တစ်ခုတည်းသာ ရက်စက်စွာ နှိပ်ကွပ်ခြင်း၊ ရှုတ်ချ ဝေဖန်ခြင်းများ မပြုသလို၊ မမေးမမြန်း သာသနာပြု၏၊ ရှေးအကျဆုံးလည်း ဖြစ်လို့ ဘာသာအားလုံးထက် နှစ်သက် ကြောင်း" ဆိုထားပါသည်။

တခြားဘာသာသည် "အနန္တ တန်ခိုး"ကိုယုံ၏။

ဗုဒ္ဓဘာသာဝင်တွေကတော့ "ဘုရားရှင်ရဲ့ အသိဉာဏ်"ကိုယုံပါ၏။

သံသရာ လွတ်မြောက်လို သူများအား မှီခိုအားထားခြင်းထက် မိမိကိုယ်မိမိ မှီခိုအားထားရမှာ ဖြစ် ကြောင်း လမ်းညွှန်ခဲ့ပါသည်။

တကယ့် ဗုဒ္ဓဘာသာဝင် ဖြစ် အောင် ခံယူကျင့်ကြံပွားများကြလျ သာသနာပြုနိုင်ကြပါစေဟု။

**ယောဂီတိုးအောင်**

❑



www.burmeseclassic.com

www.burmeseclassic.com



## မကြည်မြ

# အပျော်ဖြင့်ဖောက်ထားသည်မှန်ခဲ့သော်လည်း

တော်သလင်းမြစ်တွင်း သင်ဖြူး

တော်သလင်း ပဒူသော အမည် ... ထိုအဆိုကို ကျွန်တော် အလွန် ...ခဲ့သည်။ ကျွန်တော်တို့ ဒေသ ... အထက်အညာဒေသဖြစ်ပြီး မြစ်၊ ...များနှင့် ဝေးလွန်းသောကြောင့် ... သင်ဖြူးခင်းသည် ဆိုခြင်းကို ...သော်လည်း တော်သလင်းလ ...က အလုပ်နားချိန်ဖြစ်၍ မိမိ ...ကြပြီး လွတ်လပ်စွာပျော်ရွှင် ...အတွက် တော်သလင်းလကို ...ဖြစ်သည်။

မိဘဘိုးဘွားမှစ၍ လက်ငုတ်လက်ရင်း လုပ်ကိုင်ခဲ့သည့်အလုပ်သည် ထန်းလုပ်ငန်းသာ ဖြစ်သည်။ ထိုအလုပ်ဖြင့် မိမိဒေသတွင်သာမက အခြားသော ဒေသများသို့ပါ လှည့်လည် လုပ်ကိုင်ကြသည်။

ထန်းလုပ်ငန်း ဆိုသည်မှာ ထန်းပင်ပေါများစွာရှိသော အရပ်တွင် ထန်းပင်ပိုင်ရှင်တို့နှင့် အပေးအယူလုပ်ကာ ထန်းလုပ်သည့် မိသားစုအားလုံး ထန်းပင်များအနီးတွင် နေထိုင်လျက် ထန်းရည်ခံခြင်း၊ ထန်းလျက်ချက်ခြင်းမှအစ ထန်းလက်ဖြင့်ပြုလုပ်သော ထန်းလက်ခုံ (ထလက်ခုံ) များ ပြုလုပ်သည်အထိ ထန်းထွက်ပစ္စည်းမျိုးစုံကို ပြုလုပ် ရောင်းချကြသည်။

တော်သလင်းလတွင် ထန်းရည်ခန်းပြီဖြစ်သောကြောင့် ထန်းရည်ခံခြင်းလုပ်ငန်းပြီးဆုံးကာ ရင့်မှည့်နေသော ထန်းစေ့တို့ကို ထန်းပင်မြစ်ရရန် စိုက်ပြီး ကိုယ့်ရပ် ကိုယ့်ဒေသသို့ ပြန်ကြချိန်ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

"ညီထွေးတို့ ပြန်ရောက်ကြပလားဟ"

"အောင်မာ၊ အလတ်ကောင်က အရပ်ကြီး မြင့်လာလိုက်တာ ထွားချက်ဟယ်"

ရွာတွင်းသို့ဝင်သည်နှင့် တစ်ယောက်တစ်ပေါက် နှုတ်ဆက်သံနှင့် အတူ ကျွန်တော်ခင်မင်သော ကိုဂျာကြီးကိုပါ တွေ့ရသဖြင့် အပြေးသွားကာ နှုတ်ဆက်လိုက်သည်။

"ကိုဂျာကြီး၊ ပြန်ရောက်တာကြာပလားဗျ"

"ပြန်ရောက်တာ မဟုတ်ဘူးဟေ့၊ ခရီးမထွက်ဖြစ်တာ ကြာပေါ့၊ ညနေ ခြင်းခတ်မယ် လာခဲ့လကွာ"

ကိုဂျာကြီးသည် မကြာခဏခရီးထွက်တတ်ပြီး တစ်ကြိမ်ခရီးထွက်ပါက တစ်လ ကိုးသီတင်း ကြာမြင့်တတ်သည်။ သူနှင့်အတူ ခရီးထွက်သောအဖွဲ့သည် ကျွန်တော်တို့ရွာမှ မဟုတ်ဘဲ နယ်စုံမှ လူစုံ ပါဝင်သည်ဟုဆိုသည်။

လူကြီးမိဘများက ကျွန်တော်တို့ကို ပြောပြသည်မှာ ကိုဂျာကြီးသည် ဘုရားမှ ဌာပနာများကို လိုက်တူးသည့် အလုပ်ကိုလုပ်ကြောင်းနှင့် ထိုအလုပ်ကို သိုက်တူးသည်ဟုခေါ်ကြောင်း ပြောပြဖူးသည်။

ကိုဂျာကြီးတို့ အဖွဲ့၏ ခေါင်းဆောင်မှာ အသက် ၅၀ ကျော်ခန့်သာ ရှိပြီး သန့်ပြန့်၍ ခင်မင်ဖွယ်ကောင်းသော ဥပဓိရုပ်ရှိသည်။

ကိုဂျာကြီးတို့၏ လုပ်ငန်းနှင့် ပတ်သက်၍ ကျွန်တော် သိလိုသည်များကို မေးမြန်းခဲ့ဖူးသည်။

"ကိုဂျာကြီးတို့က ဘုရားပစ္စည်းတွေကို ယူတယ်ဆိုတော့ ငရဲကြီးမှာ မကြောက်ဘူးလား"

"လူအချင်းချင်းရဲ့ ပစ္စည်းယူတာတောင် ငရဲကြီးမှတော့ ဘုရားပစ္စည်းတွေကိုယူတော့ ပိုငရဲကြီးတာပေါ့ကွာ၊ ငါတို့က သဲဖြူကို လက်တစ်ဆုပ်ကိုင်ပြီး လက်မှာပါတဲ့ သဲပွင့်အရေအတွက်အတိုင်း ငရဲမှာ ခံပါ့မယ်လို့ သစ္စာဆိုပြီး တောင်းရတာကွ"

ကိုဂျာကြီးသည် စကားဆုံးသော် သက်ပြင်းရှည်ကြီးကိုချရင်း ခေါင်းယမ်းလိုက်သည်။ သူလည်း မကောင်းမှန်း သိပုံရပါသည်။ မည်သို့ဆိုစေ ကျွန်တော်သည် ကိုဂျာကြီးထံမှ သိရသော ထူးဆန်းသည့် အတွေ့အကြုံများကို မေးမြပင်။ ထိုအကြောင်းအရာများသည် မည်သူ့ထံကမျှ မသိနိုင်သော အရာများသာ ဖြစ်သည်။

"သိုက်စာကျတိုင်းလည်း တူးလို့ရချင်မှရတာ၊ တချို့နေရာတွေမှာ ဘုရားဌာပနာ မဟုတ်ဘဲ လူတွေက မသေခင် စုဆောင်း သိုဝှက်ထားတဲ့ ရွှေငွေတွေ ဖြစ်နေတာ ကြုံဖူးတယ်၊ ဟိုတစ်ခေါက်ကလည်း သိုက်စာကျတယ်ဆိုလို့ သွားတူးတာကွာ၊ ဂျပန်ခေတ်က စက္ကူပိုက်ဆံတွေ ဖြစ်နေတယ်၊ သိမ်းတဲ့လူကတော့ တန်ဖိုးထားပြီးသိမ်းခဲ့တာ နေမှာပေါ့"

လက်ရှိတည်ထားသော ဘုရားများကို တူးခြင်းမဟုတ်ဘဲ ရှေးခေတ်ကပင် ပြိုပျက်ခဲ့ပြီးသော ဘုရားပြို ဘုရားပျက်များကို တူးခြင်းဖြစ်ပြီး အချို့ဘုရားများမှာ ဘုရားတည်ရှိခဲ့ကြောင်း ခြေရာလက်ရာပင် မမြင်ရတော့ဘဲ သိုက်စာကျ၍ ကန်တော့ပွဲထိုးမှ ပေါ်လာသည်လည်းရှိကြောင်း သိရသည်။

"ဘုရားဖြူဆိုတဲ့ ဘုရားပျက်တစ်ဆူကို သိုက်စာကျလို့သွားတူးတော့ ရုတ်တရက် လေကြီး မိုးကြီးတွေကျ၊ ဘယ်ကမှန်းမသိ ရောက်လာတဲ့ မြွေတွေနဲ့တွေ့ပြီး တော်တော်ဒုက္ခရောက်ခဲ့တယ်ကွ၊ မြွေတွေကတော့ ဆရာကြီးတားထားတဲ့ စည်းဝိုင်းထဲကို မဝင်နိုင်ပါဘူး။

နောက်ဆုံးတော့ ရေတွေကြီးလာလို့ ငါတို့မှာ ရေနစ်မသေအောင် အသက်လုပြီး ကူးလိုက်ရတာကွာ၊ အနားက ဖြတ်သွားတဲ့လူတွေက ငါတို့ကို လက်တို့ပြီး ဘာလုပ်နေကြတာလဲလို့မေးမှ ရေပြင်မဟုတ်ဘဲ ရွာပြင်သချိုင်းနားက ကုန်းပြင်ကြီးဖြစ်နေတယ်ကွာ၊ တစ်ကိုယ်လုံးလည်း ပွဲရွဲ့ပွန်းပဲ့ပြီး ရစရာကို မရှိဘူး"

ကိုဂျာကြီးသည် ဆေးလိပ်ကွမ်း၊ အရက်များကို ရှောင်ကြဉ်သူဖြစ်ပြီး သူတို့လုပ်ငန်း အောင်မြင်ပါက ရရှိလာသော ဝေစုများထဲမှ တချို့တစ်ဝက်ကို ရွာဦးဘုန်းကြီးကျောင်းတွင် လှူဒါန်းပါသေးသည်။

တစ်ခါတစ်ရံတွင်မူ အနှောင့်အယှက်များကို အသင့် ယူလာသည့် ပစ္စည်းများဖြင့် နှိမ်နင်းရသည်လည်း ရှိသည်ဟု ဆိုပါသည်။

"အနှောင့်အယှက်တွေကြုံလာရင် သုံးတဲ့အဆောင်ရှိတယ်ကွ၊ တကယ် ပညာမြင့်တဲ့ အနှောင့်အယှက်နဲ့ တွေ့ရင်တော့ ငါတို့ ခံရတာတွေလည်း ရှိတာပေါ့"

ကိုဂျာကြီး၏ အတွေ့အကြုံ များမှာ မျက်ဝန်းတွင်ပုံဖော်ရင်း နားထောင်ရသည်မှာ မည်သည့်စည်းစိမ်နှင့်မျှ မလဲနိုင်သော အရသာပင် ဖြစ်သည်။

တစ်ခါတစ်ရံတွင်မူ သိုက်စာ သော့ကြောင့် တူးပြီးပစ္စည်းများ မြင်နေတာမှ အချိန်မကျသဖြင့် ချင်းမယူရသေးဘဲ အချိန်ကျသည်အထိ စောင့်ပြီးမှ ယူခဲ့သည်လည်း ရှိသည်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဟောင်းတစ်ဆူတွင် တူး ...ခဲ့ကြ တူးနေသည့် အချိန်၌ပင် ...ကြီးအတွင်းမှ တဝေါဝေါ အသံ ...ဟည်းလျက် သိုက်နေရာရွှေ့သွား ...ည်ကို ကြုံခဲ့ရသည်လည်း ရှိကြောင်း ...ရပါသေးသည်။

ကျွန်တော်ကလည်း သိလိုသမျှ ...ရင်း ကိုဂျာကြီးကလည်း ပြောပြရင်း ... သုပ်ငန်းတစ်ခု၏ ခက်ခဲနက်နဲပုံနှင့် ...နှစ်စွာ အသက်မွေးရပုံကို မှတ်သား ...ထောင်ခဲ့ရသည်။

ယခုလည်း အိမ်ဆို့ပြန်ရောက် ...ည်နှင့် အိမ်ရှင်းခြင်း ပြုလုပ်ပြီး ...ည်းများချပြီးသည်နှင့် ရေမိုးချိုးကာ ...ဂျာကြီးနှင့်တွေ့ရန် သွားမည်ဖြစ် ...သည်။

အိမ်ရှင်းသည် ဆိုသော်လည်း ...ကျွန်တော်တို့အိမ်သည် တဲသာသာမျှ ... ရွာပြင်ရှိ ယာကွက်အစပ်တွင် ...ကိုး ထန်းလက်ကာပြီး ဝါးကပ် ...ကျ တံခါးဟူ၍ သီးသန့်မရှိဘဲ ...ပိတ်ထားသည့်အတွက် မြို့ကြီး ...ပြန်ပါက ရယ်ဖွယ်ဖြစ်ပေတော့ ...။

"ညီထွေးရေ မန်းစား( ထမင်း ...ပြီးလားကွ"

နှစ်ယောက်သား ရွာပြင်မှ ပတ် ...လာရင်း စကားပြောလာသည့် ... ကိုဂျာကြီးလက်တွင်းမှ ပစ္စည်း ... တွေ့လိုက်သည်။

"အာကြီးတုံးဗျ"

"ငါတို့ ဆရာကြီးက မိသားစု ...သွားရမှာမို့ ငါ့ကိုသူ့အဆောင် ...သွားတာကွ"

ပြောပြောဆိုဆိုနှင့် ပတ်ထား ...များကို တစ်ထပ်ချင်းခွာချ ...အခါ ငွေမင်ရောင်ဆေးသုတ် ထားသော တစ်ထွာခန့်ရှိ ဓားမငယ် တစ်ချောင်းဖြစ်နေသည်။ လက်ကိုင်ကို လည်း ငွေမင်ရောင်သုတ်ထားပြီး စာ များ၊ ဂဏန်းများ ရေးထားသည်ကို တွေ့ရသည်။ ပြသာပြသည်၊ ကိုင်ခွင့် တော့ မပေး။

"ငါတို့ အလုပ်လုပ်နေချိန်မှာ အနှောင့်အယှက်နဲ့အနီးကပ်ကြုံလာရင် ဒီဓားနဲ့ခုတ်ရတယ်ကွ၊ စတိပေါ့ကွာ၊ အဲဒီ လိုလုပ်ရင် တော်ရုံအနှောင့်အယှက် ကတော့ ထွက်သွားတာပါပဲ၊ သူခရီး သွားတာ ယူသွား မရလို့ ငါ့ကိုအပ် ထားခဲ့တာပေါ့"

◆

ကျွန်တော့်မိသားစုအကြောင်း ဆက်ပါဦးမည်။ တစ်နယ်တစ်ကျေးတွင် ရှာဖွေစုဆောင်းခဲ့သော ငွေကြေးတို့ကို အိမ်အသစ်ပြင်ဆင်ရပါပြီ။ ရေရှားပါး ရာ အရပ်ဖြစ်သောကြောင့် အိမ်ဝိုင်း တွင်း၌ ရေတွင်းတူးရန်လည်း စီစဉ်ရပါ သေးသည်။ တစ်နေ့တွင် -

"ထွန်းဝတစ်ယောက် အကောင်း မတ်တတ်က လဲကျပြီးဆုံးသွားပြီတဲ့"

အဖေ့ အပြောကြောင့် ကျွန် တော် အံ့သြသွားသည်။ မနက်ကပင် ကျွန်တော်နှင့် ကိုထွန်းဝတို့ အလှူအိမ် တွင် ကူလုပ်ရင်း တွေ့ကြသဖြင့် စကား ပြောဖြစ်ပါသေးသည်။

ကိုထွန်းဝသည် ရွာတွင်းမှ သီးနှံ ပင်များကို ပိုင်ရှင်များထံမှ အကြွေး ဖြင့်ဝယ်ယူပြီး ဆိုင်းထမ်းဖြင့် ရွာစဉ် တစ်လျှောက် လိုက်ရောင်းသူဖြစ်သည်။ နှမ်းပါးလွန်းသဖြင့် အလုပ်နှင့်လက် ပြတ်သည်မရှိအောင် ကြိုးစားရှာဖွေ သူပင်။

နေ့မြင် ညပျောက် ဟူသော စကားသည် မှန်လှချည်ရဲ့။

> ကျွန်တော် လန့်သွားရသည့် အကြောင်းရင်းကို ပြောပြပါက မည်သူမျှ ယုံမည်မဟုတ်ပါ။ အကြောင်းမှာ ကျွန်တော်ကြည့်လိုက်ခဲ့ ကိုထွန်းဝသည် မျက်လုံးပွင့်လာသောကြောင့်ပင်။

အညာဒေသမှာ အလှူအတန်း နှင့်ပတ်သက်ပြီး ရှင်လောင်းလှည့်သည့် နေ့ကို အလှူဝင်ရက်၊ နေ ...်တစ်နေ့ အလှူရေစက်ချသည့်နေ့ကို အလှူ ထွက်ရက်ဟုသတ်မှတ်ကြသည်။ အလှူ ထွက်ရက်တွင် ကျွေးမွေးရန် ဟင်းမည် များကို ကြိုတင်စီစဉ် ချက်ပြုတ်လုပ် ကိုင်ပေးကြခြင်းသည် ရွာဓလေ့ဖြစ် သည်။ ယနေ့တွင်လည်း အလှူအိမ် တွင် လုပ်ကူကြရင်း ကိုထွန်းဝနှင့် စကား စမြည်ပြောဖြစ်ခဲ့ခြင်းသည် ယခုတော့ အမှတ်တရ ဖြစ်နေပေတော့မည်။

ဆင်းရဲနွမ်းပါးလွန်းပြီး ရိုးသား သူဖြစ်သောကြောင့် သနားပိုကာ ကျွန် ရစ်သူ မိသားစုများအား ကျေးရွာဓလေ့ အတိုင်း ကူငွေပေးကြရာတွင် အလှူမှ ကူးလာကြသော မိတ်ဆွေများလည်း ရှိသဖြင့် အတော်ပင် စည်ကားသော နာရေးအိမ် ဖြစ်နေပါတော့သည်။

ကျွန်တော်လည်း ကိုထွန်းဝ၏ အိမ်ရှေ့၌ လေးတိုင်စင်ပေါ်တွင် တင် ထားသော ကိုထွန်းဝ၏ ရုပ်ကလာပ်ကို ကြည့်ကာ မျက်ရည် မကျမိအောင် အတော်ပင်ထိန်းထားရသည်။

ထုံးဆန်းသည်မှာ တောရပ်ထုံးစံ အတိုင်း မပုပ်မသိုးအောင် ပါးစပ်တွင်းသို့





www.burmeseclassic.com

www.burmeseclassic.com

**ကိုဂျာကြီးသည် ကိုထွန်းဝ၏ ရုပ်ကလာပ်ကို ခါးကိုင်းကာ ကြည့်ရင်း နှုတ်မှလည်း 'မဟုတ်သေးပါဘူး'ဟု ရေရွတ်လိုက်သည့်အတွက်**

ပြဒါးထည့်ရန် ပါးစပ်ကို ဆွဲခွာသော်လည်း ခွာ၍မရကြောင်း သိရသည်။

"ဟော့ကောင် ထွန်းဝ၊ မင့်ကွာ ဆင်းရဲလွန်းလို့ ငါနဲ့လိုက်ပြီး မြို့ပေါ်မှာ ဈေးရောင်းချင်တယ်ဆိုကွ"

ကျွန်တော်သည် စိတ်မကောင်းစွာဖြင့် နားထောင်နေရင်း အိမ်မပြန်မီ ကိုထွန်းဝကို တစ်ချက်ကြည့်လိုက်မိသည်။

"အောင်မယ်လေး"

ကျွန်တော်သည် အသံမထွက်မိအောင် ပါးစပ်ကိုအမြန်ပိတ်ရင်း အိမ်ဝိုင်းတွင်းမှ ပြေးထွက်ခဲ့သည်။ ရွာပြင်ရှိ အိမ်သို့ရောက်သည်အထိ တစ်ချက်မျှ မနားဘဲ အပြေးပြန်ခဲ့သည်။

ကျွန်တော် လန့်သွားရသည့် အကြောင်းရင်းကို ပြောပြပါက မည်သူမျှ ယုံမည်မဟုတ်ပါ။ အကြောင်းမှာ ကျွန်တော်ကြည့်လိုက်စဉ် ကိုထွန်းဝသည် မျက်လုံးပွင့်လာသောကြောင့်ပင်။ ကျွန်တော်၏ အမြင်မမှားကြောင်း ကျွန်တော်သာ သိပါသည်။

ကိုထွန်းဝတစ်ယောက် အမှန်တကယ် သေဆုံးခြင်း ဟုတ်၊ မဟုတ်ဆိုသည်ထက် ကျွန်တော်၏ ကြောက်ရွံ့မှုကို မည်သို့ ဖြေဖျောက်ရမည် မသိသေးပါ။ သေချာပါသည်။ ကျွန်တော့်အမြင် မမှားပါ။

"ညီထွေးရေ ညီထွေးရှိလား"

"ညီထွေး ပြန်မရောက်သေးဘူးကွ"

ကိုဂျာကြီး၏ မေးသံနှင့် ကျွန်တော် ပြန်ရောက်နေသည်ကို မသိသော အဖေ၏အဖြေကို ကြားသော်လည်း ကျွန်တော် ဘာမျှ ပြန်မပြောဖြစ်ပါ။

ကျွန်တော်သည် ဘုရားစင်ရှေ့တွင် စောင်ကိုခေါင်းမြီးခြုံကာ မျက်လုံးကို ဖွတ်မှိတ်ပြီး အိပ်ပျော်စေရန်ကြိုးစားရပါသည်။ ကျွန်တော် မြင်သည့်အရာကို သူတစ်ပါးအား ပြောပြပါက ကျွန်တော် သာလျှင် အရူးဟု သတ်မှတ်ခံရမည် ဖြစ်သည်။ အနီးသို့ အဖေ ရောက်လာသဖြင့် အားရှိသွားသည်။ အဖေ ပြောသည်ကို ဘာမျှပြန်မပြောမိတော့ပါ။

"ဟကောင်ရ မင်းမလည်း အစောကြီးအိပ်ရာဝင်နေပြီလား၊ ခုနလေးတင် ဂျာကြီးလာမေးသေးတယ်"

အလှူထွက်နေ့ ဖြစ်သည့် နောက်တစ်နေ့တွင် ကျေးမွေးဧည့်ခံရေး၌ကူညီရင်း တစ်နယ်တစ်ကျေးတွင် သွားရောက် လုပ်ကိုင်နေကြသူတို့ အကြောင်းကြားရသည်မှာလည်း အားရပါးရ ရှိလှသည်။ အလှူကိုလာကြသည့် တစ်ရပ်တစ်ကျေးမှ ဧည့်သည်တို့သည် အလှူ့အိမ်မှ အပြန်တွင် ကိုထွန်းဝ နာရေးသို့ ဝင်ကြသဖြင့်လည်း နာရေးတွင် လူစည်ကားလှသည်။

တဖြည်းဖြည်းနှင့် ညအမှောင်သို့ ဝင်လာခဲ့ပေပြီ။ အလှူ့ရှင်ဖြစ်သော ဘကြီးတောက်သည် နာရေးအိမ်တွင် ဧည့်ခံရန် လက်ဖက်၊ ပဲလှော်နှင့် ဖက်ကြမ်းလိပ်၊ ရေနွေးကြမ်းတို့ မပြတ်စေရေးအတွက် ကိုယ်တိုင် မကြာခဏ လာကြည့်ပြီး ကူညီပါသေးသည်။

ကျွန်တော်လည်း ကိုဂျာကြီးအားကိုးဖြင့် နာရေးအိမ်သို့ လိုက်လာခဲ့သည်။

လပြည့်နေ့ရောက်ရန် နှစ်ရက်သာလိုတော့သဖြင့် ကောင်းကင်၌ သာနေသော လမင်း၏ အလင်းရောင်ကြောင့် စိတ်လက်ကြည်သာနေရသည်။

ကိုထွန်းဝ၏ နာရေးသည် ကံကောင်း ခထောက်မစွာဖြင့် အလှူနှင့် တိုက်ဆိုင်နေသည်ကလည်း နာရေး ပိုမိုစည်ကားစေသည်။

ကျွန်တော်နှင့် ကိုဂျာကြီးသည် ကိုထွန်းဝ၏ ရုပ်ကလာပ်ထားရှိ လေးတိုင်စင်အနီးသို့ ရောက်နေပြီ။ ကိုဂျာကြီးသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ကိုထွန်းဝကို ငေးကြည့်နေသည်။ ကျွန်တော်ကား မကြည့်ရဲတော့ပါ။ ခြံဝင်းတွင်း၌ ရောက်နေကြသော ဧည့်သည်များနှင့် ကာလသားအုပ်စု မြေချမည့်နေ့အတွက် ပြင်ဆင်နေသည်ကို ငေးကြည့်မိသည်။

ထိုစဉ် ကိုဂျာကြီးသည် ကိုထွန်းဝ၏ ရုပ်ကလာပ်ကို ခါးကိုင်းကာ ကြည့်ရင်း နှုတ်မှလည်း 'မဟုတ်သေးပါဘူး' ရေရွတ်လိုက်သည့်အတွက် ကျွန်တော် အတွက် သူရဲကောင်းဟုသတ်မှတ်ထား သော ကိုဂျာကြီး၏ လက်ကို ဆုပ်ကိုင် လိုက်ပြီး -

"မနေ့က ကျွန်တော်ကြည့်တော့ မျက်လုံးပွင့်လာတာ တွေ့တယ်ဗျ"

"အေး၊ ငါလည်း အခုမြင်တာ လို့ကွ"

ကိုဂျာကြီးသည် ပြောပြီးသည် နှင့် ခြံတွင်းမှ ပြေးထွက်သွားပါ သည်။

ကျွန်တော်သည် သူ့နောက် မလိုက်ရဲသဖြင့် လူအုပ်ကြား၌ ... ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခဏအကြာတွင် ကိုဂျာကြီး
[illegible]ယောက် လက်တွင်တစ်စုံတစ်ခု
[illegible]ကိုင်လျက် ကိုထွန်းဝ၏ခြေရင်းတွင်
[illegible]လိုက်သည်။ ထိုအရာမှာ ကျွန်တော့်
[illegible]သော ငွေမင်ဆေးသုတ်ထားသည့်
[illegible]ဆောင်ဟုပြောသော ဓားမငယ်ပင်
[illegible]သည်။

ထို့နောက် ကိုထွန်းဝ၏ ညာ
[illegible] ခြေဖနောင့်အား ထိုဓားမဖြင့်
[illegible]ညှိလိုက်ရာ-

"အောင်မယ်လေးဗျ"

"လုပ်ကြပါဦးတော့"

"လူသေကောင်ကြီး လမ်း
[illegible]ပြီတော့"

[illegible]တွင်းရှိလူတို့ အပြေးအလွှား
[illegible]ပြေးကြသဖြင့် တက်နင်းခံရသူ၊
[illegible]လျက်လဲသူတို့ကို လရောင်
[illegible]၌ အထင်းသားမြင်နေရသည်။

အကြောင်းမှာ ကိုဂျာကြီး၏
[illegible]ဖြင့် ခြေဖနောင့်ကိုခုတ်လိုက်
[illegible] လေးတိုင်စင်ပေါ်တွင်ရှိသည့်
[illegible]၏ ရုပ်အလောင်းမှာ ဝုန်းခနဲ
[illegible] လေးတိုင်စင်ပေါ်မှ ခုန်ဆင်း
[illegible]သောကြောင့်ဖြစ်သည်။

ကိုထွန်းဝသည် ခုန်ဆင်းလိုက်
[illegible] မြေပေါ်တွင် တုံးလုံးလဲကာ
[illegible]နိုင်ပေ။

အားလုံး သတိဝင်လာသည့်
[illegible] ကိုထွန်းဝကို ဖေးထူလျက်
[illegible]သို့ တွဲတင်ကြလေသည်။
[illegible] ထမင်းမစားရသေးသော
[illegible]တို့ ထမင်းကျွေးရန် ပြင်ဆင်
[illegible]သည်။

"[illegible]တယ်ဗျ"

"သွားကြစမ်း ကလေးတွေ၊
[illegible] မပါဘူး၊ သယ်- ငါလုပ်
[illegible]

ကလေးတစ်သိုက်သည် ကိုထွန်း ဝနားသို့ မည်သည့်အချိန်က ရောက်နေကြသည်မသိဘဲ ကိုထွန်းဝကို ဆွဲဆိတ်နေကြသည့်အတွက် လူကြီးတစ်ဦးက အော်ငေါက်လွှတ်လိုက်ရသည်။ ဘေးမှ ကြည့်သောသူတို့ ရယ်မိမည်သာ ဖြစ်သည်။

"လေးတိုင်စင်ပေါ် ကျွန်တော် ကြည့်လိုက်တော့ ကိုထွန်းဝရဲ့ မျက်လုံးက နှစ်ကြိမ်တောင် ဖွင့်လာတယ်ဗျ၊ ကျွန်တော်က ဒါမျိုးတွေ ကြုံပေါင်းများတော့ အပမှီတယ်ဆိုတာ ချက်ချင်း ရိပ်မိပြီး ဆရာကြီးအပ်ထားတဲ့ ဓားနဲ့ သူဖြစ်တဲ့နေရာလို့ ယူဆတဲ့ ဖနောင့်ကို ခုတ်လိုက်တာပါ"

"ကျုပ်လည်း မပြောရဲလို့သာဗျ၊ သူ့နား သွားရပ်တော့ ကျုပ်လက်ကို လာကုတ်တယ်၊ ငုံ့ကြည့်တော့လည်း သူ့လက် လှုပ်သွားတာ တွေ့တော့ သူများတွေကိုပြောရင် ယုံမယ်မထင်လို့ ဘယ်သူ့မှ ပြောမပြခဲ့တာ"

ထွက်ပြေးသူတို့ကလည်း သူတို့ ထွက်ပြေးစဉ်က အကြောင်းကို ဟန်အမူအရာ ပြန်လုပ်ပြရင်း ရယ်မောနေကြသည်။ ကိုထွန်းဝကိုလည်း နှုတ်ဆက်ကြသည်။

"ဟကောင်ကြီး၊ ငါ့မလည်း မင်းကြောင့် အနင်းခံရတော့မလို့ဟော့၊ မင်းကတော့ ကံကောင်းချက်"

"ပရိတ်ရေသောက်ပြီး ဘုရားသောက်တော်ရေလေးနဲ့ မျက်နှာသစ်လိုက်ဦးကွ"

အပြန်လမ်းတွင် ကိုဂျာကြီးက ဆိုသည်မှာ -

"ဖြစ်ပုံက ဒီလိုကွ၊ ထွန်းဝ အလျူအိမ်ကအပြန် လမ်းမှာ ကင်ပွန်းချုံနားက ဖြတ်သွားရင်း ခြေနဲ့ကန်လိုက်တယ်နဲ့ တူတယ်၊ သူကတော့ အမှတ်မဲ့ တန်လိုက်ပေမယ့် မမြင်ရတဲ့ လောကသားတွေက ခြေထောက်ကိုဆွဲပြီး အသေသတ်ကြတာ၊ မျက်လုံးပွင့်တာကတော့ သူ သတိရတဲ့အချိန်လေးမှာ ဖွင့်ကြည့်တာပါ၊ လူတွေက ကြောက်တာပဲသိတော့ မကယ်ခဲ့ကြဘူး၊ အင်း- ကံကောင်းလို့ ကံကောင်းလို့"

ကျွန်တော်သည် ထိုအဖြစ်ကို ယနေ့တိုင် မမေ့နိုင်ဘဲ နောင်လာနောက်သားများကို ပြောပြနေမိသည်။

အဆုံးတွင် အသက်မသေဘဲ မိသားစု ပြန်တွေ့ကြသဖြင့် ပျော်ရွှင်သွားကြသော်လည်း လေးတိုင်စင်ပေါ်တွင် ရောက်နေသည့်ကာလ၌ မည်မျှ အပူလုံးကြွခဲ့ကြမည်ကို ကိုယ်ချင်းစာလျက် တွေးမိပါသည်။

၃၁ ဘုံရှိ ဝေနေယျ သတ္တဝါတိုင်းသည် လူပင်မဟုတ်ဘဲ အခြားသော ပုဂ္ဂိုလ်များသည်လည်း ဒေါသ၊ မာနတို့ဖြင့် ရှင်သန်နေကြကြောင်းကို ကိုထွန်းဝ၏ ဖြစ်ရပ်အား ကြည့်၍ သိနိုင်ပြီး မိမိတို့၏ မတော်တဆ လုပ်ရပ်များအတွက် အကြောင်းရင်းကိုပင် မသိဘဲ အသက်ဆုံးပါးသွားနိုင်ကြောင်းကို ယနေ့ထက်တိုင် ပြောဆိုမဆုံး ရှိနေပါတော့သည်။

**မကြည်ပြာ(သချာ)**

❑





www.burmeseclassic.com

www.burmeseclassic.com



# ရှင်သန်ရေး ထွက်ပေါက်

အမှန်တော့ ကိုမင်းမောင်ဆိုတဲ့ လူဆီကို မရည်ရွယ်ဘဲနဲ့ ရောက်သွားတာပါ။

သွားတုန်းက အသုဘပို့သက်သက်။ ဆရာကြီးဦးဘဂျမ်း အသုဘကို သူငယ်ချင်း တင်မောင်ဦးကားနဲ့ လိုက်သွားခဲ့တာ။ ထိန်ပင်မှာ အသုဘကိစ္စပြီးတော့ တင်မောင်ဦးက လှိုင်သာယာဘက် ရောက်တုန်းရောက်ခိုက် သူ့နှမဝမ်းကွဲနဲ့ ယောက်ဖတော်ကို မတွေ့တာကြာလို့ ခဏသွားတွေ့ချင်တယ်ဆိုတာနဲ့ သူ့နောက် လိုက်သွားရင်း ဆုံခဲ့ကြတာ။

သူတို့အိမ်က ထိန်ပင်သုသာန်ကနေ တော်တော်ဝေးလေး သွားရသေးတယ်။ ၁၅ မိနစ်လောက်ကို ထပ်မောင်းရသေးတယ်။ ဒီတော့မှ ရောက်တယ်။ ရောက်တော့ အိမ်လေးက မဆိုးပါဘူး။ အုတ်ညှပ်အိမ် အသစ်လေး။ ခြံကတော့ ကျယ်တယ်။

ဒါပေမဲ့ တစ်ခြံလုံးကတော့ ပစ္စည်းပစ္စယတွေနဲ့ ရှုပ်ယှက်ခတ်နေတာပဲ။ တောင်းတွေရော၊ ပလုံးတွေရော၊ သံစည်ပိုင်းပြတ်တွေရော၊ ဂုန်နီအိတ်အထုပ်တွေရော၊ မီးသွေးမီးဖိုကြီးတွေရော၊ ဆီပွက်ပွက်ထနေတဲ့ ဒယ်အိုးကြီးတွေရော၊ ဖြူဖြူ ဖြူဖြူအဖတ်တွေကို ဗန်းထဲထည့် နေလှန်း၊ အခြောက်ခံထားတဲ့ စင်တွေရော၊ အလုပ်လုပ်ကိုင်နေကြတဲ့ လူတွေရော။

ကားရပ်ပြီး ကျွန်တော်တို့ နှစ်ယောက် ခြံထဲဝင်လာတာကို လှမ်းမြင်လို့ အိမ်ထဲက ပြေးထွက်လာပြီး ကြိုဆိုတာက တင်မောင်ဦးနှမ။ ပြီးတော့ သူက သူ့ယောကျ်ားကို လှမ်းခေါ်တယ်။

ဒယ်အိုးတွေကြားက တင်မောင်ဦးရဲ့ ယောက်ဖက သံယောက်မကို လက်ကချပြီး လက်သုတ်ပိုင်းနဲ့ [illegible] သုတ်ရင်း ကမန်းကတန်း ထွ[illegible] တယ်။ မျက်နှာမှာ ချွေးတွေ[illegible] အိုးမဲတွေနဲ့၊ ဝတ်ထားတဲ့ ပုဆိုးနဲ့ [illegible] ကျယ်ချိုင်းပြတ်မှာလည်း ဆီတွေ [illegible]

တင်မောင်ဦးက မိတ်ဆ[illegible] တယ်။

သူ့နှမ နာမည်က သင်း[illegible] ယောက်ဖနာမည်က ကိုမင်းမော[illegible] အာလူးကြော် လုပ်ငန်းလုပ်တယ်[illegible]

ကျွန်တော့်ကိုကျတော့ [illegible] အလုပ်လက်မဲ့ ဝဏ္ဏလွင်တဲ့။ [illegible] အလုပ်လက်မဲ့ဆိုတဲ့ ဂုဏ်ပုဒ်တို့ [illegible] တက ဖြည့်ထည့်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်လက်မဲ့ ဆိုတဲ့ အသုံးအနှုန်းကြောင့် ကိုမင်းမောင်က ကျွန်တော့်ကို အားနာသလို တစ်ချက်လှမ်းကြည့်တယ်။ ကျွန်တော်က ကိစ္စမရှိပါဘူး၊ ရပါတယ်ဆိုတဲ့သဘောနဲ့ ရယ်ပြလိုက်တယ်။

အမှန်တော့ ကျွန်တော်ကလည်း ဂျပန်က ပြန်လာပြီးကတည်းက ဘာအလုပ်မှမရှိလို့ တင်မောင်ဦးရှေ့မှာ မကြာခဏ တညည်းညည်း တညူညူ လုပ်နေခဲ့မိတာကိုး။

စိတ်ညစ်ညစ်နဲ့ အရက်သောက်ပြီး သူ့ပဲ ဂျီကျနေခဲ့မိတာကိုး။ သူပြောလည်း ပြောစရာပေါ့။

ကျွန်တော်တို့လေးယောက်သား သူတို့အိမ်ဧည့်ခန်းမှာ ကော်ဖီသောက်ရင်း၊ အာလူးကြော်ဝါးရင်း စကားထိုင်ပြောဖြစ်ကြတယ်။

စကားပြောရင်းနဲ့ သိလာတာက ကိုမင်းမောင်ရော၊ သင်းသင်းရော နှစ်ယောက်စလုံးက ဘွဲ့ရတွေပဲ။ ကိုမင်းမောင်ဆိုရင် မဟာသိပ္ပံ ကျမ်းပြုတဲ့။ အိမ်ထောင်ကျပြီးကတည်းက ဒီအာလူးကြော်လုပ်ငန်းကို လုပ်လာတာ အခုဆို သုံးနှစ်လောက် ရှိပြီတဲ့။ အဆင်ပြေတယ်တဲ့။




အဆင်ပြေတယ်

ဆိုတဲ့စကားကြားတော့ ကျွန်တော် နည်းနည်းအံ့ဩသွားတယ်။ ကျွန်တော် ဂျပန်က ပြန်ရောက်ကတည်းက လူတော်တော်များများနဲ့ တွေ့ခဲ့ပါတယ်။ တွေ့ခဲ့သမျှတော့ 'အလုပ်အကိုင်လား၊ မကောင်းပါဘူးဗျာ' ဆိုတဲ့ လူနဲ့၊ 'အလုပ်မဖြစ်တာ ကြာပြီကော' ဆိုတဲ့ လူနဲ့၊ 'ခုချိန်က ဘာမှကို လုပ်ကိုင်စားသောက်



www.burmeseclassic.com

www.burmeseclassic.com

လို့ မရတာဗျ' ဆိုတဲ့ လူတွေနဲ့ချည်း ကြုံခဲ့ရတယ်။ အဆင်ပြေတယ်ဆိုတဲ့ စကား ဘယ်သူ့ဆီကမှ မကြားခဲ့ရဘူး။ ကိုယ့်အသိုင်းအဝိုင်းက မကျယ်ဝန်းတာလည်း ပါမှာပေါ့။ အခု ကိုမင်းမောင်နဲ့ တွေ့တော့မှပဲ. . . ။

ဒါပေမဲ့ဗျာ. . အဆင်ပြေတယ်ဆိုတဲ့ လူရဲ့မျက်နှာမှာ ချွေးတွေနဲ့၊ အိုးမဲတွေနဲ့၊ အဝတ်အစားမှာလည်း ဆီချေးတွေနဲ့။

"ကျွန်တော်လည်း အိမ်ထောင်မကျခင်ကတော့ နိုင်ငံခြားထွက်ဖို့ ကြိုးစားခဲ့သေးတယ်ဗျ" တဲ့။

ကိုမင်းမောင်က ထုတ်ပြောတယ်။

အင်းလေ. . ဟုတ်မှာပေါ့။

လူငယ် လူရွယ်တိုင်းကတော့ အပြင်ထွက် အလုပ်လုပ်ချင်တဲ့ လူတွေချည်းပါပဲ။ မထွက်ချင်တဲ့သူရယ်လို့ မရှိပါဘူး။

"တစ်ခေါက်၊ နှစ်ခေါက် ကြိုးစားတာ အဆင်မပြေတာနဲ့ဘဲ လက်လျှော့ပြီး ဒီအလုပ်ကို ဇောက်ချလုပ်လိုက်တာ"

သူကတော့ သူ့ဆုံးဖြတ်ချက် မှန်လေဟန်နဲ့ ပြောလိုက်တာပါပဲ။

ပြီးတော့ ကိုမင်းမောင်က ဒီ အာလူးကြော်အလုပ်ကို သူ ဘယ်လို အပင်ပန်းခံပြီး စတင်လုပ်ကိုင်ခဲ့ရပုံတွေကို ပြောပြတယ်။ ဘယ်လိုကြော်တယ်။ ဘယ်လိုလှော်တယ်ကအစ ဘယ်လို ရောင်းတယ်၊ ဘယ်လိုဖြန့်တယ် အဆုံးပေါ့။ လင်မယားနှစ်ယောက် တစ်နိုင်တစ်ပိုင် လုပ်ခဲ့ရာက အခုလို အလုပ်သမားကိုးယောက်၊ ဆယ်ယောက်ငှားပြီး လုပ်လာရတဲ့အထိပေါ့။

သူကတော့ စိတ်အား ထက်ထက်သန်သန်နဲ့ ပြောပြနေတာပဲ။

"ကုန်ပစ္စည်းထုတ်လုပ်ရောင်းချတော့မယ်ဆိုရင် ဝယ်လိုအားကို အဓိကထား စဉ်းစားရတယ်ဗျ၊ ဘယ်လို ပစ္စည်းမျိုးကို စားသုံးသူ ကြိုက်သလဲ၊ ဘယ်လို ပစ္စည်းမျိုးက စားသုံးသူ အများစု ဝယ်ယူစားသုံးနိုင်သလဲပေါ့။

အခု ကျွန်တော်လုပ်တဲ့ အာလူးကြော်ဆိုတာ အလွှာပေါင်းစုံက လူတွေ စားကြတယ်၊ သူဌေးလည်း စားတယ်၊ ဆင်းရဲသားလည်း စားတယ်၊ လူကြီးလည်း စားတယ်၊ ကလေးလည်း စားတယ်၊ သက်သတ်လွတ်စားတဲ့ ပုဂ္ဂိုလ်လည်း အားပေးတယ်၊ အရက်သမားလည်း ကြိုက်တယ်၊ လူကုံထံ အရက်ဝိုင်းမှာ အာလူးကြော်က မပါမဖြစ်သလိုပဲ အရက်ပုန်းဆိုင်တွေမှာလည်း အာလူးကြော်တို့၊ ပဲကြီးလှော်တို့က အရမ်းရောင်းရတယ်ဗျ။"

လူတွေက အာလူးကြော်ကို သရေစာလို၊ အမြည်းလို၊ ဟင်းလျာလို စားကြတာကိုး၊ ကျောင်းတိုင်း ကျောင်းတိုင်းက မုန့်စားတန်းတွေကို ကြည့်၊ အာလူးကြော်ထုပ်လေးတွေ ရှိတယ်၊ တိုလီမိုလီ တွဲလောင်း တွဲလောင်း ချိတ်ရောင်းတဲ့ အိမ်ဆိုင်တွေကို ကြည့် အာလူးကြော်ထုပ် ရှိတယ်၊ နောက်ဆုံး စူပါမားကက် ကုန်တိုက်ကြီးတွေအထိ ကြည့်ဦး၊ အစားအသောက်တန်းမှာ အာလူးကြော်တင်မရောင်းတဲ့ ကုန်တိုက်ဆိုတာ မရှိဘူး၊ အဲဒီတော့ မရောင်းရမှာ မပူရတော့ဘူးပေါ့ဗျာ။

ပြီးတော့ သူက အထားခံတဲ့ ပစ္စည်း၊ ပုပ်ကုန်မဟုတ်ဘူး၊ ဒီတော့ အလေအလွင့်လည်း နည်းတာပေါ့၊ အဓိကကတော့ဗျာ အရင်းအနှီး သိပ်မများဘူး၊ ခေါင်းသိပ်မစားဘူး၊ အပင်ပန်း ခံနိုင်ရင် ခံနိုင်သလောက် အကျိုးရှိတယ်၊ ဒါနဲ့ ကျွန်တော် လုပ်ဖြစ်သွားတာပါ"

တင်မောင်ဦးက ကျွန်တော့် မျက်နှာကို မသိမသာ လှမ်းကြည့်ရင်း အကဲခတ်သည်။ ကျွန်တော်များ စိတ်ဝင်စားမလားလို့ပါ။

ကျွန်တော် အသာပြုံးနေလိုက်ပါတယ်။ ကျွန်တော် ရင်ခံနေတယ်။ ကျွန်တော့်မှာ ပိုက်ဆံသာ သိပ်မရှိတာ၊ ဂျပန်ပြန်ဆိုတဲ့ ဂုဏ်လိုလို၊ မာနလိုလို ဘဝင်လိုလို ရင်ထဲမှာ တစ်ခုခု ခံနေတယ်ဗျ။

●

ကျွန်တော်စိတ်ညစ်ရင် အခုလိုပဲ အဘိုးလေး ဦးအောင်တို့ အိမ်လေးမှာ နားအေးပါးအေး လာနေလေ့ရှိတယ်။

ကျွန်တော်က အရင်ကတည်းက အိမ်နဲ့ သိပ်အဆင်မပြေဘူး။ အိမ်နဲ့ စိတ်ဆိုးရင်လည်း အဘိုးလေးတို့ဆီပဲ ပြေးခဲ့တာပဲ။ အဘိုးလေးက ကျွန်တော့်ကို သိပ်ချစ်တာကိုး။

ကျွန်တော် ဆယ်တန်းအောင်ပြီးတော့ အဘိုးလေးတို့ အိမ်ကနေ တက္ကသိုလ် တက်ခဲ့တယ်။ ဘွဲ့ရပြီး သင်္ဘောလိုက်ဖို့လုပ်ရင်း ယောင်ချာချာ ဖြစ်နေတဲ့ အချိန်မှာလည်း အဘိုးလေးကပဲ မငြိုမငြင် ကျွေးမွေးစောင့်ရှောက်ခဲ့တာ။ ကျွန်တော် သင်္ဘော တက်ခွင့်ရတော့မှ အဘိုးလေး ဝင့်ကြွတ်[illegible]တယ် ဆိုပါတော့။

ကျွန်တော်လိုက်တဲ့ သင်္ဘော ကမ္ဘာတစ်ပတ်ပတ်ပြီး ယိုကိုဟား[illegible] ဆိပ်ကမ်းကပ်တော့ အဖော်ကောင်း[illegible] နဲ့ ကျွန်တော် ဆင်းနေခဲ့တယ်။ ဂျပန်[illegible] ငါးနှစ်ကြာသွားတယ်။ ဟိုမှာရှိနေတုန်းက အဘိုးလေးတို့ဆီ ကျွန်တော် [illegible] လေးမဖြစ်စလောက် သုံးခါလား [illegible]



www.burmeseclassic.com

www.burmeseclassic.com

ခဲ့လား ပို့ဖူးပါတယ်။ အဖေတို့၊ အမေတို့ဆီလည်း ပို့တစ်လှည့်၊ မပို့တစ်လှည့်ပါပဲ။

ဟိုမှာ ကျွန်တော် သိပ်မခြိုးခြံချွေတာခဲ့ဘူး။ ကောင်းကောင်းနေတယ်၊ ကောင်းကောင်းစားတယ်၊ ကောင်းကောင်းသုံးတယ်။ ဂျပန်တွေအထင်သေးတာ မခံချင်လို့။

အခုမှ ကျွန်တော် နောင်တရမိတယ်။ ကျွန်တော် တရားမဝင် နေထိုင်မှုနဲ့ အဖမ်းခံရပြီး မြန်မာပြည်ပြန်ရောက်တော့ ကျွန်တော့်လက်ထဲ ငွေသိပ်များများစားစား ပါမလာတော့ဘူး။ အဖေတို့၊ အမေတို့ ဘဝဟာလည်း ဘူးပြီး တိုးတက်လာတာ မတွေ့ရဘူး။ သားတစ်ယောက် ဂျပန်ရောက်တယ်သာ ဆိုတယ်။ အခြေအနေက ဒုံရင်းဒုံရင်းပဲ။

အဘိုးလေးတို့အိမ်ကို ရောက်တော့ ကျွန်တော် ပိုပြီးတောင် စိတ်မကောင်း ဖြစ်ရတယ်။

အဘိုးလေးတို့၊ အဘွားလေးတို့ဆိုတာ အရမ်းကို အိုသွားကြပြီ။ အဘိုးလေးတို့လိုပဲ အဘိုးလေးရဲ့ အိမ်လေးဟာလည်း အတော့်ကို အိုသွားပြီ။ ကျွန်တော် မသွားခင်က ပျဉ်ထောင်အိမ်လေးတလတ်လေးဟာ ခုတော့ ဟိုနေရာက ပေါက်၊ ဒီနေရာက ကွာနဲ့ တော်တော် ဟောင်းနွမ်းနေပြီကော။

ကျွန်တော်သာ ဟိုမှာရှိစဉ်က အသုံးအဖြုန်းမကြီးဘဲ စုဖြစ်ဆောင်းဖြစ်ခဲ့ရင် အဘိုးလေးတို့အိမ်ကို ကောင်းကောင်းပြန်ပြင်ဆောက်ပေးနိုင်တာပေါ့။ ကျွန်တော်လည်း အပြန်ငွေထုပ်ကြီးကြီးနဲ့ပြီး ကြီးကြီးမားမား လုပ်ငန်းတစ်ခုကို လုပ်ဖို့စဉ်းစားနိုင်တာပေါ့။ မှားခဲ့တာဗျာ။

"သားရေ. . . ထမင်းစားတော့မလား၊ ဘွားလေး ပြင်လိုက်ရတော့မလား"

ဩော်- အဘွားလေးကတော့ ကျွန်တော့်အပေါ် ဝတ္တရားမပျက်၊ မေတ္တာမပျက် ဂရုစိုက်တုန်းပါပဲလား။

"မဆာသေးဘူး ဘွားလေး" လို့ပြောပြီး ကျွန်တော် အိမ်ပြင်ကို ငေးမြ ငေးနေမိပါတယ်။

ကျွန်တော်လေ ငွေကို လွယ်လွယ် ရှာနိုင်တုန်းက သိပ်တန်ဖိုးမထားခဲ့ဘူး။ အခု ရှာဖို့ဖွေဖို့ ခက်ပြီဆိုမှ ငွေကို အသည်းအသန် လိုချင်နေတယ်။

တကယ်တော့ ကျွန်တော် ပြန်ရောက်ကတည်းက အလကားတော့ မနေခဲ့ပါဘူး။ ဘာအလုပ်လုပ်ရမလဲလို့ အမြဲကြံဆနေခဲ့တာပါ။

ပထမဆုံး ဂျပန်ပြန်အများစု ကျက်စားရာဖြစ်တဲ့ ကားဝယ်ရောင်းလောကကို ဝင်တိုးကြည့်သေးတယ်။ ခွက်ခွက်လန် ရှုံးတဲ့လူနဲ့၊ ပိုက်ဘောကြီးမိလို့ ဒုက္ခရောက်နေတယ်ဆိုတဲ့ လူနဲ့၊ ဂျပန်မှာ သုံးနှစ်လုံးလုံး အပင်ပန်းခံရှာထားသမျှ ဒီကားတစ်စီးနဲ့ ဘဝပျက်ပါပြီ ပြောတဲ့လူနဲ့ချည်း ဆုံခဲ့ရတယ်။

ကားတွေက အထက်ကားရော၊ အောက်ကားရော ဈေးတွေအကုန်ပြုတ်ကျနေတာကိုး။ 'ကားလောက ပျက်နေပြီ၊ ဝင်လာဖို့ စိတ်မကူးနဲ့' လို့ အကြံပေးတဲ့ သူငယ်ချင်းတွေရဲ့ စကားအတိုင်း ကျွန်တော် အသာနောက်ဆုတ်ခဲ့ရပါတယ်။

စားသောက်ဆိုင် ဖွင့်ထားတဲ့ ကိုခင်မောင်ဝင်းနဲ့လည်း သွားတွေ့ခဲ့ပါသေးတယ်။ ဂျပန်မှာတုန်းကတော့ သူက ဖိုခေါင်း။ အချက်အပြုတ်ကောင်းလို့ သူဌေးက လက်မလွှတ်နိုင်ဘဲ လခကောင်းကောင်း ပေးထားတဲ့သူ။ ခုတော့ သူကိုယ်တိုင် သူဌေးလုပ်ပြီး ဆိုင်ကို စီမံကွပ်ကဲနေတာ။

သူနဲ့ တွေ့ပြန်တော့-

"ထင်သလောက် မကိုက်ပါဘူး သူငယ်ချင်းရာ၊ မင်း စဉ်းစားကြည့်၊ အခန်းငှားခချည်း တစ်လလေးသိန်းခွဲ၊ အလုပ်သမားခ၊ အခွန်အခ၊ အထွေထွေစရိတ်တွေ နုတ်လိုက်ရင် ဘာမှ မကျန်တော့တာပါ၊ အခန်းငှားခကို တစ်လတစ်ကြိမ် ပေးရရင် တော်သေးတယ်၊ ခုဟာက တစ်နှစ်စာ ၅၄ သိန်း လုံးခနဲ ကြိုပေးရတာမောင်၊ အဲဒါ တော်တော်ဆိုးတာပဲ၊ နောက်ပြီး ဆိုင်က လူလည်း သိပ်မဝင်ပါဘူးကွာ၊ အခန်းစာချုပ်ပြည့်ရင်တောင် ဆက်လုပ်သင့်၊ မလုပ်သင့် စဉ်းစားရဦးမယ်" တဲ့။

ဂျပန်စာ၊ ဂျပန်စကားပြော သင်တန်းဖွင့်ထားတဲ့ မြင့်မြင့်ခိုင်တို့ ညီအစ်မ သတင်းတော့ ကြားပါတယ်။ သူတို့ကျတော့ မဆိုးဘူး။ အောင်မြင်တယ်တဲ့။

အေးလေ . . . သူတို့ကတော့ ဂျပန်စာကို ဟိုမှာ စနစ်တကျ သင်ခဲ့ကြတဲ့သူတွေကိုး။ ကျောင်းဗီဇာနဲ့ ဂျပန်ဝင်၊ ကျောင်းတစ်ဖက်၊ အလုပ်တစ်ဖက်နဲ့ ဂျပန်မှာ လေးနှစ်လောက် သောင်တင်ခဲ့သူတွေဆိုတော့ ဒီမှာ စာကောင်းကောင်း ပြန်သင်နိုင်တာပေါ့။

ကျွန်တော်ကတော့ ဘယ်ကျောင်းမှလည်း မနေဖူးဘူး။ ဘယ်သင်တန်းမှလည်း မတက်ဖူးဘူး။ အလုပ်ခွင်မှာ နားအကြားနဲ့ ဂျပန်စကားကို ချောက်ချီးချောက်ချက် တတ်ခဲ့တာမို့ ဘယ်လိုလုပ်ကျောင်းဖွင့် စားလို့ရမှာလဲ။ ထိုယ်တတ်ထားတဲ့ ဂျပန်စကား အကျိုးအပဲ့တွေကို ဘယ်သူ့ကိုမှ လက်ဆင့်မကမ်းချင်ပါဘူး။

www.burmeseclassic.com

မှော်ဘီဘက်မှာ ဝက်မွေးနေတဲ့ ကိုအောင်လင်းကြီးဆီလည်း ရောက်ခဲ့သေးတယ်။ သူကတော့ စမ်းသပ်လုပ်ကိုင်ဆဲ ကာလမို့ ဘာမှ မပြောနိုင်သေးဘူးတဲ့။ ဝက်တုပ်ကွေး မဖြစ်ရင်တော့ အဆင်ပြေတန် ကောင်းပါရဲ့လို့ ရယ်ရင်း ပြောတယ်။

ဒါပေမဲ့ဗျာ၊ ကျွန်တော်နဲ့တော့ ဖြစ်မယ်မထင်ပါဘူး။ ဘာသာတရားကို ထဲထဲဝင်ဝင် မလိုက်စားဖူးပေမယ့် အကုသိုလ်တော့ ကြောက်တယ်ဗျ။ ဝက်ကလေးတွေကြည့်တော့ ချစ်စရာ၊ ဝက်မကြီး ကြည့်ပြန်တော့ သနားစရာ။ အို. . . ကျွန်တော်လုပ်လို့ မဖြစ်ပါဘူး။

ဒီကြားထဲ ချဲဒိုင်ကိုင်ဖို့ အကြံပေးတဲ့လူက ရှိသေးတယ်။ သန်းဇော်လေ . . . သန်းဇော်။ ဂျပန်မှာတုန်းက မြင်းအရမ်းလောင်းတဲ့ ကောင်ပေါ့။

သူ့ကိုတော့ -

"တော်ပါကွာ၊ ထောင်ထမင်း၊ ထောင်ဟင်းမစားပါရစေနဲ့" လို့ ပြောလွှတ်ရတယ်။

အဆွယ်ကောင်းလို့ ကျောက်ပန်းတောင်းနားက ငါးရှန့်တောင် ရေနံတူးတဲ့ လုပ်ငန်းထဲတော့ ရှယ်ယာပါလိုက်သေးတယ်။ ညီမရဲ့ ယောက်ျားကိုရွှေယောက်ဖက အပြောကောင်းတာကိုး။

အခု ငါးရှန့်တောင် ရေနံမှော်မှာ ရေနံစိမ်းတွေ အရမ်းထွက်နေတယ်တဲ့။ တစ်နေ့ကို ပီပါ ၆၀၀၊ ၇၀၀ လောက်ကို ရတာတဲ့။ ရေနံမှော်လုပ်ခွင့်ရထားတဲ့ ကုမ္ပဏီကြီးက သူကိုယ်တိုင်လည်း ရေနံတူးသလို တခြားလုပ်ချင်တဲ့ သူတွေကိုလည်း ၁၅ ပေပတ်လည် ကျင်းနေရာတွေ ရောင်းပေးနေသတဲ့။ အဝီစိတွင်းတူးသလို အင်ဂျင်စက်ကလေးတွေနဲ့တူးရတာတဲ့။ အဲဒီတွင်းလေးတွေကကံကောင်းရင် တစ်နေ့ကို ရေနံတစ်ပီပါ၊ နှစ်ပီပါလောက်တောင် ထွက်သတဲ့။

ရသမျှ ရေနံကို ဝေးဝေးလံလံလည်း သွားရောင်းစရာ မလိုဘူးတဲ့။ ကုမ္ပဏီက အကုန်ပြန်ဝယ်လို့ အဆင်ပြေတယ်တဲ့။ အခုဆိုရင် ကုမ္ပဏီက ကျင်းပေါင်း ၄၀၀၀ ကျော်လောက်တောင် ရောင်းပြီးနေပြီတဲ့။ မြန်မာတစ်ပြည်လုံးက လူတွေ ဆင်းချလာလို့ ငါးရှန့်တောင်မှာ ပွဲတော်ကြီးကို ဖြစ်နေပြီတဲ့။

မှော်ထဲလည်း ယောက်ဖကိုယ်တိုင် ဆင်းလုပ်မှာပါတဲ့။ တစ်ဦးတည်း ငွေမနိုင်လို့ အကူအညီ တောင်းတာပါတဲ့။ ငွေထည့်ရုံထည့်ပြီး အကျိုးအမြတ် တစ်ဝက်ပေးမှာပါတဲ့။

ပြောတာတော့ မစားရ ဝမခန်းပဲ။ ကျွန်တော်လည်း ရှေးကတွင်းရိုးတွင်းစားသူဌေးဆိုတာ ကြားဖူးထားတာကိုး။ သူဌေးဖြစ်၊ ခွေးဖြစ် ရှယ်ယာဝင်ပါလိုက်တာ။

အို. . . ဘာပြောကောင်းမလဲ သုံးလအတွင်း ငွေသိန်း ၃၀ လောက် မြောက်သွားပါလေရောဗျာ။ ဖြစ်တာက ကျွန်တော်တို့ရတဲ့ ပထမတစ်ကျင်းက လုံးဝ မအောင်ဘူး။ ဒါနဲ့ ထွက်နေတယ်ဆိုတဲ့ တူးလက်စ နောက်တစ်ကျင်းကို ဈေးပိုပေးပြီး ဝယ်လိုက်တာမှာ ကိုယ့်လက်ထဲလည်း ရောက်ရော လုံးလုံးကို မထွက်တော့ဘူး။

ဘယ်ထွက်ပါ့မလဲ။ နောက်မှ သိရတာက ကျင်းပိုင်ရှင်က သူ့ကျင်းထဲ ရေနံတွေ တိတ်တိတ် ဝယ်လောင်းထည့်ပြီး သူ့ကျင်း အောင်ပါတယ်ဆိုပြီး လိမ်ရောင်းသွားတာကိုး။ သင်ခန်းစာတွေ တစ်လှေကြီး ရလိုက်ပါတယ်။

အရင်းအနှီး စိုက်ထုတ်လုပ်ကိုင်ရတဲ့ အလုပ်တော့ ကျွန်တော် လန့်သွားပြီ။

ဒါကြောင့် ဝန်ထမ်းပဲ လုပ်ရင်ကောင်းမလားဆိုပြီး သတင်းစာက ခေါ်တဲ့ကုမ္ပဏီအလုပ်တစ်ခု ဝင်စုံစမ်းကြည့်တယ်။ ကျွန်တော် ရထားတာက ရှိုးရှိုးသိပ္ပံဘွဲ့ဆိုတော့ ဝင်ဝင်ချင်း တစ်လသုံးသောင်းခွဲ ရမယ်တဲ့။ အလုပ်ချိန်က မနက် ၈ နာရီကနေ ညနေ ၅ နာရီအထိတဲ့။ တစ်လမှာ နှစ်ရက်နားခွင့်ရမယ်တဲ့။ ဟင်း. . . ။

ဖြစ်နိုင်ရင်တော့ နိုင်ငံခြားမှ တစ်ခေါက်လောက် ပြန်ထွက်ချင်တယ်။

ဒီတစ်ခါဆိုရင်တော့ လိမ္မာပါပြီ။ အသုံး မကြမ်းတော့ဘူး။ လက်မဖွာတော့ဘူး။ စနစ်တကျ စုဆောင်းတော့မယ်။

အင်း ပြောမယ့်သာ ပြောတာ။ ဂျပန်ဗီဇာရဖို့ ဆိုတာကလည်း လူ့ဘဝရခဲ့သလို ခဲယဉ်းပါဘိခြင်း။ သဘော်တက်ပြီး ဂျပန်ဆိပ်ကမ်း ခုန်ဆင်းဖို့ကလည်း အရင်လို မလွယ်တော့ဘူး။ တအား ကျပ်နေပြီတဲ့။ ပိုဆိုးတာက ဂျပန်မှာ အိုဗာစတေးကို ပိုက်စိပ်တိုက်ဖမ်းနေတဲ့ကိစ္စပဲ။ မလေးရှားလောက် ထွက်ရင်တော့ ဖြစ်နိုင်တယ်။ ဒါပေမဲ့ မလေးရှားမှာက ဂျပန်လောက် ပိုက်ဆံ မရဘူး။

ဟာ- စိတ်ညစ်ပါတယ်။စဉ်းစားရတာ ခေါင်းတွေပူနေပြီ။ ဘာအကြံဉာဏ်မှလည်း မထွက်ဘူး။ ဘာလုပ်ရမှန်းလည်း မသိဘူး။ ဘာအလုပ်မှလည်း မရှိဘူး။ ဟူး. . . ။

"သားရေ မိုးမပက်ဘူးလား မင်းရှေ့က ပြတင်းပေါက်ကို ပိတ်လိုက်လေ"





www.burmeseclassic.com

www.burmeseclassic.com

အဘွားလေးက လှမ်းအော်ပြီး သတိပေးမှ ကျွန်တော်် အတွေးတွေ နစ်ရာက သတိပြန်ရလာတယ်။

ဩော်. . . မိုးတွေ လေတွေ ကျစပြုနေပြီကော။ ကျွန်တော့်ရှေ့က ပြတင်းပေါက်ရော၊ ကျန်တဲ့ ပြတင်းပေါက်တွေရော၊ တံခါးပေါက်တွေကို ရော အကုန်လိုက်ပိတ်လိုက်ပါတယ်။

အဘိုးလေးတို့၊ အဘွားလေးတို့က အသက်ကြီးပြီဆိုတော့ အအေးကြောက်ကြတယ်လေ။

တစ်အိမ်လုံး ရှိရှိသမျှ ပြတင်းပေါက်တွေ၊ တံခါးပေါက်တွေ အကုန်ပိတ်လိုက်တဲ့အတွက် အိမ်က နည်းနည်းမှောင်သွားတယ်။ အဘိုးလေးတို့အိမ်က မှန်ပြတင်းပေါက်တွေက ဖုန်တက်နေလို့ မကြည်လင်လှတော့တာလည်း ပါတာပေါ့။

တစ်ခါလောက်တော့ ဒီမှန်ပြတင်းတွေ ရေစိုအဝတ်နဲ့ သုတ်ပေးဦးမယ်လို့ စဉ်းစားနေတုန်း ခေါင်းပေါ်မှ ဖလပ်. . . ဖလပ် ဆိုတဲ့အသံကြားလို့ မော့ကြည့်လိုက်တော့ စာကလေးတစ်ကောင်။

ဘယ်အချိန်တုန်းကတည်းက အိမ်ထဲ ဝင်နေလဲ မသိ။ တံခါးတွေ၊ ပြတင်းတွေ ပိတ်လိုက်တဲ့အတွက် အိမ်ထဲ ပိတ်မိနေတဲ့ သတ္တဝါလေး။

သူ့ခမျာ မျက်နှာကြက်နားကပ်ပြီး ကြောက်အားလန့်အားနဲ့ ထွက်ပေါက်ကို ရှာနေတယ်။ ဟိုမှန်ပြတင်းတိုးလိုက်၊ ထွက်မရလို့ မျက်နှာကြက်ဆီ ပျံတက်လိုက်၊ ဒီမှန်ပြတင်းတိုးလိုက်၊ ထွက်မရလို့ မျက်နှာကြက်ဆီ ပျံတက်လိုက်၊ နောက်မှန်ပြတင်းပေါက်ဆီ ဝင်တိုးလိုက်၊ ထွက်မရလို့ မျက်နှာကြက်ဆီ ပျံတက်လိုက်။

ကျွန်တော့် ခေါင်းပေါ်မှာ ဟိုဘက်ပျံလိုက်၊ ဒီဘက်ပျံလိုက်နဲ့ ယောက်ယက်ခတ်နေတာ အကြာကြီး။

ကျွန်တော်လည်း သူ ဘာလုပ်မလဲလို့ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေလိုက်တယ်။

ဆယ်မိနစ်လောက် အိမ်မျက်နှာကြက်နား ကပ်ပျံပြီး ထွက်ပေါက်ကို မရပ်မနား ရှာနေတဲ့ စာကလေးဟာ ထွက်ပေါက်မတွေ့တော့ ဘာလုပ်တယ် ထင်လဲ။

အောက်ဘက်ကို နိမ့်ဆင်းလာတယ်။ ပြီးတော့ ကြမ်းပြင်နားတစ်လျှောက် လှည့်ပတ်ပျံတယ်။ နှစ်ပတ်၊ သုံးပတ်လောက်ပတ်မိပြီး မကြာပါဘူး။ ကြမ်းပြင်နဲ့ တစ်မိုက်အကွာလောက် နံရံမှာ သစ်သားဆွေးပြီး ပွဲထွက်လို့ အပေါက်လေးဖြစ်နေတဲ့ နေရာကို တွေ့သွားပြီး အဲဒီအပေါက်ကနေ ထွက်သွားပါလေရောဗျာ။

ဟာ- ကျွန်တော် သိပ်အံ့သြသွားတယ်။ အရမ်းလည်း သဘောကျသွားတယ်။

ပျံ့လွင့်နေတဲ့ အတွေးစတွေကို တစ်နေရာတည်း စုစည်းလိုက်တယ်။

ခေါင်းထဲမှာ လင်းခနဲဖြစ်သွားတယ်ဗျာ။

ဟုတ်တယ်၊ ဟုတ်တယ်။ ထွက်ပေါက်ဆိုတာ အပေါ်မှာချည်း ရှိတာ မဟုတ်ဘူး။ အောက်ကနေ လျှိုထွက်လို့ရရင်လည်း အဲဒါ ထွက်ပေါက်ပဲ။ လိုရင်းက ထွက်လို့ရဖို့ပဲ မဟုတ်လား။

အင်း. . . ကျွန်တော် ကိုမင်းမောင်နဲ့ တစ်ခါလောက် ထပ်သွားတွေ့ကြည့်ဦးမှပါပဲ။

**မနင်းဖွေး**

❑

---

**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂမ္ဘီရဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

---

**စီးပွားရေးလုပ်ငန်းရှင်များ**
**မိမိလုပ်ငန်း**
**ပိုမိုတိုးတက်**
**အောင်မြင်စေရန်**
**လပြည့်ဝန်းမဂ္ဂဇင်းတွင်**
**ကြော်ငြာများ**
**ထည့်သွင်းနိုင်ပါသည်။**

---

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

---

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
**လပြည့်ဝန်းမဂ္ဂဇင်း**
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈



www.burmeseclassic.com

www.burmeseclassic.com

**တိုလိုနီခေတ်က တုလားလူမိုက်တွေနဲ့ ပြိုင်ပြီး မိုက်ခဲ့တဲ့ မြန်မာလူမိုက် လမ်းမတော်ဗိုးတုတ်**

ဒုတိယကမ္ဘာစစ် မဖြစ်မီက ရန်ကုန်မြို့နေသူအများ၏ ပါးစပ်ဖျားတွင် ရေပန်းစား အပြောများခဲ့သည့် လူပုဂ္ဂိုလ်တစ်ယောက် ရှိခဲ့သည်။

သူသည် လူ့ပတ်ဝန်းကျင်ကို အကျိုးပြုသည့် လုပ်ရပ်များ လုပ်ခဲ့သူတစ်ယောက် မဟုတ်စေကာမူ ခေတ်ကာလအလျောက် ထူးခြားသော သူ၏လုပ်ရပ် ဖြစ်စဉ်များကြောင့် သူ၏ အမည်နာမမှာ ဟိန်းထွက်ကျော်စောလို့ လာသည်။

သူ၏လုပ်ရပ် ဖြစ်စဉ်များမှာ ကောင်းရိပ်ဘက်သို့ အလေးမသာသည့်အလျောက် မကောင်းသတင်းဆိုးများနှင့် ရစ်ထွေးခဲ့သည်။ နာမည် ကြီးသော်လည်း နာမည် မကောင်း။ ကောင်းသော ထင်ရှားကျော်ကြားခြင်းသည် နှစ်လိုဖွယ် ဖြစ်သော်လည်း မကောင်းရိပ်ထင်သော ကျော်ကြားခြင်းသို့သည် နှစ်လိုဖွယ်မဟုတ်ပေ။

ကောင်းသတင်းနှင့် ကျော်စောထင်ရှားသူမှာ အသက်သေသော်လည်း အမည်မသေ။ မကောင်းသတင်းနှင့် ကျော်စောထင်ရှားသူမှာ သူမသေခင်ကတည်းက နာမည်သေသည်။ ကောင်းသောပုံရိပ်ထင်သူများ၏ ဘဝနိဂုံးသည် အနားသတ်မကောင်း၊ အကျည်းတန်သည်။

သို့စေကာမူ ခေတ်ရေစီးကြောင်း အခြေအနေအရ သူ့ကို အလေးထား နေရာပေး၍ ဆက်ဆံရသည်။ ကွယ်ရာမှာ ဘာတွေပဲပြောပြော၊ ဘယ်သို့ပင် နှာခေါင်းရှုံ့ရှုံ့၊ ဘယ်လိုပင် မဲ့ရိပ်ပြေး၊ ရှေ့တင်ဆိုတော့ သူ့အကြောင်း မကောင်းသတင်း ဆိုဝံ့သူ မရှိ။ နှာခေါင်းရှုံ့ရဲသူ မရှိ၊ မဲ့ရိပ်ထင်ရဲသူ မရှိ။ ...



ခေတိုရွှေ

# လမ်းမတော် ဗိုးတုတ်



www.burmeseclassic.com

www.burmeseclassic.com

ဖွယ် အရိုးရိုပ်တင်ပြလျက် ကြည်ကြည်သာသာ အမူအရာဆောင်ပြီး လိုလိုလားလားဟန်ထင်၍ ဆက်ဆံကြရသည်။ သူ့အရှိန်အဝါက သည်လောက်ပင်ကြီးထည်သည်။

ခေတ်ရေစီးကြောင်း အခြေအနေအရ စီးပွားရေး အချက်အချာကျသည့် နယ်မြေကြီးတစ်ခုလုံးမှာ သူ၏ စိုးမိုးမှု၊ ဩဇာသက်ရောက်မှုအောက်မှာ ရှိခဲ့သည်။ ရန်ကုန်မြို့၏ အုပ်ချုပ်ရေးနယ်ပယ်ကို တရားဝင်အုပ်ချုပ်နေသည့် ပုလိပ်အဖွဲ့ကြီးရှိသော်လည်း ပုလိပ်အဖွဲ့ကြီး၏ ဩဇာသက်ရောက်မှုမှာ သူ၏ ဩဇာသက်ရောက်မှုလောက် မထိရောက်ခဲ့။

ပုလိပ်အဖွဲ့ကြီးက ဥပဒေနှင့်အညီ အုပ်ချုပ်သည်။ သူက ဥပဒေကို မျက်နှာလွှဲခဲပစ်လုပ်ပြီး အုပ်ချုပ်သည်။ အဲဒီခေတ်က ရန်ကုန်မြို့ကို သုံးပိုင်းခွဲ၍ ဒီ-ဝိုင်-အက်စ် ခေါ် မျက်နှာဖြူ ရဲဝန်ထောက်သုံးယောက်က အုပ်ချုပ်သည်။ ရန်ကုန်အရှေ့ပိုင်း၊ အလယ်ပိုင်း၊ အနောက်ပိုင်း။ ရန်ကုန်အလယ်ပိုင်းကို ပုလိပ်အဖွဲ့က အုပ်ချုပ်ထားသည်။ သူက စိုးမိုးကိုင်တွယ်ထားသည်။ နယ်စားပယ်စား လုပ်နေသည်။ လူမိုက်ဘွဲ့ခံ လမ်းမတော်ဖိုးတုတ်။

အင်္ဂလိပ်များအုပ်စိုးသည့် ကာလတွင် လူမိုက်ခေတ်တစ်ခေတ် ထွန်းကားခဲ့သည်။ လူမိုက်ခေတ် ထွန်းကားလာအောင် သူတို့ကပင် လုပ်ပေးခဲ့သည်။ လူမိုက်ကို ကြားခံအဖြစ်ထား၍ လူလူချင်း ဗိုလ်ကျစိုးမိုးသည့် စနစ်ကို ဖန်တီးပေးခဲ့သည်။ ငါးကြင်းဆီနှင့် ငါးကြင်းကြော် သည့်နည်း။

ဒါကြောင့်လည်း လမ်းမတော်ဖိုးတုတ်မှာ ငွေရှင်သော နယ်မြေကို တရားဝင်အပိုင်စား ရထားသူတို့နှယ် စိုးမိုး ခြယ်လှယ်နိုင်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

အင်္ဂလိပ်တို့ အုပ်စိုးစဉ်ကာလတစ်လျှောက်လုံး ဒုတိယကမ္ဘာစစ် ဖြစ်သည်အထိ လမ်းမတော်ဖိုးတုတ်၏ ကျော်စောသတင်းမှာ လျှမ်းလျှမ်းတောက်ခဲ့ခြင်း ဖြစ်၏။

လမ်းမတော်ဖိုးတုတ်က တပည့်အသိုင်းအဝိုင်း အားကိုးနှင့် မိုက်သူမဟုတ်။ သူကိုယ်တိုင်လည်း လုပ်ရဲ ကိုင်ရဲ သတ္တိရှိသည်။ တပည့်တပန်း အသိုင်းအဝိုင်းကောင်းကိုလည်း ရွေးတတ် မွေးတတ်သည်။ ဩဇာညောင်းအောင်လည်း အကိုင်အတွယ် ကျင်လည်သည်။ မလှုပ်ရဲ မလှန်ရဲအောင်လည်း နည်းမျိုးစုံသုံး၍ ထိန်းထားနိုင်စွမ်းရှိသည်။

ဒါတင်မက၊ ပြေလည်အောင်ဆက်ဆံရမည့် အသိုင်းအဝိုင်းနှင့် ဆက်ဆံရာတွင် အထာကျွမ်းသည်။ အချိုကြိုက်သူ အချို၊ အချဉ်ကြိုက်သူ အချဉ်၊ ချဉ်ငန်စပ်ကြိုက်သူကို ချဉ်ငန်စပ်။ ဘာကြိုက်သူ ဖြစ်သည်ကို အကဲဖမ်းကျွမ်းသလို အကြိုက်ကိုလည်း ပေးစွမ်းနိုင်သည်။ ငွေရေး ကြေးရေး အပေးအကမ်းလည်း ရက်ရောသည်။ အဲဒီ အရည်အချင်းတွေကြောင့်လည်း လမ်းမတော်ဖိုးတုတ်မှာ လူမိုက်သက်တမ်း ရှည်ကြာခဲ့ခြင်း ဖြစ်၏။

## လမ်းမတော် ဖိုးတုတ်

ဖိုးတုတ်ရဲ့ မိခင်ကြီး ဒေါ်ချစ်ပုဟာ ရန်ကုန်မြို့ ၁၄ လမ်းမှာ ဈေးရောင်းပြီး အတန်အသင့် ချောင်လည်တဲ့ မိသားစုပါ။ ဖိုးတုတ်မှာ ညီ ကိုဘသိန်း၊ ညီမ ဒေါ်မမလေး တို့ရှိပြီး အရပ် ၅ ပေ ၈ လက်မ၊ အသားညိုညို နှုတ်ခမ်းမွေးထားတတ်တဲ့ ဖိုးတုတ်ဟာ ဘဝကို အပူအပင်မရှိ ဖြတ်သန်းနိုင်ခဲ့သူပါ။

ဖိုးတုတ်ဟာ သူနေတဲ့ လမ်းမတော် ၁၄ လမ်းမှာ လူတန်းစားပေါင်းစုံနဲ့ အပေါင်းအသင်းဆံ့သူတစ်ယောက် ဖြစ်ပြီး လူငယ်ပီပီ ဂျင်ဝိုင်း၊ ကြက်ဝိုင်းတွေမှာ လှည့်လည်ပျော်ပါး အချိန်ဖြုန်းရင်း၊ တစ်ခါတစ်ရံ မိခင်ကို ကူညီ ဈေးရောင်းရင်း နေခဲ့သူပါ။ ဦးလေးတော်သူရဲ့ မြို့တွင်းဆွဲမော်တော်ကားမှာ စပယ်ယာ လိုက်လုပ်ခဲ့ပေမယ့် မဟုတ်မခံစိတ်ကြောင့် ခဏခဏ ရိုက်မှုဖြစ်ပြီး အလုပ်ထွက်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။

## လူမိုက်ဘဝက ဒီလိုစ

ဖိုးတုတ်ကို လူမိုက်ဘဝရောက်အောင် စတင်ခဲ့တဲ့သူကတော့ လမ်းမတော်ဖိုးတုတ်ခေတ် မတိုင်ခင် လမ်းမတော်လူမိုက်ကြီး ဖြစ်ခဲ့တဲ့ ပုဏ္ဏားဘထွန်းပါတဲ့။ အဲဒီခေတ်က လမ်းမတော်မှာ ပုဏ္ဏားဘထွန်း၊ သိမ်ကြီးဈေးဆိုရင် လှဖေ၊ ဗိုလ်တထောင် ကျောက်တံတားဘက်ကျတော့ မတ်စတီးခန်း၊ ကြည့်မြင်တိုင်မှာက ကြက်ကျား၊ ဘားလမ်းမှာ ဟူစိန် ဆိုပြီး ရန်ကုန်မြို့မှာ သူ့အပိုင်းနဲ့သူ အပိုင်စား လူမိုက်ကြီးတွေ ကြီးစိုးခဲ့ပါတယ်။

ရန်ကုန်မြို့ အုပ်ချုပ်ရေးမှာ ပုလိပ်အင်အားနဲ့ လူဦးရေ မမျှတဲ့အတွက် ပုလိပ်တွေဟာ နယ်မြေတိုင်းက အပိုင်စား လူမိုက်တွေကို ခါးပိုက်ဆောင်ထဲထည့်ပြီး အုပ်ချုပ်ခိုင်းလေ့ရှိပါတယ်။ နယ်မြေအပိုင် လူမိုက်တွေဟာ ကိုယ်ပိုင်တဲ့ နယ်မြေထဲ ဈေးရောင်း ဈေးဝယ် စီးပွားရေးသမားတွေရဲ့ ကာကွယ်ပေးဖို့ဆက်တဲ့ လစဉ်ကြေးကို ခံစားလေ့ရှိပါတယ်။

အဲဒီလူမိုက်တွေထဲမှာ ပုဏ္ဏားဘထွန်းက ကြောက်စရာအကောင်းဆုံးအဖြစ် နာမည်ကြီးပါတယ်။ ပုဏ္ဏားဘထွန်းရဲ့နောက်မှာ ဗိုလ်တထောင်က ကုလားသူဌေးတစ်ဦးလည်းဖြစ် လူမိုက်တစ်ဦးလည်းဖြစ်တဲ့ မတ်စတီးခန်း ရှိပါတယ်။

ပြီးတော့ ပုလိပ်မင်းကြီးနဲ့လည်း ပုဏ္ဏားဘထွန်းဟာ ပုဂ္ဂိုလ်ရေးအရ အင်မတန်ရင်းနှီးတယ်လို့ နာမည်ကြီးပါတယ်။

အဲဒီအချိန်မှာ ဖိုးတုတ်ကလည်း လမ်းမတော်တစ်ဝိုက်မှာ နည်းနည်းလေး နာမည်ထွက်လာတဲ့ ဇရှိတဲ့လူငယ်ခြေတက်ကလေးပေါ့။

ဒီလိုနဲ့ ပြဿနာ စတက်တယ်။ ဖြစ်ပုံက ဒါလဟိုဇီလမ်းမှာ အပိုင်စားပြီး ဈေးသည်တွေကို မိုက်ကြေးလိုက်ခွဲနေတဲ့ မတ်စတီးခန်းရဲ့တပည့် မာမွတ်နဲ့ ဖိုးတုတ်တို့ စကားများရာက ဖိုးတုတ်က မာမွတ်ကို မူလီခေါင်းတပ်တုတ်နဲ့ မသေမရှင် ရိုက်လိုက်ရာက စတာပါ။

မာမွတ်ကို ရိုက်လိုက်တဲ့ကိစ္စအတွက် လူမိုက်ကြောနောကျေနေတဲ့ မတ်စတီးခန်းက သူ့တပည့်တွေကို ဖိုးတုတ်ကို ရန်သွားမရှာကြဖို့ ဖိုးတုတ်ဟာ မီးခဲဖြစ်လာနိုင်တယ်ဆိုပြီး တားမြစ်ခဲ့ပါသေးတယ်။ ဒါပေမဲ့ မာမွတ်ကိစ္စ မကျေနပ်တဲ့ မတ်စတီးခန်း တပည့်နှစ်ယောက်က ဖိုးတုတ်ကို ပြဿနာရှာကြရာမှာ နှစ်ယောက်စလုံးကို ဖိုးတုတ်က ဓားမြှောင်နဲ့ ထိုးလွှတ်လိုက်ပါတယ်။

ဒါပေမဲ့လည်း မတ်စတီးခန်းရော ပုဏ္ဏားဘထွန်းပါ ဒီကိစ္စနဲ့ပတ်သက်ပြီး ဖိုးတုတ်ကို ဘာမှပြဿနာလာမရှာကြတာကိုက ဖိုးတုတ်အတွက် ဝိရောဓိဖြစ်စရာကိစ္စတစ်ခု ဖြစ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏားဘထွန်းက သူ့လူကိုထိရင် ဘယ်လိုပြန်လုပ်တတ်သည်ဆိုတာ ရာဇဝင်တွေရှိတာကို ဖိုးတုတ် သိသည်။ ဒီအတိုင်းထိုင်နေပြီး သူလာမယ့်အချိန် စောင့်နေတာထက် ပုဏ္ဏားကို သွားရှင်းမည်။ ပြီးတော့ နယ်မြေအပိုင် လူမိုက်တွေကို တစ်ယောက်ပြီးတစ်ယောက် ဆက်ရှင်းဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

## ဖိုးတုတ် လူမိုက်ဖြစ်သွားပြီ

၁၉၃၂ ခုနှစ် ရန်ကုန်မြို့ လမ်းမတော် ၁၁ လမ်း၊ လမ်းမတော် တစ်ရပ်ကွက်လုံးမှ ဆင်းရဲသား၊ လူချမ်းသာ၊ ဖိုးတုတ်၏မိဘများပါမကျန် ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ရသော ရန်ကုန်မြို့အတွင်းရှိ အခြားနယ်မြေအပိုင်စား လူမိုက်အချင်းချင်းပင် ဆရာကြီးဟု ရှေ့ကတပ်ခေါ်ရလေသော ပုဏ္ဏားဘထွန်း၏ အိမ်ရှေ့သို့ မြနေအောင်သွေးထားသည့် ငှက်ကြီးတောင်ဓားဖြင့် လူမိုက်ပေါက်စတစ်ယောက် ရပ်နေသည်။ ဖိုးတုတ် ငှက်ကြီးတောင်ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး တစ်ယောက်ချင်း ဓားချင်းယှဉ်ခုတ်မည်၊ အိမ်ပေါ်က ဆင်းခဲ့ဖို့ စိန်ခေါ်ပါတယ်။

တပည့်တပန်း အလွန်ပေါများပြီး လူမိုက်အချင်းချင်းပင် ကြောက်ရသော လူမိုက်ကြီးပုဏ္ဏားဘထွန်း အိမ်ပေါ်က လုံးဝဆင်းမလာ။

ထိုကယ်တော့ ပုဏ္ဏားဘထွန်းနဲ့ ဖိုးတုတ် အသက်ချင်း၊ အရွယ်ချင်း ကွာလွန်းနေပြီ။ ဘယ်လောက်ပဲ မိုက်ခဲ့မိုက်ခဲ့ နွားအိုပေါင်ကျိုးနေပြီဖြစ်တဲ့ ပုဏ္ဏားအနေဖြင့် ဖိုးတုတ်နှင့် တစ်ယောက်ချင်းယှဉ်လို့ မဖြစ်နိုင်တော့မည်မှန်း သိသည်။ အိမ်ပေါ်က လုံးဝဆင်းမလာ။

အကြိမ်ကြိမ်စိန်ခေါ်ပြီး ဖိုးတုတ်က စကားတစ်ခွန်း ပြောသွားသည်။

"ခင်ဗျားက လူမိုက်ပုဏ္ဏား မဟုတ်တော့ဘူး၊ ဆန်တောင်းတဲ့ပုဏ္ဏား ဖြစ်သွားပြီ၊ ဖိုးတုတ် ဒီနေ့ကစပြီး လမ်းမတော်လူမိုက် ဖြစ်သွားပြီ"

တကယ့်ဝါရင့်လူမိုက်ကြီး ပုဏ္ဏားဘထွန်းကိုပင် အိမ်ရှေ့သွား စိန်ခေါ်သော ဖိုးတုတ်သတင်းက တခြားနယ်ပယ်ပိုင် လူမိုက်ကြီးတွေကြား ဂယက်ရိုက်သွားပါတော့တယ်။

အဲဒီလိုနဲ့ ရန်ကုန်လူမိုက်လောကမှာ လမ်းမတော်ဖိုးတုတ်က အချိန်တိုအတွင်း နေရာရခဲ့သူတစ်ယောက် ဖြစ်ခဲ့ပါတယ်။

## နယ်ချဲ့ ဖိုးတုတ်

အဲဒီခေတ်က ရန်ကုန်မြို့ ရပ်ကွက်အသီးသီးမှာ တစ်ဗိုလ်တစ်မင်း စိုးမိုးမင်းမူနေသည့် ရပ်ကွက်အပိုင်စား လူမိုက်များသာ ကြီးစိုးပါတယ်။ လူမိုက်အချင်းချင်း နယ်မကျော်ကြဘဲ နယ်ကျော်တဲ့ လူမိုက်တွေအတွက်လည်း ဇာတ်သိမ်းမကောင်းခဲ့တာ ထုံးစံလို ဖြစ်နေခဲ့ပါတယ်။

ဒါပေမဲ့ လမ်းမတော်ဖိုးတုတ်ကတော့ လမ်းမတော် တစ်ရပ်ကွက်တည်းမှာ ထိုင်ပြီး မင်းမူနေရုံနဲ့ ကျေနပ်နိုင်သူ မဟုတ်ပါဘူး။

ဖိုးတုတ် ပထမဆုံး မျက်စောင်းထိုးတာကတော့ ပန်းဆိုးတန်းလမ်းပါ။ ပန်းဆိုးတန်းလမ်းမှာက ဗိုလ်တထောင်၊ ကျောက်တံတားလူမိုက် မတ်စတီးခန်း ကြီးစိုးနေပါတယ်။ မတ်စတီးခန်းက သူ့လက်ရုံး မာမွတ်ကိစ္စ ပြီးကတည်းက ဖိုးတုတ်ကိုရှောင်ဖို့ သူ့တပည့်တွေကို မှာပါတယ်။

ဒါပေမဲ့ ဖိုးတုတ် ပန်းဆိုးတန်းကို ကိစ္စတစ်ခုနဲ့ သွားတဲ့ညမှာ မတ်စတီးခန်း တပည့်တစ်ယောက်က နယ်ကျော်လာတယ်ဆိုပြီး ဖိုးတုတ်ကို ရင့်ရင့်သီးသီး ပြောခဲ့တဲ့အတွက် အဲဒီလူမိုက်ဟာ ဖိုးတုတ်ဓားချက်နဲ့ အူပွင့်တဲ့အထိ အထိုးခံခဲ့ရပါတော့တယ်။

မတ်စတီးခန်းဟာ ဖိုးတုတ်နဲ့ တိုက်ရိုက်တွေ့မယ် ထင်ခဲ့ပေမယ့် သူ တကယ်ရင်ဆိုင်လိုက်ရတာက သူ့ဗိုလ်တထောင်နယ်ထဲက လူမိုက်ပေါက်စလေး ငမိုးပါပဲ။ မတ်စတီးခန်းရဲ့ တပည့်တွေ ကြီးစိုးနေတဲ့ ဗိုလ်တထောင်ဘုရားပွဲတော်ညတစ်ညမှာ ဗိုလ်တထောင်မြို့နယ်ထဲက ပျံကျပေတေနေတဲ့ ဆိုးသွမ်းလူငယ်လေးတစ်ယောက်က မတ်စတီးခန်းတပည့် ကုလားလူမိုက် ရှစ်ယောက်ကို ဓားနဲ့ဝင်ပိုင်းပါတယ်။ ကုလားလူမိုက် သုံးယောက် သေလုမြောပါး ဒဏ်ရာရသွားကြပြီး ကျန်တဲ့လူမိုက်တွေလည်း ခွေးပြေး ဝက်ပြေး ပြေးခဲ့ရပါတော့တယ်။

ဒီအချိန်ကစလို့ မတ်စတီးခန်းဟာ ပန်းဆိုးတန်းကို ဖိုးတုတ်လက်၊ ဗိုလ်တထောင်ကို ငမိုးလက် အပ်ပြီး လူမိုက်လောကကနေ တဖြည်းဖြည်းဆုတ်သွားပါတော့တယ်။

လမ်းမတော်ဖိုးတုတ်နဲ့ မရှေးမနှောင်းမှာပဲ ဓားရေးကြွယ်ပါတယ်ဆိုတဲ့ ဗိုလ်တထောင်ငမိုးရဲ့ နာမည်ဟာလည်း ရန်ကုန်လူမိုက်လောကမှာ တဖြည်းဖြည်း ကြီးမားလာပါတော့တယ်။

◆



www.burmeseclassic.com

www.burmeseclassic.com

### ဗိုလ်တထောင်ငမိုးရဲ့ ညှော်ဝတ်

ငမိုး ပခုံးချင်းယှဉ်လာပြီဆိုတာနဲ့ လမ်းမတော်ဖိုးတုတ်က သူ့ထုံးစံအတိုင်း ထိပ်တိုက်တွေ့ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။ ရန်ကုန်ရဲ့ ချမ်းစီးစီး ဒီဇင်ဘာမနက်ခင်း တစ်ခုမှာ သက္ကလတ်အင်္ကျီအထူစား အောက်မှာ ဓားရှည်တစ်ချောင်းကို လွယ်ပြီး ဘိုကလေးဈေး (ဘရုတ်ကင်းဈေး) လမ်းထဲကို ဝင်လာတဲ့ ဖိုးတုတ်ကို တွေ့ရပါတယ်။

ဖိုးတုတ်က ဗိုလ်တထောင်ငမိုးအိမ်ရှေ့ ရပ်လိုက်တယ်ဆိုရင်ပဲ ငမိုး ဘာလုပ်ရမှန်းမသိ ပြူးပြူးပြာပြာ ဖြစ်သွားပါတယ်။ ငမိုး ချက်ချင်း အိမ်ပေါ်က ပြေးဆင်းလာပြီး လာရင်းကိစ္စကို မေးပါတော့တယ်။ ဖိုးတုတ်က သက္ကလတ်အင်္ကျီကို ဆွဲချွတ်ပြီး ရင်ဘတ်ကို ကော့ပေးသည်။

"ငမိုး မင်း ဓားရေးထက်တယ်ဆိုလို့ ငါလာ အထိုးခံကြည့်တာ" ဟု အော်ကြီးဟစ်ကျယ် ပြောတော့သည်။ ငမိုးကလည်း လူနပ်၊ ပုဏ္ဏားလိုတော့ အရှက်ကွဲမခံနိုင်။ ဒီတော့ ဖိုးတုတ်ကို ပြုံးပြုံးပြရင်း -

"ဟာ- အစ်ကိုကြီးကလည်း မဟုတ်တာ၊ ဒီအကြောင်းတွေ မပြောပါနဲ့၊ ကျွန်တော်တို့ ဗမာညီအစ်ကိုချင်းကြားမှာ ဒါမျိုးတွေရှိသေးလားဗျာ၊ အစ်ကို တွေ့ချင်ရင် ခေါ်ခိုင်းလိုက်ပေါ့၊ တကူးတက ကျွန်တော့်ဆီ လာနေရတယ်လို့"

"အေး မင်းက ဗိုလ်တထောင်မှာ ဗိုလ်မထားဘူးဆိုလို့ ငါကလည်း ဗိုလ်လာလုပ်တာလေကွာ"

"ဟာ- အစ်ကိုကြီးရာ၊ ကျွန်တော့်ကို မကြိုက်တာရှိရင် ဆုံးမလို့ရပါတယ်၊ နာခံပါ့မယ်၊ ကျွန်တော် အစ်ကိုကြီးကို ညှော်ဝတ်ပြုပါရစေ"

ဖိုးတုတ် ဘာမှ မပြောတော့ပါ။ ဗိုလ်တထောင်ငမိုး ညှော်ဝတ်ပြုတာကိုလည်း လက်မခံ။ နယ်မြေချင်း စည်းမကျော်ဖို့သာ ပြောခဲ့ပြီး ပြန်လာခဲ့ပါတယ်။ အပြန်တွင်တော့ အလာတုန်းကလို မဟုတ်။ ဗိုလ်တထောင်ငမိုးပိုင် ရထားလုံးနှင့် ဖိုးတုတ်ကို အိမ်အရောက် လိုက်ပြန်ပို့ပေးပါတော့တယ်။

အဲဒီအချိန်ကစပြီး ဗိုလ်တထောင်ငမိုး သေဒဏ်ကျသွားတဲ့အချိန်အထိ ဖိုးတုတ်နဲ့ ငမိုးတို့ဟာ သံခင်း တမန်ခင်း ဆက်ဆံရေးနဲ့ ဘာပြဿနာမှ ထပ်မဖြစ်ကြတော့ပါဘူး။

### သူဌေး ဖိုးတုတ်

လမ်းမတော်ဖိုးတုတ်ဟာ အရင်လူမိုက်တွေလို ကိုယ့်နယ်မြေကျဉ်းကျဉ်းလေးထဲ မင်းမူနေတာ မဟုတ်တဲ့အတွက် ကြည့်မြင်တိုင်၊ ပုဇွန်တောင်၊ လသာ၊ ကမ်းနားလမ်း၊ သိမ်ကြီးဈေး လူမိုက်တွေကအစ ဖိုးတုတ်ရဲ့တပည့်အဖြစ် ဝင်ရောက်လာပြီး နယ်မြေဆိုင်ရာ ဆက်ကြေးတစ်ပုံကို လမ်းမတော်ဖိုးတုတ်ထံ သွင်းကြရပါတော့တယ်။

ရန်ကုန်မြို့ထဲက ဘိန်းခန်းများ၊ ဇိမ်ခန်းများ၊ ဟိုတယ်များ၊ ပျော်ပွဲစားရုံကြီးများမှအစ သိမ်ကြီးဈေး၊ သံဈေးရှိ အရောင်းအဝယ်ဒိုင်ကြီးများ၊ လောင်းကစားဝိုင်းများ၊ ကြည့်မြင်တိုင် စက်ဆန်း ပြေးဆွဲသော ဘတ်စ်ကားလိုင်းတွေ၊ ဂိတ်ထိုးသည့် တက္ကစီကားများအဆုံး လစဉ်ဆက်ကြေးများအား ဖိုးတုတ်ထံ ပေးသွင်းရတော့သည်။

လမ်းမတော်ဖိုးတုတ် ဝင်ငွေက တစ်လလျှင် ၃၀၀၀ နီးပါးရှိသည်ဟု ခန့်မှန်းကြသလို ဖယ်မလီယာကား နှစ်စီးနှင့် မော်တော်တစ်စီး ပိုင်သည်အထိ ကြွယ်ဝချမ်းသာလာခဲ့တော့သည်။

လမ်းမတော်ဖိုးတုတ်က ရာဇဝတ်မှုများ လိုက်ရာတွင် နာမည်ကြီးသော ရှေ့နေကြီး ပန်ကာအေးကိုလို လူကိုပင် ဥပဒေအကြံပေးအဖြစ် လစာပေး ငှားထားလိုက်သေးသည်။

နာမည်ကြီးလာသည်နှင့်အမျှ အပေါင်းအသင်းများ လာသည်။ ဗိုလ်အောင်ဒင် ရုပ်ရှင်မင်းသား ခင်မောင်ရင်၊ ဇာတ်မင်းသား ရွှေကျီးညိုတို့ ဖိုးတုတ်နှင့် တတွဲတွဲဖြစ်လာသည်။ နိုင်ငံရေးလောကမှ အမတ်များနှင့် တစ်စားပွဲတည်း ထိုင်သောက်နိုင်သည်အထိ ဖိုးတုတ်ပါဝါက ကြီးမားခဲ့သည်။

### အချစ်လူကြမ်း ဖိုးတုတ်

လူမိုက်ဆိုတာ ချိုနဲ့လားဆိုသော ဆိုရိုးစကားရှိပါတယ်။ ဖိုးတုတ်က ချိုနဲ့လူမိုက်- မဟုတ်ပေမယ့် နှလုံးသားနဲ့လူမိုက်ပါ။ ဖိုးတုတ် နှလုံးသားကို ညို့ငင်ဖမ်းစားထားတာက လမ်းမတော်သူ တရုတ်ကပြား မသင်းမြ။

မသင်းမြက အဖေ မရှိတော့။ အမေနဲ့အဒေါ်က လမ်းမတော် ၂၄ လမ်း ကွမ်းဈေးတန်းတွင် ဈေးရောင်းတဲ့သူတွေ။ ဖိုးတုတ်အမေနဲ့ မသင်းမြအမေက ဥပုသ်စောင့် ဘုရားသွားအတူတူ လူရင်းတွေ။ ငွေရေးကြေးရေး တောင့်တင်းပြီး ဖိုးတုတ်အမေ ဒေါ်ချစ်ပု ငွေလိုလျှင် မသင်းမြတို့ မိဘတွေက ထောက်ပံ့နေကျ။

မသင်းမြကို ဖိုးတုတ် ကြိုက်တယ်။ ဒါပေမဲ့ ဖွင့်မပြောရဲခဲ့။ မသင်းမြရှေ့ ရောက်လျှင်ပင် လူမိုက်ကြီးက ရဲရဲဝံ့ဝံ့ စကားမပြောရဲရှာ။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ တပည့်အရင်းတွေ၊ အပေါင်းအသင်းအရင်းတွေနဲ့ အတူတူသောက်ကြတဲ့ အရက်ဝိုင်းမှာတော့ ဖိုးတုတ်ကြီးရဲ့ ရင်တွင်းဝေဒနာတွေက အန်အန်ထွက်လာတတ်လို့ ဖိုးတုတ်ရင်တွင်းက အချစ်ဓာတ်တွေကို သူ့ညီ ဘသိန်းနဲ့ တပည့်ရင်းတွေဖြစ်တဲ့ လသာလူမိုက် စံဘသောင်း၊ ရီ (ခေါ်) ဂုန္နမာ ဆောင်းရင်၊ ကမ်းနားလမ်း အုန်းဖေ၊ လွှစ္စလမ်း ငညွန့်၊ တာမွေ အောင်ဘ၊ လက်ကောက် ချန်ထွန်းတို့က အူမချေးခါး မကြားချင်မှအဆုံး သိထားပြီးသား။

မသင်းမြက ဘာသာတရားရဲ့ အရိပ်အောက်မှာ ကြီးပြင်းလာခဲ့တဲ့ မိန်းကလေးပီပီ ဖိုးတုတ်လို နာမည်ကြီးလူမိုက်ကို ဝေးဝေးရှောင်ပါတယ်။

ဒါပေမဲ့ မသင်းမြက ဖိုးတုတ်ညီ ကိုဘသိန်းနဲ့တော့ တော်တော်ရင်းနှီးပါတယ်တဲ့။ ဈေးထဲမှာ မသင်းမြကလည်း မဟုတ်မခံ ဆတ်ဆတ်ကြဲဆိုတော့ ဘသိန်းက သူ့အစ်ကိုနဲ့ စိတ်ချင်းတူသယ်ဆိုပြီး မသင်းမြကို သူ့အစ်ကို ဖိုးတုတ်နဲ့ ကျိတ်သဘောတူနေပါတယ်။

ဖြစ်ချင်တော့ အဲဒီနေ့က မသင်းမြ ဈေးရောင်းတဲ့နေရာကို ဘသိန်းရောက်လာပြီး ကိုဖိုးတုတ်က မသင်းမြကို ချစ်ကြောင်း ကြိုက်ကြောင်း အောင်သွယ်ပြောပါတော့တယ်။ အဲဒီမှာ မသင်းမြက ဘသိန်းကို ဓားနဲ့ကောက်ထုလိုက်ပါလေရောလား။ နဖူး အာလူးသီးကြီးကိုအုပ်ပြီး အောင်သွယ်တော် ဘသိန်းက စပ်ဖြဲဖြဲနဲ့ နောက်ကြောင်းပြန်လှည့် ပြေးလာခဲ့ပါတယ်။

အဲဒီညက လမ်းမတော်ဖိုးတုတ်နှင့် တွဲဖက် ရုပ်ရှင်မင်းသား ခင်မောင်ရင်၊ ဇာတ်မင်းသား ရွှေကျီးညို၊ ရုပ်ရှင်မင်းသား ကျော်စိုးတို့ နန်းသီတာဆိပ်ကမ်းက သင်္ဘောတစ်စင်းပေါ်မှာ လေညင်းခံရင်း အရက်သောက်ခဲ့ရာမှ အမူးလွန်သွားခဲ့ပါတယ်။ ခင်မောင်ရင်ကားနဲ့ ဖိုးတုတ်ကို အိမ်အထိ လိုက်ပို့ကြပြီး သူငယ်ချင်းတွေ ပြန်သွားကြတော့ ဖိုးတုတ် အိပ်ပျော်သွားပါတယ်။

မနက်မိုးလင်းတော့ အခန်းတံခါး ခေါက်သံကြောင့် ဖိုးတုတ်တံခါးကို ဆွဲဖွင့်လိုက်တော့ သူ့ညီဘသိန်းနဲ့ တပည့်တွေက မိန်းမတစ်ယောက်ကို အတင်းဆွဲခေါ်လာပြီး ဖိုးတုတ်အခန်းထဲ အတင်းတွန်းပို့တော့ပါလေရော။

"ဟေ့ကောင်တွေ ဒါ ဘာလုပ်တာလဲ"

"အစ်ကိုပဲ ညက မသင်းမြကို မရရင် သေတော့မယ်ဆို၊ အဲဒါနဲ့ ကျုပ်တို့ စီမံလာပေးတာ"

ဘသိန်းက ပြောပြောဆိုဆိုနှင့် တံခါးကို ဆွဲပိတ်လိုက်ပြီး အပြင်က သော့ခတ်လိုက်ပါတော့တယ်။ ဖိုးတုတ် တပည့်တွေကို ဒေါသထွက်သလို မသင်းမြကို အားနာနေသည်။ မသင်းမြ ငိုယိုနေတာ မြင်ရတော့ သူ့ စိတ်မကောင်း။ ပြီးတော့ မသင်းမြ အမေတွေက သူ့အမေရဲ့ ကျေးဇူးရှင်တွေ။ အခုတော့ ဘသိန်းနဲ့ တပည့်တွေကြောင့် အမေ မျက်နှာပျက်ရတော့မည်။ မသင်းမြက ဖိုးတုတ်ကို ဆဲသည်။ ဖိုးတုတ်က ရှင်းပြသည်။

တကယ်တော့ ဘသိန်းနှင့် တပည့်များက မသင်းမြ အိမ်ကနေ ဈေးကိုအထွက်မှာ ကားပေါ်တင် ဆွဲလာခဲ့ခြင်းတဲ့။ ရန်ကုန်တစ်မြို့လုံး လွှမ်းမိုးနေသည့် ဖိုးတုတ်။ ဒူစရိုက်သမားတိုင်း ဦးညွှတ်ရသော ဖိုးတုတ်။ အသက်အရွယ်နှင့် ဥစ္စာပစ္စည်းရှိသော သူဌေးလေး ဖိုးတုတ်။ သေရဲ သတ်ရဲ ရိုက်ရဲ လူမိုက်ကြီး ဖိုးတုတ်။ အခုတော့ မသင်းမြကို တောင်းပန်စကားတွေ တတွတ်တွတ် ဆိုနေရှာသည်။

မသင်းမြကလည်း လူမိုက်တွေ ပေါများလှသည့် ရန်ကုန်မြို့ကြီးတွင် မိန်းမသားတွေချည်း ဈေးရောင်းစားနေရသည့် ဘဝက မလုံခြုံ။ ဖိုးတုတ်နှင့်ပတ်သက်မိလျှင် မိမိဘအသိုင်းအဝိုင်း အားလုံးကို ဘယ်သူမှ မတို့ရဲ မထိရဲသည့် လုံခြုံမှု ရလာနိုင်သည်ကို တွေးမိသွားတယ် ထင်ပါရဲ့။ အဲဒီအခန်းလေးထဲမှာ ဖိုးတုတ်လူပျိုဘဝ တစ်စခန်း သိမ်းသွားတော့သည်။

## ဖိုးတုတ်အတု (သို့) လမ်း ၃၀ ဖိုးတုတ်

မင်္ဂလာဆောင်ခါနီး ပျော်ရွှင်နေသော လမ်းမတော်ဖိုးတုတ် ဒေါသထွက်နေပါတယ်။ သားလုပ်သမျှ ချီးသည်၊ ခါးသည် မပြောဖူးသော မိခင်ကြီး ဒေါ်ချစ်ပုက အခု နာနာကြည်းကြည်းနှင့် လာပြောသွားသည့် စကားက ဖိုးတုတ်ကို ယမ်းပုံမီးကျစေပါတော့တယ်။

"ဖိုးတုတ် နင် လူမိုက်ရုံတင် မကတော့ဘူး၊ လူလိမ်လူယုတ်မာ ဖြစ်နေပြီ၊ ငါတို့ ဈေးရောင်းစားလာတာ တစ်သက်လုံး သူတစ်ပါးပစ္စည်းကို မလိမ်မညာခဲ့ဘူး၊ နင့်ကျမှ တစ်ဈေးလုံး ဟိုးဟိုးကျော် ကလိမ်ဖိုးတုတ် ဖြစ်နေပါလားဟဲ့" တဲ့။

တပည့်တွေကို စုံစမ်းခိုင်းကြည့်တော့ ဟုတ်သည်။ သိမ်ကြီးဈေးနဲ့ လသာတစ်ဝိုက်မှာ ဖိုးတုတ်ဆိုတဲ့ နာမည်နဲ့ ကုန်တွေမှာပြီး နယ်ပို့သတဲ့။ ပြီးတော့ ကုန်သည်တွေကို ပိုက်ဆံ

www.burmeseclassic.com

မရှင်းဘဲ ပြောင်လိမ်သည်။ ကုန်သည်တွေခများလည်း ဖိုးတုတ် ဆိုသည့် နာမည်ကြားသည်နှင့်ပင် သွားမတောင်းရဲတော့ချေ။

ဖိုးတုတ် စားဆွဲပြီး ဆင်းလာခဲ့သည်။ အဲဒီဖိုးတုတ်က ဘယ်သူလဲ။ ကြာကြာ မစုံစမ်းရ၊ လမ်းမတော်ဖိုးတုတ်တော့ မဟုတ်၊ လမ်း ၃၀ ဖိုးတုတ်တဲ့။ ပွဲစားဖိုးတုတ်လို့လည်း ခေါ် သတဲ့။

လမ်းမတော်ဖိုးတုတ်တစ်ယောက် လမ်း ၃၀ ဖိုးတုတ် ကြောင့် ဒေါသထွက်ရပြီ။ မကြာမီ ဖိုးတုတ်တပည့်တွေ လက် ထဲမှာ ယက်ကန်ယက်ကန်နဲ့ မူးနေတဲ့လူတစ်ယောက် ပါလာ ပါတော့တယ်။ လမ်းမတော်ဖိုးတုတ်ကို အထင်သေးသည့် အမူအယာဖြင့် လမ်း ၃၀ ဖိုးတုတ်က ကြည့်လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ၊ ကျုပ်ကို ဘယ်သူမှတ်လို့ ဒီလို ခေါ်လာတာလဲ၊ သေချင်လို့လား"

လမ်း၃၀က ဟောက်သည်၊ လမ်းမတော်က ရယ် သည်။

"ကျုပ်နာမည် ဖိုးတုတ်ဗျ၊ ဖိုးတုတ်၊ ခင်ဗျား ကြားဖူး တယ်ဟုတ်လား"

လမ်း ၃၀က ထပ်ဟောက်သည်။

"အေး၊ မင်းက ဖိုးတုတ်ဆို ရော့"

လမ်းမတော်ဖိုးတုတ် ကိုင်နေကျ မူလီခေါင်းတပ်ကြိမ် လုံးက လမ်း၃၀ဖိုးတုတ် မျက်နှာပေါ် ကန့်လန့်ဖြတ်ကျသွား သည်။ လမ်း၃၀ဖိုးတုတ် ခွေသွားသည်။

"ခင်ဗျား ဘယ်သူလဲ၊ ကျုပ်အကြောင်း မသိသေးဘူး ထင်တယ်"

"အေး၊ မင်း ငါ့ကို သိကွာချတယ်၊ လူလိမ် ခွေး"

"ကျုပ်အလုပ် ကျုပ်လုပ်တာ၊ ခင်ဗျားကို ဘာသိက္ခာ ချနေလို့လဲ"

လမ်း၃၀ဖိုးတုတ်ကလည်း ပြန်ခံပက်သည်။

"ငါ လမ်းမတော်ဖိုးတုတ်ကွ"

ဒီတော့မှ လမ်း၃၀ဖိုးတုတ် ခေါင်းနားပန်းကြီးသွား ပါတော့တယ်။ သွားပြီ သူ့ဘဝ။

"မင်းလိမ်ထားတာတွေ သုံးရက်အတွင်း ပြန်ပေး၊ မပေး ရင်. . ."

လမ်းမတော်ဖိုးတုတ် စကားမဆုံးလိုက်သလို လမ်း၃၀ ဖိုးတုတ်လည်း စကားပြောခွင့် မရလိုက်ပါ။ မူလီခေါင်းတပ် ကြိမ်လုံးက လမ်း၃၀ဖိုးတုတ် ခေါင်းပေါ် အချက်ပေါင်းများစွာ ကျရောက်လာပါတော့တယ်။

သုံးရက်မြောက်နေ့တွင် လမ်း ၃၀ ဖိုးတုတ်သည် သူ့အိမ်ကို ရောင်းချပြီး အကြွေးများ ချေသွားပါတော့တယ်။

ဖိုးတုတ်ကို နိုင်တဲ့သူ ပေါ်ပြီ

လမ်းမတော်ဖိုးတုတ် မသင်းမြနဲ့ မင်္ဂလာဆောင်အပြီး မှာတော့ ဖိုးတုတ်ကို နိုင်တဲ့သူ ပေါ်လာခဲ့ပါပြီ။ ဟုတ်ပါတယ်။ သူကတော့ ဖိုးတုတ်ရဲ့ ချစ်လှစွာသော ဇနီး မသင်းမြပါပဲ။ အိမ်ပေါ်တွင် အရင်လို တပည့်တွေ၊ ဘော်ဒါတွေနှင့် အရက် ဝိုင်းဖွဲ့ မသောက်ရ။ တခြားမိန်းမတွေ မခေါ်တင်ရ။ ဝက်သား မစားရ။ လူမိုက်ကြီး လမ်းမတော်ဖိုးတုတ် ဒီဥပဒေတွေကို နာခံရသည်။

လမ်းမတော်ဖိုးတုတ်ကို ပြောချင်ဆိုချင်သည့် ကိစ္စ များအတွက် မသင်းမြကို သွားကပ်ရတဲ့သူတွေတောင် ရှိလာ ပါတော့တယ်။

တစ်ခါတော့ လမ်းမတော်ဖိုးတုတ်နှင့် လမ်းမတော် အင်စပက်တော်တစ်ဦးတို့ လသာလမ်းရှိ တရုတ်ထမင်းဆိုင် တစ်ခုတွင် သွားစားကြပါတယ်။ ဖိုးတုတ်တို့က မှာင်းရည် ထပ်တောင်းသည့်အခါ ဆိုင်ရှင်နှင့် စကားများကြပါတယ်။ ဆိုင်ရှင်တရုတ်ကလည်း လမ်းမတော်ဖိုးတုတ်မှန်း မသိပါဘူး။ လမ်းမတော်ဖိုးတုတ်က ငွေရှင်းဖို့ တရုတ်ထမင်းဆိုင်ရှင်ရှိရာ ကောင်တာကို လှမ်းခေါ်တဲ့အခါ ဆိုင်ပိုင်ရှင်တရုတ်က - 'အလုပ်သမားရှိတယ်၊ ငါဆိုင်ရှင်ကွ၊ မင်း ဘာကောင်လဲ' ဆိုပြီး ရင့်ရင့်သီးသီး ပြောလာပါတော့တယ်။

ဖိုးတုတ်က ကောင်တာကို ထသွားပြီး ဆိုင်ရှင်မျက်နှာ ကို လက်သီးနဲ့ထိုးလိုက်ပါတယ်။ အဲဒီမှာ ဆိုင်ရှင်တရုတ်က လည်း တုတ်နဲ့ရိုက်ရန် ပြေးထွက်လာပါတော့တယ်။ ဖိုးတုတ် က ခါးကြားက ဓားကိုထုတ်လိုက်ပေမယ့် အတူပါလာတဲ့ ပုလိပ်အရာရှိက ဆွဲခေါ်သွားလို့ လှည့်ပြန်ခဲ့ပါတယ်။

ဆိုင်ပိုင်ရှင်လည်း နောက်ပိုင်းမှ လမ်းမတော်ဖိုးတုတ် မှန်း သိလို့ တော်တော်ထိတ်လန့်သွားပါတယ်။ ဒါပေမယ့် နောက်ကျသွားပါပြီ။ သူတို့ဆရာကို မလေးမစား လုပ်ရ ကောင်းလားဆိုပြီး ဒီကိစ္စကို သိသွားတဲ့ ဖိုးတုတ်တပည့်တွေက ဒေါသပုန်ထကြပါတယ်။ အထူးသဖြင့် လသာလူမိုက် စံဘ သောင်းရဲ (ခေါ်) ဂန္ဓမာဆောင်းရှင်းပါ။ သူနယ်မြေထဲမှာ သူ့ဆရာဖိုးတုတ် မလေးမစား လုပ်ခံရသည် ဆိုကတည်းက သောင်းရဲ ဒေါသ အလိပ်လိုက် ထွက်လာပါတော့တယ်။ ပြီးတော့ ကိုဖိုးတုတ် သူ့ကိုငြိုးမည်ကို သူကြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ နောက်တစ်နေ့မှာပဲ စံဘသောင်းရိုတို့အုပ်စု တရုတ်ထမင်းဆိုင်ကို ဝင်ရောက် ဖျက်ဆီးပါတော့တယ်။ ဆိုင်ပိုင်ရှင်တရုတ်ကိုလည်း ကြေးအိုးပြုတ်သည့်အိုးထဲ လက်ထည့်နှစ်သည်အထိ လုပ်ခဲ့ကြသည်။ လူမိုက်တို့၏ နှိပ်စက်မှုကြောင့် ဆိုင်ရှင်တရုတ် ရန်ကုန်ဆေးရုံကြီး တင်လိုက်ရပါတော့တယ်။

အင်္ဂလိပ်အစိုးရပိုင်းအထိ ပေါက်နေသော ဆိုင်ရှင်တရုတ်၏ ဆွေမျိုးများက ဖိုးတုတ်၏ဇနီး မသင်းမြထံ လာရောက်ပြီး ဖိုးတုတ်အား ကူညီထိန်းသိမ်းပေးရန် လာရောက်အသနားခံသွားကြပါတယ်။

မသင်းမြနှင့် ဖိုးတုတ် ရန်ဖြစ်ကြသည်။ နောက်ဆုံး ကွဲမည် ကွာမည်အထိ ဖြစ်လာတော့ ဖိုးတုတ်ညီ ဖူးစာရှင် ဘသိန်းက ဖိုးတုတ်လေးစားရတဲ့ ငယ်ဆရာကြီးများဖြစ်တဲ့ ဦးဆင်၊ ဦးသင်၊ ဦးအောင်ဒွန်း၊ လမ်းမတော် ဘုံကျောင်းဆရာတော်မျိုးရှူးတို့ကို သွားခေါ် ရပါတော့တယ်။ လူကြီးတွေ ဆုံးမတော့ ဖိုးတုတ် နာခံရှာသည်။ အထူးသဖြင့် 'လူမိုက်မယားသောကများ' ဆိုသည့်စကားကို ဖိုးတုတ် နာခဲ့သည်။

မသင်းမြကို တောင်းပန်တော့ မသင်းမြက လမ်းမတော် ဖိုးတုတ်ကို ဘာသာရေးကိစ္စဘက် အားစိုက်ရန် တိုက်တွန်းတော့သည်။ လူမိုက်ကြီးဖိုးတုတ် ကျွတ်တမ်းဝင်မည်လား။

### ဆိပ်ကမ်းအဓိကရုဏ်း

၁၉၃၈ ခုနှစ် ရန်ကုန်ဆိပ်ကမ်းတွင် အိန္ဒိယကူလီများ လုပ်ခတိုးပေးရေး သပိတ်မှောက်ကြသည်။ ထိုခေတ်က ရန်ကုန်ဆိပ်ကမ်းတွင် ဗမာလူမျိုး ကူလီများ အလုပ်လုပ်ခွင့်မရကြ။ ကူလီခေါင်း နာရရမ်းဆင်က ဆိပ်ကမ်းအာဏာပိုင်များနှင့်ပေါင်းပြီး ကြီးစိုးထားပါတယ်။ အိန္ဒိယကူလီတွေ သပိတ်မှောက်လိုက်တဲ့အတွက် ရန်ကုန်ဆိပ်ကမ်း လုပ်ငန်းရှင်တွေအတွက် အကြီးအကျယ် ဂယက်ရိုက်စရာ ဖြစ်လာပါတော့တယ်။ နဂိုကတည်းက နရရမ်းဆင်ကို အငြိုးတိုက်ဖို့ ကြံရွယ်ထားတဲ့ ဖိုးတုတ်အတွက်တော့ အခွင့်အရေး ဖြစ်လာခဲ့ပါတော့တယ်။

လမ်းမတော်ဖိုးတုတ်က သူ့တပည့်တွေကို စုဝေးပြီး ရန်ကုန်မြို့ထဲ ကူလီလုပ်ချင်တဲ့ မြန်မာလူမျိုး အလုပ်လက်မဲ့တွေကို စုဝေးစေခဲ့ပါတယ်။ ပြီးတော့ ဆိပ်ကမ်းအာဏာပိုင်နဲ့ သွားရောက်တွေ့ဆုံပြီး သပိတ်မှောက်နေတဲ့ ကူလီတွေအစား ဗမာကူလီတွေက အလုပ်ဝင်နိုင်ကြောင်း သွားရောက်ညှိနှိုင်းပါတော့တယ်။ ဆိပ်ကမ်းအာဏာပိုင်နဲ့ ကုန်သည်ကြီးတွေက ဝမ်းသာအားရ သဘောတူပြီး ဗမာကူလီတွေကို ချက်ချင်း အလုပ်ဆင်းခိုင်းပါတော့တယ်။

ဒီလိုနဲ့ ကြာကြာသပိတ်မှောက်မနေနိုင်တော့တဲ့ အိန္ဒိယကူလီတွေက သပိတ်လှန်ပြီး လုပ်ငန်းပြန်ဝင်တဲ့အခါ ဗမာကူလီတွေနဲ့ ထိပ်တိုက်တွေ့ပါတော့တယ်။ အဲဒီဂယက်ကစပြီး မြန်မာပြည်အနှံ့ ကုလား ဗမာ ရိုက်ပွဲတွေ ဖြစ်ကုန်ပါတော့တယ်။

အလုပ်ရဖို့ ကူညီပေးခဲ့တဲ့ လမ်းမတော်ဖိုးတုတ်ကို ဗမာကူလီတွေက တစ်နေ့ကို ငွေ ၃၀၀ ကျပ် နေ့စဉ်ပေးနေရတဲ့ အချိန်ပါ။ ကျေးဇူးခံ ကျေးဇူးစားဆိုတဲ့အလျောက် ဖိုးတုတ်နဲ့ သူ့တပည့်လူမိုက်တွေ ကုလား ဗမာ အဓိကရုဏ်းထဲ ပါဝင်လာခဲ့သည်။

### မစ္စတာစတော့ဘရောင်းနှင့် See you next time

ကုလား ဗမာ အရေးအခင်းပြီးခါစ ၁၉၃၈ နှောင်းပိုင်းမှာ သာယာဝတီဒိစတြိတ်မှ နာမည်ကျော် ရာဇဝတ်ဝန် (ယခုခေတ် ခရိုင်ရဲမှူးအဆင့်) ရှိ အင်္ဂလိပ်အိုင်းရစ်လူမျိုး မစ္စတာစကော့ဘရောင်းသည် ရန်ကုန်အနောက်ပိုင်း ရာဇဝတ်ဝန်အဖြစ် ပြောင်းရွှေ့လာပါတော့တယ်။ ဘရောင်းသခင်လို့ခေါ်ကြတဲ့ ရာဇဝတ်ဝန်ဟာ အင်မတန်မှ လူဆိုးလူမိုက်ပေါများခဲ့တဲ့ သာယာဝတီဒိစတြိတ်မှာ အရက်စက်ဆုံးလို့ နာမည်ကြီးခဲ့သူပါ။ ဆရာစံအရေးအခင်းကာလ ဖားရွှေကျော်တိုက်ပွဲအပြီးမှာ လယ်သမားခေါင်းတွေကို ကိုယ်တိုင်ဖြတ်ခဲ့သူလို့လည်း ကျော်စောပါတယ်။

တစ်ညမှာတော့ ရာဇဝတ်ဝန် မစ္စတာဘရောင်းနှင့် လမ်းမတော်ဌာနအုပ် ကိုခင်မောင်တို့ လမ်းမတော်မြို့နယ်အတွင်း နယ်မြေအခြေအနေ လှည့်လည်ကြည့်ရှုနေချိန် ဖိုးတုတ်တို့အဖွဲ့နဲ့ တိုးပါတော့တယ်။ ကုလား ဗမာ အရေးအခင်း ပြီးခါစဖြစ်သည့်အတွက် လမ်းမတော်ရပ်ကွက် ငြိမ်ဝပ်ရေးအတွက် ဖိုးတုတ်နဲ့သူ့တပည့်တွေက ဘုန်းကြီးလမ်းထိပ်မှာ ကြက်ကာလသားဟင်းချက် အရက်ဝိုင်းဖွဲ့ရင်း ကင်းစောင့်ပေးနေကြပါတယ်။

မစ္စတာဘရောင်းက ကားကိုရပ်လိုက်ပြီး အချိန်မတော် ဘာတွေလုပ်နေတာလဲလို့ မေးပါတယ်။ ဖိုးတုတ်က ကင်းစောင့်ပေးနေတာဖြစ်ကြောင်း ပြန်ဖြေတော့ 'ဒါ နင်တို့



www.burmeseclassic.com

www.burmeseclassic.com

အလုပ်မဟုတ်ဘူး၊ ငါတို့အလုပ်' ဟုပြောပြီး ကင်းသမားတွေ ချက်စားနေတဲ့ဟင်းအိုးနဲ့ ထမင်းပန်းကန်တွေကို ဆောင့်ကန်သွားပါတော့တယ်။ ပြီးတော့ ဖိုးတုတ်ရင်ဘတ်ကို ဆောင့်ဆွဲပြီး "See you next time" နောက်တစ်နေ့ ပြန်ဆုံမယ်လို့ ပြောသွားပါတယ်။ လမ်းမတော်ဌာနအုပ် ကိုခင်မောင်ကတော့ လမ်းမတော်ဖိုးတုတ်နဲ့ ရင်းနှီးသူဖြစ်တဲ့အတွက် အားနာနေရှာပါတယ်။

နောက် ငါးရက်ခန့်အကြာမှာတော့ တာမွေမြင်းပြိုင်ကွင်းအတွင်းသို့ ကားအနက်တစ်စီး ထိုးဝင်လာသည်။ အချိန်ကား ည ၁၀ နာရီ။ ကားပေါ်တွင်တော့ အရပ် ၅ ပေ ၁၀ လက်မခန့်ရှိ အနောက်ပိုင်းရာဇဝတ်ဝန် မစ္စတာစကော့ဘရောင်းနှင့် ပုလိပ်သားနှစ်ယောက်၊ ပုလိပ်သားနှစ်ယောက်ကြားမှာ လမ်းမတော်ဖိုးတုတ် ပါလာပါသည်။ ကားကို ထိုးရပ်လိုက်သည်နှင့် မစ္စတာဘရောင်းက လမ်းမတော်ဖိုးတုတ်ကို ကားပေါ်မှ ဆွဲချပြီး အဆဲမျိုးစုံဆဲကာ ထိုးကြိတ်ကန်ကျောက်ပါတော့တယ်။

အတူပါလာတဲ့ ဌာနအုပ်ကိုခင်မောင်နဲ့ ပုလိပ်သားနှစ်ယောက်က လမ်းမတော်ဖိုးတုတ်အကြောင်း သိသဖြင့် ဘာမှဝင်မလုပ်ရဲကြ။ မစ္စတာဘရောင်း လုပ်သမျှ ဖိုးတုတ်က ခံနေသည်။ လဲကျသွားသော ဖိုးတုတ်အပေါ်မှ တက်ခွကာ ဖိုးတုတ်၏ နှုတ်ခမ်းမွေးများကို ဆွဲနုတ်ရာ ဖိုးတုတ်နှုတ်ခမ်းမှ သွေးများပါ ထွက်လာပါတော့တယ်။ ဖိုးတုတ်နှင့် ခင်မင်သူ ဌာနအုပ် ကိုခင်မောင်က ဒီကိစ္စကို လုံးဝမကျေနပ်။ ဒါပေမဲ့ အထက်အရာရှိ မျက်နှာဖြူဖြစ်နေပြန်တော့ စိတ်မကောင်းရုံမှ တစ်ပါး ဘာမှမတတ်နိုင်။

နောက် သုံးရက်ခန့် အကြာမှာတော့ ည ၉ နာရီခန့် ဘုရင်ခံအိမ်တော်မှ ကင်းစစ်ပြီး ခြောက်မိုင်ရှိ နေအိမ်သို့ ပြန်လာသည့် ရာဇဝတ်ဝန် မစ္စတာဘရောင်း၏ ကားရှေ့တွင် လူသုံးယောက်က ပိတ်ရပ်လိုက်ကြသည်။ မစ္စတာဘရောင်းက ကားပေါ်က ဆင်းရန် ပြင်လိုက်စဉ်တွင်ပင် ထိုလူသုံးယောက်က ပြေးလာပြီး ဓားတိုတုတ်များဖြင့် ဝိုင်းရိုက်ကြပါတော့တယ်။ သွေးအလူးလူးဖြစ်နေတဲ့ မစ္စတာဘရောင်း လမ်းမပေါ်မှာပဲ သတိလစ်သွားပါတော့တယ်။

မစ္စတာဘရောင်းကိစ္စတွင် ပုလိပ်ဌာနမှ လမ်းမတော်ဖိုးတုတ်ကို ခေါ်ယူစစ်ဆေးခဲ့သော်လည်း ထိုညတွင် ဖိုးတုတ်သည် လမ်းမတော်မြို့နယ် အမတ်တစ်ဦးနှင့်အတူ ကမ်းနားလမ်းတွင် ရှိနေကြောင်း အလီဘိုင်ပြနိုင်ခဲ့သည်။

အဆိုပါပြဿနာ ဖြစ်ပွားပြီး သိပ်မကြာခင်မှာပဲ မစ္စတာဘရောင်း ယောနယ်သို့ ပြောင်းရွှေ့သွားရပါတော့တယ်။ ရန်ကုန် လူမိုက်လောကမှာတော့ ဖိုးတုတ်ဟာ ပြည်ထဲရေးအတွင်းဝန်အထိ ပေါက်ရောက်တယ်လို့ သတင်းကြီး ကျန်ခဲ့လေရဲ့။

## ဖိုးတုတ်နှင့် ့လွတ်လပ်ရေးအတွက် တစ်ထောင့်တစ်နေရာ

ဖိုးတုတ် အစ်မဝမ်းကွဲ မမြရီက သတင်းစကားတစ်ခု ပါးလာပါတယ်။ သခင်အောင်ဆန်းတို့ ဂျပန်ပြည်မှာ စစ်ပညာသင်ပြီး ပြန်အလာ ယိုးဒယားမှာ စရိတ်ပြတ်ပြီး ဝမ်းတွေလျှော နေကြတယ်။ မကြာခင် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့မယ်။ အဲဒီအတွက် ငွေလိုနေတယ်။ တို့ဗမာအစည်းအရုံးက သခင်တွေ မမြရီတို့အိမ်မှာ အလှူခံရင်း လာတည်းနေတယ်တဲ့။

ဖိုးတုတ် ချက်ချင်းပဲ မမြရီတို့အိမ်လိုက်ရင်း သခင်တွေနှင့်တွေ့ပြီး ငွေ ၅၀၀၀ လှူလိုက်သည်။ ထိုခေတ်က ငွေ ၅၀၀၀ က အမတ်တစ်ဦး၏ လစာနှင့်ညီမျှသည်။ နောက်ထပ်လည်း ရန်ပုံငွေလိုအပ်ပါက မမြရီကတစ်ဆင့် ဆက်သွယ်ဖို့ သခင်တွေကို အထပ်ထပ် မှာခဲ့ပါတယ်။ တကယ်လည်း ငွေကြေးတွေ လှူဒါန်းခဲ့ပါတယ်။

သခင်တွေကတော့ တို့ဗမာအစည်းအရုံးအတွက်၊ ရဲဘော်သုံးကျိပ်အတွက် ငွေသောင်းဂဏန်းအထိ လှူဒါန်းခဲ့သူမှာ နာမည်ကျော်လူမိုက်ကြီး လမ်းမတော်ဖိုးတုတ်ဆိုတာ သိရတဲ့အခါမှာတော့ ပါးစပ်အဟောင်းသား ကျန်ခဲ့ပါတော့တယ်။

## ဖိုးတုတ်နှင့် လူမှားတဲ့ခေး

လမ်းမတော်ဖိုးတုတ်ထက် စီနီယာကျခဲ့ပေမယ့် နောက်ပိုင်း လမ်းမတော်ဖိုးတုတ်ရဲ့ တပည့်ဖြစ်ခဲ့ရတဲ့ ကြည့်မြင်တိုင်လူမိုက် ကြက်ကျား အသတ်ခံရပါတယ်။ တစ်ပတ်အကြာမှာပဲ ကြည့်မြင်တိုင် စက်ဆန်းရပ်ကွက်က ပြည့်တန်ဆာအိမ်တစ်ခုမှာ ဖိုးတုတ်ရဲ့ အချစ်ဆုံးတပည့်တွေ ထဲပါတဲ့ ကမ်းနားလမ်းညွန့် အသတ်ခံရပါတယ်။ ပုလိပ်က တရားခံစုံစမ်းဆဲမှာပဲ ဖိုးတုတ်တပည့်တွေဆီက သတ်တဲ့သူကို စုံစမ်းလို့ ရလာပါတယ်။

ကြက်ကျားကိုရော ညွန့်ကိုပါ သတ်တာက ကြည့်မြင်တိုင် ကမ်းနားက နောက်ပေါက်လူမိုက် ဂန်ဂယားပါ။



www.burmeseclassic.com

www.burmeseclassic.com

ဖိုးတုတ်တပည့်တွေကို ရွေးသတ်ခဲ့တဲ့ ဂန်ဂယားဟာ ဖိုးတုတ်ကို စိန်ခေါ်တာပါပဲ။ ဒီတစ်ခေါက်တော့ ဖိုးတုတ် ဂန်ဂယားနေတဲ့ စက်ဆန်းရပ်ကွက်ထဲကို ဓားရှည်တစ်လက် ခါးကြားထိုးပြီး ဝင်သွားပါတယ်။ ဖိုးတုတ်ရဲ့ လက်စွဲ လသာ လူမိုက် ဂန္ဓမာဆောင်းရင်ကတော့ ဖိုးတုတ်ရဲ့ မလှမ်းမကမ်း ကနေ ဓားရှည်တစ်လက်လွယ်ပြီး ပါလာပါတယ်။

ဂန်ဂယားနေတဲ့ ကြည့်မြင်တိုင် စက်ဆန်းထဲက ပြည့် တန်ဆာတွေရှိတဲ့ ဂိုဒေါင်တွေရှေ့မှာ ဖိုးတုတ်ရပ်ပြီး ဂန်ဂယား ကို မေးပါတယ်။ ဂန်ဂယားရှိနေတဲ့ ဂိုဒေါင်အပြင်ကနေ ဖိုးတုတ် စိန်ခေါ်ထုတ်ပါတော့တယ်။ ဂိုဒေါင်က မှောင်မည်း နေတဲ့အတွက် ခေါ်ထုတ်ရခြင်းပါ။ ဂန္ဓမာဆောင်းရင်ကလည်း ဖိုးတုတ်ဘေးမှာ ရပ်နေပါတယ်။

ရုတ်တရက် ဂိုဒေါင်အမှောင်ထဲကနေ တစ်စုံတစ် ယောက် ပြေးထွက်လာတာနဲ့ ဖိုးတုတ်က ဂန်ဂယားအမှတ်နဲ့ နှစ်ချက်တိတိ ပိုင်းချလိုက်ပါတယ်။ နောက်ထပ်တစ်ယောက် ထပ်ထွက်အလာမှာ ဂန္ဓမာဆောင်းရင်က ထပ်ပိုင်းချလိုက် ပါတယ်။ နှစ်ယောက်လုံး ညည်းသံသဲ့သဲ့ကြားပြီး အသက် ထွက်သွားတော့မှ နောက်ကပါလာတဲ့ ဖိုးတုတ်တပည့်တွေက အလောင်းဖျောက်ဖို့ ရောက်လာကြပါတော့တယ်။

ဓာတ်မီးခြစ်အလင်းရောင်အောက်မှာ ကြည့်တော့မှ ဖိုးတုတ်ပိုင်းချလိုက်တာ ကုလားမလေး တစ်ယောက်ပါ။ ဆောင်းရင်လက်ချက်မိသွားတာကမှ ဂန်ဂယားပါ။ တပည့် တွေ ပြောတော့မှ ကြည့်မြင်တိုင် ကမ်းနားမှာကျင်လည်နေတဲ့ ရှာမီဒါဆိုတဲ့ ပြည့်တန်ဆာမလေးတစ်ယောက်မှန်း ဖိုးတုတ် သိလိုက်ရပါတယ်။

အသင့်ပါလာတဲ့ ဂုန်နီအိတ်ထဲ အလောင်းတွေနဲ့အတူ မော်တော်ကား အင်ဂျင်တုံးအစုတ်ကြီး တစ်ခုကို ထည့်ပြီး ဖိုးတုတ်တပည့်တွေက ရန်ကုန်မြစ်ထဲ ပစ်ချလိုက်ပါတော့ တယ်။

အဲဒီ ရှာမီဒါဟာ ဖိုးတုတ်ကို နောက်ဆုံးထွက်သက် အထိ ဒုက္ခလိုက်ပေးခဲ့မယ်မှန်း ဖိုးတုတ် သိခဲ့လျှင်ဖြင့်။

**ဖိုးတုတ်နှင့် အချုပ်**

| | |
|---|---|
| အမည် | - ဖိုးတုတ် |
| မိဘအမည် | - ဦးစံညိမ်း၊ ဒေါ်ချစ်ပု |
| မွေးသက္ကရာဇ် | - မြန်မာသက္ကရာဇ် ၁၂၅၁ ခုနှစ် |
| မွေးရာဇာတိ | - ဟံသာဝတီဒီစတြိတ်၊ ကမာစဲကျေးရွာ |
| မွေးချင်း | - ၅ ယောက်၊ ဘိုးသီ (အစ်ကို)၊ မမကြီး (အစ်မ)၊ မမလေး (အစ်မ)၊ ဘသိန်း (ညီ) |
| အလုပ်အကိုင် | - ဦးလေးဖြစ်သူ ဦးဘိုးသင်ထံ ကားစပယ် ယာ လုပ်ခဲ့ဖူး၊ အငြိမ်းကားမောင်း လုပ် ခဲ့ဖူး။ |

ဗဟန်းဂါတ်အတွင်း ၄၁နအုပ် ဦးစံထွန်းရင်၊ လသာ လမ်း ၄၁နအုပ် မစ္စတာဗောဘာရေးတို့မှ ဖိုးတုတ်၏ ကိုယ်ရေး မှတ်တမ်းအား စစ်ဆေးနေခြင်းဖြစ်ပါတယ်။ ဖိုးတုတ် အချုပ် ထဲရောက်ပါပြီ။ အမှုက လူသတ်မှု။ သေဆုံးသူက ဖိုးတုတ်နဲ့ အရင်းနှီးဆုံး ပုလိပ်အင်စပက်တော် ဦးဟုတ်ဂွမ်။

အဲဒီညက လမ်းမတော်ဖိုးတုတ်၊ ကမ်းနားလမ်းအုန်း ဖေ၊ ထွန်းတင်တို့ လမ်းမတော်အရက်ဆိုင်တွင် ဇာတ်မင်းသား ရွှေကျီးညိုနှင့် ချိန်းထားသဖြင့် အရက်ထိုင်သောက်နေကြပါ တယ်။ အချိန်တန်လို့ ရွှေကျီးညိုက ရောက်မလာတဲ့အခါ အနားက အငှားကားတစ်စီးကို ဖိုးတုတ်ကိုယ်တိုင်မောင်းပြီး ရွှေကျီးညိုအိမ်ကို လိုက်သွားကြပါတယ်။ မြေနီကုန်းအရောက် မှာ ပုလိပ်အင်စပက်တော် ဦးဟုတ်ဂွမ်းကို တွေ့တာနဲ့ အတူတူ အရက်သောက်ခဲ့ကြပါတယ်။

နောက်တော့ လမ်းမတော်ဖိုးတုတ်တို့ သုံးယောက်နဲ့ ဦးဟုတ်ဂွမ်တို့ ကားဖြင့် မြို့ပတ်ကြပါတယ်။ ရွှေဂုံတိုင်လမ်း နားအရောက်မှာ ဦးဟုတ်ဂွမ်က အုန်းဖေနဲ့ ထွန်းတင်တို့ ဘားလမ်း လုယက်မှုတစ်ခုမှာ ပါသည်ဟု စွပ်စွဲရာက စကား များပါတော့တယ်။ ဦးဟုတ်ဂွမ်က အုန်းဖေကို ဆဲဆိုတဲ့အခါ အုန်းဖေက ရင်ဝကို ဓားနဲ့ထိုးစိုက်လိုက်ပါတယ်။

ကားမောင်းနေတဲ့ လမ်းမတော်ဖိုးတုတ်က တားပေ မယ့်လည်း နောက်ကျသွားပါပြီ။ ဒါနဲ့ ဖိုးတုတ်လည်း သွေး ထွက်လွန်ပြီး ဆန့်ငင် ဆန့်ငင် ဝေဒနာခံစားနေရတဲ့ ဦးဟုတ် ဂွမ်ကို ကားပေါ်က ဆွဲချပြီး အနီးအနား လန်ချားအပျက် တစ်စီးမှ ဝင်ရိုးကိုယူပြီး အဆုံးစီရင်လိုက်ပါတော့တယ်။

ထိုခေတ်က ရွှေဂုံတိုင်က လူနေအိမ်ခြေ သိပ်မရှိသေး။ ဦးဟုတ်ဂွမ် အလောင်းကို ချုံထဲ ပစ်ထားခဲ့လိုက်သည်။

လမ်းမတော်ဖိုးတုတ်၊ အုန်းဖေနဲ့ ထွန်းတင်တို့ အဖမ်း ခံရသည်။

လမ်းမတော်ဖိုးတုတ်က ရှေ့နေကြီး ဦးကျော်ဇံကို ငှားရမ်းထားခဲ့ပါတယ်။ တရားခွင်မှာ အုန်းဖေက ဖြောင့်ချက် ပေးသော်လည်း မျက်မြင်သက်သေမရှိဟူသော အကြောင်းပြ ချက်ဖြင့် ဖိုးတုတ်တို့အုပ်စု တရားသေလွတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

**"ဒီတွေ စားရလို့**
**ဆရာ့ကို ကျေးဇူးတင်ပါတယ်၊**
**တစ်ခုပဲ စိတ်မကောင်းတာ၊**
**ဗမာပြည် လွတ်လပ်ရေး မရသေးဘူး၊**
**ကိုအောင်ဆန်းတို့ကို အားကိုးပါတယ်လို့**
**ပြောပေးပါဗျာ"**

ဖိုးတုတ်ကိစ္စနှင့် ပတ်သက်ပြီး ပုလိပ်လောကနှင့် တရားစီရင်ရေးလောကအကြား ပြဿနာများ ဖြစ်ပွားခဲ့ပါတယ်။ ပျက်ယွင်းနေသော တရားစီရင်ရေးစနစ် တစ်ခု၏ အကျိုးဆက်အဖြစ် ဖိုးတုတ်နှင့်တပည့်များ ကြိုးဒဏ်မှ လွတ်သွားကြပြန်သည်။ ငွေများ အမှုနိုင် ခေတ်ပျက်ကြီးထဲ ဦးဟုတ်ဂွမ်ဆိုသော ပုလိပ်အရာရှိတစ်ဦးအတွက် အမှန်တရားသည် နေရာမရနိုင်ခဲ့ရှာပေ။

ဦးဟုတ်ဂွမ်ကိစ္စ ပြီးကတည်းက လမ်းမတော်ဖိုးတုတ် လူမိုက်ဘဝကို စိတ်ကုန်ခဲ့ပါတယ်။ မိတ်ဆွေအရင်းအချာ တစ်ယောက်ကို အရက်ရှိန်၊ တပည့်ဇောများနှင့် သတ်ပစ်ခဲ့မိသည့်အတွက် စိတ်မကောင်းဖြစ်ခဲ့ပါတယ်။

ပုလိပ်အဖွဲ့များကလည်း ဖိုးတုတ်အမှားကို စောင့်နေကြတော့သည်။ ဘာပဲပြောပြော ဖိုးတုတ်က ဥပဒေစိုးမိုးရေး ဝန်ထမ်းတွေကိုပါ ထိခိုက်လာပြီ မဟုတ်ပါလား။ လမ်းမတော်ရဲစခန်းက ဖိုးတုတ်ကို ရာဇဝတ်အက်ဥပဒေ ၁၀၉၊ ၁၁၀ အရ ခြေချုပ်ဖြင့် လက်မှတ်ထိုးစေသည်။ အဲဒီနောက်တော့ လမ်းမတော်ဖိုးတုတ် သရက်တောဘုန်းကြီးကျောင်းအတွင်း သင်္ကန်းဆီးပြီး လူမိုက်လောကကို ခေတ္တအဆက်အသွယ် ဖြတ်ခဲ့လေတော့သည်။

## ဂျပန်ခေတ် ဖိုးတုတ်

၁၉၄၂ နောက်ပိုင်း ဒုတိယကမ္ဘာစစ်အတွင်း ဖိုးတုတ်တို့မိသားစု တွံတေး ဝက်ကင်းကျေးရွာနှင့် ဆိပ်ကြီးရွာတို့တွင် တစ်လှည့်စီ သွားခိုအောင်းနေပါတယ်။

ဘီအိုင်အေနှင့် ဂျပန်တပ်များ ရန်ကုန်ကိုသိမ်းပြီးသည့်အချိန်မှ ဖိုးတုတ်တို့မိသားစု အိမ်ပြန်လာကြပါတော့တယ်။ ပြန်လာလာချင်း ရဲဘော်သုံးကျိပ်ရဲ့ ဆရာရင်းဖြစ်သလို အဲဒီအချိန်က ဗမာ့လွတ်လပ်ရေးတပ်မတော်ရဲ့ အကြံပေး ဗိုလ်မှူးကြီးဆူဇူကီး (ခ) ဗိုလ်မိုးကြိုးကို လမ်းမတော်ဖိုးတုတ်က ဖိတ်ခေါ်ပြီး မြို့တော်ခန်းမမှာ ဧည့်ခံပွဲ လုပ်ပေးခဲ့ပါတယ်။

ရဲဘော်သုံးကျိပ်ကို ငွေကြေးကူညီပေးခဲ့တဲ့ ဖိုးတုတ်အကြောင်းကို အရင် ရန်ကုန်မှာနေပြီး မီနာမီကီကန်းအဖွဲ့ ထောက်လှမ်းရေးလုပ်ခဲ့ဖူးတဲ့ ဗိုလ်မှူးကြီး ဆူဇူကီးက ကောင်းကောင်းကြားဖူးထားပါတယ်။

မကြာမီ ဂျပန်စစ်ဝတ်စုံနှင့် မြင်းတစ်ကောင်ကိုစီးပြီး မြို့တွင်းလှည့်လည်နေသော လမ်းမတော်ဖိုးတုတ်ကို တွေ့မြင်ရပါတော့သည်။

အင်္ဂလိပ်ခေတ် လူသတ် လုယက်မှုများတွင် ပါဝင်ခဲ့သော လူမိုက်ကြီးဖိုးတုတ်သည် ဂျပန်ခေတ် စစ်အုပ်ချုပ်ရေးတွင် ရန်ကုန်မြို့ ငြိမ်ဝပ်ပိပြားရေးအတွက် လုံခြုံရေးအရာရှိ ရာထူး ရခဲ့ပါတော့တယ်။

ဂျပန်ဝင်လာပြီး တစ်နှစ်ကျော်သည့်အခါ ရန်ကုန်မြို့သို့ အင်္ဂလိပ်ခေတ်အရာရှိများ တဖွဲဖွဲ ပြန်လာတာနဲ့အမျှ ဖိုးတုတ်အတွက် နေရာမရှိတော့ပါဘူး။

ယခင် အင်္ဂလိပ်လက်ထက်က တာဝန်ထမ်းဆောင်သူများကို ရာထူးပြန်ပေးတဲ့အခါ လမ်းမတော်ဖိုးတုတ်မှာ နဂိုမူလ လူမိုက်အလုပ်ကိုသာ ဆက်လက် လုပ်ကိုင်ခဲ့ပါတော့တယ်။

## ဖိုးတုတ် နေဝင်ချိန်

၁၉၄၄ ခုနှစ်တွင် လမ်းမတော်ဖိုးတုတ်၏ ဩဇာအာဏာ ကျဆင်းလာပါတယ်။ ဆိုးသွမ်းရက်စက်ခဲ့သော တပည့်များကိုလည်း ဘီအိုင်အေစစ်သားများ၊ ဂျပန်စစ်ရဲများက လက်စတုံးစီရင်နေသည့်အတွက် တပည့်များ သိပ်မကျန်တော့။ စစ်အတွင်း စစ်ပြေးရင်း တပည့်တွေလည်း တကွဲတပြား ဖြစ်ခဲ့ရသည်။

ဒေါက်တာဘမော်က အစိုးရအဖွဲ့အတွင်း အဓိပတိ ဖြစ်လာခဲ့သည်။ လမ်းမတော်ဖိုးတုတ် နေရာတွင် ပုသိမ်ညွှန့် ဘဘိုးက နေရာဝင်ယူလာသည်။ ပုသိမ်ညွှန့် ဘဘိုးကို ဖိုးတုတ် မယှဉ်နိုင်။ ဒေါက်တာဘမော် နန်းရင်းဝန်ဘဝတွင်လည်း ပုသိမ်ညွှန့်ဘဘိုးက အိမ်တော်စောင့် လုပ်ခဲ့သဖြင့် ရင်းနှီးမှု ရှိနေသည်။ ဘဘိုးက ဂျပန်ခေတ် ဆာသနာရေးဝန်ကြီး ဗန္ဓုလဦးစိန်၏ တူဝမ်းကွဲတော်သလို ညာလက်ရုံးလည်းဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

လမ်းမတော်ဖိုးတုတ် နေဝင်ပြီ။ တစ်ရက်မှာတော့ ဒေါက်တာဘမော် အစိုးရအဖွဲ့မှ လုံခြုံရေးအကြောင်းပြချက်ဖြင့် လမ်းမတော်ဖိုးတုတ်ကို ဖမ်းဆီးကာ တရားရုံး တင်ပို့ခြင်း မရှိဘဲ မြောင်းမြထောင်သို့ ပို့ဆောင်ကာ ချုပ်နှောင်ထား လိုက်ပါတော့တယ်။

**ဖိုးတုတ် နိဂုံး**

မြောင်းမြ ထောင်ဆေးရုံကြီးတွင် လူမိုက်ကြီးဖိုးတုတ် တစ်ယောက် လိပ်ခေါင်းရောဂါ၊ အသည်းရောဂါတို့ဖြင့် အသည်းအသန် ဝေဒနာခံစားနေရသည်။

ဘာကိုမှမကြောက်တတ်ဘူးဆိုသော လူမိုက်ကြီး အခု တစ်စုံတစ်ရာကို ကြောက်နေသည်။

သေခြင်းတရားနှင့် နောက်တစ်ခုက. . .။

ခေတ်ကောင်းစဉ်က ရင်းနှီးခဲ့သည့် ပုလိပ်အင်စပက်တော် ကိုခင်မောင်က ဆေးရုံကို လာကြည့်သည်။

"ကျွန်တော် ဘာကူညီပေးရမလဲ ကိုဖိုးတုတ်"

"ကျွန်တော် သေတော့မှာပါ။ ကျွန်တော့်ကို လွန်ခဲ့တဲ့ နှစ်တွေကစပြီး ခြောက်လှန့်နေတာ ရှိတယ်၊ အခု ထောင်ထဲ ရောက်တဲ့အထိ သူ ပါလာတယ်"

"ဘယ်သူလဲ ကိုဖိုးတုတ်၊ ဘယ်သူက ပါလာတာလဲ"

"စက်ဆန်းက ဂန်ဂယားကို ကျွန်တော်တို့ သတ်ခဲ့တုန်းက ကုလားမလေး၊ သူ . . . သူ ကျွန်တော့်အချုပ်ခန်းမှာ ညတိုင်း လာငိုတယ်၊ အခု ဆေးရုံရောက်တော့ ကျွန်တော့် ခုတင်ခြေရင်းမှာ လာငိုနေတယ်၊ သူ့မှာ အပြစ်မရှိပါဘူးဗျာ"

"ကိုဖိုးတုတ် ခင်ဗျား ဘာတွေပြောနေတာလဲ၊ စိတ်ကို ထိန်းပါဗျာ"

"ဆရာ ဆေးပြင်းလိပ်၊ ထန်းလျက်နဲ့ ကြက်စွပ်ပြုတ် လေး စားချင်တယ်"

ကိုခင်မောင် မျက်ရည်လည်သွားသည်။ တစ်ချိန်က ဘာမထီ လူမိုက်ကြီးရဲ့ နောက်ဆုံးအချိန်က ခရိုင်ရဲဝန်ဖြစ် နေပြီဖြစ်သည့် ကိုခင်မောင် အိမ်ချက်ချင်းပြန်ပြီး ဖိုးတုတ် မှာသည့်အရာတွေကို စီစဉ်ပေးလိုက်သည်။

ကြက်စွပ်ပြုတ်ကို သောက်နေရင်းက -

"ဒါတွေ စားရလို့ ဆရာ့ကို ကျေးဇူးတင်ပါတယ်၊ တစ်ခုပဲ စိတ်မကောင်းတာ၊ ဗမာပြည် လွတ်လပ်ရေး မရသေး ဘူး၊ ကိုအောင်ဆန်းတို့ကို အားကိုးပါတယ်လို့ ပြောပေးပါ ဗျာ"



လမ်းမတော်ဖိုးတုတ်ရဲ့ တောင်းဆိုသံကို ကြားရတော့ ကိုခင်မောင် ရင်ထဲ နင့်သွားရသည်။

၁၉၄၄ ဒီဇင်ဘာလ ၂၆ ရက်နေ့ ရန်ကုန်မြို့ရဲ့ နာမည်ကျော် လူမိုက်ကြီး လမ်းမတော်ဖိုးတုတ် အသက် (၄၆)နှစ် အရွယ်တွင် မြောင်းမြအကျဉ်းထောင် ဆေးရုံမှာပင် ကွယ်လွန်ခဲ့ပါတယ်။

Credit ;

Writer : Min Pon Nya

Source : ဦးဖိုးတုတ်၏ညီ ဦးဘသိန်း+ဒေါ်ကြင်တို့၏သမီး ဒေါ်ခင်ခင်၏ ပြောကြားချက်များအား မှီငြမ်းပြီး ရေးသား သည်။

- with Myo Thu, Kyaw Gyi, Kyaw_Kyaw

(2) Kyaw Mya Than

with တေဇမောင်၊ ဇေယျပွင့်လှ and Shwe Htoo Lay.

(3) with ကိုလင်း ကိုလင်း၊ San Tun Tun၊ ဦးစောနိုင်၊ ယွန်းယွန်း၊ အိပ်မက်ကဗျာ၊ Kay Khaing Soe၊ Poe Poe၊ Phyo Min၊ Phya Phyai Kwee Jalaypei၊ ကိုးတိုး and Shwe Htoo Lay.

ခေတ်ရွှေ

☐



www.burmeseclassic.com

www.burmeseclassic.com

# ယိုးဒယားနိုင်ငံ မြန်မာမင်းများ

အောင်သိမ်းမြတ်





www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

ဘဝရှင်မင်းတရားကြီးဘုရားလည်း ဟံသာဝတီ သတ္တမတဲတော်တွင် တစ်မိုးနေတော်မူ၍ သက္ကရာဇ် ၉၇၅ ခုနှစ် နတ်တော်လဆန်း ၆ ရက် တနင်္ဂနွေနေ့တွင် ဟံသာဝတီကသည် အရှေ့ဘက်သို့ ချီတော်မူ၍ မုတ္တမသို့ ရောက်တော်မူမှ ရေးမြို့မှအကြောင်းကို ကြားတော်မူသည်။

ညီတော် မင်းရဲသင်္ခသူ တစ်တပ်၊ ညီတော် စကုမင်း တစ်တပ်၊ တောင်ငူမင်းရဲသီဟသူ တစ်တပ်၊ သီပေါ စော်ဘွား တစ်တပ်၊ သည်လေးတပ်ကို တိုက်ဆင် ရှစ်ဆယ်၊ မြင်း တစ်ထောင်၊ စစ်သည်သူရဲ လေးသောင်းဖြင့် နတ်တော်လပြည့်ကျော် ၄ ရက် သောကြာနေ့သို့ အဝင် ညဉ့်သုံးချက်တီးကျော်တွင် မုတ္တမက ထားဝယ်သို့ ချီရသည်။

ဘဝရှင်မင်းတရားကြီးဘုရားမူကား မုတ္တမက ရေးမြို့သို့ ချီတော်မူသည်။ ညီတော်တို့ ချီလာသည်မှာ ထားဝယ်သို့ရောက်လျှင် ထားဝယ်စားလည်း ဆင်လုံးမြင်းရင်းစီး၍ မြို့ကထွက်၍ ကြိုနှင့်သည်ကို တက်ဦးချီသည်ကို သီပေါစော်ဘွားတွေ့လျှင် ပြောင်းသေနတ် တစ်ဖက်တစ်ချက် ပစ်ခတ်ကြသည်။

ယင်းသောအခါ ရဲမက်တော် သေနတ်လုလင် တစ်ယောက်သည် "ယနေ့ ငါ ပွဲယူမည်" ကြုံးပြီးလျှင် ဝါးရုံကြားက သေနတ်ဖြင့် အသင့်နေစဉ် သီပေါစော်ဘွားနှင့် ထားဝယ်စားဆင်တို့ စီးချင်းတိုက်သည်။ အစွယ်ချင်းယှက်မိလျှင် ဝါးရုံကြားက သေနတ်ဖြင့်လွှတ်သည်။ ထားဝယ်စား ဆင်ဦးတွင်ပင် ဆုံးလေ၏။ စီးသောဆင်လည်း ထားဝယ်စား ဆုံးလျှင် လည်၍ပြေးလေ၏။

နောက်သုံးတစ်လုံး ဖိ၍တိုက်လျှင် ထားဝယ်သားတို့ပျက်၍ ပြာသိုလပြည့် အင်္ဂါနေ့တွင် စစ်ကိုင်းမင်းနှင့် တကွ ထားဝယ်တစ်မြို့လုံးကို ရတော်မူသည်။ ညီတော်မင်းရဲသင်္ခသူတို့လည်း ထားဝယ်မြို့ကို အလိုတော်ပြည့်လျှင် ဆင်ကောင်း မြင်းကောင်း အမှုထမ်းကောင်းတို့ကို သိမ်းယူတော်မူပြီး မြို့တွင် အစောင့်အနေ ခန့်တော်မူ၍ ဘဝရှင်မင်းတရားကြီးရှိရာ ရေးမြို့သို့ ပြန်တော်မူသည်။

ရောက်လျှင် ထားဝယ်စားကို ဘယ်သူ စီးချင်းတိုက်သနည်း၊ ဘယ်သူ ပစ် မိ၍ ဆုံးသနည်း၊ စစ်ဘိ။ အမိန့်တော်ရှိ၍ စစ်ရသော် သီပေါစော်ဘွားက -

"ကျွန်တော်နှင့် စီးချင်းတိုက်ရာ ထားဝယ်စားဆင် လည်၍ပြေးရာတွင် သေနတ်သင့်၍ ထားဝယ်စား ဆုံးလေသည်"

သေနတ်လုလင်ကလည်း -

"စွယ်ချင်းယှက်ရာတွင် ကျွန်တော်လွှတ်သည့် သေနတ်သင့်၍ ထားဝယ်စား ဆုံးသည်၊ ယင်းသို့မှ ဆင်လည်၍ ပြေးသည်" ဟု လျှောက်သည်။

ဘဝရှင်မင်းတရားကြီးလည်း -

"ငါ ဆုပေးတော်မမူသာသေး၊ ထားဝယ်စား ကုန်းလယ်စီးကို စစ်" ဟု မိန့်တော်မူသည်။

"ဆင်လည်ချင်းယှက်လျှင် သေနတ်သင့်သည်၊ သို့လျှင် ဆင်လည်၍ ပြေးလေတော့သည်"

"နှစ်ယောက်လုံးရဲ့ပွဲ ဖြစ်ပေတော့သည်"

ဘဝရှင်မင်းတရားကြီးဘုရားသည် ထိုသို့ မိန့်တော်မူပြီး သီပေါစော်ဘွားကို ထီးရွှေရိုးရွှေတံ နှစ်စင်း၊ ရွှေလက်တံရှည် နှစ်စင်း၊ ငွေနှဲ နှစ်စင်း၊ ထွေးခံ၊ စည်ခုနစ်လုံး ပေးတော်မူသည်။ သေနတ်လုလင်ကိုလည်း 'ရဲဘော်ဘယ' ဟူသော အမည်နှင့် သကျင်ရွာကိုပေးတော်မူသည်။ ထားဝယ်သား တစ်ကျိပ်ကိုလည်း အစေအပါး ပေးတော်မူသည်။ သားချင်းမြေးဖော် အဆွေအမျိုးနှင့်တကွ သေနတ်အစုက နုတ်တော်မူ၍ မင်းရဲမြင်းမှာ ထမ်းရသည်။

ထိုမှတစ်ပါး ပွဲလမ်းရသသူတို့ကိုလည်း အထိုက်အလျောက် ဆုလာဘ်ပေး၍ သူကောင်းပြုတော်မူသည်။ ထားဝယ်စားနှင့် အတိုင်အပင် ပြုသသူတို့ကိုလည်း မေးမြန်းစိစစ်၍ ကွပ်တော်မူလေသည်။ ထားဝယ်မြင်း တစ်ရာကိုလည်း ရာစုဖွဲ့၍ 'ဆင်စာရိတ်'ခန့်တော်မူသည်။ သည့်ပြင် အမှုထမ်းများကိုလည်း ဗိုင်းစုသင်းစု ဖွဲ့တော်မူ၍ အမှုတော်ကို ထမ်းရသည်။

ယင်းသို့ ထားဝယ်ကိုအလိုတော်ပြည့်လျှင် သီပေါစော်ဘွား တစ်တပ်၊ တောင်ငူမင်းရဲကျော်ထင် တစ်တပ်၊ သီရိဓမ္မာသောက တစ်တပ်၊ တောင်ငူမင်းရဲသီဟသူ တစ်တပ်၊ သည်လေးတပ်ကို တိုက်ဆင် ၁၂၀၊ မြင်း ၁၂၀၀၊ စစ်သည်သူရဲ လေးသောင်းနှင့် တနင်္သာရီသို့ချီ၍ "စုံးစမ်း" အမိန့်တော်ရှိသောကြောင့် ပြာသိုလပြည့်ကျော် ၁၁ ရက် စနေနေ့ ရေးက ချီရသည်။

တပို့တွဲလဆန်း ၆ ရက် အင်္ဂါနေ့ ဟံသာဝတီမြို့တွင် လူသွင်းစပြုရသည်။ ဂုဏ်တန်ခူးလဆန်း ၂ ရက် တနင်္လာနေ့ ရေးမြို့က ပြန်တော်မူ၍ မုတ္တမတွင် နေတော်မူသည်။ မင်းရဲသီဟသူ ချီရာမှာ တနင်္သာရီသို့ရောက်လျှင် မြစ်ခြားသောကြောင့် ရဲမက်တို့က သည်ဘက်ကသာ နေရချေသည်။

www.burmeseclassic.com

ယိုးဒယားမင်းကလည်း ခရီး မပေါက်ရအောင် သစ်ကြီး ဝါးကြီးလှဲ၍ ဆို့ပိတ်လေသောကြောင့် မင်းရဲသီဟသူ တို့ လေးတပ်သားကလည်း ဘဝရှင်မင်း တရားကြီးသို့ ဆက်စာတမန် မရောက် နိုင်ချေ။

ရေကြောင်းမှာလည်း လှေမရှိ သောကြောင့် အဆောတလျင်မရောက် နိုင်ချေ။ သစ်ကိုခုတ်၍ နှစ်တုံး တစ် ယောက်၊ သုံးတုံး တစ်ယောက် ဖွဲ့၍ လုပ်စေပြီးလျှင် ထိုဖောင်တွင် လူစီး၍ ညဉ့်ကို သွားရသည်။ နေ့ကိုမူကား လူရိုင်းပသျှူးကိုကြောက်၍ တောထဲမှာ သာ ပုန်း၍နေရသည်။

ဘဝရှင်မင်းတရားကြီး မုတ္တမ တွင် နေတော်မူခိုက် ဇင်းမယ်မှာ ဖြစ် သော ပြည်ရေးရွာမှုကို ကြားတော်မူ သည်။

ဖြစ်ဟန်ကား ဇင်းမယ်ဘုရင် နော်ရထာမင်းစော မိဖုရားတွင် ဖွားမြင် သည့်သမီးတော် ဘုရင့်နှမတော်တစ်ပါး၊ မောင်တော်မင်းသား တုလောင်တစ်ပါး၊ ညီတော် မင်းရဲဒိဗ္ဗတစ်ပါး၊ ညီတော် သတိုးကျော်တစ်ပါး၊ သမီးတော် တစ် သားတော် သုံး၊ ပေါင်းလေးပါးတွင် သမီးတော်အကြီး ဘုရင့်နှမတော်ကို ယိုးဒယားမင်းနှင့် စုံဖက်၍ မိဖုရား မြှောက်လေသည်။

သားတော်မင်းသား တုလောင် ကိုလည်း ခမည်းတော်ရှိစဉ်ကပင် ယိုး ဒယားမင်းနှင့် စုံဖက်၍ ယိုးဒယားမှာ အိမ်ရှေ့ဖြစ်လေသည်။ ဇင်းမယ်ဘုရင် နော်ရထာမင်းစော အနိစ္စရောက်လျှင် ဇင်းမယ်တွင်ရှိသော ငသေဉ်လုံ သံလံ အပေါင်းတို့သည် ယိုးဒယားမှာရှိသော မင်းသားတုလောင်ကို မင်းပြုတော်မူပါ ဟု ချီးပင့်လေသည်။

မင်းသားတုလောင်လည်း အလုံး အရင်းအများနှင့်ချီလာသည်။ မရောက် ခင်တွင် ဇင်းမယ်ငသေဉ်လုံ သံလံ အပေါင်းတို့ အခြားကြံပြန်၍ မင်းရဲ ဒိဗ္ဗကို မင်းမြှောက်ကြသည်။ မင်းသား တုလောင်မူကား ဇင်းမယ်သို့ရောက် လျှင် အခြားကြံကြောင်းကိုသိ၍ ရဲမက် ဗိုလ်ပါ ရုံးစုလျက် မြို့ပြင်က နေသည်။

ထိုသို့နေခိုက် လည်ချောင်းသွေး ကျ၍ ပါးစေ့ရောင်တော်မူသည်။ ဆေး နှင့်မသင့်၊ တစ်နေ့တစ်ပါး အနာတိုး၍ အနိစ္စရောက်တော်မူချေသည်။

ယင်းသို့လျှင် ယိုးဒယားက ပါ သည့် အလုံးအရင်းများလည်း ယိုးဒယား သို့ပြန်လေသည်။ များမကြာခင် ဇင်းမယ် အမတ်တို့ အခြားကြံပြန်၍ မင်းရဲဒိဗ္ဗကို နန်းချကာ ရဟန်းပြုပေးကြပြီး ညီတော် သတိုးကျော်ကို မင်းမြှောက်ကြပြန် သည်။

သည်အကြောင်းများကို မြန်မာ အမတ်တို့ လျှောက်လာ၍ ကြားတော်မူ လျှင် ဇင်းမယ်သို့ ချီတော်မူမည်ဟု တပ် ပေါင်း ၂၄ တပ် ခန့်ရန်တော်မူသည်။ ယိုးဒယားမင်းကလည်း -

"တနင်္သာရီမှာနေသော အဝ စစ်သည်တို့ကို နိုင်အောင်တိုက်လေ" ဟု၍ ဩယားဝင်ခံသော စစ်သူကြီး၊ ဗညားဦးခံသော စစ်သူကြီးနှင့်တကွ ရှစ် တပ် စီရင်၍ ချီလာသည်။

မင်းရဲသီဟသူ၊ မင်းရဲကျော်ထင် တို့လည်း ယိုးဒယားက ချီလာသော စစ်သည်နီးလျှင် စစ်မျက်နှာဖြန့်၍ ဆင် ချွန်းဖွင့်ကာ တိုက်သည်။ ဩယားပိတ်စီး၊ ဩယားသုဝဏ္ဏလောက် တပ်ပျက်၍ ဆုတ်လေ၏။ ယင်းသို့ ဆုတ်လေသည် ကိုမြင်လျှင်လေးတပ်လုံးဖိ၍တိုက်သည်။ ယိုးဒယားသားတို့ ရှစ်တပ်လုံးပျက်၍နေ လေသည်။ ဆင်၊ မြင်း၊ သုံ့ပန်း ရတော် မူသည်များ၏။

ဘဝရှင်မင်းတရားကြီး ဘုရား လည်း ယိုးဒယားကိုနိုင်လိုက်ကြောင်း ကိုလျှောက်ထား၍ ကြားတော်မူလျှင် -

"ဇင်းမယ်သို့ ငါချီတော်မူမည်၊ အစ်ကိုတို့လေးတပ်သား ဇင်းမယ်သို့ ချီ လေ" အမိန့်တော်ရှိ၍ ချီရသည်။

ဘဝရှင်မင်းတရားကြီးဘုရား လည်း သက္ကရာဇ် ၉၇၆ ခုနှစ် ကဆုန် လပြည့်ကျော် ၆ ရက် နေမွန်းတည့် အခါတွင် မုတ္တမမှ ဇင်းမယ်သို့ ချီတော် မူသည်။

ခရီးသို့ ရောက်တော်မူလျှင် ဇင်းမယ်သားတို့ ခရီးကြောင်းလမ်းကို သစ်ကြီးဝါးကြီးလှဲ၍ တုံးတန်းရင့်တား ဆို့ပိတ်လေသောကြောင့် အရင်ရောက် တော်မမူနိုင်ချေ။ ယင်းသို့လျှင် တောင် ပုံးလာတို့ကို ဆုလာဘ်ပေးတော်မူ၍ ခရီးပြုစေရသည်။သည်က တဖြည်းဖြည်း ချီလာ၍ ရောက်တော်မူသည်။ သည် ကဲ့သို့ပင် မင်းရဲကျော်ထင်တို့လည်း ရောက်လာသည်။

ဘဝရှင်မင်းတရားကြီးလည်း လပုံသို့ရောက်တော်မူလျှင် လဝန်းစား လည်း ချီလာကြောင်းကို ကြားသိလေ သော် အလုံးအရင်း အများနှင့်တကွ မျိုးရိက္ခာသွင်း၍ လဝန်းမြို့ကို အလုံနေ သည်။ ရဲမက်တော်တို့ ဇင်းမယ်မြို့ရင်း သို့ရောက်လျှင် -

"ငါတို့မှာ စစ်မရှိ၊ လဝန်းသို့ချီ၍ လုပ်ကြံတော်မူလေ" ဟု ဟစ်၍ဆိုလေ သည်။ ထိုအကြောင်းကို လျှောက်၍ ကြားတော်မူလျှင် ဒုတိယဝါဆိုလပြည့် ကျော် ၉ ရက် အင်္ဂါနေ့တွင် ချီတော်မူ၍ မြို့နှင့်မနီးမဝေး ချ၍နေတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့မှ ရဲမက်တော်အပေါင်းတွင် မျိုးရိက္ခာနည်းကြောင်းကို မေးမြန်းရသည်။ မုတ္တမ၊ မော်လမြိုင်၊ ရေး၊ စာဂရှက ဓာပ်တော်သို့ မျိုးရိက္ခာရောက်လွယ်မည်၊ ရောက်ခဲမည်ကိုလည်း မေးတော်မူသည်။

မင်းညီမင်းသား မှူးတော် မတ်တော်တို့ကလည်း ယခုချီတော်မူသည့် ရဲမက်ဗိုလ်ပါ များလှသည်၊ ရိက္ခာ မျိုးစေ့လည်း မပါ၊ နည်းပါးချေသည်။ မုတ္တမ၊ မော်လမြိုင်က ရိက္ခာပို့စေရမည်လည်း ခရီးကြောင်း ခက်ခဲလှသောကြောင့် မရောက်နိုင်ရှိခြိမ့်မည်။ သည်တွင် ရှာ၍လည်းရမည်မဟုတ် ဟူ၍ နားတော်လျှောက်ကြသည်။ ထိုစကားကို ကြားတော်မူလျှင် "အရေးတော်ပြီးလွယ်မှသာသင့်မည်၊ ယင်းသို့ဖြစ်သောကြောင့် မြို့သို့ချီ၍ရံလေ၊ ကျုံးနှင့် တစ်တာခြားစေ" အမိန့်တော်ရှိသည်။

သို့ကြောင့် တစ်ဆယ့်ခုနစ်တပ်လုံး ညဉ့်ကိုချဉ်း၍ ရံသည်။ အမိန့်တော်အတိုင်း ရံတပ်များ၊ ကျုံးနှင့် တစ်တာခြား၊ မခြားကို ကြည့်လာရသော တစ်ပါးတပ်များကိုမူကား အမိန့်တော်အတိုင်းရှိသည်။ မိုးနဲစော်ဘွားတပ်မူကား ယို၍ရှိသည်။ အကြောင်းများကို လျှောက်သော် မည်သို့မျှ အမိန့်တော်မရှိ။

မိုးနဲစော်ဘွားမူကား အာဏာတော်ကို ကြောက်၍ တစ်ရက်၊ နှစ်ရက်ရှိလျှင် တပ်သားနှင့်တကွ ထွက်၍ပြေးလေ၏။ ဘဝရှင်မင်းတရားကြီးဘုရားလည်း "မိုးနဲစော်ဘွားကို ရအောင်လိုက်လေ" အမိန့်တော်ရှိ၍ ဘယနန်သူ၊ ပြူကမ္ဘာတို့ အလုံးအရင်းဖြင့် လိုက်ရသည်။ ဘယနန်သူတို့လည်း မည်သည့်ခရီးကို ပြေးလေသည်ဟု အတပ်မသိသောကြောင့် အကြောင်းကိုလျှောက်သော်-

"ပြေးလေစေဦး၊ သင်း ငှက်မှတ်မူ၍ ပျံနိုင်မည်လော" အမိန့်တော်ရှိပြီးလျှင် လိုက်သသူတို့ကို ခေါ်၍ ပြန်ရသည်။

ယင်းသို့မှ ရံတပ်များကို ခိုင်လုံအောင် စီရင်ရသည်။ စော်ဘွားမူကား မိုးနဲသို့သွား၍ ဥစ္စာရွှေငွေ ဆင်မြင်း လူသူတို့ကို သိမ်းယူပြီးလျှင် မိုးနဲက ထွက်ပြေး၍ ကျိုင်းတုံအရှေ့ မဲပိန်မြစ်တစ်ဖက် လင်းဇင်းသို့အမှီပြု၍ အခိုင်နေလေသည်။

ဇင်းမယ်ဘုရင် သတိုးကျော်လည်း ဘဝရှင်မင်းတရားကြီး ချီလာစကပင် လင်းဇင်းမှာ စစ်ကူခေါ်ရသည်။ လင်းဇင်းသားတို့ရောက်လျှင် အလုံးအရင်းနှင့်တကွ ဇင်းမယ်မြို့တွင်းသို့ဝင်၍ အခိုင်အလုံ နေလေသည်။

မင်းရဲဒိဗ္ဗလည်း ရဟန်းပြုထားရာမှ လွန်လေသည်။ လဝန်းမြို့ကို ရံတော်မူရာမှာလည်း မျိုးစေ့ရိက္ခာ ဆွန့်ပါးသောကြောင့် စစ်သည်တို့ သုံးစုတစ်စုလောက် ငတ်ချေသည်။

"သည်အကြောင်းများနှင့် ရနိုင်မည်မထင်၊ ပြန်တော်မူမှ သင့်တော့မည်၊ ကျွန်တော်တို့တွင်လည်း စားစရာရိက္ခာသည် သုံးတင်းခန့်သာ ရှိချေသည်၊ အမှုထမ်းများမှာ ညည်းလှချေပြီ" ဟူ၍ ညီတော်မင်းရဲသခ်သူ လျှောက်သည်။ တပ်မှူးစစ်ကဲအပေါင်းတို့ကို ခေါ်တော်မူ၍ "အရေးကို ပသို့ထင်ကြသနည်း" ဟူ၍ မေးတော်မူသည်။

တပ်မှူးစစ်ကဲ အပေါင်းတို့လည်း သည်တစ်ကြိမ်ကို ပြန်တော်မူ၍ တစ်နှစ်နှစ်နှစ် ဆင်မြင်းဗိုလ်ပါ ဖြည့်တင်းပြီးမှ တစ်ကြိမ်ချီပြန်လျှင်အရေးတော်ပြီးလွယ်သည်ဟူ၍ လျှောက်ကြသည်။

ယင်းသောအခါ တောင်ငူမင်းရဲသခ်သူ လျှောက်သည်။

"ကျွန်တော်ရံတပ်က ဖျက်လုလေပြီ၊ လခွဲခန့် တင်းတော်မူပါ၊ နာဖျားငတ်မွတ်၍ မမာသူတို့ကို တဖြည်းဖြည်းသွားနှင့်ပစေဦးတော့၊ ရှေ့ ခုနစ်ရက် ရှစ်ရက်ရောက်လျှင် ဘုန်းတော်ကြောင့် အလိုတော်ပြည့်လိမ့်မည်၊ ဇဒိုးစားအရေးသည် သင့်လှပေသည်"

မင်းရဲသီဟသူလည်း ရံတပ်မြေတောင်က မြို့နှင့်အမျှရှိအောင်ဖို့စေလျှင် မြို့ထိပ်သို့ ဆင်နှင့်ဝင်ရောက်၍ မြို့တွင်းသို့ ဝင်နိုင်အောင်ပင် ဝင်မည်ဟူ၍ ရုံးစုသော် မြို့တွင်းက သစ်တပ်အထပ်ထပ်ရှိလေသောကြောင့် မဝင်နိုင်ချေ။ မြို့ထိပ်တွင်ပင်တည်၍ နေရချေသည်။ သည်အကြောင်းများကို ကြားတော်မူလျှင် ဒ့လွန်အားရတော်မူ၍ တစ်ရက်နှစ်ရက်ရှိလျှင် ဆန်ဝန်တင်ခြောက်ဆယ်နှင့် အနန်စား ကျွန်တော်ခံလာသည်။

ထိုဆက်သလာသော ဆန်ကို ရဲမက်တော်အပေါင်းကို ဝေဖန်တော်မူသည်။ငါးရက်ခန့်ရှိ၍ နတ်တော်လဆန်း ၅ ရက် အင်္ဂါနေ့တွင် ဇင်းမယ်ဘုရင် သတိုးကျော် လွန်သည်ဟူ၍ ဇမ္ဗူကျက်သရေ ဆင်နှင့်တကွ မင်းဆောင် မင်းယောင် မင်းခမ်းမင်းနားကို အမှူးအမတ်တို့ ဆက်လာသည်။

### သူယုတ်မာ မင်းရဲဒိဗ္ဗ

ယင်းသည့် ဇင်းမယ်အမတ်ကို -

"သတိုးကျော်လွန်၍ ဇင်းမယ်မြို့ကို အလိုတော်ပြည့်သည့်အကြောင်းကို လဝန်းမြို့သို့ဝင်၍ ဆိုချေ" အမိန့်တော်ရှိသောကြောင့် ဝင်၍ အကြောင်းများကို ဆိုရလေသည်။ လဝန်းစားလည်း ဇင်းမယ်မင်း မရှိပြီဟူ၍ ကြားလျှင် မနေသာပြီဖြစ်ရကား နတ်တော်လပြည့်ကျော် ၆ ရက် မြို့ကထွက်၍ ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com

ခံလာသည်။ ယင်းသို့လျှင် အရေးတော်ပုံသမျှ ကုန်၍ မြို့ရွာ ၅၇ မြို့နှင့်တကွ ဟရိဘုဥ္စကိုင်း‌ဖြစ်သော ဇင်းမယ်ပြည်ကြီးကို ရတော်မူသည်။ လင်းဇင်းက စစ်ကူလာသော ရဲမက်တို့ကိုလည်း အကုန်ပင်ရတော်မူသည်။

အရေးတော်ပြီးလျှင် တောင်ငူမင်းရဲသီဟသူကို အားရတော်မူ၍ "ငါ့ညီတော်" ဟူ၍ ခေါ်တော်မူသည်။ မင်းရဲသီဟသူဟူသော အမည်ကိုလည်း ထပ်၍ပေးတော်မူသည်။ ပေါင်းဝန်းရွှေထည့်ကိုလည်း စီးမြဲစီးဟု ပေးတော်မူသည်။ အနန်မြို့ကိုလည်း ပေးတော်မူသည်။ အနန်စားကိုလည်း ဇင်းမယ်မြို့ကို ပေးတော်မူသည်။

သက္ကရာဇ် ၉၈၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက် အင်္ဂါနေ့တွင် မင်းတရားကြီးသည် "မိုးနဲစော်ဘွားပြေးရာသို့ လိုက်လေ" ဟု အမိန့်တော်ရှိ၏။ သို့ဖြစ်သောကြောင့် သီပေါစော်ဘွား၊ သီရိဓမ္မာသောက၊ တောင်ငူမင်းရဲကျော်ထင်၊ ညီတော်မင်းရဲကျော်ထင်တို့၏ လေးတပ်ဖြင့် မိုးနဲသို့ လိုက်စဉ်တွင် မင်းတရားကြီးမှာ သားတော်မင်းရဲဒိဗ္ဗ လုပ်ကြံသဖြင့် နတ်ပြည်စံတော်မူသည်။

သားတော်မင်းရဲဒိဗ္ဗဆိုသည်မှာ ဇင်းမယ်ဘက်တွင် ရဟန်းဝတ်ဖြင့် ကွယ်လွန်ခဲ့သော မင်းရဲဒိဗ္ဗ မဟုတ်ပေ။ အနောက်ဘက်လွန်မင်း၏ သားတော်တစ်ပါးဖြစ်သည်။ ထိုသားတော်သည် ခမည်းတော်ဘုရားနှင့် နန်းတွင်း၌ အတူနေသည်။ ခမည်းတော်ဘုရား၏ ကိုယ်လုပ်တော်၊ ကျိုင်းတုံစော်ဘွား၏ သမီးတော် နှင်းခန်းပေါ်နှင့် အယဉ်အပါးရှိကြ၍ ဝမ်းတွင်းပဋိသန္ဓေရှိသည်။ ထိုအကြောင်းကို မိန်းမစိုးတို့သိ၍ ရှိခိုးသံတော်ဦးတင်သော် ဂုမ်မင်းသမီး နှင်းခန်းပေါ်ကို ခေါ်၍ "နင့်တွင်ရှိသည့် ပဋိသန္ဓေသည် ဘယ်သူ့ပဋိသန္ဓေနည်း" ဟု နှုတ်တော်ဖြင့် မေးတော်မူသည်။

ဂုမ်မင်းသမီးလည်း သေရတော့မည်ကိုကား အမှတ်ရှိ၍ ဟုတ်မှန်သည့်အတိုင်း "သားတော်မင်းရဲဒိဗ္ဗ ပဋိသန္ဓေဖြစ်ကြောင်း" ကို လျှောက်လေ၏။ ဘဝရှင်မင်းတရားကြီးလည်း သားတော်မင်းရဲဒိဗ္ဗကို ခေါ်တော်မူ၍ "နင်သည် နှင်းခန်းပေါ်နှင့် အယဉ်အပါး ရှိသည် မှန်သည်လော" ဟူ၍ စစ်မေးသည်ရှိသော် မှန်ကြောင်းကို ရှိခိုးသံတော်ဦးတင်လေ၏။

ဘဝရှင်မင်းတရားကြီး ဘုရားလည်း များများ အမျက်တော်မရှိ။

"နင် ရာဇဝတ်ကို လွန်ကျူး၍ ကျင့်သည်၊ သံအိုးကင်းနှင့် ကြော်မည်" ဟူ၍ခြိမ်းခြောက်တော်မူသည်ကို မင်းရဲဒိဗ္ဗသည် သေရတော့မည်အမှတ်ရှိ၍ လူဆွမ်းလူသွမ်းတို့နှင့် ပေါင်းဖက်တိုင်ပင်၍ မကြံရာသောအကြံကို ကြံသဖြင့် နတ်ပြည်စံတော်မူချေသည်။

ဒုတိယဝါဆိုလဆန်း ၁ ရက်နေ့ကျမှ မင်းတရားကြီး နတ်ပြည်စံတော်မူကြောင်းကို ပြည်သူလူအများ သိကြရလေသည်။ မဟာဓမ္မရာဇာ အမည်ရှိသော အနောက်ဘက်လွန်မင်း နတ်ပြည်စံတော်မူချိန်တွင် ညီတော်နှစ်ပါးမှာ အလွန်ဝေးလံသည့် မိုးနဲတွင် ရောက်နေသည့်အတွက် မှူးမတ်များမှာ မင်းရဲဒိဗ္ဗကို မနှစ်သက်ဘဲလျက် မင်းမြှောက်လိုက်ကြရ၏။

မင်းရဲဒိဗ္ဗ မင်းဖြစ်လျှင် မြန်မာပြည်အလုံး၌ရှိသော မင်းညီမင်းသား မင်းမှူးမင်းမတ်တို့ကို သစ္စာတော်ပေးသည်။ အဝမှာ အရှင်တော်မိဖုရားခေါင်ကြီးသို့လည်း လက်ဆောင်ပဏ္ဏာဆက်၍ မင်းဖြစ်ကြောင်းကို လျှောက်ရသည်။ စစ်ကိုင်းမင်း ဥဇနာသို့လည်း ပေးဖွံ့ယ်ကမ်းဖွယ်ပေး၍ သစ္စာတော် တိုက်ရသည်။

ဘထွေးတော် နှစ်ပါးလည်း ကျိုင်းရုံးကသည် ကျိုင်းသေမြစ်သို့ချီ၍ ဗိုက်လှေအများ လုပ်နေစဉ် ဘဝရှင်မင်းတရားကြီးက စေတော်မူသည့် အဟန် သတိုးဓမ္မရာဇာသို့ မင်းရဲကျော်စွာသည် မသင့်မတင့်သောအကြံအစည်ကို ကြံသည်ဟူ၍ ကြားတော်မူသည်။ အလျော့အမေ့နေသည်အခိုက် ဖမ်း၍ လုပ်ကြံလေ မင်းတရားကြီး အမှာတော် အဟန် ပို့ရလေသည်။

သတိုးဓမ္မရာဇာလည်း သတိ၊ ပညာ၊ သဒ္ဓါ၊ ဝီရိယနှင့် ပြည့်စုံသောမင်းဖြစ်၍ အထက်ယွန်းပြည်သို့ ချီစကပင် "ဟံသာဝတီတွင် တစ်စုံတစ်ခု အခင်းထွက်လျှင် ငါရှိရာ အလျင်ရောက်စေ" ဟူ၍ မြင်းအထောက်ထားတော်မူသည်။

ကျွန်တော်တို့လည်း ဟံသာဝတီမင်းတရားကြီးဘုရား ပထမဝါဆိုလဆန်း ရှစ်ရက် ကြာသတေးနေ့ နတ်ပြည်စံလျှင် လဆန်း ဆယ်ရက်နေ့ နတ်ပြည်စံကြောင်း သိ၍ လဆန်းဆယ်ရက်နေ့ ဟံသာဝတီက အထောက်ထောက်ထားသော မြင်းကို စီးလာသည်။

ဇင်း လပြည့်ကျော် ၄ ရက် တနင်္လာနေ့ ညဥ့်သုံးချက်တီးကျော် ကျိုင်းသေဥ်တပ်တော်သို့ ရောက်သည်။ ကျွန်တော်တို့ရောက်၍ ဟံသာဝတီမှာ အကြောင်းများကို ကြားတော်မူလျှင် ထိုနေ့ကပင် မြစ်နားတပ်ကိုနုတ်၍ ကျိုးသေဥ်မြို့တွင်း ဝင်၍နေတော်မူသည်။

မိုးသောတ်မှ ညီတော်မင်းရဲကျော်စွာကို သိမ်းယူ၍ ခမည်းတော်ဘုရား နေပြည်တော် အမရပူရသို့ ချီ၍





www.burmeseclassic.com

www.burmeseclassic.com

နေတော်မူမည် အမိန့်တော်ရှိသည်ကို ညီတော် မင်းရဲကျော်စွာက -

"သည်အရေးသည် သင့်လှသည်၊ တပ်မှူးစစ်ကဲ အပေါင်းတို့ကို သစ္စာတော်ပေးလော့" လျှောက်သည်။

သတိုးဓမ္မရာဇာ မင်းတရားလည်း ညီတော်မင်းရဲကျော်စွာကို လွှတ်၍ တပ်မှူးစစ်ကဲအပေါင်းကစပြီး ခေါင်းအကြီးအငှမ်း အမှုထမ်းအပေါင်းတို့ကိုလည်း ပထမဝါဆိုလပြည့်ကျော် ၆ ရက် ကြာသပတေးနေ့တွင် သစ္စာတော်ပေးသည်။ ဆုလာဘ်လည်း ပေးတော်မူသည်။ ဟံသာဝတီကစေသော သံတို့ကို မူကား ပထမဝါဆိုလပြည့်ကျော် ခုနစ်ရက် သောကြာနေ့မှ ကျိုင်းသေဉ်တပ်တော်သို့ ရောက်လာသည်။

သံတို့ရောက်၍ စာတွင်ပါသည်ကို ကြားတော်မူလျှင် "သည်အတိုင်း မှန်၏လော"အမိန့်တော်ရှိသည်ကို သံတို့က "ကျွန်တော်တို့သည် စေသည့်ကျွန် ထွန်သည့်နွားဖြစ်၍ စေလျှင်လာရပါသည်၊ အကြောင်းမှာမူကား နောင်တော်ဘုရားကို လုပ်ကြံ၍ မင်းရဲဒိဗ္ဗမင်းပြုသည်" ဟူ၍ နားတော်လျှောက်လျှင် "သည်စာကို ဘယ်သူအပ်သနည်း" မေးပြန်သည်ကို နားတော်လျှောက်သည်။

"မင်းသားညီနှင့် မင်းသားဝရသူရ အပ်သည်၊ အပ်သောအခါတွင် မိုင်းသတ်စားနှင့် မိုးကောင်းစော်ဘွားရှိသည်"

ယင်းသို့မှလာသော သံတို့ကို မင်းရဲကျော်စွာတပ်သို့ လွှတ်တော်မူ၍ သွားရသည်။ မင်းရဲကျော်စွာလည်း နှစ်ရက်ရှိလျှင် အခြားကြံတော်မူ၍ နောင်တော်တပ်ကို တိုက်မည်ဟူ၍ ဆင်မြင်းအလုံးအရင်းနှင့် ထွက်သည်ကို တပ်မှူးစစ်ကဲ အပေါင်းတို့သိလျှင် ဝန်းရံ၍ အပန်းတကြီးပင် တိုက်ရသည်။ သေဉ်ပဲနှင့် မင်းရဲကျော်စွာလည်း ဆင်စွယ်ချင်းယှက်၍ မနည်းကြာပင် တိုက်ကြသည်။ နောက် ဆင်ကူများသောကြောင့် မင်းရဲကျော်စွာ အညှဲခံတော်မူသည်။ အရေးတော်ပြီးလျှင် ညီတော်ကိုခေါ်တော်မူ၍ အမိန့်တော်ရှိသည်။

"ယခု နောင်တော်ဘုရားကို မင်းရဲဒိဗ္ဗ လုပ်ကြံလေ၍ မင်းပြုရာမှာ အမောင်တို့ ငါတို့သည် ခမည်းတော်ဘုရား နေပြည်တော် ရတနာပူရသို့ချီ၍ နေနိုင်အောင်နေမည်၊ ယင်းသို့မှ သင့်ရာလုပ်ကြံရမည်ကို လူဆိုးလူသွမ်းတို့စကားနာခံ၍ သောင်းကျန်းသည့်အရာသည် သင့်မည်မဟုတ်"

ထိုသို့မိန့်ကြားတော်မူကာ မင်းရဲကျော်စွာကို အထူးအပြစ်တော် မတင်ဘဲ မင်းရဲကျော်စွာနှင့် တိုင်ပင်ဘက်ပြုသသူ အမှူးအမတ် ခေါင်းအကြီးတို့ကိုမူကား ဖျောက်တော်မူသည်။ ယင်းသို့မှ ၁၅ တပ်စီရင်၍ ကျိုင်းသေဉ်က အဝသို့ ချီတော်မူသည်။ မိုင်းခွင်သို့ ရောက်တော်မူလျှင် ရှေ့တပ်ဦးချီစေသော ဇင်းမယ်မင်းသည် မိုင်းခွင်မြို့တွင်းသို့ဝင်၍ အခိုင်အလုံ နေလေသည်။

ထိုအကြောင်းကို ကြားတော်မူလျှင် "ဇင်းမယ်စားသည် သစ္စာတော်ကို မစောင့်၊ ကျင့်သည်၊ ကျင့်နှင့်စေဦး၊ ခမည်းတော်ဘုရား နေပြည်တော် ရတနာပူရသို့သာ ချီလော့" အမိန့်တော်ရှိတော်မူ၍ ရှေ့တပ်သားတို့ ရန်တုံးစပြု ချီရသည်။

မိုးတာလဖြစ်၍ ချောင်းမြောင်းပြည့်လျှံသောကြောင့် တဖြည်းဖြည်းသာ ချီတော်မူသည်။ မင်းညီနောင်နှစ်ပါးတို့သည် သက္ကရာဇ် ၉၉၀ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက် တနင်္လာနေ့ ညဥ့်သုံးချက်တီးကျော်တွင် ပင်းယအောင်တပ်သို့ ရောက်တော်မူ၍ တပ်ချတော်မူသည်။

အဝကခံသော မင်းသားညီတို့လည်း မင်းညီနောင်နှစ်ပါး ရောက်လာပြီဟူ၍ ကြားတော်မူလျှင် တောင်ပလူကိုပတ်၍ တပ်ကြီးတပ်လုံနှင့်ခံသည်။ မင်းညီနောင်နှစ်ပါးကလည်း အဝတပ်ကို၊ အဝတပ်ကလည်း မင်းညီနောင်နှစ်ပါးတပ်ကို ချောက်ချားအောင် မတတ်နိုင်ရှိသည်။

သတိုးဓမ္မရာဇာ မင်းတရားကြီးဘုရားလည်း ဤသို့ အကြံနှတော်ရှိသည်။

"ယခု အဝတွင်ခံနေသော တပ်ကို လုပ်ကြံသော်လည်း ဗိုလ်ပါ အထိအပါးသာ များတော့သည်၊ ရှည်လျှင် ငါ့ဖို့ချည်းဖြစ်တော့သည်" အယူတော်ရှိ၍ ဗန်းချီဆယ်တိုက်၊ ရဲလှေဆယ်စင်း မြို့ရွာတွင်ရှိသောလူကို ပခန်းကြီးသို့ သွင်း၍ ဘယကျော်သူနှင့် ဒေဝကမ္မာတို့ အခိုင်အလုံနေသည်။

မြောက်ဘက်တစ်လွှားတွင်ရှိသော သူကြီးပြည်စိုးတို့ကလည်း မျိုးရိက္ခာပဏ္ဏာ ဆက်ကြသည်။ တောင်မြင့်တောင်သမန် စသော ကျော်စည်တန်းတွင်ရှိသည့် ဟံသာဝတီက အမှုထမ်းသားမယား၊ တောင်ဘက်လယ်တွင်းဝယ်ရှိသော အမှုထမ်း သားမယားတို့ကို သိမ်းယူတော်မူ၍ စပ်လကြီးနှင့်လှောင်ထားတော်မူသည်။

ရခိုင်တို့လည်း နောင်တော်ဘုရားကို မင်းရဲဒိဗ္ဗ လုပ်ကြံလေသောကြောင့် ပြည်ရွာနှောင့်ယှက်လေသည်များကို တုရင်[illegible] နတ်ယောက်ျားမှူးကို သက္ကရာဇ် ၉၉၁ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက် စနေနေ့ ပင်းယတပ်တော်က စေသည်။ ဟံသာဝတီ

www.burmeseclassic.com

လည်း ရှည်ကြာက အရေးပျက်ချေတော့မည် အမှတ်ရှိ၍ မိုင်းသတ်မင်းတစ်တပ်၊ မင်းရဲဒိဗ္ဗ ဦးရီးတော်ဝရသူရတစ်တပ်။ သည်နှစ်တပ်ကို အလုံးအရင်း အများနှင့် အဝတပ်ပေါင်းနှင့် ဘုထွေးတော်တပ်ကို တိုက်လေဟူ၍ ဟံသာဝတီက အဝသို့ ချီလာသည်။ မိုင်းသတ်မင်းတို့ နှစ်တပ်သားလည်း တောင်တွင်းကြီးကသည် သေရောက်သို့ ချီ၍ သေရောက်ကသည် တလုပ်သို့ ဆင်းမည်၊ တလုပ်ကမှ ဧရာဝတီမြစ်ကြောင်းကိုမှီ၍ အဝသို့ ချီမည်။

သည်အကြောင်းများကို သတိုးမဗ္ဗရာဇာမင်းတရားကြီးဘုရား ကြားတော်မူလျှင် တလုပ်မြို့ကို အခိုင်အလုံနေနိုင်အောင်ဟူ၍ ညီတော်မင်းရဲကျော်စွာကို အမှူးအမတ် အလုံးအရင်း ဆင်မြင်းနှင့် သုံးတပ်ခန့်၍ ချီရသည်။ မင်းရဲကျော်စွာတို့ ချီလေကြောင်းကို အဝတပ်ကသိလျှင် "ကျွန်ုပ်ပျက်အောင် တိုက်မည်" ဟု ဘယဂါမဏိ တစ်တပ်ခွဲ၍ မြစ်နားကြောင်း တလုပ်သို့ချီလေသည်။ ရောက်လျှင် မင်းရဲကျော်စွာက တိုက်မည်ဟု ဆင်မြင်းဗိုလ်ပါစီရင်၍ ထွက်တော်မူသည်ကို ဘယဂါမဏိက ဤသို့ ဆိုသည်။

"အရှင့်သားကို ကျွန်တော် တိုက်ဝံ့မည်လော"

မင်းရဲကျော်စွာလည်း ရွှေပြည်တန်ဟူသော ဆင်ကို စီးတော်မူ၍ ဘယဂါမဏိ စွာသည်ကို မြင်တော်မူလျှင် စည်တော်တီး အမိန့်တော်ရှိ၍ တီးရသည်။ ယင်းကမှ မိုင်းသတ်မင်း ဝရသူရတို့တပ်ကို တိုက်မည်ဟု စီရင်တော်မူပြန်သည်။ မိုင်းသတ်မင်း မင်းသားဝရသူရတို့လည်း၊ "မတိုက်ဝံ့ပါ" ဟူ၍လျှောက်သည်။

စကုမင်းလည်း စစ်ကိုင်း သိမ်း၍ နေသည်။

ယင်းသို့စဉ်တွင် သေည်ပဲလည်း ဘယဂါမဏိကို တိုက်မည်ဟူ၍ ထွက်သည်။ ဘယဂါမဏိလည်း သေည်ပဲရှိရာ လာသည်။ သေည်ပဲလည်း လာသည်ကိုမြင်လျှင် ကြို၍တိုက်သည်။ ဆင်နှစ်စီးသည် တိုက်ငြားသော်လည်း တစ်ဦးကိုတစ်ဦး မတိုးဝေ့နိုင်ဘဲရှိသည်။ ယင်းသို့လျှင် ဆင်ကိုဆုတ်၍ ချွန်းဖွင့်ကာ တိုက်ပြန်ကြသည်။

မိုးချုပ်၍ လေးချက်တီးခန့်ရှိလျှင် သေည်ပဲစီးသည့်ဆင် အားမတန်၍ တိမ်းရာတွင် ဘယဂါမဏိက ချွန်းဖြင့် ခုတ်လိုက်သည်။ သေည်ပဲကို ခုတ်မိချေသည်။ ဘယဂါမဏိလည်း "ငါ့ကို စမ်းသည်လား" ဟုဆိုပြီးလျှင် စစ်ကိုရုပ်၍ တပ်သို့ပြန်လေသည်။ သေည်ပဲလည်း ရုပ်၍ ပြန်လေသည်။

တပ်သို့ရောက်လျှင် ကုန်းလယ်စီးသည် အများရှေ့တွင် -

"ဘယဂါမဏိ ချွန်းသီးနှင့်ရိုက်၍ မင်းကြီးတိမ်းတော်မူသည်ကို ကျွန်တော် အဆောတလျင်မ၍ ဆင်ကမကျ" ဟု ဆိုသည်ကို "နင် ငါ့ကို အရှက်ခွဲသည်" ဟူ၍ တပ်ရင်းတွင်ပင် သတ်လေ၏။

ဘယဂါမဏိလည်း -

"သည်ကဲ့သို့ ရှိချေသော် အရေးတော် ပျက်ချေတော့မည်" အယူရှိ၍ မိုးသောက်လျှင် မင်းကွန်းဆိပ်က ပုခန်းကြီးသို့ကူး၍ ရံနေလေ၏။ မင်းသားဝရသူရတို့မူကား တလုပ်အနီးတွင် တပ်ခိုင် တပ်လုံ တည်၍နေလေသည်။

မင်းရဲကျော်စွာတို့ သုံးတပ်လည်း တလုပ်တွင် တပ်ခိုင်တပ်လုံနှင့် ခံနေသည့်အကြောင်းများကို ဟံသာဝတီက မင်းရဲဒိဗ္ဗကြားလျှင် -

"အဝမှာလည်း အရေးမပြီး၊ တလုပ်မှာလည်း အရေးမပြီး၊ သည်က ချီလေသောတပ်နှင့် ဘထွေးတော်နှစ်ပါးနှင့် တစ်ချက်တည်းဖြစ်ချေသော် ငါတို့ ခက်ချေတော့မည်" အယူရှိ၍ ရခိုင်မင်းသို့ "ကျွန်ုပ်လာပါမည်၊ အလုံးအရင်းနှင့် ယူလာပါ" စေသည်။ ဟံသာဝတီတွင်ရှိသော ကိုယ်ရံတော်၊ ခေါင်း၊ အကြီး၊ အဝှန်းတို့လည်း မင်းရဲနော်ရထာအိမ်သို့ သွား၍ "မြစ်တော်မူပါ" ဆိုကုန်သည်။ မင်းရဲနော်ရထာလည်း ခေါင်းအကြီးတို့ ဆိုကြောင်း လျှောက်သည်။

မင်းရဲဒိဗ္ဗလည်း -"မလိုက်နေရမည်လော၊ မလိုက်သသူကို သံခြေချင်းဖြင့် ယူမည်" ဟူ၍ အမိန့်တော်ရှိသည်။ ကိုယ်ရံတော်တို့လည်း အဝမှာရှိလေသော သားမယားတို့ကို သတိုးမဗ္ဗရာဇာမင်းတရားကြီးဘုရား သိမ်းယူတော်မူပြီး စပ်လျောင်၍ ထားတော်မူသည်ကို ကြားသည်နှင့် နှလုံးညစ်နွမ်း၍ တစ်စိတ်တစ်ဝမ်းတည်း ရုံးစုပြီးလျှင် သက္ကရာဇ် ၉၉၁ ခုနှစ် တော်သလင်းလဆန်း ၁ ရက် စနေနေ့တွင် နန်းသို့တက်၍ မင်းရဲဒိဗ္ဗကို ဖမ်းသည်။ ရလျှင် မင်းရဲနော်ရထာကို အပ်သည်။

အဝမှာလည်း ဘယဂါမဏိ ပုခန်းကြီးကို လုပ်ကြံလေ၍ သက္ကရာဇ် ၉၉၁ ခုနှစ် တော်သလင်းလဆန်း ၁ ရက် စနေနေ့တွင် ပုခန်းကြီး ပျက်ချေသည်။ ဓားမကျိုး လှံမကျိုးဘဲ ရဲမက်တော် မပင်မပန်း အလိုတော်ပြည့်မည်ဟူ၍ လျှောက်ကြသည်။

ဟံသာဝတီမှာလည်း မင်းရဲဒိဗ္ဗကိုဖမ်း၍ မင်းရဲနော်ရထာကိုအပ်ပြီးလျှင် မင်းရဲနော်ရထာက ပြည်ရွာမထိတ်လန့်ရအောင် မောင်းကြေးနင်းခတ်စေ၍ ညီတော်ကြံညှပ်မင်းနှင့် ကိုယ်ရံတော်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်း၊ အကြီး အဝှန်းတို့ကိုစေ၍ မင်းရဲဒိဗ္ဗကို ဖမ်းထားကြောင်း၊ ရွှေထီးရွှေနန်းကို သိမ်းယူတော်မူပါမည့်အကြောင်းကို သတိုးဓမ္မရာဇာ မင်းတရားကြီးသို့ လျှောက်လာရသည်။

အဝဘုရင် မင်းတရားကြီးဘုရားလည်း ဟံသာဝတီမှာ အကြောင်းကို စေ့ငုစွာသိတော်မူလျှင် အဝတပ်၊တလုပ်တပ်၊ ပုခန်းတပ်သို့ ကိုယ်ရံတော်တို့ အမှုတော်ကိုထမ်း၍ အရေးတော်ပြီးကြောင်းကို စေတော်မူသည်။ တပ်မင်းတို့လည်း အကြောင်းအမှန်အကန် သိပြီးလျှင် အသက်လွတ်ပါမည့် အကြောင်းကို လက်ဆောင် လက်နက်အများယူ၍ ပင်းယတပ်တော်သို့ လာရသည်။

ရောက်လျှင် အမြဲထားပြီးမှ ဤသို့ အမိန့်တော်ရှိသည်။

"ညီငယ်နှင့် ဝရသူရငယ်တို့သည် ခမည်းတော်ဘုရား အမြိုက်အစွန်းတော်ဖြစ်၍ နောင်တော်ဘုရားတွင် ယုံကြည်တော်မူသဖြင့် ဝတ်ထိစပါး စေပါးတော်မူသည်၊ သို့ သနားတော်မူသည်နှင့်အညီ နောင်တော်ဘုရား အမှုတော်ကို မထမ်း၊ သူငယ်မလိမ္မာကို လှည့်ပတ်ဖြားယောင်း၍ မကောင်းသောအကျင့်ကို ကျင့်သည်၊ ကျင့်ရာသည်လော"

ထိုသို့ဆို၍ မကောင်းသော အစီအရင်ဖြင့် ကွပ်မျက်တော်မူသည်။

စဆိုင်းလုံငယ်လည်း နောင်တော်ဘုရား အထူးသနားတော်မူ၍ စော်ဘွားကြီးတို့၏ အဆောင်အယောင်နှင့်တကွ မိုးကောင်းမြို့ကို ပေးတော်မူ၍ သူကောင်းပြုတော်မူသည်။ ယုံကြည်တော်မူ၍ မိုးကောင်းမြို့မှာ မနေရ၊ ခြေရင်းတော်တွင် မပြတ်စေပါးတော်မူသည်။ ကျေးဇူး သစ္စာတော်ရှိလျက် သွေဖည်၍ သူငယ်မလိမ္မာကို ဖြားယောင်း သွန်သင်ကာ မကြံရာသော အကြံကို ကြံသည်။

ကြံရာသလောဟူ၍ မကောင်းသော ကွပ်မျက်ခြင်းဖြင့် ကွပ်မျက်တော်မူသည်။ ဇကျောက်ရစ်စားငယ်နှင့် ငွေတပြားစားငယ်မူကား နောင်တော်ဘုရား နတ်ပြည်စံသောအခါ ခြေရင်းတော်တွင် မရှိလေ။ ရေးမှာတစ်ယောက် ထားဝယ်မှာတစ်ယောက် ရှိလေသည်။ မသိလေ။ သို့မသိသော်လည်း ငါ့အမှုတော်ကို ထမ်းရမည်ကို တစ်ဘက်ပြု၍ ရဲမက်တော်တို့ ပင်ပန်းရချေသည်။

သင်းတို့ နှစ်ယောက်ကို စပ်လျှောင်၍ထား အမိန့်တော် ရှိသောကြောင့် ဝန်ရှင်တော်တို့ စီရင်ရသည်။ ဤသို့ ရတနာပူရတွင် တစ်လခန့် နေတော်မူ၍ ပြည်အလုံးကို စီရင်တော်မူပြီးမှ သက္ကရာဇ် ၉၉၁ ခုနှစ် နတ်တော်လဆန်း ၁၁ရက် တနင်္ဂနွေနေ့ နေတက်တုန်းအခါတွင် တောင်ပလူတဲတော်က သည် ဟံသာဝတီသို့ ချီတော်မူသည်။

ရောက်လျှင် မင်းရဲဒိဗ္ဗကို ရဟန်းပြုရအောင် လျှောက်ပါဆို၍ လျှောက်သည်ကို "ပိတုဃာတကကံ ထိုက်သောသူကို ရဟန်းပြု၍ သုဂတိဘဝကို ရနိုင်မည်လော" အမိန့်တော်ရှိပြီးလျှင် အပြစ်အလျောက် ခံရလေသည်။

နောင်တော်ဘုရားကို လုပ်ကြံသောအခါ အပါးတော်တွင် ပသူရှိသနည်းဟုမေးတော်မူသည်ကို တောင်ငူနန္ဒယောဓာသမီး ဆင်းစံဝတီ တစ်ယောက်သာ ခြေတော်ကိုဆုပ်၍ နေသည်ဟု လျှောက်ကြသည်။ ကိုယ်လုပ်တော်ကို ရှေ့တော်သို့ခေါ်၍ မေးမြန်းတော်မူသည်။

"ကျွန်တော်မ ခြေကိုဆုပ်၍နေစဉ် တုတ်တချို့ ဓားတချို့နှင့် အပါးသို့ ချဉ်းလာသည်ကို ကျွန်တော်မ မြင်လျှင် 'ဘုရား ထတော်မူပါ၊ အပါးတော်သို့ လူအများရောက်လာသည်' ဟူ၍ ခြေကိုလှုပ်၍ လျှောက်သည်နှင့် ကျွန်မတစ်ယောက်တည်း မနေဝံ့၍ ပြေးသည်ကို လူတစ်ယောက် ဓားနှင့်တွတ်သည်၊ ဆံကို တွက်မိ၍ ဆံပြတ်လေသည်"

လျှောက်သည့်စကားကို ကြားလျှင် ဤသို့ မိန့်တော်မူသည်။

"သည်သူငယ်မသာ ကျေးရင်းကျွန်ချာ ပီသည်"

မိန့်တော်မူပြီးလျှင် ငွေသုံးပိဿာနှင့် ကျွန်ဆယ်အိမ်ထောင် ပေးတော်မူသည်။ ဝင်းပြင်သို့ထွက်၍ နေလေတော့ဟု လွှတ်တော်မူသည်။

ယွန်းပြည် ဇင်းမယ်မှာ ကြွင်းလေသော ပြည်ရေးရွာမှုတို့ကို သုတ်သင်တော်မူလိုသောငှာ ရာဇာဘိသေကမခံဦးဘဲ သက္ကရာဇ် ၉၉၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် တနင်္ဂနွေနေ့တွင် ရွှေချက်နှစ်စင်းနှင့် ရွှေဝေါစီးတော်မူသည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် သောကြာနေ့တွင် တဲတော်ဦးသို့ ပြောင်းသည်။

ဘဝရှင်မင်းတရားကြီးဘုရားသည် ဇင်းမယ်သို့ ရောက်တော်မူလျှင် သုံးဆယ့်နှစ်တပ်လုံး ဝန်းရံ၍ လုပ်ကြံတော်မူသည်။

သက္ကရာဇ် ၉၉၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ ရက် စနေနေ့တွင် ရခိုင်က သံဆက်၍ ဘယရန္တမိတ်၊ ဇေယသတ္တရာ၊ ဒေဝတန်တို့ ဟံသာဝတီသို့ရောက်သည်။ သက္ကရာဇ် ၉၉၄ ခုနှစ် တန်ခူးလတွင် ဇင်းမယ်ကို အလိုတော်ပြည့်သည်။ အရေးတော်ပြီးလျှင် ဇင်းမယ်မြို့ရံ ၅၂ မြို့ကို သုတ်သင်တော်မူသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျိုင်းရုံး၊ ကျိုင်းတုံစော်ဘွားတို့လည်း ဆင်ကြီး၊ မြင်းကြီး၊ သားသမီးတို့ကို လက်ဆောင်တော်ဆက်၍ သစ္စာတော်ခံသည်။ မိုင်းခွင်တစ်မြို့မှုကား အညံ့မခံသောကြောင့် ညီတော်မင်းရဲကျော်စွာတစ်တပ်၊ သီရိခမ္မာသောကတစ်တပ်၊ ဘယဂါမဏိတစ်တပ်၊ ဘယကျော်ထင်တစ်တပ် သည်လေးတပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင့်ငါးရာ၊ စစ်သည်သူရဲ လေးသောင်းနှင့် ချီရသည်။

ထိုမင်းသည် သက္ကရာဇ် ၉၉၅ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက် သောကြာနေ့ ကန် စန်း မိန်လဂ်ကို မြေနန်းတက်တော်မူ၍ လက်ယာရစ်လည်တော်မူမှ ရေသဖန်းပျဉ်သို့ တက်တော်မူ၍ အရှေ့စူးစူးသို့ ရှေ့ရှုတော်မူကာ ထက်ဝယ်ဖွဲ့လျက် နေတော်မူပြီးသော် ပုရောဟိတ်ရှစ်ယောက်တို့သည် ဘိသိက်ဂါထာရွတ်လျက် ဘိသိက်မြှောက်၍ မင်းမြှောက်တန်ဆာငါးပါးနှင့် ထီးဖြူဆောင်းခြင်း၊ မြှောက်စည်၊ သံလွင်၊ လက်ချပ်၊ စည်ဝန်း၊ စည်သေး၊ တံပိုး၊ ခရာ၊ ပြွေ၊ တံရှည်၊ တံကောက်တို့ဖြင့် တီးမှုတ်၍ "သီရိသုဓမ္မာရာဇာမဟာဓိပတိ" ဟူသော အမည်ကိုလည်း ပုရောဟိတ်တို့ သမုတ်၍ ရသည်။

သက္ကရာဇ် ၉၉၅ ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက် သောကြာနေ့တွင် ယိုးဒယားသို့ သံစေတော်မူ၏။ စာခေါင်းမှာ ဤသို့ဖြစ်၏။

"မြန်မာတိုင်း၊ ဟံသာဝတီတိုင်း၊ အုန်းပေါင်တိုင်း၊ ဗန်းမော်တိုင်း၊ကသည်းတိုင်း၊ ဂုံတိုင်း၊ ကျိုင်းရုံးတိုင်း၊ ဇင်းမယ်တိုင်း တိုင်းကြီးများနှင့် အမင်းမင်းတို့ကို အစိုးရသော ရွှေတွင်း၊ ငွေတွင်း၊ ပယင်းတွင်း၊ ပတ္တမြားတွင်းသခင်၊ ရွှေနန်းပြာသာဒ်သခင် ဘဝရှင် သီရိသုဓမ္မာရာဇာမဟာဓိပတိ ကြားရောက်လိုက်သည်။ အဆွေတော် ယိုးဒယားဘုရင်"

ရွှေပေဇာတာနှစ်ဖက်ကို ပတ္တမြားစီသည့် ဆင်စွယ်ကြုတ်တွင် သွတ်၍ ကတ္တီပါအိတ်တွင် သွတ်မှ သစ်ကြုတ်ချိပ်နှိတ်ကိုက်နှင့် သွတ်ပြန်၍ ဂုံစရပ်အိတ်တွင်မှ တံဆိပ်ခတ်သည်။ မှုစာကို မေနှင့်ရေး၍ ရွှေပေနှင့်အတူသွတ်သည်။ တုရင် သာရပ္ပ လုံအောင်တို့ကိုစေတော်မူသည်။ အဂ္ဂမဟာသေနာပတိ ဘယဂါမဏိက ယိုးဒယားသေနာပတိတို့ကို မှာသည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ရွှေမော်ဓောဘုရားဝန်းကျင် လေးကျောင်း ဆောက်တော်မူသည်။ ကျောင်းမပြီးခင် ကျောင်းလုပ်အကြီး "ဇာလကန်မေလေ" တို့သည် တပေါင်းလဆန်း ၆ ရက် သောကြာနေ့ ညဥ့်တစ်ချက်တီးကျော်တွင် သဘင်နန်းတော်တွင်းသို့ ဝင်ရောက်၍ လက်နက်တိုက်တံခါးရှိရာသို့ ရောက်လာသည်ကို ရုံးကကောင်ဟန်တို့ လူလေးငါးရာ လှံနှင့်လိုက်၍ ထိုးသည်။ အများသေ၍ အချို့ကို အရှင်ရသည်။ အချို့လည်း ရသည့်လက်နက်ကိုယူ၍ အရှေ့ဘက် မော်လမြိုင်သို့ သွားကာ အခိုင်အလုံနေသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း မင်းရဲနော်ရထာတစ်တပ်၊ ဘယဂါမဏိ တစ်တပ်၊ ဗညားကျန်းတော တစ်တပ် သည်သုံးတပ်ကို တိုက်ဆင်နှစ်ရာ၊ မြင်း သုံးထောင်၊ သူရဲ သုံးသောင်းဖြင့် မော်လမြိုင်သို့ ချီရသည်။ ရောက်လျှင် အရုံးအစည်း မများခင် ရှုပ်ရှုပ်ချွံချွံ လုပ်ကြံသည်။ မခံနိုင်၍ သက္ကရာဇ် ၉၉၆ ခုနှစ် ကဆုန်လဆန်း ၃ ရက် သောကြာနေ့ ပျက်သည်။

ဘဝရှင်မင်းတရားကြီးဘုရားလည်း လက်သည်ရင်းကို စိစစ်ကာ ဖျောက်တော်မူ၍ ထားကောင်းသူကို မော်လမြိုင်တွင်ထားသည်။ သူကောင်းသားမြေးကိုလည်း သိမ်းယူတော်မူ၍ အဝမှာ အစုအကွက်ချ၍ နေရသည်။

ဤအချိန်တွင် အရှေ့ဘက်မှ ယိုးဒယားများငြိမ်ပြီး အနောက်ဘက်မှ ပူတာကေ (ပေါ်တူဂီ)နှင့် ကသည်းတို့ ထကြွသည်။ သာလွန်မင်း သီဟသူရမဟာဓမ္မရာဇာ၊ အနောက်ဘက်လွန်မင်း မဟာဓမ္မရာဇာ၊ သာလွန်မင်း ဓမ္မရာဇာ၊ ငါးထပ်ဒါယကာ မင်းရဲရန္တမိတ် ခေါ် ပင်းတလဲမင်း၊ သီရိသုနန္ဒ ဓမ္မရာဇာပဝရမဟာရာဇာဓိပတိ။ ထို့နောက် မဟာပဝရရာဇာ လောကာဓိပတိ မည်တော်ခံ ပြည်မင်း၊ ၎င်းနောက် မဟာသီဟသူရ ဓမ္မရာဇာဘွဲ့တော်ခံသည့် နရာဝရမင်း။

တစ်ဖန် သီရိပဝရမဟာဓမ္မရာဇာဘွဲ့ခံ ရမည်းသင်းမင်းရဲကျော်ထင်ခေါ် အင်္ဂါမင်း၊ သီရိမဟာသီဟသူရသုဓမ္မရာဇာဘွဲ့ခံ ဝမ်းဘဲအင်းစံမင်း၊ သက္ကရာဇ် ၁၀၇၆ တော်သလင်းလဆန်း ၁၃ ရက်တွင် နန်းတက်သော ဆင်ဖြူရှင် တနင်္ဂနွေမင်းနှင့် ၁၀၉၅ တွင် နန်းတက်သော ၎င်း၏သားတော် ဟံသာဝတီရောက် မင်းတရား ခေါ် လောကသရဖူဒါယကာမင်းအထိ ယိုးဒယားပျောက်နေခဲ့ကာ ကုန်းဘောင်ဆက်ပထမမင်း ဦးအောင်ဇေယျ လက်ထက်တွင် ပြန်လည်ပေါ်ပေါက်လာ၏။

(ဆက်ရန်)

**အောင်သိမ်းမြတ်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အောင်မင်္ဂလာ အဝေးပြေး ကားဝင်းကြီးထဲရောက်တော့ ညနေ ၃ နာရီ ထိုးပြီ။ ရန်ကုန်-မကွေး ပြေးဆွဲနေတဲ့ မှန်လုံအမြန်ကားတွေက နေ့စဉ် တစ်နေ့ကို အစီး ၂၀ ကျော်မက ပြေးဆွဲနေတယ်။ ညနေ ၅ နာရီမှာ ရန်ကုန်က ထွက်လေ့ရှိတယ်။ မကွေးကို နောက်နေ့မနက် ၄ နာရီ ၅ နာရီ ရောက်တယ်။

မကွေးကိုထွက်မယ့် ကားဂိတ်တွေ တစ်ဂိတ်ဝင် တစ်ဂိတ်ထွက် လက်မှတ်လေး တစ်စောင်ရဖို့ ဝင်ပြီးအသနားခံတာ ဘယ်ကားဂိတ်မှာမှ လက်မှတ်မရဘူး။ ဂိတ်တိုင်းမှာ လက်မှတ်ကုန်နေပြီ၊ လူပြည့်နေပြီ။ ဘယ်လိုမှ ဝယ်မရဘူး။ ကြားထိုင်ခုံလေးရရ ဖြစ်သလိုလိုက်ပါ့မယ် ဆိုတာတောင် မရဘူး။ အေးလေ ဒီလို နွေရာသီကျောင်းပိတ်ရက် ခရီးသွားရာသီ သင်္ကြန်ရက်နားနီးလာလေ ကားလက်မှတ်တွေ ခက်လေပဲ၊ ဘယ်လောက် ဈေးပိုပေးပေး ကားလက်မှတ် မရနိုင်ပါဘူး။ လွင်မောင် နောက်ဆုံးကြိုးစားခြင်းအနေနဲ့ အောင်ကမ္ဘာ ကားဂိတ်ထဲဝင်ပြီး ဂိတ်မှူးကို မေတ္တာရပ်ခံတောင်းပန်ကြည့်တယ်။

"ဘယ်နေရာက လိုက်ရ လိုက်ရ လက်မှတ်လေးတစ်စောင်တော့ ကူညီပါဗျာ၊ ဒီနေ့ မလိုက်လို့မဖြစ်လို့ပါ။ အဖေ ဆေးရုံတင်ထားရတယ် ဆိုတာလည်း ဒီမနက်မှ သိရလို့ပါ၊ အသက်မီလိုမီငြား မကွေးကို ဒီညနေ ဖြစ်တဲ့နည်းနဲ့ သွားချင်လို့ပါ"

ကားဂိတ်မှူးကလည်း ဘာမှ ပြန်မပြောနိုင်ဘဲ ခေါင်းကိုသာ ကုတ်နေသည်။ ထိုစဉ် ကားဂိတ်အတွင်း ထိုင်နေကြသော ခရီးသွားတွေထဲက တစ်ယောက်သော အမျိုးသမီးတစ်ဦးက သူ့ကားလက်မှတ်ကို ဂိတ်မှူးထံပြပြီး-

"ကျွန်မ နှစ်ယောက်စာ ထိုင်ခုံ လက်မှတ် ဝယ်ထားတယ်၊ ဒီအထဲက တစ်စောင် သူ့ကိုရောင်းလိုက်ပါ၊ ကျွန်မ တစ်နေရာစာပဲ ယူတော့မယ်"

ကားဂိတ်မှူးက တအံ့တဩ မော့ကြည့်နေစဉ် လွင်မောင်က -

"ကျေးဇူးတင်လိုက်တာ အစ်မရယ်၊ အခုလိုကူညီတာ အရမ်းကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်အဖေ မကွေးတိုင်း ဆေးရုံကြီးပေါ် တင်ထားရလို့ ဒီမနက် ၁၀ နာရီကမှ ဖုန်းလာလို့ သိရတာပါ၊ ဒီလိုအချိန်မျိုးက ခရီးသွားရာသီဆိုတော့ ကားလက်မှတ် ကြိုတင်မဝယ်ရင် ဘယ်မှသွားလို့ရတာ မဟုတ်ဘူး၊ ကျေးဇူးတင်လိုက်တာ အစ်မရယ်"

လက်မှတ် မျှဝေရောင်းပေးသော အမျိုးသမီးက စကားတစ်ခွန်းမျှ ပြန်မပြောဘဲ ကားဂိတ်ထဲက ထိုင်ခုံသို့ ပြန်ထိုင်သွားသည်။ လွင်မောင်လည်း ကားလက်မှတ်ရလိုက်သဖြင့် သက်ပြင်းချလိုက်နိုင်တော့သည်။ ညနေ ၅ နာရီ အညာကားတွေ ရှေ့ဆင့် နောက်ဆင့် တန်းစီထွက်ကြသည်။ နေပြည်တော် အမြန်လမ်းမကြီးက ဖောက်လုပ်နေဆဲ မပြီးသေး၍ လမ်းဟောင်းဖြစ်သော မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှစသဖြင့် ပြည်-အောင်လံ-မကွေး ကားလမ်းအတိုင်း တစ်ညလုံး မောင်းသည်။

လွင်မောင်နဲ့ ကားလက်မှတ် မျှဝေပေးတဲ့ မမတို့ အတူယှဉ်တွဲ ထိုင်လာကြသော်လည်း မမက စကားနည်းလွန်းလှသည်။ လွင်မောင့်ထက် သုံးလေးနှစ်ခန့်ကြီးမယ်ဟု ခန့်မှန်းရသလို မမကို အကဲခတ်ကြည့်ရတာ ပညာတတ် အထက်တန်းလွှာထဲမှ ဖြစ်ဟန်တူသည်ဟု လွင်မောင် ခန့်မှန်းမိသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြ။ လွင်မောင်လည်း အိပ်မပျော်သောကြောင့် ကားစီးရင်းအတွေးတွေနှင့် လိုက်ပါလာခဲ့သည်။ သူ့ဘေးက မမသည်လည်း တွေးနေသည်ထင်ပါရဲ့။ မျက်လုံးကလေးမှိတ်၍သာ လိုက်ပါလာခဲ့သည်။ အိပ်၍တော့ပျော်ဟန်မတူ။

လွင်မောင် ရင်ထဲမှာ ပူလောင်နေတယ်။ မကွေးသွားဖို့ ကားလက်မှတ် ဝယ်မရစဉ်က ကားလက်မှတ်ရဖို့ ရင်ထဲ ပူလောင်ခဲ့တယ်။ ကားလက်မှတ်ရပြီဆိုတော့ ဘဝရေးတွေကိုတွေးလို့ ပူလောင်နေပြန်တယ်။ အဖေ့ရဲ့ ကျန်းမာရေး ဘယ်လိုအခြေအနေလဲမသိ။ ကျန်းမာအောင် ဘယ်လို ကုသရမလဲ။ ဘယ်လောက်ကြာကြာ ကုသရမလဲ။အကယ်၍များ ကုသချိန်မရ တိမ်းပါးသွားခဲ့ရင် ဘယ်လိုစီစဉ်ရမလဲ။ အဖေ နောက်အိမ်ထောင်ပြုခဲ့တာ နှစ်ပေါင်းကြာခဲ့ပြီ။ အမေနဲ့က အခေါ် အပြော အဆက်အဆံ မရှိသော်လည်း သားသမီးခြောက်ယောက်နဲ့တော့ အဖေက အဆက်အသွယ် မပြတ်ပါဘူး။

မနှစ်က အဖေရဲ့ နောက်အိမ်ထောင်က ဖောက်ပြန်ပြီး အိမ်ထောင်သစ် ထူသွားတယ်။ မကွေးကအိမ်မှာ အဖေတစ်ယောက်တည်း ကျန်ခဲ့တယ်။ အဖေ နောက်အိမ်ထောင်နဲ့ သားသမီး မထွန်းကားဘူး။ အမေကတော့ ပြတ်တယ်။ ရန်ကုန်အိမ်ကို အဖေလာတာ လက်မခံဘူး။ အမေက အဖေ နောက်အိမ်ထောင်ပြုတော့ သားသမီးခြောက်ယောက်ကိုပိုက်ပြီး ရန်ကုန်ကို ပြောင်းခဲ့တယ်။

သားသမီးတွေ အနေနဲ့တော့ အဖေ့ကို ဆက်ဆံ ဆက်သွယ်ခွင့် ပေးပါတယ်။ အဖေ ရန်ကုန်လာရင်လည်း

www.burmeseclassic.com

သားသမီးတွေနဲ့ တွေ့နိုင်အောင် အဖေရှိရာကို အမေက သွားခွင့်ပေးတယ်။ သားသမီးအားလုံးကလည်း အမေ့ကိုပဲ သံယောဇဉ်ကြီးကြ ခင်တွယ်ကြတယ်။ အမေ ရန်ကုန်မှာ သားသမီးခြောက်ယောက်နဲ့ အတော်ရုန်းကန်ခဲ့ရပါတယ်။ သားအကြီးဆုံးလွင်မောင် ပညာတစ်ပိုင်းတစ်စနဲ့ တက္ကစီကားသမားဘဝ ရောက်ခဲ့ရတယ်။ သားအလတ်တစ်ယောက်ကို တပ်ထဲ သွင်းလိုက်တယ်။ စည်းကမ်းနဲ့ စနစ်တကျ ပြင်းပြင်းထန်ထန်မထိန်းရင် မရတော့တဲ့ အခြေအနေမို့ သားကို တပ်ထဲ ပို့လိုက်တယ်။

သားအငယ်ဆုံးလေးက ပညာရေးမှာ ထက်ထက်မြက်မြက်လေးလည်း ရှိလို့ သူ့ရဲ့တောင်းဆိုမှုကြောင့် မိသားစုအားလုံး တိုင်ပင်ကြပြီး စင်ကာပူ ပိုလီတက်ကနစ်မှာ ကျောင်းတက်စေခဲ့တယ်။ အဲဒီ အတွက် အိမ်ရောင်းခဲ့ရတယ်။ တောင်ဥက္ကလာ ၁၀ ရပ်ကွက်ထဲမှာ အိမ်ငှားနေလိုက်ကြတယ်။ မောင်နှမအကြီးလေးယောက် ဝင်ငွေထဲက လစဉ်အိမ်လခ ကုန်ရတယ်။ တပ်ထဲရောက်နေတဲ့သူကို လှမ်းထောက်ပံ့ရတယ်။ စင်ကာပူမှာ ကျောင်းတက်နေတဲ့သူကို လစဉ်ပိုင်းပြီး ငွေပို့ကြရတယ်။ ဒီတော့ စီးပွားရေး အတော်ကျပ်တည်းကြတယ်။

အမေက အိမ်မှုကိစ္စနဲ့ ချက်ရေးပြုတ်ရေး တစ်နေ့တာအချိန်ကုန်ရသလို အကြီးဆုံး လွင်မောင်က တစ်နေ့လုံး တက္ကစီကားမောင်းထွက်ရတယ်။ကျန်တဲ့ မောင်နှမသုံးယောက်က အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းတွေမို့ တစ်နေ့ကုန် ထမင်းချိုင့်ကိုယ်စီနဲ့ အလုပ်သွားကြရတယ်။ ညဘက်မှာ အိမ်ဝင်ငွေရအောင် တစ်အိမ်လုံး ပါတိတ်လုံချည်တွေ ဆေးဆွဲကြရတယ်။

ပါတိတ်လုံချည်တွေ ဆေးဆိုးပန်းရိုက်လုပ်တဲ့ စက်ရုံမှာ အထည်တွေ သွားယူရတယ်။ စက်ရုံက ဆိုးရမယ့် ဆိုးဆေးတွေလည်း ပေးလိုက်တယ်။ လက်ခရတယ်။ အထည်တွေမှာ သူ့နေရာနဲ့သူ ဆေးတို့ရတယ်။ လှန်းထားရတယ်။ မနက်မိုးလင်းတော့ အထည်အရေအတွက်နဲ့ သွားအပ်ရတယ်။ အမေ အပါအဝင် ငါးယောက်လုပ်အားဆိုတော့လည်း ပါတိတ်ဆေးတို့လုပ်ငန်းက တစ်နေ့ တစ်နေ့ ဝင်ငွေမဆိုးပါဘူး။ အိမ်လခလေးလောက်တော့ကာဖြစ်ပါတယ်။ ဂိသားစုအားလုံး ချွေချွေတာတာ ကျစ်ကျစ်လျစ်လျစ် နေကြရတယ်။

ရန်ကုန်မြို့ပေါ်မှာ တက္ကစီကားမောင်းတဲ့ လွင်မောင်တောင် ထမင်းချိုင့်နဲ့ ကားမောင်းထွက်ရတယ်။ ဆာတဲ့အခါ ခရီးသည်စောင့်ရင်း ကြုံရာနေရာ ကားရပ်ပြီး ထမင်းချိုင့်လေးဖွင့် ထမင်းစားတယ်။ တက္ကစီကားလောကမှာ ထမင်းချိုင့်နဲ့ လွင်မောင်က ရယ်စရာ ဟားတိုက်စရာ ဖြစ်ခဲ့တယ်။ လွင်မောင်ကတော့ အပြုံးမပျက်ပါဘူး။ ကိုယ့်အကြောင်းနဲ့ ကိုယ့်ဘဝကိုယ် အသိဆုံး မဟုတ်လား။

လွင်မောင်တို့ မောင်နှမ တစ်တွေ နှစ်စဉ်လိုလို အလှည့်ကျ အဖေရှိရာ မကွေးမြို့ကို အလည်သွားလေ့ရှိပါတယ်။ မိထွေးရှိစဉ်ကလည်း အဖေကို မပြတ်နိုင်တော့ မိထွေးကို မျက်နှာချိုသွေးကြ တည့်အောင်ပေါင်းခဲ့ကြတယ်။ အခုတော့ မိထွေးက အဖေ့ကို ပစ်သွားပြီ။ အဖေက လူမမာ ဖြစ်နေပြီ။

မကွေးတိုင်းဒေသ ဆေးရုံကြီးက စစ္စတာဒေါ်ကြည်ကြည်မာနဲ့က ရင်းနှီးတော့ အဖေဆေးရုံတက်တာကို သူ့ဆီကနေ သိရတယ်။ အဖေကလည်း မာနကြီးတယ်။ သူ့အဖြစ်နဲ့သူမို့ တစ်ယောက်တည်း မကျန်းမမာဖြစ်တဲ့အခါ ဘယ်သူ့ကိုမှ အကြောင်းမကြား အသိမပေး ကျိတ်ခံတယ်။ ဆေးရုံကြီးက စစ္စတာကြီး ဒေါ်ကြည်ကြည်မာကလည်း မိသားစုဇာတ်ထုပ်အားလုံးကို သိထားသူဖြစ်တော့ ရန်ကုန်ကို လှမ်းအကြောင်းကြားတယ်။ သိသိချင်း အမေက အဖေ့ဆီ အမြန်ဆုံး တစ်ယောက်သွားဖို့ ဆုံးဖြတ်တယ်။ သားအကြီးဆုံးလည်းဖြစ်၊ ဝန်ထမ်းလည်း မဟုတ်၊ ခွင့်ယူစရာလည်း မလိုတဲ့ လွင်မောင်ကို မကွေး ချက်ချင်း သွားဖို့ အမေက စေလွှတ်တယ်။

လမ်းစရိတ်နဲ့ လူမမာပြုစုဖို့ကို အိမ်မှာရှိသမျှငွေလေးတွေ စုပေါင်းထုတ်လိုက်တဲ့အပြင် အမေ့ဆွဲကြိုး၊ သမီးတွေရဲ့ ဆွဲကြိုးတွေပါ ပေါင်ရနှံရပြန်တယ်။ လွင့်မောင်တာဝန်က ဆေးရုံတက်နေတဲ့ လူမမာ ဖခင်ကို ပြုစုဖို့ ဖြစ်တယ်။

လွင်မောင် အတွေးတွေနဲ့ ကားစီးရင်း တွေးတောငေးမော လိုက်ပါလာခဲ့တယ်။ ကားတစ်စီးတည်း၊ ထိုင်ခုံတစ်ခုတည်း အတူထိုင်ခဲ့ကြပေမယ့် တစ်လမ်းလုံး စကားတစ်ခွန်းမပြော၊ တစ်ချက်လေးမပြုံးပြတဲ့မမကို တစ်ချက်တော့ လှည့်ကြည့်မိသေးတယ်။

◆

အေးလေ၊ မင်းကတော့ မမကို မာနကြီးသူတစ်ဦး၊ စိတ်ကြီးဝင်သူတစ်ဦး၊ ဘဝင်မြင့်သူတစ်ဦးရယ်လို့ ထင်နေမှာပဲနော်။ လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ်ပါကွယ်။ လူတိုင်းမှာ သောကအပူတွေ ကိုယ်စီရှိကြတယ်။ မမ ကူညီနိုင်တာကို ကူညီပေးခဲ့ပြီ။ ဒီခရီး ဒီလမ်းဟာ မိုင် ၃၀၀ ကျော်ဝေးပြီး တစ်ညလုံး ကားစီးရတဲ့ ခရီးမို့ တစ်ယောက်တည်းပေမယ့် ထိုင်ခုံလက်မှတ် နှစ်စောင်ဝယ်ခဲ့တယ်။

www.burmeseclassic.com

သက်သက်သာသာ ချောင်ချောင်ချိချိ စီးရဖို့ လက်မှတ်နှစ်စောင် ဝယ်ခဲ့ပေမယ့် ကိုယ့်မျက်စိရှေ့မှာ ဒုက္ခရောက်နေသူ တွေ့မြင်ရပြန်တော့ မနေနိုင်ပြန်ဘူး။ ဆေးရုံတင်ထားတဲ့ အဖေဆီ အမြန်သွားချင်နေတဲ့ လက်မှတ်ဝယ်မရသူကို တွေ့ရတော့ မမ မကြည့်ရက်ပါဘူး၊ လက်မှတ်တစ်စောင် မျှရောင်းပေးခဲ့ပါတယ်။

ခုမြင် ခုတွေ့သူနဲ့ လမ်းခရီးမှာ မိတ်ဖွဲ့ခင်မင် အကျွမ်းတဝင် ဖြစ်ကြတာမျိုးကို မမ သိပ်ပြီး သဘောမကျဘူး။ ပြီးတော့ ဒီလမ်း ဒီခရီးဆိုတာ အပျော်ခရီးထွက်လာတာ မဟုတ်ပါဘူး။ ဒီခရီး ဒီလမ်းကို အလွမ်းတွေနဲ့ လာခဲ့ရသူပါ။ မမ အညာမြေမှာ အားကိုးလည်းမရှိ ရောက်ဖူးတာလည်းမဟုတ်၊ တာဝန်အရ လာခဲ့ရသူပါ။

လက်ပံတန်းမှာ ထမင်းစားဖို့ ကားရပ်နားတော့ ဆိုင်ထဲမှာ မမ မင်းကို ရှာကြည့်မိသေးတယ်။ ကားတစ်စီးလုံးမှာ လိုက်ပါလာတဲ့ ခရီးသည်တွေအားလုံး ဆိုင်ထဲမှာ ထမင်းမှာပြီး စားနေကြတယ်။ မမလည်း ညစာကို ကားရပ်ပေးတုန်း ထမင်းဆိုင်မှာထမင်းမှာစားတယ်။ ဆိုင်အပြင်ဘက် ကားလမ်းဘေးမှာ ဗန်းလေးနဲ့ ချရောင်းနေတဲ့ ဆီထမင်းသည်ရှေ့မှာ မင်း ဆီထမင်းထိုင်စားနေတာ မမ တွေ့နေရတယ်။ မင်း ဆီထမင်းကို ကြိုက်လို့ စားနေတာလား။ ဒါမှမဟုတ် ဈေးသက်သာတာမို့ အကုန်အကျ သက်သာအောင် စားနေတာလားကွယ်။ မမရင်ထဲ စိတ်မကောင်းဖြစ်နေမိသေးတယ်။

မမဟာ ဘဝင်မြင့်သူ၊ မာနကြီးသူ၊ အသည်းမာသူတစ်ဦး မဟုတ်ရပါဘူးကွယ်။ မမဟာ အသည်းနာခဲ့ရသူတစ်ဦး၊ ရင်ကွဲခဲ့ရသူတစ်ဦးပါ။ မမဟာ ကြင်နာတတ်သူတစ်ဦး၊ ခင်တွယ်တတ်သူတစ်ဦးပါ။ ဒါပေမဲ့ လောကမှာ နေရာတိုင်း လူတိုင်းကို ရောရောနှောနှော ရင်းရင်းနှီးနှီး နေလို့မဖြစ်ဘူး။ စည်းဆိုတာ ထားရတယ်လေ။

ဩော်- ဘာလိုလိုနဲ့ နံနက် ဝေလီဝေလင်း အရုဏ်တက်ခါနီးပါပေါ့လား။ မကွေးကို ရောက်ခါနီးပြီ။ ယင်းချောင်းတံတားကြီးကို ဖြတ်နေပြီလေ။ အင်း- မင်းလည်း ကိုယ့်သောကနဲ့ကိုယ် တစ်ညလုံး အိပ်မပျော်ဘူးထင်ပါရဲ့။ မကွေးရောက်ခါနီးမှ အိပ်ပျော်နေလိုက်တာ မမပခုံးပေါ်တောင် မင်းရဲ့ခေါင်းက လာထိနေတယ်။ မမ မဖယ်ရက်ပါဘူးကွယ်။ မနိုးစေချင်ပါဘူး။ အိပ်ပျော်နေစေချင်သေးတယ်။ ကိုယ်ချင်းစာတယ်လေ။ အဖေဖြစ်သူ ဆေးရုံတင်ထားရတာဆိုတော့ စိုးရိမ်သောက ကြီးရှာပေမပေါ့။

ကားလက်မှတ် ဝယ်မရလို့ ဟိုပြေး ဒီပြေး ရင်မောခဲ့ရတယ် မဟုတ်လား။ ကားလက်မှတ်ရပြန်တော့ အဖေ့ရဲ့အခြေအနေ စိုးရိမ်နေရှာမှာပဲ။ မမ မင်းကို ကူညီလက်စနဲ့ ဆက်ပြီး ကူညီပါရစေကွယ်။ ဖခင် လူမမာက မကွေးမှာ၊ သားဖြစ်သူ ရန်ကုန်က လာတာဆိုတော့ သားအဖချင်း ဝေးနေကြတာ ကြာပြီထင်ပါရဲ့။

လမ်းတစ်လျှောက်လုံး မင်းက မမကို မကြာခဏ အကဲခတ်ကြည့်နေတာ မမသိတယ်။ မင်း မမနဲ့ စကားပြောချင်နေတယ် မဟုတ်လား။ ကျေးဇူးတင်ကြောင်း တဖွဖွပြောရင်း မမနဲ့ ပင်းမိတ်ဖွဲ့ချင်တယ်ထင်ပါရဲ့။ မင်းရဲ့မျက်လုံးတွေထဲမှာ ကျေးဇူးတင်နေတာ၊ ခင်မင်ချင်နေတာတွေတွေ့ရသလို တစ်စုံတစ်ခု အားငယ်နေသလိုပဲ။ တစ်ခါတလေ အားကိုးတဲ့အကြည့်လေးနဲ့ ခိုးခိုးပြီးကြည့်နေတယ်။ မင်း ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ၊ မင်းရဲ့အဖေက ဘယ်သူလဲ၊ ဘာရောဂါကြောင့် ဆေးရုံတက်နေရတာလဲ၊ တကယ်တော့ မမရင်ထဲမှာ သိချင်နေပါတယ်။

ဒါပေမဲ့လေ မိန်းမသားတစ်ယောက်အနေနဲ့ ကားဂိတ်မှာတွေ့၊ ကားပေါ်မှာ အခုမှဆုံရသူတစ်ဦးနဲ့ ရင်းရင်းနှီးနှီး မိတ်ဖွဲ့ပြီး ကိုယ်ရေးကိုယ်တာတွေ စပ်စုဖို့ဆိုတာ မသင့်တော်ပါဘူးကွယ်။ မင်းနဲ့မမ တူညီတာတစ်ခုက ဘဝသံသရာကြီးထဲက သောကအပူသည်ချင်းတော့ တူကြပါတယ်။ ပူကြပုံချင်း မတူကြပေမယ့်၊ ပူရပုံချင်း မတူကြပေမယ့် ပူကြရတာတော့ တူကြပါတယ်ကွယ်။ နံနက် ဝေလီဝေလင်း အရုဏ်မတက်ခင်ဘဲ မကွေးမြို့ အဝေးပြေးကားကြီးဝင်းထဲကို ရောက်တယ်။

◆

လွင်မောင် ကားပေါ်ကမဆင်းခင် -

"မမ ဘာပစ္စည်းတွေ ပါသေးလဲ၊ ဘယ်ကို သွားမှာလဲ"

"ပစ္စည်းတွေက များတယ်ကွယ်၊ ကားအောက်ထဲမှာ တန်ဆာလုပ်ထားတာ သံသေတ္တာနှစ်လုံး၊ထင်းရှူးသေတ္တာနှစ်လုံးနဲ့ လက်ဆွဲအိတ်နှစ်လုံး ပါသေးတယ်၊ ကားပေါ်က ခရီးဆောင်အိတ်ကတော့ မမ သယ်နိုင်ပါတယ်၊ ကားအောက်က ပစ္စည်းတွေတော့ ရွေးပြီး တက္ကစီတစ်စီးငှားပြီး တင်ပေးလိုက်ပါ၊ လိပ်စာကတော့ မြည်တော်သာတိုက်တန်း တိုက်နံပါတ် ၂၇၊ ဆေးရုံကြီးရဲ့ အခကြေးငွေဆောင် အပေါက်နဲ့တည့်တည့်က တိုက်တန်းလို့ပြောတာပဲကွယ်

www.burmeseclassic.com

လွင်မောင် ပစ္စည်းများရွေးပြီး တက္ကစီကားတစ်စီးငှား၍ တင်ပေးတယ်။ ပြည်တော်သာတိုက်တန်းရောက်တော့ ပစ္စည်းများချပေးပြီး နှုတ်ဆက်လိုက်တယ်။ မမက ကျေးဇူးတင်ပါတယ်ကွယ်လို့ ပြောတာကလွဲပြီး အပိုစကားမပြော။

လွင်မောင်လည်း ဆေးရုံနားရောက်နေပြီမို့ အဖေရှိရာ ဆေးရုံထဲ အပြေးဝင်ခဲ့တယ်။ ဖျားနာဆောင် ၂ ခုတင်တစ်လုံးပေါ်မှာ အဖေ့ကို တွေ့ရတယ်။ အဖေလည်း အိပ်ရာက နိုးလာတယ်။ သားကို မမျှော်လင့်ဘဲ ရုတ်တရက် တွေ့ရလို့ တအံ့တသြ ဝမ်းသာသွားပုံရတယ်။ အဖေ့မျက်နှာ ပြုံးနေရာက ဟိုဟိုဒီဒီကြည့်တယ်။ အမေ့ကိုရှာတယ်နဲ့ တူပါတယ်။ ပြီးမှ -

"မင်းတစ်ယောက်တည်းလား" လို့ မေးပြီး မျက်နှာက ညှိုးသွားတယ်။

အဖေ့ကိုကြည့်ပြီး လွင်မောင် သင်ခန်းစာရမိတယ်။ အဖေနဲ့အမေတို့ ငယ်လင်ငယ်မယား ဖြစ်ခဲ့ကြပေမယ့် သားသမီးခြောက်ယောက်ရပြီး အဖေဟာ တိုင်းအဆင့် ဦးစီးမှူးရာထူးရပြီးမှ အိမ်ထောင်ရေးဖောက်ပြန်မှု ကျူးလွန်ခဲ့တယ်။ အဖေ့ဌာနဟာ တစ်ချိန်က လာဘ်ပေးလာဘ်ယူ ခေတ်ကောင်းချိန်ကာလမှာ တရားမဝင် ဝင်ငွေတွေ လျှမ်းလျှမ်းတောက် ရခဲ့တယ်။ အပေါင်းအသင်း စုံလာတယ်။ အရက်သောက်တတ်လာတယ်။အဲဒီနောက်တော့ မိန်းမကိစ္စ အိမ်ထောင်ရေး ဖောက်ပြန်မှုကို ပေါ်ပေါ်တင်တင် ကျူးလွန်လိုက်တယ်။

ဝင်ငွေကကောင်း၊ ရာထူးက လက်ရှိ၊ အရွယ်လေးကလည်း ရှိသေးတော့ ငယ်ငယ်ရွယ်ရွယ်မိန်းမချောလေးနဲ့ လက်ထပ်ယူလိုက်တယ်။ ဒီတော့ အမေနဲ့ ကွာရှင်းပြတ်စဲခဲ့ရတယ်။

တကယ်တော့ အဖေဟာ အမေနဲ့သားသမီးတွေကို မပြတ်ပါဘူး။ရန်ကုန်ကို ပြောင်းပြေးကြတဲ့ ဇနီးနဲ့သားသမီးတွေကို ယခင်ကအတိုင်း ဝတ္တရားမပျက် စောင့်ရှောက်ထောက်ပံ့ပါတယ်။ အခုနေကတော့ ဝေးသွားကြရပြီ။ အမေက စိတ်နာနာနဲ့ အဖေ့ကို ပြတ်ခဲ့တယ်။ ဒါပေမဲ့ အဖေနဲ့ သားသမီးတွေကိုတော့ မိဘနဲ့ သားသမီးဆိုတာ မပြတ်ကောင်းဘူးဆိုပြီး အဆက်အသွယ် မပြတ်စေခဲ့ဘူး။

အဖေ အသက်(၆၀)ပြည့်တော့ အငြိမ်းစားပင်စင်ယူရပြီ။ ပင်စင်လစာငွေလေးကလွဲလို့ တခြား အပိုဝင်ငွေဘာမှမရှိတော့ဘူး။ ရာထူးစည်းစိမ်ဩဇာအာဏာ ဘာမှ မရှိတော့ဘူး။ ဇရာကဖိစီးလာတော့ အရွယ်ကျလာပြီ။ ရောဂါတွေက ဝင်လာပြီ။ အဖေ အိုဇာတာ ညှိုးလာပြီ။ အသက်ကြီး မတျန်းမာတော့မှ ဝင်ငွေကနည်းလာတယ်။

ငယ်ရွယ်သေးတဲ့ နောက်အိမ်ထောင်က သူကျိတ်ပြီး စုဆောင်းထားသမျှပိုက်လို့ နောက်လူနဲ့ လိုက်ပြေးသွားတယ်။ အဖေ့မှာ အိမ်တစ်လုံးပဲ ကျန်ခဲ့တယ်။ ချက်ပြုတ်ပြုစုမယ့်သူ မရှိတော့ဘူး။ ကိုယ့်အပြစ်နဲ့ကိုယ် ဆိုတော့လည်း ကယ်ပါ ယူပါ တစာစာ မအော်ရဲတဲ့အဖြစ်။ ဇနီးကြီးနဲ့ သားသမီးကြီးတွေကိုလည်း လာကြပါဦး မခေါ်ရဲတဲ့အဖြစ်။

ရပ်ထဲ ရွာထဲက ခင်မင်သူအချို့နဲ့ တစ်ချိန်က တပည့်ဟောင်း သိတတ်သူတို့က တစ်ခါတစ်ရံ လာပြီးကူညီကြတယ်။ သည်လိုနဲ့ လူကြီးရောဂါကြောင့် ဆေးရုံပေါ် ရောက်ခဲ့တယ်။ မကွေးတိုင်းဆေးရုံကြီးပေါ်မှာ မိသားစုနဲ့ ခင်မင်ရင်းနှီးတဲ့ စစ္စတာကြီးဒေါ်ကြည်ကြည်မာက ရန်ကုန်အိမ်ကို အသိပေးအကြောင်းကြားလို့သာ သိရတယ်။ တစ်လင် တစ်မယားစနစ်က လမ်းခွဲထွက်ခဲ့တဲ့ အဖေ၊ လာဘ်ပေးလာဘ်ယူ စနစ်ဆိုးကြီးကို ပျော်မွေ့ခဲ့တဲ့ အဖေ အခုတော့ ကယ်သူမဲ့ ဆယ်သူမဲ့ အဖြစ်ဆိုးကြီးနဲ့ ကြုံနေရပြီ။

လွင်မောင် ဆေးရုံပေါ်မှာ အဖေ့နားကိုရောက်တော့ သကြန်ကျဖို့ ငါးရက်ပဲလိုတော့တယ်။ အဖေ့ရောဂါက တစ်နေ့တခြား ပိုဆိုးလာတယ်။ နေ့ရော ညပါ မအိပ်မနေ အဖေ့ကိုပြုစုတယ်။ ယခင် ကုန်ကျထားတဲ့ဆေးဖိုးအကြွေးတွေရှင်း၊ နောက်ထပ်လိုအပ်တဲ့ ဆေးတွေဝယ် အစွမ်းကုန်ကုသ ... ယ့် ဇရာ ဗျာဓိ မရဏ ဆိုတဲ့ တရားကို ခန္ဓာရထားသူမှန်သမျှ လွတ်မြောက်အောင် ရုန်းမထွက်နိုင်ပါဘူး။ မရဏကို တကယ်ဆိုက်ပြီဆိုရင် ဘယ်သူမှ မကယ်နိုင်ပါဘူး။ သေမှာမုချ ဖြစ်နေသူကို ဘယ်သမားတော်မှ မတတ်နိုင်ဘူး။

အဖေ့မှာ ဆီးချိုတွေ သိပ်တက်နေတယ်။ သွေးတိုးရောဂါကလည်း ရှိနေတယ်။ တစ်ခါတစ်ရံ သတိလစ်လစ်သွားတယ်။ လွင့်မောင်မှာ ပါသမျှငွေကလည်း ကုန်ခါနီးနေပြီ။ နောက်ထပ်ငွေဆိုတာကလည်း ဘယ်ကမှ ရနိုင်စရာမရှိဘူး။ ရန်ကုန်က အမေနဲ့ ညီလေး၊ ညီမလေးတွေရဲ့ စီးပွားရေးအခြေအနေကိုလည်း လွင်မောင်အသိဆုံးဖြစ်တယ်။ ဆေးရုံမှာ ဘယ်ဆရာဝန် သမားတော်ကမှ လက်လျှော့ပြီ မရတော့ဘူးလို့ မပြောကြပါဘူး။ လွင်မောင်ကတော့ မျှော်လင့်ချက် ထားနေသေးတာပေါ့။

လွင်မောင် ဆေးရုံရောက်ပြီး လေးရက်မြောက်နေ့ကမြင်းမှာ တနင်္လာနေ့မို့ အထူးကုသမားတော် ဆရာဝန်ကြီးတွေ တစ်ဆောင်ဝင် တစ်ဆောင်

www.burmeseclassic.com

ထွက် လူနာတွေကို အသေးစိတ်လိုက်ကြည့်နေကြတယ်။ အဖေ သတိရနေတယ်။ လွင်မောင့်ကို တိုးတိုးလေး မှာကြားနေတယ်။

"အဖေ မရှိတော့ရင် မကွေးက အိမ်နဲ့မြေကို မောင်နှမအားလုံးကိုယ်စား သားက အစ်ကို အကြီးဆုံးဖြစ်တော့ တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ပါ၊ အဖေ့အမွေအဖြစ် သားတို့မောင်နှမတစ်တွေအတွက် အဖေထားခဲ့မယ် သား၊ သားက မကွေးမှာနေပြီး မိမွေဖမွေအဖြစ် စောင့်ရှောက်ပါ၊ အဖေ့ခေါင်းအုံးအောက်မှာ သော့တွေရှိတယ်၊ သေတ္တာထဲမှာ စာရွက်စာတမ်းတွေရှိတယ်၊ သားတို့အမေကို ပြောလိုက်ပါ၊ အဖေ့အမှားတွေကို တောင်းပန်သွားပါတယ်လို့၊ အဖေ့အခြေအနေ အဖေ သိပါတယ်"

အဖေ သတိလစ်သွားပြန်တယ်။ ဆီးတွေကလည်း မကြာခဏသွားတယ်။ မောနေတယ်။ လွင်မောင် လူမမာဖခင်ကို စိုးရိမ်တကြီး ကြည့်နေစဉ်မှာပဲ လှည့်လည်စစ်ဆေးနေတဲ့ ဆရာဝန်ကြီးတွေ ရောက်လာတယ်။ အထူးကုသမားတော် ဆရာဝန်ကြီးနှစ်ဦးနှင့်အတူ တာဝန်ကျ ဆရာဝန်ကြီးနှစ်ဦး၊ လက်ထောက်ဆရာဝန်တွေ၊ အလုပ်သင်ဆရာဝန်လေးတွေ၊ သူနာပြုဆရာမလေးတွေ အများကြီး အဖေ့နား ရောက်လာကြတယ်၊ စမ်းသပ်ကြ စစ်ဆေးကြ ဆွေးနွေးညွှန်ကြားကြနဲ့ ဝိုင်းအုံနေတဲ့အထဲ လွင်မောင် တအံ့တသြ မြင်လိုက်ရတာကတော့ ရန်ကုန်က ကားအတူတူစီးလာခဲ့ကြတဲ့၊ သူ့ကို ကားလက်မှတ် မျှဝေရောင်းပေးတဲ့ မမကို ဆရာဝန်မကြီးအဖြစ် ပြန်ပြီး မြင်တွေ့ရလို့ တအံ့တသြ ကြည့်နေချိန် မမဒေါက်တာကလည်း မပွင့်တပွင့်အပြုံးလေးနဲ့ လွင်မောင်နဲ့ စိုက်ကြည့်နေတယ်။ မခေါ်သာ မပြောသာမို့ အကြည့်ချင်းဆုံ မျက်လုံးချင်းသာ စကားပြောလိုက်ရတယ်။ လွင်မောင့်ရင်ထဲမှာ ဩော်- မမဒေါက်တာရယ်။

လွင်မောင့်ဆီကို ဆယ်နှစ်ကျော် ကွဲကွာနေခဲ့တဲ့ ကျောင်းနေဖက်သူငယ်ချင်း ကြည်ဝင်းနဲ့ မြင့်သိန်းတို့ ရောက်လာကြတဲ့အတွက် ထပ်ဆင့်အံ့အားသင့် ဝမ်းသာရပြန်တယ်။ ဆေးရုံကြီးက ကြည်ကြည်မှာ ပြောပြလို့ သိရင်သိချင်း ရောက်လာကြခြင်းဖြစ်တယ်။ လွင်မောင် ဝမ်းသာအားတက်မိတယ်။ လွင်မောင့်အဖေကို ဝိုင်းပြီးပြုစုကြတယ်။ သူငယ်ချင်းတွေက လွင်မောင့်ကို အားပေးကြတယ်။

လူမမာ ဖခင်ကြီးကတော့ သတိမရ အသက်ကို မှန်မှန်လေးရှူနေတယ်။ အောက်ဆီဂျင် ပေးထားရတယ်။ နေ့လယ်ပိုင်းမှာ လွင်မောင့်ဆီ မမဒေါက်တာ ရောက်လာတယ်။ သူ မကွေးတိုင်း ဆေးရုံကြီးကို တာဝန်ကျလို့ ရောက်လာကြောင်း၊ ဒီနေ့မှ အလုပ်စတင်ဝင်ရောက်တာ ဖြစ်ကြောင်း ပြောရင်းက လွင်မောင့်အဖေလူမမာကို စမ်းသပ်စစ်ဆေးကြည့်ရှုပေးရင်း အားပေးစကား ပြောသွားတယ်။ ကြည်ဝင်းနဲ့ မြင့်သိန်းတို့က လွင်မောင်နဲ့အတူ ညအိပ်လူနာ လာစောင့်ပေးကြတယ်။ ကွဲကွာနေကြတာ ကြာပြီမို့ ရှေ့ဖြစ်နောက်ကြောင်းတွေ ပြောဖြစ်ကြတယ်။

သင်္ကြန်အကြိုနေ့ နံနက်ပိုင်းမှာပဲ လွင်မောင့်အဖေ ဆေးရုံပေါ်မှာ ကွယ်လွန်သွားတယ်။ မမဒေါက်တာ ချက်ချင်းရောက်လာပြီး နှစ်သိမ့်အားပေး စကားတွေ လာပြောတယ်။ ညနေပိုင်း အသုဘချတော့လည်း သုသာန်ကို မမဒေါက်တာ လိုက်ပါပို့ဆောင်တယ်။ ရန်ကုန်က အမေနဲ့ မိသားစုကိုတော့ အဖေဆုံးလျှင်ဆုံးချင်း အကြောင်းကြားခဲ့တယ်။ သင်္ကြန်ကာလမို့ ဘယ်လိုမှ ခရီးသွားလာလို့ မရနိုင်ဘူး။ ကိုယ်ပိုင်ကား ဒါမှမဟုတ် ကားစင်းလုံးငှားလာဖို့ကလည်း မလွယ်။ သင်္ကြန်ကာလမို့ အသုဘချတာ၊ ရက်လည်ဆွမ်းကပ်တာတွေကို နှစ်မကူးမီ အမြန်ဆောင်ရွက်ရတဲ့ ဓလေ့ရယ်ကြောင့် လွင်မောင်တစ်ယောက်တည်း ဦးဆောင်ပြီး အဖေ့အသုဘကို ဆောင်ရွက်လိုက်ရတယ်။

ဘဝသံသရာကြီးထဲမှာ ဘဝ ကံကြမ္မာတွေက ဆန်းကြယ်လွန်းလှတယ်။ ဖခင် လူမမာကို ပြုစုဖို့ရယ်လို့ မကွေးမြို့ကို ခဏလာခဲ့တဲ့ လွင်မောင် ဖခင်ရုတ်တရက် ကွယ်လွန်သွားရာက ဖခင်ရဲ့မှာကြားခဲ့တဲ့ စကားကြောင့် မကွေးမြို့မှာ အခြေချနေဖြစ်တယ်။ ဖခင်ကြီးထားခဲ့တဲ့ မြေနဲ့အိမ်ကို ရောင်းချပြီး မိသားစုအားလုံးရှိရာ ရန်ကုန်မှာ အိမ်ဝယ်ဖို့ အမေ့ကို လွင်မောင်ကပြောပြတယ်။ အမေ သဘောမတူဘူး။ အဖေ့ရဲ့အမွေအနှစ်လေးကို မထုခွဲမဖြိုဖျက်ရက်ဖူးနဲ့ တူပါတယ်။

အမေ ပြောလာတာက စင်ကာပူမှာ ကျောင်းတက်နေတဲ့ သားအငယ်လည်း ကျောင်းပြီးပြီမို့ လုပ်ငန်းခွင် ဝင်နေကြောင်း၊ အမေတို့က ငွေမပို့ရတော့တဲ့အပြင် သားငယ်က ငွေပို့နိုင်တော့မည်ဖြစ်ကြောင်း၊ တပ်ထဲရောက်နေသည်မှာ ကြာပြီဖြစ်တဲ့ သားကလည်း ဗိုလ်သင်တန်းတက်ခွင့်ရခဲ့ပြီး အခုအခါ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် တာဝန်ဖြင့် ပြောင်းလာရသဖြင့် ငွေပို့ရန်မလိုတော့ကြောင်း၊ မကြာမီ တစ်နှစ် နှစ်နှစ်အတွင်း ရန်ကုန်တွင် အိမ်ဝယ်နိုင်တော့


www.burmeseclassic.com

www.burmeseclassic.com

မည်ဖြစ်၍ မကွေးအိမ်ကို ရောင်းချရန် မလိုကြောင်း၊ လွင်မောင့်အဖေ မှာခဲ့တဲ့ စကားအတိုင်း မကွေးမှာနေရင်း အိမ်ကို စောင့်ရှောက်ဖို့ အမေက ထပ်ဆင့် တာဝန်ပေးတယ်။

ဒီတော့ လွင်မောင် သူငယ်ချင်းတွေနဲ့ တိုင်ပင်ရပြန်တယ်။ မကွေးမှာ အိမ်ကြီးတစ်လုံးနဲ့ ဘယ်လိုရပ်တည်နေမလဲ။ သူငယ်ချင်းတွေက ပြောကြတယ်။ မကွေးဆိုတာ တစ်ချိန်သောကာလက မကွေးနှင့်မတူတော့ကြောင်း၊ မကွေးဟာ တိုင်းမြို့တော်ကြီးဖြစ်ပြီး ယခုအခါ မကွေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ ကျန်းမာရေးတက္ကသိုလ် စတဲ့ တက္ကသိုလ်ပေါင်းစုံ တည်ရှိတဲ့ ပညာရေးမြို့တော်ကြီး ဖြစ်နေခြင်း၊ ဧရာဝတီမြစ်ကူးတံတားကြီး ရှိနေခြင်း၊ ကားလမ်း၊ ရထားလမ်း၊ သင်္ဘောဆိပ်၊ လေဆိပ်တို့ တည်ရှိနေခြင်းတို့ကြောင့် စည်ကားတိုးတက် ဖွံ့ဖြိုးနေသဖြင့် ယခုအခါ မကွေးမြို့တွင် ဘော်ဒါဆောင်လုပ်ငန်း တွင်ကျယ်နေကြောင်း၊ လွင်မောင်ရဲ့ ခြံနဲ့အိမ်ကြီးကို အနည်းငယ်ပြုပြင်ပြီး ဆေးတက္ကသိုလ်ကျောင်းသူသီးသန့်ဘော်ဒါဆောင်ဖွင့်ရန် ဆုံးဖြတ်စီစဉ်ကြတော့တယ်။

ဒီလိုနဲ့ လွင်မောင်ဟာ အဖေအမွေထားခဲ့တဲ့ ခြံကြီးနဲ့အိမ်ကြီးကို ဆေးကျောင်းသူတွေသာ သီးသန့်လက်ခံထားတဲ့ 'နွေအလွမ်းရိပ်' ဘော်ဒါဆောင်ကြီးဖွင့်ဖြစ်ခဲ့ပါတော့တယ်။

ဘော်ဒါဆောင်ဖွင့်ဖို့ အဓိကအကြံပေးပြီး တာဝန်ယူပြင်ဆင်ဆောက်လုပ်ကြတာက ကြည်ဝင်းနဲ့မြင့်သိန်းတို့နှစ်ယောက်ဖြစ်တယ်။ လွင်မောင်က ညည့်သည်ဆိုတော့ မြို့ခံသူငယ်ချင်းတွေက ဝိုင်းဝန်းကူညီကြတယ်။ ဘော်ဒါဆောင်ဖွင့်ဖို့ မမဒေါက်တာကို တိုင်ပင်တော့လည်း သဘောတူတယ်။

မမဒေါက်တာအနေနဲ့ မကွေးဆေးရုံကြီးကို တာဝန်ကျတယ် ဆိုတော့ မကွေးကိုလည်းမရောက်ဖူး၊ အသိအကျွမ်းလည်း မရှိတာကြောင့် ဟိုဟိုဒီဒီ တိုင်ပင်စုံစမ်းခဲ့ရတယ်။ အဲဒီမှာ မကွေးဆေးတက္ကသိုလ်ကို ခြောက်နှစ်ကြာ တက်ခဲ့ဖူးတဲ့ ဒေါက်တာမျိုးမမက သူ မကွေးမှာကျောင်းတက်စဉ် ဘော်ဒါဆောင်အခက်အခဲဖြစ်ချိန် ပြည်တော်သာတိုက်တန်း တိုက် ၂၇၊ အခန်း ၇ က ဦးစိန်လင်း+ဒေါ်သစ်သစ်တို့ဆီမှာ ခြောက်နှစ်လုံး နေခဲ့ကြောင်း၊ ရိုးသားအေးဆေးတဲ့မိသားစုဖြစ်ပြီး ခင်တွယ်စရာကောင်းကြောင်း၊ ဆေးရုံကြီးနဲ့လည်း ပြည်တော်သာလမ်းသာ ခြားကြောင်း၊ ကျောင်းတက်ဖို့ ဖယ်ရီကားစီးရတာလည်း လွယ်ကူပြီး ဆေးရုံကြီး အခကြေးငွေဆောင်ဝင်းတံခါးနဲ့တည့်တည့်ဖြစ်လို့ ဟောက်စ်ဆင်းရတာလည်း အဆင်ပြေခဲ့ကြောင်း၊ ဒါကြောင့် မမဒေါက်တာကို အဲဒီတိုက်မှာပဲနေဖို့ ဒေါက်တာမျိုးမမက အစစစီစဉ်ပေးခဲ့ကြောင်း၊ အခု လွင်မောင်က ကိုယ်ပိုင် ဘော်ဒါဆောင်ဖွင့်ဖြစ်တော့ ဘော်ဒါဆောင်အသစ်မှာ မမဒေါက်တာ လာနေမယ်၊ ဈေးဦးပေါက်ပေါ့လို့ဆိုပြီး ကျောင်းတွေမဖွင့်မီ၊ ကျောင်းသူတွေ ရောက်မလာမီ မမဒေါက်တာ ပထမဆုံး ရောက်လာပါတော့တယ်။

ဘော်ဒါဆောင်သစ်မှာ နေမယ့် အဆောင်သူတွေ ရောက်မလာကြသေးတော့ မမဒေါက်တာ ဆေးရုံကအားလပ်ချိန်တွေမှာ မကွေးမြို့ဝန်းကျင် မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ကျောင်းတော်ရာ တစ်ဝိုက် ဘုရားစုံဖူးဖို့ ကြည်ဝင်းနဲ့ မြင့်သိန်းတို့က မော်တော်ဆိုင်ကယ်တစ်စီးစီ၊ လွင်မောင်က မမဒေါက်တာကိုတင်ပြီး မော်တော်ဆိုင်ကယ်တစ်စီးနဲ့ အလည်အပတ် ဘုရားဖူးခရီးတွေ ထွက်ခဲ့ကြတယ်။

လွင်မောင်နဲ့ မမဒေါက်တာတို့ တစ်အိမ်တည်း အတူနေ အမြဲတတွဲတွဲ ခရီးထွက်ပါများလာတော့ ခင်မင်ရင်းနှီးမှု၊ တွယ်တာမှုတွေ တိုးလာတယ်။ လွင်မောင့်မှာ အလုပ်ရယ်လို့ သီးသန့်ရှိတာမဟုတ်ဘဲ အဆောင်မှာနေရင်း ဘော်ဒါဆောင် ရေမီးပြည့်စုံရေး၊ သန့်ရှင်းရေး၊ သာယာလှပရေးအတွက် လုပ်နေခဲ့တယ်။ အဆောင်တွင်း သန့်ရှင်းရေး၊ ချက်ပြုတ်ရေးအတွက် ဒေါ်လေးငယ်ဆိုတဲ့ အမျိုးသမီးကြီးတစ်ဦးကို လခနဲ့ ငှားထားခဲ့တယ်။ တက္ကသိုလ်တွေဖွင့်ရင် အဆောင်ကို ကျောင်းသူတွေ ရောက်လာဖို့အတွက် ကြည်ဝင်းနဲ့မြင့်သိန်းတို့က မြို့ခံတွေမှ ကြော်ငြာတွေ၊ ပန်းဖလက်တွေ၊ ပိုစတာတွေနဲ့ လုံးပန်းနေကြတယ်။

မမဒေါက်တာ အားလပ်ချိန်လေးတွေမှာ မြသလွန်ဘုရားဖူးကြရင်း ထစ်ခါတလေ ညဦးပိုင်း ဧရာဝတီမြစ်ကမ်း နံဘေးနဲ့ မကွေးတံတားကြီးပေါ် လွင်မောင်တို့ လမ်းလျှောက်ထွက်ရင်း စကားပြောဖြစ်ကြတယ်။ မြစ်ပြင်ကိုဖြတ်သန်းတိုက်ခတ်လာတဲ့ လေနုအေးလေးကို နှစ်ယောက်သား ခံစားကြရင်း ကြည်နူးစရာကောင်းတဲ့ ညဦးယံလေးမှာ မမဒေါက်တာက -

"မမနာမည်ရင်းကိုလည်း သိနေပြီပဲ၊ ဘာဖြစ်လို့ မမဒေါက်တာ မမဒေါက်တာနဲ့ ခေါ်နေရတာလဲ"

"နှုတ်ကျိုးနေလို့ပါ မမရယ်၊ မမဒေါက်တာ ဆိုတာ ခေါ်လို့လည်း ကောင်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

လွင်မောင်က ရယ်ရယ်မောမော ပြန်ပြောလိုက်တော့ -

"အဲလိုကြီးခေါ်တာ လူကြားလို့လည်း မကောင်းပါဘူးကွယ်၊ ရှက်စရာကြီး၊ ဆရာဝန်မှန်း လူသိတာပေါ့၊ မမ နာမည်ကိုပဲ ခေါ်ပေါ့"

"အဲလို နာမည်နဲ့ ခေါ်စေချင်ရင်လည်း စတွေ့ကတည်းက နာမည်လေးဘာလေး ပြောပါလား၊ ခပ်တည်တည်ကြီး မခေါ်မပြောဆိုတော့ ဘယ်လိုခေါ်ရမှန်း ဘယ်သိမလဲ၊ ဆေးရုံမှာ ပြန်တွေ့တော့မှ ဆရာဝန်မကြီးမှန်း သိရတော့တာလေ၊ ဒီတော့လည်း မမဒေါက်တာလို့ ကိုယ့်ဟာကိုယ် နာမည်ပေး ခေါ်လိုက်တာပေါ့၊ ခုတော့ နှုတ်က ကျိုးနေပြီ"

"အဲလိုကြီး မခေါ်နဲ့ကွာ"

"ဒီလိုဆို ဘယ်လိုခေါ်ရမှာလဲ"

"ဟင့်အင်း မသိဘူး"

"မမကို သူများတွေခေါ်သလိုလည်း မခေါ်ချင်ဘူး၊ ကျွန်တော် တစ်ယောက်တည်း သီးသန့်ခေါ်တာမျိုးပဲ ခေါ်ချင်တယ်၊ မမဒေါက်တာလို့ မခေါ်တော့ဘူး၊ မမတာလို့ပဲ ခေါ်မယ်"

"ဟင်- တစ်မျိုးကြီးပဲ"

"အဓိပ္ပာယ်ရှိရှိ ခေါ်လိုက်တာပါ မမရဲ့၊ မမတာဆိုတာ မမအတွယ်အတာကို အတိုကောက်ခေါ်တာ"

"အောင်မယ်လေး စကားတတ်တိုင်း ပြောနေတော့တာပဲနော်၊ ဒါဖြင့် မင်းကိုရော မမက ဘယ်လိုခေါ်ရမလဲ"

"ဒါကတော့ မမရင်ထဲ ရှိသလိုကြိုက်သလို ခေါ်ပေါ့၊ ကျွန်တော့်နာမည်လည်း မမသိနေပြီပဲဟာ၊ ကိုလွင်လို့ခေါ်မလား၊ ကိုမောင်လို့ ခေါ်မလား၊ ဒါမှမဟုတ် တစ်လုံးတည်း အဖျားဆွတ်ပြီး မောင်လို့ ခေါ်ချင်လား"

"အမယ်လေး၊ သိတတ်လိုက်တာ လွန်ရောနော်၊ မခေါ်ရဲပါဘူး၊ ခေါ်ရမှာ ကြက်သီးထစရာကြီး"

"ဒါဖြင့် မမက ဘယ်လိုခေါ်မှာလဲ"

"မင်းက မမကို မမတာလို့ခေါ်ရင် မမကလည်း မင်းကို အတာလို့ခေါ်မှာပေါ့"

"ကျွန်တော်က မမတာလို့ခေါ်တာက အဓိပ္ပာယ်ရှိတယ်နော်၊ မမတာက ကျွန်တော့်ကို အတာလို့ခေါ်တာကကော"

"အဓိပ္ပာယ်အတူတူပဲပေါ့"

"တကယ်နော်"

ဒီတစ်ခါတော့ မမက စကားဖြင့် မပြောတော့ဘဲ ပြုံး၍ခေါင်းညိတ်သည်။

တက္ကသိုလ်တွေ ဖွင့်ပြီမို့ လွင်မောင်ရဲ့ နွေအလွမ်းရိပ်ဘော်ဒါဆောင်ကို ကျောင်းသူတွေ ရောက်လာကြတယ်။ ကြည်ဝင်းနဲ့ မြင့်သိန်းတို့ စီစဉ်ပေးထားတဲ့ အဆောင်နေစည်းကမ်းချက်များ၊ အဆောင်နေခွင့် လျှောက်ထားပုံစံ၊ ကိုယ်ရေးအကျဉ်း အချက်အလက်များ ဓာတ်ပုံနှစ်ပုံ ဆက်သွယ်ရန် မိဘအုပ်ထိန်းသူလိပ်စာ၊ ဖုန်းနံပါတ်များ၊ ကြိုတင်လခ တစ်လခစာနဲ့ ကျောင်းသူတစ်ဦးချင်းအတွက် နေရာအခန်း၊ စားသောက်ရေးကိစ္စများ အဆင်ပြေအောင် ဆောင်ရွက်ပေးနေရတယ်။

တကယ်တမ်းတော့ တက္ကသိုလ်ကျောင်းသူတွေ ဆိုကြပေမယ့် ငယ်ကြသေးသူများသာ ဖြစ်တယ်။ မိဝေးဖဝေး တစ်နယ်တစ်ကျေးမှာ ပညာလာသင်ကြရတာ လွယ်လှတာတော့ မဟုတ်ပါဘူး။ အထူးသဖြင့် ဆေးတက္ကသိုလ်ကျောင်းသူတွေဆိုတာ ပညာသင်ရတာ ခက်ခဲပင်ပန်းကြသလို တစ်နှစ် တစ်နှစ်ရဲ့ ကုန်ကျစရိတ်ကလည်း ကြောက်ခမန်းလိလိပါပဲ။ တော်တန်ရုံ မိဘတွေအနေနဲ့တစ္စန့်စားမှုကြီး တစ်ရပ်ပါ။

မိန်းကလေးတွေလည်း ဖြစ်ပြန်၊ မိဘအုပ်ထိန်းသူနဲ့ ဝေးရာဖြစ်တော့ လမ်းလွဲသွားမှာစိုးရိမ်စရာကောင်းတယ်။ သူတို့နေရတဲ့အဆောင်က မကွေးမြို့ထဲမှာ၊ ဖယ်ရီကားနဲ့ နေ့စဉ် ခြောက်မိုင်လောက်ဝေးတဲ့ ဆေးတက္ကသိုလ်ကို နေ့စဉ်သွားပြန်ကြရတယ်။ သင်ကြားရေး ဆေးရုံကြီးနဲ့တော့ နီးကပ်ပေမယ့် တိုင်းဆေးရုံကြီးနဲ့ လက်တွေ့သင်ကြားရတဲ့အခါတွေ ပင်ပန်းလှတယ်။ ဒီအထဲ စာလိုက်နိုင်ဖို့က အပြင်းအထန် ကြိုးစားရတယ်။ ကျူရှင်ကလည်း မယူမဖြစ်ယူရသေးတယ်။ ကိုယ်တိုင်ကလည်း ကျန်းမာရေးကောင်းပါပေမှ။

မိဝေးဖဝေး အုပ်ထိန်းသူဝေးနေကြတဲ့ မိန်းကလေးတွေမို့ သားသမီးချင်းစာနာ၊ ညီမချင်းစာနာပြီး တစ်ယောက်ချင်းကို အစစ ဂရုတစိုက်စောင့်ရှောက်ပေးရတယ်။ သူတို့လေးတွေ နေရစားရတာ အဆင်ပြေပျော်ရွှင်ကြရင် ကျောင်းပြီးတဲ့အထိ ခြောက်နှစ်ကြာ နေသွားကြမှာဖြစ်တော့ လခရတာ တစ်ခုတည်း မကြည့်နိုင်ဘဲ သံယောဇဉ်ထား ဆုံးမစောင့်ရှောက်ကြည့်ရှုအားပေးရတယ်။ အမြင်မတော်တာ မှားယွင်းတာတွေ့ရင် သမီးလို သဘောထားပြီး တိုးတိုးတိတ်တိတ်ကျိတ်ဆုံးမပေးရတာလည်းရှိတယ်။

ဒီအထဲက ထူးထူးခြားခြား ဆေးကျောင်းသူလေး မေစောနွယ်ကိုတော့ လွင်မောင် မြင်မြင်ချင်း တအံ့တဩတုန်လှုပ်ချောက်ချားသွားခဲ့ရတယ်။ နွေအလွမ်းရိပ် ဘော်ဒါဆောင်မှာနေဖို့ ဆေးကျောင်းသူလေး မေစောနွယ် ရောက်လာခဲ့တယ်။





www.burmeseclassic.com

www.burmeseclassic.com

မေစောနွယ်ကို မြင်လိုက်ရတယ်ဆိုရင်ပဲ လွင်မောင် လွန်ခဲ့တဲ့ အနှစ်(၂၀)အတိတ်ကာလကို ပြန်ရောက်သွားသလို ခံစားလိုက်ရတယ်။ ရုတ်တရက်နှုတ်ကနေ အစောလို့တောင် ခေါ်မိလောက်အောင် ရုပ်ချင်းတူလွန်းလှလို့ အမြွှာညီအစ်မလား ထင်မိမှားရတယ်။ မေစောနွယ်လေးဟာ (၁၇)နှစ်အရွယ်မျှသာ ရှိသေးတယ်။

ကြည်ဝင်းနဲ့ မြင့်သိန်းတို့က -

"မင်းကို တမင်မပြောဘဲ ထားတာကွ၊ မင်း မမဒေါက်တာကို ဆေးရုံလိုက်ပို့နေတဲ့အချိန် မေစောနွယ်လေးဒီအဆောင်ကိုအထုပ်အပိုးတွေနဲ့ရောက်လာတာကွ၊ ငါတို့နှစ်ယောက် သူ့ကိုတွေ့တွေ့ချင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကြောင်နေလိုက်ကြတာ အကြာကြီးပဲ၊ ဒီကလေးမကိုမြင်လိုက်တာနဲ့ တို့တစ်တွေ ဟိုရှေးရှေးက ၁၀ တန်းကျောင်းသားဘဝ ချက်ချင်း ပြန်ရောက်သွားပြီး အစောကိုတွေ့လိုက်ရသလို ဖြစ်ခဲ့ရတယ်။

သူက အဆောင်မှာ နေချင်လို့ပါလို့လည်းပြောရော ငါက အဆောင်စည်းကမ်းချက်စာရွက်ပေးရင်း နေခွင့်ပုံစံဖြည့်ခိုင်းတယ်၊ ပြီးတော့ ကိုယ်ရေးအကျဉ်း ရေးခိုင်းတော့ တို့ထင်ထားသလို မေစောနွယ်ဟာ အစောရဲ့တစ်ဦးတည်းသော သမီးလေးဆိုတာ သိရတာပေါ့ကွာ၊ ငါက မင်းနေရာ အဆောင်ပိုင်ရှင်လိုလို ဘာလိုလိုနဲ့ ကလေးမကိုအင်တာဗျူးလုပ်လိုက်တော့အကြောင်းစုံသိရတော့တာပေါ့ကွာ။

ငါတို့က အစောမင်္ဂလာဆောင်အခမ်းအနားကို တက်ခဲ့တဲ့ကောင်တွေကွ၊ မင်းက အဲဒီအချိန် ရန်ကုန်ပြောင်းသွားပြီ၊ သူနဲ့လက်ထပ်တဲ့ အမျိုးသားကပုလဲနဲ့ငါးက သင်္ဘောကပ္ပတိန် ကိုဝေလင်းလေ၊ နောက်တော့ ပုလဲနဲ့ငါးကအလုပ်ထွက်ပြီး နိုင်ငံခြားသင်္ဘောလိုင်းပေါ်တက်တော့ သင်္ဘောအရာရှိပေါ့ကွာ၊ အစစ တော်တော်အဆင်ပြေခဲ့ကြတယ်၊ အဲဒီအထိပဲ ငါတို့လည်း သိခဲ့ကြတယ်။

အခု ကလေးမလေးကို အင်တာဗျူးလုပ် စပ်စုလိုက်တော့မှ အစောရဲ့ခင်ပွန်း ကလေးမလေးအဖေ ကိုဝေလင်းဟာ လွန်ခဲ့တဲ့ငါးနှစ်က တောင်တရုတ်ပင်လယ် မုန်တိုင်းမှာ သင်္ဘောမှောက်ပြီး ကွယ်လွန်ခဲ့သတဲ့ကွာ၊ ကိုဝေလင်းကသံတွဲဇာတိ ရခိုင်သားစစ်စစ်ဆိုတော့ဒီကလေးမ မေစောနွယ်လည်း ရခိုင်မလေးကွ၊ စကားပြောတာ ရခိုင်သံဝဲဝဲနဲ့ပြောတော့ တို့နားမလည်လို့ တော်တော်နားထောင်ယူရတယ်။

အခု သူ့အမေ အစောလည်းသံတွဲ ငပလီမှာ ဟိုတယ်ဖွင့်ထားသတဲ့၊ အစောက စီးပွားရေးဘွဲ့ရထားတဲ့အပြင်ဟိုတယ်နဲ့ ခရီးသွားလာရေးသင်တန်းတွေလည်း စင်ကာပူမှာ တက်ခဲ့ဖူးတယ်ဆိုပဲ၊ အခု ယောက္ခမတွေနဲ့ ရှယ်ယာငပလီမှာ ဟိုတယ်ကြီးဖွင့်ထားပြီး သူကပိုင်ရှင် မန်နေဂျာကြီး လုပ်နေတယ်တဲ့၊ သမီးဆေးကျောင်းသူကို မနှစ်က သူကိုယ်တိုင် လိုက်ပို့ခဲ့တယ်တဲ့၊ ဒီနှစ်တော့ဟိုတယ်မှာ အလုပ်များပြီး မအားလို့လိုက်မပို့နိုင်တာတဲ့ကွ။

မေစောနွယ်လည်း မနှစ်ကနေခဲ့တဲ့အဆောင် သဘောမကျလို့ စုံစမ်းတော့ ဘော်ဒါဆောင်အသစ် ဖွင့်တယ်ဆိုလို့ ဒီကိုရောက်လာတာ၊ ငါတို့ကဒီကလေးလက်ခံထားတာကို တမင် မင်းကို အသိမပေးဘဲထားတာ၊ မင်း တွေ့တာနဲ့ အံ့အားသင့်အောင်လို့၊ ငါတို့နှစ်ယောက်လည်း မကြာခင် ငပလီသွားပြီး ခပ်တည်တည်နဲ့ မသိချင်ယောင်ဆောင်ပြီး အစောရဲ့ဟိုတယ်သွားတည်းလိုက်ဦးမယ်၊ တွေ့ကြသေးတာပေါ့ကွာ၊ ဘီယာ တဝကြီးသောက်ပြီး နှိပ်စက်ရမယ်"

"ဟေ့ကောင် လွင်မောင်၊ မင်းလည်း မမဒေါက်တာနဲ့တင် အချိန်တွေတုန်မနေနဲ့ဦး၊ ငါတို့က အားနေတုန်းမို့သာ မင်းဘော်ဒါဆောင်လာပြီး မန်နေဂျာ လုပ်ပေးနိုင်တာ၊ မင်းကိုယ်တိုင်သေသေချာချာ ဘော်ဒါမှာ အချိန်ပြည့်နေပြီး စီမံစရာတွေ စီမံဦးကွ၊ အခုလည်းအဆောင်မှာ လူပြည့်နေပြီ၊ နောက်ထပ်လက်မခံနဲ့တော့နော်၊ ရေစက် မီးစက်တွေလည်း စက်ဆရာလေး ဘာလေးခေါ်ပြပြီး ကြိုတင်ပြင်ဆင်ထား။

မင်းမမ ဒေါက်တာကလည်းအဆောင်မှာ သိပ်နေရတယ် မရှိဘူး၊ ဆေးရုံကြီးတာဝန်က တစ်မျိုး၊ ကောင်းမွန်ဆေးရုံနဲ့ ပသာဒဆေးရုံတွေမှာလည်းအချိန်ပိုင်း ထိုင်သေးတယ် မဟုတ်လား၊ ဒါတောင် ကိုယ်ပိုင်ဆေးခန်း မဖွင့်လို့တော်သေးတာပေါ့ကွာ၊ ကားဝယ်ပါ၊ ကိုယ်တိုင်မောင်းပါ ဆိုတော့လည်း ကားမဝယ်၊ မော်တော်ဆိုင်ကယ်ကျတော့လည်း ကိုယ်တိုင်မောင်းရမှာ ကြောက်တယ်ဆိုတော့ မမသွားလိုရာကို မင်းကဆိုင်ကယ်နဲ့ ကြိုပို့လုပ်၊ မမဒေါက်တာကမင်းခါးဖက်လိုက်နေတာ မင်းကသဘောသိပ်ကျနေ"

ကြည်ဝင်းနဲ့ မြင့်သိန်းတို့အပြောကြောင့် လွင်မောင် ဇာတ်ကြောင်းစုံသိရတယ်။

(ရှေ့လ ဇာတ်သိမ်းပိုင်း)

**ရေနံ့သာအောင်ချမ်းဇော်**

□



www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှ အဆက်)

# မြိုင်သာယာမှ နှင်းပျောက်တဲ့နွေ

ခင်မောင်ဝင်းမှ မြိုင်သာယာတစ်ခွင် လှည့်လည် ပြသပါသည်။ မြိုင်သာယာဈေးဝင်းကြီးမှာ ကျယ်ဝန်းလှပါသည်။ သို့သော် ဈေးဆိုင်များမှာ များများစားစား မရှိပါ။ ထန်းရွက်မိုး အကာအရံမဲ့ ထဲတန်းရှည်ကြီး နှစ်လုံးသာ ရှိပါသည်။ ခင်မောင်ဝင်းတို့၏ ဆိုင်ခန်းကိုလည်း တွေ့ရပြီး အကြော်နှင့် မုန့်ပေါင်းရောင်းချသောတဲကလေးများလည်းရှိပြီး အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ တံရုတ်ခေါက်ဆွဲဆိုင်နှင့် အထည်ဆိုင်များကိုလည်း တွေ့ရှိရပါသည်။ ဈေးကလေးမှာ သေးငယ်သော်လည်း စည်ကားလှပါသည်။ ဒေသထွက် ဟင်းသီးဟင်းရွက်များလည်း ပေါများလှပါသည်။

"အစ်ကို အရက်တွေ ဘာတွေ သောက်တတ်ရင်လည်း ပြောနော်၊ ဒီမှာ ချိုးကြော်တို့၊ ယုန်ကင်တို့၊ ချေသားခြောက်တို့ ပေါတယ်"

"အစ်ကိုက အရက်လည်း မသောက်၊ ဆေးလိပ်လည်း မသောက်တတ်ပါဘူးကွာ"

"ဒါဆို ကျွန်တော်တို့ အိမ်ပြန်ကြစို့၊ အစ်ကို အေးအေးဆေးဆေးနားပြီး သီချင်းရေးပေါ့၊ ပြီးတော့ အစ်ကို တယော ထိုးပြဦးနော်၊ ကျွန်တော် တယောကို အမြင်မှာ မမြင်ဖူးဘူး၊ တယောသံကိုအပြင်မှာလည်းမကြားဖူးသေးလို့ပါ"

"အေးကွာ . . . အဆင်သင့်တဲ့နေ့ အစ်ကို ညီလေးကို တယောထိုးပြပါ့မယ်"

အိမ်အပြန်လမ်းတွင် ပေါင်းမိုးပါသော လှည်းများကို တွေ့ရပါသည်။ ဈေးရောင်း ဈေးဝယ် လာရောက်ကြသော မြိုင်သာယာနှင့် အနီးတစ်ဝိုက် ကျေးရွာများမှ လှည်းများဖြစ်ကြောင်း သိရပါသည်။ မြိုင်သာယာတွင် ကိုမှိုင်းလွင်တစ်ယောက်တည်း ကျန်ရစ်သောအခါ တစ်ခဏအတွင်းမှာပင် ခင်မောင်ဝင်းနှင့် ရင်းနှီးသွားခဲ့ပါသည်။ ထိုအခါမှ ကိုမှိုင်းလွင် မြိုင်သာယာကို ရောက်ရှိလာရသည့်

www.burmeseclassic.com




အကြောင်းရင်းမှန်ကို ဖွင့်ပြောပြလိုက်ပါသည်။

"အစ်ကိုပြောတဲ့ မနှင်းယုသွယ်ကို ကျွန်တော်သိတာပေါ့ဗျာ၊ ကျွန်တော်သာ မဟုတ်ဘူး၊ တစ်ရွာလုံးက သိကြတာပေါ့၊ မနှင်းယုသွယ်က ကျွန်တော်တို့ရွာက မဟုတ်ဘူး၊ အနောက် မြိုင်သာယာကလေ၊ အစ်ကို စိတ်ခိုင်ခိုင်ထားနော်၊ အစ်ကို မြိုင်သာယာကို အလာကောင်းပေမယ့် အခါနှောင်းသွားပြီ၊ မနှင်းယုသွယ် လွန်ခဲ့တဲ့ နှစ်လလောက်ကပဲ ဆုံးသွားခဲ့ပါပြီ"

"ဘာ- ဘယ်လို ဘယ်လိုပြောလိုက်တယ် ညီလေး"

"ဟုတ်ပါတယ် အစ်ကို၊ မနှင်းယုသွယ်ဟာ သေဆုံးသွားခဲ့ပါပြီ"

ကိုမှိုင်းလွင် ဤစကားကို မယုံလိုပါ။ သို့သော် ခင်မောင်ဝင်းသည် လိမ်ညာပြောမည့်သူ မဟုတ်သည်မှာ သေချာပါ၏။ ထိုသတင်းဆိုးကို ကြားလိုက်ရသော တဒင်္ဂအတွင်းမှာပင် ကမ္ဘာကြီး အိုးထိန်းစက်ပမာ သွက်သွက်ခါအောင် လည်သွားသည်မို့ မူးမိုက်၍ သွားရပါသည်။ ရင်ထဲတွင် ဆို့တက်လာ၍ ဘာစကားမျှ မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားရပါသည်။

မိမိသည် နှင်းယုသွယ်နှင့်အတူ ဘဝခရီးလမ်းကို အတူလက်တွဲလျှောက်လှမ်းရန် ရည်ရွယ်ထားခဲ့၏။ ထိုသို့ဖြစ်ခွင့်မရလျှင်လည်း နှလုံးသားချင်း သိနေ



www.burmeseclassic.com

www.burmeseclassic.com

လည်လျက် ချစ်သူဘဝမျိုးကို မျှော်လင့်မိပါ၏။ ထိုသို့ ဖြစ်ခွင့်မရှိလျှင်သော်မှ မိတ်ဆွေဘဝမျိုးဖြင့် ရံဖန်ရံခါ တွေ့ဆုံပြောဆို ခင်မင်ခွင့် ရရှိမည်ဆိုလည်း ကျေနပ်နိုင်ပါ၏။ ထိုသို့မျှ ဖြစ်ခွင့်မရှိလျှင်လည်း လောကထဲတွင် ပျော်ရွှင်အေးချမ်းစွာ ရှင်သန်နေထိုင်လျက်ရှိသည်ဟု သိရှိရလျှင်ပင် ဖြေသိမ့်နိုင်ပေလိမ့်ဦးမည်။

ယခုမူ ရုတ်တရက် နှုတ်မဆက်ပါဘဲ နှင်းယုသွယ်သည် ဤလောကမှ ထွက်ခွာသွားနှင့်ပါချေပြီတည်း။

အဘယ်ကြောင့် မိမိနှင့်အဆက်အသွယ်ပြုခွင့် မရရှိသနည်း။ အဘယ်ကြောင့် ကျောင်းပြန်မတက်သနည်း။ မည်သို့သော အကြောင်းပြဿနာများ ရှိနေပါသနည်း။ နှင်းယုသွယ်နှင့် တွေ့လျှင် ထိုမေးခွန်းများကို မေးမည်ဟု ရည်ရွယ်ထားခဲ့၏။

ယခုမူ ထိုမေးခွန်းများ၏ အဖြေကို မရရှိနိုင်တော့သည့်အပြင် အဘယ်သို့သော အကြောင်းများကြောင့် ဤလောကမှ ထွက်ခွာသွားခဲ့ရပါသနည်းဟူသော မေးခွန်းတစ်ခုပင် တိုးလာခဲ့ရပြန်ပါ၏။

မိမိ၏ နှလုံးသားတွင် တစ်သက်တစ်ခါအဖြစ် အချစ်ပန်းကလေးပွင့်လန်းလာခဲ့ရပါ၏။ ယခုမူ ပန်ဆင်သူလည်း မရှိတော့ပါပြီ။ ထို့ကြောင့် ပွင့်ဦးကြွေခဲ့ရပြီ ဖြစ်ပါ၏။ မိမိသည် အကြောင်းရင်းမသိရ ဘာမှန်းမသိရဘဲနှင့် ရော်ရမ်းမှန်းဆ၍ ရင်နာကြေကွဲနေခဲ့ရသည်။ ယခုမူ မည်သို့မျှ ဖြေဆည်နိုင်တော့ပါအံ့နည်း။

ထို့နောက် ခင်မောင်ဝင်းမှ နှင်းယုသွယ်နှင့် ပတ်သက်၍ သိရှိထားသမျှတို့ကို ဆက်လက်ပြောပြပါသည်။

နှင်းယုသွယ်တို့ မိသားစုသည် ဖခင်နှင့် မောင်နှမ နှစ်ယောက်သာရှိ၍ မိသားစု နည်းပါးလှပါသည်။ စော်ဘွားအမျိုးအနွယ်များဟုသာ သိရပြီး ရှမ်းပြည်နယ် တောင်ပိုင်းကလား၊ မြောက်ပိုင်းကလား၊ ဘယ်မြို့ ဘယ်နယ်ကလဲဟု အတိအကျ မသိရပါ။ လွန်ခဲ့သောနှစ်နှစ်ခန့်က မြေပိုင်ရှင် သူဌေးကြီးဦးစံမြ၏ မြိုင်သာယာ အနောက်ရွာမှ ထုထည်ကြီးမားလှသော တိုက်ကြီးနှင့် ခြံဝင်းကျယ်ကြီးကို ပြောင်းရွှေ့ရောက်ရှိလာကြသည်။

ထိုအချိန်၌ ဦးစံမြမှာ ကွယ်လွန်သွားပြီဖြစ်ပြီး ထိုတိုက်ကြီးကို အမွေဆက်ခံရရှိသော ဦးစံမြ၏သား စိုးသန်းမှာလည်း ခေတ်အခါ မငြိမ်သက်၍ ရန်ကုန်မြို့သို့ မိသားစုလိုက်ပြောင်းရွှေ့သွား၍ ထိုတိုက်ကြီးမှာ နေထိုင်သူမရှိဘဲ (၃)နှစ်ခန့် ကြာမြင့်ခဲ့ရပါသည်။ နှင်းယုသွယ်၏ မိဘများသည် မည်သည့်အဆက်အသွယ်ဖြင့် ဤတိုက်ကြီးကို ဝယ်ယူလိုက်သည် မသိရပါ။

နှင်းယုသွယ်တို့တွင် သားအဖသုံးယောက်အပြင် ကားဒရိုင်ဘာတစ်ဦး၊ ခြံစောင့် နှစ်ဦးတို့ပါရှိပြီး ထိုလူ သုံးဦးတို့မှာလည်း သန်မာထွားကျိုင်းသော ရှမ်းအမျိုးသားကြီးများ ဖြစ်ပါသည်။ ၎င်းတို့အားလုံးသည် ရွာသူရွာသားများနှင့် ဆက်ဆံမှု မရှိပါ။

ဈေးဝယ်လျှင်လည်း မြိုင်သာယာဈေးတွင် မဝယ်ပါ။ တံတားဦး၊ မြင်းခြံ စသော မြို့များသို့ သွားရောက်ဝယ်ခြမ်းပါသည်။ ၎င်းတို့သည်လည်း သောင်းကျန်းသူများနှင့် ပြေလည်ဟန်ရှိပါသည်။ ဤလမ်း ဤခရီးတို့ကို အန္တရာယ်ကင်းရှင်းစွာ အချိန်မရွေးသွားလာနိုင်သောကြောင့် ဖြစ်ပါသည်။

၎င်းတို့ ဤတိုက်ကြီးသို့ ရောက်ရှိသောအခါ မြင့်မားထူထဲသော ခြံစည်းရိုးကြီးကာရံလိုက်ပြီး ကြီးမားခိုင်ခံ့သော ခြံတံခါးကြီး တပ်ဆင်လိုက်ပါသည်။

ကားဝင် ကားထွက်ပြုလုပ်ချိန်မှလွဲ၍ ဤခြံဝင်းတံခါးကြီးမှာ အမြဲ ပိတ်ထားပြီး ကြီးမားသော သော့ခလောက်ကြီး ခတ်ထားပါသည်။ နှင်းယုသွယ်တို့မိသားစုကို သေသေချာချာမြင်ဖူးသူပင် မရှိပါ။ ကားဖြင့် ဖြတ်သွား ဖြတ်လာပြုခြင်းကိုသာ အခိုက်အတန့်မျှ မြင်ဖူးကြရခြင်း ဖြစ်ပါသည်။ အထူးသဖြင့် နှင်းယုသွယ်မှာ ခြံအပြင်အထွက်နည်းလှ၍ မြင်တွေ့ဖူးသူ ပို၍နည်းပါးပါသည်။

ရုတ်တရက် နှင်းယုသွယ် ကွယ်လွန်အနိစ္စ ရောက်သွားသောအခါ ဈာပနနှင့် မြိုင်သာယာ အရှေ့ရွာနှင့် အနောက်ရွာရှိ ကျောင်းများအားလုံးမှ သံဃာတော်များကို ပင့်ဆောင်၍ သရဏဂုံတင်ပြီး ရွာနှစ်ရွာရှိ ရပ်ဖိရပ်ဖလူ (၂၀)ခန့်ကို ဖိတ်ကြားပါသည်။

ထိုအခါမှ နှင်းယုသွယ်ကို မြင်ဖူးကြရခြင်းဖြစ်၍ ထိုဈာပနကို တက်ရောက်ခွင့်ရရှိကြသူတို့မှာ -

"အတော့်ကို လှတဲ့ မိန်းကလေးပဲ၊ နှမြောစရာ ကောင်းလိုက်တာ" ဟု ပြောကြပါသည်။ နှင်းယုသွယ်၏ ရုပ်အလောင်းကို မီးသဂြိုဟ်ခြင်း မပြုပါ။ ၎င်းခြံဝင်းကြီးအတွင်းမှာပင် ကြီးမားသော အုတ်ဂူကြီးတည်၍ မြှုပ်နှံသဂြိုဟ်လိုက်ခြင်း ဖြစ်ပါသည်။ ထိုနေ့ ထိုအချိန်မှစ၍ ဤမိသားစုသည် အပြင်လောကနှင့် ကူးလူးဆက်ဆံမှု မရှိတော့ဟူ၍ ဖြစ်ပါသည်။

ထို အိမ်ကြီးတွင် ကိုယ်ပိုင်အင်ဂျင်စက်ဖြင့် မီးထွန်းညှိခြင်းများရှိသော်လည်း နှင်းယုသွယ်အား သဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com

ပြီးသောနေ့မှစ၍ ညအခါမီးထွန်းညှိခြင်းများ မပြုတော့ဘဲ အမှောင်ချလျက်သာ ရှိတော့ကြောင်း၊ ရံဖန်ရံခါ လက်နှိပ်ဓာတ်မီးအရောင်တို့သာ ထွက်ပေါ်လာလေ့ရှိကြောင်း၊ နှင်းယုသွယ်သည် မသေဆုံးမီက ညအခါများတွင် စောင်းတီးလေ့ရှိကြောင်း၊ ထို့ကြောင့် နှင်းယုသွယ်သေဆုံးပြီးနောက်တွင် ထိုခြံဝင်းကြီးအတွင်းမှ တိတ်ဆိတ်သောညအခါများတွင် စောင်းသံသဲ့သဲ့ ထွက်ပေါ်လာတတ်သည်ဟု ပြောဆိုလျက် ရှိကြကြောင်းနှင့် လူအများက နှင်းယုသွယ်သည် ဝိညာဉ်ဘဝဖြင့် ဆက်လက်နေထိုင်လျက်ရှိသည်ဟု ယုံကြည်နေကြ၍ ညအခါများတွင် ထိုခြံကြီးအနီး ဖြတ်သန်းသွားလာဝံ့သူ မရှိကြောင်းတို့ကို ခင်မောင်ဝင်းမှ ပြောပြသည်ကို ကိုမှိုင်းလွင်တစ်ယောက် ရင်နာနာနှင့် နားထောင်ရင်း စိတ်မသက်မသာ ခံစားရကာ -

'ဖြစ်ရလေ နှင်းရယ်၊ အဖြစ်ဆိုးလှချည့်လားကွယ်' ဟူ၍ အခါခါ ရင်တွင်းမှ ရေရွတ်လျက် အမြတ်တနိုးကိုယ်နှင့်မခွာ ဆောင်ထားလေ့ရှိသော နှင်းယုသွယ်၏ လက်ကိုင်ပဝါလေးကို ထုတ်၍ မမှိတ်မသုန်ကြည့်နေမိပါသည်။'

"ဒါပေမဲ့ အစ်ကိုရာ ကျွန်တော်ကတော့ တစ္ဆေ သရဲရှိတယ်လို့ ယုံလည်း မယုံဘူး၊ ရှိသည်ဖြစ်စေဦး မကြောက်တတ်ဘူးဗျ" ဟုဆိုပါသည်။

"ဒါဆို ညနေကျရင် အစ်ကို့ကို အဲဒီခြံကြီးရှိတဲ့နေရာ လိုက်ပြပေးနိုင်မလား"

"ကျွန်တော့်မှာ ချစ်သူမရှိလည်း ကိုယ်ချင်းစာတတ်ပါတယ်၊ ကျွန်တော် သိုက်ပို့ပေးပါ့မယ်၊ ဒါဆို အစ်ကိုလည်း ကျွန်တော့်ကို တယောထိုးပြရမှာနော်"

"အေးပါကွာ၊ အစ်ကိုလည်း ညီလေးကို တယောထိုးပြမှာပေါ့ စိတ်ချပါ"

*

အရှေ့မြိုင်သာယာသည် ကုန်းပြင်မြင့်ထက်၌ တည်ရှိလျက် အနောက်မြိုင်သာယာသည် ချိုင့်ဝှမ်းမြေနိမ့်တွင် တည်ရှိ၍ ရွာ၏ အနောက်ဘက်မှစ၍ မြေသည် တဖြည်းဖြည်း ပြန်လည်မြင့်တက်သွားရာ အနောက်မြိုင်သာယာ တည်ဆောက်ထားသော နေရာသည် တစ်ချိန်က [illegible] ချောင်း၏ ရေစီးကြောင်း ဖြစ်ခဲ့ပေမည်။ မြိုင်သာယာ အရှေ့ရွာ၏ ချောင်းစပ်မှ ကြည့်လိုက်လျှင် အနောက်မြိုင်သာယာ တစ်ရွာလုံးကို အပေါ်စီးမှ တွေ့မြင်နေရပါ၏။

ဤနေရာမှ ရှုကြည့်လျှင် မည်သူမဆို သိသိသာသာ ထူးခြားလှသော နေရာတစ်ခုကို ချက်ချင်းတွေ့မြင်ကြမည်သာ ဖြစ်ပါ၏။ ထိုအရာသည်ကား သစ်ပင်ကြီးများ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် ခြံဝင်းကျယ်ကြီးအတွင်းရှိ ထုထည်ကြီးမားလှသော နှစ်ထပ်တိုက်ဝါကြီးပင် ဖြစ်ပါသည်။ ထိုခြံကြီးထဲတွင် ကြီးမားသော ဇေကရာဇ်ပင်ကြီးလည်း ရှိပြီး ဖွေးဖွေးလှုပ်အောင် ပွင့်လျက်ရှိပါ၏။ ထို့နောက် ကြီးမားသော အုတ်ဂူဖြူဖြူကြီးကိုလည်း မြင်တွေ့ရပါ၏။

မပြောဘဲနှင့် သိနိုင်ပါသည်။ ဤတိုက်ဝါကြီးနှင့် ခြံဝင်းကြီးသည်ကား နှင်းယုသွယ် သက်ရှိထင်ရှားရှိစဉ်က ကွန်းခိုနားနေခဲ့ရာ အိမ်ဂေဟာကြီးဖြစ်ခဲ့လျက် အုတ်ဂူဖြူဖြူကြီးမှာလည်း ယခု နှင်းယုသွယ် ထာဝရအိပ်စက်နားခိုရာ နှင်းယုသွယ်၏ ရုပ်အလောင်းအား မြှုပ်နှံသင်္ဂြိုဟ်ထားရာ ဂူသင်္ချိုင်းသာ ဖြစ်ပါ၏။

ကိုမှိုင်းလွင်သည် ထိုတိုက်ကြီးနှင့် ထိုခြံကြီးကိုလည်းကောင်း၊ သစ်လွင်လျက်သာ ရှိသေးသော အုတ်ဂူဖြူဖြူကြီးကိုလည်းကောင်း မမှိတ်မသုန်ကြည့်နေမိပြီး မျက်ရည်တို့လည်လျက် မျက်ရည်ပေါက်တို့ တလိမ့်လိမ့်ကျဆင်း၍ လာပါ၏။

ရင်ထဲတွင်မူ မည်မျှ ပူလောင်သည့် သောကပရိဒေဝမီးတို့ တောက်လောင်လျက်ရှိပါမည်နည်း။

ဆောင်းညနေ၏ အနီနှင့်လိမ္မော်ရောင်တို့ရောယှက်သည့် နေခြည်နုနုတို့က မြိုင်သာယာအနောက်ရွာနှင့် မြိုင်သာယာချောင်းကလေးအတွင်းရှိ ချောင်းရေပြင်နှင့် သဲသောင်ပြင်တို့၏ အပေါ်တွင် ဖြာကျလျက်ရှိပါ၏။

မိုးကောင်းကင်တွင် မိုးရိပ်အနည်းငယ် ရှိနေ၍ တိမ်ရောင်စုံတို့ တိမ်ပန်းချီ ခြယ်လျက် ရှုမောမဆုံးဖွယ် တွေ့မြင်၍ နေရပါ၏။

အိပ်တန်းပျံငှက်များ ပျံသန်းသွားသည်ကိုလည်း တွေ့မြင်နေရပါ၏။ ရွာအတွင်းမှ အော်သံ၊ ခေါ်သံ၊ ခွေးဟောင်သံ၊ ကြက်တွန်သံ အစရှိသည်တို့ကိုလည်း ကြားနေရပါ၏။ တစ်ခဏအတွင်းမှာပင် ဆည်းဆာသည် အိုမင်းလာခဲ့ပြီး ညရိပ်အသွင်ဆောင်လာပါတော့သည်။ အအေးဓာတ်လည်း သိသိသာသာ လွှမ်းခြုံလာခဲ့ပြီ ဖြစ်ပါ၏။ မြိုင်သာယာအနောက်ရွာ၏ အိမ်ခေါင်မိုးများထက်တွင် မီးခိုးဖြူဖြူကလေးများ သွယ်တန်းလျက်ရှိပါ၏။

ခင်မောင်ဝင်းသည် ဤနေရာမှ ပြန်လိုလှပြီဖြစ်သော်လည်း ကိုမှိုင်းလွင်ကို စာနာစိတ်ဖြင့် တိတ်ဆိတ်ငြိမ်သက်စွာပင် ရှိနေခဲ့ပါသည်။

"ညီလေး၊ တို့ ပြန်ကြပါစို့ကွာ"





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော်တို့ အနွေးထည်မယူလာခဲ့မိဘူး၊ အတော်အေးလာပြီ"

ကိုမှိုင်းလွင်သည် ဤနေရာမှ မခွာရက် ခွာရက်ရက်ဖြင့် လေးကန်သော ခြေလှမ်းများဖြင့် ထွက်ခွာလာခဲ့ပါတော့သည်။

အိမ်သို့ ပြန်ရောက်သော် ခင်မောင်ဝင်း မိဘများမှာ ဘာမျှမသိထားကြပါ။

"ဘယ့်နှယ်လဲ ငါ့တူ၊ တို့မြိုင်သာယာမှာ စိတ်ဝင်စားစရာ လေ့လာစရာတွေ့ရဲ့လား" ဟုမေးပါသည်။ ကိုမှိုင်းလွင်သည် မချိသောအပြုံး နွမ်းရိသော မျက်နှာတို့ကို ဣန္ဒြေဆည်လျက် -

"ဟုတ်ကဲ့ တွေ့ပါတယ် ဦးလေး၊ ကျွန်တော် ဒီမြိုင်သာယာမှာ အချိန်ယူပြီး လေ့လာစရာတွေ အများကြီးရှိနေပါတယ်"

"ဒါဆိုလည်း တို့အိမ်မှာ ဘာမှအားနာစရာမရှိဘူး ကြိုက်သလောက်နေပြီး လေ့လာပေါ့ကွာ၊ တစ်ခေါက်လာဖို့ဆိုတာ မလွယ်ဘူး၊ ငါ့သား၊ မင်းအစ်ကိုကို ဘာမှ မျက်နှာမငယ်စေနဲ့နော်၊ လိုတာ အကုန်လုပ်ပေး၊ သူသွားရာ လိုက်ပေး၊ ကြားလား"

ထို့ကြောင့် ကိုမှိုင်းလွင်အဖို့ ဤကဲ့သို့ အိမ်မျိုးကို လာရောက်တည်းခိုမိသည်မှာ ကံကောင်းလှသည်ဟု ဆိုရမည်ဖြစ်ပါ၏။

ထိုညက ကိုမှိုင်းလွင်သည် ခင်မောင်ဝင်းကို အဖော်ပြု၍ ချောင်းစပ်သို့ သွားရောက်ခဲ့ပါသည်။ မြိုင်သာယာဆောင်းသည် သာမန်အချိန် သာမန်နေရာများမှာပင် အေးလွန်းလှသည်ဖြစ်ရာ အကာအကွယ်မဲ့သော ချောင်းရိုးထဲတွင် အခြားနေရာများထက် အအေးပိုလှပြီး လပြည့်၊ လကွယ်ရက်များတွင် ခါတိုင်းရက်များထက် ပို၍ အေးတတ်ပါသည်။

ယနေ့ညသည် လပြည့်ညဖြစ်၍ ပို၍အေးလျက် ချောင်းရိုးတစ်လျှောက် ဝေ့ဝဲတိုက်ခတ်လာသော ဆောင်းလေပြည်ကလေးများကြောင့် ရေနှင့် ပက်ဖျန်းသကဲ့သို့ ချမ်းအေးလွန်းလှပါ၏။ ယနေ့ညတွင် ဆီးနှင်းတို့လည်း ပိုမိုထူထပ်သိပ်သည်းစွာ ကျရောက်လျက်ရှိပါသည်။ လပြည့်ည၏ ထိန်လင်းသော လရောင်သည်ပင်လျှင် နှင်းထုကို မထိုးဖောက်နိုင်ပဲ မှုန်ရည်ဝေဝါးလျက်ရှိ၏။

ခင်မောင်ဝင်းသည် လပြည့်၊ လကွယ်ညများတွင် ဤခြံဝင်းအတွင်းမှ ခြောက်လှန့်တတ်သည်ဟု ကြားသိထား၍ မကြောက်တတ်ပါဟုဆိုသော်လည်း ကျောချမ်းလျက်ရှိသည်ကတော့ အမှန်ပင် ဖြစ်ပါ၏။ သို့သော် ကိုမှိုင်းလွင်၏ တယောလက်သံကို နားဆင်လိုခြင်းနှင့် ကိုမှိုင်းလွင်အား ချစ်ခင်လေးစားသော ကြောင့် ကိုမှိုင်းလွင်၏ဆန္ဒကို ဖြည့်ဆည်းသည့်အနေဖြင့် လိုက်ပါခဲ့ခြင်းဖြစ်ပါသည်။

နဂိုစကားနည်းလှသော ကိုမှိုင်းလွင်မှာ ယခုမူ လုံးဝစကားမပြောတော့ဘဲ ငြိမ်သက်တိတ်ဆိတ်လျက် ရှိပါ၏။ ကိုမှိုင်းလွင်သည် ပထမဦးဆုံး တယောကြိုး ညှိလိုက်ပြီး အသံစမ်းလိုက်ပါ၏။ ထို့နောက် ချစ်ပြုံးနှင်းဆီ၊ ပွင့်ဦး၊ ဆည်းဆာ၊ ရွှေပွင့်လွှာ၊ ရတုဘုရင်၊ သည်ဆောင်းဟေမန်၊ ဝဏ္ဏပဘာ၊ ချစ်နှင်းမှုံမှုံ စသော ဂီတနက်သန် ကိုစောညိန်း၏ နာမည်ကျော်ကြား လူကြိုက်များလှသော တေးသီချင်းတို့ကို သီဆို တီးခတ်ပါတော့၏။ တိတ်ဆိတ်၍ အေးမြလှသော ဆောင်းည၌ယံတွင် ဝီသကြည်မြလှသော တယောလက်သံနှင့် ပြည့်ဝသော၊ အသံတွင် နိုင်နင်းသော သီဆိုမှုနှင့် တွဲဖက်ထွက်ပေါ်လာသော တေးသံတို့မှာ လိုက်လျောညီထွေရှိလှ၍ ရင်ဝယ်တသိမ့်သိမ့်ခံစားရပါ၏။

ရာသီဥတုကလည်း ဆောင်းရာသီဖြစ်ပြီး သီဆိုသော တေးသီချင်းမှာလည်း ဆောင်းသီချင်းဖြစ်ရာ ခင်မောင်ဝင်းမှာ ဂီတရေယဉ်ကြောတွင် နစ်မျောလျက်ရှိပြီး ကြောက်သလိုလို လန့်သလိုလိုဖြစ်ပေါ်နေသော စိတ်တို့ပင် ဘယ်ရောက်ကုန်မှန်းမသိ၊ ဂီတ ရသကို အတောမသတ်ချင်အောင် ခံစား၍နေမိပါ၏။ ခေတ္တရပ်နားလိုက်ပြီး ကိုမှိုင်းလွင်သည် လရောင်အောက်တွင် သစ်ရိပ်တို့ ကြိုးကြားကျရောက်လျက်ရှိသော ထိုခြံကြီးဆီသို့ ဝေးမော ကြည့်နေမိပါသည်။ ထိုစဉ် အုတ်ဂူကြီးနားဆီမှ ဖြူဖြူသဏ္ဌာန်တစ်ခုပေါ် ထွက်လာပါသည်။

"အစ်ကို ဟိုမှာ ဟိုမှာ ဖြူဖြူကြီး ဖြူဖြူကြီး"

ခင်မောင်ဝင်းမှာ ယခုမှ ထိုအရာကို မြင်သော်လည်း ကိုမှိုင်းလွင်ကတော့ အစောကြီးကတည်းက ထိုအရာကို မြင်တွေ့နေဟန်တူပါ၏။

သေသေချာချာ စိတ်ဝင်စားစွာ ကြည့်ရှုလျက်နေပါ၏။ ဖြူဖြူသဏ္ဌာန်သည် သစ်ရိပ်အောက်မှ လရောင်အောက်သို့ ထွက်ပေါ်လာပြီး ကိုမှိုင်းလွင်တို့ကို လှမ်း၍ ကြည့်နေသလို ခံစားကြရပါ၏။

'ဖြစ်ရလေ နှင်းရယ်၊ နှင်းက မကျွတ်မလွတ်ဘဲ တကယ်ပဲ ဝိညာဉ်ဘဝမှာရှိနေတာကိုး၊ အခုလို ဝိညာဉ်ဘဝနဲ့ နှင်းကို မြင်တွေ့ရတာကိုပဲ ဖြေသာပါသေးတယ် နှင်းရယ်၊ ဒါဆို နှင်းကို ကိုမှိုင်း ဘယ်လောက်ထိ ချစ်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

တာ တမလွန်ဘဝကနေ သိနိုင်ပြီပေါ့၊ ကိုမှိုင်းရဲ့ အလွမ်းတေးသံတွေကိုလည်း တမလွန်ကနေ နှင်းကြားနိုင်ပြီပေါ့နော်၊

ကိုယ်ကျေနပ်ပါတယ် နှင်းရယ် အခုလို ဝိညာဉ်ဘဝနှင့် မြင်တွေ့ခွင့်ရတာကိုပေါ့၊ မြိုင်သာယာကို လိုက်လာခဲ့တာ တကယ်မှန်သွားပါပြီ၊ နှင်းရဲ့ အဖြစ်မှန်ကိုလည်း သိရသလို နှင်းကိုလည်း မြင်တွေ့ခွင့်ရလို့လေ'

ကိုမှိုင်းလွင်၏ ရင်ထဲမှ ပြောနေသော စကားများကို မည်သူမျှ ကြားနိုင်မည် မထင်ပါ။ ဖြူဖြူအရိပ်သဏ္ဍာန်သည် လရောင်အောက်တွင် ရပ်နေဆဲသာရှိပါ၏။

ထိုခြံကြီးနှင့်တကွ အနောက်မြိုင်သာယာ တစ်ရွာလုံးသည်ကား ချမ်းအေးလှသော ဆောင်းညဥ့်လွှာရုံ အောက်ဝယ် အိပ်မောကျလျက်ရှိပြီ ထင်ပါ၏။ ပကတိတိတ်ဆိတ်ငြိမ်သက်လျက်သာ ရှိပါချေ၏။

ကိုမှိုင်းလွင်နှင့် ခင်မောင်ဝင်းတို့သည် ထိုဖြူဖြူသဏ္ဍာန်ကိုသာ အာရုံစိုက်၍ကြည့်နေမိကြပါ၏။ ထိုအခိုက်မှာပင် အုတ်ဂူနားဆီမှ မည်းမည်းသဏ္ဍာန်ကြီး ပေါ်ထွက်လာပြန်ပါ၏။ ထိုမည်းမည်းသဏ္ဍာန်မှာ အတော်ပင်မြင့်မားလှပါသည်။ ထိုသဏ္ဍာန်ကြီး ထွက်ပေါ်ပြီးနောက်တွင် ဖြူဖြူသဏ္ဍာန်လည်း ကွယ်ပျောက်သွားပါတော့သည်။ မကြာမီ မည်းမည်းသဏ္ဍာန်ကြီးလည်း ကွယ်ပျောက်သွားပါသည်။ မကြောက်တတ်ပါဟူသော ခင်မောင်ဝင်းသည်ပင် ချမ်းအေးလှသော ဆောင်းညဥ့်ယံ၌ ဇောချွေးများ ပြန်နေမိပါသည်။

"ညီလေး၊ မကြောက်နဲ့နော်၊ အစ်ကိုရှိတယ်၊ ဒါပေမဲ့ ဒီည ညဥ့်နက်နေပြီ၊ ပြန်ကြစို့"

ထိုသို့ဖြင့် ကိုမှိုင်းလွင်သည် ခင်မောင်ဝင်းကို အဖော်ပြု၍ ညစဉ် မြိုင်သာယာချောင်းစပ်သို့ သွားရောက်ပြီး သီချင်းဆိုဖြစ်ခဲ့ပါ၏။ အချို့ညများတွင် ထိုခြံကြီးအတွင်းမှ ဖြူဖြူသဏ္ဍာန်နှင့် မည်းမည်းသဏ္ဍာန်မျှသာမက အုတ်ဂူဆီမှ မီးလုံးကြီးများပင် ထွက်ပေါ်လာတတ်ပါသေး၏။ ကြာလာသော် ခင်မောင်ဝင်းသည်ပင် အမြင်ရိုးသွားပြီး မကြောက်တော့ဘဲ ရှိလာပါသည်။

"ညီလေး၊ မင်းကို ကျေးဇူးတင်တယ်ကွာ၊ မင်းဟာ အစ်ကို့ကို ပါရမီဖြည့်ပေးနေတာပဲ၊ မင်းလို ကူညီမယ့်သူသာ မရှိရင် အစ်ကိုလည်း အခုလို လာနိုင်မှာ မဟုတ်ဘူးလေ"

"ကျွန်တော်က ရပါတယ် အစ်ကို၊ ဒါပေမဲ့ အစ်ကို မြိုင်သာယာကို ရောက်နေတာ အတော်ကြာသွားပြီ၊ အစ်ကို ကျောင်းစာတွေနောက်ကျဦးမယ်၊ ပြီးတော့ အစ်ကိုရဲ့ အိမ်က မိဘတွေ စိတ်ပူနေမယ်နော်"

"အဲဒါတွေက အားလုံး အေးအေးဆေးဆေးပါပဲကွာ၊ ညီလေးသာ အစ်ကိုနဲ့ အဖော်လိုက်ပေးရတာကို ကြာတော့ ငြီးငွေ့လာမှာ စိုးတာ"

"ကျွန်တော့်အတွက်ကတော့ စိတ်ချ၊ ကျွန်တော်လည်း အစ်ကိုနဲ့ လိုက်ရတာ ကျေနပ်နှစ်သက်ပါတယ်"

ထိုသို့ဖြင့် ကိုမှိုင်းလွင်တို့ ဤနေရာသို့ သီချင်းလာရောက် သီဆိုခဲ့သည်မှာ ဆောင်းညများစွာ ကုန်လွန်၍ လာခဲ့ပါ၏။ ရာသီစက်ဝန်းတို့သည်ကား ရပ်တန့်၍ မနေပါ။ နာရီ နေ့ရက်နှင့် အမျှပြောင်းလဲ၍သာရှိနေခဲ့ရာ တဖြည်းဖြည်းနှင့် ဆောင်းရာသီကုန်လွန်တော့မည်ဖြစ်ကာ နွေဦး၏ အရိပ်အယောင်များကို တွေ့မြင်ရပြီဖြစ်သော တပေါင်းလဆန်းရက်များသို့ပင် ရောက်ရှိ၍ လာခဲ့ပြီ ဖြစ်ပါသည်။

ကြည့် လေရာရာ၌ မြက်ပင်ချုံနွယ်တို့လည်း ခြောက်သွေ့လျက် သစ်ပင်ကြီးများတွင်လည်း ရွက်ဝါတို့ ကြွေလျက် အချို့ကြွေရွက်စောသော သစ်ပင်ကြီးများတွင် ရိုးတံတို့ ပြိုင်းပြိုင်းထလျက် နွေလေရူးတို့လည်း ဟိုမှ သည်မှ ဝေ့ဝဲတိုက်ခတ်လျက်ရှိနေပါ၏။ ရွာအပြင် တောစပ်ဆီမှ နွေဦးကို ကြိုဆိုသော ဥဩငှက်ငယ်တို့၏ ရင်နင့်ဖွယ် နွေအကြိုတေးသံတို့လည်း လွင့်ပျံ့လျက် နွေဦးရာသီ၏ လွမ်းမောဖွယ်မြင်ကွင်းသည်ကား အလွမ်းအဆွေးဓာတ်ခံရှိသူ တို့အဖို့ ကြေကွဲဖွယ်ပင် ဖြစ်ပါ၏။

တစ်ဆောင်းနှောင်း၍ တစ်နွေ သစ်ခဲ့ရပြန်ပါပြီတည်း။ မြိုင်သာယာ ဝန်းကျင်ရှိ ထန်းပင် ထန်းတောတို့တွင်လည်း ထန်းပေါ်ချိန် ထန်းတက်ချိန်ဖြစ်၍ လူသံသူသံကြား၍ လာရပြီဖြစ်ပါ၏။ လေရူးသုန်သုန်၌ မြူမှုန်ကလေးများ လွင့်ပါးလျက်ရှိပါ၍ မြိုင်သာယာတစ်ဝိုက်ရှိ တောရိပ်မြိုင်ခြေများမှာ မှိုင်းမှုန်ဖြာဝေလျက်ရှိပါ၏။

မြူဆိုင်းခြင်းနှင့် နှင်းကျခြင်းတို့မှာ သိသာကွဲပြားစွာ ခြားနားလှပါ၏။ နှင်းသည် ညအခါနှင့် နံနက်ခင်းအခါများတွင် ကျရောက်တတ်၍ မြူခိုးတို့မှာ နေ့လည် နေရောင်ခြည်အထွန်းလင်းဆုံးအချိန်တွင် ထူထပ်သိပ်သည်းစွာ ကျရောက်တတ်ခြင်း ဖြစ်ပါသည်။

ထို့အပြင် နှင်းသည် ဆောင်း၏ သင်္ကေတ၊ ဆောင်း၏ အဆင်တန်ဆာ၊ ဆောင်း၏ အင်္ဂါရပ်တစ်ခု ဖြစ်သကဲ့သို့ မြူသည်လည်း နွေ၏ သင်္ကေတ၊ နွေ၏ အဆင်တန်ဆာ၊ နွေ၏အင်္ဂါရပ်တစ်ခုပင် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် နွေရောက်လာလျှင် ဆောင်းသည် ပျောက်ကွယ်သွားရသကဲ့သို့ မြူတို့ရောက်လာလျှင် နှင်းတို့ ဖယ်ခွာပေးကြရစမြဲပင် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နွေတွင် နှင်းတို့ကို ရှာ၍ မတွေ့နိုင်ပြီဖြစ်၍ နှင်းပျောက်တဲ့နွေ ဟုပင် တင်စားခေါ်ဝေါ် သုံးစွဲခဲ့ကြခြင်း ဖြစ်ပါ၏။

အချိန်တို့၏ ရွေ့လျားပြောင်းလဲမှု အောက်ဝယ် အခြေအနေအကြောင်းတရားတို့သည်လည်း ရွေ့လျားပြောင်းလဲ၍သာရှိနေပါ၏။ မကြာခင် နွေရာသီကျောင်းပိတ်ရက်သို့ ရောက်ရှိလာပေတော့မည်။ ယခု ကိုမှိုင်းလွင် မြိုင်သာယာသို့ ရောက်ရှိနေသည်မှာ သုံးလခန့်ကြာမြင့်ခဲ့ပြီ။ မန္တလေးသို့ တစ်ခေါက်မျှ မသွားဖြစ်ခဲ့ပါ။ မိုးကုတ်ရှိ မိဘများနှင့်လည်း အဆက်အသွယ် ပြတ်နေပါသည်။ လစဉ်ပေးပို့သော ငွေတို့ကိုလည်း ဘဏ်တွင် သွားရောက် ထုတ်ယူခြင်း မပြုခဲ့မိပါ။

ကိုမှိုင်းလွင်သည် ညစဉ် မြိုင်သာယာ ချောင်းစပ်သို့ တယောထိုးလာရောက်ရန်ကလွဲပြီး အခြားဘာကိုမျှ စိတ်ဝင်စားမှု မရှိပါ။ ယခုနောက်ပိုင်းတွင် ပိုမိုထူးခြားလာသည်မှာ အချို့ညများတွင် ဇကရာဇ်ပန်းတို့ တုံးချိန်ဖြစ်နေကာမှ စကရာဇ်ပန်းရနံ့တို့ ထွေးပျံ့သင်းကြိုင်စွာ ရရှိတတ်ပြီး အုတ်ဂူကြီးဆီမှ မပီမသ တိုးညင်းသောစောင်းသံတို့ ထွက်ပေါ်လာတတ်ခြင်းပင် ဖြစ်ပါ၏။ နွေဘက်သို့ ရောက်လာပြီဖြစ်၍ ညဘက်တွင် မချမ်းအေးတော့ဘဲ နေထိုင်ကောင်းရုံသာ ရှိတတ်ပါ၏။

တစ်ညနေတွင် ခင်မောင်ဝင်းတို့နေအိမ် ကွပ်ပျစ်ပေါ်တွင် ကိုမှိုင်းလွင်မှ ခင်မောင်ဝင်းကို ဂီတ အခြေခံများ ပြောပြလျက်ရှိစဉ် လင့်ရှိဘာကား တစ်စီး ရောက်ရှိလာပြီး ကားပေါ်မှ သူငယ်ချင်းများနှင့်အတူ ကိုမှိုင်းလွင်၏ ဖခင်နှင့် မိခင်တို့ပါ လိုက်ပါလာခဲ့ကြပါ၏။

ကိုမှိုင်းလွင်သည် ရုတ်တရက် ကြက်သေ့ပျက်သွားပါသေး၏။ ပြီးမှ ခပ်ယဲ့ယဲ့အပြုံးဖြင့် -

"ဩော် ဖေဖေနဲ့ မေမေတို့ပါလား။ သားမိုက်ကို ခွင့်လွှတ်ကြပါ၊ သားတောင်းပန်ပါတယ် ဖေဖေနဲ့ မေမေတို့ရယ်"

ကားပေါ်မှ ဆင်းလာကြသော မိဘနှစ်ပါးကို မြေတွင် ထိုင်ချလျက် ကိုမှိုင်းလွင်မှ ရှိခိုးကန်တော့လိုက်ပါသည်။

"လူလေး ထပါကွယ်၊ ဖေဖေတို့က လူလေးကို အပြစ်မမြင်ပါဘူး၊ အပြစ်တင်မလို့ မဟုတ်ပါဘူး၊ လူလေးမှာ ကြုံတွေ့နေရတဲ့ အကြောင်းကိစ္စတွေမှာ ခက်ခဲမှုရှိနေရင် ဝိုင်းကူဖြေရှင်းပေးဖို့ လိုက်လာခဲ့ကြတာပါ၊ လူလေးက စာလည်း မပြန်၊ ကြေးနန်းလည်း မပြန်၊ ဘဏ်ငွေလည်း မထုတ်ဆိုတော့ စိတ်ပူသွားသေးတယ်၊ ဒါပေမဲ့ လူလေးဟာ အကြောင်းမဲ့ ဘာကိုမှမလုပ်ဘူး၊ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်တဲ့ ကလေးပဲဆိုပြီး ဖေဖေတို့ ဘာမှ မမေးမြန်းညဲ နေခဲ့ကြတာ၊ အခုတော့ စာမေးပွဲလည်း ဖြေရတော့မှာမို့ လူလေးကို ကြိုရင်းနဲ့ ရောက်လာခဲ့ကြတာပါ"

ထိုအချိန်တွင် အိမ်နောက်ဖေးဘက်တွင် ရောက်ရှိနေကြသော အိမ်ရှင် ဦးမြင့်နိုင်နှင့် ဇနီးသည်တို့လည်း ဧည့်သည်များကို ခရီးဦးကြိုပြုရန် အပြေးတစ်ပိုင်း ထွက်လာကြပါသည်။ ကိုမှိုင်းလွင် မိဘများ၏ ခံ့ညားသော ရုပ်သွင်နှင့် သားနားလှသော ဝတ်စားဆင်ယင်မှုများကို တွေ့မြင်လိုက်ကြရသောအခါ ရှိန်းဖိန်း၍ နှုတ်မဆက်ရဲအောင် ဖြစ်နေကြပါသည်။ ထိုအခါ ကိုမှိုင်းလွင်က အလိုက်သိစွာ မိဘနှစ်ပါးနှင့် အိမ်ရှင်တို့ကို မိတ်ဆက်ပေးလိုက်ပါ၏။

ဧည့်သည်များကို အပေါ်ထပ်သို့ နေရာချထားပေးပြီး အနားယူစေ၍ အိမ်ရှင်မိသားစုသည် ဧည့်ခံကျွေးမွေးရေးအတွက် စီမံဆောင်ရွက်လျက်ရှိနေကြစဉ် ကိုမှိုင်းလွင်တို့ သားအဖ သုံးဦးသည် လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးနိုင်ကြပါသည်။ လမ်းပြအဖြစ် လိုက်ပါလာသော သူငယ်ချင်းများသည်လည်း အလိုက်တသိပင် ခင်မောင်ဝင်းနှင့်အတူ အောက်ထပ်သို့ ရောက်ရှိသွားကြပြီ ဖြစ်ပါသည်။

"ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူ ကြာရင်မေ့တဲ့၊ ဒီစကားဟာ တကယ်အမှန်ပဲ လူလေး၊ သေသောသူတွေကိုသာ မမေ့နိုင်ဘဲရှိကြရင် လောကကြီးမှာ လူတွေ ဘယ်လိုနေလို့ ရနိုင်မှာလဲ၊ ဒါပေမဲ့ ဒီစကားဟာ ဘေးလူတွေအဖို့တော့ အလွယ်တကူလက်ခံနိုင်ပေမယ့် ကာယကံရှင်တွေအဖို့တော့ လုံလောက်တဲ့ အချိန်အတိုင်းအတာ တစ်ခုထိတော့ လိုအပ်တာပေါ့ကွယ်"

ကိုမှိုင်းလွင်၏ ဖခင်သည် စကားစကို ခေတ္တရပ်လိုက်ပြီး ကိုမှိုင်းလွင်၏ မျက်နှာကို စေ့စေ့ကြည့်လျက်ရှိစဉ် ကိုမှိုင်းလွင်၏ မိခင်မှ -

"သားကြီးရယ်၊ မေမေတို့မှာ ခင်တွယ်စရာဆိုလို့ များပြားလှတဲ့ အမွေတွေကို ဆက်ခံဖို့ဆိုလို့ သားကြီးတစ်ယောက်တည်းသာ ရှိတာပါ၊ ပြီးတော့ ဒီကရွေ့မှာဆို မေမေတို့ ဖေဖေတို့က အသက်တွေလည်း ကြီးလာကြပြီဆို

www.burmeseclassic.com

တော့ လုပ်ငန်းတွေအားလုံး သားကြီးကိုပဲ လွှဲပြီး သားကြီးကိုပဲ အားကိုးကြရတော့မှာ"

တစ်ဖန် ဖေဖေမှ -

"ဟုတ်တယ် လူလေး၊ ဖေဖေ စီးပွားရေး လုပ်ငန်းတွေကို မလုပ်ချင်တော့ဘူး၊ အေးအေးဆေးဆေး တရားအားထုတ်ချင်ပြီ၊ ဒီနှစ်အဖို့ရာတော့ လူလေး စာမေးပွဲလည်းမဖြေပါနဲ့တော့၊ ဖေဖေတို့ သားအဖသုံးယောက် ကမ္ဘာလှည့် အပန်းဖြေခရီးထွက်ကြတာပေါ့၊ ဒီထက် အသက်ကြီးသွားရင် ဖေဖေတို့က ခရီးသွားနိုင်မှာ မဟုတ်တော့ဘူးလေ၊ ရှေ့နှစ်မှ လူလေးကျောင်းပြန်တက်ချင်တယ်ဆိုလည်းတက်၊ ကျောင်းမတက်ချင်တော့ရင်လည်း လူလေး စိတ်ဝင်စားတဲ့ လုပ်ငန်းတစ်ခုခုလုပ်ပေါ့၊ အခုဒီမှာကြာနေပြီဆိုတော့ လူလေးအတွက် အချိန်လည်းလုံလောက်ပါပြီ၊ ပြီးတော့ အိမ်ရှင်ကိုလည်း အားနာသင့်ပါပြီ၊ ဒါကြောင့် လူလေး မနက်ဖြန် ဖေဖေတို့နဲ့ ပြန်လိုက်ခဲ့ပါ၊ ဖေဖေတို့ရဲ့ ဆန္ဒကတော့ ဒါပါပဲကွယ်"

ကိုမှိုင်းလွင်သည် မိခင်၊ ဖခင်တို့ ပြောသော စကားတို့ကို သေချာစွာ နားထောင်ရင်း စဉ်းစားလျက်ရှိသည်။ ငြင်းဆိုရန် မရှိပါ။ သင့်မြတ်မှန်ကန်လှသော စကားများသာ ဖြစ်နေပါ၏။ မိမိ၏ သဘောဆန္ဒအရမူ သက်ဆုံးတိုင် မြိုင်သာယာမှာပင် နေထိုင်သွားလို၍ ညစဉ် မြိုင်သာယာချောင်းကမ်းပါးသို့ သွားရောက်ကာ တယောဖြင့် တေးသီချင်းများ သီဆို၍သာနေလိုပါ၏။

သို့သော် မိမိတွင် မြင့်မိုရ်တောင်ဦး မကကြူးသော ကျေးဇူးရှင် မိဘနှစ်ပါးရှိနေပါသေးသည်။ မိမိအတွက်ဖြင့် မိဘနှစ်ပါး စိတ်ဆင်းရဲရခြင်းကို မဖြစ်စေလိုပါ။ မိမိသည် မိဘနှစ်ပါးနှင့်အတူ ပြန်၍လိုက်ပါသွားသင့်ကြောင်း တွေးမိပါသည်။

ထို့ကြောင့် -

"ဖေဖေနဲ့ မေမေတို့ ဒီအတွက်တော့ဖြင့် စိတ်အေးအေး ထားကြပါခင်ဗျာ၊ သား မနက်ဖြန် ဖေဖေတို့နဲ့ ပြန်လိုက်ခဲ့ပါမယ်"

"လိမ္မာလိုက်တဲ့ ဖေဖေ့သားကြီးရယ်"

"ဒါမှ ငါတို့သားကွ"

ကိုမှိုင်းလွင်၏ ဝန်ခံစကားကို ကြားလိုက်ကြရသောအခါ မိဘနှစ်ပါးစလုံး ဝမ်းသာလွန်း၍ မျက်ရည်များ စို့လာကြသကဲ့သို့ ကိုမှိုင်းလွင်သည်လည်း ဝမ်းသာဝမ်းနည်းဖြစ်ကာ မျက်ရည်များ ကျလာမိပြီး သားအဖ သုံးဦးစလုံး တင်းကျပ်စွာ ဖက်ထားမိကြပါတော့သည်။

အတန်ကြာမှ သားအဖသုံးဦးစလုံး မျက်ရည်များ သုတ်လိုက်ကြပြီး ဣန္ဒြေဆည်လိုက်ကြပါသည်။ ကိုမှိုင်းလွင်၏ မိဘနှစ်ပါးလည်း အိမ်အောက်ထပ်သို့ ဆင်းသွားကြပြီး အိမ်ရှင်မိသားစုနှင့် ကျေးဇူးတင်စကားများ ပြောကြားရင်း စကားလက်ဆုံကျနေကြပါသည်။ ထိုအခါမှ ခင်မောင်ဝင်းနှင့် ကိုမှိုင်းလွင်၏ သူငယ်ချင်းများ အိမ်ပေါ်သို့ တက်လာကြပါသည်။ ခွဲခွာ၍ နေကြရသည်မှာ ကြာပြီဖြစ်၍ စကားများ ပြောမကုန်အောင် ရှိကြပါ၏။ သို့သော် ကိုမှိုင်းလွင်ကတော့ သိပ်စကားများများ မပြောပါ။ နားထောင်သမား သက်သက်မျှသာ ဖြစ်ပါ၏။

ညနေစာကို အိမ်ရှင်မိသားစုမှ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ကျွေးမွေးပါသည်။ ရွာထဲမှ ခင်မောင်ဝင်း၏ အဒေါ်များ ဝိုင်းဝန်းကူညီကြသဖြင့် ထမင်းပွဲနှင့် အချိုပွဲများမှာ တောသဘာဝအရ မြိုင်ဆိုင်လှပါ၏။

ဤနေ့ညသည် တပေါင်းလပြည့်ညဖြစ်ပါ၏။ မြိုင်သာယာတစ်နယ်လုံးနှင့် သက်ဆိုင်သော ဆုတောင်းပြည့်ဘုရားပွဲတော် ဖြစ်ပါသည်။ ပြည်တွင်းသောင်းကျန်းသူများနှင့် ခေတ်ကာလမကောင်းသော်လည်း ပွဲတော်ကြီးမှာ စည်ကားလှပါသည်။ ချင်းစိန်ခို ဇာတ်အဖွဲ့ ဗလာပွဲပါဝင်၍ ပွဲဈေးတန်းကြီးမှာ စည်ကားရှည်လျားလှပါ၏။

သောင်းကျန်းသူများကလည်း စည်းရှိပါသည်။ ပွဲကို လုံးဝ အနှောင့်အယှက် မပေးသည့်အပြင် မူးယစ်သောက်စား ရမ်းကားမှုများ မရှိစေရန် ထိန်းသိမ်း စောင့်ရှောက်ပေးကြပါသေးသည်။

ခင်မောင်ဝင်းနှင့်အတူ ကိုမှိုင်းလွင်နှင့် သူငယ်ချင်းများ ပွဲခင်း ညဈေးတန်းသို့ သွားရောက်ခဲ့ကြပါသည်။ လူကြီးများ စိတ်ပူမည်စိုး၍ ပွဲမကြည့်ကြဘဲ ပြန်ခဲ့ကြပါသည်။ ထို့နောက် အိပ်ရာဝင်လိုက်ကြပါတော့သည်။

အိပ်ရာဝင်ပြီး မကြာမီ အိမ်သားများလည်း အိပ်ပျော်သွားကြသကဲ့သို့ ကိုမှိုင်းလွင်၏ အဖေနှင့် အမေတို့လည်း ခရီးပန်းလာကြ၍ ဖြစ်ပေမည်။ အိပ်ပျော်သွားကြပါ၏။ ကိုမှိုင်းလွင် တစ်ယောက်သာလျှင် သက်ပြင်းများအခါခါ ချချက် အိပ်မပျော်နိုင်အောင် ရှိနေရပါ၏။

ဖြစ်နိုင်လျှင် ကိုမှိုင်းလွင် မြိုင်သာယာမှ မပြန်လိုပါ။ ညစဉ်တွေ့မြင်ရသော ဖြူဖြူသဏ္ဌာန်ကို နှင်းယုသွယ်အဖြစ် ခံစားမိပြီး နှင်းယုသွယ် မသေဘဲ နှင်းယုသွယ်ကို တွေ့နေရသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com

စိတ်တွင် ထင်ယောင်မိလျက် သာယာမိပါ၏။

ယခုမှ နှင်းယုသွယ်နှင့် တကယ်ခွဲခွာရတော့မည်။ ပြေသိမ့်စရာ မရှိနိုင်တော့ပြီ။

အချိန်တန်၍မှ မိမိရောက်မလာခဲ့လျှင် ဝိညာဉ်ဘဝမှ နှင်းယုသွယ် ကြေကွဲနေရှာပေမည်လော။ မိမိသည်လည်း နောက်တစ်ကြိမ် မြို့သာယာသို့ မည်မျှကြာသော မည်သည့် အချိန်တွင်မှ ရောက်ရှိနိုင်ပါမည်နည်း မသိနိုင်ပါ။

ထို့ကြောင့် ယနေ့ည နှင်းယုသွယ်ကို သွားရောက် နှုတ်ဆက်သင့်သည်ဟု ယူဆမိပြီး နောက်ဆုံးအနေနှင့် နှင်းယုသွယ်ကို သွားရောက် တွေ့ဆုံလိုသော ဆန္ဒများလည်း ဖြစ်ပေါ်လာမိပါသည်။

နာရီကို ကြည့်လိုက်မိသည်။ ည ၁၂ နာရီ တိတိရှိပေပြီ။ အချိန်ဆွဲ၍မဖြစ်ပြီ။ ယနေ့ညတွင် ခင်မောင်ဝင်းသည်လည်း အိမ်အောက်ထပ် ၎င်းမိဘများ၏ အခန်းတွင်း၌ အိပ်စက်နေသည်ဖြစ်၍ ခေါ်ရန်မဖြစ်နိုင်ပါ။ သူငယ်ချင်းများကို နှိုးနေလျှင်လည်း လူကြီးများပါ နိုးလာမည်ကို စိုးရိမ်ရသည်။

ထို့ကြောင့် ကိုမှိုင်းလွင်သည် အိပ်ရာထက်မှ တိတ်တိတ်ကလေး လျှောဆင်းလိုက်ပြီး ခြေဖော့၍ လှေကားဆီသို့ သွားသည်။ လှေကားမှ ဂရုစိုက်၍ အသံမထွက်ပေါ်စေရန် အောက်ထပ်သို့ ဆင်းခဲ့သည်။

တံခါးနားအရောက်တွင် ခေတ္တရပ်၍ နားစွင့်ကြည့်လိုက်သည်။ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်လျက် မည်သူမှ မနိုးပါ။ တံခါးချက်ကို အသာအယာဖွင့်လိုက်ပြီး အိမ်အပြင်သို့ ထွက်လိုက်ပါသည်။ လပြည့်ညဖြစ်ပြီး လမွန်းတည့်ချိန်ဖြစ်နေ၍ လရောင်တို့သည် နေ့ခင်းကဲ့သို့ ထိန်ထိန်လင်းလျက်ရှိပါ၏။ ထိုနောက် ခြံတံခါးကို ဖွင့်ပြီး ထွက်လာခဲ့ပါသည်။ ပွဲခင်းဆီမှ ဆိုင်းသံ ဗုံသံတို့ကို အတိုင်းသား ကြားနေရပါသည်။

သို့သော် ရွာလမ်းတစ်လျှောက်တွင် တိတ်ဆိတ်ငြိမ်သက်လျက် လူသွားလူလာ မတွေ့ရှိရပါ။ ချောင်း အဆင်းလမ်းကြားမှာ ဝဲယာတွင် ကြီးမားသော သစ်ပင်ကြီးများ၏ အရိပ်များကျရောက်နေ၍ ကျောချမ်းဖွယ်ပင်ကောင်းလှပါ၏။

ဤနေရာတွင် လူနေအိမ်ခြေတို့ မရှိပါ။ ဤသို့ဖြင့် ခါတိုင်း တယောထိုးနေကျ နေရာကလေးသို့ ရောက်ရှိ၍ လာခဲ့ပါသည်။ နေ့ပူ ညချမ်း တပေါင်းလ သရမ်းဟူသည့်အတိုင်း ချောင်းရိုး၏ အရှိန်ဖြင့် ဆောင်းတွင်းတမျှပင် အေးလှပါ၏။

လရောင်အောက်တွင် နှင်းယုသွယ်တို့၏ ခြံကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပါသည်။ ကိုမှိုင်းလွင်သည် အုတ်ဂူဖြူဖြူကြီးကို ငေးမောကြည့်နေမိပါ၏။

ထိုစဉ် အုတ်ဂူဖြူဖြူကြီးဆီမှ စောင်းသံသဲ့သဲ့ ထွက်ပေါ်၍ လာပါသည်။ နှင်းပျောက်တဲ့နွေ သီချင်း၏ အတောတေးသွားပင် ဖြစ်ပါ၏။

ထို့နောက် -

“xx နှင်း xxxငွေရောင် ဖြူလွှ တူစွ သဏ္ဍာန်ပေ xx ငွေရည်ပုလဲဥတို့ xx စုကာ ဖျန်းတော့ xx လန်းဆန်းစိုပြည် xx နှင်းတွေဝေကျ xx ဆောင်းဟေမန္တ xx ပြောင်း xx နွေးပြန်တော့လေ xx ပေါင်းရွက်ကြွေ မြေမှာ ခ xx ကြွေကာကျတဲ့ xx အခါသမယမှာ ပဲလေ xx ဟင် xx နွေဦးရောက်ပြီ xx နှင်းလည်းပျောက်ပြီလေ×××” ဟူသော သီချင်းသံ တိုးတိုးညင်းညင်းကလေးပါ လွင့်ပျံ၍ ထွက်ပေါ်လာပါ၏။

သေချာပါသည်။ နှင်းယုသွယ်၏ အသံဖြစ်ပါ၏။ လှိုက်လှိုက်လှဲလှဲ သီဆိုနေခြင်း ဖြစ်ပါ၍ ရင်ထဲတွင် ဆွတ်ကျင်စွာ ခံစားရပါသည်။

ကိုမှိုင်းလွင်သည် ကိုယ့်ကိုယ်ကိုယ် သတိမထားမိပါ။

ဂီတရေယဉ်ကြောတွင် နစ်မျောလျက် အသံလာရာဆီသို့ ခြေလှမ်းတို့က တရွေ့ရွေ့ တိုးကပ်သွားနေမိပါ၏။ နီးကပ်လာသည်နှင့်အမျှ ပိုမိုကြည်လင်ပြတ်သားလာပါသည်။

ကိုမှိုင်းလွင်သည် ဘာကိုမျှ သတိမပြုမိတော့ပါ။ ခြံစည်းရိုးကို ကျော်လျက် ခြံကြီးအတွင်းသို့ ဝင်ရောက်သွားကာ အုတ်ဂူဆီသို့ တဖြည်းဖြည်း တိုးကပ်သွားပါသည်။

ဤသို့ဆိုလျှင် နှင်းယုသွယ် မသေဆုံးသေးပါ။ သက်ရှိ ထင်ရှားအဖြစ် ယုံကြည်မိပါ၏။ ကိုမှိုင်းလွင် ဝမ်းသာသွားမိပါသည်။ မိမိ အပင်ပန်းခံရကျိုး နပ်ပေပြီ။ နှင်းယုသွယ်ကို ပြန်လည်တွေ့ဆုံရတော့မည် ဖြစ်ပါ၏။

အုတ်ဂူ၏ နောက်ဘက်ဆီမှ သီချင်းသံ ထွက်ပေါ်နေခြင်း ဖြစ်ပါ၍ အုတ်ဂူကို ကွေ့ပတ်လိုက်ပါသည်။

နှင်းယုသွယ်သည် အုတ်ဂူကို မှီလျက် စောင်းကိုပိုက်၍ သီချင်းဆိုနေခြင်း ဖြစ်ပါ၏။

ထူးခြားသည်မှာ နှင်းယုသွယ်သည် ရှေးခေတ်မင်းသမီး အဝတ်အစား အဖြူရောင် ဝတ်ရုံရှည်နှင့် ပဝါကို လွှမ်းခြုံထားခြင်း ဖြစ်ပါ၍ လူလော နတ်လော ဥစ္စာစောင့်လော မခွဲခြားနိုင် ဖြစ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ နှင်းယုသွယ်ကို တွေ့လိုက်ရသည့်အတွက် ကိုမှိုင်းလွင် တစ်ယောက် အတိုင်းမသိ ပျော်ရွှင်ဝမ်းမြောက်သွားမိရပါ၏။

"နှင်း"

ကိုမှိုင်းလွင်၏ ခေါ်သံကို ကြားလိုက်ရသောအခါ နှင်းယုသွယ်သည် လန့်ဖျပ်သွားပြီး စောင်းသံနှင့် သီချင်းသံပါ ရပ်တန့်သွားပါသည်။

"ကိုမှိုင်း"

"နှင်း မသေဘူးနော်၊ ဝမ်းသာလိုက်တာ နှင်းရယ်၊ ကိုမှိုင်းဖြင့် နှင်းမရှိတော့ဘူးလို့ တကယ်ထင်မှတ်ပြီး ဝမ်းနည်းနေခဲ့ရတာ၊ ဘာလို့ ဒီလိုလုပ်ရတာလဲ ဟင်"

"နှင်း မသေပါဘူး ကိုမှိုင်း၊ ဒါပေမဲ့ ဒီအကြောင်းတွေ ရှင်းပြဖို့ အချိန်မရှိဘူး၊ ကိုမှိုင်း ပြန်ပါ"

"မနှင်ပါနဲ့ နှင်းရယ်၊ ကိုမှိုင်းမှာ နှင်းအတွက်နဲ့ ဘယ်လောက် ခံစားခဲ့ရတယ်၊ ဒုက္ခများခဲ့ရတယ်ဆိုတာ နှင်းသိရဲ့လား"

ကိုမှိုင်းလွင်သည် နှင်းယုသွယ်၏ အနီးသို့ ဒူးတုပ်ထိုင်ချလိုက်ပြီး နှင်း၏ ပခုံးကလေးကို ကိုင်လှုပ်၍ ပြောလိုက်ပါသည်။ ထိုစဉ် -

"ကိုမှိုင်းကို မလုပ်ပါနဲ့၊ ကိုမှိုင်း နောက်မှာ . . . နောက်မှာ"

နှင်းယုသွယ်မှ အလန့်တကြား အော်ပြောလိုက်၍ ကိုမှိုင်းလွင်သည် နောက်သို့ လှည့်ကြည့်လိုက်သော်လည်း နောက်ကျသွားပေပြီ။ အမွှေးစုတ်ဖွားဖွားနှင့် မည်းမည်းအရိပ်သဏ္ဌာန်တစ်ခု၏ လှုပ်ရှားမှုကို မြင်တွေ့လိုက်ရပြီး ဦးခေါင်းဆီမှ နာကျင်သော ဝေဒနာတစ်ခုနှင့်အတူ မျက်စိအတွင်းမှ ကြယ်များ၊ လများ ထွက်ပေါ်လျက် လောကကြီးတစ်ခုလုံး မှောင်အတိကျသွားကာ အတွေ့အထိ အသိအကြား အာရုံတို့ ကင်းလွတ်၍ သွားပါ၏။

"အစ်ကိုလေး ဘယ်လို လုပ်လိုက်တာလဲ"

"ယုသွယ် ဂူထဲအမြန်ဝင်၊ အခြေအနေက ဘာမှန်းမသိရဘူး၊ ပစ္စည်းတွေ သိမ်း၊ ဒီကနေ အမြန်ထွက်ရလိမ့်မယ်"

"အစ်ကိုလေး၊ သူ မသေပါဘူး နော်"

"မသေနိုင်ပါဘူး၊ သွားမှာသာ သွားစမ်း မြန်မြန်လေး"

ထိုစဉ် ခြံစောင့် ဦးအိုက်လူနှင့် ဒရိုင်ဘာကြီး ဦးအိုက်မောင်းတို့လည်း ရောက်လာကြပါ၏။

"အစ်ကိုလေး ဒီလူကိစ္စ ကျွန်တော်တို့ တာဝန်ထား၊ ဘယ်လိုလုပ်ပေးရမလဲ၊ အပြတ်ရှင်းလိုက်ရမလား"

"ဟာ အဲဒီလောက်ထိ မလိုဘူး၊ သတိမေ့နေတာ၊ တော်တော်နဲ့ သတိရသေးမှာ မဟုတ်ဘူး၊ အဲဒီတော့ သူ့ကို ချောင်းရိုးလှည်းလမ်းနံဘေး သွားချထားလိုက်"

"အစ်ကိုလေး၊ အဲဒီလို မလုပ်ပါနဲ့၊ သူ သေများသွားပြီလား၊ ဟင် သွေးတွေ သွေးတွေ မူးတယ် မူးတယ်"

ကိုမှိုင်းလွင်၏ ဦးခေါင်းမှ သွေးများကို မြင်တွေ့သွားပြီး နှင်းယုသွယ် ခွေလဲကျသွားကာ သတိလစ်သွား၍ ကိုဝဏ္ဏက ပွေ့ထားလိုက်ပြီး-

"ညီမလေး ညီမလေး ယုသွယ် ယုသွယ်"

နှင်းယုသွယ် ပြန်လည် သတိရလာခြင်း မရှိပါ။ ခြေလက်များ အေးစက်လျက် ပျော့ခွေ၍ ကျသွားပါသည်။ မှောက်ခုံလဲကျလျက်သတိလစ်နေသော ကိုမှိုင်းလွင်ကို ဦးအိုက်လူနှင့် ဦးအိုက်မောင်းတို့မှ ချောင်းရိုးဆီသို့ သယ်ယူသွားချိန်တွင် ကိုဝဏ္ဏသည် နှင်းယုသွယ်အားပွေ့ချီ၍ အုတ်ဂူ၏ လျှို့ဝှက်တံခါးမှ မြေတိုက်ခန်းအတွင်းသို့ ဆင်းသွားပြီး ခုတင်ပေါ်သို့ တင်လိုက်ပါသည်။

*

ထိုအချိန်၌ ခင်မောင်ဝင်းတို့ နေအိမ်တွင် ကိုမှိုင်းလွင်၏ သူငယ်ချင်းတစ်ယောက်သည် အအိပ်ကြမ်းသူ ဖြစ်၍ စောင်လွတ်သွားပြီး ညသန်းခေါင်တွင် ခိုက်ခိုက်တုန်အောင် ချမ်းလာပြီး လန့်နိုးလာပါ၏။

ထို့ကြောင့် ဓာတ်မီးကို ထိုးပြီး စောင်ရှာမည်ပြုစဉ် မိမိနံဘေးမှ ကိုမှိုင်းလွင်၏ အိပ်ရာ လစ်လပ်နေသဖြင့် သူငယ်ချင်းတစ်ဦးကို နှိုးလိုက်သည်။

အိမ်သာ တက်နေသလောဟု အိမ်သာဘက်သို့ လိုက်ကြည့်သည်။ အိမ်သာတွင် မရှိပါ။ ခြံတံခါးပွင့်နေသည်ကို တွေ့ရ၍ စိတ်ပူသွားကြပြီး လူကြီးများကို နှိုးလိုက်ကြပါသည်။

ခင်မောင်ဝင်းမှ -

"ဒါဆို ကိုမှိုင်းလွင် ချောင်းကမ်းပါးကို ရောက်နေလောက်ပြီ"

"ဟာ- မဖြစ်ဘူး၊ တစ်ယောက်တည်း ညကြီးသန်းခေါင် အန္တရာယ်များတယ်၊ လိုက်သွားမှ ဖြစ်မယ်"

ဦးမြင့်နိုင်မှ ပြောလျှင် ကိုမှိုင်းလွင်၏ မိတ်ဆွေများလည်း ပို၍ စိုးထိတ်သွားကြပါ၏။

"မိန်းမတွေ နေခဲ့၊ တို့သွားကြရအောင်၊ အားလုံး ကားပေါ်တက်ကြ"

ကိုမှိုင်းလွင် ဖခင်မှ ထိုသို့ စီစဉ်လိုက်ပြီး ကားဖြင့် ထွက်ခဲ့ကြပါသည်။

ဈေးကုန်းကွေ့ အရောက်တွင် ပတ္တရောင်ရဲများက ကားကို တားလိုက်ပြီး အကျိုးအကြောင်းမေးမြန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဦးလေးမြင့်နိုင်၊ ကျွန်တော်တို့လည်း လိုက်ခဲ့မယ်" ဟုဆိုကာ ရဲသားနှစ်ယောက် လိုက်ပါလာခဲ့ကြသည်။

ချောင်းကမ်းပါးတွင် ကိုမှိုင်းလွင်ကို မတွေ့ရပါ။ ထိုစဉ် ကားမီးရောင်ဖြင့် မသဲကွဲဖွယ် မြင်ကွင်းကို တွေ့မြင်လိုက်ရသဖြင့် ရဲနှစ်ယောက်သည် ကားပေါ်မှ ခုန်ဆင်းလိုက်ကြပြီး -

"တော့လူတွေ မလှုပ်နဲ့"

သေနတ်နှင့် ချိန်ပြီး အမိန့်ပေးလိုက်သည်။ ထိုလူနှစ်ယောက်သည် ကိုမှိုင်းလွင်ကို ခြေထောက်မှ တစ်ဦး၊ ချိုင်းမှတစ်ဦး မလာကြခြင်း ဖြစ်ပါသည်။

"လူလေး . . . လူလေး"

ကိုမှိုင်းလွင်၏ ဖခင်နှင့် သူငယ်ချင်းများ ကိုမှိုင်းလွင်ကို ပွေ့ချီလိုက်ပြီး ကားပေါ်သို့ တင်ဆောင်လိုက်ကြပါသည်။

"တော်ပါသေးရဲ့ မသေသေးဘူး၊ သတိမေ့နေတာ၊ ဒါပေမဲ့ စိုးရိမ်ရတယ်၊ ဆေးရုံပို့မှ ဖြစ်မယ်"

ရဲများမှ ထိုလူနှစ်ယောက်ကို လက်ထိတ်ခတ်လိုက်ပါသည်။

ထို့နောက် ရဲတစ်ဦးမှ ခြံဝင်းအတွင်းသို့ ဝင်သွားလိုက်ပြီး မီးရောင်သဲ့သဲ့ထွက်ပေါ်နေသော အုတ်ဂူတံခါးမှတစ်ဆင့် လှေကားထစ်များအတိုင်း ဆင်းလိုက်သွားပါသည်။

"အဖြစ်ဆိုးလှချည်လား သမီးရဲ့၊ ဖေဖေတို့ကို ထားခဲ့ပြီလားကွယ်"

"ညီမလေး ဖြစ်မှ ဖြစ်ရလေ ညီမလေးရယ်"

အဝတ်မည်းဝတ်ရုံရှည် မျက်နှာဖုံးစွပ်နှင့်လူမှ နှင်းယုသွယ်ကို ပွေ့ချီထားပါ၏။ မိန်းကလေးမှာ မျက်နှာဖြူရော်လျက် အသက်မရှိတော့ပြီ ဖြစ်ပါ၏။

"ဦးခွန်ဖေနဲ့ ကိုဝဏ္ဏတို့ အားတော့ နာပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့မှာ တာဝန်နဲ့ ဝတ္တရားအရ ဆောင်ရွက်စရာတွေရှိနေလို့ ဒီမိန်းကလေးကိုလည်း ဆေးစစ်ချက်ယူရမှာမို့ ဆေးရုံပို့ရပါမယ်၊ ဦးခွန်ဖေတို့ အိမ်သားအားလုံးကိုလည်း မေးစရာလေးတွေရှိလို့ ရဲစခန်းကို ခေါ်ရပါမယ်၊ အချိန်ရှိတုန်း စီစဉ်လိုက်ကြရအောင် ခင်ဗျာ"

ရုတ်တရက် ရဲသား ရောက်ရှိလာသောအခါ ဦးခွန်ဖေတို့လည်း ငွက္ကန္ဒြေပျက်သွားကြပြီး တုန်တုန်ဖင်ယင်ဖြင့် -

"မောင်ရင်တို့ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ပါ၊ ကျုပ်တို့ လိုက်နာပါ့မယ်" ဟု ပြောကြားလိုက်ပါသည်။

မကြာမီ မြိုင်သာယာအနောက်ရွာသူကြီးနှင့် ရွာသားများ ရဲကင်းမှ ရဲတပ်သားများလည်း ရောက်ရှိလာကြပြီ ဖြစ်ကာ ရဲမှူးခင်း၏ လုပ်ထုံးလုပ်နည်းများအတိုင်း စီမံဆောင်ရွက်ကြပါတော့သည်။

ထို့ကြောင့် အချိန်အနည်းငယ်အတွင်းမှာပင် နှင်းယုသွယ်၏ ရုပ်အလောင်းနှင့် မေ့နေသော ကိုမှိုင်းလွင်တို့ ဆေးရုံသို့ ရောက်ရှိလာခဲ့ကြသလို ကိုဝဏ္ဏသားအဖနှင့် ဦးအိုက်လူ၊ ဦးအိုက်မောင်းတို့လည်း ရဲစခန်းသို့ ရောက်ရှိကြရပါတော့၏။

ကိုဝဏ္ဏမှ အမှန်အတိုင်း ဖြောင့်ချက်ပေး ဝန်ခံသဖြင့် ညတွင်းချင်းပင် ဦးခွန်ဖေကို ပြန်လွှတ်ပေးပြီး ကိုဝဏ္ဏတို့ သုံးဦးကို အချုပ်ခန်းအတွင်းသို့ ထည့်လိုက်ပါသည်။

ဆရာဝန်၏ ဆေးစစ်ချက်အရ နှင်းယုသွယ်သည် ရုတ်တရက် နှလုံးသွေးရပ်တန့်၍ သေဆုံးသွားရကြောင်း သိရပြီး ကိုမှိုင်းလွင်မှာ ဦးခေါင်းမှ ပြင်းထန်သော ဒဏ်ရာကြောင့် သတိလစ် မေ့မြောနေခြင်းဖြစ်ရာ အကယ်၍ အုတ်ခွံကွဲအက်၍ ဦးနှောက်အတွင်းသို့ သွေးယိုစိမ့်မှု ဖြစ်ပွားလျှင် အသက်အန္တရာယ် ကျရောက်နိုင်သည်။

သို့သော် နံနက်အထိ ထိုသို့ဖြစ်ပေါ်မှုမရှိလျှင် အသက်အန္တရာယ် မရှိနိုင်တော့ကြောင်း သိရပါသည်။

ညတွင်းချင်းပင် နှင်းယုသွယ်၏ အလောင်းကို အနောက်မြိုင်သာယာသို့ ပြန်လည်သယ်ယူသွားပါသည်။ ကိုမှိုင်းလွင်၏ ဖခင်မှ ကိုမှိုင်းလွင်ကို ညတွင်းချင်း မန္တလေးဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသလိုသော်လည်း ခေတ္တကာလအခြေအနေအရ နံနက်လင်းသည်အထိ ဤဆေးရုံမှာပင် နေရဦးမည် ဖြစ်ပါ၏။

ဦးမြင့်နိုင်တို့ မိသားစုနှင့် ကိုမှိုင်းလွင်၏ မိဘနှစ်ပါး သူငယ်ချင်း နှစ်ဦးတို့သည် အောက်လင်းဓာတ်မီး မီးရောင်အောက်မှာပင် ကိုမှိုင်းလွင်၏ ခုတင်ဘေးတွင် ကိုမှိုင်းလွင်အား စိုးရိမ်စွာ ဝိုင်းဝန်းကြည့်ရှုနေရင်း မိုးလင်းကြရမည် ဖြစ်ပါ၏။

ကိုမှိုင်းလွင်၏ မိခင်သည်ကား စိတ်မထိန်းနိုင်ဘဲ ငိုကြွေးလျက်ရှိပါ၏။

နောက်တစ်နေ့ နံနက်တွင်မှ ကိုမှိုင်းလွင် ပြန်လည် သတိရလာပါသည်။ သို့သော် ကိုမှိုင်းလွင်သည် မည်သူ့ကိုမျှ မည်သည့်အကြောင်းအရာကိုမျှ သိရှိခြင်း၊ မှတ်မိခြင်း မရှိတော့ပါ။ အတိတ်မေ့သွားပြီ ဖြစ်ပါ၏။

ကိုမှိုင်းလွင်၏ မိဘများလည်း တစ်ဦးတည်းသော သားတော်မောင်အတွက် ယူကျုံးမရဖြစ်ကြရပြီး ထိုနေ့မှာပင် မန္တလေးသို့ ပြန်သွားကြပြီး မန္တလေးတွင် ဆက်လက် ကုသပေး



www.burmeseclassic.com

www.burmeseclassic.com

လည်း အခြေအနေ ထူးခြားကောင်းမွန်ခြင်း မရှိပါ။ ထို့ကြောင့် နိုင်ငံခြားသို့ သွားရောက်ကုသကြပြန်ပါသည်။ နှစ်ကာလများသာ ကြာညောင်းသွားခဲ့ပါသည်။ ကိုမှိုင်းလွင်သည် အတိတ်ကို ပြန်လည်သတိရလာခြင်း မရှိတော့သောကြောင့် မိုးကုတ်မြို့မှာပင် အသက်ထက်ဆုံး နေထိုင်သွားခဲ့ပြီး ထိုရောဂါဖြင့်ပင် ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ကြောင်း သိရပါသည်။

*

ကိုဘဲလေးသည် ကျွန်တော့်တို့ အထက်ပါ အကြောင်းအရာများအား ရှည်လျားစွာ ပြောပြလိုက်ရသဖြင့် မောသွားဟန် တူပါသည်။ အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်သွားပါ၏။ ကျွန်တော်သည်လည်း ထိုအကြောင်းအရာများကို ကြားသိလိုက်ရသောအခါ ကိုယ်တိုင် ဖြစ်ပျက်ခဲ့ရသကဲ့သို့ စိတ်အစဉ်တွင် လေးလံထိုင်းမှိုင်းလျက် ရင်ထဲတွင် နာကျင်ကြေကွဲနေမိပါ၏။

"ကိုဘဲလေး၊ ဒါဆို ကိုမှိုင်းလွင်နဲ့ နှင်းယုသွယ်တို့ရဲ့ အဖြစ်ဟာ တကယ့်ကို ဝမ်းနည်းစရာပဲနော်၊ အခု ကျွန်တော်တို့ မြင်နေရတဲ့ ဖြူဖြူသဏ္ဌာန်ဟာ နှင်းယုသွယ်ပဲ ဖြစ်ရမယ်၊ သူဟာ မကျွတ်မလွတ်ဘဲ ဝိညာဉ်အဖြစ်နဲ့ အခုထိ ရှိနေတာပေါ့နော်"

"ဒီလိုပဲ ယူဆရမှာပေါ့ ဆရာလေး"

"ဒါထက် ကျွန်တော် မရှင်းတဲ့အချက်က နှင်းယုသွယ်ကို ဘာကြောင့် ကျောင်းထုတ်လိုက်တာလဲ၊ ဘာကြောင့် သေပြီဆိုပြီး ဇာတ်မြှုပ်ပစ်လိုက်ရတာလဲ"

"ဩော်- အဲဒါက နှင်းယုသွယ်တို့ မျိုးရိုးမှာ အိမ်ထောင်ပြုလို့ မရတဲ့ ရောဂါမျိုး၊ ထူးဆန်းတဲ့ ရောဂါပေါ့ဗျာ၊ အဲဒီရောဂါကြောင့် ကိုမှိုင်းလွင်နဲ့သာ မဟုတ်ဘဲ ဘယ်သူနဲ့မှ အိမ်ထောင်ပြုလို့မရတော့အောင် ဖန်တီးလိုက်ကြတာတဲ့"

"နှင်းယုသွယ်ရဲ့ ဘဝက သနားစရာကောင်းလိုက်တာ၊ ပြီးတော့ ကိုမှိုင်းလွင်လည်း အတိတ်ကို ပြန်ပြီးသတိမရတော့တာ မေ့သွားတာပဲ ကောင်းပါတယ်လေ၊ ဒီအကြောင်းအရာတွေကိုသာ သိနေမယ်ဆို တစ်သက်လုံး ခံစားသွားရမှာနော်"

"ထူးဆန်းတာ တစ်ခု ပြောဦးမယ်၊ အဲဒီတုန်းက ကိုမှိုင်းလွင်နဲ့ ညညအဖော်လိုက်ပေးခဲ့တဲ့ ခင်မောင်ဝင်းဟာ ကျွန်တော့်အဖေ ဖြစ်ခဲ့သလို အခုလည်း ကျွန်တော်က ဆရာလေးကို အဖော်လိုက်ပေးနေရတော့ ကိုမှိုင်းလွင်ဟာ ဆရာလေးနဲ့ ဘယ်လိုများ ပတ်သက်နေမလဲလို့ တွေးမိတယ်"

"ဟုတ်တယ် ကိုဘဲလေး၊ ကျွန်တော်လည်း အဲဒါကို တွေးနေမိတယ်၊ တကယ်တော့ ကျွန်တော်ဟာ ဒီဇာတ်လမ်းကို အခုမှ ကိုဘဲလေး ပြောပြလို့ သိရတာပါ။

ဒါပေမဲ့ ကျွန်တော်ဟာ မြိုင်သာယာကို စရောက်ကတည်းက ရင်ထဲမှာ တစ်မျိုးကြီး ခံစားရသလို ဒီတိုက်ပျက်ကြီးကို စတွေ့ကတည်းက ဝမ်းနည်းသလို ခံစားရပြီး ဖြူဖြူသဏ္ဌာန်ရဲ့ အပေါ်မှာလည်း ခင်တွယ်သလို ဖြစ်မိရတယ်ဗျာ"

"ဆရာလေးရေ၊ စကားကောင်းနေတာနဲ့ အချိန်တွေ ဘယ်လိုကုန်သွားမှန်းကို မသိဘူး၊ နှစ်နာရီကျော်သွားပြီ၊ မနက် ဆရာလေးပြန်ရတော့မှာဆိုတော့ အိပ်ရေးပျက်နေလိမ့်မယ်၊ ကျွန်တော်တို့ ပြန်ကြပါစို့ဗျာ"

ကိုဘဲလေး ပြောသည်မှာလည်း နည်းလမ်းကျပါ၏။

တကယ်တော့ ကျွန်တော်သည် မြိုင်သာယာသို့ အမှတ်မထင် အိပ်မက်ပမာ မျက်စိလည် လမ်းမှားပြီး ရောက်လာသူ ဧည့်သည်မျှသာဖြစ်ပါ၍ အချိန်တန်သောအခါ အိမ်ပြန်ရမည်သာ ဖြစ်ပါ၏။

မိုးကောင်းကင်တွင် ခုနစ်စဉ်ကြယ်ပြောင်သည်လည်း အမြီးထောင်လျက်ရှိပြီ ဖြစ်ပါ၏။

လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်က ယခုလို အချိန်မှာပင် ကိုမှိုင်းလွင်၏ ဦးခေါင်းတွင် ပြင်းထန်သော ဒဏ်ရာရရှိခဲ့ပြီး နှင်းယုသွယ်သည်လည်း လူ့လောကမှ အပြီးတိုင် ထွက်ခွာခဲ့ရခြင်း ဖြစ်ပါ၏။

လောကီဇာတ်ခုံ လူတို့ဘုံသည်ကား ရုပ်ထွေး ပွေလီလျက် သောက ပရိဒေဝတို့နှင့် ပြည့်နှက်လျက်ရှိပေ၏။ တွေ့ကြုံ ဆုံကွဲ ဖြစ်မြဲဓမ္မတာသဘော၌ ပျော်ရွှင်ခြင်း၊ အေးချမ်းခြင်းတို့သည် တစ်ခဏတာမျှသာဖြစ်၍ ဝမ်းနည်းကြေကွဲခြင်းနှင့် ပူလောင်ခြင်းတို့သာလျှင် အစဉ်ဖြစ်တည်ကိန်းအောင်းလျက် ရှိချေ၏။

ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို နှလုံးသွင်းနိုင်သော အရိယာသူတော်စင်တို့သာလျှင် ငြိမ်းအေးမှုကို ရရှိနိုင်ကြပေမည်။ ပါးလွှာ၍ မမြင်တွေ့နိုင်သော ဆုပ်ကိုင်ပြ၍မရနိုင်သော သံယောဇဉ်တရားနှင့် စွဲလမ်းမှု စေတသိက်တို့သည် နာကျင် ကြေကွဲမှုတို့ကို ဖြစ်ပေါ်စေပါ၏။

ကျွန်တော်သည် လရောင်ဆမ်းလျက်ရှိသော အနောက်မြိုင်သာယာရွာနှင့် ဆွတ်ပျံ့ကြေကွဲဖွယ် ကောင်းလှ



www.burmeseclassic.com

www.burmeseclassic.com

သော ခြံကြီးကို လည်းကောင်း၊ တိုက်ပျက်ကြီးကို လည်းကောင်း၊ အုတ်ဂူကြီးကို လည်းကောင်း၊ စေတရာဇ်ပင်ကြီးကို လည်းကောင်း အတန်ကြာအောင် မမှိတ်မသုန်ကြည့်ရှုနေလိုက်ပြီး ရင်ထဲမှ နှုတ်ဆက်နေမိပါ၏။

ခွဲခွာရတော့မည်၊ စွန့်ခွာရတော့မည်ဟူသော အသိကြောင့် ရင်ထဲတွင် မချိအောင် ခံစားရပါ၏။

"ကိုဘဲလေး၊ ကျွန်တော်တို့ ပြန်ကြပါစို့၊ ဒီထက်လည်း ပိုပြီးနေလို့မှ မရတော့တာပဲ"

ကျွန်တော်တို့သည် နွေဦးည၏ လရောင် ကျိုးကျဲ ကျရောက်လျက်ရှိသော သစ်ရိပ်များအောက်မှ ဖြတ်သန်းလျက် လမ်းမကြီးအတိုင်း ကိုယ်စီအတွေးများဖြင့် တိတ်ဆိတ်စွာ လျှောက်လှမ်းခဲ့ကြပါ၏။

ဟိုအဝေး ထန်းတောဆီမှ ညဥ့်နက် သန်းခေါင်ယံမှာပင် တစာစာ သီကြွေးလျက်ရှိသော နွေအကြို ဥသြငှက်ငယ်၏ လွမ်းမော ဆွတ်ပျံ့ဖွယ် တေးသံသဲ့သဲ့ကလေးကလည်း ထွက်ပေါ်၍ နေပါ၏။ ထိုစဉ် နွေညလေရှူး တစ်ချက်ဝှေ့ယမ်းလိုက်သဖြင့် ရွက်ဝါတို့ တသဲသဲကြွေကျ၍လာပြန်ပါ၏။

ထိုအချိန်၌ အနောက်မြိုင်သာယာသည် ကျွန်တော်၏ ကျောဘက်၌ အတော်ခပ်ဝေးဝေးတွင် တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျလျက် ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသတည်း။

*

ဆရာကိုအေးကျော်၊ ဆရာကိုမြင့်နှင့် ကျွန်တော်တို့ သုံးဦးစလုံး ပြန်ကြပေတော့မည်။ ကျောင်းကော်မိတီ လူကြီးများ၊ ကျောင်းသား မိဘအချို့နှင့် ကျွန်တော်၏ တပည့်ကလေးများ ဖြစ်သော မောင်စိုးဝင်း၊ မောင်ငွေ၊ မောင်မြမောင်တို့ ကားဂိတ်အထိ လိုက်ပါပို့ဆောင်ပေးကြပါသည်။

ရွာသူ ရွာသားများ ထည့်ပေးလိုက်သော ဒေသထွက်လက်ဆောင်များကပင် ထန်းခေါက်တောင်း (ထန်းလျက်ဖြင့် ရက်လုပ်သောတောင်း) ကြီး တစ်လုံးအပြည့်ပင် ဖြစ်ပါ၏။

ဆရာမ ဒေါ်ပေါ်နှင့် ဆရာမ မန္တလေးရီလည်း ကျွန်တော့်ကို လာရောက်နှုတ်ဆက်ကြပါသေးသည်။ ဤဆရာ သုံးဦးတွင် ကျွန်တော်တစ်ယောက်သာလျှင် အမြီးတိုင် ပြန်မည့်သူဖြစ်၍ ကျွန်တော့်ကိုသာ အဓိကထား၍ နှုတ်ဆက်ကြခြင်း ဖြစ်ပါ၏။

ကိုဘဲလေးသည် ကျွန်တော် ကားပေါ်သို့ တက်ချိန်အထိ ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားပြီး -

"ဆရာလေး၊ ဆရာလေးဟာ ကျွန်တော့်ဘဝမှာ အခင်မင်ရဆုံးနဲ့ ကြည်ညိုလေးစားရဆုံး လူတစ်ယောက်ပါ၊ ကျွန်တော် ဆရာလေးကို ဘယ်တော့မှ မေ့မှာမဟုတ်တော့ပါဘူး။

ဆရာလေးကို တွေ့ဖို့ရယ်၊ ဆရာလေးရဲ့ တယောလက်သံကို ကြားရဖို့ရယ်အတွက် မြိုင်သာယာကနေပြီး ကျွန်တော် အမြဲ ကြိုစောင့်နေပါ့မယ်၊ ရောက်လေရာအရပ်ကနေ ဆရာလေး ကျွန်တော့်ကို အဆက်အသွယ် လုပ်ပေးပါ" ဟု ယောကျ်ားတန်မဲ့ မျက်ရည်ဝဲလျက် တုန်ရီသော အသံတို့ဖြင့် မှာကြားလျက်ရှိပါ၏။

မကြာမီ ကျွန်တော်တို့ စီးနင်းလိုက်ပါလျက်ရှိသော ဦးဘလှိုင်၏ ဂျီအမ်စီ သုံးတန်လော်ရီကားကြီးသည် တဖြည်းဖြည်း ဘီးလှိမ့်၍ စတင်ထွက်ခွာပါတော့သည်။ ကျွန်တော်တို့အား လာရောက်နှုတ်ဆက်သူအားလုံး လက်ပြ ကျန်ရစ်လျက် ဖုန်လုံးကြီးများ၏ နောက်တွင် ပျောက်ကွယ်ကျန်ရစ်ခဲ့ပါတော့၏။

မြိုင်သာယာသို့ ကျွန်တော် စတင်ရောက်ရှိစဉ်က မိုးဦးကျကာလ ဖြစ်၍ ဝန်းကျင်တစ်ခုလုံး စိမ်းစိုအုပ်ဆိုင်းလျက်ရှိခဲ့သော်လည်း ယခုမူ နေရာတိုင်း၌ ရိုးတံအပြိုင်းပြိုင်း သစ်ပင်ကြီးများကိုသာတွေ့မြင်ရပါ၏။ ကျောင်းဝင်းကြီးသည်လည်း တိတ်ဆိတ်ငြိမ်သက်လျက် ရွာဦးကုက္ကိုပင်တန်းရှိ လက်ပံပင်ကြီးများတွင်လည်း လက်ပံပွင့်တို့ ရဲရဲနီလျက်ရှိ၏။ ထို့နောက် ပြည်တော်သာကန်ကြီးသို့ ရောက်ရှိလာရာတွင်လည်း ရေများ ခန်းခြောက်လျက်ရှိပါ၏။

ထိုသို့ဖြင့် ဦးပွင့်ကုန်းထိပ်သို့ ရောက်ရှိလာသောအခါ တောင်ကုန်းများ ဝန်းရံလျက် ဒယ်အိုးသဏ္ဌာန်မြေနိမ့်ချိုင့်ဝှမ်းထဲတွင် မြိုင်သာယာသည် မြူငွေ့များရစ်ဆိုင်းလျက် မှုန်ရေးရေးသာ တွေ့မြင်ရပါတော့၏။ ဤနေရာသည် မြိုင်သာယာကို နောက်ဆုံး မြင်တွေ့ရသောနေရာပင် ဖြစ်ပါသတည်း။

ထို့နောက် ကျွန်တော်သည် မန္တလေးသို့ ပြန်လည် ရောက်ရှိခဲ့ပါသည်။ ရောက်ရှိပြီး နောက်တစ်နေ့မှာပင် ကျွန်တော် အလုပ်ဝင်ရောက်ခဲ့ပါသည်။ ရာသီစက်ရဟတ်၏ လည်ပတ်ပြောင်းလဲမှုတို့နှင့်အတူ ရက်၊ လ၊ နှစ်တို့ ကုန်ဆုံးလွန်မြောက်ခဲ့ရပြီး ကျွန်တော်သည်လည်း တာဝန်ကျရာ မြို့ ဒေသများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပါ၏။ ဤသို့ဖြင့် ၁၉၈၈ ခုနှစ်တွင် လမ်းစဉ်ပါတီချုပ်ငြိမ်းခဲ့ပြီး တပ်မတော်အစိုးရ ပေါ်ပေါက်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ပါတီစုံ

www.burmeseclassic.com

ရွေးကောက်ပွဲများဖြင့် ပြည်သူ့ဆန္ဒကို ခံယူလျက် ပြည်သူတို့မှ တင်မြှောက်သော အရပ်သားအစိုးရခေတ်သို့ ရောက်ရှိလာခဲ့ပါသည်။ သမိုင်းခေတ်တို့ ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါ၏။ သို့တိုင်အောင် ကျွန်တော်သည် မြိုင်သာယာသို့ မရောက်ဖြစ်ဘဲ ရှိနေပါသေး၏။

ယနေ့အချိန်၌ မြိုင်သာယာသည် မြင်းခြံ- မန္တလေး ကတ္တရာလမ်းမကြီး ဖောက်လုပ်လိုက်သည့်အပြင် မြင်းခြံ၊ မန္တလေး၊ ပုဂံ ရထားလမ်းကြီးပါ ဖောက်လုပ်ထားရှိခဲ့ပြီ ဖြစ်ကာ မြိုင်သာယာ၏ အနီးတွင် စက်မှုဥယျာဉ်မြို့တော်ကြီး စီမံကိန်း စတင်နေပြီဟု ကြားသိရပါသည်။

ထို့ကြောင့် မြိုင်သာယာသည် လျှပ်စစ်မီးများ ရရှိနေပြီဖြစ်ပြီး မှန်လုံကားများပင် ပြေးဆွဲနေလျက် အစိုးရ အထက်တန်းကျောင်း ရရှိခဲ့သည်မှာပင် ကြာမြင့်ခဲ့ပေပြီ။ တိုးတက်ဖွံ့ဖြိုးလျက် မြို့ပြ၏ အငွေ့အသက်တို့ ထင်ဟပ်နေမည်မှာ သေချာလှပါ၏။

မည်သို့ပင် အချိန်ကာလများနှင့် ခေတ်စနစ်တို့ ပြောင်းလဲသွားစေကာမူ တစ်ချိန်က အမှတ်မထင် အိပ်မက်ပမာ ရောက်ရှိခဲ့ရ၍ ဒဏ္ဍာရီပုံပြင်ဆန်လှစွာသော ကိုမှိုင်းလွင်နှင့် နှင်းယုသွယ်တို့၏ ဇာတ်လမ်းကလေးသည် ကျွန်တော့်ရင်ထဲ၌ မေ့ပျောက်၍ မရနိုင်အောင် ရှိနေဆဲပင် ဖြစ်ပါ၏။

ယခုဆိုလျှင် ကျွန်တော် ကြုံတွေ့ခဲ့ရသော ထူးဆန်းသည့် အဖြစ်အပျက်တို့သည်ပင် နှစ်ပေါင်း (၃၀) နီးပါး ကြာမြင့်ခဲ့ရပြီ ဖြစ်သော်လည်း ကျွန်တော်သည် နှင်းပျောက်တဲ့နွေ သီချင်းကို နှစ်ခြိုက်စွာ နားထောင်ဆဲ၊ ချစ်နှင်းမှုန်မှုန် သီချင်းကိုလည်း ခုံမင်စွာ သီဆိုနေဆဲသာ ရှိပါ၏။

ထိုအပြင် မြိုင်သာယာမှ အဖြစ်အပျက်တို့သည်လည်း စိတ်အစဉ်တွင် မနေ့ တစ်နေ့ကကဲ့သို့ ထင်မှတ်ဆဲသာ ရှိပါ၏။ မြိုင်သာယာသို့ သွားရောက်လိုသော ဆန္ဒတို့သည်လည်း အစဉ်ပြင်းပြလျက်သာ ရှိနေပါ၏။

ကျွန်တော်သည် ကိုမှိုင်းလွင်၊ နှင်းယုသွယ်တို့နှင့် ဘဝတစ်ခုခုတွင် မည်သို့ပတ်သက်ခဲ့ပါသနည်း။

ထိုမေးခွန်းသည် ဤယနေ့တိုင် အဖြေမရရှိနိုင်ဘဲရှိကာ ထိုအကြောင်းတို့ကို တွေးမိလေတိုင်း ကျွန်တော့်နှလုံးသားတို့သည် နာကျင်မွန်းကျပ်မှုတို့ဖြင့် အဆုံးသတ်လျက် ကျန်ရစ်မြဲသာ ဖြစ်ပါသတည်း။

(ပြီးပါပြီ)

ဘိုဘို(ရွှေဘုံကျွ)

□


✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ






ဖျံ့-၅-ကောင်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ငင်း) ၀၁၇/၀၁၁၅





သွေးချို-ဆီးချိုကျဆေးနှင့်
သွေးတိုးကျဆေးကို
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၅၊ ၃၉၂၁၉၄

www.burmeseclassic.com

လူတစ်ယောက်ရဲ့ အပျော်ဆုံးနေ့ သုံးနေ့ ပြောပါဆိုရင် အိမ်ထောင်ကျတဲ့နေ့၊ ရှင်လိင်ပြန်တဲ့နေ့၊ ထောင်ကထွက်တဲ့နေ့တွေလို့ပဲ ပြောစရာရှိတော့တယ် မဟုတ်ပါလား။ ဒီစကားအတိုင်းမှန်လို့ကတော့ သည်နေ့ဟာ ကျွန်တော့်ရဲ့ အပျော်ဆုံးနေ့ပဲ ဖြစ်ရမှာပေါ့။

ဟုတ်တယ်လေ၊ ပြစ်မှုကြွေးကို တစ်နှစ်ပြည့်တဲ့အထိ ခွျေးနဲ့ဆပ်ခဲ့တာ လွတ်ရက်စေ့ပြီး ဖြစ်တာကြောင့် သည်ဝင် အရွယ်အစားရတဲ့အထိ ထုခွဲ၊ သယ်ပို့လုပ်ခဲ့ရတာပဲ တစ်နှစ်တိတိပျာ။

ခြေလက်တွေ အသားမာ တက်ရုံသာမက ကျောက်စ ကျောက်နမှုန်ထားတဲ့ ဒဏ်ရာအမာရွတ်တွေကလည်း မျက်နှာက အစ တစ်ကိုယ်လုံး နေရာအနှံ့အပြား။ ကိုယ်ခန္ဓာကြီးက လူရုပ်တောင် မပေါ်ချင်တော့အောင် ကြမ်း



နေ့မှာ ကျွန်တော် ထောင်က ထွက်လာရပြီးကိုးဗျ။

ပျော်မှ ပျော်ပေါ့။ မပျော်ဘဲရှိပ့ါမလား။ အကျဉ်းသားဘဝနဲ့ တစ်နှစ်ကြာအောင် ရှိနေချိန်မှာ အလုပ်ကြမ်းဖြစ်ဒဏ်ပါ တွဲဖက်ကျခံရတာဆိုတော့ ကျောက်ထုတ်လုပ်ရေး အကျဉ်းဦးစီးစခန်းဆီ ပို့ခံရပြီး အကြမ်းတမ်းဆုံးလို့ ပြောရင် မျှားမှာမဟုတ်တဲ့ အမာကျောဆုံး လိပ်သည်းကျောက်ကို ဈေးကွက်တမ်း မဲ့သိတာကလွဲပြီး အကောင်းပကတိ ကျန်းမာစွာ ထောင်ကထွက်လာရတာကိုပဲ ကံအကျိုးပေးကောင်းတယ် ပြောရမှာပါ။

သည့်ထက်မက ပျော်စရာကောင် ဟဲ့အကြောင်း ရှိပါသေးတယ်။ လွတ်ရက်ကို လက်ချိုးမျှော်ကိုးနေမယ့် ကျွန်တော့် ချစ်ဇနီးမြကြိုးနွယ် ဆိုတာ ရွာမှာ ရှိသေးတယ်လေဗျာ။ အိမ်ထောင်ကျပြီးလို့ သုံးလလောက်အကြာ ချစ်မဝကြင်နာမဆုံး ရှိနေချိန်မှာမှ သူ့ကို ခွဲထားရစ်ပြီး ကျွန်တော် ထောင်ကျခဲ့တာ ဘယ်လောက်ရင်နာ ခွဲခွားနေရမှန်းမှ မသိတာင်နော်။

တစ်ညတာကလေး ဝေးကြရုံနဲ့ ရက်ပေါင်း ခုနစ်ရာတိုင် ဆွေးခဲ့ကြတဲ့





www.burmeseclassic.com


www.burmeseclassic.com

ကိန္နရီမောင်နှံလောက် အဖြစ်သည်းစရာ မဟုတ်ပေမယ့် လင့်တစ်မျက်နှာ တစ်ရွာ ထင်ပြီး လိုက်ပါ ခွပေါင်းဖက်နေရာက ခုလို တစ်ယောက်တည်း စွန့်ပစ်သလို ခံစားနေရတာ၊ ကံကောင်းရင် နှလုံးခုန် ရပ်သေသွားနိုင်တယ် မဟုတ်လားလို့။

ဒါကြောင့် ထောင်ဘူးဝတ ထွက်တယ်ဆိုရင်ပဲ မြင်းရိုင်းတစ်ကောင် လို မြကြိုးနွယ်ရှိရာ သရက်တောရွာဆီ အပြေးအလွှားပြန်ဖို့သာ ခြေလှမ်းတွေ ဦးတည်ပြီးသား ဖြစ်သွားပါတော့တယ်။

ဟုတ်ကဲ့။ ရွာမှာ ကျန်ရစ်ခဲ့တဲ့ ချစ်ဇနီးအကြောင်းတွေးရင်းက မေတ္တာ ချင်းယှက်နွယ်ပြီး နှစ်အတော်ကြာတိုင်

# ညို့အာရုံနှစ်ပင်ယှက်တယ်



သံယောဇဉ်တွယ်ခဲ့ကြတဲ့ သတ္တဝါ တစ် ကောင်လည်း အိမ်မှာ ရှိသေးတာပဲ။ သူကတော့ မောင်လိမ္မာလို့ ပညတ်ထား တဲ့ နာမည်နဲ့လိုက်အောင် အင်မတန် ယဉ်ပါး သိမ်မွေ့လှတဲ့ စပါးကြီးမြွေ တစ်ကောင်ပဲ ဖြစ်ပါတယ်။

ထူးခြားတယ်ပြောရမှာက သူက လူသားမဟုတ်ပေမယ့် မြွေကောင်မဝင် ခင် လက်ကောက်ဝတ်လုံးပတ်အရွယ်က စလို့ အသားငါးကျွေး နို့တိုက် မွေးမြူ ခဲ့ရာက ခုဆို ခြေသလုံးအရွယ် ဖြယ်

www.burmeseclassic.com

တောင်နီးပါး မြွေလားမြောက်နေလိုက်တာ ဆိတ်တစ်ကောင်လောက်တော့ အသားလေး မျိုနိုင်တဲ့အထိဗျ။

သန်မာ ထွားကျိုင်းလာလိုက်ပုံက အရေခွံအကွက်ကွက်တွေ အဆီတက်ပြီး တင်းမာပြောင်လက်နေရော ဆိုပါတော့။ ရှင်းရှင်းပြောရရင် မိဘတွေ ရှိစဉ်ကတည်းက ဝါးကြမ်းခင်းနဲ့ ဖက်မိုးဖက်ကာ တဲသာသာအိမ်ကလေးပေါ် နေခဲ့ရတဲ့ ကျွန်တော်ဟာ မောင်လိမ္မာဆိုတဲ့ စပါးကြီးမြွေရလာပြီးမှ သွပ်မိုး ပျဉ်ထောင်အိမ် ဆောက်နိုင်ခဲ့တဲ့အပြင် ချစ်ကြင်စရာ ဇနီးမြကြိုးနွယ်ပါ အိမ်ပေါ် ရောက်လာတာ ကြည့်ရုံနဲ့ တကယ့်လာဘ်ကောင် သတ္တဝါလို့ ပြောရင်တောင် လွန်လိမ့်မယ်မထင်ပါဘူးနော်။

မှန်ပါတယ်။ မြွေဆိုတဲ့ သတ္တဝါနဲ့ ပတ်သက်လို့ ကံကြမ္မာအဆိုးဆိုတာ ရှိတတ်သလို စီးပွားတိုးတက်စေတဲ့ အကြောင်းဘက် ဖြစ်စေတာလည်း အများကြီး ရှိသေးတာပဲ။ ဒါကြောင့် မြွေကိုးကွယ်တဲ့ လူမျိုးတောင် ကမ္ဘာပေါ် ရှိကြတာ ဘယ်ဆန်းပါ့မလဲ။

ကျွန်တော်တို့မိသားစုရဲ့ နဂိုစားဝတ်နေရေး ကိစ္စအဝဝကိုတောင် မြွေသတ္တဝါတွေကပဲ ဖြည့်ဆည်းပေးလာတာ အဖေ ရှိစဉ်တုန်းကပဲပေါ့။

အဖေဟာ မြွေမုဆိုးပီပီ အဆိပ်ပြင်းတဲ့ မြွေဟောက်၊ မြွေပွေး၊ ငန်းမြွေ မှန်သမျှကို သူတတ်ကျွမ်းတဲ့ ပညာနဲ့ ရှာဖွေဖမ်းပြီး ဆေးဝါးအလုပ်ရုံ ဘီပီအိုင်သွင်း ရောင်းချရင်း မိသားစု ဝမ်းရေး ဖြည့်တင်းပေးလာတာ ငှက်ဖျားရောဂါနဲ့ သူကွယ်လွန်ချိန်အထိ။ ဘီပီအိုင်က ပေးတဲ့ မှန်ဘောင်သွင်း ဂုဏ်ပြု လက်မှတ်တွေတောင် အိမ်နံရံအပြည့် ရှိပါသေးတယ်။

အဖေ မရှိတော့တဲ့နောက်မှာတော့ အဖေရဲ့ အမွေဖြစ်တဲ့ မြွေဖမ်းတဲ့ အလုပ်နဲ့ပဲ အမေ့ကို ကျွန်တော် လုပ်ကျွေးလာတာ စားဝတ်နေရေး ဘယ်မှုစရာရှိခဲ့လို့တုန်း။ အဲသည်လို မြွေမုဆိုးလုပ်ရင်းက လက်ကောက်ဝတ်အရွယ် စပါးကြီးမြွေလေးတစ်ကောင် ရတာနဲ့ အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်နေတဲ့ အမေ အဖော်ရအောင်ဆိုပြီး နွားနို့တိုက်၊ သားငါးကျွေး မွေးမြူလာတာ မြွေကလေးဟာ ယဉ်ပါးလာရုံမကပဲ လူ့စကား နားလည်ဘသလိုလို အမူအရာတောင် ပြလာသေးကိုး။

ဒါကြောင့် အမေကိုယ်တိုင် နာမည်ပေးထားတာ မောင်လိမ္မာတဲ့။ တစ်နေ့တော့ မောင်လိမ္မာရဲ့ သတင်းကြားလို့ ထင်ပါရဲ့ မြွေအလမ္ပာယ်ဆရာ ကုလားမတောင် ဆရာစံ ဆိုတဲ့ပုဂ္ဂိုလ်ရွာကို ရောက်ချလာပြီး မတန်တဆ စျေးနဲ့ မောင်လိမ္မာကို တောင်းဝယ်တာနဲ့ ကြုံရပါရောလား။ မြွေနဲ့ လူသားသည်လောက် သံယောဇဉ်တွယ်နေကြပြီးဖြစ်လို့ အမေက ကန့်ကွက်သလို ကျွန်တော်ပါ သွက်သွက်ခါ ငြင်းဆန်ကြတဲ့အခါ ဆရာစံ တစ်ဆင့်တက်လာပုံက နယ်တကာစုံ သူ့အလမ္ပာယ်ပြတဲ့ဆီ ကျွန်တော်နဲ့ မောင်လိမ္မာပါ လိုက်ပါပြီး ပြကွက်အသစ်တွေထွင် လုပ်စားကြမယ်ဆိုရင် လက်ရှိအလုပ်ထက် ဝင်ငွေကောင်းမှာ ဆိုတာပါပဲ။

အဲသည်မှာမှ စီးပွားရေးအကွက်အကွင်းသစ်ကပဲ ပိုကောင်းမလား ထင်တာနဲ့ ဆရာစံနဲ့တွဲဖို့ ကျွန်တော် လက်ခံဖြစ်လိုက်ပါတယ်။

ကျွန်တော့်စိတ်ကူး မှန်သွားတယ်လို့ပဲ ပြောရပါတော့မယ်။ နယ်တကာ အလမ္ပာယ်ပြပွဲတွေမှာ ဆရာစံက မြွေပွေး၊ မြွေဟောက်တွေနဲ့ ကစားပြသလို ကျွန်တော်နဲ့ မောင်လိမ္မာတို့ကလည်း သူ့အထာ ကိုယ့်အထာ သဘောပေါက်ထားကြပြီးဖြစ်လို့ အသည်းယားစရာ ပြကွက်တွေနဲ့ ပရိသတ်နှစ်သက်စေအောင် ဆွဲဆောင်နိုင်ခဲ့တာ အမှန်။

မြွေဆိုတာ အကြားအာရုံ မရှိဘူးဆိုပြီး ပြောကြတာ ကြားဖူးပေမယ့် ကျွန်တော့်ရဲ့ သွားတွေစေ့ပြီး လျှာဖျားလေးထောက် မှုတ်လိုက်တဲ့အခါမှာ မြည်လာတဲ့ အသံ ရှီရှီအတိုအရှည် အတိုးအကျယ်နဲ့အညီ လိုက်ဖက်စွာ လှုပ်ရှားလေ့ရှိတဲ့ မောင်လိမ္မာလုပ်ရပ်ကို ကြည့်ရင် လူနဲ့တိရစ္ဆာန်တို့ရဲ့ အာရုံချင်း ဆက်သွယ်မှု ရှိတယ်ဆိုတာ အထင်အရှားပဲ မဟုတ်ပါလား။

လက်ပွန်းတတီး အနေနီးကြရင်းက သံယောဇဉ်ကြိုးချင်းယှက်နွယ်ရင်းနှီးကြတာလည်း ဖြစ်ချင်ဖြစ်မှာလေနော်။ ဒါပေမဲ့ ကုလားမတောင် ဆရာစံဟာ အရက်လွန်ရောဂါနဲ့ ကွယ်လွန်သွားလို့ မကြာသေးခင်မှာပဲ ကျွန်တော့်အမေလည်း အသစ်ဆောက်လိုက်တဲ့ သွပ်မိုး ပျဉ်ထောင်အိမ်ပေါ် သုံးလကျော်ကျော်လောက်ပဲနေပြီး ပန်းနာရင်ကျပ်ရောဂါနဲ့ ကွယ်လွန်သွားတာ စိတ်မကောင်းစရာလို့ပဲ ဆိုရပါတော့မယ်။ သဒ္ဓါရတာရေးနဲ့ ပတ်သက်တဲ့ ကိစ္စ ကျွန်တော်ကတော့ ဘာတတ်နိုင်မှာလဲ။ ပွဲမပျက်အောင် ဆက်ပြီး စီစဉ်ရတော့တာပေါ့ဗျာ။

သိပ်ခက်ခဲတဲ့ ပြဿနာတော့ မဟုတ်ပါဘူး။ ဟိုဘက်ရွာက ခင်စိုးဆိုတဲ့ (၁၅)နှစ်အရွယ်ကောင်လေးတစ်ယောက်ကို ဗုံထုဖို့နဲ့ မြွေနိုင်လက်ဖွဲ့ ကူရောင်းဖို့ ခေါ်ထားတာ တစ်နှစ်နီးပါးတောင် ရှိပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဆရာစံဆီက မြွေအလမ္ပာယ်ပညာတွေလည်း ကျွန်တော် ရထားပြီးသားဖြစ်လို့ ဘုရားပွဲတွေနဲ့ မြွေပေါတဲ့ တောနယ်ကျေးလက်တွေ လှည့်ပြီး ပွဲစဉ်မပျက် နွှဲခဲ့ကြတာ အရှိန်အဟုန်မပျက် အဆင်ပြေလျက်ပဲလို့ပြောရတော့မှာပါ။

ဟော- ကြည့်စမ်း။ ဖူးစာဖက်တယ်ပဲ ပြောရမလားမသိ။

သထုံမြို့ တပေါင်းပွဲတော်မှာ နေ့ခင်းဘက် အလမ္ပာယ်ပြရင်းက အနီးအနားမှာ ဖျာခင်းပြီး အံဝ်ဂလုံကစားဒိုင်ဖွင့်နေတဲ့ မြကြိုးနွယ်ဆိုတဲ့ကောင်မကလေးနဲ့ တရင်းတနှီး စလိုက် ပြောင်လိုက် လုပ်နေရာက အဟုတ်တကယ် ပေါင်းဖက်မိကြတာမှ မြန်မှမြန်ဗျာ။ သူကလည်း မိဘမရှိတော့လို့ ဆင်းရဲတဲ့ အဒေါ်ဆီမှာ ခိုကပ်နေတယ် ဆိုလား။ အသားညိုညို ဝင်တိုတို အရပ်ပုသလို ထင်ရပေမယ့် ရွှက်ကြမ်းရေကျိုရုပ်ကလေးကတော့ မဆိုးလှပါဘူး။

ရှမ်းကြိုက်တော့ နွားချောစကားအတိုင်း ဘာမှ သိုင်းဝိုင်းမနေတော့ဘဲ ပွဲတော်ပြီးတဲ့နေ့ရောက်တာနဲ့ ကျွန်တော်တို့နှစ်ယောက် သထုံမြို့တရားရုံးတက် လက်ထပ်ဖြစ်တော့တာပေါ့။ တစ်နှစ်ပတ်လုံး နယ်အစုံဈေးပွဲလိုက်ရင်း အချိန်ကုန်ခဲ့တဲ့ ကျွန်တော့်အနေနဲ့ သည်လိုမှ အလွယ်တကူ အိမ်ထောင်မပြုလို့ကတော့ အိုကြီးအိုမ အရွယ်ရောက်ရင် ကြုံလာနိုင်တဲ့ ဒုက္ခတွေထည့်တွက်ရဦးမှာလေဗျာ။

သည်ကနေ့တော့ လွတ်ရက်စေ့လို့ ထောင်က ထွက်လာချိန်မှာ ပထမဦးစွာ တွေ့ပွေ့နှစ်သိမ့်ပေးဖို့ လိုတာက ချစ်ဇနီးမြကြိုးနွယ်ပဲပေါ့။ အနားယူလို့ဝတာနဲ့ တပည့်ကျော်ခင်စိုးကို ပြန်ခေါ်၊ သားတော်မောင်ပမာ သံယောဇဉ်တွယ်နေကြတဲ့ မောင်လိမ္မာနဲ့အတူ မြွေလမ္ပာယ်ပြလိုက်၊ မြွေနိုင်လက်ဖွဲ့ ရောင်းလိုက် အလုပ်ကိုပဲ ဆက်လုပ်ရုံ ရှိတော့တယ် မဟုတ်ပါလား။

သည်လောက်ပျော်စရာကောင်းတဲ့ ထောင်ထွက်တစ်ယောက်ရဲ့ ဘဝဟာ တကယ့်မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနေပုံကတော့ ယုံချင်စရာတောင်မရှိလို့ပဲ ပြောပါရစေတော့။

◆

"အေးကွယ် ပြောရမှာတော့ စိတ်မကောင်းစရာပဲ မောင်ဘသိုင်း ကျော်ရေ ထောင်ကနေ ကျောက်ထုတ်ခန်းကို မင်းပြောင်းသွားပြီး ဘာကြာလို့လဲ၊ မင်းမိန်းမ မြကြိုးနွယ်နဲ့ ခင်စိုးတို့ တိုးတိုးတိတ်တိတ် ပစ္စည်းတွေ ကောက်ပြီး ညတွင်းချင်း ပြောင်းသွားကြတာ ဘယ်ရောက်လို့ ဘယ်ပေါက်နေကြမှန်း တောင်သတင်းမကြားတော့ပါဘူးကွယ်။

အဲဒီမတိုင်ခင်က ခင်စိုး ခဏခဏလာပြီး သူတို့ချင်း ပရောပရည်လုပ်နေကြတာ အဒေါ်တို့လည်း သွေးရိုးသားရိုးပဲ ထင်တာပေါ့၊ တစ်ခါတလေ သုံးလေးညလောက်တောင် ခင်စိုး အိပ်သွားတာ သိရမှ အဒေါ်တို့ မသင်္ကာသလို ဖြစ်လာကြတာကွဲ့၊ သိလား၊ ဒါပေမဲ့ ဘယ်သူပြောရဲမှာလဲကွယ်၊ မင်းမိန်းမ ပါးစပ်ပေါက်က ကြမ်းတော့ မသိသလိုဘဲ နေလိုက်ကြရတာပေါ့ မောင်ဘသိုင်းကျော်ရယ်"

အိမ်နီးချင်း ဒေါ်စိန်နုရဲ့ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းလိုက်တဲ့ စကားသံက မုန်တိုင်းထက်တောင် ပြင်းကန်ပါသေးလား။ နေပူကလာတဲ့သူကို ရေအူဆူနဲ့ ပက်လိုက်သလို ကျွန်တော့် ရင်ထဲ မီးလောင်ပြီပေါ့။ သည်မီးက တော်တန်ရုံ မီးပွား မီးတောက်မျိုး မဟုတ်။ ပေါက်ကွဲတော့မယ့် မီးတောင်လို အတွင်းလှိုက်လောင်နေတဲ့မီး။

ကြည့်စမ်း။ ကျွန်တော် အဖယုံကြည်ရဆုံး တပည့်ဖြစ်တဲ့ ခင်စိုးနဲ့မှ လိုက်ပြေးတယ်တဲ့လား။ သည်ကောင်လေးကို အရွယ်မရောက်သေးဘူးဆိုပြီး ကျွန်တော် အိမ်ထောင်ကျချိန်မှာ အိမ်မကြာခဏလာရင်း မြကြိုးနွယ်ကို ကူညီပေးဖို့ပါ မှာခဲ့မိတာ ကျွန်တော်မှားနေပြီလား။ နှစ်အတော်ကြာအောင် ကျွန်တော်နဲ့တွဲလာတာ သည်လောက်ရိုးသားတဲ့ ခင်စိုး။ ကေန္တတော့ ဟိုကောင်မ မြကြိုးနွယ်ရဲ့ ညှို့ချက်ထဲမှာ အရှုံးအမူး စွဲသွားတာလည်း ဖြစ်နိုင်( )။

ပွဲဈေးကစားဒိုင်ဆိုတော့ မာယာကွန်ချက်ထဲ သားကောင် ဝင်လာမယ့် ပရိယာယ်ကြွယ်လိမ့်မှာကိုး။ ကျွန်တော် နည်းနည်းလေးမှ ထည့်မတွက်ခဲ့မိတာ အမှန်ပဲဗျာ။

ခုတော့ ပါသွားကုန်ပြီလို့ပဲ ပြောရတော့မယ် မဟုတ်လား။ အိမ်အခွံ၊ သစ်သားဗီရိုအခွံတွေလောက်ပဲ ကျန်ခဲ့ပြီး ပန်းကန်ခွက်ယောက်ပါ သယ်သွားရုံသာမကပဲ အိမ်ထောင်သက် သုံးလအတွင်းမှာ ကျွန်တော်ရဲ့ ချစ်ခြင်းသင်္ကေတအမှတ်တရအနေနဲ့ ဝယ်ပေးထားတဲ့ ငါးမူးသား ရွှေဆွဲကြိုး တစ်ကုံးနဲ့ ရွှေနားကပ်လေးတစ်ရန်တောင် ဘုရားစင်ပေါ်တင်ထားတဲ့ ရွှေဆိုင်ဘောက်ချာ စာရွက်ပဲ ချန်ထားခဲ့တာလေ။

ဒါတွေတင် ဘယ်ကပါ့မလဲ၊ အိမ်အောက်ဂိုဒေါင်လေးကိုပါ အသေအချာ စစ်ဆေးကြည့်လိုက်မှ စပါးကြီးမြွေ မောင်လိမ္မာရော မရှိတော့။ လှောင်အိမ်အခွံ ဟာလာဟင်းလင်း။ အလမ္ပာယ်ပြတဲ့ ကိရိယာတွေ ဖြစ်တဲ့ သံသေတ္တာတို့၊ ဝါးပခြုပ်တို့ အပြင်



www.burmeseclassic.com

www.burmeseclassic.com

ပွဲခေါ်ရင်ထုတဲ့ ဘင်တစ်လုံးပါ သယ်သွားကြတာ ဘာကျန်သေးလို့လဲ၊ ရှိသမျှ ကုန်ပြီပေါ့။

ရှင်းရှင်းဝန်ခံရရင် အဆိပ်ပြင်းတဲ့ မြွေသတ္တဝါတွေကို ယဉ်ပါးလိမ္မာအောင် ကိုင်တွယ်တဲ့နေရာမှာ ဘယ်လိုပဲ ကျွန်တော် ကျွမ်းကျင်ပေမယ့် ကတ္တီယအဆိပ်နဲ့မိတဲ့အခါကျမှ မြကြီးနွယ်အပေါ် ကျွန်တော် ယုံကြည်ခဲ့သမျှဟာ သဲထဲရေသွန်ချလိုက်သလို ဘာတစ်ခုမှ အရာထင်ကျန်ခဲ့တာ မရှိတော့ဝါလား။

ကျွန်တော်လို ကောင်ကတော့ သူချန်ခဲ့တဲ့ နှလုံးသားဒဏ်ရာကို စိတ်ကူးယဉ်စွာကစားရာက လွမ်းလိုက် ဆွေးလိုက်နဲ့ အချိန်ကုန်ခံလိမ့်မယ် မဟုတ်ပါ။ ပွဲဈေးတန်းက အလွယ်တကူကောက်ယူလာတဲ့ မိန်းမတစ်ယောက်ဖြစ်လို့ ခုလိုအလွယ်တကူ သူစွန့်ခွာသွားတာကို ကံတရားနဲ့ ဖြေလော်က်အောင် ကျွန်တော်ကလည်း အရိယာသူတော်စင် မဟုတ်တာအမှန်။ သူ့လို ပျံကျ မိန်းမတစ်ယောက်ထွက်သွားတာ မဆန်းပေမယ့် ဟိုသစ္စာဖောက် ခင်စိုးဆိုတဲ့ကောင်ရှိသေးတာပဲ။

ဆရာထက် လက်စောင်းထက်သလို ခေါင်းတုံးပေါ် ထိပ်ကွက်သွားတာမျိုးတော့ ကျွန်တော် လုံးဝခွင့်မလွှတ်နိုင်။ အဓိက အကျဆုံးလို့ပြောရမယ့် စပါးကြီးမြွေမောင်လိမ္မာကိုပါ ယူသွားတာကတော့ ကျွန်တော့်ရဲ့ သွေးအဆူဆုံး ခံစားချက်လို့ဆိုရင် မှန်မှ မှန်ပေါ့ဗျာ။ သူတို့နှစ်ယောက်ကို မြေလှန်ရှာပြီး စာရင်းရှင်းရုံသာ ရှိတော့တယ် မဟုတ်ပါလား။

ကျွန်တော့်ပင်ကိုစရိုက်က မိုက်ရိုင်းတာတွေ ဘာတစ်ခုမှမလုပ်ခဲ့ဖူးတာတစ်ရွာလုံး သိကြပါတယ်လေ။ အဖေ့အမွေကို ခံယူပြီး မြွေဖမ်း မြွေအလှမွယ်ပြစားပေမယ့် သူတို့ကို ဝလင်စွာ ကျွေးမွေးရုံမက နင်ပဲငဆ အော်ငေါက်တာတောင် မလုပ်ဖူးခဲ့ပါဘူး။ ကြင်နာချိုသာစွာ ကရုဏာစိတ်နဲ့ပဲ ချဉ်းကပ်ဆက်ဆံခဲ့တာဖြစ်လို့ ကျွန်တော်နဲ့ မောင်လိမ္မာဆို အာရုံချင်း ငြိတဲ့အထိ သံယောဇဉ်တွယ်ခဲ့ကြတာ လက်တွေ့ပါပဲ။

သည်လောက် ပျော့ပျောင်းညင်သာလျက်နဲ့ ထောင်တစ်နှစ်ကျခံခဲ့ရတာ ဘယ်လို အပြစ်ကြောင့်ဆိုတာ သိချင်ကြမှာပေါ့။ အမှန်တော့ ကိုယ်ကဖောက်ပြန်လို့ ဖြစ်လာတဲ့ ပယောဂ မဟုတ်တာ အမှန်ပါ။ အသက်တစ်ရာ မနေရပေမယ့် အမှုတစ်ရာပွေနိုင်တယ် စကားအတိုင်း အမှုအခင်းက ဇွတ်အတင်း အိမ်ပေါ် ရောက်လာတာပါပြောရင် ယုံကြမလားမသိ။

ဟုတ်ပါတယ်။ကျွန်တော့်အလုပ်က လူစည်ကားတဲ့ ဘုရားပွဲတွေလိုက်ပြီး အလှမွယ်ပြ၊ မြွေနိုင်လက်ဖွဲ့ ရောင်းသလို မြွေပေါတဲ့ တောရွာကျေးလက်တွေကိုလည်း အားကိုးရသေးဖြစ်လို့ တောင်စွန်းအောက်ကွင်းရွာဘက် လှည့်ရာက ရှမ်းကျောင်းရွာ ရောက်တဲ့အခါ မိတ်ဆွေကိုကုလားစိန် အိမ်မှာ တည်းခိုနေကျ ဖြစ်ပါတယ်။ လူချင်းလည်း အတော်လေး ရင်းနှီးနေကြတာကိုး။

တစ်နေ့တော့ဗျာ။ အဲသည် ရှမ်းကျောင်းရွာက ကိုကုလားစိန်ပါပဲ၊ သူ့ထုံမြို့တက် ဈေးဝယ်ရာကအပြန် ကားမမီတော့တာနဲ့ ဆိုက်ကားတစ်စီးငှားပြီး ရွာရောက်လာတာလေ။ အိမ်မှာ တစ်ညတည်းခိုနေတုန်းမှာ ဘယ်လိုသတင်းမျိုး ရလို့လဲ မသိပါဘူး။ ရွာလူကြီးနဲ့ ရဲတွေညဘက် ရောက်လာပြီး သန်းခေါင်စာရင်း စစ်ကြတော့ ကိုကုလားစိန်လွယ်အိတ်ထဲက ဆေးခြောက် (၁၅) ကျပ်သားဆိုလား ဖမ်းမိတော့တာဗျ။

ကိုကုလားစိန်က မူးယစ်ဆေးဝါးရောင်းဝယ်မှုနဲ့ ထောင်ဒဏ် (၅) နှစ် မူးယစ်ဆေးဝါးရောင်းဝယ်သူကို အိမ်မှာ လက်ခံမှုနဲ့ ကျွန်တော်က ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်ခံလိုက်ရတာ ဘုမသိဘမသိနဲ့ ကျွန်တော့်ပယောဂ မပါတာ ရှင်းနေရောပဲဗျာ။

ရှိစေတော့။ အပြစ်မှန်သမျှကို လည်း ချွေးနဲ့ ဆေးကြောခဲ့ပြီး မျှော်လင့်ချက် တစ်ပွေ့တစ်ပိုက်နဲ့ အိမ်ပြန်ရောက်တဲ့အချိန်မှာမှ ဖောက်ပြန်တဲ့ ဇနီးသည်က တပည့်နဲ့ လိုက်ပြေးပြန်။

သားတစ်ယောက်ပမာ သံယောဇဉ်တွယ်ခဲ့တဲ့ စပါးကြီးမြွေ မောင်လိမ္မာကိုပါ ယူသွားကြတာ ဘယ်လိုမှခွင့်လွှတ်စရာ အကြောင်းမရှိလို့ပဲ ပြောရပါတော့မယ်။

ပိုပြီးစိုးရိမ်တာက မောင်လိမ္မာအပေါ် ကျွန်တော့်လိုပဲ မေတ္တာထားပြီး အာဟာရ ဝဝလင်လင်ကျွေး မွေးမြူထားရဲ့လား။ စပါးကြီးညို့နဲ့ သည်းခြေဈေးကောင်းတယ်ဆိုပြီး ဗိုက်ခွဲလို့ အစတုံး လုပ်ပစ်လိုက်ရင်ရော တကယ့်မတွေးရဲစရာ အဖြစ်မျိုးတွေကိုလည်း ကြိုတွက်ရင်း ကျွန်တော့်မှာ အိပ်မပျော်စားမဝင် ဆိုပါတော့။

ဘာပဲပြောပြော မောင်လိမ္မာအတွက် ခံစားနေရတဲ့ ဒေါသကို ဘယ်လိုမှ မထိန်းချုပ်နိုင်မှတော့ ကမ္ဘာကုန်ကျယ်သရွေ့ [illegible]ရှိရာ အသိုက်ထဲရောက်အောင် ကျွန်တော် လိုက်ရှာရတော့မှာပေါ့ဗျာ။ နဂိုက နယ်တကာစုံလှည့်လည်ခဲ့ဖူးတဲ့ ကျွန်တော့်အနေနဲ့





www.burmeseclassic.com

www.burmeseclassic.com

သစ္စာမဲ့သူတွေရဲ့ ပြေးလမ်းကို ကြိုမြင်ထားပြီးသားပါ။

ဟုတ်တယ်လေ။ စပါးကြီးမြွေမောင်လိမ္မာအပြင် အလမ္ပာယ်ပြတဲ့ ကိရိယာတွေပါ အကုန်သယ်သွားမှတော့ သင်းတို့နှစ်ယောက် ပွဲတကာလှည့်အလမ္ပာယ်ပြတဲ့အလုပ်ကိုပဲ ဇာတ်ရှုပ်ခင်း လုပ်စားကြမှာ သေချာနေပြီဟာ။ "ပြေးနိုင်မှ လွတ်ကြမယ်ပေ့" လို့သာ။

◆

ဆန္ဒစောပြီး ပြောမယ့်သာပြောတာပါ။ အမှန်တကယ် ရှာပုံတော်ဖွင့်လိုက်တာ ခုဆို နွေရာသီလွန်ခါနီးလို့ မိုးကျတော့မယ့်အချိန်ထိတောင် ကြာကူလီနဲ့ မျောက်မလင်မယားတို့ ဇောက်ချနေထိုင်တဲ့ အသိုက်ရဲ့ သဲလွန်စကို လုံးဝ ရှာမတွေ့သေး။

ရောဝတီတိုင်းပွဲဈေးတွေအပြင် ပဲခူးတစ်ခွင်လည်း ပြုပြုစင်ပြီ။ သံဖြူဇရပ်၊ ရေး၊ ထားဝယ်ဘက်တွေပါ မကျန် အနှံ့အပြားကို မြေလှန်ရှာလိုက်တာ သတင်း အရိပ်အငွေ့ကလေးတောင် မကြားခဲ့ရအမှန်။ မကြာခင် မိုးရာသီအကြိုရောက်ရင်ဖြင့် ပွဲတော်တွေ ပိတ်သိမ်းတော့မှာဖြစ်လို့ ကျွန်တော့်ရဲ့ ရှာဖွေရေး ခရီးစဉ်ကိုပါ ယာယီရပ်သိမ်းရတော့မှာ အသေအချာပဲပေါ့။

သည်လိုရှာဖွေရေး ခရီးစဉ် မစခင်တုန်းကတော့ ဖြစ်သမျှ အကြောင်းအကောင်းချည်းသာ သဘောထားပြီး ဘဝကို တစ်က ပြန်စဖို့ ကျွန်တော် စဉ်းစားပါသေးတယ်။ ဒါပေမဲ့ မောင်လိမ္မာဆိုတဲ့ စပါးကြီးမြွေက ရှိသေးတယ်လေဗျာ။ အမေကိုယ်တိုင် မေတ္တာတွေပုံပေးပြီး စတင်ပြုစုမွေးမြူလာရာက ကျွန်တော့်လက်ထဲမှာလည်း အာရုံချင်းဆက်နိုင်ကြတဲ့အထိ သံယောဇဉ်တွေနဲ့ ရစ်ပတ်နှောင်ဖွဲ့ခဲ့ကြတာ အရိပ်ပြရုံနဲ့ အကောင်ပါမြင်တတ်တဲ့ သတ္တဝါမဟုတ်လား။ ဘယ်လွယ်လွယ်နဲ့ လက်လွှတ်နိုင်ပါ့မလဲဗျာ။

တန်ခူးလကွယ်နေ့ ရောက်ပါပြီ။ ပွဲတော်တွေ သိမ်းမယ့်နောက်ဆုံးရာသီရဲ့ နေ့တစ်နေ့ပါပဲ။ ပဲခူးတိုင်း စစ်တောင်းမြစ် အရှေ့ဘက်ကမ်း ထန်းတပင် မြို့နယ်ထဲရှိတဲ့ ရွာတစ်ရွာမှာ ပွဲတော်ကျင်းပနေတာ စည်မှုစည် ဆိုပါလား။

ပွဲဈေးသမားတွေဆီက သတင်းကြားတာနဲ့ ရထားတစ်တန်၊ ကားတစ်ဂန်နဲ့ လှည်းကြုံ၊ လှေကြုံပါစီးပြီး ခရီးနှင်ခဲ့တာ နွေနေ့လယ်အပူရှိန်ပြင်းတုန်းအချိန်မှာ ပွဲခင်းနေရာ ကျွန်တော် ရောက်သွားပါတော့တယ်။

တံလျှပ်ရောင်ညီးညီး အပူလှိုင်းအောက်မှာ တိုင်ဖုံးကန့်လန့်ကာတွေ တလွင့်လွင့်နဲ့ ဇာတ်စင်ကလည်း ကွင်းလယ်မှာ ထီးထီးကြီး ခြောက်ကပ်လို့။ ပွဲဈေးတန်းတချို့ဆို လေပူ နေပူဒဏ် မခံနိုင်ကြတာ ဖြစ်မှာပေါ့။ ဝါးကပ်တွေကာပြီး ပိတ်ထားတာပဲ တွေ့ရပါတယ်။ ဇာတ်စင်ရှေ့ သဲမြေပူပူပေါ်မှာတော့ ညကပွဲကြည့်သူတွေ ခင်းထားတဲ့ ဖျာချပ်တချို့နဲ့ ပလတ်စတစ်စတွေဟာ လေငွေ့မွှေ့လိုက်တိုင်း လွင့်နေလိုက်ကြတာ ဖုန်တထောင်းထောင်းထလို့ပါပဲ။

ဖိနပ်မပါပေမယ့် အသားမာတက်နေတဲ့ ကျွန်တော့် ခြေဖဝါးတွေ ပူလောင်တာကိုတောင် သတိမထားဘဲ ဈေးတန်းဘေးကွေ့ကောက် လျှောက်နေရာက ရွာထိပ် ကုက္ကိုပင်ကြီးတစ်ပင်ရဲ့ အရိပ်ထဲမှာ လူအုပ်ကြီး ရှတ်ရှတ်သဲသဲ ဝိုင်းနေကြတာ လှမ်းမြင်လိုက်ပါရောလား။

အဲသည်နေရာက လွင့်လာတဲ့ ဘင်ထုသံကလည်း တဒုံးဒုံး။ ဟုတ်ပြီ သည်ဘင်ထုသံက နားထဲစွဲလာတာ နှစ်တွေမှ မနည်းပဲတာ။ ဆရာစံချန်ခဲ့တဲ့ ဘင်ဆိုတာ ဘယ်လိုမှ ယုံမှားသံသယ ဖြစ်စရာမလိုတော့ပါ။

လူအုပ်နားရောက်တယ် ဆိုရင်ပဲ ကျွန်တော့်ကိုယ် ကျွန်တော် ကျုံ့အောင်လုပ်ရင်း ကလေး လူကြီး ပရိသတ်ကြားတိုးဝှေ့ပြီး ဝင်လိုက်တာ ရှေ့ဆုံး ကန်သင်းဘေးမှာ နေရာယူပြီးသား ဖြစ်သွားပါတော့တယ်။

"အာဖရိကပြန် စိုင်းမောင်မောင်" တဲ့ဗျာ။ တကယ်ရ◌်ချင်လိုက်တာ၊ စိတ်ထဲ ကလိ ကလိ။ ဘ◌ေမျ◌ှောမြင် သားရေပေါ် ရေးထားတဲ့ စာလုံးတွေလေ။ ရှားစေးရောင် ဘောင်းဘီပွပွ၊ အနီရဲရဲ လက်ရှည်အကျႌဝတ်လျက်ကခါးမှာ အနက်စ ပဝါပတ်ထားသေးဗျ။ ခေါင်းပေါ်မှာတော့ လျှာထိုးဦးထုပ်ပြောင်းပြန်ဆောင်းထားပုံက ဟစ်ဟော့စတိုင်။ ဘယ်လိုပဲ ရုပ်ပြောင်း ရုပ်လွှဲလုပ်ထားပေမယ့် မယားခိုး ကြာကူလီခင်စိုးဆိုတာ ကျွန်တော် မမှတ်မိစရာလယ်ရှိပါ့မလဲ။

ဝိုင်းအလယ်တည့်တည့်ကနေ ဘေးတစ်ဝိုက် ဟန်ပါပါလှည့်ပတ်ရာက ပါးစပ်ကလည်း ကျွန်တော် အလမ္ပာယ်ပြတုန်းက လေသံအတိုင်း တော်ကီယစ်နေလိုက်တာ ရေပက်မဝင်တဲ့အထိလို့ ပြောရင် ပိုမှန်ပါလိမ့်မယ်။

"ကျုပ်လည်ပင်းမှာ ဆွဲထားတဲ့ ဟောဒီ လက်ဖွဲ့ကြိုး အနီရောင်တွေ့ကြလား၊ ခင်ဗျားတို့နယ်က မြွေပွေး၊ မြွေဟောက်လော်စတော အသာထား၊ ကျုပ် အာဖရိကက လာပြီးဖိတ်ခေါ်လို့ မြွေဆိုးတွေ နှိမ်နင်းပေးနိုင်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com

ဒီလက်ဖွဲ့ကြိုးရဲ့ တန်ခိုးပဲဗျ၊ ကိုင်း-လက်တွေ့ပဲ ပြပါတော့မယ်ဗျာ၊ ဟောဒီ ပခြုပ်ထဲလှောင်ထားတာက လူတစ်ယောက်ကို တစ်ပတ်ရစ်ပြီး အသာလေး ညှစ်လိုက်ရုံနဲ့ အရိုးတွေ ဖျစ်ဖျစ်မြည် ကျိုးကြေကုန်အောင် အရမ်းသန်မာတဲ့ မြွေဘုရင်တစ်ကောင်ပါ၊ အဲဒီလက်ဖွဲ့ကြိုးဆွဲထားမယ်ဆိုရင်တော့ သိမ်မွေ့ကိုလိုမာကျောတဲ့မြွေ ဖြစ်ပါစေ မြွေကြီးပေါ် ဝပ်စင်းလို့ တီကောင်လောက်တောင် အစွမ်းမရှိတော့တာကို ပရိသတ်အားလုံးလက်တွေ့ မြင်ရတော့မယ်ဗျာ၊ ကိုင်း - အစ်မကြီး ခင်ပပတင်ရေ၊ ဘင်သံအဆုံးမှာ ထွင်ဉာဏ်လေးသုံးပြီး ပခြုပ်အဖုံးကို အသာလေးဖွင့်လိုက်စမ်းပါဗျာ"

တတ်လည်း တတ်နိုင်ကြတဲ့ တစ်ပတ်ရစ် လင်မယားပဲကိုး။ မြကြိုးနွယ်ဆိုတဲ့ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးတောင် ခင်ပပတင် ဖြစ်နေပါရောလား။ အစိမ်းရောင် ပါတိတ်ဝမ်းဆက်နဲ့ မျက်နှာမှာက မိတ်ကပ်ဖွေးဖွေး။ ခွေးချီသွားတောင် မှတ်မိတဲ့ မျက်နှာပါ။

ပရိသတ်ဆီ ကြာမျက်လုံးကြီးဝေ့ရင်း ကြည့်လိုက်ရာကနေ မြွေပခြုပ်နားရပ်လိုက်တာ ကျွန်တော်နဲ့ ကွာတာမှ ငါးကိုက်ထက် ပိုမယ် မထင်ပါဘူးဗျာ။

ဒါပေမဲ့ ဒူးထောက်ထိုင်နေတဲ့ ရှေ့ဆုံးက ကျွန်တော့်ကို သူတို့ ဘယ်လိုမှ မမှတ်မိနိုင်မှန်း ကျွန်တော်သိနေတယ်လေ။ ကုပ်ဝဲဆံပင် နီကြောင်ကြောင်၊ ဆောင်းထားတာက တောဆောင်းဦးထုပ် အဟောင်းညစ်ပေပေ။ ထောင်ထဲမှာ နေတုန်းက ရာသီဒဏ်ကြောင့် သပြေမှည့်ရောင် မျက်နှာပေါ် ကျောက်စ ကျောက်နမှန်ထားတဲ့ အမာရွတ်တွေကလည်း ဗလပွ၊ ပါးပြိုင်းမွေး နှုတ်ခမ်းမွေး ထိုးထိုးထောင်ထောင်နဲ့ ဂျင်းဂျာကင် အရောင်လွင့်ပြီး ဘောင်းဘီပါ ဒူးပြဲ အနားဖွာ ဝတ်ထားတာဖြစ်လို့ သူတို့ဆရာ ဘသိုင်းကျော်ဆိုတာ ဘယ်မှတ်မိစရာ ရှိတော့မှာလဲ။

ကြည့်စမ်း။ ခင်ပပတင်ဆိုတဲ့ မိန်းမက ယိမ်းကသလို နွဲ့ရင်း ပခြုပ်အဖုံး ဖွင့်လိုက်ပာန်က ကိန္နရီမ ထပျံတော့မယ် သဏ္ဌာန်အပြည့်။ အဲသည်အချိန်မှာ ပခြုပ်အဝကနေ ကြောက်မက်ဖွယ်ရာ မြွေကြီးတစ်ကောင် ပါးပြင်းတထောင်ထောင်နဲ့ ရှူးခနဲ ရှဲခနဲ ထွက်လာလို့ ပရိသတ်တွေ ဟာခနဲ ဟင်ခနဲ ဖြစ်သွားမယ်ထင်နေတာ ဘယ်ဟုတ်လို့တုန်းဗျာ။ ခေါင်းတစ်ပိုင်းလွန်ဖို့တောင် အတော်လေးအားစိုက်ပြီး ရုန်းနေတာ ကြည့်ရင်ပဲ အာဟာရ မဝတဝ ကျွေးထားလို့ သွေးသား ခြောက်ခန်းနေတဲ့ မြွေကြီးတစ်ကောင်မှန်း ကျွန်တော် နားလည်လိုက်တာပေါ့။

မျက်ရည် ဝေ့လာရာက မှုန်ဝါးဝါးအမြင်ကြားမှာ ကောင်းကောင်းကြီး မှတ်မိလိုက်တာက သည်မြွေကြီးဟာ ကျွန်တော့်သား မောင်လိမ္မာဆိုတာပါပဲ။ ပခြုပ်အပြင်ဘက် ကိုယ်တစ်ပိုင်းထွက်နေပြီး ဖြစ်ပေမယ့် ဆက်လှူပ်ရှားဖို့ အားယူနေရပုံက သိပ်မသက်မသာနဲ့ လွန့်ရုံ လှုပ်ရုံ။ မြွေကြီးတုန်လုမတတ် ဘင်သံ ဆူညံလာချိန်မှာ အာဖရိကပြန် မောင်မောင်ဆိုတဲ့ကောင် မြွေအနားရောက်လာပြီး ခါးပိုင်းနေရာ ကိုင်မြှောက်လို့ သူ့လည်ပင်းပေါ် ချိတ်လိုက်တာ တအားမြန်ဆန်လွန်းရောပဲကိုး။

အားယုတ်နေတော့လည်း နည်းနည်းလေးမှ လှုပ်ရှားတာမတွေ့ရသေး။ ကံဆိုးလှချည်လား ဖေ့သားမောင်လိမ္မာကလေးရယ်။ မသေရုံ ကျွေးမွေးပြီး စီးပွားရေး တွက်ခြေကိုက်ဖို့ အသေအကျေ နိုင်းထားတာဖြစ်လို့ အရေခွံမွဲခြောက်ခြောက်နဲ့ ပိန်လှီပျော့ခွေနေလိုက်တာမှ လေလျှော့ထားတဲ့ ကားကျွတ်လို ပျော့ရဲနေပါရော့လားလို့။

သည်ကြားထဲ မျက်လုံးလေး ပေကလတ် ပေကလတ်ဖြစ်နေတဲ့ မောင်လိမ္မာရဲ့ ခေါင်းကို ခင်စိုးဆိုတဲ့ကောင်က လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ပြီး ညှစ်ထားသေးကိုး။ သူညှစ်တဲ့ဒဏ်မခံနိုင်တဲ့အခါ မောင်လိမ္မာကိုယ်လုံးက လှုပ်ရှားလာပြီး သူ့ကိုယ်တစ်ပတ်ပတ်ဖို့ အချက်ပေးမှန်း ကျွန်တော် နားလည်ထားတာဆိုတော့ နှလုံးနေရာမှာ နင့်ခနဲ နာကျင်အောင် ခံစားနေရတာ အမှန်ပါပဲ။

သည်နေရာမှာ ကျွန်တော် ဘာလုပ်ရမလဲ။ ဘာလုပ်သင့်သလဲ သည်လိုအခွင့်အရေးမျိုး နောင်ရဖို့ မလွယ်တော့မှန်းလည်း နားလည်ပြီးသား မဟုတ်ပါလား။ ဝိုင်းအလယ် သံသေတ္တာဘေးမှာ သူတို့ ပြကွက်တွေမှာ သုံးတဲ့ ဓားရှည်တစ်လက်ထောင်ထားတာ တွေ့ရတော့ ဒါကိုပဲ ပြေးဆွဲပြီး သစ္စာဖောက် နှစ်ယောက်လုံးကို ပရိသတ်ဗိုလ်ပုံအလယ်မှာ အပိုင်းပိုင်းပြတ်အောင် သွေးကြွေးဆပ်လိုက်ရင် ကောင်းမလား။

ဘာပြောပြော ထောင်ထွက်တစ်ယောက်ဖြစ်ပေမယ့် ကိုယ့်ဆန္ဒနဲ့ ဆန့်ကျင်ပြီး ဥပဒေအပြင်ဘက်က ကိစ္စဘာတစ်ခုမှ မလုပ်ဖူးခဲ့တဲ့ ကျွန်တော်ဟာ လူသတ်ဖို့ စိတ်ကူးမျိုးကတော့ ဝေးရောပေါ့။

သည်တော့ စိတ်ကို တည်ငြိမ်စွာ ထိန်းနေရာက ရုတ်တရက် ခေါင်းထဲ ဝင်လာတဲ့ အတွေးတစ်ခုကြောင့် မောင်လိမ္မာလေးရဲ့ မျက်လုံးတွေ ကျွန်တော့်ဆီ အမြန်ဆုံးရောက်လာဖို့အရေး အချက်ပြနည်း သုံးကြည့်ရတော့မှာလေဗျာ။



www.burmeseclassic.com

www.burmeseclassic.com

အနေဝေးကြတာ' ကြာလှပြီဆိုပေမယ့် လူသားနဲ့ တိရစ္ဆာန်တို့ရဲ့ အာရုံချင်း ငြိစေတဲ့ အချက်ပေးသံ ဘယ်လောက် ထိရောက်သေးသလဲဆိုတာ အဖြေတစ်ခုတော့ ထွက်လာလိမ့်မယ် ထင်ပါတယ်။

ပထမဦးစွာ စေ့ထားတဲ့ ရွှေသွားတွေရဲ့ ကြားမှာ လျှာဖျားလေး အသာထောက်ပြီး ပြတ်တောက် ပြတ်တောက် အသံ တချို့ချို့ပေးလိုက်ရင်ပဲ အနီရောင် ချက်ချင်းပြောင်းသွားတဲ့ မောင်လိမ္မာရဲ့ မျက်လုံးတွေဟာ အသံလှိုင်းအတိုင်း စီးမျောလာတာမှ ကျွန်တော့်မျက်လုံးနဲ့ တည့်မတ်နေရောပါပဲ။ သူ့မျက်လုံးနှစ်လုံး အရောင် တလက်လက် ထလာပြီဖြစ်လို့ ကျွန်တော်တို့ချင်းသာ သိတဲ့ အာရုံအဆက်အသွယ်တွေ မပျောက်သေးမှန်းသိတာနဲ့ လေမှုတ်သံ နရီပြောင်းပြီး ဆက်မှုတ်လိုက်ပြန်တော့ တစ်ချိန်လုံး ပျော့ခွေနေတဲ့ မောင်လိမ္မာကိုယ်လုံးကြီးလည်း သံသွပ်ထားတဲ့ အိတ်လို တင်းကားလာတဲ့အပြင် အမြီးပါကော့ပြီး ခင်စိုးခါးကို ပတ်လိုက်တာ မြန်မှမြန်။

ဒါကိုပဲ ကြာကူလီ ခင်စိုးဟာ သူ့ဩဇာကြောင့် မောင်လိမ္မာသွက်လက်လာပြီထင်လို့ ဖြစ်လိမ့်မယ်။ ဘင်ထုသံ ပြင်းပြင်းနဲ့အတူ မြွေခေါင်းညှစ်ထားတဲ့ လက်နှစ်ဖက် လွှတ်ပစ်ရာက လေထဲ မြှောက်လျက် ပရိသတ်ဆီ ကြွားပြနေသေးတာမှ ပိုင်းတစ်မှတ်ပြီး တစ်ပတ်။

သည်လို သူ့အမှားကို စောင့်နေတဲ့ ကျွန်တော်ကလည်း လေမှုတ်သံ နရီပြောင်းအချက်ပေးလိုက်တယ်ဆိုရင်ပဲ မောင်လိမ္မာရဲ့ ခေါင်းဟာ လျှာခနဲ လွှဲယမ်းလျက်က ခင်စိုးရဲ့ ပေါင်နှစ်ဖက်စလုံးကို ပတ်လိုက်တာ ကွတ်တိပဲဗျ။ လည်ပင်းကိုတော့ နဂိုက မောင်လိမ္မာကိုယ်လုံးနဲ့ ပတ်ထားပြီးသားဖြစ်လို့ နည်းနည်းလေး ညှစ်လိုက်ရုံနဲ့ ခင်စိုးကိုယ်လုံးဟာ ပုံဖျက်ပန်းဖျက် ယိုင်လဲတော့မှာ သေချာနေပြီပေါ့ဗျာ။

ပရိသတ်ကတော့ ဘယ်ပြောကောင်းမလဲ ပြကွက်ဆန်း ထင်လို့ လက်ခုပ်သံ တဖြောင်းဖြောင်းတီး အားပေးကြတာမှ ဆူညံနေရော ဆိုပါတော့။

ကျွန်တော့်တိုက်ကွက်ရဲ့ အဆုံးသတ်ချက်ဖြစ်တဲ့ လေမှုတ်သံ တိုပြတ်ပြတ်ကို စူးရှအောင် အဆက်မပြတ် မှုတ်လိုက်တဲ့အချိန်မှာ ခင်စိုးတစ်ကိုယ်လုံး ပတ်ထားတဲ့ မောင်လိမ္မာကိုယ်လုံးကြီး တင်းပြောင်လာရာက အဝတ်ရေညှစ်သလို ညှစ်ချလိုက်တာ ဖြစ်မှာပါ။ မြေကြီးပေါ် ဗုန်းခနဲ ပစ်လဲသွားတဲ့ ခင်စိုးရဲ့ မျက်လုံးတွေ ပြူးထွက်လာခြင်းနဲ့အတူ အမြှုပ်က တစီစီ။

ပရိသတ်ကလည်း အာဖရိကပြန် စိုင်းမောင်မောင်ရဲ့ အကယ်ဒမီရွှေ အိုက်တင်လို့ ထင်ကြမှာပါ။ လက်ခေါက်မှုတ်သံ အော်ဟစ်အားပေးသံတွေ ဆူညံနေရောပါပဲ။

ဟုတ်ကဲ့ သည်အချိန်မှာ တိုက်ကွက်ပြောင်းတဲ့အနေနဲ့ လေမှုတ်သံ နရီအသစ်တစ်မျိုး ထပ်မံပေးလိုက်ရရင်တော့လား။ တဆတ်ဆတ်တုန် သတိလစ်နေတဲ့ ခင်စိုးရဲ့ တစ်ကိုယ်လုံးဆို အရိုးမှန်သမျှ ကြေမွသွားအောင် မောင်လိမ္မာ ဆက်ညှစ်တော့မှာ သိလိုက်တာနဲ့ ကျွန်တော့်စိတ်တွေ ထိန်းချုပ်ရင်း ထရပ်လိုက်ရပါတယ်။

ဘာပြောပြောပေါ့ဗျာ။ ကျွန်တော့် ပင်ကိုစိတ်က ရက်စက်တာတို့ မရိုးမသားအနိုင်ယူတာတို့ ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးတာဆိုတော့ ခု ပြဿနာမှာလည်း တရားဥပဒေရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူဖို့ ကျွန်တော်ဆုံးဖြတ်လိုက်တာလို့ပဲ ပြောရတော့မှာပါ။

ဗျာဗျာသလဲနဲ့ ခင်စိုးအနားထိုင်ရင်းက မောင်လိမ္မာရဲ့ ညှစ်ထားတဲ့ ကိုယ်လုံးကို အတင်းဆွဲဖယ်ပစ်ဖို့ ကြိုးစားနေတဲ့ ခင်ပပတင် တစ်ဖြစ်လဲ မြကြီးနွယ်ကိုတော့ သနားသလိုလို ဖြစ်မိသေးဗျ။

အမှန်ပြောရရင်တော့ ထောင်အရသာ ဆိုတာ နှစ်ခါပြန်ပြီး ခံစားကောင်းတဲ့အရာမှ မဟုတ်တာနော်။ ဒေါသအလျောက် စိတ်ထင်ရာလုပ်ဖို့အထိ ကျွန်တော် ဘယ်မိုက်မဲပါ့မလဲ။ ရုတ်ရုတ်သဲသဲ ဖြစ်နေတဲ့ ပရိသတ်တွေကို အမှန်အတိုင်း ရှင်းပြလိုက်တယ်ဆိုရင်ပဲ ဘုရားပွဲလုံခြုံရေးကတစ်ဆင့် ဥပဒေနဲ့အညီ ဆက်လုပ်သွားမှာဖြစ်လို့ ကြာကူလီမယားခိုး ခင်စိုးရော၊ နောက်မီးလင်း မြကြီးနွယ်ပါ ပုဒ်မအစုံအလင်နဲ့ တရားစီရင်တာ ခံရရုံပေါ့ဗျာ။

အရေးကြီးတာက ကျွန်တော့်သား မောင်လိမ္မာလေးနဲ့အတူ ဘဝသစ်တစ်ခု ထူထောင်ခွင့် ရတာကိုပဲ ကျေနပ်စွာ ကျွန်တော် လက်ခံရမယ် မဟုတ်ပါလား။

ဒါဟာ လူသားတစ်ယောက်နဲ့ မြွေတစ်ကောင်တို့ရဲ့ သံယောဇဉ်တွယ်ကြရာက အာရုံချင်း ဆက်သွယ်နိုင်တယ်ဆိုတဲ့ သာဓကလေးတစ်ခုလို့သာ ပြောပါရစေတော့ ခင်ဗျား။

**မင်းရွှေသိန်း(ငင်းကျွိုက်)**

www.burmeseclassic.com

# အလောင်းပြန်ယူခဲ့ပါ

## မောင်စိုးမွန် (တက္ကသိုလ်)



"ကျုပ်တို့ကတော့ လာတဲ့ ဧည့်သည်တွေကို ဧည့်ခံကျွေးမွေးပေးဖို့ တာဝန်ယူတယ်ဗျာ"

"ကျွန်တော်တို့ မောင်နှမက လည်း အသုဘနဲ့ပတ်သက်ပြီး မြေကျ တဲ့အထိ တာဝန်ယူမယ်"

"တို့မိသားစုကလည်း လူတွေ ကမ်းဖို့ယပ်တောင်၊ အသုဘဖိတ်စာနဲ့ ဘုန်းကြီးကပ်ဖို့ ငှက်ပျောပွဲ ကအစ ဝတ္ထုလှူတာတွေအဆုံး အားလုံးတာဝန် ယူမယ်"

အိမ်ပေါ်သို့ လှမ်းတက်ရန် လှေ ကားဝ ရောက်နေသော ကျွန်တော့်ခြေ အစုံသည် တုံ့ရပ်သွားမိသည်။

"သူတို့က အသုဘကိစ္စတောင် စီစဉ်နေကြပြီကိုး"

ကျွန်တော်တိုးတိုးရေရွတ်လိုက် မိရင်း အိမ်ပေါ်သို့ဆက်တက်ခဲ့မိသည်။ အပေါ်ထပ်ဘုရားခန်းရှေ့မှာ ဆွေမျိုး တစ်စု တိုင်ပင် စည်းဝေးနေသည်ကို တွေ့လိုက်ရသည်။ ဆွေမျိုးမိသားစုတွေ စုံတုန်းမို့ တစ်ခုတော့ ကျွန်တော်ကျေနပ် သွားမိသည်။ ကျွန်တော့်လာရင်းကိစ္စက လူမမာရောဂါသည်ကို တောင်ငူဆေးရုံ ကြီးမှ ရန်ကုန်သို့ပြောင်း၍ သယ်ဆောင် ကုသရန် ဖြစ်သည်။

"ဟာ-ဆရာ လာလာ၊ မလှန္တယ် ကိစ္စ ကျွန်တော်တို့ စီစဉ်နေကြတာ"

မိသားစု ဆွေမျိုးများထဲတွင် ဦးဆောင်နေသူ ဦးမောင်ရွှေက စကား ဝိုင်းမှထကာ ကျွန်တော့်ကိုကြိုသည်။

"ကျွန်တော်ကတော့ ခင်ဗျားတို့ အခုလုပ်နေတဲ့ အစီအစဉ်တွေအစား လူမမာကို ရန်ကုန်အမြန်ပို့ဖို့ လာတိုင် ပင်တာ"

"ဟာ-ဒီအခြေအနေကြီးရောက် နေမှ မကြိုးစားချင်ပါနဲ့တော့ ဆရာရယ်၊ ဆရာလည်း သိပ်ပင်ပန်းနေလိမ့်မယ်"

တိုင်ပင်နေသူ အားလုံးက ကျွန် တော့်ကို အထူးအဆန်းသဖွယ် ဝိုင်း

www.burmeseclassic.com

ကြည့်ကြသည်။ မလှနွယ်အခြေအနေနှင့်ပတ်သက်၍ မည်သူကမျှ ကျွန်တော်လောက် မျှော်လင့်မထားကြတော့။ ကျွန်တော်တစ်ယောက်ကသာ သူ့ကံကြမ္မာကို မျှော်လင့်ချက်ထားနေမိသည်။ သူတို့တစ်တွေနှင့် ကျွန်တော်ဆက်၍ ဆွေးနွေးသည်။

နောက်ဆုံးတော့ သူတို့လူမမာ ရန်ကုန်ဆေးရုံပို့ဖို့ ကျွန်တော် အကြေအလည် ဆွေးနွေးခဲ့ကြရပြီး အပြန်အလှန် နားလည်မှုကတော့ -

"ဆရာ ကြိုးစားချင်သပဆိုရင်လည်း ကြိုးစားကြည့်ပေါ့ ဆရာရယ်၊ မလှနွယ်အခြေအနေက တစ်ချိန်ထက်တစ်ချိန် ဆုတ်ယုတ်နေတာ၊ ကျွန်တော်တို့ကတော့ ငွေရေးကြေးရေးလည်း မတတ်နိုင်ဘူး၊ လည်လည်ဝယ်ဝယ်လည်း မရှိကြပါဘူး ဆရာ။

ဒီတော့ဆရာ့ကို တောင်းပန်ချင်တာက ရန်ကုန်မှာ ဆုံးသွားပြီဆိုရင် ဒီတောင်ငူကဆွေမျိုးတွေဆီကို မလှနွယ်အလောင်းလေး ရအောင်ပြန်သယ်ပေးစေချင်တာပါပဲ ဆရာရယ်၊ ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့"

●

မလှနွယ်တို့ ကံရိုးရွာကအပြန်မှာ လူနာ ရန်ကုန်ရောက်ဖို့ ကျွန်တော် အမြန်ဆုံးစီစဉ်ရတော့သည်။

ဆေးရုံမှ ဆရာဝန်များကို ပြောပြထားပြီးဖြစ်၍ လူနာကို တောင်ငူဘူတာရုံသို့ သယ်ဆောင်ဖို့ကိစ္စ သိပ်မခဲယဉ်းလှ။

"လူနာက ဆရာနဲ့ ဘာတော်လဲ"

"ဘာမှမတော်ပါဘူး၊ ကျွန်တော့်ဌာနက ဝန်ထမ်းတစ်ယောက်ပါ"

"သူက အခုဘာရောဂါဖြစ်နေတာလဲ"

"လွန်ခဲ့တဲ့တစ်ပတ်လောက်က သူတို့ရွာက ရွာဦးဘုန်းကြီးကျောင်းကို ဥပုသ်စောင့်သွားတယ်၊ ကျောင်းဝင်းထဲက ဘာမြွေမှန်းမသိတဲ့ အကောင်တစ်ကောင် အကိုက်ခံလိုက်ရတယ်၊ ဆေးရုံတင်ထားရတာ တစ်ပတ်လောက်ရှိပြီ၊ အီးမသွားတာလည်း နှစ်ဆယ့်လေးနာရီရှိပြီတဲ့၊ ဆရာဝန်တွေကတော့ ကျောက်ကပ်ပျက်စီးသွားပြီ ပြောတယ်"

"အဲဒါကို ရန်ကုန်ကိုခေါ်သွားတော့ရော ကောင်းမယ်ထင်လို့လား၊ ဘယ်လို အာရုံ နိမိတ်တွေများရလို့ ဒီလောက်ကြိုးစားနေတာလဲ"

ဆေးရုံတွင် လူတွေကြားထဲမှ လူ တစ်ဦးက ကျွန်တော့်ကို ထူးထူးဆန်းဆန်း လာမေးနေသည်။ ကျွန်တော် သူ့ကို ပြန်ရှင်းပြနေတော့ သူက ကျွန်တော့်ကို တလေးတစားကြည့်ရင်း -

"ဆရာ့စေတနာ အကျိုးရှိလိမ့်မယ်လို့ ကျွန်တော်တော့ ထင်တယ်၊ လူနာက ကုလားသိုက်က လာတာဗျ၊ သူ့ကို ကပ်နဲ့ယူသွားရမယ်၊ အေးလေ ကုလားပေးကပ်နဲ့ချလို့ ဆိုထားသားပဲ၊ ကပ်နဲ့သယ်သွားရင် ကောင်းတာပေါ့၊ ပေါင်းထုပ်ဆောင်းနှစ်ယောက်ကလည်း ဝိုင်းပြီးပို့ပေးလိမ့်မယ်၊ ဒီနေ့ခြောက်နာရီ တံတားကြီးတစ်ခုကို ကျော်နိုင်ရင်တော့ ဒီလူနာ ကံကောင်းပြီ၊ ခြောက်နာရီထိုးလို့မှ တံတားကြီးကို မကျော်နိုင်ရင်တော့ ကမ္ဗသကာပဲပေါ့ ဆရာရယ်"

ထိုသူသည် သူပြောချင်ရာတွေကို သူ့သဘောနှင့်သူ ဆက်တိုက်ကြီးပြောပြီး ဆေးရုံအပြင်ဘက်သို့ ထွက်သွားခဲ့လေသည်။ သူ့ကို ကျွန်တော် ဆက်၍ စိတ်မဝင်စားတော့။

ပြည်သူ့ဆေးရုံမှ ရန်ကုန်ထိ သယ်နိုင်ဖို့ လူနာတင်ကပ်မရှိ၍ ကပ်ကောင်းကောင်းကို မီးရထားဆေးရုံမှ ငှားရသည်။ ဘူတာရုံပိုင်ကြီး ဦးစန်းလွင်နှင့်တိုင်ပြီး အကျိုးအကြောင်းပြောပြ ညှိနှိုင်းထား၍ ရထားနှင့်သယ်ရန် စီစဉ်ရသည်။

"ဒီမှာက ဆေးဝါးနဲ့ ပစ္စည်းကိရိယာသိပ်မစုံတော့ ကျွန်တော်တို့လည်း ဘာမှဆက်မလုပ်နိုင်တော့ဘူး၊ ရန်ကုန်မှာကတော့ ဒီမှာထက် အစစအရာရာ ပြည့်စုံတော့ လူနာပြန်ကောင်းမယ်ဆိုလည်း ပြန်ကောင်းလာနိုင်ပါတယ်၊ ဒီမှာတော့ ဒီညတောင် စိတ်သိပ်မချရတော့ဘူး"

အသိဖြစ်နေသည့် ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာစောဟန်ကလည်း တွေးတွေးဆဆပြောသည်။

ညနေ ၃ နာရီခန့်တွင် မန္တလေးအစုန် လူစီးရထားနှင့် လူနာကို အောင်မြင်စွာ တင်ပေးလိုက်နိုင်သည်။ မလှနွယ်အစ်မကြီးနှင့်အတူ အဖော်တစ်ဦးပါ ထည့်ပေးလိုက်၍ ညနေ ဘယ်အချိန် ရန်ကုန်ရောက်ကြသည်ကို ဖုန်းပြန်ဆက်ပေးဖို့ပါ မှာကြားလိုက်သည်။

ရန်ကုန်ရှိ လုပ်သားဆေးရုံကြီးသို့ ဖုန်းလှမ်းဆက်၍ လုပ်သားလူနာတစ်ဦး ရောက်ရှိလာမည်ဖြစ်၍ တတ်နိုင်သမျှ ဝိုင်းဝန်းကူညီပေးဖို့ပါ မှာကြားထားလိုက်ပါသည်။

●

ည ခုနစ်နာရီခွဲတွင်မလှနွယ်နှင့် အတူပါသွားသည့် အဖော်ထံမှ ဖုန်းရပါသည်။

"ဆရာ၊ ရန်ကုန်ကို ကျွန်တော်တို့ ခြောက်နာရီမထိုးခင် ဆယ်မိနစ်အလိုမှာ ရောက်ပါတယ်၊ လုပ်သားဆေးရုံက ဆေးရုံကားကလည်း ဘူတာမှာ စောင့်ပေးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"လူနာအခြေအနေရော ဘယ်လိုနေလဲ"

"မသေချာသေးဘူးဆရာ၊ သူကံပဲ၊ ဆေးရုံပေါ်တော့ ရောက်နေပြီ"

ကျွန်တော် အတော်လေးစိတ်သက်သာရာ ရသွားသည်။ ရထားဆိုသည်က လမ်းတွင်အခြေအနေအမျိုးမျိုး ပြောင်းနိုင်သည်။ ရန်ကုန်ဘူတာ အဝင်လေးထောင့်ကန် သို့မဟုတ် တိုးကြောင်ကလေးဘူတာတို့မှာ ရှန်တိန်လုပ်ပြီး ဘူတာထဲ ထိုးထားလိုက်ရင် အခက်၊ ဒီကြားထဲ မီးရထားစက်ခေါင်းကြီးက မမျှော်လင့်ဘဲ ထိုးပျက်သွားနိုင်သည်။

"တံတားကြီးတစ်စင်းကို လမ်းမှာ ကျော်ဖြတ်ရလိမ့်မယ်၊ အဲဒီတံတားကြီးကို ညနေခြောက်နာရီမကျော်ခင် ဖြတ်နိုင်ရင်တော့ ကံကောင်းပြီ၊ မဖြတ်နိုင်ရင်တော့ . . ."

ဆေးရုံပေါ်မှာ တွေ့ခဲ့ရသည့် ဘယ်ကမှန်းမသိသည့် ပုဂ္ဂိုလ်၏စကားတွေက ကျွန်တော့်ကို လွှမ်းမိုးရိုးခတ်နေသည်။ သို့ကြောင့်လည်း ရန်ကုန်ဘူတာကြီးသို့ခြောက်နာရီရထားဝင်သွားနိုင်ဖို့ ကျွန်တော် စိတ်စောနေမိသည်။ ထိုသူပြောသည့် တံတားကြီးတစ်စင်းဆိုသည်ကို ရန်ကုန်အဝင်က ငမိုးရိပ်တံတားဟု ကျွန်တော်က နားလည်နေမိသည်။

သေခါနီးလူနာကို လူစွာလုပ်၍ ကျွန်တော် စွန့်စားနေမိသည်။ စိတ်ထဲတွင် ကျွန်တော့်စေတနာအကျိုးပေးလိမ့်မည်ဟု အလိုလို ယုံကြည်နေမိသည်။ လူတွေ၏ထုံးစံအတိုင်း သူ့ဟာဆရာဝန်လည်းမဟုတ်ဘဲနဲ့ သည်လူနာကြီးကို ဝင်ပြီး တာဝန်ယူနေတယ်ဟု တစ်နေရာက ဝေဖန်နေသူတွေကလည်း ရှိသည်။

မလှနွယ်သည် ကျွန်တော့်ဌာနမှ ဝန်ထမ်းတစ်ဦး၊ စက်ရုံတွင်လည်း လူချစ်လူခင်ပေါသည်။ အလုပ်လည်းကြိုးစားသည်။ ငွေကြေးနွမ်းပါးသည့် စက်ရုံဝန်ထမ်းတစ်ဦးကို သူ့အထက်လူကြီးက ကြိုးစားနိုင်သမျှ ကြိုးစားပေးနေသည်ကို ဘာမျှ အပြစ်ပြောစရာမရှိ။

●

မလှနွယ် ရန်ကုန် ရောက်နေသည်မှာ နှစ်ရက်ရှိသွားပြီ။ ထူးခြားသည့် သတင်းတော့ မရသေး။ သတင်းဆိုးမရပါစေနှင့်ဟုသာ စိတ်ထဲမှာ ဆန္ဒပြုမိသည်။ သူ့အကြောင်း စဉ်းစားနေစဉ် တယ်လီဖုန်းသံ မြည်လာသည်။

"ဘုရား . . ဘုရား . . ဘုရား သတင်းဆိုးမကြားရပါစေနဲ့"

စိုးရိမ်စိတ်ဖြင့် တယ်လီဖုန်းကို လှမ်းကိုင်လိုက်ရသည်။

"ဆရာလား"

"ဟုတ်တယ်၊ ပြောပါ"

အဖော် ထည့်ပေးလိုက်သည့် ကိုသိန်းမြင့် အသံ။

"မလှနွယ်အခြေအနေက လုပ်သားဆေးရုံမှာ ကုလို့မရလို့ ကျောက်ကပ်ဆေးရုံကို ပြောင်းရမယ်တဲ့ဆရာ"

"ခေါ်ပေါ့လေ၊ သူ့ရောဂါက ကျောက်ကပ်နဲ့ဆိုင်နေတာ လုပ်သားဆေးရုံက ဆောင်ရွက်တာမှန်ပါတယ်၊ လိုအပ်တာ မင်း ထပ်ပြီးကူလိုက်ပါဦးကွာ၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့လိုက်ကြတာပေါ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ စိတ်ချပါ ဆရာ"

ကိုသိန်းမြင့် ဖုန်းချသွားသည်။

ရုံးပိတ်ရက်မို့ ပက်လက်ကုထားထိုင်တစ်လုံးနှင့် အနားယူနေရာမှ မလှနွယ်အကြောင်းကို စဉ်းစားနေမိသည်။ မလှနွယ်တို့မှာ ညီအစ်မ လေးယောက်ရှိသည်။ သူ့အထက် အစ်မနှစ်ဦးက အိမ်ထောင်သည်တွေ။ ယခု သူနှင့်ရန်ကုန် လိုက်ပါသွားသည့် အစ်မကြီးနှင့် အတူ အပျိုကြီးညီအစ်မ တစ်အိမ်တည်းမှာ အတူနေကြသည်။ အစ်မကြီးက ကုန်စုံဆိုင်ကလေးဖွင့်၍ မလှနွယ်က စက်ရုံမှာ ဝန်ထမ်းဘဝနှင့်နေထိုင်သည်။

အစ်မကြီးလုပ်သူအဖို့ သူနှင့် အတူနေ အားကိုးအားထားပြုနေရသည့် ညီမလေး ဖိတ်စဉ်သွားမှာကို အစိုးရိမ်ကြီးစိုးရိမ်နေရှာသည်။ ရန်ကုန်ပို့သည့်နေ့ကဆိုလျှင် တစ်နေ့လုံး မျက်ရည်စက်လက် ယူကျုံးမရဖြစ်နေရှာသည်။ ကျွန်တော်ကြိုးစားနေသည့်ကိစ္စ အောင်မြင်သွားလျှင်တော့ အစ်မကြီးအဖို့ ဝမ်းသာမဆုံးဖြစ်ရမည်။

အကယ်၍ . . . .

ကျွန်တော်သည် စိတ်မကောင်းစွာဖြင့် ဖြည်းညင်း လေးကွေးစွာ လျှောက်လှမ်းနေမိသည်။ ကျွန်တော် လျှောက်လှမ်းနေသည်က ကံရိုးရွာ အလယ်ပိုင်း၊ အိမ်တစ်အိမ်ရှေ့မှာရပ်လိုက်မိသည်။ မလှနွယ်တို့အိမ်၊ အိမ်ရှေ့မှာ လူတွေလည်းတစ်ယောက်မှမရှိ။ ခဏနေတော့ တစ်ဦး ထွက်လာသည် ဦးမောင်ရွှေ။

"ဟာ- ဆရာ၊ လာပါ၊ အိမ်ပေါ်တက်"

တက်သင့်၊ မသင့် ကျွန်တော် စဉ်းစားနေမိသည်။ ဦးမောင်ရွှေနောက်ကတစ်ယောက်ပေါ်လာသည်။ နောက်တစ်ယောက် ပေါ်လာပြန်လေသည်။ မလှနွယ် အစ်မတွေ။

"ဆရာ၊ ကျွန်မတို့ ညီမလေး ရော. . ."

ကျွန်တော် ဘာပြန်ပြောရမည် မသိ။ သူတို့ကို အကြောင်းသားငေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ၊ ကျွန်မတို့ ညီမလေး အလောင်းပြန်ယူခဲ့ပါ"

"ဟုတ်တယ် ဆရာ၊ အလောင်း ပြန်ယူခဲ့ပါ၊ အလောင်းပြန်ယူပေးပါ"

အသံတွေက တစ်စတစ်စကျယ်လောင်လာသည်။ ကျွန်တော်ဆက်ပြီး ရပ်မနေသာတော့၊ အိမ်ရှေ့မှ အမြန်ထွက်ခဲ့မိသည်။

"အလောင်းပြန်ယူခဲ့ပါဆရာ၊ အလောင်းပြန်ယူခဲ့ပါ"

အဝေးသို့ ရောက်လာပေမယ့် နောက်ကအသံတွေကို ကြားနေရဆဲ။ ကျွန်တော် သတိထားလိုက်မိတော့ ကျွန်တော့်ကိုယ်မှာ ချွေးတွေရွှဲနေသည်။ မလှနွယ်အကြောင်း စဉ်းစားနေမိရင်း ပက်လက်ကုလားထိုင်ပေါ်တွင် မှေးခနဲ အိပ်ပျော်သွားမိခဲ့သည်ကိုး။

●

"ဦးမောင်ရွှေ ခင်ဗျားက ဒီကိစ္စတွေ နည်းနည်းတီးမိ ခေါက်မိရှိတော့ ကျွန်တော်နည်းနည်းမေးချင်တယ်၊ ဟိုနေ့က ဆေးရုံမှာ ပြောသွားတဲ့လူရဲ့ စကားတွေထဲမှာ ကျန်တာတွေ ဖော်လို့ရပေမယ့် ပေါင်းထုပ်ဖြူနဲ့ နှစ်ဦးက ကူမသယ်ပေးလိမ့်မယ်ဆိုတာ အဲဒါ ဘာသဘောလဲဗျ၊ ကျွန်တော် ဖော်လို့ မရဘူး"

"ဟာ- ဆရာရေ ကျွန်တော်လည်း ပထမတော့ ဖော်လို့မရဘူး၊ ဘူတာမှာ ရထားပေါ် လူနာကို တင်ပေးပြီး အပြန်မှာ ကျွန်တော်စဉ်းစားကြည့်မိတော့ ဟိုလူပြောတာတွေက တိုက်ဆိုင်နေလို့ စိတ်ထဲတော့ တော်တော့်ကိုကျေနပ်ခဲ့တာ၊ ဆရာတို့ကိုသာ အသိမပေးမိတာ၊ ဒီလိုဆရာရေ၊ ပေါင်းထုပ်ဖြူနဲ့နှစ်ဦး ဆိုတာက ဘယ်သူတွေရှိဦးမှာလဲ ဘူတာမှာ တာဝန်ကျနေတဲ့ တပ်ထိန်းနှစ်ယောက်လေဗျာ၊ သူတို့နှစ်ယောက်ဝင်ကူပြီး သယ်ပေးခဲ့တာ ဆရာရဲ့၊ သူတို့ခေါင်းက သံခမောက်က ပေါင်းထုပ်ဖြူလေဆရာရဲ့ ပေါင်းထုပ်ဖြူ။"

ကျွန်တော်လည်း ဦးမောင်ရွှေ ရှင်းပြမှ သဘောပေါက်သွားပြီး ကျေနပ်စွာ ခေါင်းညိတ်လိုက်မိသည်။ ထို့ထက် ကျောက်ကပ်ဆေးရုံသို့ ပြောင်းရွှေ့တင်လိုက်ရသည့် မလှနွယ်တစ်ယောက် ရောဂါလုံးဝပျောက်ကင်းပြီး တစ်ရက်နှစ်ရက်အတွင်း တောင်ငူသို့ ပြန်လာရတော့မည်ဆိုသည့် သတင်းက ပို၍ အကျေနပ်ကြီးကျေနပ်စရာ ဖြစ်ခဲ့ရပါတော့သည်။ "အသက်တစ်ချောင်း ကယ်ကောင်းပါ၏။"

**မောင်စိုးမွန်(တက္ကသိုလ်)**

❑




ဉ်ု အရပ်ဝ မေတ္တာ လာဘ်

**နက်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • • • • • •

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို **ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ။ ထိရောက်သော ယတြာများဖြင့်** (၂၅)နှစ်တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

**ဟောခန်းတည်နေရာ** ➠ အမှတ်-၁၃၁၊ အောင်တံခွန် သံ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

**လမ်းညွှန်** ➠ အဓိပမိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၁၁)၊ (၅၃)၊ (၇၉)၊ (၂၈၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။

**ဟောပြောချိန်** ➠ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။

**ဆက်သွယ်ရန် ဖုန်း** ➠ **ဟောခန်း** - ၀၉-၇၃၁၀၉၅၅၆၊ **အိမ်** - ၀၉-၇၃၂၄၄၈၉၇ ။

**မှတ်ချက်** ➠ ***ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။*** ကျေးဇူးတင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

အီဂျစ် ပိရမစ်ပုံစံရှိ မြရည်မိပြီး အစိမ်းရင့်ရောင်ကျောက်စိမ်းတုံးတစ်တုံးသည် ကျွန်ုပ်အား ဖမ်းစားလျက်ရှိနေလေသည်။ ဟောင်ကောင်ရှိ သူဌေးတစ်ယောက်ဆီသို့ ပို့ပေးရန် အောက်လမ်းကြောင်းနှင့် လူလည်း အဆင်သင့်ရှိပြီးသား ဖြစ်သည်။

ကျွန်ုပ်ရှေ့တွင်ရှိ ထောင်ပုံရာပုံများစွာသော ကျောက်စိမ်းတုံးတွေထဲမှ ၎င်းကျောက်စိမ်းတုံးအား မျက်စိကျနေမိသည်။ ခက်သည်က ဈေးဖြတ်ရန်ကိစ္စ။ စကားမကျ၊ နှုတ်မလွန်ရဲ။ ကျွန်ုပ် ၎င်းကျောက်စိမ်းတုံးအား လွန်စွာသဘောကျနေသည်ကို ပါးနပ်သည့် အရောင်းသမား တရုတ်အဘိုးကြီးက သိ၏။

ကျွန်ုပ်နှင့် မလှမ်းမကမ်း တစ်ခုံကျော်တွင် ကျောက်မျက်ရတနာများ၏ ကာလပေါက်ဈေးကို တွက်ချက်နေသော ကျောက်စိမ်းမယ်ခေါ် "မေစီ"ရှိနေသည်။ ကျွန်ုပ် စိတ်ထဲတွင်လည်း မတင်မကျနှင့် စဉ်းစားစရာအချက်များစွာ လွှမ်းခြုံနေသည်။

ကျောက်ရောင်းဝယ်ရေးသမားဖြစ်သည့် တရုတ်အဘိုးကြီးမှ -

"ဆရာ ဈေးဖြတ်လေ၊ ဘာမှအားမနာပါနဲ့၊ ပစ္စည်းအတွက်တော့စိတ်ချပါ၊ ကျောက်စိမ်းမှာ ဒီလိုအရည်မျိုးရဖို့ဆိုတာ တကယ်မလွယ်ဘူး၊ ဆရာတို့လည်း ကျောက်လောကကို ဖြတ်သန်းလာခဲ့တာ နှစ်ပေါင်းမနည်းဘူး"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျွန်တော်စဉ်းစားနေပါတယ်"

ကျွန်ုပ်နှင့် တရုတ်အဘိုးကြီးပြောဆိုပုံများကို မေစီ ကြားသွားဟန်တူသည်။ နောက်သို့ သမင်လည်ပြန်လှည့်ကြည့်သည်။ ပြီး ထိုင်ရာမှထကာ လက်ထဲမှ ကျောက်မျက်ရတနာအမည်များနှင့် ကာလပေါက်ဈေးနှုန်းများ ရေးသားထားသော စာရွက်ပေါ်မှာ မင်အနက်ရောင်နှင့် ထင်ထင်ရှားရှား ရေးသားထားသော စာကြောင်းတစ်ကြောင်း။

'ဒေါင်းသည်းခြေနှင့် အရောင်တင်ထားသည့် ကျောက်စိမ်းဖြစ်၊ မဝယ်ပါနှင့်၊ စကားပရိယာယ်ဆင်၍ လမ်းကြောင်းလွှဲပါ'

ထိုသတိပေး စာတန်းလေးသည် ကျွန်ုပ်အတွက်တော့ တန်ဖိုးမဖြတ်နိုင်။ အဖတ်ဆယ်မရသော မှားယွင်းမှုကို ဟန့်တားထားနိုင်ခဲ့သည်။ မေစီ၏ အရည်အချင်းကိုလည်း မချီးကျူးဘဲမနေနိုင်။ အရောင်းအဝယ်ကောင်တာမှ တရုတ်အဘိုးကြီးအား -

"ကျွန်တော် အချိန်ယူပြီး စဉ်းစားလိုက်ပါဦးမယ်၊ ပါလာတဲ့ငွေလည်း အားနည်းလို့ပါ"

BURMESE CLASSIC

သို့ဖြင့် အဝယ်မှားမည့် ကိစ္စကို ကြိုတင်ဟန့်တားနိုင်ခဲ့ပြီး ရပ်တန်းကရပ်နိုင်ခဲ့သည်။ ဆိုင်အပြင်ဘက်ရောက်တော့ -

"ဒါနဲ့ မေစီက ကျောခိုင်းပြီး ဘယ်လို ဖြစ်ပြီး ဘယ်လိုသိတာလဲ၊ အစ်ကိုတောင် တော်တော်အံ့ဩသွားတယ်"

ကျွန်ုပ်၏ မေးခွန်းများကို ကြည်လင် တောက်ပသော အပြုံးများဖြင့် ပြန်ဖြေသည်။

"အဲဒီဆိုင်ထဲမှာ နောက်ကြည့်မှန်တွေ လျှို့ဝှက်တပ်ဆင်ထားတာရှိတယ်၊ အစ်ကို သတိမထားမိလို့နေမှာပါ၊ ကျွန်မကိုယ်တိုင်လည်း အဲဒီအီဂျစ်ပိရမစ်ပုံစံရှိတဲ့ ကျောက်စိမ်းတုံးကို သုံးလေးကြိမ်ထက်မနည်း အသေအချာ ကိုင်တွယ် ကြည့်ရှုဖူးတယ်"

ကျွန်ုပ်သည် အံ့ဩကြီးစွာဖြင့် -

"ဟုတ်လား၊ အဲဒါ ဘာဖြစ်လို့ အစ်ကို့ကို ကြိုပြောမထားတာလဲဟင်"

"ဒါကတော့ အစ်ကိုရယ်၊ ပါးစပ်စည်းကမ်းလေ၊ ပြီးတော့ သူများရဲ့ စီးပွားရေးလေ၊ မဟုတ်ဘူးလား၊ အစ်ကို့ကိုလည်း မပြောရင် မဖြစ်လို့ ပြောရတာပါ၊ အဲဒီကိစ္စ အဝယ်မှားရင် အစ်ကို ဘာဖြစ်သွားမလဲသိလား၊ တစ်ခါတည်း ဘူပိတ်သွားမယ်နော်"

ကျွန်ုပ်လည်း ခေါင်းကလေးညိတ်ကာ ဝန်ခံလိုက်ပါတော့သည်။

●

၁၉၇၀ ပြည့်လွန်နှစ်များတွင် မြန်မာပြည်ထွက်ကျောက်စိမ်းများသည် ကမ္ဘာ့ဈေးကွက်တွင် နိုင်ငံခြားဝင်ငွေများ ရရှိစေရန်အတွက် နေရာယူလျက်ရှိသည်။

နှစ်စဉ် ကျင်းပရောင်းချလျက်ရှိသော အင်းလျားလိပ်ဟိုတယ် ကျောက်မျက်ရတနာများ ခင်းကျင်းပြသထားသော ခန်းမတွင် ကျောက်စိမ်းတုံးကြီးများသည် အထူးပင် မျက်နှာပွင့် ရေပန်းစားလျက်ရှိပါသည်။

နိုင်ငံပေါင်းစုံမှလာသော နိုင်ငံခြားသား ကုန်သည်ကြီးများကလည်း ဈေးပြိုင်စနစ်ဖြင့် အလုအယက်ဝယ်ယူအားပေးနေသည့်အချိန်လည်း ဖြစ်ပါသည်။

မေစီကို စတင်တွေ့ဆုံခြင်းသည် ၎င်းကျောက်မျက်ရတနာခန်းမဆိုလည်း မှားမည် မထင်။ ခင်းကျင်းပြသထားသော ရတနာမျိုးစုံ နှင့် ကျောက်စိမ်းတုံးများ အလယ်တွင် မေစီအလှက ပန်းရလှ၏။ ရွှေ[illegible]ဆိုး အပြာနုရောင် ဝမ်းဆက်နှင့် ခရမ်းရောင်ကျောက်စိမ်းများ တစ်ကိုယ်လုံး ဆင်မြန်းထားသည့်



www.burmeseclassic.com

www.burmeseclassic.com

မှာ မြင်သူအပေါင်း ငေးမောကြည့်ရ၏။ နီယွန်မီးရောင်အောက်တွင် မိုးပေါ်က ကျလာသည့် ကျောက်စိမ်းမင်းသမီး အလား လှပမှုမှာ တော်ဝင်ဆန်၏။

"ချွမ်"

ခရမ်းရောင်အရည်ဖြစ်ပြီး လွန်စွာရှားပါးကာ အဖိုးတန်လှသော အရည်တစ်မျိုးဖြစ်သည်။ ကျောက်စိမ်းထဲတွင် ရှာမှ ရှားသော တွေ့ရခဲသော ခရမ်းရောင် အရည်။ နိုင်ငံခြားသားများ အလွန်အမင်း နှစ်သက်သော ကျောက်စိမ်းမျိုးဆိုလျှင် မှားမည်မထင်။

ထို့ကြောင့် နိုင်ငံခြားသား ကျောက်မျက်ပညာရှင်များက မေစီအား အထူးအဆန်းသဖွယ် ကြည့်ကြလေသည်။ ထိုအထဲတွင် ကျွန်ုပ်လည်း အပါအဝင်ဖြစ်သည်။

ထိုအချိန်မှစ၍ ကျောက်မျက်ရတနာပညာရပ်တွင် အံ့မခန်းနားလည်နှံ့စပ်သော မေစီဆိုတာ သိရှိခဲ့၊ ကျွန်ုပ်အား သုံးကြိမ်ထက်မနည်း ကြီးမားသော ဆုံးရှုံးမှုမဖြစ်စေရန် ကယ်တင်ခဲ့ဖူးလေသည်။

ပြီးတော့ မေစီအလှ မေစီအပြုံး။

တကယ်ပင် နန်းဆန်ပြီး တော်ဝင်အလှဖြစ်သည်။ မြင်ရသူ ပုရိသ၊ ဣတ္ထိယအပေါင်းကို ငြိမ်းအေးစေသည်။ ဆူပွက်သော ပူလောင်သော တဏှာ ရာဂစိတ်ကို လှုံ့ဆော်သော အလှပမျိုး မဟုတ်။ မြင်ရသူ ဘဝင်ကို သန့်စင်လန်းဆန်းစေသည်။

ပြီးတော့ အပြုံး၊ အပြုံးနောက်ကွယ်တွင် ဟန်ဆောင်ခြင်း၊ လျှို့ဝှက်ခြင်း၊ ကောက်ကျစ်ခြင်း၊ လောဘတက်ခြင်း၊ လှည့်စားတတ်ခြင်း အလျှင်းမရှိ။ ပါးချိုင့်လေးများ ပေါ်အောင်ပြုံးတိုင်း သန့်ရှင်းခြင်း၊ တောက်ပခြင်း၊ ရိုးစင်းခြင်း ညင်သာခြင်း၊ လှပခြင်းများစွာနှင့် ဖွဲ့စည်းထားလေသည်။

ထိုအချိန် ထိုအခါက ကျွန်ုပ်နှင့် အဖွဲ့ကျသော မန္တလေးမှ ကျောက်မျက်ပညာရှင် ကိုစိန်အောင်ကျော်၊ တောင်ကြီးမှ စိုးသီဟ ပေါင်းသုံးဦးတို့ ဆုံတိုင်း ကျောက်မျက်ရတနာအကြောင်း ဆွေးနွေးတိုင်း မေစီ ပါစမြဲပင်။ ပြီးတော့ ကျောက်စိမ်းထွက်ရှိသည့် -

ဖားကန့်မှော်
တာမခန်မှော်
ခန္တီးမှော်
မော်ဟန်မှော်
မော်လူးမှော်
ပူတာအိုမှော်

အင်းတော်ကြီးမှော် များမှာလည်း မထင်မှတ်ဘဲ မေစီကို မကြာခဏ တွေ့ရတတ်၍ ကျွန်ုပ်တို့အဖွဲ့ လွန်စွာမှ အံ့သြကြီးစွာဖြစ်ခဲ့ရသည်။

တကယ်ပင် ဝေးလံသီခေါင် တောကြီးမျက်မည်းထဲတွင် မမျှော်လင့်ဘဲ တွေ့ရ၍လည်း မေစီ သတ္တိနှင့် ရဲရင့်မှုကို မချီးကျူးဘဲမနေနိုင်။ သို့သော် သူမတစ်ယောက်တည်းတော့ မဟုတ်။ အသက်သုံးဆယ်ခန့် ဖြူဖြူချောချော ခံ့ခံ့ထည်ထည် အမျိုးသမီးတစ်ယောက် အမြဲပါသည်။ ကျွန်ုပ်အား မန္တလေးမှ ကျောက်မျက်ပညာရှင် ကိုစိန်အောင်ကျော်က မေးဖူးသည်။

"ကိုထွန်းထွန်း၊ ခင်ဗျား မေစီကို ဘယ်လို မြင်လဲဗျ၊ ကျွန်တော်တို့ မေစီနဲ့ သိကျွမ်းခဲ့တာ ဆယ်စုနှစ်တစ်စုရှိတော့မယ်၊ ကျွန်တော် အဲဒီအမျိုးသမီးကို နားမလည်နိုင်တာ အများကြီးရှိတယ်၊ ပြီးတော့ သူရုပ်ရည် နည်းနည်းလေးမှ အိုစာ မသွားဘူးနော်၊ သတိထားမိလား"

ကျွန်ုပ်၏ တွေးထင်ချက်၊ ယူဆချက်များနှင့် ထပ်တူ ထပ်မျှဖြစ်နေသဖြင့် လိုလိုလားလား ထောက်ခံချက်ပေးသည်။

"အဲဒီအချက်တင် ဘယ်ကမလဲ ကိုစိန်အောင်ကျော်ရယ်၊ ပြီးတော့ လောဘ လောဘ၊ အဲဒီ လောဘကိုလည်း အတတ်နိုင်ဆုံး ပယ်သတ်ထားတယ်၊

ကျွန်တော်တို့ တစ်တွေကိုပဲ ကြည့်၊ ကျောက်သမား စီးပွားရေးသမားတွေ၊ ကျောက်လောကဆိုတာကလည်း စီးပွားရေးကို ရှေ့တန်းတင်ပြီး ကလိမ်ကကျစ်တွေနဲ့ ငြိမ်းဆင်ထားတာ၊ အဲဒီ အချက်မှာလည်း လောဘတက်ပြီး ငွေနောက် ကောက်ကောက်ပါအောင် မေစီက မလိုက်ဘူးဗျ၊ အဲဒီအချက်တွေကလည်း ထူးဆန်းနေတယ်"

ကိုစိန်အောင်ကျော်သည် ကျွန်ုပ်အား အသေအချာကြည့်ပြီး မယုံသင်္ကာဖြစ်သော မေးခွန်းဖြင့် -

"ကိုထွန်းထွန်း၊ မေစီ အိမ်တော့ ရောက်ဖူးမှာပေါ့၊ ဟုတ်တယ်ဟုတ်လား၊ အဲဒီအချက်ကိုတော့ ကျွန်တော်သံသယ ရှိနေတယ်"

"ဗျာ"

သံသယရှိသော သည်မေးခွန်းကြောင့် ကျွန်ုပ် အံ့သြမိ၏။ ထင်လည်းထင်ချင်စရာ၊ အဖွဲ့သားအားလုံးထဲတွင် ကျွန်ုပ်က လူပျိုလူလွတ်။ သူတို့ထက်ပို၍ မေစီနှင့် ပိုမိုရင်းနှီးကျွမ်းဝင်နေသောကြောင့် ကျွန်ုပ်အား အမြဲတမ်းအကဲခတ်နေကြလေသည်။

တောင်ကြီးမှ စိုးသီဟဆိုလျှင် -

"ဒါနဲ့ ကိုထွန်းထွန်း၊ မေစီက ဘယ်မှာနေတာလဲဟင်"

"အဲဒါ ကျွန်တော် မသိဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com

စိုးသီဟသည် ကျွန်ုပ်အား အဖြေရှာမရသော မျက်လုံးများနှင့် ကြည့်ပြီး ပြောသည်မှာ -

"အိမ်ထောင်တော့ ရှိပုံမပေါ်ဘူးနော်၊ မေစီရဲ့ ကိုယ်လုံးကိုယ်ထည်နဲ့ အချိုးအဆက်တွေက ကလေးမွေးဖူးပုံ မပေါ်ဘူး၊ ယောကျ်ားတွေနဲ့လည်း အတတ်နိုင်ဆုံး ကင်းအောင်နေတာကို တွေ့နေရတယ်"

အထူးသဖြင့် ကိုယ်ရေးရာဇဝင်ကို အသိပေးခြင်းမပြုသည့် မေစီကိုတော့ စိတ်ဝင်စားမိသည်က အမှန်။ ဘယ်မှာနေလဲ၊ ဘယ်ဒေသကလဲ၊ ပြီးတော့ သူ့မိသားစု၊ သူ့ အသိုင်းအဝိုင်း။ ဘာဖြစ်လို့ သည်အရာအားလုံးကို ဖုံးကွယ် လျှို့ဝှက်ထားတာလဲ။

သူမက ဘာလဲ၊ ဘူမိဗေဒပညာရှင်လား၊ ကျောက်မျက်ပညာရှင်လား၊ အထူးစုံစမ်းစစ်ဆေးရေးဌာနကလား၊ ရဲက စေလွှတ်ထားသည့် အထူးသတင်းတပ်ဖွဲ့ကလား၊ ထောက်လှမ်းရေးကလား၊ အမျိုးသား ထောက်လှမ်းရေးကလား လားပေါင်းများစွာနှင့် စဉ်းစားစရာတွေ ပြည့်နှက်နေသည်။

သို့သော် သေချာတာတစ်ခုကတော့ နှစ်စဉ် ကျင်းပရောင်းချလျက်ရှိသော အင်းလျားလိတ်ဟိုတယ် ကျောက်မျက်ရတနာပြပွဲသို့ ကြွရောက်ရန် အထူးဖိတ်ကြားခြင်း ခံရသော ဧည့်သည်တော်စာရင်းတွင် မေစီ ပါဝင်နေခြင်းက နည်းနည်းနောနော အဆင့်တော့ မဟုတ်။ သာမန်အဆင့်မဖြစ်နိုင်။ ဒီအချက်က မေစီဘဝ မြင့်မားမှုကို မီးမောင်းထိုးပြနေသည်။

●

မိုးတွင်းကာလ၊ မိုးတွေ အရမ်းကို ရွာနေသည့် အချိန်၊ မန္တလေး ကျောက်မျက်တန်းနှင့် မလှမ်းမကမ်းရှိ ဆိုင်ကြီးတစ်ဆိုင်တွင် -

"မေစီ၊ လာ ဒီဆိုင်ကို ဝင်ကြည့်ကျရအောင်၊ ကျောက်စိမ်းကောင်းကောင်းတွေ ဒီဆိုင်မှာရှိတယ်၊ တစ်ရွတ်ပြည် ပြန်တော့မယ့် သူငယ်ချင်းတစ်ယောက်က ကျောက်စိမ်းအရည်သွေးကောင်းကောင်း အမြန်လိုချင်တယ်ဆိုလို့ အဲဒါလိုက်ရှာနေတာ"

မိုးရည်တွေ စိုရွှဲနေသော ကျွန်ုပ်တို့နှစ်ဦးကို ဆိုင်တွင်းမှ လုပျိုဖြူလေးတစ်ဦးက ခရီးဦးကြိုပြုသည်။ အစိမ်းရင့်ရောင် အရည်ကောင်းကောင်း ကျောက်စိမ်း လိုချင်သည်ဆို၍ သွေးပြီးသားလုံးချောကျောက်စိမ်းတုံးများကို ထုတ်ပြသည်။

အရောင်း ကောင်တာတွင် အရွယ်ကောင်းလုပျိုဖြူ ငါးယောက်တိတိရှိသည်။ ကောင်တာနှင့် ခပ်လှမ်းလှမ်း ဆုံလည်ထိုင်ခုံတွင် ထိုင်နေသော တရုတ်အဘိုးကြီးသည် ကျွန်ုပ်နှင့် မေစီအား အကဲခတ်လျက်ရှိသည်။

သည်ဆိုင်ကို မန္တလေးမှ ကိုစိန်အောင်ကျော် ပြထားဖူး၍ သုံးလေးကြိမ်ထက်မနည်း ဝင်ဖူး၊ ထွက်ဖူးသည်။ ဟိုတစ်ခေါက်လာတုန်းက မမျှော်လင့်ဘဲ လုံးရည်သန့် ပုလဲနက် နှစ်လုံးရရှိဖူး၍ မြိုးမြိုးမြက်မြက် အမြတ်အစွန်းရခဲ့သည်။

ယခုလည်း ကြည့်။

အစိမ်းရောင်ထဲတွင် အပြာရောင် အနည်းငယ်သန်းနေသော စတုရန်းပုံစံရှိ ကျောက်စိမ်းပြား။ လန့်လုရည်အရောင်ဟု အများက တင်စားခေါ်ဝေါ်ကြ၏။ မျက်နှာကြက်မှ အလင်းပေးထားသော ရွှေဝါရောင် မီးပွင့်အောက်တွင် ကျောက်စိမ်းထဲမှာရှိသော စိမ်းပြာရောင် အရည်များသည် လှိုင်းထနေ၏။

... ကြည့်ရှုသူ၏ အမြင်အာရုံအား ကြီးမားစွာ ဖမ်းစားနေလေသည်။ ကျွန်ုပ်၏ဘေးနားတွင်ရှိသော မေစီသည် ၎င်း ကျောက်စိမ်းပြားအား သူမ၏ ကြာဖူးပုံသဏ္ဌာန်ရှိသော ညာဘက်လက်ဝါး ပြင်ပေါ်တွင် ဖြန့်လျက် တင်ထားလိုက်သည်။

၃ ၂ လက်မ၊ ထောင့်လေးထောင့်၊ ၁၆ လက်မ ပတ်လည်ရှိ ကျောက်စိမ်းပြားထဲမှ စိမ်းပြာရောင်သန်းနေသော လွန်စွာလှပသည့်အရည်များသည် အလယ်ဗဟိုတည့်တည့်တွင် ဝလုံးပုံသဏ္ဌာန်ဖွဲ့ကာ တည်ရှိနေလေသည်။ စက္ကန့်ပိုင်းအတွင်း ချက်ချင်း ပြောင်းလဲသွားသော ကျောက်စိမ်း။

၎င်းပြကွက်မှ ထွက်ပေါ်လာသော အရင်းခံ အဖြေများသည် ဆိုင်ထဲမှ ကြည့်ရှုသူအပေါင်းကို ရင်ဝယ် လှိုက်ဖိုစေသည်။ စိတ်ကို လှုပ်ရှားစေသည်။ ပြီးတော့ စစ်မှန်သော အဖြေ။ ကျောက်စိမ်းပြား၏ နဂို မူလပြယုဂ်။ မေစီ ပါးစပ်ထဲမှ တိုးညင်းသော အသံဖြင့် ထွက်လာသည်မှာ -

"ဓာတုဗေဒ နည်းပညာတွေနဲ့ လုပ်ထားတဲ့ ကျောက်စိမ်းပြားပဲ၊ ပုံမှန်မဟုတ်ဘူး၊ အားလုံးမြင်တဲ့ အတိုင်းပဲလေ"

ကောင်တာနှင့် ခပ်လှမ်းလှမ်း ဆုံလည်ထိုင်ခုံတွင် စမတ်ကျကျထိုင်နေသော တရုတ်အဘိုးကြီးသည် စိတ်ဝင်စားစွာ လာကြည့်၏။

ကျောက်စိမ်းပြား၏ မျက်နှာပြင်တွင် ထူးခြားဆန်းကြယ်သော မြင်ကွင်းကြောင့် ထိတ်လန့်တုန်လှုပ်သွားသည်။ ဖြူဖွေးသန့်စင်သော မေစီ မျက်နှာလေးကိုလည်း အံ့ဩကြီးစွာနှင့် ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ကျောက်စိမ်းပြားကို လျှင်မြန်စွာယူ၍ မေစီညာဘက်လက်ကို အသေအချာ စစ်ဆေး ကြည့်ရှုနေလေသည်။

ကျောက်စိမ်းပြားထဲရှိ စိမ်းပြာရောင်အရည်များသည် နဂိုမူလအတိုင်း ပြန် ဖြစ်နေ၍ အုံ့[illegible]မဆုံး။

ဆိုင်ရှင် တရုတ်အဘိုးကြီးသည် စဉ်းစားရခက်၊ ဝေခွဲရခက်သောဟန်ဖြင့် -

"ဘယ်လို ဖြစ်ကုန်တာလဲ မသိဘူး"

မေစီသည် တည်ငြိမ်သောအသံဖြင့် တရုတ်အဘိုးကြီး အနားကပ်၍ တိုးညင်းစွာ ပြောလိုက်သည်မှာ -

"ဘယ်လိုမှ မဖြစ်ပါဘူးအဘိုး၊ အဲဒါ မာတုနည်းပညာနဲ့ အရည်သွင်းထားတဲ့ ကျောက်စိမ်းပြားပါ၊ အခုလို ပြောတဲ့အတွက် စိတ်မရှိပါနဲ့နော်၊ ကျွန်မကြောင့် သူများ စီးပွားရေးကို အနှောင့်အယှက် မဖြစ်စေချင်ဘူး"

တရုတ်အဘိုးကြီးသည် ဘာပြန်ပြောရမှန်း မသိအောင် ကြောင်အမ်းအမ်း ဖြစ်နေပုံရသည်။ စီးပွားရေးသမားပီပီ တုံ့ပြန်မှုက လျှင်မြန်ပါသည်။

"ဒါတွေက ကျောက်လောကမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝတရားတွေပါ၊ အကောင်းတွေထဲမှာ မကောင်းတာတွေက ရောထွေးနေမှာပဲလေ၊ တစ်ခါတလေ သိသိကြီးနဲ့ ခံလိုက်ရတာမျိုးပေါ့"

ကျွန်ုပ်တို့လည်း ယဉ်ကျေးသိမ်မွေ့စွာဖြင့် တရုတ်အဘိုးကြီးအား နှုတ်ဆက်စကားဆို၍ ဆိုင်မှ ထွက်လာခဲ့သည်။ အပြင်ဘက်တွင် ကိုရွှေမိုးက သည်းထန်စွာ ရွာနေဆဲ။

●

လောကကြီးသည် ဆန်းကြယ်လှ၏။ ကံနှင့် ယှဉ်သော ဆန်းကြယ်မှုပေလား။ ဉာဏ်နှင့် ယှဉ်သော ဆန်းကြယ်မှုပေလား။

သို့တည်းမဟုတ် ဘဝ ဘဝ ပေါင်းများစွာမှ ပြုကျင့်ခဲ့သော ဖြည့်ဆည်းခဲ့သော ထူးခြားထက်မြက်သည့် ပါရမီကြောင့်ပေလား။ စဉ်းစား တွေးတောစရာများစွာ ဖြစ်လာခဲ့သည်။ သေချာတာ တစ်ခုကတော့ လူချင်းတူပေမယ့် ကံ, ဉာဏ်, ဝီရိယ သုံးဌာန မတူတာကတော့ အမှန်။

●

ကျွန်ုပ် ရွှေဘုံသာလမ်းရှိ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး ဆိုင်တစ်ဆိုင်၏ အပြင်ဘက် လက်ဖက်ရည်ဆိုင်တွင် ကော်ဖီသောက်နေရင်း ကိုတင်လှိုင်၊ ကိုမောင်မောင် တို့နှင့် စကားလက်ဆုံကျနေသည့် အချိန်။

"ဆရာ၊ ဒီပတ္တမြားလေး ရောင်းချင်လို့၊ အားလုံး အပြစ်အနာအဆာကင်းတယ်၊ အရှုပ်အရှင်းလည်း တာဝန်ယူတယ်"

ကျွန်ုပ်နှင့် မျက်နှာစိမ်းသူတစ်ဦး။ အသက်(၄၀)ခန့်ရှိပြီး အထက်အောက် ယောဂီရောင်များ ဝတ်ထားသည်။ မျက်နှာမှာလည်း မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး၊ နှုတ်ခမ်းမွေးတွေနှင့်။ မျက်နှာတစ်ခုလုံးလည်း အမွေးတွေ လွှမ်းခြုံထား၍ တောထဲမှ မျောက်တစ်ကောင်နှင့်တူလှသည်။

သူ့ကိုယ်သူတော့ ဘိုးတော်ဆိုက် ဖမ်းထားသည်။ သူ့ညာဘက်လက်ဝါးပြင်ပေါ်တွင် ဖြန့်ပြထားသည့် နီညိုရောင် ပတ္တမြားကျောက်တစ်လုံး။ အပြစ်အနာအဆာကင်းပြီး ကိုးရတီခန့်ရှိသည်။ ကျောက်ကြည့်မှန်ဘီလူးနှင့် ကြည့်ရာ အထဲမှ ကြိုးနှင့် အရည်များကို ပီပီပြင်ပြင်မြင်ရသည်။

အမှန်ကို ဝန်ခံရလျှင် ကျွန်ုပ်သည် ကျောက်မျက်ရတနာ ရောင်းဝယ်ရေးသမားပီပီ လောဘကို ရှေ့တန်းတင်သူဖြစ်သည်။ ပစ္စည်းတစ်ခုကို အချောင်ရလျှင်ဝယ်တတ်သည်မှာ အထူးအဆန်းမဟုတ်။ ယခုလည်း သည်ပတ္တမြားကို ကိုင်တွယ်ကြည့်ရှု စစ်ဆေးနေစဉ်မှာပင် လွန်စွာမှ တပ်မက်မောမိသည်။

ကျောက်လောက ဆိုတာကလည်း ပစ္စည်းကောင်းသန့်သန့်ရဖို့ဆိုတာ တကယ်မလွယ်၊ ပြီးတော့ ကျားတွေ၊ ကျားတွေမှ တကယ့်ကိုးတောင်ပြည့်ကျားကြီးတွေ၊ လူလည်ပန်ကာတွေ စုဖွဲ့ထားတဲ့နေရာကို ပြပါဆိုလျှင် ကျောက်မျက်ရတနာ လောကလည်းပါ၏။ ယခုလည်းကြည့်။ ရောင်းသူ၏ ခေါ်ဈေးကို မေးလိုက်တော့။

"ကိုးသောင်းပါ ဆရာ"

ထိုခေတ် ထိုအခါက ငွေကျပ်ကိုးသောင်းသည် နည်းနည်းနောနော မဟုတ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ဖက်ရည်တစ်ခွက် တစ်ကျပ်။ မုန့်ဟင်းခါး တစ်ပွဲ တစ်ကျပ်ဆိုတော့ စဉ်းစားသာကြည့်။ ကျွန်ုပ်ဘေးနားတွင် ရှိနေသော ကိုတင်လှိုင်မှ အနားတိုးပြီး ကပ်ပြော၏။

"ပိုက်ဆံပါလာရင် ယူသင့်တယ်နော်၊ အရှုံးမရှိဘူး"

ကျွန်ုပ်ကလည်း စီးပွားရေးသမားပီပီ တွက်ချက်ပြီးသား ဖြစ်သည်။ ပတ္တမြားထဲမှ အရည်၊ နီညိုရောင်ဆိုသော်လည်း အနီရောင်ဘက်ကို အားသာသည်။ [illegible]ဓာတ်နှင့် မနောအာရုံကို ဖမ်းစားနိုင်စွမ်းရှိသည်။ ရောင်းသူ၏ ခေါ်ဈေးကို သိထားသော်လည်း ဘယ်လောက်ထိ ဈေးဆစ်မည်နည်း။





www.burmeseclassic.com

www.burmeseclassic.com

ထို့အချိန်တွင် ကိုစိန်အောင်ကျော်၊ စိုးသီဟ၊ မေစီတို့ ရောက်ချလာသည်။ အရောင်းအဝယ် တစ်ခုအတွက် ချိန်းဆိုထားသည်ကိုး။

ပြီးတော့ မေစီ။ အဖိုးတန်ကျောက်များဝယ်တိုင်း မေစီ ဆုံးဖြတ်ချက်။

ကျွန်ုပ်သည် အနားရှိ ခုံအလွတ်တွင် ဝင်ထိုင်လာသော မေစီအား ပတ္တမြားလှမ်းပေးလိုက်သည်။

"ပစ္စည်းရော၊ ဈေးနှုန်းရော ဘာမှ ပြောစရာမရှိဘူး၊ ကိုးသောင်းလို့ ခေါ်ထားတယ်၊ ဘယ်လောက်နဲ့ ဖြတ်မလဲ"

ကျွန်ုပ်တို့ ဝယ်ရောင်းအဖွဲ့တွင် နေရင်းထိုင်ရင်း ဦးစီးခေါင်းဆောင် ဖြစ်လာသူက မေစီ။ ကျောက်မျက်ရတနာများ ရောင်းဝယ်တိုင်း သူမ၏ အဆုံးအဖြတ်များသည် အင်မတန်မှ အရေးပါလှ၏။

မနောအာရုံစွမ်းမြင့်မားမှု အပိုင်းမှာ သူမတူအောင် ထက်မြက်မြင့်မားလွန်းလှသည်။ ကျွန်ုပ်လှမ်းပေးသည့် ပတ္တမြားကိုလည်း သူမ၏ ညာဘက်လက် လက်ဖဝါးပေါ် အလယ်တည့်တည့်တွင်တင်၍ မျက်လုံးနှစ်လုံးပိတ်၊ နှုတ်မှ မန္တန်တစ်ပုဒ်ရွတ်၊ အသက်ကို ဖြည်းညင်းစွာရှူ၍ မနောအာရုံခံစားမှု အပိုင်းကို ပြုလုပ်သည်။ အနည်းဆုံး စက္ကန့်ပေါင်း ၁၈၀။

"ပတ္တမြားကတော့ အနာအဆာ လည်းကင်းတယ်၊ ကြီး၊ အရည် ဘာမှ ပြောစရာမရှိဘူး၊ ပြီးတော့ ဈေးနှုန်း၊ ပြောတဲ့ဈေးနှုန်းက အရမ်းနည်းနေတယ်၊ မူလတန်ဖိုးရဲ့ တစ်ဆပဲရှိတယ်၊ ဒါပေမဲ့ ဘုရားပစ္စည်း၊ ကျိန်စာနဲ့ သွားတဲ့ ကျောက်မျက်ရတနာပဲ၊ ဝယ်ပြီး ရောင်းတဲ့သူတိုင်း မွဲပြာကျသွားလိမ့်မယ်"

မေစီနှုတ်မှ ဖြည်းညင်းစွာ ပြောလာသော နှုတ်ထွက်စကားများကြောင့် အားလုံး အံ့အားသင့်သွားကြသည်။ လုံးဝ မျှော်လင့်မထားသည့် စကားစုများ။

ပတ္တမြားကျောက်ရောင်းသည့် အထက်အောက် ယောဂီရောင်ဝတ် လူကြီးသည် သူ့အကြောင်း သူသိသဖြင့် မျက်စိမျက်နှာပျက်သွားသည်။

နုနယ်ဖြူဖွေးသော လက်ဖဝါးပြင်ပေါ်မှ ပတ္တမြားကို သူ၏ တုန်ယင်သော လက်ဖြင့် အလျင်အမြန်ပြန်ယူသည်။ ဘာမပြော ညာမပြောနှင့် ထိုင်ရာမှ ထကာ အဝေးသို့ ထွက်ခွာသွားသည်။

ဩော် - သိပ္ပံပညာရပ်များ တိုးတက် ထွန်းကားလာသည်နှင့်အမျှ ဝိဇ္ဇာပညာရပ်များ ကပ်ပြီးလိုက်ပါစမြဲပါ။ သင်ယူ၍မကုန်၊ လေ့လာ၍မကုန်သည့် ပညာရပ်တွင် ကျောက်မျက်ရတနာလည်း ပါ၏။ ကျွန်ုပ်တော့ ကျောက်မျက်ရတနာနှင့် ပတ်သက်၍ အားလုံးကို ပြီးပြည့်စုံစွာ တတ်ကျွမ်းပါသည်ဟု ဆိုလျှင် ရူးသွပ်သူ ဖြစ်လိမ့်မည်။

စကြဝဠာရှိ ဂြိုဟ်၊ နက္ခတ်၊ တာရာများနှင့် အစဉ်ဆက်နွယ်မှု ဆက်သွယ်မှု၊ ဆွဲငင်အားများ၊ လျှပ်စစ်စီးကြောင်းများ၊ သံလိုက်စက်ကွင်းများ၊ ဓာတ်ပေါင်းစပ်မှု ဖိအားများ၊ ရာသီဥတု ရုတ်ခြည်းပြောင်းလဲမှုများ အားလုံးသည် ကျောက်မျက်ရတနာရှိ အရောင်၊ ကြီး၊ အရည်များ အားလုံး ပုံသဏ္ဌာန်မမှန်တော့။ မသိမသာလေး ပြောင်းလဲနေသည်ကို သတိပြုရပါမည်။ စဉ်ဆက်မပြတ် သုတေသနပြုလုပ်လျှင် ပိုပြီး သိသာပါသည်။

"အစ်ကိုကိုလည်း မွေးနေ့ ဖိတ်ရဦးမယ်"

ကျွန်ုပ်အတွေးအမျှင်များ ပြတ်တောက်သွားသည်။

မေစီနှင့် ဖြတ်သန်း ကာလဆယ်စုနှစ် တစ်စုစာ အတွေ့အကြုံများကို ပြောပြ အသေးစိတ်ရေးသားရလျှင် စာမျက်နှာပေါင်း ထောင်သောင်းကျော်သွားပေလိမ့်မည်။

တကယ်ပါ။ ခုတော့ လုံးဝ မျှော်လင့်မထားသည့် ဖိတ်လိုလက်ရ မေစီထံမှ ဖိတ်ကြားသံ။

ကြားလိုက်ရသည့် မိမိနားကိုပင် မယုံကြည်အောင် ဖြစ်မိသည်။ ဘယ်သောအခါမှ မိမိနေရပ်လိပ်စာ၊ မိသားစု၊ ဆွေမျိုး အသိုင်းအဝိုင်း အားလုံးကို ယောင်လို့တောင် မပြောတဲ့သူ။ မေးလျှင်လည်း ဆင်ဝှေ့ ရန်ရှောင် ဖြေတတ်တဲ့သူ။ ဘယ်သောအခါမှ သူတစ်ပါး ပစ္စည်းကို အချောင်မဝယ်တတ်တဲ့သူ။ တန်ရာတန်ကြေးပေးပြီးမှ ဝယ်တတ်တဲ့သူ။ အကောင်းဆုံး အရည်အသွေးရှိသော ကျောက်စိမ်းများကိုမှ ရွေး၍ ခန္ဓာကိုယ်မှာ ဆင်မြန်းဝတ်ဆင်သူ။

ယခုတော့ မွေးနေ့ပွဲ ဖိတ်လေပြီ။

ကျွန်ုပ်သည် ဝမ်းသာလွန်းသော အသံဖြင့်-

"တကယ်ပြောတာလား မေစီ"

ကျွန်ုပ်အား မေစီသည် ရွှန်းရွှန်းစားစား ကြည့်ရင်း-

"တကယ်ပြောတာပါ အစ်ကို၊ မေစီရဲ့ တာဝန်ထမ်းဆောင်မှုအပိုင်းတွေ ပြီးဆုံးသွားပြီလေ၊ မေစီရဲ့ မွေးနေ့ပွဲဟာ နှုတ်ဆက်ပွဲပါပဲ၊ အချိန်က အဖြေပေးပါလိမ့်မယ်၊ အဲဒီတော့မှ မေစီနဲ့ ပတ်သက်တဲ့ အရာခပ်သိမ်းအားလုံးကို နားလည်သွားလိမ့်မယ်"


www.burmeseclassic.com

www.burmeseclassic.com

ဘာရယ်မသိ သည့်စကားစုများက ကျွန်ုပ်ရင်အား ကြေကွဲဆွတ်ပျံ့နာကျင်မှုကို ဖြစ်စေသည်။

ကျွန်ုပ်တို့သည် ဆယ်စုနှစ်တစ်စုစာကို တဏှာရာဂ လုံးဝမဖက်ဘဲ လျှောက်လှမ်းခဲ့ကြသည်။ရိုးစင်းသန့်ရှင်းသော စိတ်စေတသိက်များကို ဖွဲ့စည်းတည်ဆောက်ခဲ့ကြသည်။

ကျွန်ုပ်နှင့် စိန်အောင်ကျော်၊ စိုးသီဟတို့ မေစီနှင့်ဆုံတိုင်း စပ်စုစိန့်လုပ်ကြသည်။

ပြင်ပအစားအစာဆိုလျှင် လုံးဝမစား။ ရေတောင် မသောက်။ ခရီးဝေးချီတက်ကြတိုင်း သူမအတွက် အသီးအရွက်၊ အကြော် အလှော်၊ သောက်ရေများကို ကျိချက်ပေးရသည့်သူ အမြဲပါသည်။

ကျွန်ုပ် နက္ခတ်ပညာရပ်များ၊ ကျောက်မျက်ရတနာ ပညာရပ်များ၊ မန္တန်ပညာရပ်များ၊ လက္ခဏာပညာရပ်များကို စိတ်ဝင်စားသူပီပီ အများရှေ့တွင် ခွင့်ပြုချက်တောင်းခံ၍ မေစီ၏ ဘယ်ညာလက်ဝါးပြင်ရှိ လက္ခဏာများကို အသေးစိတ်ကြည့်ရှုမိသည်။

ထူးဆန်းအံ့ဩဖွယ် ကောင်းသော ပညာရပ်များတွင် လက္ခဏာပညာရပ်များသည်လည်း ပါ၏။

မေစီ၏ ဘယ်ညာလက်ဝါးပြင်ရှိ ကြာသပတေးဖြိုဟ်ခုံပေါ်တွင် ကြာဖူးပုံပါခြင်း၊ အင်္ဂါလွင်ပြင်၏ အလယ်တည့်တည့်တွင် စကြာတံဆိပ် ခတ်နှိပ်ထားခြင်း၊ ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံကို လေးကိုင်းသဏ္ဌာန် ဆက်သွယ်ထားသော သယမ္ဘူလမ်းကြောင်း ပါခြင်း၊ မေတ္တာလမ်းကြောင်းနှင့် ဉာဏ်လမ်းကြောင်းအကြား စတုဂံလွင်ပြင်တွင် ဝိဇ္ဇာမယ ကြက်ခြေခတ်များ ပါရှိနေခြင်းသည် ဇာတာရှင်အတွက် လွန်စွာမှထူးချွန်ပြောင်မြောက်စေပါသည်။

●

ဇန်နဝါရီလ ဆောင်းရက်များသည် လွန်ကဲသော အေးစိမ့်မှုကို ပေးလျက်ရှိသည်။ ကားရှေ့ အားကောင်းသော မီးလုံး နှစ်လုံးသည် ထူထဲသော မြူနှင်းများကို ဖြိုခွဲလျက်။ ကားရှေ့ လေကာမှန်ကို အရှိန်နှင့်ထိတွေ့သော နှင်းစက်များသည် သင်္ခါရသဘောဆောင်ဟာ ပျက်ပြယ်ကုန်သည်။

ကားလမ်းဘေးတစ်ဖက် တစ်ချက်စီတွင် အမှောင်ထုများက ကြီးစိုးလွှမ်းမိုးနေသည်။ ညဥ့်အမှောင်ထဲတွင် အက်စ်အီးကား အဖြူလေးတစ်စီးသည် လျင်မြန်သော အရှိန်ဖြင့် မောင်းနှင်လျက်ရှိသည်။

ယာဉ်မောင်းသူမှာ အသက် (၄၀)ခန့် ဦးလေးကြီး တစ်ယောက်ဖြစ်သည်။ ကားရှေ့ခန်းတွင် ကျွန်ုပ်။ နောက်ခန်းတွင် မေစီ။ အားလုံးမှာ ငြိမ်သက်စွာဖြင့် လိုက်ပါလာလျက်။

လင်းထိန်တောက်ပသော ကားမီးရောင်အောက်တွင် မည်းနက်သော ကတ္တရာလမ်းသည် တွန့်လိမ်ကောက်ကွေးနေသော မြွေကြီးတစ်ကောင်နှင့် တူလေသည်။ တစ်ခါတစ်ရံ ရှေ့တူရူမှ လာသော ကုန်တင်ကားကြီးများကို ရှောင်ပြီး မောင်းရသည်မှာ အသည်းယားစရာပင်။

ညဥ့်နက်လာလေ ပိုပြီး အေးလာလေဖြစ်သည်။ အပြာရောင်သမ်းသော ကောင်းကင်ပြင်တွင် လကို မမြင်ရ။ ဟိုတစ်စု သည်တစ်စုနှင့် လင်းလက်တောက်ပနေသော ကြယ်စုများကိုသာ မြင်ရသည်။ အက်စ်အီးကားအဖြူလေးသည် ကတ္တရာလမ်း မဟုတ်သော ကျောက်စရစ်ခင်း တောင်ပေါ်လမ်းတစ်ခုပေါ်သို့ ပြောင်းရွှေ့မောင်းနှင်လိုက်သည်။

ကျွန်ုပ်သည် ခရီးသွား အတွေ့အကြုံအရ ကရင်ပြည်နယ်ထဲသို့ရောက်ရှိနေပြီ ဆိုတာကိုတော့ သိနေသည်။ သို့သော် မှောင်မည်းနေသဖြင့် ဘယ်နေရာလဲဆိုတာ အတိအကျ သိရှိရန် မခန့်မှန်းနိုင်။

ပြီးတော့ ကားရှေ့မီးရောင်ဖြင့် မြင်နေရသည့်ယာဉ်မောင်းသူ၏မျက်နှာ။ စကားတစ်ခွန်းမျှ မပြောဘဲ ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်လာသူ။ သူ့ မျက်လုံးများက ရွေ့လျားမှုမရှိ။ မျက်လုံးသေကြီးနှင့် တူသည်။ မျက်တောင်လည်း လုံးဝမခတ်။ သူကြည့်ရသည်မှာ သံပတ်ပေးထားသည့် စက်ရုပ်နှင့် တူသည်။

အနောက်မှာ ရှိသည့် မေစီကို ကြည့်သော်လည်း အာရုံတစ်ခုကို ထိထိမိမိ ခံစားနေသည့်ပုံစံမျိုး။

တောင်တက်လမ်း ဖြစ်သဖြင့် အချိုးအကွေ့ များလှသည်။ ညီညာပြေပြစ်မှု မရှိသော လမ်းဖြစ်သဖြင့် ခန္ဓာကိုယ်များမှာ ယိုင်ထိုးနေသော်လည်း ယာဉ်မောင်းသူနှင့် မေစီမှာ ဘာခံစားမှုမျှ မရှိသည့်နှယ်။

ထူထဲသော နှင်းထုများသည် သိပ်သည်းစွာ ကျနေသည်။ အင်ဂျင်လည်ပတ်မှုအသံများ လျော့နည်းသွားကာ ကားလည်း ထိုးရပ်သွားသည်။

ကားရပ်သွားသည်နှင့် လင်းထိန်သော အောက်လင်းမီးများ ကိုင်ဆောင်ထားသည့် လူ[illegible]ကားနားသို့ လျင်မြန်စွာ ရောက်ရှိလာသည်။ ကားနောက်ခန်း တံခါးကို ရိုရိုသေသေ ဖွင့်ပေးပြီး ခေါင်းကလေးငုံ့ကာ ဂါရဝပြုသည်။



www.burmeseclassic.com

www.burmeseclassic.com

"သခင်မကြီး အားလုံး အဆင်သင့်ပါပဲ"

ကျွန်ုပ်တို့အားလုံး ကျောက်စိမ်းမယ်လို့ သတ်မှတ်ပေးထားခြင်းခံရသည့် မေစီသည် သာမန် အမျိုးသမီးတစ်ယောက်တော့ မဖြစ်နိုင်။ ညမှောင်မှောင် လမိုက်ရက်မှာ မွေးနေ့ပွဲသို့ ခေါ်လာခြင်းမှာ ထူးခြားဆန်းကြယ်နေသည်။

"လာ အစ်ကို၊ ကျွန်မ နောက်က လိုက်ခဲ့ပါ။ ဒီနေရာ ဒီဒေသတွေက ကျွန်မ ပိုင်ဆိုင်တဲ့နယ်မြေတွေပါ။ ဘာမှ ကြောက်စရာမရှိပါဘူး"

ဝါဆို ဖယောင်းတိုင်ကြီးများ လင်းထိန်နေအောင် ထွန်းထားသည့် အဆောက်အအုံတစ်ခု။ ကျွန်ုပ်နှင့် မေစီ ပါဆို စုစုပေါင်း လူ ခုနစ်ယောက်။ ကျွန်ုပ်သည် မေစီနောက်မှ ကပ်ပါလိုက်လာရင်း မမျှော်လင့်ဘဲ တွေ့ရှိလိုက်ရသည့် မြင်ကွင်းကြောင့် အံ့သြထိတ်လန့်တုန်လှုပ်မိသည်။

ကြီးမားလှသော ကျောက်ဖျာကြီးပေါ်တွင် ခေါင်းတလား နှစ်ခု။ အရွယ်တူ ပုံစံတူ ခေါင်းတလား၏ ပတ်လည်နှင့် အံ့ဖုံးတွင် ကြည်လင်တောက်ပသော မှန်များ ကာရံထား၍ အထဲမှ ခန္ဓာကိုယ်များကို ပကတိအတိုင်းသား မြင်တွေ့နေရသည်။

ဘေးပတ်လည်ရှိ ကြီးမားလှသော ဝါဆိုဖယောင်းတိုင်မှ အလင်းအားကြောင့် ထင်ထင်ရှားရှား မြင်နေရသည်။ ခေါင်းတလား၏ ထိပ်တွင် ကြွေအိုးကြီးများနှင့် လှပသော ရောင်စုံပန်းပွင့်များ။ မူလရုပ်သွင်နှင့် ပျက်စီးယိုယွင်းမှု မရှိသော ခန္ဓာကိုယ်အစိတ်အပိုင်းများ။ သည့်ထက်ထူးခြားသည်မှာ ခန္ဓာကိုယ် အစိတ်အပိုင်းအလိုက် မြှုပ်နှံထားသည့် တန်ဖိုးကြီးမားလှသော ကျောက်မျက်ရတနာများ။ လုံးဝမျှော်လင့်မထားဘဲ မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ကျွန်ုပ် အံ့သြကြီးစွာ ဖြစ်ခဲ့ရသည်။

မိမိမျက်လုံးနှစ်လုံးကိုပင် ဟုတ်မှဟုတ်ရဲ့လားဟု သံသယစိတ်ဖြင့် တွေးထင်မိသည်။ ထွန်းညှိထားသော အမွှေးတိုင်မှ အမွှေးနံ့သာများနှင့်အတူ မေစီသည် ပြည်ထောင်းရွယ်ရှိ ကျောက်စိမ်းတုံးတစ်တုံးအား အရောင်တဖိတ်ဖိတ်တောက်နေသော ရွှေလင်ပန်းထဲထည့်၍ ခေါင်းတလား၏ ဦးခေါင်းပိုင်းရှိ စင်မြင့်ပေါ်တွင် တင်ထားလိုက်သည်။

ကျောက်စိမ်းတုံး၏ အလယ်ဗဟိုမျက်နှာပြင်မှ အရောင်မျိုးစုံ ဖြန့်ကြက်ကာ ထွက်ပေါ်လျက်ရှိသည်မှာ အံ့မခန်း။ အထူးသဖြင့် ဗေဒါရောင်၊ ခရမ်းရောင်၊ တိမ်ခိုးရောင်၊ ကြက်သွေးရောင်၊ ပြာလဲ့သောရောင်စဉ်တန်းများက ပိုများသည်။

ကောင်းကင်ဘုံ၏ အမှတ်အသား တံဆိပ်များ နေရာတိုင်းမှာ ပြည့်နှက်နေသည်။ စင်စစ် ကျောက်စိမ်းသည် ကောင်းကင်ဘုံ၏ ကိုယ်စားပြု အမှတ်အသားပင်တည်း။ စစ်မှန်သော အရည်အသွေးကောင်းသော အပြစ်အနာအဆာကင်းသော ကျောက်စိမ်းတော့ ဖြစ်ရပေမည်။ မဟုတ်တတ်ရပ် လက်အုပ်ချီရင်း အရပ် (၁၀)မျက်နှာ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ဆုတောင်းခြင်း သင်္ကေတများသည် ကျွန်ုပ်အတွက် တန်ဖိုးဖြတ်၍ မရနိုင်သော အတွေ့အကြုံများပင် ဖြစ်ပါသည်။

ကျွန်ုပ်ကိုယ်တိုင်ပင် စိတ်ညှို့ခံရသူပမာ စိတ်စေတသိက်များ ပြင်ပကမ္ဘာသို့ လွင့်စဉ်ထွက်သွားသလို ခံစားလိုက်ရသည်။ ကျွန်ုပ် ခန္ဓာကိုယ်မှာရှိသော အသိတွေ၊ သတိတွေ၊ နားလည်ခံစားမှုတွေ ဘယ်ရောက်ကုန်ပြီလဲ။ ဦးနှောက်နှင့် အာရုံခံစားမှုစနစ်တွေ တကယ်ပင် ပြောင်းလဲကုန်ပြီလား။

ပြီးတော့ စိတ်တန်ခိုးနှင့် ပေါင်းစပ်ထားသည့် အမြင်အာရုံတွေ၊ ထူးထူးဆန်းဆန်း ဖောက်ထွင်းပြီး မြင်လာသည့် သဘောကို ဆောင်လာသည်။

ခေါင်းတလားထဲမှ မပုပ်မသိုးဘဲ မူလရုပ်သွင် ပျက်စီးယိုယွင်းမှုမရှိသော ခန္ဓာကိုယ်နှစ်ခုအား စူးစူးစိုက်စိုက်ကြည့်နေမိသည်။ ကျွန်ုပ်၏ မျက်လုံးများက ထူးဆန်းအံ့ဖွယ်ရာများကို ကြည့်လို့မဝ။

အထူးသဖြင့် အသက်မဲ့ခန္ဓာကိုယ် ဒွါရကိုးပေါက်တွင် မြှုပ်နှံထားသော ကျောက်စိမ်း၏ ရောင်စဉ်တန်းများသည် ခေါင်းတလား၏ အလယ်ဗဟိုတွင် သွားစုနေ၏။ မိုးကောင်းကင်၏ ဆွဲအား၊ မဟာပထဝီ မြေကြီး၏ တွန်းကန်အားကြောင့် လျှပ်စစ်စီးကြောင်း သံလိုက်ဆွဲအားတွေ ဖြစ်ပေါ်လာတာလား။

မည်သို့ဆိုစေ ကျွန်ုပ်၏ ခြေထောက်များက ဌင်းဝန်းကျင်မှ မထွက်ခွာချင်။ ခန္ဓာကိုယ်ကြီး တစ်ခုလုံးအား သံမဏိကြိုးတွေနှင့် အထပ်ထပ်ရစ်ပတ်ထားသလို ခံစားနေရသည်။ ခြေထောက်နှစ်ချောင်းကလည်း ရွှေ့လျား၍မရ။

အမြင်အာရုံတွင် မိန်းမောတပ်မက်နေစဉ် -

"လာ အစ်ကို သွားကြရအောင်၊ အစ်ကို အိပ်ငိုက်နေတာတော့ မဟုတ်ပါဘူးနော်"

မေစီ၏ အသံလှိုင်းများက ကျွန်ုပ်၏ မိန်းမောတွေဝေသွားမှုကို ရပ်တန့်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြေပြစ် တွေ့ကောက်သော ကျောက်စရစ်ခင်း လမ်းတစ်ခုကို လျှောက်လှမ်းလာခဲ့ရသည်။ အောက်လင်းမီး မှန်အိမ်များ၊ လက်နှိပ်ဓာတ်မီး အရောင်များသည် အမှောင်ထုကို ထွင်းဖောက်လျက်ရှိသည်။ မေစီ၏ အမိန့်ပေးညွှန်ကြားနေသံကိုလည်း ကြားနေရသည်။ ပြီးတော့ တစ်ဖက်မှ ပြန်လည်တုံ့ပြန်သံ။

“ကားကို အဆင်သင့်လုပ်ထား၊ မနက်လေးနာရီ ပြန်ထွက်မှာနော်”

“မြို့ထဲလောက်ပဲ မောင်းလို့ရမှာ၊ ဓာတ်ဆီက အလုံအလောက် မရှိတော့ဘူး၊ ကားကြီးဝင်းထဲတော့ ရောက်အောင် ပို့ပေးနိုင်ပါတယ်”

“ပြောထားတဲ့အတိုင်း အားလုံး အဆင်ပြေအောင် လုပ်ပေးလိုက်”

“ဟုတ်ကဲ့ပါ သခင်မကြီး”

အကွေ့အကောက်များသော တောင်တက်လမ်းဖြစ်သည်။ ည မှောင်မှောင်ထဲတွင် ဘယ်နေရာ ဘယ်ဒေသဆိုတာ အတိအကျ ခန့်မှန်းရခက်သည်။ ညအမှောင်ထုအောက်တွင် အုပ်ဆိုင်းနေသော သစ်ပင်များသည် နက်ရှိုင်းသော အမှောင်ထုများ ဖြစ်ပေါ်စေရန် ဖန်တီးထားသလို ဖြစ်နေသည်။

မိနစ်နှစ်ဆယ်လောက် လျှောက်မိလျှင် ရောင်စုံမီးပုံးများနှင့် သွယ်တန်းကာ အလှဆင်ထားသည့် တစ်ထပ်တိုက်တစ်လုံးကို တွေ့ရသည်။

ညဉ့်လေအေး၏ တိုက်ခတ်မှု ပုံသဏ္ဍာန်အရ ယခုရောက်ရှိနေသော တောင်၏ အလယ်ပဟိုလောက်တွင် ရှိပုံရသည်။

ကျွန်ုပ်အား သီးသန့်အခန်း တစ်ခုတွင် ခေတ္တခဏပေးနားပြီး အနားယူစေသည်။

တိုက်ပုံစံမှာ ခေတ်သစ်ဒီဇိုင်း ပုံစံမျိုးမဟုတ်။ ရှေးဟောင်းလက်ရာမျိုးနှင့် ခပ်ဆင်ဆင်တူသည်။ ပုံစံမှာ ခေတ်အို ခေတ်ဆွေးမှ ရဲတိုက်ပုံစံတစ်ခုနှယ်။ ကြီးမားလှသော ဝါဆိုဖယောင်းတိုင်မီးများသည် ခန်းလုံးပြည့် ထွန်းထားလျက်။

ကျွန်ုပ်ဝမ်းဗိုက်ထဲမှ ဆာလောင်မှုကို ဖြစ်ပေါ်လာသည်။ လက်ပတ်နာရီမှ နာရီလက်တံများက ည ၁၂နာရီ ၁၀မိနစ် ရှိကြောင်း ညွှန်းဆိုနေသည်။ နားနေခန်းတွင် နာရီဝက်ကျော်ကျော် အနားယူပြီးချိန်တွင် -

“သခင်မကြီးက စားသောက်ခန်းမကို ကြွဖို့ လာခေါ်တာပါရှင်”

အသက်နှစ်ဆယ်နီးပါးရှိ လုံမပျိုဖြူလေးတစ်ယောက်။ စိမ်းပြာရောင် အထက်အောက် ဝမ်းဆက်ဖြင့် ဝတ်ဆင်ထားသည်မှာ ကြည့်ကောင်းလှသည်။

သူမ ခေါ်ဆောင်သွားသည်မှာ ကျယ်ဝန်းသော ခန်းမဆောင်ကြီးတစ်ခု။

စက်ဝိုင်းပုံစံရှိ ကျောက်စိမ်းစားပွဲ၊ ကျောက်စိမ်း ကုလားထိုင်၊ ကျောက်စိမ်းထိုင်ခုံ၊ ကျောက်စိမ်း ပန်းကန်၊ ကျောက်စိမ်းဇွန်း၊ လူသုံးကုန်ပစ္စည်းမှန်သမျှ ကျောက်စိမ်းနှင့် ထုလုပ်ဖန်တီးထားသော အရာများသာ ဖြစ်လေသည်။

မေစီကိုယ်တိုင်ပင် စိမ်းပြာရောင် ရွှေချည်ထိုး ဇာအင်္ကျီ၊ ထဘီများကို အထက်အောက် ဝတ်ဆင်ပြီး အရောင်မျိုးစုံ ဖြာထွက်နေသော ကျောက်စိမ်းများကို ဝတ်ဆင်ထားသည်မှာ ထူးခြားဆန်းကျယ်လှသည်။

ကျွန်ုပ်အတွက် သတ်မှတ်ပေးထားသော ထိုင်ခုံတွင် ထိုင်မိသည်နှင့်-

“ဒီညစာ စားပွဲကတော့ မေစီရဲ့ အသက် ၇၀ ပြည့် မွေးနေ့ပွဲပါ။ အစားအသောက်တွေကတော့ သားသတ်လွတ်ချည်းပါပဲ၊ ဖေဖေ၊ မေမေတို့ရဲ့ ပေးထားတဲ့ တာဝန်တစ်ခုကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးပြီမို့ ဒီညစာစားပွဲက နှုတ်ဆက်ပွဲဆိုလည်း မှားမယ် မထင်ပါ၊ လူတစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံခြင်း၊ ခွဲခွာခြင်းဆိုတာ ကံတရားနဲ့ လုံးဝပတ်သက်ပါတယ်၊ ပြီးတော့ ကျောက်မျက်ရတနာ၊ မိမိနဲ့ ထိုက်တန်တဲ့ ပါရမီရှိမှသာ မြင်တွေ့ခွင့် ထိတွေ့ကိုင်တွယ်ခွင့် ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်တွေကို ရရှိမှာ ဖြစ်ပါတယ်”

ကျွန်ုပ်သည် နားထောင်ရင်း အသက် (၇၀)လို့ သတ်မှတ်ပြီး ပြောသည့်အတွက် အံ့သြခြင်းများစွာ ဖြစ်ရပါသည်။ ဘယ်လိုမှ ထင်မှတ်ထားသည့် သက်တမ်း မဟုတ်။ တိုးညင်းသော လေသံများနှင့် ပြောသောစကားတို့မှာ ကျွန်ုပ်၏နားထဲသို့ အလုအယက်တိုးဝှေ့ပြီး ဝင်လာသည်။

“ဘာပဲ ပြောပြော၊ ဆယ်စုနှစ်တစ်စုမှာ သန့်ရှင်းတဲ့စေတနာ ဖြူစင်တဲ့မေတ္တာတွေနဲ့ မောင်နှမ အရင်းအချာတွေလို ကူညီစောင့်ရှောက်တဲ့အတွက် ကျွန်မ အများကြီး ကျေးဇူးတင်ပါတယ်။ နှစ်တစ်ရာ ဆေးပေါင်းရည်ကို ဦးစွာသုံးဆောင်ပါရှင်”

အမှန်စင်စစ် မွေးနေ့ပွဲသာဆိုသည် စက်ဝိုင်းပုံစံရှိ ကျောက်စိမ်းစားပွဲတွင် ကျွန်ုပ်နှင့်မေစီ နှစ်ဦးတည်းသာ။ ကျောက်စိမ်းစားပွဲပေါ်တွင်လည်း အသီးအရွက်ပေါင်းစုံများ၏ အကြော်အလှော်များ။ ကြီးမားသော ဖန်ပုလင်းထဲတွင် ဆေးမြစ်ပေါင်းစုံနှင့် ဖော်စပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com

နှစ်တစ်ရာ ဆေးပေါင်းရည်မှာ နီညိုညို အရောင်ထွက်လျက်ရှိသည်။

စားသောက်ရန်အတွက် လိုအပ်တာများ ဖြည့်စွက်လုပ်ပေးရန် အဆင်သင့် စောင့်နေသည့် လုပျိုဖြူသုံးဦးရှိနေသည်။ သူတို့သုံးဦးစလုံး စိမ်းပြာရောင် တူညီဝတ်စုံများ ဝတ်ထားပြီး မျက်နှာများမှာ ပြုံးရယ်ခြင်းကို မပြု။ သခင်မ၏ အမိန့်ကို စောင့်ဆိုင်းနေဟန်ရှိသည်။

မေစီသည် ထိုင်နေရာမှ ဆေးပေါင်းရည် ဖန်ပုလင်းကြီးကို လက်ညှိုးထိုးပြလိုက်သည်နှင့်တစ်ပြိုင်နက် ကြည်လင်တောက်ပသော ဖန်ခွက်ထဲတွင် အနေတော်ထည့်၍ ဦးစွာ မေစီ၊ ပြီးတော့ ကျွန်ုပ်ရှေ့တွင် ချပေးလာသည်။ ဘာရယ်မသိ၊ ၎င်းဆေးရည်ကို ကျွန်ုပ် လွန်စွာသောက်ချင်လာသည်။ သို့သော် မေစီကိုလည်း အကဲခတ်ကြည့်ရှုရသေးသည်။

"သုံးဆောင်ပါ အစ်ကို"

ပါးစပ်ထဲမှ လည်ချောင်း၊ ထိုမှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ စီးဝင်သွားသော နီညိုညိုနှစ်တစ်ရာ ဆေးပေါင်းရည်သည် သူ၏ စွမ်းဆောင်မှု အရည်အချင်းကို ပြသပါတော့သည်။ ဆေး၏ အရသာမှာ ခါးခြင်း၊ ချဉ်ခြင်း၊ သက်ခြင်း၊ ချိုခြင်း အလျှင်းမရှိ။

ခန္ဓာကိုယ်မှာ ဖွန်တွဲနေသော စိတ်စေတသိက်များကို တခြားကမ္ဘာသို့ ရောက်အောင်တွန်းပို့လိုက်သလို ခံစားနေရသည်။ အိပ်မက်ထဲမှာ အစားစားသလို၊ အိပ်မက်ထဲမှာ လမ်းလျှောက်သလိုနှင့် တူနေသည်။ အာရုံခံစားမှု အပိုင်းများသည် ဝေဝါးသွားသည်။ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွားပြီး စကြဝဠာအပြင်ဘက်တွင် လွင့်မျောနေသည့်နှယ်။

ကျွန်ုပ်အား တည်ခင်းဧည့်ခံထားသော အစားအစာများကို ဆာလောင်မွတ်သိပ်နေသဖြင့် သုံးဆောင်ခဲ့သည်ကိုတော့ သိသည်။ ကျွန်ုပ် အမြင်အာရုံတွင် မေစီသည်လည်းကောင်း၊ လုပျိုဖြူလေးများသည်လည်းကောင်း၊ ကျောက်စိမ်းများနှင့် ဖန်တီး တည်ဆောက်ထားသော ခန်းမကြီးသည်လည်းကောင်း ဝေဝါးနေဆဲ။ ကျွန်ုပ်၏ အမြင်အာရုံထဲမှ အရာခပ်သိမ်းအားလုံး ဆိတ်သုဉ်းကွယ်ပျောက်သွားသလို ခံစားလိုက်ရသည်။

●

မှန်တာကို ဝန်ခံရလျှင် ကျွန်ုပ် အိမ်ပြန်ရောက်သည်အထိ ပုံမှန်စိတ်မရှိသေး။ ဘယ်လိုက ဘယ်လို အိမ်ပြန်ရောက်နေတာလဲ။ မည်သူတွေလိုက်ပို့ပေးတာလဲ။ ပြီးတော့ မေစီ။ အဲဒီထဲက မေစီသည် အပြီး ပျောက်ကွယ်ခဲ့၏။ နောက်နောင် လုံးဝမတွေ့တော့။

အမျိုးအမည်မသိသော ဝေဒနာတစ်ရပ်သည် ကျွန်ုပ်ရင်ထဲသို့ တိုးဝှေ့ဝင်လာ၏။

တမ်းတခြင်း၊ လွမ်းဆွတ်ခြင်း၊ နာကျင်ခြင်းနှင့်အတူ လျှို့ဝှက်ပုန်းကွယ်နေသော ကြင်နာခြင်းများသည် အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ခြင်းပင် ဖြစ်သည်။

ကျွန်ုပ်၏ ပြောကြားချက်များကြောင့် ကိုစိန်အောင်ကျော်၊ ကိုစိုးသီဟတို့နှင့်အတူ ၎င်းနေရာဟု ထင်မှတ်ရသော နေရာဒေသများသို့ အကြိမ်ကြိမ် အထပ်ထပ်စုံစမ်းမေးမြန်းပြီး သွားရှာခဲ့ကြသည်။ လုံးဝ ရှာမတွေ့။ ပိုပြီးဆိုးသည်မှာ မေ့မေ့ပျောက်ပျောက်နေလို့ မရခြင်းပင်။

ပြီးတော့ ညစာစားပွဲမှာ -

"ဖေဖေ၊ မေမေတို့ရဲ့ ပေးထားတဲ့ တာဝန်တစ်ခုကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးပြီမို့ ဒီညစာစားပွဲက နှုတ်ဆက်ပွဲဆိုလည်း မှားမယ်မထင်ပါ"ဟု မေစီ၏ ပြောဆို သုံးနှုန်းချက်များ။

ဘာဖြစ်လို့ ညစာစားပွဲ နှုတ်ဆက်ပွဲကို ကျွန်ုပ်တစ်ယောက်တည်းကိုမှ ရွေးချယ်ပြီး ဖိတ်ရတာလဲဟု စဉ်းစားစရာများ မေးခွန်းထုတ်စရာများ ဖြစ်လာခဲ့သည်။

(၆)လခန့်အကြာ ကျွန်ုပ်၏ အိမ်လိပ်စာနှင့် မှတ်ပုံတင်ထားသော စာတစ်စောင်ရောက်လာခဲ့သည်။ စာနှင့်အတူ ဓာတ်ပုံတစ်ပုံလည်း ပါသည်။

သို့ . . .

အစ်ကို

ဆုံတွေ့ခြင်း၊ ခွဲခွာခြင်းဆိုတာ ကံတရားနဲ့ လုံးဝ သက်ဆိုင်ပါတယ်၊ လောကကြီးမှာ ပေါက်ဖွားလာတဲ့ လူသားအားလုံးမှာ လျှို့ဝှက်ချက်တွေ၊ ဖုံးကွယ်မှုတွေ ကိုယ်စီရှိနေကြတာပါ။ အဲဒီအထဲမှာ ငြင်းချက်ထုတ်လို့မရတဲ့ အကြောင်းတရားတွေ အများကြီးပါ။

အစ်ကို့ကို ပေးပြတဲ့ ခေါင်းတလားထဲက သက်မဲ့ ခန္ဓာတွေဟာ မေစီရဲ့ ဖေဖေနဲ့ မေမေပါ၊ မေစီတို့ရဲ့ ဘိုးဘေး ဘီဘင်တွေအားလုံး ကျောက်စိမ်းကို အထွတ်အမြတ်ထားပြီး ဝိညာဉ်လောက နာမ်ကိန်းပြယုဂ်တွေအဖြစ် အသုံးပြုပါတယ်။

နာမ်လောက ဝိညာဉ်လောကကို ဖြန့်ကြက်ပြီး ဆက်သွယ်ပေးတာပါ။ မေစီတို့ရဲ့ ကျောက်စိမ်းတောရာဇ် အနန္တ တန်ခိုးရှင်တစ်ပါးဖြစ်တဲ့ ယူးဟူအန်ကို ပူဇော်ပသ ကိုးကွယ်နေတာပါ။ အဲဒါဟာ အဓိကကျတဲ့ အကြောင်းတရား အဖြစ် ရပ်တည်ရှင်သန်လျက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဘိုးဘေးဘီဘင် အဆက်ဆက်ဟာ ကျောက်စိမ်းကေရာင် အနန္တတန်ခိုးရှင်တစ်ပါးဖြစ်တဲ့ ယူးဟွာအန်ရဲ့ ပုံရိပ်တွေပါတဲ့ ကျောက်စိမ်းတွေကို လျှို့ဝှက်ရှာဖွေခြင်းပါပဲ။

မျိုးဆက်ဟောင်းမှသည် မျိုးဆက်သစ်ဆီသို့ မှုကို သန္ဓေတည်ပြီး လက်ဆင့်ကမ်း လျှို့ဝှက်သုတေသနပြု ရှာဖွေခြင်းပါပဲ။ အဲဒီမှာစီးပွားရေးနဲ့ အတူကပ်ပြီး လိုက်ပါလာတာဟာ လောဘပါပဲ။

ကြီးမားလှတဲ့ မတော်လောဘကို ပယ်သတ်နိုင်မှသာ တွန်းလှန်နိုင်မှသာ အောင်မြင်မှု အသီးအပွင့်တွေကို ရယူပိုင်စိုး ရင်ဝယ်ပိုက်နိုင်မှာပါ။ အဲဒါဟာ အဓိကကျတဲ့ အခြေခံအချက်တစ်ချက်ပါ။

လူတွေ တော်တော်များများ ကျရှုံးခြင်းအပိုင်းကို ကြည့်ရင် ကြီးမားလှတဲ့ မတော်လောဘတွေကြောင့်ပါ။ အဲဒီလောက်ဆို အစ်ကို သဘောပေါက်မယ် ထင်ပါတယ်။

ရွှေလင်ပန်းနဲ့ ထည့်ထားတဲ့ ကျောက်စိမ်းကို အစ်ကို မြင်တွေ့လိုက်ရမှာပါ။ ဆယ်စုနှစ်တစ်စုစာ မရပ်မနားသုတေသနပြုပြီး ရှာဖွေခဲ့ရတဲ့ ကျောက်စိမ်းတုံးပါ။ မေစီရဲ့ ထူးခြားထက်မြက်တဲ့ စွမ်းရည်ကို ဖွင့်လှစ်ပြသလိုက်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ကျောက်စိမ်းမျက်နှာပြင်ရဲ့ အလယ်ဗဟိုမှာ ကျောက်စိမ်းကေရာင်အနန္တတန်ခိုးရှင်တစ်ပါးဖြစ်တဲ့ ယူးဟွာအန်ရဲ့ ပုံရိပ်တွေပါလို့ပါပဲ။

အစ်ကို ဒီစာကို ဖတ်နေတဲ့ အချိန်မှာ မေစီ လူ့လောကမှာ မရှိတော့ပါဘူး။ ရုပ်ခန္ဓာကို ပိုင်စိုးတဲ့သူတိုင်း မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမှာပါ။

ကြွင်နာခြင်းဆိုတာ နာကျင်ခြင်းရဲ့ နိဂုံးပါ။ ဆုံးရှုံးစွန့်လွှတ်ရခြင်းရဲ့ အစဟာ မက်မောတွယ်တာခြင်းပါ။ ပေးဆပ်ခြင်းဟာ ဘဝ, ဘဝပေါင်းများစွာကို ဖန်တီးတည်ဆောက်တာပါ။ ရယူခြင်း၊ ပိုင်ဆိုင်ခြင်းဆိုတာ လောကသုံးပါးမှာ အမြဲတမ်းဖြစ်ပေါ်နေတဲ့ မခိုင်မြဲတဲ့ အကြောင်းတရားတွေပါ။

ကဲ- အဲဒါဆိုရင် လောကသုံးပါးမှာ ခိုင်မြဲတဲ့ အကြောင်းတရားတွေကို အစ်ကိုတစ်ယောက် ရှာဖွေနိုင်ပါစေ။

တမလွန်ဘဝခြားသော်လည်း-

မေစီ

စာနှင့်အတူ ပူးတွဲ ထည့်ပေးလာသည့် ဓာတ်ပုံ။

ခေါင်းတလားထဲမှ မေစီရုပ်သွင်။ လှပသော မျက်နှာ။ ကျေနပ်သော အပြုံး။ ပြည့်ဝသော ဆန္ဒများနှင့်အတူ နှုတ်ဆက်ထွက်ခွာသွားသည့် အလားမြင်ရသူအပေါင်းကို ငြိမ်းအေးစေသည်။ သက်မဲ့ ကိုယ်ခန္ဓာမှာလည်း အရည်အသွေးနှင့် တန်ဖိုးမြင့်မားပြီး များစွာသော ကျောက်စိမ်းများကို ဆင်မြန်းထားလေသည်။

ကျွန်ုပ်၏ ရစ်ဝဲနေသော မျက်ဝန်းအိမ်မှ မျက်ရည်စက်များ ဓာတ်ပုံပေါ်သို့ စီးကျသွားသည်။ ကျွန်ုပ်နှင့် ဆယ်စုနှစ်တစ်စုစာ အနီးကပ် နေခဲ့သော မေစီအား တန်ဖိုးကြီးမားသော ကျောက်စိမ်းမယ်ဆိုတာ မသိခဲ့။

ကျောက်စိမ်းမယ်၏ လျှို့ဝှက်စံအိမ်ကို ရောက်ရှိခဲ့ခြင်းသည် နောက်ဆုံးနှုတ်ဆက်ပွဲဆိုတာကိုလည်း သဘောမပေါက်ခဲ့။

လူကဲခတ်ညံ့သော စာရင်းတွင် ကျွန်ုပ်ပါဝင်ခဲ့ခြင်းသည် အစားထိုး၍မရသော ဆုံးရှုံးမှုကြီး တစ်ခုပင်။

ကျွန်ုပ် စာနှင့် ဓာတ်ပုံကိုကြည့်ပြီး ဝမ်းနည်း ပူဆွေးချိန်တွင် -

"ကိုထွန်းထွန်း၊ ကိုထွန်းထွန်း"

ကိုစိန်အောင်ကျော်သည် အော်ခေါ်ရင်း တရုတ်အဘိုးကြီး တစ်ယောက်နှင့်အတူ အိမ်သို့ ရောက်လာသည်။ တရုတ်အဘိုးကြီး လက်ထဲတွင်လည်း နီညိုရောင် ယွန်းဘူးတစ်ခုကိုကိုင်လျက်။ ကိုစိန်အောင်ကျော်မှ တရုတ်အဘိုးကြီးအား ပြောသည်မှာ-

"အဘတွေ့ချင်တဲ့ ကိုထွန်းထွန်းပါ"

တရုတ်အဘိုးကြီးသည် ကျွန်ုပ်အား အသေအချာကြည့်ပြီး လက်ထဲမှ ကိုင်ထားသည့် ယွန်းဘူးအား တရိုတသေ ပေး၏။ နှုတ်မှ ဘာတစ်ခွန်းမျှ မပြော။ ဝမ်းနည်းပူဆွေးသော အသွင်ကိုဆောင်၏။ ကျွန်ုပ်သည် သိလိုဇောဖြင့် ယွန်းဘူးအား လျင်မြန်စွာ ဖွင့်ကြည့်ရာ -

"ချွမ်"

လို့ ခေါ်သည့် မေစီ အမြဲတမ်းဝတ်ဆင်လေ့ရှိသော ခရမ်းရည်အရောင် ကျောက်စိမ်းပင် ဖြစ်ပါတော့သည်။

ကျွန်ုပ်မျက်ဝန်းအိမ်မှ မျက်ရည်စက်များသည် ကျောက်စိမ်းမယ်၏ လျှို့ဝှက်စံအိမ်သို့ ပေါင်းကူးဆက်သွယ်လျက်။

**မင်းဟန်(သန်လျင်)**

□





www.burmeseclassic.com

www.burmeseclassic.com



ဝင်းသီဟ (သန်လျင်)

# ကျွန်ုပ်နှင့် အောက်လမ်းဆရာကြီး ဦးငွေရှိုင်

ဒီမနက် အရုဏ်မကျင်း လင်းကြက် မတွန်မီကတည်းက အိပ်ရာက နိုးနေသည်။ မနိုးလို့မဖြစ်၊ အိမ်ရှေ့မှာရှိတဲ့ ရပ်ကွက်ဆွမ်းလောင်းမဏ္ဍပ်ရုံက လော်စပီကာသံက အိပ်ပျော်နေသော ရပ်သူ ရပ်သားတို့ကို မနိုးနိုးအောင် နှိုးလေတော့သည်။ ပြန်အိပ်လို့ မရမဲ့အတူတူ အိပ်ရာကထ မျက်နှာသစ်ပြီး ခေါင်းရင်းအိမ်မှ ပဲပြုတ်သည်-မထားဆီက တစ်ရာဖိုးသော ပဲပြုတ်ပူပူကို ဆီဆမ်းပြီး ထမင်းကြမ်းခဲနဲ့ လွေးနေစဉ် ဘုန်းကြီး ဆွမ်းလောင်းပြီးတဲ့ အမေ အိမ်ပြန်ရောက်လာသည်။

"ဟဲ့- စောစောစီးစီး ဘာရှိလို့ ဘာနဲ့ စားနေတာလဲ"

"ခေါင်းရင်းအိမ်က ပဲပြုတ် တစ်ရာဖိုးဝယ်ပြီး ထမင်းကြမ်းခဲနဲ့ စားနေတာ"

"ရော့ ဒီမှာ လာယူ"

"ဘာတွေလဲ အမေ"

"ဝက်သားဟင်း"

"ဘယ်က ဝက်သားဟင်းလဲ"

"သောက်စကားကလည်း များလိုက်တာ၊ ဘယ်က ဝက်သားဟင်းရမှာလဲ၊မဏ္ဍပ်ရုံဆွမ်းလောင်းက ဝက်သားပေါ့"

"အမေကလည်း သူများ ဆွမ်းလောင်းတာကို ကိုယ်က စားတော့ ဘယ်ကောင်းပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com

“မဲ့- ဘုရားဖြစ်မယ့် အုတ်နီခဲ၊ နင်ကသာ မကောင်းဘူးပြောနေ ဟိုမှာက တစ်ပြုံတစ်မကြီး စားနေကြတာ၊ ဦးဇင်းလေးတွေခမျာ မိုးနဲ့လေနဲ့ အဝေးကြီးက လာရတာ၊ ဒီရောက်တော့ လောင်းတဲ့ ဝက်သားက တစ်ပါးနှစ်ဖတ်၊ လာရတဲ့ခရီးနဲ့တောင် မကာမိဘူး၊ သူတို့ကျတော့ ဒီမှာစားရုံနဲ့ အားမရလို့ အိမ်ချိုင့်ဆွဲသေးတယ်။

ရပ်ထဲ ရွာထဲ နာရေးဖြစ်လို့ ကနားဖျင်းထိုးဖော်သာ မရတာ၊ ဝါတွင်း ဆွမ်းလောင်းဖို့ကျတော့ ဝါမဝင်ခင်ကတည်းက အလှူခံတော့တာပဲ၊ သူများတွေသာ ဆွမ်းတစ်နပ်စာ လှူပါ၊ အခုလို လှူရတဲ့ အကျိုးကြောင့် ဇောတိက၊ ဇဋိလ၊ သူဌေးကြီးလေးဦးကဲ့သို့ ပေး၍မကုန် လှူလို့မခန်း ပဒုမ္မာရွှေကြာပန်းကဲ့သို့ ဘာသို့ ညာသို့နဲ့ ဖော်နေတာ၊ ဆွမ်းလောင်းတာလည်း နှစ်ပေါင်း မနည်းတော့ဘူး၊ ဓမ္မာရုံဥတ္တရ ချစ်စိန်၊ အတွင်းရေးမှူး အေးမြင့်၊ ပိုက်ဆံကိုင်တဲ့ ဘဏ္ဍာရေးမှူးညွန့်မြိုင် လှူတယ်ဆိုတဲ့ ဆွမ်း တစ်နပ် တစ်ခါမှ မရှိသေးဘူး၊ ခု ငါသတင်းတစ်ခု ကြားခဲ့တယ်၊ ငွေကိုင်တဲ့ ညွန့်မြိုင်က ငွေတိုး၊ ကြေးတိုး ချေးနေတယ်တဲ့ ဓမ္မာရုံ ပိုက်ဆံတွေနဲ့”

“အမေ ပြဿနာ ရှင်းရဦးမယ်နော်”

“ဟဲ့- ငါပြောတာ မဟုတ်ဘူး”

“အခုပဲ ပြောနေပြီးတော့ ငါပြောတာ မဟုတ်ဘူးဆိုတော့”

“ငါလည်း ဒီမနက် ဆွမ်းသွားလောင်းတော့ ငါ့ဘေးမှာ လာလောင်းတဲ့ သန်းသန်းနဲ့ စကားစပ်မိလို့ သူကပြောတာ”

မိန်းမတို့သဘာဝ အတင်းပြောတတ်ကြသည်။ ထိုအထဲမှာ ကျွန်တော့်အမေလည်း ပါသည်။ ကျွန်တော်တို့သားအမိနှစ်ယောက် ဆွမ်းလောင်း ဓမ္မာရုံက လူကြီးအတင်းတွေ ပြောနေစဉ် -

“ဖူး ဖုတ် ဖုတ် ဖုတ် ဖုတ် ကျိုး”

ဆိုင်ကယ် တစ်စီး ထိုးဆိုက်လာသည်။

ဆိုင်ကယ် နောက်မှီမှာ ထိုင်လာတဲ့ အသက်လေးဆယ်ခန့် အမျိုးသမီးကြီးတစ်ယောက် ခြံပေါက်ဝကနေ ကျွန်တော့်အား -

“မောင်လေး၊ အကြားအမြင် ဓာတ်ရိုက်ဓာတ်ဆင် ဆရာကြီးငွေလှိုင် ဓာတ်ခန်း ဘယ်နားမှာလဲ”

ထိုအစ်မကြီး မေးခွန်းကို ဖြေဆိုဖို့ ပါးစပ်ထဲရောက်နေသော ထမင်းလုတ်ကို အတင်းမျိုချကာ -

“အစ်မ မသိဘူးခင်ဗျာ၊ ဒီနားမှာတော့ အကြားအမြင် ဓာတ်ရိုက် ဓာတ်ဆင် ဆရာ မရှိဘူး”

ကျွန်တော့်အဖြေစကားကို ထိုအစ်မကြီး ကျေနပ်ပုံမပေါ်။

“ရောက်ဖူးတဲ့သူက သေသေချာချာပြောလိုက်တာ၊ အောက်ကျင်း ဓမ္မာရုံနားမှာတဲ့၊ ဒါအောက်ကျင်းပိုင်း ဓမ္မာရုံ မဟုတ်လား”

“ဟုတ်ပါတယ်၊ ဒါအောက်ကျင်း ဓမ္မာရုံပဲ”

ကျွန်တော်နှင့် ထိုအစ်မကြီး စကားပြောနေကြစဉ်မှာ အမေတစ်ယောက် မီးဖိုချောင်ကနေ အိမ်ရှေ့ ရောက်လာပြီး -

“ဘာတုံးတဲ့”

“အမေ၊ ဓာတ်ရိုက်ဓာတ်ဆင် ဆရာ၊ အကြားအမြင်ဆရာ ကျွန်တော်တို့နားမှာ ရှိတယ်ဆိုပြီး လာရှာနေတာ၊ ဒီနားမှာတော့ မကြားမိပါဘူးနော်”

ကျွန်တော့်စကား ဆုံးတော့ အမေက -

“ဦးငွေလှိုင်ကို ပြောတာလား မသိဘူး”

အမေ့စကား ကြားတော့ ထိုအစ်မကြီး ထခုန်မတတ် ဝမ်းသာသွားကာ -

“ဟုတ်တယ်အန်တီ၊ ဦးငွေလှိုင် ဦးငွေလှိုင်”

“ဒါဆို ရှေ့လမ်းကြားထဲက တက်သွား”

ရှာနေသူကို တွေ့ပြီဆိုတော့ စီးလာတဲ့ ဆိုင်ကယ်သမားကို ပြန်လွှတ်လိုက်သည်။

“အမေ၊ ဦးငွေလှိုင်ဆိုတာ ဘုန်းကြီးကျောင်းက ကပ္ပိယကြီးကို ပြောတာလား”

“အေး-- ဟုတ်တယ်၊ အရင်က ကပ္ပိယ အခုတော့ ဆရာကြီးဖြစ်နေပြီ၊ ကပ္ပိယလို့ သွားမခေါ်နဲ့နော်”

“အမေ၊ သူက ဘယ်လို ဘယ်လို အကြားအမြင်ဆရာ ပျောက်စေဆရာဖြစ်သွားတာလဲ၊ သားဖြင့် သိတောင် မသိပါဘူး”

“နင်သိတာ ဘာရှိလဲ၊ မနက် အိပ်ရာထက မျက်နှာသစ်ပြီးတာနဲ့ မီးဖိုချောင်ထဲ လှန်လှော၊ ရှိတာစားပြီး ဆင်းသွားလိုက်တာ စားချိန်နဲ့ အိပ်ချိန်နဲ့ပဲ ပြန်လာတယ်၊ ရေတစ်ထမ်း ထမ်းဖော်မရ၊ ထင်းတစ်ချောင်း ခွဲဖော်မရ၊ ကိုယ့်အိမ်အလုပ် ဝိုင်းကူလုပ်ဖော်မရတာ၊ အဲဒီကောင်မအိမ်က အလုပ်ဆို နွားပြာကြီး အောက်သွားမရှိ သွားရည်တမျှားမျှားကျပြီး နွားတစ်ကောင်လို သွားလုပ်ပေးတယ်။

နင့်ကို ငါမွေးထားတာ ငါ ခိုင်းဖို့ မိဘအိမ်မှာ မိဘလုပ်စာ တစ်ဖြုံ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ထိုင်စားနေတဲ့ဟာတွေ၊ မယားရရင် နွားလို ကျွဲလို ရုန်းကျွေးမယ့်ဟာတွေ"

"အမေကလည်းဗျာ၊ နိုင်ငံရေးတွေ ပါလာပြန်ပြီ"

"ဘာနိုင်ငံရေးတွေ ပါလာတာလဲ၊ မဟုတ်လို့လား၊ အဲဒီကောင်မကို ငမ်းပြီးတော့ အဲဒီအိမ်က အလုပ်တွေ နွားတစ်ကောင်လို သွားလုပ်ပေးနေတာ၊ နင့်ကို ဟိုကောင်မက ပြန်ကြိုက်မတဲ့လား။

ဟိုက တက္ကသိုလ်တက်နေတာ၊ နင်က ငါးတန်းကို သောက်ဖြစ်ရှိအောင် အောင်ခဲ့လို့လား၊ ဟိုက ညာပြီး ခိုင်းနေတာ၊ နင်လိုသားမျိုး မွေးထားရတာ ဝမ်းရေစပ်တယ်နော်"

"အမေ အဲ့လို ပူညံ ပူညံလုပ်လို့ အိမ်မှာမနေချင်တာ"

"အေး- အိမ်မှာ မနေချင်ရင် ကြိုက်တဲ့ သင်္ချိုင်းကို သွား"

"ဒီမှာ အမေ၊ ယောက်ျားတံခွန် လူရည်ချွန်က ကောင်းကင်တစ်မွတ် ကြယ်ကို ဆွတ်နိုင်ပါတယ်ဗျ"

"ခွေးပါးစပ်က နတ်စကားပြောနေပြီ"

"မယုံရင်ကြည့်နေပါ၊ တစ်နေ့ကျရင် အဲဒီခင်ခင်နွယ်ဆိုတဲ့ တက္ကသိုလ်ကျောင်းသူမိန်းမချောလေးဟာ အမေ့ချွေးမ ဖြစ်လာမှာပါ"

ကျွန်တော်တို့ သားအမိ စကားပြောနေစဉ်မှာ အကြားအမြင် ဆရာဆီသွားတဲ့ အစ်မကြီး ပြန်ရောက်လာသည်။

"မောင်လေး၊ အစ်မကို အဲဒီဆရာကြီးဆီ လိုက်ပို့ပါလားကွယ်"

ကျွန်တော်လည်း စားသောက်ပြီး အပြင်ထွက်ချင်တာနဲ့ အတော်ဖြစ်သွားသည်။

"လာ လာ ကျွန်တော် လိုက်ပို့ပေးမယ်"

ညှို့သည်အစ်မကြီးကို ခေါ်ကာ ဆရာကြီး ဓာတ်ခန်းရှိရာ ဘုန်းကြီးကျောင်းဝင်းထဲရှိ ဇရပ်ဆောင်သို့ ရောက်လာသည်။ ဆရာကြီးရဲ့ ဓာတ်ခန်းထဲမှာ ပရိသတ်က ဆယ်ဦးလောက်ရှိသည်။ ရေခွက်ထဲသို့ အလုံးလေး တစ်လုံးထည့်ကာ ဘုရားစင်ရှေ့တွင် တတွတ်တွတ်နှင့် ရွတ်ဖတ်ပြီး ထိုရေအား ရောဂါသည်ဖြစ်ပယ်နတူသော အမျိုးသမီးကြီး တစ်ဦးအား တိုက်လေသည်။ သူ့ဘေးနားတွင် အမျိုးသမီးဖြူဖြူတောင့်တောင့် တစ်ယောက်က ဦးငွေလှိုင်ဟောခြင်း ပြောခြင်း လုပ်ငန်းများကို ဝိုင်းကူနေသည်။ ဦးငွေလှိုင်တို့ ကောင်းစားနေပုံများ ကိုယ့်မျက်စိတောင် ကိုယ်မယုံ။

ဟိုးအရင် အရင်က ရွာထဲမှာ ဘယ်သူမှ အထင်ကြီး အဖက်လုပ်ခြင်း မခံရသော ဦးငွေလှိုင် အခုတော့ ဆရာကြီး ဆရာကြီးနဲ့ ကံဇာတာတွေ တက်နေလိုက်တာ။ "ဆရာကြီး" ဆိုပြီး ကျွန်တော် လှမ်းခေါ် နှုတ်ဆက်လိုက်တော့ -

"ဟေ့ကောင်လေး၊ ဘာလာလုပ်တာလဲ"

"ဒီမှာ ဆရာကြီးဆီ လာချင်တယ်ဆိုလို့ လိုက်ပို့တာ"

"အေး အေး၊ ဟိုမှာ တိုကင်ယူထား"

သူနဲ့ တွေ့ဆုံဖို့ တိုကင်တောင် ယူရတယ်။ တိုကင်ယူရသည့်အဆင့်က နည်းသည့်အဆင့် မဟုတ်။ လူတစ်ယောက်ရဲ့ ကံတရားက ဆန်းကြယ်လှပေစွ။

"သပ္ပုရိသအနွယ်ဝင် သူတော်စင်အပေါင်းတို့ ခင်ဗျား၊ အခုလို မင်္ဂလာရှိတဲ့ မနက်ခင်းလေးမှာ ကျွန်တော်များ ဆွမ်းအလှူခံဌာနကို လာရောက် လှူဒါန်းသွားကြတဲ့ အလှူရှင်များကတော့ ဦးသိန်းမြင့်+ ဒေါ်စန်းတင့် မိသားစုက အလှူငွေ တစ်ထောင်ကျပ်"

မနေ့က ဆွမ်းလောင်းပြီးပေမယ့် မွှာရပ်ဥက္ကဋ္ဌကြီး ဦးသိန်းမြင့်သည်ကား မိုက်တစ်လုံးရလျှင် တစ်နေကုန် အော်သည်။

ဘယ်အလှူရှင် ဘယ်နှသောင်း လှူလှူ သူတို့ မိသားစုလှူတဲ့ အလှူငွေ တစ်ထောင်ကိုတော့ ထိပ်ဆုံးမှာထားပြီး ဦးဆုံးအော်သည်။

ဒီနေ့မနက် အိပ်ရာထပြီး မျက်နှာသစ်နေတုန်း မနေ့က အစ်မကြီး ရောက်လာပြန်သည်။

"မနေ့ကကိစ္စ မပြီးပြတ်သေးဘူး အန်တီရေ"

အမေ့ကို နှုတ်ဆက်သလိုလိုနဲ့ စကားဆိုသည်။

"တူမကြီး ရေနွေးသောက်၊ စားလက်ဖက်သုပ်၊ အခု အရေးတကြီး ဆရာကြီးဆီလာတာ ဘာကိစ္စများလဲ တူမရဲ့"

ရေနွေးကြမ်းနှင့် လက်ဖက်သုပ် ညှို့ခံကာ သူများအကြောင်းကို စတင်စပ်စုတော့သည်။

"မပြောချင်ပါဘူး အဒေါ်ရယ်၊ ကျွန်မယောက်ျားက ရေနံစက်ရုံ ဆီပေးတဲ့ဌာနမှာ လုပ်တယ်၊ ပြီးခဲ့တဲ့လက စစ်ဆေးရေးတွေဝင်တော့ ဆီတွေလျော့နေတယ်ဆိုပြီး အဖမ်းခံထားရတာ တစ်လပြည့်တော့မယ်၊ အခု ဆရာကြီးက သူပေးတဲ့ အစီအမံနဲ့ သူခိုင်းသလို လုပ်၊ တစ်လ…အတွင်း လွတ်စေရမယ်လို့တော့ ပြောတယ် အန်တီ"

"အန်တီ့သားနဲ့ ဆရာကြီး တော်တော်လေး ရင်းနှီးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"အစ်မကြီး လိုက်ပို့ရဦးမလား"

"အေးကွယ် လိုက်ပို့ပေးပါ၊ အဲဒီကုန်းအတက်က လူပြတ်တယ်"

ထိုအစ်မကြီးက လိုက်ပို့ခိုင်းချင်သလို ကျွန်တော့်ကိုယ်၌လည်း ဆရာကြီး ဦးငွေလှိုင်ဆီကို သွားချင်သည့်အကြောင်းမှာ ညကမှ နဖူးပေါ် လက်တင် စဉ်းစားခန်းဝင် အကြံရခဲ့လေခြင်း။

အဲဒီနေ့ တစ်နေကုန် ဆရာကြီး ဓာတ်ခန်းမှာ ဗိုင်းလုပ်ပြီး ညနေ ဓာတ်ခန်းပိတ်လို့ ဆရာကြီး အနားယူတဲ့ အချိန်ကျတော့မှ -

"ဆရာကြီး"

"ပြော.. ဘာလဲကွ၊ ပြောလေ မင်းမပြောခင် မင်းရင်ထဲက စကားတွေ ငါပြောရမလား"

ထိုစကားသည် ကျွန်တော့်ရင်ကို တည့်တည့်ထိမှန်လေသည်။ ကျွန်တော်ပြောမည်ဆိုသော စကားလုံးတွေကို ကြိုပြီးသိနေပြီလား။

"ဆရာကြီးကို ကျွန်တော်အကူအညီ တစ်ခုတောင်းချင်လို့"

"အင်း"

ဆရာကြီးသည် ပက်လက်ကုလားထိုင်ပေါ်မှာ မျက်လုံးစုံမှိတ်ပြီး အနားယူနေသလား၊ အာရုံခံစားနေသလားမသိ။

"ကျွန်တော့်ကောင်မလေး ခင်ခင်နွယ်"

ကျွန်တော့်စကား ရှေ့မဆက်မီ ဆရာကြီးလက်တစ်ဖက်က ကျွန်တော့်စကားကို ရှေ့မဆက်ဖို့ လှမ်းတားလိုက်တယ်။

"မင်း ဆက်မပြောနဲ့တော့ မင်းပြောမယ့်စကားတွေ မနက်ကတည်းက ငါ့ပုဂ္ဂိုလ်တွေက ငါ့ကို ပြောလို့ သိပြီးနေပြီ"

ဆရာ့စကားကြားတော့ အရင်ထက်ပင် ဆရာကြီးကို အထင်ကြီးမိသည်။

ဆရာကြီး ဦးငွေလှိုင်သည် အထက်ပုဂ္ဂိုလ်များနှင့် အဆက်အသွယ်ရှိသူပါလား။

"အခု အဲဒီကောင်မလေးကို မင်း လိုချင်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီးရယ် ဟုတ် ဟုတ်"

"ဒါဆိုရင် မင်း ငါ့ဓာတ်ခန်းမှာ ပွဲတစ်ပွဲ ပေးရမယ်"

"ဘာပွဲလဲ ဆရာကြီး"

"ကန်တော့ပွဲပေါ့ကွ၊ နောက်တစ်ခုက အစိမ်းသေ မီးသဂြိုဟ်ရင် ထိုးတဲ့ တံစူးဝါး ရအောင်ရှာခဲ့"

"ဗျာ- ဆရာကြီး၊ ကန်တော့ပွဲကတော့ ဈေးသွားဝယ်ရင် လွယ်ပါတယ်၊ အဲဒီ တံစူးဝါးကတော့ ဘယ်သွားရှာရမှာလဲ"

"မီးသဂြိုဟ်ပါတယ်ဆိုမှ သင်္ချိုင်းကုန်းမှာ သွားရှာပေါ့ကွ၊ ငါရှာခိုင်းတာသာ ရအောင်ရှာခဲ့၊ မင်းကောင်မလေး မင်းအိမ်တံခါးကို လာခေါက်ပြီး အစ်ကို ကျွန်မကို ခိုးပြေးပါတော့လို့ လာပြောလိမ့်မယ်၊ ဘယ်သူမှ မသိစေနဲ့၊ ဒီကိစ္စ မင်းနဲ့ ငါနဲ့ နှစ်ယောက်တည်း သိပါစေ"

ဆရာ့စကားတွေက အားတက်စရာတွေ၊ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာက အားတက်စရာရော အားပျက်စရာပါ ရောနေသည်။

အားပျက်စရာက တံစူးဝါး ရှာခိုင်းတဲ့ကိစ္စ၊ သရဲကြောက်တတ်သောသူကို အစိမ်းသေ မီးသဂြိုဟ်ရင် ထိုးတဲ့ တံစူးဝါးကို ရှာခိုင်းရက်တယ် ဆရာကြီးရယ်၊ အခြားဟာတစ်ခုခုနဲ့ စီရင်ရင် မရနိုင်လို့လား။

နောက်နေ့တွေ နေ့လယ်ထမင်းစားပြီးတာနဲ့ ပျဉ်ထောင်ကျောင်း သင်္ချိုင်းဘက်ကို မယောင်မလည်နဲ့ ကျွဲမောင်းသလိုလို၊ နွားမောင်းသလိုလို လုပ်ပြီး ဒီနေ့ ဘယ်အစိမ်းသေလာပြီး မီးသဂြိုဟ်မလဲဆိုတာ တစေ့တစောင်း အကဲခတ်ရတယ်။ တစ်နှစ်၊ နှစ်ရက် အကြောင်းမထူးပေမယ့် သုံးရက်မြောက်နေ့မှာ သီတင်းထူးတစ်ခု ကြားရတယ်။

အောက်ဘက်ကွင်းထဲက ထွန်စက်မောင်းသူ တစ်ယောက် ထွန်စက်မှောက်ပြီး သေနေတာ ဒီနေ့ ဒီသင်္ချိုင်းမှာ နေ့ခင်းတစ်နာရီ မီးသဂြိုဟ်မယ်ဆိုတဲ့အကြောင်း သင်္ချိုင်းစောင့်အဘိုးကြီး ပြောတဲ့စကားကို ကြားခဲ့ပြီးတတည်းက ကျွန်တော် ရင်တုန်ကာ နှလုံးခုန်မြန်နေတယ်။

ဒီနေ့ နေ့လယ်စာ စားပြီးကတည်းက သင်္ချိုင်းထဲကို ရောက်နေတယ်။ မီးသဂြိုဟ်ဖို့ လုပ်ထားတဲ့နေရာလေးကို အကဲခတ်ကြည့်တော့ ထင်းစည်းနဲ့ ကားတာယာဟောင်းတွေပုံပြီး အရန်သင့်လုပ်ထားတာ တွေ့ရတယ်။

ရာသီဥတုကလည်း နေမပူ မိုးမရွာ၊ တစ်နာရီသာသာလောက်မှာ သင်္ချိုင်းကုန်းအောက်ဘက်က ဘိန်ထီး ဘိန်ဘိန်ထီးဆိုတဲ့ မသာဆိုင်းတီးသံကို သဲ့သဲ့ကြားနေရတယ်။

တဖြည်းဖြည်းနဲ့ မသာချတဲ့ဆိုင်းသံက နီးကပ်ကျယ်လောင်လာသလို အပေါ်စီးကနေ လှမ်းကြည့်လိုက်တဲ့အခါ မသာအလောင်းကြီးဟာ အပေါ်က ခြင်ထောင်တိုင်တွေ၊ ပန်းခွေတွေ ပြုတ်ကျပြီး ယိမ်းထိုးတက်လာတယ်။ သင်္ချိုင်းနီးလေ ဆိုင်းသံက ကြမ်းလေ မသာထမ်းတဲ့ သေသောက်ကြူး ငမူးတွေကလည်း ရမ်းလေ၊



www.burmeseclassic.com

www.burmeseclassic.com

အလောင်းနောက်မှာ မိသားစုတွေ ငိုယို နေသလို ဆိုင်းတီးတဲ့သူတွေကလည်း ခပ်ကြမ်းကြမ်းတီးမြဲ တီးနေတယ်။

အလောင်းထမ်းတဲ့ အုပ်စုတွေကလည်း တပေးပေးနဲ့ ငြာသံပေးပြီး အလောင်းကြီးကို ပတ်ချာလှည့် ကစားနေကြတယ်။ အလောင်းကောင် မီးသဂြိုဟ်ရာ နေရာကို ရောက်အောင် ထမ်းတဲ့အုပ်စုက ထမ်းသလို မီးသဂြိုဟ်ရာနဲ့ ကွင်းပြင်ကို အတင်းဆွဲတဲ့အုပ်စုကလည်း ဆွဲနေကြတယ်။

မသာရှင် မိသားစု တက်မတတ် ငိုနေကြသလို ဆိုင်းတီးသမားအုပ်စုကလည်း တီးတဲ့အရှိန်ကို ထပ်မြှင့်ကာ တီးကြပြန်တယ်။ ဆိုင်းသံက မြိုင်လေ အလောင်း ဆော့တဲ့သူတွေကလည်း ဆော့လေ။

"ဟာ ဟာ အလောင်းကြီး ပြုတ်ကျကျ"

"ဝုန်း" ဆိုတဲ့ အသံနဲ့ တစ်ပြိုင်နက် အလောင်းကြီး မြေကြီးပေါ် ပြုတ်ကျလာတယ်။

မရှေးမနှောင်းမှာပဲ သူတို့အချင်းချင်း ဆဲသံဆိုသံတွေနဲ့ ရိုက်ပွဲတွေဖြစ်ကာ တုတ်တွေ ခဲတွေ သင်္ချိုင်းထဲ ဝဲပျံနေလေသည်။

ကျုပ်လည်း ကြားက ကျောက်ခဲမှန်မှာစိုးတဲ့အတွက် သင်္ချိုင်းနဲ့ ခပ်လှမ်းလှမ်းနေရာကို ပြေးခဲ့ရတယ်။ သင်္ချိုင်းရှေ့ ကားလမ်းဘေးက သစ်ပင်အောက်ထိုင်ပြီး တံစူးဝါးယူဖို့ ကိစ္စကို စဉ်းစားမိသည်။

ဒီဝမ္မးတွေလက်ထဲက တံစူးဝါး ဘယ်လိုရအောင် ယူရမလဲ။ ဒီတံစူးဝါးဟာ လွယ်လွယ်နဲ့တော့ ရနိုင်မည် မဟုတ်။ မီးသဂြိုဟ်တဲ့အဖွဲ့နဲ့ရောပြီး သဂြိုဟ်တဲ့ကိစ္စကို ဝိုင်းကူလုပ်ပေးပြီးပြီးစီးမှ ဒီတံစူးဝါးကို တစ်နည်းနည်းနဲ့ ရအောင် ယူရမယ်။

စိတ်ကူးထဲမှာတော့ ချောလို့ အပြင်မှာ တကယ်လုပ်ဖို့ ခက်သည်။

ဘာလို့လဲဆိုတော့ အလောင်းကို မီးသဂြိုဟ်ဖို့ နေနေသာသာ သေသေချာချာတောင် ကြည့်ရဲတဲ့ သတ္တိ ကျွန်တော့်မှာ မရှိပါ။ သရဲတစ္ဆေဆို တုန်နေအောင် ကြောက်တတ်တဲ့ ကျွန်တော် ဘယ်လိုလုပ် သဂြိုဟ်ရဲပါ့မလဲ။

အခြားတစ်ယောက်ကို အကူအညီတောင်းလို့လည်း မဖြစ်။ ဆရာကမင်းနဲ့ ငါနှစ်ယောက်တည်း သိစေလို့ မှာလိုက်တာ။ ကျုပ်စဉ်းစားနေတာ အချိန် ဘယ်လောက်ကြာသွားတယ် မသိဘူး၊ အလောင်းကို မီးတင်လို့ မီးခိုးမည်းတွေ ကောင်းကင်ထက်ကို တက်မှပဲ သဂြိုဟ်နေတာ သိရတယ်။

သဂြိုဟ်တဲ့နားကို မယောင်မလည်နဲ့ ကျုပ်သွားပြီး သင်္ချိုင်းဇရပ်ဘေးကနေ ကြည့်လိုက်တော့ မသာထည့်တဲ့ အခေါင်းကြီးက ကွာကျနေပြီး အလောင်းကောင်ကြီးကို မီးလောင်လို့ ကျလာတဲ့ အဆီတွေက ဗျစ် ဗျစ် ဗျစ် ဗျစ် မြည်ကာ မီးတွေ ထထတောက်တယ်။

ခဏလောက်အကြာမှာတော့ အလောင်းကောင်ကြီး မီးပုံထဲကနေ ကုန်းထလေသည်။ အဲဒီ ကုန်းထလာတဲ့ မသာအလောင်းကြီးကို မသာသဂြိုဟ်တဲ့လူတွေက တံစူးဝါးတုတ်နဲ့ ထိုးပြီး ဖိကြတာကို ကျုပ်ဆက်မကြည့်ရဲတော့ဘူး။ မှောင်ရီကလည်း သန်းတော့မည်။ ရှေ့ဆက်တိုးမလား နောက်ပြန်ဆုတ်ရမလား ဆိုတာ အကြိမ်ကြိမ်အခါခါ စဉ်းစားနေရသည်။

ရှေ့ဆက်တိုးဖို့ကလည်း သတ္တိမရှိ၊ နောက်ပြန်ဆုတ်ဖို့ဆိုတာကလည်း ယောကျ်ားဆိုတာ ကောင်းကင်တမွတ်ကြယ်ကိုဆွတ်တဲ့ ဆိုပြီး အမေကို လေလုံးထွားထွားနဲ့ ပြောခဲ့ဖူးသည်။ နောက် ခင်ခင်နွယ်ကိုလည်း လက်လွှတ်ခံရမှာဆိုးသည်။ သူ့အချစ်ကို ရဖို့ ဘာဖြစ်ဖြစ် လုပ်ရတော့မည်။

ဒီအတိုင်းတော့မဖြစ်၊ ရွံ့တွန့်တွန့်ဖြစ်နေတာတွေ ပျောက်သွားဖို့ ရဲဆေးတင်မှဖြစ်မည်။ သင်္ချိုင်းအောက်က ရွာထဲ ဆင်းပြီး အရက်ဆိုင်လိုက်ရှာကာ အစိတ်ပြား တစ်ပြား၀ယ်ပြီး ဆိုင်မှာတင်မော့ကာ မီးသဂြိုဟ်ရာ သင်္ချိုင်းဆီ ခပ်သုတ်သုတ် ပြန်လျှောက်လာသည်။

ပါးစပ်ထဲမှာခါးပြီး လည်ချောင်းထဲကနေ ရင်ခေါင်းထဲထိ ပူပြီးဆင်းသွားတဲ့ အရက်က အချိန်ကျတော့ အစွမ်းပြလာသည်။ မသောက်ခင်က ရှိတဲ့ ကြောက်စိတ်တွေလည်း မူးလာတော့ ဘယ်ရောက်ကုန်ပြီလဲ၊ သဂြိုဟ်တဲ့အဖွဲ့ထဲဝင်ပြီး သူ့လူလိုလို ကိုယ့်လူလိုလို ဝင်ရောကာ ဝိုင်းကူလုပ်လိုက်သည်။

ညနေမှောင်မှ ပြာကျပြီး မီးငြိမ်းလေသည်။ ကျွန်တော်လည်း လူတွေအလစ်မှာ တံစူးဝါးတစ်ချောင်းကို ယူပြီး ဂူကြားထဲ သွားဝှက်ထားဖို့ ယူလာတုန်း နောက်က တစ်ယောက် မြင်သွားပြီး-

"ဟေ့ကောင် ဟေ့ကောင် - တံစူးဝါး ဘယ်ယူသွားမလို့တုံး။ ဘယ်ကကောင်လဲ အဲဒီကောင်"

ကျုပ်လုပ်တာ သိသွားပြီဆိုတာ သိတာနဲ့ တစ်ပြိုင်နက် တံစူးဝါးထမ်းပြီး ပြေးတာ နောက်က လူအုပ်ကလည်း ငြာသံပေးပြီး လိုက်။

ကျုပ်ကလည်း ခြေဦးတည့်ရာ ခွတ်ပြေးနဲ့ ပြေးလိုက်တာ မသာမြုပ်



www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့ မြေပုံထဲ ခြေထောက်ကျွံပြီး ပြန်နုတ်လို့မရဖြစ်မှ မိတော့တယ်။

သောက်ထားတဲ့ အရက်ကတော့ ဗိုက်ထဲရှိချင် ရှိလိမ့်မယ်၊ မူးတာတော့ ဘယ်ပျောက်သွားမှန်း မသိဘူး။ အဲဒီအုပ်စုကလည်း ကျုပ်ကို ဝိုင်းပြီး ဆွမ်းကြီးလောင်းလိုက်ကြတာ ကြယ်တွေ လတွေတင် မကဘူး ပြိုဟ်သိမ်ပြိုဟ်မွှားတွေပါ မြင်တယ်။ နာရီဝက်လောက် အကြာမှာ ရပ်ကွက်လူကြီးဆိုတဲ့သူ ရောက်လာတယ်။

ကျွန်တော့်အဖြစ်ကို ကြည့်ပြီး သနားသွားတယ်ထင်တယ်။

"အချုပ်ထဲ ထည့်လိုက်ကွာ"တဲ့။

ရဲစခန်းရောက်တော့ ည ၈ နာရီထိုးပြီ။ ဂျူတီစာရေးကြီးက ကျုပ်နာမည်၊ အမေနာမည်၊ နေရပ်လိပ်စာတွေ၊ အသက်တွေ မေးမြန်းပြီး စာရွက်ထဲမှာ ရေးနေတယ်။ ဘယ်ဘက်စားပွဲမှာ ထိုင်နေတဲ့ စခန်းမှူးက ကျုပ်ကို-

"မင်းက အဲဒီ တံစူးဝါးကို ဘာလုပ်ဖို့ ယူပြေးတာလဲ မှန်မှန်ပြော"

ဖြစ်ကြောင်းကုန်စင်ပြောလိုက်ရင် ပြဿနာတွေ ကြီးကုန်မည်။ ဒီကိစ္စ ဆရာကြီးဦးငွေလှိုင်ကလွဲရင် ဘယ်သူက ကယ်နိုင်မှာလဲ။ အထက်ပုဂ္ဂိုလ်တွေလည်း ဒီကိစ္စ ပြောပြီးလောက်ရောပေါ့။

"ကျွန်တော့်တို့ ဆရာကြီးဦးငွေလှိုင် ယူခိုင်းလို့ ယူရတာပါ ဆရာ"

"ဘယ်က ဆရာကြီးဦးငွေလှိုင်လဲ"

"ဟိုဟို အောက်ကျွန်းပိုင်း ဓမ္မာရုံနားက ဦးငွေလှိုင်ပါ ဆရာ"

"အေး ဒါဆိုပြီးရော၊ ဒီကောင်ကို (၁)ခန်းထဲ ထည့်ထားလိုက်"

လူဆိုတာ အသက်တစ်ရာမနေရ အမှုတစ်ရာပွေ့ရ၏ ဆိုတဲ့ စကားပုံရှိတာပဲ၊ ခိုးလို့လည်း မဟုတ်၊ တိုက်လို့လည်း မဟုတ်၊ ရိုက်လို့လည်း မဟုတ်ဘဲနဲ့ ဘာမှတန်ကြေးမရှိတဲ့ တံစူးဝါးတစ်လုံးနဲ့ အချုပ်ထဲရောက်ရသည်။

မနက် ဆရာကြီး သိရင်တော့ ငါ့ကို အချုပ်ထဲက ထုတ်မှာပါ။ ဆရာကြီးက မြို့ကလူတွေနဲ့ တော်တော်ရင်းနှီးတယ်။ ညအမှောင်ထဲကျမှ အချုပ်ထဲ ရောက်လာတော့ ဘယ်သူက ဘာအမှုနဲ့ ရောက်လာတယ်ဆိုတာ မသိကြဘူး။ မနက်လင်းမှ မေးမြန်းစပ်စုရတယ်။

ကျွန်တော်က စပ်စုမယ်ကြံကာရှိသေးတယ်။ ကျွန်တော့်ဘေးကို ဦးစွာရောက်လာပြီး စပ်စုသူက အသားဖြူဖြူ ထိပ်ပြောင်ပြောင် အရပ်ရှည်ရှည်နဲ့ လူတစ်ယောက်ရောက်လာပြီး -

"မောင်ရင်က အဲဒီမသာသဂြိုဟ်တဲ့ တံစူးဝါးကို ဘယ်နား အသုံးပြုမလို့လဲ"

ကျွန်တော်လည်း ရင်ထဲမွန်းကျပ်နေတော့ အဲဒီ အစ်ကိုကြီးကို ရင်ဖွင့်လိုက်တော့သည်။

"ရွာထဲမှာ ကျွန်တော် အရမ်းချစ်တဲ့ ကောင်မလေးတစ်ယောက်ရှိတယ်၊ သူ့အချစ်ကို ရိုးရိုးနည်းနဲ့ မရမှန်းသိလို့ ကျွန်တော် ဆရာကြီးကို အကူအညီတောင်းတော့ အဲဒီတံစူးဝါးရအောင် ရှာခဲ့ဆိုလို့ ရှာရင်းနဲ့ ဒီအချုပ်ထဲ ရောက်ခဲ့တာပါ၊ ပြောရရင်တော့အချစ်အတွက် စွန့်စားခဲ့တာပါဗျာ"

"စာရေးဆရာ၊ ဝင်လာတဲ့သူတိုင်းကို ခင်ဗျား ကုန်ကြမ်းရဖို့ မေးနေတော့တာပဲ"

ထိုလူ ပြောမှပဲ သူ့ကို စာရေးဆရာမှန်း သိတော့သည်။ သူသည်ကား နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ် သရဲတစ္ဆေ စုန်းနတ်ကဝေ အကြောင်းတွေနဲ့ စာပေလောကမှာ နာမည်ကြီးနေသော စာရေးဆရာကြီးပင် ဖြစ်သည်။

"ဆရာ၊ အဲဒီလူက ဘာအမှုနဲ့ ရောက်လာတာလဲ"

ကျွန်တော့်မေးခွန်းကို စာရေးဆရာကြီးက -

"အဲဒီလူက ရေနံချက်စက်ရုံက ဆီခိုးလို့ ရောက်လာတာကွ"

"ဪ- ဒါနဲ့ ဆရာကရော ဘာအမှုနဲ့ ရောက်လာတာလဲ"

"ငါက နိုင်ငံရေးပုဒ်မကွ၊ စစ်အစိုးရကို ဆန့်ကျင်လို့ ရောက်လာတာကွ"

ဆေးရုံတို့၊ အချုပ် ထောင်တို့၊ သင်္ချိုင်းကုန်းတို့ဆိုတာ မစည်ကားအပ်တဲ့အရပ်လို့ ကြားဖူးခဲ့သည်။

အခု ကျွန်တော် တစ်ယောက် သင်္ချိုင်းကုန်းကနေ အချုပ်ထဲကို ရောက်လာသည်။ ပြီးလျှင် ဆေးရုံကို သွားရဦးမည်။ သင်္ချိုင်းမှာ ထိုးကြိတ်ကန်ကျောက်တဲ့ ဒဏ်ရာတွေက မျက်နှာနဲ့ ခန္ဓာကိုယ်အနှံ့မှာ ဖူးရောင် ညိုမည်းစွဲနေသည်။

ဒီပုံစံ ဒီအဖြစ်အပျက်တွေကို ကျွန်တော် တစ်ဖက်သတ်ချစ်နေရတဲ့ ခင်ခင်နွယ် သိသွားမြင်သွားခဲ့ရင် သူ့ရင်ထဲ ဘယ်လိုနေပါ့မလဲ။

အခုအချိန်လောက်ဆို ရွာထိပ်မှာ ရန်ကုန်ကနေ ဆေးခန်းလာဖွင့်တဲ့ ရမ်းကုကြီးတစ်ယောက် ခင်ခင်နွယ်တို့ ညှို့ခန်းထဲကို ရောက်နေလောက်ပြီ။ အဲဒီ ရမ်းကုကြီး အိမ်ပေါ်ရောက်ပြီး ခင်ခင်နွယ်နဲ့ ရင်းနှီးကတည်းကိုက ကျုပ်ကို ခင်ခင်နွယ် အဇက်မလုပ်တော့၊ ပြောပေါက်ဆိုပေါက်တွေကား ရင့်သီးလှသည်။ နွားတစ်ကောင် ကျွန်တစ်ယောက်လို သူ့အိမ်က အလုပ်တွေကို မညည်းမညူ မဆိုင်းမတွဘဲ လုပ်ပေးခဲ့တာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

ချစ်တဲ့စိတ်ကြောင့်ပဲ၊ မ,ဘက်လိုက်လို့ မိုက်ဘက်ပါဆိုတာ ကျွန်တော်များလား။

မနက် ၉ နာရီလောက် အချုပ်ကျတရားခံတွေ ရုံးထုတ်ဖို့ တံခါးအဖွင့်မှာ သံတိုင်ကြားကနေ အပြင်ကို လှမ်းကြည့်မိတော့ မျက်လုံးထဲမှာ လမင်းတစ်ရာ သာသလို ခံစားလိုက်ရတယ်။ ပိတ်ဖြူစင်ကြယ်ဝတ်ထားတဲ့ ဆရာကြီးဦးငွေလှိုင် ကယ်တင်ရှင်ကြီး ရောက်လာပြီ။ အထက်ပုဂ္ဂိုလ်များက ဆရာကြီးကို အကြောင်းကြားလိုက်ပြီလား။

ကျဉ်းကျပ်လှသော ဒီအချုပ်ခန်းထဲမှာ ကျွန်တော် မနေချင်။ ရဲစခန်းရှေ့အုတ်လမ်းဘေးကနေ ရဲနှစ်ယောက်ခြံရံပြီး အချုပ်ခန်းဆီလျှောက်လာတယ်။

ဆရာကြီး အနားရောက်တော့-

"ဆရာကြီး"

လို့ အားရဝမ်းသာ လှမ်းအော်လိုက်တဲ့ ကျွန်တော့်အသံ ကြားတော့ ကျွန်တော့်မျက်နှာကို သေသေချာချာကြည့်ကာ -

"မင်းနှမလင် ဆရာကြီးလား"

ဆရာကြီးရဲ့ ပြန်လည်တုံ့ပြန်မှုကို ကျွန်တော် အံ့သြသွားသည်။

"ကျွန်တော့်ကို လာထုတ်တာ မဟုတ်ဘူးလား ဆရာကြီးရယ်"

ကျွန်တော့်စကားမဆုံးမီ ၂ ခန်းအချုပ်ထဲကို ဆရာကြီးအား ထည့်လိုက်သည်။

"ဂျိမ်း"

ဆရာကြီးကို အချုပ်ထဲထည့်ပြီး ပြန်လာတဲ့ ရဲနှစ်ယောက်က ကျွန်တော့်နားရောက်တော့ -

"ဟေ့ကောင် အဲဒါ မင်းအမှုတွဲလေ၊ မင်းဖော်ကောင်လုပ်လို့ ရောက်လာတာ"

"ဗျာ"

မရှေးမနှောင်းမှာပဲ အမျိုးသမီးတစ်ယောက် အချုပ်ခန်းရှေ့ ကင်းကျတဲ့ ရဲနဲ့ စကားပြောနေသည်။ ဒီအမျိုးသမီးကြီးကို မြင်ဖူးသလို ရှိတာနဲ့ အထဲကနေ သေသေချာချာကြည့်မိတော့ ဟိုအစ်မကြီးပဲ။

ခဏအကြာမှာ ကင်းစောင့်ရဲက -

"၁ အခန်းထဲက ငွေးမြင့်၊ မင်းမိန်းမ စကားပြောမလို့တဲ့"

ငွေးမြင့်ဆိုတဲ့သူက အပေါက်ဝနား ထသွားတော့မှ ရေနံချိုးမှုနဲ့ ရောက်လာသူကိုး။ ဟိုအစ်မကြီး ယောကျ်ားဆိုတာ ဒီလူဖြစ်လိမ့်မယ်။

"အစ်ကိုရေ ဘာမှ မပူနဲ့တော့၊ အပြင်မှာ လုပ်စရာရှိတာတွေ၊ လိုက်စရာရှိတာတွေ လိုက်ပြီးပြီ၊ အခု နာမည်ကြီးနေတဲ့ အောက်ကျင်းပိုင်း ဓမ္မာရုံနားက ဆရာကြီးဆီလည်း သွားပြီးပြီ၊ ဒီလအတွင်းကွင်းလုံးကျွတ်လွတ်အောင် လုပ်ပေးမယ်တဲ့"

မိန်းမ၏ စကားကို ကြားတဲ့ ယောကျ်ားက-

"ဘယ်က ဆရာကြီးလဲ"

"အောက်ကျင်း ဓမ္မာရုံနားကလေ"

"ဟေ - ငါ့ကို ကွင်းလုံးကျွတ်အောင် လုပ်ပေးမယ်ဆိုတဲ့ နင့်လင်ကြီးက အခု ဟိုဘက် အချုပ်ခန်းထဲမှာ မသာမရဲ့"

**ဝင်းသီဟ(သန်လျင်)**

❑


**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှုခင်းဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

**စီးပွားစရေးလုပ်ငန်းရှင်များ**

**မိမိလုပ်ငန်း**

**ပို့ကုန်ထုတ်**

**အောင်မြင်စေရန်**

**လပြည့်ဝန်းမဂ္ဂဇင်းတွင်**

**ကြော်ငြာများ**

**ထည့်သွင်းနိုင်ပါသည်။**

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။


**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
**လပြည့်ဝန်းမဂ္ဂဇင်း**
တိုက်အမှတ် (၅၅)
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား
လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထင်ယောင်ထင်မှား မဟုတ်၊ ပြက်ပြက်ထင်ထင် ပေါ်လာသည့် ရင်ထဲက အသိများသည် ကျွန်မရဲ့ နှလုံးသားကို ရိုက်ခတ်နေသည်။ ဖော်ပြဖို့ခဲယဉ်းသော ဝေဒနာပြယုဂ်များက အသွေးအသားတို့ကို ကလိမြှူဆွယ်နေပြီလား မသိ။

"အမေရယ်. . ."

ခုန်ထွက်လာသည့် တမ်းတမှုအသံသည် လည်ချောင်းဝမှာ ပျောက်ကွယ်သွားသော်လည်း နှလုံးသားမှာ အတင်းဝင်ပြီးနေရာယူထားမှန်းသိသည်။ ထိုအခါ အမေ့မျက်နှာ၊ အမေ့မျက်လုံးအစုံနှင့် အမေ့ချစ်ခြင်းများကို အမှတ်ရသည်။ ကျွန်မ ရင်ထဲမှာတော့ အမေ့အတွက် နက်နက်နဲနဲ ခံစားနေရဆဲ။

"သမီး နားလည်လက်ခံလာတဲ့ အချိန်မှာ အမေ့မေတ္တာ၊ အမေ့အချစ်တွေကို အကြွင်းမဲ့ ယုံကြည်လာမှာပါ သမီး၊ အဲဒီအခါကျရင် အမေ့ကို သမီး တမ်းတလာမှာ နားလည်လာမှာပါနော်"

သည်သို့ ပြောလာသည့် အမေ့လေသံယဲ့ယဲ့လေးက အခုထက်ထိ နှလုံးသားဗဟိုမှာ နေရာယူ ခေါင်းထောင် ရှင်သန်နေဆဲ ဖြစ်သည်။ တမ်းတမှုများနှင့် အမေ့အကြောင်းကိုရော၊ အမေ့စကားသံလေးများကိုပါ ကြားယောင်နေမိဆဲဖြစ်သည်။

ထိုအခါ ခပ်သဲ့သဲ့ အမေ့စကားသံ၊ အားအင်ချည့်နဲ့လာသည့် အမေ့ရုပ်ရည်ကို ပူးတွဲမြင်ယောင်နေမိသည်။ ရင်ထဲမှာတော့ နင့်ခနဲ စစ်ခနဲ ခံစားလိုက်ရပြန်သည်။

"အမေရယ်. . ."

အခါခါပင် တမ်းတလို့မဆုံးနိုင်သော အမေဆိုသည့် ခေါ်သံလေးက ကျွန်မ နှုတ်ဖျားမှာ အရသာရှိပါဘိတော့။

✿

တောမြို့လေးမှာ ဘဝအစပြုခဲ့သည့် ကျွန်မတို့ရဲ့ ခရီးလမ်းက ကြမ်းတမ်းမှုတွေအပြည့်ဖြင့် ရပ်တည်ခဲ့ကြရသည်။ တောမြို့လေးမှာ အဖေက ဖိနပ်ချုပ်သည့် အလုပ်ကိုလုပ်ရသည်။ အမေက အကြော်ရောင်းခဲ့သည်။ ထိုစဉ်က လင်မယားနှစ်ယောက်တည်း ရှိသော်လည်း အဖေရော အမေပါ အလုပ်တစ်ခုစီ လုပ်ခဲ့ကြသည်က ထူးဆန်းနေသည်။

အဖေနှင့် အမေ လူငယ်တို့သဘာဝ ချစ်သူတွေဖြစ် တရားဝင်လက်ထပ်ပြီးသည့်နောက် သီးခြားဘဝ ထူထောင်ခဲ့ကြသည်။

သူများတကာတွေလို ချမ်းသာကြွယ်ဝမှုတွေ မရှိခဲ့သော အဖေနှင့်အမေတို့ အိမ်ထောင်ရေးက ကန်တော့ပွဲ တစ်ပွဲနှင့်သာ ပြီးခဲ့သည်။ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ခဲ့ကြသည့် အဖေနှင့်အမေတို့၏ မင်္ဂလာပွဲသည် လူကြီးလေးငါးဦးကိုခေါ်ကာ အကျဉ်းချုံးခဲ့ပြီးသည့်နောက် သီးခြားဘဝ ရပ်တည်ဖို့ဆုံးဖြတ်ခဲ့သည်။

"မြကျင်ရေ- ငါတို့တော့ ဒီမှာကပ်နေလို့ အဆင်ပြေမှာမဟုတ်တော့ဘူး၊ ငါတို့အိမ်မှာ မြကျင် သိတဲ့အတိုင်း မောင်နှမများတယ်လေ၊ ဒီတော့ မြကျင်တို့အိမ် လိုက်နေတယ်ဆိုပြန်တော့လည်း မြကျင်တို့အိမ်ကလည်း မောင်နှမ များပြန်ရော၊ ဒီတော့ ဖြစ်ချင်ရာဖြစ်ဟာ ငါတို့ သီးခြား အိမ်ခွဲနေကြမယ်"

အဖေက အမေ့ကိုပြောခဲ့သည်။ အဖေပြောသည်ကို အမေက သဘောတူသည်။

"ကိုအောင်သော် သဘောပဲ၊ မြကျင်လည်း အဲသလို စဉ်းစားနေတာလေ"

အဖေနှင့် အမေတို့သည် သူတို့စီစဉ်သလို အကောင်အထည် ဖော်ခဲ့ကြသည်။

တကယ်တော့ အဖေ့မှာ မောင်နှမ ရှစ်ယောက်ရှိသလို အမေ့မှာလည်း ခြောက်ယောက်ရှိသည်။ လက်လုပ်လက်စား လူတန်းစားတွေအတွက် ဒီလောက် များပြားသည့် ညီအစ်ကိုမောင်နှမတွေနှင့် အတူနေလို့ အဆင်ပြေမည်မဟုတ်။ လွတ်လပ်မှုမရှိသည်ကတော့ သေချာသည်။ အနေအထိုင်ဆင်းရဲ၊ အစားအသောက်ဆင်းရဲ ဖြစ်နေရမည်က အမှန်။

နောက်နှစ်လအကြာ အဖေက အဖေ့ရဲ့ဖခင် အိမ်ဝင်းအတွင်း ထောင့်တစ်ထောင့်မှာတဲလေးတစ်လုံးထိုးသည်။ ပြောရလျှင် အဖေတို့လင်မယားသီးခြားနေထိုင်ဖို့ ဆောက်ခဲ့သည့် အိမ်လေး။

"အဖေ ဟို- ခဏပဲဆောက်ပြီးနေမှာပါ၊ အဆင်ပြေရင် နောက်ရက်တခြားတစ်နေရာ ဝယ်ပြီးနေမှာပါအဖေနော်"

အဖေက သူ့ဖခင်ဆီ ခွင့်တောင်းပြီး နေခဲ့သည်။ အဖေ့အစီအစဉ်ကို အားလုံးက ခွင့်ပြုခဲ့ကြသည်။ သီးခြားခွဲနေပြီးသည့်နောက် အဖေက ဖိနပ်ချုပ်အလုပ်လုပ်ဖို့ စဉ်းစားထားသလို အမေက အကြော်ကြော်ပြီးရောင်းဖို့ တိုင်ပင်ကြသည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘော။

"ဟုတ်တယ် မြကျင်၊ ဈေးသွားတဲ့ပန်းခြံထောင့်မှာ အကြော်တဲကလေးထိုးပြီး မြကျင်က အကြော်ရောင်း၊ ငါက တခြားအလုပ်လုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အလိုတော် ကိုအောင်သော်ရယ်၊ အကြော်ကြော်တယ်ဆိုတာ ကျုပ်တစ်ယောက်တည်း ဖြစ်တယ်လို့များထင်နေသလား၊ မီးမွှေးရ၊ မုန့်ဖတ်နယ်ရ၊ ဒယ်အိုးထဲ ထည့်ရ အကြော်ကျက်ရင် ဆယ်ရနဲ့"

အမေက နားမလည်စွာနှင့်ပြောသည်။ စာကယ်လည်း အမေဖြစ်သူ နားမလည်ပါ။ တကယ်ဆိုရင် အကြော်ရောင်းကြမည်။ လင်မယားနှစ်ယောက် အတူတူရောင်း အတူတူပြန်ကြမည်။ ဒါဆိုရင် အမေက လက်ခံသည်။ အခုတော့ အမေက အကြော်ရောင်း၊ အဖေက တခြားအလုပ် လုပ်မည်တဲ့။

"ဒီလို မြကျင်ရဲ့၊ အကြော်ဆိုတာ မနက်ခင်းမှာ အဝယ်များတယ်လေ၊ ဒီတော့ စောစောထပြီး အကြော်ကြော်ကြမယ်၊ နေ့လယ်လောက်ကျရင် ငါ့အလုပ် ငါလုပ်မယ်လေ နော်"

"နို့ နေပါဦး၊ ကိုအောင်သော်က ဘာလုပ်မှာလဲ၊ ဘာလဲ ဖိနပ်ချုပ်တဲ့ အလုပ်လား"

"အင်း"

"တော် အပင်ပန်းခံနိုင်ရင် ပြီးရောလေ"

အမေက နောက်တော့ သဘောပေါက်သွားသည်။ အဖေ့အကြံကို လက်ခံသည်။ နောက်ရက်တွင် အကြော်တဲထိုးသည်။ မနက်စောစော အကြော်ကြော်သည်။ ဗယာကြော်၊ ဘူးသီးကြော် စသည့်အကြော်များအပါအဝင် လေးငါးမျိုး ကြော်ပေးခဲ့ပြီး နေ့လယ်ပိုင်းတွင် အဖေက သူ့အလုပ် သူလုပ်သည်။

အမေ အကြော်ရောင်းသည့်နေရာက ဈေးလမ်းဘေးက ပန်းခြံထိပ်၊ အဖေ ဖိနပ်ချုပ်သည့်နေရာက လမ်းဘေး တံမာပင်ရိပ်အောက်မှာ။

ထိုနေရာသည် ဈေးသွား ဈေးပြန်တို့အသွားအလာများသည်။ အသုပ်ဆိုင်၊ ဆိုက်ကားဂိတ်နှင့် မြင်းလှည်းဂိတ်လည်း ရှိသည်။ ဒီတော့ အဖေ့အတွက် အဆင်ပြေသည်။ နေ့လယ်ကနေ ညနေဈေးပိတ်ချိန်အထိ အဖေက ဖိနပ်ချုပ်၊ အမေက အကြော်ရောင်း။ အမေ အကြော်ရောင်းသည့်နေရာနှင့် အဖေ ဖိနပ်ချုပ်သည့်နေရာက သိပ်ပြီး မဝေး။

"ကိုအောင်သော်"

"ဘာလဲ မြကျင်"

"ကျုပ်လေ ကိုယ်ဝန်ရှိနေပြီ ထင်တယ်"

"ဟင်"

အိမ်ထောင်သက် တစ်နှစ်ကျော်အရောက်တွင် အမေက သည်သို့ပြောလာသည်။ အဖေ့ခမျာ ဝမ်းသာအားရနှင့် ကြည်နူးကျေနပ်ခဲ့သည်။

"နင် ကိုယ်ဝန်ရှိနေပြီဆိုရင် အလုပ်က နားရတော့မယ်လေ"

"လိုပါသေးတယ် တော်၊ ခုမှ နှစ်လ သုံးလပဲရှိပါသေးတယ်"

"ဘာပဲဖြစ်ဖြစ် အလုပ်က နားရမှာပဲလေ၊ အဲသလိုကိုယ်ဝန်ရှိရင် အလုပ်က နားရမယ်မှန်းသိလို့ ငါက တခြားအလုပ်တစ်ခုကိုခွဲပြီး အရန်သင့်လုပ်ထားတာပေါ့ဟ၊ နားလည်လား မြကျင်၊ နင် အကြော်ရောင်း နားရရင် ငါက ဖိနပ်ချုပ်တဲ့အလုပ်ဘက် လုပ်သွားမှာလေ၊ ဒါမှ နင် မီးဖွားစရိတ်ရမှာမဟုတ်လား"

"ဪ- ကိုအောင်သော်ရယ်"

အဖေ့ရဲ့ အမြော်အမြင်ကြီးမားမှုကို နားလည်ခံစားရင်း အဖေ့ကိုကြည့်ကာ အမေ ပြုံးနေရှာသည်။

အဖေပြောသလို အမေ့အနေဖြင့်ကိုယ်ဝန်ရင့်မာလာပြီဆိုရင် အကြော်ကြော်ခြင်းအလုပ်ကို ရပ်ထားရပေမည်။ ထိုအခါ ဝင်ငွေ မရှိနိုင်တော့။ ဒီတော့ အဖေက သူ့အလုပ်သူ ဆက်လုပ်မည်လေ။

အမေ့မှာ ကိုယ်ဝန်ရှိနေပြီဆိုကတည်းက အဖေနှင့်အမေတို့ အလုပ်ကြိုးစားလုပ်ခဲ့သည်။ မနက်မလင်းခင် အကြော်တဲအရောက်သွား ပြင်ဆင်ပြီး အကြော်ကြော်၊ စားတဲ့သူတွေ ဝယ်တဲ့သူတွေ စိတ်ကြိုက်ရောင်းချလို့ နေ့လယ်ပိုင်းဆို အဖေက သူ့အလုပ်လုပ်ရာဆီ ပြေးနှင့် အချိန်တွေ ကုန်လွန်ခဲ့သည်။ သို့ဖြင့် အမေ့ကိုယ်ဝန်သည်လည်း ရင့်မာလာသည်။

"ကဲ- မြကျင်၊ အလုပ်နားတော့ ဟုတ်လား"

"အင်း"

အထိုင်ရ အထရ ခက်လာသည့် အမေ့ကို အဖေက အနားပေးသည်။ အမေ့ဗိုက်သည် သာမန်ထက်ပိုကြီးနေသည်ဟု ထင်ရသည်။ နောက်တွင်တော့ အကြော်မရောင်းရတော့ပြီ။

ဒီတော့ အဖေက သူ့အလုပ်သူ လုပ်သည်။ ဖိနပ်ချုပ်ရာမှာ အသုံးပြုသည့် ပစ္စည်းတို့ကိုယူ ခပ်စောစောပင် အလုပ်ထွက်ခဲ့သည်။

"မြကျင် ငါသွားမယ်နော်"

"အင်း သွားလေ၊ မစောလွန်းဘူးလားဟင်"

"ရပါတယ်၊ စောစောသွားတော့ ဖိနပ်အပ်ချင်တဲ့သူတွေအတွက် အဆင်ပြေတာပေါ့၊ မနေ့က ဖိနပ်အပ်ထားတာလည်း ဒီမနက်ပေးရမှာဆိုတော့ စောစောသွားမှ အဆင်ပြေမှာလေ"

အမေက ခေါင်းညိတ်ပြသည်။ အဖေက ပစ္စည်းများကိုထမ်းပြီး ထွက်လာသည်။ အလုပ်နေရာ ဈေးထောင့်



www.burmeseclassic.com

www.burmeseclassic.com

ရောက်တော့ ပစ္စည်းအချို့ ခင်းကျင်းသည်။

သည်သို့ ဘဝတိုက်ပွဲအတွက် အဖေသည် သူများစီးပြီးထားသော ဖိနပ်များကို မရှုံ့မရှာ ကိုင်ရင်း၊ ချုပ်ရင်းနှင့် အချိန်တွေ ကုန်လွန်ခဲ့သည်။

တစ်နေ့ အမေမွေးသည့်နေ့၌ အဖေသည် အိမ်သို့ အပြေးပြန်လာခဲ့သည်။ အမေ မီဖွားခဲ့သည်။ ဆေးရုံပင် မသွားရ။

"ကိုအောင်သော်၊ မြကျင် မွေးပြီတော့"

"မွေး မွေးပြီ ဟုတ်လား၊ ဘာလေးလဲဟ၊ သားလေးလား သမီးလေးလားဟင်"

"သားလေးရော သမီးလေးရောတော့"

"ဟော. . ."

အခန်းအပြင်မှနေပြီး ဝမ်းသာနေသည့် အဖေ။ အရပ်လက်သည် မိမိုးစကားကြောင့်နားမလည်ဖြစ်သွားသည်။

"ဘာ. . ဘာပြောတာလဲ မိမိုး"

"အိုတော် အမြွှာပူးမွေးတာကို ပြောတာ"

"ဟာ- ဒါ ဒါဆို သားနဲ့သမီးပေါ့"

"ဟုတ်တယ် ကိုကြီးအောင်သော်ရဲ့"

ထိုစဉ်က အဖေ ဝမ်းသာအားရဖြစ်ခဲ့သည်။ ကြည့်စမ်း၊ ထင်ထားသည်က သားလေး၊ ဒါမှမဟုတ် သမီးလေးဟု ထင်ထားခဲ့သည်။ ခုတော့ သားရော သမီးရော မွေးပေးခဲ့သည်တဲ့။

ထိုနေ့က အဖေ အလွန်အမင်း ပျော်ခဲ့ပါသည်။

❁

မောင်နှမနှစ်ယောက်မှာ ကျွန်မက အကြီး၊ မောင်လေးက အငယ်။

"သမီးကလည်း ချစ်စရာလေး၊ ပြီးတော့ သားလေးကလည်း ချစ်စရာလေးပဲ မြကျင်ရာ၊ ငါတို့တော့ မတရားကံကောင်းတာပဲနော်"

အဖေက ကျွန်မတို့ မောင်နှမနှစ်ယောက်ကို ကြည့်ရင်းပြောသည်။ ကျွန်မကို ကြည့်လိုက်၊ မောင်လေးကို ကြည့်လိုက်နှင့် အလုပ်ပင် ကောင်းကောင်း ဖြောင့်ဖြောင့် မသွားနိုင်ဖြစ်ခဲ့သည့် အဖေ။

မှန်ပါသည်။ အမေ မျက်နှာမြင်သည့်နေ့မှ တစ်လ ပြည့်သည်အထိ အဖေမှာ အလုပ်မသွား။ အမေ့ ထဘီတွေ၊ အဝတ်တွေ လျှော်ဖွပ်ပေးရ၊ ထမင်းဟင်းချက်ရ၊ ကျွန်မတို့ မောင်နှမတစ်တွေကို ထိန်းရနှင့် အဖေ့ခမျာ မနားမနေ ဖြစ်ခဲ့ရပေါင်း များခဲ့ပြီ။

"ကိုအောင်သော်"

"ဘာလဲ မြကျင်၊ ဘာလို့လဲဟင်"

"တော် အလုပ်သွားပါလားတော်နော်၊ ကျုပ်တို့မှာ ငွေသုံးဖို့က လိုတယ်လေ၊ ပြောရရင် အခုချိန်မှာ တော့်လုပ်အားခကိုပဲ အားကိုးနေရတာလေ၊ တော့်ဘက်ကရော ကျုပ်ဘက်ကပါ အားကိုးအားထားပြုရမယ့်သူက မရှိဘူးလေ နော်"

ချည့်နဲ့စွာဖြင့် ပြောလာသည့် အမေ့စကားကို အလေးအနက်ထားသူက အဖေဖြစ်သည်။

အမေပြောသလို နောက်ရက်တွင် အဖေ အလုပ်ဆင်းသည်။ ရလာသည့်ပိုက်ဆံကို အမေ့ဆီ အပ်သည်။ ပြီးတော့ ချုပ်စရာဖိနပ်တွေ၊ ဆေးသုတ်ရမည့်ဖိနပ်တွေကို အိမ်ယူလာသည်။ ခဏနားပြီး လုပ်စရာရှိတာတွေ လုပ်သည်။ ချုပ်စရာရှိတာချုပ်၊ ဆေးသုတ်စရာရှိတာသုတ်။

"ကျုပ် စိတ်မကောင်းဘူး ကိုအောင်သော်"

"ဘာဖြုလို့လဲဟင်"

"ဪ- သူများစီးထားတဲ့ဖိနပ်တွေကို မရှုံ့မရှာကိုင်ပြီးချုပ်ရတာ ဆေးသုတ်ရတာကို ကြည့်ပြီး စိတ်မကောင်းဖြစ်မိတာပါ"

"အိုကွာ၊ မြကျင်ကလည်း စိတ်ထားတတ်ရင် ကုသိုလ်တောင်ရပါသေးတယ်ကွာ၊ ဖိနပ်ဆိုတာ လူတိုင်းက ရှုံ့စရာလို့ ထင်နေကြပေမယ့် လူတိုင်းအတွက် မရှိမဖြစ် လိုအပ်တဲ့အရာလေ၊ အဆိုတောင် ရှိတယ်လေကွာ၊ ရေဘူးနဲ့ ဖိနပ်မပါရင် နွေအခါမှသိ ဆိုတဲ့စကားရှိတယ်လေ"

အကောင်းဘက်ကို ဆွဲတွေးပြီးပြောသည်ဟုအမေထင်ခဲ့ပေမယ့် အဖေပြောနေသည့်စကားသည် တကယ့်ကိုသဘာဝကျသည်။ လူတွေစီးနေသည့် စီးထားသည့်ဖိနပ်ကို အခြားလူ တစ်ယောက်က ကိုင်တွယ်ဖို့ဆိုတာ အတော်ခဲယဉ်းသည်။

အဲ- အဖေ့လို ဖိနပ်ချုပ်လုပ်ရသည့် လူမျိုးကသာ သူများ စီးထားသည့်ဖိနပ်ကို တမြတ်တနိုး ခုံမင်တတ်သည်လေ။ သည်သို့ ခုံမင်တတ်မှလည်း အလုပ်အပ်သူ ပေါမည်။ အလုပ်ပေါမှလည်း ဝင်ငွေရှိမည် မဟုတ်လား။

"အင်း- ဘာပဲဖြစ်ဖြစ် ဘဝပေးအခြေအနေပေါ့ ကိုအောင်သော်ရယ်"

"မြကျင်ကလည်းဟာ ဒါတွေတွေးမနေပါနဲ့၊ မြကျင်က ဒီအလုပ်ကို အောက်ကျနောက်ကျအလုပ်လို့ ထင်နေလို့ အဲသလိုအတွေးမျိုး ဝင်နေတာပါ၊ ကုသိုလ်[illegible] ဝမ်းလည်းဝဆိုတဲ့ အတွေးမျိုးဝင်ကြည့်လိုက်၊ ငါ့အလုပ်ကို မြကျင် သာဓုခေါ်လာလိမ့်မယ်သိလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါပြီတော် ဟုတ်ပါပြီ၊ ကျုပ်က စိတ်မကောင်းလို့ပြောတာပါ"

အဖေ လုပ်နေသည့် ဖိနပ်ချုပ်အလုပ်က အမေ သဘောမကျခဲ့ပေမယ့် သဘောတူခဲ့ရသည်။

အဖေကတော့ သူ့အလုပ်တွေကို အလုပ်လုပ်ချိန်အပြင် အိမ်အထိ ယူလာပြီး ညဥ့်နက်သည်အထိ လုပ်နေရှာသည်။ ဘဝကို အလုပ်နှင့် တည်ဆောက်ခဲ့သည့် အဖေ့အရိပ်မှာ ကျွန်မတို့မောင်နှမ ငါးလပြည့်ခဲ့သည်။

ထိုနေ့က အဖေ့ဘဝ နောက်ဆုံးရက်။ ထင်မှတ်မထားသော ကံကြမ္မာဆိုးက ကျွန်မတို့ မိသားစုအတွင်း ချဉ်းနင်းဝင်ရောက်လာသည်။ အစွယ်အပွားတွေနှင့် ရောက်လာသည့် ကံကြမ္မာဆိုးက အဖေ့အသက်ကို နုတ်ယူသွားခဲ့လေသည်။

ထိုနေ့က အမေက ကျွန်မနှင့် မောင်လေးကို အမည်ပေးမည့်နေ့။

ရွာဦးကျောင်း ဆရာတော်ဆီသွားပြီး အမည်တောင်းခံခဲ့ကာ ဆရာတော်ပေးမည့် အမည်ကို လူသိရှင်ကြားပေးမည့်နေ့။

"အင်း- နေ့အလိုက် နံအလိုက်ဆိုရင် သမီးကြီးကို မဝင်းမာ၊ အငယ်ကောင်ကို မောင်ဝင်းမောင်လို့ပေးလိုက်"

"သမီးလေးက ဝင်းမာ၊ သားငယ်က ဝင်းမောင်၊ အို- နာမည်လေးတွေက လိုက်ဖက်လိုက်တာ၊ ကျက်သရေရှိလိုက်တာ"

ဆရာတော် နာမည်ပေးလိုက်သည့်နေ့က အမေ့ခမျာ မျက်ရည်ကျခဲ့သည်။ အိမ်ရောက်တော့ နာမည်လေးများကို ပြောပြသည်။

အဖေကလည်း နာမည်များကို နှစ်သက်သည်။

"ဒါဆို လေးငါးရက်နေရင် အမည်ပေး ကင်ပွန်းတပ်ပွဲ လုပ်ပေါ့၊ မြကျင်ရယ်၊ အကြော်လေး ကောက်ညှင်းပေါင်းလေး ကျွေးလိုက်ပေါ့"

"ဟုတ်တယ်၊ ကောင်းတယ်"

လင်မယားနှစ်ယောက် တိုင်ပင်ကြပြီး မောင်နှမနှစ်ယောက် ကင်ပွန်းတပ်မည့်ရက် ကျွေးဖို့ ပြင်ခဲ့သည်။

မနက်စောစော အဖေ ဈေးဘက်ထွက်သွားခဲ့သည်။ရပ်ကွက်အတွင်းမှ အထွက်တွင် အဆိပ်ရှိသည့်သတ္တဝါတစ်ကောင်က ကိုက်လိုက်သည်။ အစကတော့ ဘာမျှမဖြစ်သေး။ နောက်တော့ အဆိပ်ရှိမြွေတစ်ကောင် ကိုက်လိုက်မှန်း သိသွားခဲ့သည်။ သိသည့်အချိန်မှာတော့ နောက်ကျသွားပြီ။ ဆေးရုံသို့ ပို့ခဲ့သော်လည်း နှောင်းသွားပြီ။ ကြမ္မာဆိုးက အဖေ့အသက်ကို အရအမိ နုတ်ယူသွားခဲ့သည်။

ဆေးရုံမရောက်ခင်မှာ သေဆုံးသွားခဲ့ရသည့် အဖေ။

အဖေ မရှိတော့သည့်နောက် အမေရယ်၊ ကျွန်မရယ်၊ မောင်လေးရယ် သုံးယောက်တည်း။

လောကကြီးမှာ အမေ့အရိပ် ခိုရင်း၊ အမေ့အရိပ် နားရင်း၊ အမေ့အပြုံး အမေ့စကားတွေ စားသုံးရင်းနှင့်ပေါ့။

❁

လောကမှာ ဘယ်သားသမီးပဲဖြစ်ဖြစ် အဖေစုံ အမေစုံ နေချင်ကြသည်။ ပြီးတော့ ပစ္စည်းစုံနှင့် နေချင်ကြသည်။ သို့သော် ကျွန်မတို့ဘဝက သည်သို့သော အခြေအနေမျိုးတွေ မရှိခဲ့။

ကျွန်မတို့ ငယ်စဉ်မှာ အဖေဆုံးပါးခဲ့ပြီးသည့်နောက် အမေသည် ကျွန်မတို့မောင်နှမနှစ်ယောက်၏တာဝန်များကို ထမ်းရွက်ရင်း လောကကို ရင်ကော့ ခေါင်းမော့ကာ ရင်ဆိုင်ခဲ့သည်။ အဖေ့တာဝန်ရော အမေ့တာဝန်ပါ ပူးတွဲယူခဲ့ရရှာသည့် အမေ့တာဝန်များသည် အဘယ်မျှ ကြီးလေးသလဲဆိုတာ ကျွန်မ သိပါသည်။

အဖေ မရှိတော့သည့်နောက် မုဆိုးမဘဝ့ကိုယူရင်းနှင့် အမေသည် ကြုံရာကျပန်းအလုပ်ကို လုပ်ခဲ့ရှာသည်။

အမေ လုပ်ခဲ့သည့် အလုပ်က မြို့ထဲလှည့်ပြီး အဝတ်လျှော်ရသည့် အလုပ်။

"အင်း- လတ်တလော သမီးနဲ့ သားလေးရဲ့ ဝမ်းဝဖို့က အရေးကြီးတယ်၊ အလုပ်ရှိဖို့က အရေးကြီးတယ်၊ အဝတ်လျှော်တယ်ဆိုတာ သူများပစ္စည်း ခိုးတာ ဝှက်တာမှတ်လို့၊ မရှက်ဘူး၊ ရှက်စရာ မလိုဘူး"

အမေသည် တွေးရင်းနှင့် မြို့ထဲ ရပ်ကွက်တွေထဲ လှည့်သွားသည်။ အရင်သိကျွမ်းခဲ့ဖူးသူတွေဆီ ဝင်သည်။

"အစ်မ ကျွန်မကို အလုပ်စပ်ပေးပါနော်၊ အဝတ်လျှော်တဲ့ အလုပ်လေနော်"

အမေနှင့် ခင်မင်ခဲ့သူကလည်း ထိုနေ့က သူ့အိမ်မှာရှိသည့် အဝတ်များကို ရေကန်မှာ လျှော်ဖို့ချပေးသည်။ အမေ ဝမ်းသာသွားသည်။ ဇလုံကြီးထဲ ရေထည့်၊ ဆပ်ပြာမှုန့်တွေ ထည့်ပြီး အဝတ်တွေကို စိမ်သည်။ ပြီးတော့ အသေအချာလျှော်ဖွပ်သည်။ ခပ်နာနာလေး ရိုက်လျှော်သလို ခပ်နာနာလေး ပွတ်သပ်လျှော်ခဲ့သည့် အမေ။ စေတနာအပြည့်နှင့် လျှော်ခဲ့သည့် အမေ။

သမီးနှင့် သားလေးအတွက် သူများအဝတ်တွေကို လျှော်ခဲ့သည့် အမေ။



www.burmeseclassic.com

www.burmeseclassic.com

"အစ်မ အားလုံး လျှော်ပြီးပြီ"

အဝတ်များကို လျှော်ပြီးတော့ အမေက ပြောသည်။

အိမ်ရှင် သူငယ်ချင်းက ထမင်းဟင်းအကျန်တွေ၊ မုန့်တွေနှင့်လုပ်အားခ ပိုက်ဆံပါပေးသည်။

"နောက်ရက် ဒီပဲ လာခဲ့၊ အစ်မ သူငယ်ချင်းတွေကို ပြောထားမယ်၊ ကြားလား မြကျင်"

"ဟုတ်၊ ကျေးဇူးတင်ပါတယ် အစ်မရယ်"

နှုတ်ဆက်ပြီး အိမ်ကို အပြေးပြန်ခဲ့သည်။ အိမ်ရောက်တော့ ထမင်းဟင်းတွေကို ပန်းကန်ပြားနှစ်ချပ်ထဲ မျှထည့်။ ဟင်းတုံးတွေကို မျှပုံပေးရင်း ကျွန်မတို့ မောင်နှမကို ကျွေးသည်။ ကျွေးရင်းနှင့် ပွဲဦးထွက် အလုပ်လုပ်ခဲ့ရပုံကို ပြောနေသည့် အမေ့အသံတွေက ကြည်လင်ပြတ်သားနေသည်။

"အမေလေ ဝမ်းသာလွန်းလို့၊ သိလား၊ အစ်မကလေ အဝတ်အစားတွေချပေး၊ ဆပ်ပြာမှုန့်တွေ ချပေးတာ၊ အဲဒါ အမေကလေ စေတနာအပြည့်နဲ့ လျှော်လိုက်တာလေ အဝတ်တွေဆို ဖွေးဖွေးဖြူလို့လေ၊ အဲဒါ သမီးနဲ့သားအတွက် ကြောင့်လေ၊ အင်း- အပြန်မှာတော့ ထမင်းဟင်းတွေရော၊ မုန့်တွေရော၊ ပိုက်ဆံပါ ပေးလိုက်တာ"

အမေက ကျွန်မတို့ကိုကြည့်ရင်း ပြောသည်။ လက်ထဲမှာ ဈေးဦးပေါက်ရခဲ့သည့် ပိုက်ဆံအချို့ကို တွေ့လိုက်ရသည်။ ထိုနေ့က ကျွန်မရော၊ မောင်လေးရော အမေပါ ပျော်ခဲ့ကြသည်။ အိပ်ရာဝင်တော့လည်း အပြုံးတွေကိုယ်စီနှင့်။

နောက်ရက်ရောက်တော့ အမေသည် မြို့ထဲ ထွက်သွားသည်။ မနေ့က အမေ အလုပ်လုပ်ခဲ့သည့် အိမ်ကိုဝင်သည်။ ထိုအိမ်မှ သူငယ်ချင်းအစ်မက အမေ့ကို အခြားတိုက်မှ အဝတ်လျှော်ဖို့ အလုပ်စပ်ပေးသည်။ ထိုတိုက်ကလည်း အဝတ်တွေ လျှော်ခိုင်းသည်။ ထိုနေ့က နှစ်အိမ်ကူးပြီး အဝတ်တွေလျှော်ခဲ့သည့် အမေ၊ အိမ်ပြန်လာတော့ နေပင်ဝင်နေပြီ။ မှောင်နေပြီ။

"အမယ်လေး သမီးရယ်၊ နှစ်အိမ်တောင်ကူးပြီး လျှော်ခဲ့ရတာ၊ ကဲ ကဲ ထမင်းစားကြရအောင်၊ ဒီမှာ ဟင်းပါတယ်"

ပြောရင်း အမေက ထမင်းခူးခပ်သည်။ ပြီးတော့ သုံးယောက်မျက်နှာစုံညီထိုင်ပြီး ညနေစာ စားကြသည်။ အမေပါလာသည့်ဟင်းက ငါးချက်တစ်ခွက်နှင့် ပဲပြုတ်တစ်ခွက်။ အမေက ပဲပြုတ်လေးငါးဇွန်းနှင့်စားပြီး ငါးဖတ်ကိုတော့ ကျွန်မနှင့်မောင်လေးကို အရိုးနွှင်ပြီး အသားဖတ်လေးများကိုယူကာ မျှဝေကျွေးခဲ့သည့် အမေ။

"အမေက ငါးဖတ်မစားဘူးလား"

"ဟုတ်တယ်၊ အမေလည်း စားလေ"

ကျွန်မနှင့် မောင်လေးက ပြောခဲ့သည်။ အမေက ခေါင်းခါရင်း ပြုံးသည်။ ပြုံးရင်းနှင့် ထမင်းလုတ်ကို ပါးစပ်ထဲ ခွံ့ရင်း ဝါးနေသည်။

"အမေက အသားငါးဆို သိပ်ကြိုက်တာမဟုတ်ဘူး၊ ပဲပြုတ်တို့ အတို့အမြှုပ်တို့မှ ကြိုက်တာ၊ စားစား သမီးနဲ့ သားလေး စား"

အမေက ပြောရင်း ငါးဟင်းအရည်များကို ကျွန်မနှင့် မောင်လေး ပန်းကန်ထဲ မျှပြီးဆမ်းပေးလိုက်သည်။ ထိုနေ့ကလည်း ကျွန်မတို့ မောင်နှမ ခံတွင်းတွေ့ခဲ့သည်။

အမေကတော့ မနက်လင်း မြို့ထဲထွက်။ ညနေကျတော့ ပြန်လာ။ တစ်ခါတလေ ထမင်းရော ဟင်းတွေပါ ပါလာသလို တစ်ခါတလေ ဟင်းချည်းသာ ပါလာသည်။ ထမင်းရော ဟင်းပါ မပါခဲ့ပါက အဝတ်လျှော်ရသည့် ပိုက်ဆံဖြင့် ကြက်ဥ၊ ဘဲဥ ဝယ်လာပြီး အိမ်ကျမှ ကြော်ကျွေးခဲ့သည့် အမေ။

သို့ဖြင့် ကျွန်မနှင့် မောင်လေးတို့ ကျောင်းနေအရွယ် ရောက်ခဲ့ကြပြီ။ ပထမတန်းမှာ အတူတူ ကျောင်းတက်ခဲ့ရသည့်အရွယ် ရောက်ပြီ။

✿

ကျွန်မတို့ သုံးတန်းအတက်မှာ ဘဝက်တရားက တစ်မျိုးဖန်လာခဲ့သည်။

"သမီးရော၊ သားလေးရော အမေစကားပြောချင်တယ်"

"ပြောလေ အမေ"

"ဟုတ် ပြော"

အဝတ်လျှော်ရာကနေ ညနေခင်းပြန်လာသည့်အမေက ထမင်းစားအပြီး ထူးဆန်းသည့်စကား ဆိုလာသည်။ အမေက စကားစရင်း ခေါင်းငုံ့ထားလေသည်။ ကျွန်မတို့ မောင်နှမကို ရဲရဲမကြည့်။

"ဒီလိုပါကွယ်၊ အမေလေ အိမ်ထောင်ပြုတော့မလို့"

"အိမ်ထောင်ပြုမယ်"

"ယောကျ်ားယူမယ်"

ကျွန်မရော မောင်လေးပါ မျက်လုံးပြူးသွားသည်။ အမေ့ကို မယုံမရဲဖြင့် နားမလည်စွာကြည့်နေမိသည်။

"ဟုတ်တယ် သမီး၊ ဒါကလည်း ဟောဒီက သမီးနဲ့သားလေးရဲ့ ဘဝရှေ့ရေးကြောင့်ပါ၊ သမီးတို့ စဉ်းစားလေ၊ သမီးနဲ့သားက ကြာလေ အတန်းပညာတွေ မြင့်လေ၊ ပိုက်ဆံတွေ ကုန်လေ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှာ၊ ဒီတော့ အမေ အဝတ်လျှော်လို့ရတဲ့ ပိုက်ဆံနဲ့ သမီးတို့မောင်နှမကို ကျောင်းထားဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ ဒါကြောင့် အမေစဉ်းစားပါတယ်၊ ရှူးချင်လောက်တဲ့အထိ စဉ်းစားတယ်၊ စဉ်းစားရင်းနဲ့ အမေ ဆုံးဖြတ်လိုက်တယ် သမီးရယ် နော်"

အမေက ပြောရင်း ကျွန်မလက်ကိုရော မောင်လေးလက်ကိုပါ ဆုပ်ကိုင်ရင်း စိတ်မကောင်းစွာရှိရှာသည်။

"ဘယ်သူနဲ့ အိမ်ထောင်ပြုမှာလဲ ဟင်"

"ဘယ်သူလဲ အမေ"

ကျွန်မတို့မောင်နှမ ပြိုင်တူမေးမိသည်။

"ကိုဘခင်နဲ့"

ကျွန်မတို့ ဘာမျှမပြောတော့။

နောက် နှစ်ပတ်ခန့်အကြာတွင် အမေ အိမ်ထောင်ပြုခဲ့သည်။ အမေနောက်အိမ်ထောင်ပြုသည့် ကိုဘခင်ဆိုတာ မုဆိုးဖို တစ်ဦး၊ သူ့မိန်းမဆုံးခဲ့တာ သုံးနှစ်ကျော်ပြီ။ စီးပွားရေးက မဆိုး။ သူ့မိန်းမရှိစဉ်က အိမ်ဈေးရောင်းသည်။ ကိုဘခင်က မြင်းလှည်းမောင်းသည်။ ပြောရလျှင် မပူမပင် နေနိုင်သည့်အဆင့်။

အမေနှင့် ကိုဘခင်တို့ တရားဝင်ယူပြီးသည့်နောက် အမေနှင့် ကျွန်မတို့မောင်နှမ ပထွေးဖြစ်သူအိမ်သို့ လိုက်နေရသည်။ ရွှေ့ခဲ့ကြရသည်။

ကျွန်မတို့ ဘဝအစ ရပ်တည်ခဲ့ရာ အဖေရှိစဉ်က နေခဲ့သည့် အိမ်နှင့်ဝင်းလေးကို ပစ်ခဲ့ရပြီ။ ကျွန်မရော၊ မောင်လေးရော စိတ်မကောင်း။

သို့သော် အမေစီမံရာ နေကြရမည်လေ။ ပြီးတော့ အမေ့ကို ချစ်ရှာသည့် ပထွေးဖြစ်သူကလည်း ကျွန်မတို့မောင်နှမကို အလိုလိုက်ရှာပါသည်။ လွတ်လွတ်လပ်လပ် နေခွင့်ပြုခဲ့ပါသည်။ တကယ်လည်း အဆင်ပြေပါသည်။ ယခင်က တဲသာသာအိမ်လေးနှင့် နေခဲ့သည့် ကျွန်မတို့မောင်နှမ အခုတော့ ရေနံချေးသုတ်နှစ်ထပ်အိမ်မှာ နေခွင့်ရခဲ့ကြပြီ။ ကျွန်မတို့ကိုလည်း ပထွေးက ကျောင်းဆက်ထားခဲ့သည်။ ဘာမျှ လို လေသေးမရှိခဲ့။

အမေက အိမ်ဈေးရောင်း။

ပထွေးက မြင်းလှည်းမောင်း။

ကျွန်မတို့က ကျောင်းတက်။

သို့ဖြင့် ကျွန်မတို့ ရှစ်တန်းကျောင်းသားဘဝ ရောက်ခဲ့ပြီ။

✿

ကိုးတန်းတက်သည့် နှစ်တွင်တော့ ပထွေးဖြစ်သူ ဆုံးပါးခဲ့သည်။ ပထွေးဖြစ်သူသည် အလုပ် ကြိုးစားသည်။ အမေ့ကိုလည်း ချစ်သည်။

အမေ့ကို ချစ်သလို ကျွန်မတို့မောင်နှမကိုလည်း သူ့သားသမီးအရင်းလို သဘောထားပြီး ချစ်ရှာပါသည်။ သို့ကြောင့်လည်း အလုပ်ကြိုးစား လုပ်ခဲ့ပါသည်။

ကျွန်မတို့ကိုလည်း ပညာတတ်ကြီးတွေဖြစ်အောင် ကြိုးစားဖို့ ပြောခဲ့သည်။ အစစအရာရာ စည်းကမ်းရှိဖို့၊ သတိရှိဖို့ အမြဲပြောခဲ့ရှာပါသည်။

ပထွေးဖြစ်သူမှာ သွေးတိုးရှိသည်။ ဆီးချိုလည်း ရှိသည်။ ထိုနေ့က နေမကောင်းဟု ပြောသေးသည်။ မြင်းလှည်း ထွက်ပြီး မမောင်းခဲ့။ အမေကလည်း အလုပ်မသွားခိုင်းခဲ့။

"တော် နေမကောင်းရင် အသာငြိမ်နေပါနော်၊ နားနားနေနေ နေပါတော်၊ တော့်ကြည့်ရတာ စိတ်မချမ်းသာဘူး"

အမေက ပြောရှာပါသည်။ အိမ်ဈေးရောင်းရသည်နှင့် စားလို့ရကြောင်း၊ မြင်းလှည်း လုံးဝမမောင်းဖို့အထိ တားခဲ့သည့်အမေ။ သို့သော် ပထွေးက လက်မခံ။ ဆက်မောင်းသည်။

ယခုတော့ နေမကောင်းဟုဆိုပြီး အလုပ်မသွားခဲ့။ ထိုနေ့ ညနေမှာပင် ပထွေးဖြစ်သူ ဆုံးပါးခဲ့သည်။

"ကိုဘခင်ရယ်"

အမေ့ခမျာ ငိုခဲ့သည်။ တစ်ခါက အဖေ သေစဉ်က တစ်ခါ ငိုခဲ့ရသည့် အမေ။

ယခု နောက်အိမ်ထောင်ဆုံးပြန်တော့ နောက်တစ်ကြိမ်ငိုခဲ့ရသည့်အမေ။

လင်ကံ အကျိုးမပေးခဲ့သည့် အမေ။ မုဆိုးမအခေါ်ခံရဖို့ ကံနီစပ်လွန်းသည့် အမေ။ မုဆိုးမဖြစ်ဖို့ ကံပါလာသည့် အမေ။

ကျွန်မတို့ မောင်နှမကတော့ ပထွေးဖြစ်သူ အသုဘမှာ မျက်ရည်တို့ဝေ့သီခဲ့သည်မှအပ ငိုကြီးချက်မ မဖြစ်ခဲ့ကြဘဲ သုသာန်သို့ လိုက်ပို့ခဲ့သည်။ အသုဘချသည့်ရက်မှ ခုနစ်ရက် ရက်လည်သည်အထိ အမေ့ခမျာ တမှိုင်မှိုင် မျက်ရည်ဝေ့သီသီနှင့်။

"အမေတို့ ရှေ့ကို ဘယ်လိုခရီးဆက်ကြမလဲကွယ်"

ရက်လည်အပြီး သည်သို့ အမေက စကားဆိုခဲ့သည်။ အမေပြောသလို အမေ့ခမျာ အရင်မုဆိုးမလို ပြန်ဖြစ်သွားသည်။

သို့သော် လင်သေ မယားအပိုင်ဆိုသလို ကျန်ရှိသည့်ပစ္စည်းများအားလုံးကိုတော့ ရခဲ့ပါသည်။ အမေက မြင်းလှည်းနှင့် မြင်း[illegible] ရောင်းလိုက်သည်။ ဈေးရောင်းသည့်အထဲ ပစ္စည်းဝယ်ထည့်ပြီး ဈေးဆိုင်ကို အဆင့်မြှင့်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ကိုလည်း ကျောင်းဆက်ထားခဲ့သည်။

"ကဲ-သမီးရော သားရော ပညာကို ကြိုးစားနော်၊ လောကမှာ ပညာရှိမှ လူရာဝင်မှာ၊ ဒါကြောင့် အရေးကြီးတာက ပညာတတ်ဖို့ပဲ၊ အမေ့အနေနဲ့ အမွေပေးနိုင်တာ ဒါပဲရှိတယ်လေ"

အမေက ပညာရေးအတွက် တွန်းအားပေးခဲ့သည်။ လိုလေသေးမရှိ ပံ့ပိုးပေးခဲ့ရှာပါသည်။ အိမ်ဈေးလေးကို ဝီရိယထား ပစ္စည်းများ ဖြည့်စွက်ပြီး ရောင်းချခဲ့သည့် အမေ။ အချိန်ပြည့် လက်နှင့်အလုပ် မပြတ်ခဲ့သည့် အမေ။

ကျွန်မတို့ မောင်နှမ ကိုးတန်း အောင်ခဲ့ကြသည်။ လာမယ့်နှစ် ဆယ်တန်း။

သို့သော် ကံတရားသည် အမေ ဖြစ်ချင်သလို မဖြစ်ခဲ့ပြီ။

မောင်လေး ဝင်းမောင် ဆယ်တန်းကျောင်းဖွင့်ရက် တစ်ပတ်ပင်မပြည့်သေးခင် မိန်းမခိုးသွားခဲ့သည်။ ဒီသတင်းကြားတော့ ဘယ်သူမျှ မယုံနိုင်ကြ။ ကျွန်မသည်ပင် အိပ်မက်ဟုထင်နေပြီး အမေ့ခမျာ ရင်ဘတ်စည်တီးဖြစ်နေခဲ့ရသည်။ ပြီးတော့ ဆရာ၊ ဆရာမတွေ အပါအဝင် သူငယ်ချင်းများပင်မယုံမရဲ ဖြစ်နေခဲ့ကြသည်။

နောက်ဆုံးတော့ မောင်လေး မိန်းမခိုးသွားတာ သေချာသွားခဲ့ပြီ။ မောင်လေးက ဆယ်တန်းကျောင်းသား၊ ကောင်မလေးက အရောင်းသူ။ ပြောရလျှင် ငါးတန်းနှင့် ကျောင်းထွက်ခဲ့ရသော အေးမြိုင်ဆိုသော မိန်းကလေး။

"အမေ၊ မောင်လေး မိန်းမ ခိုးသွားတာ သေချာပြီ"

ကျွန်မက အမေ့ကို တီးတိုးမေးသည်။ မောင်လေး သတင်းကြောင့် ဆွေမျိုးမကင်းသူတို့က လာပြီးမေးကြသည်။ သူငယ်ချင်းအချို့ ရောက်နေကြသည်။

ကျွန်မစကားကို အမေက လုံးဝ ခွန်းတုံ့မပြန်ဘဲ ငေးနေသည်။ အမေ့မျက်ဝန်းမှာ မျက်ရည်တွေနှင့်။ အတော်ကြာမှ အမေ တီးတိုးပြောလာသည်။

"သားလေး အတော်မိုက်တာပဲနော်"

"ဟုတ်တယ် အမေရယ်၊ သမီးဖြင့် ယုံတောင်မယုံဘူး"

"အင်း- ကံတရားပဲပေါ့ သမီးရယ်၊ လူဆိုတာ သူ့အကြောင်းနဲ့သူပဲလေ၊ ဘယ်တတ်နိုင်မှာလဲ၊ ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲပေါ့"

အမေက တရားသဘော၊ လောကသဘောနှင့်ဖြေသည်။ အတွေ့အကြုံ ရင့်ကျက်လာသည့် အမေ့ဘဝသည် ဒီတစ်ခါတော့ အတော်လေး ခံစားနေရပုံ ရှိသည်။ သားလေးအပေါ် အတော်လေးကို မျှော်လင့်ထားခဲ့သည်ကိုး။ အခုတော့ မိန်းမခိုးသွားပြီတဲ့လေ။

နှစ်ပတ်အကြာ မောင်လေးနှင့် အေးမြိုင်တို့ ပြန်ရောက်လာကြသည်။ လူကြီးစုံရာဖြင့် အေးမြိုင်၏မိဘများထံ သွားပြီး စကားကြေသည်။ အေးမြိုင် မိဘများကလည်း ကြည်ဖြူကြပါသည်။ ခွင့်ပြုကြသည်။ သို့ကြောင့် မင်္ဂလာပွဲ ရက်သတ်မှတ်သည်။ တင့်တောင့်တင့်တယ် မင်္ဂလာဆောင်ပေးဖို့ အမေ့ခမျာ ပြင်ဆင်ရပြန်သည်။

အမှန်ပြောရလျှင် အဖေရှိစဉ်ကလို စီးပွားရေးနှင့်ဆိုလျှင် ကန်တော့ပွဲ တစ်ပွဲနှင့် မင်္ဂလာဆောင် ပြီးသွားပေမည်။ အခု အမေ့နောက်အိမ်ထောင် ပြုလိုက်ရာမှ ကြွင်းကျန်ပစ္စည်းအချို့ကြောင့် မောင်လေးမင်္ဂလာပွဲကို လူရာသူရာဝင်အဆင့် ဆောင်ပေးနိုင်သည်မို့ အမေ ပျော်နေပေလိမ့်မည်။

သို့သော် ကျွန်မ မပျော်ခဲ့။

✿

"ဟင်း"

တွေးရင်းနှင့် ခေါင်းခါပြီး သက်ပြင်းချသည်။ မပျော်စိတ်လိုလို၊ မကျေနပ်စိတ်လိုလိုနှင့် အလိုမကျသည့်စိတ်များကို ချုပ်တည်းရင်း အတွေးစများကို ဖြတ်လိုက်သည်။

အမေနှင့် အဖေ။ ကျွန်မတို့ မောင်နှမ။ ပြီးတော့ အဖေ သေပြီး နောက်အိမ်ထောင်ပြုခဲ့သည့် အမေ။ နောက် မောင်လေး မိန်းမရသွားလို့ မင်္ဂလာဆောင်ပေးရတာ။

နောက်. . . နောက်တော့။

ဆက်ပြီး မတွေးရဲသည့် ကျွန်မ အနေဖြင့် ကျွန်မရှေ့တွင်ရှိသည့် သမီးနှင့်သားကို ကြည့်ရင်း မျက်ရည်တွေ ဝေ့သီနေခဲ့သည်။

နှုတ်က ဆွံ့အနေဆဲမို့ သမီးနှင့် သားက ကျွန်မကို မော်ကြည့်ရင်း ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို ငံ့လင့်နေသည်။ တကယ်တော့ သမီးက အကြီး၊ သားက အငယ်။

ကျွန်မ ဆယ်တန်းတက် ဘွဲ့ရ အလုပ်ဝင်သည့်နှစ်မှာ အိမ်ထောင်ကျခဲ့သည်။ အိမ်ထောင်ကလည်း မြို့ခံလူနှင့် ရခဲ့သလို အလုပ်ကလည်း ကျွန်မတို့ မြို့လေးမှာပင် တာဝန်ကျသည်။ အိမ်ထောင်ကျအပြီး ကျွန်မသည် လင်သား ဖြစ်သူဆီ လိုက်နေရသည်။

"သမီး ကိုယ့်လင်သားကို အိမ်ဦးနတ်လိုရှိသေ[illegible]နော်၊ မယားဝတ္တရားနဲ့အညီ နေနော်"

အမေက ဆုံးမစကားတွေ ပြောခဲ့သည်။

www.burmeseclassic.com

နောက်တော့ အိမ်ထောင်သက် နှစ်နှစ်အကြာ သမီးလေး မွေးခဲ့သည်။ သမီးလေး နှစ်နှစ်အရွယ် အရောက် နောက်ထပ် ကိုယ်ဝန် ရှိခဲ့ပြန်သည်။ ထိုကိုယ်ဝန်ရှိချိန်မှာပင် လင်သားဖြစ်သူမှာ ရုံးကိစ္စနှင့် မြို့တစ်မြို့သို့အသွား ကားမှောက်ပြီး သေဆုံးခဲ့ရရှာသည်။

ကံတရားဟူသည် သူ့ကံတရားအတိုင်း အလိုလိုဖြစ်ပျက်ခဲ့သည်ဆိုပေမယ့် ပုထုဇဉ်လူသားဖြစ်သည့် ကျွန်မမှာတော့ အဘယ်မှာ ဖြေသာပါ့မလဲ။ ပဋာမြေလူးဖြစ်ခဲ့ရသည့် ကျွန်မ။

ထိုအချိန် အမေ့ခမျာ အတော်အိုစာသွားသလို ဘာမျှမလုပ်နိုင်တော့။ ကျွန်မကလည်း ကျွန်မအပူနှင့်ကျွန်မ။ မောင်လေးကလည်း သူ့မိသားစုနှင့်သူ အလုပ်မအားကြ။

ပြောရလျှင် ကျွန်မတို့မိသားစုက စီးပွားရေး အသက်ရှူချောင်သည်။ မောင်လေးတို့ မိသားစုက အသက်ရှူခပ်ကျပ်ကျပ်။ ကျပ်သည်မှာ ဝါးလုံးခေါင်းထဲ ဆင်တိုးသလိုမျိုးဘဝ။

ထားတော့။ ကျွန်မမှာ မုဆိုးမဘဝနှင့် ကလေးနှစ်ယောက်နှင့်မို့ အမေ့ကို အနီးကပ်ပြုစုမည်။ ရှိသည့် အိမ်နှင့်ဝင်းကို တရားဝင်အပ်ဖို့ ပြောသည်။ အမေက လက်မခံ။

"မဖြစ်ပါဘူး သမီးကြီးရယ်၊ သမီးကြီးက လင်သားမရှိတာကလွဲရင် လစာနဲ့ အိမ်နဲ့ဝင်းနဲ့၊ ဆွေနဲ့မျိုးနဲ့ ရွှေနဲ့ ငွေနဲ့၊ သားလေးခမျာ တစ်ရက်လုပ်မှ တစ်ရက်စားရတဲ့ဘဝ၊ သားလေးက ဆိုက်ကားနင်း၊ သူ့မိန်းမက အကြော်ရောင်းရတဲ့ဘဝ၊ ဒီတော့ သမီးရယ် အမေပိုင်ဆိုင်တဲ့ အိမ်နဲ့ဝင်းကို သားလေး မိသားစုကိုအပ်ပြီး သမီးကိုတော့ အခြားပေးသင့်တဲ့ပစ္စည်း ပေးမှာပါ"

အမေက သည်သို့ပြောခဲ့သည်။ ကျွန်မက ငြင်းဆန်သည်။ အိမ်နဲ့ဝင်းပဲ တောင်းသည်။ အမေက လုံးဝလက်မခံ။

နောက် အမေက မောင်လေး မိသားစုကို ဆင်းရဲသည်ဆိုပြီး တရားဝင်စာချုပ် ချုပ်ဆိုကာ အိမ်နှင့်ဝင်းအပြင် အတွင်းပစ္စည်းအချို့ကို လွှဲပေးသည်။ ကျွန်မကိုလည်း ပစ္စည်းအချို့ ပေးပါသည်။

လူကြီးတွေ နားချခဲ့၍ ကျွန်မ ခေါင်းညိတ်ခဲ့သော်လည်း အမေနှင့် မောင်လေးမိသားစုအပေါ် မကျေနပ်ခဲ့။ မခေါ်မပြောဘဲ နေခဲ့သည်။

အမေ့အပေါ် အထင်လွဲမှုများနှင့်အတူ ကျွန်မဆန္ဒ မပြည့်ဝသည့် စိတ်ကြောင့် အမုန်းကြီး မုန်းခဲ့မိသော မောင်လေးနှင့်အမေ့အပေါ် ကြာလေမကျေမချမ်းဖြစ်လေ။

မကြာပါ။ အမေ ဆုံးပါးခဲ့သည်။ မဆုံးပါးခင် တစ်ရက်အလိုမှာ ကျွန်မ တစ်ခေါက်ရောက်သည်။ ကျန်ရက်တွေ မရောက်ဖြစ်ခဲ့။ ကျွန်မ ရောက်တော့ အမေ့စကားသံတွေက မပီမသဖြစ်နေသည်။

"ချစ်ချစ်ခင်ခင် နေကြ၊ စိတ်ဝမ်းမကွဲကြနဲ့၊ အမေ့ရဲ့ ဆုံးဖြတ်ချက်တွေကို သမီး မကျေနပ်တာ အမေသိပါတယ်၊ ဒါပေမဲ့ အဲသလို ကိုယ့်သားသမီးတွေနဲ့ ကြုံလာရင် သမီးလည်း အမေ့လို ဆုံးဖြတ်မိလိမ့်မယ်၊ ကိုယ်တွေ့ကြုံမှသိမယ် သမီးရယ်"

အမေက သည်သို့ပြောခဲ့သည်။ ပြောရင်းနှင့် အမေသည် ကျွန်မကို ကြည့်ရင်း မျက်လုံးများ မှေးမှိတ်သွားခဲ့သည်။

အမေ ဘာတွေတွေးပြီး စဉ်းစားနေသည်ကို မသိနိုင်ပေမယ့် အမေ့မျက်ဝန်းများနှင့် အမေ့စကားများက ကျွန်မတို့ မောင်နှမအပေါ် အတိမ်းအစောင်းမရှိ ပကတိ ဖြူစင်သည့် ပေးဆပ်မှု အပြည့်နှင့် ချစ်ခြင်းများ သက်ဝင် လှုပ်ရှားနေကြောင်းကတော့ ပေါ်လွင်သည်။

အမေက ပြောရင်း မျက်လုံးမှိတ်ကာ ကျွန်မလက်နှင့် မောင်လေးလက်ကို ဆုပ်ယူသည်။ လက်များကို ဖျစ်ညှစ်နေသည်။ အမေ့လက်သည် စေးထန်းနေသည်။ အမေသည် အသက်ကို ဖြည်းလေးစွာ ရှူရှိုက်နေရသည်။ ပြီးမှ မျက်လုံးကိုဖွင့်ပြီး ထပ်ပြောသည်။

"သမီး နားလည်လက်ခံလာတဲ့ အချိန်မှာ အမေ့မေတ္တာ အမေ့အချစ်တွေကို အကြွင်းမဲ့ ယုံကြည်လာမှာပါ၊ အဲဒီအခါကျရင် အမေ့ကို သမီးတမ်းတလာမှာပါ နော်"

သည်သို့ ပြောခဲ့သည်။

ယခုတော့ ကျွန်မမှာ ကိုယ်တွေ့ကြုံခဲ့ပြီ။

ကြည့်လေ။ ကျွန်မ လင်သားဆုံးပြီးနောက် သားနှင့်သမီးကို ကျောင်းဆက်ထားခဲ့သည်။ ပင်စင်မယူခင်မှာပင် သားဖြစ်သူ အိမ်ထောင်ကျသွားသည်။ သမီးကြီးကတော့ မြို့မှ ဌာနတူစာရေးတစ်ဦးနှင့် ညားသွားခဲ့သည်။ သူ့ဘဝနှင့်သူ။ သူ့မိသားစုနှင့်သူ။ သူ့စီးပွားရေးနှင့်သူ။ စီးပွားရေး တော်သည်။ ဆွေမျိုးလည်း တောင့်သည်။

သားဖြစ်သူကတော့ အတောင်အလက်မစုံခင် အိမ်ထောင်ကျခဲ့သည်မို့ အသက်ရှူချောင်ဖို့ မလွယ်။ သားလေးခမျာ ကားပေါ်မှာ စပယ်ယာလုပ်နေရသလို သူ့ဇနီးဖြစ်သူမှာလည်း သူ့အိမ်လေးရှေ့ ကွမ်းယာရောင်းနေရသည့် ဘဝမျိုးဖြစ်နေသည်လေ။

www.burmeseclassic.com

တကယ်တော့ သားငယ် မိန်းမ ခိုးသွားသည်ကို တာဝန်အရ မင်္ဂလာဆောင်ပေးရုံမှအပ ဘာမျှမပေးခဲ့သည့် ကျွန်မ။ စိတ်နာနာနှင့် ပစ်ထားခဲ့သည့် ကျွန်မ။ အခါကြီးရက်ကြီး ကျွန်မကို လာပြီး ကန်တော့တာတောင်မှ စကားမပြောခဲ့သည့် ကျွန်မ။ သူ့သားသမီးတွေ ကျွန်မရဲ့မြေးလေးတွေ လာတာတောင် စကားမပြောခဲ့သည့် ကျွန်မ။

တွေးကြည့်တော့ သားလေး အပေါ် သံယောဇဉ်ပြတ်တာ၊ အချစ်တွေ ကွယ်ပျောက်သွားတာမျိုးမဟုတ်။ ပညာ မကြိုးစားရကောင်းလားဆိုပြီး နောင်ကြဉ်အောင် ပစ်ထားမိခြင်းပင်။ ပစ်ပယ်ထားသည့် ရက်တွေအတွင်း ဘယ်လောက်ခံစားခဲ့ရ၊ ပူလောင်ခဲ့ရသလဲဆိုတာ ကျွန်မသာ အသိဆုံး။ ဟန်ဆောင်ပြီး မှန်းပြနေသလိုမျိုးမို့ အတော်လေး ခံစားခဲ့ရသည့် အပူကို ကျွန်မ အသိဆုံး။

အခုတော့ အသက်ကြီးလာသည့် ကျွန်မ။

ဟိုအရင် အဖေနှင့် အမေတို့ရဲ့ ဘဝအဖြစ်အပျက်တွေ၊ အခု ကျွန်မတို့ရဲ့ ဘဝ။ အနီဘဝတွေက ထပ်တူကျနေခဲ့ပြီ။

အမေ့တုန်းက မောင်လေးတို့ မိသားစုကို ငဲ့ကွက်ခဲ့သည်။ ရေများရာ မိုးမရွာခဲ့။ ရေရှားရာ မိုးရွာခဲ့သည့်အမေ။ တကယ့်အလိုအပ်ဆုံး နေရာအတွက် ပိုပြီးဖြည့်ဆည်းပေးခဲ့သည့် အမေ။ မျှတသည့် အမေ။ ဆုံးဖြတ်ချက်ရဲရဲနှင့် ပြတ်သားခဲ့သည့် အမေ။

အခုလည်း အမေ့ နည်းတူ ကျွန်မသည်လည်း မြေနိမ့်ရာ လှံမစိုက်ချင်ပြီ။ သားငယ်လေး ဘဝအတွက် အလေးသာရတော့မည်။

ပစ္စည်းပစ္စယတွေ သားငယ်လေးအပေါ် အလေးသာချင်သာမည်။ သမီးအတွက် ပစ္စည်းပစ္စယ အနည်းငယ်လျော့နည်းချင် လျော့နည်းမည်။

မိခင်တစ်ဦးရဲ့ ချစ်စိတ်ကတော့ ရေပြင်ညီ အမှတ်ပဲလေ။ သမီးအပေါ် လည်း မပို၊ သားအပေါ်လည်း မလိုခဲ့။ ဒါက အမေ လှေ့ကျင့်လမ်းပြပေးခဲ့သည့် လမ်းကြောင်းကို လက်ခံခဲ့သည်ကြောင့်ပင် ဖြစ်သည်။

"အမေ့အိမ်နဲ့ဝင်းကို ဘယ်လိုလုပ်မလဲ အမေ ဟင်"

သမီးကြီးက မေးသည်။ အမေး စကားကြောင့် ကျွန်မအတွေးများ ပြတ်သွားသည်။ သမီးကြီးကို ကြည့်လိုက်သည်။ ပြုံးပြလိုက်သည်။

ထိုအပြုံးသည် သမီးကြီးအတွက် တစ်မျိုးဖြစ်နိုင်သလို သားငယ်အတွက်လည်း တစ်မျိုးခံစားရနိုင်သည်။

ကျွန်မ်ဆီမှ အမွေတောင်းနေသည့် သမီးကြီး။

အမွေကိစ္စနှင့် ပတ်သက်၍ ဘာမှမပြောသည့် သားငယ်။

"သမီးကြီး"

"ရှင် မေမေ"

"အိမ်နဲ့ဝင်းကို သားငယ်ကိုပေးမယ်၊ သမီးမိသားစုအတွက်တော့အခြားပစ္စည်းအချို့ပေးမယ်၊ ဒါ အမေ့ဆုံးဖြတ်ချက်ပဲ"

ပြောရင်း မျက်နှာလွှဲလိုက်သည်။ သမီးကြီး ခေါင်းငုံ့ထားသည်။ သားငယ်လည်း ခေါင်းငုံ့ထားသည်။ အားလုံး နှုတ်ဆိတ်နေကြဆဲ -

"တစ်ခါတုန်းက သမီးနဲ့သားတို့ရဲ့ အဘိုး၊ အဘွားတွေ လက်ထက်က အဲသလိုဖြစ်ခဲ့ဖူးတယ်၊ အမေက ငွေကြေးရှိတယ်၊ သမီးနဲ့သားတို့ရဲ့ ဦးလေးတော်တဲ့ မေမေ့ရဲ့မောင်လေးက ဆင်းရဲတယ်၊ အခု သမီးနဲ့သားတို့ ဖြစ်ခဲ့သလို အဖြစ်မျိုးပဲ၊ တစ်ထပ်တည်းပဲ။

အဲသလို ဖြစ်တော့ မေမေ့ရဲ့ အမေက နိမ့်ပါးတဲ့ သားငယ်ကိုပဲ ပစ္စည်း ပိုပေးခဲ့တာ၊ ဒါပေမဲ့ သားသမီးတွေ အပေါ် ချစ်တာကတော့ တစ်ပြေးညီပါပဲဆိုပြီး သမီးတို့ဘွားဘွားက မေမေ့ကို မသေခင် ပြောပြသွားခဲ့တာ။

အခု မေမေကလည်း မသေခင် ကတည်းက ပြောချင်တာက ချမ်းသာတဲ့ သမီးကြီးအပေါ်ရော၊ ဆင်းရဲတဲ့ သားငယ်အပေါ်မှာရော ချိန်ခွင်လျှာမသာ ရေပြင်ညီအမှတ်လို တစ်ငွေ... ချစ်တတ်သူ ချစ်ခဲ့သူဆိုတာ သိထားကြဖို့ပါပဲကွယ်"

ပြောရင်းနှင့် ကွယ်လွန်သွားခဲ့ပြီဖြစ်သည့် မွေးမေမေကို သတိရမိသည်။

တကယ်တော့ အမေဆိုတာ လက်ရှိမှာရော၊ နောင်လာလတ္တံ့သော အနာဂတ်မှာရော၊ ဖြစ်ပြီးခဲ့သည့်ကာလမှာပါ အလှပဆုံးနှင့် အကောင်းမွန်ဆုံး ဖန်တီးနိုင်သည့် တန်ခိုးရှင်တွေပါလားဟု တွေးရင်း ကျေနပ်နေမိတော့သည်။

ထိုအခါ ကျွန်မနှုတ်မှ အသံတစ်သံ ခုန်ထွက်သွားသည်။

"ဒါကြောင့်... ဒါတွေကြောင့် အမေလို့ ခေါ်တာပါလား"

**မေလတ်ဟန်**

□



www.burmeseclassic.com

www.burmeseclassic.com

# ပင်လယ်ပြာရေနက်ပိုင်းတွင်းက အန္တရာယ်

ခိုင်ဇော်(ဗဿန)



နှစ်ပေါင်းများစွာကပင် ကမ္ဘာပတ်လာသည့် မက်စ်ရမ်းန် (Max Young) သည် ပန်းဝင်ခါနီးအပိုင်းသို့ပင် ဝင်ရောက်လုပြီဖြစ်ရာ ၁၃၇၀ ကီလိုမီတာရှိ မက္ကဆီကို ကာဘိုဆန်လူးကပ်စ် (Cabo San Lucus) မှ ဆန်ဒီဂို (San Diego)၊ ယင်းနောက် ကီလိုမီတာ ၈၀၀ ဝေးကွာသော ဆန်ဖရန်စစ္စကို (San Francisco) သို့တိုင် ရောက်ခဲ့လေပြီ မဟုတ်လား။

၂၀၁၂ ခုံ ဇွန်လ လမိုက်ညတွင် ၁၅ မီတာရှည်လျားသော သူ၏ ရွက်သင်္ဘောငယ် (Reflections) သည် မြောက်ဘက်ဆီသို့ အလိုအလျောက် ပဲ့ထိန်းစနစ် (Auto Pilot) ထိန်းကျောင်းမှုဖြင့် လေငင်ရာသို့ မှန်မှန်ပင် ခုတ်မောင်းနေခဲ့သည်။

အသက် (၆၇)နှစ်ရှိ ရမ်းန်မှာ ပဲ့ထိန်းခန်းအတွင်းထိုင်ကာ အုံ့ချိုးဖွယ်ကြယ်ပွင့်လေးများ ထိန်ထိန်ညီးနေပုံကို ငေးမောနေမိသည်။ အငြိမ်းစားကျောင်းဆရာတစ်ဦးဖြစ်သူ ရမ်းန်သည် ဤကမ္ဘာပတ်ခရီးစဉ် တစ်ယောက်တွင် ခေါင်းဆောင်ခဲ့သူ ဇနီးသည်အား သူနှင့်အတူ ညချမ်းအလှအပကို မျှဝေခံစားစေလိုသည်သာ မဟုတ်ပါလား။

တစ်ဦးတည်း ရွက်လွှင့်သည့်အခါ ရမ်းန်သည် တစ်နေ့လုံး အိပ်စက်အနားယူကာ အဂ္ဂါလ ညအခါများ၌ ရေကြောင်းခရီးသွားလာရာတွင် အကဲစမ်း စိန်ခေါ်ချက်များကို ရင်ဆိုင်ရန် နိုးကြားနေရမည်သာ မဟုတ်လား။

ထို့ကြောင့်ပင် ယနေ့ညဘက်တွင်လည်း သူ့ခမျာ တစ်ခဏတာ ငိုက်မျဉ်းသွားရာ သမ်းဝေခြင်း တစ်ရပ်က သူ့ကို ဘေးအန္တရာယ်မှ ရှောင်ကွင်းသွားစေခဲ့သည်။ သမုဒ္ဒရာကြီးအတွင်း မီးခိုးရောင် ဝေလငါးတို့ဖြင့် ပြည့်နှက်နေပြီး အလာစကာ (Alaska)ဘက်သို့ ပြောင်းရွှေ့ ကျက်စားမည်ဟု သူ ထင်မှတ်မိလေသည်။ သူတွေ့မြင်ဖူးခဲ့သမျှ ဒါဇင်များစွာသော ဝေလငါးတို့ ဤကဲ့သို့ စုစည်း များပြားနေခြင်းအား ယခုမှသာ လှေလာအကဲခတ်မိတော့သည်။

www.burmeseclassic.com

သူတို့၏ ပျင်းတိပျင်းတွဲဖေ့ယမ်း လှုပ်ရှားမှုများကို ကံကောင်းထောက်မ၍ အမှတ်မထင်ကြည့်ရှုရန်မှာမူ အံ့သြစရာ ကောင်းလှပေသည်။ ယင်းတို့ကို ကျော်လွန်သွားမှသာ သူစိတ်သက်သာရာ ရသွားသည်။

ဒီမှပင် သူမှာ ခြေလက်များ ဆန့်ထုတ်လိုက်ပြီး အလိုအလျောက် ပွဲထိန်းကိရိယာဆီသို့ တစေ့တစောင်း ကြည့်ရှုလိုက်သည်။ အချိန်ကိုက်နာရီကမူ ည ၁၀ နာရီ ၁၂မိနစ် ရှိနေပြီ ဖြစ်ကြောင်း ပြသနေသည်။

ရုတ်တရက်ဆိုသလိုပင် သင်္ဘောဧရာအောက်ဘက်ဆီမှ ကြီးမားလှသည့် ဝှီးခနဲ ဖြတ်သန်းသွားသည့် အသံကို ရမ်းန် ကြားလိုက်ရလေသည်။ သူ့ကိုယ်တွင်းမှ (Adrenaline) နှလုံးခုန်နှုန်းတို့ တလိပ်လိပ် တက်လာတော့သည်။

ခဏအကြာတွင် ရွက်သင်္ဘောတမျှ ရှည်လျားလှသော ဝေလငါးကြီးတစ်ကောင်သည် ရေတံခွန်လေးတစ်ခုမှ ရေများ ကျဆင်းနေသည့်အလား ပင်လယ်ရေတို့နှင့်အတူ သင်္ဘောပဲ့ပိုင်း အနီးတွင် တစ်ဟုန်ထိုး ပေါ်ထွက်လာတော့သည်။

မြင်ရသရွေ့ ပြောရပါမူ (Reflections) ရွက်သင်္ဘော အထက်နားဆီတွင် တွဲလဲခိုနေဟန်ပုံပေါက်ပြီး ယင်းငါးကြီး၏ ဦးခေါင်းအောက်ဘက်၌ ခရင်းကောင်လေးများ တွယ်ကပ်နေကြောင်း ထွန်းလင်း တောက်ပနေသော သင်္ဘောမီးရောင်အောက်တွင် မှုန်ဝါးဝါး တွေ့မြင်နေရသည်။

ထို့နောက်တွင် သင်္ဘောကုန်းပတ် နောက်ပိုင်းသို့ တန်ချိန် (၄၀)ရှိ ငါးကြီးဦးခေါင်းနှင့် ကိုယ်အထက်ပိုင်းတို့ ပစ်ဆောင့်မှုကြောင့် သတ္တုများ ပြိုပျက်သည့် ကျွက်ကျွက်ညံညံဆူသံနှင့် ဖန်မှုန်ထည်တို့ ကွဲအက်သံများ ကြားရလေသည်။ သင်္ဘောဦးပိုင်းမှာလည်း မိုးကောင်းကင်ထက်သို့ ယိမ်းထွက်သွားသည်။ထိုတစ်ခဏတာအတွင်း သင်္ဘောသားနှင့် ဝေလငါးတို့ မျက်လုံးချင်းဆုံမိကြတော့သည်။ ရမ်းန်သည် အိတ်များ စီထပ်ထားရာသို့ ဟပ်ထိုးလဲကျသွားသည်။

ငါးကြီးမှာ သူ့အသာ လွတ်မြောက်အောင် လုံးပန်းလိုက်ရာတွင် သင်္ဘောသည် ဝဲဘက်ဆီသို့ ပြင်းပြင်းထန်ထန် စောင်းကျသွားသည်။ ရမ်းန်က မော့ကြည့်လိုက်ရာ သတ္တဝါကြီး ထွက်သွားလေပြီတည်း။

လေစုပ်စက်ဖြင့်ထိန်း၍ ဆက်သွယ်ထားသော သင်္ဘောရွက်တိုင်နှင့် ရေဒီယို အန်တာနာတိုင်တို့မှာ ယိမ်းထိုးလှုပ်ယမ်းပြီးနောက် ပင်လယ်တွင်းသို့ ကျိုးကျသွားတော့သည်။ သင်္ဘောပဲ့ပိုင်းရှိ လက်ရန်းတွေလည်း ရုပ်ပျက် ဆင်းပျက် ဖြစ်ကုန်တော့သည်။ သို့သော်လည်း သင်္ဘောမှာ ရေပေါ်တွင် မျောနေဆဲဖြစ်၏။ ရမ်းန် မှန်းဆမိသရွေ့ (၄)စင်တီမီတာထုထည်ရှိသော သင်္ဘောဧရာကြောင့်သာ သင်္ဘောနစ်မြုပ်ခြင်းမှ ကင်းဝေးခဲ့သည် မဟုတ်ပါလား။

ဦးစွာ သူပူပန်မိသည်က မူလသင်္ဘောဦးတည်ရာလမ်းကြောင်း ပြန်လည်ရရှိရေးသာ ဖြစ်သည်။ ယခုအခါ သင်္ဘောသည် ပိုလီးနီးရှား (Polynesia) အနောက်တောင်ဘက်ဆီသို့သာဦးတည်နေတော့သည်။ ရွက်တိုင်နှင့်အန်တာနာတိုင်တို့ ပြိုလဲကျမှုကြောင့်သာ အလိုအလျောက် ပဲ့ထိန်းစနစ် ပျက်ယွင်းခြင်း ဖြစ်ကြောင်း ရမ်းန် တွက်ဆမိလေရာ နေသားတကျဖြစ်ရန် သူ ကြိုးပမ်းရပြန်သည်။ သို့သော်လည်း သင်္ဘောမှာ ထိန်းကျောင်းရခက်သော လမ်းကြောင်းအတိုင်း ခုတ်မောင်းနေသည်။

ပဲ့ထိန်းတက်မ ပြဿနာပေါ်နေပြီလားထင်မှတ်မိ၍ ရမ်းန်တစ်ယောက် အောက်သို့ ဆင်းပြီး လျှပ်စစ်ကြိုးလိုင်းတွေ ကြည့်တော့လည်း ပုံမှန်အတိုင်းပင်ရှိသည်။ သင်္ဘောပဲ့ပိုင်း ကေဘင်အခန်းအတွင်း၌ ကြမ်းပြင်နှင့် မွေ့ရာတို့မှာ ရေရွှဲရွှဲရှိနေကြောင်း သူ သတိပြုမိလိုက်သည်။

ထို့နောက် အပေါ်သို့ ပြန်တက်ရာတွင် ဆိုးရွားသော လက္ခဏာရပ်ဖြစ်သည့် ရေဘောင်ဘင်ခတ်သံကြားလိုက်ရပြန်သည်။ လှေကားငယ်အောက်ရှိ သင်္ဘောကုန်တင်ပေါက်ကို မပြီးဖွင့်လိုက်ရာ သင်္ဘောဧရာနှင့် ခင်းပျဉ်တွေအကြားရှိ သင်္ဘောဝမ်းဗိုက် ဧရိယာအတွင်း ရေသုံးပေနီးပါး ဝင်ရောက်နေကြောင်း တွေ့ရှိလိုက်ရသဖြင့် ရမ်းန် တုန်လှုပ်ချောက်ချားသွားသည်။

အချို့သော စုပုံနေမှုများသည် ပုံမှန်အနေအထားရှိသော်လည်း ပန့်များတပ်ဆင်ထားမှုများကမူ စင်တီမီတာ အနည်းငယ်မျှပင် ရွှေ့စောင်း၍ မဖြစ်ပါချေ။ ယိုစိမ့်မှု၏ ဖြစ်နိုင်စရာအရှိဆုံး အရင်းခံ အကြောင်းတရားကို ရမ်းန် စတင်စစ်ဆေးနေရသည်။

သင်္ဘောဧရာတစ်လျှောက် မီးဖိုခန်းနှင့် အိပ်ခန်းနှစ်ခန်းအား သွယ်တန်းထားသော ပိုက်လိုင်းများနှင့် ဝမ်းဗိုက်အကန့်အတွင်းရှိ မန့်တို့မှာ သမုဒ္ဒရာအတွင်းသို့ သွန်ချခံလိုက်ရလေသည်။ သို့သော် အစခပ်သိမ်း ကြံ့ခိုင်နေဆဲပင်။

ရမ်းန်[illegible]စစ်ဆေးရာတွင် ရေများဆက်လက်မြင့်တက်နေသည်။ သင်္ဘော ထိပ်ဆုံးထပ်သို့ ပြန်လာပြီး



www.burmeseclassic.com

www.burmeseclassic.com

နေ့ဝက် သူက ပဲ့ထိန်းဘီးကို သူ့လက်ဖြင့် ကြွပ်ကဲထိန်းကျောင်းရာ၌ ပဲ့ထိန်းဘီးမှာ စင်တီမီတာ အနည်းငယ်သာ လှည့်၍ရသည်။

ယခုအခါ ကြောက်စိတ်မွှန်နေမှုတွေကို ရမ်းနဲတစ်ယောက် တွန်းလှန်တိုက်ဖျက်နေရသည်။ သူနှင့်အတူ အရေးပေါ်အန္တရာယ်အချက်ပြ လက်နှိပ်မီး နှစ်လက် ပါလာခဲ့သည်။ ခန့်မှန်းတိုင်းထွာချက်ကောင်း ရရန်အတွက် အိတ်ဆောင်သုံးအရွယ် လက်နှိပ်မီးခလုတ်ကို ဆတ်ခနဲ ဖွင့်လိုက်သည်။ ၎င်း၏ အလင်းစူးရောက်မှု သေးငယ်သော်လည်း ကယ်ဆယ်မည့်သူတို့အား တိကျသော အချက်အလက်များဖြင့် ရမ်းနဲတည်ရှိသည့် နေရာကို အချက်ပြနိုင်စေမည်သာပင်။

အမေရိကန်ပြည်ထောင်စု ကမ်းခြေစောင့်တပ်ဖွဲ့၏ ပံ့ပိုးမှုအင်္ဂါရပ်တို့ကသာ မီးအလင်းရောင်လှိုင်းနှုန်းကို ဖမ်းမိနိုင်ပေလိမ့်မည်။ ထို့ပြင် အနီးဆုံး အခြေစိုက်စခန်းမှာလည်း အရှေ့မြောက်ဘက် ကီလိုမီတာ (၇၂၅)ကွာဝေးသည့် ဆန်ဒီဂို (San Diego) တွင်သာရှိသည်။ ဤမျှဝေးကွာသောကြောင့် တပ်လှန့်နှိုးဆော်ခြင်းသည်လည်း သူ့အဖို့ အလုပ်ဖြစ်မှန်း မရေရာ မသေချာလှချေ။

အကယ်၍သာ သူတို့သိရှိသွားသည် ဆိုပါကလည်း သင်္ဘောသည် အကူအညီများ ရောက်လာချိန်အထိ ရေပေါ်တွင် မျောပေါ်နေရမည် မဟုတ်ပါလား။ အနီးအနားမှ အထောက်အပံ့များ ရလိုရငြား အသံလှိုင်းနှစ်ခုပါ အိတ်ဆောင်ရေဒီယိုထုတ်ကာ ကီလိုမီတာ အနည်းငယ် အကွာအဝေးထိ လွှင့်ထုတ်နိုင်မည် အထင်ဖြင့် 'မေဒေး မေဒေး' ဟု သူဟစ်အော်နေမိသည်။

သို့သော် တုံ့ပြန်သံကား နတ္ထိသာတည်း။ ရမ်းနဲသည် ကြမ်းပြင်သို့ ထိုင်ချလိုက်ကာ အဘောက်ကို ပြင်းထန်စွာ ရှုရှိုက်လိုက်ပြီးနောက် -

"တပည့်တော် ဘဝလေးဟာ သာယောင်သာယာ ရှိခဲ့ပါတယ်၊ ပြီးတော့ တပည့်တော်ဟာ ငယ်ရွယ်သူ တစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမဲ့ တပည့်တော်ရဲ့ နှစ်ဆယ့်သုံးနှစ်မြောက် ထိမ်းမြားမင်္ဂလာ နှစ်ပတ်လည်နေ့ ရောက်ဖို့ နှစ်ပတ်မျှသာ ကျန်ပါတော့တယ်၊ တပည့်တော် မြေးလေးရဲ့ သုံးနှစ်မြောက် မွေးနေ့ဟာလည်း ဒီနေ့ရက်ပါပဲ အရှင်ဘုရား၊ သူကလေးဟာ လူကီးမီးယားဆိုတဲ့ သွေးကင်ဆာရောဂါ ခံစားနေရရှာသူလေးပါ၊ အဲဒီ မင်္ဂလာပွဲတွေကို တပည့်တော် အိမ်ဂေဟာမှာ တကယ့်ကို ကျင်းပစေချင်ပါတယ် အရှင်ဘုရား" ဟု ဆုတောင်းလိုက်သည်။

○

မက်စ်ရမ်းနဲသည် ကယ်လီဖိုးနီးယား မြောက်ပိုင်းရှိ အဝေးပြေးလမ်း လုပ်သားနှင့် စားပွဲထိုးမယ်တို့၏ ကလေးခုနစ်ဦးအနက်မှ ကြီးပြင်းလာသူ တစ်ယောက် ဖြစ်လေသည်။ သူ့ဖခင်၏ လုပ်ငန်းမှာ စီးပွားဖြစ် ငါးဖမ်းခြင်းဖြစ်ပြီး ဖခင်ဖြစ်သူ၏ စူးစမ်းလေ့လာရေး ခရီးစဉ်တစ်လျှောက် ငါးဖမ်းသင်္ဘောငယ်ဖြင့် ရမ်းနဲသည် အတူတကွ လိုက်ပါလေ့ ရှိခဲ့သည်။

ရန်းနဲ၏ ဖခင်က ပြန်လည်ပြောပြရာတွင် ဒုတိယကမ္ဘာစစ်ကြီး အတွင်းက (ဘီ-၂၄) လေယာဉ်မှူး အဖြစ် အပြည့်အဝ ထမ်းဆောင်ခဲ့ကြောင်းလည်းပါဝင်ရာ ပစိဖိတ်သမုဒ္ဒရာကြီး တောင်ဘက်ဆီကို ဖြတ်သန်းပြီး ပုံးကြဲခဲ့ရကြောင်းပင် ဖြစ်သည်။

အသက် (၁၂)နှစ်တွင် သူ့ဖခင် ပြောပြဖူးသည့် နေရာများဆီသို့ ရွက်လွှင့်ထွက်မည်ဟု ရမ်းနဲက အသိပေး ပြောကြားခဲ့သည်။

နောင်လာမည့် ဆယ်စုငါးခုတွင် ရေကြောင်းခရီးစဉ်များအတွက် ပြင်ဆင်ခြင်းနှင့် ႑၏ သင်္ဘောသားသမ္မာ ရင့်သည်ထက်ရင့်လာစေရန် အရွယ်အစားကြီးမားပြီး ရှုပ်ထွေးမှုရှိလှသော သင်္ဘောများပေါ်တွင် လုပ်ကိုင်ခဲ့ရသည်။

ရမ်းနဲသည် အိမ်ထောင်ပြုပြီးနောက် စက်မှုဒီဇိုင်းပညာဖြင့် မဟာဘွဲ့ ရရှိခဲ့သဖြင့် ယင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။

ဆကရာမင်တို (Sacramento) ပြင်ပရှိ အထက်တန်းကျောင်းတွင် စက်မှုလုပ်ငန်းနှင့်ဆိုင်သော ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ သင်ကြားပေးခြင်းအားဖြင့် သူ့စိတ်ဓာတ် ပြင်းပြမှုကို ငွေကြေးထောက်ပံ့နိုင်ခဲ့သည်။

အိမ်များကို ပြုပြင်မွမ်းမံ၍ ရောင်းချခြင်းဖြင့်လည်း အပိုဝင်ငွေရှာဖွေခဲ့သည်။ ၁၉၈၇ ခု၊ သူ့အသက် (၄၃) နှစ်တွင် လင်မယား တရားဝင်ကွာရှင်းခဲ့ပြီး သူကလေးဘဝက အိပ်မက်နှင့် တထေရာတည်းကျသော ကြီးမားပြီး သားနားသည့် Reflections အမည်ရှိ ရွက်သင်္ဘောဝယ်ယူခဲ့သည်။

ကယ်လီဖိုးနီးယား ကမ်းခြေတစ်လျှောက်တွင် ဒုတိယဇနီး ဒက်ဘီ (Debbie) နှင့် ၎င်းတို့၏ ကလေးများ ဖြစ်ကြသော (နှစ်ယောက်သည် ရမ်းနဲ ပထမအိမ်ထောင်မှ ဖြစ်သည်) ဒက်ဘီမှ ပါလာသူ တစ်ယောက်နှင့် သူတို့နှစ်ဦး ဖေါင်းရသည့် သမီးပါဝင်သော အပျော်ခရီးတို့အား ရမ်းနဲက အဆုံးသတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၀ပြည့်နှစ်တွင် သူ့အလုပ်မှ အငြိမ်းစားယူကာ ကမ္ဘာပတ် စွန့်စားဖြတ်သန်းရသည့် ခရီးရှည်ကို စတင်ခဲ့သည်။

ဦးစွာသူက ဖခင်ဖြစ်သူ၏ စစ်အတွင်းမှ ခရီးလမ်းကြောင်းအတိုင်း ထွက်ခွာခဲ့ရာ ဆန်ဖရန်စစ္စကိုမှ ဟာဝိုင်ရီကျွန်း၊ ပြင်သစ်ပိုင် ပိုလီနီးရှား၊ ဆမိုအာ၊ ဖီဂျီနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ကျွန်းပေါင်းများစွာကို ကျော်ဖြတ်ပြီး ဩစတြေးလျသို့သွားရောက်ခဲ့သည်။

သူနှင့် ဘဏ္ဍာရေးအကြံပေးဖြစ်သူ ဒက်ဘီတို့သည် ဆကရာမင်တိုသို့ ပြန်၍ အလုပ်လုပ်ပြီး ငွေကြေး မစုဆောင်းရသေးမီ ဩစတြေးလျတွင် နှစ်နှစ်တာမျှ အချိန်ကုန်လွန်ခဲ့သည်။

ထိုမှ အစပြုကာ ငွေကြေးနှင့် အချိန်ရသည်နှင့် ရမ်းနဲ်သည် နောက်ဆုံး သဘော်ထားရှိခဲ့ရာနေရာသို့ လေယာဉ်ဖြင့်သွားရောက်ကာ ကီလိုမီတာ ထောင်ပေါင်းများစွာ ပို၍ဝေးကွာရာ ကမ္ဘာပတ်ခရီးစဉ်တွင် သူနှင့်အတူ ဇနီးသည် ဒက်ဘီ (သို့) စေတနာ့ဝန်ထမ်း တစ်ဦးတလေတို့ကို အတူခေါ်ဆောင်သွားတတ်သလို ကျန်အချိန်များတွင်မူ တစ်ဦးတည်းသာ ထွက်ခွာတတ်သည်။

ခရီးစဉ် တစ်လျှောက်တွင် အသက်ရှုမှားလောက်သော ရှခင်းမြင်ကွင်းများဖြင့် ပျော်ရွှင်မှုရရှိခဲ့ပြီး မိတ်သင်္ဂဟဖြစ်ရခြင်း အကျိုးကျေးဇူးတွေလည်း ရရှိခဲ့သလို့ပင် ဒုက္ခသုက္ခတွေလည်း ကြုံတွေ့ခဲ့ရသည်။

ယခု လောလောဆယ်တွင်မူ နိမ့်ချည်မြင့်ချည် လှုပ်ရှားနေသော ပဲ့ထိန်းအခန်းတွင်း ကျုံ့ကျုံ့ယုံ့ယုံ့ ဖြစ်နေရှာသည်။ ရမ်းနဲ်တစ်ယောက် ကြောက်မက်ဖွယ်မုန်တိုင်းများကို အမှတ်ရနေမိသည်။ နယူးကယ်လီဒိုးနီးယား (New CAledonia) ကမ်းလွန်အနီး လေတိုက်ခတ်မှု ပျက်ပြယ်သွားခဲ့ပုံနှင့် တစ်စစီဖြစ်နေသော အင်ဂျင်စက်ကို ပြန်လည်စတင် အသုံးပြုနိုင်ရန် ရက်ပေါင်းများစွာ ပြန်လည် စုစည်းခဲ့ပုံများကိုလည်း အမှတ်ရမိသေးသည်။

မလေးရှားကမ်းလွန်တွင် သူ၏ ရွက်သဘော်ကို ပင်လယ်ဓားပြတို့ ဝင်တိုက်မည်ဟု ခြိမ်းခြောက်ခံခဲ့ရပုံများကိုလည်း မှတ်မိနေခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ သုံးမရတော့သည့် ပဲ့ထိန်းဘီးနှင့်အတူ ရေများဖြင့် ပြည့်နှက်ပြီး အကူအညီ အလှမ်းဝေးကွာနေသည့် ဤကဲ့သို့ သေရေးရှင်ရေးတမျှ ဖြစ်ရပ်မျိုး သူတစ်ခါမှ မကြုံဖူးခဲ့ပါချေ။

နံနက်တစ်နာရီခွဲ၌ သူ့ဦးခေါင်းထက်တွင် လေယာဉ်ပျံ ဝဲပျံနေစဉ် သူထပ်မံ၍ ဝတ်ပြုဆုတောင်းပြန်သည်။ သူ့ရေဒီယိုမှ တဖျစ်ဖျစ် တဖြောက်ဖြောက်မြည်သံ ထွက်ပေါ်လာတော့သည်။

"အမေရိကန် ပြည်ထောင်စု ကမ်းခြေစောင့်တပ်ဖွဲ့မှ ဗိုလ်အေမီကတ်ဖ်ဖာရီ (Amy Kefari) ပြောနေပါတယ်" တည်ငြိမ်သောအသံ ထွက်ပေါ်လာရာ -

"ကျွန်မအသံ ကြားလား"

ရမ်းနဲ်နှလုံးသားများ တဒုန်းဒုန်း မြည်လာပြီး သူက ဖြေကြားရာတွင်-

"ကျေးဇူးတင်ပါတယ်၊ ကမ်းခြေစောင့်တပ်ဖွဲ့ခင်ဗျား။ ကျွန်တော် အထင်တော့ ဒါဟာ ဒုက္ခ သုက္ခတွေ ပြီးဆုံးခြင်းပဲ ဖြစ်ပါတယ်"

မကြာမီ သူ သဘောပေါက်သဘွေ့ဆိုရပါမူ သူ၏ အရေးပေါ် အန္တရာယ်အချက်ပြ မီးကြောင့် သူရောက်ရှိရာအနေအထားအား အကြမ်းဖျဉ်း ခန့်မှန်းမိခြင်း ဖြစ်နိုင်သလို ဆန်ဖရန်စစ္စကို အနီးရှိ အခြေစိုက်စခန်းသို့ သူ့ဇနီးက ဆက်သွယ်အကြောင်းကြားချက်ကြောင့် အရာရှိတစ်ဦးက ဒက်ဘီ (Debbie) ကို ဖုန်းဆက်ကာ ရန်းနဲ်တစ်ယောက် ကာလိုဆန်လူးကပ်(စ်) (Cabo SanLucus) မြို့မြောက်ဘက်တွင် လေးရက်ကြာ ရွက်လွှင့်နေခဲ့ကြောင်းအတည်ပြုခြင်းလည်း ဖြစ်ပေမည်။

ထိုအချိန် ကုန်တင်လေယာဉ်တစ်စင်းသည် ပင်လယ်ပြင်သို့ထွက်ခွာလာခဲ့ရာ ရမ်းနဲ်၏ အရေးပေါ်အချက်ပြမီးကျည်တစ်ခုကို ထိုလေယာဉ် ရေဒါဖန်သားပြင်ပေါ်တွင် အလင်းပြောက်အဖြစ် ကွက်တိဝင်သွားသောကြောင့်ပင် ဖြစ်သည်။

ရမ်းနဲ်က သူနှင့် ဝေလငါးကြီးတို့ ဆုံစည်းခဲ့ပုံ အတိုချုံး၍ ကတ်ဖ်ဖာရီကို ပြောပြပြီးနောက် -

"ရှင့်ကို ကယ်တင်ဖို့ ကွန်တိန်နာတင် သဘော်တစ်စင်းတွေ့ထားတယ်၊ သဘော်က (၇၂)ကီလိုမီတာဝေးသေးတယ်၊ ရှင့်ဆီရောက်ဖို့ ငါးနာရီခွဲလောက်လိုသေးတယ်"

သူမ ပြောစကားများကြောင့် အူမြူးဘဝင်ခိုက်နေမှုများ ရန်းနဲ်ထံမှ လွင့်စဉ်ပပျောက်ကုန်တော့သည်။

"အဲသလောက် အကြာကြီး ကျုပ် မစောင့်နိုင်ဘူး၊ ကျုပ်ကို ရေထဲ မြန်မြန်ဆောင်ကြဉ်းတော့မယ်"

"သဘော်ဝမ်းဗိုက်ထဲက ပန့်တွေအားလုံး အလုပ်လုပ်နေသေးလားဆိုတာ ရှင် အသေအချာ စစ်ဆေးပြီးပြီလား"

သူ မလုပ်ရသေးပါ။ သဘော်မှာလည်း လူးလိမ့်တိမ်းစောင်းနေသည်မို့

www.burmeseclassic.com

တဒင်္ဂအတွင်း သင်္ဘောမှောက်ကာ အောက်ပိုင်းတွင် ပိတ်မိမှာကို သူ စိုးရွံ့နေရသည်။ သို့သော် သူ့တွင် ရွေးချယ်ရန် အခွင့်အလမ်းမရှိကြောင်း ရိပ်စားမိသဖြင့် သူ စွန့်စားရပေတော့မည်။

သူက ကုန်းပတ်အပေါက်ကို ဖွင့်လိုက်ရာ ပစ္စည်းများသိုလှောင်သည့် ပုံးနှစ်လုံးမှ ပိုက်နှင့်ဝါယာကြိုးများသည် ပန့်များအပေါ်သို့ အစုလိုက် အပုံလိုက် မှောက်လှဲဖုံးလွှမ်းနေကြသည်။ ကိရိယာတစ်ခုသာ အလုပ်လုပ်နေပြီး အများစုမှာ ယင်းတို့၏ ခလုတ်များအပေါ် အပျက်အစီးများ ပိကျနေသောကြောင့် ပိတ်လျက်သာ ရှိလေသည်။

ပြုတ်စပျင်းတောင်း-တိုလီမိုလီတို့ကို သူက ဖယ်ရှားပစ်လိုက်ရာ ချွတ်ယွင်းနေသော ပန့်များမှ တစီးစီးမြည်သံဖြင့် ပြန်လည်လှုပ်ရှားလာသဖြင့် သူ ဝမ်းသာမိတော့သည်။ ထို့နောက် နံရံပေါ်မှ အမှတ်တရပစ္စည်းများကို ဆတ်ခနဲဆွဲယူကာ အမှိုက်ထည့်သော အိတ်များအတွင်းသို့ ထိုးသိပ်ထည့်လိုက်ရာ ကလေးများ ရေးဆွဲထားသော ရုပ်ပုံကားချပ်များနှင့် သူလှည့်လည်သွားလာစဉ်က ဓာတ်ပုံများလည်း ပါဝင်လေသည်။ မိသားစု အမှတ်တရပစ္စည်းအိတ်ကို သူက ရုတ်တရက်ဖမ်းဆွဲပြီး နှစ်အိတ်စလုံးကို လှေကားအထက်ဆီသို့ သယ်ယူလာခဲ့သည်။

ပဲ့ထိန်းအခန်းတွင်း ပြန်ရောက်သည်တွင် ရေဒီယိုမှ ဆက်လက်ထွက်ပေါ်နေသော အသံမှာ ညွှန်ကြားချက်များ ပိုမိုလာခဲ့သည်။

"မစ္စတာရမ်းနန် ခုချိန်မှာ ရှင့်ဖောင်ကို ရေထဲချဖို့ ကောင်းပြီလို့ ကျွန်မ ပြောချင်တယ်၊ ဒါမှ လိုအပ်လို့ ခုန်ချလိုက်ရင် အဆင်သင့်ဖြစ်မှာလေ"

ကုန်းပတ်ပေါ်သို့ တစ်လှမ်းချင်း လျှောက်လှမ်းသွားရာ သင်္ဘောပဲ့ပိုင်းအနီးတွင် ဝေလငါးအသားစများ ကျနေကြောင်း ရမ်းနန်သတိပြုမိလိုက်သည်။ တစ်ဖက်တွင် မဲသဲနေပြီး အခြားတစ်ဖက်၌ သွေးများ စွန်းထင်းနေသည့် ဝေလငါးအဆီတို့ ရွှန်းစိုနေတော့သည်။ ယင်းတို့၏ အရွယ်အစားမှာ ငှက်ပျောသီး ပုံသဏ္ဌာန်မှ ပေါင်မုန့်လုံးအထိ ရှိသည်။

ဘယ်လောက်ပင် နာကျင်လိုက်လေမလဲဟု ရမ်းနန် အတွေးပေါက်မိတော့သည်။ သတ္တဝါကြီးအတွက် အလောသုံးဆယ် သူသနားမိသဖြင့် ဆိုးဆိုးရွားရွား ထိခိုက်အနာတရ မဖြစ်စေရန် သူ တောင့်တမိတော့သည်။ ရန်းနန်က အသေးဆုံးငါးအသားစလေးကို ကောက်ယူလိုက်ရာ ရဲဘာရောနှော်ထားသည့် သားရေတုပမာအထိအတွေ့ကို စမ်းမိလေသည်။

ယင်းသည့်နောက် သူ့နည်းသူ့ဟန်အတိုင်းပင် သင်္ဘောဦးပိုင်း ကုန်းပတ်ပေါ်ရှိ သေတ္တာတွင်းမှအသက်ကယ်ဖောင်ကို ဆွဲထုတ်ကာ သူ့နံဘေးသို့ ပစ်ချလိုက်သည်။ လေထိုးသွင်းရန် ဖောင်ပေါ်ရှိ ချည်တိုင်ကြိုးကို သူက ဆောင့်ဆွဲလိုက်သည်။ သို့ပေမယ့် အကြိမ်ပေါင်းများစွာ ကြိုးစားသော်လည်း အကြောင်းမထူးဘဲ ပြားချပ်ချပ်ဖြင့်သာ ပေခံနေသည်။

(Reflections) ရွက်သင်္ဘောတွင် လေသွင်းနိုင်သော ဒင်ဂီလှေ (Dinghy) ကိုသာ ယူဆောင်ခဲ့ပြီး ပုံမှန်အားဖြင့် ကမ်းစပ်သို့ သွားရာခရီးတွင်သာ သုံးစွဲကြသည်။ ထို့ပြင် ကက်ဖ်ဖာရီ (Kefari) ကလည်း ၎င်းဒင်ဂီလှေကိုပင် ရေချနိုင်ရန် အကြံပြုလေသည်။

တစ်ဝက်တစ်ပျက် အိတ်တွဲနေသော သင်္ဘောနှိမ့်ဆင်းမသွားမီ ရန်းနန်က အမှတ်တရ ပစ္စည်းအိတ်အတွင်း မွှေနှောက်လိုက်သည်။ သူက စိတ်ပျက်ပျက်ဖြင့် အိတ်ကို အပြင်ဘက်သို့ ဖြုတ်ချလိုက်သဖြင့် ရေလှိုင်းများအောက်သို့ ကျ၍ ပျောက်ကွယ်သွားတော့သည်။ ပို၍ ဆိုးရွားလိုက်ပုံက ရန်းနန် တစ်ယောက် ဒင်ဂီလှေကို လေထိုးရန် ပန့် ရှာမရခြင်းသာပင်။

ရုတ်တရက်ဆိုသလို ရန်းနန်အဖို့ အခွင့်အလမ်းများ ခိုင်ခိုင်မာမာမရှိတော့ကြောင်း ထင်မှတ်ရပေသည်။ သူက ရေတွင် ဖော့နိုင်သော ဝတ်စုံဆင်မြန်းထားရာ အကယ်၍ သင်္ဘောနှင့် တကွဲတပြားစီဖြစ်သွားပါက ရေတွင် မျောပေါ်စေရန် ဒီဇိုင်းဆွဲ ချုပ်လုပ်ထားခြင်းဖြစ်သည်။ သို့ရာတွင် ထိုဝတ်စုံမှာ ငါးမန်းများအန္တရာယ်နှင့် ကိုယ်ပူရှိန်အလွန်အမင်းကျဆင်းမှုကိုမူ ကာကွယ်နိုင်မည် မဟုတ်ပေ။

အကယ်၍သာ ကယ်ဆယ်ရေးသင်္ဘောမရောက်လာသေးမီ နစ်မြုပ်သွားပါက ဤဝတ်စုံဖြင့်ပင် သူသေဆုံးသွားနိုင်ခြေရှိကြောင်း သူ ရိပ်စားမိလေသည်။

○

သင်္ဘောဝမ်းဗိုက်ပန့်များ တပ်ဆင်ခြင်းကား စွန့်စားနေရသလိုပင်၊ သို့သော်လည်း ခင်းပျဉ်အောက်မှ ရေများ တက်နေဆဲဖြစ်သည်။ အချိန်တရွေ့ရွေ့ကုန်လွန်လာသည်နှင့်အမျှ သင်္ဘောလှုပ်ရမ်းနေမှုမှာ ပို၍ ပို၍ ခက်ထန်ကြမ်းတမ်းလာတော့သည်။

ပဲ့ထိန်းအခန်းအတွင်း ရမ်းနန် တစ်ယောက် စိတ်ချရသော ကြိုးတန်းကို တွယ်ဖက်ထားရပြီး မိမိအသက်ကို



www.burmeseclassic.com

www.burmeseclassic.com

ပေးဆပ်နေရမှန်းမသိလောက်အောင်ပင် အာရုံထွေပြားနေရလေပြီ။

သူ့ဖခင်နှင့်အတူ ဦးစွာ ငါးဖမ်းထွက်ခဲ့သော ခရီးစဉ်ကို သူပြန်ပြောင်းအမှတ်ရနေမိသည်။ စက်ဘီးစီး သင်ကြားခဲ့ပုံနှင့် ရွက်ရလှလွှင့်နေခဲ့ပုံများကိုလည်း သူ မြင်ယောင်နေမိသည်။ ပထမဆုံး သူစီးခဲ့သည့်ကားနှင့် ငယ်ချစ်ဦးကိုလည်း အမှတ်ရနေခဲ့သည်။ သူ့ကလေးတွေ ဦးစွာ ခြေလှမ်းလှမ်းကြပုံကို ပြန်လည်ခံစားမိသလို ဒက်ဘီ (Debbie) ကို အနမ်းမိုး ဦးစွာရွာခဲ့ပုံကိုလည်း တမ်းတနေမိတော့သည်။

ပြီးတော့ ဧရာမခရီးစဉ်ကြီးဖြစ်သည့် တူရကီနှင့် ထိုင်းသို့ ပြန်လည်ထွက်ဖြစ်ခဲ့ပုံကို အမှတ်ရနေသည်။ စက်မဲ့လေယာဉ် (ဂလိုင်ဒါ)ဖြင့် ပါရှန်ပင်လယ်ကွေ့ တစ်လျှောက်မှသည် မြေထဲပင်လယ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာကြီးကို ဖြတ်သန်းခဲ့သည်။

ဘဟားမားတွင် နေပူစာလှုံပြီး ကော့စတာရီကာမိုး သစ်တောတစ်လျှောက် အပျော်ခရီးထွက်ခဲ့ကာ ပနားမားတူးမြောင်းတစ်လျှောက် အပန်းဖြေခရီးဆန့်ခဲ့သေးသည်။ ဘာ့ဂျာကယ်လီဖိုးနီးယား ကမ်းလွန်တွင် ဝေလငါးတစ်အုပ်အကြား သူ ရွက်လွှင့်နေခဲ့သည်။ အ့,ကာလညအခါတွင် သူ့မှာ ကြယ်လေးတွေကိုသာ ထပ်ကာထပ်ကာ ငေးမောနေရပြန်သည်။ ယင်းနောက် ရမ်းနဲတစ်ယောက် သမ်းဝေကာ သူ့မျက်စိများကို ပွတ်သပ်ပြီး ပုလဲသွေးပြေးနေသော ပင်လယ်ကြီးဆီမှ နေမင်းကြီးပေါ်လာနိုးဖြင့် မျှော်ကိုးစောင့်စားနေသည်။

ယခုအခါ သူ့ရွက်သင်္ဘောသည် နစ်မြုပ်စပြုလေပြီ။ ရေလှိုင်းများမှာ အမြင့်မိုင်းရှိ လက်ရန်းပေါ်သို့ပင် ဖုံးလွှမ်းကုန်တော့သည်။ သို့သော် မိုးကုပ်စက်ဝိုင်းထက်သို့ လေးထောင့်ကျကျ ထုထည်ကြီးမားသည့်သဏ္ဍာန် ဘွားခနဲပေါ်ထွက်လာရာ အိန္ဒိယသင်္ဘောသားအများအပြားပါရှိသည့် ကုန်သင်္ဘောကြီး ဖြစ်နေတော့သည်။

သင်္ဘောကြီးရှေ့သို့ ထွက်လာရန် ရမ်းနဲက ဆန္ဒပြုလိုက်လေသည်။ နောက်ဆုံးတွင် ဧရာမသင်္ဘောကြီးသည် ဘေးခြင်းယှဉ်ရပ်ကာ နံဘေးသို့ ကြိုးလှေကား တွဲလောင်းချပေးလိုက်သည်။

ရမ်းနဲသည် ပန်းချီကားနှင့် ဓာတ်ပုံတွေပါသောအိတ်ကို အရပ်ရှည်ရှည် သင်္ဘောသားတစ်ဦးထံ လှမ်းပေးလိုက်သည်။ ထို့နောက် ယင်းသင်္ဘောသားနောက်မှ လိုက်ပါ၍ လှေကားပေါ်တက်သွားပြီးနောက် ကုန်းပတ်ထက်တွင် ခြေကုန်လက်ပန်းကျကာ လဲပြိုကျသွားတော့သည်။

ထိုကုန်သင်္ဘောကြီးဖြင့် ရှစ်ရက်တာခရီးအတွင်း ရမ်းနဲသည် ငယ်ရွယ်သည့် သင်္ဘောရေယာဉ်မှူးနှင့် သိကျွမ်းရသလို အရှေ့အိန္ဒိယအစားအသောက်များအပေါ် တစ်စတစ်စဖြင့် ခံတွင်းတွေ့လာခဲ့သည်။

သူ့ရွက်သင်္ဘောပဲ့ပိုင်း ကွဲအက်နေခြင်း၊ ပန်ကာနှင့် ပဲ့ထိန်းတက်မတို့ ပြင်းပြင်းထန်ထန် ပျက်စီးသွားကြောင်း သင်္ဘောကြီးမှ သင်္ဘောသားတို့ မြင်တွေ့ခဲ့ရသဖြင့် သူ့ရွက်သင်္ဘော မည်မျှအကြီးအကျယ် ထိခိုက် ပျက်စီးသွားခဲ့ရခြင်းကို ရမ်းနဲ စောကြောနေမိတော့သည်။

ပနားမားသို့ သင်္ဘော ဆိုက်ရောက်သည့်အခါ သူက ဆက်ကရာမင်တို (Sacramento)သို့ လေယာဉ်ဖြင့် သွားကာ သူ့မင်္ဂလာ နှစ်ပတ်လည်ပွဲနှင့် မြေးလေး၏ မွေးနေ့မင်္ဂလာပွဲတို့ကို ဆင်နွှဲလေတော့သည်။

ဝေလငါးကြီးကမူ ကံမကောင်းအကြောင်းမလှရှာချေ။ ရမ်းနဲ အိမ်ပြန်ရောက်ပြီး နှစ်ပတ်အကြာတွင် မီးခိုးရောင် ဝေလငါးကြီးတစ်ကောင် လှိုင်းဝှတ်သဖြင့် ဘာဂျာ (Baja) ကမ်းစပ်ပေါ် တင်နေခဲ့သည်။ ထိုသတ္တဝါကြီး၏ ဦးခေါင်းတွင် ခြစ်ရာ မှတ်ရာများဖြင့် ဖောက်ထွင်းခံထားရသည်။

"အဲဒါ တိုက်ဆိုင်မှုတစ်ခုပဲ ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ ကျုပ်တော့ အဲဒါကို သံသယဖြစ်မိတယ်"

ရမ်းနဲက ဆိုလေသည်။

"ဒီလိုလှပတဲ့ သတ္တဝါ တစ်ကောင် သေဆုံးခြင်းအပေါ်မှာတော့ စိတ်မကောင်းဖြစ်ရတယ်"

ရမ်းနဲတစ်ယောက် (Reflections) ရွက်သင်္ဘောဆုံးရှုံးမှု အပေါ်တွင်လည်း ကြေကွဲဝမ်းနည်းမိရသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင်မူ သစ်လွင်သောရေယာဉ်အခန်းငယ်ကို မိသားစု အနုပညာလက်ရာများဖြင့် ဆင်ယင်ခြယ်မှုန်းပြီး သင်္ဘောတစ်စင်းဖြင့် အစားထိုးနိုင်လိမ့်မည်ဟု သူ မျှော်မှန်းမိတော့သည်။ သူ့တွင် နစ်နာဆုံးရှုံးမှုများ ရှိသော်ငြားလည်း သူ့အနေဖြင့် အမှတ်တရဖြစ်မှုများကိုမူ ကျေးဇူးတင်နေမိသည်သာပင်။ ထိုသို့သော ကိစ္စများကို သူ သတိမူမိသရွေ့ ဆိုရပါက -

"ကျုပ်တို့ အစဉ်ထာဝရ ထိန်းသိမ်းသွားရမှာပဲလေ"

**နိုင်ဇော်(ဒဿန)**

Ref : 2013 ခု October လထုတ် R.D. မဂ္ဂဇင်းမှ Kenneth Miller ၏ Danger in the Blue Sea ကို ပြန်ဆိုပါသည်။




www.burmeseclassic.com

www.burmeseclassic.com

အာဇာနည်နေ့ပြီးသော နောက်တစ်နေ့ မိုးလင်းပြီဆိုတာနဲ့ စိတ်အာဟာရဖြည့်အသိ 'ဆာ'ချင်ခြင်းတပ်နေတာမို့ သတင်းစာ၊ ဂျာနယ်တွေကို ဖွင့်ဖတ်မိပါတယ်၊ သတင်းပူ၊ သတင်းလောင်တို့ရဲ့အလယ်၊ သတင်းဆူဆူကြားထဲက ရင်ကိုကြည်သာချမ်းမြေ့စေသော သတင်းဆန်းလေး တစ်ပုဒ်ကို မျှဝေချင်လွန်းရာက အစပြုလို့ ဗုဒ္ဓဘာသာအမြင်နဲ့ တင်ပြပါဦးမယ်။ "ထောင်ထဲတွင် စာဖတ်မိပါက ထောင်သားများကို ပြစ်ဒဏ်လျှော့ပေါ့ပေးမည်" ဟု ဆိုသော သတင်းလေးပါ။

အကျဉ်းသားတစ်ဦးသည် စာအုပ် တစ်အုပ်ဖတ်ပါက သုံးရက်လျှော့ရမည်ဟု အသစ်ပြဋ္ဌာန်းလိုက်သည့် ဥပဒေက ဆိုသည်။ ထို့အတွက် စာဖတ်သည့် အကျဉ်းသားသည် တစ်နှစ်လျှင် အများဆုံး ၄၈ ရက် ရရှိနိုင်မည်ဖြစ်သည်။ အကျဉ်းသား တစ်ဦးသည် စာအုပ် ၁၆ အုပ် ဖတ်ရသည်ဖြစ်ပြီး ထိုစာအုပ်အားလုံးသည် စာမျက်နှာ ၄၀၀ ကျော်ဖြစ်ကာ ကာတွန်းနှင့် ရုပ်ပြစာအုပ်များ မဖြစ်စေရဟု အာဏာပိုင်များက ဆိုသည်။

အဆိုပါ ဥပဒေကို အီတလီတောင်ပိုင်း ကလပ်ဘရီယာအရပ်ရှိ ထောင်များတွင် စတင်စမ်းသပ်ကျင့်သုံးသွားမည်ဖြစ်သည်။ စမ်းသပ်၍ အောင်မြင်ပါက တစ်နိုင်ငံလုံးရှိ ထောင်များတွင် ကျင့်သုံးသွားမည်ဖြစ်သည်။ အီတလီထောင်များသည် ဥရောပတွင် ထောင်သားဦးရေ အများဆုံးနိုင်ငံစာရင်းတွင် ပါဝင်လျက်ရှိသည့်အတွက် ထောင်သားလျှော့ချနိုင်ရေးအတွက် အစိုးရက မူဝါဒလမ်းစဉ် သဘောတရားများ ပြဋ္ဌာန်းခဲ့တဲ့ သတင်းတိုလေး ဆိုပေမယ့်



သတင်း အပြည့်အစုံက ဖြိုတီသျှ အကျဉ်းထောင်များက အကျဉ်းသားများအတွက် စာအုပ်များ ယူလာခြင်းကို ပိတ်ပင်လိုက်သော်လည်း အီတလီအကျဉ်းထောင်များကမူ အကျဉ်းသားများ ပို၍စာဖတ်ပါက လျှော့ရက်ပိုပေးမည်ဆိုခြင်း ဖြစ်ပါတယ်။

## ကိုဖြိုးမင်း (ပဲခူး)

## သတင်းကျက်သဘော

လပြည့်ဝန်းမဂ္ဂဇင်း (ဇွန်လ၊ ၂၀၁၇)

www.burmeseclassic.com

အဓိပ္ပာယ်တွေက ထိရောက်လွန်းလို့ အသိဉာဏ် အတွေး တံခါးချပ်တွေကို ဖွင့်ပြီး ဆင်ခြင်မိလာပါတယ်။ လူတိုင်း လူတိုင်းမှာ ပင်ကိုမူလအားဖြင့် စိတ်ပိုင်းဆိုင်ရာ ဗီဇ သုံးမျိုး သုံးစား ရှိပါတယ်။ သားရဲတိရစ္ဆာန်ဗီဇ၊ လူသားဆန်တဲ့ဗီဇနှင့် ဗြဟ္မစိုရ်ဗီဇတို့ပင် ဖြစ်တာမို့ လူသားတိုင်း ကိုယ့်အလိုဆန္ဒပြည့်ဝအောင် ရုန်းကန်လှုပ်ရှားနေစဉ်မှာပင် ဗီဇသုံးမျိုးထဲက တစ်မျိုးမျိုးရဲ့ ဩဇာလွှမ်းမိုးနေတာကို ခံနေရမှာပါ။

လူသားတို့ရဲ့ မနောက်မြောက် ကြံစည်တွေးခေါ်မှုတွေဟာ မြင့်မြတ်မှန်ကန်တဲ့ ဘာသာတရားတစ်ခုရဲ့ ဆုံးမသွန်သင် လမ်းညွှန်မှုတွေကို စနစ်တကျ မခံယူခဲ့ရတဲ့အခါမျိုးမှာ သားရဲတိရစ္ဆာန်ဗီဇတွေက ထိုလူသားတို့အား လွှမ်းမိုးခြယ်လှယ်ထားလို့ ကမ္ဘာ့မီးလောင် သားကောင်ချနင်း စကားပုံတွေ ပေါ်လာတဲ့အထိ ပြဿနာပေါင်းစုံကို ပြုလုပ်ကုန်ပါတော့တယ်။

လူနဲ့တိရစ္ဆာန်ကြား ခြားနားတဲ့ စရိုက်လက္ခဏာတစ်ရပ်ကို လူသားတိုင်း သိထားကြပါတယ်။ လူသားက မိမိဘဝဖြစ်တည်မှု၊ ပတ်ဝန်းကျင်အတွက် ပြုပြင်ပြောင်းလဲမှု ပြဿနာများကို ဆင်ခြင်တုံတရားနှင့် သတိကပ်ပြီး အသိဉာဏ်ဖြင့် တုံ့ပြန်ဖြေရှင်းတတ်ပေမယ့် တိရစ္ဆာန်တွေကတော့ ခံစားမှုသက်သက် (ဆတ်ဆတ်ထိမခံတတ်)ဖြင့်သာ ခွန်အားနှင့် တုံ့ပြန်ဖြေရှင်းတတ်ကြတာ ဖြစ်ပါတယ်။

လူဆိုတာကတော့ သားရဲတိရစ္ဆာန်တို့ထက် သာလွန်ဖွံ့ဖြိုးသော အသိဉာဏ်ရှိတယ်လို့ ဆိုကြပေမယ့် အဝိဇ္ဇာတည်းဟူသော အမြင်လွဲမှားမှုက အသိဉာဏ်ရဲ့ စွမ်းအားကို အပြည့်အဝ အသုံးမချနိုင်အောင် နှောင့်ယှက်ဟန့်တားထားပါတယ်။ ဒါကြောင့်မို့လည်း ဘာသာတရား အသီးသီးက လူသားရဲ့အမြင်လွဲမှားမှုတွေကို ဖယ်ရှားပစ်ရန် မျိုးရိုးစဉ်ဆက် အမြစ်တွယ်နေခဲ့သော စိတ်အညစ်အကြေးများကို ဆေးကြောသုတ်သင် ရှင်းလင်းနိုင်ရန်၊ လူနှလုံးကောင်းစိတ်မြတ် အရည်အသွေးများဖြစ်တည်လာစေရန်ဆိုတဲ့ ရည်ရွယ်ချက်များဖြင့် ပေါ်ထွန်းခဲ့ခြင်း ဖြစ်ပါတယ်။

လူသားတစ်ယောက် အနေနှင့် ကြင်နာသနားတတ်ခြင်း၊ သူတစ်ပါးရဲ့ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားတတ်ခြင်း၊ သူများအခက်အခဲ ကြုံတွေ့နေရတာကို ကူညီဖြေရှင်းပေးတတ်ခြင်း ဆိုတဲ့ အရည်အသွေးများနှင့် ပြည့်စုံနေပြီဆိုလျှင် လူသားဗီဇ စိတ်ထွန်းကားနေပြီလို့ ဆိုနိုင်ပါတယ်။ ဒါဟာလည်း လူတစ်ဦးအဖို့ ပုံမှန်အခြေအနေပင် ဖြစ်ပါတယ်။

ဒါပေမဲ့ မိမိတို့ကိုယ်ကို ကောင်းအောင် ကြိုးစားမည်။ မိမိအတန်းအတွက်၊ မိမိကျောင်းအတွက်၊ မိမိနိုင်ငံအတွက် ကောင်းအောင် ကြိုးစားမည် ဆိုတဲ့ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းများက ဆိုထားတဲ့အတိုင်း မိမိဘဝ မြှင့်တက်လိုသူတို့အတွက်မှာတော့ လူသားဗီဇမှ တစ်ဆင့်တက်၍ ဗြဟ္မစိုရ်ဗီဇထွန်းကားလာအောင် ပြုစုပျိုးထောင်ပေးကြရပါလိမ့်မယ်။

တည်ငြိမ်အေးချမ်းသော စိတ်များဖြင့် မေတ္တာဆိုတဲ့ သူ့အကျိုးကို လိုလားခြင်းမှ အစပြုပြီး ပြဿနာကို သူနဲ့ကိုယ်နဲ့ နေရာချင်းလဲကြည့် စဉ်းစားနိုင်တတ်လာအောင် လူသားချင်းမနာလိုဝန်တိုမုန်းတီးခြင်းနှင့် တစ်ကိုယ်ကောင်းဆန်ခြင်း စသော စိတ်ရိုင်းလက္ခဏာဆိုးများကို ပယ်သတ်ပြီး လူသားချင်း ရိုင်းပင်းကူညီ ချစ်ခင်မှု၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများဖြင့် အပြုသဘောဆောင်၍ ဗြဟ္မစိုရ်ဗီဇနှင့် ပြည့်စုံသူများ ဖြစ်လာအောင် စွမ်းဆောင်ကြရပါတယ်။

ဒါကြောင့်မို့ မြတ်ဗုဒ္ဓ၏ ဓမ္မရင်ခွင်မှာ မွေးဖွားလာကြတဲ့သူ အချင်းချင်း အကျယ်ချဲ့မပြချင်တော့ပါဘူး။ ဗုဒ္ဓဘာသာဝင်အားလုံး သိပြီးသားတွေ ဖြစ်ပါလိမ့်မယ်။ ဗုဒ္ဓဘာသာသည် လူသားတို့ရဲ့ စိတ်ပိုင်းဆိုင်ရာဗီဇကို သားရဲတိရစ္ဆာန်ဗီဇမှ လူသားဗီဇဆီသို့၊ လူသားဗီဇမှ ဗြဟ္မစိုရ်ဗီဇသို့ တစ်ဆင့်ပြီးတစ်ဆင့် မြင့်တင်ပေးနိုင်သော ဘာသာတရားထဲမှ တစ်ခုပင်ဖြစ်ပါတယ်။

သို့သော်လည်း ဗုဒ္ဓဘာသာရဲ့ ထူးခြားချက် တစ်ရပ်မှာ ဗုဒ္ဓလမ်းညွှန်ချက် အစစ်အမှန်နဲ့အညီ ကျင့်သုံးနေထိုင်ကြမည်ဆိုပါမူ သာသနာ့အနွယ်ဝင် အားလုံးဟာ ဗြဟ္မစိုရ်ဗီဇထက် သာလွန် မြင့်မြတ်သော အရိယာဗီဇ ဆိုတဲ့ လွတ်မြောက်မှု ချမ်းသာအခြေအနေတစ်ရပ်ကို မျက်မှောက်ပြုနိုင်ခြင်းပင် ဖြစ်ပါတယ်။

အရိယာဗီဇဟု ဆိုရခြင်းမှာ ဘဝရဲ့သစ္စာတရားကြီးကို မိမိဘာသာ ကြိုးပမ်းအားထုတ်ခြင်းအားဖြင့် ဟုတ်တိုင်းမှန်စွာ ပိုင်းခြားသိမြင် နားလည်သဘောပေါက်သွားကာ စိတ်ပိုင်းဆိုင်ရာ ဒုက္ခဆင်းရဲအဝဝအပေါင်းမှ လွတ်ငြိမ်းချမ်းသာနေသည့် ငြိမ်သက်ငြိမ်ချမ်းတဲ့ စိတ်ရဲ့အခြေအနေတစ်ရပ်ပင် ဖြစ်ပါတယ်။

တစ်နည်း ဆိုနိုင်တာက စာစကားနှင့် ပြောရလျှင် သစ္စာဉာဏ်ကို

www.burmeseclassic.com

www.burmeseclassic.com

မျက်မှောက်လက်ငင်းပြုရခြင်းလို့ ဟုတ်တိုင်းမှန်စွာ ဆိုနိုင်သွားပါတယ်။

ဒါကြောင့်မို့လည်း မြတ်ဗုဒ္ဓလမ်းစဉ် အဆုံးအမ ဩဝါဒကို အစစ်မှန်ဆုံး နားလည်သဘောပေါက်အောင် အားထုတ်ခြင်းဆိုတဲ့ ပရိယတ္တိသာသနာတို့နှင့် ပြည့်စုံအောင် အသိနဲ့ အကျင့်ထပ်တူကျသွားတဲ့အခါမှာ လောကရဲ့ သစ္စာတရားကို မခြွင်းမချန် သိရှိနားလည်သွားကာ ဆင်းရဲအပေါင်းမှ လွတ်ငြိမ်းချမ်းသာခြင်း ဟူသော ပဋိဝေဓသာသနာနှင့် ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်အဖို့ ပြီးပြည့်စုံသွားပါတယ်။

ဒါဖြင့်လျှင် လူသားတစ်ယောက်အဖို့ ပထမဦးဆုံး လုပ်ဆောင်ရမည့် အလုပ်အနေနှင့် လူသားဆန်တဲ့ ဗီဇစိတ်ကိန်းအောင်းလာအောင် အရင်ဦးဆုံး ဘာသာရေးလမ်းညွှန်ချက်များကို လေ့လာသင်ယူသင့်သည်ဟု ဆိုချင်ပါတယ်။ ဒါမှသာ မျက်မှောက်ခေတ် လူ့အဖွဲ့အစည်းနှင့် လိုက်လျောညီထွေ အံဝင်ခွင်ကျဖြစ်စေရန် ကျင့်သုံးနေထိုင်သွားနိုင်မည် ဖြစ်ပါတယ်။

ဒီအတွက်ကြောင့်လည်း မြတ်ဗုဒ္ဓသာသနာမှာ 'မကောင်းမှုရှောင်၊ကောင်းမှုဆောင်၊ စိတ်ကို ဖြူအောင်ထား' လို့ ဘုရားရှင်တိုင်း ဆုံးမစကားရှိပေမယ့်လည်း နားကြားခိုက်တယ်ပဲ ဆိုလေမလား။ နားထဲက လျှံထွက်တယ်ပဲ ဆိုရလေမလား။ လက်တွေ့ လူ့လောကထဲမှာ မကျင့်သုံးတတ်သောကြောင့်လို့ပဲထင်ထင်၊ အသုံးမချတတ်တာကြောင့် လို့ပဲထင်ထင် အသုံးမချကြတာ များပါတယ်။

ဒါဖြင့်လျှင် လက်တွေ့ လူ့လောကထဲမှာ အံဝင်ခွင်ကျဖြစ်မယ့် လူတိုင်းနားလည်လွယ်တဲ့ စကားလုံးများနှင့် မထေရ်မြတ်ကြီးများက ဆုံးမထားကြပါတယ်။

လူဆိုတာ ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားရမယ်၊ အားကိုးထိုက်သူဖြစ်အောင် ကြိုးစားရမယ်၊ လေးစားထိုက်သူဖြစ်အောင် ကိုယ်ကျိုးမငဲ့ကွက်ဘဲ ဖြူစင်ရမယ်လို့ ဆုံးမလမ်းညွှန်ခဲ့တာဖြစ်ပါတယ်။

လူ့တာဝန်အနေနဲ့လည်း 'ကိုယ်မလိုချင်တာ သူများကို လုံးဝမပေးနဲ့၊ ကိုယ်လိုချင်တာသူများကို အကုန်ပေး၊ ကိုယ်ပေးတဲ့အတိုင်းကိုပြန်ရမယ်' ဆိုတဲ့ ဗုဒ္ဓဝါဒရဲ့ အနှစ်ချုပ် ကိုယ်ချင်းစာတရားလေးကို လူတိုင်း နားလည်လွယ်အောင် ဆုံးမသွန်သင်ခဲ့ပြန်ပါတယ်။

ဘာမဆို သူနဲ့ကိုယ်နဲ့ နေရာချင်းလဲကြည့်နိုင်မှ ပြဿနာတွေကို လူသားဆန်တဲ့ နှလုံးကောင်းစိတ်မြတ်လမ်းစဉ်ကို မလိုက်နာဘဲ ပြဿနာတိုင်းကို ခံစားချက်ရှေ့တန်းတင် ဆုံးဖြတ်ခဲ့ရင်တော့ တိရစ္ဆာန်ဖြေရှင်းနည်း ဖြစ်သွားပါပြီ။ ဒါဆိုရင်တော့ လူမဆန်ရင် လူနဲ့မတန်တဲ့ ဒုက္ခကို ခံရလိမ့်မယ်လို့ လူ့သတိဆိုပြီး ဆုံးမလမ်းညွှန်ချက်တွေကို ကျူးလွန်မိသွားပါလိမ့်မယ်။

ဟုတ်ပါတယ်။ သတိတရားဆိုတော့ အသိတရားကြောင့် ဖြစ်ပေါ်တာပါ။ သိတဲ့အတိုင်း ကျင့်သုံးသွားတတ်အောင် အသိလေးတွေကို မမေ့မလျော့ မပေါ့မဆ မှတ်သားအသိဆောင်တာကို 'သတိ'လို့ အဓိပ္ပာယ်ဖွင့်နိုင်ပါတယ်။ ဒီလိုသတိလေး ချွတ်ချော်သွားလို့ ပြဿနာကို ဆင်ခြင်တုံတရားနဲ့ ဖြေရှင်းရမယ့်အစား ခံစားမှုသက်သက် ရှေ့တန်းတင် ဖြေရှင်းခဲ့လို့ မြန်မာ့သမိုင်းဇာတ်ခုံနံရံပေါ်မှာ အမည်းကွက် စွန်းထင်သွားခဲ့ရတဲ့ သာဓကတွေကို ထုတ်ပြချင်တဲ့အတွက် ယခုကဲ့သို့ စကားပလ္လင်ခံ ရေးပြနေရတာပါ။ ဘယ်လိုများပါလိမ့်။

လူဆိုတာ ကိုယ့်သမိုင်း ကိုယ်ရေးပြီး အနာဂတ်ကို သွားနေကြရာမှာ အတိတ်ကို ပြန်မကြည့်လို့ မဖြစ်ပါဘူး။ ဘိုးဘေးဘီဘင်တွေခေတ်က အဖြစ်အပျက်တွေကို ဆင်ခြင်သုံးသပ်ကြည့်ပြီး သင်ခန်းစာတွေ ယူကိုသူရမှာပါ။ သူတို့အမှားတွေက ကိုယ့်အတွက်အမှန်ဖြစ်၊ သူတို့တွေရဲ့အမှန်တွေက ကိုယ်တွေအတွက် စံသတ်မှတ်ချက် ဖြစ်ရမှာပါ။ သမိုင်းကို မုန်းလို့မဖြစ်ပါဘူး သမိုင်းကြောင်းကို ပစ်ပယ်လို့လည်းမရပါဘူး။ သမိုင်းကို ပစ်ပယ်ကာ၊ သမိုင်းလမ်းကြောင်းကို ဖျောက်ဖျက်ပစ်ချင်တာ သမိုင်းကြောင်း မကောင်းသူတွေပဲ ဖြစ်ပါလိမ့်မယ်။

ယနေ့ခေတ်သစ်မှာ ရှင်သန်နေကြသူတိုင်း သမိုင်းကို ဖြတ်သန်းနေကြပါတယ်။ တစ်ခါတစ်ရံ ကိုယ်တွေဟာ ကိုယ်တိုင်သမိုင်းဇာတ်ကောင်တွေဖြစ်ပြီး တစ်ခါတရံ ကိုယ်တို့အားလုံးဟာ သမိုင်းဖြစ်ရပ်တွေရဲ့ သက်သေတွေ ဖြစ်ပါတယ်။ နောင် အနှစ်ငါးဆယ်၊ တစ်ရာကြာသွားတဲ့အချိန်မှာ ကိုယ်တွေရှင်သန်ကြီးပြင်းဖြတ်သန်းတဲ့ ခေတ်သစ်ဆိုတာကြီးဟာ သမိုင်းထဲ ရောက်သွားပါလိမ့်မယ်။ နှောင်းလူတွေက ကိုယ်တွေ့ရဲ့ ကိုယ်တိုင်ရေးသမိုင်းကို ပြန်လေ့လာကြပါလိမ့်မယ်။

အဲဒီခေတ်မှာတော့ သူတို့ခေတ်ရဲ့ စံနှုန်းတွေနဲ့ မှတ်ကျောက်တိုက်ကြည့်ပါလိမ့်မယ်။ ကိုယ်တွေရေးခဲ့တဲ့ သမိုင်းက သူတို့လေးတွေရဲ့ ဦးညွှတ်ခံ စင်မြင့်ပေါ်က စာအုပ်ထဲမှာလား၊

www.burmeseclassic.com

သူတို့လေးတွေရဲ့ ရှုတ်ချတဲ့ တံတွေးခွက်ထဲမှာ ပက်လက်မျောခံမှာလားဆိုတာ ကိုယ်တိုင်ရဲ့ ရွေးချယ်စံပြုမှုတွေပါပဲ။ အလားတူပဲ ယနေ့ခေတ်သစ်ကိုဖြတ်သန်းနေတဲ့သူတွေလည်း နောက်ကြောင်းသမိုင်း ဖြစ်ရပ်မှန်တွေကို ပြန်ကြည့်ပြီး ကိုယ်တွေရဲ့ စံပေတံနဲ့ တိုင်းတာကြည့်ဖို့ လိုအပ်ပါတယ်။ ကိုယ်တွေရဲ့ ဘိုးဘေးတွေဆီက ကောင်းတာကိုယူ မကောင်းတာတွေကို ကိုယ်တွေခေတ်သစ်မှာ ထပ်မမှားအောင် ဗုဒ္ဓနည်းကျ ရှောင်ကြဖို့ပါ။ အဲဒီရည်ရွယ်ချက်နဲ့ ဒီဆောင်းပါးကို ရေးလာတာပါ။

သိပ်မဝေးလှသေးတဲ့ အတိတ်သမိုင်းကြောင်းကို ပြန်ကြည့်ချင်ပါတယ်။ အင်္ဂလိပ်ကျွန်ဘဝ မကျရောက်ခင် နောက်ဆုံးမင်းဆက် ကုန်းဘောင်ခေတ်က ဘကြီးတော်မင်းတရား (စစ်ကိုင်းမင်း)ရဲ့ မိဖုရားခေါင်ကြီး နန်းမတော်မယ်နုရဲ့ သံဝေဂအမှားထဲက သတိထားစရာ တရားအမြွတ်လေးကို ထုတ်ပြချင်ပါတယ်။ လူဆိုတာက မသိလို့ မှားကြတာပါ။ အသိဆိုတဲ့နေရာမှာလည်း ဗုဒ္ဓနည်းကျ အသိကို ဆိုလိုချင်တာပါ။

"ဟဲ့ . . . မိနု၊ သူ့အကြွေးရှိရင်ဆပ်ရလိမ့်မယ်"

ဆရာတော်ဦးဗုဓ်ဆိုတဲ့ မထေရ်မြတ်ကြီးရဲ့ အသိ မှန်သွားအောင်ထောက်ပြလိုက်တဲ့ ဒီတရားလေးတစ်ပုဒ်ကြောင့် သာယာဝတီမင်းရဲ့ အမိန့်နဲ့ ရေမှာချပြီး ကွပ်မျက်ရန် ခေါ်ဆောင်လာစဉ် ဆရာတော်ထံ ဝင်ရောက်ဖူးမြော်ခွင့် တောင်းတဲ့အခါ ဟောခဲ့တာပါ။

ဓမ္မသတ္တိက နန်းမတော်မယ်နုကို ကောင်းစွာ ဆောင်ယူနိုင်ခဲ့လို့ ဆရာတော်ဦးဗုဓ် ကျောင်းပေါ်ကို တက်လာစဉ်တုန်းကလို ညှိုးချုံးပူပန်ဟန် လုံးဝမရှိတော့ဘဲ "တော်ပြီ၊ တော်ပြီ ငါသေပျော်ပြီ၊ ငါသေဝံ့ပြီ၊ ငါသေရဲပြီ" လို့ ဓမ္မအသိနဲ့ အောင်ပွဲခံပြီး သေခြင်းရဲ့ ဆုလာဘ်ကို အရယူသွားနိုင်ခဲ့ပါတယ်။ ဒါဟာလည်း ဗုဒ္ဓနည်းကျ အသိတရားအမြင်မှန်ကို ပေးစွမ်းသွားတာပါ။

မယ်နု အကြောင်းကို ဥပမာပြုရတာ အလှမ်းဝေးနေသေးတယ်ဆိုရင်လည်း မြန်မာလူငယ်တွေရဲ့ ရင်ထဲမှာ ပူပူနွေးနွေးဖြစ်အောင် မကြာသေးခင်က ဂုဏ်ရှိန်ပြင်းစွာ ကမ္ဘာနဲ့တစ်ဝန်း ကျင်းပပြ ခဲ့တဲ့ မမေ့နိုင်တဲ့ ၁၉ ဇူလိုင် အာဇာနည်ကြီးများကို လူမဆန်စွာ လုပ်ကြံသတ်ဖြတ်ခဲ့လို့ လူနဲ့မတန်တဲ့ သမိုင်းဆိုး အမည်တွင်သွားသူ ဂဠုန်ဦးစောအကြောင်းကို ဥပမာပြုရေးပြပါဦးမယ်။ ဤနေရာမှာ ဦးစောရဲ့ သံဝေဂရတဲ့အပိုင်းကိုပဲ ရေးမှာပါ။ သိပြီးတဲ့သူတွေအနေနဲ့ ကျော်ဖတ်သွားနိုင်ပါတယ်။

ဦးစောဆိုတာ ကိုယ်ရည်ကိုယ်သွေး ညံ့သူမဟုတ်ပါဘူး။ ဉာဏ်ရည်ထက်မြတ်သူ၊ တစ်နည်းအားဖြင့် ပါရမီဓာတ်ခံရှိသူလို့လည်း ဆိုနိုင်ပါတယ်။

ဘာဖြစ်လို့လဲဆိုရရင် ဗိုလ်ချုပ်ကိုယ်တိုင်က -

"ဦးစောဟာ ဘယ်လောက်ချီးမွမ်းစရာ ကောင်းသလဲ၊ သူများလိုဘီအေ၊ အမ်အေ မအောင်ပေမယ့် ကိုယ်ထူးကိုယ်ချွန် ကြိုးစားပြီး ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်အောင် လုပ်နိုင်တဲ့သူပဲ" လို့ ပြောခဲ့ဖူးပါတယ်။

ဒါပေမဲ့လည်း ဗုဒ္ဓဘုရားရှင်၏ ဓမ္မအစစ်အမှန်ကို အမှန်တကယ် မသိနားမလည် မကျင့်သုံးနိုင်ခဲ့လို့ သမိုင်းစဉ်မှာ အမည်းကွက် စွန်းထင်းမယ့် အမှားကြီးကို ကျူးလွန်ခဲ့ခြင်း ဖြစ်ပါတယ်။

ဦးစောဟာ ဗိုလ်ချုပ်တို့ကို လုပ်ကြံသည့်နေ့ ညနေပိုင်းမှာတင် အဖမ်းခံရပြီး အထူးရာဇဝတ်ခုံရုံးမှာ အမှုစစ်ဆေးခံရကာ သေမိန့်ကြိုးဒဏ် ချမှတ်ခံခဲ့ရပါတယ်။

အလုပ်တစ်ခုရဲ့ အမှား၊ အမှန်ဟာ မလုပ်ခင် မသိနိုင်ဘူး၊ လုပ်ပြီးမှပဲ ရှုံးနိမ့်သွားပြီး နောက်ဆုံးမှာ ကြိုးမိန့်အတည်ဖြစ်ပြီးနောက် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဒီပနီ တရားစာအုပ်များကို ဝယ်ပေးပါရန် တောင်းဆိုချက်များ( )ားသိလို့ တရားဖက်တဲ့ နောင်တကောင်းလို့ ဗုဒ္ဓဘာသာရှုထောင့်က ပြောနိုင်ပြန်ပါတယ်။

ဦးစောရဲ့ဇနီးက မြန်မာနိုင်ငံအစိုးရအဖွဲ့နဲ့ ဝန်ကြီးများထံ ဦးစောအား ကြိုးမိန့်ပေးပြီးနောက် ရုပ်ကလာပ်ကို နေအိမ်သို့ ပြန်ယူခွင့် ပြုပါရန် လျှောက်ထားချက်နှင့် ပတ်သက်၍ ဦးစောရဲ့ဇနီး ဒေါ်သန်းခင်ထံပေးတဲ့ စာတစ်စောင်မှာလည်း -

"မာမီခင်၊ ကျွန်တော့်အလောင်းကို အိမ်သို့ မယူပါနှင့်၊ ဘယ်ကိုမှလည်း မယူပါနှင့်၊ သေပြီးသော အပုပ်ကောင်ကြီးဟူ၍ တရားများနှင့်ဖြေပါ၊ သတိသံဝေဂဖြစ်ပါ၊ အနိစ္စတရားနှင့် အနတ္တတရားကို ပွားများပါ၊ သေပြီဖြစ်၍ မထူးပါ။

ထို့ကြောင့် မာမီ(ဒေါ်သန်းခင်)တို့ ဒုက္ခမရှာပါနှင့်တော့၊ သေသူကို ရည်ရွယ်၍ ပဋ္ဌင်းခံခြင်း၊ ဆွမ်းကျွေးခြင်းစသော ကုသိုလ်ကောင်းမှုများကိုပြုလုပ်ပါက မာမီတို့မှာ ကုသိုလ်ရနိုင်ပါသည်၊ အမျှအတန်းဝေပါက ကုသိုလ်ရနိုင်ပါ





www.burmeseclassic.com

www.burmeseclassic.com

သည်၊ ဤသို့သော ကုသိုလ်ရေးများကိုသာ ဂရုစိုက်ပါ၊ ပုံ- မောင်စော” တဲ့။

ဒီအချက်ကို ကြည့်ပြီး ဓမ္မရဲ့ အတိမ်အနက်ကို ခန့်မှန်းနိုင်သလို ဓမ္မရဲ့ ကျေးဇူးကို သိမြင်ခံစားသွားရပုံ နောက်တစ်ချက်မှာလည်း ဤကဲ့သို့ ဖြစ်ပါတယ်။ ဓမ္မက နန်းမတော်မယ်နုအား ကောင်းစွာ ဆောင်ယူခဲ့သည့်နည်းတူ ဦးစောအားလည်း ကောင်းစွာဆောင်ယူခဲ့ပြန်ပါတယ်။

ဦးစောပြောပုံက -

“ကျုပ်ဟာ တစ်သက်လုံး ဗုဒ္ဓဘာသာလို့ပြောခဲ့တာပဲ၊ဒါပေမဲ့ တကယ်တော့ မည်ကာမတ္တ ဗုဒ္ဓဘာသာမျှသာ ဖြစ်ခဲ့တာကို ခုလိုတရားစာပေ လေ့လာပြီးမှ ပိုပြီးသိရတယ်၊ ကျုပ်ဟာ လောကမှာရှိတဲ့ မကောင်းမှုမှန်သမျှ မလုပ်ခဲ့ဖူးတာလည်း မရှိဘူး၊ လောကရဲ့ ခံစားရမယ့် အကောင်းဆုံးတွေကိုလည်း ကျုပ်မတွေ့ခဲ့ဖူးတာ မရှိဘူး၊ ဒါပေမဲ့ ခုတွေ့ရတဲ့ တရားတော်ရဲ့ အဆီအနှစ်တွေကို ကျုပ် တစ်ခါမျှ မတွေ့ခဲ့ဘူး။

ကျုပ်မှာ အာဏာရှိတဲ့ အချိန်တုန်းကလည်း ဘာသာရေးကို အလေးအနက် မပြုမိဘူး၊ ဘာသာရေးဟာ ကျုပ်အတွက် ဟန်ပြအဆောင်ယောင်တစ်ခုလောက်သာရှိခဲ့တယ်။ ကျုပ်ဆန္ဒမှာရှိတာက ကျုပ်အာဏာ တည်မြဲရေး၊ ကြီးပွားရေးနဲ့ တိုင်းပြည်ကို ကျုပ်ကြိုက်တဲ့ပုံစံ သွင်းချင်တာပဲ ကျုပ်မှာ အဓိကဖြစ်ခဲ့တယ်၊ အဲဒီအချိန်ကသာ ခုတွေ့ရတဲ့ တရားတော်ကို တွေ့လျှင် ခုလိုဖြစ်မယ် မထင်ဘူး”

လို့ ဦးစောအတွက် အထူးတာဝန်ချထားခံရသူ ဒု-ထောင်မှူးကို တရားသံဝေဂနှင့် ဖြောင့်ချက်ပေးခဲ့ပုံလေး ဖြစ်ပါတယ်။

ဦးစောရဲ့ နောက်ဆုံးမှာတမ်းအနေနဲ့ သူ့သမီး မေသန်းစော (ခေါ်) ဘေဘီစောထံသို့ သက်ဆိုင်ရာ အာဏာပိုင်မှတစ်ဆင့် ရေးသားခဲ့သော စာတွင်လည်း -

“ဒေါသနှင့် အာဃာတ တရားများတို့သည် ကောင်းကျိုးကို မပေးဘဲ ဆိုးကျိုးကိုသာ ပေးသည်။ သူသည် ဒေါသမီးကို ရင်ဝယ်ပိုက်ပြီး အာဃာတတရား ကြီးမားလွန်းခဲ့သဖြင့် သူ၏ ဘဝကို တိုတိုနှင့်ပိုင်းကာ ဇာတ်သိမ်းဆိုးခဲ့ရသည်။ အကယ်၍ ဒေါသမီးကို ရင်ဝယ် မပိုက်ဘဲ ငြိမ်းသတ်နိုင်ခဲ့ပြီး အာဃာတတရားကိုလည်း ဖျောက်ဖျက်ပစ်နိုင်ခဲ့မည်ဆိုပါလျှင် ယခုလို အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဘဝကို တိုတိုပိုင်းရမည် မဟုတ်ချေ။ သူမြတ်နိုးသော ဇနီး၊ သူချစ်သော သမီးတို့နှင့်လည်း အိုအောင် မင်းအောင် နေထိုင်ရပြီး တိုင်းပြည်ကျိုးကို သယ်ပိုးထမ်းဆောင်သွားနိုင်မည် ဖြစ်သည်။ ယခုမူကား လွန်ခဲ့ပြီ။ ပြီးခဲ့လေပြီ။ သို့တစေလည်း ဖခင်ဖြစ်သူ၏ အမှားမျိုး၊ နှောင်တမျိုး၊ သံဝေဂမျိုးကို သမီးဖြစ်သူ မကြုံတွေ့ရလေအောင် ဖခင်၏ ဘဝသင်ခန်းစာကိုယူ၍ ဒေါသမီးကို ရင်ဝယ်မပိုက်ဘဲ ငြိမ်းသတ်ပစ်ပါ။ မည်သူ့အပေါ်မျှ ရန်ပြုဖွဲ့ ရန်ငြိုးမထားဘဲ အာဃာတ တရားများကို ဖျောက်ဖျက်မေ့ပျောက်ပစ်ပါလေ ချစ်သမီး” လို့ သူ့ဘဝမှာ အရမ်းမျှော်လင့်ချစ်ခဲ့ရှာသော သမီးလေးအတွက် အကောင်းဆုံးနောင်တဓမ္မကို ပေးဆပ်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် ဗုဒ္ဓ ဓမ္မ သံဃာ ကျေးဇူးရှင်ခွင်ကို ခိုလှုံခွင့် အရောက်နောက်ကျခဲ့ပါသော်လည်း တရားဂုဏ်တော် ခြောက်ပါးရဲ့ ကျေးဇူးကြောင့်သေခြင်းရဲ့ဆုလာဘ်ကို ခံစားသွားရခဲ့ရသည်လို့ ဆိုနိုင်ပါတယ်။

ဗုဒ္ဓဘာသာ တရားတော်များအရ မကောင်းမှုမှာ ပဉ္စာနန္တရိယကံ မဟုတ်သေးသမျှ နောက်ဆုံး အခြေအနေလို့ မဆိုနိုင်သေးပါဘူး။ ကောင်းမှုမှာလည်း အရဟတ္တဖိုလ် မပေါက်သေးသမျှ နောက်ဆုံးအခြေအနေ မရောက်သေးပါဘူး။ ဒီနေရာမှာ အဇာတသတ်ဘုရင်တောင်မှ ပဉ္စာနန္တရိယကံကြီး ဖြစ်တဲ့ အဖသတ်ကံ ထိုက်သွားတာတောင် မဂ်တား ဖိုလ်တား ဖြစ်နေပေမယ့် မလျှော့သော ဇွဲလုံ့လနဲ့ မှားမှန်းသိကတည်းက အမှန်နဲ့ တတ်နိုင်သမျှ အစားထိုး ကြိုးစားခဲ့လို့ သက်သာရာရခဲ့တယ် မဟုတ်ပါလား။

“အပြစ်ကို အပြစ်လို့ ရှုမြင်တယ်၊ အကြောင်းအားလျော်စွာ တရားနဲ့အညီ ကုစားတယ်၊ နောက်နောင် မကျူးလွန်မိအောင် စောင့်စည်းနေထိုင်သွားတယ်ဆိုရင် ဘယ်သူမဆို အဲဒီနည်းဟာ ငါဘုရားရှင်ရဲ့ အဆုံးအမ သာသနာတော်မှာ ကြီးပွားခြင်းပင်ဖြစ်တယ်” လို့ အဇာတသတ်မင်းကို မြတ်ဗုဒ္ဓ ဟောပြလမ်းညွှန်ခဲ့တာပါ။

အင်္ဂုလိမာလ လူဆိုးကြီးတောင်မှ လူတစ်ထောင်ကို သတ်ခဲ့ပေမယ့် တရားကိုမြင်ပြီး အသိတရား ပြောင်းသွားလို့ ရဟန္တာ အရှင်မြတ်ကြီးဘဝနဲ့ ကိုယ်ဝန်သည်တွေအတွက် ကျေးဇူးကြီးမားခဲ့တာပဲ မဟုတ်ပါလား။

ဒါကြောင့်မို့ ဦးစောဟာလည်း အင်းစိန်ထောင်ထဲ ဇနီး၊ သမီးတို့နှင့် အတူ မိုးညှင်းသိဂီကျောင်းတိုက် ရေလဲဦးပဏ္ဍိစ္စဆရာတော်ထံမှ လက်ဖွဲ့ဏာရေသုံးပါးတရားတော်ကို နာယူပြီး တရားသံဝေဂကြီးစွာနဲ့ သေခြင်းတရားကို



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာပီပီ ဘယ်လိုမှ ချောက်ချားခြင်းမရှိဘဲ မိသားစုကိုတောင် အားပေးနှစ်သိမ့်သွားလို့ သာဓုခေါ် ကြောင်းအိုးဝေ သတင်းစာတွင် ရေးသားခဲ့ပါတယ်။

ဦးစောကို ကြိုးပေးမည့်နေ့က (၁၉၄၈ ခု၊ မေလ ၈ ရက်) ဖြစ်ပါတယ်။ ဦးစောဟာ သူ့အား သောက်ရန် ပေးထားတဲ့ နံနက်ခင်း လက်ဖက်ရည်ကို အနီး၌ ဆွမ်းကပ်ခဲ့ပြီး ဖယောင်းတိုင်သုံးတိုင်ကိုလည်း မီးထွန်းညှိပူဇော်ခဲ့ပါတယ်။ ပြီးတော့မှ အပြင်မှာ စောင့်နေကြတဲ့ အကျဉ်းဌာနမင်းကြီး၊ ဆရာဝန်ကြီးနှင့် တရားသူကြီး စသူတို့ကို ပြုံးရွှင်စွာ နှုတ်ဆက်တယ်။

ဦးစောဟာ ရှမ်းဘောင်းဘီမီးခိုးရောင်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပြီး ကြိုးစင်ရှိရာကို ထွက်ခွာလာတယ်။ ဘုရားရုပ်ပွားတော်တစ်ဆူ တည်ထားကိုးကွယ်ရာကို လွန်လာတဲ့အတွက် ပြန်လည်ပြီး ဒူးတုပ်ဝပ်ချထယ်။ မြင်နိုင်သမျှ လူတွေကို လှမ်း၍ နှုတ်ဆက်တယ်။ မမြင်ရာလူတွေကို မေး၍ နှုတ်ဆက်လိုက်ကြောင်း မှာကြားတယ်။

အထူးခုံရုံးနာယက ဦးကျော်မြင့်နှင့်တကွ သူ့အပေါ် တာဝန်အရဆောင်ရွက်ရတဲ့သူများကို မုန်းထားမှုမရှိပါလို့ ပြောကြားသွားပြီး နောက်ဆုံးကြိုးစင်ပေါ်ကို တည်တည်ငြိမ်ငြိမ် တက်သွားပါတော့တယ်။ ဦးစောအား ကြိုးပေးလိုက်သောအခါ ကြိုးမှာ တစ်ချက်တည်းနှင့် ငြိမ်သက်သွားတယ်လို့ ဆိုပါတယ်။

စိန်ကြီးနှင့် ရန်ကြီးအောင်တို့ (ဦးစောနှင့်အပေါင်းပါ) ကြိုးမှာ အချိန်တန်ကြာအောင် လူးလွန့်၍ နေခဲ့ပါတယ်။ ကြိုးလူးလွန့်နေရခြင်းမှာ သေရမည့်ကိုကြောက်၍ စိုးရိမ်ထိတ်လန့်ပြီး ရုန်းကန်သည့်သဘောပင် ဖြစ်ပါတယ်။

ဒီနေရာမှာ ကြားဖြတ်ပြီး တရားတစ်ပုဒ်ကို တင်ပြမှ ဤဆောင်းပါးရဲ့ အနှစ်သာရက ပိုပြည့်စုံသွားပါလိမ့်မယ်။ မြတ်စွာဘုရားရှင် နွားကျောင်းသား နန္ဒကို ဟောပြတဲ့ တရားလေးပါ။

“လူဆိုးကဖြစ်စေ၊ ရန်သူကဖြစ်စေ အံကျိုးမဲ့ ပျက်စီးခြင်းကိုပြုလျှင် ဤဘဝ တစ်ဘဝသာ ပြုနိုင်၏၊ မိမိပြုထားသော အကုသိုလ်ကံကမူ မိမိကို ဘဝများစွာ ပျက်စီးသွားအောင် ပြုနိုင်၏” တဲ့။

အနာထပိဏ်သူဌေးကြီးရဲ့ နွားများကို ကျွေးမွေးစောင့်ရှောက်ရတဲ့ နွားကျောင်းသားလေးက ကောသလဇနပုဒ်သို့ ကြွလာတော်မူတဲ့ ဘုရားရှင်နှင့်နောက်ပါ သံဃာတော်တွေကို ခုနစ်ရက်တိုင်တိုင် ဆွမ်းလုပ်ကျွေးပြီး တရားနာယူကာ သောတာပန်တည်နေသူဖြစ်ပါတယ်။ ကောသလဇနပုဒ်မှ ထွက်ခွာတော်မူတဲ့ ဘုရားရှင်ရဲ့ သပိတ်ကိုထမ်းကာ လိုက်ပါပို့ဆောင်ပြီး အပြန်လမ်းမှာ မုဆိုးတစ်ယောက်ရဲ့ မြားချက်ထိမှန်ပြီး သေဆုံးသွားတဲ့ နွားကျောင်းသား နန္ဒကို အကြောင်းပြုပြီး နောက်မှလိုက်လာသော ရဟန်းများက ဘုရားရှင်ကို လျှောက်ကြပုံက -

“မြတ်စွာဘုရားရှင်တို့ ကြွလာတော်မူခြင်းကြောင့် ဆွမ်းအလှူကြီးပေးပြီး လိုက်ပါပို့ဆောင်ရာမှ ယခုကဲ့သို့ သေရခြင်းဖြစ်သည်၊ ဘုရားရှင် မကြွလာလျှင် နန္ဒသည် ယခုကဲ့သို့ သေမည်မဟုတ်လို့”

လျှောက်ထားခဲ့လို့ ဘုရားရှင်က ပြန်လည်ဟောကြားခဲ့တဲ့ တရားတော်ဖြစ်ပါတယ်။

“ချစ်သား ရဟန်းတို့၊ နန္ဒကားငါဘုရားကြွလာသည်ဖြစ်စေ၊ မကြွလာသည်ဖြစ်စေ၊ အရပ်ရှစ်မျက်နှာသို့ သွားသည်ဖြစ်စေ၊ မသွားသည်ဖြစ်စေ သေခြင်းမလွတ်၊ အမှန်အားဖြင့် သတ်ခြင်း၊ ပျက်စီးခြင်းမည်သည်ကို ရန်သူတို့သည်လည်း မပြုနိုင်၊ လူဆိုးတို့သည်လည်း မပြုနိုင်၊ တကယ်တမ်း ပြုနိုင်သူကား မိမိသန္တာန်၌ ကိန်းနေသော အကုသိုလ်ကံသာလျှင် ဖြစ်၏” ဟူ၍ မိန့်တော်မူပြီး အထက်ပါ ဂါထာအတိုင်း ဟောကြားတော်မူခဲ့တာ ဖြစ်ပါတယ်။

ဤနေရာမှာလည်း လောကဝတ်အရာမှာ အမှန်မသိခဲ့လို့ ကျူးလွန်ခဲ့တဲ့ အပြစ်ကို ဦးစောအနေနှင့် ခံရမည်ဖြစ်သော်လည်း ဓမ္မဝတ်အရ ဗုဒ္ဓဘာသာ ရှုထောင့်မှကြည့်လျှင် လူဖြစ်လာကာ ဓမ္မအသိဉာဏ်လင်းလက်ဖို့ မနုသတ္တဒုလ္လဘရဲ့ အဓိပ္ပာယ်ကို တလွဲအသုံးချနိုင်စွမ်းရှိလျက်နဲ့ အသုံးမချခဲ့လို့ ဗုဒ္ဓဘုရားရှင် ချီးကျူးခဲ့တဲ့ မနုသရဲ့ အဓိပ္ပာယ်ကို တလွဲအသုံးချခဲ့မိလို့ ယခုလို မြန်မာ့သမိုင်းစာမျက်နှာမှာ တန်ဖိုးကြီးလွန်းတဲ့ အမှားမျိုးကို ကျူးလွန်ခဲ့တာဖြစ်ပါတယ်။ သို့သော်လည်းပဲ အမှားရဲ့ အမှားမှန်း ပိုင်ပိုင်နိုင်နိုင်ကြီး သိသွားမှ အဇာတသတ်မင်းကြီးလို ဖျက်မရတဲ့ ပြစ်မှုကြီးထဲက ဗုဒ္ဓတရားတော်နဲ့အညီ ပြန်လည် ကုစားသွားနိုင်တာလေးကို ဗုဒ္ဓဘာသာတစ်ယောက် အနေနှင့် သံဝေဂဉာဏ်များ ချန်ထားပေးခဲ့ပုံလေးက ဒီဆောင်းပါးရဲ့ ဆိုလိုရင်း အမြတ်ထုတ်တာပါ။

ဤဆောင်းပါး အစမှာ ဖော်ပြခဲ့တဲ့ အိ[illegible]အကျဉ်းထောင်တွင်းမှာ စာဖတ်ပြီး အသိပြုပြင်တဲ့ သတင်းလေးက အစပြန်ကောက်ကြည့်ရင်း နိဂုံးချုပ်



www.burmeseclassic.com

www.burmeseclassic.com

ပါတော့မယ်။ အီတလီနိုင်ငံက ဗုဒ္ဓဘာသာနိုင်ငံ မဟုတ်ပါဘူး။ နှုတ်က ဗုဒ္ဓဘာသာလို့ ထုတ်မပြောပေမယ့် အလုပ်က မြတ်ဗုဒ္ဓ အလိုကျနဲ့ ကိုက်ညီအောင် ဆောင်ရွက်နေတဲ့အတွက် စာရေးသူတို့ ထေရဝါဒနိုင်ငံကြီးမှာလည်း ထိုကဲ့သို့ အကျဉ်းထောင်တွေမှာ ကျင့်သုံးကြရင်ကော မဖြစ်နိုင်ဘူးတဲ့လား။ မြတ်ဗုဒ္ဓ လမ်းစဉ် အစစ်အမှန်သဘောတရားတွေကို အမှန်မသိကြလို့သာ မှားခဲ့ကြသူတွေဖြစ်လို့ ဂဠုန်ဦးစောလို နောက်ဆုံး အသိတရားများ ကိုယ်စီရသွားကြမယ်ဆိုလျှင် သူတို့အတွက်လည်း လူဖြစ်ကျိုး၊ သာသနာကြုံရကျိုး နပ်သွားပါလိမ့်မယ်။

တကယ်တမ်းကျတော့ ထောင်ဆိုတာ လူပြင်အလုပ်ရုံကြီး မဟုတ်ဘူးလား။ သူတို့ရဲ့ စိတ်အစဉ်မှာရှိတဲ့ စိတ်အညစ်အကြေး အစွန်းအထင်းတွေကို ဗုဒ္ဓနည်းကျ ဆေးကြောပစ်ပေးလိုက်ရင် ပြစ်မှုသက်တမ်းစေ့လို့ အပြင်လောကထဲ ပြန်ရောက်လာတဲ့အခါ နိုင်ငံတော်သစ်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် အမှန်ဖြစ်ကုန်ပါလိမ့်မယ်။

ဒါမှမဟုတ်ရင် "အလစ်သုတ်သမားလေး တစ်ယောက် ထောင်က လွတ်လာတဲ့အခါ ဖောက်ထွင်းဝိဇ္ဇာကြီး ဖြစ်လာတဲ့အထိ ထောင်တွင်းက နောင်တော်များက အတတ်ပညာလက်ဆင့်ကမ်းလိုက်တာမျိုး ဖြစ်ကုန်ပါလိမ့်မယ်။ ဒီလိုဆိုရင် လူဖျက်စက်ရုံကြီး ဖြစ်သွားမှာ ဆိုးလွန်းလို့ ထောင်တွင်းမှာ ဗုဒ္ဓစာပေများကို စွမ်းနိုင်သမျှ ဖတ်မှတ်ကျင့်ဆောင်ရင် အားလုံးအတွက် အကျိုးမရှိနိုင်ပါလွား။

ဘုရားစာတွေ ဖတ်ပါဆိုပေမယ့် ပါဠိစကားဟာ သူတို့အတွက် မမီမကမ်းဖြစ်လို့ အတားအဆီးတစ်ခုကို ဖြစ်တတ်ပါတယ်။ လူအများ ရှိခိုးကန်တော့စရာ ဓမ္မစေတီများလို့ သတ်မှတ်ထင်နေတဲ့ ပါဠိစာပေတွေကို လူတိုင်း နားလည်လွယ်တဲ့ စကားလုံးများနဲ့ လူပေါင်းစုံကို ဘုရားရှင်နဲ့ တွေ့ခွင့်ရအောင် ရေးသားထားတဲ့ မထေရ်မြတ်တို့ စကားဝိုင်းအလင်းလက်ဆောင် ဓမ္မစာပေစာအုပ်မျိုးစုံတွေ အလွယ်တကူ ရရှိပြီး အဲဒီလိုစာပေများကို ဖတ်ရှုလေ့လာနိုင်းလို့ ဓမ္မသာကစ္ဆာဝိုင်းတွေ ဖန်တီးပေး၊ သူတို့ရဲ့ လျှပ်တစ်ပြက် ဒေါသမထိန်းနိုင်မှုလေးကြောင့် ဒုက္ခတွင်းထဲ ဇောက်ထိုးကျခဲ့ရပုံ ရင်းတွင်းဖြစ် သံဝေဂ ခံစားချက်လေးကို စာတမ်းသဘောမျိုးပြုစုခိုင်းတာကအစ ယဉ်ကျေးလိမ္မာ စာမေးပွဲတွေအထိ ကျင်းပပေးနိုင်ခဲ့ရင် ကမ္ဘာမှာ ထေရဝါဒ ဗုဒ္ဓဘာသာ အစစ်ကြီး တည်ရှိနေတဲ့ မြန်မာနိုင်ငံအဖြစ် ဘာသာပေါင်းစုံ နိုင်ငံတွေက လူသားတို့ရဲ့ အလိုအပ်ဆုံး ကမ္ဘာ့ဘာသာဖြစ်တယ်လို့ ဆုပေးရကျိုး နပ်သွားပါလိမ့်မယ်။

အမှန်တော့ မသိနားမလည်တဲ့ လူငယ်အများစုဟာ ထောင်အပြင် တန်းမရှိ၊ သေတစ်နေ့ မွေးတစ်နေ့ ဆိုပြီး မိုက်ရူးရဲ ငရဲသားစကားပုံတွေကို လက်တည့်စမ်းချင်ကြတာပါ။ 'မုန်ညင်းစေ့မျှ ကာမချမ်းသာ၊ ဒုက္ခတောင်ကြီး ဖိစီးလိုက်လာ' ဆိုသလို အကြောင်းနဲ့အကျိုးကို မဆင်ခြင်နိုင်လို့ ထောင်ဆိုတဲ့ လူပြင်စက်ရုံကြီးကို ရောက်လာခဲ့တာပါ။

'ဆင်းရဲလေခဲလ သံဝေဂရ' ဆိုသလို အပြင်မှာ တရားနာနေတဲ့ အချိန်နဲ့ ထောင်ထဲမှာ ဗုဒ္ဓနည်းကျ သံဝေဂနောင်တ ရင်တွင်းဖြစ်စာတမ်းမျိုးစုံက ထောင်အပြင်က လူငယ်လေးတွေအတွက် အကျိုးရှိနိုင်ပါတယ်။ သူတို့လေးတွေရဲ့ သံဝေဂနောင်တ ရင်တွင်းဖြစ် စာတမ်းမျိုးစုံက ထောင်အပြင်က လူငယ်လေးတွေ အကျိုးရှိတဲ့ သင်ခန်းစာ စာစောင်တွေ မဖြစ်နိုင်ဘူးလား သေချာပါတယ်။ သူတို့လေးတွေရဲ့ ဗုဒ္ဓစာပေများကို လိုလိုလားလား ဖတ်ချင်လာအောင် ဗုဒ္ဓနည်းကျ အသိတွေ 'ဆာ'ချင်လာအောင် ဓမ္မစာပေ ပညာရှင်များရဲ့ အရွယ်အနှံ့ ကျယ်ပြန့်စွာ သိနိုင်တဲ့ စာအုပ်စာတမ်းများကိုလည်း အကူအညီပေးချင်လွန်းတဲ့ အဖွဲ့အစည်းတွေ ရှိလာပါပြီ။ တစ်လုံးပဲသိသိ၊ အသိတစ်လုံး လိုရာသုံးနိုင်သွားအောင် ပရဟိတ အသင်းအဖွဲ့များကလည်း နိုင်ငံအကျိုးအတွက် ဝိုင်းဝန်းကူညီပေးကြမှာပါ။

အထူးအားဖြင့် ပုဂံမှာလျှိုး ပဲခူးမှာပေါ်တဲ့ သာသနာတော်ထွန်းကားရာ မြို့တော်ကြီးရဲ့ ပဲခူးထောင်မှ အစပြုပြီး သက်ဆိုင်ရာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်များက ဦးဆောင်လို့ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စတင်ဆောင်ရွက်သင့်တယ်လို့ ဆန္ဒပြုရင်း လွှတ်တော် (၃)ရပ်အထိ စွမ်းဆောင်နိုင်သူ NLDပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက သာသနာပြု စိတ်ဓာတ်ဖြင့် တင်ပြနိုင်ကြရင်ဖြင့် ဗုဒ္ဓဘာသာနိုင်ငံတွေ အားလုံးနဲ့အတူ ကမ္ဘာ့ရွာကြီးက သာဓု အကြိမ်ကြိမ် ခေါ်ကြတဲ့ သတင်းကျက်သရေဖြစ်မှာ ဧကန်ပင်။


**ကိုအေးမင်း(ပဲခူး)**

❑

www.burmeseclassic.com

# ယဉ်ကျေးလိမ္မာ ညီစွာပြည့်မှ

ဒီမိုမိုးသူ(ကောလင်း)



ယဉ်ကျေးလိမ္မာဟူသော စကားနှင့်ပတ်သက်၍ စာရေးသူခေါင်းထဲ အတွေးတစ်ခု ဝင်နေသည်မှာ ကြာခဲ့ပါပြီ။ ထိုအတွေးမှာ ယဉ်ကျေးလိမ္မာဟူသော စကားစုအား ယဉ်ကျေးနှင့်အတူ လိမ္မာဟူ၍ နှစ်ပိုင်းခွဲကြည့်မိခြင်းဖြစ်သည်။

ဆိုရပါလျှင် ထိုအတွေးသည် စာရေးသူ၏ တစ်ဝမ်းကွဲညီကြောင့် ပေါ်ထွက်လာရသည်။

၂၀၁၆ ခုနှစ် ဇွန်လကုန်ပိုင်းလောက်ဖြစ်မည်။ မိုးကုတ်မြို့ရှိ ညီဝမ်းကွဲတစ်ဦး မင်္ဂလာဆောင်အား စာရေးသူသွားခဲ့သည်။ ဝမ်းကွဲဆိုသော်ငြား ညီအရင်းပမာ ငယ်စဉ်ကတည်းက ထိန်းကျောင်းပေးခဲ့ပြီး သူ့မိဘများသည်လည်း ကိုယ့်မိဘအရင်းများသဖွယ် ဖြစ်နေသောကြောင့် မင်္ဂလာဆောင်အား တကူးတက သွားခဲ့ခြင်းဖြစ်သည်။

စာရေးသူ ရွာမှထွက်လာစတွင် ဦးလေးနှင့် အဒေါ်အိမ်၌ ကျောက်မျက်ပညာသင်ကြားရင်း နေခဲ့သည်။ ဦးလေးနှင့် အဒေါ်မှာလည်း သားအကြီးဆုံးနေရာမှာထား၍ စာရေးသူအပေါ် ဆက်ဆံကြသည်။ သွန်သင်ဆုံးမကြသည်။

စာရေးသူ မိုးကုတ်ရောက်ခါစတွင် အထက်ကဆိုခဲ့သော ညီသည် ဒုတိယတန်းသာရှိသေး၏။ ထို့ကြောင့် စာရေးသူကိုယ်တိုင်ပင် ကျောင်းကြို ကျောင်းပို့ စာသင်စာပြ လုပ်ပေးခဲ့ဖူးသည်။

ကိုယ်နှင့်လက်ပွန်းတတီး နေခဲ့ရသူမို့ သူ့အကြောင်းအား ကောင်းစွာသိထားသည်။ သူသည် စကားပြောဆိုရာတွင် အင်မတန်ယဉ်ကျေးသည်။ သူ့ကိုယ်သူ "သားသား. . . သားသား" နှင့် ပြောတတ်၏။ လူကြီးသူမများအား ရိုင်းရိုင်းစိုင်းစိုင်း မပြော။ ညက်သည်း

www.burmeseclassic.com

ကောင်းသည်။ သို့သော် သူ့တွင် ပြောစရာ တစ်ချက်ရှိနေသည်။ သူဖြစ်ချင်သောအရာကို တစ်ဇွတ်ထိုးလုပ်တတ်သည်။ ဒါသည်လည်း မိဘများ၏ အလိုလိုက်ထားမှုကြောင့် ဖြစ်နိုင်သည်။

နောက်ပိုင်း စာရေးသူ ရန်ကုန်ရောက်လာပြီး သူတို့နှင့် သိပ်မတွေ့ဖြစ်။ နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါသာ တွေ့ဖြစ်တော့သည်။ တွေ့လည်း အေးအေးဆေးဆေး မဟုတ်။ ခဏတစ်ဖြုတ်သာ တွေ့နိုင်သည်။

သူလည်း တက္ကသိုလ် ကျောင်းသားကြီးဖြစ်၊ ပညာတွေစုံ၊ အခု ကြင်ရာပါ စုံတော့မည်။ မင်္ဂလာဆောင်တော့မည့် အကြောင်းကို ဦးလေးနှင့် အဒေါ်က ဖုန်းဆက် အကြောင်းကြားသည်။ မင်္ဂလာဆောင်မည့် ရက်ကိုလည်း ပြောသည်။

မင်္ဂလာဆောင်ရန် ငါးရက်အလိုခန့်တွင် စာရေးသူ ရောက်အောင်သွားခဲ့သည်။ စာရေးသူရောက်ပြီး နောက်တစ်နေ့တွင် ကောလင်းမှ ဦးကြီးများလည်း ရောက်လာကြသည်။

မတွေ့ရတာ ကြာပြီဖြစ်သော ဆွေမျိုးများ မျက်နှာစုံညီ တွေ့ဖြစ်ကြ၏။ ညပိုင်းဆိုလျှင် တော်တော်နှင့် မအိပ်ဖြစ်။ စကားပြော မဝနိုင်အောင် ရှိနေသည်။

ဒီလိုနှင့် မင်္ဂလာရက်မတိုင်မီညတွင် ခါတိုင်းလိုပင် စကားပြောရင်း ညဉ့်နက်လာသည်။ ထို့ကြောင့် စကားကိုဖြတ်ပြီး အိပ်ရာဝင်ခဲ့ကြသည်။

စာရေးသူတို့ အိပ်ရာဝင်သည့်တိုင် စာရေးသူ၏ညီ (သတို့သားလောင်း) အပြင်မှ ပြန်မလာသေး။ ည ၁၁ နာရီပင် ကျော်နေပြီ။ စာရေးသူ အိပ်ရာထဲဝင်ပြီး တစ်နာရီလောက်အကြာတွင် အိမ်ရှေ့လမ်းဘက်မှ ဆူညံဆူညံ အသံများထွက်လာသည်။ တိတ်ဆိတ်သော အချိန်မို့ထင်၊ သာမန်ထက် ပိုကျယ်သည်။

စာရေးသူလည်း အိပ်ရာထဲမှ ပြန်ထကာ အိမ်ရှေ့ထွက်ကြည့်မိသည်။ အခြားမဟုတ်။ လမ်းမပေါ်တွင် ဦးလေးနှင့် သူ့သား သတို့သားလောင်းတို့ စကားများ ရန်ဖြစ်နေခြင်းဖြစ်သည်။ သားနှင့် လင်ယောကျ်ားတို့ကြားတွင် အဒေါ်လည်း စိတ်ညစ်နေပုံရသည်။

စာရေးသူလည်း မနေသာတော့။ လမ်းမပေါ်ထွက်သွားပြီး အခြေအနေ အကျိုးအကြောင်း မေးကြည့်သည်။

အကြောင်းမှာ မနက်ဖြန်မင်္ဂလာပွဲပြီးလျှင် ညပိုင်း၌ (Dinner) ညစာခံပွဲပြုလုပ်ရန်ကိစ္စ ဖြစ်သည်။

ဦးလေး၏သဘောမှာ ညပွဲကို တတ်နိုင်သမျှ ချုံ့ချင်သည်။ သူ့သားကား ထိုသို့မဟုတ်ပေ။ သိန်းဆယ်ချီ အကုန်ကျခံပြီး လုပ်ပေးရန်ဆိုသည်။

ဦးလေးက မလုပ်ချင်။ ငွေအပိုကုန်သလို အသောက်အစားပါသည့်အတွက် ခိုက်ရန်ဖြစ်ပွားမည်ကို စိုးရိမ်သည်။ လူကြီးနှင့် လူငယ်တို့ကြားမှာ မတူညီသော အမြင်ကို လွန်ဆွဲရင်း အကြီးအကျယ် စကားများကြသည်။ ဘေးပတ်ဝန်းကျင် အိမ်များပင် ပြတင်းပေါက်မှ လှမ်းကြည့်ကုန်ကြသည်။ ညသည်လည်း အရှုပ်ဆိုး အကျည်းတန်သွားရ၏။

နောက်နေ့မနက်၌ မင်္ဂလာယူတော့မည့်အိမ်၌ ညကြီးမင်းကြီး ရန်ပွဲဖြစ်နေခြင်းသည် ပတ်ဝန်းကျင် အမြင်မတင့်ဖြစ်နေသောကြောင့် ဦးလေးနှင့် ညီအား အိမ်ထဲခေါ်ယူရတော့သည်။

စာရေးသူ အပါအဝင် ဆွေမျိုးများရှေ့၌ သားဖြစ်သူမှ တစ်ခွန်းမကျန် ပြန်ပြောခံနေရခြင်းအား ဦးလေးအနေနှင့် ရှက်စိတ်၊ ဒေါသစိတ်တို့ဖြင့် ပေါက်ကွဲမွှန်ထူနေသည်။

ဦးလေး ပေါက်ကွဲမည်ဆိုလည်း ပေါက်ကွဲချင်စရာ။

သားဖြစ်သူသည် သူဖြစ်ချင်တာကိုသာ တစ်ဇွတ်ထိုး ပြောနေခဲ့သည်။ အဖေ့စကားကို ဂရုမစိုက်။ မိဘတို့ဝတ္တရားအရ လုပ်ကိုင်ပေးရမည်။ 'မလုပ်ချင်လျှင် အစကတည်းက မမွေးနဲ့' ဟူသော သဘောကို အသေဆုပ်ကိုင် ပြောဆိုနေသည်။

နောက်ဆုံးတွင် ဦးလေးသည် သား၏ဆန္ဒကို လိုက်လျောပေးခဲ့ရသည်။ သားလုပ်ချင်သောနေရာတွင် Dinner လုပ်ပေးခဲ့သည်။

ထိုညတွင် ဦးလေး စိုးရိမ်ထားသလိုပင် ရန်ပွဲဖြစ်ခဲ့သည်။ ထိုးကြကြိတ်ကြနှင့် အပျော်ဟူ၍မရှိခဲ့။ ညစာသည်အချင်းချင်းဖြစ်ပေမယ့် နှစ်ဖက်လုံး လူရင်းမိတ်ဆွေများမို့ ကာယကံရှင် ဦးလေးတို့ စိတ်ညစ်ခဲ့ရသည်။

ထိုအဖြစ်အပျက်များသည် လချီကြာနေသည့်တိုင် စာရေးသူစိတ်ထဲ မပျောက်ပျက်နိုင်။

အထူးသဖြင့် ယဉ်ကျေးသူ တစ်ဦးဟု စာရေးသူ မှတ်ယူထားမိသော ညီ၏ မိဘအပေါ် ဆက်ဆံပုံ၊ ပြောဆိုပုံများအား တရေးရေးဖြင့် မြင်မိနေသည်။

နောက်တစ်ချက်မှာ လူတစ်ဦးသည် ယဉ်ကျေးရုံနှင့်မပြီး။ လိမ္မာရန်လည်း လိုနေသေးကြောင်း သဘောပေါက်လာခဲ့သည်။

စာရေးသူ၏ ညီသည် ယဉ်ကျေးပါ၏။ သို့သော် လိမ္မာသူကားမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှစ၍ ယဉ်ကျေးလိမ္မာဟူသော စကားအား စာရေးသူ ခွဲကြည့်တတ်ခဲ့သည်။

တကယ်တော့ ယဉ်ကျေးခြင်းသည် ကာယကံ၊ ဝစီကံတို့၏ သဘောဖြစ်ပြီး၊ လိမ္မာခြင်းသည် မနောကံ၏ သဘောဖြစ်သည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ နူးညံ့သိမ်မွေ့လျှင် ယဉ်ကျေးခြင်း မည်၏။ စိတ်နူးညံ့ခြင်း (ဝါ) စိတ်ထားကောင်းမွန်ခြင်းသည် လိမ္မာခြင်းဖြစ်သည်။ ကံသုံးပါးလုံး နူးညံ့မှသာလျှင် ယဉ်ကျေးလိမ္မာသူဟု ဆိုနိုင်မည်။

တွေ့ဖူးပါသည်။ စကားပြောသောအခါ တုတ်ထိုးအိုးပေါက် ပြောလေ့ရှိသူ။ စိတ်ထဲရှိရာကို ပြောပစ်လိုက်သည်။ မှန်သည်ထင်လျှင် ဘယ်သူ့မျက်နှာမှမထောက်။ သွားလာလှုပ်ရှားပုံမှာလည်း ထောင့်မကျိုး။ သို့သော် သူ့အတွင်းစိတ်သည် ပျော့ပျောင်းသည်။ သူ့ကို နားဝင်အောင်ပြောလျှင် နားလည်လက်ခံလွယ်သည်။တစ်ဖက်သားအပေါ် သနားကြင်နာစိတ်၊ ကိုယ်ချင်းစာစိတ်ရှိ၏။ သူ့ဗီဇအလျောက် အပြောအဆို မဖတ်ဘဲ ကြမ်းတမ်းနေသော်ငြား သူ့ကြောင့် တစ်ဖက်သား စိတ်မဆင်းရဲစေလိုခြင်း၊ သူ့ကြောင့် တစ်ပါးသူတို့ဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်းမျိုးမရှိ။ ထိုသို့သော သူများသည် လိမ္မာသူများဖြစ်သည်။ သို့သော် ယဉ်ကျေးသူမဟုတ်။

အချို့မှာ ယဉ်ကျေးမှုမရှိ၊ လိမ္မာခြင်းကား နတ္ထိဖြစ်နေသော လူအန္တ၊ လူအမိုက်၊ ဆန်ကုန်မြေလေး လူပိုများလည်း ရှိနေပြန်သည်။

ယနေ့ တိုးတက်ဖွံ့ဖြိုးလာသောခေတ်တွင် လူငယ်တော်တော်များများ ယဉ်ကျေးမှု အားနည်းလာသည်ကို တွေ့နေရ၏။

ယဉ်ကျေးမှု ဆိုသည်မှာ စကားအပြောအဆို၊ သွားလာနေထိုင်ပုံကိုသာ ကြည့်ပြီး ဆုံးဖြတ်ရုံနှင့် မလုံလောက်။ ဝတ်စားဆင်ယင်မှုနှင့်လည်း ချိန်ထိုးကြည့်နိုင်သည်။

မိမိကိုယ်မိမိ အမြတ်တနိုးတန်ဖိုးထားရမည့်အစား မပေါ်ပေါ်အောင် ဖော်ပြနေသော အတိုအထွာ၊ အဟိုက်၊ အဟာတွေကို ဝတ်ဆင်သူ များပြားလာခြင်းသည် ယဉ်ကျေးမှု ယုတ်လျော့ခြင်းဖြစ်သည်။

နောက်တစ်ခါ ဂါရဝေါ၊ နိဝါတောစ ဆိုသော ရိုသေနှလုံးစားမှုများ အားနည်းလာသည်။ ထိုသို့ဖြစ်လာခြင်းသည် စာအုပ်စာပေနှင့် ကင်းကွာပြီး အသိပညာ ဗဟုသုတ နည်းပါးခြင်းကြောင့်သာဖြစ်၏။ စာပေအဆုံးအမနှင့် ထိတွေ့နေသူများမှာ ယဉ်ကျေးမှု အားနည်းချင် နည်းနိုင်သော်လည်း အသိအလိမ္မာမနည်း။ ပြုပြင်ထိန်းမတ်ပေး၍ ရနိုင်သေးသည်။ မယဉ်ကျေးလျှင်ကား ပေါင်းသင်းဆက်ဆံဖို့ရာပင် မလွယ်။

ထို့ကြောင့် ယနေ့ခေတ်လူငယ်များသည် အနာဂတ်၏ ရောင်ခြည်များပီပီ လွတ်လပ်မှုကို မှန်ကန်စွာ အသုံးချပြီး စာပေနှင့် ထိတွေ့ဖို့ လိုအပ်နေခဲ့ပြီ။ ကာယကံ၊ ဝစီကံအားဖြင့် ယဉ်ကျေးရုံနှင့်လည်း မလုံလောက်။ မနောကံ (အတွင်းစိတ်) ကောင်းမွန်ရုံနှင့်လည်း မဖြစ်။

တစ်ချိန်မှာ ကိုယ့်ခေါင်းပေါ် အလိုလိုကျလာမည့် နိုင်ငံအနာဂတ်၊ လောက အလှအပတို့အား ဖန်တီးဆောင်ရွက်ပေးနိုင်ရန်မှာ လူမှုဆက်ဆံရေး နယ်ပယ်၌ ယဉ်ကျေးပျူငှာမှုရှိရန်လည်း လိုအပ်သလို၊ အသိပညာနှင့်ယှဉ်သော လိမ္မာခြင်းသည်လည်းလိုအပ်လှသည်။

ဆိုရပါလျှင် ယဉ်ကျေးလိမ္မာခြင်းသည် ဟန်ချက်ညီညီ ပြည့်စုံနေမှသာ မိမိဝန်းကျင်၊ မိမိနိုင်ငံအား အမှန်တကယ် သာယာလှပအောင် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း။


## ယဉ်ကျေးလိမ္မာ

* စကားပြောရာ ချိုသာအေးလျက်
ဆိုရေးတတ်က ယဉ်ကျေးတယ်။
* ကိုယ်ဟန်မူရာ ယို့ယို့ကျိုးတော့
သိမ်မွေ့ရိုးသား ယဉ်ကျေးတယ်။
* ထို့ထက်ပိုကာ တစ်ဆင့်တက်လို့
ဖွေ့လက်စိတ်ထား မွေးရမယ်။
* စိတ်ထားကောင်းစွာ ကြံစည်တွေးမှ
လိမ္မာရေးခြား ရှိလိမ့်မယ်။
* ယဉ်ကျေးလိမ္မာ ညီစွာပြည့်မှ
လောကအလှ ဆင်နိုင်မယ်။
မှတ်ကွယ်. . . မှတ်ကွယ်။ ။

**ဒိမ့်စိုးသူ(ကောလင်း)**

□

www.burmeseclassic.com



www.burmeseclassic.com

ဒီဝန်းကျင်၊ ဒီအလုပ်၊ ဒီနေရာမှာ ရှိနေသည့်အချိန်တိုင်း ကျွန်မ သတိအရဆုံးအရာကို ပြပါဆိုလျှင် အမေ့ကို လက်ညှိုးထိုးပြရပေလိမ့်မည်။ သည်သို့ ချစ်စရာကောင်းသော၊ မြတ်နိုးတွယ်တာစရာကောင်းသော၊ ကျေးဇူးတရားများ၏ ထုထည်ကြီးမားသော အမေ့ကို လက်ညှိုးထိုးပြတိုင်းတွင်လည်း ကျွန်မရင်ထဲ၊ ကျွန်မနှလုံးသားထဲတွင် ကျဉ်ခနဲ နင့်ခနဲ စစ်ခနဲ လှုပ်ခနဲ ခံစားခဲ့ရသည်ကလည်း အမှန်။

"အမေရယ်"

နှုတ်တက်ရွရွ တမ်းတခဲ့သည့် အမေဆိုသော ဝေါဟာရ၏ အရသာနက်ရှိုင်းမှုကလည်း ကျွန်မရဲ့ နှလုံးသားဗဟိုကို ဆုပ်ကိုင်တုန်လှုပ်စေသည်ကလည်း အမှန်။ ထိုအခါ ကျွန်မအနေဖြင့် အမေ့ကို သတိရနေခဲ့သည်။ တမ်းတနေမိသည်။ ပြီးတော့ . . . အမေ့ နှလုံးသားဆီမှ ချစ်တတ်ခဲ့သော အချစ်များကိုလည်း နားလည်လာသည်။ နားလည်လက်ခံလေလေ အမေ့ကို သတိရလေလေ။ သတိရလေလေ အမေ့ကို ချစ်လေလေ။ အမေ့ရဲ့ ကျေးဇူးတရားများ၏ နက်ရှိုင်းမှုပြယုဂ်ကို နားလည်လေလေ။

တကယ်တော့ . . .

အမေဆိုတာ ကျွန်မရဲ့သခင်၊

လူသားတွေရဲ့ အရှင်သခင်လေ။

❐

ထိုစဉ်က အဖေနှင့်အမေသည် ဆင်းရဲခဲ့ကြသည်။ အဖေက ဆိုက်ကားနင်းပြီး မိသားစုကို ရှာကြွေးခဲ့သည်။ ဆိုက်ကားဆိုတာကလည်း အဖေတို့ပိုင်ဆိုက်ကားမဟုတ်။ အုံနာခပေးပြီး နင်းရသည့် ဘဝမျိုး။

မနက်မလင်းခင် အိမ်မှ ထွက်။ မထွက်ခင် အမေ အရန်သင့် ကြော်ပေးသည့် ထမင်းကြမ်းကြော်နှင့် ရေနွေးကြမ်း အဝအပြစား။ စားပြီးသည်နှင့် အုံနာအိမ်သွား။ ဆိုက်ကားယူပြီး ဆိုက်ကားဂိတ်မှာ ထားရသည်။

အဖေတို့ ဆိုက်ကားဂိတ်သည် မြို့ဈေးလေး၏ထောင့်ရှိ တမာပင်အရိပ်မှာဖြစ်သည်။ သည်မြို့လေးသည် နယ်မြို့လေးဖြစ်ပြီး မြို့မဈေးသည် မြို့၏ အနောက်ဘက် ကားလမ်းဘေးတွင် ရှိသည်။ တမာပင်၊ ယူကလစ်ပင်တွေ ဝန်းရံထားသည့်ဈေး။ မနက်လင်းသည်မှ ညနေအထိ တစ်နေကုန် ဖွင့်ထားသည့်ဈေး။ မနက်ခင်းအချိန်မှာတော့ ပိုပြီး စည်ကားသည်။ ဒီတော့ အဖေတို့ လို ဆိုက်ကားသမားတွေအတွက် အဆင်ပြေသည်။

ဈေးထဲကနေ မြို့ထဲ၊ မြို့ထဲက မြို့အရှေ့ရပ်၊ တောင်ရပ်၊ မြောက်ရပ်၊ မြို့လယ်ရပ် . . . သည်သို့သော ခရီးအကွာအဝေးလိုက်ပြီး ပိုက်ဆံရကြသည်လေ။ အမေကတော့ အဖေ့ကိုကြည့်ပြီး အသနားပိုနေခဲ့သည်ချည်း။ အဖေကတော့ သူ့ရည်မှန်းချက်နှင့်သူ။ နေဝင်နေထွက်၊ နေထွက် နေဝင် ကြိုးစားနေခဲ့သည်။ ညနေ ပြန်လာလျှင် ရလာသည့် ပိုက်ဆံကို အမေ့ဆီ တစ်ပြားမကျန်အပ်ခဲ့သည်။ ဒီတော့ အမေက အဖေ့ကို ယုံကြည်သည်။ ပိုပြီး သံယောဇဉ်ပိုခဲ့ကြသည်။

ထိုစဉ်က အဖေနှင့် အမေတို့သည် မြို့လေး၏ တောင်ဖျားကွက်သစ်မှာ နေကြသည်။ တဲသာသာအိမ်လေးကို အမှီပြုရင်း နေလာခဲ့ကြသည်မှာ အိမ်ထောင်သက် နှစ်နှစ်ပြည့်သည်နှင့် အညီအမျှဖြစ်သည်။

မှန်သည်။ အဖေနှင့် အမေတို့သည် ဘဝတူအချင်းချင်းမို့ မေတ္တာသက်ဝင်ခဲ့ကြသည်။ နောက် တရားဝင်အကြင်လင်မယားဘဝ ရောက်ခဲ့ကြသည်။ နှစ်ဖက်သောမိဘများကလည်း သဘောတူကြလေသည်။ သည်တော့ မင်္ဂလာဆောင်အပြီး သီးခြားဘဝ ထူထောင်ကာ ရပ်တည်ခဲ့ကြသည်။ မြို့အစွန်ရပ်ကွက်လေးမှာ မြေကွက်လေးဝယ်ပြီး နေခဲ့ကြသည်။ ဒီနေရာ နေခဲ့သည်မှာ နှစ်နှစ်ရှိပြီ။ ထိုနှစ်နှစ်အတွင်း အဖေက ဆိုက်ကားနင်း၊ အမေက တခြားအလုပ်လုပ်။

အိမ်ထောင်သက် သုံးနှစ်ထဲအဝင် အမေ့မှာ ကိုယ်ဝန်ရှိလာသည်။

"ကိုသက်အောင် ဟိုလေ . . . အေး . . . အေးမိလေ ဟိုသင်းရှိနေပြီထင်တယ်"

"ဘာ ဟိုသင်းလဲ"

"ဟိုသင်း . . . ဗိုက် ဗိုက်"

"ဟာ . . . တကယ်"

"အင်း . . . တကယ်"

အမေက သူ့ဗိုက်သူ လက်ညှိုးထိုးပြရင်း ပြောသည်။ တဲ့တိုးပြောမှသိသည့် အဖေက အမေ့ကို ပြုံးကြည့်ရင်းကျေနပ်နေသည်။ တကယ်တော့ အဖေသည် သားသမီးလိုချင်နေသည်မှာ ကြာပြီ။ အမေကလည်း သားသမီး လိုချင်နေသည်။ သို့သော် မပြည့်စုံသောဘဝမျိုးတွင် ရုတ်ခြည်း သားသမီးယူလိုက်လျှင် မဖြစ်သေး။ လူမှုရေးနှင့် စီးပွားရေးက ရှိသေးသည်။ အခုတော့ အဖေကလည်း သူ့အလုပ်နှင့်သူ၊ အမေကလည်း သူ့အလုပ်နှင့်သူ။

ဒီတော့ သားသမီးယူဖို့ အချိန်ရောက်ပြီ။ အိမ်ထောင်သက်ကလည်း သုံးနှစ်ပြည့်ခဲ့ပြီ။ အမေ ကိုယ်ဝန်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com

ပြီဆိုကတည်းက ဝမ်းအသာကြီးသာသည့်သူမှာ အဖေဖြစ်သည်။ အမေ့ကို အရိပ်တကြည့်ကြည့်ဖြင့် လိုအပ်သည်ကို ပံ့ပိုးရင်း မျက်နှာမြင်မည့်ရက်ကို စောင့်ကြိုနေခဲ့ရှာသည်။

"အေးမိ၊ ဟို... မမွေးသေးဘူးလား"

"အိုတော်- ကိုသက်အောင်ကလည်း၊ အချိန်ကျမှ မွေးမှာပေါ့တော်၊ အတင်းဖျစ်ညှစ်မွေးလို့ ရတဲ့အရာမှ မဟုတ်တာ"

"အဟီး ကြာလိုက်တာ"

အလုပ်က ပြန်လာတိုင်း အဖေက အမေ့ကိုပြောသည်။ ပြောရင်း ရယ်ပွဲဖွဲ့ခဲ့ကြသည်။ တကယ်လည်း အဖေ့မှာ မမြင်ရသေးသည့် ရင်သွေးကိုကြည့်ချင်နေပြီလေ။ အရင်ကလည်း မနက်စောစောသွား နေ့လယ်တစ်ခေါက်ပြန်လာ၊ ညနေကျတော့လည်း စောစောအလုပ်နား၊ ပြန်လာတိုင်းလည်း အမေ့အတွက် အဖေက စားစရာတွေပါလာစမြဲ။ အခု အမေ မွေးခါနီးပြီဆိုတော့ အဖေ့အနေဖြင့် သောကတွေနှင့်မို့ ခပ်စောစော ပြန်လာစမြဲ။

"အေးမိ၊ ဒါက နင်ကြိုက်တဲ့ ပဲပြားကြော်၊ ဒါက ကုလားဗယာကြော်၊ စား သိလား"

တည့်တာ မတည့်တာ အဖေက မသိ။ သူစိတ်ထင်တာ သူစားစေချင်တာ ဝယ်လာပြီး ကျွေးသည်။ ဟင်းဆိုရင်လည်း ဆိတ်သား၊ အမဲသားတွေ ဝယ်ပေးခဲ့သည်။

ပြောရလျှင် အဖေသည် သားသမီး သုံးဦးခန့်ယူမည်။ သုံးလေးနှစ်ခြားပြီးမှ ယူလျှင် ကျန်းမာရေးရော၊ စီးပွားရေးပါ အဆင်ပြေမည်ဟု တွေးခဲ့သည်။ အဖေ့မှာ သူတွေးသလို ပထမဆုံး သားဦးကို မြင်တွေ့ချင်နေပြီဖြစ်သည်။ သို့သော် အဖေဖြစ်ချင်သလို ကံတရားက မျက်နှာသာမပေးခဲ့။

ထိုနေ့ အဖေ့ခမျာ အမေ့ကို တဖွဖွမှာရင်း ရှိသည်။

"အေးမိ၊ ဟို. . . ဟိုလေ. . . အတင်းဗိုက်နာရင် ပြောနော်၊ ငါ မကြာမကြာ ပြန်လာမယ် သိလား"

"စိတ်ချပါတော်၊ ဟိုနားက ဒေါ်ကြီးတင့်ကိုလည်း ပြောထားပါတယ်၊ စိတ်ချလက်ချသာသွားနော်"

"အေးအေး၊ အသာလေး ထိုင်နေနော်၊ ကြားလား"

"အင်းပါ"

အဖေ ပြောရင်း ထွက်သွားသည်။ ရှေ့သာသွားနေသော်လည်း အဖေ့ခြေလှမ်းတွေက လေးလံနေသည်။ စိတ်က အမေ့ဆီမှာ။ သမင်လည်ပြန်ကြည့်ရင်း နောက်ဆံငင်နေသည့်အဖေ။ နောက်ဆံငင်မည်ဆိုက ငင်ချင်စရာ။ အမေသည် တစ်ရက် နှစ်ရက်အတွင်း မွေးတော့မည်။ မွေးတော့မည်ကိုလည်း ပြောပြထား၍ အဖေက သိနေသည်။ မွေးမည့်ရက်ကို လက်ချိုးရေတွက်ရင်း ရှိနေသည့် အဖေ့အတွက်ကတော့ ရက်နီးလာလေလေ စိတ်လှုပ်ရှားလေ။

ထိုနေ့က မနက်ခင်းအချိန် တစ်ခေါက် ပြန်လာသေးသည်။ ဆိုက်ကားကို အပြင်းနင်းပြီး ပြန်အလာ အမေ့ကို စကားတွေပြော။

"အေးမိရာ၊ ငါလေ ဈေးဝယ် ဈေးသည်တွေကို ဆိုက်ကားနင်းပြီး ပို့သာပို့နေရတာ စိတ်က နင့်ဆီမှာ၊ မွေးများနေပြီလား၊ ဗိုက်က အရမ်းနာနေပြီလား ဆိုပြီး ပူနေရတာဟ"

"ဘာမှမဖြစ်သေးပါဘူး ကိုသက်အောင်ရယ် နော်"

အမေက အဆင်းပြန်လွှတ်မှသာ ဈေးဆီ ပြန်ပြေးခဲ့သည့် အဖေ။ အမေကတော့ မကြာခင်မှာ တစ်ခေါက်ပြန်လာလိမ့်မည်ဟု ထင်မှတ်နေဆဲ။ တကယ်လည်း အဖေပြန်လာပါသည်။ ပြန်လာသည်က အဖေ့ရဲ့ မကောင်းသတင်း၊ အမင်္ဂလာသတင်း။

"မအေးမိ၊ မအေးမိ"

"ဟဲ့- မိတုတ်၊ ဘာလဲ"

"ဟို ဟို. . . ကိုသက်အောင် ဆိုက်ကားလေ၊ အဲဒါ ထွန်စက်ကြီးနဲ့ တိုက်မိလို့၊ ဟို ဆေးရုံ ကိုသက်အောင်လေ ဆေးရုံပို့လိုက်ရပြီ"

"ဘာ"

"ဟုတ်တယ်၊ သွေးတွေကလည်း မြင်မကောင်းဘူး"

"ကို. . . ကိုသက်အောင်ရယ်"

မတုတ်စကားကြောင့် မူးမိုက်လဲကျလုလုအချိန် ကိုသက်အောင်၏ သတင်းဆိုးကြားရသည့်သူတွေ ရောက်လာကြသည်။ ရောက်လာကြသည့်အတွက် တော်ပါသေးသည်။ အမေ့ကို အခြားသူတွေက ဝိုင်းဝန်းပြီး ထိန်းလိုက်ကြသည်။ ထိုစဉ်က အမေ့ကို ဆေးရုံ မသွားစေချင်ကြ။ အဘယ်ကြောင့်ဆိုသော် အဖေသည် ရုပ်ပျက်ဆင်းပျက်ဖြစ်သွားသည်လေ။ အမေ မြင်သွားရင် သွေးပျက်ပြီး ရူးသွားနိုင်သည်။ နောက်တာဝန်အရ ပြုလုပ်အပြီး အလောင်းကို ပြင်ဆင်ပြီးမှ အမေ့ကို ကြည့်ရှုခွင့်ပေးခဲ့သည်။

"ကို. . . ကိုသက်အောင်ရယ်"

တစ်ကိုယ်လုံးလည်း ပတ်တီးတွေ စည်းထားသည့် အဖေ။ ဘာမျှမသိတော့သည့် အဖေ၊ အမေ့ကိုချစ်ခဲ့သည့် အဖေ၊ သားသမီးရူး ရူးခဲ့သည့် အဖေ၊ အိမ်ထောင်ရေးသာယာဖို့ စီမံချက်တွေ



www.burmeseclassic.com

www.burmeseclassic.com

ချခဲ့သည့် အဖေ။ အခုတော့ အဖေမရှိတော့ပြီ။ အခုတော့ အမေတစ်ယောက်တည်း။

❐

အဖေ့နာရေးအပြီး အမေဖြစ်သူ မျက်နှာမြင်ခဲ့သည်။ မွေးခဲ့သည်က မိန်းကလေး။ အဲဒီ မိန်းကလေးသည် ကျွန်မ။ အဖေ မြင်တွေ့မသွားခဲ့သည့် ကျွန်မ။ ခင်အေးဆိုသော ကျွန်မ ဖြစ်သည်။

ကျွန်မကို မျက်နှာမြင်တော့ ဆွေမျိုးအချို့ လာကြသည်။ ဝတ်ကျေတမ်းကျေ လာကြသည်။ သားဖွားဆရာမနှင့် အရပ်လက်သည်တို့လည်း လာကြသည်။ ထိုစဉ်က ကျွန်မသည် ဆန်ကောထဲမှာ အနှီးစတွေနှင့်။ အမေက ကျွန်မကို စိုက်ကြည့်လို့။ အမေ့မျက်နှာမှာ မျက်ရည်တွေ ဝေ့သီလို့။

"ကိုသက်အောင်ရယ်၊ တော်သာရှိရင် တော့်သမီးလေးကို အရမ်းချစ်မှာ၊ အရမ်းကို ချစ်ရှာမှာ၊ အခုတော့"

မပြန်လမ်းကို သွားပြီဖြစ်သည့် အဖေ့ကို တမ်းတရင်း အမေငိုခဲ့သည်။

"အေးမိ ဟဲ့ အေးမိ၊ မငိုနဲ့လေ၊ မီးတွင်းဆိုတာ မငိုရဘူးလေ၊ မငိုရဘူးလေ"

ဝိုင်းဝန်းနားချကြသည်။ ဒီတော့မှ ကျလုလုမျက်ရည်များကို သိမ်းဆည်းရင်း စိတ်ကို အသိနှင့်ထိန်းလိုက်မိသည်။

"ဟုတ်ပါလား၊ မီးတွင်းကြီးပဲ၊ ငါငိုနေရင် ကျန်းမာရေး ထိခိုက်မယ်၊ သမီးလေးကိုပါ ထိခိုက်မယ်၊ ဒီတော့ ငါ ငါမငိုဘူး၊ မငိုဘူး"

အားခဲမာန်တင်းရင်း အမေသည် ငိုချင်စိတ်ကို မျိုသိပ်ထားသည်။ သူ့စိတ်သူချုပ်နှိမ်ရင်းဖြင့် ကျွန်မဘဝကို အရွယ်ရင့်သန်လာအောင် ပျိုးထောင်ခဲ့သည်။ ပြုစုခဲ့သည်။ တစ်ရက်မှ နှစ်ရက်၊ တစ်လမှ နှစ်လ။ ကျွန်မဘဝ တစ်နှစ်သမီးအရွယ် ရောက်သည်အထိ အမေ မျက်ရည်မကျခဲ့။ မငိုခဲ့။ တစ်ခါတလေ အားပါးတရရယ်သည်။ တစ်ခါတလေ အံကြိတ်ပြီးရယ်သည်။ တစ်ခါတလေ အမေ့ရယ်သံသည် ငိုရှိုက်သံတို့ ပါခဲ့သည်။ သို့သော် အမေသည် သူ၏ သောကများကို မေ့ပျောက်ရင်း ကျွန်မအပေါ် ပုံအောချစ်ဖို့ တာဆူထားခဲ့သည်လေ။

"သမီးရယ်၊ သမီးလေးသာ သိတတ်တဲ့အရွယ် ရောက်ခဲ့ရင် အဖေဆိုတဲ့ ဖခင်ဖြစ်သူကို အရမ်းမြင်တွေ့ချင်မှာပဲနော်၊ အခုတော့ အဖေက သမီးကို မတွေ့ရသလို သမီးက အဖေ့ကို မြင်ခွင့်မရခဲ့ဆိုတော့ ဆိုးလိုက်တဲ့ဘဝတွေပါလားကွယ်"

အမေသည် သည်သို့တွေးရင်း သူ့ဝမ်းနည်းစိတ်ကို ဖြေသည်။ ခံစားချက်များကိုအလေးနှင့်ခဲ့သည်။ အရိပ်တကြည့်ကြည့်နှင့် နေလာခဲ့သည့် ကျွန်မအနေဖြင့် နှစ်နှစ်သမီးအရွယ် ရောက်ခဲ့ပြီ။

ထိုအခါ အမေသည် အရင်အလုပ်ပြန်လုပ်သည်။ ကျွန်မကို အိမ်မှာထားခဲ့သည်။ အမေက သူ့တူမဖြစ်သူကို အိမ်မှာခေါ်ထားပြီး အလုပ်ဝင်ခဲ့သည်။ အမေလုပ်သည့် အလုပ်က ထမင်းဆိုင်မှာ လုပ်ရသည်။ သူများစားပြီးသား ထမင်းပန်းကန် ဟင်းပန်းကန်များကို ဆေးကြောရသည့်အလုပ်။

မှန်ပါသည်။ ဒီအလုပ်ကို လုပ်ခဲ့တာ အခုမှမဟုတ်၊ အဖေနှင့် အိမ်ထောင်ကျပြီး သီးခြားဘဝ ရပ်တည်ထူထောင်သည့်အချိန်ကတည်းက လုပ်ခဲ့သည့် အလုပ်။ အဖေက ဆိုက်ကားနင်း၊ အမေက ပန်းကန်ဆေးအလုပ်လုပ်။ အမေကိုယ်ဝန်ရှိသည့်အချိန်မှ ကျွန်မကိုမွေးသည့်အချိန်အထိ အလုပ်နားခဲ့သည်။ အခုတော့ အဖေလည်း ဆုံးပါးခဲ့ပြီ။ အမေနှင့်ကျွန်မသာ ကျန်ခဲ့ပြီး အဖေနှင့်အမေတို့ စုဆောင်းထားသည့် ငွေလည်း ကုန်ခဲ့ပြီ။ အဖေ့နာရေးကိစ္စနှင့် ကျွန်မကိုမွေးသည့် မီးဖွားစရိတ်တွေကြောင့် အမေ ဘာမှမလုပ်နိုင်သည့် အချိန်မှာ ကုန်ခဲ့ပြီမို့ အမေ့လက်ထဲမှာ တစ်ပြားတစ်ချပ်မှ မရှိတော့။

ဒီတော့ မိဘတွေဆီက ချေးဟယ် ငှားဟယ်နှင့်လည်း လုပ်ရသည်။ အဒေါ် ဦးလေးတို့ဆီကလည်း ငှားဟယ် တောင်းဟယ်နှင့် လက်ဝါးဖြန့်ခဲ့ရသည်။ အခုတော့ ကျွန်မကို ပစ်ထားသည့် အရွယ်၊ အခြားသူနှင့် ပစ်ထားနိုင်သည့် အရွယ် ရောက်လာပြီ။ ဒီတော့ အမေ အလုပ်လုပ်တော့မည်တဲ့။

"သမီး၊ အမေ အလုပ် လုပ်ရတော့မယ်၊ ဒီတော့ ဒီက အန်တီလေးနဲ့ပဲ နေခဲ့နော်၊ သိလား"

စကားမပြောတတ်သေးသော ကျွန်မကို နို့တိုက်ရင်းပြောသည်။ ပြောရင်း ပြုံးသည်။

"ကြားလား သမီး၊ အမေအလုပ်လုပ်ရတော့မယ်၊ အလုပ်လုပ်မှ ပိုက်ဆံရမှာ၊ ပိုက်ဆံရမှ အဆင်ပြေမှာ၊ ဒါမှ သမီးကြီးလာရင် စားချင်တာစား၊ ဝတ်ချင်တာဝတ်ရမှာ သိလား"

အမေက စိတ်လွတ်ကိုယ်လွတ် သဘောမျိုးနှင့် ပြောခဲ့သည်။ ပြောသည့်အတိုင်း နောက်ရက်တွင် အမေအလုပ်သွားသည်။

ကျွန်မမှာတော့ အန်တီလေးဆိုသူနှင့် နေခဲ့ရသည်။ လေးဖက်သွားရင်းနှင့် အိမ်မှာကျန်ခဲ့သည့် ကျွန်မ။ ဟိုသွားလိုက်၊ ဒီသွားလိုက်၊ ဟိုကြည့်လိုက်နှင့် နေခဲ့သည့် ကျွန်မ။


www.burmeseclassic.com

www.burmeseclassic.com

အမေ အလုပ်လုပ်သည်က ဈေးတောင်ဘက်တွင် ကားဂိတ်ရှိသည်။ ထိုနေရာတွင် ထမင်းဆိုင်ကလေး တစ်ဆိုင်တည်းရှိသည်။ ထိုထမင်းဆိုင်ကလေးသည် ထန်းရွက်များ မိုးထားသလို ထန်းရွက်များ ကာထားသည်။ သဘာဝအတိုင်း ဆိုင်ကို ဆောက်ထားသလို ထမင်းဟင်းကလည်း ကောင်းသည်။ ပြောရလျှင် ထမင်းကြမ်း၊ ဟင်းကြမ်းဟု ခေါ်ရပေမည်။ ဆန်ကြမ်းကြမ်းနှင့် တောချက်ချက်ထားသည့် ဝက်သား၊ အမဲနှပ်၊ ငါး၊ ကြက်ဥ၊ ဘဲဥ စသည့် ဟင်းကောင်းတစ်ခွက်ရယ်၊ အရည်သောက်တစ်ခွက်၊ ငံပြာရည်တစ်ခွက်၊ အတို့အမြှုပ်တစ်ခွက်နှင့်ဆိုတော့ တောကလာသည့်လူတွေ အစားများသလို မြို့ခံတွေကလည်းထိုဆိုင်လေးကို လာလာပြီး စားကြသည်။ ဒီတော့ မနက်၊ ညနေ လူပြတ်သည်သိပ်မရှိ။ ဒီဆိုင်လေးရဲ့အမည်က 'မေမေ့မေတ္တာထမင်းဆိုင်' တဲ့။ ဒီဆိုင်မှာ အမေအလုပ်လုပ်ခဲ့သည်။ အခု ကျွန်မကို ပစ်ထားခဲ့ပြီး အမေ အလုပ်လုပ်နေသည်။

"အမေလေ သမီးလေးရဲ့နောင်ရေး၊ ဖခင်ပစ်ခဲ့တဲ့ ဟောဒီသမီးလေးရဲ့ နောင်ရေးကြောင့် အမေလေ အလုပ်တွေ လုပ်ရတော့မယ် သမီးရယ်နော်၊ အမေ့ ပင်ပန်းတယ်လို့ ဘယ်တော့မှ မညည်းပါဘူး သမီးရယ်"

အမေ အလုပ်ကပြန်လာတိုင်း ကျွန်မကို ပြောခဲ့သည့်စကား။ ပြောရင်းနှင့်လည်း အမေ့မျက်လုံးများမှာ မျက်ရည်များ ဝေ့သီနေခဲ့ရှာသည်။ မျက်လုံးများမှာ မျက်ရည်တို့ ဝေ့သီနေသော်လည်း ကြိုးစားပြီးပြုံးသည့် အမေ့အပြုံးတို့က အလှဆုံးတုနှိုင်းမဲ့အပြုံးမျိုးဆိုတာ ကျွန်မ သိသည်။

ကျွန်မကတော့ အမေ ပါးစပ်လှုပ်နေသည်ကို နားလည်သည့်အလား အမေ့ကို ငေးကြည့်နေမိသည်။ ကျွန်မနှင့် အမေ၏ မျက်ဝန်းတို့သည် အကြည့်ချင်းဆုံသွားကြသည်။ သည်အချိန် ဖော်ပြရန် ခဲယဉ်းသော ခံစားချက်မျိုးတွေ ရှင်မှာဖြစ်တည်လာစမြဲ။ အမေသည် ညနေ အလုပ်လုပ်ရာကအပြန် ကျွန်မကို အငမ်းမရနမ်းရင်း စကားတွေပြောသလို အလုပ်မသွားခင်မှာလည်း စကားတွေပြောရင်း အငမ်းမရ နမ်းခဲ့သည့် အမေ။ အမေနမ်းတိုင်း ကြည်နူးခဲ့ရသည့် ကျွန်မကတော့ ဘုမသိ ဘမသိ။ အမေကတော့ နက်နက်နဲနဲ။ အမေ့ဘဝသည် ကျွန်မရှိမှ ပြည့်စုံမည်ဟု ထင်မှတ်ထားဆဲ။

သည်သို့သော ကာလတွေကို ကျော်ဖြတ်လာခဲ့ရာ ကျွန်မ ကျောင်းနေအရွယ် ရောက်လာခဲ့ပြီ။ ငါးနှစ်ပြည့်ခဲ့ပြီ။

"အင်း. . . သမီးလေးတောင် ကျောင်းအပ်ရမယ့်အရွယ် ရောက်ပြီပဲ"

❖

"ဟုတ်ပြီ၊ ငါ အဲသလိုဆိုရင် အဆင်ပြေမယ် ထင်တယ်"

အမေသည် ကျွန်မကို ကျောင်းသွားဖို့ ပြင်ဆင်ပေးအပြီး အလုပ်ရှိရာ ဈေးသို့သွားရင်း တွေးနေသည်။ သူ့အတွေးနှင့်သူ ကျေနပ်နေသည်။ ကျေနပ်မှုနှင့်အတူ အဆင်ပြေလိမ့်မည်ဟု အမေထင်ခဲ့သည်။ ထမင်းဆိုင်ရောက်တော့ ဆေးစရာရှိတာဆေး၊ ပြင်စရာရှိတာပြင်နှင့် အချိန်တွေကုန်သွားသည်။ မကြာပါ၊ ထမင်းစားသူ လေးငါးဦး ရောက်လာသည်။ အချို့က ဝက်၊ အချို့ အမဲ၊ အချို့က ငါး။ တချို့ကျတော့ ဘဲဥချက်၊ ကြက်ဥကြော်နှင့် စားနေကြသည်။

အမေ့ခမျာ စားပြီး သူတို့၏ စားကြွင်းစားကျန်များကို သိမ်းဆည်းရင်း သူ့အတွေးနှင့်သူ စိတ်ကူးယဉ်နေသည်။ အမေ့စိတ်ကူးထဲတွင် ကျွန်မ ထမင်းစားနေသည်ကို မြင်နေခဲ့သည်။ ပဲပြုတ်၊ ငါးပိရည်၊ ငါးမှုန့်ချက်နှင့် စားနေသည်ကို မြင်ယောင်မည်။ စိတ်မကောင်းဖြစ်နေပေလိမ့်မည်။ တစ်ခါတလေ ဗယာကြော်နှင့် စားတာမျိုး၊ ဘူးသီးကြော်နှင့် စားရတာမျိုး၊ ဆီနှင့်ဆားနှင့် စားရတာမျိုးတွေကို မြင်ယောင်နေလိမ့်မည်။ ထို့အပြင် ရေကန်စွန်းရွက်ကြော်နှင့် စားရတာမျိုး၊ ဟင်းရွက်သုပ်နှင့် စားရတာမျိုးတွေ၊ အမေ တွေးနေပေလိမ့်မည်။

"ဩော်- သမီးရယ်"

အစားဆင်းရဲ၊ အနေဆင်းရဲနေရသည့် ကျွန်မအတွက် အမေသည် ခံပြင်းဒေါသဖြစ်နေပေလိမ့်မည်။

"မဖြစ်ဘူး၊ ငါ အဲသလိုလုပ်မှဖြစ်မှာ"

ညနေအလုပ်သိမ်းတော့ ဆိုင်ရှင် ဒေါ်မြနွယ်ကို တီးတိုးပြောရသည်။ သည်သို့ပြောဖို့ကလည်း မနက်ကတည်းက သတ္တိမွေးထားခဲ့သည့် အမေ။ ကြိုတင် စဉ်းစားခဲ့သည့် အမေ။

"အဒေါ်မြ"

"ဟဲ့- အေးမိ၊ ဘာလဲ ပြော"

"ဟိုလေ"

"ပြောပါ"

အဒေါ်မြကို မကြည့်တော့ဘဲ ခေါင်းငုံ့ထားရင်း အမေက ပြောသည်။

"ဒီလိုပါ စားတဲ့သူတွေရဲ့အကျန်တွေကိုလေ၊ အဲဒါ ချိုင့်ထဲထည့်သိမ်းပြီး ညနေကျရင် အိမ်ကိုယူချင်လို့"

အမေ့တောင်းဆိုမှုကြောင့် ဒေါ်မြနွယ်က ပြုံးသည်။ အမေ့ကိုလည်း အထူးအဆန်းသဖွယ် ကြည့်နေသည်။





www.burmeseclassic.com

www.burmeseclassic.com

အမေကတော့ ခေါင်းငုံ့ထားဆဲ။

"အောင်မယ်လေး အေးမိရယ်၊ ဒါလေးများ ဟင်းကျန်တာတွေယူချင်ရင် သီးခြားထည့်ပြီး ယူလေ၊ ယူပါ အေးမိရဲ့"

"ကျေး. . ကျေးဇူးတင်ပါတယ် အဒေါ်မြရယ်"

အလုပ်ပြီးတော့ အမေ အပြေးပြန်ခဲ့သည်။ ထိုညနေမှစ၍ အမေ ပြန်လာသည့်အခါ ဟင်းတွေ ပါလာသည်။ ကျွန်မကို အသားဖတ်တွေဖဲ့ပြီး ကျွေးခဲ့သည်။ နောက်ရက်တွင် အမေသည် ညနေခင်းပြန်လာတိုင်း ချိုင့်နှင့်အပြည့် ဟင်းတွေပါလာသည်။ ဝက်သား၊ အမဲသား၊ ငါးဟင်း။ ပြီးတော့ ဘဲဥချက်၊ ကြက်ဥကြော်တွေပါ ပါလာတတ်သည်။ ဟင်းအစုံပါသည်။ ချိုင့်ကိုဖွင့်လိုက်လျှင် အနံ့က သင်းနေသည်။ ကျွန်အတွက် တစ်ခါမျှ ဤသို့သော ဟင်းအမျိုးစုံတာ မစားခဲ့ဖူးပါ။

"အမေ"

"ဘာလဲ သမီး ပြော"

ကျွန်မက အမေ့အနားတွင်ထိုင်သည်။ အမေက ဟင်းချိုင့်ကိုဖွင့် ဟင်းများကို ဇလုံထဲထည့်ပြီးတော့ ဟင်းတုံးများကို ဆယ်ယူသည်။ ပြီးမှ ဒယ်ထဲထည့်ပြီး ပြန်နွေးသည်။ ဟင်းအနံ့က မွှေးနေသည်။ အမေက ဒယ်အိုးထဲရှိ ဟင်းတုံးများကို ယောက်မဖြင့်ကျွမ်းကျင်စွာမွှေရင်းရှိသည်။

"ဒီဟင်းတွေက. . ."

"ဒါတွေက ဆိုင်ရှင်အဒေါ်မြက ပေးလိုက်တာလေ၊ အဲဒါ သမီးစားရအောင် အမေ ယူခဲ့တာလေ၊ အမြဲတမ်း သမီးလေးစားရအောင် ယူခဲ့မယ်နော် သမီး"

"တကယ်နော်"

"အင်း"

"အမြဲတမ်း အဲ့သလို ဟင်းကောင်းတွေ ပါလာမှာလား၊ ယူလာမှာပေါ့ ဟုတ်လား"

"အမြဲ ယူလာမှာပေါ့ သမီးရယ်"

ထိုညနေတွင် ထမင်းစားလို့ကောင်းသည်။ ဝက်သားဖတ်တွေရော၊ အမဲသားတုံးတွေပါ စားခဲ့ရသည့်ကျွန်မ။ ကျွန်မ စားနေသည်ကိုကြည့်ရင်းက ကျေနပ်နေသည့် အမေ။ အမေ့ကိုကြည့်ရင်း ထမင်းပိုစားနေမိသည့် ကျွန်မ။ ဤသို့ အကောင်းဆုံးဟင်းတွေကို ဟိုးအရင်ကတည်းက စားစေချင်သော်လည်း အခုမှ ဆန္ဒတွေ ပြည့်ဝနေပုံရသည်။ ကျွန်မ စားနေသည်ကို အမေ ပြုံးရင်းကြည့်ကာ ကျေနပ်နေသည်။ ကျေနပ်ပီတိနှင့်အတူ ကျွန်မစားနေသည်ကို အားရနေပုံရသည်။

ကျွန်မနှင့်အမေ အပြိုင်ကြည့်နေမိသည်။ ပြုံးနေမိကြသည်။

❖

"အဒေါ်မြ"

"ဟဲ့- ဘာလဲ အေးမိ၊ ပြော"

"ဟိုလေ ညနေကျရင် အေးမိလေ ဒီမှာ ထမင်းမစားတော့ဘူး၊ အေးမိအတွက် ထမင်းနဲ့ဟင်း နည်းနည်းကို အိမ်ပဲသယ်သွားပါရစေ၊ ဟို အေးမိလေ သမီးလေးနဲ့အတူ အိမ်မှာ လက်ဆုံပြီး စားချင်လို့"

အမေက တောင်းဆိုသည်။ အမေ့ရဲ့ တောင်းဆိုမှုသည် သာမန်အဆင့်သာဖြစ်သည်။ ဆိုင်ရှင်ဖြစ်သူ လက်မခံနိုင်စရာအကြောင်းမရှိ။ ဘယ်မိဘပဲဖြစ်ဖြစ် ကိုယ့်သားသမီးနှင့်ကိုယ် ထမင်းလက်ဆုံ စားချင်ကြပေမည်။ ထမင်းစားကြရင်း စကားတွေပြော ရယ်ရယ်ပြုံးပြုံးနှင့် နေချင်ကြပေမည်။

"အောင်မယ်လေး အေးမိရယ်၊ ဆိုင်မှာ ညနေစာမစားရင်လည်း ညည်းအတွက် သီးခြားချိုင့်နဲ့ ထည့်ယူသွားပါတော်၊ အဒေါ်မြ ခွင့်ပြုပါတယ် အေးမိရယ် နော်"

အဒေါ်မြက လိုလိုချင်ချင်ပြောသည်။ တကယ်တော့ ဟိုအရင်ကတည်းက ဒီဆိုင်မှာ ပန်းကန်ဆေးအလုပ်လုပ်ခဲ့သည်။ လစားအလုပ် မဟုတ်။ နေ့စားအလုပ်ဖြစ်သည်။ တစ်ရက်တစ်ခါ လုပ်အားခ ရှင်းပေးသည်။ မနက်၊ည ထမင်းနှစ်နပ်ကျွေးသည်။ မနက်စာကတော့ ပြေးပြေးလွှားလွှားဖြင့် စားသူတွေပါးချိန်တွင် စားရသည်။ ညနေစာကတော့ စားရတာ အဆင်ပြေသည်။ ညနေဆိုရင် လူသိပ်မရှိ၊ စိမ်ပြေနပြေ စားခွင့်ရသည်။

အခုတော့ အမေသည် သည်သို့ မစားချင်တော့ပြီ။ ညနေစာကို အိမ်သို့ ထည့်ပြီး ယူချင်သည်။ ထမင်းရောဟင်းပါ ရမည်။ ပြီးတော့ တခြားသူတွေရဲ့ စားကြွင်းစားကျန်တွေပါ ရမည်လေ။ နောက် အမေအဖြစ်ချင်ဆုံးက အလုပ်ပြီးလို့ ညနေပြန်လာချိန် အိမ်ရောက်ပြီဆိုရင် ကျွန်မနှင့်အတူ စကားတွေပြောရင်း လက်ဆုံစားချင်သည့်ဆန္ဒ။

ထိုဆန္ဒက အမေ့ရင်မှာ အပြင်းပြဆုံးသော အရာ။ အဖြစ်ချင်ဆုံးသော ဆန္ဒ။ ညနေရောက်တော့ လုပ်အားခ ရှင်းပေးသည်။ လုပ်အားခနှင့်အတူ ညနေစာအတွက် ထည့်လာသည့်ချိုင့်နှင့် အခြားဟင်းအကျန်များထည့်သည့်ချိုင့်တို့ကို ဆွဲရင်းပြန်လာသည်။

"သမီးရေ"

"ဟော- အမေ"

ကျွန်မက အမေ့ဆီ ပြေးသည်။ အမေ့လက်ထဲမှ ချိုင့်တစ်ချိုင့်ကို ဆွဲယူလိုက်သည်။ အိမ်ထဲဝင်ခဲ့သည်။ ပြီးတော့

www.burmeseclassic.com

ဟင်းများကို ဒယ်အိုးထဲထည့် ပြန်နွှေးလိုက်သည်။ ကျွန်မ ဒယ်အိုးထဲမှ ဟင်းတုံးများကို ကြည့်ရင်း သွားရည်ကျနေသည်။ ဟင်းတုံးတွေက မနည်းမနော။

"အမေ"

"ဘာလဲ သမီး"

"ဒီနေ့ ထမင်းတွေရော ပါလာတယ်"

အမေက ကျွန်မအမေးကို ဖြေသည်။ ညနေစာ မစားခဲ့ကြောင်း၊ မိမိအတွက် ညနေစာကိုယူလာကြောင်း ပြောပြသည်။ ကျွန်မမှာတော့ အမေ့စေတနာ၊ အမေ့မေတ္တာကို ပိုပြီး နားလည်လာခဲ့သည်။ ထိုညနေက အမေနှင့် ကျွန်မတို့ ထမင်းအတူစားဖြစ်သည်။ စကားတွေ ပြောကြသည်။ အပြိုင်ကြည့်ရင်း ပြုံးကြသည်။

အမေ့အပြုံးထဲမှာ အေးစေသည့် မေတ္တာတွေပါသည်။ အမေ့စကားထဲမှာ ဆုံးမသည့်စေတနာတွေ ပါနေသည်။ ထိုနေ့က ထမင်းအမြိန်ဆုံးနေ့။

အမေ့အပြုံးတွေ အလှဆုံးနေ့။

❖

ရွေ့လျားနေသည့် ကာလအပိုင်းအခြားနှင့်အတူ ကျွန်မသည် ငါးတန်းရောက်ခဲ့ပြီ။ အတန်းပညာမြင့်လာသလို ကျွန်မရဲ့အသိတရားကလည်း အထိုက်အလျောက် အသိတွေကြွယ်လာသည်။ အမေ့ခမျာမှာလည်း ကျွန်မ အတန်းပညာ မြင့်လာလေလေ ပိုက်ဆံပိုရှာရလေလေ။

"သမီး ဒီနှစ်အောင်ရင် ခြောက်တန်းနော်"

"ဟုတ်တယ် အမေ"

"ကြိုးစားစမ်းပါ သမီးရယ်နော်၊ အမေ့လို ဆင်းရဲတဲ့ဘဝမျိုး မရောက်စေနဲ့ ကြိုးစား ကြားလား"

"စိတ်ချပါ အမေရယ်"

အမေက ကျွန်မကိုဖက်ထားရင်း သူ့ဆန္ဒကိုရင်ဖွင့်ပြသည်။ တကယ်တော့ မိခင်ဆိုတာ ကိုယ့်သားသမီးကို သူဖြစ်စေချင်တဲ့ ဆန္ဒတွေအတိုင်း အောင်မြင်စေချင်တဲ့ဆန္ဒနဲ့အတူ တွန်းအားပေးတဲ့ မေတ္တာရှင်ဆိုတာ ကျွန်မ သိပါတယ်။ သိလို့လည်း အမေဖြစ်ချင်သလို ကြိုးစားပြဖို့လည်း ခေါင်းညိတ်အဖြေပေးခဲ့မိသည်လေ။ ထိုညက အမေက အဖေနှင့်အကြောင်းပါခဲ့ပုံ၊ အဖေ အလုပ်ကြိုးစားခဲ့ပုံ၊ နောက် အဖေဆုံးပါးခဲ့ပုံတွေကို ပြောပြခဲ့သည်။ သားအမိနှစ်ယောက် ညဉ့်နက်သည်အထိ အိပ်မပျော်ခဲ့။

နောက်တစ်နေ့ ညနေအလုပ်သိမ်းတော့ ထမင်းဟင်းချိုင့်နှစ်ချိုင့်ဆွဲပြီး ပြန်လာသည့်အမေ။ အမေ ပြန်လာသည်ကို မြင်နေရသည်။ သို့သော် ထွက်ပြီးကြိုချင်စိတ် မရှိခဲ့ပြီ။

ဈေးကနေ မြို့အစွန်ရပ်ကွက်ထိ ခပ်သွက်သွက်ပြန်လာသည့် အမေ။ နဖူးမှာ ချွေးတွေစို့လို့။ အသက်ကို ခပ်ပြင်းပြင်းရှူရင်း လာနေသည့် အမေ။ ကျွန်မရှိနေသည့်အိမ်လေးဆီ မျှော်ကြည့်နေသည့် အမေ။ လက်ထဲရှိ ထမင်းဟင်းချိုင့်တွေက ကျွန်မအတွက်။ ဟင်းတွေကို ဒယ်အိုးနှင့်ပြန်နွှေးပြီး သားအမိနှစ်ယောက် အတူစားမည်ဆိုသော ဆန္ဒတွေနှင့် ပြန်လာခဲ့သည့် အမေ။

"သမီးရေ သမီး"

အော်ခေါ်သံက ကျွန်မနားထဲ ဝင်လာသည်။ ကျွန်မ ပြန်မြီးမထူး။ အမေက ဆက်ခေါ်သည်။

"သမီး၊ သမီးရေ"

"ခင်အေး၊ သမီး"

ခေါ်ရင်း လာနေသည့် အမေ့ကို ကျွန်မက အိမ်လေးထဲမှ ထွက်ကာ အပေါက်ဝမှာရပ်ပြီး ကြည့်နေလိုက်သည်။ သို့သော် အမေ့ဆီမသွားမိ။ ရပ်မြဲ ရပ်နေဆဲ။ အရင်ရက်တွေကတော့ အမေပြန်လာပြီဆိုရင် ထမင်းဟင်းချိုင့်တွေကို အပြေးအလွှားယူခဲ့သည့်ကျွန်မ။ ဟင်းနံ့မွှေးမွှေးကို အားပါးတရ ရှူရှိုက်ခဲ့သည့် ကျွန်မ။ ဒီနေ့တော့ အမေ့ဆီ မသွားခဲ့။ မကြိုခဲ့။

"သမီး"

အမေက ကျွန်မကို တစ်ခွန်းသာ ခေါ်ပြီး ခြေလှမ်းတွေတန့်သွားသည်။ မှုန်တေတေဖြစ်နေသည့် ကျွန်မကိုကြည့်ရင်း အမေသည် အဖြေရှာမရဖြစ်နေပုံရသည်။ နားမလည်စွာဖြင့် ဖြစ်နေသော အမေသည် ကျွန်မကိုကြည့်ရင်း အဖြေရှာမရဖြစ်နေပုံရသည်။ နားလည်ရ ခက်နေပုံရသည်။

"သမီး၊ ဘာ. . . ဘာတွေဖြစ်နေလို့လဲဟင်"

"အဟင်း. . . အဟင့်. . . အီး ဟီး ဟီး"

အမေ့စကားအဆုံး ကျွန်မက မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ငိုချလိုက်သည်။ ပြီး အိမ်ထဲ အပြေးဝင်ခဲ့သည်။ အမေ့ကို မမြင်ချင်တော့၊ မကြည့်ချင်တော့သည့် အဆင့်မျိုးတော့ မဟုတ်။ သို့သော် လတ်တလောတော့ အမေ့ကို မတွေ့ချင်ပြီ။ အမေ့လက်ထဲမှာ ရှိနေသည့် ဟင်းချိုင့်တွေကို ပိုပြီးမကြည့်ချင်ဖြစ်ခဲ့သည်က အမှန်။

"သမီး သမီး၊ ဘယ်သူတွေနဲ့ ဘာဖြစ်လို့ပါလိမ့်"

ပြောရင်း အိမ်ထဲပြေးဝင်၊ ချိုင့်တွေကိုချ၊ ပြီးတော့ ထိုင်ငိုနေသည့် ကျွန်မအနားလာထိုင်သည်။ ထိုင်ရင်း အမေက ကျွန်မမျက်နှာကို စေ့စေ့ကြည့်သည်။ မျက်ရည်များကို သုတ်ပေးသည်။





www.burmeseclassic.com

www.burmeseclassic.com

လက်အစုံကို ဆုပ်ကိုင်ထားသည်။ ကျွန်မက အမေ့လက်အစုံထဲမှ ကျွန်မလက်ကို ဆွဲယူသည်။ အမေက ကျွန်မရဲ့လက်ကို မလွှတ်။ ကျွန်မက အမေ့ကို စူးစူးရဲရဲ ကြည့်နေမိသည်။ အမေ့မျက်နှာပြင်မှာ အပြုံးတွေနှင့်။ ကျွန်မ ငိုတော့ ငိုချင်ချင် ဖြစ်နေသည့် အငိုမျက်လုံးများကို ဟန်ဆောင်ဖုံးရင်း ပြုံးထားသည့်အပြုံးများကို တွေ့လိုက်ရသည်။ အမေ့ကို ကြည့်ရင်းမှ အကြည့်များကို လွှဲလိုက်မိသည်။ အမေ့ခမျာ ချီတုံချတုံ။

"သမီး၊ ဘာ. . . ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ဘူး"

ကျွန်မ့အသံက မာသွားသည်။ အသံ မာသွားတော့ အမေ့မှာ ပိုပြီးထိခိုက်ခံစားနေရပုံရသည်။

"မဟုတ်တာကွယ်၊ သမီး တစ်ခုခုတော့ ဖြစ်နေပြီ၊ အမေ့အပေါ် ဘာတွေ မကျေနပ်တာလဲ ပြော"

"ပြောဘူး"

"ပြောပါ သမီးရဲ့"

အမေက နှစ်ကြိမ်ဆက်မေးနေသည်။ အတော်ကြာမှ ကျွန်မဖြေသည်။

"ဟိုလေ၊ အမေယူလာတဲ့ဟင်းတွေက သူများတွေစားပြီးသားစားကြွင်းစားကျန်တွေတဲ့"

"ဟင်"

ကျွန်မ စကားကြောင့် အမေ့မျက်လုံးအစုံ ဝိုင်းစက်သွားသည်။

ဒီကနေ့ အမေအလုပ်သွားပြီး ကျောင်းသို့အလာ သူငယ်ချင်းတွေက ကျွန်မကို ပြောကြသည်။ အမေက သူလုပ်သည့် ထမင်းဆိုင်ကနေ သူများစားပြီးသား ဟင်းကျန်တွေစုထားပြီး အပြန်မှာ ထည့်ယူလာတဲ့အကြောင်း ပြောလာကြသည်။ ဒီတုန်းက ကျွန်မမျက်နှာဘယ်ထားရမှန်းမသိအောင် ရှက်ခဲ့ရပါသည်။

"သူများစားကြွင်းစားကျန်တွေ စားနေရတဲ့သူတွေလို့ သမီးသူငယ်ချင်းတွေက ပြော ပြောလို့"

ကျွန်မက ပြောရင်း ငိုချလိုက်သည်။

အမေက ကျွန်မကို ထွေးပွေ့ထားရင်း သက်ပြင်းချသည်။

"အဲသလို ပြောကြသလား"

"ဟုတ်တယ်"

"ဘာလို့ပြောကြတာလဲဟင်"

"အကြွင်းအကျန်တွေမှန်းသိလို့ ပြောတာပေါ့အမေရဲ့"

ကျွန်မက ပြောရင်း အမေ့ကို မျက်စောင်းခဲသည်။ အမေ့ကိုကြည့်ရင်း အမေချထားသည့် မလှမ်းမကမ်းမှ ချိုင့်နှစ်ချိုင့်ကို ကြည့်နေမိသည်။ တစ်ခါက ဒီဟင်းတွေသည် ရောင်းမကုန်လို့ ဟင်းအိုးထဲက ယူလာခဲ့သည့်ဟင်းတွေဟု ပြောခဲ့သည်။ သူများ စားကြွင်းစားကျန်တွေဟု ကျွန်မကို အမေမပြောခဲ့။ အခုတော့ ဘေးကလူတွေပြောလို့ ကျွန်မ သိခဲ့ပြီ၊ စားကြွင်းစားကျန်တွေတဲ့။

"ဒါ မတရားပြောတာပဲ သမီး၊ တကယ်တော့ စားပြီးသား အကျန် မဟုတ်ဘူး သမီး၊ ဟင်းတုံး သုံးတုံးထည့်တယ်၊ တစ်တုံးပဲ စားနိုင်တယ်၊ နှစ်တုံးကျန်တယ်၊ အဲဒီအကျန်ကို ရောင်းတဲ့အိုးထဲ ပြန်ထည့်လို့မရဘူး သမီးရဲ့၊ အဲဒီလို ဟင်းတုံးတွေ ကျန်နေရင် သီးခြားဖယ်ထားခဲ့ရတဲ့ဟင်းတွေပါကွယ်၊ ပါးစပ်ထဲထည့်ပြီး ကိုက်ပြီးသားအကျန်မျိုး မဟုတ်ပါဘူး"

"အို- သမီးသိတာကတော့ ပန်းကန်ထဲက အကျန်ပဲဖြစ်ဖြစ်၊ ပါးစပ်ထဲက အကျန်ပဲဖြစ်ဖြစ် ဟင်းအကျန်က ဟင်းအကျန်ပါပဲ၊ နောက်ရက်တွေ မယူခဲ့နဲ့တော့ အမေ၊ သမီး မစားဘူး၊ ရွံတယ်၊ လုံးဝ မစားဘူး အမေ"

"အို. . ."

ကျွန်မစကားကြောင့် တုန်လှုပ်သွားသည့် အမေ။

ပြောချင်သည့်စကား ပြောလိုက်ရ၍ ကျေနပ်သွားသည့် ကျွန်မ။

❖

စကားသံတွေကြောင့် အတွေးစတွေ ပြတ်သွားသည်။ စားပွဲခုံကောင်တာမှာ ထိုင်ရင်း ရှေ့တွင်ရှိသော ထမင်းစားပွဲများဆီ ကြည့်နေမိသည်။ ထမင်းစားမည့်သူ လေးငါးဦး ရောက်နေသည်။ စားပွဲထိုးကောင်မလေးနှစ်ယောက် စားသုံးသူတွေကို မေးနေကြသည်။

"ဘာဟင်းနဲ့ စားမလဲ အစ်ကို"

"ကြက်၊ ဝက်၊ အမဲ၊ ငါး အားလုံး ရပါတယ် အစ်ကို"

ဆိုင်အတွင်းကို ဝေ့ဝဲကြည့်ရင်း ကျွန်မသက်ပြင်းချလိုက်သည်။ ပြီးတော့ အမေ့ကို သတိရသွားသည်။ သာမန်သတိရခြင်းမျိုးမဟုတ်ဘဲ နှလုံးသားထဲကနေ အနက်ရှိုင်းဆုံးကို သတိရလိုက်ခြင်းဖြစ်သည်။ အမေ့မေတ္တာကို နားလည်လွန်းသည့် သတိရခြင်းမျိုး။

"အမေရယ်"

တမ်းတမှုနှင့်အတူ အတွေးများကို ဆက်တွေးနေမိသည်။ ထိုစဉ်က ကျွန်မအနေဖြင့် အမေ့ကို ရန်လုပ်ခဲ့သည်။ ထမင်းဆိုင်မှပေးသည့် စားကြွင်းစားကျန်များကို ယူမလာဖို့ပြောသည်။ အမေက လက်မခံခဲ့။ ယူမြဲယူလာဆဲပင်ဖြစ်သည်။ ဒီတော့ အမေ့ကို မခေါ်မပြောနှင့် ဆန္ဒပြသည်။

သို့ကြောင့် ကျွန်မအတွက် အမေက သီးခြားဟင်း ချက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

အမေကတော့ ဆိုင်မှပေးသည့် ထမင်းဟင်းများကိုစားရင်း အချိန်ကုန်ခဲ့သည်။

သို့ဖြင့် ကျွန်မ ဆယ်တန်းရောက်ခဲ့သည်။ အမေသည်လည်း ပန်းကန်ဆေးသည့်အလုပ် ဆက်လုပ်ဆဲ။ ကျွန်မ ဆယ်တန်းရောက်သည့်နှစ်မှာပင် အခြေအနေအရ ကျောင်းထွက်လိုက်ရသည်။ ပြောရမည်ဆိုလျှင် အမေ့ ကျန်းမာရေး မကောင်း၍ ကျောင်းမလိုက်ချင်တော့။ အမေက ကျွန်မ ကျောင်းထွက်မည်ပြောတော့ ငိုခဲ့သည်။ အမေက ကျွန်မကို အမျိုးမျိုးနားချသည်။ ကျွန်မ လက်မခံခဲ့။ ကျောင်းထွက်ခဲ့သည်။ ပြောရလျှင် ကျွန်မမှာ ချစ်သူရှိနေသည်။ သူက ကျွန်မကိုချစ်သလို ကျွန်မကလည်း သူ့ကိုချစ်သည်။ ဘာပဲဖြစ်ဖြစ် နောက်ဆုံး ကျောင်းထွက်ခဲ့သည်။ အိမ်ထောင်ကျခဲ့သည်။ ဤတွင် အခြေအနေက တစ်မျိုးဖန်လာသည်။

"ကဲ- သမီး၊ သမီးက ကျောင်းဆက်မတက်တော့ဘဲ အိမ်ထောင်ပြုလိုက်ပြီဆိုတော့ သမီးကို လုပ်ငန်းတစ်ခုပေးစရာရှိတယ်၊ အဲဒါက ဘာလဲဆိုရင် အခု အမေ အလုပ်လုပ်နေတဲ့ မေမေ့မေတ္တာထမင်းဆိုင်ပိုင်ရှင် တခြားမြို့ကို ပြောင်းကြမှာ၊ အမေက အဲဒီဓနေရာကို အပြီးဝယ်ထားတယ်"

"ရှင်၊ အမေက ဒီထမင်းဆိုင့်ကို ဝယ်ထားတယ် ဟုတ်လား"

ကျွန်မက မယုံမရဲနှင့်မေးသည်။ ဘယ်လိုမှ မဖြစ်နိုင်သော စကားကို အမေ ပြောနေသည်ဟု ထင်ခဲ့သည့် ကျွန်မ။ အမေက တည်ငြိမ်စွာဖြေသည်။

"ဒီမယ် သမီး၊ သူများစားကြွင်းစားကျန်ကို အမေက စားပြီး လုပ်အားခကို စုထားတာ၊ အဲဒါကလည်း သမီးကျောင်းဆက်တက်ရင် အသုံးချမယ်ဆိုပြီး စုထားတာ၊ အခု သမီးက ကျောင်းမတက်တော့ဘဲ အိမ်ထောင်ပြုလိုက်ပြီဆိုတော့ အဲဒီငွေနဲ့ ဒီထမင်းဆိုင်ကိုဝယ်လိုက်တာလေ၊ ဆိုင်ရှင်က ဒီနေရာနဲ့ ဒီလုပ်ငန်းကို အခြားသူကို မပေးချင်ဘူး၊ အမေ့ကိုပဲ ရစေချင်တဲ့ သဘောတွေကြောင့် ဒီနေရာကို အမေ ရခဲ့တာပေါ့ သမီးရယ်"

အမေက ရှင်းပြသည်။ တကယ်လည်း ဆိုင်ရှင်လင်မယားက စာချုပ်စာတမ်းနှင့် နေရာကိုရော အတွင်းပစ္စည်းတွေပါ လျှော့ဈေးဖြင့် ရောင်းချသွားခဲ့သည်။ အကျိုးပေးသည်ဟု ဆိုရမည်လား၊ အမေ့စေတနာကောင်းသည်ဟု ဆိုရမည်လား၊ အရင်ကထက် ရောင်းအားကောင်းသည်။ တစ်နှစ်အတွင်း ဆိုင်ကို ပြင်ဆောက်နိုင်သည်။ အလုပ်သမားတွေငှား၊ ပစ္စည်းတွေ ထပ်ဖြည့်လိုက်တော့ ဆိုင်က ခမ်းနားသွားသည်။ အခုဆို အရင်ကလို တဲသာသာထမင်းဆိုင် မဟုတ်တော့။ အမေ့အစီအမံနှင့် ထမင်းဆိုင်ကို တိုးချဲ့ခဲ့ပြီး, တစ်ထီးတစ်နန်း ဖြစ်ခဲ့ပြီ။ ရောင်းအားကလည်း မြင့်မားလာပြီး အရာရာတိုးတက်ပြောင်းလဲလာခဲ့ပြီ။

ကျွန်မမှာလည်း အိမ်ထောင်ကျလို့ သားတစ်ယောက်၊သမီးတစ်ယောက် ရနေပြီ။ ကျောင်းတက်အရွယ်တွေရောက်လို့ သားက ခြောက်တန်း၊ သမီးက လေးတန်းရောက်နေပြီ။

"အမေရယ်"

ဆိုင်အတွင်းအပြင်ကို ငေးရင်း အမေ့ကို တမ်းတနေမိသည်။

ဒီဝန်းကျင်၊ ဒီအလုပ်၊ ဒီနေရာမှာရှိနေသည့် အချိန်တိုင်း ကျွန်မ သတိအရဆုံး အရာကို ပြပါဆိုလျှင် အမေ့ကို လက်ညှိုးထိုးပြပေးရလိမ့်မည်။ ပြီးတော့ အမေ ထူထောင်ပေးခဲ့သည့် မေမေ့မေတ္တာထမင်းဆိုင်လေးနှင့်အတူ အမေ့ရည်ရွယ်ချက်တွေ၊ ပေးဆပ်မှုတွေနှင့် နားလည်မှုတွေကိုလည်း ထပ်တူအချိုးကျ တမ်းတနေရပေလိမ့်မည်။

ကျွန်မကတော့ အသက်ထင်ရှားရှိနေသည့် အမေအိုကြီးကို လိုလေသေးမရှိ ပြုစုနေရဆဲမို့ အမေရော ကျွန်မပါ ကံကောင်းသူတွေပါလားဟု တွေးရင်း ကျေနပ် ဝမ်းသာနေရဆဲ။ ပြီးတော့ ကျွန်မအနေဖြင့် ကျွန်မရဲ့ သားသမီးများအပေါ် အမေ့လို အမေမျိုးဖြင့် ချစ်တတ်အောင် ကြိုးစားရပေဦးမည်။ နားလည်မှုများနှင့် ပေးဆပ်ရပေဦးမည်။ သားသမီးများ၏အနာဂတ်အတွက် ကြိုတင်မျှော်မှန်းကာ ရည်ရွယ်ချက်ကြီးကြီးထားရပေဦးမည်။

ကျွန်မအမေရဲ့ လုပ်ရပ်များက ကျွန်မကို မိခင်တစ်ယောက်ပီသအောင် စွမ်းဆောင်ပေးခဲ့ပြီဆိုတာ အကြွင်းမဲ့ယုံကြည်ခဲ့ပြီးသည့်နောက် လက်ရှိမိခင်ဘဝ ရောက်နေသည့် ကျွန်မကတော့ ကျွန်မရင်မှ ဖြစ်ခဲ့သည့် သားသမီးများအပေါ် အမေ့လိုအချစ်မျိုးထက်ပိုသည့် အချစ်များဖြင့် ချစ်ခဲ့သည်ကို အမေ သိခဲ့မယ်ဆိုရင် ကျွန်မရဲ့အမေ ကျေနပ်အပြုံးတွေပြုံးပြီး ပီတိဖြစ်နေပေလိမ့်မည်။

သို့ကြောင့်လည်း ကျွန်မနှလုံးသားထဲမှ နက်နက်နဲနဲ ဆုတောင်းလိုက်ပါသည်။

"အမေ. . အသက်ရာထောင် ရှည်ပါလား အမေရယ်၊ သမီး လုပ်ကျွေးချင်လွန်း ပြုစုချင်လွန်းလို့ပါ အမေရယ်"


**စိန်မေရီလွင်မိုး**

❑



www.burmeseclassic.com

www.burmeseclassic.com



# ဖူဂျီတောင်ခြေက ရေကြည်ချမ်းမြ

သို့မဟုတ်

# လကာမှာရောက် စမ်းရေကြည်

ကိုဩးမြင့်

(မဟာဝိဇ္ဇာ၊ ရှေး-သု)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## ယခင်လမှအဆက်

ဂျပန်၊ ကျိုတိုမြို့ဟောင်း ရွှေကျောင်းတော်ကြီးကနေ ပြန်ထွက်လာပြီးနောက် ခရီးသွားကားကြီးနဲ့ နာဂိုရာမြို့ကို ဆက်လက်သွားကြရပါတယ်။ မှောင်ရီဖျိုးဖျမှာ နာဂိုရာကို ရောက်သွားခဲ့ရတာမို့ နာဂိုရာကို မမြည်းစမ်းနိုင်ခဲ့ပါဘူး။ နာဂိုရာဟာ မြို့အကြီးကြီးဆိုပေမယ့် မြို့အစွန်က အနည်းငယ် တိတ်ဆိတ်တဲ့အပိုင်းကို ဝင်ရောက်ခဲ့ပြီး တည်းခိုမယ့် ဟိုတယ်ရှေ့မှာ ကားကြီးကို ရပ်လိုက်ပါတယ်။ Sutamina Viking Fukiage ဟိုတယ်မှာ တစ်ညတာ ညအိပ် ရပ်နားပါမယ်။

အချိန်လင့်ခဲ့လေတော့ နားခိုရမယ့် အခန်းတွေဆီ မသွားကြသေးဘဲ ဟိုတယ်အောက်ထပ်က စားသောက်ခန်းမှာပဲ ညစာစားကြတယ်။ စားသောက်ခန်းနဲ့ ကပ်လျက်မှာတော့ ဧည့်ခန်းနဲ့ ဈေးဆိုင်လေးလည်း ရှိနေရဲ့။ အဲဒီမှာ ထီးအကြည်ရောင်လေးတစ်လက် ဝယ်မိတယ်။ မှန်သားလို ထိုးဖောက်မြင်ရနိုင်တဲ့ ဒီလိုထီးမျိုးကို ဆောင်းချင်နေခဲ့တာလေ။

ပုသိမ်က မြန်မာစာဆရာကြီး ဦးစိန်ဗင်း ဝယ်တဲ့ ချယ်ရီသားလက်ကိုင်မှာ ကီမိုနိုဝတ်ဂျပန်မရုပ်လေး ထုလုပ်ထားတဲ့ ထီးကတော့ သာမန်အရောင် ဖြောင်ဖြစ်ပေမယ့် မိုးရွာလာလို့ မိုးထိရင် အပွင့်အခက်ဒီဇိုင်းတွေ ပေါ်လာတယ်ဆိုလား။ အဲဒီထူးဆန်းတဲ့အချက်ကြောင့် ဈေးလည်း ပိုပေးရတယ်။ ဒီနာဂိုရာက ဂျပန်တွေဟာ တိုကျိုက လူတွေထက် ပိုပြီး ဆက်ဆံရတာ နွေးနွေးထွေးထွေးရှိတယ်လို့ လမ်းညွှန်အင်ဒီက ပြောပါတယ်။ နာဂိုရာကို စိတ်ဝင်စားတာကြောင့် အစောကြီးထပြီး လမ်းလျှောက်ထွက်မယ်လို့ စိတ်ကူးရင်း ခပ်စောစောပဲ ဝင်အိပ်လိုက်ပါတယ်။

နောက်နေ့ မနက် ငါးနာရီခွဲလောက်မှာတော့ အိပ်ရာနိုးတာနဲ့ မြင်တွင်းလင်းတုန်း နာဂိုရာမြို့ကြီးကို ဟိုတယ်ပြတင်းကနေ စီးမိုးကြည့်ပါတယ်။ ရာသီဥတုက မှုန်မှိုင်းနေလို့ ဘာမှသိပ်မမြင်ရပါဘူး။ ခုရောက်နေတာဟာ တိတ်ဆိတ်တဲ့ မြို့ပြင်ရပ်ကွက်တစ်ခုပါ။ တိုက်တာတွေထက် တောတောင်တွေကို ပိုမြင်နေရပါတယ်။ လာဗင်ဒါပန်း ခရမ်းပြာရောင်ကွင်းကိုတော့ ဘယ်နေရာမှာမှ မမြင်ရပါဘူး။

အောက်ထပ်ကို ဆင်းခဲ့တော့ ဓာတ်လှေကားရင်း မှာ အနောက်တိုင်းပန်းချီကျော်တစ်ဦးရဲ့ ပန်းချီကားအကြီးကြီးကို တွေ့ရပါတယ်။ အပြင်ထွက်ဖို့ကြံလိုက်တော့ မိုးရွာနေလို့ ဟိုတယ်ဝမှာ အသင့်တွေ့ရတဲ့ ထီးအပြာလေးကို ယူဆောင်းပါတယ်။ လမ်းထွက်စမှာပဲ ဘယ်အချိန်က ထွက်သွားမှန်း မသိတဲ့ ကိုယ့်ထက်ပိုပြီး ဝီရိယကောင်းတဲ့ ကိုငယ် (ဒေါက်တာသိန်းထွန်း)က အစောကြီးထ လမ်းလျှောက်ပြီး အပြင်ကနေတောင် ထီးတစ်ချောင်းနဲ့ ပြန်လာနေပါပြီ။

ကိုငယ်က ဟိုတယ်ရှေ့က ထွက်ပြီး ဘယ်ဘက်ပေါက်ကနေ လျှောက်သွားခဲ့လိုက်တာ နာရီဝက်လောက်အကြာမှာ ထိုင်ကိုယ်တော် ကြေးဘုရားကြီးတစ်ဆူ ဖူးခဲ့ရသတဲ့။ အမိုးအကာမဲ့ ကြာပလ္လင်ပေါ်မှာ စံနေတဲ့ ဘုရားပါတဲ့။ အတော်လည်းကြီးသတဲ့။ ဒါဟာ နာဂိုရာ-ဗိုင်ဘုစုဘုရားကြီးပဲလို့ သိလိုက်ပါပြီ။ တကယ်တော့ ဒါက ကိုယ်သွားသင့်တဲ့၊ သွားရမယ့်နေရာပါ။ ဒါပေမဲ့ နာရီဝက်လောက် သွားရမယ်ဆိုတော့ အသွားအပြန် တစ်နာရီကြာမှာမို့ မဖြစ်နိုင်တော့ပါဘူး။ မနက်စာစားဖို့အမီ ၇ နာရီနဲ့ ၈နာရီအကြား ပြန်လာရဦးမှာလေ။

အဲဒါနဲ့ ကိုငယ်က ညာဘက်ကိုသွားရင် ၁၅ မိနစ်လောက် သွားရတဲ့ ခရီးအကွာမှာ ရဲတိုက်တစ်ခု ရှိတယ်၊



မိုးဖွဲ့ကြားက နာဂိုရာမြို့ ဆင်ခြေဖုံးမြင်ကွင်း



နာဂိုရာဟိုတယ်ရှေ့က ချယ်ရီပန်းတွေပွင့်နေတဲ့ လမ်းကလေး



www.burmeseclassic.com

www.burmeseclassic.com





နာဂိုရာမြို့တစ်နေရာက ရှင်တိုဘုရားကျောင်းလေးမှာ

သူတော့ မသွားနိုင်တော့ဘူးလို့ သူရလာတဲ့ သတင်းအချက်အလက်ကို ပြောပြရင်း ဟိုတယ်ထဲ ပြန်ဝင်သွားတော့ အဲဒီပဲ သွားမယ်လို့ စဉ်းစားလိုက်တယ်။ မိုးတွေလေတွေ ပိုသည်းလာပေမယ့် သွားလိုက်တော့မယ်။

ဟိုတယ်ဝင်းက ထွက်တာနဲ့ တန်းစီပေါက်နေတဲ့ ချယ်ရီပန်းရောင်နဲ့ ပန်းနုရောင်ပင်တွေ အရွက်မမြင်ရအောင် မြေကြီးညွတ်မျှ ပင်လုံးကျွတ် ပွင့်နေတဲ့ လမ်းကလေးကို တွေ့ရတယ်။ ချယ်ရီပန်းတွေနဲ့ လမ်းကလေးဟာ အလွန်လှတော့ ဓာတ်ပုံရိုက်ချင်စိတ်ပေါ်လာတယ်။ မလှမ်းမကမ်းမှာ ညာဘက်တောင်ကုန်းလေးဆီကိုပဲ ဦးတည်လျှောက်လာနေတဲ့ အသက် ၂၀ ဝန်းကျင်အရွယ် ခေတ်လူငယ်အဝတ်အစားနဲ့ ဂျပန်မလေးတစ်ယောက်ကို တွေ့ရလို့ ဓာတ်ပုံရိုက်ပေးဖို့ အကူအညီ တောင်းမိပါတယ်။ အင်ဒီပြောတဲ့အတိုင်းပဲ သူ့ထီးလေးကို အသာချပြီး ခပ်ပြုံးပြုံးနဲ့ စိတ်ရှည်လက်ရှည် ရိုက်ပေးရှာပါတယ်။ ကျောင်းသူတော့ မဟုတ်ဘူး၊ အလုပ် လုပ်နေပြီတဲ့။ အင်္ဂလိပ်လို ပြောတတ်တယ်။ ကင်မရာပြန်ပေးရင်း ခါးလေးညွတ်ကာ နှုတ်ဆက်သွားတဲ့ နာဂိုရာသူလေးရဲ့ အပြုံးဟာ ပန်းနုရောင်ချယ်ရီပွင့်လေးလို နူးညံ့ပြီး ကဗျာဆန်လှတယ်။ မိုးရေစက်တွေနဲ့မို့ ချယ်ရီပွင့်လေးတွေက ပိုပြီး စိုတောက်နေပေ့ါ။

ဟိုတယ်ရဲ့လက်ယာဘက်က လှမ်းမြင်ရတဲ့ တောင်ကုန်းလေးဆီ မိုးဖွဲဖွဲမှာ တစ်ယောက်တည်း ဆက်တက်သွားမိခဲ့တယ်။ တောင်ကုန်းအခြေက ကားလမ်းဘေးမှာ ခပ်ပုပု တစ်ထပ်အိမ်လေးတွေ တန်းစီလို့ပါ။ တစ်နေရာမှာတော့ "အာရှသားတွေ နေတဲ့အရပ်"လို့ စာညွှန်းလေးတွေ့ရတယ်။ မမျှော်လင့်ဘဲ ကိုယ့်အသိတစ်ယောက်ယောက် အဲဒီမှာ နေထိုင်ပြီး တွေ့လိုက်ရရင် ကောင်းမှာလို့ စိတ်ကူးယဉ်ကြည့်မိသေးရဲ့။

ကျောက်တုံးတွေ ဆင့်ထားတဲ့ နံရံတစ်လျှောက်က မိုးရေတွေစီးကျနေတဲ့ လမ်းကလေးကို ခြေကုပ်ပြီး သတိထားတက်သွားတယ်။ ချောင်းကိုဖြတ်တော့ ချောင်းထဲမှာ ချောင်းရေအတော်ကြမ်းကြမ်းစီးနေပေမယ့် အမှိုက်သရိုက် မရှိဘဲ ကြည်လင်နေရဲ့။ လေအတော်တိုက်လာလို့ ထီးကို တင်းတင်း ဆုပ်ကိုင်ထားရတယ်။

တောင်ပေါ်အတက်လေးမှာပဲ ရှင်တို ဘုရားကျောင်းလေးကို လက်ယာဘက်မှာ တွေ့လိုက်တယ်။ နီရဲနေတဲ့မုခ်ဦးတိုင်တွေ၊ လေမှာလွင့်နေတဲ့ တံခွန်အနီတွေက မြင်နေကျလို ကျင့်သားရ မှတ်မိနေပါပြီ။ ဒီဘုရားကျောင်းရဲ့ရှေ့က ဝါးရေမှုတ် တပ်ထားတဲ့ လက်ဆေးကန်မှာ ရေထွက်ကျနေတဲ့ အပေါက်ဟာ နဂါးရုပ် ဦးခေါင်းပိုင်းနဲ့ပါ။ တရုတ်နဂါးပုံနဲ့ တူလှရဲ့။ နဂါးပါးစပ်ထဲက ရေတွေပန်းထွက်နေပေ့ါ။

ဓာတ်ပုံရိုက်ပေးခဲ့တဲ့ မိန်းကလေးကို လမ်းတစ်ဖက်မှာ လှမ်းတွေ့လိုက်ရတယ်။ ဒီအနားက ကော်ဖီဆိုင်မှာ မနက်စာ မုန့်ဝယ်ပြီး ပြန်လာပုံပဲ။ အဒေါ်ကြီးတစ်ယောက်ကလည်း ဘုရားကျောင်းအတက်မှာ ရယ်ပြုပြီး နှုတ်ဆက်တယ်။

ရှင်တိုကျောင်း တောင်ကုန်းက ပြန်အဆင်းမှာတော့ အာရှသားတွေနေတဲ့ အိမ်လေးတွေရှေ့က ပန်းခြံသေးသေးလေးတွေကို ဓာတ်ပုံရိုက်ခဲ့တယ်။ ပန်းခြံကလေးတွေဟာ သေးငယ်ပေမယ့် ပန်းအိုး၊ ပန်းချုံ၊ ပန်းကုံးလေးတွေနဲ့ စုံလင်ပြီး လှလို့ပါ။

ဟိုတယ် ပြန်ရောက်ပြီး စားသောက်ခန်းမှာ လမ်းညွှန်နဲ့တွေ့လို့ ဒိုင်ဘုစုဘုရားကို ပို့ပေး[illegible]ဆိုတော့ ဒေသခံလမ်းညွှန်နဲ့ ညှိပေးပါ့မယ်တဲ့။ ဘာလို့ ဒါမျိုးရှိတာ မပြောတာလည်းဆိုတော့ မကြာခင်က ခရီးသည်တစ်ဦး ဒီလိုပဲ မနက်ဘက် ထွက်သွားတာ ခြေချော်လဲပြီး ဒဏ်ရာရခဲ့လို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com

အလျှောက်ကောင်းတော့ အထောင်းသက်သာပေါ့။ မတော်တဆ မဖြစ်ရအောင် သူတို့က ဘုရားကြီးဆီ ကားနဲ့လှည့်ပို့ပေးရင် ရတာပဲလေ။ တောင်းဆိုမိပေမယ့် ပြေပြစ်အောင် ပြန်ပြောပြီး သူတို့စိတ်ကြိုက်ပဲ စီစဉ်သွားတာက လမ်းညွှန်တွေရဲ့ လုပ်ရိုးလုပ်စဉ်မို့ မမျှော်လင့်တော့ပါဘူး။

မနက်စာ ဝင်စားပြီး ဧည့်ခန်းမှာထိုင်တော့ ဗီရိုလှည်း အနီရောင်တစ်စီးကို အလယ်မှာ အလှပြထားတယ်။ နံရံမှာလည်း မြတိုက်က ပြက္ခဒိန်လေးလိုပဲ အဲဒီလှည်းပုံကို အညွှန်းစာနဲ့တကွ ပြထားရဲ့။ ဂျပန်စာနဲ့မို့ ဘာအတွက်သုံးတာလည်းလို့ မသိခဲ့ဘူး။ လှည်းယဉ်အထဲမှာ လူထိုင်လို့ရတယ်။ ထိုင်ဖုံလေးတွေလည်း ထည့်ထားတယ်။ ထမ်းလို့လည်းရတဲ့ လှည်းမို့ အသုဘသုံးတော့ မဖြစ်နိုင်ပါဘူး။ လူကြီးလူကောင်းတွေ၊ မင်းညီမင်းသားတွေ စီးတဲ့ယာဉ်လား။

ဧည့်ခန်းဘေးက ဈေးဆိုင်လေးမှာ ထီးအကြည်လေးတွေလို့ ယန်း ၃၅၀ ဆိုတာနဲ့ ဝယ်လိုက်တယ်။ တစ်ခါသုံးထီးလို့ ခရီးဖော်တွေက ဆိုကြပေမယ့် ရန်ကုန်ကို သယ်သွားရမယ်။ မိုးရာသီတစ်နေ့မှာ ထီးကြည်ကြည်လေး ဆောင်းချင်တဲ့ဆန္ဒတော့ ပြည့်ပေ့ါ။ ဒါပေမဲ့ လေယာဉ်က အချွန်အတက်နဲ့မို့ တင်ယူသွားလို့ ရမှါမလား။ ခရီးဆောင်အိတ်ထဲ ကန့်လန့်ဖြတ်ထည့်ရင် ဆံ့ပါ့မလား။ ကိုယ်ဝယ်တော့ သူများတွေလည်း လိုက်ဝယ်ကြတယ်။ အပြင်မှာလည်း မိုးရွာနေတယ်လေ။

ဂျပန်ရဲ့နွေဦးမှာ ရောက်လာခဲ့ပေမယ့် 'ဂျပန်မိုး' ကိုလည်း ခံစားကြည့်ချင်တယ်ဆိုလို့ မိုးနတ်မင်းက အလိုဖြည့်ဖို့ ရွာချပေးလိုက်တာလား။ လမ်းညွှန်ကတော့ ဂျပန်ရာသီဥတုဟာ ခုလိုပဲ အပြောင်းအလဲမြန်တယ်လို့ ပြောထားသား။

လမ်းညွှန်ကြော်ငြာမှာ နာဂိုရာမြို့ကနေ မိခဝအမ်ဂျိုမြို့ကို ကျည်ဆန်ရထားနဲ့ သွားမယ်ဆိုပြီး ခုတော့ စီးနေကျခရီးသွား ဘတ်စ်ကားကြီးဖြင့်သာ ဆက်သွားခဲ့ရပြန်တယ်။ အမြင့်ပေ ၃၇၀၀ ကျော်မြင့်တဲ့ ဖူဂျီတောင်ကြီးကို တက်ရောက်တဲ့ အတက်လမ်းမှာ ဟွန်ရှူးကျွန်းပေါ်က Ashi ကန်မှာ ခေတ္တရပ်နားမယ်။ အပျော်စီးရွက်သင်္ဘောကို ကန်အပြည့်ပတ်လှည့်လည်စီးကာ ဖူဂျီတောင်ရဲ့အလှကို ခံစားကြမယ် ဆိုထားပေမယ့် အဲဒီအစီအစဉ်တွေလည်း လွဲဖို့ဖြစ်လာပေ့ါ။ (နောက်နေ့ အဲဒီကန်ကို တကယ်ရောက်တော့လည်း ကန်ရဲ့ အကွေ့လေးတစ်ကွေ့ကိုပဲ သင်္ဘောလောက်စီးပြီး သင်္ဘောပြန်လှည့်ခဲ့တဲ့ ခရီးတိုလေးကိုသာ စီစဉ်ပေးပါတယ်။) ဖူဂျီတောင်ခြေမှာ နေ့လယ်စာ ဂျပန်ရိုးရာ အစားအစာတွေ စားကြမယ်။





ဖူဂျီတောင်ခြေက ကမ္ဘာ့အမွေအနှစ် အိုရှိနိုရွာကလေးမှာ

အိုဝကုဒါနီတောင်ကြားက မီးတောင်ရွှံ့စေးမှာ ကြက်ဥပြုတ်စားကြမယ်ဆိုတဲ့ အစီအစဉ်တွေလည်း ဂျပန်မိုးနဲ့အတူ ပျောက်သွားပေ့ါ။

လမ်းတစ်လျှောက် မိုးက အတော်သည်းနေမါပြီ။ လေပြင်းတွေလည်း ထိုက်နေရဲ့။ ဖူဂျီတောင်ကို လာတဲ့လမ်းမှာ ဒီလောက်ကြီးတဲ့ တောင်ကြီးရဲ့ အရိပ်အယောင်တောင်မှ မမြင်ရမါဘူး။ လိုဏ်ခေါင်းလမ်းတွေလည်း အတော်များတယ်။ လိုဏ်ခေါင်းရှည်ကြီးတွေတောင် ဖြတ်ခဲ့ရတယ်။ အသွားလမ်း၊ အပြန်လမ်း ခွဲထားလို့ ဘာအန္တရာယ်မှမရှိပါဘူး။ လယ်ကွက်တွေလည်းတွေ့ရတယ်။ စိုက်ခင်းနဲ့ရွာတွေလည်းအများကြီးပါ။ စိုက်ခင်းတွေကို ပလတ်စတစ်တွေအုပ်ပြီး စိုက်ထားကြတယ်။

အပေ့ါ အလေးသွားဖို့ လမ်းဘေးက အတော်ကောင်းတဲ့ ရပ်နားစခန်းတစ်ခုမှာ ကားရပ်ပေးတယ်။ မိုးရွာလို့ ထီးအကြည်လေး ထုတ်ဆောင်းလိုက်ရတယ်။ အိမ်သာကောင်းတာက ဆိုင်အဝင်မှာ ထီးကို ထိုးထည့်ရတဲ့စက်လေး ထားပေးတယ်။ စက်ထဲထိုးထည့်ပြီး ပြန်ဆွဲထုတ်လိုက်တော့ ထီးကို ပလပ်စတစ်အိတ်ရှည်လေးနဲ့ စွပ်ပြီးသွားပြီ။ ကောင်းလိုက်တာ၊ ရေစက်လက်မကျအဲ ကိုယ်နဲ့မကွာ သယ်သွားနိုင်ပေ့ါ။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဖူဂျီတောင်ကြီးရဲ့ အလှ

ဂျပန်တွေက နေရာအတော်များများမှာ အဲဒီလိုပဲ လူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ တီထွင်ကြံဆထားတတ်ကြရဲ့။ အဲဒီအဆောက်အအုံထဲက ဈေးဆိုင်တွေမှာ အမှတ်တရ ပစ္စည်းတွေလည်း စုံလို့ပါ။ ဗွီဒီယိုတိပ်ခွေတွေ၊ အဝတ်အထည်တွေလည်းရ၊ မိတ်ကပ်တွေလည်းရှိ၊ အသုံးအဆောင်နဲ့ မုန့်မျိုးစုံလည်း ရောင်းပါတယ်။ ကော်ဖီဘားကိုလည်း တွေ့ရတယ်။

ပိုအံ့သြစရာကောင်းတာက စန္ဒရားပါ ထားရှိတဲ့ ဖြေဖျော်ရေးအခန်း (Music Spot Yamamatsu)ပါပဲ။ ဒီ့ထက်ပိုထူးတာက ကလေးအမေတွေ နို့လှန်တိုက်လို့ရတဲ့၊ ကလေးတွေ ဆော့ကစားလို့ရတဲ့ အခန်းတွေအထိ ရှိနေတာပါ။

အဲဒီ ကုန်တိုက်အသေးစားလေးကနေ ပြန်ထွက်လာတော့ မိုးမည်းက မစဲသေးပါဘူး။ ဒီလိုပုံနဲ့ မိုးကြီးချုပ်ရင် မိုးမတိတ်ဘဲ ဖူဂျီတောင်ကြီးနဲ့ လွဲရချည်ရဲ့။

ဂျပန်မှာ မိုးရာသီလည်း ကြုံချင်တယ်ဆိုတဲ့ ဆန္ဒအတွက်တော့ လုံလောက်ပါပြီ။ ဒါပေမဲ့ ဖူဂျီတောင်စောင့်နတ်မင်းကြီးက စိတ်ဆိုးသွားလို့ ထင်ပါရဲ့၊ မိုးရေတွေပဲ ဒလဟောသွန်ချ ရွာပေးနေပါတယ်။ သူ့တောင်ကြီးကို မမြင်ရအောင် ဖုံးကွယ်ထားလိုက်ပါပြီ။ ဂျပန်လာပြီး ဖူဂျီတောင် မမြင်ရဘဲ ပြန်ရရင်တော့ မနိပ်ဘူးရယ်။

ဘယ်လိုဘဲ ဆုတောင်းပေမယ့် မိုးက ပိုသည်းလာတယ်။ မနက်စာစားဖို့ ရှုခင်းသာလို့ ရေးထားတဲ့ လမ်းဘေးဆိုင်တစ်ဆိုင်ကို ဝင်ကြတယ်။ ကားပေါ်ကနေ ဆိုင်ရှေ့ပေါက်အကူးမှာ ဒီမနက်ပဲ ဝယ်လာတဲ့ ထီးအကြည်လေးကို သူများတွေ ထုတ်ဆောင်းကြတော့ လေနဲ့လန်ထွက်ပြီး ထီးကိုင်းတွေကောက်ကွေးကုန်ကြပေါ့။ အဲဒါနဲ့ ကိုယ်ကတော့ ထီးလေးကို မြန်မာပြည် ပြန်သယ်သွားချင်လို့ ထုတ်မဆောင်းတော့ဘဲ ဆိုင်ထဲ ပြေးဝင်လိုက်တယ်။

အဲဒီမှာ အလွန်အံ့သြလောက်ဖွယ်ဖြစ်ရပ်နဲ့ ကြုံရတယ်။ မြန်မာပြည်မှာနေပြီး မတွေ့တာနှစ်ပေါင်းများစွာကြာပြီဖြစ်တဲ့ စစ်သူနာပြုဗိုလ်ကြီး(ငြိမ်း)အစ်မဒေါ်အုန်းရီရယ်လေ၊ သူက ဆိုင်ထဲကအထွက် တိုက်မိကြတာပေါ့။ အစ်မရော၊ ကိုယ်ရော လန့်တောင်သွားကြရဲ့။

စာသိပ်ဖတ်တဲ့ အစ်မနဲ့ စာအုပ်တွေအကြောင်း မပြောရတာကြာလှလို့ သတိရနေခဲ့တာ။ အစ်မက ဖူဂျီတောင်က အဆင်းတဲ့၊ သူတို့ မိုးရွာလို့ ဖူဂျီနဲ့လွဲခဲ့ပြီပေါ့။ ရန်ကုန်ရောက်မှ တွေ့ကြမယ်လို့ ပြောပြီး စားသောက်ဆိုင်အပေါ်ထပ်ကို တက်ခဲ့တယ်။

ဂျပန်နဲ့တရုတ်အရော အစားအစာတွေ ဘူဖေးစားရတယ်။ စားရင်းသောက်ရင်း မှန်ပြတင်းကနေ အပြင်ကြည့်တော့ မိုးတွေက သဲသဲမဲမဲပါ။ တကယ်လို့ နေသာရင် မားမားမတ်မတ် ပေါ်နေတဲ့ ဖူဂျီတောင်ကြီးနဲ့ ဓာတ်ပုံရိုက်နိုင်၊ မှန်ပြတင်းကျယ်ကြီးကနေ တောင်မင်းရဲ့အလှကို ရှုစားရနိုင်ရဲ့။ ဖူဂျီတောင်ကြီးကို ကြည့်ရင်း စားရမှာပါ။ စားသောက်ပြီးလို့ ဆိုင်က ပြန်ထွက်တော့လည်း မိုးမစဲသေးပါဘူး။ လေကလည်း ကြမ်းတုန်းပါ။



ဖူဂျီတောင်သို့အသွား လမ်းဘေးက ရပ်နားစခန်းသို့အဝင် တေးဂီတအခန်းပါ ထားရှိတဲ့ လမ်းဘေးဆိုင်

ဆိုင်ရှေ့ မိုးသည်းသည်းထဲမှာတော့ ဖူဂျီတောင်ပုံကြီးကို ကားကြီးတစ်စီးစာလောက်ချဲ့ကာ နံရံလုပ်ပြီး ထောင်ထားတာ တွေ့ရရဲ့။ နေသာတဲ့နေ့များဆိုရင် အဲဒီဆိုင်ရဲ့ နောက်ခံမြင်ကွင်းဟာ ဖူဂျီတောင်ကြီးပါပဲတဲ့။ တကယ့်တောင်ကြီး နောက်ခံနဲ့ဓာတ်ပုံရိုက်ဖို့ သူတို့လုပ်ပြထားတဲ့ ဖူဂျီတောင် နံရံကြီးရှေ့မှာပဲရိုက်ရိုက် လှတဲ့ဓာတ်ပုံတွေ ထွက်မှာပါ။ ခုတော့ နှစ်ခုလုံး အဆင်မပြေဘူး။



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပျက်ပျက်နဲ့ပဲ အားလျော့စွာ ခရီးပြန်ဆက်ကြပါတယ်။ မကြာခင်မှာ Gotemba Premium Outlets ဈေးဝယ်စင်တာကို ဝင်ရောက်လေ့လာဈေးဝယ်ကြတယ်။ ဒီနေရာကတော့ ကုမ္ပဏီကြီးတွေက သူတို့ရဲ့ထုတ်ကုန်တွေကို ရောင်းတဲ့နေရာပါ။ ကားရပ်နားရာကနေ ကားလမ်းနဲ့ ရထားလမ်းဘေးကနေဖြတ်ပြီး လမ်းလျှောက်သွားကြရပါတယ်။ မိုးတွေသည်းလို့ ထီးလည်း ဆောင်းမရတော့ပါဘူး။ ဒါပေမဲ့ အဲဒီဈေးဆိုင်စုကို ရောက်တဲ့အခါ အလကားပေးနေသလား ထင်ရအောင်ကို မိုးထဲလေထဲ လူတွေကြိတ်ကြိတ်တိုးဝယ်နေကြရဲ့။ နာမည်ကျော် နာမည်ကြီး ကုန်အမှတ်တံဆိပ် (Branded) တွေကိုသာ သူ့အမည်နဲ့သူ ရောင်းနေကြတဲ့ဈေးပါ။ ဈေးတွေကလည်း ကြီးလှတယ်။

ဈေးဆိုင် (Brand Shops) အဆောက်အအုံတွေက တစ်ထပ်တွေသာဖြစ်လို့ ဈေးကြီးကို အရှေ့ဇုန် (East Zone)၊ အနောက်ဇုန် (West Zone)တွေ ခွဲထားလောက်အောင် ကြီးလှတယ်။ Coach,Elle,Gap,Gucci,MK Michael Klein, Ray-Ban,Michael Kors,Seiko,Adidas,Folli Follie, G-Shock,Lacoste,Levi's,Nike,Puma,Ralph Laurence, Regal,Samsonite, Wacoal စတဲ့ ဆိုင်ကြီးတွေကို အသစ်တင်တဲ့ ပစ္စည်းတွေ၊ ဈေးအနည်းငယ်ချထားတာတွေနဲ့ အတူတွေ့ရပါတယ်။ ဈေးဝယ်သူတွေများလို့ ငွေချေရာမှာလည်း မိနစ် ၂၀ လောက် အနည်းဆုံး တန်းစီနေကြရပါတယ်။ အပြင်မှာ မိုးတွေသည်းပြီး လေတွေတိုက်၊ ထီးတွေလွင့်နေပေမယ့် ဂျပန်တွေကတော့ အေးအေးဆေးဆေးဈေးဝယ်နေကြရဲ့။ သူတို့အတွက်တော့ ဒီမိုး ဒီလေတွေဟာ ရိုးနေပြီထင်ပါ့။

အောက်လက်(Outlets)က ပြန်ထွက်ပြီး ကားဆီကို မိုးထဲမှာ ခက်ခဲစွာသွားရပြန်ပါတယ်။ မိုးရယ်တိတ်ပါတော့လို့ အားလုံးကပဲ ကျိတ်ပြီး ဆုတောင်းနေမိကြမှာပါ။ ဂျပန်ဆိုတာ ကိုယ်တို့အတွက် နောက်တစ်ကြိမ်လာဖို့ လွယ်တဲ့နေရာ မဟုတ်ဘူးလေ၊ ဒီလိုနဲ့ ဖူဂျီတောင်ကြီးကို လုံးမတွေ့လိုက်ရဘဲ ပြန်သွားရရင် ငွေကုန်ရကျိုး မနပ်ဘူးပေါ့။

ခရီးသည်အားလုံး စိတ်ညစ်ညစ်နဲ့ တိတ်ဆိတ်စွာ ကားပေါ်မှာ ငြိမ်နေကြစဉ်မှာ ဒေသခံလမ်းညွှန် အင်ဒီက ၁-၂-၃-၄ ကို ဂျပန်လိုပြောတတ်အောင်သင်ပေးပြီး ကိုယ်တို့ ခရီးသွား ၂၃ ဦးမှာ အတွဲလိုက်ရှိနေသူတွေကို အုပ်စုဖွဲ့ နံပါတ်စဉ်တပ်ပေးတော့ တစ်ယောက်တည်းဖြစ်တဲ့ ကိုယ်က အုပ်စုနံပါတ်-၆ ဖြစ်ပါတယ်။ အုပ်စုတစ်-အီချိ၊ နှစ်-နီ၊ သုံး-



အိုရှိနိုရွာကလေးက ကမ္ဘာ့အမွေအနှစ်နေရာ

ဆန် စသဖြင့်ပေါ့။ အဲလိုနဲ့ လူအားလုံးကိုလည်း ရေတွက်စရာမလိုတော့ပါဘူး။ မကြာခင်မှာ သူက ပြန်စစ်ဆေးတဲ့အနေနဲ့ အီချိ၊ နီ၊ ဆန်လို့ အမှတ်စဉ်ခေါ်ကြည့်ပြန်တယ်။ အားလုံးက မှန်မှန်ရွတ်တတ်တော့ ကောင်းတယ် (အီး)လို့ ဂျပန်လို ပြောပါတယ်။ အဲဒီအသံထွက်က မြန်မာလိုအဓိပ္ပာယ်နဲ့ဆို သိပ်မကောင်းလို့ အားလုံးရယ်ကြတယ်။

အဲဒီလို စိတ်ပျက်ရင်း၊ ရယ်မောရင်းနဲ့ပဲ မွန်းလွဲပိုင်းကို ရောက်လာတယ်။ မိုးကလည်း စဲသွားပါပြီ။ မိုးစဲသွားသလိုဖြစ်လို့ ဝမ်းသာမိပေမယ့် ဖူဂျီတောင်ကြီးကိုတော့ မြင်ရနိုင်လောက်ဦးမယ် မထင်ကြပါဘူး။ အဲဒီအချိန်မှာ ရွာလေးတစ်ရွာမှာ ကားရပ်လိုက်ပါတယ်။ ရွာလေးမှာ စိုက်ပျိုးထားတဲ့ အခင်းတွေ များစွာတွေ့ရတယ်။ မြေဆီကတော့ မည်းမည်းပါ။ ချော်ရည်ကနေ ဖြစ်လာတဲ့မြေမို့ မြေဩဇာလည်း ကောင်းသတဲ့။ ချော်ရည်ချော်ခဲ ဆိုပါလား၊ ဒါဆို မီးတောင်နဲ့နီးနေပြီးလား။ ဒါဟာ ဖူဂျီမီးတောင်နယ်မြေပဲလေ။

ဇဝေဇဝါနဲ့ အားလုံးနဲ့အတူ ကားပေါ်က ဆင်းအပြီး လမ်းညွှန်က လက်ညှိုးထိုးပြလို့ ကြည့်လိုက်တော့ ပြာလွင်တဲ့



ဖူဂျီတောင်ခြေက ဟိုတယ်မှာ ဖူဂျီတောင်နောက်ခံနဲ့ အမှတ်တရ

www.burmeseclassic.com





**အိုရှိနိုရွာကလေးက ကြည်လင်လှတဲ့ စမ်းရေကြည်နဲ့ ရေအိုင်လေးဝန်းကျင်မှာ**

ကောင်းကင်စပ်မှာ ဖူဂျီတောင်ကြီးရဲ့ တောင်ထွတ်က ဖွေးဖွေးကြီး ပေါ်နေရဲ့။ အားလုံး ဝမ်းသာအားရ ဟေးလို့အော်မိကြတယ်။ အဲဒါကြောင့် ဂျပန်ရာသီဥတုဟာ အခုရွှေ၊ အခုငွေပါပဲလို့ လမ်းညွှန်က ပြောပါတယ်။ ကိုယ်တို့က 'အရှုးကိုလင်လုပ်ရသလိုပဲ'လို့ ခပ်ထိထိပြောတော့ ရယ်ကြရပြန်တယ်။ အင်း ခုတော့ ရယ်နိုင်ပြီပေါ့။ ဖူဂျီတောင်စောင့်နတ်မင်းကြီး စိတ်ပြေသွားပြီထင်ရဲ့လို့လည်း အချင်းချင်း ပြောကြတယ်။

ကားစီတ်က ဆိုင်လေးမှာ သစ်သီးတွေရောင်းတယ်။ အထူးသဖြင့် ပန်းသီး။ ဖူဂျီမြေက ပန်းသီးဟာ အလွန်နာမည်ကြီးတယ်လို့ လမ်းညွှန်က ပြောတယ်။ ဈေးသွားဖတ်ကြည့်တော့ ပန်းသီးခပ်ကြီးကြီးမှ ယန်း ၅၀ ဆိုတော့ မြန်မာငွေ ၅၀၀ လောက်ပေါ့။ ဈေးလည်း သင့်တင့်သားပါပဲ။ ဒါပေမဲ့ လမ်းညွှန်က ကပ်ပြီးပြောတယ်။ ကျွန်တော် စားကြည့်ဖူးတယ်။ သိပ်တော့လည်း မဟုတ်ပါဘူး။ မြန်မာပါးစပ်နဲ့တော့ အထူးကောင်းတဲ့အရသာ မဟုတ်ဘူးလို့ ပြောပါတယ်။

အဲဒီဆိုင်လေးရဲ့ နောက်ကျောမှာတော့ ကျူးလစ်ပန်းတွေကို ရောင်စုံနေအောင် တွေ့လိုက်ရတယ်။ ပြီးတော့ ကိုယ်ကြိုက်ပြီး စိတ်ဝင်စားနေမိတဲ့ ကမဲလီးယား(Camellia) ပင်ကိုလည်း တွေ့မိတယ်။ ပန်းအကြောင်း တော်တော်နားလည်တဲ့ လမ်းညွှန်က 'လက်ဖက်ပန်း'လို့ မြန်မာလိုခေါ်ပြီး တရုတ်ဘက်က ဝင်လာလို့ မြန်မာပြည်မှာ ရနေပြီလို့ ပြောပါတယ်။ ဒက်ဖဒိုလ်(Daffodil) ပန်းဝါဝါလေးတွေကိုလည်း အများကြီး မြင်ရတယ်။

ရွာလေးထဲကို လမ်းလျှောက်ဝင်လာတော့ ညနေစောင်းနေမှာ လှလိုက်တဲ့ ရွာလေးပါ။ ရွာရဲ့ လမ်းလေးတစ်လျှောက်ကလည်း ပန်းတွေ၊ အရွက်အကိုင်းတွေ၊ ညှပ်ပြီး ပြုပြင်ထားတဲ့ သစ်ပင်လှလှတွေ၊ ကျောက်တုံးဥယျာဉ်တွေနဲ့ အတော်ကြည့်ကောင်းပါတယ်။ ကားတာယာဟောင်းထဲမှာ ချော်မြေထည့်ပြီး အပွင့်လှလှ အပင်ပုလေးတွေစိုက်ထားတဲ့ အိုရှိနိုရွာ ခရီးသွားသတင်းဌာနစိက်ကူးကို မှတ်ထားလိုက်တယ်။ ကိုယ့်နိုင်ငံမှာ အကြံပြုန်ပေးရမယ်။

ဂျပန်ကွက် မှန်တံခါးနဲ့ တစ်ထပ်အိမ်လေးကတော့ Oshino Village Tourist Imformation Center ပါတဲ့။ ဒါဆို ဒါဟာ ဖူဂျီတောင်ခြေက နာမည်ကျော် အိုရှိနိုရွာကိုး။ အဲဒီလို သိလိုက်ပြီး မကြာခင်မှာပဲ အိုရှိနိုရဲ့ ထင်ရှားကျော်ကြားလှတဲ့ ကြည်လင်လှတဲ့ရေ (Crystal water) နဲ့ Oshino Hakkai ကန်ရေကို ရောက်သွားပါတော့တယ်။ ကြည်လိုက်တဲ့ စမ်းရေနှယ် ကန်အောက်က ရေစီးနဲ့ ကခုန်နေတဲ့ ရေမှော်မြက်ပင်ရှည်တွေ၊ ငါးလေးတွေ ကူးခပ်နေတာတွေကိုတောင် မြင်ရရဲ့။ ဒီစမ်းရေကြည်ဟာ နှယ်နှယ်ရရ ဟုတ်ပါရိုးလား။ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဖူဂျီတောင်ရဲ့ စမ်းရေကြည် (the World Cultural Heritage Mt.Fuji Heritage Asset 17-Oshino Hakkai Springs)ပေါ့။

မှတ်တိုင်လေးမှာတော့ Wakuike Pond ကန်ရေအကြောင်းကို This pond represents as a typical pond scene of Oshino Hakkai Springs, its amount of springwater is abundant, which is gushing out from underwater tunnels made of diatomite, and its flow swings tape grass in the stream. In 1983, the water from this pond was carried by the NASA Space Shuttle Challenger, and it was used for an experiment to make snow in space environment. There is folklore saying the spring water started to gush out by the power of Konohanasakuya Hime. လို့ ကမ္ပည်းထိုးပြထားပါတယ်။

www.burmeseclassic.com

၁၉၈၃ ခုနှစ်မှာ ဒီကန်က ကြည်လင်လှတဲ့ ရေကို နာဆာအာကာသလွန်းပျံယာဉ် ချယ်လင်ဂျာကသယ်ဆောင်သွားခဲ့ပြီး အာကာသဝန်းကျင်မှာ နှင်းပွင့်တွေအဖြစ် စမ်းသပ်မှု တစ်ခု လုပ်ခဲ့ပါတယ်။ ရှေးရိုးစဉ်လာ အပြောကတော့ ဒီစမ်းရေဟာ Konohanasakuya Hime ရဲ့ တန်ခိုးနဲ့ စတင်ပန်းထွက်ခဲ့တာပါတဲ့။

လှလိုက်တဲ့ နေရာလေးပါ။ အိပ်မက်ထဲ ရောက်နေသလိုကို လှပလွန်းပါတယ်။ ဒီလိုခံစားချက်မျိုးကို မြန်မာပြည်က ဝိတိုရိယတောင်- နတ်မတောင်ထိပ်ကိုရောက်လို့ တောင်ဇလပ်တောကို မြင့်လိုက်ရတုန်းကလည်း ဖြစ်ပေါ်ခဲ့ဖူးပါရဲ့။ ပိုပြီးတိုက်ဆိုင်ပုံက နတ်မတောင်ထိပ်က တောင်ဇလပ်ပင်တိုင်းရဲ့ ပင်စည်နဲ့ အကိုင်းအခက်တွေမှာ တွယ်ကပ်နေတဲ့ ရေညှိမျှင်တွေကို ဒီကအပင်တစ်ပင်မှာ တွေ့လိုက်ရတာပါပဲ။ ငါတို့ ချင်းပြည်နယ်မှာက တစ်ပင် နှစ်ပင် မဟုတ်ဘူးနော်၊ တစ်တောလုံးလို့ တစ်ယောက်တည်းပြောမိပြီး အမျိုးဂုဏ် ဇာတိဂုဏ်တက်မိပါရဲ့။ နတ်မတောင်ဟာ အာဆီယံအမွေအနှစ် ဖြစ်နေပေမယ့် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ထိုက်တယ်လို့လည်း ယုံကြည်မိသွားပါတယ်။

သစ်ပင်ဘေးမှာတော့ Sacred Place No.5--- Enshrined deity; Tokushaka-Kyuo

- National Natural Treasure
- Designated on May 1, 1934
- 361-2, Shibokusa, Oshino Village; Minamitsuru-gun လို့ အညွှန်းစာတွေ့ရပါတယ်။ အမျိုးသားသဘာဝရတနာအဖြစ် ၁၉၃၄ ခု၊ မေလကတည်းက သတ်မှတ်ခဲ့တာပါလား။

အဲဒီရွာလေးက ပြန်ထွက်လာတဲ့အခါမှာတော့ ဖူဂျီတောင်ကြီးကို ဝင်းဝင်းပပ တည်တည်ငြိမ်ငြိမ်ကြီး မြင်ဖူးလိုက်ပြီမို့ အားလုံးပဲ ကျေနပ်သွားကြပါတယ်။ ဒါပေမဲ့ ကားလမ်းတစ်လျှောက် ဖူဂျီတောင်ကြီးကို တရိပ်ရိပ်ပြေးနေတဲ့ တောတောင်အိမ်ခြေတွေကြားကပဲ မမှိတ်မသုန် လှမ်းကြည့်နေကြဆဲပါ။ ဖူဂျီဟာ ကြည့်မဝနိုင်အောင်ကို စွဲလမ်းစေတာကို သတိပြုမိပါတယ်။

မကြာခင်မှာ တစ်ညတာ တည်းခိုရမယ့် RK အမှတ်တံဆိပ်နဲ့ ကဝါဂူချီကိုဟိုတယ်(Hotel Regina, Kawaguchiko Hotel)ကို ရောက်သွားပါတယ်။ ဟိုတယ်အဝင် လမ်းအကွေ့လေးမှာ ဖူဂျီတောင်ကြီးကို မြင်လိုက်ရပြန်တော့ ဟိုတယ်




အိုရှီနိုရွာကလေးက မီးတောင်မြေမှာ ပွင့်တဲ့ပန်းတွေ

ရှေ့မှာ ကားရပ်လိုက်တဲ့အခါ ကိုယ်နေဖို့ ရတဲ့အခန်းဟာ ဖူဂျီတောင်ကြီးကို ကျောခိုင်းတဲ့အခြမ်းကများ ဖြစ်နေမလားလို့ စိုးရိမ်မိကြတယ်။ ဒါပေမဲ့ လူတိုင်း၊ အခန်းတိုင်းကနေ ဖူဂျီတောင်ကြီးကို မြင်ရအောင် စီမံတည်ဆောက်ထားတာမို့ အားလုံးပျော်သွားကြပေါ့။

ပိုကောင်းတာက အခန်းတိုင်းမှာ အပြင်ဘက်ကို ဝရန်တာလေးတွေ ထုတ်ထားပေးလို့ အားလုံးပဲ အထုပ်တွေ ပစ်ချပြီး ဝရန်တာကို အပြေးထွက်ကြည့်ကြပါတယ်။ ဖူဂျီတောင်ကြီးကို ထင်းထင်းကြီး ကိုယ့်ဘေးမှာထားပြီး မြင်ရသလိုမို့ လူတိုင်းဟာ ကင်မရာ တဖျပ်ဖျပ် ဖြစ်နေကြရှဲ။

အဲဒီနေ့က ဟိုတယ်မှာစားရတဲ့ ညစာဟာလည်း ထူးခြားပါတယ်။ ခရီးသည်အားလုံး ကီမိုနိုဝတ်ပြီး ထမင်းစားဆင်းလာဖို့ လမ်းညွှန်က ကြိုပြောထားရဲ့။ အခန်းတိုင်းမှာ ပန်းရောင်နဲ့ အပြာရောင် ကီမိုနို၊ အပေါ်ဖုံးဖုံးအတွက် နက်ပြာရောင်ဖြောင် ဂျပန်အကျီ နှစ်စုံပေးထားပါတယ်။ ချစ်သူစုံတွဲတွေအတွက်ပေါ့။ ကိုယ်တို့က အမျိုးသားချည်း နှစ်ယောက်မို့ ကိုယ့်မှာ အခန်းဖော် ရွေးသွားပြီးကျန်တဲ့ ပန်းရောင်ကို ဝတ်လိုက်ရတယ်။

www.burmeseclassic.com




အိုရှိနိုရွာကလေးက ဂျပန်တွေရက်တဲ့ ဝါးထရံနဲ့ ဆိုင်အတွင်းခန်း အပြင်အဆင်

ထမင်းစားခန်းမှာ အုပ်စုလိုက်ခေတ်ပုံရိုက်ကြတော့ အမျိုးသားထဲမှာ ကိုယ်ပဲ ပန်းရောင်ကီမိုနိုဝတ် ဖြစ်နေရဲ့။ စော်သေးရဲ့၊ အပေါ်တစ်ထပ် အပြာရင့်ရောင်ဖြောင် ကီမိုနို တစ်ထည်ထပ်ဝတ်ပြီး ခါးကြိုးစည်းထားလို့။ ဒါပေမဲ့ အမျိုးသားဝတ် ကီမိုနိုအပြာနဲ့ လဲလှယ်ပေးဖို့ပြောတော့ တာဝန်ကျပြီး နွေးထွေးတဲ့ ဂျပန်ဝန်ထမ်းတွေက ကြည်ကြည်ဖြူဖြူ လဲပေးရှာလို့ တကယ်ညစာစားတော့ အဝတ်မှန် ဝတ်နိုင်သွားပါပြီ။

ဂျပန်အစားအစာတွေကို ဂျပန်ရိုးရာ မြေခွက်လေးတွေ၊ အဖုံးပါတဲ့ အစ်လေးတွေ၊ ယွန်းဗျပ်လေးတွေနဲ့ ထည့်သိုတည်ခင်းပါတယ်။ မှို၊ အသီးအရွက်၊ ပဲသီးအစိမ်းတောင့်လေးတွေ၊ အသားစိမ်း၊ ငါးစိမ်းတွေ၊ တို့ဟူး၊ သောက်စရာပဲနို့ရည်စိမ်းဖန့်ဖန့်၊ အချိုပွဲအတွက် ဂျယ်လီပန်းနုရောင် ပျော့ပြဲပြဲ အတုံးလေးတွေ၊ အားလုံးဟာ အရောင်စုံပြီး ခင်းကျင်းထားတာကိုက လှနေရဲ့။ ငါး၊ အသားတွေနဲ့ တို့စားစရာ ဝါဆာဘီ၊ အချဉ်ရည်၊ ငံပြာရည်တွေကလည်း ပိုပြီးအရောင်စုံအောင် ဖြည့်စွက်ပေးနေပါတယ်။ အစိမ်းနု ခြောက်ထောင့်ပန်းကန်



ဖူဂျီစုဘာရုလိုင်းဂိတ်မှာ ဖူဂျီတောင်တက်လမ်းအဖွင့်ကို စောင့်နေစဉ်

ပြားလေးမှာ ရေခဲတုံးကို ဝါဆိုဖယောင်းတိုင်တိုတိုကြီးလိုလုပ်ပြီး အဲဒီထိပ်က အချိုင့်ထဲမှာ ငါးစိမ်းလွှာရဲရဲလေးတွေ ထည့်ထားတာကလည်း အနုပညာဆန်ဆန် လှလိုက်တာ။ ဂျပန်တွေဟာ အလှအပကို အတော့်ကို နူးနူးညံ့ညံ့ခံစားတတ်တာပါ။ ဒါပေမဲ့ စားကျင့်မရှိ၊ စားလည်း မစားရဲတော့ စားရမှာ တွန့်နေလို့ မြိန်ရေယှက်ရေ မဖြစ်ခဲ့ပါဘူး။ ကြည့်လို့လှပေမယ့် နောက်တစ်ခါ ထပ်စားချင်လိုက်တာဆိုတဲ့ အစားအစာမျိုးတော့ မဟုတ်ဘူးလေ။

ဒေသအစားအစာဆို ကြိတ်မှိတ်စားတတ်တဲ့ ကိုယ့်အကျင့်အတိုင်း ငါးစိမ်းလွှာတွေကို တူနဲ့ညှပ်၊ အချဉ်ရည် ဝါဆာဘီမွှန်မွှန်တွေနဲ့ တို့ပြီး မျက်စိမှိတ် ပါးစပ်ထဲသွင်းပြီး ဝါးချလိုက်တော့ ထွေးထွေးလေးနဲ့လုံးဝင်သွားရဲ့။ လျှာထဲမှာ ပျော်သွားတယ်ဆိုတဲ့ ခံစားမှုမျိုး။ ထမင်းကတော့ ရှမ်းဆန်လို ခပ်စေးစေးလေးပါ။

ညအိပ်ရာဝင်ခါနီးမှာ ယင်းလိပ်ကိုဖွင့်ကာ ယောင်ပြီး ဖူဂျီတောင်ကို ရှာကြည့်မိသေးရဲ့။ ဩော်- ဒီလောက်ကြီးတဲ့ တောင်ကြီးကို ဆလိုက်မီးထိုးထားတာမှ မဟုတ်တာ။ မဟူရာကောင်းကင်မှာ ဖူဂျီတောင်ရဲ့ နှင်းဖုံးတောင်ထွတ်ကြီးကို ဖွေးဖွေးကြီးမြင်ရမယ်လို့ ထင်မိတာ ကိုယ့်အမှားပါ။ ဒါပေမဲ့ အိပ်ရာဝင်ခါနီးမှာတောင် ဒီလိုကြည့်ချင်မိသွားတဲ့စိတ်ဟာ ဖူဂျီရဲ့ ညို့ငင်ချက်ပါပဲလေ။ ဘာပဲဖြစ်ဖြစ် ဖူဂျီတောင်ကြီးကို ခေါင်းအုံးမှာထားပြီး အိပ်လိုက်ရတယ်လို့ ကြည်နူးမိရဲ့။

တစ်ပြိုင်တည်းမှာပဲ ဖူဂျီဟာ မီးတောင်သေမဟုတ်ဘဲ အသက်ဝင်နေဆဲ မီးတောင်မို့ နောက်ဆုံးပေါက်ကွဲခဲ့တာကလည်း နှစ် ၃၀၀ ပဲရှိသေးလို့ တကယ်လို့များ နောက်တစ်ကြိမ်ပေါက်ကွဲတာဟာ တိုက်ဆိုင်စွာပဲ ဒီနေ့ညဖြစ်နေရင်ကောလို့လည်း တွေးကြည့်မိပြန်ရဲ့။ ဒါပေမဲ့ မကြောက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဖူဂျီကို ကြောက်တဲ့စိတ်ထက် ချစ်တဲ့စိတ်က ပိုများနေလို့ ဖူဂျီတောင်ကြီးနဲ့အတူ ပျော်ပျော်ကြီး နေလိုက်မယ်လို့ပဲ စိတ်တုံးတုံးချလိုက်ပါတော့တယ်။

ဧပြီ ၁၈ ရက်နေ့ (Day 6)မှာတော့ စိတ်လှုပ်ရှားစွာ အစောကြီး နိုးလာတာနဲ့ ဖူဂျီတောင်ကြီးများ ပြန်ပျောက်သွားပြီလားလို့ စိုးရိမ်စိတ်နဲ့ ဟိုတယ်ခန်းက လိုက်ကာကို ဒရောသောပါးဖွင့်ပြီး ဝရန်တာကနေ အပြင်ကို ထွက်ကြည့်မိတယ်။ ဖူဂျီတောင်ကြီးက အေးစက်စက်ကြီး တည်တည်ငြိမ်ငြိမ်နေရဲ့။ အပြာနုနုနဲ့ မီးခိုးမှိုင်းမှိုင်းရောစပ်နေတဲ့ ခပ်မှုန်မှုန်အရောင်တွေရဲ့ထိပ်မှာ နှင်းဖုံးတောင်ထွတ်ကို မြင်လိုက်ရတယ်။ တောင်ထိပ်က နှင်းမတင်တဲ့ ကျောက်စွန်းတွေကိုတောင် မြင်နေရသလိုပါပဲ။ လှလိုက်တာလို့ ငေးကြည့်နေဆဲမှာပဲ အေးစိမ့်လာလို့ အခန်းထဲ ပြန်ဝင်လိုက်တယ်။ ရေနွေးချိုးပြီး ရေချိုးကာ ပစ္စည်းတွေသိမ်း၊ အခန်းဖော်ကို ထွက်ခါနီးမှာ နှိုးခဲ့ပြီး အိတ်ဆွဲ ဆင်းလာခဲ့တယ်။ အခန်း ပြန်မတက်တော့ဘူး။ ဟိုတယ်ဘေးက တောလမ်းလေးတွေ လျှောက်ကြည့်မယ်။

ဧည့်ခန်းထဲမှာ ဖူဂျီတောင်ပုံပန်းချီကားကြီးရှိတယ်။ မှန်တံခါးကို ဖွင့်ထွက်လိုက်တော့ အပြင်မှာအတော်အေးတယ်။ ဟိုတယ်ရှေ့ကနေ ၁၄-၅ ထပ်လောက်ရှိတဲ့ ဟိုတယ်ကို ပြန်ကြည့်လိုက်ချိန်မှာ ဝရန်တာကနေ ဖူဂျီကိုထွက်ပြီး မျှော်နေကြတဲ့ ခရီးသည်တွေကို တွေ့ရတယ်။ သူငယ်ချင်းတို့ဇနီးမောင်နှံလည်း ညဝတ်ကီမိုနိုဝတ်စုံတွေနဲ့ ဖူဂျီကို ဝရန်တာကနေ လှမ်းငေးနေကြရဲ့။ အချို့ကတော့ ဓာတ်ပုံတွေ ရိုက်နေကြတယ်။

ဟိုတယ်အထွက်နားမှာ မြက်တွေစည်းပြီး တိုင်နဲ့ လက်ရန်းတွေလုပ်၊ ဝါးရာဇမတ်ကွက်တွေနဲ့ တန်ဆာဆင်ထားတဲ့ ကျောက်ဥယျာဉ်လေးကို တွေ့ရတယ်။ ကျောက်တုံးကြီးတွေအောက်က ကြမ်းခင်းမှာ ချော်ရည်ကျောက်ခဲနက်နဲ့ ကျောက်ခဲဖြူသေးသေးလေးတွေကို အကန့်လိုက် အရောင်ကစားပြီး ခင်းထားရဲ့။ အနားမှာတော့ ခရမ်းရောင်၊ မရန်းစေ့ရောင်၊ အဖြူရောင်နဲ့ ပန်းရောင် နှပန်း ပီကျူးနီးယား (Petunia)အပွင့်လေးတွေ ထည့်စိုက်ထားတဲ့ သစ်သားစည်ကလေး ရှိပါတယ်။ ကဗျာဆန်လိုက်တာ။

ဟိုတယ်ရှေ့မှာ တောလမ်းလေး တွေ့ရတယ်။ အစိမ်းရောင်နောက်ခံမှာ ချဉ်ပေါင်ရွက်လို မေဘယ်လ်ရွက် နှစ်ရွက်ပုံ အမှတ်အသားနဲ့ သစ်သား လမ်းညွှန်မှတ်တိုင်မည်းလေးမှာတော့ ဝဲယာနှစ်ဖက်ကို ညွှန်နေတဲ့ ဂျပန်နဲ့ အင်္ဂလိပ် အညွှန်းစာတွေနဲ့ပါ။ တိုကိုင်း သဘာဝတောလမ်း တောင်လမ်း (Tokai Natural Trial)လမ်းကြောင်းနယ်မြေပေါ့။

၀.၆ ကီလိုမီတာသွားရင် ဖူဂျီဧည့်သည်ဌာန(Fuji Visitor Center) ကိုရောက်ပြီး နောက်တစ်ဖက်ကို သွားရင်တော့ ၀.၉ ကီလိုမီတာ အကွာမှာ Kawaguchiko Sogo-koen ဥယျာဉ်ကို ရောက်မတဲ့။ တောစပ်မှာ ချယ်ရီရှိုင်းပင်တွေ၊ အသီးနီနီကလေးတွေနဲ့ ချုံပင်တွေတွေ့ရတယ်။

မနေ့က ညစာစားခန်းမှာ ကိုယ့်ကိုကီမိုနိုအင်္ကျီ ပြန်လဲပေးတဲ့ ဝန်ထမ်း၊ သူ့ကားလေးနဲ့ အလုပ်ဝင်လာတာ လမ်းမှာဆုံတယ်။ ခေါင်းလေးညွှတ်ပြီး နှုတ်ဆက်သွားရဲ့။ တောလမ်းလေးနဲ့ မီးရထားကုန်းကျော် လိုဏ်ခေါင်းအဆုံးမှာ ပြန်လှည့်လာလိုက်တယ်။

တည်းခိုရာ ဟိုတယ်မှာ မနက်စာပြန်စားပြီး ကားကြီးနဲ့ ပြန်ထွက်ခဲ့တယ်။ ဟိုတယ်အထွက် အမြဲလို ...းနေတတ်တဲ့ ဂျပန်လမ်းတွေရဲ့ဘေးမှာ လူကျဲပါးတဲ့ ပီဇာဆိုင်ကြီး တစ်ဆိုင်မြင်လိုက်ရတယ်။ ဪ- ဂျပန်တွေဟာ ဗိုလ်ရှေ့မြန်မာတွေလို မနက်စောစော လက်ဖက်ရည်ဆိုင်ထိုင်ပြီး လေပန်းရတဲ့ အလုပ်ကို မလုပ်တတ်ရှာကြဘူးကိုး။

လမ်းတစ်လျှောက်မှာ ရာသီဥတုကလည်း သာယာနေရဲ့။ ကောင်းကင်ကြီးများ ပြာလွင်ကြည်စင်လို့။ 'တစ်နေ့ရွှေ တစ်နေ့ငွေ'မှာ ဒီနေ့တော့ ရွှေပေါ့။ ဖူဂျီတောင်ကိုတက်ဖို့ထွက်လာကြပေမယ့် တစ်နေရာမှာတော့ ကားတွေတန်းစီရပ်လိုက်ကြရတယ်။ ဖူဂျီစုဘာရုလိုင်း(Fuji Subaruline) ဂိတ်ဖြစ်ပြီး မနက် ကိုးနာရီမှ ဖူဂျီတောင်အတက်လမ်းကိုဖွင့်မှာပါ။

ကားရပ်နားတုန်း ဂိတ်ဘေးမှာလည်း သန့်စင်ခန်းအသင့်ရှိနေလို့ အောက်ဆင်းကြတယ်။ ဓာတ်တိုင်အောက်ကနေ ကြည့်လိုက်တော့ ဖူဂျီတောင်ကြီးကို ထင်းရှူးတောအုပ်တွေ တစ်ဖက်တစ်ချက်ဝန်းရံလို့ ဘွားဘွားကြီး လှမ်းမြင်နေရပေါ့။ ဓာတ်ပုံတွေ လှမ်းပြီးရိုက်ကြပြန်တယ်။ ဖူဂျီတောင်ကြီးရေ၊ ဒီတစ်ခါတော့ ပြေးမလွတ်တော့ပါဘူး။

(ဆက်ရန်)

**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)**

**ကိုး** - ၂၀၁၆ ခုနှစ် ဧပြီလ ဂျပန်ခရီးစဉ်၊ Encyclopædia Britannica, 2014.

□



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့မှာ ကျောတစ်နေရာစာ ရဖို့ အခက်အခဲက အင်မတန်မှ ခဲယဉ်းလွန်းလှသည်။ အိမ်ပိုင်မရှိသည့် မိသားစုအဖို့ စားဝတ်နေရေးမှ နေထိုင်ရေးသည် အခက်ဆုံးဖြစ်သည်။ အိမ်ငှားဘဝဖြင့် တစ်ရပ်ကွက်ပြီး တစ်ရပ်ကွက် လှည့်လည်ပြောင်းရွှေ့ ငှားရမ်းနေထိုင်ရသည်။

တစ်ခါပြောင်းလျှင် တစ်ခါပွဲစားခပေးရသည်။ မိသားစု ငါးယောက် အလုပ်လုပ်လျှင် တစ်ယောက်စာ လခက အိမ်ငှားခထဲ ပါသွားသည်။

အခုလည်း အိမ်လခက ဈေးထပ်တင်တောင်းသဖြင့် ဈေးနည်းသည့် အိမ်ကို အိမ်ငှားပွဲစားမှတစ်ဆင့် ရှာရပြန်သည်။

သွားရေး လာရေး ပတ်ဝန်းကျင် အသိုင်းအဝိုင်းကလည်း ကိုယ်နှစ်သက်သလို ဖြစ်ချင်မှ ဖြစ်ပေမည်။ ရက်ချိန်းမပြည့်မီ စရန်ငွေသတ်၍ အိမ်ပြောင်းရွှေ့ရသည်မှာ တစ်နှစ်တစ်ကြိမ်တော့ ပုံမှန်ဖြစ်သည်။

စွဲစွဲမြဲမြဲ အတည်တကျ နေလို့မရသည်က ကုန်ဈေးနှုန်းကြီးမားခြင်းကြောင့် အိမ်လခ တက်နေခြင်းပင်ဖြစ်သည်။

ပွဲစားတစ်ဦး၏ ပြသမှုကြောင့် ရွှေပေါက်ကံအစွန်ဆုံးရပ်ကွက် အိမ်ခြေသိပ်မရှိသော လမ်းတစ်လမ်းတွင် မိမိတတ်နိုင်သည့် ဈေးနှင့် လုံးချင်းအိမ်ကလေး တစ်လုံးကို ငှားရမ်းလိုက်သည်။

လုံးချင်းအိမ်ဆိုပေမယ့် နေဖြစ်ရုံလောက်သာ ရှိသည်။ လမ်းကလည်း မြေနီလမ်းပင် ရှိသေးသည်။ မျက်နှာချင်းဆိုင် တဲတစ်လုံး မိသားစုလေးယောက်နှင့် တစ်လမ်းလုံးမှာ ငါးအိမ်မျှသာ ရှိသည်။

လမ်းမီးက မရှိ။ ရေကလည်း အဝီစိတွင်းမှ ပိုက်နှင့်လိုက်ထည့်သည်ကို အချိန်စောင့်၍ ဝယ်သုံးရသည်။ ကလေးများ ကျောင်းသွားရသည်မှာ ဝေးသည်။ မိမိလည်း အလုပ်သွားရင် နာရီဝက်ပို၍ ကားဂိတ်သို့ သွားရသည်။

အမိကကတော့ ကျောင်းတက်မပျက်၊ အလုပ်မပျက် နေရခြင်းကိုပင် ကျေနပ်လိုက်ရသည်။ အိမ်ခြံဝင်းလေးထဲတွင် ဇီဇဝါပန်းရုံကလေးက စိတ်ကို ရွှင်လန်းစေသည်။ ပြီး ဒန်းကလေးတစ်ခုပါ ရှိနေသဖြင့် ကလေးများအတွက် အပျင်းပြေ ဒန်းစီးရသည်။

အိမ်ပြောင်းပြီး တစ်ပတ်မပြည့်မီ ထိုခြံမှ ထူးခြားမှုတစ်ခုကို မိမိသတိမြူမိသည်။

မိမိတို့ ငှားသည့်အိမ်၌ သန့်စင်ခန်းမပါ။ နောက်ဘေးခြံစည်းရိုးတွင် သာမန်ဆောက်လုပ်ထားသည်။ အိမ်မကြီးနှင့် ပေသုံးဆယ်လောက်ဝေးသည်။

ထိုသန့်စင်ခန်းသို့ထွက်ရာ လူတစ်ယောက် နောက်မှ ပါလာသလို ဖိနပ်သံ ကြားရသည်။ နောက်လှည့်ကြည့်ရာ ဘာမျှမရှိ။ ထိုဖြစ်ရပ်က မကြာခဏဆိုသလို ကြုံတတ်သည်။

အမျိုးသမီးနှင့် ကလေးများလည်း အပြင်ထွက်သည့်အခါ ကြုံဖူးသဖြင့် မိမိအား ပြောပြကြသည်။

မိမိက ဖြန်းသန်းပြီး အပြင်လမ်းက ခြေသံလာတာနေမှာပေါ့ဟု ပြောဆိုလိုက်သည်။

တစ်ခါ မိုးသဲသဲမဲမဲ ရွာသောညတစ်ညတွင် ဇီဇဝါရုံဘေးမှ ဒန်းပေါ်တွင် လူတစ်ယောက် လာထိုင်နေသလို ရိုးတိုးရိပ်တိပ် မြင်ရသည်။

ပြတင်းပေါက်ဖွင့်၍ ကြည့်လိုက်သောအခါ မတွေ့ရတော့။ သို့သော် ဒန်းကလေးက လူတစ်ယောက် လွဲပြီးထသွားသလို လှုပ်ယမ်းလျက်တွေ့ရသည်။ မိမိအိမ်မှာ ခြံစည်းရိုးမရှိသော်လည်း ညရှစ်နာရီ မိုးရွာထဲ၌ မိမိရှေ့အိမ်မှ ကလေးများလည်း ဒန်းလာမစီးကြ။

မိမိစိတ်ထဲတွင်တော့ ထိုဖြစ်ရပ်ကို ဘဝင်မကျလှ။

✿

ဒီကနေ့ ရုံးကအပြန် ဆေးရုံတက်နေသော သူငယ်ချင်းတစ်ယောက်ထံ ဝင်တွေ့နေသဖြင့် အိမ်အပြန်နောက်ကျနေသည်။

"အဖေကြီး၊ ဒီနေ့ နောက်ကျနေပါလား"

"အေးလေ၊ သူငယ်ချင်းတစ်ယောက် ဆေးရုံတက်နေလို့ ဝင်တွေ့နေလို့ကွာ"

"ကလေးတွေက ထမင်းစားဖို့ စောင့်နေကြတာ"

"အေးကွာ၊ စားကြတာပေါ့"

ထမင်းဝိုင်းထိုင်ရုံရှိသေး အနံ့ဆိုးကြီးတစ်ခုက ထမင်းဝိုင်းကို စိတ်ကုန်လောက်အောင် နံ့စော်သွားသည်။

"စားတဲ့ သောက်တဲ့နေရာမှာ သားငယ်ကလည်းကွာ အပြင်ထသွားပါလား"

"မောင်လေးကလည်း သိပ်ဆိုးတာပဲ"

"ဘာဖြစ်လို့လဲ ဖေဖေ"

"မင်း ချေးပေါက်တာ မဟုတ်လား၊ နံလိုက်တာကွာ"

"ဟာ- သား မပေါက်ပါဘူး၊ သားလည်း အနံ့ကြီးလဲလို့"

"ဒါဖြင့် ဘယ်သူလက်ချက်လဲ"

"အိုတော် ကြုံကြီးစီရာ"

"သမီး မပါဘူး"





www.burmeseclassic.com

www.burmeseclassic.com

မိုးသဲသဲမဲမဲရွာသော
ညတစ်ညတွင်
ဇီဇဝါရုံဘေးမှ
၃ နံးပေါ်တွင်
လူတစ်ယောက်
လာထိုင်နေသလို
ရိုးတိုး ရိပ်တိတ်
မြင်ရသည်။

"ဟင်း- ဒါဆို ဒီနားမှာ အမှိုက်ပုံလည်းမရှိဘူး၊ ငါးပိ ငါးခြောက်လုပ်ငန်းလည်း မရှိဘူး၊ ဘယ်ကလာတဲ့ အနံ့လဲ"

အတော်ကြာမှ အနံ့ဆိုးကြီး ပျောက်သွားသည်။

မိမိစိတ်ထဲတွင် သံသယတစ်ခု ဖြစ်ပေါ်နေသည်။

ညအိပ်ခါနီး ဘုရားသောက်တော်ရေများကို အပြင်သို့ စွန့်ပစ်ရာ သက်ပြင်းချသံ ခပ်အုပ်အုပ်ကြားလိုက်ရသည်။ ဘုရားရှိခိုးပြီး ကြေးစည်ရိုက်ကာ သုံးဆယ်တစ်ဘုံသို့ အမျှအတန်းဝေကာ အိပ်ရာဝင်ခဲ့သည်။

✿

ဟင်- အိမ်ရှေ့လမ်းမမှာ မိန်းကလေးတစ်ယောက် အပေါ်အောက် အဖြူရောင်ဝတ်ဆင်လျက် မိမိဘက်ကို လှမ်းကြည့်နေသည်။

သမီးကြီးရဲ့ သူငယ်ချင်းလားဟု ထင်ကာ အိမ်ရှေ့သို့ထွက်ရန် တံခါးဖွင့်နေစဉ် ရုတ်ခြည်း ပျောက်ကွယ်သွားသည်။

ဝုန်းခနဲ ကြောင်ခုန်ချသည့်အသံကြောင့် ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးသွားသည်။ စိတ်စွဲလမ်းစရာ နေ့လယ်က အဖြစ်အပျက်များထဲတွင် မပတ်သက်ပါပဲ အိပ်မက်ကို စဉ်းစားနေမိသည်။

မိုးလင်းခါနီးမို့ မျက်နှာသစ်ပြီး ဘုရားရှိခိုး မေတ္တာပို့၍ နောက်ဘေးသန့်စင်ခန်းသို့ ထွက်လာခဲ့လေသည်။

မိမိနောက်နားဆီမှ မပီမသ အဓိပ္ပာယ်မဖော်နိုင်သော တိုးညင်းသည့် စကားသံများကို နားနားကပ်၍ မိမိတစ်ယောက်တည်း ကြားနေရသည်။

အမှတ်မထင်မို့ မိမိထိတ်လန့်သွားမိသည်။

တစ်သက် တစ်ကိုယ် မကြုံဖူးသည့် ဖြစ်ရပ်မို့ အံ့ဩနေမိသည်။

သတိကို စုစည်း၍ ဘုရားကို အာရုံပြုလိုက်သည်။ အသံများ ပျောက်ကွယ်သွားသည်။

မိုးလင်းနေပြီဖြစ်၍ အညောင်းပြေ လမ်းလျှောက်ရန် နောက်ကျောဘက် သပြေခင်းဘက်သို့ ထွက်ခဲ့သည်။ ကွန်ကရစ်လမ်းမများ ဖြစ်သဖြင့် လမ်းလျှောက်၍ကောင်းသည်။ အိမ်များ မဆောက်ကြသေးသဖြင့် ကွင်းပြင်မို့ လေကောင်းလေသန့် ရသည်။

လမ်းချိုးလေးတစ်ခု အရောက် ရှေ့တူရူမှ လမ်းလျှောက်လာသော လူတစ်ယောက်မှ အနားသို့ ရောက်လာကာ -

"ဟေ့ကောင် မြင့်သက်ဦး"

"ဟာ- စိုးထွန်းပါလား၊ နေ့တိုင်း လမ်းလျှောက်နေကျလား"

"အေး၊ မင်းက ကျူးကျူးကျော်ကျော် ဒီရပ်ကွက်ကိုတောင် လာပြီး လမ်းလျှောက်နေတာလား"

"ငါ ဒီရပ်ကွက်ကို လဆန်းက ပြောင်းလာတာကွ၊ ဘယ်လမ်းမှာနေတာလဲ"

"ဟို ရန်ကုန်လမ်းကွာ၊ လာကွာ မတွေ့တာကြာပြီ၊ လက်ဖက်ရည်ဆိုင်ထိုင်ရင်း စကားပြောကြရအောင်"

"အေး- ကောင်းတယ်၊ မင်းက ဒီရပ်ကွက်ကဆိုတော့ မင်းကို မေးစရာရှိတာနဲ့ အတော်ပဲ"

✿

သူငယ်ချင်း စိုးထွန်းကို မိမိငှားနေသော အိမ်အကြောင်းကို ပြောပြမိသည်။

"ဩော်- မင်းငှားနေတဲ့ အိမ်က ရာဇဝင်နဲ့ကွ၊ ဟင်း ဟင်း ဇီဇဝါမေတို့ အိမ်ကိုး"

"ဘာလဲကွ ဇီဇဝါမေ ဆိုတာ"

"အဲဒီ အိမ်ရှင်လင်မယား နှစ်ယောက်က အဲဒီအိမ်ကို အောက်ဈေးနဲ့ ရောင်းပြီး မြို့ထဲကို ပြောင်းသွားကြပြီ၊ ဇီဇဝါမေဆိုတာ သူတို့ရဲ့တစ်ဦးတည်းသော သမီးပေါ့၊ သူတို့က မြို့ထဲက ပြောင်းလာပြီး ရွှေပေါက်ကံမှာ ကျောင်းတက်တာ ဆယ်တန်းအောင်ပြီး ပထမနှစ်တောင် တက်နေပြီ။

သူနဲ့ တွဲနေတဲ့ ကောင်လေးက တခြားကောင်မလေးနဲ့ လက်ထပ်လိုက်တော့ ဇီဇဝါမေဟာ ပိုးသတ်ဆေးတွေ သောက်ပြီး အဲဒီအိမ်မှာပဲ ဆုံးသွားတာ၊ အခုဆို နှစ်နှစ်လောက်ရှိပြီပေါ့၊ သူဆုံးတော့ အသက်က ၁၇ နှစ်ပဲ ရှိသေးတယ်၊ သူက အဲဒီလို အစိမ်းသေဆိုတော့ ဒီအိမ်မှာ စွဲလမ်းသွားတယ်ထင်တယ်၊ ကိုယ်ယောင်ပြတယ်၊ တစ်ခါတစ်ခါ နောက်ကနေလိုက်ပြီး ဗလုံးဗထွေးနဲ့ အသံပြုတယ်၊ အမှန်ကတော့ အလှူအတန်းလိုချင်လို့ နေမှာပါ။

သူ့မိဘတွေလည်း စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး သူ ရက်လည်ပြီးကတည်းက မြို့ထဲကို အပြီးပြန်ပြောင်းသွားကြတယ်၊ ဒီအိမ်ကို ပွဲစားတွေ အပ်ပြီး ရောင်းခိုင်းတာ သိတဲ့သူတွေက ဘယ်ဝယ်မလဲ၊ ပြီးတော့ အိမ်ငှားတွေ





www.burmeseclassic.com

www.burmeseclassic.com

လည်း သူနှောင့်ယှက်လို့ ကြောက်ပြီး ဆင်းသွားတာ နှစ်ဦး ရှိပြီလေ"

"ဩော်- ဒါကြောင့် ဇီဇဝါရုံလေး ဘေးက ဒန်းမှာ ဟိုတစ်ညက အထက် အောက် အဝတ်ဖြူဖြူနဲ့ လူရိပ်တွေ့ တာကို၊ မေးကွာ ကြားရတာ စိတ် မကောင်းပါဘူး၊ သားသမီးချင်း ကိုယ် ချင်းစာပါတယ်၊ အင်း လူငယ်စိတ်ဆို တော့ အချစ်ဆိပ်မွှန်ပြီး မစဉ်းစားတတ် ကြဘူးပေါ့၊ အိမ်က အမျိုးသမီးကလည်း ဒီအိမ်ကျမှ နေရတာ စိတ်ထဲမှာ တစ်မျိုး ကြီးပဲလို့ ငါ့ကို ပြောပြောနေတာကွ၊ ကလေးတွေလည်း တစ်ခါတလေ လန့် တတ်တယ်။

အင်း- ဒီအတိုင်းဆို အိမ်ရှာပြီး ပြောင်းမှဖြစ်မှာပါ၊ ရေရှည်နေလို့ စိတ် အနှောင့်အယှက် ဖြစ်နေရရင် ဘယ် ကောင်းမလဲ၊ လောလောဆယ် ဒဂုံ မြောက်ပိုင်းက သူ့အစ်မ ဝယ်ထားတဲ့ ခြံထဲက အိမ်ကို ပြောင်းမှဖြစ်မယ်၊ ဒါကြောင့် လမ်းထဲက လူတွေက တို့ ပြောင်းလာခါစက ပိုင်းကြည့်နေကြ တာကို၊ ဒါပေမဲ့ တစ်ယောက်မှ စကား စပြီး မပြောကြဘူး၊ နှုတ်လုံကြတယ်"

"နှုတ်လုံဆို မင်းတို့ငှားပေးတဲ့ ပွဲစားရဲ့ အမျိုးတွေလေ"

မိမိလမ်းလျှောက်ရာမှ အိမ်ပြန် ရောက်သော် အမျိုးသမီးက ဈေးမှ ပြန်ရောက်နေပေပြီ။

သူ့အား ဈေးထဲမှ သူငယ်ချင်း ပြောပြ၍ အိမ်အကြောင်းကို သိရသဖြင့် ပြောင်းရွှေ့ရန် ပြောနေပေပြီ။ မိမိက လည်း ပြောင်းရွှေ့ရန် အစီအစဉ်ကို ပြောပြကာ အိမ်သော့အပ်၍ ပွဲစားထံမှ စပေါ်ငွေ ပြန်တောင်းရန် ပြောခဲ့ပြီး ရုံးသို့ ထွက်လာခဲ့သည်။

✿

"ဖေကြီးရေ့ ဆွမ်းခံကိုယ်တော် ကြီး ကြွလာပြီ"

"အရှင်ဘုရား အိမ်ထဲကို ကြွပါ ဘုရား၊ တပည့်တော်တို့ အိမ်မှာ ပရိတ် တရားတော်များ ချီးမြှင့်ပေးတော်မူပါ ဘုရား"

အကျဉ်းချုံး ဆွမ်းကပ်သည်မှ မိသားစုများသာ တရားနာယူကြသည်။ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော် ပြီးသောအခါ သုံးဆယ့်တစ်ဘုံသို့ အမျှ အတန်းဝေပေးသည်။

ဆရာတော် ပြန်ကြွပြီးသော အခါ -

"ကဲ- အမေကြီးရေ သိမ်းစရာ ပစ္စည်းတွေသိမ်းဆည်းပြီး အဆင်သင့် ဖြစ်အောင်ထား၊ မနက် ကားခေါ်ထား တယ်၊ ရုံးက ကောင်လေးနှစ်ယောက် လည်း လာပြီး ကူသယ်ကြလိမ့်မယ်"

အိမ်ပြောင်းမည့် ညမှာတော့ ဘုရားရှိခိုးပြီး ကြေးစည်ရိုက်ကာ ဇီဇဝါ ရုံဘေးသို့သွားပြီး တမလွန်က ဇီဇဝါမေ ကလေးအား မိမိ၏အာစိဏ္ဏကံကုသိုလ် အဖို့ဘာဂများကို ကျကျနန မေတ္တာပို့ အမျှဝေလိုက်သည်။

ထိုည အိပ်မက်ထဲတွင်တော့ အထက်အောက် အဖြူရောင် ဝတ်ဆင် ထားသော မိန်းကလေးတစ်ယောက် ကျောပိုးအိတ်ကလေးလွယ်လျက် ဒန်း၌ ထိုင်ကာ မိမိအား ပြုံးပြနေသည်ဟု အိပ်မက်မက်မိသည်။

နံနက်အိပ်ရာထ စားသောက် ပြီး ကားရောက်လာ၍ ပစ္စည်းများတင် ကြသည်။

အားလုံး ပြီးဆုံးသောအခါ ဇီဇဝါ ရုံလေးနားသို့ သွား၍ -

'ကဲ- သမီးလေး ဇီဇဝါမေရေ ရောက်ရာဘုံဘဝက ဦးတို့ မိသားစု လှူဒါန်းသော ကောင်းမှုအစုစုကို အမျှ ပေးဝေပါတယ်ကွယ်၊ သာဓုခေါ်၍ မြင့် မြတ်တဲ့ ဘုံဘဝကို ရောက်နိုင်ပါစေ' ဟု စိတ်ထဲမှ မေတ္တာပို့သမိသည်။

ထူးခြားသည်က ခူးမည့်သူ မရှိ ဘဲ အပင်ခြေရင်းတွင် ဇီဇဝါပန်းပွင့်များ၊ ခရေပန်းကလေးများ ကြွေကျသည့်နှယ် ဖွေးဖွေး လှုပ်လျက်။

မိမိစိတ်ထဲတွင် တမလွန်မှ ဇီဇဝါ မေကလေးသည် အမျှရ၍ မြင့်မြတ် သော ဘုံဘဝကို ရရှိသွားကာ ကောင်းမှု ကုသိုလ်ဖြင့် အမျှဝေပေးသော မိမိတို့ မိသားစုအား နှုတ်ဆက်ခဲ့သည့် အမှတ် အသား ဖြစ်လိမ့်မည်ဟုသာ။

■■■■■■■■■■■■■■■■

*မိမိနောက်နား ဆီမှ*
*မပီမသ*
*အဓိပ္ပာယ်မဖော်နိုင်သော*
*တိုးညှင်းသည့်*
*စကားသံများကို*
*နားနားကပ်၍ မိမိ*
*တစ်ယောက်တည်း*
*ကြားနေရသည်။*

■■■■■■■■■■■■■■■■

**ဇော်သိုက်(ပန်းချီ)**

❑



www.burmeseclassic.com

www.burmeseclassic.com

# မေမေ့လက်ရာ လွမ်းစရာ

မာလာသိန်း
(မန္တလေး ဂျီတီအိုင်)



ပန်းချီအောင်နိုင်လတ်

"မေမေရေ ဒီတစ်ရည်ပွက်ရင် မီးပိတ်ရတော့မလား"

မီးဖိုထဲက သမီးအသံကြောင့် ရေးလက်စ စာမူကို ခဏထားခဲ့ပြီး သမီးအနားကို ကျွန်မ သွားကြည့်မိပါသည်။ မီးဖိုပေါ်ရှိ ငါးရံ့ဟင်းရည်အိုးပွက်နေသည်ကို တွေ့ရ၍ -

"ခဏနေဦး၊ မေမေ ဟင်းမြည်းကြည့်လိုက်မယ်၊ သမီး ဘေးခဏဖယ်နေလေ"

ဟင်းခပ်ဇွန်းအကြီးနှင့် ငါးဟင်းရည်ကို ကျွန်မ မြည်းစမ်းကြည့်ရာ အရသာ အနေတော်မို့ မီးခလုတ်ကို ပိတ်လိုက်ပါသည်။

"သမီးရယ်၊ ဟင်းအိုးတွေ ချက်ပြုတ်ပြီးရင် တစ်ခါတည်း ဘေးပတ်ဝန်းကျင်နဲ့ မီးဖိုပေါ် သန့်ရှင်းရေး လုပ်ရတယ်ကွဲ့၊ အခု ရှုပ်ပွနေတာပဲကွယ်"

"ဪ- မေမေရယ်၊ သမီး ဟင်းချက်မပြီးသေးလို့ပါ။ အားလုံး သမီး ရှင်းလင်းပေးပါ့မယ်၊ စိတ်သာချနေစမ်းပါ။ အိမ်ရှေ့က မေမေ့စာမူသာ လက်စသတ် ပြီးအောင် ရေးပါနော်၊ သမီး ဖတ်ကြည့်ချင်လှပြီ"

ကျွန်မ အိမ်ရှေ့စာရေးစားပွဲသို့ ပြန်လာပါသည်။ ဘောလ်ပင်ကိုကိုင်

www.burmeseclassic.com

ကာ စာမှုဆက်မရေးနိုင်သေးဘဲ ငေးငိုင်နေမိပါသည်။

ကျွန်မ ငေးငိုင်ကာ တွေးနေမိသည်မှာ ငယ်စဉ်ကတည်းက ကျွန်မတို့ ညီအစ်မသုံးယောက်ကို ဟင်းလျာမျိုးစုံ ချက်ပြုတ်ကျွေးမွေး ပြုစုလာသည့် မိခင်ကြီး၏ လက်ရာ ဟင်းလျာများကို သတိရနေမိသည် ဖြစ်ပါသည်။ ကျွန်မ သိတတ်သောအရွယ်မှစ၍ ယခု လွန်ခဲ့သော ရှစ်လ (၂၀၁၅) ခုနှစ်၏ နှစ်ဆန်းပိုင်းအထိ သားသမီးများ ကြိုက်နှစ်သက်သော ဟင်းလျာများကို ချက်ပြုတ်ကျွေးမွေးခဲ့သော မိခင်ကြီး၏ လှုပ်ရှားမှုပုံရိပ်များကို ပြန်လည်မြင်ယောင်နေမိပါသည်။

"သမီးတို့ရေ- နက်ဖြန်မနက်စောစောထနော်၊ ငါ့သမီးတွေအကြိုက် မုန့်ဟင်းခါး မေမေ စီစဉ်ထားတယ်၊ အကြော်တွေလည်း အစုံပါမယ်နော်၊ နောက်ကျပြီး အိပ်ရာထလို့ကတော့"

"ဟေး . . . ပျော်စရာကြီး"

ကျွန်မတို့သားအမိအသံကြောင့် အလုပ်မှပြန်လာသည့် ဖခင်ကြီးမှာ အမောပြေစေပါသည်။ ဖခင်ကြီးအိတ်ကို ပြေးကြိုယူသူကယူ၊ သောက်ရေအေး ခပ်ပေးသူကပေး၍ ဖခင်ကြီးထိုင်ခုံကို ပြေးယူပေးသူက ပေးနှင့် ကျွန်မတို့ ညီအစ်မများ ကြိုဆိုကြပါသည်။

"မိရေ . . နက်ဖြန် အစ်ကို အလုပ်နားတယ်၊ အိမ်မှာရှိနေမှာမို့ မိသားစု စုံစုံညီညီ စားရအောင် ဟင်းလျာစီမံပါကွယ်"

"နံနက်ခင်း အဆာပြေတော့ မုန့်ဟင်းခါးချက်ဖို့ စီစဉ်ထားပြီးပါပြီ အစ်ကို၊ နေ့လယ်စာ ဘာဟင်းစားချင်လဲ-ဟင်"

"ငါ့သမီးတွေအကြိုက်သာ ချက် [illegible]ယ်၊ သမီးတို့ ဒုန်းထမင်း စားမလား၊ ကြက်ကာလသားဟင်း စားမလား"

"ဒုန်းထမင်း . . ဒုန်းထမင်း"

ကျွန်မတို့ ညီအစ်မသုံးယောက်စလုံး သံပြိုင်အော်ကြပါသည်။

မေမေ့ လက်ရာ ဒုန်းထမင်း၊ ကြက်သားဆီပြန်၊ ငါးပိဆီကြော်၊ သရက်ချဉ်သုပ်၊ ဒန့်သလွန်ရွက်ဟင်းချိုကို ကျွန်မတို့မိသားစု အားလုံး အကြိုက်ဆုံးဖြစ်ပါသည်။

တစ်ခါတစ်ရံ ကြက်သားဟင်းနှင့် မတွဲဖက်ဘဲ အမဲသားနှပ်ဟင်းနှင့် တွဲချက်လျှင်လည်း အထူးပင် စားမြိန်ပါသည်။ အအီပြေ သရက်ချဉ်သုပ်နှင့် သွေးတိုးမဖြစ်စေရန် ဒန့်သလွန်ရွက်ဟင်းချိုကို တွဲဖက်ထားပါသည်။

ယခု သမီးချက်နေသော ငါးရံ့ဟင်းမှာလည်း ကျွန်မ မိခင်ကြီး ချက်ကျွေးသကဲ့သို့ သမီးအား ချက်စေခြင်းဖြစ်ပါသည်။

ငါးရံ့လက်ကောက်ဝတ်အရွယ် ငါးဆယ်သားခန့်တစ်ကောင်ကို အကြေးခွံသင်ကာ ခုတ်ထစ်အသားတုံး၍ ဆား၊ ငံပြာရည်၊ နနွင်းအနည်းငယ်တို့နှင့် နယ်ထားပါသည်။ ငါးရံ့ခေါင်း အပိုလေးခေါင်းမျှ ထပ်ဝယ်လာပြီး သန့်စင်ကာ ဆား၊ နနွင်း နယ်ထားပါသည်။ စပါးလင် နှစ်ပင်ကို ဆေးကြောကာ ရေုတ်ကျည်ပွေ့ဖြင့်ထုကာ အဆင်သင့်ပြင်ထားပါသည်။

ဟင်းချက်ဒယ်အိုးထဲသို့ ဆီ နှစ်ကျပ်ခွဲသားမျှ ထည့်ကာ မီးအပူပေး၍ ချင်း၊ ကြက်သွန်ဖြူ/နီ ထောင်းထားသည်ကို ထည့်ကာ ဆီသတ်ရပါသည်။

အိုးထဲသို့ ရေုတ်သီးဟင်းချက်မှုန့်အနည်းငယ်မျှထည့်ကာ ငါးကိုထည့်၍ မွှေကာ လုံးရပါသည်။ ငါးရံ့ခေါင်းအသားတို့ ဆီသတ်၍ ဟင်းလုံးသည်ဟု ခေါ်ပါသည်။ ငါးအသားတို့ အနည်းငယ် နူးညံ့၍လာကာ ဟင်းအိုး ရေခန်းလျှင် အသားမြုပ်အောင် ရေအေးခပ်ထည့်ကာ စပါးလင်ထုထောင်းထားသည်ကို ထည့်၍ အဖုံးအုပ်ထားရပါသည်။

ဟင်းအိုးပွက်ပွက်ဆူသော် ဟင်းရည်အနံ့မှာ မုန့်ဟင်းခါးဟင်းရည်နံ့ကဲ့သို့ မွှေးကြိုင်လာပါသည်။ အပေါ်အငန် ဟင်းခတ်မှုန့်တို့ကို လိုအပ်သလို ထပ်ထည့်၍ ဟင်းအိုးကို မီးဖိုပေါ်မှ ချလိုက်နိုင်ပါသည်။

အရည်များများ ဟင်းရည်ကို ရွှဲရွှဲဆမ်း၍လည်းကောင်း၊ သောက်၍လည်းကောင်း၊ ငါးပိဖျော်ရည်ပျစ်ပျစ်နှင့် တို့စရာ အရွက်အသီး စုံလင်စွာဖြင့် မိသားစု စားခဲ့ရသော ထမင်းပွဲကို မြင်ယောင်ကာ မိခင်ကြီးနှင့် ဖခင်ကြီးကို လွမ်းမိပါသည်။

ထို့အပြင် ကျွန်မ မိခင်ကြီး၏ ဇာတိမှာ မြစ်ဝကျွန်းပေါ် အင်္ဂပူမြို့ဖြစ်ပါသည်။ ကျွန်မကို မွေးဖွားခဲ့သည်မှာ ဇလွန်မြို့တွင်ဖြစ်သဖြင့် ဧရာဝတီတိုင်းသူ ပီသစွာ ငါး၊ ပုစွန်ဟင်းကို အခြားအသားဟင်းများထက်ပို၍ နှစ်ခြိုက်ခုံမင်ပါသည်။

ငါးကြီးသားများထက် ခေါင်းတစ်ရာသား ငါးဟင်းလျာများကို မကြာခဏ မေမေမှ ချက်ကျွေးပါသည်။ ငါးဘဲဖြူ အိုးကပ်ဟင်း ကြွပ်ကြွပ်လေးကို ပင်စိမ်းရွက်များများ အုပ်ထားသော ဟင်း၊ ငါးမြွေထိုးအကောင်ကြီးများကို မီးမြှိုက်ကာ တုံးတစ်၍ မဆလာ၊ မန်ကျည်းမှည့်ရည်နှင့် ချက်ထားသော ငါးမြွေထိုးကုလားဟင်း၊ ငါးအိုက်ငါး



www.burmeseclassic.com

www.burmeseclassic.com

(တစ်တောင်ခန့်အရှယ်)ကို မီးမြိုက်ကာ ရေချိုဟင်းရည်ကို နံနံပင်အုပ်ကာ ချက်ထားသောဟင်း၊ ငါးခူအသား လွှာကာ အသားကို ရဲယိုရွက်နှင့် ချက်ကာ အလယ်ရိုးကို ကန်စွန်းရိုးနီဖြင့် ချဉ်ရည်ဟင်းချက်ထားသော ဟင်းတို့ကို တွေ့မြင်ယောင်ကာ မေမေ့လက်ရာကို လွမ်းမိပါသည်။

ငါးစင်စစ်ငါးလေးများ၊ ငါး ရွှေစာရေးငါးကလေးများ ပေါ်လျှင် တစ်ပိဿာ၊ နှစ်ပိဿာမျှ ဝယ်ထားကာ ဆီဖြင့် ကြွပ်ကြွပ်ကြော်ကာ နို့မှုန့်ဘူး ဟောင်းထဲတွင် ထည့်ထားပေးပါသည်။ သမီးများနှင့် ခင်ပွန်းသည်တို့ ဝဝလင် လင် စားရန်အတွက် ဖြစ်ပါသည်။

ငါးဖယ် အကောင်ကြီးများကို တစ်ပိဿာမျှ ဝယ်လာကာ အကြေးခွံများကို ဖယ်ခြစ်ပစ်၍ အရိုးသတ်သတ်၊ အသားပြင်သတ်သတ် ခွဲ၍လွှာကာ ငါးဖယ်လိပ်ရေချိုဟင်းကို စပါးလင်နှင့် ချက်ကျွေးပါသည်။

တစ်ခါတစ်ရံ ငါးရံ့ပနော် တစ်ထွာခန့် အကောင်ငယ်များပါရော၍ ငါးဖယ်လိပ်၊ ငါးရံ့လိပ် ရေချိုဟင်း ချက်ကျွေးတတ်ပါသည်။ ငါးခူငါးများကို ကြော်ကာ ငရုတ်သီးဖတ်၊ ကြက်သွန်ဖြူ/နီတို့နှင့် ရောကြော်ကာ အိမ်ခြံစည်းရိုးမှ ကင်ပွန်းချဉ်ရွက် ချဉ်ရည်ဟင်းချို၊ မန်ကျည်းရွက် ချဉ်ရည်ဟင်းတို့ဖြင့် တွဲဖက်စားသုံးစေပါသည်။

ကျွန်မတို့ရပ်ရွာတွင် အင်း၊ အိုင်၊ ချောင်း၊ မြစ်များ ပေါများသောကြောင့် ငါး၊ ပုစွန် ပေါများပါသည်။ မိုးရာသီနှင့် ရေကြီးသောအချိန်များတွင် ပိုမိုပေါများပါသည်။ ထိုအချိန်မျိုးတွင် မိခင်ကြီးမှ ပုစွန်များကို လှော်ကာ ပုစွန်ခြောက် ပြုလုပ်ထားသကဲ့သို့ ငါးရံ့အကောင်ကြီးများကို ငါးရံ့ခြောက်လှန်းခြင်း၊ ငါးကျည်းခြောက်လှန်းခြင်း၊ ငါးဖန်းမငါးပိကောင်ပြုလုပ်ထားခြင်းနှင့် ငါးပတ်၊ ငါးကြင်းတို့နှင့် ငါးသလောက်တို့ကို အတုံးကြီးကြီး တုံးတစ်၍ ငါးဆားနယ်လုပ်ကာ စဉ့်အိုးငယ်များတွင် သိမ်းထားခြင်းတို့ ပြုလုပ်ပါသည်။

ငါးခုံးမ၊ ငါးဘဲဖြူစသော ငါးကလေးများကို ထမင်းမာမာနှင့် ရောနယ်ကာ ငါးချဉ်ပြုလုပ်ပါသည်။ ထိုငါးချဉ်ကို ငှက်ပျောဖက်နှင့်ထုပ်ကာ လက်ပစ်ဗုံးပုံစံ နှီးကြိုးဖြင့် ချည်နှောင်ထားသည်ကို မြင်ရသည်မှာ အလွန်လှပပါသည်။ ဧည့်သည်များကို ရပ်ရွာပြန်လက်ဆောင်အဖြစ်လည်း ပေးနိုင်ပါသည်။

ထို့ပြင် ရေပေါ်တွင် ပြေးလွှားကူးခပ်နေသည့် ငါးတောင်စင်း ငါးကလေးများကို သန့်စင်အောင် ဆေးကြော၍ ဆားအနည်းငယ်နှင့်နယ်ကာ ပုလင်းငယ်များထဲတွင် အလုံပိတ်ကာ ပါစွန်ပုလင်းများ အများအပြား ပြုလုပ်ထားပေးပါသည်။

တစ်နှစ်ပတ်လုံး မိသားစု စားရန်နှင့် ရန်ကုန်မှ ဇာတိမြေဖွား ဆွေမျိုးမိတ်ဆွေများကို လက်ဆောင်ပေးရန် ဖြစ်ပါသည်။

ဤ 'ပါစွန်သုပ်' ဟူသော ဟင်းလျာကို ကျွန်မ၏ မိခင်ကြီးတို့ ဇာတိမြေနှင့် ပဲခူးတိုင်း အချို့မြို့ရွာများတွင်သာ စားသုံးတတ်ကြပါသည်။ သို့သော် သုပ်စားရာတွင် ထည့်သည့် အဆာပလာများ မတူကြပါ။

ဖခင်ကြီးမှာ ပဲခူးတိုင်း ဇီးကုန်းမြို့မှဖြစ်၍ ၎င်းမြို့တွင်လည်း ပါစွန်သုပ်စားတတ်ကြပါသည်။ ထိုမြို့၌ ပါစွန်လုပ်ရာတွင် ဆန်နီလှော်မှုန့် (သို့မဟုတ်) ဆန်ကွဲလှော်မှုန့်ကို ပုလင်းထဲ ထည့်တတ်ကြပါသည်။

ပါစွန်သုပ် ပြုလုပ်ပုံမှာ စတင်ပုလင်းထဲထည့်ပြီး တစ်ပတ်ခန့်အကြာတွင် ပုလင်းမှာ မွှေးသော အနံ့ထွက်လာလျှင် သုပ်၍ရပြီဖြစ်ပါသည်။

မသုပ်ခင် အခြားအဆာပလာများကို ပြင်ဆင်ပုံမှာ ငါးအသားဖတ် (ငါးခူ/ငါးရံ့) အနည်းငယ်ကို ဆီသတ်ထားကာ မန်ကျည်းသီး အသေးလေးများကို ဆားအနည်းငယ်မျှ ထည့်၍ ညက်အောင် ထောင်းထားပါသည်။ ဆားထည့်ခြင်းမှာ မည်းမသွားရန် ဖြစ်ပါသည်။

သရက်ကင်းဥ လက်မအရွယ်နှင့် ဆီးဖြူသီး လေးလုံးမျှ အစေ့ဖယ်ကာ ညက်အောင် ထောင်းထားရပါသည်။ ငရုတ်သီးစိမ်း အနည်းငယ်ကိုလှော်၍ ညက်အောင် ထောင်းထားရပါသည်။ ထောင်းထားသည်တို့ကို လင်ပန်းတစ်ခုထဲတွင် တစ်ပုံစီ ပုံထားရပါသည်။

ထို့နောက် ပဲသီးတောင့်ရှည် (၂၅) တောင့်ကို ပါးပါးလှီးကာ ဇလုံတစ်ခုထဲတွင် ထည့်ထားကာ ရှမ်းနံနံရွက်၊ နံနံပင်အနည်းငယ်ကို ပါးပါးလှီးထည့်ရပါသည်။

လင်ဗန်းထဲမှ အဆာပလာများကို ဇလုံထဲတွင် စုထည့်ပြီး ပါစွန်ပုလင်းထဲမှ ငါးတောင်စင်းဖတ်ကလေးများကို စတီးဇွန်း သုံးဇွန်းစာမျှထည့်ကာ ရောနယ်ရပါသည်။ ဆီချက်ဆီ အနည်းငယ်သာ ထည့်ရပါသည်။

အဇုပ်၊ အငန်၊ အချဉ်၊ အစပ်မျှတအောင်နယ်ပြီး အလှပြင်ပန်းကန်ပြားတွင်ထည့်ကာ ကြက်သွန်နီကြော်များ ဖြူးထားရပါသည်။ ငါးတောင်စင်းငါးဖတ်ရလေးများ (ပါစွန်) များများထည့်





www.burmeseclassic.com

www.burmeseclassic.com

သုပ်လျှင် စားနေရင်း မျက်ကြောများ စင်းလာသည်ထိ တက်တက်ပါသည်။ ထို့ကြောင့် သုံးဇွန်းမျှသာ ထည့်သုပ်ခြင်း ဖြစ်ပါသည်။

ငါးအသားမထည့်ဘဲ ပုစွန်ဆိတ်ထောင်းလည်း ထည့်နိုင်ပါသည်။ သွေးတက်စာဖြစ်၍ ကျောက်ဖရုံသီးဟင်းချိုနှင့် တွဲဖက်စားလျှင်သော်လည်းကောင်း၊ ဒန့်သလွန်ရွက်ဟင်းချိုနှင့်သော် လည်းကောင်း တွဲဖက်စားကြပါသည်။

ဖခင်ကြီးတို့ ဒေသတွင်တော့ ပဲတောင့်ရှည်အစား ပဲစောင်းလျားသီးလှီး၍ ထည့်သုပ်ကြပါသည်။ ကျွန်မတို့ မိခင်ကြီး၏လက်ရာ ပါစွန်သုပ်ဟင်းပွဲကို ကျွန်မမျက်စိထဲတွင် ယခုပင် မြင်ယောင်ကာ မိခင်ကြီးကို လွမ်းနေမိပါသည်။

ငါးများအလွန်ပေါသော အင်းဖော်သောအချိန်တွင် ဆိုက်ကားပေါ်၌ ငါးပေါင်းစုံ ထည့်ထားသည့် တောင်းကြီးများနှင့် မေမေ ဈေးက ပြန်လာတတ်ပါသည်။

ငါးအကြီးများကို ရွေးဖယ်ကာ ချက်စားစရာ၊ အခြောက်လှန်းစရာ၊ ငါးဆားနယ်လုပ်စရာတို့ ဖယ်နုတ်ပြီးလျှင် ကျန်သည့်ငါးသေးများကို ချေးဖောက်၊ ဆေးကြော၊ ဆားပက်ကာ စဉ့်အင်တုံကြီးများတွင်ထည့်ကာ ဆန်ကောအကြီးကြီးများဖြင့် လုံအောင်အုပ်ရပါသည်။

တစ်ပတ်ခန့်အကြာတွင် ထိုငါးများကို ခပ်ယူ၍ သစ်သားငရုတ်ဆုံကြီးများဖြင့် ထောင်းရပါသည်။ ထို့နောက် နေအလွန်ပူသောနေရာတွင် ဝါးကြောဖျာကြီးပေါ်တွင် ဖြန့်ကာ လှန်းကြရပါသည်။ အလွန်ပုပ်စော်နံသောကြောင့် စက်စက်ယိုဘုရားဝင်းအတွင်း သွားကာ နေလှန်းရပါသည်။

ကျွန်မနှင့် ကျွန်မ၏ဦးလေးငယ် (မိခင်ကြီး၏မောင်) ကိုကျော်ကြီးတို့မှာ နေ့စဉ် ငါးပိလှန်း သွားကြရပါသည်။ လွယ်အိတ်ထဲတွင် ငရုတ်သီးမှုန့်ထုပ်နှင့် လောက်လေးခွ၊ လောက်စာလုံးတို့ အမြဲထည့်သွားကာ ခွေးပစ်ရန်နှင့် သရက်သီးပစ်ရန်ဖြစ်ပါသည်။

သရက်ရွက်ပေါ်တွင် ငံပြာရည် (ငါးပိမှစီးကျလာသော)ထဲ၌ ငရုတ်သီးမှုန့်ထည့်ကာ သရက်ကင်းများနှင့် တို့စားရသော အရသာကို ယခုအရွယ်မှ ပြန်လည် တမ်းတမိသော်လည်း မရနိုင်တော့ပြီ ဖြစ်ပါသည်။

နောက်ဆုံး နေလှန်းပြီး ခြောက်သွားသော ငါးပိများကို တစ်ပိဿာအလုံးများ လုံးကာ စဉ့်အိုးများတွင် ထည့်ကာ တစ်နှစ်စာရိက္ခာ ဖြည့်တတ်သည်မှာ မိခင်ကြီးပင်ဖြစ်ပါသည်။

အင်္ဂပူ ငါးပိရည်မွှေးမွှေးနှင့် မိမိ၏ခြံထွက် သီးနှံများဖြစ်သည့် ဘူးညွန့်၊ ခွေးတောက်ညွန့်၊ ဖရုံညွန့်၊ ဘူးသီးပုပ်များကို ရေနွေးဖျောကာ ခရမ်းကြွပ်သီး၊ ခရမ်းကစော့သီးများကို ကိုက်ဝါးစားလိုက်ရရင်ဖြင့် လူဖြစ်ရကျိုးနပ်ပြီလို့ ထင်ခဲ့မိတဲ့ ကျွန်မတို့ဘဝပါ။

ထို့ပြင် အိမ်ခြံနောက်နှင့် ဘေးတွင် စိုက်ပျိုးထားသော မံ့တက်ပင်မှ မံ့တက်ရွက်နုများ၊ မုန်လာပင်အရွက်နှင့် ဥများကို ချဉ်ဖတ်ပြုလုပ်ထားကာ ကြောင်လျှာသီးနှင့် သရက်ကင်းဥတို့ကို ပါးပါးလှီးကာ ကန်စွန်းရိုးနီ ထက်ခြမ်းခွဲချဉ်ဖတ်သည်လည်း မေမေ့လက်ရာ အစစ်ပါပဲရှင်။

ယခုအချိန်မှာတော့ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ကျွန်မ မိခင်ကြီး၏ လက်ရာကို ကျွန်မ စားခွင့်မရှိတော့ပါပြီ။

ထို့ကြောင့် မေမေ့လက်ရာ ဟင်းလျာများကို ကျွန်မ မြင်ယောင်လွမ်းမိ တမ်းတနေသကဲ့သို့ ဤစာဖတ်သူ သင်တို့သည်လည်း သင်တို့၏ မေမေ့လက်ရာ ဟင်းလျာများကို လွမ်းနေကြပြီ မဟုတ်လားရှင်။

**မာလာသိန်း(မန်း ဂျီတီအိုင်)**

□

www.burmeseclassic.com



အဓိပ္ပာယ်-ဖွင့်ဆိုချက်

ဂမ္ဘီရမှာ အလွန်တွင်ကျယ်သော စကားလုံး ဖြစ်လာ၏။ ဂမ္ဘီရသည် ပါဠိ စကားလုံး ဖြစ်သော်လည်း မွေးစားခံ လိုက်ရပါသည်။ ဦးဟုတ်စိန်၏ ပါဠိ-မြန်မာ-အဘိဓာန်တွင် deep, profound ဟု ပြန်ထား၏။ deep - နက်ရှိုင်းစွာ၊ နက်နက်၊ လေးနက်ခက်ခဲစွာ ဟူ၏။ profound - အလွန်နက်ရှိုင်းသော၊ အလွန်နိမ့်ကျသော၊ အလွန်တရာ နှိမ့်ချမှုပြသော ဟုတွေ့ရပါသည်။

ဤနေရာတွင် အလွန်နက်ရှိုင်းသော၊ နက်ရှိုင်းစွာကို အဓိပ္ပာယ်ယူချင်ကြ၏။

အဘယ်နေရာတွင် နက်ရှိုင်း၊ လေးနက်၊ ခက်ခဲနေကြပါသနည်း။ ဖြစ်ရိုးဖြစ်စဉ်၊ မြင်ရိုးမြင်စဉ်များမှ ကျော်လွန်သွားသော အကြောင်းအရာများကို ဆိုလိုပါသည်။

မဖြစ်နိုင်ဘူးဟု ထင်ရမှုများမှ လက်တွေ့ဖြစ်ပေါ်သွားခြင်းများလည်း ရှိ၏။ သိပ္ပံ လက်တွေ့စမ်းသပ်ခန်းများနှင့် သက်သေပြနိုင်ရန်မှာ မလွယ်ကူပါ။

ပဋ္ဌာန်းတရားနှင့် ပတ်သက်၍ 'အတိဂမ္ဘီရ' ဟုလည်း သုံးနှုန်းထားပါသည်။ နက်နဲမှုအပြည့်ရှိသည် ဟူ၏။ အချို့ကလည်း သရဲ တစ္ဆေဇာတ်လမ်းများကို 'ဂမ္ဘီရ' ဟုဆိုချင်ကြ၏။ ဝိမာန ဝတ္ထုများဟု ပါဠိတော်တွင် ပါဝင်ပြီး ဖြစ်၏။ ဂမ္ဘီရတွင် ဝိဇ္ဇာနှင့်သိပ္ပံ နှစ်ရပ်လုံး အကျုံးဝင်နေ၏။ ဂမ္ဘီရ ဖြစ်၏၊ မဖြစ်၏ အငြင်းမပွားအပ်ပါ။

ဘုရား၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများအားလုံး ဂမ္ဘီရဖြစ်ကြ၏။ ဓမ္မခန္ဓာအားလုံး ဂမ္ဘီရဖြစ်နေပါသည်။ ခေတ်မီ



www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံပညာရှင်၊ ပညာရပ်များအားလုံး ဂမ္ဘီရဆန်နေကြပါ၏။

## ဂမ္ဘီရပညာ

ဗေဒင်ကိုင်လျှင် ယတြာနိုင်ရမည်။ ယတြာပိုင်နိုင်ခြင်းသည် ဂမ္ဘီရဖြစ်ပါသည်။ (တိုင်းရင်း) ဆေးကိုင်လျှင် ရာသီ (ဥတု၊ ချိန်ခါ) ကျွမ်းကျင်ရမည်။ ဤသည်ပင် ဂမ္ဘီရမည်၏။ ရှေးဆရာကြီးများက" ယတြာမနိုင်၊ ဗေဒင်မကိုင်နှင့်၊ ရာသီမနိုင်၊ ဆေးမကိုင်နှင့်၊ အခါမနိုင်၊ ဓာတ်မကိုင်နှင့်၊ နက္ခတ်မနိုင်၊ အင်းမကိုင်နှင့်" ဟုဆိုထားခဲ့ကြပါသည်။ ဗေဒင်၊ ဆေး၊ ဓာတ်၊ အင်းများ အားလုံးလည်း ဂမ္ဘီရများပင်။

ပညာရပ်တစ်ခုကို တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သွားသူကို ဂမ္ဘီရဆရာကြီးဟုသုံးနှုန်းတတ်ကြပါ၏။ ထေရဝါဒတွင် ဗေဒင်၊ ဆေး၊ ဓာတ်၊ အင်းများမရှိပါ။ 'ပ' (၃)လုံးသာ ရှိပါသည်။ ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူ၏။ သင်အံ၊ လေ့ကျက်၊ ပွားများ ဟူ၍ အတိုအားဖြင့် နားလည်ရမည်။ ၎င်းတို့လည်း ဂမ္ဘီရများဖြစ်ပါသည်။

ပိဋကတ်သုံးပုံကို သင်အံရမည်။ သမထ၊ ဝိပဿနာကို လေ့ကျက်ရမည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်အောင် ပွားများကြရမည်။ ဤသည်တို့ကား ဂမ္ဘီရစစ်စစ်များဖြစ်ကြပါ၏။

ဗေဒင်၊ ဆေး၊ အဂ္ဂိရတ်၊ အင်းများကိုသာ ဂမ္ဘီရဟုထင်လျှင်မမှန်နိုင်ပါ။

ဝိမုတ္တိယုဂ- သမထ၊ ဝိပဿနာများအားထုတ်ကြရန် တိုက်တွန်းမှုများသောခေတ်တွင် အဘိဓမ္မာတရားများ ထွန်းကား၏။ အဘိဓမ္မာ တတ်ကျွမ်းသူများ ရှေ့ဆုံးရောက်နေတတ်၏။

## ဂမ္ဘီရခေတ်

သီလ ဆောက်တည်ရန် တိုက်တွန်းကြသောခေတ်တွင် ဝိနည်းတရားများ ပိုသင်ကြားကြသည်။ ဝိနည်းစကားများ ပိုပြောကြ၏။ ဝိနည်းကျွမ်းကျင်သူများ ရှေ့တန်းရောက်နေကြပါသည်။

အလှူဒါနခန်းများ အားကောင်းသောခေတ်တွင် သုတ္တန်တရားများ ထွန်းကားပါ၏။ သုတ္တန်ထရားလာ နိပါတ်တော်များ ကျွမ်းကျင်သူ များပြားပါသည်။

သို့ဖြစ်၍ ဒါနခေတ် သုတ္တန်ထွန်း၊ သီလခေတ် ဝိနည်းထွန်း၊ ဘာဝနာခေတ် အဘိဓမ္မာထွန်းဟု မှတ်သားတတ်ကြ၏။

ဝိနည်းကို သီလ၊ သုတ္တန်ကို သမာဓိ၊ အဘိဓမ္မာကို ပညာဟုလည်း ယေဘုယျအားဖြင့် သိထားသင့်ပါသည်။

ယခင်က ဆန်းကျမ်းတတ်သူများသည် ပို့၊ ကဗျာ၊ လင်္ကာများဖြင့် ပျော်မွေ့တတ်၏။ ယခုခေတ် မတတ်သူများလည်း ကဗျာစပ်တတ်ရုံဖြင့် ရနေပါပြီ။ အခြေပြုတန်း အငယ်တန်းတွင် ကဗျာ၊ စကားပြေ နားလည်ကျွမ်းကျင်ရန် သင်ပေးနေပါ၏။

သိုက်စာများကိုလည်း ဂမ္ဘီရ ဟုဆိုကြသေး၏။

စွယ်စုံ ကျော်ထင် ကျမ်းတွင် စမ်းဘဲ အင်းစုံမင်းတရားလက်ထက် စက္ကာသိပ္ပေ ဘာသ တံဆိပ်တော်ရ နတ်စက်ရောင်ဆရာတော် စီရင်ခဲ့သော သာသနာသိုက်၊ ဇာဂရုပုဏ္ဏား စီရင်ခဲ့သောသိုက်၊ ပေါက်ကျုံမြို့(ပုဂံ) ရွှေစည်းခုံဘုရားဝယ် သိကြား ရေးသားထားသော သိကြားသိုက်၊ ဂဝံပတေ့သိုက်၊ ငမှန်တန်းသိုက်၊ ...ါခံရသေ့သိုက် ဟူ၍ (၆)စောင်သာ တွေ့ဖူးကြောင်းဆို၏။

ဆကေသဓာတုဝင် ကျမ်းကိုလည်း ရဟန္တာသိုက်ဟု ဆိုကြပြန်သည်။

## ဂမ္ဘီရပစ္စည်းများ

လောကနိပါတ် (၅၅၀) များတွင်လည်း ဂမ္ဘီရပစ္စည်းများအကြောင်းတွေ့ရ၏။ ဒဓိဝါဟနဇာတ်တွင် လူအလိုရှိရာ စေခိုင်းတိုင်း လုပ်ပေးသော ပဲခွပ် စကြာ၊ စည်စကြာ၊ နို့မဲအိုးစကြာနှင့် ကောင်းတင်ပျံနိုင်သော ပတ္တမြားအကြောင်း ပါရှိ၏။ ပဲခွပ်နှင့်အတူ ထည့်စရာ အိတ်လည်း ပါရှိသေး၏။

မီးမွှေးလိုလျှင် ချက်ချင်းလုပ်ပေးသော မီးပွတ်(ကောက်တုံး) လည်း အဆစ်ရသေးသည်။

စည်ကြီး၏ မျက်နှာတစ်ဖက်ကို တီးလျှင် ဆင်၊ မြင်း၊ ဗိုလ်ပါစသော ရန်သူတို့ ကြောက်လန့်ထွက်ပြေးကုန်၏။ အခြားမျက်နှာကိုတီးလျှင် အင်္ဂါလေးပါးရှိသော စစ်တပ်ကြီး ခြံရံပေါ်ပေါက်လာသည်။

နို့မဲအိုးမှ နို့များမကုန်မခမ်းနိုင်၊ သွန်ချလျှင်မြစ်ကြီးဖြစ်၍ စီးဆင်းသွားသတတ်။ ၎င်းဇာတ်တွင် သောက်ရေအိုး ပမာဏလောက်ရှိသော သရက်သီး အကြောင်းလည်း ပါဝင်လေ၏။ နို့ရည်၊ သကာရည်၊ ပြကတေ့ရည်တို့ဖြင့် သွန်းလောင်းစိုက်ပျိုးရကြောင်း ဆို၏။ သုံးနှစ်လွန်လျှင် ပွင့်၊ သီး သတတ်။ ဤခေတ် ကိုင်းကူးစိုက်ကြသော စိန်တစ်လုံး၊ မြကျောက်သရက်များလည်း သုံးနှစ်ဖြင့် သီးကြ၏။

ချေလက်ခါးကာ၊ စက်နားပင်း စွယ်၊ ဆင်မာန်စွယ်၊ ကျိုးအမတေ၊ မိုးကြိုးသွား၊ အမြှုတေများသည် ဤခေတ်တွင် ဂမ္ဘီရပစ္စည်းများအဖြစ် နာမည်ကျော်ပါသည်။

www.burmeseclassic.com

ငင်းပစ္စည်းများ ဆောင်ထားချိန်တွင် အရက် မသောက်သင့်ကြောင်း၊ ကာမပိုင် မမှားသင့်ကြောင်း သိရ၏။

### ကိုယ်ပျောက်ဆေး

ဆေးမြစ်၊ ဆေးရွက်တို့ကြောင့် ရှိန်းအုံ့ဆာယာပြီး၍ ကိုယ်ရုပ်ပျောက်နိုင်ကြောင်း ဆိုခဲ့ကြပါသည်။

လော့ကကြောင်းတွင် မင်းရဲကျော်စွာသည် ဒလတွင် ပြည်အရေးကို လုပ်ကြံသော ကာလရှာ၍ မတွေ့နိုင်သောကြောင့် နှောင်ကြိုးတန်းနှင့် ကိုက်၍ ရှာမှရသည်ဆို၏။

မိလိန္ဒမင်းမေး၍ ရှင်နာဂသိန်ဖြေရာတွင် ဆေးမြစ်ကျေးဇူးကြောင့် လူကိုမမြင်ရကြောင်း ဆိုထားပါသည်။ အယောယရဇာတ်တွင် မန္တာန်ဆေးမြစ်တို့ကြောင့် ရန်သူတို့ မမြင်နိုင်ကြောင်းကို အတပ်သိအပ်၏။

ဇယဒိသဇာတ်တွင်လည်း စူဠပေါရိသာဒကို မွေးစားသော အမိဘီလူးမသည် ဆေးမြစ်ကိုပေးသည်။ ထိုဆေးမြစ်ကို ကိုင်သွားသော် လူတို့ မမြင်ကုန်။ ကာလရှည်ကြာလျှင် မေ့လျော့၍ ဆေးမြစ်ပျောက်လျှင် သူ့သေကောင်ကို စားသော ကာလ လူတို့မြင်ကြလေ၏။ ဘီလူး ကိုယ်ထင်ပြ၍ သုသာန်တွင် လူသား စားသည်ဟု လူပြည်အလုံး သိလေကုန်သည်။

လူသားမဟုတ်၊ မြေဘုတ်ဘီလူး စသည်တို့လည်း ဆေးမြစ်ကြောင့် ကိုယ်ပျောက်ကြခြင်းဖြစ်သည်။ ဆေးမြစ်တင်မဟုတ်၊ ကိုယ်ပျောက်ဦးထုပ်၊ ကိုယ်ပျောက်စလွယ်၊ ကိုယ်ပျောက်ဝတ်ရုံများ ရှိကြောင်း ခေတ်သစ်ဇာတ်လမ်းများ ရှိပါ၏။

### ကိုယ်ပျောက်ဝတ်ရုံရှင်

ပြင်ဦးလွင်နေ ဒေါ်စိန်ခင်၏ (၁၀) နှစ်အရွယ် သားငယ်ကို စောင့်ရှောက်ခဲ့သူအကြောင်း ပြောချင်သည်။ ၎င်းကလေးလေး၏ ကြီးတော်လင်မှာ အရက်သောက်လွန်းပြီး သေခါနီးတွင် ပုတီးစိတ်သတတ်။ သေပြီးသော် ညတိုင်း ၎င်းကလေး (တူ)ကို လာခေါ်ပြီး မုန့်များဝယ်ကျွေး၊ ကစားစရာများဝယ်ပေး၏။ ခေါင်းပေါင်းဖြူ ဝတ်ရုံရှည်အမြဲဝတ်ထား၏။

တူ(ကလေး) မှလွဲ၍ မည်သူမျှ မမြင်ကြပါ။ အိမ်ပြောင်းသွားလျှင်လည်း တွေ့အောင်လိုက်ရှာပြီး တူ(ကလေး) ကို လာခေါ်တတ်၏။ ကျွတ်ချိန်တန်သော် တူ(ကလေး)ကို ရှင်သာမဏေ စည်းခိုင်း၏။ ရှင်သာမဏေဝတ်ပွဲတွင် သူညွှန်ကြားသည့်အတိုင်း (၂၀၀) ကျပ်တန်များ ကြဲပေးရသည်။ အမျှဝေပေးရ၏။ ရှင်သာမဏေဝတ်ပြီးကတည်းက ၎င်းပုဂ္ဂိုလ်ကို မတွေ့ရကြောင်းဆို၏။ ၎င်းဘဝထက် မြင့်မြတ်ရာကိုရောက်သွားပြီဟု ယူဆရသည်။

ဘုရားဟောကျမ်းတွင် နိဗ္ဗာန်သာမြဲသည်။ ကလာပ်ကျမ်းကလည်း ကောင်းကင်သာ မြဲသည်ဟု ဆို၏။ နိဗ္ဗာန် ကောင်းကင်မှတစ်ပါး မြဲသည်မရှိ၊ ဖောက်ပြန်တတ်သည်ချည်း၊ ပြုပြင်ရလျှင် ဖောက်ပြန်သည်ချည်းဖြစ်၏။ ဂမ္ဘီရ မှန်သမျှလည်း ဖောက်ပြန်သည်ချည်းသာတည်း။ ဂမ္ဘီရ၏အဆုံး နိဗ္ဗာန်ကို ရအောင်သာ ကြိုးစားသင့်လှသည် တကား။

**ဈာရိတ္တ**

□


**စီးပွားရေးလုပ်ငန်းရှင်များ**

**မိမိလုပ်ငန်းပိုမိုတိုးတက်အောင်မြင်စေရန်**

**လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။**

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက်သွယ်ရန်**

တိုက်အမှတ်(၇၂၄)၊ အခန်း(၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၅၂၂၂၈၄၀၈




www.burmeseclassic.com


www.burmeseclassic.com


# ရေနီလာအဆောင်ကျောက်မျက်

ဆရာကြီး ဦးအောင်မြိုင်



လုံးချောသွေးပြီးသား ရေနီလာအဆောင်ကျောက်မျက်အချို့ကို တွေ့မြင်ရပုံ





ရေနီလာကျောက်ရိုင်း အပိုင်းအစ တချို့

ပေပေါင်း ခြောက်ထောင်ကျော်ခန့်မြင့်သော ဒေါန တောင်တန်းကြီး၏ အနောက်ဘက်ခြမ်းတွင် ရေတံခွန်ကြီးများစွာရှိသလို စမ်းချောင်းကြီးငယ်များစွာလည်း ရှိပါသည်။ အချို့သော ရေတံခွန်အောက်ခြေတွင် ပေတစ်ရာခန့်ကျယ်သော စမ်းရေအိုင်ကြီးများ ရှိသည်။ ရေအနက်မှာ အလယ်တွင် ပေ ၂၀ ခန့်အထိ နက်ပြီး ကမ်းစပ်တွင် သုံးပေခန့်နက်သည်။ အချို့မှာ ရေအစိမ်းရောင်၊ အချို့မှာ ရေအပြာရောင်၊ အချို့မှာ ရေအကြည်ရောင် စသည်ဖြင့် အမျိုးမျိုးရှိကြသည်။

အချို့သောစမ်းရေအိုင်ကြီးများတွင် တစ်နေ့ရာတည်း ကွက်၍ ဖြာနေသည့် ရေအရောင်ကို ထူးထူးခြားခြား တွေ့ရှိရတတ်သည်။ ထိုရေအပြာရောင် အနီးဝန်းကျင်ရှိ ကျောက်တုံး၊ ကျောက်ဆောင်၊ ကျောက်အပိုင်းအချို့ကလည်း အပြာရောင် ဖြစ်နေသည်။

ထိုရေအိုင်ထဲမှ ကျောက်အပိုင်းအစအချို့ကို ကောက်ယူလာပြီး ပန်းပုလုပ်ငန်းလုပ်ကိုင်သူတို့ထံ ရောင်းချကြသည်။ ထိုပန်းပုလုပ်ငန်းရှင်တို့က ပန်းပုရုပ်တုများ ထုလုပ်ရောင်းချကြသည်။

သို့သော် အချို့သော ကျောက်မျက်ရတနာ ကျွမ်းကျင်သူအချို့က ထူးချွန်သော ကျောက်သွေးဆရာကို အပ်နှံ၍ ထိုကျောက်အတွင်းပိုင်းရှိ အကောင်းဆုံးကျောက်သားကို ခွဲစိတ်ဖြတ်တောက်ပြီး သွေးစေသောအခါ မိုးကုတ်ဒေသထွက် နီလာကျောက်ကောင်းကဲ့သို့ လှပသည့် အပြာရောင်ကျောက်လုံးချောအပွင့်မျိုး ရရှိခဲ့သည်။ ထို့ကြောင့် ထိုစမ်းရေအိုင်ထဲမှ ရရှိသည့် အပြာရောင်ကျောက်တို့ကို 'ရေနီလာ' ဟု နာမည်ပေးလိုက်ကြပါသည်။

ရေနီလာကျောက်ရိုင်းတုံး အချို့မှာ အချိန် ငါးပိဿာ ဆယ်ပိဿာခန့်အထိပင် ရှိတတ်ပြီး အများအားဖြင့် သယ်ယူရ လွယ်ကူအောင် တစ်ပိဿာ၊ ငါးဆယ်သား အတုံးငယ်များအဖြစ် ခွဲစိတ်ဖြတ်တောက် ယူဆောင်ရောင်းချကြသည်။

ထိုရေနီလာတို့မှာ အကောင်းစားနှင့် အညံ့စားဟူ၍ နှစ်မျိုးရှိကြပြီး အကောင်းစားထဲမှ အလင်းပေါက် ရေလိုသာ

www.burmeseclassic.com

ကျောက်မျက် တန်ဖိုးကြီးကြီးမျိုး တစ်လုံးကောင်း၊ နှစ်လုံးကောင်း သွေးယူရရှိတတ်ကြသည်။

အညံ့အမျိုးအစားမှာမူ အလင်းမှုန်နှင့် အလင်းပိတ် ရေနီလာကျောက် လုံးချောများသာ သွေးယူရရှိကြပါသည်။ အလင်းပေါက်နှင့် အလင်းမှုန် ရေနီလာကျောက်ချောများမှာ မိုးကုတ်နီလာကဲ့သို့ပင် အလှအပအတွက် ဝတ်ဆင်ကြပြီး အလင်းပိတ် ရေနီလာလုံးချောတို့ကိုမူ ဂမ္ဘီရပညာဖြင့်သိဒ္ဓိတင် စီရင်၍ အဆောင်ကျောက်အဖြစ် အသုံးပြုကြသည်။

ဘာသာရေး မကိုင်းရှိုင်း မရှိသေသော သားသမီးတို့၏ အိပ်ရာ ခေါင်းအုံးထဲမှာ ရေနီလာအဆောင်ကျောက်ကို ထည့်ထားပေးသောအခါ ဘာသာရေးကို စိတ်ဝင်စား ရိုသေ ကိုင်းရှိုင်းလာကြောင်း တွေ့ရှိရသည်။

သားသမီးတို့ကို အဆောင်ကျောက်အဖြစ် ဝတ်ဆင် ဆောင်ထားစေခြင်းဖြင့် သူတစ်ပါး လိမ်ညာလှည့်ဖြား ရောင်းစားခြင်း မခံရအောင် ကာကွယ်ပေးနိုင်သည်။ ထို့ပြင် အမှု အခင်း အချုပ်အနှောင် မဖြစ်အောင်လည်း ကာကွယ်ပေး နိုင်သည်။

ရေသန့် ရေအေးတွင် ရေနီလာအဆောင်ကျောက်ကို စိမ်ထားပြီး ထိုရေနှင့် မျက်စဉ်းခတ်ခြင်း၊ ရေစိမ်ထားသော ရေနီလာကျောက်ဖြင့် မျက်ခွံ မျက်ခမ်းတို့ကို ထိကပ်ပွတ်သပ် ပေးခြင်းခြင့် မျက်စိနာရောဂါ ဝေဒနာတို့ကို လျော့ပါးသက်သာ ပျောက်ကင်းစေခြင်း၊ မျက်စိကို ပိုမိုကြည်လင်စေခြင်း တို့ဖြစ်စေသည်။

ချစ်သူစုံတွဲ၊ ဇနီးမောင်နှံစုံတွဲတို့ ရေနီလာအဆောင် ကျောက်ကို လက်စွပ် သို့မဟုတ် ဆွဲသီး၊ ဆွဲပြား ပြုလုပ်၍ အတူတူဝတ်ဆင်ကာ ဆောင်ထားကြလျှင် တစ်ဦးအပေါ် တစ်ဦး သစ္စာမဖောက်ဘဲ သစ္စာရှိစွာ သာယာပျော်ရွှင် ခိုင်မြဲစွာ ချစ်ခင်ကြကြောင်း သိရှိရသည်။

ကံအားလျော်စွာ ရေနီလာကျောက် ရရှိခဲ့လျှင် အကျိုးရှိစွာ အသုံးချတတ်ကြပါစေသတည်း။

**ဆရာကြီး ဦးအောင်မြိုင်**

□


# သားသမီး မြေးမြစ်ကို သိပ်ချစ်သော အဘိုး၊ အဘွားများအတွက်

- ကျောင်းစာကို စိတ်မဝင်စားဘဲ အချိန်ပြည့် ဂိမ်း၊ အင်တာနက်တို့ကို စွဲလမ်းနေသော။
- မိဘစကားကို နားမထောင်ဘဲ အရွဲ့တိုက်ပြန်ပြော ထင်ရာစိုင်းနေသော။
- အိမ်မှာ မနေချင်ဘဲ အပေါင်းအသင်း အပျော်အပါးနှင့် လေနေသော။
- အရွယ်မတိုင်သေးဘဲ အချစ်ရေးကိစ္စအတွက် အရူးအမူးဖြစ်နေသော။
- မိမိကိုယ်ကို မထိန်းသိမ်းနိုင်ဘဲ လောင်းကစား၊ မိန်းမကိစ္စမှာ နစ်မွန်းနေသော။

စသည်ဖြင့် အကြောင်းတစ်မျိုးမျိုးနှင့် ခြေလှမ်းပျက်နေသော သားသမီးတို့ကို အချိန်မီထိန်းနိုင်ဖို့- ဂမ္ဘီရပညာ ယတြာအစီအရင်ဖြင့် ကူညီမှုလိုအပ်လျှင် လာခဲ့ပါ။ အမြန်ဆုံး စိတ်ချမ်းသာစေရမည်။ [နယ်မြို့များမှ ဖုန်းဖြင့်ဆက်သွယ်နိုင်ပါသည်။]

## ဆရာ ဦးပိုင်ဇအောင် ( ဝိဇ္ဇာဘွဲ့ )

### လက္ခဏာဗေဒင် + ယတြာအစီအရင်

တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁၊ ၀၉-၅၀၆၂၇၄၃





www.burmeseclassic.com

www.burmeseclassic.com

# သစ်ဥကျောက်အဆောင် အစီအရင်

ဆရာကြီးဦးအောင်မြိုင်



သစ်ဥကျောက်ဖြင့် စီရင်ပြုလုပ်ထားသော အဆောင်စေတီငယ်များနှင့် အဆောင်ကျောက်များ



သစ်ဥကျောက် အပြင်ခွံကို မြင်တွေ့ရပုံ



သစ်ဥကျောက် အတွင်းသားကို မြင်တွေ့ရပုံ

ကရင်ပြည်နယ် ဒေါနတောင်တန်းအနီး တောင်စောင်းတစ်နေရာတွင် တောင်ပြိုကျရာမှ အလေးချိန် ငါးပိဿာကျော်ခန့်ရှိသော ဥကြီးတစ်လုံးကို တွေ့ရှိကြရသည်။ ထိုဥ၏ ပြင်ပပုံသဏ္ဌာန်မှာ တိုင်းရင်းဆေးပညာရှင်အချို့က ဆင်သမန္တယ်ဟု ဟူ၍လည်းကောင်း၊ ဆင်တုံးမန္တယ်ဥ ဟူ၍ [illegible]ကောင်း၊ တောင်ကြာဥ ဟူ၍လည်းကောင်း အသီးသီး [illegible]ကြသည့် နှယ်ပင်ဥကြီးနှင့် အလွန်တူပါသည်။

အပြင်မျက်နှာပြင်မှာလည်း ဖြုတ်ထနေသည်။ ထူးခြားချက်မှာ ထိုဥကြီးသည် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်နေခြင်းပင်တည်း။ ဒေသခံအချို့က အဖိုးတန်ကျောက်မျက်ရတနာ ထင်မှတ်ပြီး ကျောက်ဖြတ်စက်ဖြင့် ဖြတ်တောက်လိုက်ကြရာ အတွင်းသားမှာ အချို့နေရာ ခပ်ဝါဝါ၊ အချို့နေရာ ခပ်ဖြူဖြူနှစ်ရောင်စပ်အဖြစ် တွေ့မြင်ရသည်။ အံမှတ်တမဲ့ကြည့်လျှင် ကန်စွန်းဥအဝါမျိုးနှင့် တူလှသည်။ ကျောက်သားမှာ အလင်းပိတ်ဖြစ်၍ ကျောက်မျက်ရတနာအဖြစ် မသုံးနိုင်ပေ။ ပန်းပုထုရန်မှာလည်း ကျောက်သားက မာကြောလှသဖြင့် အလုပ်မဖြစ်ပေ။

ကျွန်ုပ်၏ ရင်းနှီးသော မိတ်ဆွေတစ်ဦးက ထိုကျောက်ဖြစ်ရုပ်ကြွင်း သစ်ဥကျောက် အပိုင်းအစအချို့ကို ကျွန်ုပ်ထံသို့ ယူဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ ဂမ္ဘီရပညာရှင် ဆရာတစ်ဦးဖြစ်သော တိုင်းရင်းဆေးဆရာကြီး ဦးပန်းအေး၏ မှတ်တမ်းဟောင်းတွင် ပါရှိသည့်အတိုင်း ထိုသစ်ဥကျောက်ကို ကျောက်သွေးစက်ဖြင့် အဆောင်စေတီငယ်များနှင့် အဆောင်ကျောက်များ ဖြစ်အောင် စီရင်လိုက်ပါသည်။ ဆရာကြီး၏ မှတ်တမ်းအရ ဤအဆောင်တို့ကို ကျန်းမာရေးယတြာအဆောင်အဖြစ် အသုံးချပါက အကျိုးရှိစေပါသည်။ အဆောင်ကျောက်ကို စတင်သွေး

www.burmeseclassic.com

ယူကတည်းကပင် နေ့ရက် အချိန်အခါကောင်းကို တွက်ချက်ရွေးချယ်ယူခဲ့ရသည်။ အဆောင်စေတီငယ်များနှင့် အဆောင်ကျောက်များကိုသိဒ္ဓိတင်သည့်နေ့မှာ အဓိကအားဖြင့် ဗောဇ္ဈင်သုတ်ပရိတ်တော်ကို (၁၀၈)ခေါက် ရွတ်ပွားပူဇော်ရသည်။

သစ်ဥကျောက် အဆောင်အစီအရင်ကို ဆောင်ထားသော နေအိမ်၊ ဆောင်ထားသော လူတို့မှာ ရောဂါဆိုးများ အလွယ်တကူ မကူးစက် မဖြစ်ပွားစေနိုင်ပါ။ အများအားဖြင့် ရောဂါဘယ ကင်းစင်ပြီး ကျန်းမာသန်စွမ်းမှုကို ဖြစ်စေပါသည်။ ထို့ပြင် ရောဂါဝေဒနာ ခံစားနေရသူတို့မှာလည်း ဆရာကောင်း၊ ဆေးကောင်း အမြန်ဆုံးတွေ့စေပြီး ခံစားနေရသော ရောဂါဝေဒနာများလည်း အမြန်ဆုံး သက်သာပျောက်ကင်းစေပါသည်။

သစ်ဥကျောက်အဆောင်စေတီ၊ အဆောင်ကျောက်တို့ကို စင်ကြယ်သန့်ရှင်းအောင် ဆေးကြောပြီးမှ ရေအပြည့်ရှိသော ရေသန့်ဘူးတွင်ထည့်၍ အိမ်ဘုရားစင်မှာ တင်ထားခြင်း၊ သွားလေရာသို့ ယူဆောင်သွားခြင်း ပြုကြရသည်။ နေ့စဉ် မနက် တစ်ကြိမ်၊ ည တစ်ကြိမ် ထိုရေသန့်ဘူးကို အဖုံးဖွင့်ပြီး အောက်ပါဂါထာတော် တစ်ကြိမ်မှာ ကိုးခေါက်ရွတ်၍ သိဒ္ဓိစွမ်းအင် ပြန်ဖြည့်ပေးရသည်။

နာညတြ ဗောဇ္ဈ တပသာ
နာညတြိန္ဒြိယ သံဝရာ
နာညတြ သဗ္ဗ နိဿဂ္ဂါ
သောတ္ထိံ ပဿာမိ ပါဏိနံ။

ထိုကဲ့သို့ သစ်ဥကျောက်အဆောင်ထည့်ထားသော ရေသန့်ဘူးထဲမှ ရေကို နေ့စဉ်သောက်ခြင်း၊ ထိုရေနှင့် မျက်နှာသစ်ရေ ရော၍ မျက်နှာသစ်ခြင်း၊ ထိုရေနှင့် ချိုးရေရော၍ ရေချိုးခြင်း၊ ထိုရေကို အိမ်ရှိ သောက်သုံးရေတွင်ရောထည့်၍ နေ့စဉ်သောက်သုံးခြင်း စသည်ဖြင့် အဆင်ပြေသလို သုံးနိုင်ကြပါသည်။

နာတာရှည်ရောဂါသည်များနှင့် ကျန်းမာရေး မကြာခဏ ချူချာနေသူတို့အတွက် အထူးအစွမ်းပြနိုင်သော အဆောင်အစီအရင်ဖြစ်ကြောင်း သိရှိရပါသည်။

**ဆရာကြီး ဦးအောင်မြိုင်**


# အပျိုစင်လေးများ၏ အလိုဆန္ဒ အမြန်ဆုံးပြည့်ဝအောင်မြင်စေရမည်

✽ အဆင်မပြေဖြစ်နေတဲ့ မိမိရဲ့အချစ်ရေးကိစ္စ အမြန်ဆုံးအဆင်ပြေစေဖို့ ✽ အဆက်အသွယ်ပြတ်နေတဲ့ မိမိချစ်သူနဲ့ အဆက်အသွယ် အမြန်ဆုံးပြန်ရစေဖို့ ✽ မိမိကို ပစ်ခွာသွားသော ချစ်သူရည်းစားက မိမိထံ အမြန်ဆုံး အဆက်အသွယ်ပြန်လုပ်ကာ မိမိထံ ပြန်ကပ်လာစေဖို့ ✽ မိမိချစ်သူရည်းစားက အချစ်ရေးရှုပ်ထွေးဖောက်ပြန်ခြင်း ကင်းရှင်း မိမိတစ်ဦးတည်းကိုသာ ချစ်ခင်စွဲလမ်း သစ္စာရှိနေစေဖို့ ✽ မိမိချစ်သူအပေါ် မိမိ၏ မိဘမောင်နှမများက အမြင်ကြည်ပြီး နှစ်သက်လက်ခံစေဖို့ ✽ မိမိချစ်သူနှင့် နှစ်ဖက်မိဘ သဘောတူစွာ အမြန်ဆုံး စေ့စပ်လက်ထပ် မင်္ဂလာဆောင်ရဖို့။

[နယ်မြို့များမှ ဖုန်းဖြင့် ဆက်သွယ်နိုင်ပါသည်။]

## ဆရာမ ဒေါ်နှင်းသူဇာဦး

**လက္ခဏာဗေဒင် + ယတြာအစီအရင် (အမျိုးသမီး သီးသန့်)**

တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

၀၉-၅၀၉၃၇၉၁၊ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၂၅၀၇၇၁၆၁၆၊ ၀၉-၇၁၀၀၅၉၂၄





www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်အပူများတိုင်း ကြောက်စရာမလိုပါ

တော်မြင့်(ငှက်ဖျား)



www.burmeseclassic.com

www.burmeseclassic.com

ထိုငွေရောင်(ပြဒါး)မျဉ်းတန်းကလေး မြင့်တက်လာသည်နှင့်အမျှ ကျွန်ုပ်တို့ စိတ်ပူပန်ကြပါသည်။ သို့ရာတွင် ဆရာဝန်များတွင် အံ့ဩစရာကောင်းသော သတင်းစကား အချို့ ရှိနေကြပါသည်။ စိုးရိမ်ထိတ်လန့်သော ဖုန်းခေါ် ဆိုမှု တစ်ခုက ဒေါက်တာ ဆူဇန်နီကော်ရီဂန် (D.R SUZANNE CORRIGAN) အား နံနက် ၂ နာရီတွင် အိပ်ရာမှ နိုးစေပါသည်။ အမျိုးသမီးတစ်ဦးက အော်ပြောလိုက်ပါသည်။

"ကျွန်မကလေး ကိုယ်ပူနေတယ်၊ ကျွန်မ ဘာလုပ်ရမလဲ"

ကလေးအထူးကုဆရာဝန်က အလျင်အမြန်မေးခွန်းများ ပြန်မေးပါသည်။

"ကလေးအသက် ဘယ်လောက်ရှိပြီလဲ၊ ကိုယ်ပူချိန် ဘယ်လောက် မြင့်နေသလဲ၊ တခြားလက္ခဏာ ဘာတွေ ရှိသလဲ"

"သိလိုက်ရတာကတော့ တိုင်းတာလို့ရတဲ့ အပူချိန်က စအိုကနေတိုင်းလို့ ၃၈. ၃ ဒီဂရီစဲလ်စီးယပ်ရှိတယ်၊ ပါးစပ်က တိုင်းရင် ၃၇. ၇ ဒီဂရီနဲ့ ညီမျှတယ်" ဟု ကော်ရီဂန်က ပြောပါသည်။

"နောက်ပြီး ကလေးဟာ ၁၅ လသားပဲ ရှိသေးတယ်၊ ငြိမ်ငြိမ်သက်သက်ပဲ ပြန်အိပ်ပျော်သွားတယ်"

အကယ်၍ မိခင်မှာမူ ကလေးအား ဆေးတိုက်ရန် မနှိုးခဲ့ပါမူ အဖျားသည် ကြောက်စရာကောင်းလောက်အောင် တက်သွားမည်ကို စိတ်ပူပန်ခဲ့ပါသည်။

ကော်ရီဂန်က ထိုမိခင်အား အဖျားသည် မပြင်းထန်ကြောင်းနှင့် ကျူးကျော်ဝင်ရောက်လာသူတို့အား ခန္ဓာကိုယ်၏ တိုက်ထုတ်သော တုံ့ပြန်မှုသာဖြစ်ကြောင်း အခိုင်အမာ ပြောပြပါသည်။

ကျူးကျော်ဝင်ရောက်သောပိုးမှာ ဗိုင်းရပ်စ်ပိုး ဖြစ်နိုင်ခြေ များပါသည်။ ဆရာဝန်က သူမအား အခြားရောဂါလက္ခဏာများ မပေါ်ပေါက်က ဆက်လက် အိပ်နေစေရန် အကြံဉာဏ်ပေးပါသည်။

"လူအများလိုပဲ၊ ဒီမိခင်ဟာ အပူနည်းနည်းရှိတာနဲ့ အပြင်းဖျားတော့မယ်လို့ မှားယွင်းယူဆထားပါတယ်" ဟု ကော်ရီဂန်က အမေရိကန်ကလေးအထူးကု ဆရာဝန်များ အကယ်ဒမီတွင် ပြောပါသည်။

"ကျွန်မက လူနာတွေကို ကိုယ်ပူတာဟာ ရောဂါ မဟုတ်ပါဘူးလို့ ပြောပြပါတယ်၊ ဒါဟာ ရောဂါဝေဒနာကို တွန်းလှန်နေတဲ့နေရာမှာ ခန္ဓာကိုယ် ခုခံမှုစနစ်က ဘယ်လို ဆောင်ရွက်သလဲဆိုတာပါပဲ"

ဖြစ်ရိုးဖြစ်စဉ် တုံ့ပြန်မှုသာဖြစ်သော အပူချိန် မြင့်တက်မှုအား မလိုလားအပ်ဘဲ ကြောက်လန့်မှုကို "ကိုယ်ပူကြောက်လန့်မှု" (FEVER PHOBIA) ဟု ကော်လိုရာဒိုပြည်နယ် ဒင်ဗာမြို့မှ ကလေးအထူးကုပါမောက္ခ ဒေါက်တာ ဘာတွန်ရှမစ်၏အဆိုအရ ကိုယ်ပူသက်သက်သည် အန္တရာယ်ဖြစ်ရန် ခဲယဉ်းကြောင်း လူမသိကြပါ။ ထို့ပြင် ကိုယ်ပူခြင်းအား အက်စပရင် (ASPIRIN) (သို့မဟုတ်) အက်ဆီတာမင်နိုဖင် (ACETAMINOPHEN) ဖြင့် အလောတကြီးတိုက်ခိုက်ခြင်းမှာ ပြန်လည်နေကောင်းလာမှုကို နှေးကွေးစေပါသည်။

ဤတွင် ကိုယ်ပူများခြင်းနှင့်ပတ်သက်၍ သင်နှင့် သင့်မိသားစုကို ကာကွယ်ရန် သိထားသင့်သောအချက် (၅) ချက် ရှိပေသည်။

**၁။ ၃၇ ဒီဂရီစင်တီဂရိတ်သည် ခန္ဓာကိုယ်၏ မူမှန် အပူချိန်ဟု ခံယူချက်မှာ ခေတ်မမီတော့ပါ။**

မေရီလင်းတက္ကသိုလ် ဆေးကျောင်းမှ ဒေါက်တာ ဖီးလစ်အေးမက်ကိုဝိတ် (DR. PHINP A. MACKOWIAK) က ပြောပြသည်မှာ -

"မူမှန်အပူချိန်ဆိုတာ ဂဏန်းတစ်လုံးတည်း မဟုတ်ပါဘူး၊ တကယ်တမ်း အကန့်အသတ်တစ်ခုအတွင်းမှာ ကွဲလွဲမှု ရှိနိုင်ပါတယ်၊ ဒါ့အပြင် လူတစ်ဦးချင်းမှာလည်း ကွဲလွဲမှု အများကြီး ရှိနိုင်ပါတယ်"

ခန္ဓာကိုယ်၏ သဘာဝဇီဝကမ္မစည်းချက်များက နေ့စဉ် အပူချိန် ပြောင်းလဲမှုများကို လှုံ့ဆော်ပေးပါသည်။ ကလေးများသည် လူကြီးများထက်စာလျှင် မူမှန် အပူချိန်များတတ်ပါသည်။ ထို့ပြင် ဖျားနာလျှင်လည်း ကိုယ်အပူချိန် ပိုမိုမြင့်တက်တတ်ပါသည်။ အသက်ကြီးသူများသည် လူရွယ်များထက်စာလျှင် ကိုယ်အပူချိန် လျော့နည်းတတ်ပါသည်။

ရိုးရိုးလှုပ်ရှားမှုများကပင် အပူချိန် မြင့်တက်စေပါသည်။ ၎င်းတို့မှာ အဝအပြစားထားသော အစာကို အစာချေခြင်း၊ နေရောင်ထဲနေခြင်း၊ ကလေးများတွင် တာရှည်စွာ ငိုခြင်းနှင့် ကာယလေ့ကျင့်ခန်း တို့ဖြစ်ပါသည်။ သို့ရာတွင် ခန္ဓာကိုယ် အပူချိန်မှာ (၄၁. ၃) ဒီဂရီစဲလ်စီးယပ်ထက် ပိုမိုရန် ခဲယဉ်းလှပါသည်။

ဤတွင် ခြွင်းချက်နှစ်ခု ရှိပါသည်။ ဦးနှောက်၏ အပူချိန် ထိန်းညှိပေးသော ဟိုက်ပိုသားလမတ် (HYPOTHAL-



www.burmeseclassic.com

www.burmeseclassic.com

AMUS) အပိုင်းတွင် ဒဏ်ရာ သို့မဟုတ် အကျိတ်ရှိနေခြင်းနှင့် ပို၍ဖြစ်လေ့ရှိသည်မှာ ခန္ဓာကိုယ်တွင်းအင်္ဂါများ ထိခိုက်မှုမရှိစေရန်နှင့် သေခြင်းမဖြစ်စေရန် အလျင်အမြန် ကုသရသော အပူရှပ်ခြင်း (HEAT STOKE) တို့ဖြစ်ပါသည်။

**၂။ အပူချိန်ကျစေရန် ဆေးဝါးသုံးစွဲခြင်းသည် ဖျားနာမှုကို တာရှည်စေပါသည်။**

ဤတွင် အဖျားရောဂါဆောင်ရွက်ပုံ ဖြစ်ပါသည်။ သွေးကလပ်စည်းများ (BLOOD CELLS) က ချဉ်းနင်းဝင်ရောက်သူအား သတိထားမိသောအခါ သူတို့က ဟိုက်ပိုသားလမတ်သို့ သွားမည့် အသားဓာတ် (ပရိုတင်း)များကို ထုတ်လွှတ်ပါသည်။ ဤနည်းဖြင့် ကိုယ်ပူချိန်မြင့်တက်စေရန် ခန္ဓာကိုယ်၏ အပူချိန်ထိန်းစနစ်အား ချက်ချင်းလုပ်ဆောင်စေပါသည်။ ခန္ဓာကိုယ်က ထိုဖြစ်စဉ်အား အပူထုတ်ပေးခြင်းဖြင့် တုံ့ပြန်ပါသည်။ မကြာခဏဆိုသလို ခိုက်ခိုက်တုန်ခြင်းဖြင့် အပူထုတ်ပေးပါသည်။

"ခုခံမှုစနစ်ရဲ့ လုပ်ဆောင်မှုအများအပြားဟာ အပူချိန်မြင့်မားရင် စွမ်းဆောင်ရည်မြင့်ပါတယ်" ဟု ဂျွန်ဟော့ကင်းတက္ကသိုလ်ဆေးကျောင်းမှ ကလေးအထူးကုဆရာဝန် တင်မသီဒိုရန် (TIMOTHY DORAN) က ပြောပါသည်။

"နောက်ပြီး တချို့ဘက်တီးရီးယားတွေနဲ့ ဗိုင်းရပ်စ်တွေဟာ အဲဒီလိုမြင့်တဲ့အပူချိန်မှာ မပေါက်ဖွားနိုင်ပါဘူး"

လတ်တလော လေ့လာမှုများတွင် တိရစ္ဆာန်များအား ဘက်တီးရီးယား (ရောဂါပိုး)များနှင့် ထိတွေ့စေပါသည်။ သို့ရာတွင် ကိုယ်ပူမှုများမဖြစ်ရန် ကာကွယ်ထားပါသည်။ ထိုအခါ အသက်ရှင်နိုင်ဖွယ်ရှိသော ရောဂါဝေဒနာဖြင့်ပင် တိရစ္ဆာန် အများအပြား သေဆုံးသွားပါသည်။

ဒိုရန်က ကြက်ကျောက်ရောဂါ (CHCKEN POX) ဖြစ်သော ကလေးများအား သုတေသနပြုလုပ်ပြီး တွေ့ရှိခဲ့သည်မှာ (ကိုယ်ပူကျစေသော) အက်ဆီတာမင်နိုဖင် တိုက်ကျွေးခဲ့သော ကလေးများမှာ ကိုယ်ပူအတွက် ဆေးကုသမှုမခံယူရသော ကလေးများထက်စာလျှင် သက်သာပျောက်ကင်းရန် နေ့တစ်ဝက်ခန့် နှောင့်နှေးပါသည်။

အများစုဖြစ်သောလူများသည် သက်သောင့်သက်သာမရှိမှုကို မဖြစ်စေသော အဖျားအနာအား ဖိနှိပ်ရန်မလိုသော်လည်း ခြွင်းချက်များရှိနေပါသည်။ နှလုံးရောဂါသည်များနှင့် လေးဖက်နာ၊ ဆီးချို စသော နာတာရှည်ဝေဒနာရှင်များမှာ ဆရာဝန်တစ်ဦးနှင့် ချက်ချင်းတွေ့ရန်လိုပါသည်။

ကိုယ်ပူဖျားအား ကုသရန် အန္တရာယ်နှင့် အကျိုးကျေးဇူးအား ချိန်ဆကြည့်ရာတွင် အများစုမှာ လူနာ၏ သက်သောင့်သက်သာရှိမှုအပေါ် မူတည်ပါသည်။

"ကိန်းဂဏန်းတွေအရ ကိုယ်ပူတာဟာ ကောင်းပါတယ်၊ ဒါပေမဲ့ မသက်မသာလည်းဖြစ်တတ်ပါတယ်၊ ယေဘုယျအားဖြင့် ၃၈. ၆ ဒီဂရီ စဲလ်စီးယမ်ပတ်ဝန်းကျင် ရောက်လာရင်ပေါ့"ဟု ဘော်စတွန်မှ ပြည်သူ့ကျန်းမာရေး ပါမောက္ခဖြစ်သူ ဒေါက်တာအယ်လင်မစ်ချဲ (DR. ALLEN MITCHELL) က ပြောပါသည်။

"တကယ်လို့ ဖျားနာမှုကြောင့် သင့်ကိုကိုက်ခဲစေမယ်၊ ပြီးတော့ စိတ်ပူပန်စေမယ်ဆိုရင် ဆရာဝန်အများစုက အက်စပရင်၊ အဆီတာမင်နိုဖင် (သို့မဟုတ်) အိုင်ဗျူပရိုမင် (IBUPROFEN) ဆေးဝါးများ မှီဝဲဖို့ ညွှန်ကြားကြပါတယ်"

သို့ရာတွင် သတိထားသောမစ်ချဲက ကလေးငယ်များနှင့် လမ်းသွားအရွယ်ရောက်ခါနီး လူငယ်များ၏ ဖျားနာမှုကို ကုသရာတွင် အက်စပရင်ကို လုံးဝမသုံးပါ။ အကြောင်းမှာ ဖြစ်ခဲလှသော်လည်း သေစေတတ်သည့်အရေး အာနိသင် (REVE'S SYNDROME) ဖြစ်ပေါ်ရန် အန္တရာယ် အလားအလာ တိုးပွားစေသောကြောင့် ဖြစ်ပါသည်။

**၃။ ကိုယ်ပူဖျားခြင်းသည် ပြင်းထန်သောဝေဒနာဟု အဓိပ္ပာယ်ဖွင့်ဆိုရန် မလိုပါ။**

"ကစားသန်တဲ့ ကလေးတစ်ယောက်မှာ အပူချိန် (၄၀) ဒီဂရီရှိတာထက်စာရင် တုံ့ပြန်မှုမရှိတဲ့ ကလေးတစ်ယောက်မှာ အပူချိန် (၃၈. ၃) ဒီဂရီရှိတာကို ကျွန်တော်ပိုပြီးဂရုထားပါတယ်" ဟု ကလေးအထူးကုဆရာဝန် ဒင်နီရယ်ဟိုင်မင် (HYMAN) က ပြောပါသည်။

"လူနာရဲ့ အခြေအနေနဲ့ လှုပ်ရှားပုံကိုကြည့်ပါ၊ (အပူတိုင်းတဲ့) သာမိုမီတာ တစ်ခုတည်းကိုသာ အားမထားပါနဲ့"

ဤအချက်မှာ မွေးကင်းစနှင့် အနည်းငယ်ပြီးပြင်းလာသော ကလေးများတွင် အတိအကျ အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ခုခံအားစနစ်မှာ အပြည့်အဝ အလုပ်မလုပ်နိုင်သေးပေ။ ထို့ပြင် သူတို့အလွန်ဖျားနာနေသည့်တိုင်အောင် အလုပ်မလုပ်ကြောင်း မကြာခဏတွေ့ရတတ်ပါသည်။

ကံကောင်းထောက်မစွာဖြင့် သဘာဝတရားက ကိုယ်ပူဖျား၏ အခြားအညွှန်းကိန်းများကို ပေးထားပါသည်။ ဖျားနာနေသော ကလေးငယ်မှာ ငေးနေတတ်ပါသည်။ ထို့ပြင်



www.burmeseclassic.com

www.burmeseclassic.com

အသားအရေ ဖြူရော်နေပြီး ခြေလက်များအေးစက်နေတတ်ပါသည်။ မကျန်းမာသော အနည်းငယ်ကြီးလာသည့် ကလေးမှာ အားမရှိသလို ငိုက်မျဉ်းနေပြီး ဟန်ပန်ပြောင်းလဲနေသည်။

**၄။ အပူချိန် မြင့်သော အဖျားရောဂါများသည် ဦးနှောက်ပျက်စီးခြင်း (သို့မဟုတ်) သေခြင်း ဖြစ်ပေါ်ရန် ခဲယဉ်းလှပါသည်။**

ဦးနှောက်ပျက်စီးသော အန္တရာယ်နီးကပ်ရန် အပူချိန်သည် ၄၁. ၃၈ ဒီဂရီစဲလ်စီးယပ်သို့ ပြန်တက်သွားရပေမည်။ သို့သော် ထိုသို့ဖြစ်ရန် ခဲယဉ်းပါသည်။

သို့တစေ ဒေါက်တာရှမစ်က လူနာများအား စောင့်ကြည့် လေ့လာသောအခါ အပူချိန် (၄၀)ဒီဂရီထိ (သို့မဟုတ်) နည်းမည်ဆိုလျှင်ပင် ဦးနှောက်ပျက်စီးမှုအပါအဝင် ပြင်းထန်သော အာရုံကြောဆိုင်ရာဆိုးကျိုးများ ဖြစ်ပေါ်နိုင်သည်ဟု အများစုက တွေးထင်ထားကြောင်း တွေ့ရှိခဲ့ပါသည်။

သူလေ့လာမှုက မိဘဦးရေ ထက်ဝက်ကျော်က ပုံမှန်အပူချိန် ဖြစ်နိုင်ချေရှိသည့် (၃၇) မှ (၃၇. ၇) ဒီဂရီအတွင်းတွင်ပင် အပူကျဆေးများကို ပေးကြကြောင်း ဖော်ထုတ်ခဲ့ပါသည်။

ဒေါက်တာရှမစ်က -

"ဆေးတိုက်လို့ အပူချိန်ဟာ ၃၇ ဒီဂရီအထိကျမသွားရင် လူအချို့ဟာ ဗျာများသွားပါတယ်၊ ဒါပေမဲ့ မှန်ကန်တဲ့ ဆေးပမာဏဟာ အပူချိန် နှစ် သို့မဟုတ် သုံးဒီဂရီလောက်သာ ကျသွားစေပါတယ်။ ဒါကြောင့် နဂိုက ၃၉. ၄ ဒီဂရီ ရှိနေရင် ခင်ဗျားတို့ အများဆုံးမျှော်လင့်နိုင်တာက ၃၇. ၇ အထိ လျော့ကျဖို့ပဲ"ဟု ပြောပါသည်။

ကိုယ်ပူကြောက်လန့်မှုအား တုံ့ပြန်ရန် ဆရာဝန်နှင့် သူနာပြုဆရာမများအား ရှမစ်က -

"လူနာရဲ့ မိဘတွေ ပြောဖို့လိုတာက ဆေးကုသမှုရဲ့ အဓိကအကြောင်းရင်းက ကလေးကို သက်သာစေရန် ကူညီတာပဲ၊ အန္တရာယ်ကာကွယ်ဖို့မဟုတ်ဘူး"ဟု ပြောပြပါသည်။

**၅။ သင်ဖျားနာလျှင် ကိုယ်အပူချိန်ကို မကြာခဏ တိုင်းရန် မလိုပါ။**

"အပူချိန်တိုင်းဖို့ အချိန်ကတော့ သင့်ရဲ့ ကျန်းမာရေး စောင့်ရှောက်ပေးမှု ပြောတဲ့အချိန်ပါပဲ"

ဟု ဒေါက်တာစပုတ်စ် မွေးကင်းစနှင့် ကလေးငယ်စောင့်ရှောက်မှု (DR. Spoek's BABY & CHILD CARE) စာအုပ်တွင် ပူးတွဲရေးသားသူ ဒေါက်တာမိုက်ကယ်ရိုသင်ဘတ် (DR. MICHAEL ROTHEMBERG) က ပြောပါသည်။ ဆရာဝန်တစ်ယောက်အနေနဲ့ သင် သူ၏ရုံးခန်းကို လာသင့်ကြောင်း ဆုံးဖြတ်ရန်မှာ အပူချိန်တိုင်းခြင်းမှာ ရောဂါရှာဖွေရေးဆိုင်ရာ သင်္ကေတတစ်ခု ဖြစ်ပါသည်။

ရောဂါဝေဒနာတစ်ခုကြောင့် သင် ဖျားနာနေကြောင်း သိရှိရန် အပူတိုင်းကိရိယာ (၁၁ဝ မိုမီတာ)မတိုင်မီ သင် တစ်နာရီ သို့မဟုတ် တစ်နာရီနီးပါး အေးဆေးစွာနေရန် လိုပါသည်။ စအိုမှ အပူချိန်တိုင်းခြင်းမှာ အမှန်ကန်ဆုံးဖြစ်ပြီး ငယ်ရွယ်သော ကလေးများအား ရည်ညွှန်းပါသည်။ ပါးစပ်မှ အပူချိန်တိုင်းခြင်းအား အနည်းငယ်ကြီးလာသော ကလေးများနှင့် လူကြီးများတွင် သင့်လျော်ပါသည်။

(ယခုအခါ ချိုင်းကြားမှတိုင်းခြင်းကို ကျင့်သုံးလာပါသည်။ စအိုမှတိုင်းလျှင် ပါးစပ်ထက် တစ်ဒီဂရီခန့်ပို၍ ချိုင်းမှတိုင်းလျှင် တစ်ဒီဂရီလျော့နည်းပါသည်။ ဘာသာပြန်စဉ်)

ဒေါက်တာဘွိုက်ရှွတ် (DR. BOYD SHOOK) ၏ လက်တွေ့ကျသော ဥပဒေသတစ်ရပ်မှာ-

"ခင်ဗျားရဲ့ဆရာဝန် မပြောဘဲနဲ့ အိပ်နေတဲ့ လူတစ်ယောက်ကို အပူတိုင်းဖို့ပဲဖြစ်ဖြစ်၊ ဆေးတိုက်ဖို့ပဲဖြစ်ဖြစ် မနှိုးပါနဲ့၊ အိပ်စက်ခြင်းဟာ ဖျားနာတဲ့လူတစ်ယောက်အတွက် တန်ဖိုးရှိပါတယ်"

**၆။ သင့်တွင် အပူဖျားရှိနေပါက အိပ်ရာထဲ နေရန် မလိုပါ။**

သင် ဆန္ဒရှိလျှင် အိပ်ပါ။ သို့သော် မဖြစ်မနေ ပြုလုပ်ရန် မလိုပါ။

"အိပ်ရာထဲဝင်ပြီး သင့်ကိုယ်သင် စောင်နဲ့ဖုံးထားမယ်ဆိုရင် ပြဿနာတစ်ရပ်ကို စုစည်းနေတာပဲ"ဟု အင်တာနက်သုံးစွဲသူ ကျန်းမာရေးအယ်ဒီတာ ချားလ်ကနေဒီ (CHARLES KENNEDY) ကပြောပါသည်။

"အနားယူပြီး မလိုလားအပ်တဲ့သင်တန်း၊ မောပန်းမှုမရှိတာ ကောင်းပေမယ့် ပက်လက်လှန်နေတာဟာ အကျိုးမရှိပါဘူး"

အကယ်၍ သင့်တွင် အဖျားအနာရှိနေပါက ဆရာဝန်များ အကြံပေးချက်များ ရှိပါသည်။

**သင် ဆရာဝန်ခေါ်ရမည့်အချိန်**

သုံးလ (သို့မဟုတ်) သုံးလထက်ငယ်သောကလေးမှာ ကိုယ်အပူချိန် ၃၇. ၈၈ ဆဲလ်စီးယပ်နှင့် အထက်ရှိနေလျှင်



www.burmeseclassic.com

www.burmeseclassic.com

သုံးလနှင့် ခြောက်လအတွင်း ကလေးငယ်တွင် အပူချိန် ၃၈. ၃ ဒီဂရီဆဲလ်စီးယပ်နှင့် ပို၍တက်လျှင် ခြောက်လထက် ပိုကြီးသော ကလေးကိုယ်ပူ ၃၉. ၄ဒီဂရီရှိလျှင် ဆရာဝန် ခေါ်ပါ။

လူကြီးများအတွက်မူ ကိုယ်ပူ ၃၉. ၄ သို့မဟုတ် ပိုနေလျှင် အခြားသိသာထင်ရှားသော ရောဂါလက္ခဏာမရှိသော်လည်း သုံးရက်ဆက်တိုက် ကိုယ်အပူချိန် ၃၈. ၃ ဒီဂရီ ရှိနေပါက အနည်းငယ်မျှသော အဖျားအနာသည် ရက်ပေါင်းများစွာ ဆက်လက်ရှိနေလျှင် ဆရာဝန် ခေါ်ပါ။

ထို့အပြင် အနာရောဂါသည် ပြင်းထန်သော ခေါင်းကိုက်ခြင်း (သို့မဟုတ်) ဇက်ခိုင်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ လည်ချောင်းနာခြင်း၊ ဆိုးဝါးစွာနာကျင်ကိုက်ခဲခြင်း၊ ချောင်းဆိုးပြီးသွေးသို့မဟုတ် သလိပ်ထွက်ခြင်း၊ ဖျောင်းဖျမရအောင် စိတ်တိုလွယ်ခြင်း (သို့မဟုတ်) ဆက်တိုက်ဆိုသလို အိပ်မပျော်ခြင်း၊ ပျို့ခြင်း (သို့မဟုတ်)အော့အန်ခြင်း၊ အသက်ရှုရန်ခက်ခဲခြင်းနှင့် သွေးဝမ်းသွားခြင်း (သို့မဟုတ်) ဝမ်းထဲတွင် သွေးပါခြင်း၊ တစ်ခုခုနှင့်ဆက်နွယ်နေလျှင် ဆရာဝန်ခေါ်ပါ။

လွန်ခဲ့သောနှစ်က အသားစားသော စထရက်ပ (STREP) ရောဂါပိုးကြောင့် ဖြစ်သောရောဂါများက သတိပေးချက် ဖြစ်သည်ဟု ပါရဂူများကဆိုပါသည်။ အနာရောဂါဝင်နေသော ဒဏ်ရာများကို ချက်ချင်းစစ်ဆေးရန်လိုပါသည်။ ရောဂါပိုးဝင်ရောက်မှု ထင်ရှားနေလျှင် ကိုယ်အပူချိန် ၃၈. ၈ ဒီဂရီနှင့် အထက်အခြေအနေတွင် ဆရာဝန်နှင့်တိုင်ပင်ပါ။

**ရေဓာတ် မဆုံးရှုံးရန် အရည်များစွာ သောက်ပါ။**

ဤအချက်မှာ ရေဓာတ်ဆုံးရှုံးလျှင် လေဖြတ်ခြင်းကဲ့သို့ နောက်ဆက်တွဲရောဂါများ ရရှိတတ်သည့် အသက်ကြီးပိုင်းများတွင် အတိအကျ အရေးကြီးပါသည်။ ကြည်လင်သော ဆီးကို နှစ်နာရီခြားတိုင်း စွန့်ထုတ်နိုင်ရန် ရေကို မကြာခဏသောက်ပါ။ သို့ရာတွင် နှလုံးရောဂါနှင့် ကျောက်ကပ်ရောဂါရှိသူများသည် အရည်မသွင်းမီ သူတို့၏ ဆရာဝန်နှင့် တိုင်ပင်သင့်ပါသည်။

**အသင့်အတင့် စားသုံးပါ။**

အစာများများ စားသုံးခြင်းကို ရှောင်ကြဉ်သည်မှာ ဉာဏ်ပညာရှိရာ ရောက်ပါသည်။ သို့ရာတွင် သင် ဆာလောင်နေရင်တော့ စားသုံးပါ။

သင့်တွင် ဝမ်းပျက်ဝမ်းလျှောခြင်း သို့မဟုတ် အော့အန်နေလျှင် နို့ထွက်အစားအစာများကို ရှောင်ကြဉ်ပါ။ ပြီးလျှင် ထမင်း၊ ပန်းသီး၊ အချဉ်ရည်နှင့် ပေါင်မုန့် စသော အစာပျော့များကို အမြဲစားသုံးပါ။

**ညင်သာစွာ ရေပတ်တိုက်ပါ။**

ကိုယ်အပူချိန် (၄၀) ဒီဂရီနှင့်အထက်ရှိသော ကလေးများအား ရေပတ်တိုက်ခြင်းဖြင့် အပူချိန်လျော့ကြစေလျှင် ၎င်းတို့အား သက်သောင့်သက်သာ ရှိစေပါသည်။ သို့ရာတွင် ထိုကလေးအား အဆီတာမင်နိုဖင်ဆေး ကျွေးထားပါက နာရီဝက် သို့မဟုတ် တစ်နာရီ စောင့်ဆိုင်းပြီးမှ ရေပတ်တိုက်ပါ။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ဆေးအာနိသင်ကြောင့် ကိုယ်ပူကျနေသော ကလေးအား ချမ်းတုန်ခြင်း မဖြစ်စေပါ။ ရေအေးသည် ချမ်းတုန်စေပြီး အပူချိန်မြင့်တက်စေသောကြောင့် ရေခပ်နွေးနွေးကို အသုံးပြုပါ။ အယ်ကိုဟော (အရက်ပျံ)နှင့် ပွတ်သပ်ခြင်းကိုရှောင်ကြဉ်ပါ။ ကလေးများ၏ အရေပြားသည် အယ်ကိုဟောကို အဆိပ်အတောက်ဖြစ်စေသော ပမာဏအထိ စုပ်ယူတတ်ပါသည်။

**နောက်ဆုံးအချက်မှာ မကြောက်လန့်ပါနှင့်။**

ကိုယ်ပူခြင်းသည် ရောဂါပိုးဝင်ရောက်မှုအား ပုံမှန်တုံ့ပြန်မှုသာဖြစ်ကြောင်း သတိရပါ။ ထို့ပြင် ကိုယ်ပူခြင်းတစ်ခုတည်းမှ ပြဿနာကြီးများ ပေါ်ပေါက်မလာနိုင်ပါ။

ကလေးအထူးကုဆရာဝန် ဆူဇန်နီကယ်ရင်ဂန် တင်ပြသည်မှာ -

"နည်းလမ်းများစွာအားဖြင့် ကိုယ်အပူများဟာ မိတ်ဆွေပါပဲ၊ ရန်သူ မဟုတ်ပါဘူး"

**တော်မြင့်(ငှက်များ)**




www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ဆေးဖက်ဝင်လှသော ကုလားမျက်စိပင်

တင့်ထူး(ဓေယျဝတီ)



ရှေးတိုင်းရင်းဆေးသမားတော်ကြီးများက မိမိတို့၏ ပတ်ဝန်းကျင်တွင် တွေ့မြင်ရသော သဘာဝပေါက်ပင်များအား "နွယ်မြက်သစ်ပင် ဆေးဖက်ဝင်" သည်ဟူ၍ ဆိုမိန့်ခဲ့ကြလေသည်။ မြန်မာစကားတွင် "မသိသူကျော်သွား သိသူဖော်စား" ဟူသော စကားရှိ၏။

တချို့မှာ မိမိပတ်ဝန်းကျင်၌ သစ်ပင်၊ မြက်ပင်၊ ပေါင်းပင်များ ပေါက်ရောက်နေခြင်းကို မျက်စိရှုပ်သည်၊ အမှိုက်ထူသည်ဟု ယူဆကြကာ ထိုမြက်၊ သစ်ပင်၊ ပေါင်းပင်များအား ခုတ်ထွင် ရှင်းလင်းခြင်း၊ ပေါက်တူးနှင့် ပေါက်၍ ရှင်းလင်းခြင်းဖြင့် သန့်ရှင်းစေရန် ဆောင်ရွက်ကြပါသည်။

အမြင်အားဖြင့်ကြည့်လျှင် မြက်ပင်၊ ပေါင်းပင်၊ သစ်ပင်၊ နွယ်ပင်များအဖြစ်သာ မြင်ရသော်လည်း ထိုမြက်၊ သစ်ပင်၊ ပေါင်းပင်တို့မှာ တည်ရှိနေသော ရုက္ခဗေဒစွမ်းရည်များ ရှိနေကြသည်ကိုမူကား မသိခဲ့ကြချေ။

အကယ်၍သာ အပင်တစ်မျိုးတစ်မျိုးစီ၏ လူသားအကျိုးပြုစွမ်းရည်များကို သိနားလည်ကြမည်ဆိုပါက ခုတ်ထွင်ရှင်းလင်းပစ်ရန် ဝန်လေးကာ နှမြောမိကြမည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာတိုင်းရင်းသမားတော်ကြီးများသည် လူသားတို့အတွက် ရောဂါအနာတရများ ပျောက်ကင်းနိုင်ရန် ဆေးများကို သစ်ပင်၏ အသီး၊ အရွက်၊ အခေါက်၊ အမြစ်တို့ကို စုစည်း၍ အချောက်လှန်း၊ ထောင်းထု၍ ဖော်စပ်ကြရသည်။ သစ်ပင်၏ အစိတ်အပိုင်း တစ်မျိုးစီ၏ အာနိသင်ကိုသာ မသိရှိခဲ့ပါလျှင် ဆေးဖော်စပ်နိုင်ကြမည် မဟုတ်ပေ။

ဆေးဆရာ တစ်ယောက်အဖြစ် ခံယူထားပါက သစ်ပင်အမျိုးမျိုး၏ အမည်များ၊ ထိုသစ်ပင်တို့၏ အစိတ်အပိုင်းအသီးသီး၏ အကျိုးအာနိသင်များ၊ ထိုအာနိသင်များဖြင့် မည်သည့်ရောဂါဝေဒနာများကို ပျောက်ကင်းသက်သာအောင် ကုသပေးနိုင်သည်တို့ကို အပြည့်အစုံ နားလည်တတ်ကျွမ်းထားရလေသည်။

ကမ္ဘာမြေပြင်ပေါ်တွင် အလေ့ကျပေါက်ရောက်နေသော အပင်များနှင့် လူတို့စိုက်ပျိုးထားသော အပင်များဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးပင်များမှာ လူတို့သုံးစွဲကောင်းကြောင်း သိထားကြပြီး၍ စိုက်ကြခြင်းဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

သဘာဝအလျောက် အလေ့ကျ ပေါက်ရောက်ပင်များကိုမူ လူသားတို့အတွက် အကျိုးပြုသည်၊ မပြုသည်ကို ပြည့်စုံအောင် မသိနိုင်ကြပါပေ။

လူသားတို့အတွက် အကျိုးလည်းမပြု၊ အန္တရာယ်ပင်ပေး၍ အမြင်ရှုပ်ထွေးစေသော အပင်များကို ခုတ်ထွင်ရှင်းလင်းကြသည်က မထောင်းတာသော်လည်း လူသားများအတွက် အကျိုးများစွာပြုသော အပင်မျိုးများသာ ဖြစ်ခဲ့လျှင် အလွန်တရာ နှမြောဖွယ်ပင်ဖြစ်လေသည်။

ထိုသစ်ပင်အမျိုးမျိုးအနက်မှ သဘာဝအလျောက် အလေ့ကျပေါက်ရောက်သည့် အပင်တစ်မျိုးဖြစ်သော ကုလားမျက်စိပင်အကြောင်း ဖော်ပြပေးလိုပါသည်။

ထိုအပင်သည် နွယ်မောင်းဖြင့် နွယ်တက်သောအပင်ဖြစ်သည်။ ခြံစည်းရိုးများပေါ်တွင် နွယ်တက်ကာပေါက်ရောက်နေကြသည်ကို အများဆုံးတွေ့ရတတ်သည်။ အသုံးဝင်သည့်အပင်ဖြစ်သည်ကို သိသူနည်းပါးကြ၏။ နွယ်တက်ပြီး ရှုပ်ထွေးသည်ဟုထင်ကာ ခုတ်ထွင်ရှင်းလင်းပစ်တတ်ကြသည်။

ကုလားမျက်စိ၏ မျိုးရင်းမှာ ကြက်မောက်မျိုးနွယ်ဝင်ဖြစ်သည်။

ကုလားမျက်စိပင်၏ ရုက္ခဗေဒအမည်မှာ (Cardiospermum Halicabum Linn) ဖြစ်သည်။

မြန်မာတို့က ကုလားမျက်စိပင် ဟုခေါ်ပြီး အင်္ဂလိပ်အမည်အားဖြင့် (Balloon vine. Winter Cherry Heart's Pea) ဟူ၍ ခေါ်ဝေါ်လေသည်။

ကုလားမျက်စိပင်မှာ တစ်နှစ်ခံပင်နှင့် နှစ်နှစ်ခံပင်နှစ်မျိုးရှိသည်။ နွယ်မောင်းဖြင့် နွယ်တက်ပင်ဖြစ်သည်။ သေးသွယ်၍ အစင်းများရှိသည်။ အမွေးပါး ဖုံးလွှမ်းနေသည်။ သုံးရွက်လွှာပေါင်းဖြစ်၍ ရွက်လွှဲထွက်သည်။ အရွက်မှာ သုံးလက်မ၊ လေးလက်မရှည်သည်။ ရွက်မွှာများမှာ လုံ့စွပ်ပုံရှိပြီး အဖျားအလွန်ချွန်၍ အောက်ခြေသို့ရှူးသွား၏။ ရွက်နားများမှာ လွှသွားဆန်၏။

အပွင့်မှာ အဖြူရောင်သေးငယ်သည်။ ဖွင့်ဖတ်ဝိုင်း၍ အဖျားချွန်ဘဲဥပုံ ဖြစ်သည်။ အတွင်းဘက်ပွင့်ဖတ်သည် အပြင်ဘက်ဖွင့်ဖတ်ထက် ကြီးသည်။ ဝတ်မှုန်ခံတိုင် အလွန်တို၏။ အသီးမှာ သုံးထောင့်ရှိသည်။ ထောင့်များတွင် တောင်ပံရှိသည်။ အသီးရင့်မှည့်ပါက အက်ကွဲ၏။ အစေ့သုံးစေ့ရှိ၍ လုံးပြီး အနက်ရောင်ရှိသည်။ နှလုံးပုံ အသားပိုပါသည်။

ကုလားမျက်စိပင် ပေါက်ရောက်သည့်ဒေသမှာ မြန်မာနိုင်ငံ အနှံ့အပြားတွင် ပေါက်ရောက်သည်။ ခြံတန်းများ၊ ချုံပင်များပေါ် နွယ်တက်ပြီး ပေါက်ရောက်၏။ မြေပြင်တွင်လည်း တွားသွားကာ ပေါက်ရောက်လေသည်။

ပေါက်ရောက်ပုံမှာ သဘာဝအလျောက် အလေ့ကျပေါက်ရောက်ကြလေသည်။

ကုလားမျက်စိပင်၏ အာနိသင်မှာ မြန်မာဆေးကျမ်းများ အလိုအရ ခါး၏၊ ဆီးကိုရွှင်စေ၏၊ ညောင်းသောရောဂါနှင့်သင့်၏။ သွေးကို လေးစေသည်၊ ချွေးထွက်ခြင်းကြောင့်ဖြစ်သော ရောဂါများ၊ ဆီးရောဂါများကို ပျောက်ကင်းစေ၏။ မြွေဆိပ်ကို ပယ်နိုင်၏။ အစာကြေ၍ နူတ်မြိန်စေသည်။ အားကို တိုးစေပါသည်။

**အသုံးပြုပုံ အမျိုးမျိုး**

ကုလားမျက်စိပင်၏ ပဥ္စငါးပါးကို အသုံးပြုနိုင်ပါသည်။

(၁) ကုလားမျက်စိပင်သည် အသက်ရှည်ဆေး အဖြစ် အလွန်ထင်ရှားသည်။

ကုလားမျက်စိ အညွန့်၊ အရွက်တို့ကို ပြုတ်တို့ခြင်းဖြင့် ဆီးရွှင် ဆီးကောင်းစေသည်။

(၂) ပဥ္စငါးပါးကို သုံးခွက်တစ်ခွက်တင်ကျို၍ အအေးခံပြီး သကြားထည့်သောက်ပါက ဆီးပူ၊ ဆီးအောင့်၊ ဆီးနည်း၊ အသံဝင်၊ အဖျား၊ အညောင်းအကိုက်ရောဂါတို့ကို ပျောက်စေသည်။

(၃) ပဥ္စငါးပါးကို ထန်းလျက်နှင့်ကျို၍ အအေးခံထားသောရေတွင် စမုံမျိုးငါးပါးမှုန့်ကို အဝတ်နှင့်ထုပ် စိမ်ထားပြီး ထိုစိမ်ရေတွင် ဆားပုပ်အမှုန့်ထည့်၍ တစ်နေ့သုံးကြိမ် သောက်သော် ဆီးချိုရောဂါအမျိုးမျိုး၊ လေအောင့်၊ အစာမကြေ၊ မျက်စိရောဂါအမျိုးမျိုး၊



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

နှလုံးရောဂါ၊ သားအိမ်ရောဂါ၊ ဖောရောင်၊ ညောင်းကိုက်၊ မြင်းသရိုက်ရောဂါတို့ကို ပျောက်စေ၍ အားတိုးစေပါသည်။

(၄) ကုလားမျက်စိရွက် ကြိတ်၍ရသော အရည်ကို မျက်လုံးတွင် ကွင်းပေးခြင်း၊ လူနို့ရည်အနည်းငယ်နှင့် ဖျော်၍ မျက်စဉ်းခပ်ပေးခြင်းဖြင့် သာမန်မျက်စိနာ၊ မီးယပ်မျက်စိနာ၊ သာမန် မျက်လုံးတိမ်စွဲမှုတို့ကို ပျောက်ကင်းစေသည်။

(၅) ကုလားမျက်စိကြိတ်ရည်နှင့် သနပ်ခါးသွေးပြီး မျက်နှာ၊ ကိုယ်လက်တို့ကို လိမ်းပေးပါက ပွေး၊ ညှင်း၊ တင်းတိတ်၊ ဝက်ခြံတို့ပျောက်၍ အသားအရေ ချောမွတ်နူးညံ့စေသည်။

(၆) ကုလားမျက်စိဆေးရည်ကို သောက်ခြင်း၊ သနပ်ခါးနှင့် ရောလိမ်းပေးခြင်းဖြင့် မီးယပ်ဖြူကွက်၊ အနားသားထူသည့်အကွက်များကို ပျောက်ကင်းစေသည်။

(၇) ကုလားမျက်စိ အခြောက်လှန်းထားသည့် အမှုန့်ကို ကြက်သွန်ဖြူဥတစ်လုံးနှင့် ဆတူကြိတ်၍ အတောင့်ပြုလုပ် နေလှန်းပြီး မားနှင့်ပါးပါးလှီးကာ နှာရှူဆေးအဖြစ် အသုံးပြုလျှင် ထိပ်ခတ်နာပျောက်၏။

လျှာကိုပွတ်ပေးလျှင် လျှာနာ၊ ခံတွင်းပျက်ရောဂါ၊ အစားမှား၊ အညော်ဝင်ရောဂါ၊ လေသလိပ် ချွဲကျပ်ရောဂါတို့ကို ပျောက်လေသည်။

နှမ်းဆီနှင့် ဖျော်လိမ်းက ဝဲစိုဝဲခြောက်၊ နှင်းခူ၊ ကိုယ်လက်ရောင်တင်းသောရောဂါ၊ ကလေးများ ရင်ပြည့်ရင်ကယ်ရောဂါ၊ အကြောထုံးရောဂါ၊ အသားအရေ ဖြူဖပ်ဖြူရော်ရောဂါ၊ ချမ်းတုံပူတုံရောဂါတို့ ပျောက်ကင်း၏။

ကလေးများ မှက္ခရုပေါက်ပါက လျှာကိုလိမ်းပေးက ပျောက်လေသည်။

(၈) ကုလားမျက်စိ ပဥ္စငါးပါးကြိတ်ရည်ကို အမျိုးသမီးများ ဓမ္မတာမှန်ဆေးအဖြစ်လည်းကောင်း၊ ဆီးပူညောင်းကျနှင့် အဆုတ်နှင့်ပတ်သတ်သော ရောဂါကုဆေးအဖြစ် သုံးရ၏။

နားကိုက်လျှင် ယင်းကြိတ်ရည်ကို နားထဲထည့်ပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။

တစ်ပင်လုံးကို ရေနှင့်ပွတ်ချေ၍ အဆစ်အမြစ်ကိုက်နာ၊ အဆစ်အမြစ် တောင့်တင်းခြင်းများအတွက် အသုံးပြုနိုင်လေသည်။

ဖော်ပြခဲ့သော ကုလားမျက်စိပင်မှာ နွယ်မြက်သစ်ပင်တွင် ပါဝင်နေပြီး အခြားသော ဆေးဖက်ဝင်အပင်များမှ အသီး၊ အရွက်၊ အခေါက်၊ အမြစ် တစ်မျိုးစီ၏ အသုံးပြုပုံမဟုတ်ဘဲ တစ်ပင်လုံးရှိ ပဥ္စငါးပါးကို ပြုတ်ခြင်း၊ ကျိုခြင်း၊ အရည်ကြိတ်ခြင်း၊ အမှုန့်ပြုခြင်းများဖြင့် အမျိုးမျိုးသုံးစွဲနိုင်သော ဆေးဖက်ဝင် နွယ်ပင်တစ်မျိုး ဖြစ်ပါကြောင်းနှင့် အလွယ်တကူ သိရှိအသုံးပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

**တင့်ထူး(ဧယျဝတီ)**

❒



www.burmeseclassic.com

www.burmeseclassic.com



# သိမှတ်စရာ ဆေးနည်းအဖြာဖြာ

မောင်စာဆို(ကျုံခ)

ယနေ့ နတ်စင်နှင့် ပန်းကန်စင်များ အရောင်းဆိုင်များသို့ ပို့အပြီး၌ နတ်စင်လမ်း မင်္ဂလာကန်တော်ကြီးအနီးရှိ ဆရာကြီးဦးဆန်းဝင်း အိမ်သို့ ဝင်ရလေသည်။

"ဟား- မင်းမင်း၊ အဲ- မောင်စာဆို လာဟ"

"မောင်စာဆို မဖြစ်သေးပါဘူး ဆရာရယ်၊ ကြိုးစားတုန်းပါ"

"အေး၊ မင်းဆောင်းပါး ဘယ်နှပုဒ်ရပြီလဲ၊ မိတ္တူတွေရော ကူးထားလား"

"ကူးထားတယ်ဆရာ၊ ငါးစောင် ရပြီ၊ နီးလာပြီဆိုရမှာပေါ့"

"အေး အေး အခုရော၊ ဘယ်ကလှည့်လာသလဲ၊ မင်းကြည့်ရတာ တစ်မျိုးဖြစ်နေလို့"

"ဟုတ်တယ် ဆရာ၊ ဒူးနည်းနည်း နာနေတယ်၊ ပြီးတော့ ခါးလည်း နည်းနည်းနာနေတယ် ဆရာရေ"

"ကဲ- ဒါဆို နင် ဆေးဆောင်းပါးလည်းရ၊ ကိုယ့်ကိုယ်ကိုယ်ကုပြီးသားလည်းဖြစ်၊ စာဖတ်သူတွေလည်း ဝေငှပြီးသားဖြစ်အောင် တစ်ခါတည်း ရေးမလား"

"အာ- အကောင်းဆုံးပေါ့ ဆရာရယ်၊ အမိန့်ရှိပါ၊ လိုက်ရေးပါ့မယ်"

"အေး- အင်တာနက်ခေတ်ကြီးမှာ အသိဗဟုသုတ ရှာလို့ကတယ်ကောင်းသပေါ့၊ ကဲ မင်းဒီက ပြန်ရင် ဈေးမှာ မြေဖြူခဲ (၂၀၀)ဖိုးလောက်ဝယ်၊ အကောင်းပဲ ရရ အကျိုးပဲ ရရပေါ့၊ ပြီးတော့ ချင်းတစ်တက်လောက်ဝယ်"

"ဟုတ်ကဲ့ ဝယ်ပြီးတော့"

"ချင်းကို ကွမ်းသီးတစ်လုံးစာလောက် ငရုတ်ဆုံထဲထည့်ပြီး ညက်အောင်ထောင်းကွာ"

"ဟုတ်ကဲ့"

"ပြီးတော့ မြေဖြူခဲ အကောင်းဆိုရင် နှစ်ချောင်းလောက်ထည့်ပြီး ရောထောင်းကွာ"

"ထောင်းပြီးတော့"

"တစ်တောင်ထွာလောက် အနံတစ်ထွာလောက် အဝတ်ပါးတစ်ခု လိုတယ်၊ ထောင်းပြီးသား ချင်းနဲ့ မြေဖြူခဲများကို ဒူးခေါင်းအပေါ် ဘေးပတ်လည် ခပ်ပါးပါးသုတ်လိမ်းအုံပြီး စောစောက အဝတ်နဲ့ပတ်စီးပြီး ညအိပ်ရမယ်"

"မနက်ကျ ကောင်းသွားရော ဆိုပါတော့"

"ဟုတ်တယ်၊ နည်းနည်းပြင်းထန်ရင် နှစ်ည သုံးည ဆက်ပြီး အုံပတ်အိပ် ပျောက်တယ်ဗျား၊ အစတော့ အေးသလိုပဲ ခဏကြာတော့ ပူလာတယ်ကွ၊ နောက်တော့ အပူလျော့သွားတယ်"

"ဆရာ ပြောတာ ကျွန်တော်သိပြီ၊ သေသေချာချာလုပ်ပါ့မယ်ဆရာ၊ ပရိဘောဂတွေ သွားပို့တာ ဆိုင်ကယ် (ဘေးတွဲ)ပေါ်က ဆင်းရတက်ရတာ အဲဒီဒူးကြောင့် သတိထားနေရတယ်၊ ဒါဆို ပျောက်ပြီပေါ့နော် ဆရာ"

"စမ်းကြည့်လိုက်လေ၊ ပိုက်ဆံအများကြီး ကုန်စရာမှ မလိုဘဲ"

"အဟဲ ဒူးအတွက် စိတ်အေးရပြီဆိုတော့ ခါးအတွက် လုပ်ပါဦးဆရာ၊ ထိုင်ပြီး တစ်နေကုန်လုပ်နေရတော့ ခါးက ညောင်းရာကနေပြီး နာလာပြန်ရောဆရာ၊ အဲဒီအတွက်ပါ ဆေးနည်းပေးပါဦး"

"ဒဏ်ကြောင့် ကျောက်ကပ်ကြောင့် ဝမ်းချုပ်စသည်ကြောင့် မဟုတ်ဘဲနဲ့ အပူလျှံပြီး ခါးနာတာဆိုရင်တော့ သူလည်း တစ်ခါတည်း ပျောက်တဲ့နည်းပေါ့ကွာ"

"ဟုတ်ကဲ့ဆရာ အမိန့်ရှိပါ"

"မင်း ရေနံဆီတော့ နည်းနည်းရှာရလိမ့်မယ်ကွ"





www.burmeseclassic.com

www.burmeseclassic.com

"ဟာ- အိမ်က မီးစက်က ရေနံဆီထည့်မောင်းရတာဆိုတော့ ဂါလန်နဲ့ ဝယ်ထားတာရှိတယ် ဆရာ"

"ရေနံဆီကို နှစ်ဖွန်းလောက် ခွက်တစ်ခုမှာထည့်ကွာ၊ မင်းက ဝမ်းလျားမှောက်ပေး၊ အမျိုးသမီးကို အလိမ်းခိုင်းကွာ၊ ခါးတစ်ပိုက်ပဲနော်၊ ကျောကုန်းတွေ ဘာတွေ မလိုဘူး၊ သေသေချာချာ အသားထဲဝင်အောင် လိမ်းပြီးတော့ အိမ်ရှေ့ခန်းတစ်နေရာမှာ ခေါင်းအုံးမပါဘဲ ပုဆိုးကို ရင်ခေါင်းနားထိ ဝတ်ပြီး ပက်လက်လှန် အိပ်နေရမယ်ကွ"

"ဟုတ်ကဲ့ဆရာ၊ ဘယ်လောက်ကြာကြာ အိပ်ရမှာလဲ ဆရာ"

"နာရီဝက်တိတိ (မိနစ် ၃၀)ပေါ့ကွာ၊ ခြေရင်းဘက် နာရီ ခဏပြောင်းချိတ်ပြီး အချိန်မှတ်ရမယ်၊ သေသေချာချာ ဆန့်ဆန့် ခြေတွေ လက်တွေ ခန္ဓာကိုယ်ဘေးချပြီး (ပစ္စည်းတစ်ခုကို ပကတိချထားသလို) ခန္ဓာကိုယ်အကြောတွေ လျှော့ထား၊ မိနစ် ၃၀ ပြည့်တာနဲ့ ဖြည်းဖြည်းချင်း ဗိုက်ကြောကို အားပြုပြီး ထိုင်ရမယ်၊ ခြေထောက်အား လက်အား အကူတွေ မပါရဘူး၊ မိနစ် ၃၀ မပြည့်မီ ခါးတစ်ခုလုံး ပူလာမယ်၊ အရမ်းလှုပ်ချင် ထချင်မယ်၊ သည်းခံ၊ မိနစ် ၃၀ပြည့်မှ ထရမယ်၊ အဲဒီအချိန်မှာ တစ်ခါ ပူခနဲ ခံစားရပြီး မင်းခါးနာ အဲဒီအိပ်ရာမှာ ကျန်ခဲ့မယ်၊ ပျောက်ပြီပေါ့ကွာ"

"ဟား- ဆရာရှင်းပြတဲ့ အစီအစဉ်ကြားရတာ ဟန်ကျလိုက်တာ၊ ရှင်းခနဲ လင်းခနဲ မှတ်မိသွားပြီ၊ ဒီနေ့ အဆင်ပြေတဲ့ဟာ အလျင်လုပ်လိုက်မယ် ဆရာ"

"အေးလေ၊ ဒူးက ညဘက်ကျမှ လုပ်မှာ၊ ခါးက နေ့လယ်ဘက်လုပ်ရမှာ၊ အဆင်ပြေပါတယ်ကွ"

"ဟုတ်ကဲ့ဆရာ အဲ အဲ"

"မင်းပါးစပ် ဘာဖြစ်လို့လဲ"

"ဆရာ ကွမ်းယာဝယ်စားတာ ထုံးပေါက်လို့ စပ်ဖျဉ်းဖျဉ်း ဖြစ်နေတယ်ဆရာ၊ အစပ်တောင် မစားနိုင်ဘူး"

"ကွမ်းယာဆိုင်က ကွမ်းယာတွေ ထုံးမမှန်တဲ့အခါ ထုံးပေါက်တာ ကြုံတတ်တာပေါ့၊ မင်း ရှေးလူကြီးတွေ ကွမ်းအစ်ကို သေသေချာချာ မြင်တွေ့ဖူးလား"

"ဟုတ်ကဲ့၊ ကျွန်တော့် အဘဆို ကြေးကွမ်းအစ်ကြီးနဲ့ ဆရာ"

"ဟုတ်ပြီ၊ အဲဒီ ကွမ်းအစ်ထည့်မယ် ထုံးဘူးလို ဘူးဘယ်နှခု တွေ့လဲ"

"အဲ- နှစ်ဘူးတွေ့တယ် ဆရာ"

"ဟုတ်ပြီ၊ ထုံးဘူးကတော့ သေချာတယ်၊ နောက်တစ်ဘူးကကော"

"ဟိုး ရှားစေးဆိုလား ဆရာ၊ အဲဒါလည်း တစ်မှုန်နှစ်မှုန် ထည့်စားတာတွေ့တယ်၊ ကျွန်တော်တို့ ဖန်လို့မစားဘူး"

"အဲဒါ ကွမ်းစားတဲ့ ရှေးလူကြီးတွေရဲ့ လျှို့ဝှက်ချက်ပဲကွ၊ ကွမ်းစားရင် ထုံးမပေါက်အောင် ရှားစေးက ကာကွယ်တယ်၊ တချို့ ရှားစေးကို အရည်ပျစ်ပျစ် ဖျော်ထားတယ်၊ တချို့က အမှုန့်လုပ်ထားတယ်၊ ထုံးမပေါက်အောင် ထည့်စားတာ၊ ကွမ်းနဲ့ ပတ်သက်တဲ့ စာချိုးလေး မင်းသတိရသေးလား၊ တံတားဦးက ကွမ်းနုဝါ၊ ငါန်းမြောကဆေး၊ ကွမ်းသီးမှာ တောင်ငူနဲ့၊ ကိုင်းထုံးဖြူ ပြည်ရှား သာဝါးလို့ထွေးဆိုပြီး ရှေးစာဆိုကြီးတွေ ဆိုခဲ့တာ၊ တံတားဦးက ကွမ်း၊ ငါန်းမြောရွာက ဆေးရွက်ကြီး၊ တောင်ငူက ကွမ်းသီး၊ စစ်ကိုင်းက ထုံး၊ ပြည်မြို့က ရှားစေးတို့များ ပေါင်းစပ်ဝါးလိုက်ရရင် အလွန်ကောင်းပါ့လို့ ဒီလိုဆို မဟုတ်လား"

"ဟုတ်ကဲ့ ဆရာ"

"ဒီနေရာမှာ မင်းထုံးမပေါက် ရုံသာမကဘူး ကွမ်းရဲ့ အရသာကိုပါ ထိန်းညှိပေးတဲ့သဘော၊ အဲဒီတော့ မင်းထုံးပေါက်တဲ့နေရာ ရှားစေးသုတ်၊ သက်သာသွားမယ်၊ လောလောဆယ် ရှားစေးက အသုံးနည်းလို့ ရှာမရရင် ဆီသုတ်ပေး၊ ပျောက်သွားလိမ့်မယ်"

"ဆရာကတော့ စာရေးဆရာရယ်လို့ မပြောရဘူး၊ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောတတ်တယ်၊ နားထောင်လို့လည်း ကောင်း၊ ဗဟုသုတလည်းရ၊ ကောင်းလိုက်တာ ဆရာရယ်"

"ကဲ မင်းလိုချင်တာတွေရပြီ၊ သောက် ရေနွေးခါးနေပြီ စား လက်ဖက်၊ ပုဇွန်ခြောက်တွေက ချိုပါဘိပေ့"

"ဟုတ်ကဲ့ဆရာ ကျေးဇူးတင်ပါတယ်၊ သောက်လည်း သောက်ပါတယ်၊ စားလည်း စားပါမယ်"

"အဲ- ပြီးတော့ မင်း အဲဒါတွေရေးပြီး လပြည့်ဝန်းမဂ္ဂဇင်းပို့ဟာ၊ ဒါမှ တို့ပရိသတ်တွေကို ကျေးဇူးပြုရာရောက်မယ် မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ အသေအချာ ရေးပို့ပါ့မယ်"

မောင်စာဆို (ကျုံ့ရု)

ကျမ်းကိုးစာမှီး

ဆရာကြီးဦးဆန်းဝင်း ပြောပြချက် မှတ်စု။

❒

www.burmeseclassic.com

www.burmeseclassic.com


ရာသီပေါ်သီးနှံ

# မင်းကွတ်သီး

၏


## ဆေးဖက်ဝင်လျှို့ဝှက်ချက်များ

**ဦးမင်းဇင်(ရွှေနဝင်း)**



www.burmeseclassic.com

www.burmeseclassic.com



မိုးဦးရာသီ ဇွန်၊ ဇူလိုင်လများတွင် ဒူးရင်းသီးနှင့် မင်းကွတ်သီးတို့မှာ ရာသီပေါ် ချိန် သီးနှံများဖြစ်၍ သစ်သီးဈေးတန်းတွင် ဝေဆာစွာနဲ့ နေရာယူပြီး စားသုံးသူအကြိုက်တွေ့စေသည့် သစ်သီးများဖြစ်ပေသည်။

ဒူးရင်းသီး၏ရနံ့ကြောင့် အနံ့ကိုမနှစ်သက်သူ အချို့ရှိကြသော်လည်း မင်းကွတ်သီးမှာ လူတိုင်းနီးပါး ကြိုက်နှစ်သက်စွာ စားသုံးသည့် သစ်သီးမျိုးဖြစ်ပါသည်။

မင်းကွတ်သီး၏ ပင်ရင်းဒေသမှာ အရှေ့တောင်အာရှဒေသပေါက်ပင်ဖြစ်ပြီး ရုက္ခဗေဒအမည်ကတော့ Garcinia ဖြစ်၍ အင်္ဂလိပ်အမည်က Mangosteen ဟုခေါ်ပါသည်။ ထိုင်း၊ မလေးရှား၊ အိန္ဒိယ၊ ဖိလစ်ပိုင်နဲ့ ဘရာဇီးနိုင်ငံတွေမှာ စီးပွားဖြစ် အကြီးအကျယ် စိုက်ပျိုးကြပြီး မြန်မာနိုင်ငံမှာတော့ အဓိက မွန်ပြည်နယ်နှင့် တနင်္သာရီဒေသတွင် စိုက်ပျိုးကြပြီး အချို့ဒေသ အနည်းငယ်မှာလည်း အနည်းငယ် စိုက်ပျိုးမှုကို တွေ့ရပါသည်။

မင်းကွတ်ပင်သည် စတင်စိုက်ပျိုးချိန်မှ သီးကင်းစအချိန်အထိ ဆယ်နှစ်ပတ်ဝန်းကျင်ခန့် ကြာတတ်သည့် အပူပိုင်းဒေသ နှစ်ရှည်သီးပင်မျိုး ဖြစ်ပါသည်။ အပင်သက်တမ်းရင့်လေ အသီးသီးလေဖြစ်သည်။

မင်းကွတ်သီး၏ အေးမြ၍ ချိုမြိန်သည့် အရသာကြောင့် လူကြိုက်များသည့် သစ်သီးစာရင်းဝင်ဖြစ်ပါသည်။

သူနှင့်တစ်ပြိုင်တည်း ရာသီပေါ် ညီအစ်ကိုသီးနှံဖြစ်သော ဒူးရင်းသီးနှင့် အတွဲညီ ဆေးဖက်ဝင်သည့် အသီးဖြစ်ပေသည်။

ဒူးရင်းသီးစားပြီးလျှင် ဒူးရင်းသီး၏ အပူကန်၊ အခိုးပွင့်ခြင်း (Side Effect) ၏ ဒဏ်ကို အေးမြချိုမြိန်ပြီး အပူကို ငြိမ်းစေကာ ဆီးကိုရွှင်စေသည့် မင်းကွတ်သီးက ဖြေပေးခြင်းကြောင့် ဒူးရင်းသီးဘယ်လောက်စားစား မင်းကွတ်သီး (၄/၅) လုံးလောက် အဝစားဖြစ်လိုက်လျှင် လူကိုအန္တရာယ်မဖြစ်တော့ပေ။ ဒါက မင်းကွတ်သီး အသားရဲ့ ဆေးဖက်ဝင်သော နံပါတ် (၁) သတ္တိတစ်ခုပါ။

နောက်တစ်ဖန် မင်းကွတ်သီး၏ အခွံတွင် ကျန်းမာရေးအတွက် လွန်စွာအကျိုးပြု ဆေးဖက်ဝင်သော သတ္တိထူးများကလည်း ပေါကြွယ်ဝစွာဖြင့် အခွံတွင် ပါဝင်ဖွဲ့စည်းထားပါသည်။

ရှေးယခင်ကတည်းက မင်းကွတ်သီးအခွံကို ကျေးလက်ဒေသများမှာ ရိုးရာဆေးနည်းများတွင် တွင်ကျယ်စွာ အသုံးပြုခဲ့ကြသည်ကို တွေ့ရပါသည်။

မင်းကွတ်သီးထဲမှ အဓိကအကျိုးပြုဓာတ်သည် 'ဇန်သုံး' Xanthones ဟုခေါ်သည့် ဒြပ်ပေါင်းတစ်မျိုးပင်ဖြစ်ပါသည်။ မင်းကွတ်သီး၏ အစိတ်အပိုင်းတိုင်းမှာ 'ဇန်သုံး' ဓာတ်ပါဝင်နေသော်လည်း အဓိက ပါဝင်မှုအများဆုံးအပိုင်းမှာ မင်းကွတ်သီး၏အခွံတွင် အများဆုံးဖြစ်ပါသည်။

သဘာဝ 'ဇန်သုံး' Xanthones ဒြပ်ပေါင်းအမျိုး (၂၀၀) ကျော်ရှိသည့်အနက် မင်းကွတ်သီး အခွံတစ်မျိုးတည်းမှာကို သဘာဝ 'ဇန်သုံး' ဒြပ်ပေါင်း (၃၇) မျိုး ပါဝင်ဖွဲ့စည်းထားသည်ကို သုတေသနပြုလုပ် တွေ့ရှိထားပေသည်။

မင်းကွတ်သီးမှာပါဝင်နေသော 'ဇန်သုံး'သည်အင်အားအကောင်းဆုံး အင်တီအောက်စီးဒင့် Antioxidant ဓာတ်ဖြစ်ပါသည်။

ထို့အပြင် အခြားပါဝင်နေသော ဒြပ်ပေါင်းများမှာ အင်တီအောက်စီးဒင့် ဓာတ်အားကောင်းသည့် ကက်တီချူး Catechu ဓာတ်လည်း များစွာပါဝင်နေသည့်အပြင် ပေါ်လီဖီနောလ် Polyphenol နှင့် ပေါ်လီဆက်ကရိုက် Poly Saccharide များ ပါဝင်နေခြင်းကြောင့် ရောဂါပိုးမွှားမျိုးစုံနှင့် မှိုစွဲကပ်ခြင်းရောဂါများကို အင်အားတောင့်တင်းစွာဖြင့် ခုခံတိုက်ဖျက်ပေးပြီး အကျိုးပြုစေပါသည်။

သတ္တုဓာတ်များဖြစ်သော ပိုတက်စီယမ်၊ ဖော့စ်ဖရပ်စ် (မီးစုန်းဓာတ်)၊ ကယ်လစီယမ်၊ သံဓာတ်၊ Vitamin $B_1$, $B_2$, $B_6$, Vit-C ဓာတ်တွေလည်း ပါဝင်ဖွဲ့စည်းထားလေသည်။ ထို့ကြောင့် တခြားအသီးအနှံများထက် မင်းကွတ်သီးသည်



www.burmeseclassic.com

www.burmeseclassic.com

လူ့ကျန်းမာရေးကို အထူးကျေးဇူးပြု၍ အထောက်အကူပေးနိုင်ခြင်း ဖြစ်ပါသည်။

မင်းကွတ်သီးတွင် သဘာဝတရားကြီးမှ ဖန်တီးလက်ဆောင်ပေးထားသော ဆေးဖက်ဝင်အစွမ်းထက်သည့် ဖြပ်ပေါင်းများ၏ စွမ်းအင်ကြောင့် လူတို့၏ အသက်ရှည်ကျန်းမာစေရေးအတွက် ကာကွယ်တားဆီး တိုက်ဖျက်ပေးနိုင်သော ရောဂါများမှာ -

(၁) ပင်ပန်းနွမ်းနယ်မှုကို ခုခံကာကွယ်ပေးစေခြင်း။
(၂) အဖုအကျိတ်ကို ခုခံတိုက်ခိုက်နိုင်ပြီး ကင်ဆာရောဂါကို ကြိုတင်၍ ကာကွယ်ပေးနိုင်ခြင်း။
(၃) အိုမင်းမှုကို နှေးကွေးစေခြင်း။
(၄) ဓာတ်တိုးမှုကို တိုက်ဖျက်ပေးနိုင်ခြင်း။
(၅) သွေးတိုးနှုန်းကို ကျစေ၍ သွေးတိုးရောဂါကို ကာကွယ်ပေးနိုင်ခြင်း။
(၆) သွေးတွင်း သကြားဓာတ်ကို လျှော့ချ၍ ဆီးချိုရောဂါ ထိန်းချုပ်ပေးနိုင်ခြင်း။
(၇) ရောဂါပြီးစနစ်ကို လှုံ့ဆော်၍ ကောင်းမွန်သော ခုခံအားကို ဖြစ်စေခြင်း။
(၈) သွေးထဲရှိ ကိုလက်စထရောကို လျှော့ချစေနိုင်ခြင်း။
(၉) အဝလွန်မှုကို ကာကွယ်ပေး၍ ကိုယ်အလေးချိန်လျှော့ချနိုင်ခြင်း။
(၁၀) သွေးလွှတ်ကြောအတွင်း ချိုးမကပ်အောင်ကာကွယ်၍ သွေးလွှတ်ကြော မာကျစ်ရောဂါ Arteriosclerosis ကို ကာကွယ်နိုင်ခြင်း။
(၁၁) နှလုံးကို ကာကွယ်မှုပေးခြင်း။
(၁၂) ပိုင်းရပ်စ်ကို ခုခံကာကွယ်၍ ထိန်းချုပ်ပေးနိုင်ခြင်း။
(၁၃) ပိုးမွှားများကို ခုခံကာကွယ်၍ ပိုးမွှားများ ကူးစက်မှုကို ကြိုတင်ကာကွယ် ထိန်းချုပ်ပေးနိုင်ခြင်း။
(၁၄) ဖန်းဂပ်စ်မှိုမျိုးကို ခုခံကာကွယ်၍ ဖန်းဂပ်စ်မှို ကူးစက်မှုကို ကြိုတင်ခုခံကာကွယ်ပေးနိုင်ခြင်း။
(၁၅) စိတ်ကျရောဂါကို ခုခံတိုက်ဖျက်စေနိုင်ခြင်း။
(၁၆) စိုးရိမ်ကြောင့်ကြမှုတို့ ခုခံတိုက်ဖျက်စေနိုင်ခြင်း။
(၁၇) အယ်ဇိုင်းမားရောဂါတို့ ခုခံကာကွယ်ပေးနိုင်ခြင်း။
(၁၈) အရိုးအဆစ်ရောင်ရမ်းမှုကို ခုခံကာကွယ်၍ ကြိုတင်ကာကွယ်ပေးနိုင်ခြင်း။
(၁၉) အရိုးများ ပွဆတ်ရောဂါ Osteoprosis ကို ကာကွယ်ပေးနိုင်ခြင်း။
(၂၀) ဓာတ်မတည့်မှု Allergy ကို ခုခံကာကွယ်နိုင်ခြင်း။
(၂၁) ကျောက်ကပ် ကျောက်တည်နိုင်မှုကို ကြိုတင်ကာကွယ်ပေးနိုင်ခြင်း။
(၂၂) ကိုယ်ပူကို ကျစေနိုင်ခြင်း။
(၂၃) ပါကင်ဆန်ရောဂါကို ခုခံတိုက်ခိုက်နိုင်ခြင်း။
(၂၄) ဝမ်းလျှောခြင်းကို သက်သာပျောက်ကင်းစေနိုင်ခြင်း။
(၂၅) အာရုံကြော နာကျင်ကိုက်ခဲမှုကို သက်သာလျော့နည်းစေနိုင်ခြင်း။
(၂၆) ရေတိမ် Glaucoma ကို ခုခံကာကွယ်နိုင်ခြင်း။
(၂၇) အတွင်းတိမ် Cataract ကို ကြိုတင်ကာကွယ်ပေးနိုင်ခြင်း။

အထက်ဖော်ပြပါတို့သည် မင်းကွတ်သီးတစ်မျိုးတည်းမှ စွမ်းဆောင်ပေးနိုင်သည့် ဆေးဖက်ဝင် အစွမ်းသတ္တိများဖြစ်ပါသည်။

မင်းကွတ်သီးကို လူတို့၏ ကျန်းမာရေးအတွ[illegible] ပြုပုံနှင့် ဆောင်ရန်၊ ရှောင်ရန်များကို တင်ပြပေးပါဦးမည်။

(၁) ဆေးအနေဖြင့် အသုံးပြုမည်ဆိုလျှင် -

မင်းကွတ်သီး အခွံကို အသုံးပြုခြင်းဖြင့် ပြည့်စုံလုံလောက်သော ဆေးဖက်ဝင် အစွမ်းသတ္တိများကို ရရှိစေပါသည်။

အထူးသတိပြုရန်အချက်မှာ မင်းကွတ်သီးထဲတွင် ပါဝင်နေသည့် 'ဇန်သုံး' ဓာတ်ကို မည်သို့ပင် အပူပေးပေး ပျက်စီးသွားခြင်း မရှိသည့်အတွက် မင်းကွတ်သီး အခွံကို လိုအပ်သည့်အချိန်တွင် အချိန်မရွေး အသုံးပြုနိုင်စေရန် မင်းကွတ်ခွံကို အသီးပေါ်ချိန်တွင် အခြောက်လှန်း၍ သေချာစွာ သိမ်းဆည်းထားနိုင်ပါသည်။

ကျန်းမာရေးအတွက် အသုံးပြုမည်ဆိုလျှင် မင်းကွတ်ခွံကို အစို (သို့) အခြောက်ခံထားသည်ဖြစ်စေ၊ နှစ်မျိုးစလုံးကို လွယ်သလို ပြုတ်၍ ၎င်းပြုတ်ရည်ကို ဆေးရည်အဖြစ် သောက်သုံးရန်ဖြစ်ပါသည်။

(၂) ဆေးပြုတ်ရည် သောက်သုံးသင့်သည့် ပမာဏ

တစ်ကြိမ်သောက်လျှင် ဆေးပြုတ်ရည် နှစ်ကျပ်သားခန့် (သို့) လက်ဖက်ရည်ကြမ်း ပန်းကန်[illegible]ခန့်၊ တစ်နေ့သုံးကြိမ် သောက်သုံးနိုင်ပါသည်။ အကယ်၍ ဆေးပမာဏများသွားလျှင်လည်း အန္တရာယ်မရှိပါ။ ရောဂါရင့်သောလူ

www.burmeseclassic.com

ဆိုလျှင် လက်ဖက်ရည်ကြမ်းပန်းကန် တစ်လုံး တစ်နေ့ သုံးကြိမ် ထမင်းမစားမီ နာရီဝက်ခန့်ခွာ၍ သောက်သုံးပေးနိုင်ပါသည်။

(၃) ဆေးပြုတ်ရည်ကို သုံးစွဲလျှင် သတိပြုရန်အချက်မှာ

(က) ကျောက်ကပ်ရောဂါ အခံရှိသူများ သတိပြု၍ ဆေးရည်ပမာဏ အနည်းငယ်ဖြင့် စမ်းသပ်ပြီး စ၍သောက်ပါ။ ရောဂါအခြေအနေ ပို၍တိုးလာလျှင် ဆေးကို ဆက်မသောက်ဘဲ ရပ်ပါ။

(ခ) မင်းကွတ်သီးခွံတွင် ကျန်းမာရေးအတွက် အကျိုးပြုဓာတ်များ များစွာပါဝင်နေသော်လည်း 'တယ်နင်' ဟုခေါ်သော ချုပ်စေတတ်သည့် ဓာတ်တစ်မျိုးလည်း ပါဝင်နေသဖြင့် ၎င်းဓာတ်၏သတ္တိမှာ သုံးစွဲမှုပမာဏ များခဲ့လျှင် (သို့) အချိန်ကြာမြင့်စွာ သုံးစွဲခဲ့လျှင် (Side effect) သဘောမျိုးရှိတတ်ပြီး ဝမ်း၊ လေနှင့် အမျိုးသမီးတို့၏ လစဉ်ဓမ္မတာ သွေးသားကို ချုပ်စေသည့် သဘောရှိတတ်ပါသည်။

ထို့ကြောင့် မင်းကွတ်သီး ဆေးပြုတ်ရည်ကို သောက်၍ စမ်းဗိုက်တွင် လေပွခြင်း၊ မအီမသာဖြစ်ခြင်း၊ ဝမ်းသွားရအားမရခြင်းတို့ဖြစ်ခဲ့သော် ဆေးသောက်ခြင်းကို ပြန်လည်၍ ချိန်ဆရန် လိုအပ်ပါသည်။

အခြား သင့်လျော်မည့် ဆေးမျိုးတို့နှင့် တွဲစပ်၍ သောက်သုံးပေးရန် လိုအပ်ပါသည်။ ဤအနေအထားမျိုးတွင် နားလည်တတ်ကျွမ်းသည့် ဆေးပညာရှင်နှင့် တိုင်ပင်ဆွေးနွေးရမည့် အနေအထားဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရသော် -

မည်မျှသော ဆေးဖက်ဝင်၍ အစွမ်းထက်သည့် သဘာဝဆေးပင် ဆေးပစ္စည်းဖြစ်ပါသော်လည်း ဆေးပညာရပ်၏ သဘောသဘာဝအတိုင်း 'တန်ဆေး၊ လွန်ဘေး' ဟု ဆိုအပ်သော ဆေးလောက သဘာဝဥပဒေသကို လိုက်နာကျင့်သုံးရန် အထူးသတိပေးချင်ပါသည်။

အရမ်းမဲ့ တရားလွန် ဘယ်အရာမျှ မကျင့်သုံးကြပါနှင့်ဟု မေတ္တာပြု ပန်ကြားလျက် ဤဆောင်းပါးကို အများပြည်သူ အကျိုးရှိစေရန် တင်ပြလိုက်ပါသည်။

**ဦးမင်းဇင်(ရွှေနဝင်း)**


**နေလ်စဲန် ခရုသင်း၊ သမင်ဖြူ**

**အခြေပြားအထူးကုဆေးခန်း**

ခရုသင်း၊ သမင်ဖြူ စားဆေး၊ လိမ်းဆေး၊ သွေးသန့်ဆေး၊ ယားနာလိမ်းဆေး
နေလ်စဲန် ဗိုက်ချုပ်လိမ်းဆေး အဆီကျသောက်ဆေးများကို
နယ်မှ မှာယူနိုင်ပါသည်။

တိုက်အမှတ်(၁)၊ အခန်း(၀၁၁)(၄လွှာ)၊ စက်ရုံလမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၂၀၀၄၉၁၊ ၀၉ ၅၀၄၁၂၄၀

www.burmeseclassic.com

# အသက်ရှည်ကြောင်း ဆေးနည်းကောင်းများ

ဆရာအောင်ကျော်နိုင်(ရွှေစေတီ)



တစ်နေ့သ၌ ကျွန်ုပ်ဗေဒင်ဆိုင်ခန်းဖွင့်ရာ လှိုင်သာယာမြို့ ဦးစေတီတော် မြောက်ဘက်မုခ် သူတော်စင်နန်း (ပထမ ခေါင်းရင်းခန်းမှ ယခု ခြေရင်းခန်းသို့ ပြောင်းထားသော) မြောက်မုခ်ဗေဒင်ဆိုင်ခန်းသို့ လွယ်နေကျ လွယ်အိတ်ကြီးအား လွယ်လျက် အသံရောရုပ်ပါ လူရှင်တော်ငြိမ်းချမ်းနှင့် လွန်စွာ တူလှပြီး အသက်(၆၀)ဟု မထင်ရ နုပျိုလန်းဆန်းလျက်လည်းရှိသည့် စာရေးဆရာ လုံးချင်းဝတ္ထု(၄)အုပ်ခန့် ကြီးစား ထုတ်ဝေ ရိုက်နှိပ်ပြီးသော ဘက်ထရီမောင်သောင်း၊ နေမျိုးထက် (ဟသ်ာတ)၊ ဘဝတက္ကသိုလ်နေမျိုးထက် (ဟသ်ာတ) ဟူ၍ ကလောင်အမည်များဖြင့် လပြည့်ဝန်းမဂ္ဂဇင်းတွင်လည်းရေး အခြားမဂ္ဂဇင်းများတွင်လည်း ရေးလျက်ရှိသော ဦးသောင်း၊ ဆိုင်ရှေ့တွင် မားမားကြီးရပ်လျက် ပေါ်လာလေတော့သည်။

"ဟာ- ပေါ်တော်မူ ဆရာသောင်းကြွ"

"အာ မလုပ်ပါနဲ့၊ မိုးကြိုးထိနေပါဦးမယ်၊ ဆိုင်ခန်းက ဘယ်လို"

"အေးလေ၊ ဂေါပကတွေရဲ့ အလိုအတိုင်းပေါ့ ဆရာရယ်၊ ဟိုကနေ ဒီရွှေ့လိုက်ဦးဆိုတော့လည်း ရွှေ့ရတာပေါ့ဗျာ၊ ဟုတ်တယ်မို့လား"

"အဲဒါပေါ့ ဒါပေါ့၊ ပြီးတော့ ဆရာ ဆိုင်ဘေးက ပျောက်သွားပြီး ဟိုနောက်ဘက်မှာ လုံခြုံရေး သက်သာဆိုင်က တိုးလာပါလား"

"ဟုတ်ပါဗျား၊ ခင်ဗျားအတွက် လက်ဖက်ရည်ဆိုင်ကတော့ ရှိနေတာပဲ၊ ကဲ ဘာသောက်မှာလဲ မှာလိုက်မယ်"

"ဟာ- တပည့်မှာခဲ့ပြီးပါပြီ၊ လာဖို့ပါလိမ့်မယ်၊ ဟောလာပြီ၊ ဒီမှာ ချ ရေနွေးကကောကွ တလေး"

"ဟုတ်ကဲ့၊ ခေတ်ဘူးလာပို့ပါ့မယ်"

"လက်ဖက်ခြောက် ခါးခါးလေးဟေ့"

"ဟုတ်"

"ကဲ ဆရာသောင်း၊ ဒီတစ်ပတ် ဘာတွေများ သိချင်လဲ မေးမလဲဗျာ"

"အင်း ဒီတစ်ပတ်တော့ လူက အသက်ကြီးလာမှ စာရေးလို့ ပိုကောင်းလာ၊ အများအတွက် အကျိုးပိုဆောင်နိုင်အောင် အသက်ရှည်ဆေး နည်းများထဲက တစ်ခုခုပေါ့ ဆရာကျော်ရယ်၊ ဖော်စားရမယ့် ဆေးဆေး ဟာလေးမှတ်ချင်ပါတယ်ဗျာ"

"ဆရာသောင်း ကျုပ်လည်း ဗိန္ဓောဆရာဖြစ်တော့ မယ်နော်၊ အဲဒီမယ် ဆေးနည်းတွေ လာလာမေးနေတော့





www.burmeseclassic.com

www.burmeseclassic.com

ဆေးကျမ်းပါ ဖတ်နေရတော့တာ၊ ကဲ ကဲ ရေးဖို့ပြင်၊ ပထမဆုံး အသက်ရှည်ဆေး နည်းတစ်မျိုးပေါ့"

**လောက်သေပင် ပါဝင်သော အသက်ရှည်ဆေး**

"လောက်သေရွက်၊ ဥနဲ့ရွက်၊ သဘော်မဲလေးရွက်၊ ဆင်တုန်းမနွယ်ခေါက်၊ ကုန်းထိကရုံး၊ လက်ဖက်၊ အဲဒီခြောက်မျိုးကို အညီအမျှ အလေးချိန်ရအောင် ယူလိုက်"

"ရပြီဆရာကျော်၊ အဲဒါကို ဘယ်လိုလုပ်ရမလဲ"

"ရေနဲ့ကျိုရမယ်လို့ ဆေးကျမ်းက ဆိုတယ်၊ ပြီးတော့ နေ့စဉ် နံနက်ဖြစ်စေ ညဖြစ်စေ အကြမ်းပန်းကန်တစ်လုံး ပုံမှန်သောက်ရမယ်တဲ့၊ ဒါလည်း အသက်ရှည်တဲ့ ဆေးပဲ"

"ဟုတ်ကဲ့ ကောင်းပါပြီ ဆရာကျော်၊ နောက်တစ်မျိုး ပြောပါဦး"

**ကသစ်ပွင့် ဆေးနည်း**

"နောက်တစ်မျိုးက ဥနဲ့ရွက်၊ ကသစ်ပွင့်ပြီးတော့ ထနောင်းပင်က ကျီးပေါင်းကို ရယူပြီး အမှုန့်ပြုပါတဲ့၊ အားလုံးရောစပ်ပြီး လက်ဖက်ခြောက်ခပ်သလိုမျိုး ရေနွေးဆူဆူမှာ အမြဲပဲ ခပ်သောက်မယ်ဆိုရင် ဒါလည်းပဲ အသက်ရှည်တဲ့ ဆေးပဲတဲ့ဗျား"

"ကောင်းတာပဲ ဆရာ၊ နောက်တစ်နည်း လုပ်ပါဦး"

**ဖန်ခါးသီးခြောက် ဆေးနည်း**

"နောက်တစ်နည်းက ဖန်ခါးသီးခြောက် နှစ်လုံးကို ကြေညက်စွာ ပါးစားပြီး နို့တစ်ခွက်နဲ့ သောက်ရမယ်၊ နေ့တိုင်း တစ်နေ့ တစ်ခွက်ပေါ့၊ အဲ- သွားနို့သည် ကုလားမနဲ့လည်း ရင်းနှီးပြီး ညားသွားဦးမယ်၊ နေ့တိုင်း ဝယ်နေရလို့၊ အေးဗျာ အဲဒါလည်း အသက်ရှည်တာပဲလို့ ရှေးဆရာတွေက ညွှန်ခဲ့သဗျ"

"ကောင်းဗျာ နောက်တစ်မျိုး အမိန့်ရှိပါဦးဆရာ"

**သူငယ်စာငှက်ပျော ဆေးနည်း**

"အင်း- နောက်တစ်မျိုးက သူငယ်စာငှက်ပျောသီးမှည့်ကို အခွံခွာပြီး ပုလင်း၊ ဖန်ဘူး တစ်ခုခုမှာ ပျားရည်နဲ့ စိမ်ထားရမယ်၊ တစ်ပတ် ဆယ်ရက်လောက်ကစပြီး မနက် တစ်ဇွန်း ညတစ်ဇွန်း စားရမယ်၊ အင်း- ဒါလည်း အသက်ရှည်တဲ့ ဆေးပဲဗျ ဆရာသောင်းရဲ့"

"ဟား- သူက ပိုတောင်ကောင်းပါရောလားဗျာ"

"ဘာပြုလို့လဲ၊ ချိုလို့လား"

"ဟုတ်ပါတယ် ဆရာ၊ ကလေးတွေ ခိုးစားလို့ အရင်ကုန်မှာ၊ ဟုတ်ကဲ့ဆရာ၊ နောက်တစ်နည်း အမိန့်ရှိပါဦး"

**မြင်းခွာရွက်ဆေးနည်း**

"နောက်တစ်နည်းကတော့ မြင်းခွာရွက် ပဉ္စငါးပါးကို အရိပ်ထဲ ခြောက်စေပြီးတော့ အမှုန့်ပြုလုပ်ရမယ်၊ အဲဒီအမှုန့်ကို နံနက်၊ ည တစ်ဇွန်းစီ စားပေးရမယ်တဲ့၊ အဲဒါလည်းပဲ အသက်ရှည်တဲ့ ဆေးပဲဗျ၊ ဆရာသောင်းရဲ့"

"သူလည်း အလုပ်ဆိပ်မှမရှုပ်တာ ကောင်းဗျာ၊ ကဲ နောက်တစ်နည်း"

**ကြိတ်မှန်ရွက် ဆေးနည်း**

"အဲ- နောက်တစ်နည်းက ကြိတ်မှန်ရွက်တစ်ပိဿာကို ဆားနဲ့ကြိတ်၊ လုံမှာထည့် မီးထဲထည့်ထိုး၊ ဖားဖိုနဲ့ပေါ့၊ ဆားသတ္တုကျလာမယ်၊ အဲဒီဆားကို ပျားရည်နဲ့ စိမ်ပြီး နံနက် ည လက်ဖက်စားဇွန်း တစ်ဇွန်းစာ စားမယ်ဆိုရင် နုပျိုမယ်၊ ဆံပင်နက်မယ်၊ ပြီးတော့ အသက်ရှည်မယ်လို့ ညွှန်ပြထားတယ်ဗျ"

"အင်း သူက နည်းနည်းတော့ အလုပ်ပိုတယ်၊ သတ္တိသွား ပိုကောင်းတယ်နော် ဆရာကျော်၊ ကျွန်တော်စားရင် ဘယ့်နှယ်လဲ"

"ခင်ဗျား စားကြည့်လေ၊ ဒီအရွယ်က တိုးပြီး မကျတော့ဘူးပေါ့၊ ခင်ဗျား အသက် (၆၀)ကျော်ပေမယ့် ဆံပင်က မည်းတုန်းပဲ၊ ဒါစားရင် မဖြူတော့ဘူးပေါ့"

"ကျွန်တော်က နုပျိုပြီး မိန်းမက အဘွားကြီးဖြစ်လို့ ဒါလည်း ဟန်မကျသေးဘူး ထင်တယ်"

"ဟာ- ခင်ဗျား မိန်းမပါ စားပါစေပေါ့၊ ဒါမှ တန်းတူညီမျှ ဖြစ်နိုင်မှာပေါ့ ဆရာသောင်းရဲ့"

"အဲဒါလည်း ဟုတ်တာပဲ၊ ဖားဖိုရှာပြီး မီးသွေးနဲ့ ဖိုထိုးရမှာဆိုတော့ သိပ်မလွယ်လောက်လို့၊ ဆရာ နောက်ဆုံး တစ်နည်းလောက် အမိန့်ရှိပါဦး"

"နောက်ဆုံးတစ်နည်းလား"

"ဟုတ်ပါတယ်ဆရာ"

**မြင်းခွာ ငရုတ်ကောင်း ဆေးနည်း**

"ကဲ- နောက်ဆုံးတစ်နည်းက မြင်းခွာရွက် လေးကျပ်သား၊ ငရုတ်ကောင်းက တစ်ကျပ်သား အမှုန့်ပြုလုပ်ပြီးလျှင် ပျားရည်နဲ့ ရောစပ်ပြီး သောက်၊ စားမယ်ဆိုရင် သက်တော်ရှည်ပြား ရာကျော်သွားမည်၊ ဆေးများအဆီမှတ်အပ်သည် အရှည်သိစေသားလို့ ကစဉ်ရွှေက ဆရာကြီးဦးမြအေးက ကဗျာ လင်္ကာလေးပါ စပ်ဆိုထားသေးသဗျ၊ ခင်ဗျား အခုပြောရ အမြန်သာ ဖော်စားပေတော့ ဆရာသောင်းရေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ကောင်းပါပြီဆရာ၊ ကဲ ကျွန်တော်တို့ အသက်ရှည်ဆေးနည်း ဘယ်နှမျိုးပါလိမ့်"

"လိုက်ရေးတဲ့သူက ပြန်မေးနေပြန်ပါပြီ ခွကျတဲ့ဆရာ သောင်းပဲ၊ အင်း ပြန်ကြည့်၊ လောက်သေအစရှိတဲ့ဆေးနည်း (၁)၊ ကသစ်ပွင့် အစရှိတဲ့ ဆေးနည်း (၂)၊ ဖန်ခါးသီးခြောက် ဆေးနည်း (၃)၊ ငှက်ပျောသူငယ်စာဆေးနည်း (၄)၊ မြင်းခွာ ရွက်ဆေးနည်း (၅)၊ ကြိတ်မှုန်ရွက်ဆေးနည်း (၆)၊ မြင်းခွာ ရွှက်ကောင်း ဆေးနည်း(၇)၊ စုစုပေါင်း (၇)မျိုးပဲလေ။

အဲဒါကို နည်းနာနီသယ သေသေချာချာမှတ်ပြီး အရင်ဆုံး အဆင်ပြေရာ ဖော်စားကြမယ်ဆိုရင် ဒါဟာ အသက်ရှည်တဲ့ ဆေးစွမ်းကောင်းတွေချည်းပဲဆိုတာ အသေ အချာပဲ ဆရာသောင်းရေ"

"ကျေးဇူးတင်ပါတယ် ဆရာကျော်ရယ်၊ ကျွန်တော်က ရေးလိုက်၊ ဆရာက လပြည့်ဝန်းမဂ္ဂဇင်းထည့်လိုက်နဲ့ ဟန် တော့ကျနေတာပဲ ဟဲဟဲ"

"ဟ ဒါဆို ဆရာသောင်းအရင်ရောက်အောင်ပို့လေ၊ ဒါမှ အခြားစာဖတ်ပရိသတ်တွေ ဖော်စားနိုင်အောင်လေ၊ ခင်ဗျားမဂ္ဂဇင်းတိုက်မသွားနိုင်ဘူး မဟုတ်လား၊ မနက်ဖြန်ဆို အဖိတ်နေ့ခင်ဗျာ၊ မွှာရုံက အလှူခံထွက်ဖို့ လာခေါ်တာ လိုက်ရဦးမှာ မဟုတ်လား"


"အေးဗျ အဲဒါကတော့ အင်း"

"ခင်ဗျား ဖော်စားနိုင်တာသာ ဖော်စား၊ စာမူကတော့ ကျုပ်ပဲ ပို့လိုက်တော့မယ်"

"ကောင်းပါပြီ ဆရာ၊ ကဲ- လက်ဖက်ရည် သောက် လိုက်ပါဦး၊ ရေနွေးလည်း ခါးနေပြီ ဆရာ၊ ဗေဒင်မေးတွေ မလာခင်ပေါ့"

ထို့နောက်တွင်တော့ စာရေးဆရာဘက်ထရီ မောင် သောင်းလည်းအပြန် ဗေဒင်မေးတချို့ရောက်ရှိလာလေသော ကြောင့် ဗေဒင်ဟောပေးရန် ပြန်ဆင်လိုက်ရပြန်ပေတော့ သတည်း။

**ဆရာအောင်ကျော်ခိုင်(ရွှေစေတီ)**

မြန်မာနိုင်ငံဗေဒသုတေသနအဖွဲ့

**နက္ခတ္တ လက္ခဏာနှင့် ရွယ်စုံပညာရှင်**

**ဆရာအောင်ကျော်ခိုင်**

အိမ်ထောင်ရေးဒုက္ခတွေ့နေသလား၊ စီးပွားရေးအခက်တွေ့နေသလား၊
အိမ်ခြံမြေ တိုက်ခန်း ရောင်းထွက်ချင်သလား၊ အိမ်ကအမျိုးသားက
ခြေလှမ်းများမှားနေသလား၊ အမျိုးသမီးက ပုံမှန်ဟုတ်ရဲ့လား၊
သားသမီးတွေ ပြောစကား နားမထောင်ဘူးလား၊ နိုင်ငံခြားခရီး
ကြာနေသလား၊ ကြွေးတွေက တောင်းမရလို့ စိတ်ညစ်နေသလား၊
အတိုက်အခံတွေ ပေါ်သလား၊ ဈေးရောင်းကောင်းချင်လား၊

**ဒါတွေ ခက်နေတာ လွယ်ဖို့ သင် ဆရာနဲ့တွေ့ဖို့ အချိန်တန်ပြီ**

ဟောခန်းတည်နေရာ ➤ ဆုတောင်းပြည့် အောင်မြေသာယာစေတီတော် မြောက်ဘက်မုခ် သူတော်စင်များနန်းအနီး။
လမ်းညွှန် ➤ ရုံးရှေ့မှတ်တိုင်၊ လှိုင်သာယာမြို့နယ် ဆင်း ရောက်ပြီ။
ဖုန်း ➤ ၀၉-၄၂၀၀၈၂၉၃၂၊ ၀၉-၇၉၅၁၈၇၈၃၈ (ပိတ်ရက်မရှိပါ)

(အခါပေးအမျိုးမျိုး၊ ဗေဒင်ဟော၊ ဇာတာဖွဲ့၊ အတိုက်အခိုက်ရှင်း၊ ဓာတ်ရိုက်ဓာတ်ဆင်နှင့် အဆောင်ယတြာကိစ္စများ အထူးဆောင်ရွက်ပေးပါသည်။)




www.burmeseclassic.com

www.burmeseclassic.com

# နွယ်ပြုတ်သစ်ပင် ဆေးဖက်ဝင်

သမားတော်ကြီး ဒေါက်တာသက်ဆွေ

## ၁။ ဂမုန်းသဃ်ာစင်ပင်



ဂမုန်းသဃ်ာစင်ပင်ကို ဟိန္ဒီဘာသာ(ဆာလိဗ်-မိဆရီ) ခေါ်၏။ လက်တင်ဘာသာ EULOPHIA CAMPESTRIS ဟု ခေါ်ပါသည်။ ၎င်းအပင်သည် ပင်ငယ်မျိုးဖြစ်၍ အမြင့် သုံးပေ ကျော်ရှိ၏။ အရွက်များသည် အခွံဖုံးထားသော ပင်စည်မှ ထွက်ကြ၏။ အပွင့်များသည် ပွင့်လာပြီးမှ ကြီးထွားလာကြ၏။ အပွင့်များသည် အဝါရောင်၊ အစိမ်းရောင်ပေါ်တွင် ခရမ်းရောင် အပြောက်ကလေးများပါရှိ၏။ ခရမ်းရောင် အပွင့်များလည်း ပွင့်၏။ ဥများ ဥရာတွင် တန်းစီ၍ ဥသဖြင့် သံဃ်ာစဉ်ဟု ခေါ်ဆိုကြခြင်းဖြစ်၏။

ရသာအကျိုးသွား ဂုဏ်သတ္တိများမှာ ဥများသည် ချို၏၊ ပူ၏၊ ဖန်၏။ ဆာလောင်ခြင်းကို ဖြစ်စေ၏။ ကြေကျက်ခဲ၏။ အားကိုဖြစ်စေ၏။ အသက်ကို ရှည်စေ၏။ ကာမကို အားပေး၏။ ဝဖြိုးစေ၏။ ဓာတ်တို့ကို ပြောင်းလဲစေတတ်ပြီး သွေးတို့ကို စဉ်ကြယ်စေ၏။ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ဆီးချိုရောဂါ၊ မြစ်ခြောက်နာ၊ ဆီးကျောက်တည်ရောဂါတို့ကို ပျောက်ကင်းစေတတ်၏။



ရှေးသမားတော်ကြီးများ အာယုဝေဒဗေဒ အသက်ရှည်ဆေး ဖော်စပ်ရာတွင် အသုံးပြုကြ၏။

## ၂။ ဂုံခါးပင်



ဂုံခါးပင်ကို ဟိန္ဒီဘာသာအားဖြင့် ခေါ်၏။ လက်တင်ဘာသာအနေဖြင့် LEPTADEDENIA RETICULATA ဟုခေါ်၏။ ၎င်းအပင်သည် နွယ်ပင်မျိုးဖြစ်၍ အခြားအပင်ကြီးများအား မှီတွယ်၍ တက်ကြသော အလေ့ကျပေါက်ပင်ဖြစ်၏။

အပွင့်ဖြူကလေးများ ပွင့်၍ အလွန်မွှေး၏။ ဂုံပင်နှင့် ပတ်သက်၍ ဂုံခါးသာလျှင် အသုံးပြုကြ၏။ အထူးသဖြင့် အမြစ်ကို အသုံးများကြ၏။

ရသာအကျိုးသွားနှင့် ဂုဏ်သတ္တိမှာချို၏၊ ဖန်၏၊ ခါးသက်သက်ရှိ၏၊ ပူ၏၊ စပ်ရှားရှားရသာ ရှိ၏။ ဝမ်းမီးကို တောက်စေ၏။ ကြေကျက်လွယ်၏။ နှုတ်ကို မြိန်စေ၏။




www.burmeseclassic.com

www.burmeseclassic.com

ကာမကို အားပေး၏။ လူကို ဝဖြိုးစေတတ်၏။ အသံကို ကြည်လင်စေ၏။ ပညာကို ပွားစေ၏။ အသက်ကို ရှည်စေ၏။ လေသလိပ်ကို ကြေစေ၏။ အဖျားရောဂါများ ပျောက်ကင်းစေ၏။

အပွင့်သည် ဆာလောင်ခြင်းကို ပျောက်ကင်းစေ၏။ လေကိုကြေစေပြီး ချောင်းဆိုး ရင်ကျပ်တို့ကို ပျောက်ကင်းစေနိုင်၏။ ဆီးကို ရွှင်စေ၏။ အာခံတွင်းခြောက်ကပ်ခြင်းကို လည်း ပျောက်ကင်းစေ၏။

## ၃။ ဂျုန်တောင်ပံပင်



ဂျုန်တောင်ပံ
EVOLVULUS ALSINOIDES

ဂျုန်တောင်ပံပင်များသည် မဲပင်မျိုးရိုးတွင် ပါဝင်ပြီး မဲပင်များနှင့် တူ၏။ အပင်ငယ်မျိုးဖြစ်ပြီး အကိုင်းအခက်များ ဝေဝေဆာဆာရှိ၏။ အသီးတောင့်ရှည်များ သီး၏။ လမ်းဘေး စိမ်းလန်းသော မြက်တောများတွင် အလေ့ကျ ပေါက်ကြ၏။ ပဥ္စငါးပါးစလုံး ဆေးဖက်တွင် အသုံးပြုကြ၏။

ဂျုန်တောင်ပံပင်များသည် ရှေးဟောင်းဆေးကျမ်းများ အဆိုအရ အဖြူပင်- ပါဠိသေတသခဲပုပ္ဖီ၊ အနီပင်- ရတ္တသခ်ပုပ္ဖီ၊ အညိုပင် - ဗိဿကု ကန္တာဟု ဖွင့်ဆို၏။ ထို့ကြောင့် သုံးမျိုးရှိကြောင်း သိရှိရ၏။ သာလိဂ်ါမနိဃဏ္ဍုကျမ်း၌ကား ဂျုန်တောင်ပံပင်ကို ခရုသင်းမြက်မျိုး ခေါ် အသိုက်မြက်တစ်မျိုးဟု ဖော်ပြထားသည်ကို တွေ့ရှိရ၏။

ဂျုန်တောင်ပံပင်များသည် မဲရိုင်းပင်များကြားတွင် ပေါက်တတ်၏။ ထို့ကြောင့် အချို့ အရပ်ဒေသများတွင် မဲရိုင်းဖြူပင်ဟုလည်း ခေါ်ဆိုကြ၏။


ဂျုန်တောင်ပံပင်၏ ရသာနှင့် အကျိုးသွားမှာဖန်၏၊ ခါး၏၊ စပ်၏၊ ဝိပါက၌ စပ်၏။ ဆီးကို ရွှင်စေ၏။ သတိကို ကောင်းစေ၏။ ခွန်အားကို ဖြစ်စေ၏။ ပညာဉာဏ်တိုးပွားစေ၏။ အသံကို ကောင်းစေ၏၊ ဝမ်း၊ ဆီးဝေဒနာများ ပျောက်ကင်းစေ၏။ ကိုယ်ရေပြားရောဂါပိုးနာ၊ အဆိပ်သင့်နာတို့ကို လည်း ပျောက်ကင်းစေ၏။

မြွေဆိပ်တက်ရာတွင် ပဥ္စငါးပါး သုံးခွက် တစ်ခွက်တင် ကျိုတိုက်ပြီး အမြစ်သွေးရည်ကို စုတ်ထိုးပေးက ပျောက်ကင်းစေ၏။

ဂျုန်တောင်ပံဆီ၏ အရသာနှင့် အကျိုးသွားမှာ ခါး၏။ စပ်ရှားရှားရသာရှိ၏။ လေသလိပ်ကို ပယ်တတ်၏။ ဆီးဝမ်းကို ရွှင်စေ၏။ ၎င်းအဆီကို ရေဖြင့် ဖျော်သောက်က အဆီကျ၏။ အဝလွန်သူများ သောက်သုံးသင့်၏။ ၎င်းအဆီသည် ကိုယ်ရေပြားရောဂါ၊ ဒူလာရောဂါ၊ လိပ်ခေါင်းရောဂါ၊ ဆီးရောဂါ၊ သွက်ရောဂါတို့ကိုလည်း ပျောက်ကင်းစေ၏။

လိုအပ်သလို ဆေးဖက်တွင်အသုံးပြုနိုင်ရန် ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

## ၄။ ငုရွှေပင် (ခေါ်) ငုပင်



www.burmeseclassic.com

ငုရွှေ (ဝါ) ငုပင်များသည် မြန်မာအခေါ်ဖြစ်ပြီး ၎င်း အပင်များသည် စိန်ပန်းမျိုးနွယ်မှ ဆင်းသက်လာ၏။ အင်္ဂလိပ် အမည် PUDDING PIPE TREE ဟု ခေါ်၏။ ပင်လတ် မျိုးဖြစ်ပြီး အမြင့်ဆုံး ပေ ၃၀ ကျော်ထိသာရှိကြ၏။ အကိုင်း အခက်များ မာကျောသည်။ အခေါက်များသည် ငယ်စဉ် နုရှ် အပင်ကြီးလာလျှင် ကြမ်းတမ်းသည်။ ပင်စည်မှ အကိုင်းများ ထွက်ပြီး အကိုင်းပေါ်တွင် ဟိုဘက် ဒီဘက် ရွက်လွှဲထွက်၏။ တစ်ကိုင်းလျှင် ခြောက်ရွက်ခန့်ရှိပြီး အဖျားချွန်၏၊ ရွက်ကြော များ ပါရှိ၏။

အပွင့်များ အခိုင်လိုက်ပွင့်ပြီး အရောင်မှာ ရွှေဝါရောင် တောက်နေသောကြောင့် ငုရွှေဝါဟု တင်စားခေါ်ဆိုကြခြင်း ဖြစ်၏။ ငုရွှေသီးသည် အတောင့်ရှည်များဖြစ်၏၊ အရှည် ၁၂ လက်မမှ ၁၈ လက်မထိရှည်၏။ ပထမ အစိမ်းရောင်မှ မှည့်လျှင် မဲနက်လာ၏။ အလေ့ကျပေါက်သော အပင်မျိုး ဖြစ်၏။

ငုရွှေပင်၏ အကျိုးသွားအာနိသင်မှာ အေး၏။ ခါး၏။ ဖန်၏။ အနှစ်သည် ချို၏။ လေသည်းခြေကို နိုင်၏။ ဝမ်းကို သက်စေ၏။ နှုတ်ကို မြိန်စေ၏။ ဝမ်းကိုလည်း စင်ကြယ်စေ၏။ သလိပ်ကို ပယ်နိုင်၏။ အရေပြားရောဂါနှင့် နူနာတို့ကို ပျောက်ကင်းစေ၏။

## ဆေးဖက်တွင် အသုံးပြုပုံ

(၁) ရေယုန်ပေါက်ပါက အရွက်သတ္တုရည် လိမ်းပေးပါက ပျောက်ကင်း၏။

(၂) အဆစ်ရောင်ရောဂါအတွက် အရွက်ကိုထုပ်ပြီး အပူပေးကာ ကြပ်ထုပ်ထိုးပေးက ပျောက်၏။

(၃) အရေပြားရောဂါနှင့် နူနာရောဂါဖြစ်ခဲ့သော် အရွက်ကို ရှာလကာရည်ဖြင့် ရောကြိတ်ပြီး အရည်ကိုလူးပေးသော် ပျောက်ကင်းနိုင်၏။

(၄) ဖမ်းချုပ်ပါက အရွက်ကို ဟင်းချိုချက်သောက်ပါက ဝမ်းသက်စေ၏။

(၅) ဆီးချုပ်၊ ဆီးပူ၊ ဆီးသွေးပါ ဖြစ်ခဲ့သော် အသီးနှစ်ရည်ကို ချက်၍ လိမ်းပေးက ပျောက်၏။

(၆) နားရောဂါဖြစ်ပါက ငုနှစ်ပြုတ်ရည် ထည့်ပေးက ပျောက်ကင်းစေ၏။

(၇) ကလေးများ ဝမ်းဖောဝမ်းရောင်ဖြစ်လျှင် ငုနှစ်သွေး၍ ချက်၍ လိမ်းပေးက ပျောက်၏။

(၈) လေရောဂါအမျိုးမျိုးအတွက် ငုမြစ် ၅ ကျပ်သား၊ နွားနို့ ၂၀သားဖြင့် ပြုတ်သောက်က ပျောက်၏။

(၉) ငု ပဥ္စငါးပါးစလုံးသည် အရေပြားရောဂါနှင့် အခြား ဝေဒနာများပါ ပျောက်ကင်းနိုင်ပါသည်။

## ၅။ ငရုတ်ကောင်းပင်





အင်္ဂလိပ်အမည် Black Pepper ဟုခေါ်ပါသည်။ နွယ်ပင်မျိုးဖြစ်ပြီး အဖိုပင် အမပင်ဟူ၍ နှစ်မျိုးရှိသည်။ ပင်စည်ချောသည် အရွက်များ ရွက်လွှဲထွက်ပြီး ကွမ်းရွက်နှင့်တူ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ရွက်ထိပ်ချွန်၍ ရွက်ရင်းဝိုင်းသည် မျက်နှာပြင်ချောပြီး ရွက်ကြောများပါရှိ၏။ အပွင့်များသည် အခိုင်လိုက်ပွင့်၍ အောက်သို့ ငိုက်ကျနေတတ်သည်။ အသီးများသည် အခွံပျော့ အစေ့ပါသော အသီးများဖြစ်၏။ အရောင်မှာ အစိမ်းရောင်ဖြစ်ပြီး မှည့်လျှင် လိမ္မော်ရောင်ဖြစ်လာပြီး အနီရောင်ပြောင်းသွားသည်။ အခိုင်လိုက်သီးပြီး တစ်ခိုင်လုံးလျှင် အလုံး ၂၀-၃၀ မှ ၇၀ ကျော်ထိပါရှိသည်။

အပင်များသည် စိုက်ပျိုးကြသော အပင်မျိုးဖြစ်ပြီး မိုးများသောဒေသများတွင် ဖြစ်ထွန်းသည်။ အညာဒေသ အပူချိန်များသော အရပ်ဒေသတွင် စိုက်ပျိုး၍ မဖြစ်ထွန်းပါ။ အသီးများ မှည့်ပါက ခူးဆွတ်၍ ခြောက်အောင်နေလှန်းပြီး အစေ့ကို အသုံးပြုကြသည်။

ငရုတ်ကောင်းစေ့၏ အကျိုးသွားများမှာ ပူ၏။ စပ်၏။ ဝမ်းမီးကိုတောက်စေ၏။ နှုတ်ကိုမြိန်စေ၏။ သည်းခြေကိုဖြစ်၏။ လေသလိပ်ကို ကြေစေ၏။ နှီကို ထွက်စေ၏။ သွေးကိုလည်း ကြွစေ၏။

ဆေးအဖြစ် အသုံးပြုပါက ချောင်းဆိုး၊ ရင်ကြပ်ရောဂါများကို ငရုတ်ကောင်းမှုန့် ပျားရည်ဖြင့်လျက်ပေးပါက ပျောက်ကင်းစေ၏။ ဝမ်းပျက်ရောဂါဖြစ်ပွားလျှင် စားပါက ပျောက်၏။ ကြို့ထိုးရောဂါအတွက် ငရုတ်ကောင်းမှုန့်၊ မီးသွေးပေါ်ဖြူးပြီး ရှူလျှင်ပျောက်၏။

ခွေးရူးကိုက်ခံရလျှင် ငရုတ်ကောင်းစေ့ ၁ ကျပ်သား၊ ခရာစေ့ ၁ ကျပ်သား ရောကြိတ်တိုက်က ပျောက်၏။ လေထိုး လေအောင့်လေနာရောဂါများအတွက် ငရုတ်ကောင်းမှုန့် ၁ ကျပ်သား၊ နွယ်ချိုမှုန့် ၁ ကျပ်သား ရောပြီး လျက်ပေးက ပျောက်၏။

ငရုတ်ကောင်းမှုန့်ကို စားတော်ဆက်များ၊ ဟော်တယ်များနှင့် စားသောက်ဆိုင်တိုင်းတွင်လည်းကောင်း၊ အိမ်များတွင်လည်းကောင်း များစွာအသုံးပြုကြ၏။

ငရုတ်ကောင်းစားခြင်းဖြင့် အခိုးပွင့်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေမှန်ကန်စေပါသည်။

**Ref :** ရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန်

**ဒေါက်တာသက်ဆွေ**

❑




**အင်းဂလိုင်ဘိုးဘိုးကြီးနန်း**

**အကြားအမြင်ဆရာမကြီး**

**ဒေါ်ကြည်ကြည်မိုး**

စီးပွားရေးတွေ နိမ့်ကျနေသလား။ ငွေကိစ္စ အခက်အခဲကြုံနေသလား။ လုပ်ငန်းကိစ္စ လွဲချော်နေသလား။ အိမ်ထောင်ရေး အဆင်ပြေချင်တာလား။ အိမ်ကယောက်ျား ခြေလှမ်းမှားနေပြီလား။ ပစ္စည်းပျောက်၊ ငွေပျောက်၊ ရွှေပျောက်နေပြီလား။ အတိုက်အခံတွေ ပေါ်နေသလား။ ပြောရေးဆိုရေးတွေ အောင်မြင်ချင်တာလား။ အလုပ် အမြန်ရလိုတာလား။ ကျန်းမာရေးတွေ ညံ့နေလို့လား။ ဒါတွေဒါတွေ နိမ့်နေတာတွေ မြင့်ဖို့၊ ပိတ်နေတာတွေ ပွင့်ဖို့၊ ခက်နေတာတွေ လွယ်ဖို့ ဆရာမကြီးနဲ့ ဆွေးနွေးဖို့ အချိန်တန်ပြီ။

**ဟောခန်းတည်ရာ** ❂ အောင်မြေသာယာစေတီတော် တနင်္ဂနွေထောင့် အင်းဂလိုင်ဘိုးဘိုးကြီးနန်း

**လမ်းညွှန်** ❂ ၂၁၁၊ ၁၂၅၊ ၁၂၈၊ ၈၆၊ ၃၃၃၊ ၉၆ ကားများစီး၍ ရုံးရှေ့မှတ်တိုင် ဆင်းပါ။

**❂ (ပိတ်ရက်မရှိ) ပယောဂ အထူးကုပါသည်။ ❂**


**ရွှေ့ဖြစ်ဟော ဓာတ်ဆင် ဓာတ်ရိုက် ယတြာ အထူးဆောင်ရွက်ပေးသည်။**

**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၆၁၁၁၈၃၈၇၊ ၀၉-၇၇၀၈၆၉၅၄၇**




www.burmeseclassic.com


www.burmeseclassic.com



အစာလည်းဆေး၊ ဆေးလည်းအစာ
ကျန်းမာရေးအတွက်

# ကျောက်ဖရုံသီး

**သန်းတင်စိုး**




www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဖရုံမြေလူး ဘူးစင်ခံဆိုတဲ့ စကားအရ ဘူးကောင်းရင် စင်ခံပါတဲ့။ မြန်မာ့ကျေးလက်ဒေသနှင့် လယ်ယာတောမှ ကျောက်ဖရုံ၊ ဘူး၊ သခွား၊ ကျောက်ဖရုံသီးကို မြေကြီးတွင် ချစိုက်ကြပါသည်။ သီးသန့်ဆေးဆရာများက ကျောက်ဖရုံခါးကို စင်ထိုး၍ ဆေးဝါးအဖြစ် သုံးစွဲရန် စိုက်ပျိုးကြပါသည်။

ကျောက်ဖရုံသီးကို ဈေးထဲတွင်လည်းကောင်း၊ တောင်ယာ မိသားစုများထံမှလည်းကောင်း ပေါများစွာ ရရှိနိုင်၍ ဟင်းလေးမည်အဖြစ်လည်းကောင်း၊ ကြက်ရိုးဟင်းချိုအဖြစ်လည်းကောင်း၊ မြန်မာ့ထမင်းမြိန် ဟင်းလျာများတွင် ဟင်းကောင်း တစ်မည်အဖြစ် စားသုံးနိုင်ပါသည်။

ကောင်းကောင်းစားလိုသူများအတွက် ကျောက်ဖရုံသီးကို အတုံးကြီးကြီးလှီး၍ ကြက်သား၊ ဝက်သားဖြင့် နှပ်စားနိုင်ပါသည်။ ကျောက်ဖရုံသီးကို ဟင်းလျာအဖြစ် လည်းကောင်း၊ ဆေးဖက်ဝင် ဆေးမယ်အဖြစ်လည်းကောင်း အသုံးချနိုင်ပါသည်။

**ကျောက်ဖရုံ**

| | | |
|---|---|---|
| မျိုးရင်း | - | Cucurbitaceae (ဘူးမျိုးရင်း) |
| ရုက္ခဗေဒအမည် | - | Benincasacenifera savi |
| မြန်မာအမည် | - | ကျောက်ဖရုံ |
| အင်္ဂလိပ်အမည် | - | White Pumpkin |
| ရှမ်းအမည် | - | Mak-Par-Pein |

**ကျောက်ဖရုံပင်** - တစ်နှစ်ခံ နွယ်ပင်မျိုးဖြစ်သည်။ အဖြူရောင် (သို့) သံချေးရောင် အမွေးကလေးများဖြင့် ဖုံးလွှမ်းနေသည်။ ပင်စည် တောင့်တင်း၍ ထောင့်ပါသည်။ နွယ်နာမောင်း သုံးခုဖြာသည်။

**ကျောက်ဖရုံရွက်** - အရွက်သည် တောက်ပသော အစိမ်းရောင်ဖြစ်သည်။ အမွေးများရှိ၍ အောက်မျက်နှာပြင် ပို၍ အမွေးထူသည်။ နှလုံးပုံဖြစ်ပြီး အပိုက် ၅-၇ ရှိသည်။ အပိုက်များသည် ကျယ်ပြန့်၍ သုံးမြှောင့်ပုံရှိသည်။

**ကျောက်ဖရုံပွင့်** - အဝါရောင်ဖြစ်သည်။ ကြီး၍ ပွင့်ထီးဖြစ်သည်၊ လိင်စုံသည်။

**ကျောက်ဖရုံသီး** - တိုင်လုံးပုံဖြစ်ပြီး၊ အစိမ်းရောင်နှင့် အဖြူရောင် ရောနေ၏။ နုစဉ် အခွံပျော့၍ ရင့်သော် ကြွပ်ဆတ်ပြီး မာသည်။ အခွံပေါ်တွင် အမွေးကျယ်လေးများ ရှိသည်။ အစေ့များ ပြားပြီး အဖြူရောင်ရှိသည်။

**ပေါက်ရောက်သည့်ဒေသ** - အမြင့်ပေပေါင်း ၄၀၀၀ အထိ ဖြစ်ထွန်းပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်သည်။

**ပေါက်ရောက်ပုံ** - စိုက်ပျိုးပင်ဖြစ်သည်။

**စိုက်ပျိုးခြင်း** - မိုးဦးတွင် ကဆုန်မှ ဝါဆိုအတွင်း မိုးနှောင်းတွင် တော်သလင်းလမှ တန်ဆောင်မုန်းအတွင်း အစေ့ကို တိုက်ရိုက်ချစိုက်နိုင်သည်။ ကျင်းအနက် တစ်တောင် အကျယ် ၄ ပေပတ်လည်တူး၍ မြေဆွေး ၅၀ ရာခိုင်နှုန်းခန့် ရောစပ်ပြီး ဖရုံစေ့များကို အစေ့မြုပ်ရုံမျှ စိုက်ရမည်။ စင်တောင့်တောင့် ထိုးပေးရမည်။ မိုးနည်းသော ဒေသများ၌ မြေတွင်လွှတ်၍ စိုက်နိုင်သည်။

**ပြုစုခြင်း** - ခြောက်သွေ့သော ဒေသများတွင် လိုအပ်သည့် အစိုဓာတ်ရအောင် ရေလောင်းပေးရန် လိုသည်။

**ဆွတ်ခူးခြင်း** - စိုက်ပျိုးပြီး ရက်ပေါင်း ၆၀ မှ ၁၀၀ အတွင်း စတင်အသီးသီး၍ ဆွတ်ခူးနိုင်သည်။ အ[illegible]ဖြင့် ကျောက်ဖရုံသည် အနံ့အသက်များကို စုပ်ယူနိုင်သော သတ္တိရှိသဖြင့် အနံ့အသက်ဆိုးသည့် နေရာများအနီး စိုက်ပျိုးခြင်း၊ ထားသိုခြင်း မပြုရန်။

ရှေးမြန်မာတို့သည် ခေတ်အဆက်ဆက် သယ်ဆောင်လာသော ဆေးကျမ်းများ၊ ကုထုံးများအရ ကျောက်ဖရုံသီးနုနုသည် အေး၏။ သည်းခြေကို နိုင်၏။ သလိပ်ကို ပျက်စေ၏။ ကျောက်ဖရုံသီးရင့်ရင့်သည် ချိုအေးသောအရသာ ရှိ၏။ ဝမ်းမီးကို တောက်စေ၏။ အစာကို ကြေစေ၏။ ဆီးကို ရှင်စေတတ်၏။ အနည်းငယ်ဖန်၏။ အသီး အရင့်အမှည့်သည် မအေးလွန်း၊ ချို၍ ဝမ်းမီးကို တောက်စေ၏။ ကြေလွယ်၏။ ရူးသောအနာကို နိုင်၏။ ဆီးများ၍ လေကိုသက်သာစေ၏။

ကျောက်ဖရုံသီးကို ယိုထိုး၍သော်လည်းကောင်း၊ ဟင်းချက်စား၍သော်လည်းကောင်း လူတို့၏ စိတ်နှလုံးကို ရွှင်လန်း နှစ်သက်စေပါသည်။ အသားကို ပွားများစေ၏။ နှလုံးပူပန်ခြင်းကို အေးစေ၏။ သွေးနှင့်သင့်၏။ အားကိုဖြစ်စေ၏။ ဆီးဝမ်းကိုကောင်းစေပြီး အင်အားသစ်များ ဖြစ်ပေါ်စေ၏။ သွေးကို တိတ်စေသည်။

ကျောက်ဖရုံသီးကို နေအိမ်၊ တိုက်တာအဆောက်အအုံ၊ ဘုန်းကြီးကျောင်းများတွင် ချိတ်ဆွဲထားပါက မိုးကြိုးကွင်းသည်ဟု အယူအဆရှိပါသည်။

-ကျောက်ဖရုံသီးကို နေရာသန့်သန့်တွင် နှစ်ပတ်လည် သိုလှောင်ထား၍ သုံးစွဲနိုင်ပါသည်။

www.burmeseclassic.com

ဆီးချုပ် ကျောက်တည်ရောဂါကို ပျောက်ကင်းစေသည်။ ဝမ်းတွင်းမှ အပူအပုပ်များကို ကင်းစင်စေသည်။ ကျောက်ဖရုံသီးတွင် ပါဝင်သော အာဟာရဓာတ်မှာ ရေဓာတ်အများဆုံးဖြစ်သည်။ ရာနှုန်းအားဖြင့် ၉၅ ရာခိုင်နှုန်းဖြစ်သည်။

ကျောက်ဖရုံရွက်မှာ ဆီးကိုများစေပြီး အရွက်၊ အပွင့်တို့သည် ဆီးအိမ်ကို သန့်ရှင်းစေ၏။ ကျောက်ဖရုံသီးနှင့်ပတ်သက်၍ ရှေးမြန်မာတို့၏ ဆေးကျမ်းများတွင် အောက်ပါအတိုင်း အသီးသီးဖွင့်ဆိုထား၏။

ဓာတုရသ လေးစောင်တွဲဆေးကျမ်းတွင် ကျောက်ဖရုံသီးသည် သွေးနှင့်သင့်၏။ အားကိုလည်း ဖြစ်စေတတ်၏။ နှလုံးကို ငြိမ်စေတတ်၏။

ရှုတော်မူဆေးကျမ်းတွင် ကျောက်ဖရုံသီးအနုသည် အေး၏။ သည်းခြေကို နိုင်၏။ ယင်းထက်ရင့်သော အသီးသည် သလိပ်ကို ပျက်စေတတ်၏။ ရင့်လွန်းသော အသီးသည် ချိုအေးသောအရသာ ရှိ၏။ အနည်းငယ်ဖန်၏။ ဝမ်းမီးကို တောက်စေ၏။ အစာကို ကြေစေ၏။ ဆီးကိုရှင်စေတတ်၏ဟု ဆိုထားပါသည်။

ဇီဝိတဆေးကျမ်းတွင် ကျောက်ဖရုံသီးသည် အေး၏။ အတန်ငယ်ချို၏၊ သလိပ်ကို မဖွဲ့စည်းတတ်။ အပူဥကို ကြေစေ၏။ ဆီးကိုများ စေ၏။ ဝမ်းကို မချုပ်စေတတ်ဟု ဆိုထားပါသည်။

နေ့စဉ်စားသုံးနေသော အစာအာဟာရများမှ လူတို့အတွက် အစာလည်းဆေး၊ ဆေးလည်းအစာ ဟူ၍ အပြန်အလှန် အကျိုးပြုသော အသီးအရွက်၊ ဥ၊ အမြစ်များကို ရွေးချယ်စားသုံးနိုင်ပါသည်။ သက်ရှည် ကျန်းမာရေးအတွက် ဆေးသက်သက်မှီဝဲခြင်း မဟုတ်ဘဲ နေ့စဉ် စားသုံးနေသော အာဟာရဓာတ်များထဲမှ လူသားတို့အတွက် တန်ပြန်အကျိုးပြုနိုင်သော အာဟာရများကို ရွေးချယ်မှီဝဲပါက နှစ်ရပ်စလုံး အကျိုးရှိနိုင်သည်။ သို့အတွက် သတိနဲ့စားပါ။ တန်ဖိုးကြီးသော နိုင်ငံခြားဆေးမျိုးတို့ကို စားမှ ရောဂါပျောက်ကင်းနိုင်သည် မဟုတ်ပါ။ တန်ဖိုးနည်းသော အစားအစာ အသီးအနှံတို့မှ အသာက၊ အသာကရောဂါမျိုးစုံ ပျောက်ကင်းနိုင်ကြောင်းကို စူးစမ်းရှာဖွေ၍ ကျမ်းခံပါဠိနှင့်အညီ တင်ပြအပ်ပါသည်။

## ကျောက်ဖရုံသီးမှ အကျိုးပြုပေးစွမ်းနိုင်သော ရောဂါများအတွက် ကုထုံးများ

အဆုတ်ရောဂါနှင့် အားအင်ကုန်ခန်းခြင်းအတွက် ကျောက်ဖရုံသီးကို ဟင်းချက်စားပါ။

အစာအဆိပ်သင့်ရောဂါအတွက် ကျောက်ဖရုံ သတ္တုရည်ကို သောက်ပါ။

ချောင်းဆိုးပန်းနာရင်ကျပ်အတွက် ကျောက်ဖရုံသီးအမြစ်အမှုန့်ကို ရေနွေးနှင့် သောက်ပေးပါ။

သန်ကောင်ကျရန်အတွက် ကျောက်ဖရုံအစေ့တွင်းမှ အဆံကိုစားပါ။

ဆီးပူဆီးအောင့်ရောဂါအတွက် ကျောက်ဖရုံသီးကို ထိပ်မှဖွင့်ဖောက်ပြီး၊ သကြားထည့်ပါ။ သကြားရည်အဖြစ် လက်ဖက်ရည်အကြမ်းပန်းကန်ဖြင့် တစ်နေ့တစ်လုံး သောက်ပါ။

ဆီးကျောက်တည် ဆီးအိမ်ရောင်သော ရောဂါအတွက် ကျောက်ဖရုံသီးအရည်တွင် ရှိန်းခို၊ ဂျုံ၊ ပြာ၊ ဆားအနည်းငယ်ထည့်ပြီး သောက်ပါ။ ကျောက်အရည်ပျော်ကျသွားဖါမည်။

သွေးယိုစီး သွေးအံ သွေးကျနာ ရောဂါအတွက် ကျောက်ဖရုံသီး သတ္တုရည်ကိုသောက်ပေးပါ။

ဆီးပူရောဂါအတွက် ကောက်ညှင်းပေါင်း ငါးဆယ်ကျပ်သား၊ ကြက်သွန်နီ တစ်ဆယ့်နှစ်ကျပ်ခွဲသား၊ ကျောက်ဖရုံအရည် အစိတ်သားကို ဆား သင့်ရုံရော၍ နေ့တိုင်းစားပါ။

အရှုးရောဂါအတွက် ကျောက်ဖရုံသီးအစိမ်း သတ္တုရည်တစ်ကျပ်သား၊ ကုံကုမံတစ်ရွေးသား၊ သကြားရှစ်ပဲသား ရောစပ်ပြီး (၃) ရက် ခွဲသောက်ပါ။

ဝက်ရူးပြန်ရောဂါအတွက် ကျောက်ဖရုံသီး သတ္တုရည် (၁၈) ကျပ်သား၊ ထောပတ် တစ်ကျပ်သား၊ နွယ်ချိုမှုန့် တစ်ကျပ်သားရော၍ မီးမျှဉ်းမျှဉ်းဖြင့် ချက်ပေးပါ။ တစ်ကျပ်သားကုန်လျှင် မီးဖိုပေါ်ကချ၍ ရောဂါရှင်အား တစ်နေ့သုံးကြိမ် မှန်မှန်တိုက်ပေးပါ။ မုချ ပျောက်ပါမည်။

လေထိုးလေအောင့်ရောဂါအတွက် ကျောက်ဖရုံသီး တစ်လုံးကိုယူ၍ အညှာဘက်မှ လက်သုံးလုံးခန့်လှီးပေးပါ။ စမုံမျိုးငါးပါး (၅) ကျပ်သား၊ သကြား (၁၂) ကျပ်ခွဲသားခန့် ထည့်ပါ။ ပြီးလျှင် လှီးထားသည့်အညှာကို ပြန်အုပ်ပါ။ ဖရုံသီး အောက်ပိုင်းတွင် အပေါက်ကလေးများ ဖောက်ထား၍ အောက်က ဇလုံတစ်လုံးဖြင့် ခံထားပါ။ ထိုအရည်ကို တစ်နေ့သုံးကြိမ်ခွဲ၍ သောက်ပေးပါ။

မီးယပ်ရောဂါအတွက် ကျောက်ဖရုံသီး တစ်လုံးကို မျက်နှာဝဖွင့်ပြီး တုတ်သန့်သန့်တစ်ချောင်းဖြင့် အတွင်းအားတိုင်ကို မွှေပေးပါ။ သကြားအပြည့်ထည့်၍ အဖုံးပြန်ပိတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ပြီးလျှင် ဇလုံထဲထည့်ထားပါ။ သုံးရက်ပြည့်လျှင် အောက်ဘက်မှ အပေါက်ဖောက်ထားပြီး ကျောက်ဖရုံသီးအတွင်းမှ ကျလာသောအရည်ကို ဇလုံတစ်လုံးဖြင့်ခံပါ။ ထိုဆေးရည်ကို ရေနွေးကြမ်းပန်းကန်ဖြင့် သောက်ပါ။ မီးယပ်ရောဂါ ပျောက်ကင်းသက်သာ၏။

ပန်းနာရင်ကျပ်အတွက် ကျောက်ဖရုံသီး ၂၅ ကျပ်သား၊ ဆေးကုလားမ နှစ်ကျပ်ခွဲသားရော၍ စားပါ။ ကျောက်ဖရုံယို ငါးကျပ်သားကို ပါးပါးလှီးပြီး ယင်းဆေး နှစ်မျိုးကို ရောမွှေပေးပါ။ ယင်းအချိုးအစားအရ တစ်ကြိမ်စားရန်ဖြစ်သည်။ လူနာသည် တစ်ကြိမ်တည်း၊ တစ်ထိုင်တည်း စားရပါမည်။ တစ်ပတ်လျှင် သုံးကြိမ် စားပါ။ အအေးမမိစေရ၊ ဆေးလိပ်၊ အရက် မသောက်ရ။

စားဝင်အိပ်ပျော် အင်အားပြည့်ဖြိုးစေရန်အတွက် ကျောက်ဖရုံသီးတစ်လုံးကို အခွံသင်ပါ။ အတုံးဟုံး၍အချောင်းကလေးများဖြစ်အောင် လှီးပါ။ နေလှန်းပါ။ နေလှန်းပြီး ကျောက်ဖရုံသီးခြောက် (၅၀) သား၊ ကျွဲနို့ (၅၀) သား ရေကုန်သည်အထိ ကျိုပါ။ သကြား (၅၀ သား) ကုန် ဒန်အိုးတွင်ထည့်၍ကျိုပါ။ ကျောက်ဖရုံအချောင်းများကို ထည့်ကျိုပါ။ ပျစ်လာလျှင် နွားနို့ထည့်၍ နာရီဝက်ခန့်မွှေပါ။ သကြားပွင့်ပြီး ကျွဲနို့များ စုလာသောအခါ စမုံမျိုးငါးပါး၊ တစ်ပဲသားခန့် ထည့်၍ မွှေပေးပါ။ မီးဖိုပေါ်မှချ၍ အအေးခံပါ။ ပုလင်းသန့်သန့်တွင် ထည့်ထားပါ။ ယင်းဆေးကို နံနက်၊ ည ထမင်းစားပြီးတိုင်းစားပါ။ အမျိုးသမီး ဓမ္မတာမှန်၊ မီးယပ်ပိန် မီးယပ်ခြောက်ရောဂါအတွက် ယင်းဆေးကို စားပေးပါ။ သွေးမှန်လေမှန်၍ စားဝင်အိပ်ပျော် အင်အားများ တိုးပွားလာပါမည်။ စိတ်အနေ ပြောင်းလဲတိုးတက်လာ၍ နဖူးရေ၊ ဒူးရေ ပြောင်းလဲလာပါမည်။

## ကျောက်ဖရုံခါး

ကျောက်ဖရုံခါးမှာ သမားတော်များ၏ လက်စွဲတော်ဖြစ်ပါသည်။ ကျောက်ဖရုံခါးကို စင်ခံ၍ သီးသန့်စိုက်ပျိုးပြီး ဆေးဖော်ရာတွင် အသုံးများပါသည်။ ကျောက်ဖရုံခါးကို ရုက္ခဗေဒအမည် (BENICASA CRIFERA) ဟု ခေါ်ပါသည်။ ဖရုံခါးပင်မှာ ရိုးရိုးကျောက်ဖရုံကဲ့သို့ပင်။

ရွာဦးကျောင်းဆရာတော် ဘုန်းကြီး၏ လက်ကိုင်လက်စွဲဖြစ်၍ တစ်ရွာလုံး၏ ကျန်းမာရေးကို ဖရုံခါးဆေးနှင့်ပင် ကုသပေးပါသည်။ ကျောက်ဖရုံခါးကိုစားလျှင် အပူအအေးဒဏ်ခံနိုင်၏။ အစာကို ကြေညက်လွယ်၏။ ခံတွင်းရှင်းသည်။

သွေးသားကို ကြည်လင်စေသည်။ ဒူလာမီးယပ်နာအတွက် ဆေးကို ရေရှည်စွဲစားဖါက တသွေးတမွေး လှပလာပါလိမ့်မည်။

အညှောင်းထိုင်သူများအတွက် အကိုက်အခဲ အထုံအကျဉ်များ ပျောက်ကင်းစေနိုင်၏။ မီးယပ်မမှန်၊ ပန်းမမှန်သူအတွက် ရောဂါကင်းစေ၏။ နေ့စဉ်မှန်မှန်စားပါက သွေးလေမှန်ကန်၍ ကျန်းမာဝဖြိုး အလှတိုးကာ အသက်ရှည်စေပါသည်။ ဆံဖြူခြင်း၊ သွားကျိုးခြင်း လက္ခဏာများကို တားဆီးပေးပါသည်။

ဆရာတော်ဘုရား၏ ဖရုံခါးဆေးနည်းကို အသုံးလိုနိုင်သောသူများအတွက် မခြွင်းမချန်ဖြင့် ဟင်းစားကောကွန်ချက်ပါ ပေးလိုက်ပါသည်။ လိုတရ ကုဿာသယဆေးအဖြစ် သုံးစွဲနိုင်ကြပါစေ။

ဖရုံခါးဆေးဖော်စပ်ပုံ- နှမ်းဆီ (၂၅) ကျပ်သား ဖရုံခါးအသီးသီး အစိတ် (၂၅) ကျပ်သား၊ ပျားရည် (၅၀) ကျပ်သား၊ သကြား (၅၀) ကျပ်သား၊ ထန်းလျက် (၅၀) ကျပ်သား၊ ကြိတ်မှန်သတ္တုရည် (၅၀) ကျပ်သား၊ ရိုးရိုးဆား (၂၀) ကျပ်သား၊ စမုံမျိုး ၅ပါး (၅) ကျပ်သားစီ။

မှတ်ချက်။ ။ အမျိုးသားအတွက် ကြိတ်မှန်သတ္တုရည် မလိုပါ။ အမျိုးသမီးများအတွက် ယင်းသတ္တုရည်သည် ဓမ္မတာကို စင်ကြယ်စေပါသည်။

သုခိအတ္တာနံ ပရိဟရန္တု

**သန်းတင်စိုး**

**ကျမ်းကိုးစာရင်း**

(၁) ဥတုဘောဇနသင်္ဂဟကျမ်း
(၂) ဓာတုရသနစောင်တွဲကျမ်း
(၃) ရှုတော်မူဆေးကျမ်း
(၄) ဇီဝိတဆေးကျမ်း
(၅) ကသစ်ဦး၏ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
(၆) မောင်ယဉ်နွယ်၏ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

❐



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



## ဝမ်းသာစရာ ပြောရရင်

စိတ်ရောဂါအထူးကု ဆရာဝန်ကြီးက လူနာ၏ စကားများကို နားထောင်ပြီးနောက် လူနာအား ပြောကြားသည်။

"ခင်ဗျား စိတ်ကျရောဂါ ဖြစ်စပြုနေပြီ၊ ခင်ဗျားအနေနဲ့ ပျော်စရာဝမ်းသာစရာတွေကိုပဲ တွေးပါ၊ ဒီလိုမှမဟုတ်ရင် ပိုဆိုးပြီး ဆေးအကြာကြီးသောက်ရမှာ၊ ဒီရက်ပိုင်းမှာ ပျော်စရာ ဝမ်းသာစရာတွေ မရှိဘူးလား။ စဉ်းစားပြီး ပြောပါဦး"

"ရှိတာပေါ့ ဆရာရယ်၊ မျက်စောင်းထိုးတိုက်က အရာရှိကြီး လာဘ်စားလို့ လောလောဆယ် ရာထူးချခံထားရပြီး အမှုရင်ဆိုင်နေရတယ်"

"ဟုတ်ပြီ၊ နောက်ပြီးတော့ရော"



"လမ်းထိပ်က နာမည်ကြီး လောင်းကစားဒိုင်ကို ရဲတွေဝင်ဖမ်းတာမိသွားတယ်၊ ပြီးတော့ အိမ်နားက အဆမတန် အတိုးယူတဲ့ ငွေတိုးချေးစားတဲ့ စွာကျယ်စွာကျယ် မိန်းမကြီး ဆိုင်ကယ်တိုက်ခံရတာ ခြေထောက်ကျိုးသွားတယ်၊ ရဲအရာရှိကြီးတစ်ယောက်အိမ်ကို သူခိုးဖောက်တာ တော်တော်ပါသွားတယ်၊ နောက်ပြီး အမြတ်တော်ကြေးဝန်ထောက်ကား သစ်ပင်ဝင်တိုက်တာ ကားတော်တော်ပျက်စီးတယ်၊ အင်း- ဒီလောက်ပဲ ရှိသေးတယ်"

"အင်း- တော်လောက်ပါပြီ၊ ဒီလောက်ဆိုရင် ခင်ဗျားရောဂါရဲ့ အတိမ်အနက်ကို သဘောပေါက်ပါပြီ၊ မကြာခင် ရောဂါပျောက်သွားမယ်၊ ခု ပေးလိုက်မယ့်ဆေးတွေနဲ့ သောက်ပုံသောက်နည်းပါ ရေးပေးလိုက်မယ်၊ နောက်ချိန်းတဲ့ရက်လည်း ရေးပေးလိုက်မယ်၊ နောက်အပတ် အင်္ဂါနေ့ လာခဲ့ပါ၊ ကျွန်တော် မျှော်နေမယ်"

"ဟုတ်လား ဆရာ၊ ဆရာက ကျွန်တော့်ကိုမျှော်နေမယ် ဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားဆီက နောက်ထပ် ဝမ်းသာစရာ အသစ်အဆန်းလေးတွေ နားထောင်ချင်လို့ပါ"



❐

## သချိုင်းကုန်းရောက်ရင်

တောစပ်တစ်နေရာတွင် မျက်စိလည်နေကြသော ဘူမိဗေဒအဖွဲ့သည် မမျှော်လင့်ဘဲ ကျေးတောသားတစ်ဦးနှင့် တွေ့ဆုံလေသည်။

"ကျွန်တော်တို့ကို အကူအညီပေးပါဗျာ၊ မျက်စိလည်နေလို့ပါ"

"ဘာအကူအညီ ပေးရမှာလဲ"

"ကျွန်တော်တို့တွေ မျက်စိလည်နေတာ ဝိုက်လည်းဆာ ခြေလည်းညောင်းနေပြီ၊ လမ်းပြမြေပုံကလည်း အဟောင်းကြီးမို့ မရှင်းလင်းဘူး၊ တည်းခိုလို့ရမယ့် ရွာတစ်ရွာကို လမ်းညွှန်ပေးပါဗျာ၊ နီးတဲ့ရွာကိုပေါ့"

လပြည့်ဝန်းမဂ္ဂဇင်း (ဇွန်လ၊ ၂၀၁၇)



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်မောစရာများ

အဖွဲ့ခေါင်းဆောင်က တောင်းပန်လိုက်သည်။

"ကဲ- နားထောင်၊ ဟိုးမှာမြင်ရတဲ့ တောင်ကုန်းလေးကိုရောက်အောင်သွား။ ဒါ ပထမအချက်ပဲ၊ နံပါတ် ၂ အချက်က တောင်ကုန်းကိုပတ်ပြီး စီးတဲ့ချောင်းနံဘေးအတိုင်းစုန်ပြီး နည်းနည်းလျှောက်သွား။ နံပါတ် ၃ က စေတီပျက်တစ်ဆူတွေ့ရင် ညာဘက်ကွေ့သွား။ တောင်ကုန်းမို့မို့လေးကို မြင်ရမယ်၊ တောင်ကုန်းပေါ်မှာ ညောင်ပင်နှစ်ပင် တွေ့မယ်၊ နံပါတ် ၄ အချက်က ညောင်ညီနောင်က ကြည့်ရင် ကြက်ဆူပင်တွေချည်းရှိတဲ့ ကြက်ဆူတောကို တွေ့မယ်၊ အဲဒီကိုသွား။

နံပါတ် ၅ အချက်က အဲဒီကနေကြည့်ရင် ရှေးဟောင်းနေပြည်တော်မြို့ရိုးပျက်တွေကို မြင်ရမယ်၊ အဲဒီကိုသွား။ နံပါတ် ၆ အချက်က အုတ်ရိုးတွေဆုံးရင် အိုင်တစ်အိုင်ကို တွေ့မယ်၊ အိုင်ရောက်ရင် သချိုင်းကုန်းကို လှမ်းမြင်ရမယ်၊ နံပါတ် ၇ အချက်က သချိုင်းကုန်းကိုသွား၊ ကျွန်တော်ပြောတဲ့အချက်တွေကို စာနဲ့မှတ်ထားတယ် မဟုတ်လား၊ အဲဒီအတိုင်းသွားရင် ခင်ဗျားတို့လိုတာရမယ်၊ ခရီးအစ အဆုံး တစ်နာရီတောင် မကြာပါဘူး၊ ကဲ- သွားကြပေရော့"

"ဟာဗျာ၊ ခင်ဗျား လမ်းညွှန်တာကလည်းဗျာ၊ သချိုင်းကုန်းရောက်တော့ ကျုပ်တို့က ဘာဆက်လုပ်ရမှာလဲ၊ သေရတော့မှာလား"

အဖွဲ့ခေါင်းဆောင်က မကျေမနပ် မေးလိုက်ရာ -

"ဟာ- ငတုံးရဲ့၊ မင်းတို့ကို သေရွာသွားဖို့ လမ်းညွှန်နေတာ မဟုတ်ဘူး၊ သချိုင်းကုန်းရောက်ရင် ရွာရောက်တာပဲ၊ သတိတော့ထားပေါ့၊ လမ်းမှာ တစ်ယောက်နာမည် တစ်ယောက် မခေါ်နဲ့၊ ကြက်တွေပေါ်တယ်"





□

## ဆွတ်ရှိုလင်မယား

လင်မယားနှစ်ယောက် သမ္မတရုံသို့သွား၍ ရုပ်ရှင်ကြည့်ကြသည်။ ရုပ်ရှင်ပြကွက်တစ်ခုတွင် မြင်းဖြူကြီးကို ကြိုက်သားမင်းသမီးက ဝတ်လစ်စလစ်ဖြင့် စီးသည့်အခန်း ပါ၍လာသည်။ ထိုအခါ ယောက်ျားနားသို့ မိန်းမက ကပ်၍ တီးတိုးစကား ပြောလိုက်သည်။

"မင်းသမီးကို ရှင် မငမ်းနဲ့နော်၊ ဟိုဘက်လှည့်နေ"

ယောက်ျားကလည်း မိန်းမနားကပ်ကာ နှစ်ကိုယ်ကြားပြန်၍ ပြောလိုက်သည်မှာ -

"အေးပါကွာ၊ မင်းသမီးကို ငါမကြည့်ပါဘူး၊ မြင်းဖြူကြီးကို ကြည့်တာပါ၊ ဒီလောက်ချောတဲ့ လှတဲ့ မြင်းဖြူကြီးမျိုး တစ်ခါမှ မတွေ့ဖူးလို့ပါ"

ညွန့်လွင်



□



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## သွေးတိုးရောဂါ

ဝေါဟာရစကားအရ ခေါ်ဆိုနေကြသော **သွေးတိုး** ရောဂါသည် ဇာစ်မြစ်အတိအကျ မဖော်ပြနိုင်သော **ကိုယ်ပျောက်ရောဂါတစ်မျိုး** ဖြစ်သည်ဟူ၏။ **ရာခိုင်နှုန်း အနည်းငယ်မျှကိုသာ** သိထားရသော **အချက်အလက်များအရ** သွေးတိုးရသော အကြောင်းရင်းများသည် -

(၁) အရက် အလွန်အကျွံသောက်ခြင်း

(၂) ကိုယ်ဝန်ဆောင် အဆိပ်တက်ခြင်း

(၃) ကျောက်ကပ်ရောဂါ

(၄) နှလုံးသွေးကြောမကြီး ကျဉ်းမြောင်းခြင်း

(၅) လည်ပင်းသိုင်းရွိုက်ပော်မုန်းဓာတ် နည်းခြင်းနှင့် များခြင်း

(၆) အက်ဒရီနယ်အကျိတ်ရောဂါ

(၇) သန္ဓေတားဆေးကဲ့သို့ သွေးတက်စေမည့်ဆေးမျိုးကို သုံးစွဲခြင်းများကြောင့် ဖြစ်သည်ဟုဆိုသည်။

နှလုံး၏ ညှစ်အားကြောင့် နှလုံးထဲမှ သွေးများ သွေးလွှတ်ကြောများအတွင်းသို့ တိုးဝင်လာနေချိန်တွင် သွေးလွှတ်ကြောနံရံများ၌ တုံ့ပြန်ဖြစ်ပေါ်လာသော တွန်းအားအတိုင်းအတာကို သွေးပေါင်ချိန်ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

သွေးပေါင်ချိန်တွင် အပေါ်သွေး၊ အောက်သွေးဟူ၍ နှစ်မျိုး နှစ်စားရှိလေ၏။ အကြမ်းအားဖြင့် နှလုံးညှစ်အားကြောင့် သွေးလွှတ်ကြောများအတွင်းသို့ သွေးတိုးဝင်သွားသော တွန်းအားကို အပေါ်သွေးပေါင်ချိန်ဟု ခေါ်ကြပြီး နှလုံးခုန်ခေတ္တရပ်၍ နှလုံးထဲ သွေးပြန်ဖြည့်ဝင်ချိန်တွင် သွေးလွှတ်ကြောများ ဖြစ်ပေါ်နေသော သွေးဖိအားကို အောက်သွေးပေါင်ချိန်ဟု ခေါ်ကြသည်။

ကမ္ဘာလုံးဆိုင်ရာ ပညာရှင်များက သွေးပေါင်ချိန်နှင့် ပတ်သက်၍ တစ်ပြေးညီ စံနှုန်းဖြစ်အောင် အပေါ်သွေးပေါင်ချိန် ၁၄၀၊ အောက်သွေးပေါင်ချိန် ၉၀ ဟူ၍ သတ်မှတ်ထားကြသည်။ အထက်ပါ သတ်မှတ်ထားသော အပေါ်သွေး ၁၄၀၊ အောက်သွေး ၉၀ စံနှုန်းထက် သွေးပေါင်ချိန် ကျော်လာလျှင် သွေးတိုးရောဂါဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။

သွေးပေါင်ချိန်မည်သည်မှာ တစ်နည်းအားဖြင့် နှလုံးမှ သွေးများကို ညှစ်ထုတ်နိုင်ရန်အတွက် နှလုံးက မည်မျှ အားစိုက်ရသည်ကို ဖော်ပြခြင်းဖြစ်သည်။ သွေးလွှတ်ကြောနံရံများတွင် အဆီခဲများနှင့် ကယ်လ်ဆီယမ်ဓာတ်များ စုစည်းလာပါက သွေးကြောများ မာကျောလာစေနိုင်သည်။ ထိုအခါ နှလုံးညှစ်အား ပိုမိုအားစိုက်လာရသဖြင့် သွေးပေါင်ချိန်တက်လာပြီး သွေးတိုးကို ဖြစ်စေသည်။

သတိထားရမည်မှာ သွေးတိုးရောဂါသည် နှလုံးရောဂါနှင့် သွေးကြောကျဉ်းရောဂါ ဖြစ်လာစေမည့် အချက်ပြ ရှေ့ပြေးလက္ခဏာတစ်ခုဖြစ်သည် ဟူ၍ဖြစ်သည်။

**သွေးတိုးရောဂါသည်** ရောဂါလက္ခဏာ မပြဘဲ **ရုတ်ခြည်း အသက်အန္တရာယ်ပေးနိုင်သော** ရောဂါဖြစ်သော **ကြောင့် အများက အသံတိတ်လူသတ်သမားဟု** ခေါ်ဆိုကြ **၏။ သက်ကြီးရွယ်အိုတိုင်းနှင့် မကင်းသောရောဂါလည်း ဖြစ်သည်။**

လူအများစုသည် သွေးပေါင်ကို ချိန်ကြည့်မှ သွေးတိုးရောဂါရှိနေမှန်းကို စသိကြသည်ဟုဆိုသည်။ သွေးပေါင်ချိန်သည် အသက်အရွယ် ကြီးလာသည်နှင့်အမျှ မြင့်ကက်လာတတ်ပါသည်။

အထူးသဖြင့် အသက် ၆၀ အထက် သက်ကြီးအရွယ် ၅၀ ရာခိုင်နှုန်းခန့်တို့၌ အောက်သွေးမတက်ဘဲ အပေါ်သွေးသီးသန့်တက်နေတတ်ပါသည်။ ဥပမာ-အောက်သွေးပေါင်ချိန် ၉၀ MMHG အောက်တွင်ရှိပြီး အပေါ်သွေးပေါင်ချိန် ၁၆၀ MMHG အထက် မြင့်တက်နေလျှင် အပေါ်သွေးပေါင်ချိန် သီးသန့်မြင့်တက်ခြင်းဟု ခေါ်ဆိုကြသည်။

ဆေးပညာရှင်များ၏ အဆိုအရ ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့်သည် သွေးတိုးရောဂါ ခံစားနေရသည်ဟု ဆိုသည်။ သွေးတိုးရောဂါမှတစ်ဆင့် နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ ဆီးချိုရောဂါ၊ လေဖြတ် ရောဂါများ ဝင်ရောက်လာနိုင်ပါသည်။

သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါများကြောင့် အသက်ဆုံးရှုံးမှု၏ ၄၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ဖြစ်ပြီး ၂၅ မှ ၃၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ဖြစ်ကြောင်း သိရပါသည်။ သို့ဖြစ်၍ လူကြီး၊ လူငယ် လူထုတစ်ရပ်လုံးသည် ကြောက်စရာကောင်းသော သွေးတိုးရောဂါအကြောင်းကို သိရှိထားခြင်းဖြင့် ကြိုတင်ကာကွယ်မှု ပြုလုပ်နိုင်ကြပါလိမ့်မည်။

## သွေးပေါင်ချိန်တိုင်းခြင်း

ခန္ဓာကိုယ်သွေးလည်ပတ်မှု မှန်၊ မမှန် သိရှိနိုင်ရန် သွေးပေါင်ချိန်တိုင်းတာမှု ပြုလုပ်ပေးသွားရသည်။





www.burmeseclassic.com

www.burmeseclassic.com

သွေးပေါင်ချိန်၏ အတက်အကျပေါ် မူတည်ပြီး နေထိုင်စားသောက်မှု စရိုက်ကို ပြုပြင်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။

သွေးပေါင်ချိန်တိုင်းတာရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများမှာ -

(၁) သွေးပေါင်ချိန်သည့်အခါ သွေးပေါင်ချိန်တိုင်း ကိရိယာဖြင့် စနစ်တကျ တိုင်းတာရမည်။

(၂) သွေးပေါင်ချိန် မတိုင်းတာမီ ခေတ္တ (သို့) ငါးမိနစ်ခန့် အနား ယူပေးရမည်။

(၃) ကိုယ်ကာယလှုပ်ရှားခြင်းနှင့် ကော်ဖီ၊ လက်ဖက်ရည်ကဲ့သို့သော ကဖိန်းဓာတ်ပါဝင်သည့် အစားအသောက်များကို နာရီဝက်ခန့် ကြိုတင်ရှောင်ထားရမည်။

(၄) လက်နှင့်သင့်လျော်မည့် သွေးပေါင်ချိန်တိုင်းလက်ပတ်ကို အသုံးပြုရမည်။

(၅) စံချိန်စံညွှန်း ကိုက်၊ မကိုက် စစ်ဆေးထားသော စံနှုန်းမှန် သွေးပေါင်ချိန်တိုင်း ကိရိယာကို စိစစ်ရွေးချယ် အသုံးပြုရမည်။

(၆) လက်မောင်းကို နှလုံးနှင့်တစ်ပြေးညီ အနေအထားတွင်ထား၍ နောက်ကျောမှီထိုင်လျက် သက်သောင့်သက်သာ အနေအထားတွင်ရှိရမည်။

(၇) တစ်ချိန်တည်းဆက်တိုက် နှစ်မိနစ်ခြား နှစ်ကြိမ်တိုင်းတာ၍ ရရှိသော သွေးပေါင်ချိန် အဖြေနှစ်ခု၏ ပျမ်းမျှခြင်းအဖြေကို ယူရမည် ဟူ၍ဖြစ်လေသည်။

ဆေးရုံဆေးခန်းများတွင် တတ်ကျွမ်းသူများနှင့် တိုင်းတာခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

သွေးပေါင်ချိန် စစ်ဆေးရာတွင် ထွက်လာသော အဖြေသည် အပေါ်သွေးပေါင်ချိန် ၁၄၀၊ အောက်သွေးပေါင်ချိန် ၉၀ စံနှုန်းထက် မြင့်မားနေမည်ဆိုပါက သမားတော်ဆရာဝန်များနှင့် ဆေးစစ်ဆေးမှု ခံယူပြီး ကုသမှုပြုလုပ်သင့်သည်။

ပြင်းပြင်းထန်ထန် ခေါင်းကိုက်ခြင်း၊ မူးမော်သတိလစ်ခြင်း၊ အမြင်အာရုံ ပျောက်ကွယ်နေခြင်း၊ ရုတ်တရက် ရင်ဘတ်အောင့်၍ အသက်ရှူကျပ်လာခြင်း၊ ကိုယ်တစ်ခြမ်း လေးလံလာခြင်းများ ဖြစ်လာပါက အချိန်မဖြုန်းဘဲ နီးရာဆေးခန်း (သို့) ဆေးရုံ အရေးပေါ်ဌာနသို့ အမြန်ဆုံး သွားရောက်၍ ကုသမှု ခံယူသင့်သည်။

## သွေးတိုးရောဂါလက္ခဏာများ

သွေးတိုးရောဂါ အချက်ပြလက္ခဏာများမှာ အမျိုးမျိုးရှိလေ၏။ လူတစ်ဦးနှင့် တစ်ဦးချင်း မတူကွဲပြားမှု ရှိတတ်ပါသည်။

သွေးတိုးရောဂါ ဖြစ်လာကာစတွင် မူးမော်ခြင်း၊ အမြင်အာရုံမကြည်လင်ခြင်း၊ မကြာခဏ ခေါင်းကိုက်ခြင်း၊ ပျို့အန်တတ်ခြင်းများ ဖြစ်တတ်သည်။

အထက်ပါ လက္ခဏာများ ခံစားမှုကြာရှည်လာလျှင် သွေးတိုးရောဂါရင့်လာပြီး နောက်ဆက်တွဲ နာတာရှည်ရောဂါဆိုးများ ဖြစ်လာစေတတ်ပါသည်။

ထို့ကြောင့် အရွယ်ရလာသူများသည် ခန္ဓာကိုယ်ထူးခြားမှု တစ်ခုခုဖြစ်လာလျှင် ခံစားမှု မရှင်းမရှင်းဖြစ်လာလျှင် ပုံမှန်ဆေးစစ်ဆေးမှု ခံယူရန် လိုအပ်ပါလိမ့်မည်။

အများဆုံးဖြစ်တတ်သော သွေးတိုးရောဂါ လက္ခဏာများနှင့် နောက်ဆက်တွဲ ရောဂါဆိုးများမှာ -

(၁) ပင်မသွေးကြောကြီး ဖောင်းကြွလာခြင်းနှင့်အတူ ခြေလက်သွေးကြောများ ပိတ်လာခြင်း။

(၂) သွေးပေါင်ချိန် အလွန်အကျွံ တိုးလာခြင်း၊ ဤအခြေအနေမျိုးတွင် ဦးနှောက်သွေးယိုစိမ့်စေမည့် အန္တရာယ်ရှိလာနိုင်သဖြင့် အရေးပေါ် ဆေးရုံဆေးခန်းသွားရန် လိုအပ်သည်။

(၃) ခေတ္တ လေဖျန်းခြင်း (သို့) လေဖြတ်ခြင်း။

(၄) နှလုံးညှစ်အား ကျဆင်းလာသောကြောင့် မောပန်းလာခြင်း၊ ဖောရောင်လာခြင်း။

(၅) နှလုံးသွေးကြော ပိတ်ခြင်း။

(၆) ကျောက်ကပ် ပျက်စီးလာစေခြင်း။

(၇) အမြင်အာရုံကို ထိခိုက်ပျက်စီးစေခြင်းများဖြစ်သည်။

သွေးတိုးရောဂါသည် ရောဂါအမျိုးမျိုးကို ပွားပေးတတ်သော ရောဂါမျိုးလည်းဖြစ်ပါသည်။

သို့ဖြစ်၍ မည်သည့်အချိန်အခါမျိုး၌ဖြစ်စေ ခေါင်းကိုက်မူးမော်၊ အမြင်အာရုံ မကြည်မလင်၊ ရင်ဘတ်အောင့်၊ အသက်ရှူကျပ်၊ ပျို့အန်မအီမသာဖြစ်လာလျှင် သမားတော်ဆရာဝန်များနှင့် တိုင်ပင်၍ ကုသမှုခံယူရပါမည်။

မိသားစု ဆေးမှတ်တမ်းများတွင် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ လေဖြတ်ရောဂါများ ရှိခဲ့လျှင် ဆရာဝန်များကို ကြိုတင် အသိပေးထားသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com

## သွေးတိုးရောဂါကာကွယ်ခြင်း

သွေးတိုးရောဂါကို ကာကွယ်ထိန်းချုပ်ခြင်းတွင် အစားအသောက်များကို ဆင်ခြင်စားသောက်၍ ကာကွယ်ခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်၍ ကာကွယ်ခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းသိမ်း၍ ကာကွယ်ခြင်း၊ ဆေးဝါးဖြင့် ကာကွယ်ခြင်းဟူ၍ ရှိလေသည်။ ဆေးဝါးသုံးစွဲခြင်းအတွက် ဖြစ်ပါက ဆရာဝန်ညွှန်ကြားမှု ခံယူရပါမည်။

အစားအသောက်ဖြင့် ကာကွယ်ခြင်းတွင် ဆေးလိပ်သောက်ခြင်းကို လုံးဝရှောင်ကြဉ်ရမည်။ ဆေးလိပ်သောက်ခြင်းကြောင့် သွေးတိုးရောဂါနှင့် နှလုံးသွေးကြောရောဂါကို ပိုမိုအားကောင်းစေနိုင်သည်။ ဆေးလိပ်ထဲတွင်ပါဝင်သော မကောင်းသည့် ဓာတ်သဘာဝများသည် သွေးကြောများကို မာကျောကျဉ်းစေနိုင်သောကြောင့် နှလုံးကို ဆိုးကျိုးဖြစ်စေသည်။ ထို့ပြင် ဆေးလိပ်သောက်ခြင်းကြောင့် သွေးတိုးကျစေရန် ဆေးကုသည့်အခါ ဆေးမစူး ဆေးအာနိသင်မအောင်ဘဲ အခက်အခဲ အတားအဆီးများ ဖြစ်စေနိုင်ပါသည်။

အရက်ကို ဆေးဖြစ်ဝါးဖြစ်မှအပ ရှောင်ကြဉ်ရပါမည်။ အရက်သောက်ခြင်းကြောင့် သွေးပေါင်ချိန်ကို တိုးစေနိုင်သည်။ ထို့ပြင် အရက်ကြောင့် အခြားရောဂါများကိုလည်း ပွားစေနိုင်သည်။ စီးပွားပျက် အလုပ်ပြုတ် ဒုက္ခပင်လယ်ဝေစေနိုင်သည်။ ရည်းစားပျောက်၊ အိမ်ထောင်ကွဲ ဘဝပျက် ရောဂါ အမျိုးမျိုးစွဲစေနိုင်သည်။ သို့ဖြစ်၍ အရက်ကို အထူးရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ဆားအငန်ဓာတ်ကို လျှော့စားရမည်။ ဆိုဒီယမ်ကလိုရိုဒ် ခေါ် ဆားအငန်ဓာတ်သည် လူသတ္တဝါများ အသက်ရှင်ကျန်းမာစေရေးအတွက် မရှိမဖြစ်လိုအပ်သော အရာဖြစ်သော်လည်း လိုအပ်သည်ထက် ပိုလာလျှင် ကြီးမားသော ကျန်းမာရေးအန္တရာယ် ဖြစ်စေနိုင်သည်။ မိုနိုဆိုဒီယမ်ဂလူတီမိတ်ခေါ် ဟင်းချိုမှုန့်နှင့် ဆိုဒီယမ်ဘိုင်ကာဗွန်နိတ်ခေါ် မုန့်ပွဆေးများသည်လည်း ဆား၏ အစိတ်အပိုင်းများဖြစ်သည်။ အစားအသောက်တိုင်းတွင် ဆားအငန်ဓာတ်ပါ[illegible]နေသဖြင့် ခန္ဓာကိုယ် ဆားဒဏ်သင့်ခံနေရခြင်းကို ဖြစ်စေနိုင်ပါသည်။

ဆားအငန်ဓာတ်များသည် သွေးတိုးခြင်းကို မြင့်မားစေနိုင်သဖြင့် အငန်ဓာတ်များသော အစားအစာများကို အထူးရှောင်ရှားကြရမည်ဖြစ်သည်။ အချိုစာ၊ သရေစာမုန့်များတွင် ဆားပုန်းခို၍ ပါဝင်နေသဖြင့် အချိုစာများအစား သစ်သီးဝလံများကို ဦးစားပေးစားသုံးခြင်းဖြင့် ဆားအငန်ဓာတ်ကို ရှောင်ရှားနိုင်ပါလိမ့်မည်။ အငန်ဓာတ်လျှော့စားသောအကျိုးကြောင့် သွေးတိုးရောဂါ ကျစေနိုင်ပါသည်။

အဆီဓာတ်ကို လျှော့စားပါ။ ပြည့်ဝအဆီအမျိုးမျိုး၊ ဆီဦးထောပတ်အမျိုးမျိုး၊ ဆီကြော်အစားအစာ အမျိုးမျိုး၊ ကိတ်မုန့်၊ ရေခဲမုန့် အစရှိသော သရေစာအမျိုးမျိုးကို ရှောင်ရမည်။ ယင်းအစားအစာများအစား လတ်ဆတ်ကောင်းမွန်သော ငါးအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ သစ်ဥသစ်ဖုသီးနှံအမျိုးမျိုး၊ ဘယ်ရီသီးနှင့် ရှောက်နွယ်ဝင်အသီးအမျိုးမျိုး၊ အစေ့အဆံအမျိုးမျိုးကို စားပေးနိုင်ပါသည်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းဖြင့် သွေးတိုးကျစေနိုင်သည်။ တစ်နေ့လျှင် တစ်နာရီခန့် ကိုယ်လက်လှုပ်ရှားပြုခြင်း (သို့) ခပ်သွက်သွက်လမ်းလျှောက်ခြင်း ပြုလုပ်ပေးပါက မကောင်းသော အဆီဓာတ်များကို ကျစေပြီး ကိုယ်အလေးချိန်နှင့် သွေးပေါင်ချိန်ကို ထိန်းထားပေးနိုင်သည်။

စိတ်ဖိစီးမှုကင်းလျှင် သွေးတိုးကိုလည်း ကျစေနိုင်ပါသည်။ တရားမှတ် တရားထိုင်ခြင်း၊ ယောဂကျင့်စဉ်များကို ကျင့်ကြံခြင်း၊ ဝါသနာပါသော အလုပ်တစ်မျိုးမျိုးကို လုပ်ကိုင်နေခြင်း (သို့) ဝါသနာပါသော အားကစားတစ်မျိုးမျိုးတို့ လိုက်စားနေခြင်းများဖြင့် စိတ်ဖိစီးမှုကို ဖယ်ရှားနိုင်သည်။ စိုးရိမ်ကြောင့်ကြမှုနှင့် ပူပင်သောကကင်းလျှင် သွေးတိုးရောဂါကို ကျစေနိုင်ပါသည်။

ကိုယ်အလေးချိန် လျှော့ချခြင်းဖြင့် သွေးတိုးရောဂါ၊ အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ လေငန်းရောဂါများမှ သက်သာကောင်းစေနိုင်သည်။ သွေးတိုးရောဂါကင်းအောင်နှင့် သွေးတိုးရောဂါရှိသူများ ဖြစ်ပါက သွေးတိုးမတက်အောင် အစားအသောက်၊ လေ့ကျင့်ခန်း၊ နေထိုင်မှု အကျင့်စရိုက်၊ ဆေးဝါးအာဟာရများဖြင့် ထိန်းသိမ်းထားမည်ဆိုလျှင် ရောဂါဘယကင်းဝေး၍ ကျန်းမာအသက်ရှည်သူများ ဖြစ်ရပါလိမ့်မည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

**အောင်ဘုန်းမြင့်(ကချင်မြေ)**

❐


www.burmeseclassic.com

# အွန်လိုင်းပေါ်မှ ဆေးသုတ

ဟောမန်နှင်း



မနက်စာ ငှက်ပျောသီးဖြင့် ဝိတ်ချခြင်း



ဒီ plan ဟာ ဝိတ်ကျတာ မြန်ပေမယ့် တစ်ပတ် နှစ်ပတ်ထက်ပိုပြီး စားနိုင်ဖို့ မလွယ်ပါဘူး။ အမြဲအလွန်အကျွံလုပ်ရင်လည်း ကျန်းမာရေး ထိခိုက်နိုင်ပါတယ်။ ဒီတော့ ပုံမှန်လေးလည်း စားချင်တာစားမယ်၊ ပုံမှန်လေးနဲ့ ဖြည်းဖြည်းချင်း ကျမယ့် plan မျိုးကို တောင့်တခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်ကစပြီး ဂျပန်နိုင်ငံမှာ ခေတ်စားလာတဲ့ The morning Banana Diet plan ဟာ စိတ်ဝင်စားစရာလည်းကောင်း၊ ကိုယ်တိုင်လက်တွေ့လိုက်လုပ်ကြည့်ရာမှာ လွယ်လည်းလွယ်ပြီး ကျန်းမာရေးနဲ့လည်း ညီညွတ်လို့ ပြန်လည်ဝေမျှချင်ပါတယ်။

## စိတ်ကြိုတင်ပြင်ဆင်ခြင်း

တကယ်တော့ ဝိတ်ဆိုတာ ခဏလေးနဲ့ တက်လာတာမဟုတ်သလို ခဏလေးနဲ့လည်း မကျနိုင်ပါဘူး။ ဒီသဘောတရားကို အရင်နှလုံးသွင်းထားဖို့ လိုပါတယ်။ စိတ်ရှည်ရမယ်။ အချိန်ယူပြီး ပုံမှန်လုပ်သွားနိုင်ရမယ်။ diet plan rule ကို နားလည်သဘောပေါက်ပြီး တိတိကျကျ လိုက်နာဖို့ လိုအပ်ပါတယ်။

(၁) ငှက်ပျောသီးကို မနက်စာအဖြစ် သုံးဆောင်ပါ။

ငှက်ပျောသီးဟာ အစာခြေခြင်း၊ အစာဖျက်ခြင်း ဖြစ်စဉ်တွေကို ပိုမိုလွယ်ကူစေတဲ့အပြင် သမ္မာပါဝင်တဲ့ ကစီဓာတ်ဟာ ရင်ပြည့်တဲ့စိတ်ကို ဖြစ်စေပါတယ်။ မနက်မိုးလင်း စားထားတဲ့ ငှက်ပျောသီးဟာ တစ်နေ့တာလုံးမှာစားတဲ့ နေ့လယ်စာနဲ့ ညစာမှာစားတဲ့ ကိုယ်စားတဲ့အစာထဲက ကာဗွန်ဟိုက်ဒရိတ် စုပ်ယူမှုကိုလည်း တားဆီးပေးထားနိုင်ပါတယ်။ ကဲ - ဒီပထမ rule ကတော့ မနက်စာငှက်ပျောသီးကို ကိုယ်ရင်ပြည့်တဲ့အထိ မနက်စာ စားပေးဖို့ပါပဲ။

(၂) တစ်နေ့တာလုံး သာမန်အပူချိန်ရှိတဲ့ ရေတစ်မျိုးတည်းကိုသာ သောက်ပါ။

ရေဟာလည်း ခိုက်ဆာမှုကို လျော့ကျစေပြီး စားသမှုကို ခြေဖျက်နိုင်ဖို့ အကူအညီပေးပါတယ်။ ရေခဲရေ မဟုတ်ရပါဘူး။ မူခြစ်တောက်နေတဲ့ ရေပူလည်း မဟုတ်ရပါဘူး။ ကိုယ့်အခန်း အပူချိန်နဲ့ [illegible]တည်းကျတဲ့ ရိုးရိုးရေကို သောက်ရမှာဖြစ်ပါတယ်။ တချို့က မနက်စာကို ငှက်ပျောသီးကို နွားနို့နဲ့သောက်ပါတယ်။ ဒီဟာ ဝိတ်ကို ပိုတက်[illegible] အသားတိုးအားဆေးပါ။ ဝိတ်ချနေတာ ဆိုတော့ ဒီဟာ[illegible]

ဆန့်ကျင်ဘက် ဖြစ်ပါတယ်။ "Dairy products and alcohol are also not allowed on this diet" နို့ထွက်ပစ္စည်းများ၊ alcohol ပါဝင်သောအရည်များ လုံးဝသောက်လို့ မရပါဘူး။ လက်ဖက်ရည်၊ ကော်ဖီ သောက်နေကျကို ဖြတ်ဖို့မလွယ်ကူဘူး ဆိုရင် လျှော့သောက်ပါ။ တတ်နိုင်ရင် ရေကလွဲပြီး တခြားဘာမှ မသောက်ရင် ပိုဝိတ်ကျမြန်စေပါတယ်။

(၃) နေ့လယ်စာနဲ့ ညစာ ပုံမှန်စားပါ။

ဒီ plan မှာ ကဗျာအကြိုက်ဆုံးကတော့ နေ့လယ်စာ ညစာကို ပုံမှန် ကြိုက်တာ စားခွင့်ပေးတာပါပဲ။ စိတ်ပင်ပန်း၊ လူပင်ပန်း သိပ်မခံရတော့ဘူးပေါ့။ ဒါပေမဲ့ ပုံမှန်ဆိုတဲ့ နေရာမှာလည်း တန်ရင်ဆေး လွန်ရင်ဘေး ဆိုတာကို သတိချပ်လို့ အစားပမာဏကို ချင့်ချိန်ပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အသား ငါး၊ အရွက်၊ သီးနှံ မျှမျှတတ စားဖို့တော့ ဂရုစိုက်စေချင်ပါတယ်။

(၄) ညစာ စားချိန် ၈ နာရီထက် နောက်မကျပါစေနဲ့။

ည ၈ နာရီကျော်ရင် ကိုယ်ထဲက အစာချေဖျက်မှု လုပ်ငန်းစဉ် အလုပ်မလုပ်တော့ပါဘူး။ အဲဒီအချိန်မှာ စားသမျှဟာ ဝိတ်တက်စေနိုင်ပါတယ်။ ၈ နာရီမတိုင်ခင်မှာ ကိုယ့်ရဲ့ညစာကို အချိန်မှန်စားဖို့ဟာ အလွန်အရေးကြီးသော်လည်း လူတိုင်း သတိမမူ မေ့လျော့တတ်တဲ့ အလေ့အထ ဖြစ်တတ်ပါတယ်။ ဒီအချက်ကို ပုံမှန်လေး လိုက်နာသွားမယ်၊ အမြဲတမ်းလုပ်သွားနိုင်မယ် ဆိုရင်တော့ ပျိုမေတို့ ကိုယ်မှာ ဝိတ်တက်ဖို့အကြောင်း နောက် သိပ်မရှိတော့ပါဘူး။


(၅) ည ၁၂ နာရီမကျော်ခင် အိပ်ပါ။

အိပ်ချိန် မမှန်ခြင်း၊ အိပ်ချိန် နောက်ကျခြင်းတို့ဟာ ဝခြင်းကိုဖြစ်စေတဲ့ အဓိကအကြောင်းအရာတွေထဲမှာပါဝင်ကြောင်း Scientists တွေက စမ်းသပ်တွေ့ရှိထားပြီးသားပါ။ ဒါပေမဲ့လည်း လူတိုင်းက ဒီအချက်ကို မေ့လျော့ပေါ့ဆပြီး ဂရုမစိုက်တတ်ကြပါဘူး။ ည ၁၂ နာရီမတိုင်ခင် အိပ်ခြင်းဟာ ဝိတ်ကျခြင်းကို အများကြီး အထောက်အကူ ပြုစေပါတယ်။ ဒါကြောင့် ပျိုမေတို့ ဝိတ်ကျဖို့ ည ၁၂ နာရီမတိုင်ခင် တတ်နိုင်သလောက် ကြိုးစားပြီး အိပ်ပေးပါ။

ဘယ်အတိုင်းအတာထိ၊ ဘယ်အချိန်ထိ ဒီ plan ရဲ့ rule တွေကို လိုက်နာရမလဲလို့ မေးဖို့ရှိပါတယ်။ တကယ်တော့ ဒီ plan ဟာ အမြဲတမ်း လုပ်သွားနိုင်လေလေ ဝိတ်ကို ပုံမှန်ထိန်းသွားနိုင်လေဖြစ်တဲ့ plan မျိုးပါ။ တစ်ယောက်နဲ့ တစ်ယောက် အကျိုးသက်ရောက်မှု မတူပြားသော်လည်း ဒီ diet plan ရဲ့ rule တွေဟာ ကျန်းမာရေးနဲ့ ညီညွတ်ပြီး ဝခြင်းကို ကာကွယ်ပေးလို့ ဂျပန်နိုင်ငံက ပျိုမေများ နေ့စဉ် လိုက်နာကျင့်သုံးနေတဲ့ plan ဖြစ်ပါတယ်။

စိတ်အားလည်း ထက်သန်တယ်။ စိတ်ကိုလည်း ကြိုတင်ပြင်ဆင်မယ်။ Rule တွေအားလုံးကိုလည်း အတတ်နိုင်ဆုံး လိုက်နာမယ်။ ကိုယ့်ဝိတ်ကိုလည်း တစ်ပတ် တစ်ခါ တိုင်းပြီး စောင့်ကြည့်မယ်ဆိုရင် ပျိုမေတို့ ဝိတ်ကျဖို့ သေချာပါတယ်။

◆




## CT SCAN (စီတီ စကန်)

၁။ ဆရာ မင်္ဂလာပါရှင့်။ CT Scan ကဲ ဘယ်လိုလူနာတွေ ရိုက်ရတာလဲ။ ဘယ်လိုအခြေအနေတွေမှာ ရိုက်သင့်ပါသလဲ ဆရာ။ ရိုက်ခြင်းအကြောင်းနဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေ သိချင်ပါတယ်ရှင့်။

၂။ ကျွန်မ သမီးလေးက နှလုံးမှာ မွေးရာပါအပေါက်ရှိနေတဲ့အပြင် နှလုံးသွေးကြောကလည်း မှားဝင်နေပါတယ်တဲ့။ ဘယ်ဘက်အခန်းကို ဝင်ရမယ့် သွေးကြောက ညာဘက်အခန်းကို ဝင်နေတာကြောင့် ညာဘက်နှလုံးက ကြီးနေပါတယ်တဲ့။ ဒါကြောင့် ခွဲစိတ်ရမယ်လို့ ပြောပါတယ်။ ကျွန်မတို့က လက်ရှိ --- မှာနေကြပါတယ်။ သမီးလေးက တစ်နှစ်ရှိပါပြီ။ သမီးလေးက အခုချိန်ထိတော့ ကျန်းကျန်းမာမာပါပဲ။ တစ်ခါပဲ ဖျားဖူးပါတယ်။ နှလုံးခုန်နှုန်းကတော့ ကျွန်မတို့ထက် တစ်ဆလောက် မြန်ပါတယ်။

ကလေးငယ်တွေက လူကြီးတွေထက် နှလုံးခုန်နှုန်း မြန်ပါသလား။ တစ်မိနစ်မှာ ကြိမ်နှုန်းဘယ်လောက်ရှိပါသလဲ။ မခွဲဘဲထားရင် အသက် ဘယ်လောက်ကြာကြာရှည်အောင် နေနိုင်မလဲ။ သွေးလွှတ်ကြောနဲ့ သွေးပြန်ကြောက နှလုံးတစ်ခုတည်းမှာ ဝင်နေတဲ့လူတစ်ယောက်ဟာ အသက်ရှင်နိုင်ပါ

www.burmeseclassic.com



သလား။ CT ရိုက်တဲ့အခါ သုံးတဲ့ဆေးက သိပ်ပြင်းတယ်လို့ သိရပါတယ်။ ကျွန်မလည်း တစ်ခါရိုက်ဖူးပါတယ်။ ဆေးနဲ့ မတည့်လို့ ချက်ချင်း ရပ်လိုက်ရဖူးပါတယ်။ သမီးလေးကို နောက်လထဲမှာ ရိုက်ပါမယ်တဲ့။ CT ရိုက်ခြင်းရဲ့ အကျိုးအပြစ်တွေကို သိပါရစေ။ ဒီမှာ ဆေးရုံကြီးတွေက ဆေးတက္ကသိုလ်နဲ့တွဲထားတာဆိုတော့ သမီးလေးက အစမ်းသပ်ခံ ဖြစ်သွားမှာကို စိုးရိမ်နေပါတယ်။ သမီးလေးကို ၇ လပိုင်းမှာ ခွဲစိတ်ဖို့ လျာထားပါတယ်။ ကျွန်မတို့ကတော့ ဆရာဝန်ကို စဉ်းစားဦးမယ်လို့ ပြောထားဆဲပါ။

၃။ CT Scan ကို ခေါင်းကိုရိုက်ရင် ဦးနှောက်ကင်ဆာ ဖြစ်နိုင်တယ်ဆိုတာ ဟုတ်လား ဆရာ။

CT ရိုက်တာကို Very low-risk procedure အလွန်အန္တရာယ်နည်းတဲ့ လုပ်ဆောင်မှုလို့ သတ်မှတ်ပါတယ်။ မလိုအပ်ဘဲ ရိုက်ဖို့ မခိုင်းပါ။ သတိထားစရာတွေ ရှိပါတယ်။ ရိုးရိုး X-rays ထက်ပိုပြီး X-ray သုံးရတယ်။ ထိုးတဲ့ဆေးကြောင့် ပျို့တာ၊ အနေရခက်တာ၊ နွေးလာတာ၊ စိုထိုင်းထိုင်း ခံစားရတာမျိုး ခဏဖြစ်လာနိုင်တယ်။

သွေးထွက်သက်ရောက်မှုတွေထဲမှာ သွေးပြန်ကြောထဲ ထိုးပေးရတဲ့ Liquid dye နဲ့ Allergic reactions မတည့်တာ ဖြစ်ပါတယ်။ ဒီလို မတည့်သူ တစ်သိန်းမှာ တစ်ယောက်သာ ရှိတယ်။ မထိုးခင် တည့်၊ မတည့် စမ်းသေးတယ်။ ဒါကြောင့် ပန်းနာရှိသူ၊ Emphysema အဆုတ်ရောဂါရှိသူတွေကို သတိထားရမယ်။ ကျောက်ကပ် ကောင်းနေရင် ကိစ္စမရှိပါ။ ရိုက်ပြီးရင် ရေများများသောက်တာ ကောင်းတယ်။ ရှားရှားပါးပါး ဒီဆေးက သိပ်မကောင်းတဲ့ ကျောက်ကပ်ကို ထိခိုက်နိုင်လို့ အထူးသတိထားရတယ်။ ဆေးလျှော့ထိုးရတတ်တယ်။ ဆီးချိုရှိသူတွေလည်း သတိထားရမယ့်သူ စာရင်းထဲ ပါတယ်။ နှလုံးရောဂါ ဆိုးဝါးသူတွေကိုလည်း သတိထားရတယ်။

X-rays သုံးတာမို့ နောင်တစ်ချိန်မှာ ကင်ဆာ ဖြစ်လာမလားလို့ သုတေသနတွေ လုပ်နေဆဲ ဖြစ်တယ်။ ငြင်းခုံနေဆဲ ဖြစ်တယ်။ ကင်ဆာဖြစ်မှာကို သက်သေပြချက်တော့ မရှိသေးပါ။ ကလေးတွေက လူကြီးတွေထက် ကင်ဆာဖြစ်နိုင်ချေ များမယ်လို့ ယူဆကြတယ်။ တစ်နှစ်သားကလေး ဗိုက်ကိုရိုက်ရင် ကင်ဆာဖြစ်နိုင်ချေ ၀. ၁၈ ရာခိုင်နှုန်း၊ ခေါင်းကိုရိုက်ရင် ၀. ၀၇ ရာခိုင်နှုန်းလို့ သုတေသနတစ်ခုက ဆိုထားတယ်။ ဒါပေမဲ့ အမေရိကားမှာ ၁၅ နှစ်အောက် ကလေးပေါင်း တစ်နှစ်မှာ ခြောက်သိန်းကို ရိုက်ပေးနေရတယ်။ တကယ်တမ်းပြောရရင် မရိုက်သူတွေမှာလည်း ကင်ဆာဖြစ်နိုင်တဲ့ ကိန်းဂဏန်းနဲ့ပြောရင် ထူးပြီးပိုတာဟာ မပြောပလောက်ပါ။

CT ရိုက်တာကို အရိုး၊ ကြွက်သား၊ ကင်ဆာ၊ သွေးခဲ၊ နှလုံးရောဂါ၊ အဆုတ်အကျိတ်၊ အသည်းအကျိတ်၊ အထဲ သွေးယိုတာ၊ ခွဲစိတ်တာ၊ ဘိုင်အော့ပစီယူတာ၊ ဓာတ်ကင်တာမှာ လမ်းညွှန်ခြင်း စတာတွေမှာ သုံးပါတယ်။

Credit : ဒေါက်တာတင့်ဆွေ

◆

## ကြွက်နို့အတွက် သဘာဝ နည်းလမ်းကောင်းများ

အရေပြားပေါ်မှာဖြစ်လာတဲ့ရောဂါဖြစ်ဖြစ်၊ အရေပြား ပြဿနာပဲဖြစ်ဖြစ် အတော်စိတ်ညစ်ရပါတယ်နော်။ လှလှတွေ ပျက်တာကိုး။

ရုပ်ဆိုးဆိုးကြွက်နို့လေးတွေ အရေပြားပေါ်မှာ ပေါ်လာရင်တော့ ပိုဆိုးတာပေါ့။ ရုပ်ဆိုးဆိုးကြွက်နို့ဆိုလို့ ရုပ်ချောတဲ့ကြွက်နို့ ရှိလို့ဟုတ်ဘူး။ မာမာကြမ်းကြမ်းနဲ့ အရောင်ကလည်း ညိုသလိုလို၊ မီးခိုးရောင်လိုလို၊ မည်းသလိုလိုနဲ့ ဆိုတော့ ကြွက်နို့အဖုတွေက ရုပ်ဆိုးတာပဲလေ။ သူတို့ရုပ်ဆိုးတာ အရေးမကြီးဘူး။ ကိုယ်က အလှပျက်တာပေါ့။ အဲဒီတော့ ရုပ်ဆိုးဆိုးကြွက်နို့လေးတွေ အကြောင်းကို လေ့လာကြည့်ရအောင်ပါ။

ကြွက်နို့ဟာ Human Papilloma Virus (HPV) ကြောင့် ဖြစ်တာပါ။ အဲဒီအကောင်လေးတွေဟာ ဆယ်ကျော်သက်တွေနဲ့ လူကြီးတွေကို ပိုမျက်စိကျတတ်တယ်နော်။ ဖြစ်လာပြီဆိုလည်း မျက်နှာလှလှလေးဆိုပြီး ချန်ထားတယ်မရှိဘူး။ တစ်ကိုယ်လုံး ပေါ်ချင်တဲ့နေရာ ပေါ်လာတတ်တာလေ။





www.burmeseclassic.com

www.burmeseclassic.com





ဒီလောက်ဆိုးတဲ့ ကြွက်နို့တွေကို နှိမ်နင်းရေးနည်းတွေ အများကြီး ရှိပါတယ်။ ဆေးလိမ်း၊ ခွဲစိတ်၊ မီးရှို့ နည်းမျိုးစုံပါပဲ။ ဒါတွေကလည်း အရေပြားအထူးကု ဆရာဝန်ကြီးတွေနဲ့ သေချာလုပ်ရမှာပါ။

လိမ်းဆေးတွေက ပြင်းတော့ အခန့်မသင့်ရင် ဒုက္ခရောက်နိုင်တယ်။ ကိုယ့်ဟာကိုယ် ခွဲလို့မရ၊ မီးရှို့တာလည်း လူတိုင်းသိတဲ့မီးနဲ့ ရှို့တာမဟုတ်တော့လေ။

ဒီတော့ ဆရာဝန်ကြီးတွေဆီသွားဖို့ အဆင်မပြေသေးဘူးဆိုရင် အန္တရာယ်ရှိနိုင်တဲ့ နည်းတွေကို ရမ်းသန်းပြီး လက်တည့်မစမ်းဘဲ အိမ်မှာ အလွယ်တကူလုပ်နိုင်တဲ့ နည်းလေးတွေကို စမ်းကြည့်ရအောင်။

## ကြက်သွန်ဖြူ

အနံ့က နည်းနည်းဆိုးပေမယ့် အစွမ်းထက်တယ်နော်။ ကြက်သွန်ဖြူကို ကြိတ်ချေပြီး ကြွက်နို့ပေါ် အုံလိုက်ပါ။ ပြီးတော့ ပတ်တီးစည်းရပါမယ်။ ၄-၅ နာရီ ကြာတဲ့အခါ ပတ်တီးကို ဖယ်လိုက်ပြီး ရေနွေးလေးနဲ့ ဆေးပါ။ ကြွက်နို့ ပျောက်သွားတဲ့အထိ နေ့တိုင်းလုပ်ပေးရမယ်နော်။

## နာနတ်သီး

ကြွက်နို့က နာနတ်သီးကို ကြောက်တယ်တဲ့။ နာနတ်သီးအရည်ကို ကြွက်နို့ပေါ် တို့ပြီး ရေမဆေးဘဲ ဒီတိုင်းသာ ပစ်ထားလိုက်။ ပြီးတော့ နေ့တိုင်းသာ ပုံမှန်လုပ်ပေးရင် ရက်အနည်းငယ်အတွင်းမှာ ပျောက်တယ်လို့ သုတေသနတွေထဲမှာ ဖော်ပြထားပါတယ်ရှင့်။

## ကြက်ဆူဆီ

ကြွက်နို့ကို တိုက်တဲ့အခါ အုံ့ဖွယ်အစွမ်းထက်တဲ့ ကြက်ဆူဆီကို သုံးကြည့်ပါ။ စွမ်းပေမယ့် လွယ်တယ်နော်။ ကြက်ဆူဆီကို ကြွက်နို့ထဲ စိမ့်ဝင်အောင် လိမ်းပေးရုံပါပဲ။ တစ်ရက် နှစ်ကြိမ် လိမ်းပေးရမှာပါ။ ကြွက်နို့တွေဟာ တဖြည်းဖြည်း ခြောက်လာပြီး ပျောက်သွားပါလိမ့်မယ်။

## ငှက်ပျောသီး

ငှက်ပျောသီးကို အရေပြားပြဿနာတိုင်းမှာ သုံးလို့ရတယ်နော်။ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ပစ် ဆိုသလို ကြွက်နို့တွေ ပျောက်စေတဲ့အပြင် တခြားအနာအဆာတွေပါပျောက်ပြီး အသားအရေ ပိုလှလာအောင် ငှက်ပျောသီးက အစွမ်းပြနိုင်တယ်လေ။ ငှက်ပျောသီးကို အခွံခွာပြီးရင် စားလိုက်။ နောက်တာ မဟုတ်ဘူးနော်။ ခုက အခွံကိုပဲ သုံးမှာလေ။ ငှက်ပျောသီးခွံကို သေးသေးလေးဖြစ်အောင်လုပ်ပြီး ကြွက်နို့အပေါ်ကပ်၊ ပြီးတော့ ပတ်တီးထပ်ပတ်၊ ပြီးတော့ ၁၂ နာရီ တစ်ခါပြန်လဲ၊ ကြွက်နို့တွေ ပျောက်သွားတဲ့အထိလုပ်၊ ကြွက်နို့တွေ မျိုးပြုတ်ရောတဲ့။

## လက်ဖက်ဆီ

လက်ဖက်ဆီက ဝက်ခြံတွေကို ကောင်းကောင်းနှိမ်နင်းပေးသလို ကြွက်နို့တွေကိုလည်း ပျောက်ကင်းစေနိုင်တယ်လေ။ လက်ဖက်ဆီကို ဝါဂွမ်းမှာဆွတ် ကြွက်နို့ပေါ် ကပ်ပြီး ပတ်တီးစည်းထားဖို့ လိုပါတယ်။ ပြီးတော့ အနည်းဆုံး ခုနစ်ရက်ထားပါ။ အရေပြားဆရာဝန်ကြီးတွေ ထောက်ခံထားတဲ့ နည်းလေးပါ။

## သံပရာရည်

သံပရာရည်ကိုလည်း အရေပြားပြဿနာ တော်တော်များများမှာ သုံးတယ်နော်။ ကြွက်နို့ကို နှိမ်နင်းဖို့ကတော့ သံပရာရည်ကို ကြွက်နို့ပေါ် သုတ်လိမ်းပြီး မိနစ် ၂၀ ကြာတဲ့အခါ ရေဆေးချလိုက်ရုံပါပဲ။ တစ်ရက်ကို နှစ်ကြိမ်လုပ်ပါ။ သံပရာရည်ရဲ့ အက်စစ်ဓာတ်က ကြွက်နို့ကို ပျောက်စေပါတယ်။

## ရှားစောင်းလက်ပပ်

ရှားစောင်းလက်ပပ် ဆိုတာနဲ့ အသားအရေ လှစေတဲ့အပြင် ဆေးဖက်လည်းဝင်တယ်ဆိုတာ သိကြတယ်နော်။ ခုလည်း ကြွက်နို့ကို နှိမ်နင်းပေးဦးမှာပါ။ ရှားစောင်းလက်ပပ်



www.burmeseclassic.com

www.burmeseclassic.com

ထဲက ဂျယ်လ်တွေကို ကြွက်နို့ပေါ် လိမ်းပေးရုံပါပဲ။ တစ်ရက်ကို သုံးကြိမ်သာ လုပ်ပါ။ တစ်ပတ်လောက်ကြာတဲ့အခါ သိသိသာသာ သက်သာလာမှာပါ။

ဆရာဝန်ဖြစ်ပြီး ဗိန္ဒောနည်းတွေ ပေးနေလို့ အံ့သြမသွားပါနဲ့ဦး။ သဘာဝ ဆေးဖက်ဝင် အပင်တွေကလည်း စွမ်းတာပဲ။ ရင်နှင်းတို့ ကျောင်းတက်တုန်းက သဘာဝ ဆေးဖက်ဝင်အပင်တွေနဲ့ တိုင်းရင်းဆေးကို ဘာသာရပ်တစ်ခုအနေနဲ့တောင် သင်ခဲ့ရတယ်လေ။ တကယ်က သဘာဝတရားကြီးက သူ့ရဲ့ရင်သွေးလေးတွေအတွက် လိုတာတွေ စီစဉ်ပေးပြီးသားပါ။ သဘာဝဆေးဖက်ဝင် အပင်တွေရဲ့ အစွမ်းကို စမ်းကြည့်ပါဦးနော်။


◆



ခေါင်းခွေးထွက်ရောဂါ သက်သာစေဖို့

လေမျိုး ၈၀ တွင် ကိုယ်တွင်လှည့်လည်နေသော လေရှိသည်။ ထိုလေသည် အထက်သို့ဆန်လိုက်၊ အောက်သို့စုန်လိုက် လှည့်လည်နေသည်။ ပုံမှန်လှည့်လည်နေရာမှ လေပူဖြစ်ပြီး အထက်သို့ အဆန်များလာခြင်း၊ အောက်သို့ အစုန်နည်းလာခြင်း ဖြစ်တတ်သည်။ ထို အထက်သို့ဆန်သော လေပူကြောင့် ဆံပင်ကျွတ်ခြင်း၊ ထိပ်ပြောင်ခြင်း၊ ခေါင်းချွေးထွက်ခြင်းများ ဖြစ်ရပေသည်။

အချို့သူများမှာ အပူအစပ်၊ ငရုတ်သီးအစပ်၊ ငရုတ်ကောင်းအစပ် ခတ်ထားသော ဟင်းချိုရည်သောက်သောအခါမှ အစပ်ကြောင့် လေပူသည် အစာအိမ်မှ အထက်သို့ရောက်၍ဖြစ်စေ၊ သွေးကြောများအတွင်းမှ တစ်ဆင့်ဖြစ်စေ အာကာသဓာတ်ပွင့်၍ ရုတ်တရက် ချွေးပြန်လာသည်။ ဤသို့ ခေါင်းချွေးပြန်ခြင်းမှာ ရောဂါမဟုတ်ပေ။ ခေတ္တခဏ တုံ့ပြန်မှုသာ ဖြစ်သည်။ ခဏကြာလျှင် အစပ်ကိုဖြေလိုက်လျှင် ပြန်ပျောက်သွားမည် ဖြစ်သည်။



သွေးတိုးရောဂါရှိသူ၊ အလုပ်ပင်ပန်းလျှင် သွေးပေါင်ချိန် မြင့်တက်တတ်သူများတွင် ခေါင်းချွေးထွက် များလေ့ရှိသည်။ အချို့ ဆီးချိုရောဂါရှိသူများ ညအိပ်ပျော်သောအခါ ခေါင်းချွေးထွက်တတ်သည်။ ခေါင်းချွေး အထွက်များလျှင် အာခေါင်ခြောက်ပြီး ရေငတ်၍ လန့်နိုးလာတတ်သည်။ ဆီးချို၊ သွေးချိုရှိသူများသည် ညအိပ်ရာဝင် ရေများများသောက်ဖို့လိုသည်။ အိပ်ရာနံဘေးတွင် ရေပုလင်းထားပြီး အိပ်လျှင် ညတစ်ရေနိုး ရေငတ်လျှင် ထသောက်နိုင်သည်။

စာရေးသူ၏ မိတ်ဆွေတစ်ဦးသည် အသက် (၄၅)နှစ်ကျော် (၅၀)တွင်း ရောက်လာပြီးမှ သွေးတိုးအနည်းငယ် ဝင်လာပြီး ညအိပ်လျှင် ခေါင်းချွေးထွက်ရောဂါ ဖြစ်လာသည်။ ဆီးချိုရောဂါ မရှိသေးသော်လည်း မျိုးရိုးရှိသည်။ သူ၏ မိခင်မျိုးရိုးမှာ ဆီးချိုရှိသည်။ အသားစားများသောရက်၊ ဧည့်ခံပွဲရှိ၍ အရက်၊ ဘီယာ သောက်မိသောရက်များတွင် ပို၍ ခေါင်းချွေးရွှဲနေအောင် ထွက်လေ့ရှိသည်ကို သတိထားမိသည်ဟုဆိုသည်။

အဝလွန်နေသူတစ်ဦးသည် ပူအိုက်သည့်ရာသီတွင် အပူဒဏ်သက်သာစေရန် ဓလအေးပေးစက် အဲယားကွန်းဖြင့် အိပ်သည်။ အအေးဓာတ်ကြောင့် အိပ်ပျော်သော်လည်း ညဉ့်တစ်ဝက်ကျော်သောအခါ ခေါင်းချွေးများပြန်လာပြီး နိုးလာသည်ဟု ဆိုသည်။ ထိုသို့ နိုးလာချိန်တွင် ရေလည်းငတ်ပြီး အာခေါင်ခြောက်သဖြင့် ရေထသောက်ရသည်။

ထိုသို့ဖြစ်နေသူသည် ညအိပ်ရာဝင်ချိန်တွင် ခြေဖဝါးဆားပွတ်ပြီး ဒူးအထက်မှ အောက်ပိုင်းသို့ ရေအေးလောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

အိပ်လျှင် အပူများ အောက်သို့သက်ဆင်းသွားသဖြင့် ခေါင်းချွေးထွက်ခြင်းကို သက်သာစေနိုင်သည်။ ခေါင်းချွေးထွက်သူများ၏ အခြားပြဿနာမှာ ခြေသလုံးကြောများ တင်းမာခြင်း၊ ခြေဆီမထွက်ဘဲ ခြေဖနောင့်များ အက်ကွဲခြင်းဖြစ်သည်။

အရှေ့တိုင်း အိန္ဒိယကျေးလက် တိုင်းရင်းဆေးနည်းများတွင် ခြေဖဝါးနှစ်ဖက်ကို ဆားရည်စိမ် ပြီး အဝတ်ခြောက်ဖြင့်သုတ်ကာ အက်ကွဲကြောင်းများအတွင်းသို့ နွားနို့မှုရသည့် ထောပတ်အဆီကို လိမ်းကြသည်။

ဦးခေါင်းချွေးထွက်များ၍ ဆံပင်ကျွတ် ထိပ်ပြောင်သူများကိုလည်း ခြေဖဝါးနှစ်ဖက်ကို ဆားရည်စိမ်ခြင်း၊ ခြေဖဝါးတွင် ထောပတ်လိမ်း၍ အိပ်ခြင်းဖြင့် သက်သာစေနိုင်သည်ဟု ဆိုသည်။

ခေါင်းချွေးပြန်ခြင်း၊ ခေါင်းချွေးအထွက်များခြင်း၊ မျက်စိကြည့်မကောင်းခြင်း၊ မျက်စိသွေးကြောများ နီရဲခြင်း၊ မျက်သားတက်ခြင်း၊ မျက်စိတိမ်စွဲခြင်း၊ မျက်မှန်ဒီဂရီတိုးခြင်းအတွက် သက်သာစေနိုင်သော နည်းလမ်းမှာ ခြေဖဝါး ဆားပွတ်ပြီး ညအိပ်ရာဝင်ခါနီး အချိန်တွင် ဒူးဆစ်အထက်မှအောက်သို့ ရေလောင်း ခြေဆေးခြင်းဖြစ်သည်။

ဤနည်းကို မှန်မှန်ပြုလုပ်ခြင်းဖြင့် ခေါင်းချွေးထွက်သက်သာသည့်အပြင် အညောင်းအကိုက်များခြင်း၊ ခြေသလုံးတြွက်တက်ခြင်း၊ ခြေဖဝါးချွေးမထွက် အက်ကွဲခြင်းများပါ သက်သာစေနိုင်သည်။ ခြေဖဝါး ဆားပွတ်ခြင်းသည် ခေါင်းချွေးပြန်ခြင်းသာမက ခါးနာရောဂါ၊ ကျောက်ကပ်ရောဂါများကိုလည်း သက်သာစေနိုင်သည်။

ရှေးက မြန်မာအနှိပ်ဆရာများ ကုသသည့်နည်းတွင် ခါးနာသူကို ရေစိုအဝတ်ကို ရေကုန်အောင်ညှစ်ပြီး ခါးတွင်ပတ်စေ၍ ပက်လက်အိပ်စေပြီး ခြေဖဝါးကို ဆားပွတ်၊ ရေလောင်းပေးသောအခါ ခြေဖဝါးမှ အပူအခိုးအငွေ့များ ထွက်လာသည်။ ခါးတွင် ပတ်ထားသော ရေစိုအဝတ်မှာလည်း အပူငွေ့များပျံ့ပြီး အဝတ်ခြောက်ဖြစ်သွားသည်။ ဤနည်းဖြင့် အပူခဲ၍ဖြစ်သော ခါးနာရောဂါများ လက်တွေ့ပျောက်ကင်းသည်ကို တွေ့ရသည်။

ဆားသည် ပင်လယ်ရေထွက်ပစ္စည်းဖြစ်ပြီး အပုပ်အငန်တို့စုဝေးရာမှ ထွက်ပေါ်လာသောပစ္စည်းဖြစ်သော်လည်း အပူအပုပ်ကို နိုင်သည်ဟုဆိုသည်။ မြေထွက်ဆား၊ တွင်းထွက်ဆား၊ သိန္ဓောဆားတို့ထက် ပင်လယ်ထွက်ဆားသည် ပို၍ငန်သည်။ ပုပ်သိုးမည့်အရာများကို ဆားဖြင့် ထိန်းထားနိုင်သည်။

ရှေးက လူကြီးများသည် နံနက်အိပ်ရာထ သွားတိုက်ရာတွင်ပင် မီးဖိုချောင်သုံးဆားဖြင့် သွားတိုက်လေ့ရှိသည်။ သွားနာခြင်း၊ သွားဖုံးနာခြင်း၊ အပူကန်ခြင်းများကို ဆားက သက်သာစေနိုင်သည်ဟု ဆိုသည်။

ဓာတုရသဆေးကျမ်းအလိုအရ နာနာနယ အာဟာရ စွယ်စုံကျမ်းတွင် ဖော်ပြထားသည်မှာ ဆားသည် ငန်သောအရသာရှိသည်။ ဝါယောဓာတ်ကို နိုင်၏။ ပထဝီကိုလည်း ဖြစ်စေတတ်၏။ သွေးကိုလည်း ကြည်လင်စေတတ်သည်။ ဓာတ်မီးအခိုးရောက်သည်ဖြစ်၍ ပထဝီဓာတ် စုခဲသည်ကိုလည်း ကြေစေတတ်၏။ သလိပ်စေးကိုလည်း ကြေစေတတ်၏။ အပုပ်၊ ပြည်၊ သွေးကိုလည်း ကြေစေတတ်၏။ သည်းခြေကိုလည်း ဖြောင့်မတ်စေတတ်၏။ ဓာတ်တို့၏ အခိုးအကင်း ရောက်သမျှ နိုင်သည်။ လူတို့သည် မသုံးဆောင်ရလျှင် ဝါယောဓာတ် ပျက်၏။ အရသာမျိုးတို့၏ အရသာ ကျက်လွန်၏။ ဓာတ်အပေါင်းတို့ကို ချုပ်၏ဟု ရေးသားဖော်ပြထားသည်။

ဆားပွတ်ရာတွင် ခြေနှစ်ဖက်ဆင်းအိပ်ပြီး ခြေဖဝါးအောက်တွင် အဝတ်ဟောင်းတစ်ခု ခံထားပါ။ အင်တုံငယ်တစ်ခုတွင် ဆားထည့်ပါ။ ဟင်းခတ် အိုင်အိုဒင်းပါသောဆား မသုံးပါနှင့်။ ဆားကြမ်းကိုသုံးလျှင် ပိုကောင်းပါသည်။

ရေစိုအဝတ်ဖြင့် ခြေဖဝါးကို သန့်စင်အောင် ပွတ်ပေးပါ။ ထို့နောက် ဆားကြမ်းဖြင့် ပွတ်ပါ။ ပြီးလျှင် ရေဝတ်ဖြင့် ပြန်ပွတ်ပါ။ ဤနည်းအတိုင်း တစ်လှည့်စီ ပြုလုပ်ပေးပါ။

ဆားပွတ်ချိန်သည် ၁၅ မိနစ်မှ နာရီဝက်အတွင်းသာ ကြာပါသည်။ ဆားပွတ်ပေး၍ ၁၀ မိနစ်ခန့်ကြာလျှင် ခြေဖဝါးမှ အပူများ ထွက်လာပါလိမ့်မည်။ ဦးခေါင်း ချွေးထွက်များလေ ခြေဖဝါးအပူ ထွက်လေဖြစ်သည်။


ဤကဲ့သို့ ဆားပွတ်ခြင်းကို ညနေစောင်းတွင် ပြုလုပ်လျှင် ခြေမဆေးပါနှင့်။ ညအိပ်ရာဝင်ချိန်မှ ပြုလုပ်လျှင် ပြီးလျှင် ဒူးအောက်ပိုင်း ခြေနှစ်ဖက် ရေဆေးပါ။ ကျောက်ကပ်ရောဂါ၊ ခါးနာရောဂါ၊ မျက်စိမကြည်၊ မျက်မှန်ဒီဂရီတိုးသည့်ရောဂါများပါ သက်သာစေနိုင်ပါသည်။


◆



www.burmeseclassic.com

www.burmeseclassic.com





## ပဲပြုတ်နှင့် ကျန်းမာရေး

ကျွန်မတို့မြန်မာပြည်တွင် ခေတ်ရေစီးကြောင်းအလိုက် နေထိုင်မှုစနစ် ပြောင်းလဲလာသည်နှင့်အမျှ အစားအသောက် ပုံစံလည်း ပြောင်းလဲလို့လာနေပါပြီ။ မည်သို့ပင်ပြောင်းလဲစေကာမူ မပြောင်းလဲတာတစ်ခုကတော့ ပဲပြုတ်စားသုံးသောယဉ်ကျေးမှုလေးပါ။

ဘိုးဘွားဘီဘင် လက်ထက်မှစ၍ ယနေ့ထက်တိုင် မြန်မာနိုင်ငံ၏ မြို့ရွာတိုင်း ဒေသအသီးသီးမှာ "ပေါင်းဗီက ပဲပြုတ်" ဆိုသော နံနက်ချိန်ခါ တေးသံသာကို ကြားရစမြဲပါ။ ပဲပြုတ်ကို လွယ်လွယ်ကူကူ ထမင်းမှုမှာ ဆီဆမ်းဆားဖြူး၍ လည်းကောင်း၊ ထမင်းကြော်အဖြစ်တစ်ဖုံ၊ နံပြား၊ အီကြာကွေးဖြင့် တွဲဖက်ကာ နံနက်စာ အဆာပြေအဖြစ် လူကြီး၊ လူငယ်မရွေး၊ လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး ခုံခုံမင်မင် စားသုံးနေကြတာပါ။

ဒါတင် မကသေးပါဘူး။ ပဲပြုတ်သုပ်၊ ပဲပြုတ်ကြော်ဟင်းလျာများအဖြစ် စားသုံးနိုင်သလို ပဲပြုတ်ကို မျှစ်ဖြင့်ရောကြော်ကာ အရသာရှိရှိ စားသုံးလေ့ရှိကြ၏။ ထို့ပြင် မြန်မာ့ရိုးရာ မုန့်ပဲသရေစာများဖြစ်ကြသော ရေမုန့်၊ မုန့်လင်မယား၊ ကောက်ညှင်းပေါင်း၊ လမ်းသရဲမုန့်တို့မှာလည်း ပဲပြုတ်ပါမှပြီးပြည့်စုံမှာပါ။

ပဲပြုတ် ဆိုသည်မှာ စားတော်ပဲကို အညှောင့်ထွက်စေကာ ပဲပွလာအောင် ဆော်ဒါဖောက်ပေးပြီး အရသာနှင့်အရောင်တို့အတွက် ထန်းလျက်ခဲလေးဖြင့် ပေါင်းခံပြုတ်ထားခြင်းပါ။ မိမိပတ်ဝန်းကျင်မှာ စားတော်ပဲပြုတ်ကို နိစ္စဓူဝမြင်တွေ့နေကြရသော်လည်း ကျန်းမာရေးအတွက် မည်မျှထိအရေးပါကြောင်းကိုတော့ သတိထားမိကြမည် မထင်ပါ။

ဆေးသိပ္ပံနည်းအရ ဓာတ်ခွဲစမ်းသပ်ကြည့်ရာ စားတော်ပဲပြုတ်ထဲတွင် လူသားတို့ ကျန်းမာရေးကို အထောက်အကူ ဖြစ်စေသော ဗီတာမင်နှင့် သတ္တုဓာတ်တို့ အလုံအလောက် ပါရှိပြီး ဘေးဖြစ်စေတတ်သော ကိုလက်စထရောလုံးဝမပါရှိသည့်အတွက် နေ့စဉ် စားသုံးပေးသင့်သောအာဟာရဖြစ်ကြောင်း USDA (ခေါ်) အမျိုးသားအာဟာရပြစ်တမ်းများနှင့် WHFoods တို့မှ အခိုင်အမာ ထောက်ခံထားကြပါသည်။

(၁) ပဲပြုတ်ထဲတွင် အဆီဓာတ်နှင့် ကယ်လိုရီပါဝင်မှု မရှိသလောက် လွန်စွာနည်းပါးသော်လည်း အာဟာရဓာတ် ကြွယ်ဝသောကြောင့် ကိုယ်ခန္ဓာအလေးချိန်ပုံမှန်ထိန်းသိမ်းလိုသူများ မှီဝဲစားသုံးသင့်ပါသည်။

(၂) ပဲပြုတ်ထဲတွင် ချေဖျက်လွယ်သော အမျှင်ဓာတ်အမြောက်အမြား ပါရှိ၏။ ထိုအမျှင်ဓာတ်များသည် အစာခြေလမ်းကြောင်းအတွင်း အစာကို လှုပ်ရှားရွေ့လျားစေသည့် ကြွက်သားလှုပ်ရှားမှုကို အလိုအလျောက် အားပေးသဖြင့် ဝမ်းမချုပ်စေပါ။

(၃) စားတော်ပဲပြုတ်ထဲတွင် nicotinic အက်ဆစ် ပါရှိသဖြင့် သွေးထဲရှိ မကောင်းသော ကိုလက်စထရောကို လျှော့ချပေးနိုင်၏။

(၄) စားတော်ပဲသည် သံဓာတ်အရင်းအမြစ် ဖြစ်ခြင်းကြောင့် သွေးနီဥဆဲလ်များကို ကောင်းစွာ တည်ဆောက်စေကာ သွေးအားနည်းရောဂါနှင့် အလွန်အမင်း မောပန်းခြင်းတို့မှ ကာကွယ်ပေးနိုင်ပြီး ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားလာစေပါသည်။ ထို့ပြင် အဆုတ်ထဲရှိ အောက်စီဂျင်ကို ခန္ဓာကိုယ်အနှံ့ပို့ဆောင်ပေး၏။

(၅) စားတော်ပဲထဲတွင် lutein နှင့် carotenoid တို့ ပါရှိသဖြင့် ပဲပြုတ်ကို ပုံမှန်စားသုံးသောသူများသည် အသက်အရွယ် ကြီးရင့်လာခြင်းကြောင့် မျက်စိ

www.burmeseclassic.com

ရောဂါအမျိုးမျိုးနှင့် မျက်စိရေတိမ်ရောဂါ ဖြစ်နိုင်ချေ အလားအလာကိုလျှော့ချပေးနိုင်ကြောင်း နိုင်ငံတကာ ဆေးသိပ္ပံပညာရှင်များက အကြံပြုထားကြပါသည်။

(၆) စားတော်ပဲပြုတ် တစ်ခွက်စာပမာဏထဲတွင် ဗီတာမင်ကေ ၄၄ ရာခိုင်နှုန်း ပါရှိသည့်ပြင် ဗီတာမင်ဘီလည်း ပါရှိသဖြင့် အရိုးကို ကျန်းမာသန်စွမ်းစေကာ ဟိုမုန်း၊ အပြောင်းအလဲကြောင့် အရိုးကြွပ်ဆတ်ခြင်းမှလည်း ကာကွယ်ပေးနိုင်၏။ ထို့ကြောင့် ကလေး၊ လူကြီးများ သာမက ကိုယ်ဝန်ဆောင်မိခင်လောင်းများပါ ပဲပြုတ်ကို စားပေးသင့်ပါသည်။

(၇) သွေးထဲရှိ သကြားပမာဏကို ပုံမှန်ဖြစ်စေခြင်း၊ ခန္ဓာကိုယ်အတွက် လိုအပ်သော ခွန်အားများကို ထုတ်လုပ်ပေးခြင်း၊ ကိုယ်တွင်းရှိ ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်ကောင်းမွန်စေခြင်း စသည်ဖြင့် ကောင်းကျိုးပြုပါသည်။

(၈) Free radicals များသည် ခန္ဓာကိုယ်ထဲရှိ သွေးကြောနံရံများကို အနည်ကျပိတ်ဆို့စေကာ သွေးကြောမများကို ပျက်စီးစေပြီး အဆီပိတ်ရောဂါ၊ လေဖြတ်ခြင်း၊ အဆစ်ရောင် လေးဖက်နာရောဂါများကို ဖြစ်စေ၏။ စားတော်ပဲထဲတွင်ပါရှိသော Falvonoid နှင့် phyto-nutrients များသည် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် စွမ်းဆောင်ပေးကာ ထို Free radicals များကို တိုက်ထုတ်ပေးသဖြင့် အဆိုပါရောဂါများကို မဖြစ်စေနိုင်ပါ။ ဒါ့ပြင် သစ်ပင်ထဲတွင် ရှားရှားပါးပါး တွေ့ရသည့် lectins ဓာတ်ပါရှိသဖြင့် သွေးနီဥဆဲလ်များ ပျော်ဝင်စေကာ သွေးခဲခြင်းမှ ကာကွယ်ပေးပါသည်။

(၉) ဗီတာမင်ဘီ ဓာတ်ပေါင်းစုပါရှိကာ homocysteine ပမာဏကို လျော့ကျစေသဖြင့် နှလုံးရောဂါအမျိုးမျိုးကို ထိထိရောက်ရောက် ကာကွယ်ပေးသည့်အပြင် နှလုံးရောဂါနှင့် ပတ်သက်ဆက်စပ်လျက်ရှိသော လေဖြတ်ခြင်းတို့ကိုလည်း မဖြစ်စေပါ။ ထို့ကြောင့် တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ် စားဖေးသင့်ကြောင်း ဆေးသိပ္ပံပညာရှင်များက အကြံပြုထားကြပါသည်။

(၁၀) စားတော်ပဲထဲတွင် ဗီတာမင် အေ၊ ဘီ၊ စီ၊ အီး၊ omega-3 တို့ ပါရှိသည့်ပြင် ဇင့်သတ္တုဓာတ် အလုံအလောက် ပါရှိ၏။ ထိုဓာတ်ပေါင်းစုများသည် လေပြွန်ဖောင်းပွသည့်ရောဂါ၊ မှက္ခရုရောဂါ၊ အယ်လ်ဇိုင်းမား (ခေါ်) ဦးနှောက်အကြိုဇရာရောဂါတို့ကို ကာကွယ်ပေးနိုင်ပါသည်။

(၁၁) စားတော်ပဲပြုတ်ထဲတွင် glycemic ဓာတ် ပါဝင်မှုနည်းပါးပြီး သွေးထဲရှိ သကြားပမာဏကို ထိန်းပေးနိုင်ခြင်းကြောင့် ဆီးချိုရောဂါသည်များအတွက် ပဲပြုတ်ဟာ အကောင်းဆုံးအဖော်မွန် ဖြစ်ပါသည်။

(၁၂) မက္ကစီကိုနိုင်ငံတွင် မကြာသေးခင်က လေ့လာစမ်းသပ်ချက်အရ စားတော်ပဲထဲတွင် polyphenol ဓာတ်ပါရှိသဖြင့် နေ့စဉ် စားတော်ပဲပြုတ် ၂ မီလီဂရမ်မျှ စားပေးရုံဖြင့် အဆာအိမ်ကင်ဆာကို ကြိုတင်ကာကွယ်ပေးနိုင်သည်ဟု ဆိုပါသည်။

(၁၃) မဂ္ဂနီစီယမ် သတ္တုဓာတ် ကြွယ်ဝစွာပါရှိ၍ ...းတိုးရောဂါကို မဖြစ်စေပါ။

(၁၄) ဖောလိပ်ဓာတ်အရင်းအမြစ်စုဝေးရာ စားတော်ပဲပြုတ်ကို ကိုယ်ဝန်ဆောင်မိခင်များ စားပေးခြင်းဖြင့် မွေးဖွားလာသော ကလေးငယ်များတွင် မွေးရာပါ ဦးနှောက်နှင့်အာရုံကြော ဝေဒနာများ ဖြစ်နိုင်ချေ အလားအလာ နည်းပါးစေပါသည်။

(၁၅) အမျိုးသမီးများ သွေးဆုံးကိုင် မဖြစ်စေပါ။

သတိပြုရန် - စားတော်ပဲထဲတွင် သဘာဝအလျောက်ပါရှိသော purines ဓာတ်က ဂေါက်ရောဂါသမားများနှင့် ကျောက်ကပ်ဝေဒနာသည်များကို ဘေးထွက်ဆိုးကျိုးဖြစ်စေနိုင်၍ အထူးရှောင်ရှားသင့်ပါသည်။

အာဟာရဓာတ် ကြွယ်ဝသော ပဲပြုတ်ကို ဈေးပေါပေါနှင့် အလွယ်တကူ ရရှိနိုင်သဖြင့် နိုင်ငံတိုင်းတွင် 'a poor man's meat' (ဝါ) ဆင်းရဲချို့တဲ့သူများအတွက် အသားဟင်းလျာဟု တင်စားခေါ်ဝေါ်လေ့ရှိကြပါသည်။ ဆေးသိပ္ပံပညာရှင်များကတော့ *power food ဟု ခေါ်ကြ၏။ ထို့ကြောင့် မိမိတို့ လက်*တစ်ကမ်းတွင် အလွယ်တကူ ဈေးနှုန်းချိုသာစွာ ရရှိနိုင်သော စားတော်ပဲပြုတ်လေးများကို နေ့စဉ်သုံး အစားအစာအဖြစ် စားသုံးသင့်ပါကြောင်း။

ဘာသာပြန်သူ (ပေါက်ပေါက်)

◆



www.burmeseclassic.com

www.burmeseclassic.com




တန်စွန်းရွက်၏ အကျိုးအာနိသင်များ

ကန်စွန်းရွက်မှာ ဗီတာမင်အေ၊ ဗီတာမင် ဘီ၁၊ ဗီတာမင်စီ၊ ပရိုတိန်းဓာတ်၊ ကယ်လ်စီယမ်၊ ဖော့စဖရပ်စ်၊ သံဓာတ်၊ ကာရိုတင်း စတဲ့ အာဟာရဓာတ်တွေ များစွာပါဝင်တာကြောင့် သင့်ကျန်းမာရေးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အရွက်တစ်မျိုးပဲ ဖြစ်ပါတယ်။

(၁) အိပ်ရေးဝဝ အိပ်ပျော်စေပါတယ်။

ကန်စွန်းရွက်ဟာ အိပ်မပျော်တဲ့သူ ဒါမှမဟုတ် အိပ်ပျော်ဖို့ ခက်ခဲတဲ့သူတွေအတွက် အိမ်သုံး သဘာဝဆေးတစ်လက်လိုမျိုး အသုံးဝင်ပါတယ်။

ကန်စွန်းရွက်ဟာ အိပ်မောကျအောင် လှုံ့ဆော်ပေးနိုင်စွမ်းရှိလို့ပါ။ ကန်စွန်းရွက်ကို စားရင် အချိန်ကြာကြာ အိပ်ပျော်စေတာမျိုးမဟုတ်ဘဲ အိပ်စက်မှု အရည်အသွေးကို ပြည့်ဝစေတာကြောင့် နိုးထလာတဲ့အခါ လန်းဆန်းစေနိုင်ပါတယ်။



(၂) ဝမ်းမှန်မှန်သွားစေပါတယ်။

ကန်စွန်းရွက်မှာ အလေးချိန်တူ ခရမ်းချဉ်သီးထက် ပရိုတင်းဓာတ် လေးဆ ပိုမိုပါဝင်ပြီး ကယ်လ်စီယမ် ပါဝင်မှုက ၁၂ ဆ ပိုများကာ ကာရိုတင်းဓာတ်လည်း ပိုမိုပါဝင်ပါတယ်။ ဒါ့အပြင် ကန်စွန်းရွက်မှာ အမျှင်ဓာတ်များစွာ ပါဝင်တာကြောင့် အစာအိမ် အူလမ်းကြောင်း လှုပ်ရှားမှုကို ကောင်းမွန်စေပြီး ဝမ်းမှန်မှန် သွားစေပါတယ်။ ကန်စွန်းရွက်ကို စားပြီးချိန်မှာ အူထဲရှိ အက်စစ်ဂုဏ်သတ္တိကို လျော့ကျစေတာကြောင့် အူလမ်းကြောင်း Flora မမျှတမှုမဖြစ်အောင် ကာကွယ်ပေးနိုင်တဲ့အတွက် ကင်ဆာတားဆီးပေးတဲ့ အာနိသင်ရှိပါတယ်။

(၃) ကိုယ်အလေးချိန် လျော့ကျစေပါတယ်။

ကန်စွန်းရွက်ကို ဝမ်းနုတ်ဆေး၊ သန်ချဆေးအဖြစ် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတွေက ယုံကြည်ကြသလို ကိုယ်အလေးချိန် လျှော့ချလိုသူတွေအတွက်လည်း ကောင်းပါတယ်။ ကန်စွန်းရွက်ဟာ ဝမ်းချုပ်တာ၊ လိပ်ခေါင်းဖြစ်တာတွေကို သက်သာစေသလို ကိုယ်အလေးချိန် လျော့ကျလိုသူတွေအတွက်လည်း အခြားအစားအသောက်တွေ နေရာမှာ အစားထိုးစားသင့်တဲ့ အစာပဲဖြစ်ပါတယ်။

(၄) သွေးဖိအားကို ထိန်းပေးပါတယ်။

သွေးတိုးနေသူတွေမှာ ကန်စွန်းရွက်ကို စားပေးရင် သွေးဖိအား လျော့ကျစေပါတယ်။ ကန်စွန်းရွက်ဟာ သွေးကြောထဲရှိ အဆီတွေ ကင်းဝေးစေရေးအတွက် အရေးပါပါတယ်။

(၅) သိုင်းရွိုက်ဂလင်းရဲ့ လုပ်ငန်းဆောင်တာတွေကို ကောင်းမွန်စေပါတယ်။

ကန်စွန်းရွက်မှာ ကယ်လိုရီပါဝင်မှုနည်းပြီး ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဖောလစ်အက်စစ်၊ ဆာလဖာ၊ သွပ်(ဇင့်) ပိုတက်စီယမ်၊ ဖော့စဖရပ်စ်၊ အိုင်အိုဒင်းနဲ့ သံဓာတ်တို့ ပါဝင်တာကြောင့် သိုင်းရွိုက်ဂလင်းရဲ့ လုပ်ငန်းဆောင်တာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ထိန်းချုပ်ပေးနိုင်ပါတယ်။ အင်တီအောက်ဆီးဒင့် ပါဝင်မှု မြင့်မားတာကြောင့် ကင်ဆာမဖြစ်အောင် ကာကွယ်ပေးနိုင်သလို နှလုံးရောဂါကိုလည်း ကင်းဝေးစေပါတယ်။

**(၆) ရောင်ရမ်းမှုကို လျော့ကျစေပါတယ်။**

ကန်စွန်းရွက်ကို သုပ်ပြီး စားတာကြောင့် ပန်းနာရင်ကျပ်ရောဂါ၊ အအေးမိတာ၊ ချောင်းဆိုးတာနဲ့ လေပွန်ရောင်ရမ်းတာတွေကို သက်သာစေပါတယ်။ ကန်စွန်းရွက်မှာ အမိုင်နို အက်စစ် အများအပြားပါဝင်တာ အဆိပ်တား အာနိသင်၊ ရောင်ရမ်းမှုကျစေတဲ့ အာနိသင်၊ ဆီးသွားစေတဲ့ အာနိသင်နဲ့ အိပ်မောကျစေတဲ့ အာနိသင်တွေကို ရရှိပါတယ်။

**(၇) အဆိပ်ပြေစေပါတယ်။**

ကန်စွန်းရွက်ကို အဆိပ်ပြေစေတဲ့ ဆေးတစ်လက်လို အသုံးပြုကြပါတယ်။ အစားမှားတာကြောင့် အော့အန်တဲ့ ဝေဒနာတွေကို သက်သာစေတယ်လို့ ယုံကြည်ကြပါတယ်။ ကန်စွန်းရွက်မှာပါတဲ့ အင်တီအောက်စီးဒင့်ဟာ ခန္ဓာကိုယ်ထဲက မကောင်းတဲ့ ဖရီးရယ်ဒီကယ်တွေကို ကင်းစင်စေတာကြောင့် ရောဂါများစွာ၊ အထူးသဖြင့် ကင်ဆာရောဂါမဖြစ်အောင် ကာကွယ်ပေးပါတယ်။

ကန်စွန်းရွက်ရဲ့ အခြားသော အကျိုးကျေးဇူးတွေကတော့ -

* ရာသီလာစဉ် နာကျင်ကိုက်ခဲမှုကို လျော့ကျစေပါတယ်။
* ခေါင်းကိုက်တာ၊ သွားကိုက်တာကို သက်သာစေပါတယ်။
* ဖောက်ထတာနဲ့ အရေပြားပြဿနာတွေအတွက် အသုံးဝင်ပါတယ်။
* အနာတွေကို သက်သာစေပါတယ်။
* နှာပ်ကြောရဲ့ လုပ်ငန်းဆောင်တာတွေကို ကောင်းမွန်စေပါတယ်။

Credit : DATA Doctor.

**ဟေမန်နှင်း**

□


ဆုတောင်းပြည့်
# ဆရာကြီး အောင်ဘုန်းမြင့်
**နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓာရီ ဗေဒင် လက္ခဏာသုတေသီ**

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ – ကာလီဒါချိ (မြန်မာပြည်)

- ယတြာဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေစုန်ရေးလမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
ဗေဒင် ☎ ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး 📱 ၀၉-၃၁၀၂၂၈၁၆



www.burmeseclassic.com

www.burmeseclassic.com

# လိုရာဆန္ဒပြည့်ဝစေရန် ဖြိုးဟိတာ ကျေးဇူး ဆုတောင်းပါ



ဒေါက်တာကြည်သန်း
(ဖောင်တော်သိ)

ဆောင်းနှောင်းကာလသို့ ရောက်ရှိလာသဖြင့် ဘုရင်မလေးနှင်းက ပျောက်ပျောက်နေသည်။ မနက်ပိုင်းတွင်သာ ချမ်းစိမ့်စိမ့်ဖြစ်ပြီး နေ့လယ်တွင် ပူပြင်းကာ နွေဦးကာလကို လှမ်းလို့ ကြိုဆိုနေသလိုရှိ၏။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဆုတောင်းပြည့်စေတီတော်ကြီး၏ အရှေ့ဘက်စောင်းတန်းအဟောင်းကို ဖျက်ပြီး ဆိုင်ခန်းတွေပါ အသစ်ပြန်ဆောက်နေသည်။ ဘုရားဝင်း အရှေ့ဘက်မြေမြင့်ရှိ သစ်ပင်ကြီးများကိုခုတ်လှဲကာ ဆိုင်ခန်းအသစ်များကိုလည်း တည်ဆောက်နေသည်။ ဘုရင်းဝင်းသန့်ရှင်းသာယာ လှပရေးအတွက် မြေလှမ်းသစ်များပင်ဖြစ်ပါ၏။

သစ်ပင်များခုတ်လှဲရာတွင် ကျွန်တော့်ဗေဒင်ဟောခန်းရှေ့တူရူရှိ ကရမက်ပင်လည်း မရှောင်သာဘဲ ခုတ်လှဲခံရရှာလေသည်။

တရမက်ပင်ရဲ့ ထိပ်ဖျားတွင် လားနားနေကြ ဥဩငှက်ကလေးလည်း ရောက်မလာသည်မှာ အတော်ပင် ကြာခဲ့ပေပြီ။ ဘယ်ရောက်လို့ ဘယ်ပျောက်နေသည် မသိ။ ပျံလမ်းများ မှားနေသရော့လားကွယ် ဥဩငှက်ငယ်ကလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com

သည်မနက်မှာ ဆောင်းနှောင်း လေနုအေးလေး ဝေ့ကာဝိုက်ကာ တိုက်လာနေသည်။ လေအဝေ့တွင် တမာပင် ထိပ်ဖျားဆီက ဥသြငှက်လေး၏ လွမ်းဆွေးဖွယ်ရာ ဥသြ . . ဥသြ . . ဥသြ . . တေးသံလေးကို ကြားလိုက်ရသည်။ တစ်ဆက်တည်း မိုးကောင်းဆုတောင်းပြည့်စေတီ ရင်ပြင် မြောက်ဘက်ခွင်က ဆည်းလည်းသံ တချွင်ချွင်၊ မောင်းကြီး တီးသံ တဒူဒူ၊ ကြေးစည်ကြီးတီးသံ ဒူဝေဒူဝေကို ကြားလိုက် ရပြန်သည်။

ကျွန်တော့်စိတ်ထဲ ရင်တွင်းနှလုံးသားထဲတွင် လွမ်း သလိုလို ဆွေးသလိုလို ဆို့ဆို့နင့်နင့် ခံစားမိလာသည်။ ကြားစိတ်၊ လွမ်းစိတ်၊ ဆွေးစိတ်၊ ခံစားစိတ်ဝေဒနာတို့၏ ဖြစ်ပျက်ကို သတိကပ်ပြီး ဝိပဿနာဉာဏ်တင်ကာ ဖြစ်ပျက်ကို မုန်းအောင်၊ ဆုံးအောင် ရှုမှတ်ပွားများ အားထုတ်နေစဉ်လေး မှာပင် -

"ဆရာ ဝင်ခွင့်ပြုပါ" ဆိုသည့်အသံနှင့်အတူ မလရိပ် ညိုတစ်ယောက် ဗေဒင်ဟောခန်းအတွင်းသို့ လှမ်းဝင်လာ သည်။

မလရိပ်ညိုသည် ကျွန်တော့်ထံတွင် ဗေဒင်လာမေးနေ ကျ ခင်မင်နေသူ မိန်းမပျိုတစ်ဦး ဖြစ်သည်။ နီညိုရောင် ပါတိတ်ဝမ်းဆက်ကို ဝတ်ထားသည်။ အရပ်က မနိမ့်လွန်း မမြင့်လွန်း၊ ကိုယ်လုံးက တုတ်တုတ်ခိုင်ခိုင်၊ ရွှေရင်အစုံက မို့မောက်ပြီး ကျော့ရှင်းလှပသည်။ ကြက်ဥပုံ မျက်နှာသွယ် လေး၊ သမင် မျက်လုံးလေးနှင့် ပြုံးလိုက်လျှင် ပါးချိုင့်လေးက အထင်းသား ပေါ်နေသည်။ သဘောမနော ကောင်းပြီး သွက်လက်ချက်ချာသည့် ရွှေညာသူညိုချောလေးဖြစ်သည်။ အထက်အညာဘက်မှ ရန်ကုန်သို့ပြောင်းလာပြီး ကုန်စုံဆိုင် လေးဖွင့်ကာ မိဘမောင်နှမတွေကို လုပ်ကျွေးနေသူကလေး ဖြစ်သည်။

"လာ သမီး ထိုင်၊ မတွေ့တာကြာပြီ၊ ဆရာ ဘာ အကူအညီပေးရမလဲ ပြော"

"ဆရာ့ဆီကို လာချင်နေတာ ကြာပါပြီ၊ ဈေးဆိုင်က နေရာပြောင်းနေရတာရှယ်၊ အမေကလည်း ဆီးချို သွေးတိုး ကြောင့် ဆေးခန်းပြပြနေရတယ်၊ ဒီကြားထဲ မောင်လေးက ဒီနှစ် ဆယ်တန်းဖြေရမယ်၊ ညီမလေးက ခုနစ်တန်းဆိုတော့ သူတို့အတွက်တွေလည်း လုံးပန်းနေရတယ်၊ သမီးမှာ အားချိန် တောင် သိပ်မရှိပါဘူး၊ အမြဲလိုလိုပဲ ရင်မောနေရတယ် ဆရာ ရယ်၊ အချစ်ရေးကလည်း တစ်ယောက်တစ်နယ် အနေဝေး နေတော့ ဇလစီမ်းတွေ တိုက်နေပြန်ရောဆရာ၊ အခုလည်း ဈေးက သိပ်ပြီးရောင်းမကောင်းလို့ ဆရာဆီ အကူအညီလာ တောင်းတာ၊ သမီးဇာတာ ပြန်စစ်ပြီး ဈေးလည်း ရောင်း ကောင်းအောင်၊ အချစ်ရေးလည်း ရင်အေးရအောင်၊ အစစ အရာရာ အဆင်ပြေအောင် ယတြာကောင်းကောင်းလေး ပေးပါဦး ဆရာ၊ ဘာကိစ္စဖြစ်ဖြစ် ဆရာ့ကိုပဲ သမီး အားကိုး နေရတာ"

မလရိပ်ညို၏ ဇာတာ၊ လက္ခဏာတို့ကို စစ်ဆေး ဟောပြောပြီးနောက် -

"ကဲကဲ- သမီး ဈေးရောင်းကောင်းအောင်ရယ်၊ အချစ် ရေးလည်း အဆင်ပြေအောင်ရယ်၊ လိုတဲ့ဆန္ဒတွေ ပြည့်ပြီး ဘဝအမောတွေ ပြေရအောင် ဆရာ ဂြိုဟ်စာကျွေးတဲ့ ယတြာ လေး ပြောပြပေးလိုက်မယ်၊ သမီး လိုက်သာ ရေးမှတ်သွား ပေတော့"

"ဟုတ်၊ သမီး သေချာလိုက်မှတ်သွားပါ့မယ် ဆရာ"

"ဂြိုဟ်စာကို သမီးအိမ် ဘုရားစင်ရှေ့မှာ ကျွေးရမယ်၊ မွေးနေ့ နံနက် ၉ နာရီစတင်ရမယ်၊ ဘုရားစင်ရှေ့မှာ စားပွဲ ခုံတစ်လုံး ခင်းထား၊ ခုံပေါ်မှာ စားပွဲခင်းသန့်သန့်လေးပါ ခင်းထား၊ ပန်းကန်လုံးငယ်လေး ကိုးလုံးမှာ ဆွမ်းထည့်ပြီး စားပွဲပေါ်မှာတင်၊ သောက်တော်ရေ ကိုးခွက်ကိုလည်း ဆွမ်း ပန်းကန်လုံးအနီးမှာ ချထားရမယ်။

နောက်ပြီး မွေးနံပန်း တစ်ခက်၊ အပွင့်ဆို တစ်ပွင့်စီကို ဖန်ခွက် ကိုးခွက်ထဲမှာထည့်ပြီး တင်ထားရမယ်၊ ဘုရားပန်း အိုး ထိုးသလိုပဲ ဖန်ခွက်ထဲမှာ ရေပါထည့်ရမယ်၊ နောက်ပြီး ဖန်ခွက်အလွတ် တစ်လုံးမှာ အမွှေးတိုင် ကိုးတိုင်ကို ဂြိုဟ် ကိုးလုံးအတွက် ရည်ရွယ်ပြီး စုပေါင်းထည့်ထားရမယ်၊ ဂြိုဟ်စာ ကျွေးတဲ့အခါ ဆွမ်း၊ သစ်သီး၊ သစ်ရွက်တွေနဲ့ပဲ ကျွေးရတယ်၊ အသား ငါးတွေ မကျွေးရဘူး၊ ကျွေးမယ့်သူရဲ့ မွေးနံ့ကနေ နံတိုင်ထူပြီး နံတိုင်ထိပ်ဖျားမှာရှိတဲ့ နံရဲ့နံတူ အသီး၊ အပွင့်၊ အညွန့်၊ အရွက်တွေနဲ့ ဂြိုဟ်စာဆွမ်းပေါ်မှာ တင်လှူပြီး ကျွေးရတယ်၊ ဆရာ နံတိုင်ပုံ ဆွဲပြပေးလိုက်မယ်"

"သမီးက ဗုဒ္ဓဟူးသမီးနော်"

"ဟုတ်ပါတယ်ဆရာ"

"ဗုဒ္ဓဟူးသမီးဖြစ်လို့ မွေးနံ[illegible]ဖြစ်တဲ့ ရွက်လှ တစ် ညွန့်စီကို ဖန်ခွက် ကိုးခွက်ထဲမှာ ထည့်ရမယ်၊ သမီးရဲ့မွေးနံ ဗုဒ္ဓဟူးတိုင်ရဲ့ ထိပ်မှာ တနင်္ဂနွေဂြိုဟ်ရှိလို့ ဆွမ်းပေါ်မှာ အုန်းသီးဆန် တစ်စိတ် တင်လှူရမယ်"

www.burmeseclassic.com

မွေးနံ့တိုင်ဇယား

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ | - နံတိုင်ထိပ် |
| ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ | |
| ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ | - မွေးနံ |
| ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ | |
| ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | |
| ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ | |

"ဇာတာမှာ ဂြိုဟ်စီးဂြိုဟ်နင်း၊ ဂြိုဟ်ပူးဂြိုဟ်ယှဉ်တွေ၊ ဒသာစားတွေညှံ့နေမယ်၊ လက္ခဏာမှာ အသက်လမ်းကြောင်း၊ ကံလမ်းကြောင်း၊ ဉာဏ်လမ်းကြောင်းတွေမှာ ဥပဒ်အန္တရာယ် လမ်းကြောင်းဖြတ်နေတဲ့ နှစ်တွေလတွေမှာလည်း ဂြိုဟ်စာ ကျွေးပေးရတယ်၊ သမီးရဲ့ လက္ခဏာမှာတော့ အသက်လမ်း ကြောင်း၊ ကံလမ်းကြောင်း၊ ဉာဏ်လမ်းကြောင်းတွေကို ဥပဒ် လမ်းကြောင်းဖြတ်တာတွေ မတွေ့ရသေးဘူး၊ သမီးရဲ့ဇာတာ မှာတော့ ဂြိုဟ်စီး၊ ဂြိုဟ်နင်းတွေ ဒသာစားတွေညှံ့နေတယ်၊ ဇာတာမှာ ကောဇာကြာသပတေးဂြိုဟ်က နောက်ဆုတ်(ဝကြ) သွားနေတယ်၊ ကောဇာစနေဂြိုဟ်ကလည်း ၂၀၁၇ ခု၊ ဧပြီလ ၆ ရက်ကနေ ဩဂုတ်လ ၂၃ ရက်အထိ နောက်ဆုတ်သွားဦး မယ်၊ ဒါကြောင့် အခုဆရာပေးတဲ့ ဂြိုဟ်စာကျွေးတဲ့ ယတြာကို သုံးလ တစ်ကြိမ်လောက် လုပ်ပေးနိုင်ရင် ပိုကောင်းတယ်"

"ဟုတ်၊ သမီး ဆရာပြောသလို လုပ်ပါ့မယ်"

"ဂြိုဟ်တွေအကြောင်း ရှင်းပြနေတာနဲ့ လိုရင်းကို မရောက်သေးဘူး၊ ဂြိုဟ်စာကျွေးပုံ ဆက်ပြောပြမယ်၊ ဂြိုဟ်စာ ကို သမီးရဲ့မွေးနေ့ဖြစ်တဲ့ ဗုဒ္ဓဟူးနေ့မနက် ၉ နာရီကနေ ၁၀ နာရီခွဲ အတွင်းမှာ ကျွေးရတယ်၊ ဂြိုဟ်စာကျွေးဖို့ စားပွဲပေါ်မှာ အပြည့်အစုံပြင် ဆင်ပြီးရင် -

'အရပ်ရပ်မှာ နေထိုင်ကြကုန်သည့် တနင်္ဂနွေဂြိုဟ် မှအစ ကိတ်ဂြိုဟ်အဆုံး ဂြိုဟ်ကြီး ကိုးလုံးတို့သည် သမီးနှင့် တကွ အိမ်သားတို့က ဂြိုဟ်စာဆွမ်း ကျွေးလိုပါ၍ ဤအိမ် ဂေဟာသို့ နံနက် ၉ နာရီအရောက် ကြွရောက်ကြပါ' လို့ စားပွဲရှေ့ကနေ ပြောပြီး ပင့်ဖိတ်မယ်၊ နောက် ဆက်ပြောရမှာ က 'ကျွန်ုပ်နှင့်တကွ မိသားစုက ကျွေးမွေးသည့် ဂြိုဟ်စာဆွမ်း ကို ဝဝလင်လင် ထိန်ထိန်ဝှက်ဝှက်စားသုံးကြပါ' လို့ ပြောရ မယ်၊ နောက်ပြီး လိုတဲ့ဆုတွေကို တောင်းရမယ်။

'ဂြိုဟ်ကြီး ကိုးလုံးသည် ကျွန်ုပ်နှင့်တကွ မိသားစုက ကျွေးမွေးသည့် ဂြိုဟ်စာဆွမ်းကို စားသုံးပြီးသကာလ ကျွန်ုပ် တို့မိသားစုအား ကောင်းကျိုးချမ်းသာပေးသနားပါ၊ ကျွန်ုပ်နှင့် မိသားစုအား မကောင်းကျိုးပြုနေသည့် ဂြိုဟ်များ ရှိပါက လည်း ယခုအချိန်စပြီး ရပ်တန့်ကြပါ၊ ကျွန်ုပ်တို့မိသားစုအား မကောင်းကျိုး မပြုကြပါကုန်လင့်၊ မေတ္တာရပ်ခံအပ်ပါတယ်' လို့ ပြောရမယ်။

ဆုတောင်းတဲ့နေရာမှာ ဝန်ထမ်းတွေ ဆိုရင်တော့ ရာထူးတိုးဖို့၊ ပြောင်းရွှေ့ဖို့ အထက်လူကြီးနဲ့အဆင်ပြေဖို့တွေ ဆုတောင်းနိုင်တာပေါ့၊ သမီးကတော့ ဈေးရောင်းကောင်းဖို့၊ အမေကျန်းမာဖို့၊ အချစ်ရေးအဆင်ပြေစေဖို့စတဲ့ သမီးဆန္ဒ ရှိတာတွေကို ဆုတောင်းပေါ့။

နောက်ပြီး သမီးသတိထားဖို့က ဂြိုဟ်စာကျွေးပြီးရင် ဂြိုဟ်တွေကို ပြန်ကြွခိုင်းဖို့ မမေ့နဲ့ဦး၊ ပြောရမှာက 'ဂြိုဟ်ကြီး ကိုးလုံးတို့သည် ကျွန်ုပ်နှင့်တကွ မိသားစုက ကျွေးမွေးသည့် ဂြိုဟ်စာဆွမ်းကို စားပြီးသကာလ သင်တို့နေထိုင်သည့် အရပ်ဒေသဗိမာန်သို့ ကြွပြန်ကြပါ' ပြောပြီး ပြန်ခိုင်းရမယ်၊ ဂြိုဟ်စာဆွမ်းတွေကို မွန်းတည့် ၁၂ နာရီမထိုးမီ စွန့်ပစ်ရမယ်၊ သမီးကျွေးချင်တဲ့ သတ္တဝါတွေကို ကျွေးနိုင်တယ်။

သမီးမိတ်ဆွေ ခုနစ်နေ့သားသမီးတွေ ဂြိုဟ်စာ ကျွေးချင်တဲ့သူရှိရင်လည်း လက်ဆင့်ကမ်းပြန်ပြောပြရလွယ် အောင် ဆရာ နေ့သားသမီးအလိုက် ဂြိုဟ်စာကျွေးပုံဇယားနဲ့ အကျဉ်းချုပ် ရေးပေးလိုက်မယ်"

"ခုနစ်နေ့သားသမီးဂြိုဟ်စာကျွေးရန်ဇယား"

| နေ့သားသမီး | ၁ နေ့ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
|---|---|---|---|---|---|---|---|
| သစ်သီး | ပန်းသီး | သီဟိုဠ်သီး | နာနတ်သီး | အုန်းသီးဆန် | ချိုချဉ်ကြုံ | ဆီးသီး | ဖရုံယို |
| မွေးနံ့ပန်း | အုန်းညွန့် | ကံ့ကော် | ဆီးညွန့် | ရွက်လှညွန့် | မေမြို့ပန်း | သီဟိုဠ် | ဒန်းညွန့် |
| သောက်ရေ | ၉-ခွက် | ၉ | ၉ | ၉ | ၉ | ၉ | ၉ |
| အမွှေးတိုင် | ၉-တိုင် | ၉ | ၉ | ၉ | ၉ | ၉ | ၉ |
| အချိန်နံနက် | ၉း၀၀မှ ၁၀း၃၀ | ၉း၀၀မှ ၁၀း၃၀ | ၉း၀၀မှ ၁၀း၃၀ | ၉း၀၀မှ ၁၀း၃၀ | ၉း၀၀မှ ၁၀း၃၀ | ၉း၀၀မှ ၁၀း၃၀ | ၉း၀၀မှ ၁၀း၃၀ |



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီး** - ဆွမ်းပေါ်တွင် ပေါင်မုန့် (သို့) ပန်းသီး တင်လှူပါ။ ရေ - ၉၊ မွေးနံ့ပန်း - ၉၊ အမွှေးတိုင် - ၉၊ အချိန် - နံနက် ၉ နာရီမှ ၁၀ နာရီခွဲ။

**တနင်္လာသားသမီး** - ဆွမ်းပေါ်တွင် သီဟိုဠ်သီး၊ သီဟိုဠ်စေ့ (သို့) သစ်သီး တင်လှူပါ။ ရေ - ၉၊ မွေးနံ့ပန်း - ၉၊ အမွှေးတိုင် - ၉၊ အချိန် - နံနက် ၉ နာရီမှ ၁၀ နာရီခွဲ။

**အင်္ဂါသားသမီး** - ဆွမ်းပေါ်တွင် နာနတ်သီး (သို့) ထန်းသီး တင်လှူပါ။ ရေ - ၉၊ မွေးနံ့ပန်း - ၉၊ အမွှေးတိုင် - ၉၊ အချိန် - နံနက် ၉ နာရီမှ ၁၀ နာရီခွဲ။

**ဗုဒ္ဓဟူးသားသမီး** - ဆွမ်းပေါ်တွင် အုန်းသီးဆန်,တစ်စိတ် တင်လှူပါ။ ရေ - ၉၊ မွေးနံ့ပန်း - ၉၊ အမွှေးတိုင် - ၉၊ အချိန် - နံနက် ၉ နာရီမှ ၁၀ နာရီခွဲ။

**ကြာသပတေး** - ဆွမ်းပေါ်တွင် ချိုချဉ် တစ်လုံးစီ (သို့) ကြံ တင်လှူပါ။ ရေ - ၉၊ မွေးနံ့ပန်း - ၉၊ အမွှေးတိုင် - ၉၊ အချိန် - နံနက် ၉ နာရီမှ ၁၀ နာရီခွဲ။

**သောကြာသားသမီး** - ဆွမ်းပေါ်တွင် ဆီးသီး တင်လှူပါ။ ရေ - ၉၊ မွေးနံ့ပန်း - ၉၊ အမွှေးတိုင် - ၉၊ အချိန် - နံနက် ၉ နာရီမှ ၁၀ နာရီခွဲ။

**စနေသားသမီး** - ဆွမ်းပေါ်တွင် ဖရုံယို (သို့)အားလူးသီး တင်လှူပါ။ ရေ - ၉၊ မွေးနံ့ပန်း - ၉၊ အမွှေးတိုင် - ၉၊ အချိန် - နံနက် ၉ နာရီမှ ၁၀ နာရီခွဲ။

"ဆရာ ဖြိုဟ်စာကျွေးပုံ ပြောပြပြီး မှတ်စုဇယားတွေ ပါဆွဲပေးတာ ဆရာ့ကို သမီး အထူးပဲ ကျေးဇူးတ[illegible]" ဟု ပြောကာ မလရိပ်ညိုတစ်ယောက် ပါးချိုင့်လေးပေါ်အောင် ပြုံးရင်း နှုတ်ဆက် ထွက်ခွာသွားပါတော့သည်။

**အောင်ကြည်သန်း(ဖောင်တော်သီ)**

□


# ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

❂ စီးပွားလုပ်ငန်းအသစ် လုပ်ကိုင်ရန် ❂ အချစ်ရေး၊ အိမ်ထောင်ရေး အခြေအနေ သိရန် ❂ ကျန်းမာရေး အခြေအနေ သိရန် ❂ လက်ထပ်ရန် သင့်၊ မသင့် ဇာတာတိုက်စစ်ရန် ❂ လက်ထပ်မင်္ဂလာအခါရွေးရန် ❂ ကလေး ခွဲစိတ်မွေးဖွားရန်အတွက် ရက်မြတ်ချိန်ခါရွေးရန် ❂ ကလေး နာမည်ပေးရန် ❂ အိမ်၊ တိုက်၊ အဆောက်အအုံ ဆောက်ရန်အတွက် မြေသန့် ပန္နက်တင်မင်္ဂလာ ရွေးရန် ❂ သင်ယူလိုသော ပညာရေးလိုင်း အကျိုးပေး၊ မပေး သိရန် ❂ နိုင်ငံခြားထွက် အလုပ် လုပ်ရန် ကောင်း၊ ဆိုးသိရန် . . . အစရှိသော သိလိုသည့် အကြောင်းအရာများကို ဆရာနှင့် ဆွေးနွေးနိုင်ပါသည်။ အောင်မြင်လိုသော ကိစ္စတို့အတွက် ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ အင်းယတြာ၊ ရတနာ့ဒီပံယတြာ စသည့် အစီအရင်များဖြင့် လိုအပ်သလို အကူအညီ ပေးနေပါသည်။

ငွေကြိုသွင်းပြီး ဖုန်းဖြင့် ဗေဒင်မေးနိုင်ပါသည်။ CB Bank A/c No - 0019600100036439

တောင်ဥက္ကလာပကျော်ခွဲ၊ ရန်ကုန်မြို့ နိုင်ငံသားမှတ်ပုံတင်အမှတ် - ၁၀/မဒန(နိုင်) ၀၁၁၄[illegible]

ဗေဒင်ခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၂၅၀ ၄၄၇၂၀၂

ဗေဒင်ခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။




www.burmeseclassic.com

www.burmeseclassic.com



### ယာဉ်စီး၍ ခရီးသွားသူများအတွက်

# အန္တရာယ်ကင်းဂါထာ

**သမီးဇွာညို**

မြန်မာနိုင်ငံတွင် ကားတင်သွင်းမှုတွေက များလာသည်နှင့်အမျှ ယာဉ်တိုက်မှုတွေကလည်း တစ်နေ့ထက်တစ်နေ့ ပို၍များလာသည်ကို သတင်းစာဂျာနယ်တွေ ဖတ်နေရသည်။

ယာဉ်တိုက်မှုများ၊ ယာဉ်တိမ်းမှောက်မှုများ ပိုမိုများလာသည့် ကားလမ်းမကြီးသည် တချို့နေရာများတွင် တစ်ဆစ်ချိုးအကွေ့ကြီးများရှိပြီး ခင်းထားသော ကွန်ကရစ်လမ်းများသည်လည်း တချို့နေရာတွင် လှိုင်းတွန့်များဖြစ်နေသည်ဟု ပညာရှင်များဝေဖန်မှုကို ဖတ်ရသည်။

အဝေးပြေးကားများသည် အထူးသဖြင့် ညဘက်တွင် တစ်ညလုံးမောင်းနှင်ကြရသည် များသည်။ ထို့ကြောင့် လမ်းအထာ၊ ကားအထာကို မည်မျှပင်ကျွမ်းကျင်စေကာမူ နိစ္စဒူဝ အလုပ်ဖြစ်သော ကြောက်တစ်ခါ မှားတစ်ခါ မှားတတ်ကြသလို တစ်ခါမငိုက် တစ်ခါငိုက်မိတတ်ကြခြင်းသည်လည်း သဘာဝကျသော ကိစ္စပင်ဖြစ်သည်။

အထူးသဖြင့် အဝေးပြေးလမ်းမကြီးသည် နိုင်လွန်ကတ္တရာလမ်းမကြီး မဟုတ်ဘဲ ကွန်ကရစ်လမ်းဖြစ်နေသောကြောင့် ကားများမှာ ထိန်းသိမ်းနိုင်စွမ်းအား နည်းသွားသည်ဟုဆိုသည်။ ကတ္တရာလမ်းက ကားဘီးများကို ပွန်းမသွားအောင်၊ ချော်မသွားအောင်ဖြစ်စေပြီး ကွန်ကရစ်ကမူ ကားဘီးများကို ပွတ်တိုက်ပြီး ထိန်းမရအောင်ဖြစ်စေသည်ဟု ဆိုကြသည်။ ဟုတ်၊ မဟုတ်မသိသော်လည်း ကားများ မှောက်နေကြသည်ကတော့ အမှန်ပင်ဖြစ်သည်။

ယာဉ်ကြောင့်ဖြစ်ဖြစ်၊ လမ်းကြောင့်ဖြစ်ဖြစ်၊ ယာဉ်မောင်းကြောင့်ဖြစ်ဖြစ် ယာဉ်တိုက်မှု (သို့) ယာဉ်တိမ်းမှောက်မှုဖြစ်ပြီဆိုလျှင် ပထမဦးစွာ ယာဉ်ပေါ် စီးနင်းလိုက်ပါလာသည့်ခရီးသည်များ အနာတရဖြစ်မည်။ နောက် ယာဉ်ထိခိုက်ပျက်စီးမည်။ နောက်ယာဉ်မောင်းသူ ထိခိုက်ဒဏ်ရာ ရလျှင် မိသားစုဘဝအတွက်တော့ ဒဏ်ရာအနာတရ ဖြစ်တော့မည်။ ယာဉ်တိုက်မှုကြောင့် လိုင်စင် အသိမ်းခံရမည်။ ယာဉ်ပျက်စီးမှု



www.burmeseclassic.com

www.burmeseclassic.com

အတွက် ပေးလျော်ရမည်။ ယာဉ်မောင်းခွင့် ခေတ္တအပိတ်ခံရမည်။ ခေတ္တ အချုပ်ကျခံရမည် (ဒါတောင် လူမသေမှ) လူသေလျှင် ပုဒ်မ-၃၀၄ အရ ထောင်ဒဏ်ကျခံရပေဦးမှာတော့မည်။

လမ်းကြောင့်ဖြစ်ဖြစ်၊ ကားကြောင့်ဖြစ်ဖြစ်၊ ယာဉ်မောင်းပေါ့လျော့မှုကြောင့်ဖြစ်ဖြစ် ကားတစ်စီး (Accdent) မတော်တဆဖြစ်လျှင် ကားပေါ်တွင် စီးနင်းလိုက်ပါလာကြသော ယာဉ်မောင်း၊ စပယ်ယာနှင့်အတူ ခရီးသည်အားလုံးလည်း မတူညီသောအချိုးကျဒဏ်ရာကို မျှဝေခံစားရမည်မှာ အသေအချာပင်ဖြစ်သည်။ ယာဉ်တိုက်မှုများ (မတော်တဆ) သည် အဝေးပြေးလမ်းမကြီးတစ်ခုတည်းပေါ်မှာတွင် ဖြစ်နေသည်မဟုတ်၊ ကားလမ်းရှိသောနေရာတိုင်းနှင့် ထိုကားလမ်းပေါ်တွင် မော်တော်ယာဉ်များ မောင်းနှင်သွားလာနေသည့်ကာလပတ်လုံး ထိုယာဉ်တိုက်မှုများ ဖြစ်ပေါ်နေဦးမည်သာဖြစ်သည်။

ထို့ကြောင့် ယာဉ်မောင်းအလုပ်နှင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေသူများ (ယာဉ်မောင်းများ)၊ ယာဉ်ကိုအားကိုး၍ ခရီးသွားလာနေကြသူများသည် ကားစီးသည့်အခါ အမှုမဲ့၊ အမှတ်မဲ့ မစီးနင်းမိဖို့ အထူးအရေးကြီးလှပေသည်။

ယခုအခါ ရန်ကုန်မြို့တော်တွင် အပြောင်းအလဲတစ်ခုကို ပြတ်သားစွာလုပ်ဆောင်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်လေသည်။ ထိုကိစ္စမှာ (၁၆-၁-၂၀၁၇) မထသကို ဖျက်သိမ်းပြီး (YBS) (Yangon Bus Service) ဖြင့် အစားထိုး၍ လိုင်းကားစီး လုပ်သားပြည်သူများ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန် ရန်ကုန်တိုင်းအစိုးရက စီမံချက်ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မည်သို့ပင် အကောင်းဆုံး စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်စေကာမူ ယာဉ်မောင်းများ၏ စိတ်ဓာတ်၊ စရိုက်များ မပြောင်းလဲသည့် ယာဉ်တိုက်မှုများကား ဆက်၍ဆက်ကာ ဖြစ်နေဦးမည်သာ ဖြစ်သည်။

မကြာသေးခင်က ကျန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ငါးနှစ်အတွင်း မြန်မာနိုင်ငံ၌ ယာဉ်တိုက်မှုဦးရေ တိုးပွားလာကြောင်း အစီရင်ခံစာတွင်ပါရှိသည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ဦးရေ (၁၄၅၇၃)ဦး ရှိသည်ဟုဆို၏။ သေဆုံးသူအရေအတွက်မှာ နှစ်စဉ် (၁၄)ရာခိုင်နှုန်းကျော် တိုးတက်လာသည်ဟုလည်း ပါရှိလေသည်။ ယာဉ်တိုက်မှုကြောင့် သေဆုံးသူဦးရေမှာ ၂၀၀၉ ခုနှစ်မှာ ၂၁၇၃ ဦး၊ ၂၀၁၀ ခုနှစ်တွင် ၂၄ ဦး၊ ၂၀၁၁ ခုနှစ်တွင် ၂၇၉၆ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၃၄၂၂ ဦးရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၃၇၂၀ ဦးရှိခဲ့ကြောင်း ထုတ်ပြန်သည့်စာရင်းတွင် ပါရှိလေသည်။

ယာဉ်တိုက်မှု များပြားလာရခြင်းသည် ယာဉ်များ များပြားလာခြင်းကြောင့်လည်း တစ်ချက်ဖြစ်သည်။ ယာဉ်တိုက်မှုများသည် အဝေးပြေးလမ်းမကြီးများတွင်သာမက မြို့တွင်းလမ်းများတွင်လည်း ရှိလေသည်။ ကားကားချင်းတိုက်သည်။ ကားနှင့် ရထား တိုက်သည်။ ကားကြီးနှင့် ကားသေး၊ အနေ့ယာဉ်ဆိုက်ကား စက်ဘီးများနှင့် တိုက်ကြသည်။ မော်တော်ဆိုင်ကယ်ပေါ်များသော မြို့နယ်များ၊ နေရာများတွင်လည်း ကားနှင့် မော်တော်ဆိုင်ကယ် တိုက်မိကြသည်။

ယာဉ်မောင်းများ အရက်မူးလာလျှင် အဆိုးဆုံး ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ ထိုသို့ အရက်မူး ...င်း၍ ကား တိုက်မှုသည် တစ်ကမ္ဘာလုံးတွင် ဖြစ်နေသော ယာဉ်တိုက်မှု ဖြစ်သည်။ နိုင်ငံခြားတွင် အရက်မူးသော ယာဉ်မောင်းကို အယ်လ်ကိုဟော စစ်ဆေးသည့်ကိရိယာဖြင့် စစ်ဆေးပြီး အရေးယူသည်ဟု သိရသည်။

မည်သို့ပင်ဖြစ်စေ ယာဉ်တိုက်မှုတစ်ခုဖြစ်လျှင် ရှေးဦးစွာ ခံစားရသည်က ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသွားလုပ်သားပြည်သူများပင် ဖြစ်သည်။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးမှ ထုတ်ပြန်ချက်တွင် နှစ်စဉ် ပျမ်းမျှယာဉ်တိုက်မှုမှာ ၁၃ ဒသမ ၃၃ ရာခိုင်နှုန်း၊ ဒဏ်ရာရသူမှာ ၁၂ ဒသမ ၄၃ ရာခိုင်နှုန်း၊ သေဆုံးသူမှာ ၁၄ ဒသမ ၄၉ ရာခိုင်နှုန်း တိုးတက်များပြားနေသည်ဟု ဖော်ပြထားသည်ကို ဖတ်ရှုခဲ့ရပါသည်။

ထိုသို့ ယာဉ်တိုက်မှုများ များပြားလာသည်နှင့် ပတ်သက်၍ သုံးသပ်ထားသည်မှာ ယာဉ်တိုက်မှုများ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ ယာဉ်ကို ကောင်းစွာမောင်းနှင်နိုင်သော်လည်း သတ်မှတ်ထားသော ယာဉ်စည်းကမ်းကို မလိုက်နာဘဲ မထင်သလိုမောင်းသောကြောင့် ဖြစ်သည်ဟုဆိုသည်။ နောက် ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းသူကလည်း ၅၀ ရာခိုင်နှုန်း ရှိသည်ဟု သိရသည်။

ယာဉ်တိုက်မှု အများဆုံးဖြစ်သော ဒေသများမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် လူအများဆုံးသေဆုံး


www.burmeseclassic.com

www.burmeseclassic.com

သည်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့ဖြစ်ကြောင်းသိရသည်။

ကျွန်မ တင်ပြလိုသည်မှာ ခရီးသွားလာသူများ နေ့စဉ်မောင်းနှင်နေသော ယာဉ်မောင်းများ၊ စပယ်ယာများ၊ ခရီးသည်များ ခရီးသွားလာသည့်အခါ ဘေးအန္တရာယ်ကင်းရှင်းစေမည့် အန္တရာယ်ကင်းဂါထာအကြောင်း ဖြစ်ပါသည်။

အထက်ပါအကြောင်းကို အကျယ်တဝင့် ဘာ့ကြောင့်တင်ပြခဲ့ရပါသနည်း။ သို့သော် ကျွန်မဖခင်သည် ကျွန်မတို့အား ယာဉ်မောင်းဘဝဖြင့် လုပ်ကိုင်ရှာဖွေကျွေးမွေးခဲ့သော ကျေးဇူးရှင် ဖခင်တစ်ဦးဖြစ်ခဲ့သလို ကျွန်မ၏ အစ်ကိုဖြစ်သူမှာလည်း ယာဉ်မောင်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းမှု (ရန်ကုန်မြို့တွင်း)လုပ်ကိုင်နေပြီး မောင်အငယ်ဆုံးမှာ ထားဝယ်မြို့နယ် တနင်္သာရီမြို့ ဆီအုန်းကုမ္ပဏီတစ်ခုတွင် စက်ပြင်အလုပ်ဖြင့် တာဝန်ယူလုပ်ကိုင်နေပြီး တစ်ခါတစ်ရံ ကုမ္ပဏီ၏လိုအပ်ချက်အရ ယာဉ်မောင်းခြင်း အလုပ်ကိုပါ တာဝန်ယူထမ်းဆောင်နေရသူ ဖြစ်ပါသည်။

ထို့အပြင် စာရေးသူ၏ ခင်ပွန်းဖြစ်သူမှာလည်း မလွန်စက်မှုဝန်ကြီးဌာနတစ်ခုဖြစ်သော စက်ရုံတွင် မော်တော်ယာဉ်ဌာနကို တာဝန်ယူနေရသော မော်တော်ယာဉ်တာဝန်ခံတစ်ဦးဖြစ်နေသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူသည် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ယာဉ်ပေါ်လိုက်ပါစီးနင်းကြသော ခရီးသည်များအားလုံးအတွက် ခရီးသွားလျှင် ရွတ်ဖတ်ပူဇော်သင့် ပူဇော်ထိုက်သော ဂါထာတစ်ပုဒ်ကို စာဖတ်သူတို့အား ဓမ္မဒါနပြုလိုသောဆန္ဒကြောင့်ပင် ဖြစ်ပါသည်။

စာရေးသူ၏ဖခင်ဖြစ်သူမှာ ယာဉ်မောင်းဘဝဖြင့် နှစ်ပေါင်း ၃၀ နီးပါး ဖြတ်သန်းလာခဲ့သော်လည်း ယာဉ်တိုက်မှုတစ်ခါမှ ဖြစ်ခဲ့သည်ဟု မတွေ့မကြားခဲ့ရပါ။

ထို့ကြောင့် ဖခင်ဖြစ်သူအား -

"အဖေ၊ အဖေသမီးတို့ မိသားစုကို ယာဉ်မောင်းဘဝနဲ့ လုပ်ကိုင်ကျွေးမွေးပြီး သမီးတို့တစ်တွေ ဒီဘဝရောက်တဲ့အထိ တာဝန်ကျေခဲ့တယ်နော်၊ ပြီးတော့လေ အဖေ ကားမောင်းစဉ်ကာလမှာ ကားတိုက်တယ်လို့ တစ်ခါမှ မကြားခဲ့ရဘူး၊ အဖေ့ကားကို စီးနင်းလိုက်ပါခဲ့တဲ့သူတွေလည်း အဖေ့ကားကြောင့် ထိခိုက်ဒဏ်ရာရတယ်လို့ သမီးတစ်ခါမှ မကြားခဲ့ဖူးဘူး၊ အဲဒါ အဖေ ကျွမ်းကျင်မှုကြောင့်လားဟင်" ဟု မေးတော့ အဖေက -

"အေး၊ အဲဒါလည်း တချို့တစ်ဝက်မှန်တယ်၊ အဖေတို့ကားမောင်းစဉ်က မြန်မာပြည်မှာ ကားအစီးရေကလည်းနည်းတယ်၊ လမ်းတွေကလည်း မကောင်းသေးဘူး၊ အထူးသဖြင့် ယာဉ်မောင်းတွေက ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေကို တိတိကျကျလိုက်နာတယ်၊ အဖေ့ အတွေ့အကြုံ အရတော့ အဖေ ယာဉ်တိုက်မှုမဖြစ်ခဲ့တာ စာပေရဲ့ကျေးဇူးပဲ၊ ၁၉၈၅ ခုနှစ် မဂ္ဂဇင်းတော့ သိပ်မမှတ်မိတော့ဘူး၊ အဲ-ကလျာမဂ္ဂဇင်းလားမသိဘူး၊ အဲဒီမဂ္ဂဇင်းမှာ ဆရာကြီး ဦးရန်အောင် (ကွယ်လွန်) က ဆရာကြီးဦးဆန်းထွန်း (မန်းတက္ကသိုလ်)ကို ပေးတဲ့ ဂါထာလေးအကြောင်း ဖတ်ခဲ့ရတယ်၊ အဲဒီမှာ ရေးတဲ့ဂါထာက ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)ကိုယ်တိုင်ကိုယ်တွေ့ကို ရေးထားတာတဲ့ -

တစ်ခါက ဆရာကြီး ဦးရန်အောင်က ဆရာကြီးဆန်းထွန်း (မန်းတက္ကသိုလ်)တို့ကို 'ဆန်းထွန်း၊ ခင်ဗျားက ခရီးခဏခဏသွားရတဲ့သူ၊ အဲဒီတော့ ပေဟာဒီဂါထာလေး အလွတ်ရအောင်ကျက်ပြီး သွားလေရာရွတ်ဗျာ၊ ကျွန်တော်ဆိုလည်း ဘုန်းတော်ကြီးတစ်ပါးပေးတာ၊ ကျွန်တော်လည်း ခရီးသွားတိုင်း အမြဲရွတ်ဖတ်ပူဇော်တာ အတော်ကို အကျိုးထူးတာဗျ၊ တစ်ခါမှ ဒုက္ခ မတွေ့ဖူးသေးဘူး' ဟု ပြော၍ ပေးသည့် ဆရာကြီး ဆန်းထွန်း(မန်းတက္ကသိုလ်)ကလည်း ယုံယုံကြည်ကြည်နှင့် ခရီးသွားတဲ့အခါတိုင်း အမြဲရွတ်တယ်တဲ့ သမီး။

တစ်နေ့ ပုဂံ ညောင်ဦးကို ဟောပြောပွဲသွားတဲ့အခါ အဲဒီဂါထာလေးရွတ်ရင်း သွားတာ အန္တရာယ်ကင်းစွာနဲ့ ပုဂံညောင်ဦး ရောက်သွားပြီး ဟောပြောပွဲပြီးလို့ပြန်ရမယ့်နေ့မှာ ဆရာ့ကို လေယာဉ်နဲ့ပြန်ပို့ဖို့ စီစဉ်ထားကြသတဲ့၊ လေယာဉ်ထွက်ခါနီးကျမှ ဆရာကြီးကို ဂျစ်ကားလေးနဲ့ လာကြိုသတဲ့ ဆရာလည်း လာကြိုတဲ့ကားပေါ် တက်လိုက်လာခဲ့တာပေါ့။

အဲ- လေယာဉ်ကွင်းနား ရောက်ခါနီးကျမှ ဆရာ့သရေအိတ် သူတည်းခိုတဲ့အဆောင်မှာ ကျန်ခဲ့တာ သတိရသွားသတဲ့၊ ဒီတော့ လိုက်ပို့သူတွေက ကားကို ပြန်လှည့်ပြီး အဆောင်ကိုပြန် ဆရာ့အိတ်ကိုယူပြီး လေယာဉ်ပျံအမီ မောင်းခဲ့ကြပေမယ့် ဆရာတို့ကား လေယာဉ်ကွင်း မရောက်ခင် လေယာဉ်ပျံက ကောင်းကင်ပျံတက်သွားပြီလေ။

ဒါ့ကြောင့် ဆရာတို့ကား[illegible]အဆောင်ကို ပြန်လာပြီး နောက်တစ်နေ့မနက်ရောက်မှ ကားနဲ့ ပြန်ခဲ့ရသတဲ့၊ အဲဒီမှာ ထူးခြားမှုတစ်ခု ဖြစ်သွားတာက ဆရာလိုက်မယ့် လေယာဉ်ဟာ ကောင်းကင်ကိုပျံတက်ပြီး မကြာခင်မှာ ပုဂံ





www.burmeseclassic.com

www.burmeseclassic.com

ညောင်ဦးက ကောင်တန်းကို ဝင်တိုက်မိပြီး လေယာဉ်ဖျက်ကျခဲ့လို့ လေယာဉ်ပေါ်ပါတဲ့သူတွေအားလုံး သေဆုံးသွားကြသတဲ့။

ပထမတော့ ဆရာ သတိမထားမိသေးဘူး ငါ ကံကောင်းလို့ဝါလားလို့ပဲ တွေးမိသတဲ့။ နောက် တောင်တွင်းကြီး စာပေဟောပြောပွဲသွားတဲ့အခါ ဆရာကတော့ ထုံးစံအတိုင်း အဲဒီဂါထာလေးရွတ်ပြီး လိုက်လာတယ်။ ကားပေါ်က ခရီးသည်တွေက တချို့ကငေး တချို့က တွေးနဲ့ပေါ့၊ တစ်နေရာရောက်တော့ (ဆရာကတော့ ဖြစ်တဲ့နေရာကို အတိအကျ ရေးထားတယ်၊ အဖေ မမှတ်မိဘူး)ကားက တိုက်ရှေ့ ပြုတ်ထွက်သွားပြီး လမ်းဘေးယာခင်းထဲ ဆွဲချသွားတယ်။

အဲဒီမှာ လန့်ပြီး အော်တဲ့သူတွေကအော်၊ ငိုတဲ့သူတွေကငိုနဲ့ ဆရာကတော့ သူတို့ဘာဖြစ်ကြတာပါလိမ့်ဆိုပြီး သူတို့ကို ကြည့်နေသတဲ့၊ နောက်မှ ကားတိုက်ရှေ့ပြုတ်သွားတာဆိုတာ သိရသတဲ့။

အဲဒီစာလေး ဖတ်ပြီးကတည်းက အဖေလည်း အဲဒီဂါထာလေးကို ခရီးသွားတဲ့အခါတိုင်း ရွတ်သလို ကားစီးစီး သင်္ဘောစီးစီး ဆိုင်ကယ်ပဲစီးစီး အမြဲတမ်းရွတ်တယ်၊ ဒါကြောင့် အဖေခရီးသွားပေမယ့် ဘာအန္တရာယ်မှ ယောင်လို့တောင် မကြုံခဲ့တာပေါ့" ဟု ရှင်းပြပါသည်။

ဒါကြောင့် စာရေးသူအနေဖြင့် ကိုယ်တွေ့အမြင်လေးစားကြည်ညိုရသော ဆရာကြီးဦးရန်အောင်မှ ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)အား ဓမ္မဒါနပေးခဲ့သော ခရီးသွားသည့်အခါ အန္တရာယ်ကင်းဝေးစေသော ဂါထာတော်ကို ယာဉ်များနှင့် အမြဲတမ်း သွားလာနေရသော ခရီးသွားပြည်သူများနှင့် စာဖတ်ပရိသတ်အား အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေဖို့ ထိုဂါထာလေးအား ဓမ္မဒါနအဖြစ် လပြည့်ဝန်းမဂ္ဂဇင်းမှ တစ်ဆင့် လက်ဆင့်ကမ်းမျှဝေလိုက်ပါသည်။ ဂါထာလေးသည် စာဖတ်သူများနှင့် ရင်းနှီးသော ဗုဒ္ဓ၏ အဆုံးအမများပင် ဖြစ်ပါသည်။

(အန္တရာယ်ကင်းဂါထာတော်)

| | |
|---|---|
| ဗုဒ္ဓဂုဏောအနန္တော. . . . . . . . (၁) | (၁)ခေါက် |
| ဓမ္မဂုဏောအနန္တော. . . . . . . . (၂) | (၁)ခေါက် |
| သံဃဂုဏောအနန္တော. . . . . . . (၃) | (၁)ခေါက် |
| မာတာပီတုဂုဏောအနန္တော. . . . (၄) | (၁)ခေါက် |
| အာစရိယဂုဏောအနန္တော. . . . . (၅) | (၁)ခေါက် |
| | (၅)ခေါက် |

အရယံ (၁)
အရယံ (၂)
အရယံ (၃)
အရယံ (၄)
အရယံ (၅)
အရယံ (၆)
အရယံ (၇)
အရယံ (၈)
အရယံ (၉)
အရယံ (၁၀)
အရယံ (၁၁)
အရယံ (၁၂)
အရယံ (၁၃)
အရယံ (၁၄)
အရယံ (၁၅)
အရယံ (၁၆)
အရယံ (၁၇)
အရယံ (၁၈)
အရယံ (၁၉)

(၁၉) ခေါက်တိတိ ရွတ်ဆိုပါ။

သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ (၁)

သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ (၂)

သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ (၃) ခေါက်

အားလုံးပေါင်းလျှင် အနန္တော (၅) + အရယံ (၁၉) + သတ္တဝါများ ကျန်းမာချမ်းသာပါစေ (၃) = ၂၇ ခေါက် (၂၇) ခေါက် (၄) ခါဆိုပြီးလျှင် (၁၀၈)ခေါက် ပုတီးတစ်ပတ်ပြည့်ပြီဟု မှတ်ယူ၍ ယုံကြည်စွာရွတ်ဆိုပူဇော်ပါက အန္တရာယ်များလှသော ကားစီးရခြင်း၊ ယာဉ်အမျိုးမျိုးစီးလျှင် မည်သည့်အန္တရာယ်မှ မကြုံတွေ့ရသည်ကို စာဖတ်သူကိုယ်တိုင် ကြုံရမည်ဖြစ်ပါသည်။

ယာဉ်မောင်းများကို အပြစ်တင်နေမည့်အစား မိမိအန္တရာယ်ကို မိမိကာကွယ်နိုင်ပါစေ။ ရေအိုး မိမိထံရောက်မလာသည်ကို အပြစ်မတင်ပါနှင့်၊ ရေသောက်လျှင် ရေအိုးရှိရာ သွားပါ။ အန္တရာယ်ကင်းလိုလျှင် ယုံကြည်စွာ လိုက်နာကျင့်သုံးပါဟု တိုက်တွန်းပါရစေ။

**သမီးညို**

❑



www.burmeseclassic.com

www.burmeseclassic.com



# [illegible] ကံပေးသမျှ

"သူရဿတီစ မေ မာတာ၊ မာတာစ မေ သူရဿတီ ဒေဝီမာတာ"

အချိန်က မှောင်ရီပျိုးစ။ ညနေ ၆ နာရီကျော်ကျော်။ ကျွန်တော် အလုပ်မှပြန်အလာ ခြံအဝရောက်တော့ ဤအသံကို စတင်ကြားလိုက်ရသည်။ ဌာန်ကရိုဏ်းကျကျဖြင့် ခပ်ကျယ်ကျယ် ရွတ်ဖတ်လိုက်သည့် အမျိုးသားတစ်ဦး၏ အသံ။ လော်ပန်နံ့တွေကလည်း အိန္ဒိယအမွှေးတိုင်နံ့တွေကို အတင်းထိုးဖောက်လျက် ကျွန်တော့် နှာသီးဝအတွင်းသို့ တသင်းသင်း တိုးဝင်နေသည်။

ခါတိုင်းနေ့တွေနှင့်မတူ တစ်မူထူးခြားနေ၍ "ဘာများပါလိမ့်"ဆိုသည့်အတွေးဖြင့် ခပ်ဖြည်းဖြည်း အိမ်တံခါးမဆီသို့ လျှောက်လာခဲ့သည်။ ဆီမီးရောင်တွေ ထိန်ထိန်ညီးလျက် အမွှေးတိုင်ငွေ့တွေ တလှိုင်လှိုင် တလူလူဖြင့် ပူဇော်ထားသော ဘုရားခန်းဆီသို့ လှမ်းအကြည့်-

"အနုကမ္ပံ ဥပါဒယ၊ သုခံမေဒေဟိ၊ ဝီယံမေဒေဟိ၊ မိတ္တံမေဒေဟိ၊ လာဘံမေဒေဟိ၊ ဓနံမေဒေဟိ၊ ဘောဂံမေဒေဟိ၊ ဒေဟိမေ သူရဿတီဒေဝီမာတာ. . ."

အသံပြဲဏာကတော့ ပြောစရာမရှိ။ ယောဂီရောင် အင်္ကျီလက်ရှည်နှင့် အမျိုးသားတစ်ဦး။ ဘိုကေကို ဆံရှည်ထားပြီး ဆီအရွှဲသားဖြင့် နောက်သို့လှန်၍ သေသပ်စွာဖြီးထားသည်။ အသက်က ငါးဆယ်ကျော်ကျော်။

လပြည့်ဝန်းမဂ္ဂဇင်း (ဇွန်၊ ၂၀၁၇)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ သာသနာပွဲ တင်ထားသည့် ခုံရှေ့တွင် လက်အုပ်ချီလျက် မန်းမှုတ်နေသလား မသိ။ ဝါးစပ်က ပွစိပွစိဖြင့် -

"ပြောင်း. . နမောဂုံရှသျှတိ ဝတျဒေဝီ၊ ပြဟ္မာမဂယုဝါသျှ ဝါသတံ၊ တုဋ္ဌတု မမဇိဝှဋ္ဌေ"

တိုးညင်းသော လေသံဖြင့် ဝါထာရွတ်သံကို တစ်ပိုင်းတစ်စကြားလိုက်ရသည်။ ပြီးတော့ သူက လက်ကိုင်ပါသော မြေခွက်ကလေး တစ်ခွက်ကို ယူလိုက်သည်။ ထိုခွက်ထဲတွင် မီးသွေးခဲတွေက တရဲရဲဖြစ်နေသည်။ သူက စက္ကူထုပ်ထဲမှ အမှုန့်အချို့ကို ယူလာသည်။

"ပြော်- လော်ပန်မှုန့်တွေပဲ"

သူက ထိုခွက်ကိုကိုင်လျက် အထက်၊ အောက် ဘယ်ညာယိမ်းထိုးလှုပ်ရှားကာ လော်ပန်ငွေ့တလူလူဖြင့် ပူဇော်နေသည်။

"ဘယ်ပုဂ္ဂိုလ်ကို ပူဇော်နေပါလိမ့်၊ သူရဿတီဂါထာရွတ်မှတော့ ဒီမယ်တော်ကို ပူဇော်တာဖြစ်မှာပေါ့လေ"

ခဏအကြာ သူက နောက်ဘက်သို့ ငဲ့ကာကြည့်သည်။

"ဟာ- ကိုမောင်မြ ဖြစ်နေပါလား"

"ကိုဆွေတောင် ပြန်ရောက်နေပြီကိုး၊ ကျွန်တော်တို့ နှစ်ယောက် လမ်းမှာတွေ့ရင် မှတ်မိချင်မှ မှတ်မိမှာနော်၊ ကွဲကွာခဲ့ကြတာလည်း အတော်ကြာပြီ မဟုတ်လား"

ပြီးတော့ သူက ကျွန်တော့်အနီးရှိ ဇနီးနဲ့ မရီးတို့ဆီသို့လှမ်းကြည့်ရင်း -

"ကိုဆွေ့မရီးက ခေါ်လာလို့ နေ့လယ်ကတည်းက ကျွန်တော်ရောက်နေတာဗျ၊ ကိုဆွေ့ဇနီးကို တွက်စစ်ကြည့်တော့ မယ်ဒေဝီသူရဿတီက သူ့ရဲ့နှလုံးတိုက်မှာ ပျော်ပိုက်နေတာ တွေ့ရတယ်ဗျ၊ အဲ-ပဋ္ဌာန်းဆက်ပေါ့ဗျာ၊ နှိုးပြီး သူ့ရဲ့ ဇာတာစန်းလဂ်ကို တွက်ကြည့်တော့ ငွေဝင်မယ့်ကိန်းနဲ့လည်း ကြုံနေတယ်ဗျ၊ ကံအထမှာ ဉာဏ်နဲ့ဝီရိယလည်း လိုတယ် မဟုတ်လား"

"လိုတာပေါ့ဗျာ၊ ဉာဏ်အား ဝီရိယအား ဆိုတာတွေ ထည့်ပေးရမှာပေါ့"

"အဲဒါကြောင့် သူ့တို့ ထီတစ်စောင်လောက် ထိုးပြီး သူရဿတီဂါထာနဲ့ ပုတီးစိပ်အဓိဋ္ဌာန်ဝင်ဖို့ တိုက်တွန်းရင်း မယ်တော်ကို အသံဒါနနဲ့ ပူဇော်နေတာပါ ကိုဆွေရာ၊ နို့ပြီး ကိုဆွေနဲ့လည်း တွေ့ချင်လို့စောင့်နေတာပါ"

"ပြော်- ဟုတ်လား၊ အစ်မကတော့ အပြောသားဗျ၊ ဆရာမြ ဆရာမြနဲ့ ဗေဒင်ဟောတာမှန်တယ်ဆိုပဲ ဟဲဟဲဟဲ၊ ခင်ဗျားလို့တော့ ဘယ်ထင်မလဲဗျာ၊ နှုတ်ခမ်းမွေးကားကား တိုက်ပုံကြီးတဖားဖားနဲ့ (၆၀)ကျော် (၇၀) နီးပါးဆရာကြီးပဲ ဖြစ်လိမ့်မယ်လို့ ထင်နေတာဗျ"

"ဟာ- ဒီလောက်လည်း မဟုတ်ပါဘူး ကိုဆွေရာ၊ ကျွန်တော် လေ့လာဆည်းပူးခဲ့တဲ့ ပညာနဲ့စရဏကိုတွဲဖက်ပြီး သိသမျှ မြင်သမျှလေးတွေနဲ့ သတ္တဝါတွေရဲ့ ကောင်းကံ ဆိုးကံတွေကို တတ်စွမ်းသမျှ ဖေးမကူညီပေးတဲ့ သဘောလောက်ပါဗျာ"

"ဒါနဲ့ ကိုမောင်မြ၊ အဲ. . ဆရာမြ"

"ဟာ- ခေါ်နေကျ ကိုမောင်မြပဲ ခေါ်ပါဗျာ၊ အချင်းချင်းတွေပဲ"

"ဘယ်ဟုတ်မလဲဗျာ၊ ဒူးနေရာဒူး တော်နေရာတော်၊ ခေါ်ချင်သလို ခေါ်လို့ဘယ်ဖြစ်ပါ့မလဲ၊ သူ့နေရာနဲ့ သူပေါ့၊ အဲ- စကားမစပ် ဆရာမြက ဘယ်လိုနည်းနဲ့ ဟောတာလဲဗျ၊ ဗဟုသုတပေါ့ဗျာ၊ ဝါသနာတူတဲ့ လူရင်းမို့ ကြုံတုန်းမေးရတာပါ"

"ကိုဆွေကတော့ လုပ်ပြီ၊ ပုတီးသမား ပီသပါပေ့ဗျာ၊ စပ်စုတာ အဲ- စူးစမ်းတာကတော့ ဟိုတုန်းက အတိုင်းပဲနော် ဟဲဟဲ၊ ဒါနဲ့ ကိုဆွေ ပုတီးစိပ်ပါများလာရင် အထင်အမြင် အာရုံတွေက တစ်ခါတစ်ရံကြုံပြီး သိနေသလိုဖြစ်ဖူးတယ် မို့လား"

"အေးဗျ၊ သိလကောင်းနေတဲ့ အချိန်၊ အင်း သိလကောင်း၊ မကောင်းဆိုတာ ကိုယ်ကိုယ်ကိုယ် အသိဆုံးမဟုတ်လား၊ အဲဒီလိုအချိန်မှာ ထင်တာမြင်တာတွေကို ယုံကြည်ချက်အပြည့်နဲ့ပြောချလိုက်ရင် မှန်တာများဖူးတယ်ဗျ ဆရာမြရ"

"မှန်တာပေါ့ဗျာ၊ ခင်ဗျားလည်း သိပြီးသားပဲ၊ အဲဒါ စရဏ အားကောင်းလာလို့ဗျ၊ အင်း. . မရဏလည်း စရဏပေါ့ဗျာ၊ လူရင်းမို့ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်က ဗေဒင်လက္ခဏာသက်သက် တွက်ချက်ပြီး ဟောတာမဟုတ်ဘူးဗျ"

"ဟာ- ဒါဆို ဘာနဲ့ဟောတာလဲ၊ ထင်တော့အထင်သား၊ စိတ်ဝင်စားစရာကောင်းတယ်ဗျို့ ဆက်ပါဦး"

"ဒါနဲ့ ကိုဆွေ-ခေါင်းစွဲဆိုတာ ကြားဖူးတယ်မို့လား"

"ပြော်-ဟိုနတ်ခေါင်းစွဲဆိုတာကို ပြောတာလား"

"ဟုတ်တယ်၊ ဟုတ်တယ် အဲဒါမှော်ပညာတစ်မျိုးပဲဗျ၊ အဲဒီနတ်တွေထဲက အိမ်တွင်း(မင်းမဟာဂီရိမိသားစု)မှော်နဲ့

www.burmeseclassic.com

အိမ်ရဲ့ဘယ်အနားမှာ ဘာရှိတယ်မို့လားဆိုဆိုပြီး သမားဂုဏ်ပြတဲ့အနေနဲ့ ဟောကြတာ များတယ်ဗျ။ အဲဒီပေဒင်လက္ခဏာပညာလေးကတော့ နည်းနည်းရောစွက်ပေးရတာပေါ့ဗျာ"

"ဟာ - တယ်ဟုတ်ပါလား"

"အင်း- ဟုတ်တော့ဟုတ်တယ်၊ အဲဒီလို ဆရာလုပ်မယ်ဆိုရင် မှော်ပညာကို တစ်မျိုးတည်း တတ်ထားရုံနဲ့ မလုံလောက်ဘူးဗျို့၊ ဥပမာ- ခုနပြောတဲ့ အိမ်တွင်းမှော်နဲ့ ဟောနေတုန်း ဖြုန်းခနဲ တခြားအပြိုင်ဆရာတစ်ယောက်က အိမ်တွင်းနတ်ကို ပိတ်ထားရင်ဟောမရတော့ဘဲ အရှက်ကွဲပြီသာမှတ်တော့ဗျို့"

"ဩော်- ဟုတ်လား၊ ဒီလိုလည်း လုပ်လို့ရတာကိုး၊ အင်း အင်း ဆက်ပါဦး"

"ဒါကြောင့်မို့ ဒီတစ်မျိုးကို ပိတ်ထားခံရရင် နောက်တစ်မျိုးနဲ့လှည့်ပြီး ဟောနိုင်အောင် အိမ်တွင်းမှော်တို့ သူရဿတီမှော်တို့၊ အဲ အဲ ဒေဝီခုနစ်ပါးမှော်တောင် ရှိသေးသဗျ၊ နို့ပြီး ရုက္ခမူမှော်တို့၊ သချိုင်းမှော်တို့စတဲ့ မှော်ပညာတွေထဲက အနည်းဆုံး သုံးလေးမျိုးလောက်တော့ တတ်ထားမှ တန်ကာကျတာဗျ၊ စရဏတို့ သီလတို့နဲ့လည်း ဆိုင်တာပေါ့ဗျာ၊ သူများတွေက ကျွန်တော့်ကို အကြားအမြင်ရတဲ့ ပုပ္ပားပြန် 'ဆရာမြ' ဆိုပြီး အထင်ကြီးနေကြတာပေါ့ဗျာ"

တကယ်တော့ . . .

✿

ကျွန်တော်နှင့် ရုပ်ချင်းဆင်ပြီး အတော်ရင်းနှီးခဲ့ဖူးသော "ကိုမောင်မြ"။ ဤအရပ်ဒေသမှ ပျောက်သွားသည်မှာ အနှစ်(၂၀)ကျော်ပြီ။ ပုပ္ပားဘက်မှ အမိဋ္ဌာန်အမျိုးမျိုး လှည့်ဝင်နေသလိုလို၊ ဟို ယခင်နှစ်တွေက သတင်းကြားခဲ့ရသည်။ ဒါပေမယ့် တိတိကျကျ ရေရေရာရာတော့မဟုတ်ပါ။ နှစ်တွေကြာတော့ သူ့ကို မေ့ပစ်မေ့လျော့ခဲ့သည်မှာ အမှန်။

အခုပြန်တွေ့တော့ အတော်ကို ပြောင်းလဲသွားသည်။ အပြောအဆို အမူအရာကအစ အများလေးစားခြင်းကို ခံနေရသည့် "ဆရာမြ" ဖြစ်နေပါပကော။

ဟိုတုန်းကလို "ကိုမှောင် မြ" ခေါ်လို့ ဘယ်သင့်လျော်တော့မလဲ။ သူများတွေ ခေါ်သလို ဆရာမြပဲပေါ့။

လွန်ခဲ့သည့် သုံးနှစ်ခန့်က ကျွန်တော် ပုပ္ပားဘက်ကို ဘုရားဖူးထွက်တော့ မုန့်ဈေးဘမ်းရွက်ထားသည့် အမျိုးသမီးကြီးတစ်ယောက်က နောက်မှ အတင်းပြေးလိုက်ပြီး "ဆရာမြ၊ ဆရာမြ" ဟု ခေါ်သည်။

ကျွန်တော်က "ဆရာမြ" မဟုတ်ကြောင်း ပြောသော်လည်းမရ။

"ဟုတ်ဟုတ် မဟုတ်ဟုတ်၊ တူလွန်းလို့ပါ" ဆိုပြီး သူရောင်းနေသည့် မုန့်ထုပ်တွေကို လက်ဆောင်ဆိုပြီး အတင်းပေးသည်။

ပြန်ပေးလို့လည်း မရ။ ဆရာမြက သူမတို့ မိသားစုအား ကူညီကယ်မထားခဲ့ပုံရသည်။ ကျွန်တော့်ကို ပုပ္ပားဆရာမြနှင့် နှစ်ကြိမ်မျှ လူမှား နှုတ်ဆက်ခံခဲ့ရသည်။ အခုမှ သဘော ပေါက်တော့သည်။

အဲသည်တုန်းက ကျွန်တော်ကလည်း ခရီးသွားရင်း အလျှော်ရသက်သာအောင် အစွန်းအထင်းခံသည့် ယောဂီရောင်အကျီကို ဝတ်၍ထားခဲ့မိသည်ကိုး။ ဆရာမြနှင့် စကားပြောရင်း တရေးရေးပြန်၍ မြင်ယောင်မိသည်။

ပြီးတော့ ဆရာမြက ကျွန်တော့်ဇနီးကို အတိတ်၊ ထိုးရမည့်နေ့နှင့်အချိန်တို့ကို တွက်ချက်၍ ၉-အစ၊ ၂-အဆုံးပါသည့် ထီတစ်စောင်ကို အကျီအဖြူ၊ ထဘီအညိုရောင်ဝတ်ဆင်၍ ထိုးစေသည်။

ထီလက်မှတ်ကို ကန်တော့ချွန်လုပ်၍ သာသနာပွဲမှာ ထိုးညှပ်ထားကာ "ပဋ္ဌိကတ္တယ သမ္ဗုဒ္ဓံ. . ." အစချီသည့် သူရဿတီဂါထာဖြင့် ညစဉ် ၉ နာရီတွင် ပုတီး (၉)ပတ်နှုန်းဖြင့် (၉)ရက်တိုင်တိုင် အဓိဋ္ဌာန်ဝင်စေသည်။ ကျွန်တော့်ကိုလည်း ဇနီးအနားမှာ အားဖြည့်သည့်အနေဖြင့် ပုတီးဝိုင်းရံစိပ်ပေးပါရန် မှာကြားခဲ့ပြီး ပြန်သွားသည်။

✿

ကျွန်တော့်ဇနီးက ဆရာမြ မှာကြားခဲ့သည့်အတိုင်း ထီတစ်စောင်ထိုးသည်။ မွေးနေ့မှစ၍ အဓိဋ္ဌာန်ဝင်ခဲ့သည်။ ဂါထာတစ်ပုဒ် ဆုံးပါမှ ပုတီးတစ်လုံးသာ ချရ၍ (၉)ပတ်အတွက် တော်တော်လေးတော့ အချိန်ပေးရသည်ပေါ့။

(၅)ရက်မြောက်တော့ သူမ ပုတီးစိပ်လျှင် ခေါင်းထဲမူးမူးလာ၍ မကြာခဏ နားနားစိပ်နေရသည်။ သည်ကိစ္စကို ဆရာမြ သိတော့ (၉)ပတ်အစား (၇)ပတ်သို့ လျှော့ချပြီး စိပ်စေခဲ့သည်။ အနှောင့်အယှက် နည်းနည်းရှိလို့ဟု သူက ဆိုသည်။

ကျွန်တော်ကတော့ သူမစိပ်ပြီး အချိန်အနည်းငယ်ကြာမှ "အရဟံ" ဂုဏ်တော်ဖြင့် ပုတီးဝိုင်းစိပ်ပေးလေ့ရှိသည်။

(၈) ရက်မြောက်သောနေ့ ထုံးစံအတိုင်း ကျွန်တော်က သူမအနီးတွင် မျက်စိမိတ်ပြီး ပုတီးစိပ်ခဲ့သည်။ ခဏအကြာ

www.burmeseclassic.com

သနပ်ခါးနံ့လိုလို ဖျော့တော့တော့ သင်းတင်းတင်းအနံ့တစ်မျိုးက ကျွန်တော့်နှာသီးဝမှာ ဝဲပျံ့နေသည်။ အမွှေးတိုင်တွေ အနံ့များလား။ ထိုင်စကတည်းက အမွှေးတိုင်နှင့် ဖယောင်းတိုင်များအားလုံး ငြိမ်းနေမှန်းသိခဲ့သော်လည်း ပို၍ကျိန်းသေစေရန် မျက်စိကို မသိမသာလေး ခပ်မှေးမှေးဖွင့်ပြီး ကြည့်လိုက်မိသည်။ မှန်ပါ၏။ ဘာမျှ မရှိ။

မျက်စိကို ပြန်မှိတ်သည်။ တွေဝေပျံ့လွင့်သွားသော စိတ်ကိုစုစည်းလျက် ပြန်လည်၍ စိပ်ခဲ့သည်။ အတန်ကြာတော့ ဈာန်ဝင်သွားသလားမသိ။ ပီတိတွေဖြစ်လာသည်။ ခန္ဓာကိုယ်က ကြွတက်နေဘိသည့်အလား ပေါ့ပါးလွန်းလှသည်။ ကျွန်တော့် သာယာကြည်နူးမှုတွေဖြင့် မျောပါနေသည်။

ထိုစဉ် "အလို ဘယ်လိုပုဂ္ဂိုလ်က ဘုရားခန်းအတွင်း လျှောက်နေပါလိမ့်" ကြမ်းပြင်တွေက ငြိမ့်ခနဲ ငြိမ့်ခနဲတော့ လုံးဝမဖြစ်။ ခြေသံကိုလည်း မကြားရ။ ထူးခြားတာကတော့ အမှန်။ ဖြည်းဖြည်းချင်း လှည့်ပတ် လျှောက်နေသည်ကို သိတော့သိနေသည်။

ရေးပြရုံဖြင့် လုံလောက်အံ့ မထင်။ ဘယ်လိုဖော်ပြရမှန်းပင် မသိတော့။

"ဟော- ပြန်လာပြန်ပြီ"

သနပ်ခါးနံ့။ ပထမတော့ အနံ့ကခပ်သင်းသင်းလေး။ နောက်တော့မှ သွေးပြီးစ ရှင်မတောင် သနပ်ခါးတုံးကို နှာခေါင်းဝမှာ ကပ်ပြီး ရှူလိုက်ရဘိသည့်အလား။ ထူးထူးခြားခြား ထင်ရှားသိသာစွာ မွှေးပျံ့သွားပြီးကာမှ အနံ့က လုံးဝဆိုလုံးဝမရှိအောင်ပင် တိခနဲပျောက်သွားသည်။

ဤသို့ဤနှယ် အချိန်ကအစ ထပ်တူထပ်မျှ စက္ကန့်ဝက်ခန့်သာခြားလျက် သုံးကြိမ်တိုင်တိုင် သနပ်ခါးအနံ့ကို ရှူရှိုက်ခဲ့ရသည်။ ပြီးတော့ အံ့ဩစရာကောင်းသည်က ဘာဆိုဘာအနံ့မျှ လုံးဝ(လုံးဝ)မရတော့။

ဆရာမြက ဒီလိုဖြစ်တာဟာ မယ်တော်ကြွလာရင် ဖြစ်တတ်သတဲ့။ ပြီးတော့ သူက ဘာဆုပဲပေါက်ပေါက် မယ်တော်ရုပ်တုကို ရွှေချ၍ ပူဇော်သွားရန် တိုက်တွန်းသည်။ ကျွန်တော့်ဇနီး ဂါထာတစ်ပုဒ်ရေးပေးပြီး ညစဉ်ရွတ်ဆိုစေသည်။ "သူရဿတီ အိပ်မက်စေဂါထာ"တဲ့။

"ဝါဏီမြတ်ခေါ် သူရဿတီမြတ်ဒေဝီ. . .။ သတ္တဝါများသူတလွှားကို သနားချစ်ခင်မေတ္တာဝင်အောင်ကျင်းဆောင် အိပ်မက်ပြဘိလော့" အစချီသော ဂါထာလေးဖြစ်ဘည်။

✿

ထိဖွင့်ရန် တစ်ပတ်အလို နံနက်ပိုင်း။

ကျွန်တော့်ဇနီးက ထူးဆန်းသည့်အိပ်မက် မက်ခဲ့ကြောင်း ပြောလာသည်။ အိပ်မက်ထဲတွင် ကျွန်တော်က သေဆုံးသွားခဲ့သည် ဆိုပဲ။ ကျွန်တော့်အလောင်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ပြိုးပြိုးပြောင်ပြောင် အစိမ်းရောင် အဝတ်အစားများဖြင့် အင်မတန်နုနယ်လှပသော လုံမငယ်နှစ်ဦး၏ အလောင်းများကလည်း ယှဉ်လျက်ထိကပ်စွာရှိနေကြသတဲ့။ ကျွန်တော်ခေါင်းများတွင်လည်း စိန်ရောင်မြရောင်တွေရောယှက်ပေါင်းစပ်ကာ တဖျပ်ဖျပ်ဖြစ်နေသော ရွှေမတိုင်မျှများကို ဆောင်းထားကြသတဲ့။ သူမက နည်းနည်းမှမငို၊ မနာလိုလည်း လုံးလုံးမရှိခဲ့တဲ့အကြောင်း ပြောပြတော့ ကျွန်တော်က -

"ဟာ- ကောင်းလိုက်တဲ့ အိပ်မက်" ဟုဆိုလျက် ဘယ်လက်ဖဝါးပေါ်သို့ ညာလက်သီးဖြင့် ခပ်ဆတ်ဆတ်လေး ထုပြီး -

"တို့တော့ တကယ် ပေါက်ပြီကွ"လို့ ယုံကြည်ချက်အပြည့်ဖြင့် အားပါးတရ ပြောချလိုက်မိသည်။

စကားပင် မဆုံးသေး၊ ဆရာမြက အိမ်တံခါးဝသို့ ရောက်လာသည်။ ရွှင်ပြုံးစွာဖြင့် -

"ကျိန်းသေလောက်ပါတယ် ကိုဆွေရာ၊ ထူးခြားလို့ ကျွန်တော်လာခဲ့တာပါ ဟဲဟဲ"ဟု ပြောပြောဆိုဆို ဘုရားခန်းတွင် အလင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်သည်။

ဦးစွာ ဘုရားကိုရှိခိုးပြီး ခပ်တိုးတိုး ငါးပါးသီလခံယူသည်။ ပြီးတော့ မယ်တော်အတွက် လော်ပန်ငွေများဖြင့် ပူဇော်ရင်း သူရဿတီဂါထာကို ပါဠိအနက်တွဲဖက်လျက် အသံနေအသံထားဖြင့် ခပ်ကျယ်ကျယ်လေး ရွတ်ဆိုပူဇော်ပါတော့သည်။

ပဋိကတ္တယ သမ္ဘုဏ္ဍံ၊ သဗ္ဗသိဒ္ဓိ သုခါဝဟံ။

ဇိဝှဂ္ဂေမေ နိသီဒိတွာ မံ ဓာရေတု သူရဿတီ။ ။

ပဋိကတ္တယ သမ္ဘုဏ္ဍံ - ရှင်တော်ဘုရား ဟောကြားသွန်သင် စကားစဉ်ဟူ များဖြင့်လုံးစုံ သုံးပုံပဋိကရှိသမျှတို့ဖြင့် ပြည့်ဝစုံလင်ပေထသော။

သဗ္ဗသိဒ္ဓိ သုခါဝဟံ - နေစလာ များစွာလွန်ကောင်း သိဒ္ဓိပေါင်းတို့ စုဆောင်းပိုင်ပိုင် ရွက်ဆောင်ခြင်းငှာ စွမ်းနိုင်ပေထသော။

သူရဿတီ - ထက်မိုးဝ အာကာဘုံဝယ် ရူပါရုံ အလွန်လှ ချွန်မြတဲ့ ဉာဏ်ပညာ၊ သုတကာတို့၏ နှစ်အင်



www.burmeseclassic.com

www.burmeseclassic.com

သူရဿတီမည်ရ နာမထင်ချီ သိင်္ဂီလျှံပြီး မယ်တော်နတ်သမီး။

**ဇီဝှဝေ့** - ချစ်စေဖို့မှန် ပြောဆိုရန်ဟု အသံခတ်များ ထွက်သွားသန့်ရှင်း အာခံတွင်း၌။

**နိသီဒိတွာ** - ဗိမာန်သဖွယ် စိတ်သန်ချယ်၍ ဘယ်ဝယ်နေ့ည ခဏမလပ် ထက်ကြပ်မသေွ စောင့်ကြပ်နေ၍။

**မံ**- မျက်နှာမြင် ချစ်ခင်ဆပ္ပား၊ အသံကြားက သနားစေရန် စိတ်သန်ကြည်နူးမယ့် သားထူးကို။

**တရေတု**- ချီမေတ္တာသွင်း နှစ်ကိုယ်ချဉ်း၍ ကိုယ်ချင်းစပ်ကာ ဆောင်ကြဉ်းကာ ပြုလိုက်ပါတော့ ဟသ်ာဖြူစင် ယာဉ်ပေါ်တွင်၌ ဆင်းအင်ဖြူဆွတ် ကိုယ်ရောင်ဝတ်နှင့် သူရဿတီ သိင်္ဂီလျှံပြီး မယ်တော်နတ်သမီး"

ဟု ရွတ်ဆိုအပြီး စကားစမြည်ပြောဆိုကြသည်။

သူရဿတီနတ်သမီးသည် ဩကာသ သတ္တလောက နှစ်ဖြာကို ဖန်တီးသူ ဗြဟ္မာကြီး၏ဇနီးဖြစ်ပြီး စာပေနှင့် နှုတ်မှုပညာများကို စောင့်ရှောက်သည်ဟု အဆိုရှိကြောင်း ပိဋကတ်သုံးပုံကိုစောင့်သော နတ်သမီး၊ နှုတ်ကိုစောင့်သော နတ်သမီး စသည်ဖြင့် ယုံကြည် ကိုးကွယ်ကြကြောင်း၊ သရဿတီမှ သူရဿတီဟု မြန်မာမှုပြုပြီး ရေ၌နေထိုင်လေ့ရှိသော နတ်သမီးဟုလည်း အဆိုရှိကြောင်း၊ မယ်တော်ကို ဗြဟ္မီ၊ ဝါဂီသွဲရီ၊ ဝါဂဒဒေဝတာ၊ သာရဒါ၊ ဝါဏီ စသဖြင့်ခေါ်ဆိုကြသေးကြောင်း၊ အိန္ဒိယတွင် မယ်တော်ပူဇော်ပွဲကို "သူရဿတီပူဇာ" ဟုခေါ်ကြောင်း စသည့် မှတ်သားဖွယ်ရာများကို ပြောကြားခဲ့လေသည်။

✿

ထီဖွင့်ရန် (၃) ရက်အလို။

သူမက ထပ်မံ၍ ဒုတိယအကြိမ် အိပ်မက်မက်ပြန်ပါသည်။ ပထမအိပ်မက်အတိုင်း ကျွန်တော်တို့၏ အလောင်းသုံးလောင်းကို မြင်ရပြန်သတဲ့။

ကျွန်တော်က လုံမငယ်နှစ်ဦး၏ ပခုံးကို ဘယ်ညာဖက်လျက် ရှတ်တရက်ပြုံင်တူ ထထိုင်ကြသတဲ့။ ကျွန်တော်က ပက်လက်အနေအထားဖြင့်ပင် ညာဘက်လက်ကို ခပ်ကော့ကော့လေး ထောင်ပြပြီး သူမကို ပြုံးပြုံးကြီး လှမ်းကြည့်နေသတဲ့။ ပြီးတော့ ကျွန်တော်က ဖြုန်းခနဲ မတ်တတ်ထအရပ်၊ ဖျတ်ခနဲ လုံမငယ်နှစ်ဦးက ဇပျာက်ကွယ်သွားသည်ဆိုပဲ။

ဒီလို သူမက ထူးဆန်းသည့် အိပ်မက်အကြောင်းကို ပြောပြတော့ ကျွန်တော်က -

"ဟာ - အောင်ဘာလေထီက ပိုပြီး သေချာပြီပေါ့ကွာ"လို့ ပြောလိုက်မိသည်။

ထီဖွင့်ရက်များကို ရောက်တော့ ထီဆိုင်က "မယ်တော်ကို ရောင်တော်ဖွင့်ရန်" အတိတ်ဖြင့် ထီပေါက်ကြောင်း အကြောင်းကြားသည် ဝမ်းသာမိပါ၏။ သို့သော် ကြိုသိနေသလိုဖြစ်၍ အံ့ဩမှုတော့သိပ်မဖြစ်မိခဲ့။ ပေါက်သည့်ဆုကလည်း အသေးဆုံး၊ ကျပ်ငါးရာဆု၊ အပိုဆောင်းငွေ နှစ်ရာပေါင်းမှ ခုနစ်ရာတည်း။

သို့သော် သည်အခါက ထီတစ်စောင်ကို နှစ်ကျပ်၊ ရွှေဈေးက နှစ်ထောင်ပင်မပြည့်သေး။ အတော်လေးတော့ ငွေတန်ဖိုးက ရှိနေသေးသည်။

ဆုလေးသာရ၍ ဝမ်းနည်းဝမ်းသာဖြင့် ဘဝင်မကျဖြစ်နေသော ဇနီးသည်အား "ကံပေးသမျှ ပေါ့ကွာ"လို့ ဖျောင်းဖျပေးခဲ့ရသည်။

သို့သော် ပုထုဇဉ်ပီပီ ဇနီးသည်ကတော့ "ကံတွေဉာဏ်တွေရှိပါလျက် သူမ၏ ဝီရိယအား လျော့ပါးသွားလို့သာ ဆုကြီးတွေနဲ့ လွဲခဲ့ရတာပဲ"ဟု စိတ်ထဲမှာ စွဲသွားပုံရသည်။

သို့ပါ၍ ဝမ်းသာတစ်ဝက်၊ လောဘတွေဖက်နေသည့် ဇနာင်တမျက်နှာဖြင့် ကျွန်တော့်ကို ကြည့်လျက်-

"အင်း၊ ဒီလိုမှန်းသာသိရင် ဘာပဲဖြစ်ဖြစ် ဇွတ်နှစ်ပြီး ဒီသူရဿတီဂါထာနဲ့ ပုတီး(၉)ပတ်ပြည့်အောင် ကြိတ်မှိတ်ပြီး စိပ်ပါတယ်ရှင်၊ အခုတော့. . ."

နိစ္စံရက္ခန္တုမံသဒါ။

**ဆွေရှိန်း(အင်ပူ)**

□



www.burmeseclassic.com

www.burmeseclassic.com

# VASTU

## ဝါစတုသုတ္တရပညာ



### မင်္ဂလာရှိသော အိမ်၊ခြံ၊မြေနှင့် အိမ်ရှိဂေဟာရွေးချယ်နည်းများ

ဆရာဦးခန့်ကျော်

ယခင်လမှအဆက်

ဝါစတု – ပုဗ္ဗောဠ်ပုစ္ဆာများမှ အဖြေ

အများယုံကြည် လက်ခံထားကြသည့် အယူအဆများ အပေါ်တွင် ဝါစတုပညာရှင်တို့က အဖြေထုတ် ရှင်းလင်းတင်ပြထားခြင်းဖြစ်ပါသည်။ ၎င်းတို့မှာ-

ရေလှောင်ကန်အဖုံး၊ ရေတွင်းဖုံးများ အပေါ် ကျော်လွှား မသွားကောင်း။

ရှေးအခါက ကျေးရွာမှ နေအိမ်များတွင် ဖွင့်ထားသည့် ရေတွင်းများ ရှိတတ်ကြသည်။ ရေခတ်ရ လွယ်ကူစေရန် အတွက် သစ်သားပြားခင်းထားတတ်ကြသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ လူများ၏ လုံခြုံရေးအတွက်ဖြစ်နိုင်သည်။ ရေတွင်းနား မသွားမလာကြရန် ကလေးများကို မွေးကင်းစအရွယ်ကတည်းက ဆိုဆုံးမထားလေ့ရှိတတ်ကြသည်။ ထိုအချက်များမှ လွဲ၍ အခြားပညတ်ချက်မျိုး မရှိနိုင်ပါ။ မမှန်နိုင်ပါ။ သဘော်သားများသည် လှေသဘော်များဖြင့် ပင်လယ်ရေပြင်ပေါ် တစ်နှစ်ပတ်လုံး ပတ်နေကြသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

တောင်ဘက် မျက်နှာပြုထားသည့် တံခါးမမျိုး မထားတောင်း။ တောင်အရပ်ကို ရာမ ခေါ် သေမင်းက စိုးမိုးထားသည်။

ထိုအချက်သာ မှန်ကန်နေပါက လူတိုင်းက မိမိနေအိမ် တံခါးမကို တောင်ဘက်ကို မဖွင့်ထားကြသဖြင့် လူများက သေစရာအကြောင်း မရှိတော့သကဲ့သို့ ဖြစ်နေပေလိမ့်မည်။ ဤအချက်ကလည်း ရှေးကဓလေ့ထုံးစံနှင့် နွယ်ဆက်လာသည့်သဘော ဖြစ်ပါသည်။ ရှေးခေတ်က လူသေများကို မြှုပ်နှံသည့် သင်္ချိုင်းကို တောင်ဘက်အပိုင်းတွင် ထားလေ့ရှိကြသည်။ ထို့ကြောင့် တောင်ဘက်သို့ တံခါးပေါက် ဖွင့်ထားလျှင် နေ့စဉ်နေ့တိုင်း အနိဋ္ဌာရုံကို မြင်နေရမည်ဖြစ်သဖြင့် အမင်္ဂလာအဖြစ် သဘောထားကြပုံရပါသည်။

စင်စစ်အားဖြင့် ထိုအဖြစ်က စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုမျိုး ဖြစ်ပေါ်နိုင်သည်။ ထိုစိတ်မျိုးက အားသန်လာသည့်အခါ ကောင်းသည့်မြင်ကွင်းမျိုးကိုသာ ခံစားလိုပြီး အနိဋ္ဌာရုံမြင်ကွင်းမျိုးကို ခံစားရန် ဝန်လေးမှုမျိုး ဖြစ်ပေါ်လာနိုင်သည်။ မည်သို့ပင်ဖြစ်စေ ထိုအယူအဆက ယုတ္တိမတန်ပါ။ ကျေးရွာများတွင် ဝင်းထရံ နံရံအမြင့်များ မရှိ၍လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မြို့ပြများတွင်မူ ထိုအယူအဆမျိုး မရှိကြချေ။

## ညာဘက်ခြေထောက်ဖြင့် လှမ်းကာ ဝင်၊ ထွက်ရခြင်း

ရှေးက ထိုအယူအဆမျိုးရှိခဲ့သည်။ မိမိနေအိမ်၊ ဘုရားကျောင်း (သို့) အခြားသူတစ်ဦးဦး၏ အိမ်သို့သွားရောက်သည့်အခါ အိမ်အဝင် မိမိ၏ ပထမခြေလှမ်းသည် ညာဘက်ခြေထောက်ဖြစ်ရမည်ဟု ဆိုသည်။ ထိုအိမ်မှ ပြန်ထွက်သည့်အခါတွင်လည်း ညာဘက်ခြေထောက်ဖြင့် စလှမ်း၍ထွက်ရမည်ဟု ဆိုသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် မိမိ၏လိုအင်ဆန္ဒများ ပြည့်ဝမှုရရှိနိုင်သည်ဟု ဆိုပါသည်။

ထိုဓလေ့ထုံးစံက အိန္ဒိယတစ်နိုင်ငံလုံးတွင် ကျင့်သုံးနေကြဆဲဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။ အိမ်ထောင်ကျကာစ အမျိုးသမီးများသည် ခင်ပွန်းသည်၏ နေအိမ်သို့ ပထမဆုံးအကြိမ် ဝင်ရောက်သည့်အခါ ထိုနည်းကို ကျင့်သုံးကြရသည်။ ဓလေ့ထုံးစံအရ သတို့သား၏အိမ်တံခါးပေါက်ဝ အလယ်တည့်တည့်တွင် ဆန်ထည့်ထားသည့်ခွက် ထားသည်။ သတို့သမီးဖြစ်သူက ထိုဆန်ခွက်ကို ညာခြေထောက်ဖြင့် အိမ်အဝင်တွင် ကန်လိုက်ရ၏။ ထိုသို့လုပ်ခြင်းဖြင့် စီးပွားလာဘ်လာဘ ကောင်းသည်ဟု ဆိုကြသည်။ ထိုဓလေ့ထုံးစံများကို မေ့လျော့နေခဲ့ကြပြီဖြစ်၏။

မိတ်ဆွေအနေဖြင့် ထိုဓလေ့ထုံးတမ်းကို လိုက်နာမည်ဆိုလျှင် မိတ်ဆွေက ခြေလှမ်းအတော်များများ လှမ်းသွားရမည်။ 'မ' ဂဏန်းဖြင့်ကျမည့် ခြေလှမ်းများ ၁၃၊ ၁၅၊ ၁၇ လှမ်း စသည်ဖြင့်လှမ်းပြီး ညာခြေထောက်ဖြင့်လှမ်းကာ အိမ်တွင်းဝင်ရမည်။ သို့သော် မိတ်ဆွေအနေနှင့် ထိုသို့ လုပ်ရမည်ကို သတိမပြုမိဘဲရှိနေသည်က များပါလိမ့်မည်။ ထို့အတွက် စိတ်သောကရောက်နေစရာ မလိုပါ။

## ဝါစတုပညာကို ပစ္စည်းသိုလှောင်ရာ မြေတိုက်ခန်းများတွင် အသုံးချခြင်း

ပစ္စည်းသိုလှောင်ခန်း (Cellars)နှင့် မြေတိုက်ခန်း (basement) များက နေရာရှားပါးသည့် မြို့ပြများတွင် တိုးတက် များပြားလာသည်။ ထိုအခန်းများကို ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်က အသုံးတည့်မည့်နေရာများ ပိုရရှိစေရန်ပင် ဖြစ်သည်။ အလှအပအတွက် ရည်ရွယ်ပြုလုပ်ကြသည့် သဘောမျိုး မဆောင်ပေ။

ပစ္စည်းသိုလှောင်ရာ မြေအောက်ခန်းများအတွက် ဝါစတုပညာကို အသုံးချရန်ကိစ္စမှာ ခက်ခဲသည့် အခြေအနေတွင်ရှိသည်။ ဖြစ်နိုင်လျှင် မပြုလုပ်သည်က အကောင်းဆုံးဖြစ်သည်။ မဖြစ်မနေလုပ်ရမည့် အခြေအနေမျိုးတွင် ရောက်နေလျှင်မူ ယင်းကိစ္စကို စဉ်းစားသင့်သည်။

ပစ္စည်းသိုလှောင်ရာ မြေအောက်ခန်းများက အသစ်အဆန်းတော့ မဟုတ်ပါ။ ရှေးခေတ်ကတည်းကပင် တည်ရှိသည်ကို ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။ စင်စစ်အားဖြင့် ထိုအခန်းများကို အဓိက ကောက်ပဲသီးနှံများသိုလှောင်ရန် ရည်ရွယ်ပေသည်။ ထိုသိုလှောင်ခန်း (cellar)နှင့်ပတ်သက်၍ အဘိဓာန်တွင် ဤသို့ အဓိပ္ပာယ်ဖော်ဆောင်ထားသည်။ "ကောက်ပဲသီးနှံနှင့် ဝိုင်အရက်များ သိုလှောင်ရာ မြေအောက်ခန်း"ဟူ၍ ဖြစ်၏။

အမှန်အားဖြင့် မြေအောက် သိုလှောင်ခန်းများကို ပြုလုပ်ခြင်းဖြင့် နေရာပိုမိုရရှိလာခြင်းအတွက်သာ အဓိကထားကြသည်။ ရှေးအခါက အခြားသော ရည်ရွယ်ချက်မျိုးဖြင့် ပြုလုပ်ခဲ့ခြင်း မဟုတ်ပေ။

ဤတွင် မြေတိုက်ခန်းနှင့် ပစ္စည်းသိုလှောင်ရာ မြေအောက်ခန်းတို့ကို ကွဲပြားခြားနားသွားစေရန် ဆွေးနွေးဖို့ဖြစ်သည်။ ထိုနှစ်ခုစလုံးက သဘောချင်းအတူတူလိုဖြစ်နေသည်။ ပစ္စည်းသိုလှောင်ရာ မြေအောက်ခန်းက မြေညီထပ်အောက်သို့ အဆင့်နှိမ့်ပြီး ဖွဲ့ထားသည့်အခန်းမျိုးဖြစ်သည်။ ထိုအခန်းသို့ ဝင်ရောက်နိုင်ရန် မြေညီထပ်မှ ဖောက်လုပ်ထားသည့် အပေါက်တစ်ပေါက်တည်းသာ ရှိနေသည်။ အခြားဝင်ပေါက်များ မရှိချေ။ မြေတိုက်ခန်း(basement) က အဆောက်အအုံ၏ အောက်ဆုံးအထပ်ဖြစ်ပြီး မြေညီထပ်အောက်တွင် တည်ရှိသည်။ အဓိပ္ပာယ်က ရှင်းလင်းနေပါပြီ။ ထို့ကြောင့် ထိုအခန်းသို့ ဝင်နိုင်ရန်မှာ လမ်းမဘက်မှဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ဤအခန်းကို အသေအချာ နားလည်သဘောပေါက်စေရန်အတွက် ထိုအခန်းများနှင့်ပတ်သက်သည့် အဓိပ္ပာယ်ဆိုလိုချက်များကို ထိုအတိုင်း တောက်လျှောက်သုံးစွဲသွားရန်ဖြစ်သည်။

ပစ္စည်းသိုလှောင်သည့် မြေအောက်ခန်းကို လူနေအဆောက်အအုံများတွင် ပစ္စည်းသိုလှောင်ရန်အတွက်ဟူသည့်သဘောဖြင့် တည်ဆောက်လေ့ ရှိကြတော့ချေ။

အကယ်၍ ထိုမြေအောက်ခန်းကို အခြားသောရည်ရွယ်ချက်မျိုးဖြစ်သည့် စာဖတ်ခန်း၊ ရုံးခန်း၊ ဂီတခန်းစသည်ဖြင့် အသုံးချရန်စိတ်ကူးထားပါက လူနေအဆောက်အအုံ၏ အရှေ့-မြောက်အစိတ်အပိုင်းတွင် ထားရှိနိုင်သည်။ ထိုအခန်းသို့ ဝင်နိုင်သည့်အပေါက်မှာ မြေညီထပ်မှပင်ဖြစ်၍ မြေအောက်ခန်း၏ အနောက်-တောင်အပိုင်းတွင် ထားရှိနိုင်သည်။ ထိုသို့ဖြင့် မြေအောက်ခန်းက အနောက်-တောင်ဘက်မှ လှေကားအုံ၏ဝန်ကို ထမ်းထားရပေမည်။

မြေအောက်ထပ်သို့ တောင်ဘက်မှမြောက်ဘက်သို့ လှေကားအတိုင်း ဆင်းသွားနိုင်သည်။ ထိုလှေကားက အနောက်-မြောက်ထောင့် မရောက်မီတွင် ရပ်ထားရမည်။ လေဝင်လေထွက်ပေါက်ကို မြောက်ဘက်နှင့် အရှေ့ဘက်တွင် ထားနိုင်သည်။

တစ်ခုသတိထားရန်အချက်မှာ မြေညီထပ်၏ မြေပြင်က တစ်ညီတည်းဖြစ်နေရန်လိုသည်။ မြေအောက်ခန်း၏ ကြမ်းပြင်က မြေညီထပ်ကိုလိုက်ပြီး တိုးခြင်း၊ မြှင့်ခြင်းမျိုး မပြုလုပ်ရပါ။

ထိုအခန်းတွင် အိမ်သာခန်းတည်ဆောက်ခြင်းကို လုံးဝရှောင်ကြဉ်ရပါမည်။ ထို့ပြင် ထိုအခန်းက အိပ်ခန်းထားရန်လည်း မသင့်လျော်ပေ။ စာဖတ်ခန်း၊ ဂီတခန်း၊ အသံဖမ်းခန်းစသည်များပြုလုပ်လျှင် မည်သည့်အန္တရာယ်မှမရှိချေ။ ထိုအခန်းကို စတိုခန်းအဖြစ် လုံးဝမသုံးပါနှင့်။ အထူးသဖြင့် စက်ရုံများတွင် အဆိုပါမြေအောက်ခန်းများကို ရှောင်ကြဉ်သင့်သည်။ မည်သည့်အကျိုးကျေးဇူးမှ မရရှိနိုင်ပါ။

စက်ရုံများက သာမန်အားဖြင့် နေရာကျယ်ကျယ်ဝန်းဝန်း ရှိကြသည်။ သူတို့က စက်များထားရှိရန် နေရာ၊ ပစ္စည်းအစိတ်အပိုင်းများ သိုလှောင်ရန်နေရာများ လိုအပ်သဖြင့် မြေအောက်ခန်းနှင့် မကိုက်ညီလှပေ။ ထို့ကြောင့်လည်း ၎င်းတို့အနေဖြင့် မြေအောက်ခန်းများ တည်ဆောက်ခြင်းကို ရှောင်တတ်ကြသည်။

နောက်ထပ် အရေးကြီးသည့်အချက်က မြေအောက်ခန်းကို အရှေ့-မြောက်အစိတ်အပိုင်းမြေကွက်၏ လေးပုံတစ်ပုံကိုသာ သုံးစွဲသင့်ပါသည်။ ထိုထက်မပိုစေရပါ။

ကျွန်ုပ်တို့၏ မြေတိုက်ခန်း(basement)အကြောင်းကို ဆက်လက် ဆွေးနွေးကြပါစို့။ သာမန်အားဖြင့် မြေတိုက်ခန်းက အထပ်များများဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံများတွင် ကားရပ်ရာနေရာအဖြစ် သတ်မှတ်ကာ ထားရှိတတ်ကြသည်။ ကျွန်ုပ်သိထားရသလောက် ဝင်ပေါက်ကိစ္စမှလွဲ၍ အခြားမည်သည့်ပြဿနာမှ မရှိသည်ကို တွေ့ရပေသည်။ မြေတိုက်ခန်းများတွင် ဝင်ပေါက်ချို့ယွင်းချက်များ ဖြစ်ပေါ်နေကျပင်ဖြစ်သည်။

လမ်းက မြောက်ဘက်တွင် တည်ရှိနေပါက ဝင်ပေါက်က မြောက်ဘက်ကသာ ဝင်ရောက်နိုင်ပါမည်။ ဝင်ပေါက်ကို မည်သို့ပင်ထားထား ဝင်ပေါက်အဆင်းက အရှေ့ဘက်မှ အနောက်ဘက်သို့ ဆင်းသည့်အနေအထားမျိုး ဖြစ်နေလျှင် ဝါစတုနှင့် ဆန့်ကျင်နေတော့သည်။ လမ်းက အရှေ့ဘက်တွင် ရှိနေလျှင် ထိုပြဿနာမျိုးက ထပ်ဖြစ်လာသည်။ လမ်းမှဆင်းလာသည့် ဝင်ပေါက်အဆင်းက မြောက်ဘက်မှ တောင်ဘက်သို့ ဖြစ်နေပါကလည်း ဝါစတုနှင့် ဆန့်ကျင်နေသည်။

အကယ်၍ လမ်းက တောင်ဘက်(သို့)အနောက်ဘက်တွင် တည်ရှိနေလျှင်နှင့် ဆင်ခြေလျှောက အနောက်-တောင်အစိတ်အပိုင်းတွင် တည်ရှိနေလျှင် ပို၍ကောင်းသည်ဟု ဆိုနိုင်ပါမည်။ ထိုမြေတိုက်ကို ကုန်ထုတ်လုပ်ငန်းမျိုးမဟုတ်သည့် ကားရပ်စခန်းမျိုးသုံးစွဲလျှင်မူ မည်သည့်ပြဿနာမှ မဖြစ်ပေါ်နိုင်ပါ။

အကယ်၍ မြေတိုက်ခန်းကို စက်မှုအလုပ်ရုံအဖြစ် အသုံးပြုမည်ဆိုလျှင် ပြဿနာက တက်လာပြီ။ အဝင်ပေါက်ဆင်ခြေလျှောက အမဓာတ်စွမ်းအင်များ ဝင်ရောက်လာနိုင်သည်။ ဝင်ပေါက်ကို အရှေ့-တောင် (သို့) အနောက်-မြောက်ဘက်သို့ ပြောင်းရွှေ့လိုက်မည်ဆိုလျှင် ပိုဆိုးသွားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အနောက်-တောင်အစိတ်အပိုင်းက အရှေ့-တောင် (သို့) အနောက်- မြောက်တို့ထက် နိမ့်နေခြင်းကြောင့်ပင် ဖြစ်သည်။

မြေတိုက်ခန်းများကို စီးပွားရေးလုပ်ငန်းများတွင် တိုးတက်သုံးစွဲနေကြောင်း သတိပြုမိနေကြသည်။ စီးပွားရေးလုပ်ငန်းများ၊ ဈေးဆိုင်များ၊ ရုံးခန်းများနှင့် အချို့စက်မှုလုပ်ငန်းများလည်း တည်ရှိလုပ်ကိုင်နေကြသည်။

ထိုလုပ်ငန်းများကို အသေအချာ လေ့လာကြည့်ပါက ထိုလုပ်ငန်းများထဲမှာ လုပ်ငန်းအတော်များများ အောင်မြင်မှုမရကြောင်း တွေ့ရှိရပါလိမ့်မည်။

ချို့ယွင်းချက်များကို ဝါစတုစံနှုန်းနှင့် ကိုက်ညီစေရန် မည်သို့မှ ပြင်ဆင်မှု မပြုလုပ်နိုင်ခဲ့သော်လည်း မြေတိုက်တည်ဆောက်စဉ်အချိန်၌ အဆိုပါ ပြစ်ချက်များကို ပြင်ဆင်နိုင်ခဲ့ပါက စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျှင် အဆင်ပြေချောမွေ့မှုများ ရရှိနိုင်မည်ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

## အတယ်၍ အဆောက်အအုံက မြောက်ဘက်လမ်းကို မျက်နှာပြုထားလျှင်

မြေတိုက်ခန်းဆိုင်များက မိမိကြမ်းခင်ထက် ပိုမြင့်သည့် မြောက်ဘက်မှလမ်းကို မျက်နှာပြုထားသောအနေအထားမျိုး ဖြစ်သည်။ ဤနေရာတွင် လမ်း၏ မြင့်နေမှု (သို့) ဆိုင်က မြောက်ဘက်သို့ မျက်နှာပြုထားမှုက ပြဿနာမရှိပါ။ အခု ကိစ္စရပ်တွင် သီးသန့်မြောက်ဘက်သို့ မျက်နှာပြုနေခြင်းမျိုး ဖန်တီးရန် လိုအပ်မည်။

အရှေ့ဘက်နှင့် အရှေ့-မြောက် အစိတ်အပိုင်းက ဝန်ထမ်းရခြင်းမျိုးမရှိသဖြင့် လိုအပ်သည့် အဖိုဓာတ်စွမ်းအင် စက်ကွင်းများကို မြေတိုက်ခန်း ဧရိယာဝန်းကျင်တွင် မိမိဘာသာ ထုတ်လုပ်လျက် ရှိနေတော့သည်။ ထို့ကြောင့် တည်ဆောက်ရေး စီမံကိန်းချသည့်အခါ ဝင်ပေါက်ကို အနောက်ဘက်မှ အရှေ့ဘက်သို့ထားရှိ၍ အဆင်းဆင်ခြေလျှောကို မြောက်ဘက်၏ အဖိုဓာတ်စွမ်းအင်တည်ရှိရာ ပထမတစ်ဝက် နေရာတွင် အဆုံးသတ်သင့်ပါသည်။

မြေတိုက်ခန်းဆိုင်များ၏ တည်ရှိနေပုံက ၎င်းတို့တွင် မြောက်ဘက်နှင့် အရှေ့ဘက်တို့က နောက်ဆုတ်နေသည့် အနေအထားမျိုး ဖြစ်နေရမည်။ အရှေ့-မြောက်တွင် ရှိသည့် ရေလှောင်ကန်က ဝါစတုစွမ်းအင်များကို ပိုမိုမြှင့်တင်ပေးနိုင်သည်။

ဈေးဆိုင်အားလုံးသည် တည်ဆောက်စဉ်ကတည်းက ဝါစတုစံနှုန်းကို မျက်ခြည်ပြတ်မခံဘဲ ဝင်ပေါက်ဖောက်သည့် ကိစ္စ၊ ပစ္စည်းများထားသိုသည့် ကိစ္စများအပြင် နေရာယူထိုင်သည့်ကိစ္စများကိုပါ မကျန်စေဘဲ ဂရုတစိုက် လုပ်ဆောင်သင့်ပေသည်။

မြေတိုက်ခန်းကို တိုးချဲ့ရန်ရှိပါက အနောက်ဘက်နှင့် တောင်ဘက်တို့အထိ ချဲ့နိုင်သည်။ ထိုသို့ တိုးချဲ့ရာတွင် ဝင်ပေါက်လမ်းတစ်လျှောက် တိုင်များစိုက်ထူထားရန် စီမံကိန်းချထားရမည်ဖြစ်ပြီး မြောက်ဘက်နှင့် အရှေ့ဘက်တွင်မူ တိုင်များ မရှိစေရပါ။

မြေညီထပ်ကြမ်းခင်းနှင့် နောက်ဆက်တွဲကြမ်းများက နောက်ဆုတ်နေသည့် မြောက်ဘက်နှင့် အရှေ့ဘက် တစ်စိတ်တစ်ပိုင်းကို ဖုံးအုပ်ထားရမည်။ သို့သော် တစ်ခုလုံးကို မဖုံးအုပ်မိစေရပါ။ ထိုနေရာတွင် လုံလောက်သည့် နေရာ၊ နေရောင်နှင့် လေများ ဝင်ရောက်နိုင်မည်ဖြစ်သည်။

## အရှေ့ဘက် မျက်နှာပြုထားသည့် အဆောက်အအုံ-မြေတိုက်ခန်း

အထက်ပါနည်းလမ်းများ အတိုင်းပင် လုပ်ဆောင်ရပါမည်။ ဝင်ပေါက်က တောင်ဘက်၏ အရှေ့-တောင်ဘက် အစိတ်အပိုင်းတွင် ထားရပါမည်။ ဆင်ခြေလျှောက တောင်ဘက်မှ မြောက်ဘက်ကိုဆင်းသွားသည်။ ထို့နောက် မြေတိုက်ခန်း၏ မြေပြင်သည် အရှေ့ဘက်၏ ပထမတစ်ဝက် (အဖိုဓာတ်စွမ်းအင်)သို့ ရောက်ရှိသွားသည်။ ရေထုအားကောင်းသည့် အရှေ့-မြောက်ဘက်တွင် တည်ရှိ၍၊ မြောက်ဘက်က မြောက်ဘက်လမ်းအထိ နည်းနည်းနောက်ဆုတ်နေသည့် အသွင်မျိုး ရှိနေပါသည်။

## တောင်ဘက်မျက်နှာပြုထားသည့် အဆောက်အအုံ-မြေတိုက်ခန်း

ထိုဧရိယာက မြောက်ဘက်/အရှေ့ဘက်လမ်းကို မျက်နှာပြုထားသည့် မြေအောက်ခန်းနှင့်နှိုင်းစာလျှင် သေးငယ်နေပါမည်။ အတယ့်ကြောင့်ဆိုသော် ဝင်ပေါက်လမ်းက တောင်ဘက်ခြမ်းတွင်တည်ရှိပြီး နေရာယူထားသည့်အတွက် ဖြစ်သည်။ သို့သော် ထိုနေရာတွင် မြောက်ဘက်နှင့် အရှေ့ဘက်တို့ကို နောက်ဆုတ်ထားရမည်ဖြစ်သည်။ အနောက်ဘက်က ပိတ်နေပါမည်။ မြောက်ဘက်နှင့် အရှေ့ဘက်တို့ကို နောက်ဆုတ်ထားမှုက တောင်ဘက်ထက် တစ်ဆခွဲမျှ အနည်းဆုံး ရှိရပါမည်။ သို့မှသာ အားကောင်းသည့် ဝါစတုစွမ်းအင် စက်ကွင်းကို ဖန်တီးနိုင်ပေမည်။

ထိုနေရာတွင် ဆိုင်များ(သို့) ရုံးခန်းများ တည်ဆောက်ရန် စီစဉ်သည့်အခါ အလျားလိုက် တည်ဆောက်ရန်ဖြစ်ပြီး ဆိုင်ခန်းတိုင်းက မြောက်ဘက်နှင့် အရှေ့-မြောက်ဘက်တို့ကို နောက်ဆုတ်ထားရမည်။ ဆင်ခြေလျှောက အရှေ့-မြောက်ဘက်တွင် ရှိနေရန်ဖြစ်သည်။ ဝင်ပေါက် ဖောက်လုပ်မှုကို ဝါစတုစံနှုန်းအတိုင်း လိုက်နာပြုလုပ်ရန် လိုပါသည်။

## အနောက်ဘက် မျက်နှာပြုထားသည့် အဆောက်အအုံ-မြေတိုက်ခန်း

ဝင်ပေါက်က အနောက်-တောင်ဘက်တွင် ထားရမည်။ ဆင်ခြေလျှောက တောင်ဘက်မှ မြောက်ဘက်သို့ နိမ့်ဆင်းနေစေရပါမည်။ မြေတိုက်ခန်းက အနောက်၏ အဖိုဓာတ်စွမ်းအင်ရှိသည့် ပထမတစ်ဝက်ခြမ်းအထိ ရောက်ရှိနေစေရမည်။ တောင်ဘက်က ပိတ်ထားသည်။ မြောက်ဘက်တွင် နောက်ဆုတ်ထားသည်။ ရေလှောင်ကန်က အရှေ့-မြောက်ဘက်တွင် ရှိနေရာ တောင်ဘက်မျက်နှာပြုထားသည့် ပုံစံနှင့် အလားတူပင်ဖြစ်သည်။

ထိုစည်းကမ်းနည်းလမ်းများအတိုင်း တည်ဆောက်ထားသည့် မြေတိုက်ခန်းများသည် စီးပွားရေးလုပ်ငန်း အခြေအနေက လမ်းပေါ်မှ ဈေးဆိုင်များကဲ့သို့ အောင်မြင်မှုများ ရရှိနိုင်သည်။ ထို့ထက် စနစ်ကျသည့် လမ်းညွှန်မှုများကို လိုချင်ပါလျှင် ဝါစတုပညာရှင်၏ အကြံဉာဏ်ကို ရယူသင့်ပါသည်။ ထို့ပြင် တည်ဆောက်ရေးလုပ်ငန်းများအတွက်



www.burmeseclassic.com

www.burmeseclassic.com

တည်ဆောက်ရေးအင်ဂျင်နီယာနှင့်လည်း တိုင်ပင်ဆွေးနွေးသင့်ပါသည်။

## မေးခွန်းများနှင့် အဖြေများ

**အချို့ဝါစတုပညာရှင်များခံစားရသည်က သဘာဝမြေပြင် အနေအထားကို မပြုပြင်သင့်ဟု ဆိုပါသည်။ ထင်မြင်ချက် ပေးပါ။**

ဟုတ်ပါသည်။ ထိုအဆိုအမိန့်မျိုးကို ကြုံဖူးပါသည်။ အမှန်စင်စစ် သူတို့ဆိုလိုချက်က အကယ်၍ မြောက်ဘက်(သို့) တောင်ဘက်က မြေပြင် မြင့်နေပြီး ကျန်အရပ်မျက်နှာများက နိမ့်နေလျှင် မြေပြင်၏ ဆင်ခြေလျှောကိုလိုက်ပြီး နေအိမ်အဆောက်အအုံ (သို့) စက်ရုံကို မြေပြင်ကို မပြုပြင်ဘဲ တည်ဆောက်ရပါမည်။

ထိုအဆောက်အအုံမျိုးကို သူတို့ အမှန်တကယ် မြင်ဖူးပါသလား။ ထိုအဆောက်အအုံမျိုးတွင် မှီတင်းနေထိုင်သူများ မည်မျှကြာကြာနေခဲ့ကြပါသလဲ။ သူတို့ပျော်ရွှင်ကြပါရဲ့လား။ ငြိမ်းအေးကြရဲ့လား။ ကြီးပွားတိုးတက်မှုများ ရရှိကြပါသလား။ သူတို့နေဖြင့် သူတို့အဆို မှန်ကန်ကြောင်း သက်သေပြနိုင်ကြပါသလား။

ဝါစတုပညာရှင်တို့၏ အတွေ့အကြုံများအရ ပြောရလျှင် မြေအနိမ့်အမြင့်ကို မထိခိုက်စေဘဲ တည်ဆောက်ခဲ့သည့် အဆောက်အအုံတစ်ခုက ဝါစတုကို ဆန့်ကျင်နေခြင်း ဖြစ်သည်။ ထိုသို့ဖြစ်ရသည့်အတွက် ပိုင်ရှင်ဖြစ်သူတွင် အန္တရာယ်များ ရင်ဆိုင်ကြရပါသည်။ ဥပမာများ ပြသပါမည်။

အထက်ပါ ဖွင့်ဆိုချက်က အမှန်တရား ကင်းမဲ့နေသည်ဟု ဆိုနိုင်ပါသည်။ သူတို့ပြောသည်က ဆင်ခြေလျှောများ တည်ရှိနေလျှင် မပြုပြင်ဘဲ အလိုက်သင့်ဖြစ်အောင် တည်ဆောက်ရမတဲ့။ ဤအတိုင်းဆိုလျှင် ဟိမဝန္တာဒေသသို့ သွားရောက်သည့်အခါ အနွေးထည်ယူသွားစရာမလိုဘဲ သာမန်အဝတ်အစားများဖြင့်သာ သွားရောက်နိုင်သည့် သဘောမျိုးကို ဆောင်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် သဘာဝအနေအထားအတိုင်းကို လိုလားနေ၍ဖြစ်ပေသည်။

ထပ်မံ ပြောပါရစေ။ မြေပြင်ကိုပြုပြင်သည့် အလုပ်ဟူသည် မဖြစ်မနေလုပ်ရမည့် အလုပ်ဖြစ်သည်။ ထိုအချက်က ဝါစတုစံနှုန်းကိုက် လုပ်ရပ်ဖြစ်သည်။

စက်ရုံဖြစ်ဖြစ်(သို့)နေအိမ်အဆောက်အအုံပဲ ဖြစ်ဖြစ် (သို့) ဟိုတယ်တစ်ခုပဲဖြစ်ဖြစ် အောက်ပါ စည်းကမ်းနည်းလမ်းများကို လိုက်နာရန် လိုအပ်မည်ဖြစ်ပါသည်။

သဘာဝတရားတွင် ပင်ကိုအသိဉာဏ်မရှိသည့်အချက်ကို ကျွန်ုပ်တို့သိထားရပါမည်။ သူ၏ဖန်တီးမှုဟူသည်ကလည်း အသိဉာဏ်တစ်စိတ်တစ်ပိုင်းသာ ပါဝင်သည့် ချဉ်းကပ်နည်းမျိုးပင်ဖြစ်သည်။ ထိုသဘာဝတရားကပင် ပန်းပင်များ၊ ပန်းလှလှများကို ဖန်တီးသည့်နည်းတူ ထိုအပင်နှင့်ပန်းပွင့်များကို ဖျက်ဆီးပစ်ရန်အတွက် ပိုးမွှားကိုဖန်တီးခဲ့သည်။ ထိုသဘာဝတရားကပင် တိရစ္ဆာန်များကို ဖန်တီးခဲ့ပြီး၊ ထိုတိရစ္ဆာန်များကို သတ်ဖြတ်ရန်အတွက် ဘက်တီးရီးယားပိုးမွှားများနှင့် ဗိုက်းရပ်ပိုးများကို ဖန်တီးခဲ့သည်။

သဘာဝဘေးဒဏ်များဖြစ်သည့် ဟာရီကိန်းမုန်တိုင်း၊ ရေလွှမ်းမိုးမှု၊ မိုးခေါင်မှုနှင့် မုန်တိုင်းများကို ဖန်တီးထားသည့် လုပ်ရပ်များကိုကြည့်ပြီး သူဖန်တီးထားသည့် အရာများအတွက် လုံခြုံရေးကို အလေးမထားကြောင်း ပေါ်လွင်နေတော့သည်။

ထို့ပြင် သတ္တဝါများသည် သဘာဝတရားကို အတုခိုးပြီး ဆင့်ကဲဖြစ်စဉ်နည်းလမ်းဖြင့် သတ္တဝါများဖြစ်လာအောင် ဖန်တီးကြသည်။

ထိုအချက်များကို ကြည့်ခြင်းဖြင့် သဘာဝ အတိုင်းတည်နေသည့် သဘာဝအခြေအနေက အလိုအလျောက် အကောင်းဆုံးအနေအထားတွင် ရှိနေသည်ဟူသည့်အချက်က လက်ခံနိုင်စရာအကြောင်း မရှိပါပေ။

ဥပမာ အိန္ဒိယနိုင်ငံကို ကြည့်ပါ။ မြောက်ဘက်တွင် ကုန်းပြင်မြင့်များတည်ရှိနေပြီး တောင်ဘက်တွင် နိမ့်ဆင်းသွားသည်။ ဤသည်က သဘာဝအနေအထားပင် ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ထိုကဲ့သို့ ပုံစံမကျသည့် အနေအထားကြောင့် မကောင်းသော သက်ရောက်မှုများကို မခံစားကြရဘူးလား။

ထိုအခြေအနေကို ကိုင်တွယ်ရန် တစ်ခုတည်းသော နည်းလမ်းမှာ အဆောက်အအုံများကို မတည်ဆောက်မီ သက်ဆိုင်ရာ မြေကွက်များကို ဝါစတုစံနှုန်းနှင့် ကိုက်ညီမှုရှိနေစေရန် ပြင်ဆင်ပြုပြင်ခြင်းပင်ဖြစ်သည်။

ဤနေရာတွင် အခွင့်အရေးတစ်ခု (သို့) ကောင်းချီးခံစားရသည်ဟုပင်ဆိုဆို မြေကွက်များကို စည်းစနစ်ကျကျ ပြုပြင်ပေးလိုက်သည့်အခါ ပုံပန်းပျက်နေသည့် မြေကွက်တွင် အဖိုးတန်စွမ်းအင်များ လုံလုံလောက်လောက် ရရှိလာပြီး အဆောက်အအုံအတွက် လိုအပ်မှုများ ဖြည့်တင်းပေးလိုက်တော့သည်။ ထို့ကြောင့် အကယ်၍ နိုင်ငံ၏အနေအထား (သို့)မြေပြင်က ကြမ်းတမ်းနေစေကာမူ မြေကွက်ကို ပြုပြင်ရန်က အမှန်ပင်လိုအပ်ပါလိမ့်မည်။

**နေအိမ်ကို ဘုရားကျောင်းနှင့်တွင် မဆောက်အပ် ဆိုသည့်စကားက မှန်ကန်ပါသလား။**

ထိုစကားက ဘုရားကျောင်းနှင့် ယင်းပတ်ဝန်းကျင်အား အကာအကွယ်ပေးလို၍ ထွက်ပေါ်လာသည့် စကားမျိုးဖြစ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ်အားဖြင့် ဘုရားကျောင်းဝန်းကျင်တွင် လူနေအိမ်များ တည်ရှိနေခြင်းဖြင့် ဖုံများ၊ အမှိုက်သရိုက်များ၊ အသံဗလံများက ဖြစ်ပေါ်လာနိုင်ပေရာ ယင်းတို့ကို ရှောင်ကွင်းလိုခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ အမှန်တကယ်လည်း ဘုရားကျောင်းကို ထိခိုက်စေနိုင်ပါသည်။ ထိုဥပဒေသည် လက်တွေ့ဆန်သည်ဟု ဆိုရပါမည်။

**ရေတွင်းတစ်တွင်းကို ပိတ်ပစ်ခြင်းသည် အပြစ်ဖြစ်ပါသလား။**

အကယ်၍ ရေတွင်းက မရှိသင့်သည့်နေရာတွင် တည်ရှိနေပါက ပိတ်ကိုပိတ်ပစ်ရပါမည်။ ထိုသို့ ပြုလုပ်ရန်အတွက် ဘုရားရှိခိုး ဆုတောင်းခြင်း၊ အခြားပူဇော်ပသခြင်းများကိုလည်း ပြုလုပ်ရန် မလိုအပ်ပါ။ ကျေးရွာများတွင် ရေတွင်းများက မရှိမဖြစ် တည်ရှိနေသည့် အနေအထားမျိုးပင်ဖြစ်သည်။

ငွေကြေး ချမ်းသာသည့်သူများကသာ ရေတွင်းတူးသည့် စရိတ်စကကို ကျခံနိုင်ကြသည်။ ထိုရေတွင်းမျိုးကို အနီးအနားနေ ရွာသူ၊ ရွာသားများက ခတ်ယူသုံးစွဲလေ့ရှိသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ရေတွင်းဟူသည်က ကျေးလက်နေ လူမှုအသိုင်းအဝိုင်းတွင် အရေးပါလှသည်ဟု ဆိုရမည်။ ထိုရေတွင်းမျိုးကို ပိတ်ပစ်လျှင်မူ ပြဿနာဖြစ်ပေါ်လာမည်က သေချာသည်။

သို့သော် မြို့ပြအခြေအနေနှင့်မူ မတူညီနိုင်ပါ။ မြို့ပြတွင် ရေတွင်းပိတ်ပစ်လိုက်၍ သက်ရောက်မှုများ မရှိနိုင်ပါ။ ထို့ကြောင့် ရေတွင်းက မဟုတ်သည့်နေရာတွင် တည်ရှိနေလျှင် ရေတွင်းကို ပိတ်ပစ်လိုက်ပါ။ ရေတွင်းကို ပိတ်ပစ်သည့်အခါ ရွှံ့မြေများဖြင့် ဖို့ပစ်နိုင်ပါသည်။ အဆင့်တိုင်းတွင် ရေလောင်းချရပါမည်။ လေမခိုနေစေရန် အဓိကထား ပြုလုပ်ရပါမည်။ ထိုသို့ဖို့ရင်း ရွှံ့မြေများက မြေပြင်နှင့် တစ်ညီတည်းဖြစ်လာသည့်အခါ ကျောက်တုံးများဖြင့် ခင်းနိုင်ပါသည်။ အမှန်စင်စစ် ရေတွင်းကို ပိတ်ပစ်ခြင်းကြောင့် အပြစ်မဖြစ်နိုင်ပါ။

**ရေစင်မြင့်ကို အရှေ့-မြောက်ဘက်တွင်ထားခြင်းက ကောင်းပါသလား။**

မှားပါသည်။ အရှေ့-မြောက်ထောင့်တွင် ရေလှောင်ကန်ထားရန် ထောက်ခံထားသည့်တိုင်အောင် ရေလှောင်ကန်က မြေပြင်၏အောက်ဘက်တွင်သာ ရှိရမည်။ ရေစင်မြင့်တင်ထားခြင်းဖြင့် အဆောက်အအုံ၏ အရှေ့-မြောက်ခြမ်းတွင် ဝန်ပိသကဲ့သို့ ဖြစ်သွားစေပါသည်။ ထိုအဖြစ်မျိုး မဖြစ်စေရန် တားမြစ်ထားပါသည်။ ရေစင်မြင့်ကို အရှေ့-တောင်ထောင့်တွင်သာ ထားရှိရမည်။ အဆောက်အအုံ၏ အနောက်ဘက် (သို့)တောင်ဘက်ခြမ်းတွင်လည်း ထားနိုင်ပါသည်။

**ရေစင်မြင့်ကို အနောက်-မြောက်ဘက်တွင် ထားခြင်းက မကောင်းပါ။**

**အဘယ်ကြောင့်ဆိုသော် အနောက်-မြောက်ဘက် ရေမရှိနိုင်၍ ဖြစ်သည်။**

မှားပါသည်။ အလေးချိန်နှင့် မြင့်မားမှုကို အရှေ့-မြောက် ထောင့်က လက်မခံပါ။ အနောက်-တောင်ဘက်တွင် ပြဿနာဖြစ်ရခြင်းက ရေက ဖန်တီးခြင်းမဟုတ်ပေ။ ဖိအားပင်ဖြစ်၏။ ဖိအားဖြစ်ပေါ်နေသည့် နေရာတွင် ရေထုထည်က ဖိလိုက်သည့်အခါ စွမ်းအင်များကို ပြန်ဖယ်ထုတ်ပစ်သကဲ့သို့ ဖြစ်သွားစေသည်။

အကယ်၍ အနောက်-တောင်ဘက်တွင် ရေထုထည် ပမာဏ မထားလျှင်လည်း တည်ရှိနေပြီးသား ဖိအား၏ သက်ရောက်မှုက ဆိုးနေမြဲဆိုးနေမည်သာ ဖြစ်သည်။ ရေစင်မြင့်ကို ထိုထောင့်တွင် ထားလိုက်ခြင်းက အန္တရာယ်မရှိပေ။ ရေစင်မြင့်ကို အိမ်ခေါင်မိုး၏ အနောက်-တောင်ထောင့်တွင်လည်း တင်ထားနိုင်ပါသည်။

**မကောင်းသော သက်ရောက်မှုများကို ဖယ်ရှားရန်အတွက် T လမ်းဆုံတွင် ဂနက်ရှ(Ganesha) ရုပ်တုကို ထားရှိခြင်း။**

ထိုအချက်က မျက်ကန်းယုံကြည်ခြင်းမျိုးပင် ဖြစ်သည်။ ရုပ်တုတစ်ခုသည် ကျွန်ုပ်တို့အား အကာအကွယ် မပေးနိုင်ပါ။ အထူးသဖြင့် အမဓာတ်စွမ်းအားများကို ဖြစ်စေပါသည်။ ဝါစတုပညာရှင်တို့က ရှင်းပြခဲ့ပြီးသား ဖြစ်ပါသည်။ T လမ်းဆုံဟူသည်က မည်သည့်အန္တရာယ်မှ ဖြစ်မလာစေပါ။ ဒုက္ခပေးတတ်သည့် အနေအထားမျိုးလည်း ကြုံတွေ့ဖူးခြင်း မရှိပါ။ အခြားသော ယုံကြည်ကိုးကွယ်မှုများ ရှိနေသည့် လူများအတွက် ရှင်းလင်းသည့် အဖြေရရန် ခက်ခဲကောင်း ခက်ခဲနေလိမ့်မည်။

ကူတူ(Kutu)အကြောင်း ဖော်ပြထားသည့် အခန်းကို လေ့လာစေချင်ပါသည်။ အကယ်၍ မိတ်ဆွေ၏ မြေကွက်က ကူတူပြဿနာတစ်ခုခုနှင့် ကြုံတွေ့နေရပါက ဝါစတုပညာရှင်တို့၏အကူအညီကို ရယူစေလိုပါသည်။

**ပိတ်ထားသည့် ထောင့်များ မရှိသင့်ပါ။**

တစ်စိတ်တစ်ပိုင်း မှန်ပါသည်။ ပထမဆုံးအနေဖြင့် သေနေသော ထောင့်ပိတ်များအကြောင်းကို သိထားရန် လိုအပ်ပါမည်။

အဆောက်အအုံတစ်ခု၏ ထောင့်ပိတ်နေခြင်းကို သေနေသော ထောင့်ပိတ်ဟုခေါ်သည်။ တစ်နည်းအားဖြင့် အဆောက်အအုံတစ်ခုကို စတင်တည်ဆောက်သည့်အခါ ထောင့်ဘက်မှ စတင်တည်ဆောက်လျှင် သေနေသောထောင့်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ထိုဖြစ်ရပ်မျိုးကို အရှေ့-မြောက်ထောင့်တွင် လုံးဝမဖြစ်စေရပါ။ အနောက်-တောင်ထောင့်တွင်ဆိုပါက- ကိစ္စမရှိပါ။ အရှေ့-တောင်နှင့် အနောက်-မြောက်ဘက်တွင်မူ ဒုတိယအဆင့် အဆောက်အအုံက ပင်မအဆောက်အအုံနှင့် ထိစပ်နေခြင်းမျိုး မရှိရပါ။

အကယ်၍ မိတ်ဆွေတွင် သေနေသောထောင့်များက အရှေ့-တောင် (သို့) အနောက်-မြောက်တို့၌ ရှိနေပါက အဆောက်အအုံ အနောက်ဘက်တွင် တံခါးပေါက်ဖောက်လိုက်ပါ။ ထိုသို့ ပြုလုပ်လိုက်ခြင်းဖြင့် လေများက မြောက်မှ အနောက်ဘက်သို့ (သို့) အရှေ့ဘက်မှ တောင်ဘက်သို့ ထွက်သွားပေမည်။ ထိုတံခါးက သံဆန်ကာတပ်တံခါးမျိုး ဖြစ်နေစေရမည်ဖြစ်ပြီး ကြမ်းပြင်နှင့် အနီးကပ်ဆုံးဖြစ်အောင် တည်ဆောက်ရပါမည်။

**မြောက်ဘက်/အရှေ့ဘက် မျက်နှာပြုထားသည့် မြေကွက်များသည် အကောင်းဆုံးဖြစ်သည်။ တောင်ဘက်/အနောက်ဘက် မျက်နှာပြုထားသည့် မြေကွက်များက မကောင်း။**

ထိုအချက်က အားလုံး လက်ခံထားသည့် ယုံကြည်ချက်ဟုပင် ဆိုနိုင်သည်။ သို့သော် မမှန်ကန်ဟုဆိုရပါမည်။ မြောက်ဘက် (သို့) အရှေ့ဘက်သို့ မျက်နှာပြုထားသည့် မြေကွက်ပိုင်ရှင်သည် အဆောက်အအုံကို တည်ဆောက်သည့်အခါ ရှေ့ပိုင်းတွင် နေရာချန်ဖွင့်ထားရမည်ဖြစ်သဖြင့် မြေကွက်နောက်ပိုင်းတစ်ဝက်ကိုသာ အဓိကထား အားပြု တည်ဆောက်ရမည် ဖြစ်သည်။

ဝါစတု၏ လိုအပ်ချက်များအရ တောင်ဘက်အပိုင်း (သို့)အနောက်ဘက်အပိုင်းတွင် ဝန်ပိုများ ထားကောင်းထားရပေမည်။ ထိုအရပ်မျက်နှာများသို့ မြေကွက်က မျက်နှာပြုထားခြင်းသည် ဝါစတုလိုအပ်ချက်အရ မြေပြင်မြင့်နှင့် တစ်လိုင်းတည်း ကျရောက်သည့်အတွက် ငွေကုန်ကြေးကျ အကုန်ခံစရာမလိုဘဲ အကျိုးရလဒ်များ ရနေနိုင်သည်။

အနောက်ဘက် (သို့) တောင်ဘက်သို့ မြေကွက်က မျက်နှာပြုထားသည့်အခါ အထိအရှမခံနိုင်သည့် မြေကွက်၏ အနောက်ဘက်ပိုင်းတွင် မြောက်ဘက်ခြမ်း၊ အရှေ့-မြောက်နှင့် အရှေ့ဘက်တို့ တည်ရှိနေသည်။

ထိုအခါ ပိုင်ရှင်က အစိုးရိမ်လွန်စိတ် လောပြီး အိမ်ရှေ့တွင် ပန်းခြံထားကာ အိမ်နောက်ပိုင်း တစ်ဝက်ကို အဆောက်အအုံ တည်ဆောက်ပစ်လိုက်တော့သည်။ ထိုအခါ စွမ်းအင်အားဖြည့်ပေးရာ နေရာက အားအင်ကုန်ခန်းသွားတော့သည်။

အနောက်ဘက်မှ တောင်ဘက်အကြားတွင် ဖွင့်ထားသည့်ပန်းခြံ တည်ရှိနေခြင်းသည် အိမ်သူအိမ်သားများအတွက် အန္တရာယ်နှင့် ဒုက္ခအသွယ်သွယ်ကို ဖိတ်ခေါ်ခြင်းပင် ဖြစ်သည်။

တောင်ဘက်နှင့်အနောက်ဘက်ကို မျက်နှာပြုထားသည့် မြေကွက်များကို တည်ဆောက်ရာတွင် မျက်နှာစာသည် လမ်းနှင့် အနီးဆုံးဖြစ်နေစေရန် လိုအပ်ပါသည်။ မိတ်ဆွေအနေနှင့် အိမ်နောက်ဖေးမြေကွက်၊ နောက်ဖေးဘက်ခြံကလေးနှင့် တင်းတိမ်နိုင်ပါသည်။ ထိုအချက်က အရေးကြီးလှသည်။ အိမ်နောက်ဘက် အရှေ့-မြောက်တံခါးက ရှိကို ရှိနေစေရမည်။

အကယ်၍ မိတ်ဆွေ၏ မြေကွက်က အနောက်ဘက်သို့ မျက်နှာပြုနေပါက မြောက်ဘက်၏ အရှေ့-မြောက်အစိတ်အပိုင်းတွင် တံခါးကိုထားရပါမည်။ စာအုပ်တစ်နေရာတွင် ဖော်ပြထားသည့် မြေပြင်အဆင့်ဆင့် မြင့်တက်နေသည့် အနေအထားအကြောင်းကိုလည်း ရှာဖွေဖတ်ရှုစေလိုပါသည်။

**ဝါစတုစည်းတမ်းနည်းလမ်းများအတိုင်း တစ်သွေမတိမ်း လိုက်နာလုပ်ဆောင်ခြင်းဖြင့် အရာအားလုံး အလိုအလျောက် အဆင်ပြေချောမွေ့သွားမည်ဟု မိတ်ဆွေ ဆိုလိုပါသလား။**

ဟင့်အင်း။ မဆိုလိုပါ။ မိတ်ဆွေ စဉ်းစားကြည့်စမ်းပါ။

မိတ်ဆွေ၏ ကားက သွားလာ လှုပ်ရှားနိုင်ရန်အတွက် ဘက်ထရီက အလွန်အရေးကြီးလှပါသည်။ ဘက်ထရီက အားကောင်းနေလျှင် မော်တော်ကားအခြေအနေက ကောင်းနေလိမ့်မည်။ ဘက်ထရီမကောင်းလျှင်မူ အသစ်ဝယ်ထားသည့် ကားသစ်ကြီးက သုံးမရသည့်အဆင့်သို့ ရောက်သွားပါသည်။

စင်စစ်အားဖြင့် ဘက်ထရီက မော်တော်ကား မဟုတ်ပါ။ မိတ်ဆွေတွင် ဘက်ထရီကကောင်းနေသည့်တိုင်အောင် မော်တော်ကားက လှုပ်ရှားနိုင်မည်ဟု မပြောနိုင်ပါ။ မိတ်ဆွေမှာ ဓာတ်ဆီလိုသေးသည်။ မော်တော်ကားအင်ဂျင် ကောင်းရမည်။ တာယာများ လေရှိရမည် စသည် စသည်ဖြင့်။

အကျဉ်းချုံး၍ ပြောရမည်ဆိုလျှင် ဘက်ထရီ မကောင်းခဲ့သည့်ရှိသော် မော်တော်ကားတွင် အခြားသော အရေးကြီးသည့် လိုအပ်ချက်များကလည်း ရှိနေသေးသည်။

ထိုအတိုင်းပင် ဝါစတုပညာအရ မကောင်းသည့် အချက်များကို ပြုပြင်လိုက်နိုင်သည့်တိုင်အောင် အခြားသော အကြောင်းအချက်များက အမည်နာမအမျိုးမျိုးဖြင့် ကင်ပွန်းတပ်ထားသည့် 'ကံကြမ္မာ လှည့်စားခြင်း'၊ 'ကံဆိုးခြင်း'နှင့် 'ဝဋ်နာ၊ကံနာ' စသည့် အချက်များ[illegible] ရှိနေသေးသည်။ ထို့အတွက် မိတ်ဆွေအနေဖြင့် ကြိုးစားအားထုတ်နိုင်လျှင် အားရကျေနပ်ဖွယ်ဆုလာဘ်ကို ရရှိနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

**ကျွန်ုပ်တို့အနေဖြင့် ဝါစတုအကြောင်းကို ၁၉၀၀ ပြည့်နှစ်လောက်အထိ ကြားဖူးခြင်းမရှိပါဘူး။ ကျွန်ုပ်တို့၏ ဘိုးဘေးများသည် ဝါစတုကို ကြားဖူးခြင်း မရှိဘဲ အသက်ရှင် နေထိုင်ခဲ့ကြသည် မဟုတ်ပါလား။ အကယ်၍ သူတို့တောင် နေထိုင်ရှင်သန်ခဲ့သေးလျှင် ကျွန်ုပ်တို့က ဘာကြောင့် မနေနိုင်ရမည်နည်း။**

မှန်ပါသည်။ သံသယရှိစရာမလိုအောင် မှန်ကန်ပါသည်။ ရိုးသားစွာ ဖြေဆိုရမည်ဆိုလျှင် ယနေ့ခေတ် လူနေမှုစနစ်ပုံစံ က နိစ္စဓူဝနေ့စဉ် ရင်ဆိုင်နေရသည့် ပြဿနာများကို မည်သို့ ဖြေရှင်းရပါမလဲဟု စဉ်းစားနေကြရသည်။

ကျွန်ုပ်တို့၏ ဘိုးဘေးများ၏ ရှင်သန်ခဲ့ရသည့်ဘဝက ငြိမ်းချမ်းပြီး ဟန်ချက်ညီနေသည်။ မနာလိုစိတ် ကင်းကြသည်။ အပြိုင်အဆိုင် ကင်းကြသည်။ အထူးသဖြင့် ငြိမ်းချမ်းခြင်းက လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် လူ့အသိုင်းအဝိုင်းကို ထင်ဟပ်နေတတ်သည်။

သိပ္ပံနှင့် နည်းပညာများတိုးတက်မှုက လွန်ခဲ့သည့် ရာစုနှစ်အတွင်းတွင် ကြောက်ခမန်းလိလိ တိုးတက်ခဲ့သည်။ ထို့ကြောင့် ဈေးကွက်ထဲသို့ ပစ္စည်းအသစ်အဆန်းများ မရေမတွက်နိုင်အောင် ရောက်ရှိလာခဲ့သည်။ ယနေ့ခေတ်တွင် ကျွန်ုပ်တို့၏ဘဝ သက်သောင့်သက်သာ ဖြစ်စေရန်နှင့် ထိုပစ္စည်းအသစ်အဆန်းများကို ဝယ်ယူသုံးစွဲခဲ့ကြရသည်။ သို့နှင့် ကျွန်ုပ်တို့မှာ လိုက်၍မဆုံးနိုင်သည့် ဘဝမျိုးဖြင့် အသက်ရှင်သန်နေကြရပြီး ကျွန်ုပ်တို့၏ ကိုယ်တွင်းငြိမ်းချမ်းခြင်းက ပျောက်ဆုံးခဲ့ရတော့သည်။

ကျွန်ုပ်တို့အနေဖြင့် စိတ်ဆန္ဒမည်မျှပင်ရှိနေစေကာမူ အတိတ်သို့ ပြန်သွား၍ မရနိုင်တော့ပါ။ သိပ္ပံနည်းကျပြုလုပ်နိုင်သည့်နည်းက ကျွန်ုပ်တို့ဘဝ ငြိမ်းချမ်းရေးအတွက်၊ မိမိ၏ အတွင်းစိတ်များ ငြိမ်းချမ်းနေရေးအတွက် စူးစမ်းရှာဖွေမှုများကို ပြုလုပ်ရန်သာ ရှိတော့သည်။ ဤသို့ဖြင့် ဝါစတုသိပ္ပံနည်းပညာသည် ယနေ့ လူသားများအတွက် အရေးပါသည့် ပညာရပ်တစ်ခု ဖြစ်လာခဲ့တော့သည်။

**ဗိသုကာပညာရှင်အချို့က ပြောကြသည်။ ဝါစတုပညာဆိုသည်က ရာသီဥတုကို ထိန်းချုပ်ကွပ်ကဲနိုင်ရန် ဒီဇိုင်းဆင် ပြင်ဆင်ပေးသည့်ပညာရပ်သာ ဖြစ်သည်တဲ့။ ထင်မြင်ချက်များ ပေးပါ။**

ထိုထင်မြင်ချက်မျိုးပေးသည့်သူသည် ထိုပညာရပ်ကို စနစ်တကျ လေ့လာထားခြင်း မရှိကြောင်းထင်ရှားပါသည်။ အဆောက်အအုံတစ်ခု တည်ဆောက်ဖို့ ဒီဇိုင်းပုံစံဆွဲသည်နှင့် တစ်ပြိုင်တည်း တစ်နှစ်ပတ်လုံး ရာသီဥတုနှင့် ကိုက်ညီမျှတနေသည့် အနေအထားမျိုးဖြစ်နေစေရန် အဓိကထား လုပ်ဆောင်ရသည်။

ထိုသို့လုပ်ဆောင်မှသာ ထိုနေအိမ်အတွင်း အပူချိန်ကလက်ခံနိုင်သည့်အဆင့်မျိုး ရောက်ရှိပေမည်။ ထိုလုပ်ဆောင်ချက်က နေအိမ်အဆောက်အအုံကို တပ်ဆင်နိုင်ရန် လေအေးပေးစက်၊ လေပူပေးစက်များ မရနိုင်သည့် အခြေအနေတွင် အရေးကြီးသည်ဟု ဆိုနိုင်ပေသည်။

ယနေ့ခေတ် ရာသီဥတု ထိန်းသိမ်းသည့် ပညာရပ်တွင် လေဝင်, လေထွက် ကောင်းစေခြင်း၊ မျှတသည့်အပူချိန်ရရှိရန်ဖန်တီးခြင်း၊ သင့်လျော်သည့် အလင်းပေးစနစ်ကို သုံးခြင်းတို့က ထိရောက်မှုများ ရှိနေသည်။ အမေရိကန်ပြည်ထောင်စုတွင် အိမ်တိုင်းလိုလိုတွင် ထိုသို့ပြုလုပ်ထားတတ်ကြသည်။

သို့သော် ထိုလုပ်ရပ်များက ဝါစတုနှင့် ကိုက်ညီသည်ဟု မဆိုလိုပါ။ ဝါစတုဟူသည်က အခြေခံအားဖြင့် အဆောက်အအုံအတွင်းမှ လေထုများကို သဘာဝအလျောက်ဖြစ်လာသည့် ရှုပ်ထွေးလှသော စွမ်းအားများနှင့် ဟန်ချက်ညီအောင် ဖန်တီးပေးခြင်းပင် ဖြစ်သည်။ ထိုစွမ်းအားများက တိုင်းတာ၍ မရပေ။

အဆောက်အအုံတွင်းတွင် ကျွန်ုပ်တို့ခံစားရသည့် လေထုဆိုသည်က လေအဝင်အထွက်များ(သို့)အပူချိန်များ မဟုတ်ပါ။ ယင်းက ရှုပ်ထွေးသော်လည်း ကြမ်းတမ်းမှုမရှိချေ။

သီအိုရီသဘောတရားအရ မိတ်ဆွေအနေဖြင့် နေအိမ်တစ်လုံး ပိုင်ဆိုင်ထားသည် ဆိုပါစို့။ ထိုအိမ်က လေဝင်လေထွက် ကောင်းပြီး အပူချိန်ကို တစ်သမတ်တည်း ထိန်းထားနိုင်သည်။ နေရထိုင်ရသည်ကလည်း အလွန်သက်သောင့်သက်သာ ဖြစ်စေသည်။ ထို့ပြင် သဘာဝအလင်းရောင်ကိုသာ သုံးထားသဖြင့် အကောင်းဆုံးအကျိုးရလဒ်ကို ဖြစ်နေစေသည်။ သို့သော် ထိုအိမ်က ဝါစတုပညာသဘောအရ သေနေသည်ဟု ဆိုနိုင်သည်။ ယင်း၏ ဆန့်ကျင်ဘက်အဖြေကလည်း ဖြစ်နိုင်သည်။

စင်စစ်အားဖြင့် ဝါစတုပညာကို ဘာသာရပ်တစ်ခု အနေဖြင့် သဘောထားကာ လျစ်လျူရှုပြီး လေဝင်လေထွက် မှန်ကန်ဖို့ ကိစ္စမျိုးကိုသာ လုပ်ဆောင်နေခြင်းက ရယ်စရာအလုပ်မျိုး ဖြစ်နေပါလိမ့်မည်။

**ဝါစတုပညာရပ်က နိုင်ငံတိုင်းတွင် သုံးစွဲနိုင်ပါသလား။**

မည်သူမှ အတားအဆီးမလုပ်သည်ကို မည်သည့်ကမ္ဘာ့ ဥပဒေကမဆို သိပါသည်။ အကယ်၍ မိတ်ဆွေက တစ်စုံတစ်ဦးက အပ်နှင့်ထိုးလျှင် နာကျင်သည်မှာ အမှန်ဖြစ်သည်။ သက်ရောက်မှုများက မိတ်ဆွေနေထိုင်သည့် နေရာအပေါ် မူတည်ပါသလား။ သက်ရောက်မှုများက တစ်စုံတစ်ဦး၏ ဘာသာရေး၊ လူမျိုး၊ အသားရောင် (သို့) ဇာတ်



www.burmeseclassic.com

www.burmeseclassic.com

အပေါ် မူတည်နေပါသလား။ ဝါစတုပညာသည် **တစ္ဆာသုံး** ပညာရပ်ဖြစ်သည်။ တစ်ကမ္ဘာလုံး **လက်ခံကျင့်သုံးသင့်သည့်** ပညာရပ်ပင် ဖြစ်သည်။

**သဘာဝရှုခင်းကိုသာ အသားပေးပြီး ခြံစည်းရိုးနံရံ ခတ်လေ့မရှိသည့် နိုင်ငံများက ဘယ်လိုပါလဲ။**

ထိုစံနှုန်းကိုပင် လိုက်နာရပါမည်။ **ခြံစည်းရိုးခတ်** နံရံတည်ဆောက်ရန် ရည်ရွယ်ထားသည့်နေရာတွင် သဘာဝရှုခင်းဖြင့်ပင် ကန့်ထားနိုင်ပါသည်။ **လုပ်ဆောင်နည်းမှာ** မြောက်ဘက်နှင့် အရှေ့ဘက်ခြမ်းကို **အဆောက်အအုံ၏** နံရံပန်းခုံထက် နိမ့်နေစေရမည် **ဖြစ်သည်။ တောင်ဘက်နှင့်** အနောက်ဘက်က မြင့်နေစေရပါမည်။

**ဝါစတုပညာသည် အလိမ်ခံလိုသူများကို အရူး လုပ်သည့် အလုပ်ဟု အချို့လူများက စွပ်စွဲနေသည်မှာ မှန်ပါသလား။**

ထိုပြဿနာ၏ အရင်းအမြစ်က ကျွန်ုပ်တို့ လူအတော်များများသည် ကိစ္စရပ်တစ်ခုကို ကောက်ချက်ချသည့်အခါ မိမိ၏ လေ့လာချက်များအပေါ် အခြေမခံဘဲ တစ်ဆင့်စကားဖြင့်သာ ပြောဆိုပြုလုပ်တတ်ကြသည်။

ဝါစတုက မမှန်ကန်ဟု ပြောနေသူများသည် ကိုယ်တိုင် လေ့လာစူးစမ်းမှုများ ပြုလုပ်သင့်သည်။ သူတို့အား အဆောက်အအုံ စာရင်းများ ပြုလုပ်ပေးပြီး မည်သည့် အဆောက်အအုံက ဝါစတုချို့ယွင်းချက်များ ရှိနေသည်၊ မည်သည့်အဆောက်အအုံများက နေထိုင်သူများကို ပျော်ရွှင်ချမ်းမြေ့သည့် ဘဝအခြေအနေကို ခံစားနေရသည် စသည်ဖြင့် ရှင်းရှင်းလင်းလင်း ပြောပြရပါမည်။

အချို့အဆောက်အအုံများက ဝါစတုပညာရပ်နှင့် ကိုက်ညီနေသော်လည်း နေထိုင်သူများတွင် အန္တရာယ်ဆိုးများနှင့် ရင်ဆိုင်နေရသည် စသည်ဖြင့်လည်း ရှင်းပြရပါမည်။

ထိုသို့ လေ့လာစူးစမ်းမှုများကို သိပ္ပံနည်းကျပြုလုပ်မှသာ ဝါစတုပညာရပ်ဆိုသည်မှာ ယုံကြည်ခြင်း တစ်ခုအဖြစ် မြင်လာနိုင်ပါမည်။ ထိုပညာရပ်သည် စူးစမ်းလေ့လာခြင်းဖြင့်သာ ရရှိနိုင်သည်ဟု သဘောပေါက်လာပါလိမ့်မည်။

ဝါစတုပညာရပ်က မှားသည်ဟု ဆိုလာသူတိုင်းကို **ပညာရှင်များက** ဤနည်းဖြင့်သာ စိန်ခေါ်ခဲ့သည်။ အကယ်**၍သာ သူတို့ဘက်က** မှန်ကန်နေကြောင်း အထောက်အထား **ပြနိုင်ပါက ဝါစတုကိုအ**ပုပ်ချသည့်အဖွဲ့ထဲ ဝါစတုပညာရှင်**များ ကိုယ်တိုင်ပါဝင်ပြီး** ဝါစတုပညာကို မလိုက်စားသင့်ဟု **အတိအလင်း** ကြေညာပေးကြပါလိမ့်မည်။

ပညာရှင်တို့၏ လေ့လာမှုကာလ လွန်ခဲ့သည့်နှစ်အတော်ကြာကြာမှ ယနေ့အထိ ပညာရှင်များ ကိုင်တွယ်ခဲ့ရသည့် ပြဿနာဖြစ်ပေါ်ရာ နေအိမ်၊ စက်မှုအဆောက်အအုံ၊ စီးပွားရေးလုပ်ငန်းများက ပြန်လည်ခေါ်ယူ အကူအညီတောင်းရခြင်းမျိုး မရှိသေးပါ။ ၎င်းတို့အားလုံးတွင် ဝါစတုကောင်းနေကြပြီး ပျော်ပျော်ရွှင်ရွှင်နှင့် လုပ်ကိုင်နေကြပါသည်။ ဤသို့ပြော၍ ဝါစတုပညာရှင်တို့၏ စကားကို မယုံပါနှင့်။ မိတ်ဆွေကိုယ်တိုင် လေ့လာကြည့်ပါ။ ထိုအချက်က မိတ်ဆွေအပေါ် မူတည်နေပါသည်။

**ဆရာဦးခန့်ကျော်**

❑


## စီးပွားရေးလုပ်ငန်းရှင်များ
## မိမိလုပ်ငန်းပိုမိုတိုးတက်အောင်မြင်စေရန်
## လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက်သွယ်ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈

www.burmeseclassic.com

ခုနှစ်ရက်သားသမီးများအတွက်
၂၀၁၇ ခုနှစ်၊ ဇွန်လ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



## တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** ➡ မူလနှင့်ပဝတ္တိ နှစ်ပါးစလုံးတွင် ဥပဒ်များ ကပ်လျက်ရှိပြီး တနင်္ဂနွေနံသည့် ကိစ္စဂြိုဟ်အဖြစ် ရပ်တည်နေရာ လုပ်ငန်းများအောင်မြင်ခြင်း၊ မကောင်းသတင်း ကျော်ကြားခြင်း၊ မှုခင်းများဖြစ်ခြင်း စသည်တို့နှင့် ကြုံရတတ်၏။ စီးပွားရေး၊ လူမှုရေးတို့တွင် အတိုက်အခံ ပေါ်တတ်၏။ အင်္ဂါနံသားသမီးကြောင့် သောကရှိ၏။ ခရီးသွားလာရေးနှင့် ပြည်ပရပ်ခြားနှင့် ဆက်သွယ်ရတတ်၏။ စနေနံသားသမီး ဒုက္ခပေးမည်။ ဝန်ထမ်းများ ဌာနတွင်း ပြဿနာကြောင့် စုံစမ်းစစ်ဆေးမှု ခံရတတ်၏။ ကျောင်းသား၊ ကျောင်းသူများ အတွေးအခေါ် လွဲမှားတတ်၏။

ယတြာ - စေတီပုထိုး၏ စနေထောင့်တွင် ရေသပ္ပာယ်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ သင့်တင့်၏။


(ဂ) **ကျန်းမာရေး** ➡ အူသိမ်၊ အူမ၊ အစာအိမ်တွင် ဥပဒ်ရှိ၏။

ယတြာ - တံတားခင်း၊ တံတားပြင် လုပ်ပေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ ခရီးသွားလာရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** ➡ (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

**မှတ်ချက်။** အရာရာတွင် ချင့်ချင့်ချိန်ချိန် စဉ်းစားပါ။



## တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** ➡ ပဝတ္တိဌာန၏ ဆိုးအားကို မူလဌာန၏ ကောင်းအားက ချေဖျက်နိုင်၍ ဝရဂြိုဟ်အဖြစ် ရပ်တည်နေခြင်းကြောင့် ဇာတာရှင်ကိုယ်တိုင် အမျိုးသမီး ဖြစ်ပါက အမျိုးသားတစ်ဦးဦးကြောင့် လည်းကောင်း၊ အမျိုးသားဖြစ်ပါက ကြီးကဲသူ၊ အဒေါ်၊ မိတ်ဆွေ အမျိုးသမီးများ၏ အကူအညီရမည်။ ဆွေမျိုးကူညီမည်။ ထိပေါက်တတ်၏။ စီးပွားရေးလုပ်ငန်း တိုးတက်မှုအရှိန် နည်းနေ၏။ ဝန်ထမ်းများ ငွေကြေးကိစ္စနှင့်ပတ်သက်၍ စိတ်သောကရှိ၏။ ကျောင်းသားများ အပျော်အပါးကြောင့် ပျက်စီးတတ်၏။

ယတြာ - ရဟန်း သံဃာ၊ သီလရှင်များအား ထီးလှူဒါန်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ မသင့်မတင့်ရှိမည်။

(ဂ) **ကျန်းမာရေး** ➡ ဝမ်းဗိုက် အစာအိမ် ခွဲစိတ်ကိန်းရှိ၏။

ယတြာ - ခွေးကို အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ စနေနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** ➡ (၇) ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

**မှတ်ချက်။** ကိုယ့်အားကိုယ်ကိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) စီးပွား/လူမှု ➡ မူလဌာန၏ ဆိုးကျိုးကို ပဝတ္တိဌာန၏ ကောင်းကျိုးက ချေဖျက်လျက် လာဘဂြိုဟ်အဖြစ် ရပ်တည်နေသော မွေးနံကြောင့် မထင်မှတ်ဘဲ အကြံကောင်း ဉာဏ်ကောင်းရမည်။ လုပ်ငန်းတည်ငြိမ်လာလျက် လုပ်ငန်းတိုးချဲ့မှု အခွင့်အလမ်း ပေါ်တတ်၏။ မြေနှစ်ချောင်း ဒုက္ခပေးတတ်၏။ မိတ်ကောင်း ဆွေကောင်း တွေ့တတ်၏။ လက်အောက်ငယ်သားများအတွက် စိတ်သောကရှိမည်။ ဝန်ထမ်းများ အမှတ်မထင် နေရာကောင်း ပြောင်းရွှေ့ရတတ်၏။ ကျောင်းသားများ ပညာရေး သင့်၏။

ယတြာ - ပရိယတ္တိကျောင်းများသို့ ပဒေသာပင် လှူဒါန်းပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ သင့်တင့်၏။ အိမ်ထောင်မရှိသူများ ချစ်သူနှင့် တွေ့တတ်၏။

(ဂ) ကျန်းမာရေး ➡ မျက်စိတွင် ဥပဒ်ရှိ၏။

ယတြာ - စေတီ မွေးနံထောင့် ဆီမီးပူဇော်ပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ စာပေ ပညာရေးလုပ်ငန်း။

(င) အကျိုးပေးဂဏန်း ➡ (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

မှတ်ချက်။ ရေသတ္တဝါ အစာကျွေးပါ။



## ဗုဒ္ဓဟူးသားသမီးများ

(က) စီးပွား/လူမှု ➡ မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအားက ပူးယှဉ်သော်လည်း ဇေယျဂြိုဟ်အဖြစ် ရပ်တည်နေသော မွေးနံကြောင့် အခက်အခဲများရှိသော်လည်း မကြာခင် ကျော်သွားမည်။ ငွေကြေးမစမည့်သူ ပေါ်မည်။ သို့မဟုတ် ဘဏ်ချေးငွေဖြင့် လုပ်ငန်းလည်ပတ်မည်။ အသင်းအဖွဲ့ တစ်ရပ်ရပ်၏ ခေါင်းဆောင်အဖြစ် တာဝန်ပေးခံရတတ်၏။ ဝန်ထမ်းများ ရာထူးတိုးရန် အခွင့်အလမ်းရှိမည်။

ကျောင်းသားများ ဝီရိယ နည်းနေတတ်၏။

ယတြာ - လူသွားလမ်း အနိုင်ပင်စိုက်ပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ တစ်ယောက်နှင့် တစ်ယောက် အထင်လွဲတတ်၏။

(ဂ) ကျန်းမာရေး ➡ ကျောက်ကပ်တွင် ဥပဒ်ရှိ၏။

ယတြာ - ရေသန့်လှူဒါန်းပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ ကြာသပတေးနံသင့် လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း ➡ (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

မှတ်ချက်။ ခြိုးခြံချွေတာပါ။



## ကြာသပတေးသားသမီးများ

(က) စီးပွား/လူမှု ➡ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားရှိသော်လည်း မွေးနံဂြိုဟ်သည် မရဏဂြိုဟ်အဖြစ် ရပ်တည်နေသဖြင့် အရာရာတွင် ဆုံးဖြတ်ချက် မှားတတ်၏။ ဆင်ခြင်စဉ်းစားရန် လိုအပ်၏။ အင်္ဂါနံ စက်ပစ္စည်း ဝင်ကိန်းရှိလျက် ကြီးကဲသူများအတွက် သောကရှိ၏။ ငွေကြေးပစ္စည်းများအတွက် သောကရှိ၏။ စနေနံ ဆန့်ကျင်ဘက်လိုင်း၏ ဖြားယောင်းမှု ခံရတတ်၏။ ဝန်ထမ်းများ နာမည်ပျက်တတ်၏။ ခရီးဝေး မသွားသင့်။ ကျောင်းသားများ အောက်ခြေလွတ်တတ်၏။

ယတြာ - ကြာသပတေးနံ အကြီးအကဲများကို အဝတ်အစား လှူပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ မသင့်မတင့်ရှိမည်။ သို့မဟုတ် တကွဲတပြား ဖြစ်နေတတ်မည်။

(ဂ) ကျန်းမာရေး ➡ လေဖျန်း၊ လေဖြတ်တတ်၏။

ယတြာ - တနင်္ဂနွေ သားသမီးကို အာဟာရ လှူဒါန်းပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ အင်္ဂါနံသင့် လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း ➡ (၃) ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

မှတ်ချက်။ ဆွေမျိုးကို အားကိုးပါ။

www.burmeseclassic.com

## သောကြာသားသမီးများ



(က) **စီးပွား/လူမှု** ➡ မူလနှင့် ပဝတ္တိဌာန နှစ်ပါးတွင် ကောင်းအားများ စိုးမိုးနေလျက် မွေးနံသည် ဒွယဂြိုဟ် အဖြစ် ရပ်တည်နေရာ ဇာတာရှင်သည် စိတ်နှစ်ခွ နှစ်မျိုးနှင့် ချီတုံချတုံဖြစ်လျက် မပြတ်သားသော ဆုံးဖြတ်ချက်ရှိတတ်သည်။ တွေဝေမှု ဖြစ်တတ်သည်။ လုပ်ငန်းကိစ္စအဝဝမှာ ပေါ့ပေါ့တန်တန် ဖြစ်နေတတ်၏။ ခြေနှစ်ချောင်း ဒုက္ခပေးတတ်၏။ လူလိမ်ခံရတတ်သလို ခိုးသူရန်ရှိ၏။ စိတ်ဆင်းရဲစရာ အလီလီ ပေါ်တတ်၏။ ဝန်ထမ်းများ တာဝန်ပိနေတတ်၏။ ကျောင်းသားများ သင်ခန်းစာ မပိုင်မနိုင် ဖြစ်နေတတ်သည်။

ယတြာ - လူသွားလမ်း သန့်ရှင်းရေးလုပ်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ သင့်တင့်၏။

(ဂ) **ကျန်းမာရေး** ➡ လေဖြတ်တတ်၏။ ဦးနှောက်တွင် ဥပဒ်ရှိ၏။

ယတြာ - အုတ် လှူဒါန်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ ကြာသပတေးနံသင့် လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** ➡ (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

***မှတ်ချက်။*** စိတ်ကို တည်တည်ငြိမ်ငြိမ် ထားပါ။

## စနေသားသမီးများ



(က) **စီးပွား/လူမှု** ➡ မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက ချေဖျက်နိုင်ပြီး မွေးနံသည် ဝရဂြိုဟ်အဖြစ် ရပ်တည်နေရာ လူချစ်လူခင်ပေါမည်။ မိတ်ဆွေပေါမည်။ အကြံဉာဏ်ကောင်းများ ရမည်။ သို့သော် လုပ်ငန်းဆိုင်ရာအဝဝနှင့် လူမှုပတ်ဝန်းကျင်တွင် အတိုက်အခံများမည်။ မနာလိုသူ များမည်။ အထင်မှားခံရခြင်းနှင့် အစွပ်စွဲခံရခြင်းများ ဖြစ်တတ်၏။ ဝန်ထမ်းများ အောက်လက်ငယ်သားများကြောင့် သောကရှိမည်။ ကျောင်းသားများ စိတ်မကစားသင့်ပါ။

ယတြာ - သက်ကြီးရွယ်အိုများကို တောင်ဝေ့း လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ အရွဲ့တိုက်တတ်သည်။

(ဂ) **ကျန်းမာရေး** ➡ အပူ အအေး မမျှရာက လေဖျန်းတတ်၏။

ယတြာ - ဘုရား ကျောင်း မျက်နှာကြက်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ သောကြာနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** ➡ (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။

***မှတ်ချက်။*** ဝစီကံ ကိန်းပါ။


မေတ္တာပန်းနှင့်ရှင်လန်းချမ်းမြေ့ကြပါစေ။

**ဦးညွန့်လှိုင် (ကြို့ပင်ကောက်)**

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၄၀၀၉၃၃

နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။

ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ

လက်ခံဆောင်ရွက်ပါသည်။]

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊*

*ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်*

*ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။*




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ရာသီခွင်နှင့် ဇွန်လ ဟောကိန်းများ

## ဆရာဦးခန့်ကျော် (အသိစေနိုင်ကျမ်းပြုပညာရှင်)



### CAPRICORN
### မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ယခုကာလအတွင်း ဝီရိယအားကိုး၍ ကြိုးစားရမည့်အချိန်ဖြစ်သည်။ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းနှင့် အကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေကောင်းနေလိမ့်မည်။ မိမိ၏နှုတ်ကြောင့် တစ်ပါးသူ၏ အငြိုးအတေးပြုခြင်း ခံရတတ်မည်ဖြစ်၍ တည့်တည့်ပြောတတ်ခြင်း၊ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ခြင်းများကို အထူးသတိထားသင့်သည်။ ယခုကာလအတွင်း သင့်အိမ်၌ မိသားစု အလှူအတန်းပြုရခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက ဌာနပြောင်းရွှေ့ရခြင်း (သို့) အခြားလုပ်ငန်းတစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်းများရှိလိမ့်မည်။ အရေးကြီးကိစ္စများ ဆောင်ရွက်မည်ဆိုပါက စနေနေ့တွင် စတင်လုပ်ကိုင်ဆောင်ရွက်ခြင်းမျိုးကို ရှောင်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးကံကောင်း၍ ပျော်ရွှင်ချမ်းမြေ့စရာများနှင့် တွေ့ကြုံရတတ်လိမ့်မည်။ မိသားစုဦးရေ တိုးပွားလာလိမ့်မည်။ ကျန်းမာရေးမှာ အသည်းရောင်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးကျိတ်ရောင်ခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ထီထိုးမည်ဆိုပါက (၅၊ ၁၊ ၆၊ ၃)ဂဏန်းများပါသော ထီကို ထိုးပါ။



### AQUARIUS
### ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ယခုကာလအတွင်း အဖိုးတန်ပစ္စည်းများ၊ ယာဉ်ကား၊ အိုးအိမ်၊ တိုက်ခန်း၊ ခြံမြေတစ်ခုခုကို အမွေအနှစ်အဖြစ်ရရှိတတ်မည်။ စီးပွားရေးလုပ်ငန်းမှာ ဆေးနှင့်ဆေးပစ္စည်း၊ ရှေးဟောင်းပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းများဖြင့် စီးပွားဝင်ငွေကောင်းတတ်မည်။ စာပေဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများ လူလိမ်နှင့် တွေ့ရတတ်သည်ကို အထူးသတိထားပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေးပြဿနာများ ပေါ်တတ်မည်။ ငယ်ရွယ်သူများ အချစ်ရေး ကောင်းနေမည်။ မိမိဆန္ဒအတိုင်း ဖြစ်ရတတ်မည်။ ဤကာလအတွင်း ခရီးဝေးသွားမည်ဆိုပါက သောကြာနေ့တွင် ခရီးစတင်ထွက်ခြင်းမျိုးကိုရှောင်ပါ။ ပညာရေးလိုက်စားသူဖြစ်ပါက အစစအရာရာ အဆင်ပြေနိုင်မည်။ အကူအညီပေးမည့်သူများလည်း ပေါ်ပေါက်လာတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးထိုးများခြင်း၊ ဆေးသောက်များတတ်ခြင်း၊ အစာအဆိပ်ဖြစ်တတ်ခြင်းများ ရှိမည်။ ကျန်းမာရေးကောင်းစေမှုကို အထောက်အကူဖြစ်စေနိုင်ရန် ပုလဲအလွတ်ကလေးတစ်လုံးကို ဆောင်ထားပေးပါ။ သင့်အနေဖြင့် ထီထိုးခြင်း၊ ကံစမ်းခြင်းများလည်း ပြုပေးသင့်သည်။ ထီထိုးမည်ဆိုပါက (၇၊ ၄၊ ၂၊ ၀) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



### PISCES
### မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ အတိုက်အခံနှင့် အနှောင့်အယှက်များ အမြဲရှိနေတတ်သည်။ စီးပွားရေးလုပ်ငန်းတွင် လက်ရှိလုပ်ငန်းဖြင့် ကျေနပ်မှုမရှိဘဲ လုပ်ငန်းသစ်များ ထပ်မံတိုးချဲ့လုပ်ကိုင်လိုစိတ်များ ပြင်းပြနေမည်။ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်းဖြင့်လည်း အဆင်ပြေအောင်မြင်နိုင်မည့်ကာလ ဖြစ်သည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၂၊ ၄၊ ၅၊ ၇၊ ၁၁၊ ၁၃၊ ၁၅)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ ထိုရက်များတွင် အရေးကြီးသောကိစ္စများကို လုပ်ကိုင်သင့်သည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စ အဆင်ပြေလိမ့်မည်။ စေ့စပ်ကြောင်းလမ်းခြင်း၊ လက်ထပ်မင်္ဂလာ ပြုရတတ်ခြင်းများရှိမည်။ ယခုကာလအတွင်း ပြည်ပမှပေးပို့သော လက်ဆောင်ပစ္စည်းများ လက်ခံရရှိတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အသည်းတွင် အဆီဖုံးခြင်း၊ အသည်းရောင်အသားဝါခြင်း၊ ဆီး၊ ကျောက်ကပ် ဒုက္ခပေးတတ်ခြင်းများရှိမည်။ အပူအအေး



www.burmeseclassic.com

www.burmeseclassic.com

လှန်ကဲသော အစားအစာများကို ရှောင်ပါ။ ယခုကာလအတွင်း ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက(၀၊ ၂၊ ၈၊ ၉) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## ARIES
## မိဿရာသီ

**(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)**
**(မြန်မာလို တန်ခူးလမွေး)**

ဤကာလအတွင်း ဘာသာရေးနှင့်ပတ်သက်၍ လုပ်နိုင်သလောက် ကောင်းမည်။ ဘာသာရေး၊ ကုသိုလ်ရေးလုပ်သမျှ စီးပွားရေးလုပ်ငန်းများတွင် ထူးထူးခြားခြားအောင်မြင်မှုများ ရှိမည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၂၂၊ ၂၆၊ ၂၇)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ ဤရက်များနှင့် တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စတို့ကို ဆောင်ရွက်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိ၏အိမ်ထောင်ဖက်နှင့် အကြောင်းတစ်ခုခုကြောင့် ခေတ္တခဏ ခွဲခွာနေရတတ်သည်။ သင့်အနေဖြင့် တစ်ပါးသူတို့အပေါ် စေတနာ၊ မေတ္တာပိုမိုထားပေးခြင်းဖြင့် ကူညီသောတုံ့ပြန်မှုကို ပြန်လည်ခံစားရတတ်မည်။ ချစ်သူမရှိသေးသောသူများ မိမိစိတ်ကြိုက် ချစ်သူတွေ့တတ်မည်။ ချစ်သူရှိပြီးသူများလည်း မိမိချစ်သူနှင့် လက်ထပ်ရခြင်းရှိမည်။ ပညာရေးလိုက်စားသူများဖြစ်ပါက ပညာရေးအတွက် အကူအညီ၊ အထောက်အပံ့ပေးမည့်သူများ ရှိမည်။ ဤကာလအတွင်း ပတ္တမြား (သို့) ကျောက်နီကို ဝတ်ဆင်ခြင်း (သို့) ဆောင်ထားခြင်းဖြင့် အစစအရာရာ အဆင်ပြေနိုင်မည်။ မိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၀၊ ၇၊ ၆)ဂဏန်းများပါသော အောင်ဘာလေကို ထိုးပါ။



## TAURUS
## ပြိဿရာသီ

**(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ကဆုန်လမွေး)**

ပြိဿရာသီဖွားများအနေဖြင့် ဤကာလအတွင်း ယခုကာလအတွင်း ဗုဒ္ဓဟူးသားသမီးများနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်ရတတ်ခြင်း၊ ငွေကြေးအကုန်အကျများရတတ်ခြင်းများရှိမည်။ စီးပွားရေးလုပ်ငန်းအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေအသင့်အတင့် ရှိတတ်မည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းကို လိင်မတူသူများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင်မြင်မှုကို ရရှိနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးအဆင်ပြေမည်။ သားသမီးများနှင့်အတူ အလှူအတန်းကုသိုလ်များလည်း ပြုရတတ်မည်။ အိမ်ထောင် မရှိသေးသူများ အိမ်ထောင်ကျတတ်မည်။ အချစ်မရှိသေးသူများလည်း ချစ်သူရည်းစားရတတ်မည်။ ပြိဿရာသီဖွားများအနေဖြင့် အမွေအနှစ်များရရှိခြင်း၊ ထီပေါက်ခြင်း၊ ထီပေါက်သကဲ့သို့ ငွေကြေးအလုံးအရင်းနှင့် ဝင်တတ်ခြင်းများ ရှိမည်။ အရေးကြီးကိစ္စများအတွက် သွားလာတွေ့ဆုံ ပြောကြားရသည့်အခါ အဖြူရောင်၊ ဆင်စွယ်ရောင်၊ အဝါနု၊ ရွှေအိုရောင် အဝတ်အစားများကို ဝတ်ဆင်ပေးပါ။ ကျန်းမာရေးမှာ အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်း၊ ဦးခေါင်းပိုင်းတွင် ပြင်းပြင်းထန်ထန်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်ခြင်းများ ရှိတတ်မည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက(၁၊ ၇၊ ၀၊ ၅) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## GEMINI
## မေထုန်ရာသီ

**(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နယုန်လမွေး)**

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်မည်ဆိုပါက အကောင်းဆုံးအချိန်အခါဖြစ်မည်။ စားသောက်ကုန်လုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေအထူးကောင်းမည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းမှ အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု ပြောင်းလဲလုပ်ကိုင်လိုသောဆန္ဒများ ပြင်းပြလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အဆင်ပြေမည်။ အိုးသစ်အိမ်သစ်သို့ ပြောင်းရွှေ့နေထိုင်ရခြင်း (သို့) လက်ရှိ နေအိမ်ကို ပြန်လည်ပြုပြင်ရခြင်းများရှိမည်။ အလှူအတန်း ကုသိုလ်ပြုရခြင်း၊ ဘုရားဖူးခရီးသွားရခြင်းများလည်း ရှိမည်။ ဤရာသီဖွားများ အထူးသတိထားရမည့်အချက်မှာ မည်သူ့ကိုမဆို အထောက်အထား တစ်စုံတစ်ရာမရှိဘဲ ချေးငှားလိုက်ခြင်းဖြင့် အချိန်မရွေး အလိမ်ခံရတတ်ခြင်း၊ ဆုံးရှုံးနစ်နာရခြင်းများ ဖြစ်တတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးစန်းပွင့်မည်။ မိမိပြောစကားများ အောင်မြင်ရလိမ့်မည်။ ချစ်သူနှင့်အတူ အပျော်ခရီးများ ထွက်ဖြစ်လိမ့်မည်။ ကျန်းမာရေးမှာ မတော်တဆ ထိခိုက်အနာတရဖြစ်တတ်ခြင်း၊ ပန်းကျိုးပေါင်းတက်ခြင်း၊ အကြောကစ်ခြင်းများ ဖြစ်တတ်သည်။ မေထုန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၉၊ ၀၊ ၇)ဂဏန်းများပါသော ထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

**(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါဆိုလမွေး)**

ကရကဋ်ရာသီဖွားများအနေဖြင့် ဤကာလအတွင်း အိုးအိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းများ အရောင်းအဝယ်ဖြစ်မည်။ မထင်မှတ်သောနေရာမှ ငွေအစုလိုက်၊ အပြုံလိုက်ရတတ်မည်။ ရင်ဆိုင်နေရသော အမှုအခင်းများရှိပါက အောင်မြင်စွာပြီးဆုံးသွားမည်။ အရေးကြီးကိစ္စများအတွက် တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၃၊ ၇၊ ၁၁၊ ၁၇၊ ၂၂၊ ၂၈) ရက်များတွင် လုပ်ကိုင်ဆောင်ရွက်သင့်သည်။ ဝန်ထမ်းဖြစ်ပါက ကံကောင်းမှုများ ရောက်ရှိလာမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်အတွက် စိုးရိမ်ပူပန်ရခြင်းရှိပြီး မိမိကျန်းမာရေး ထိခိုက်ရတတ်မည်ကို အထူးသတိထားပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ နှလုံးအားနည်းခြင်း၊ အဆုတ်အအေးမိခြင်း၊ အစားအသောက်ပျက်ခြင်းများ ဖြစ်တတ်မည်။ ပညာရေးတွင် အနှောင့်အယှက်အမျိုးမျိုး ရှိနေတတ်မည်။ အနေအထိုင်, အသွားအလာ အထူးသတိထားရန်လိုမည်။ ငယ်ရွယ်သူများ အချစ်ရေးမှာ မိမိဘက်မှ အလျှော့ပေး၊ နားလည်မှုပေး၍ ဆက်ဆံပါ။ လက်ထပ်ရန် ရည်ရွယ်ထားပါက အချိန်အခါကောင်းကို ခေတ္တစောင့်ဆိုင်းရမည်။ ဤကာလအတွင်း သန္တာကျောက်ကလေးကို မိမိနှင့်အတူ ဆောင်ထားခြင်း၊ ဝတ်ဆင်ထားခြင်း ပြုသင့်သည်။ ထီထိုးမည်ဆိုပါက (၃၊ ၀၊ ၇၊ ၂) ဂဏန်းများဖြင့် အောင်ဘာလေထီကို ထိုးပါ။



## LEO
## သိဟ်ရာသီ

**(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါခေါင်လမွေး)**

ဤကာလအတွင်း သိဟ်ရာသီဖွားများ အနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ မိမိယုံကြည်မျှော်လင့်ထားမှုများ အရာမရောက် ဖြစ်ရတတ်သည်။ အဆင်မပြေဖြစ်တတ်မှုများနှင့် ထင်သလောက်ခရီးမပေါက်ဘဲ အထစ်ထစ် အငေါ့ငေါ့ ဖြစ်ရတတ်မည်။ မိမိ၏ အရေးကြီးကိစ္စများအတွက် တနင်္လာသားသမီး ပုဂ္ဂိုလ်အကြီးအကဲ တစ်ဦးဦးထံတွင် အကြံဉာဏ်တောင်းခံခြင်း၊ ပြောဆိုတိုင်ပင်ခြင်းဖြင့် အဆင်ပြေမှုများရရှိနိုင်မည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းတာဝန်များပြားမှုကြောင့် မအားမလပ်ဖြစ်ရတတ်မည်။ လက်အောက်ငယ်သားများ၏ ပြဿနာများကို လိုက်လံဖြေရှင်းရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် မကြာခဏ အဆင်မပြေရမှုများရှိမည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှုယူရလိမ့်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးနှင့်ဆိုင်သော ဆရာသမားများနှင့် တွေ့ဆုံရတတ်ခြင်း၊ လျှို့ဝှက်နက်နဲသော ပညာရပ်များကို လေ့လာသင်ယူခွင့်ရရှိခြင်း ရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ကံကောင်းမှုရှိမည်။ ချစ်သူနှစ်ဦး အတူတကွ ခရီးထွက်ရခြင်း၊ ဘုရားစုံဖူးရခြင်းများရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဦးခေါင်းပိုင်းဆိုင်ရာဝေဒနာ၊ မျက်စိဆိုင်ရာဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ အစားအသောက်နှင့် အနေအထိုင်ကို ပြုပြင်ပြောင်းလဲမှု လုပ်ကိုင်သင့်သည်။ သိဟ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၃၊ ၄၊ ၀၊ ၈)ဂဏန်းများပါသော ထီကို ထိုးပါ။



## VIRGO
## ကန်ရာသီ

**(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တော်သလင်းလမွေး)**

ကန်ရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ရွှေ၊ ငွေ၊ ရတနာ ကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများဖြစ်ပါက အမြတ်အစွန်းများများရရှိတတ်မည်။ ယခုကာလအတွင်း ထူးခြားသော အကြံအစည်နှင့် စိတ်ကူးများ ပေါ်လာတတ်မည်။ လက်ရှိလုပ်ငန်းအပြင် လုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင်ရန် ဆန္ဒများပေါ်ပေါက်မည်။ မိမိဆန္ဒအတိုင်း လက်တွေ့လုပ်ကိုင်မည်ဆိုပါက အောင်မြင်မှုများရရှိနိုင်မည်။ သို့သော်...လူယုံသတ်တတ်မည်ကို သတိထားပါ။ တစ်ခါတစ်ရံတွင် မိမိ၏ တစ်ယူသန်မှု၊ အာစွဲကြီးမှုများကြောင့် ပြဿနာပေါ်ပေါက်တတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်ထံမှ စိတ်ချမ်းသာမှုများ ရရှိနိုင်မည်။ သားသမီးများနှင့် ပျော်ရွှင်ချမ်းမြေ့ရမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ အကောင်းနှင့်အဆိုးရောနေမည်။ လူပျိုကြီး၊ အပျိုကြီးများမှာ ငယ်ချစ်ဦးနှင့် ပြန်လည်ဆုံဆည်းရတတ်မည်။ မထင်မှတ်ဘဲ တစ်အိုး တစ်အိမ် ထူထောင်ရတတ်မည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးအပေါ်မှာသာ အာရုံစိုက် ကြိုးစားသွားသင့်သည်။ အချိန်အခါမဟုတ် အပေါင်းအသင်းများနှင့် သွားလာပျော်ပါးခြင်းမျိုးကို ရှောင်ပါ။ ကျန်းမာရေးမှာ ဆီးတွင်အနည်ပါခြင်း၊ ဆီးနီ၊ ဆီးဝါ၊ ဆီးကျင်ခြင်းများ ဖြစ်တတ်မည်။ အပူအစပ်များကို ရှောင်ပါ။ ကန်ရာသီဖွားများ ထီထိုးကံစမ်းမည်ဆိုပါက (၉၊ ၀၊ ၅၊ ၆)ဂဏန်းများပါသော ထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

**(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို သီတင်းကျွတ်လမွေး)**

တူရာသီဖွားများအနေဖြင့် ဤကာလအတွင်း မိမိ၏ ကံကုသိုလ်ကောင်းမှုကြောင့်သော်လည်းကောင်း၊ မိမိ၏ ကြိုးစားမှုကြောင့်သော်လည်းကောင်း စီးပွားဝင်ငွေ ထူးထူးခြားခြား ကောင်းမည်။ မနာလိုသူများ၏ အတိုက်အခံပြုခြင်းကို ခံရတတ်မည်။ မည်သို့သော အတိုက်အခိုက် အနှောင့်အယှက်ဖြစ်စေ စိုးရိမ်စရာမလို။ မိမိဆန္ဒရှိသည်များကိုသာ ဇောက်ချလုပ်ကိုင်သွားခြင်းဖြင့် ပို၍ အဆင်ပြေအောင်မြင်တတ်မည်။ ဤကာလအတွင်း အိုးအိမ်ကို ပြန်လည်ပြုပြင်နိုင်ခြင်း၊ အိမ်ထောင်ပရိဘောဂ ပစ္စည်းတစ်မျိုးမျိုး ဝယ်ယူနိုင်ခြင်း၊ မိဘများအတွက် ငွေကြေးထောက်ပံ့နိုင်ခြင်းများရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ချစ်ဦးသူနှင့် လွဲရတတ်ခြင်း၊ ခေတ္တစပ် ကြောင်းလမ်းထားမှုများ ပြန်လည်ရုပ်သိမ်းရခြင်းများ ရှိတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သာယာအေးချမ်းသော အိမ်ထောင်ရေးသုခကို ခံစားရနိုင်မည်။ မိသားစုလိုက် ပြည်ပဘုရားဖူးခရီးများ ထွက်ရမည်။ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကိုလည်း ဖူးတွေ့ရတတ်မည်။ ကျန်းမာရေးမှာ ခေါင်းမူးခြင်း၊ သွေးတိုးခြင်း၊ ရင်ခေါင်းအောင့်ခြင်း၊ ကျောအောင့်ခြင်းများ ဖြစ်တတ်မည်။ တူရာသီဖွားများ ထီထိုးမည်ဆိုပါက (၅၊ ၀၊ ၃၊ ၉)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## SCORPIO
## ဗြိစ္ဆာရာသီ

**(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တန်ဆောင်မုန်းလမွေး)**

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု များနေမည်။ အရာရာကို အပူတပြင်း လုပ်ကိုင်တတ်ခြင်း၊ စိတ်မြန်လက်မြန်ရှိတတ်ခြင်း၊ အမျိုးစုံအောင်လုပ်ကိုင်လိုသော ဆန္ဒရှိခြင်းတို့ကြောင့် တစ်ခါတစ်ရံ လက်ရှိလုပ်ကိုင်နေသောလုပ်ရပ်အပေါ် အမှားအယွင်းများ ဖြစ်တတ်မည်။ စားသောက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း၊ ဆေးနှင့်ဆေးဝါးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက ဝင်ငွေကောင်းလိမ့်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၂၊ ၈၊ ၁၄၊ ၁၈၊ ၂၂၊ ၂၆၊ ၃၀)ရက်များသည် သင့်အတွက် ထူးထူးခြားခြား ကံကောင်းစေသော ရက်များဖြစ်၍ မည်သည့်အရေးကြီးလုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ အဆိုပါရက်များနှင့် တိုက်ဆိုင်လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေမှုများ ပိုမိုရရှိနိုင်မည်။ အလုပ်အကိုင်ရှာဖွေနေသူဖြစ်ပါက သတင်းကောင်းကို တစ်ဆင့်စကားကြားရတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် အဆင်ပြေသော်လည်း သားသမီးအတွက်နှင့် အမှုဖြစ်တတ်ခြင်း၊ ရုံးပြင်ကနား ရောက်ရတတ်ခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက အစစအရာရာ အဆင်ပြေမည်။ လူချစ်လူခင် ပေါများမည်။ ကျန်းမာရေးတွင် အာရုံကြောဆိုင်ရာဝေဒနာများ၊ အရိုး၊ အဆစ် နာကျင်ခြင်းများ ဖြစ်ပေါ် ခံစားရမည်။ ထီထိုးမည်ဆိုပါက (၇၊ ၄၊ ၀၊ ၆) ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။



## SAGITTARIUS
## ဓနုရာသီ

**(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နတ်တော်လမွေး)**

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အမျိုးမတူသော လုပ်ငန်းများ တစ်မျိုး၊ နှစ်မျိုးထက်မက လုပ်ကိုင်ရတတ်သည်။ ဝင်ငွေအထိုက်အလျောက် ကောင်းသော်လည်း စိတ်ညစ်ရမှုများရှိမည်။ ပြည်တွင်း၊ ပြည်ပခရီးများ မကြာခဏသွားရမှုကြောင့် စိတ်ပန်းလူပန်းဖြစ်ရတတ်မည်။ ဤကာလအတွင်း မြှုပ်နေသောငွေကြေးများ ပြန်ပေါ်ခြင်း၊ တစ်နည်းနည်းဖြင့် ငွေဝင်ခြင်းများရှိမည်ဖြစ်၍ ထီထိုးကံစမ်းခြင်းများကို ပြုပေးသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်နှင့် ရန်ခဏခဏ ဖြစ်ရတတ်သည်။ သားသမီး၏ကျန်းမာရေးအတွက်ကိုလည်း စိတ်ပူပန်ရတတ်မည်။ သင့်အိမ်ရှိ ဘုရားစင်ကိုရှင်းလင်းခြင်း၊ မကောင်းသော၊ ဟောင်းနွမ်းပျက်စီးနေသော ပစ္စည်းများကို စွန့်ပစ်ခြင်း၊ ခန်းဆီး၊ လိုက်ကာ၊ ကုလားထိုင်စွပ်များကို အရောင်ပြောင်းလဲတပ်ဆင်ခြင်း ပြုသင့်သည်။ ငယ်ရွယ်သူများ အချစ်ရေးစန်းပွင့်မည်။ လိင်မတူသူတို့၏ စိတ်ဝင်စားခြင်းကို အထူးခံရမည်။ ရည်ရွယ်ချက်မရှိဘဲ အခြေအနေတစ်ခုခုကြောင့် အိမ်ထောင်ကျတတ်သည်။ အသွားအလာ အနေအထိုင် သတိရှိသင့်သည်။ ကျန်းမာရေးမှာ အစာအိမ်ဒုက္ခပေးတတ်ခြင်း၊ ဆီးကျောက်ကပ်ဒုက္ခပေးတတ်ခြင်း၊ အစာအဆိပ်ဖြစ်တတ်ခြင်းတို့ ရှိမည်။ ထီထိုးမည်ဆိုပါက (၃၊ ၁၊ ၀၊ ၇)ဂဏန်းများပါသော ထီကိုထိုးပါ။

**ဆရာဦးခန့်ကျော်**
(အဘိဓာန်ကျမ်းပြုစုသူဆရာ)

အမှတ်(၂၇)၊ ရွှေတိုက်ပွင့်ဘုရားမျှော်တန်း၊ (၉)ရပ်ကွက်၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
✆ - ၀၉-၅၁၉၉၈၂၄၀၊ ၀၉-၄၂၁၀၅၅၅၆၅၊ ၀၉-၅၉၅၂၈၆၅၄၅



www.burmeseclassic.com